http://www.dhammadownload.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ဒီဃနိကာယ

သာသနာ့ အရေခံ

(တတိယအကြိမ်)

ဦးသက်စိန် (ဖြူး)

ပြုစုပူဇော်သည်။

ဒီဃနိကာယ (၁၊၂၊၃) ပုဂ္ဂိုလ်ပညတ်လေးပုဒ်

http://www.dhammadownload.com

မြတ်ဗုဒ္ဓ သာသနာ့ အခြေခံ

လောကဥ္စ အမြတ်ဆုံး ရတနာသုံးပါးကို သဒ္ဓါနှင့် ပညာ မျှတစွာဖြင့် စနစ်တကျ ပူဇော်ဆည်းကပ် အလေးအမြတ် ပြုနိုင်ရေးအတွက် မြတ်ဗုဒ္ဓသာသနာဝင် ဥပါသကာ ဥပါသိကာတိုင်း လက်စွဲပြုရမည့် ကျမ်းစာအုပ်၊

ရတနာသုံးပါး ကန်တော့ခန်းမှအစ အမြတ်ဆုံး သစ္စာလေးပါး တရားအထိ အခန်းပေါင်း(၁၉)ခန်း၊ အကြောင်းအရာပေါင်း(၁၀၀၀)ခန့်တို့ကိုစကားပြေ သက်သက်ဖြင့် လူတိုင်းနားလည်လွယ်အောင် စုံစုံလင်လင် ရေးသားထားသော ကျမ်းစာအုပ်၊

မြတ်ဗုဒ္ဓ တရားတော် အနှစ်အားလုံးကို ခြုံငုံနားလည်ပြီး ကောင်းစွာ ကျင့်၊ ကြံ အားထုတ်နိုင်ရန် ကျမ်းပြုသူက အချိန်ကာလများစွာ သဒ္ဓါတရား သက်သက်ဖြင့် ကြိုးစားအားထုတ်ထားသော ကျမ်းစာအုပ်၊

(တရားလည်းသိ+တရားလည်းရှိ+တရားလည်းထိန်း)

ဒေါက်တာ ဦးဇဋိလ (ပါမောက္ခ)

http://www.dhammadownload.com

သို့

မှ

ဓမ္မဒိန်းလာဘီဆောင်မွန်

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်-၃၂၀၆၁၅၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၃၂၀၆၂၈၁၀၀၇
ပထမအကြိမ် -၁၉၉၁ ခုနှစ်၊ သြဂုတ်လ
အုပ်ရေ-၁၅၀၀
ဒုတိယအကြိမ် -၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ-၁၀၀၀
တတိယအကြိမ် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး (၆၀၀၀)ကျပ်

မိခင်ရောဝတီမိသားစု
စာပြင်တည်းဖြတ်(မိခင်ရောဝတီစာတည်းအဖွဲ့)

မဟာမင်္ဂလာမဇ္ဈောတိကဓဇ
ဦးအေးမြင့် (မြန်မာမှုဒီဖိုင်းသုတေသီ)

မြန်ကွန်စာပေအကျိုးဆောင်လုပ်ငန်း

ဒေါ်ချယ်ရီသိန်း (မြို-၀၃၉၈၁)

ဒေါ်ခြေသေ့ပုံနှိပ်တိုက် (မြို-၀၅၄၁၇)

မိခင်ရောဝတီစာအုပ်တိုက်
တိုက်(၄) အခန်း (၄၀၂)၊ ကျိုတော်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ပုဇွန်တောင်စာတိုက်နှင့်ကမ္ဘောဇောဏ်အနီး၊ ရန်ကုန်မြို့
ဖုန်း- ၀၁-၅၀၁၄၃၁၊ ၀၉-၅၁၀-၁၅၆၁၃

မြတ်ဗုဒ္ဓသာသနာ့ အခြေခံ

ဦးသက်စိန် (ဖြူး)
ပြုစုပူဇော်သည်။

မိခင်ဓရောဝတီစာအုပ်အမှတ်(၈၄)

သာသနာနှစ် ၂၅၅၁
ကောဇာသက္ကရာဇ် ၁၃၆၉
ခရစ်နှစ် ၂၀၀၈

http://www.dhammadownload.com

ဤကျမ်းစာအုပ်နှင့် ပတ်သက်၍ မေတ္တာဖြင့် အမှာစာ ရေးသားချီးမြှင့်သော ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော်အရှင်ခေမာစာရ အရှင်သူမြတ် အားလည်းကောင်း၊ မေတ္တာဖြင့် မျက်နှာဖုံးရေးဆွဲပုံဖော် ပေးသော မြန်မာမှုဒီဇိုင်းသုတေသီ ပန်းချီဆရာကြီး မဟာမင်္ဂလာမွန်ဇော်တိကဓဇ ဦးအေးမြင့်အား လည်း ကောင်း၊ အကောင်းဆုံးဖြစ်အောင် မေတ္တာဖြင့် စီစဉ် ထုတ်ဝေပေးသော ဒေါ်ရွှေဝါစိုးအမှူးပြုသော မိခင်ဇော ဝတီ ဓမ္မစာပေ ဝိုင်းတော်သားများအားလည်းကောင်း၊ မေတ္တာဖြင့် ကူညီကြသော အခြားကျေးဇူးတင်ထိုက်သူ အပေါင်းတို့အား လည်းကောင်း အထူးကျေးဇူးဥပကရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မေတ္တာဖြင့်
မောင်သက်စိန် (ဖြူး)
(ကျမ်းပြုသူ)

http://www.dhammadownload.com

ဓမ္မဒါန

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး စသည့် အာမိသဟူသော အလှူဒါနတို့ထက် သူတစ်ပါးတို့အား တရားဓမ္မ ဟောပြောဆုံးမခြင်း၊ သင်ကြားပေးခြင်း၊ တရားစာပေ ရေးသား ဖွဲ့နွှဲကြားခြင်း၊ တရားနှင့်စပ်သော ကျမ်းစာအုပ် တို့ကို လှူဒါန်းခြင်း စသော တရားအလှူကသာ လွန်စွာထူးစွ မွန်မြတ်လှပါပေသည်။

မြတ်သောပူဇော်ခြင်း

ငါဘုရားကို ချစ်မြတ်နိုးလျှင် ငါ့အား ပန်းနဲ့သာတို့ဖြင့် ပူဇော်ခြင်းထက် ငါဘုရား ဟောကြားသော တရားကို ကျင့်ကြံ အားထုတ်ခြင်းက ပို၍မြတ်သော ပူဇော်ခြင်း မည်သည်။

အမြတ်ဆုံးတရား

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။ တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။ တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်မှု အားလုံးကို အောင်နိုင်၏။

(တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။)

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပစ္ဆိမ ဗုဒ္ဓဝစန

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

နောက်ဆုံး ဘုရားစကားတော်

ချစ်သားရဟန်းတို့ .....

ယခု သင်တို့အား ငါဘုရား နောက်ဆုံးစကား တိုက်တွန်း မိန့်ကြားတော်မူအံ့။ သင်္ခါရတရားတို့သည် ပျက်စီးတတ်သောသဘော ရှိကုန်၍ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် အကျင့်သိက္ခာတို့ကို ပြီးပြည့်စုံအောင် ကြိုးပမ်းကြပါကုန်လော။

http://www.dhammadownload.com

ဂုဏ်ထူးဆန်းလှစေတီတော်ဘုရားကြီးရှေ့တွင်ပြုလုပ်ခဲ့သော

http://www.dhammadownload.com

http://www.dhammadownload.com

ဥယျံသဗ္ဗံပဇာနာတိ၊ သဗ္ဗညုတာယ မေ ဇိနော၊
ဒေသေ တဗ္ဘ ပကာရံ စ အာသယံ စာပိ ပါဏိနံ၊
တဗ္ဘလံ မေ သရီရမှိ၊ နိစ္စံ သေဏ ဘဝါဘဝေ။

မေဇိနော– မာရ်အပွဲပွဲ၊ အောင်လံဆွဲလျက်၊ အောင်ပွဲရဆင်၊ ငါ့အရှင် ဘုရားမြတ်သည်။ သဗ္ဗညုတာယ ဉာဏ်အမြင်မှာ၊ မယှဉ်သာ၍၊ ပညာရှိတွင်၊ ထွတ်ဖူးရှင်ဟု၊ မှတ်တင်အပြု၊ သဗ္ဗညုဗုဒ္ဓဉာဏ်တော်ဖြင့်။ သဗ္ဗဥယျံ ပရမတ်ပညတ် အရပ်ရပ်အဖုံဖုံ၊ ဆုံးမကုန်အစားစား၊ အလုံးစုံသော ဥယျာတရားတို့ကိုလည်းကောင်း။ ဒေသေ တဗ္ဘပကာရံစ– သဒ္ဒါအချက်ချက်၊ အနက်အသီးသီး၊ နည်းအသွယ်သွယ်၊ ပရိယာယ်ပေါလှ၊ သဘောကျခြင်း၊ ပြောပြဖွယ် အဖုံဖုံ၊ နည်းမျိုးစုံကိုလည်းကောင်း။ ပါဏိနံ စိတ်ထားမတူ၊ အပူပြားလတ်၊ ဓာတ်အပြားပြား၊ သတ္တဝေနေယျတို့၏။ အာသယံစာပိ–နှလုံးသွင်းထိုထို၊ အလိုအကြိုက်၊ စရိုက်အမျိုးမျိုး၊ ကောင်းဆိုးအတန်တန်၊ မှတ်ရန်အစားစား၊ ဓာတ်ခံအများကိုလည်းကောင်း၊ ပဇာနာတိ ရွေလက်တင်ထား၊ ပတ္တမြားမျက်ရှင်။ ပုံဟန်တင်တို့၊ ဉာဏ်တွင် အတိပေါ်၊ အမှန်မြင် သိတော်မူပါပေ၏။ တဗ္ဘလံ – သဗ္ဗညုမှန်၊ ထိုရွေဉာဏ်၏၊ သုံးတန်ထူးလတ်၊ မြတ်အတန်းစား၊ ဓာတ်စွမ်းအား သည်။ မေသရီရမှိ–ရွေဉာဏ်ရှင်ဘုရား၊ ဂုဏ်တော်များ၌၊ လေးစား တည်ခ၊ အမှီရသဖြင့်၊ ကြည်မအလို၊ ဤငါ့ကိုယ်၌၊ ဘဝါဘဝေ–အဆုံးစွန်ရ၊ ဘဝကျအောင်၊ ခဏမဆိုင်း၊ ဘဝတိုင်းဘဝတိုင်းဝယ်။ နိစ္စံ – အတူတွဲ၍၊ မခွဲမခွာ၊ အမြဲသာလျှင်၊ သေတု–အနန္တဂုဏ်၊ ဖုံးဖုံး၌၊ အာရုံမလွတ်၊ တိမ်းညွတ်စရာ၊ ကိန်းဝပ်ပါစေသား (သို့မဟုတ်) သတည်း။

(သာဓု–သာဓု–သာဓု)

http://www.dhammadownload.com

(သဗ္ဗမင်္ဂလာဂါထာ)

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြဟ္မဏော။
အထ သဗ္ဗမဟောရတ္တိ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

အနက်

အာဒိစ္စော– ရောင်ခြည်တစ်ထောင်၊ အလင်းဆောင်သည့်၊ နေမင်းကြီးသည်၊ ဒိဝါ–အလင်းရရာ၊ နေ့အခါ၌သာလျှင်၊ တပတိ – ရောင်ခြည်ရွှန်းရွှန်း ထွန်းလင်းတောက်ပ တင့်တယ်နိုင်ပါပေ၏။

စန္ဒိမာ – တင့်တယ်ရွှန်းဝင်း ငွေလမင်းသည်၊ ရတ္တိ – အမှောင်ကျရာညအခါ၌သာလျှင် အာဘာတိ–အရောင်ရွှန်းရွှန်း၊ ထွန်းလင်းတောက်ပ၊ တင့်တယ်နိုင်ပါပေ၏။

ခတ္တိယော–ရေမြေသနင်း ပြည့်ရှင်မင်းသည်၊ သန္နဒ္ဓေါ–မင်းဝတ်တန်ဆာဆင်ယင်မှသာလျှင်၊ တပတိ–ထွန်းလင်းတောက်ပ တင့်တယ်နိုင်ပါပေ၏။

ဗြဟ္မဏော –မကောင်းမှုကိုမျှောပြီးသော ရဟန္တာသခင်အရှင် မြတ်သည်ဈာယီ–အာရမ္မဏာ လက္ခဏာဆိုသည့် ဈာန်နှစ်ဝင်စားမှသာလျှင် တပတိ–ထွန်းလင်းတောက်ပ တင့်တယ်တော်မူနိုင်ပါပေ၏။

အထ–ထို့အပြင် ထိုမှတစ်ပါး ဗုဒ္ဓေါ–လောကထွတ်ထား ရှင်တော်မြတ်ဘုရားသည်– တေဇသာ–ကိုယ်တော်မြတ်၏ ဘုန်းတော်ရောင်၊ ကံတော်ရောင်၊ ဉာဏ်တော်ရောင်၊ တန်ခိုးတော်ရောင်၊ အရောင်အမျိုးမျိုးတို့ဖြင့်သဗ္ဗမဟော ရတ္တိ –နေ့ရောညပါ အခါခပ်သိမ်း၊ တပတိ–ထွန်းလင်းတောက်ပ၊ တင့်တယ်တော်မူလှပါပေသတည်း။

(သာဓု–သာဓု–သာဓု)

http://www.dhammadownload.com



ကျမ်းပြုသူ၏ အနန္တ ဂုဏ်အင်ကျေးဇူးရှင် နိဿရဉ်းဆရာဖြစ်သည့်

တောင်ပုလဲဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com

ပဌာနဝါဒဋီကာ

ယေစ အတီတာ သမ္မဒ္ဓါ၊
ယေစ ပုဒ္ဓါ အနာဂတာ၊
ယော စေတရဟိ သမ္ဗုဒ္ဓေါ၊
ဗဟူနံ သောက နာသနော၊
သဗ္ဗေ သဒ္ဓမ္မ ဂရုနော၊
ဝိဟိံသု ဝိဟရန္တိစ၊
တထာပိ ဝိဟရိဿန္တိ၊
ဧသော ပုဒ္ဓါန ဓမ္မတာ။
တသ္မာဟိ အတ္တ ကာမေန။
မဟတ္ထ အဘိကင်္ခတာ၊
သဒ္ဓမ္မော ဂရုကာတဗ္ဗော၊
သရံ ပုဒ္ဓါ နု သာသနံ။

အနက်

အတီတာ– ရှေးရှေးအခါက ပွင့်တော်မူပြီးကြကုန်သော၊ ယေစ ပုဒ္ဓါ– အကြင် ဘုရားရှင်ကိုယ်တော်မြတ်အပေါင်းတို့သည်လည်းကောင်း၊ အနာဂတာ– နောင်အခါ ကာလ၌ ပွင့်တော်မူကြမည်ဖြစ်ကုန်သော၊ ယေစပုဒ္ဓါ–အကြင်ဘုရားရှင် ကိုယ်တော်မြတ် မှန်သမျှတို့သည် လည်းကောင်း၊ ဗဟူနံ– များစွာသော သတ္တဝါ အပေါင်းတို့၏၊ သောကနာသနော– စိုးရိမ်ပူဆွေးမှု သောကကို ဖျက်ဆီး ပယ်ဖျောက်တော်မူတတ်သော၊ စေတရဟိ– ယခုခေတ်ထဲ၌၊ ယောစပုဒ္ဓေါ– ပွင့်တော်မူသည့် အကြင်ဂေါတမဟု မည်တွင် လောကထွတ်တင် ဘုရားရှင် ကိုယ်တော်မြတ်သည်လည်းကောင်း၊ အတ္တိ– ထင်ရှားမသွေရှိကြပါပေကုန်၏။ သဗ္ဗေ–အလုံး စုံသော ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ဖြစ်ကုန်သော ဘုရားရှင်မှန်သမျှတို့သည်၊ သဒ္ဓမ္မ ဂရုနော– သဒ္ဓမ္မခေါ်သည့် ဘုရားရှင် ကိုယ်တော်မြတ်တို့ ကိုယ်တိုင် ဟောကြားတော်မူကြကုန်သော တရားတော်မြတ် ဒေသနာကို ကိုယ်တော်မြတ်တို့ကိုယ်တိုင် အလေးအမြတ် ပြုကြကုန်၍၊ ဝိဟရိံသု– ရှေးကလည်း နေခဲ့ကြကုန်ပြီ၊ ဝိဟရန္တိစ– ယခုခေတ်အခါသမယ၌လည်း နေခဲ့ကြကုန်ဆဲ၊ တထာပိ–ထိုမှတစ်ပါး လည်း၊ ဝိဟရိဿန္တိ – နောင်အခါ ကာလတို့၌လည်း အလေးအမြတ်ပြုလျက် နေကြရဦးမည်သာ ဖြစ်ကြပါပေကုန်၏။ ဧသော– ဤသို့ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့၊ ဖြစ်ကြကုန်သော ဘုရားရှင် မှန်သမျှတို့၏ ကိုယ်တော်မြတ်တို့ ကိုယ်တိုင် ဟောကြားတော်မူကြကုန်သော တရားတော်မြတ်ကို

http://www.dhammadownload.com

(c)

ကိုယ်တော်မြတ်တို့ကိုယ်တိုင် အလေးအမြတ်ပြုကြကုန်၍ နေတော်မူကြခြင်းသည်၊ ဗုဒ္ဓါနံ-ဘုရားရှင် ကိုယ်တော်မြတ် မှန်သမျှတို့၏၊ ဓမ္မတာ-ပူဇော်ရိုး၊ အလေးအမြတ်ပြုရိုး၊ အစဉ်အလာ ဓမ္မတာကြီးအစစ်၊ တကယ်တမ်း ဖြစ်ပါပေကုန်သတည်း။

(သာဓု- သာဓု- သာဓု)

တသ္မာဟိတသ္မာဝေ-ပွင့်ပြီး ပွင့်ဆဲ၊ ပွင့်လတ္တံ့ဖြစ်ကုန်သော ဘုရားရှင် ကိုယ်တော်မြတ် မှန်သမျှ၊ ရှင်တော်မြတ်အပေါင်းတို့၏၊ တရားမြတ်ဒေသနာတော်ကို ကိုယ်တော်မြတ်တို့ကိုယ်တိုင် ပူဇော်ရိုး၊ အလေးအမြတ်ပြုရိုး ဖြစ်ပေသောကြောင့်၊ အတ္တကာမေန- ကိုယ်ကျိုး စီးပွားအမှန်ကို အလိုရှိသော၊ မဟတ္တံ- မြင့်မြတ်သည့်အဖြစ်ကို၊ အဘိကင်္ခတာ-လိုလားသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည်၊ ဗုဒ္ဓါနံ-ပွင့်တော်မူကြကုန်သော ဘုရားရှင်ကိုယ်တော်မြတ်အပေါင်းတို့၏ သာသနံ - အဆုံးအမ ဒေသနာတော်ကို၊ သရံ သရန္တာ- အစဉ်မကွာ၊ အောက်မေ့လျက်၊ သဒ္ဓမ္မော- သဒ္ဓမ္မ ခေါ်သည့် ဘုရားရှင်ကိုယ်တော်မြတ် အပေါင်းတို့၏ တရားမြတ်ဒေသနာတော်ကို၊ ဂရုကာတဗ္ဗေါ-အမြဲမပြတ် ပူဇော်အပ်၊ အလေးအမြတ် ပြုအပ်ပါပေသတည်း။

(သာဓု-သာဓု-သာဓု)

http://www.dhammadownload.com

မြတ်ဗုဒ္ဓနှင့်မြတ်ဓမ္မတို့၌ အံ့သြချီးကျူး ဥဒါန်းကျူးဖွယ်ဂုဏ်

အဟောဗုဒ္ဓေါ အဟောဓမ္မော အဟော ဓမ္မဿ သွာက္ခာတတာ ယတြ ဟိ နာမ သာယမနုသိဒ္ဓော၊ ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတော မနုသိဒ္ဓော သာယံ ဝိသေသံ အဓိဂမိဿတိ။

အနက်

ဗုဒ္ဓေါ–မြတ်ဘုရားရှင်သည်၊ အဟော– သြော်အံ့ဖွယ် ကောင်းပါပေစွ။ ဓမ္မော – တရားတော်မြတ်သည်၊ အဟော– သြော်အံ့ဖွယ်ကောင်းပါပေစွ။ ဓမ္မဿ– တရားဒေသနာတော်မြတ်၏။ သွာက္ခာတတာ–ကောင်းစွာဟောကြား အပ်သည်၏ အဖြစ်သည်၊ အဟော– သြော်အံ့ချီးဖွယ်ပါတကား။

ယတြ–အကြင်ကြောင့်၊ သာယံ–ညချမ်းအခါ၌၊ အနုသိဒ္ဓော–မြတ်ဘုရား၏ အဆုံးအမ ခံရသည်ရှိသော်၊ ပါတော–နံနက်ခင်းအခါ၌၊ ဝိသေသံ–တရားထူးကို၊ အဓိဂမိဿတိ – နာမ – ရနိုင်ပါဘိ၏။ ပါတော–နံနက်ခင်းအခါ၌၊ အနုသိဒ္ဓော– မြတ်ဘုရား၏ အဆုံးအမခံရ သည်ရှိသော်၊ သာယံ– ညချမ်းအခါ၌၊ ဝိသေသံ–တရားထူးကို၊ အဓိဂမိဿတိနာမ–ရနိုင်ပါဘိ၏တကား။

(သာဓု–သာဓု–သာဓု)

http://www.dhammadownload.com

မြတ်ဗုဒ္ဓဩဝါဒ

အို–ကာလာမ အမျိုးသားတို့–

အဆင့်ဆင့် ပြောစကား ကြားရုံမျှဖြင့်လည်း ဟုတ်လှပြီဟု မယူကြနှင့်ဦး၊ မိဘဘိုးဘွား အစဉ်အဆက် ပြောစကားဖြင့်လည်း ဟုတ်လှမှန်လှပေ၏ ဟု မစွဲကြနှင့်ဦး။ အဲဒါ ဒီလိုတဲ့ဟု မသေမချာ ပြောစကားအရလည်း အမှန်ပဲဟု မယူကြနှင့်ဦး၊ မိမိတို့ သင်ထားသော ကျမ်းဂန်များနှင့်ညီ၍ အမှန်ပဲဟု မစွဲမမှတ်ကြနှင့်ဦး၊ ဤအတိုင်း ဖြစ်တန်ရာ၏ဟု ကြီဆယူခြင်းဖြင့်လည်း ဟုတ်လှပြီဟု မစွဲနှင့်ဦး၊ နည်းလမ်းယုတ္တိချိန်ဆယူခြင်းအကြောင်းကြောင့်လည်း အတည်မယူကြနှင့်ဦး၊ မိမိကြီဆသော အကြောင်းဖြင့်လည်း ဟုတ်လှပြီဟု မယူနှင့်ဦး၊ တွေးကြံ စဉ်းစားခြင်းဖြင့် ကျေနပ်နှစ်သက် လက်ခံထားသော အယူအဆဖြင့်လည်း အတည် မစွဲကြနှင့်ဦး၊ ဤရသေ့ရဟန်းကား ယုံကြည်အားထားထိုက်သော ပုဂ္ဂိုလ်၊ သူ့စကား မှတ်သား လိုက်နာသင့် သည်ဟုလည်း အတည်မမှတ်နှင့်ဦး၊ ဤရသေ့ ရဟန်းကား ငါ့ဆရာ သူ့စကား ငါ လိုက်နာသင့်သည်ဟုလည်း စွဲမြဲစွာ မှတ်ယူမထားနှင့်ဦး။

အို–ကာလာမ အမျိုးသားတို့–

ဤအကျင့်များကား အကုသိုလ်တည်းအပြစ်ရှိ၏၊ ပညာရှိများ ကဲ့ရဲ့ဖွယ်ဖြစ်၏၊ အကျိုးမဲ့ ဒုက္ခရောက်ဖို့ဖြစ်၏၊ ဤသို့ဖြင့် သင်တို့ ကိုယ်တိုင် ကိုယ်ကြေပ် သိနား လည်သောအခါ ထိုအကျင့် ထိုအမှုများကို စွန့်ပယ်ကြကုန်လော။

ဤအကျင့်တရားများကား ကုသိုလ်ဖြစ်၏။ အပြစ်မရှိ ပညာရှိများ ချီးမွမ်းဖွယ် ဖြစ်၏။ စီးပွားချမ်းသာရဖို့ရာ ဖြစ်၏။ ဤသို့ သင်တို့ကိုယ်တိုင် ကိုယ်ကြေပ် သိနားလည်သောအခါ ထိုအမှုများကို နှစ်သက်စွာ လက်ခံ၍ လိုက်နာကျင့်ကြံ ကြကုန်လော။

(အင်္ဂုတ္တရ နိကာယ်ကာလာမသုတ်တော်မှ)

http://www.dhammadownload.com

ကျမ်းပြုသူ၏ အနန္တ ဂုဏ်အင်ကျေးဇူးရှင် နိဿရဉ်းဆရာဖြစ်သည့်
ရွှေကျင်နိကာယ ဥပဒ္ဒကဋ္ဌ အဘိဓေမဟာရဋ္ဌဂုရု ကျမ်းပြုအကျော်

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

၁။ မကောင်းမှုကိုသာ ကြံစည်ခြင်း။
၂။ မကောင်းသောစကားကိုသာ ပြောဆိုခြင်း။
၃။ မကောင်းမှုကိုသာ ပြုလုပ်ခြင်း။

ဤလက္ခဏာရေး သုံးပါးရှိသူကား ပညာတတ်သူပင် ဖြစ်စေ၊ အမျိုးမြတ်သူပင် ဖြစ်စေ၊ ပစ္စည်းဥစ္စာ ကြွယ်ဝသူပင် ဖြစ်စေ၊ မင်းအစိုးရသူပင်ဖြစ်စေ၊ မည်သူမဆို ဗာလ (သူမိုက်) ပင်တည်း။

၁။ ကောင်းသောအမှုကိုသာ ကြံစည်ခြင်း။
၂။ ကောင်းသောစကားကိုသာ ပြောဆိုခြင်း။
၃။ ကောင်းသောအမှုကိုသာ ပြုလုပ်ခြင်း။

ဤလက္ခဏာရေး သုံးပါးရှိသူကား ပစ္စုပ္ပန်၊ သံသရာ၊ ဘဝ အကျိုးနှစ်မျိုးလုံးကိုရခြင်းကြောင့် ပဏ္ဍိတ (ပညာရှိ) မည်၏။ ပညာတတ်သူပင်ဖြစ်စေ၊ အမျိုးမြတ်သူပင် ဖြစ်စေ၊ ပစ္စည်း ဥစ္စာ ကြွယ်ဝသူပင်ဖြစ်စေ၊ မင်းအစိုးရသူပင်ဖြစ်စေ၊ ဤလက္ခဏာရေး သုံးပါးနှင့် မပြည့်စုံလျှင် ပဏ္ဍိတဟု မဆို အပ်ပေ။

http://www.dhammadownload.com

သူမိုက်သူယုတ် ဟု သိကြောင်း လက္ခဏာလေးပါး

၁။ သူတစ်ပါး၏အပြစ်ကို တစ်စုံတစ်ယောက်က မမေးဘဲလျက် ပြောတတ်ခြင်း၊ မေးလျှင်ကား သာသာထိုးထိုး ချဲ့ကားး၍ ပြောတတ်ခြင်း။

၂။ မိမိ၏အပြစ်ကိုမူ တစ်စုံတစ်ယောက်က မမေးလျှင် မပြောဘဲ ဖုံးထားတတ်ခြင်း၊ မေးလျှင်လည်း အနည်းငယ်မျှသာ ပြောခြင်း။

၃။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို မည်သူကမျှမမေးလျှင် မပြောဘဲ ထားခြင်း၊ မေးလျှင်လည်း အနည်းငယ်မျှသာ ပြောခြင်း။

၄။ မိမိ၏ဂုဏ်ကျေးဇူးကိုမူ မမေးပါဲလျက် ထုတ်ဖော်ပြောပြတတ်ခြင်း၊ မေးလျှင်ကား ပိုပိုမိုမို သာသာထိုးထိုး ပြောတတ်ခြင်း။

သူတော်သူမြတ်ဟု သိကြောင်း လက္ခဏာလေးပါး

၁။ သူတစ်ပါး၏အပြစ်ကို မည်သူကမျှ မမေးလျှင် မပြောဘဲနေခြင်း၊ မေးလျှင်လည်း အနည်းငယ်မျှသာပြောခြင်း။

၂။ မိမိ၏အပြစ်ကိုမူ မည်သူကမျှ မမေးသော်လည်း ပြောသင့်က ပြောပြတတ်ခြင်း၊ မေးလျှင်လည်း ပြည့်ပြည့်စုံစုံပြောခြင်း။

၃။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို မည်သူကမျှ မမေးသော်လည်း ပြောပြတတ်ခြင်း၊ မေးလျှင်ကား ပြည့်ပြည့်စုံစုံ ပြောပြခြင်း။

၄။ မိမိ၏ဂုဏ်ကျေးဇူးကိုမူ မည်သူကမျှမမေးလျှင် မပြောဘဲ လျှို့ဝှက်သိုသိပ်ထားခြင်း၊ မေးလျှင်လည်း အနည်းငယ်မျှသာ ပြောခြင်း။

http://www.dhammadownload.com

အရပ်(၁၀)မျက်နှာနေ အနန္တစကြဝဠာ၊ အနန္တသတ္တဝါများအားလုံး အကြွင်းမရှိ–

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြပါစေ။
လောဘခပ်သိမ်း ကင်းငြိမ်းနိုင်ကြပါစေ။
ဒေါသခပ်သိမ်း ကင်းငြိမ်းနိုင်ကြပါစေ။
မောဟခပ်သိမ်း ကင်းငြိမ်းနိုင်ကြပါစေ။
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းနိုင်ကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းနိုင်ကြပါစေ။
သောကခပ်သိမ်း ကင်းငြိမ်းနိုင်ကြပါစေ။

မကောင်းသော အကုသိုလ်အမှုများမှ ကင်းငြိမ်းနိုင်ကြပါစေ။ ကိုယ်နှုတ်စိတ်နှလုံး သုံးပါးလုံး ဖြောင့်မတ်မတ်ဖြူစင် ကောင်းမွန်အပြစ်ကင်းစင်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ။ လက်ရှိရရှိပြီးကြကုန်သော လောကီ၊ လောကုတ္တရာ စည်းစိမ် ချမ်းသာအပေါင်းတို့သည် ဆက်လက်တည်တံ့ ခိုင်မြဲနိုင်ကြပါစေ၊ ဆထက်ထမ်းပိုးတိုးတက်ပွားများ နိုင်ကြပါစေ။

ရှင်တော်မြတ်ဘုရား၏ ဟောကြားအပ်သည့် တရားဒေသနာတော်များနှင့်အညီ ကောင်းစွာကျင့်ကြံ အားထုတ်နိုင်ကြပြီး ဒုက္ခခပ်သိမ်းတို့မှ အေးငြိမ်းသာယာနိုင်ကြပါစေ။

မဂ်ဖိုလ်နိဗ္ဗာန်သို့ မဆိုင်းလျင်လျင် လွယ်ကူချောမွေ့စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။

မိမိတို့၏ကောင်းမှု မကောင်းမှုများသာလျှင် မိမိတို့၏ ကိုယ်ပိုင် ဥစ္စာများရှိကြပါတကား။

http://www.dhammadownload.com

ချစ်သား အာနန္ဒာ ဆရာကောင်း နှင့် ဖော်ပေါင်း အတိ မိတ်ကောင်းရှိခြင်းသည် မိမိ၏မြတ်သော အကျင့်အတွက် တစ်ဝက်ပြီးသွားတာပဲလို့ မယူဆနဲ့၊ အကုန်လုံး ပြီးတယ်။

ဤကျမ်းပြုသူအား မြတ်ဗုဒ္ဓ၏ပရိယတ်၊ ပဋိပတ်သာသနာ နှစ်ဖြာ ကောင်းစွာ ကျင့်ဆောင်အားထုတ်နိုင်ရေးအတွက် ဦးဆောင် လမ်းညွှန် ပြသပေးတော်မူကြကုန်သော သာသနာတော်တွင် ကျောက်ထီးတွန်းအလေးပြုကြရကုန်၍ သာသနာထိပ်ခေါင်တင် အာဇာနည်ဆရာတော်ဘုရားကြီးများ ဖြစ်ကြသည့် ကျေးဇူးတော်ရှင် တောင်ပုလု၊ ကမ္မာအေးတောရဆရာတော်ဘုရားကြီးနှင့် ကျေးဇူး တော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု ဘန္ဒန္တဝါသေဋ္ဌာဘိဝံသ (သပြေကန် ဆရာတော်) ဆရာတော်ဘုရားကြီးတို့ အမျှပြုသော အနန္တ ဂုဏ်အင်ကျေးဇူးရှင် နိဿရည်းဆရာအပေါင်းတို့၏ ဂုဏ်ကျေးဇူး တော်အစုံစုံတို့ကို အစဉ်အောက်မေ့ကာ မာန်ကိုလျော့၍ ဦးခိုက် ပူဇော်ကန်တော့လျက်ရှိပါ၏။

အရှိအသေအလေးအမြတ်ပြုလျက်
မောင်သက်စိန်(ဖြူး)
ကျမ်းပြုသူ

http://www.dhammadownload.com

ဒုတိယ ဓမ္မသင်္ဂါယနာတော်ကြီးအား ကျင်းပခဲ့သော ဗုဒ္ဓဘာသာ ပရိယတ္တိသာသနာတော်၏ ၂၃၀၀ ခန့်ကြာမြင့်သော ရှေးဟောင်းသမိုင်းတွင် ပိဋကတ်တော်ကို ပြုပြင်ပြောင်းလဲခြင်းမရှိသော ပိဋကတ်တော်ကြီးအဖြစ် ကမ္ဘာ့သမိုင်းတွင် ထင်ရှားခဲ့ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

ရွှေကျင်နိကာယဥပဥ္ကဋ္ဌ၊ တွဲဖက်ရွှေကျင်သာသနာပိုင်
ကျမ်းပြုအကျော်
သပြေကန်ဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝါသေဋ္ဌာဘိဝံသ၏
သမ္မောဒနီယကထာ။

မောင်သက်စိန်က မြတ်ဗုဒ္ဓသာသနာ့အခြေခံ စာအုပ်ကို ဖော်ထုတ်တင်ပြခဲ့၏။ လာဘ်သပ်ပကာကို လိုလားတောင့်တ၍လည်းကောင်း၊ ကျော်စောကိတ္တိကိုလိုချင်၍ လည်းကောင်း၊ ဤကျမ်းကို ရေးသည်ဟု ထင်ဖွယ်ရှိ၏။ တကယ်တော့ သူ့အကြောင်းကို ကောင်းကောင်းသိသူတို့က ဤသို့ထင်ဖွယ်မရှိပါ။

သူကားဓမ္မဒါနမှုကို အလွန်ပြုလိုသော ဆန္ဒရှိသူတစ်ယောက်ဖြစ်၏။ ကဆုန်လပြည့် ဗုဒ္ဓနေ့စသည်ကို အကြောင်းပြု၍ လှူဒါန်းပူဇော်သော အလှူဒါနပွဲတွေ ဆင်နွှဲတိုင်း ဝိသေသအဖြစ်ဖြင့် ဓမ္မဒါနပြုလေ့ရှိ၏။

ဓမ္မဒါနကို လိုလိုလားလား ပြုလေ့ရှိသည်မှာလည်း ဓမ္မကိုလိုလားမြတ်နိုးသောကြောင့်လည်း ဖြစ်ပါ၏။ ဓမ္မအလှူအကျိုး ကြီးမားသည်ဟု မြင်သောကြောင့်လည်း ဖြစ်၏။ သူကား ရိုးရာဗုဒ္ဓဘာသာအဖြစ်မျှကိုမလိုလား၊ တကယ့်ဗုဒ္ဓဘာသာအဖြစ်ကို လိုလား၏၊ တစ်မျိုးပြောရလျှင် သဒ္ဓါဗုဒ္ဓဘာသာအဖြစ်မျှကို မလိုလား၊ ပညာဗုဒ္ဓဘာသာအဖြစ်ကိုသာ လိုလား၏။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဆိုင်ရာ ဆရာ့ဆရာတို့၏ စာပေများစွာ တို့ကို လေ့လာဖတ်ကြား မှတ်သားစုဆောင်းခြင်းဖြင့် ဗဟုသုတများစွာတို့ကို ရခဲ့၏။ ထို့ပြင် သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိအလှူမှန်သမျှကို တရားအလှူက အနိုင်ရ၏ဟု လည်းကောင်း၊ စကြဝဠာအပြည့် ဗြဟ္မာပြည်အထိ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်တွေ ပြည့်နှက်နေသည်တို့ကို သင်္ဃနံအလှူ လှူရသည်ထက် လေးပါဒရှိ တပုဒ်တစ်ဂါထာ ဒေသနာသင်ကြား ဟောပြရသည်က သာလွန်မြတ်လှ၏ ဟုလည်းကောင်း၊ လာရှိသော ဒေသနာတွေအရ ဓမ္မဒါနအကျိုးကို မြင်သောကြောင့်လည်း ဓမ္မဒါနကို မြတ်နိုးလှခြင်း ဖြစ်ပါသည်။

ဆိုပြီးခဲ့သောအကြောင်းအရပင် မိမိရှာဖွေသိထားသော တရားတို့ကို သူတစ်ပါး တို့အား ဝေငှပေးလိုသော အာသာဆန္ဒလွန်စွာ ဖြစ်ရသည်မှာ ဓမ္မတာပင် ဖြစ်၏။ မှန်၏။ ရခဲသောအရာကို ရသော်လည်းကောင်း၊ အံ့ဖွယ်သရဲထူးကဲသော အရာကို မြင်ရသော်လည်းကောင်း၊ မိမိချစ်မြတ်နိုးအပ်သော ဆွေမျိုးမိတ်ဆွေတို့ကို အမှတ်ရခြင်းမှာ လောက၏ဓမ္မတာသဘာဝသာ ဖြစ်ပါ၏ဟု အဋ္ဌကထာဆရာမြတ်

http://www.dhammadownload.com

အမိန့်အဆိုရှိခဲ့ဖူး။ ထိုအဆိုအရပင် သူကား တရားတော်တွေ့ လေ့လာရသောအခါ မိမိသာမန် ဗုဒ္ဓဘာသာ အဖြစ်မှ ထူးခြားသော ဗုဒ္ဓဘာသာ ဖြစ်လာရသည်ကို ဝမ်းသာအားရ ဖြစ်ခဲ့ရဖူး။ ကြုံခဲကြုံရ ဒုလ္လဘတရား ရတနာတွေကို မြတ်နိုးလှ၏။ တရားတော်တို့၏ ထူးခြား ဆန်းကြယ် အံ့သြဖွယ်ဖြစ်ပုံကိုလည်း တွေ့ကြုံခဲ့ရဖူး။

ဤသို့အားဖြင့် မိမိသိထားရသော ဒုလ္လဘအစ္ဆရိယ တရားရတနာတို့ကို မိမိအမျိုးသား အမျိုးသမီးတို့အတွက် သိစေလို မြင်စေလို မိမိကဲ့သို့ ဗုဒ္ဓဘာသာပီပီ ဖြစ်စေလိုသောဆန္ဒ ဖြစ်လာရသည်မှာ ဖြစ်သင့်သောအတိုင်း ဖြစ်လာခြင်းပင်။

ထို့ကြောင့်ပင် မိမိစုဆောင်းရရှိဖွေလေ့လာ မှတ်သားထားသော တရားရတနာတို့ကို ဗုဒ္ဓဘာသာအခြေခံလိုနေလျက်ရှိသော အမျိုးသားအမျိုးသမီးတို့အတွက် ယခုကဲ့သို့ ဝေငှဟောကြား တရားအလှူပြုလိုက်သည်မှာ မိမိ၏ ပင်ကိုယ်က ထက်သန်လျက်ရှိသော တရားဆန္ဒဓမ္မအာသာကြီးကြောင့်ပင် ဖြစ်တော့ဖူး။

မြတ်ဗုဒ္ဓသာသနာ့ အခြေခံဆိုသည့်အတိုင်း ဤကျမ်းစာက ဗုဒ္ဓဘာသာအခြေခံအမှန် သိထိုက်သော တရားတို့ကို အတော်ပြည့်စုံအောင် ဖြည့်ပေးမည်ဖြစ်ရာ မိမိတို့ သာမည ဗုဒ္ဓဘာသာအဖြစ်မှ ထူးခြားသော ဗုဒ္ဓဘာသာအဖြစ်သို့ ရောက်အောင် ရွက်ဆောင်ပေးမည်မှာ သေချာလှပါသည်။

ထို့ကြောင့် ဤကျမ်းလာ ဒုလ္လဘအစ္ဆရိယ ဓမ္မဒေသနာတို့ကို လေ့လာခြင်းဖြင့် လူဖြစ်ကျိုးနပ် အမြတ်များများရအောင် ကြိုးစားနိုင်ကြပါစေသတည်းဟု အာသီသ ပြုအပ်ပါပေသတည်း။

အရှင်ဝါသေဋ္ဌာဘိဝံသ
သပြေကန်ဆရာတော်
(၃-၇-၉၁)

http://www.dhammadownload.com

အမှာစာ

လိုလိုလားလား။ ။ မြတ်ဗုဒ္ဓသာသနာ့အခြေခံမည်သော ဤကျမ်းစာကို ပြုစုသူ ဦးသက်စိန် (ဖြူး)က သူ၏ကျမ်းစာကို ဒုတိယအကြိမ် ထပ်မံရိုက်ချင်ပါသည်။ ရိုက်သည့်အခါ အမှာစာလေး ခြီးမြှင့်ပေးပါဟု ဤအရှင်အား လာရောက်တောင်းခံလာသည်။ ဤအရှင်လည်း စာအုပ်ကိုတော့ ထပ်ပြီးကြည့်ချင်သေးသည်၊ စာအုပ်ကြည့်ပြီးလျှင် ရေးတာပေါ့ဟု အလွယ်တကူပင် လိုလိုလားလားဖြင့် လက်ခံလိုက်ပါ၏။

ထိုအချိန်၌ မိမိမှာ အလုပ်တွေများနေပါသည်။ အလုပ်တွေများနေသော်လည်း အလွယ် တကူ လိုလိုလားလား လက်ခံခြင်းမှာ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာကိုးကွယ်သူ များပါ၏။ ထိုသို့ပင် များသော်လည်း ဘိုးဘွားမိဘက ဆင်းသက်လာ၍ ဆက်လက်ကိုးကွယ်သည့် မိရိုးဖလာဗုဒ္ဓဘာသာ ကသာများသည်။ သဒ္ဓါပညာနှင့်ယှဉ်ပြီး ဆန်းစစ် ဝေဖန်ချင့်ချိန်နိုင်းယှဉ်၍ ကိုးကွယ်သည့် ပညာ ဗုဒ္ဓဘာသာကား တစ်နည်းအားဖြင့် သဒ္ဓါပညာညီညာသည့် ဗုဒ္ဓဘာသာကား အလွန်ပင် နည်းနေပါသေးသည်။

ဤသူတို့၏ ဗုဒ္ဓဘာသာကိုးကွယ်မှု တစ်နည်းအားဖြင့် ဘာသာရေးခံယူချက် သည် မြဲမြံသည့်ခံယူချက်၊ မတုန်မလှုပ်သည့်ပညာ လေးနက်သည့်သဒ္ဓါတို့ဖြင့် ခံယူချက်မဟုတ်ရကား ယိမ်းယိုင်နိုင်သည်။ သဒ္ဓါပညာတို့ဖြင့် ခံယူထားချက်မဟုတ်၍ အခြားအယူအဆများလည်း ဘုရားဟောဟု မှတ်ထင်ကာ ရောရောထွေးထွေး ယူငင်လာတတ်သေးသည်။ ထိုသူတို့ ဘာသာရေးခံယူချက် ကိုးကွယ်မှုသည် လေးနက်မှု မရှိရကား ကိုးကွယ်နေသော်လည်း ထိုက်ထိုက်တန်တန် အကျိုးမခံစားရသည်သာမက အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အာဘော်အာရင်းသန်သန် အပြောကောင်းကောင်းနှင့် ယုတ္တိယုတ္တာပြ ဆွဲဆောင်ခဲ့လျှင် မိမိအယူဝါဒ ဘာသာကိုစွန့်၍ ပါသွားနိုင်ပါသည်။ အကြောင်းအကျိုးမျိုးကြောင့် ပါသွားသည်မှာလည်း ဒုနှင့်ဒေးပင် ရှိနေသည် မဟုတ်ပါလား။

သူတို့ ပါသွားခြင်းသည် အဆန်းမဟုတ်ပါ။ သူတို့သည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟု နှုတ်ကဆိုပါသော်လည်း "ဗုဒ္ဓ"၏ဂုဏ်များစွာ မသိကြ၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ" ဟု ဆိုကြသော်လည်း "ဓမ္မ"၏ထူးခြားသော အကျိုးပေးမှုကို နားမလည်၊ "သံဃံ သရဏံ ဂစ္ဆာမိ"ဟု နှုတ်တိုက်ဆိုသော်လည်း သံဃာ၏ ကျေးဇူးတရားဂုဏ်များကို မသိကြပါ၊ မသိကြတော့ လှိုက်လှိုက်လဲလဲ ကြည်နူးမှုမရ ကြည်နူးမှုမရတော့ ခိုင်မြဲသော ခံယူမှု ယုံကြည်မှု မဖြစ်နိုင်၊ ခိုင်မြဲသော ခံယူမှု ယုံကြည်မှု မဖြစ်လျှင် အပြောကောင်း အဟောကောင်းသူတို့၏ ဆွဲဆောင်ရာသို့ ပါသွားနိုင်သည်သာ မဟုတ်ပါလော၊ အကယ်၍ ပါသွားလျှင်ကား ထိုသူ၏ ဆုံးရှုံးမှုသည် စာနှင့်မဖော်ပြနိုင်အောင်ပင် ဆုံးရှုံးမှုကြီးနှင့် ကြုံရတော့မည်မှာ ဇောနပင်။

နောက်အကြောင်းတစ်ခုရှိပါသေးသည်။ ဗုဒ္ဓဘာသာဟုပင် ဆိုသော်လည်း မိမိအတွက် ဗုဒ္ဓ၏ လိုလားချက်ကို ခိုင်ခိုင်မာမာ မျှော်မှန်းချက် ပန်းတိုင်မရှိ၊ ယောင်ဝါးဝါးပင်။ ဘုရားရှိခိုးသော အခါ စသည်တွင် "မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော် မြတ်ကို လျှင်မြန်စွာ ရ,ရပါလို၏ ဘုရား"ဟု နှုတ်တက်သလို ဆိုသော်လည်း နိဗ္ဗာန် ကို "သမ္မာသမ္ဗောဓိဆုဖြင့် ဝင်မည်လား" "ပစ္စေကဗောဓိဆုဖြင့် ဝင်မည်လား" "အဂ္ဂသာဝကဆုဖြင့် ဝင်မည်လား" "မဟာသာဝကဆုဖြင့်

http://www.dhammadownload.com

ဝင်မည်လား" "ပကတိ သာဝကဖြင့်ပင် ဝင်မည်လား" တိကျခိုင်မာသည့် မျှော်မှန်းချက် ပန်းတိုင် မထားကြ။ သာသနာနှင့် တွေ့ကြုံ၍ ပညာအဆင်အခြင်ရှိလျင်ကား နိဗ္ဗာန်ဝင်မည့် ပန်းတိုင်တစ်ခုကို ထားကို ထားရမည်မဟုတ်ပါလား။

ဤအရှင်အနေဖြင့် သဒ္ဓါပညာညီမျှ၍ ခိုင်မာသည့် ဗုဒ္ဓဘာသာဖြစ်ရေး၊ သာသနာနှင့်တွေ့၍ ဒုက္ခအမှန်ငြိမ်းရာ နိဗ္ဗာန်ဝင်ရေးအတွက် ဆုတစ်မျိုးမျိုးဖြင့် ခိုင်မာသည့် မျှော်မှန်းချက် ပန်းတိုင်တစ်ခု ထားရှိရေးအတွက် ဖောင်းပေး၍ အမှာစာရေးမည်ဟု နှလုံးသွင်းဖြင့် အလွယ်တကူ လက်ခံခဲ့ခြင်းဖြစ်ပါသည်။

လိမ့်လိုတော့်မည်လား ။ ။ အမှာစာရေးတော့်မည်ဟု ဤသည့် မြတ်ဗုဒ္ဓသာသနာ့အခြေခံ စာအုပ်ကို ထပ်မံကြည့်လိုက်တော့ ဤအရှင်အနေဖြင့် ဘာမျှဖြည့်စွက် ဖောင်းပေးရေးရန် မလိုတော့ဟု၍ ထင်မြင်မိပါ၏။ ဤစာအုပ်တွင် ကန်တော့်ခန်းမှစ၍ ဒုက္ခအမှန်ငြိမ်းရာ နိဗ္ဗာန်ဝင်သည့် အရိယာသစ္စာလေးပါးအထိ အခန်းပေါင်း (၁၉)ခန်း အကြောင်းအရာပေါင်း (၁၀၀) ခန့်ကို အများနားလည်နိုင်သော စကားလုံးတို့ဖြင့် လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း သမားဂုဏ်မဖော် တရားဂုဏ်ကိုသာ ပေါ်စေကာ ရေးသားထားသည်ကို တွေ့ရပါ၏။

ပါဠိစကားလုံးများစွာတို့ဖြင့် ခန့်ခန့်ထည်ထည် ရေးသားထားခြင်းသည် ဗုဒ္ဓပိဋကလမ်းကြောင်းမှ တိမ်းစောင်းမသွားကြောင်းနှင့် သံသယကင်းကင်း လက်ခံနိုင်ရန် ခိုင်ခိုင်မာမာ ရှိသည်ကား မှန်ပါ၏။ စာရှုသူများအနေဖြင့် ပါဠိနှင့် မရင်းနှီးရကား "အော်--သူက သိပ်တော်တာပဲ"ဟု သမားဂုဏ်ကို ချီးကျူးပြီး၊ "တို့က ဉာဏ်မမီပါဘူး ပါရမီနည်းပါသည်"ဟု စာအုပ်ကို ဘေးချထားတတ်ပါ၏။ ထိုသူတို့အတွက် "တရားဂုဏ် မပေါ်စေခဲ့ပါ" ယခုအများနားလည်နိုင်သော စကားလုံးတို့ဖြင့် ရေးသားထားရကား စာရှုသူအဖို့မှာ သမားဂုဏ်မသိရသော်လည်း တရားဂုဏ်ကိုတော့ ပေါ်ပေါ်လွင်လွင်ကြီး သိနိုင်ပါသည်။

စိစဉ်ပုံမှာလည်း စနစ်ကျလှသည် စာအုပ်ကို လှန်ကြည့်လိုက်လျင်ပင် အရေးကြီးဆုံးဖြစ်သည့် မြတ်စွာဘုရားနောက်ဆုံးမှာကြားသည့် သတိပေးတရားတော်၊ ထိုနောက် ဘုရားရှင်၏ သမ္ဗညုတဉာဏ်တော်၊ ပြီးတော့ဓမ္မဂုဏ်ရည်ပြ ဆက်လက်ကြည့်လိုက် ပြန်တော့ "တစ်ဆင့်ကြားနှင့် လက်မခံကြနှင့်ဦး၊ ဘိုးဘွားမိဘက ဆင်းသက်လာသော အယူဟု လက်မခံကြနှင့်ဦး၊ သူပြောကိုယ်ပြောဖြင့် လက်မခံကြနှင့်ဦး စသည်ဖြင့် ဉာဏ်ဖြင့် ပိုင်းခြားကိုယ်တိုင်သိမှ လက်ခံယုံကြည်ကြ" ဟု စသည်ဟောထားသော "ကာလာမ"သုတ်တော်ကို ဖော်ပြထားသည်။ ဤသို့ စသည်ကျမ်းစာ၏ အစီအစဉ် စနစ်ကျမှုကလည်း စာရှုသူများအား ဤအရှင်လိုလားသည့် မိရိုးဖလာလွန်သဒ္ဓါပညာညီမျှသည့် ဗုဒ္ဓဘာသာဖြစ်ရေးနှင့် တိကျခိုင်မာပြတ်သားသည့် နိဗ္ဗာန်ဝင်ရာ ပန်းတိုင် တစ်ခုထားရေးအတွက် ရှေ့ဆောင်လမ်းညွှန်မှု ပြုသွားတော့မည်ဖြစ်ရာ ဤအရှင်၏ အမှာစာ လိမ့်လိုတော့်ပါ့မလားဟု ထင်မြင်မိပါသည်။

အားဖြည့်လောင်း။ ။ ဤအရှင်လိုလားသည့် မိရိုးဖလာလွန် သဒ္ဓါပညာညီမျှသည့် ဗုဒ္ဓဘာသာဖြစ်ရေးအတွက် ကျမ်းရင်းစာကိုယ်ကသာ မဟုတ်သေး၊ အဘိဓမ္မ မဟာရဋ္ဌဂုရု + ရွှေကျင်နိကာယဥပဥဉ္ဇ + ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး၏ "သမ္မောဒနိယကထာ"ကလည်းကောင်း၊ ပူဇော်မှုပြုသူ၏ နိဒါန်းကလည်းကောင်း အားဖြည့်လောင်းလျက် ရှိရာ လိုလှမည် မဟုတ်တော့ပါ။

http://www.dhammadownload.com

သုံးလုံးတင်မှကြိုး။ ။ မလိုတော့သည်မှာ မှန်သော်လည်း ဝန်ခံချက်အရ ရေးရမည်သာ ဖြစ်၍ အချိန်ရသမျှ စေ့စေ့စပ်စပ်ကြည့်ရှုခဲ့ရာ သာသနာတော်နှင့် လောကအတွက် အားတက်မိကာ ရှေးလူကြီးသူမတို့၏ အဆိုလေး ဤအရှင်ဘုရားမှာ ဖြတ်ခနဲ ထင်ဟပ်လာသည် "သုံးလွန်းတင်မှကြိုး ဒေါင်ဒေါင်မြည်မှအိုး၊ နောက်တောင်ကမှ မိုး"တဲ့ ကြိုးဖြစ်လျှင် သုံးလွန်းတင်ဖြစ်မှ ခိုင်မာသည်။ နှစ်လွန်းတင် သို့မဟုတ် တစ်လွန်းတည်းဖြစ်လျှင်ကား မခိုင်နိုင်ပါ။ သုံး၌လည်းမကောင်းလှပါ။ အိုးတစ်လုံးကို ခေါက်ကြည့်ခဲ့လျှင် ဒေါင်ဒေါင်မြည်မှ အကွဲအအက်မပါ အသုံးဝင်သည်။ ဒေါင်ဒေါင်မမြည်ပါက အကွဲအအက်ပါနေ၍ သုံးရကောင်းမည်မဟုတ်ပါ။ မိုးမှာလည်း တိမ်ပုပ် မိုးသည် မိုးမှန်မဟုတ်၊ မှန်တိုင်းမိုးသည်လည်း မိုးမှန်မဟုတ်သေး။ ရာသီမှန်လည်းမဟုတ်၊ အခါမဲ့လည်း ရွာနိုင်သည်။ အနောက်တောင်မုတ်သုန်လေကြောင့် ဖြစ်သော မိုးသည်သာလျှင် မိုးမှန်ဖြစ်၏။ ရာသီမှန်ဖြစ်၏။ ရာသီမှန် ရာသီအလိုက်ဖြစ်သောကြောင့်ပင် လူတို့အား များစွာကျေးဇူးပြုသည်။

သုံးလွန်းတင်ကျမ်းစာ ။ ။ ဤနည်းအတူပင် သာသနာပြုကျမ်းစာရေးသည်မှာလည်း သီလ သာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ၊ သုံးလွန်းတင်မှ ဒါန သီလ ဘာဝနာ သုံးလွန်းတင်မှ၊ ဗုဒ္ဓ ဓမ္မ သံဃဂုဏ်သုံးမျိုးလုံး ပေါ်လွင်မှ၊ လူငယ် လူလတ် လူကြီး သုံးဦးလုံးအတွက် အံဝင်ခွင်ကျမှ သုံးလွန်းတင် သာသနာပြု သုံးလွန်းတင် ကျမ်းစာတစ်ဆူဖြစ်၍ ခိုင်မာမှု ရှိသလို သုံးရသည်မှာလည်း အဆင်ပြေလှသည်၊ လူငယ်အတွက်သာ ရည်ရွယ်၍ လူလတ် လူကြီးများအတွက် မစဉ်းစား မရေးသားလျှင် မပြည့်မစုံ ဖြစ်နေတတ်ပါသည်။ လူလတ်အတွက်သာ စဉ်းစား၍ လူငယ်လူကြီးအတွက် ထားခဲ့လျှင်ကား ဟာနေတတ်ပါသည်။ လူကြီးများအတွက်သာ ရည်ရွယ်ချက် ထားခဲ့ လျှင်ကား အခြေပြတ်၍ သာသနာယိုင်လဲကျသွားနိုင်ပါသည်။ ဤ**"မြတ်ဗုဒ္ဓ သာသနာ့ အခြေခံ"**ကျမ်းစာကား ဒါန သီလ ဘာဝနာ သုံးဖြာစုံသည်။ ရတနာသုံးပါးဂုဏ်အလုံးစုံကို ပေါ်လွင်စေသည်။ လူငယ် လူလတ် လူကြီးသုံးဦးစလုံးအတွက် အဆင်ပြေရကား "သုံးလွန်းတင် ကျမ်းစာ"ဟုပင် ဆိုလိုက်ချင်ပါသေးသည်။

ဒေါင်ဒေါင်မြည်။ ။ ဤသို့ သုံးလွန်းတင်ထားသည်သာမဟုတ်သေး။ အလွန်သိရန် မြင်ရန် ခက်ခဲလှသော သစ္စာလေးပါးစသည့် တရားများကို တင်ပြရာဝယ် "မြတ်ဗုဒ္ဓ၏ ဝါဒသည် တန်ခိုးရှင်၊ ဖန်ဆင်းရှင် ဝါဒမဟုတ်၊ ရော်ရန်းမှန်းဆထားသော ဝါဒမဟုတ်၊ လောကတွင် အမှန် ရှိသည့် မျက်မှောက်မှာပင် မုချတွေ့နိုင်သည့် သစ္စာတရား ဝါဒသာဖြစ်သည်။ သစ္စာလေးပါး ဝါဒသည် ဗုဒ္ဓ၏ဝါဒစစ်စစ်ဖြစ်၏" ဤသို့ စသည့် တင်ပြချက် ရေးသားချက်များသည် ဒေါင်ဒေါင်မြည်သည့်အတွေးနှင့် ဒေါင်ဒေါင်မြည်သည့် အရေးများပင်မဟုတ်ပါလော။ ထို့ကြောင့် ဤသည်ကျမ်းစာကို ဒေါင်ဒေါင်မြည်ကျမ်းစာဟုဆိုက မှားမည်မထင်ပါ။

နောက်တောင်ကမိုး ။ ။ ဒေါင်ဒေါင်မြည်သောအတွေး ဒေါင်ဒေါင်မြည်သောအရေးတို့ကြောင့် ကျမ်းစာနှင့် ကျမ်းစာရှင်အား လေးစားယုံကြည် အားကိုးရတော့မည်ဟု မဆိုချင်သေးပါ။ ဒေါင်ဒေါင်မြည်သော အရေးပင်ဖြစ်သော်လည်း သူတစ်ပါးကို နှိမ့်ချ၍ မိမိကျော်စောထင်ရှား လို၍ လောကီစီးပွား ကိုယ်ကျိုးအတွက် အမြတ်အစွန်းများများ ရလိုမှု စသည်တို့ကြောင့် ရေးလျှင်ကား တိမ်ပုပ်မိုး မှန်တိုင်းမိုးနှင့်သာတူ၍ စေတနာမှန် သဒ္ဓါမှန်မဟုတ်၍ စာရှုသူအား ထိုက်သင့်သလောက် အကျိုးရမည်မဟုတ်ရကား လေးစားထိုက်သည်ဟု အပြည့်အဝ မဆိုချင်သေးပါ။ ဤကျမ်းစာရှင်ကား မိမိနိုသျည်း ဆရာများထံ နှစ်ပေါင်းများစွာ ချဉ်းကပ်မေးမြန်း

http://www.dhammadownload.com

လေ့လာကြိုးကုတ် အားထုတ်၍ ကျော်စောကိတ္တိနှင့် ငွေကြေး အမြတ်အစွန်းအတွက် ပဓာနမထားဘဲ မိမိအသိဉာဏ် ရသလို အခြားသူများအားလည်း အသိဉာဏ်တိုးစေလို၊ ကိုးကွယ်ဆည်းကပ်မှု မှန်ကန်စေလို၊ ကျင့်ကြံအားထုတ်စေလို၊ သဒ္ဓါပညာညီမျှသည့် ဥပါသကာ ဥပါသိကာဖြစ်စေ လိုသော သဒ္ဓါမှန် ဆန္ဒမှန် စေတနာမှန်တို့ဖြင့် ပြုစု စုဆောင်းထားသည်ဟု ထောက်ထားဖွယ် အကြောင်းအခြင်းအရာများအရ သိရှိရကား။ အနောက်တောင်က လာသော မုတ်သုံမိုးကဲ့သို့ပင်၊ ဘာသာရေးအသိဉာဏ်မျိုးစေ့ဖြင့် ကောင်းမှုစိုက်ပျိုးသူများအား ကောင်းကျိုးတွေ ဇကန်တိုးပွားမည် ဖြစ်သောကြောင့် ဤ "**မြတ်ဗုဒ္ဓသာသနာ့အခြေခံ**" ကျမ်းစာကား လေးစားယုံကြည် အားကိုး ထိုက်သည့် ကျမ်းတစ်စောင်ပင် ဖြစ်ပါတော့သည်။

တစ်ခုသာမှာချင်သည် ။ ။ ဤသို့ လေးစားထိုက်သည့် ကျမ်းမြတ်တစ်ဆူဖြစ်၍ စာရှူသူအား တစ်ခုသာ မှာလိုက်ချင်ပါသည်။ အသင် စာရှူသူ--သင်ရှေးကံကောင်း ထောက်မသောကြောင့် လူ့ဘဝကောင်းကြီးရခဲ့ပါပြီ။ မြတ်ဗုဒ္ဓသာသနာတော်နှင့်လည်း ကြုံတွေ့ခြင်းဟူသော အခွင့်ကောင်း ကြီးကိုလည်း ရရှိနေပါပြီ။ ထိုအခွင့်ကောင်းကြီးကို လက်လွတ်ဆုံးရှုံးမခံဘဲ မိမိ၏သံသရာဘဝ မြင့်တက်ရေးနှင့် ဝိမုတ္တိရသရရှိရေးအတွက် မဖြစ်မနေ အမှန်တကယ် ပြုလုပ်ရမည့် လုပ်ငန်းကြီးကို လုပ်ကိုလုပ်ရတော့မည်။ လုပ်ငန်းပမာဏကြီးသဖြင့် ပြီးမြောက်ခရီးရောက်ရေးအတွက် မိတ်ဆွေကောင်းများလိုအပ်ပါသည်။ ထိုမိတ်ဆွေကောင်းများတွင် သင့်ရဲ့အခက်အခဲကို ဖြေရှင်းပေးပြီး လုပ်ငန်းပြီးမြောက် ခရီးရောက်အောင် ဆောင်ရွက်ပေးနိုင်သည့် ဤ "**မြတ်ဗုဒ္ဓ သာသနာ့အခြေခံ**"ကို ယုံကြည်စိတ်ချ အားကိုးရပြီး ရင်းရင်းနှီးနှီး တိုင်ပင်သင့်သော ထာဝရမိတ်ဆွေအဖြစ် ထားပါဟုသာ။

သဒ္ဓါလည်းဌေး ပညာဌေး ကြွယ်ဌေးကြပါစေ။

ဘုရားမမေ့ တရားတွေ့ ပျော်မွေ့ကြပါစေ။

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ခေမာစာရ

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်

ရန်ကုန်

http://www.dhammadownload.com

နိဒါန်း

ယနေ့ဗုဒ္ဓဘာသာဝင်များထဲတွင် မိရိုးဖလာအရ ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီး ဗုဒ္ဓဘာသာ၏ အနှစ်သာရကို လေးလေးနက်နက် မှန်မှန်ကန်ကန် မသိကြသေးသူများ ရှိကြ၏။ မြတ်ဗုဒ္ဓသာသနာတော်ကို ကောင်းစွာ မသိမြင်နိုင်ခြင်းကြောင့် မိမိပြုလုပ်လိုက်သော ကောင်းမှုကုသိုလ် (သို့မဟုတ်) သာသနာပြုလုပ်ငန်းသည် မိမိရည်မှန်းသလောက် မပေါက်မြောက်၊ မထိရောက်၊ အကျိုးမရှိဖြစ်တတ်သလို သာသနာတော်နှင့် စပ်လျဉ်း၍လည်း အပြစ်မကင်းဖြစ်တတ်၏။ ကျင့်ကြံအားထုတ်ရာတွင်လည်း ပေါက်မြောက် ခရီးရောက် သင့်သလောက် မပေါက်မြောက် ခရီးမရောက်၍ လိုရာပန်းတိုင် သို့ လက်လှမ်းမမီနိုင်ဖြစ်ကြရ၏။

အနည်းဆုံးလေးအသရေ်ျနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံးသတ္တဝါများအပေါ် မဟာကရုဏာတော် ကြီးမားစွာဖြင့် အသက်ခန္ဓာစည်းစိမ်များစွာကို စွန့်၍ သူတကာဖြည့်နိုင်ခဲ့သော ပါရမီတော်များ ဖြည့်ကျင့်ပြီးမှ ပွင့်တော်မူခဲ့ရသည့် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးနှင့် တွေ့ဆုံဖို့ရန် အလွန်ခဲယဉ်းလွန်းလှသလို မြတ်ဗုဒ္ဓသာသနာဝင်ကောင်း ဖြစ်ဖို့ရန်မှာလည်း ပို၍ပင် ခဲယဉ်းပြန်၏။ မြတ်ဗုဒ္ဓ၏ သာသနာဝင် အရေအတွက်နှင့် ကမ္ဘာပေါ်ရှိသတ္တဝါများအရေအတွက်ကို နှိုင်းယှဉ်ကြည့်ပါက သိနိုင်၏။

သို့ဖြစ်၍ ကြုံတောင့်ကြုံခဲလှသော မြတ်စွာဘုရားရှင်၏ သာသနာဝင်အဖြစ် ရရှိလာသော ဘဝတာတစ်ခဏအတွင်း ရရှိသည့်အခွင့်ကောင်းကို မဆုံးရှုံးစေဘဲ မြတ်စွာဘုရား ဟောကြားတော်မူသော တရားဒေသနာအစစ်အမှန်အတိုင်း ပညာနှင့်ယှဉ်၍ လိုက်နာကျင့်ကြံ ပွားများအားထုတ်သင့်သည်။ သို့မှသာ မိမိတို့လိုလား တောင့်တအပ်သော နိဗ္ဗာန်ဆုထူး ဆုမြတ်ကြီးကို တိုတောင်းသော ဘဝအတွင်း ပိုင်ပိုင်နိုင်နိုင်ရရှိနိုင်မည်ဖြစ်သည်။

ရတနာမြတ်သုံးပါး၏ဂုဏ်ကို သိမြင်နားလည်အောင် လေ့လာမှု၊ ဘုရားစစ်မှန်ပုံ၊ တရားစစ်မှန်ပုံ၊ သံဃာစစ်မှန်ပုံတို့ကို သိမြင်နားလည်အောင် လေ့လာထားမှသည် ဗုဒ္ဓဘာသာဝင်များအတွက် မလုပ်မနေ အမှန်တကယ် ပြုလုပ်သင့်သော လုပ်ငန်းတစ်ရပ် ဖြစ်၏။

မြတ်ဗုဒ္ဓ၏တရားတော်သည် သိပ္ပံနည်းကျသော အချိန်မရွေးလက်တွေ့ အစမ်းသပ်ခံနိုင်သော၊ ပရမတ္ထအရှိတရားဖြစ်၏။ ရော်ရမ်းမှန်းဆထားသော အယူအဆများ မပါ၊ သဘာဝတရား အစစ်အမှန်သာ ဖြစ်၏။ တကယ်လုပ်ရင် အဟုတ်ဖြစ်ရမည် ဆိုသည့် အတိုင်း မြတ်ဗုဒ္ဓတရားတော်နှင့်အညီ တကယ်လိုက်နာ ကျင့်ကြံအားထုတ်ပါက

http://www.dhammadownload.com

မြတ်ဗုဒ္ဓသာသနာတော် အဆုံးစွန်းသော ပန်းတိုင်ဖြစ်သည့် ဒုက္ခအပေါင်းချုပ်ငြိမ်း ရာ ချမ်းသာအစစ်အမှန်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ဘဝမှာပင် လက်တွေ့မြင်နိုင် တွေ့နိုင် ရရှိခံစားနိုင်မည်သာ ဖြစ်သည်။ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးတို့ကိုလည်း ဒိဋ္ဌဓမ္မလက်ဝယ် ပိုင်ပိုင်ရရှိနိုင်၏။

သို့ဖြစ်၍ မြတ်ဗုဒ္ဓသာသနာဝင်အပေါင်းသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အဖြစ်သာ ရောင့်ရဲတင်းတိမ် မနေကြဘဲ မိမိတို့ဘာသာတရား၏အနှစ်သာရ အစစ်အမှန်ကို သဒ္ဓါနှင့်ပညာ မျှတစွာဖြင့် လေးလေးနက်နက် လေ့လာမှတ်သား လိုက်နာကျင့်ကြံ အားထုတ်သင့်ကြ၏။ မြတ်ဗုဒ္ဓသာသနာတော်အကြောင်းကို မှန်ကန်စွာ သိရှိထားခြင်းဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားနိုင်ရေးအတွက် ထိရောက် သော ချီးမြှင့်မှု အထောက်အပံ့ဖြစ်နိုင်သလို သာသနာတော်နှင့် စပ်လျဉ်း၍လည်း အပြစ်ကင်းစွာ ကျင့်သုံးတတ်ကြပေမည်။

ဘုရား၌လည်းကောင်း၊ တရားတော်၌လည်းကောင်းယုံကြည်စိတ်ချခြင်းသည် ကုသိုလ်ဖြစ်ကြောင်း၊ တရားတိုးတက်ကြောင်းဖြစ်၍ မယုံကြည်ခြင်းမှာ ရထိုက်သော တရားများ ပျက်ပြားကြောင်း ဖြစ်၏။

ဤဓမ္မကျမ်းစာအုပ်သည် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် တရားတော်များ အနက်မှ ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာတိုင်း မလွဲမသွေသိသင့်၊ လိုက်နာသင့်သော အခြေခံတရားတော်များ၊ လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် လက်တွေ့အကျိုးရှိစေမည့် တရားတော်များကို လက်လှမ်းမီသ၍ စုဆောင်း ပူဇော်ထားခြင်း ဖြစ်ပါသည်။ ဤသို့ စုဆောင်းပူဇော်ထားရာတွင် အများအားဖြင့် မူလကိုးကားကျမ်းကြီး များ၏ အနှစ်သာရ အရသာများ ပျောက်ပျက်မသွားစေရန် မူရင်းအတိုင်း ဆက်စပ်ကောက်နုတ်ဖော်ပြ ထားသည်များရှိပါ၏။

မြတ်ဗုဒ္ဓ၏ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာတော် တည်းဟူသော သာသနာ တော်ကြီး သုံးရပ်နှင့် ပြည့်စုံညီညွတ်အောင် သဒ္ဓါ၊ ပညာ မျှတစွာဖြင့် အပတ်တကုတ်လေ့လာပွားများ ကျင့်ကြံအားထုတ်ကြပါကုန်။

အနန္တစကြဝဠာ၊ အနန္တသတ္တဝါအပေါင်း၊ ဆင်းရဲခပ်သိမ်းတို့မှ ပယ်ပျောက် အေးငြိမ်း ကြကုန်၍ ချမ်းသာအလုံးစုံတို့သည် မဆိုင်းလျင်စွာ မုချမသွေ ပြည့်စုံနိုင်ကြပါ စေကုန်သတည်း။

ဤဓမ္မကျမ်းစာအုပ်ဖြင့် ကျေးဇူးတော်ရှင် အနန္တောအနန္တငါးပါးအား မာန်ကို လျော့၍ ရှိခိုးဦးခိုက် ပူဇော်ကန်တော့လျှက်ရှိပါ၏။

ကျမ်းပြုသူ

http://www.dhammadownload.com

မြတ်ဗုဒ္ဓသာသနာ့အခြေခံ
မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း (၁) **ရတနာသုံးပါးကန်တော့်ခန်း**	
၁။	ဗုဒ္ဓဘာသာ	၂
၂။	ရတနာသုံးပါးကို အာရုံပြုခြင်း	၂
၃။	ပူဇော်ကန်တော့်ခြင်း	၃
၄။	သြကာသ	၃
၅။	ကံသုံးပါး	၄
၆။	ကာယကံသုံးပါး	၄
၇။	ဝစီကံသုံးပါး	၄
၈။	မနောကံသုံးပါး	၅
၉။	ဒုစရိုက် (၁၀)ပါး	၅
၁၀။	ရတနာမြတ်သုံးပါး	၆
၁၁။	ဘုရားရတနာ	၇
၁၂။	တရားရတနာ	၇
၁၃။	သံဃာရတနာ	၈
၁၄။	မိဘ	၈
၁၅။	မြတ်ဗုဒ္ဓ၏အတုမရှိသော ဂုဏ်ကျေးဇူးတော်	၉
၁၆။	ဆရာသမား	၁၀
၁၇။	အနန္တောအန္တနှင်းပါး	၁၀
၁၈။	အရိုအသေအလေးအမြတ်လက်အုပ်မိုးခြင်း	၁၀
၁၉။	ရှိခိုးပူဇော်ခြင်း	၁၁
၂၀။	အဋ္ဌလီငါးသွယ်	၁၂
၂၁။	ဖူးမြော်မာန်လျော့	၁၂
၂၂။	အပြစ်ပြေ၊ မပြေ	၁၂
၂၃။	ပဋ္ဌာန်နှစ်ရိယက်ကြီး	၁၃
၂၄။	အဘိဇာန(၆)ပါး	၁၄
၂၅။	သာမညဒု–စရိုက်ကံများ	၁၄
၂၆။	အပါယ်လေးပါး	၁၄

http://www.dhammadownload.com

၂၇။ ကပ်သုံးပါး ၁၅
၂၈။ အရပ်ပြစ် (၈)ပါး ၁၅
၂၉။ ရန်သူမျိုးငါးပါး ၁၇
၃၀။ ဝိပွတ္တိတရားလေးပါး ၁၇
၃၁။ ဗျသနတရားငါးပါး ၁၇
၃၂။ အန္တရာယ် (၁၀)ပါး ၁၈
၃၃။ အနာမျိုး (၉၆)ပါး ၁၈
၃၄။ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး ၁၉
၃၅။ မင်္ဂိုလ် ၁၉
၃၆။ သောတာပတ္တိမင်္ဂ၊ သောတာပတ္တိဖိုလ် ၂၀
၃၇။ သကဒါဂါမိမင်္ဂ၊ သကဒါဂါမိဖိုလ် ၂၁
၃၈။ အနာဂါမိမင်္ဂ၊ အနာဂါမ်ဖိုလ် ၂၁
၃၉။ အရဟတ္တမင်္ဂ၊ အရဟတ္တဖိုလ် ၂၂
၄၀။ အရိယာပုဂ္ဂိုလ် ၂၃
၄၁။ နိဗ္ဗာန် ၂၃
၄၂။ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း ၂၄
၄၃။ ဆုတောင်းပြည့်စေရေး ၂၅
၄၄။ အရိုအသေပြု၍ ပြန်လည်ထွက်ခွာခြင်း ၂၆
၄၅။ ဘုရားအနေကဇာတင်ခြင်း

အခန်း(၂)
သရဏာဂုံနှင့်သီလတောင်းခံခြင်း

၄၆။ သရဏာဂုံနှင့် ငါးပါးသီလတောင်းခံခြင်း ၂၉
၄၇။ သရဏာဂုံနှင့် ရှစ်ပါးသီလတောင်းခံခြင်း ၂၉
၄၈။ သရဏာဂုံနှင့် အာဇီဝဋ္ဌမကသီလ တောင်းခံခြင်း ၃၀
၄၉။ သရဏာဂုံနှင့် ကိုးပါးသီလတောင်းခံခြင်း ၃၀
၅၀။ သရဏာဂုံနှင့် ဆယ်ပါးသီလတောင်းခံခြင်း ၃၀
၅၁။ သီလတောင်းခံခြင်းအကြောင်းသိမှတ်ဖွယ် ၃၁
၅၂။ ဘုရားဂုဏ်တော်ဖြင့်ပူဇော်ခြင်း ၃၁

အခန်း(၃)
သရဏာဂုံဆောက်တည်ခြင်း

၅၃။ သရဏာဂုံဆောက်တည်ခြင်း ၃၄
၅၄။ သရဏာဂုံ၏အဓိပ္ပာယ် ၃၅
၅၅။ သရဏာ ၃၅
၅၆။ ဂမန ၃၆

http://www.dhammadownload.com

၅၇။ သရဏာဂုံ ၃၆
၅၈။ အဖိုးမဖြတ်နိုင်သောသရဏာဂုံ ၃၇
၅၉။ ဗုဒ္ဓသရဏာဂုံ ၃၇
၆၀။ ဓမ္မသရဏာဂုံ ၃၈
၆၁။ သံဃသရဏာဂုံ ၃၈
၆၂။ သရဏာဂုံနှစ်မျိုး ၃၉
၆၃။ လောကီသရဏာဂုံနှစ်မျိုး ၄၀
၆၄။ သရဏာဂုံအင်္ဂါရပ်များ ၄၀
၆၅။ ရှိခိုးခြင်းနှင့်သရဏာဂုံ ၄၁
၆၆။ သရဏာဂုံညစ်ညူးကြောင်းတရားများ ၄၁
၆၇။ သရဏာဂုံပျက်ခြင်း ၄၂
၆၈။ သရဏာဂုံတည်ခြင်းအကျိုးများ ၄၂
၆၉။ သရဏာဂုံတည်ခြင်းအဆင့်များ ၄၃
၇၀။ သရဏာဂုံနှင့် ဒါနအကျိုးနှိုင်းယှဉ်ပုံ ၄၆

အခန်း(၄)
သီလဆောက်တည်ခြင်း

၇၁။ သီလအဓိပ္ပာယ် ၄၉
၇၂။ သီလအမျိုးအစားများ ၅၀
၇၃။ သီလဆောက်တည်ခြင်းသုံးမျိုး ၅၂
၇၄။ သီလစင်ကြယ်ပြည့်စုံခြင်းအင်္ဂါရပ်များ ၅၃
၇၅။ သီလစောင့်ထိန်းခြင်းအကျိုးများ ၅၃
၇၆။ သီလပျက်စီးခြင်းအကျိုးများ ၅၃
၇၇။ သီလဂုဏ်ဆင်ခြင်ခြင်း ၅၄
၇၈။ မြတ်ဗုဒ္ဓဒေသနာကြောင်းကျိုးဆက်တရားများ ၅၄
၇၉။ ငါးပါးသီလ ၅၅
၈၀။ ငါးပါးသီလဆောက်တည်ခြင်း ၅၆
၈၁။ ပါဏာတိပါတကံမြောက်သည့်အင်္ဂါများ ၅၇
၈၂။ ပါဏာတိပါတကံ၏ဆိုးကျိုးများ ၅၈
၈၃။ အာဒိန္နာဒါနကံမြောက်သည့်အင်္ဂါများ ၅၉
၈၄။ အာဒိန္နာဒါနကံ၏ဆိုးကျိုးများ ၅၉
၈၅။ ကာမေသုမိစ္ဆာစာရကံမြောက်သည့်အင်္ဂါများ ၆၀
၈၆။ ကာမေသုမိစ္ဆာစာရကံ၏ဆိုးကျိုးများ ၆၁
၈၇။ မုသာဝါဒကံမြောက်သည့်အင်္ဂါများ ၆၂
၈၈။ မုသာဝါဒကံ၏ဆိုးကျိုးများ ၆၃
၈၉။ သူရာမေရယကံမြောက်သည့်အင်္ဂါများ ၆၃

http://www.dhammadownload.com

၉၀။ သူရာမေရယက်၏ဆိုးကျိုးများ ၆၄
၉၁။ ရှစ်ပါးသီလဆောက်တည်ခြင်း ၆၅
၉၂။ အဇြဟ္မစရိယသိက္ခာပုဒ် ၆၆
၉၃။ ဇြဟ္မစရိယ ကျိုးပေါက်ပြောက်ကြားမှု(၇)ပါး ၆၇
၉၄။ ဝိကာလဘောဇနာသိက္ခာပုဒ် ၆၈
၉၅။ နစ္စ၊ ဂီတ၊ ဝါဒိတစသော သိက္ခာပုဒ် ၆၉
၉၆။ ဥစ္စာသယန၊ မဟာသယဏ သိက္ခာပုဒ် ၆၉
၉၇။ ဥပုသ်စောင့်ခြင်း ၇၁
၉၈။ ဥပုသ်ကာလအပိုင်းအခြား ၇၂
၉၉။ ဥပုသ်အမျိုးအစားများ ၇၃
၁၀၀။ အရိယာ ဥပုသ် (၆)မျိုး ၇၃
၁၀၁။ အရိယာဥပုသ်အကျိုး ၇၄
၁၀၂။ ဥပုသ်စောင့်ရာတွင် လိုက်နာသင့်သည့်အချက်များ ၇၅
၁၀၃။ အာဇီဝဋ္ဌမကသီလဆောက်တည်ခြင်း ၇၆
၁၀၄။ မိစ္ဆာဇီဝ (မကောင်းသောအသက်မွေးမှု) ၇၇
၁၀၅။ မကောင်းသောကုန်သွယ်မှုငါးမျိုး ၇၈
၁၀၆။ ဓမ္မိယလဒ္ဓပစ္စည်း ၇၉
၁၀၇။ ရဟန်းများ၏မိစ္ဆာဇီဝ ၇၉
၁၀၈။ ကိုးပါးသီလဆောက်တည်ခြင်း ၈၀
၁၀၉။ ဆယ်ပါးသီလဆောက်တည်ခြင်း ၈၀
၁၁၀။ ဇာတရူပစသောသိက္ခာပုဒ် ၈၁

အခန်း(၅)
ရတနာမြတ်သုံးပါးဂုဏ်တော်များ

၁၁၁။ ဘုရားဂုဏ်တော်များ ၈၄
၁၁၂။ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ ၈၄
၁၁၃။ ဂုဏ်တော်(၉)ပါး ၈၅
၁၁၄။ အရဟံဂုဏ်တော် ၈၆
၁၁၅။ အနန္တ ဂုဏ်အင်၊ မြတ်ဘုရားရှင် ၈၆
၁၁၆။ မြတ်ဗုဒ္ဓ၏ကိလေသာပယ်နိုင်ပုံ ၈၈
၁၁၇။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ၈၉
၁၁၈။ သယမ္ဘူဉာဏ် ၈၉
၁၁၉။ သဗ္ဗညုတဉာဏ်တော် ၈၉
၁၂၀။ အလုံးစုံသောတရားတို့ကို သိမြင်ခြင်း ၈၉
၁၂၁။ ဝိဇ္ဇာသုံးပါး (သို့မဟုတ်) ဝိဇ္ဇာရှစ်ပါး ၉၀
၁၂၂။ အာသဝေါတရားလေးပါး ၉၁

http://www.dhammadownload.com

၁၂၃။	စရဏ(၁၅)ပါး	၉၁
၁၂၄။	ဈာန်စိတ်များ	၉၂
၁၂၅။	ဈာန်(၅)ဆင့်	၉၃
၁၂၆။	ဈာန်(၄)ဆင့်	၉၃
၁၂၇။	နိဝရဏတရား (၅)ပါး	၉၄
၁၂၈။	အကောင်းဆုံးဝိဇ္ဇာစာရဏရှင်	၉၄
၁၂၉။	သုဂတဂုဏ်တော်	၉၅
၁၃၀။	ကောင်းသောစကား	၉၅
၁၃၁။	လောကဝိဒူဂုဏ်တော်	၉၆
၁၃၂။	အနုတ္တရဂုဏ်တော်	၉၈
၁၃၃။	ပုရိသဒမ္မသာရထိဂုဏ်တော်	၉၈
၁၃၄။	ဓမ္မနှင့်ကင်း၊ သေခြင်းမည်၏	၉၉
၁၃၅။	တပည့်ပရိသတ်တို့ကို အားကျဖွယ်ဆုံးမပဲ့ပြင်မှုကောင်းပုံ	၉၉
၁၃၆။	သတ္ထာဒေဝမနုဿာနဂုဏ်တော်	၁၀၁
၁၃၇။	ပရမတ္ထတရား	၁၀၂
၁၃၈။	ဗုဒ္ဓဂုဏ်တော်	၁၀၂
၁၃၉။	သစ္စာလေးပါးမြတ်တရား	၁၀၃
၁၄၀။	ဘဂဝါဂုဏ်တော်	၁၀၃
၁၄၁။	ဘုန်းတော် (၆)ပါး	၁၀၃
၁၄၂။	ဣဿရိယဘုန်းတော် (၈)ပါး	၁၀၅
၁၄၃။	ဘုရားဂုဏ်တော်ဆယ်ပါး(သို့မဟုတ်)ကိုးပါး	၁၀၇
၁၄၄။	ရောင်ခြည်တော်ခြောက်သွယ်	၁၀၇
၁၄၅။	အာဝေဏိကဂုဏ်တော် (၁၈)ပါး	၁၀၈
၁၄၆။	ဉာဏ်တော်ဆယ်ပါး	၁၁၀
၁၄၇။	ကိုယ်တော်အားဆယ်ပါး	၁၁၁
၁၄၈။	စက္ခုငါးပါး	၁၁၁
၁၄၉။	ဝေသာရဇ္ဇဉာဏ်တော်	၁၁၂
၁၅၀။	ဓမ္မစက်နှစ်ပါး	၁၁၃
၁၅၁။	ဘုရားရှင်၏ဝိလာသအစီနွေ့ယျ(၄)ပါး	၁၁၃
၁၅၂။	ဘုရားရှင်အား အန္တရာယ်မပြုနိုင်ခြင်း(၄)ပါး	၁၁၃
၁၅၃။	မြတ်ဗုဒ္ဓ၏အသံတော်အင်္ဂါ(၈)ပါး	၁၁၃
၁၅၄။	အံ့ဖွယ်တော် (၁၈)ပါး	၁၁၄
၁၅၅။	မြတ်ဗုဒ္ဓ၏(၃၂)ပါးသော လက္ခဏာတော်ကြီး	၁၁၅
၁၅၆။	မြတ်ဗုဒ္ဓ၏လက္ခဏာတော်ငယ်(၈၀)	၁၁၇
၁၅၇။	တရားဂုဏ်တော်(၆)ပါး	၁၂၀
၁၅၈။	သွာက္ခာတဂုဏ်တော်	၁၂၂

http://www.dhammadownload.com

၁၅၉။ မြတ်ဗုဒ္ဓ၏တရားတော်ကို နာကြားလေ့လာရံမှုဖြင့် ရရှိသောအကျိုးကျေးဇူးများ ၁၂၂

၁၆၀။ မြတ်ဗုဒ္ဓတရားတော်နှင့်အညီ ကျင့်ကြံအားထုတ်ခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများ ၁၂၃

၁၆၁။ တရားတော်မြတ် (၁၀)ပါး ၁၂၃

၁၆၂။ ကိလေသာ (၁၀)ပါး ၁၂၃

၁၆၃။ သန္ဓိဋ္ဌကဂုဏ်တော် ၁၂၄

၁၆၄။ အကာလိကဂုဏ်တော် ၁၂၅

၁၆၅။ ဧဟိပဿိကဂုဏ်တော် ၁၂၆

၁၆၆။ ဩပနေယျိကဂုဏ်တော် ၁၂၇

၁၆၇။ မီး (၁၁)ပါး ၁၂၈

၁၆၈။ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် ၁၂၈

၁၆၉။ အရိယာတို့၏ချမ်းသာ ၁၂၉

၁၇၀။ ဖလသမာပတ်ဝင်စားခြင်း ၁၂၉

၁၇၁။ သံဃာဂုဏ်တော် (၉)ပါး ၁၃၀

၁၇၂။ သုပ္ပဋိပန္နဂုဏ်တော် ၁၃၂

၁၇၃။ ဥဇုပ္ပဋိပန္နဂုဏ်တော် ၁၃၃

၁၇၄။ ဉာယပ္ပဋိပန္နဂုဏ်တော် ၁၃၃

၁၇၅။ သာမိစိပ္ပဋိပန္နဂုဏ်တော် ၁၃၄

၁၇၆။ အာဟုနေယျဂုဏ်တော် ၁၃၅

၁၇၇။ ပါဟုနေယျဂုဏ်တော် ၁၃၅

၁၇၈။ ဒက္ခိဏေယျဂုဏ်တော် ၁၃၆

၁၇၉။ အဉ္ဇလိကရဏီယဂုဏ်တော် ၁၃၈

၁၈၀။ အနုတ္တရံပုညက္ခေတ္တံဂုဏ်တော် ၁၃၈

အခန်း (၆)
ဗုဒ္ဓဝင်အကျဉ်း

၁၈၁။ ဇိန ၁၄၀

၁၈၂။ ဘုရား ၁၄၀

၁၈၃။ မာရ်ငါးပါး ၁၄၀

၁၈၄။ အောင်မြင်ထိုက်သည့် ရန်သူများကို အောင်မြင်ခြင်း ၁၄၁

၁၈၅။ ဘုရားလောင်းများ ပါရမီဖြည့်ကျင့်ရခြင်း ၁၄၁

၁၈၆။ ကပ်ကမ္ဘာလေးမျိုး ၁၄၁

၁၈၇။ တစ်ကမ္ဘာရှည်ကြာပုံ ၁၄၃

၁၈၈။ ဒုစရိုက်နှင့်ဆုတ်ကပ် ၁၄၄

၁၈၉။ သုစရိုက်နှင့်တက်ကပ် ၁၄၆

http://www.dhammadownload.com

၁၉၀။	မြတ်ဘုရားရှင်တို့ ပွင့်တော်မူသောအချိန်ကာလ	၁၄၇
၁၉၁။	သုညကမ္ဘာ	၁၄၇
၁၉၂။	အသုညကမ္ဘာ	၁၄၇
၁၉၃။	လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း	၁၄၈
၁၉၄။	စကြာဝဠာ	၁၄၈
၁၉၅။	ဒုလ္လဘတရားငါးပါး	၁၄၉
၁၉၆။	လိပ်ကန်းထမ်းပိုးစွပ်မှု	၁၄၉
၁၉၇။	ပါရမီ(၁၀)ပါး	၁၅၀
၁၉၈။	ပါရမီတို့၏ညစ်နွမ်းကြောင်းတရားများ	၁၅၁
၁၉၉။	ပါရမီတို့၏ဖြူစင်ကြောင်းတရားများ	၁၅၃
၂၀၀။	စရိယာသုံးပါး	၁၅၃
၂၀၁။	ဗောဓိသုံးမျိုး	၁၅၄
၂၀၂။	ဗုဒ္ဓသုံးမျိုး	၁၅၄
၂၀၃။	သာဝကသုံးမျိုး	၁၅၅
၂၀၄။	ပစ္စေကဗုဒ္ဓ	၁၅၇
၂၀၅။	ဘုရားအဖြစ် ဆုတောင်းပြည့်ရန်အင်္ဂါ(၈)ပါး	၁၅၈
၂၀၆။	ဂေါတမဗုဒ္ဓဘုရားလောင်းဆုပန်ခြင်း	၁၅၈
၂၀၇။	ဗျာဒိတ်	၁၅၉
၂၀၈။	နိယတဗျာဒိတ်တော်	၁၅၉
၂၀၉။	နှစ်ကျိပ်ရှစ်ဆူ	၁၅၉
၂၁၀။	ဗျာဒိတ်ရဘုရားအလောင်းတော်တို့ မဖြစ်ရာသောအရပ်(၁၈)ပါး	၁၆၀
၂၁၁။	သုမေဓာရှင်ရသေ့ ဘုရားဆုပန်ခြင်း	၁၆၁
၂၁၂။	ဘုရားလောင်းနတ်သား ပဋိသန္ဓေယူခြင်း	၁၆၂
၂၁၃။	လော်လည်ခြင်းငါးပါး	၁၆၄
၂၁၄။	မာန်မူခြင်း (၉)ပါး	၁၆၄
၂၁၅။	ဘုရားအလောင်းဖွားမြင်တော်မူခြင်း	၁၆၅
၂၁၆။	ဘုရားအလောင်းအမည်မှည့်တော်မူခြင်း	၁၆၅
၂၁၇။	မယ်တော်မာယာစုတေခြင်း	၁၆၆
၂၁၈။	အလောင်းမင်းသား ပထမစျာန်ဝင်စားတော်မူခြင်း	၁၆၆
၂၁၉။	အဘိသိက်ခံ စည်းစိမ်စံခြင်း	၁၆၆
၂၂၀။	နိမိတ်ကြီးလေးပါးထင်မြင်ခြင်း	၁၆၆
၂၂၁။	သားတော်ရာဟုလာဖွားမြင်ခြင်း	၁၆၇
၂၂၂။	ဘုရားလောင်းတောထွက်တော်မူခြင်း	၁၆၈
၂၂၃။	ဆံတော်ပယ်ခြင်း	၁၆၈
၂၂၄။	ရဟန်းပြုတော်မူခြင်း	၁၆၉
၂၂၅။	ဆွမ်းခံတော်မူခြင်း	၁၆၉

http://www.dhammadownload.com

၂၂၆။	ဈာန်သမာပတ်များရရှိခြင်း	၁၆၉
၂၂၇။	ပဉ္စဝဂ္ဂိငါးဦးနှင့်တွေ့ဆုံခြင်း	၁၇၀
၂၂၈။	ဒုက္ကရစရိယာကျင့်တော်မူခြင်း	၁၇၀
၂၂၉။	ဒုက္ကရစရိယာကျင့်စဉ်ကို စွန့်တော်မူခြင်း	၁၇၁
၂၃၀။	ပဉ္စဝဂ္ဂိတို့ထွက်ခွာသွားခြင်း	၁၇၁
၂၃၁။	ဃနာနို့ဆွမ်းအလှူခံခြင်း	၁၇၁
၂၃၂။	အပရာဇိတပလ္လင်တော်	၁၇၁
၂၃၃။	မာရ်နတ်ကို အောင်မြင်တော်မူခြင်း	၁၇၂
၂၃၄။	သဗ္ဗညု ဘုရားရှင်ဖြစ်တော်မူခြင်း	၁၇၂
၂၃၅။	သတ္တသတ္တာဟ စံနေတော်မူခြင်း	၁၇၃
၂၃၆။	ဗြဟ္မာမင်းက တရားဟောရန်လျှောက်ထားခြင်း	၁၇၅
၂၃၇။	ရှေးဦးဟောရမည့် ပုဂ္ဂိုလ်တို့ကို ကြည့်ရှုခြင်း	၁၇၅
၂၃၈။	တရားဦးဟောကြားခြင်း	၁၇၅
၂၃၉။	အနတ္တလက္ခဏသုတ်တော် ဟောကြားခြင်း	၁၇၆
၂၄၀။	မြတ်စွာဘုရား၀ါဆိုစဉ်	၁၇၆
၂၄၁။	ဗုဒ္ဓကိစ္စကြီး၀ါးပါး	၁၇၈
၂၄၂။	တန်ခိုးပြာဋိဟာ ပြတော်မူခြင်း	၁၇၉
၂၄၃။	အဘိဓမ္မာတရားဟောကြားခြင်း	၁၈၀
၂၄၄။	လူပြည်သို့ ပြန်လည်ကြွမြန်းခြင်း	၁၈၁
၂၄၅။	အောင်ခြင်း(၈)ပါး	၁၈၂
၂၄၆။	မာရ်နတ်မင်းကို အောင်နိုင်ခြင်း	၁၈၂
၂၄၇။	အင်္ဂုဝကဘ်လူးမင်းကို အောင်နိုင်ခြင်း	၁၈၄
၂၄၈။	နာဠာဂီရိဆင်မိုက်ကြီးကို အောင်နိုင်ခြင်း	၁၈၉
၂၄၉။	အင်္ဂုလိမာလကို အောင်နိုင်ခြင်း	၁၉၄
၂၅၀။	စိဉ္စမာနမိန်းမယုတ်ကို အောင်နိုင်ခြင်း	၁၉၈
၂၅၁။	သစ္စကပရိဗိုဇ်ကို အောင်နိုင်ခြင်း	၂၀၀
၂၅၂။	နန္ဒောပနန္ဒနဂါးမင်းကို အောင်နိုင်ခြင်း	၂၀၂
၂၅၃။	ဗကဗြဟ္မာကြီးကို အောင်နိုင်ခြင်း	၂၀၅
၂၅၄။	အိုဘေး၊ နာဘေးနှင့်တွေ့ကြုံခြင်း	၂၀၆
၂၅၅။	အာယုသင်္ခါရ လွှတ်တော်မူခြင်း	၂၀၇
၂၅၆။	ဝမ်းသွေးသွန်တော်မူခြင်း	၂၀၈
၂၅၇။	ကုသိနာရုံသို့ ကြွတော်မူခြင်း	၂၀၉
၂၅၈။	ထူးသောရောင်ခြည်တော်များ	၂၀၉
၂၅၉။	ကုသိနာရုံပြည်သို့ ကြွရောက်တော်မူရခြင်း	၂၀၉
၂၆၀။	ကုသိနာရုံပြည်သို့ ရောက်ရှိတော်မူခြင်း	၂၁၀
၂၆၁။	နတ်ဗြဟ္မာအပေါင်းတို့ ပူဇော်ကြခြင်း	၂၁၁

http://www.dhammadownload.com

၂၆၂။ အမွန်မြတ်ဆုံးပူဇော်မှု ၂၁၁
၂၆၃။ ရဟန်းတော်နှင့်အမျိုးသမီး ၂၁၁
၂၆၄။ အလောင်းတော်ကို ပူဇော်ရေး ၂၁၂
၂၆၅။ အရှင်အာနန္ဒာ ပူဆွေးငိုကြွေးခြင်း ၂၁၂
၂၆၆။ မလ္လာမင်းတို့ရောက်ရှိလာခြင်း ၂၁၃
၂၆၇။ ဘုရားရှင်၏နောက်ဆုံးသာဝက ၂၁၃
၂၆၈။ ဗုဒ္ဓ ပစ္ဆိမ ဝစန ၂၁၄
၂၆၉။ ပရိနိဗ္ဗာန်ပြုတော်မူခြင်း ၂၁၅
၂၇၀။ မီးသင်္ဂြိုလ်ကြခြင်း ၂၁၅
၂၇၁။ ဓာတ်တော်ဝေခြင်း ၂၁၆
၂၇၂။ ပရိနိဗ္ဗာန်ပြုပွဲ(၂၁)ရက် ၂၁၆
၂၇၃။ ဝိပါတ်တော် (၁၂)ပါး ၂၁၇
၂၇၄။ မြတ်ဗုဒ္ဓ၏နေ့ထူးနေ့မြတ်များ ၂၂၁
၂၇၅။ ဗုဒ္ဓဝင်ခုနစ်နေ့ ၂၂၃
၂၇၆။ သမ္ဘဒ္ဒေဘုရားရှိခိုး ၂၂၃
၂၇၇။ စေတီအမျိုးအစားများ ၂၂၅
၂၇၈။ ဆင်းတုတော်၊ ရုပ်ပွားတော်တို့ကို အာရုံပြုခြင်း ၂၂၅
၂၇၉။ ဆင်းတုတော်၊ ရုပ်ပွားတော်များမှ ရောင်ခြည်တော်ကွန့်မြူးခြင်း ၂၂၇
၂၈၀။ သံဝေဂယူဖွယ်အရပ်လေးပါး ၂၂၇
၂၈၁။ စေတီနှင့်ရှိသေမှု ၂၂၈

အခန်း(၇)
မြတ်ဗုဒ္ဓသာသနာ

၂၈၂။ သာသနာ ၂၃၂
၂၈၃။ သာသနာဝင် ၂၃၂
၂၈၄။ သာသနာတော်သုံးရပ် ၂၃၂
၂၈၅။ သာသနသမ္ဘဒါအင်္ဂါသုံးပါး ၂၃၃
၂၈၆။ ပိဋကတ်သုံးပုံ ၂၃၃
၂၈၇။ မြတ်ဗုဒ္ဓဝါဒ ၂၃၅
၂၈၈။ ဗုဒ္ဓဘာသာ၏ထူးခြားချက်အင်္ဂါငါးပါး ၂၃၅
၂၈၉။ သာသနာအစစ်အမှန် ၂၃၇
၂၉၀။ ဓမ္မတရားတော် ၂၃၈
၂၉၁။ ဗုဒ္ဓ၏မူလအရင်းခံတရားတော်များ ၂၃၈
၂၉၂။ ဗောဇ္ဈင်တရား(၇)ပါး ၂၃၈
၂၉၃။ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး ၂၄၀
၂၉၄။ ဖြဟ္မစရိယဝါသ ၂၄၀

http://www.dhammadownload.com

၂၉၅။	ဓမ္မစက္ကြာတရားတော်	၂၄၁
၂၉၆။	ပဋိစ္စသမုပ္ပါဒ်တရားတော်	၂၄၁
၂၉၇။	အဝိဇ္ဇာ	၂၄၂
၂၉၈။	အဝိဇ္ဇာတရားနှစ်ပါး	၂၄၂
၂၉၉။	သခါရ	၂၄၃
၃၀၀။	ဝိညာဉ်	၂၄၄
၃၀၁။	စုတိစိတ်နှင့်ပဋိသန္ဓေစိတ် တစ်ဆက်တည်းဖြစ်ပုံ	၂၄၅
၃၀၂။	နာမ်ရုပ်	၂၄၅
၃၀၃။	အာယတန(၆)ပါး	၂၄၆
၃၀၄။	ဖဿ	၂၄၆
၃၀၅။	ဝေဒနာ	၂၄၆
၃၀၆။	တဏှာ	၂၄၆
၃၀၇။	တဏှာသုံးမျိုး	၂၄၇
၃၀၈။	ဥပါဒါန်	၂၄၇
၃၀၉။	ဘဝ	၂၄၈
၃၁၀။	ဇာတိ	၂၄၉
၃၁၁။	ဇရာ၊ မရဏ	၂၄၉
၃၁၂။	ဇာတိ၏အကျိုးဆက်များ	၂၄၉
၃၁၃။	သံသရာစက်လည်ပုံ	၂၄၉
၃၁၄။	အဝိဇ္ဇာနှင့်တဏှာအရင်းခံ	၂၅၀
၃၁၅။	အရေးကြီးဆုံးနှင့် ပဓာနအကျဆုံး ဒိဋ္ဌများ	၂၅၁
၃၁၆။	နိယတမိစ္ဆာဒိဋ္ဌသုံးပါး	၂၅၂
၃၁၇။	အပူမီးများစုဝေးရာ	၂၅၂
၃၁၈။	ခန္ဓာငါးပါး	၂၅၃
၃၁၉။	ရုပ်နာမ်နှစ်ပါး	၂၅၄
၃၂၀။	သက္ကာယဒိဋ္ဌ	၂၅၄
၃၂၁။	လက္ခဏာရေးသုံးပါး	၂၅၅
၃၂၂။	အနိစ္စ	၂၅၇
၃၂၃။	အနိစ္စလက္ခဏာ(၁၀)ပါး	၂၅၇
၃၂၄။	ဒုက္ခ	၂၅၇
၃၂၅။	ဒုက္ခလက္ခဏာ (၂၅)ပါး	၂၅၇
၃၂၆။	အနတ္တ	၂၅၉
၃၂၇။	အနတ္တလက္ခဏာငါးပါး	၂၆၀
၃၂၈။	အနတ္တလက္ခဏာသုတ်တော်	၂၆၀
၃၂၉။	ဗောဓိပက္ခိယတရား(၃၇)ပါး	၂၆၁
၃၃၀။	သမ္မပ္ပဓါန်တရားလေးပါး	၂၆၂

http://www.dhammadownload.com

၃၃။	ကျွဒ္ဓိပါတ်လေးပါး	၂၆၂
၃၃၂။	ကျွန္ဒြေငါးပါး	၂၆၃
၃၃၃။	ဗိုလ်ငါးပါး	၂၆၄
၃၃၄။	ဝိသုဒ္ဓိ (၇)ပါး	၂၆၅
၃၃၅။	အနုပဿနာဉာဏ်သုံးပါး	၂၆၆
၃၃၆။	အနုပဿနာဉာဏ်ဖြင့် ပယ်အပ်သောတရားများ	၂၆၆
၃၃၇။	အစွဲအလန်းကိုဖျောက်ပယ်တတ်သော အနုပဿနာဉာဏ်သုံးပါး	၂၆၆
၃၃၈။	ပဋ္ဌာန်းဒေသနာတော်	၂၆၇
၃၃၉။	ပဋ္ဌာန်း(၂၄)ပစ္စည်းအဓိပ္ပာယ်အကျဉ်း	၂၆၉
၃၄၀။	အနုပုဗ္ဗိကကထာ	၂၇၃
၃၄၁။	သာသနာတော်၏အခြေခံကျင့်စဉ်များ	၂၇၃
၃၄၂။	ဒါန၊ သီလ ဘာဝနာ	၂၇၄
၃၄၃။	အကုသိုလ်မူလတရားသုံးပါး	၂၇၅
၃၄၄။	လောဘနှစ်မျိုး	၂၇၆
၃၄၅။	ကုသိုလ်မူလတရားသုံးပါး	၂၇၆
၃၄၆။	ဝိမုတ္တိငါးပါး	၂၇၆
၃၄၇။	လောကဓံတရား(၈)ပါး	၂၇၆
၃၄၈။	အဘိဉာဏ်(၆)ပါး	၂၇၈
၃၄၉။	ခန္ဓာကိုယ်တွင်းရှိ အကုသိုလ်တရားသုံးပါး	၂၇၈
၃၅၀။	သံယောဇဉ်(၁၀)ပါး	၂၇၉
၃၅၁။	အသခ််တတရားသုံးပါး	၂၈၀
၃၅၂။	ပုထုဇဉ်	၂၈၀
၃၅၃။	ဟိတ်ပုဂ္ဂိုလ်များ	၂၈၁
၃၅၄။	ကုသိုလ်အကျိုးတရားလေးပါး	၂၈၂
၃၅၅။	ကုသိုလ်အမျိုးအစားများ	၂၈၂
၃၅၆။	ပုဂ္ဂိုလ်လေးမျိုး	၂၈၃
၃၅၇။	ပုဂ္ဂိုလ်သုံးမျိုး	၂၈၄
၃၅၈။	ဝိဇ္ဇာ၊ စရဏနှင့်ပြည့်စုံခြင်း	၂၈၆
၃၅၉။	ဓမ္မန္တရာယ်	၂၈၇
၃၆၀။	သူတော်ကောင်းအကြံအစည်(၈)ပါး	၂၈၉
၃၆၁။	ဒိဋ္ဌဘုံကြီးသုံးဆင့်	၂၈၉
၃၆၂။	ဒိဋ္ဌဘုံကြီးသုံးဆင့်ဖြိုဖျက်ခြင်း	၂၉၀
၃၆၃။	ပဋိပက္ခအကုသိုလ်အသင်းကြီးငါးပါး	၂၉၁
၃၆၄။	သာသနာတော်၏အမွေနှစ်ပါး	၂၉၁
၃၆၅။	လောကီဓမ္မအမွေနှစ်ပါး	၂၉၂
၃၆၆။	သာသနာ့အမွေခံပုဂ္ဂိုလ်(၇)ပါး	၂၉၃

http://www.dhammadownload.com

(ဟ)

၃၆၇။	ရဟန်းဟုဆိုအပ်သောပကတိလူပုဂ္ဂိုလ်	၂၉၃
၃၆၈။	အမွေဆိုးသုံးပါး	၂၉၄
၃၆၉။	ဘုရားအမွေခံကောင်းများ	၂၉၄
၃၇၀။	ဗုဒ္ဓဒါယဇ္ဇကြီးလေးပါး	၂၉၄
၃၇၁။	အရိယဝံသတရားလေးပါး	၂၉၅
၃၇၂။	အနိယတအမွေခံ	၂၉၆
၃၇၃။	နိယတအမွေခံ	၂၉၆
၃၇၄။	အရိယဝံသတရားများ၏ဆန့်ကျင်ဖက်တဏှာသုံးပါး	၂၉၇
၃၇၅။	အစဉ်မပြတ်ဆင်ခြင်အပ်သောအကြောင်းတရားငါးပါး	၂၉၇
၃၇၆။	အမြတ်ဆုံးတရား(၆)ပါး	၂၉၇
၃၇၇။	အမြတ်ဆုံးအရာများ	၂၉၈
၃၇၈။	ချမ်းသာအစစ်အမှန်များ	၂၉၉
၃၇၉။	အဘိဓမ္မာလာချမ်းသာလေးပါး	၂၉၉
၃၈၀။	အံ့ဖွယ်ရှစ်ဖြာသာသနာ	၂၉၉
၃၈၁။	သာသနာတော်၏သူခိုးကြီးငါးဦး	၃၀၀
၃၈၂။	သာသနာ့အနာဂတ်ဘေးရန်ငါးမျိုး	၃၀၁
၃၈၃။	သာသနာ့အနာဂတ်ဘေးရန်ငါးမျိုး (နောက်တစ်နည်း)	၃၀၂
၃၈၄။	သာသနာကွယ်ကြောင်းတရားငါးပါး	၃၀၃
၃၈၅။	သာသနာအတုအယောင်	၃၀၄
၃၈၆။	သာသနာကွယ်ပျောက်ပုံ	၃၀၄
၃၈၇။	သင်္ဃာနာတင်ခြင်းများ	၃၀၅
၃၈၈။	ပထမသင်္ဃာနာတင်ခြင်း	၃၀၅
၃၈၉။	ဒုတိယသင်္ဃာနာတင်ခြင်း	၃၀၆
၃၉၀။	တတိယသင်္ဃာနာတင်ခြင်း	၃၀၆
၃၉၁။	စတုတ္ထသင်္ဃာနာတင်ခြင်း	၃၀၇
၃၉၂။	ပဉ္စမသင်္ဃာနာတင်ခြင်း	၃၀၇
၃၉၃။	ဆဋ္ဌသင်္ဃာနာတင်ခြင်း	၃၀၇

အခန်း(၈)
သစ္စာလေးပါး

၃၉၄။	ဗုဒ္ဓဝါဒီ	၃၀၉
၃၉၅။	သစ္စာလေးပါး	၃၀၉
၃၉၆။	ဒုက္ခသစ္စာ	၃၁၀
၃၉၇။	သမုဒယသစ္စာ	၃၁၁
၃၉၈။	နိရောဓသစ္စာ	၃၁၃
၃၉၉။	မဂ္ဂသစ္စာ	၃၁၄

http://www.dhammadownload.com

၄၀၀။ မဂ္ဂင်ရှစ်ပါး ၃၁၅
၄၀၁။ ပညာမဂ္ဂင် ၃၁၆
၄၀၂။ သီလမဂ္ဂင် ၃၁၆
၄၀၃။ သမာဓိမဂ္ဂင် ၃၁၆
၄၀၄။ သမာဒိဋ္ဌိ ၃၁၇
၄၀၅။ သမ္မာသင်္ကပ္ပ ၃၁၇
၄၀၆။ သမ္မာဝါစာ ၃၁၇
၄၀၇။ သမ္မာကမ္မန္တ ၃၁၇
၄၀၈။ သမ္မာအာဇီဝ ၃၁၇
၄၀၉။ သမ္မာဝါယမ ၃၁၈
၄၁၀။ သမ္မာသတိ ၃၁၈
၄၁၁။ သမ္မာသမာဓိ ၃၁၈
၄၁၂။ သစ္စာလေးပါးသိမြင်ပုံ ၃၁၉

အခန်း(၉)
သတိပဋ္ဌာန်တရားလေးပါး

၄၁၃။ သတိပဋ္ဌာန်တရားလေးပါး ၃၂၁
၄၁၄။ ကာယနုပဿနာသတိပဋ္ဌာန် ၃၂၃
၄၁၅။ ဝေဒနာနုပဿနာသတိပဋ္ဌာန် ၃၂၆
၄၁၆။ စိတ္တာနုပဿနာသတိပဋ္ဌာန် ၃၂၆
၄၁၇။ ဓမ္မာနုပဿနာသတိပဋ္ဌာန် ၃၂၆
၄၁၈။ သတိပဋ္ဌာန်ဖြင့် သစ္စာကိုသိမြင်ပုံ ၃၂၈
၄၁၉။ သတိပဋ္ဌာန်တရားပွားများအားထုတ်ခြင်းဖြင့်ရရှိသော
အကျိုးတရားများ ၃၂၉
၄၂၀။ တရားအားထုတ်သူပြည့်စုံရမည်အင်္ဂါငါးပါး ၃၃၀
၄၂၁။ ဘာဝနာနှစ်မျိုး ၃၃၀
၄၂၂။ သမထဘာဝနာ ၃၃၀
၄၂၃။ ကမ္မဋ္ဌာန်း(၄၀) ၃၃၁
၄၂၄။ ကသိုဏ်း(၁၀)ပါး ၃၃၁
၄၂၅။ အသုဘ(၁၀)ပါး ၃၃၂
၄၂၆။ အနုဿတိ(၁၀)ပါး ၃၃၂
၄၂၇။ ဗြဟ္မဝိဟာရတရားလေးပါး ၃၃၃
၄၂၈။ အာဟာရေပဋိကူလသညာ(၁)ပါး ၃၃၃
၄၂၉။ စတုဓာတုဝဝတ္ထာန်(၁)ပါး ၃၃၃
၄၃၀။ အာရုပ္ပလေးပါး ၃၃၃
၄၃၁။ စတုရာရက္ခာ ၃၃၃

http://www.dhammadownload.com

၄၃၂။	ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း	၃၃၄
၄၃၃။	အသုဘဘာဝနာ	၃၃၅
၄၃၄။	မရဏာဿတိဘာဝနာ	၃၃၇
၄၃၅။	ကမ္မဋ္ဌာန်းတရားအား အနှောင့်အယှက်ဖြစ်စေသောဝိတက်သုံးပါး	၃၃၉
၄၃၆။	ကမ္မဋ္ဌာန်းတရားအားထုတ်သူ၏စိတ်တွင်ဖြစ်ပေါ်တတ်သော မာရ်စစ်သည်တော်(၁၀)ပါး	၃၃၉
၄၃၇။	သမာဓိရန်သူကြီးလေးပါး	၃၄၀
၄၃၈။	သမာဓိဖြစ်ကြောင်းတရား(၁၁)ပါး	၃၄၀
၄၃၉။	သမာဓိကြီးထွားကြောင်းတရား(၆)ပါး	၃၄၁
၄၄၀။	ဝိပဿနာဘာဝနာ	၃၄၁
၄၄၁။	သီလ၊ သမာဓိအခြေခံ	၃၄၂
၄၄၂။	သံဝေဂဉာဏ်	၃၄၃
၄၄၃။	ဝိပဿနာကြောင့်မဂ်ဖိုလ်ရပုံ	၃၄၃
၄၄၄။	နာမ်ရုပ်ဖြစ်ပျက်ပုံ	၃၄၃
၄၄၅။	နာမရူပ ပရိစ္ဆေဒဉာဏ်	၃၄၅
၄၄၆။	နာမ်ရုပ်ထင်ပုံဉာဏ်သုံးမျိုး	၃၄၆
၄၄၇။	ဝိပဿလ္လာသတရား(၁၂)ပါး	၃၄၆
၄၄၈။	အကျိုးများသောဝိပဿနာရ ဉာဏ်သုံးပါး	၃၄၇
၄၄၉။	ဝိပဿနာ ဉာဏ်အကျယ်(၁၀)ပါး	၃၄၈
၄၅၀။	ပဓာနိယင်္ဂတရား၎င်းပါး	၃၄၈
၄၅၁။	မဂ်ဖိုလ်ရကြောင်းတရားလေးပါး	၃၄၉
၄၅၂။	မဂ်ဖိုလ်ကိုတားမြစ်သည့်တရား၎င်းပါး	၃၄၉
၄၅၃။	ဥပက္ခါလေသတရား(၁၀)ပါး	၃၅၀
၄၅၄။	ဝိပဿနာတရားအားထုတ်ရာတွင်မပေါက်ရောက်နိုင်သော အန္တရာယ်၎င်းပါး	၃၅၁
၄၅၅။	တရားထူးမရထိုက်သောပုဂ္ဂိုလ်(၁၆)ဦး	၃၅၂
၄၅၆။	အနှစ်ချုပ်	၃၅၂

အခန်း(၁၀)
ဖြဟ္မစိုရိတရားလေးပါး

၄၅၇။	ဖြဟ္မစိုရိတရားလေးပါး	၃၅၄
၄၅၈။	မေတ္တာ	၃၅၄
၄၅၉။	မေတ္တာ၏ပင်ကိုယ်သဘော	၃၅၅
၄၆၀။	မေတ္တာဂုဏ်ရည်၎င်းမျိုး	၃၅၇
၄၆၁။	မေတ္တာအကျိုး(၁၁)ပါး	၃၅၇
၄၆၂။	ကရဏီယံတရား(၁၅)ပါး	၃၅၈

http://www.dhammadownload.com

၄၆၃။ တရားကျင့်နိုင်စွမ်းရှိခြင်း ၃၅၉
၄၆၄။ ဖြောင့်မတ်ရခြင်း ၃၆၀
၄၆၅။ ကောင်းစွာဖြောင့်မတ်ရခြင်း ၃၆၀
၄၆၆။ ဆိုဆုံးမလွယ်သူဖြစ်ခြင်း ၃၆၀
၄၆၇။ ဆိုဆုံးမခက်သူ ၃၆၁
၄၆၈။ နူးညံ့သိမ်မွေ့ခြင်း ၃၆၁
၄၆၉။ မာန်မာနရှိခြင်း ၃၆၁
၄၇၀။ ရောင့်ရဲတင်းတိမ်လွယ်သူဖြစ်ခြင်း ၃၆၂
၄၇၁။ အသက်မွေးမြူလွယ်သူဖြစ်ခြင်း ၃၆၃
၄၇၂။ နည်းပါးသောအမှုကိစ္စရှိခြင်း ၃၆၃
၄၇၃။ ပေါ့ပါးသောအသက်မွေးမှုရှိခြင်း ၃၆၃
၄၇၄။ ငြိမ်သက်သောကာယရှိခြင်း ၃၆၄
၄၇၅။ ရင့်ကျက်သောပညာရှိခြင်း ၃၆၄
၄၇၆။ မကြမ်းမရိုင်းယဉ်ကျေးသူဖြစ်ရခြင်း ၃၆၄
၄၇၇။ အမျိုးတို့၌ မတွယ်တာရခြင်း ၃၆၄
၄၇၈။ ပညာရှိကဲ့ရဲ့မည့်အမှု မပြုရခြင်း ၃၆၅
၄၇၉။ မျက်ဖြေတရား(၁၀)ပါး ၃၆၅
၄၈၀။ မေတ္တာပို့ခြင်း ၃၆၆
၄၈၁။ မေတ္တာဘာဝနာ ၃၆၆
၄၈၂။ သြဓိသမေတ္တာ ၃၆၇
၄၈၃။ အနောဓိသမေတ္တာ ၃၆၈
၄၈၄။ မေတ္တာပွားများသူများ သိမှတ်ဖွယ် ၃၆၈
၄၈၅။ သြဓိသမေတ္တာမှ အနောဓိသမေတ္တာသို့ ၃၇၀
၄၈၆။ မေတ္တာပို့အကျဉ်း ၃၇၀
၄၈၇။ မေတ္တာဘာဝနာ ပွားများရန် ၃၇၁
၄၈၈။ မေတ္တာ၊ ကရုဏာတရားများ ပွားများရာတွင် သတိပြုဖွယ် ၃၇၁
၄၈၉။ ဝိဟာရလေးမျိုး ၃၇၂
၄၉၀။ မေတ္တာဘာဝနာမှ မဂ်ဖိုလ်နိဗ္ဗာန်သို့ ၃၇၂
၄၉၁။ အခါခပ်သိမ်း မေတ္တာမပျက်နှင့် ၃၇၃

အခန်း(၁၁)
စိတ်စင်ကြယ်ခြင်း

၄၉၂။ စိတ်စင်ကြယ်ခြင်း ၃၇၅
၄၉၃။ စိတ်ကိုညစ်ထေးစေသောဥပက္ခိလေသတရား(၁၆)ပါး ၃၇၅
၄၉၄။ အာမဂန္ဓပုဂ္ဂိုလ်များ ၃၇၆
၄၉၅။ သံလေခိတဗ္ဗတရား(၄၄)ပါး ၃၇၇

http://www.dhammadownload.com

၄၉၆။	မစ္ဆရိယတရားငါးပါး	၃၇၉
၄၉၇။	ဝိတက်ဆိုးသုံးပါး	၃၈၀
၄၉၈။	အကုသိုလ်စေတသိက်(၁၄)ပါး	၃၈၀
၄၉၉။	စိတ်အလှဆင်စရာဩဝါဒဒေသနာ	၃၈၁
၅၀၀။	ဝိဝေကတရားသုံးပါး	၃၈၁
၅၀၁။	စိတ်ကို ကောင်းမွန်စင်ကြယ်အောင် စောင့်ရှောက်နိုင်သော တရား(၆)ပါး	၃၈၁
၅၀၂။	စိတ်ကိုစောင့်ရှောက်ခြင်း	၃၈၂
၅၀၃။	နှလုံးသွင်းမှန်–အကျိုးသန်	၃၈၃

အခန်း(၁၂)

ကံ

၅၀၄။	ကံ	၃၈၅
၅၀၅။	ကုသိုလ်	၃၈၅
၅၀၆။	အကုသိုလ်	၃၈၅
၅၀၇။	ကံစွမ်းအင်လေးမျိုး	၃၈၅
၅၀၈။	ကံတို့၏အကျိုးပေးသက်ရောက်သည့်ကာလလေးမျိုး	၃၈၈
၅၀၉။	အဘိဓမ္မာနည်းကံ(၁၆)ပါး	၃၈၈
၅၁၀။	သမ္မတ္တိလေးပါး	၃၈၉
၅၁၁။	ဝိပ္ပတ္တိလေးပါး	၃၈၉
၅၁၂။	အချို့ကုသိုက်ကံများ သမ္မတ္တိလေးပါးတားမြစ်၍ အကျိုးမပေးပုံ	၃၈၉
၅၁၃။	အချို့ကုသိုက်ကံများ ဝိပ္ပတ္တိလေးပါးသို့ရောက်၍ အကျိုးပေးပုံ	၃၉၀
၅၁၄။	အချို့အကုသိုက်ကံများ ဝိပ္ပတ္တိလေးပါးတားမြစ်၍ အကျိုးမပေးပုံ	၃၉၂
၅၁၅။	အချို့အကုသိုက်ကံများ သမ္မတ္တိလေးပါးသို့ရောက်၍ အကျိုးပေးပုံ	၃၉၃
၅၁၆။	ကံတို့အခါမလပ်အကျိုးပေးပုံ	၃၉၄
၅၁၇။	သေပြီးနောက် သုဂတိရောက်လိုသော်	၃၉၄
၅၁၈။	သေခြင်းဖြစ်ပုံလေးမျိုး	၃၉၄
၅၁၉။	သေခြင်းနှစ်မျိုး	၃၉၅
၅၂၀။	ပဋိသန္ဓေအကျိုးပေးသောကံလေးမျိုး	၃၉၅
၅၂၁။	သေခါနီးရှောင်ရန်	၃၉၈
၅၂၂။	သေခါနီးဆောင်ရန်	၃၉၈
၅၂၃။	(၃၁)ဘုံ	၃၉၉
၅၂၄။	ဗြဟ္မာဘုံ (၂၀)	၃၉၉
၅၂၅။	ရူပဗြဟ္မာ(၁၆)ဘုံ	၄၀၀
၅၂၆။	ရူပဗြဟ္မာစည်းစိမ်	၄၀၁
၅၂၇။	အရူပဗြဟ္မာလေးဘုံ	၄၀၂

http://www.dhammadownload.com

၅၂၈။	နတ်ပြည်(၆)ထပ်	၄၀၂
၅၂၉။	နတ်စည်းစိမ်	၄၀၄
၅၃၀။	လူ့ဘုံ	၄၀၆
၅၃၁။	အပါယ်လေးဘုံ	၄၀၆
၅၃၂။	ငရဲဘုံ	၄၀၆
၅၃၃။	ငရဲကြီး(၈)ထပ်	၄၀၇
၅၃၄။	ဥဿဒငရဲကြီး(၅)ထပ်	၄၁၀

အခန်း(၁၃)

လောကီ၊ လောကုတ္တရာတရားများ

၅၃၅။	လောကီ၊ လောကုတ္တရာတရားတော်များ	၄၁၄
၅၃၆။	မင်္ဂလာတရား(၃၈)ပါး	၄၁၄
၅၃၇။	အသေဝနာစ ဗာလာနမင်္ဂလာ	၄၁၈
၅၃၈။	သူမိုက်သူယုတ်လက္ခဏာသုံးပါး	၄၁၈
၅၃၉။	သူမိုက်သူယုတ်ဟု သိကြောင်းလက္ခဏာလေးပါး	၄၁၈
၅၄၀။	ပဏ္ဍိတာနဉ္စသောနမင်္ဂလာ	၄၁၉
၅၄၁။	သူတော်သူမြတ်လက္ခဏာသုံးပါး	၄၁၉
၅၄၂။	သူတော်သူမြတ်ဟုသိကြောင်းလက္ခဏာလေးပါး	၄၂၀
၅၄၃။	ရှေးဦးအခြေခံမင်္ဂလာနှစ်ပါး	၄၂၀
၅၄၄။	ပူဇာစပူဇနေယျာနမင်္ဂလာ	၄၂၁
၅၄၅။	ခင်ပွန်းကြီး (၁၀)ပါး	၄၂၂
၅၄၆။	ပတိရူပဒေသမင်္ဂလာ	၄၂၂
၅၄၇။	ပုဗ္ဗေစကတပုညတာမင်္ဂလာ	၄၂၃
၅၄၈။	အတ္တသမ္မာပဏိဓိမင်္ဂလာ	၄၂၃
၅၄၉။	ပုညကိရိယဝတ္ထု(၁၀)ပါး	၄၂၄
၅၅၀။	သမ္မတ္တိစက်လေးပါး	၄၂၄
၅၅၁။	ဗာဟုသစ္စဉ္စမင်္ဂလာ	၄၂၅
၅၅၂။	သပ္ပုရိသူပနိဿယအင်္ဂါလေးပါး	၄၂၆
၅၅၃။	သမ္မဇ္ဇိတရားလေးပါး	၄၂၇
၅၅၄။	သိပ္ပဉ္စမင်္ဂလာ	၄၂၇
၅၅၅။	ဝိနယောစ သုသိက္ခိတမင်္ဂလာ	၄၂၈
၅၅၆။	သုဘာတိတာစ သာဝါစာ မင်္ဂလာ	၄၂၉
၅၅၇။	စကားအရာအင်္ဂါလေးတန်	၄၂၉
၅၅၈။	မာတာပိတု ဥပဋ္ဌာနမင်္ဂလာ	၄၃၀
၅၅၉။	ပုတ္တဒါရဿသင်္ဂဟမင်္ဂလာ	၄၃၁
၅၆၀။	သင်္ဂဟ ဝတ္ထုလေးပါး	၄၃၂

http://www.dhammadownload.com

၅၆၁။	ကြီးပွားချမ်းသာလိုသူတိုင်းခံယူရမည့်မေတ္တာဝင်းမျိုး	၄၃၂
၅၆၂။	အနာကုလာစ ကမ္မန္တမင်္ဂလာ	၄၃၃
၅၆၃။	ချမ်းသာသုခလေးမျိုး	၄၃၃
၅၆၄။	ဒါနဥမင်္ဂလာ	၄၃၄
၅၆၅။	ဓမ္မာစရိယမင်္ဂလာ	၄၃၅
၅၆၆။	မကောင်းမှုပြုကျင့်သူများတွေ့ကြုံရမည့်ဘေးလေးမျိုး	၄၃၅
၅၆၇။	ဉာတကာနဥသင်္ဂဟမင်္ဂလာ	၄၃၆
၅၆၈။	အနဝဇ္ဇကမ္မမင်္ဂလာ	၄၃၇
၅၆၉။	အာရတိမင်္ဂလာ	၄၃၈
၅၇၀။	ဝိရတိမင်္ဂလာ	၄၃၈
၅၇၁။	လောကပါလတရားနှစ်ပါး	၄၃၉
၅၇၂။	မဇ္ဇပါနသံယမမင်္ဂလာ	၄၄၀
၅၇၃။	အရက်သေစာသောက်စားခြင်းအပြစ်(၆)ပါး	၄၄၀
၅၇၄။	ဓမ္မ အပ္ပမာဒ မင်္ဂလာ	၄၄၀
၅၇၅။	ဂါရဝမင်္ဂလာ	၄၄၂
၅၇၆။	ဂါရဝတရားထားအပ်သောအရာ (၁၀)ပါး	၄၄၃
၅၇၇။	အပြစ်(၆)ပါး မကင်းသောအရပ်	၄၄၄
၅၇၈။	နိဝါတမင်္ဂလာ	၄၄၄
၅၇၉။	အရှင်သာရိပုတ္တရာ၏နိဝတ	၄၄၅
၅၈၀။	အရှင်ရာဟုလာ၏နိဝါတ	၄၄၆
၅၈၁။	သန္တုဋ္ဌိမင်္ဂလာ	၄၄၇
၅၈၂။	ကတညုတမင်္ဂလာ	၄၄၈
၅၈၃။	ကာလေနဓမ္မသဝနမင်္ဂလာ	၄၄၉
၅၈၄။	တရားနာခြင်းအကျိုးငါးပါး	၄၅၀
၅၈၅။	တရားနာသူ၏ပြည့်စုံခြင်း	၄၅၀
၅၈၆။	ခန္တီမင်္ဂလာ	၄၅၀
၅၈၇။	သည်းခံခြင်းအကျိုးငါးပါး	၄၅၂
၅၈၈။	သည်းမခံခြင်းအပြစ်ငါးပါး	၄၅၂
၅၈၉။	သိကြားမင်းကြီးခန္တီ	၄၅၂
၅၉၀။	မြတ်ဗုဒ္ဓ၏ခန္တီ	၄၅၄
၅၉၁။	သောဝစဿတာမင်္ဂလာ	၄၅၅
၅၉၂။	သမဏဒဿနမင်္ဂလာ	၄၅၈
၅၉၃။	ဓမ္မသာကစ္ဆာမင်္ဂလာ	၄၅၉
၅၉၄။	တပေါစမင်္ဂလာ	၄၆၀
၅၉၅။	ဗြဟ္မစရိယမင်္ဂလာ	၄၆၀
၅၉၆။	ဝိမုတ္တိတရားငါးပါး	၄၆၀

http://www.dhammadownload.com

၅၉၇။	အရိယသစ္စာနဒဿနမင်္ဂလာ	၄၆၁
၅၉၈။	နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာ	၄၆၂
၅၉၉။	နကမ္မတိမင်္ဂလာ	၄၆၂
၆၀၀။	အသောကမင်္ဂလာ	၄၆၄
၆၀၁။	ဝိရဇမင်္ဂလာ	၄၆၄
၆၀၂။	ခေမမင်္ဂလာ	၄၆၄
၆၀၃။	ရဟန္တာတို့၏ဂုဏ်ရည်	၄၆၅
၆၀၄။	သြဝါဒပါတိမောက်မြတ်တရား	၄၆၆
၆၀၅။	အရိယဓန(၇)ဖြာ	၄၆၇
၆၀၆။	သူတော်ကောင်းတရား(၇)ပါး	၄၆၈
၆၀၇။	သူတော်ကောင်းလက္ခဏာ(၅)ပါး	၄၆၈
၆၀၈။	သဒ္ဓါတွင်ပါဝင်သောလက္ခဏာသုံးမျိုး	၄၆၉
၆၀၉။	သဒ္ဓါတရားလေးပါး	၄၆၉
၆၁၀။	သဒ္ဓါတရားရှိသူတို့ လက်ငင်းခံစားရသောအကျိုးများ	၄၇၀
၆၁၁။	အင်အားကြီးမားသော တရားကြီးငါးပါး	၄၇၀
၆၁၂။	ကုသိုလ်လက္ခဏာနှစ်ပါး	၄၇၀
၆၁၃။	အကုသိုလ်တရားများပယ်နည်း	၄၇၁
၆၁၄။	အမြတ်ဆုံးကြည်ညိုခြင်း	၄၇၁
၆၁၅။	အမြတ်ဆုံးချမ်းသာ	၄၇၂
၆၁၆။	ဘဝအောင်မြင်ထမြောက်ရေးအတွက် မြတ်ဗုဒ္ဓဟောကြားချက်	၄၇၃
၆၁၇။	လောကီကြီးပွားကြောင်းသမ္မဒါတရားလေးပါး	၄၇၃
၆၁၈။	ပစ္စည်းဥစ္စာကိုင်တွယ်ခွဲဝေခြင်း	၄၇၄
၆၁၉။	လောကုတ္တရာသမ္မဒါတရားလေးပါး	၄၇၄
၆၂၀။	အောင်မြင်ခြင်းအခြေခံမူလတရားလေးပါး	၄၇၄
၆၂၁။	လောကီ၊ လောကုတ္တရာကြီးပွားကြောင်းတရား(၆)ပါး	၄၇၅
၆၂၂။	ဆင်းရဲကင်းကွာ၊ ချမ်းသာစွာ နေနိုင်ကြောင်းတရား(၆)ပါး	၄၇၅
၆၂၃။	အရိယာတို့၏သာသနာ၌ ရှိခိုးအပ်သောအရပ်(၆)ပါး	၄၇၆
၆၂၄။	ပုဂ္ဂိုလ်သုံးမျိုး	၄၇၉
၆၂၅။	အကျိုးစီးပွားနှင့်စပ်သောပုဂ္ဂိုလ်နှစ်မျိုး	၄၈၀
၆၂၆။	ဥစ္စာလေးမျိုး	၄၈၀
၆၂၇။	ဂတိငါးပါး	၄၈၀
၆၂၈။	ဂတိမြဲအောင်ပြုခြင်း	၄၈၁
၆၂၉။	လူတိုင်းနှစ်သက်သော်လည်း ပြည့်စုံရန်ခဲယဉ်းသည့်အရာလေးပါး	၄၈၁
၆၃၀။	ကောင်းသောစေတနာသတ္တိနှစ်မျိုး	၄၈၁
၆၃၁။	ဆိုးသောစေတနာသတ္တိနှစ်မျိုး	၄၈၂
၆၃၂။	ရုပ်ချောခြင်းနှင့်ရုပ်ဆိုးခြင်း	၄၈၂

http://www.dhammadownload.com

၆၃၃။	ချမ်းသာခြင်းနှင့်ဆင်းရဲခြင်း	၄၈၂
၆၃၄။	တန်ခိုးနည်းခြင်းနှင့်တန်ခိုးကြီးခြင်း	၄၈၂
၆၃၅။	အနာရောဂါကင်းရှင်းသူနှင့်ထူပြောသူ	၄၈၂
၆၃၆။	အသက်ရှည်ကြောင်းတရားငါးပါး	၄၈၂
၆၃၇။	အသက်တိုကြောင်းတရားငါးပါး	၄၈၃
၆၃၈။	ငယ်သည်ဟူ၍ မထေမဲ့မြင် မပြုအပ်သောအရာလေးပါး	၄၈၃
၆၃၉။	မြတ်ဗုဒ္ဓစာနွင့်ပြုသောအသား	၄၈၄
၆၄၀။	ဗလီငါးပါး	၄၈၄
၆၄၁။	ကလျာဏမိတ္တအင်္ဂါ(၇)ပါး	၄၈၄
၆၄၂။	အမျိုးသမီးများ၏မျက်မှောက်ဘဝအောင်မြင်ရေးတရားလေးပါး	၄၈၅
၆၄၃။	မယား(၇)မျိုး	၄၈၅
၆၄၄။	စီးပွားပျက်ကြောင်းတရားသုံးပါး	၄၈၆
၆၄၅။	ဥစ္စာယိုထွက်ကြောင်းအပေါက် (၆)ပါး	၄၈၆
၆၄၆။	ဥစ္စာပျက်စီးကြောင်းအကြောင်း(၆)ပါး	၄၈၆
၆၄၇။	မိုးချုပ်ညဉ့်နက်လည်ပတ်သွားလာသူများအပြစ်(၆)ပါး	၄၈၆
၆၄၈။	အကျိုးမဲ့ပျော်မွေ့ခြင်းလေးပါး	၄၈၇
၆၄၉။	လူသားတို့ပျက်စီးကြောင်းတရားသုံးပါး	၄၈၇
၆၅၀။	ကုန်သွယ်မှုအကျိုးအမြတ်ခြင်း ခြားနားချက်	၄၈၇
၆၅၁။	အဂတိတရားလေးပါး	၄၈၈
၆၅၂။	ပမာဒတရားသုံးပါး	၄၈၈
၆၅၃။	လောကဋ္ဌမရှိသောအရာသုံးပါး	၄၈၉
၆၅၄။	သစ္စာအမျိုးမျိုး	၄၈၉
၆၅၅။	နောင်တတရားကြီး(၁၀)ပါး	၄၉၀
၆၅၆။	မိဘဝတ္တရားငါးပါး	၄၉၁
၆၅၇။	သားသမီးဝတ္တရားငါးပါး	၄၉၁
၆၅၈။	ဆရာကျင့်ဝတ်ငါးပါး	၄၉၁
၆၅၉။	တပည့်ကျင့်ဝတ်ငါးပါး	၄၉၂
၆၆၀။	မိတ်ဆွေကျင့်ဝတ်ငါးပါး	၄၉၂
၆၆၁။	လင့်ဝတ္တရားငါးပါး	၄၉၂
၆၆၂။	မယားဝတ္တရားငါးပါး	၄၉၃
၆၆၃။	ဇနီးမောင်နှံအတွဲလေးစုံ	၄၉၃
၆၆၄။	မင်းကျင့်ဆယ်ပါး	၄၉၃
၆၆၅။	သာရဏီယတရား(၆)ပါး	၄၉၅
၆၆၆။	ဝုဋိသုံးမျိုး	၄၉၅
၆၆၇။	ဝေဒနာဖြစ်ရခြင်းအကြောင်းရင်း(၈)ပါး	၄၉၆
၆၆၈။	ချမ်းသာစွာနေထိုင်ခြင်းတရားငါးပါး	၄၉၆

http://www.dhammadownload.com

(ဆဆ)

၆၆၉။ သုစရိုက်နှင့်ပြည့်စုံသောနေ့ ၄၉၇
၆၇၀။ ကိုယ့်ကိုကိုယ်ချစ်လျှင် ၄၉၇
၆၇၁။ ပရိတ်တော်များ ၄၉၈
၆၇၂။ ပရိတ်တန်ခိုးထက်မြက်စေရန် ၄၉၉
၆၇၃။ ပရိတ်တော်ရွတ်ဖတ်သူအင်္ဂါသုံးပါး ၄၉၉
၆၇၄။ ပရိတ်နာကြားသူအင်္ဂါသုံးပါး ၅၀၀
၆၇၅။ ပရိတ်အကျိုးပြီးမြောက်စေသောတရားလေးပါး ၅၀၀
၆၇၆။ ပရိတ်ကြီး(၁၁)သုတ် ၅၀၁
၆၇၇။ မင်္ဂလာသုတ် ၅၀၁
၆၇၈။ ရတနသုတ် ၅၀၁
၆၇၉။ မေတ္တသုတ် ၅၀၂
၆၈၀။ ခန္ဓသုတ် ၅၀၂
၆၈၁။ မောရသုတ် ၅၀၃
၆၈၂။ ဝဋ္ဋသုတ် ၅၀၃
၆၈၃။ ဓဇဂ္ဂသုတ် ၅၀၄
၆၈၄။ အာဋာနာဋိယသုတ် ၅၀၄
၆၈၅။ အင်္ဂုလိမာလသုတ် ၅၀၄
၆၈၆။ ဗောဇ္ဈင်္ဂသုတ် ၅၀၅
၆၈၇။ ပုဗ္ဗဏှသုတ် ၅၀၅
၆၈၈။ ပရိတ်တရားချီးမြှင့်ရန် လျှောက်ထားပုံ ၅၀၆

အခန်း(၁၄)
ဒါန

၆၈၉။ ဒါန ၅၀၈
၆၉၀။ ဒါနစွမ်းရည် ၅၀၉
၆၉၁။ ဒါနအင်္ဂါ(၈)ပါး ၅၁၀
၆၉၂။ ဒါနပြုလျှင် ရှိအပ်သောတရားများ ၅၁၀
၆၉၃။ ယဉ်သမွှဒါ(အလှူဒါနပြည့်စုံခြင်း) ၅၁၁
၆၉၄။ ကမ္မဿကတဉာဏ် ၅၁၁
၆၉၅။ ဒါနမမြောက်ခြင်း ၅၁၁
၆၉၆။ ဒါနအကျိုး ၅၁၂
၆၉၇။ မျက်မှောက်ဘဝတွင် အကျိုးပေးနိုင်သောသမွှဒါလေးပါး ၅၁၂
၆၉၈။ နိဗ္ဗာန်ကို အထောက်အပံ့ဖြစ်စေသောဒါန ၅၁၂
၆၉၉။ မဟာဒါနကြီးငါးပါး ၅၁၃
၇၀၀။ ပုဂ္ဂလိကဒါန ၅၁၃
၇၀၁။ သံဃိကဒါန ၅၁၄

http://www.dhammadownload.com

၎၀၂။ ပစ္စည်းလေးပါး ၅၁၅
၎၀၃။ ကျောင်းသခံမ်းအလှူ ၅၁၅
၎၀၄။ အမြတ်ဆုံးအလှူ ၅၁၆
၎၀၅။ ဒါနအမျိုးအစားနှင့်သိမှတ်ဖွယ် ၅၁၆
၎၀၆။ ဇိဝိတဒါန ၅၁၈
၎၀၇။ ပါရမီမြောက်ဒါန ၅၁၈
၎၀၈။ အဓမ္မဒါနငါးပါး ၅၁၉
၎၀၉။ မဇ္ဈဒါန(၁၀)ပါး ၅၁၉
၎၁၀။ အဓမ္မိကဒါန(၉)ပါး ၅၂၀
၎၁၁။ ဒက္ခိဏာ ၅၂၁
၎၁၂။ ရက်လည်ဆွမ်းကျွေးခြင်း ၅၂၂
၎၁၃။ ဒါနပြုရာ၌ ဦးဦးဖျားဖျားမစားရ ၅၂၂
၎၁၄။ ကာလဒါန ၅၂၃
၎၁၅။ သပ္ပါရိသဒါနငါးပါး ၅၂၃
၎၁၆။ ကထိန်အဓိပ္ပာယ် ၅၂၅
၎၁၇။ ကထိန်ခွင့်ပြုခြင်း ၅၂၆
၎၁၈။ ကထိန်ကာလ ၅၂၆
၎၁၉။ ကထိန်အာနိသင်ငါးပါး ၅၂၇
၎၂၀။ ကထိန်ဒကာ ၅၂၇
၎၂၁။ ကထိန်သင်္ကန်းလှူပုံ ၅၂၇
၎၂၂။ ကထိန်အကျိုး ၅၂၈

အခန်း(၁၅)
သာသနာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ

၎၂၃။ ဒါယကာ ၅၃၀
၎၂၄။ ကပ္ပိယကာရက ၅၃၀
၎၂၅။ ဆွမ်းစားပင့်ခြင်း ၅၃၀
၎၂၆။ အရဏ်တက်မှဆွမ်းကပ်ပါ ၅၃၀
၎၂၇။ ဆွမ်းခဲဘောဇဉ်ထည့်ရန် ခွက်များနှင့်စပ်၍ သိမှတ်ဖွယ် ၅၃၁
၎၂၈။ ဆွမ်းကပ်ခြင်း ၅၃၂
၎၂၉။ အကပ်ပျက်အင်္ဂါ(၆)ပါး ၅၃၃
၎၃၀။ အစွန်းသုံးပါးမလွတ်သောအသား ၅၃၄
၎၃၁။ မစားအပ်သောအသားကြီး(၁၀)မျိုး ၅၃၄
၎၃၂။ ဒုစရိုက်ပြုခြင်း ၅၃၄
၎၃၃။ ဖျော်ရည်ကပ်နည်း ၅၃၅
၎၃၄။ အချိန်ပိုင်းသုံးစားသောက်ဖွယ်ရာများ ၅၃၅

http://www.dhammadownload.com

၎၃၅။	မွန်းလွဲပိုင်းတွင် တိုက်ရိုက်မကပ်လှူကောင်းသောပစ္စည်းများ	၅၃၆
၎၃၆။	မွန်းလွဲပိုင်းတွင် တိုက်ရိုက်ကပ်လှူကောင်းသောပစ္စည်းများ	၅၃၇
၎၃၇။	ရဟန်းတော်များ မထိမကိုင်အပ်သည့်ပစ္စည်းများ	၅၃၇
၎၃၈။	နဝကမ္မ	၅၃၈
၎၃၉။	ကပ္ပိယများသိမှတ်ဖွယ်	၅၃၉
၎၄၀။	ရဟန်းသာမဏေများထံ မတောင်းကောင်းသောပစ္စည်းများ	၅၄၀
၎၄၁။	ရဟန်းသာမဏေတို့၏ပစ္စည်းကို ပေးကမ်းခြင်း အလှူခံခြင်း	၅၄၀
၎၄၂။	ရဟန်းအသုံးအဆောင်ပစ္စည်းများ လူနှင့်မအပ်စပ်	၅၄၂
၎၄၃။	ဆွမ်းဦးပေးကောင်းသူ	၅၄၂
၎၄၄။	ကုလဒူသန(၈)ပါး	၅၄၂
၎၄၅။	အနေသန(၂၁)ပါး	၅၄၃
၎၄၆။	အာဇိဝပါရိသုဒ္ဓိသီလ	၅၄၅
၎၄၇။	သန္တောသ(၁၂)ပါး	၅၄၆
၎၄၈။	သူတော်ကောင်းတရား၌ လေးစားသောပုဂ္ဂိုလ်	၅၄၆
၎၄၉။	အပ္ပေန၊ ပေ၊ သုလဘေနစ	၅၄၇
၎၅၀။	မတ္တညူ	၅၄၇
၎၅၁။	သန္တုဋ္ဌပုဂ္ဂိုလ်	၅၄၈
၎၅၂။	သုဘရပုဂ္ဂိုလ်	၅၄၈
၎၅၃။	ဒုဿရပုဂ္ဂိုလ်	၅၄၈
၎၅၄။	အဓမ္မဝါဒီ	၅၄၈
၎၅၅။	ဓမ္မဝါဒီ	၅၄၉
၎၅၆။	ပစ္စယသန္နိဿိတသီလ	၅၅၀
၎၅၇။	ဓူရနှစ်ပါး	၅၅၀
၎၅၈။	သံဃိကမျိုးလေးပါး	၅၅၀
၎၅၉။	ရဟန်းတော်များ မရှိခိုးကောင်းသော ပုဂ္ဂိုလ်(၂၅)ပါး	၅၅၁
၎၆၀။	ကျောင်းအင်္ဂါငါးပါး	၅၅၂
၎၆၁။	ရဟန်းသံဃာများဆွမ်းခံခြင်းမှတစ်ပါး သွားလာနိုင်သည့်ဌာနများ	၅၅၂
၎၆၂။	ရဟန်းတော်များ မကျက်စားအပ်သောဌာန (၆)ပါး	၅၅၃
၎၆၃။	အဂေါစရငါးဌာန	၅၅၃
၎၆၄။	အိမ်လည်ရဟန်းအပြစ်	၅၅၃
၎၆၅။	ဒါယကာ၊ ဒါယိကာမတို့ မကြည်ညိုနိုင်ကြောင်း ရဟန်းသာမဏေအင်္ဂါများ	၅၅၄
၎၆၆။	သပိတ်မှောက်ကဲ့	၅၅၄
၎၆၇။	ရဟန်းတော်များနှင့်လူဝတ်ကြောင်တို့၏အိမ်ထောင်ရေး	၅၅၅
၎၆၈။	ဓမ္မကထိကတို့ အသံဆွဲချဲ့ရွတ်ဆိုခြင်းအပြစ်ငါးပါး	၅၅၅
၎၆၉။	ရဟန်းသာမဏေများကို မထီမဲ့မြင်ပြုခြင်း	၅၅၅

http://www.dhammadownload.com

(ညည)

၈၇၀။	ရဟန်းမခံကောင်းသောပုဂ္ဂိုလ် (၁၃)ဦး	၅၅၆
၈၇၁။	ဂရုမမွှတရား(၈)ပါး	၅၅၆
၈၇၂။	သင်ဖြူးပေါ်၌ ခြေမဆေးဘဲမနှင်းရ	၅၅၇
၈၇၃။	အမျိုးသမီးများဆင်ခြင်ဖွယ်	၅၅၇
၈၇၄။	အိမ်တက်မင်္ဂလာပြုနည်း	၅၅၈
၈၇၅။	သပိတ်သွတ်ဆွမ်းကျွေးခြင်း	၅၅၉
၈၇၆။	ရေစက်ချခြင်း	၅၆၃
၈၇၇။	အယောင်ဆောင်ရဟန်းများ	၅၆၃
၈၇၈။	ပုထုဇဉ်ဆိုးရဟန်းမျိုး	၅၆၄

အခန်း(၁၆)
ရှင်ရဟန်းပြုခြင်း

၈၇၉။	ဘိက္ခု	၅၆၆
၈၈၀။	ရဟန်း	၅၆၆
၈၈၁။	သမဏ	၅၆၆
၈၈၂။	ရှင်သာမဏေပြုခြင်း	၅၆၆
၈၈၃။	ရှင်လောင်းအသက်အရွယ်	၅၆၆
၈၈၄။	မိဘခွင့်ပြုချက်ရယူခြင်း	၅၆၇
၈၈၅။	စနစ်တကျကြိုတင်သင်ယူ	၅၆၇
၈၈၆။	သံဃာ့ထံခွင့်ပန်ခြင်းနှင့်ဆံချခြင်း	၅၆၈
၈၈၇။	တစပဉ္စကနှလုံးသွင်း	၅၆၈
၈၈၈။	တစ ပဉ္စက ကမ္မဋ္ဌာန်းလက်ာ	၅၆၉
၈၈၉။	ခန္ဓာကိုယ်ဆေးကြောသုတ်သင်	၅၆၉
၈၉၀။	သင်္ကန်းပေးခြင်း	၅၆၉
၈၉၁။	ဆရာ့ထံသင်္ကန်းအပ်ရန်	၅၇၀
၈၉၂။	ဆရာ့ထံမှသင်္ကန်းတောင်းရန်	၅၇၀
၈၉၃။	ရှင်သာမဏေအဖြစ်တောင်းခံရန်	၅၇၀
၈၉၄။	ရှင်သာမဏေ(၁၀)ပါးသီလ	၅၇၁
၈၉၅။	သရဏာဂုံစနစ်မကျလျှင် ရှင်သာမဏေမဖြစ်	၅၇၁
၈၉၆။	လိင်(၁၀)ပါး	၅၇၂
၈၉၇။	ဒဏ် (၁၀)ပါး	၅၇၄
၈၉၈။	ပစ္စည်းလေးပါးပစ္စဝေက္ခဏာဆင်ခြင်ခြင်း	၅၇၄
၈၉၉။	သင်္ကန်းဆင်ခြင်ခြင်း	၅၇၅
၈၀၀။	ဆွမ်းဆင်ခြင်ခြင်း	၅၇၅
၈၀၁။	ကျောင်းဆင်ခြင်ခြင်း	၅၇၅
၈၀၂။	ဆေးဆင်ခြင်ခြင်း	၅၇၆

http://www.dhammadownload.com

၈၀၃။	အလုံးစုံဆင်ခြင်ခြင်း	၅၇၆
၈၀၄။	သီလ၊ သမာဓိ၊ ပညာပြည့်စုံအောင်ကျင့်ဆောင်	၅၇၆
၈၀၅။	ရဟန်းခံခြင်း	၅၇၇
၈၀၆။	ရဟန်းအင်္ဂါအကြောင်းတရားငါးပါး	၅၇၇
၈၀၇။	ဝတ္ထုသမ္မတ္တိ	၅၇၇
၈၀၈။	ဉတ္တိသမ္မတ္တိ၊ ကမ္မဝါစာသမ္မတ္တိ	၅၇၈
၈၀၉။	သီမာသမ္မတ္တိ	၅၇၈
၈၁၀။	ပရိသာသမ္မတ္တိ	၅၇၈
၈၁၁။	ပဗ္ဗဇိတ ဒုလ္လဘနှင့် ပြည့်စုံခြင်း	၅၇၈
၈၁၂။	ရဟန်းပြုခြင်းအကြောင်းတရားငါးပါး	၅၇၉
၈၁၃။	ရဟန်းတို့ပစ္စည်းလေးပါး	၅၈၀
၈၁၄။	သင်္ကန်းပစ္စည်း	၅၈၀
၈၁၅။	သင်္ကန်းအရောင်အသွေး	၅၈၁
၈၁၆။	ဆွမ်း	၅၈၁
၈၁၇။	မြတ်ဗုဒ္ဓအထူးနှစ်သက်လိုလားသည့်ဆွမ်း	၅၈၂
၈၁၈။	ကျောင်းပစ္စည်း	၅၈၃
၈၁၉။	ဆေးပစ္စည်း	၅၈၃
၈၂၀။	ဓူတင်ဆောက်တည်ပုံခြင်း	၅၈၃
၈၂၁။	ဓူတင်(၁၃)ပါး	၅၈၄
၈၂၂။	ဓူတင်ဆောက်တည်ပုံများ	၅၈၅
၈၂၃။	အပ္ပိစ္ဆတာဂုဏ်	၅၉၂
၈၂၄။	ရဟန်းကျင့်ဖွယ် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်	၅၉၃
၈၂၅။	အာပတ်အမျိုးမျိုး	၅၉၄
၈၂၆။	အပယ်ကျမည့်သူသုံးဦး	၅၉၆
၈၂၇။	လဇီ နှင့် အလဇီ	၅၉၇
၈၂၈။	သိက္ခာချခြင်း	၅၉၇
၈၂၉။	ရဟန်းမခံထိုက်သောပုဂ္ဂိုလ်များ	၅၉၈

အခန်း(၁၇)
သောတာပန်ဂုဏ်ရည်

၈၃၀။	သောတာပတ္တိမဂ်	၆၀၀
၈၃၁။	သောတာပတ္တိဖိုလ်	၆၀၀
၈၃၂။	သောတာပန်	၆၀၀
၈၃၃။	သောတာပန်သုံးမျိုး	၆၀၁
၈၃၄။	သောတာပတ္တိယင်္ဂတရား(၄)ပါး	၆၀၂
၈၃၅။	သောတာပန်ပုဂ္ဂိုလ်တို့၏ရမြဲဂုဏ်အင်္ဂါရပ်များ	၆၀၃

http://www.dhammadownload.com

၈၃၆။ သောတာပန်၏မဟာပစ္စဝေက္ခဏာ(၇)ပါး ၆၀၄
၈၃၇။ အရိယာဝါသ(၁၀)ပါး ၆၀၅
၈၃၈။ အရိယာဗိမာန်တို့ကို ခေတ္တပိုင်ဆိုင်နိုင်သောပုထုဇဉ်မျိုး ၆၀၇

အခန်း(၁၈)
ဥပါသကာဂုဏ်ရည်

၈၃၉။ ဥပါသကာ ၆၀၉
၈၄၀။ ဥပါသကာအမျိုးအစား ၆၀၉
၈၄၁။ ဘုရားရှင်အလိုကျ ဥပသကာ၊ ဥပါသိကာ ၆၁၀
၈၄၂။ ဥပါသကာဂုဏ်(၁၀)ပါး ၆၁၀
၈၄၃။ ဥပသကာ၏ပြည့်စုံခြင်း ၆၁၀
၈၄၄။ ဥပါသကာပျက်စီးခြင်း ၆၁၁
၈၄၅။ ဥပါသကာတို့၏ကျင့်ဖွယ် ၆၁၁
၈၄၆။ ဥပါသကာတို့၏တာဝန် ၆၁၂
၈၄၇။ ဥပသကာ၏ဆုတ်ယုတ်ကြောင်းတရား(၇)ပါး ၆၁၃
၈၄၈။ ဥပါသကာ၏မဆုတ်ယုတ်ကြောင်းတရား(၇)ပါး ၆၁၃
၈၄၉။ သာသနာတော်ပျက်စီးခြင်းအကြောင်းတရား(၇)ပါး ၆၁၃
၈၅၀။ သာသနာတော်တည်တံ့ခြင်း၏အကြောင်းတရား(၇)ပါး ၆၁၄
၈၅၁။ ဘုရားသာသနာရှည်ကြာစွာတည်ခြင်းအကြောင်းတရား(၅)ပါး ၆၁၄
၈၅၂။ ဘုရားသာသနာ ရှည်ကြာစွာမတည်ခြင်း အကြောင်းတရား(၅)ပါး ၆၁၅
၈၅၃။ သာသနာအဓွန့်ရှည်ကြောင်းတရား(၂)ပါး ၆၁၅
၈၅၄။ ဥပါသကာအဖြစ်ခံယူပုံ ၆၁၅
၈၅၅။ အမိဝမ်းတွင်းရှိ သားသမီးများအကွက် သရဏဂုံဆောက်တည်ခြင်း ၆၁၆

အခန်း(၁၉)
မြတ်ဗုဒ္ဓဒေသနာတော်များ

၈၅၆။ မြတ်ဗုဒ္ဓဒေသနာတော်များ ၆၁၉
၈၅၇။ စိတ်သာအကြီးအမှူး ၆၁၉
၈၅၈။ အကုသိုလ်တရား–ကုသိုလ်ပွား ၆၁၉
၈၅၉။ ရာဂကင်းသောစိတ် ၆၂၀
၈၆၀။ စိတ်ကိုဆုံးမပါ ၆၂၀
၈၆၁။ မြင့်မြတ်အောင်ပြုသောစိတ် ၆၂၀
၈၆၂။ ယုတ်ညံ့အောင်ပြုသောစိတ် ၆၂၀
၈၆၃။ မိမိသည်သာ မိမိကိုးကွယ်ရာ ၆၂၀
၈၆၄။ မိမိကိုယ်ကို စောင့်ရှောက်ပါ ၆၂၁
၈၆၅။ ကိုယ်တိုင်ကျင့်ပါ ၆၂၁

http://www.dhammadownload.com

၈၆၆။	စိတ်ဖြောင့်အောင်ပြုပါ	၆၂၁
၈၆၇။	စိတ်ကို စောင့်ရှောက်ပါ	၆၂၁
၈၆၈။	မိမိကိုယ်ကို စောင့်ရှောက်သူ	၆၂၁
၈၆၉။	ပညာရှိသည်အထူးကြည်လင်၏	၆၂၁
၈၇၀။	တရားဌမ္မေ့လျော်ပါ	၆၂၂
၈၇၁။	ပညာရှိသည် မတုန်လှုပ်ရာ	၆၂၂
၈၇၂။	မတရားမှုဖြင့် ပြည့်စုံမှုကို အလိုမရှိရာ	၆၂၂
၈၇၃။	ရှေးဦးစွာကောင်းအောင်ကျင့်ပါ	၆၂၂
၈၇၄။	ပညာရှိတို့မှီခိုရာကျွန်း	၆၂၃
၈၇၅။	မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမပါ	၆၂၃
၈၇၆။	အညစ်အကြေးကိုထုတ်ပယ်ပါ	၆၂၃
၈၇၇။	ကြီးရင့်သူ	၆၂၃
၈၇၈။	မြတ်သောအသက်ရှည်ခြင်း	၆၂၃
၈၇၉။	ချမ်းသာကြီးလိုချင်လျှင် ချမ်းသာငယ်စွန့်ပါ	၆၂၄
၈၈၀။	သိက္ခာသုံးပါးပြည့်စုံသူ	၆၂၄
၈၈၁။	ဗြဟ္မဏ–သမဏ–ပဗ္ဇိတ	၆၂၄
၈၈၂။	ကိလေသာငြိမ်းပြီးသူ	၆၂၄
၈၈၃။	ပညာရှိသည် ကောင်းမှုဖြင့်ပြည့်၏	၆၂၅
၈၈၄။	လူမိုက်သည် မကောင်းမှုဖြင့်ပြည့်၏	၆၂၅
၈၈၅။	သူမိုက်သည် သံသရာရှည်၏	၆၂၅
၈၈၆။	သူမိုက်သည်ပူပန်ရ၏	၆၂၅
၈၈၇။	လူမိုက်စင်စစ်	၆၂၅
၈၈၈။	လူမိုက်ကိုမပေါင်းနှင့်	၆၂၆
၈၈၉။	သူတော်ကောင်းတို့ကို ပူဇော်ပါ	၆၂၆
၈၉၀။	ပညာရှိကိုဆည်းကပ်ပါ	၆၂၆
၈၉၁။	ရန်ငြိုးမဖွဲ့နှင့်	၆၂၆
၈၉၂။	ရန်ကိုရန်ဖြင့် မတုန့်ပြန်နှင့်	၆၂၆
၈၉၃။	နိုင်ခြင်း၊ ရှုံးခြင်းကိုပယ်ပါ	၆၂၇
၈၉၄။	အမျက်ဒေါသကို တားဆီးသူ	၆၂၇
၈၉၅။	သူတော်ကောင်းသည် အမျက်မထွက်ရာ	၆၂၇
၈၉၆။	မိမိကိုယ်ကိုသာ မိမိကြည့်ရှုပါ	၆၂၇
၈၉၇။	အောင်နိုင်ခြင်း	၆၂၇
၈၉၈။	တရားကျင့်သူသည် ချမ်းသာရ၏	၆၂၈
၈၉၉။	ကောင်းမှုပြုသူနှင့် မကောင်းမှုပြုသူ	၆၂၈
၉၀၀။	မကောင်းမှုပြုသူ	၆၂၈
၉၀၁။	ကောင်းမှုပြုသူ	၆၂၈
၉၀၂။	ကောင်းသောစိတ်အကြိ၏အကျိုး	၆၂၈

http://www.dhammadownload.com

၉၀၃။	အနာမရှိသောလက်	၆၂၉
၉၀၄။	စင်ကြယ်အောင်ပြုပါ	၆၂၉
၉၀၅။	သတ္တဝါတို့ကို မညှဉ်းဆဲရာ	၆၂၉
၉၀၆။	တမလွန်ချမ်းသာရေး	၆၂၉
၉၀၇။	အသက်မွေးရန်ခဲယဉ်းပါစေ	၆၂၉
၉၀၈။	တရားဟောသူကိုပူဇော်ပါ	၆၃၀
၉၀၉။	သာသနာအပ၌ မဂ်ဖိုလ်မရနိုင်	၆၃၀
၉၁၀။	ချမ်းသာကြောင်းတရားများ	၆၃၀
၉၁၁။	တရားရှိသူသည်သူတော်ကောင်း	၆၃၁
၉၁၂။	နိဗ္ဗာန်ချမ်းသာ	၆၃၁
၉၁၃။	တဏှာမှကင်းလွတ်သူ	၆၃၁
၉၁၄။	တဏှာကုန်ရာ၌ မွေ့လျော်သူ	၆၃၁
၉၁၅။	ဆင်းရဲဒုက္ခတို့ မကျရောက်နိုင်သူ	၆၃၁
၉၁၆။	ကာမဂုဏ်တို့မှ ယစ်မူးတွယ်တာသူ	၆၃၂
၉၁၇။	ချစ်ခြင်း၊ မုန်းခြင်းမရှိရာ	၆၃၂
၉၁၈။	သူတစ်ပါးအပြစ်ကို မကဲ့ရဲ့နှင့်	၆၃၂
၉၁၉။	အခါခပ်သိမ်းနှိုးကြားသူ	၆၃၂
၉၂၀။	မေ့လျော့သူသည် သေသည်မည်၏	၆၃၂
၉၂၁။	အိုခြင်းနှင့်သေခြင်း	၆၃၂
၉၂၂။	ကမ္မပထတရား(၃)ပါးသုတ်သင်ပါ	၆၃၃
၉၂၃။	အဝိဇ္ဇာသည် အလွန်ကဲဆုံးအညစ်အကြေး	၆၃၃
၉၂၄။	မဂ္ဂင်ရှစ်ပါးရှိသောသာသနာ	၆၃၃
၉၂၅။	တိမ်တိုက်မှထွက်သောလ	၆၃၃
၉၂၆။	အမြတ်ဆုံးစစ်နိုင်သူ	၆၃၄
၉၂၇။	အမြတ်ဆုံးဥစ္စာ	၆၃၄
၉၂၈။	တရားကျင့်မှ တရားအရသာခံစားရ၏	၆၃၄

နိဂုံး

၉၂၉။	ဗုဒ္ဓါနုဿတိ (သစ္စာ၊ မေတ္တာ)	၆၃၆
၉၃၀။	ဓမ္မာနုဿတိ (သစ္စာ၊ မေတ္တာ)	၆၃၇
၉၃၁။	သံဃာနုဿတိ (သစ္စာ၊ မေတ္တာ)	၆၃၈
၉၃၂။	ရတနာဂုဏ်ရည် (သစ္စာ၊ မေတ္တာ)	၆၃၉
၉၃၃။	ဇယန္တော၊ ဗောဓိယာ၊ မူလေအစရှိဂါထာ	၆၄၀
၉၃၄။	ပညာရှိများသို့ တောင်းပန်လွှာ	၆၄၂
၉၃၅။	ဓမ္မဒါနဆုတောင်း	၆၄၃
၉၃၆။	ဗုဒ္ဓ၏ ထူးမြတ်သော ဥဒါန်းတော်	၆၄၄
၉၃၇။	ပါဠိဖတ်နည်း	၆၅၂
၉၃၈။	ကျမ်းကိုးစာရင်း	**၆၆၀**

http://www.dhammadownload.com

အခန်း(၁)

ရတနာသုံးပါးကန်တော့ခန်း

ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါ

အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ကိုးကွယ် ဆည်းကပ် ၏။ ထိုသူသည် ဒုက္ခ၊ ဒုက္ခ၏ဖြစ်ပေါ်ကြောင်း ဒုက္ခ၏လွတ်မြောက်ရာ နိဗ္ဗာန်နှင့် နိဗ္ဗာန်သို့ ရောက်စေတတ်သော မြတ်သောအင်္ဂါ ရှစ်ပါးဖြင့် ပြည့်စုံသည့် မဂ္ဂသစ္စာ ဟူသော အရိယသစ္စာလေးပါးတို့ကို မင်္ဂလာဖြင့် ကောင်းစွာ သိနိုင်၏။

ဤသို့သော ကိုးကွယ်ခြင်းသည်သာ ဘေးကင်းသော ကိုးကွယ်ခြင်း မည်၏။ မြင့်မြတ်သော ကိုးကွယ်ခြင်းမည်၏။ ဤသို့သော ကိုးကွယ်ခြင်းကို အကြောင်းပြု၍ အလုံးစုံသော ဆင်းရဲခြင်းတို့မှ လွတ်မြောက်နိုင်၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ဗုဒ္ဓဘာသာ

ဗုဒ္ဓဟုခေါ်သည့် သဗ္ဗညုဘုရားရှင်တော်မြတ်၏ တရားတော်ကို ဗုဒ္ဓဘာသာဟုခေါ်၏။ ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်အတိုင်း လိုက်နာကျင့်ကြံနေထိုင်သူကို ဗုဒ္ဓဘာသာဝင်ဟုခေါ်၏။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ်သုံးပါးကို စစ်မှန်သောသဒ္ဓါတရားဖြင့် သက်ဝင်ယုံကြည်ပြီး သရဏဂုံဆောက်တည်ပါမှ ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ ရတနာမြတ်သုံးပါး၏အကြောင်းကို ကောင်းစွာသိရှိထားရန် လိုအပ်သကဲ့သို့ ပညာနှင့်ယှဉ်၍ ကိုးကွယ်ဆည်းကပ်ပူဇော်တတ်ရန်လည်း လိုပေသည်။

ရတနာသုံးပါးကို အာရုံပြုခြင်း

ရတနာသုံးပါးကို ပူဇော်ကန်တော့ခြင်းမပြုမီ သက်တော်ထင်ရှားရှိကြသည့်အလားစိတ်တွင်ထင်မြင် လာရန် အာရုံပြုရမည်။ အဘယ်ကြောင့်ဆိုသော် မြတ်ဘုရား၏ဆင်းတုတော်များ ရုပ်ပုံစေတီတော်များကို ရှိခိုးပူဇော်ခြင်းထက် သက်တော်ထင်ရှားရှိကြသည့်အလား မြတ်စွာဘုရားရှင်တို့ကို စိတ်တွင်ထင်မြင်လာစေရန် အာရုံပြုပြီး ရှိခိုးပူဇော်ခြင်းက ပို၍ အကျိုးကြီးမားပါသည်။ ထိုနည်းတူ တရားတော်မြတ်ကို ကိုးကွယ် ဆည်းကပ်ရာတွင်လည်း ရှင်တော်မြတ်ဘုရားတို့၏ ဟောကြားတော်မူခဲ့ကြသော တရားအစစ်အမှန်၊ ကျမ်းဂန် ပိဋကတ်နှင့် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း တရားတို့ကိုစိတ်တွင်ထင်မြင်လာစေရန်အာရုံပြုရသည်။ သံဃာတော်အရှင်သူမြတ်တို့ကို ကိုးကွယ်ဆည်းကပ်ရာတွင်လည်း သံဃာ့ဂုဏ်တော်များဖြင့် ပြည့်စုံညီညွတ်ကြသည့် အရိယာဖြစ်ပြီးသော သံဃာတော်အရှင်မြတ်တို့ကို အမှူးထား၍ အရိယာသံဃာတော်တို့နှင့် ဝိနည်း၊ အကျင့်၊ သိက္ခာချင်းတူညီကြ၍ ကိုးကွယ်ဆည်းကပ်အပ်သော သမ္မုတိ ရဟန်းသံဃာတော်အပေါင်းတို့အား စိတ်တွင်ထင်မြင်လာစေရန် အာရုံပြုရသည်။

ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ် ပူဇော်ကန်တော့ရာတွင် ဘေးကြောက်ခြင်းတည်းဟူသော ဘယ၊ လာဘ်အလိုရှိခြင်းတည်းဟူသော လာဘနှင့် မျိုးရိုးတို့၏အကျင့်ဟူသော ကုလာစာရ စသည်တို့မှ ကင်းစင်၍ သတ္တဝါအပေါင်းကို လောကီ၊ လောကုတ္တရာ ဒုက္ခဆင်းရဲခြင်းခပ်သိမ်းတို့မှ ကင်းလွတ်စေပြီး မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော ချမ်းသာအစစ်အမှန်ကို ရရှိစေရန် လမ်းညွှန်ပေးကြသည့် ကျေးဇူးတော်အနန္တ ရှင်များအဖြစ် ယုံကြည်သော စေတနာသဒ္ဓါတရား သက်သက်ဖြင့်သာ ကိုးကွယ်ဆည်းကပ်ကန်တော့ထိုက်၏။

http://www.dhammadownload.com

အကောင်းဆုံးနည်းလမ်းမှာ မိမိ၏ရှေ့မှောက်တွင် ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်များ ရှင်ပစ္စေကဗုဒ္ဓါများ၊ ရဟန္တာမထေရ်မြတ်ကြီးများ၊ အရိယာသံဃာတော်များနှင့် အရိယာနွယ်ဝင် သမ္မုတိ သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးစံပယ်နေကြပုံများကို စွဲစွဲမြဲမြဲအာရုံပြုပြီး ဆည်းကပ်ပူဇော်ကန်တော့ရမည်။

ဤသို့ ရှိခိုးကန်တော့ရာတွင်လည်း စိတ်တွင် အာရုံစွဲမြဲစွာ ရစေရန်နှင့် လေးနက်ပီပြင်မှုရှိစေရန် ဌာနကရိဏ်းကျကျ၊ ပီပီသသ၊ ပြတ်ပြတ်သားသား မနှေးမမြန် ရွတ်ဆိုပူဇော်ရသည်။ သို့မှသာ မိမိ၏ ရွတ်ဆိုမှုနောက်သို့ စိတ်အာရုံက လိုက်ပါနိုင်သဖြင့် ပို၍အကျိုးများပေမည်။

ပူဇော်ကန်တော့ခြင်း

ရတနာမြတ်သုံးပါးကို အောက်ပါအတိုင်း ရှိခိုးပူဇော်ကန်တော့ရသည်။

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့မှ ကင်းလွတ်စေခြင်းအကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရား ရတနာ တရားရတနာ သံဃာရတနာတည်း ဟူသော ရတနာမြတ်သုံးပါးတို့နှင့် မိဘဘိုးဘွား ဆရာသမားတို့ကို တပည့်တော်သည် အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ (ဦးချရန်)

တပည့်တော်သည် အရိုအသေအလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့၊ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ အန္တရာယ်ဆယ်ပါးအနာမျိုး (၉၆)ပါးနှင့်၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးကို့မှ ဘဝဆက်တိုင်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မင်္ဂတရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားထူး တရားမြတ်ကို မဆိုင်းလျင်စွာ ရလွယ်ရောက်လွယ် မျက်မှောက်ပြုနိုင်ပါစေအရှင်ဘုရား။ (ဦးချရန်)

ဩကာသ

ပါဠိစကားဖြစ်၏။ တစ်ပါးသူတို့ တာဝန်မယူနိုင်သည့် အိုဘေး၊ နာဘေး၊ သေဘေးနှင့် ရန်သူဘေးတို့မှ ကင်းဝေးပြီး ရတနာမြတ်သုံးပါးကို ပူဇော်ကန်တော့နိုင်အောင် ကျွန်ုပ်ပြုလုပ်ထားသည့် ကုသိုလ်ကံဟောင်းတို့က ဘေးရန်ကို တားပေးပါဟု ခွင့်ခံတောင်းပန်ခြင်းဖြစ်သည်။

http://www.dhammadownload.com

ကိုးကွယ်ခြင်း၏ တည်ရာ၊ မြတ်နိုးခြင်း၏ တည်ရာဖြစ်သော ရတနာမြတ်သုံးပါးကို ရည်စူး၍ ရှိခိုးပါရစေ၊ အခွင့်ပြုတော်မူပါဟုလည်း ဆိုလို၏။ သုံးကြိမ်ရွတ်ဆိုရခြင်းမှာ ပိုမိုလေးနက်စေရန် သုံးကြိမ်အခွင့်တောင်းခံခြင်း ဖြစ်သည်။

ကံသုံးပါး

ကံသုံးပါးဆိုသည်မှာ ကာယကံ၊ ဝစီကံနှင့် မနောကံတို့ဖြစ်၏။ အရိယာမဖြစ်သေးသည့် ပုထုဇဉ်များအနေဖြင့် ရတနာမြတ်သုံးပါး၊ မိဘဘိုးဘွား၊ ဆရာသမားတို့နှင့် အခြားရှိသေလေးစားထိုက်သော အရာတို့အပေါ်၌လည်းကောင်း အခြားသတ္တဝါတို့ အပေါ်၌လည်းကောင်း၊ ကံသုံးပါးဖြင့် တစ်ကြိမ်မဟုတ် တစ်ကြိမ်ပြစ်မှားမိတတ်ကြသည်။ ဤသို့ ပြစ်မှားမိပါက ဖြစ်ပေါ်လာမည့်အပြစ်တို့မှ ကင်းလွတ်စေနိုင်ရန် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး တောင်းပန်ကန်တော့ကြရသည်။ ပို၍လေးနက်စေရန် သုံးကြိမ်တိုင်တိုင် တောင်းပန်ကန်တော့ခြင်းဖြစ်၏။ ဤနေရာတွင် ကံသုံးပါးဆိုသည်မှာ မကောင်းသောအကုသိုလ်ကံများကိုသာ ဆိုလိုသည်။

ကာယကံသုံးပါး

ကိုယ်ဖြင့်ပြုလုပ်သော အကုသိုလ်ကံသုံးပါးမှာ

(၁) ပါဏာတိပါတာ – သူတစ်ပါး၏ အသက်ကို သတ်ခြင်း။

(၂) အဒိန္နာဒါနာ – သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်း။

(၃) ကာမေသုမိစ္ဆာစာရာ – သူတစ်ပါး၏မယား၊ ခင်ပွန်း၊ သား၊ သမီးတို့ကို မေထုန်မှီဝဲ ကျူးလွန်ခြင်း အစရှိသည့် ကာမဂုဏ်တို့၌ မှားသောအကျင့်ကို ကျင့်ဆောင်ခြင်း။

ဝစီကံလေးပါး

နှုတ်ဖြင့်ပြုလုပ်သော အကုသိုလ်ကံလေးပါးတို့မှာ–

(၁) မုသာဝါဒါ – မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း။

(၂) ပိသုဏာဝါစာ – သူ့နှစ်ယောက်အချစ်ကို ပျက်ပြားအောင် ကုန်းချောခြင်း။

http://www.dhammadownload.com

(၃) ဖရုသဝါစာ – ရပ်ရင်းကြမ်းတမ်းသော နားမခံသာသည့် စကားများကို ပြောဆိုခြင်း၊ ဆဲရေး တိုင်းထွာခြင်း။

(၄) သမ္ဖပ္ပလာပဝါစာ – မဂ်ဖိုလ်နိဗ္ဗာန်မှ ဖီလာဖြစ်သော သိမ်ဖျင်းယုတ်ညံ့သည့် စကားကို ပြောဆိုခြင်း။

မနောကံသုံးပါး

စိတ်ဖြင့် ကြံစည်သော အကုသိုလ်ကံသုံးပါးတို့မှာ–

(၁) အဘိဇ္ဈာ – သူတစ်ပါးစည်းစိမ်ဥစ္စာ၊ သား၊ မယားတို့ကို ငါ၏ စည်းစိမ်ဥစ္စာ သားမယား ဖြစ်ပါစေတော့ဟူ၍ ကြံစည်ခြင်း။

(၂) ဗျာပါဒ – သူတစ်ပါးအား ပျက်စီးစေလိုသော ဒေါသ ရှိခြင်း။ အကြံအစည်ရှိခြင်း။

(၃) မိစ္ဆာဒိဋ္ဌိ – မှားသောအယူကို ယူခြင်း၊ ကံ ကံ၏အကျိုးကို ပစ်ပယ်၍ ဖောက်ပြန်စွာဖြင့် အမှားကိုသာ မြင်ခြင်း။

ဒုစရိုက်ဆယ်ပါး

အထက်တွင် ဖော်ပြခဲ့သည့် ကာယကံသုံးပါး၊ ဝစီကံလေးပါးနှင့် မနောကံသုံးပါး စုစုပေါင်း ဆယ်ပါးကို ဒုစရိုက် (မကောင်းသောအကျင့်) ဆယ်ပါးဟု ခေါ်သည်။ ယင်းတို့မှ လွတ်ကင်းအောင် မကျင့်နိုင်ပါက မျက်မှောက်ဘဝမှာပင် ကိုယ့်ကိုယ်ကိုယ် မကြည်ညိုနိုင်သည့်အဖြစ်၊ မင်းပြစ်မင်းဒဏ် ခံရသည့်အဖြစ်၊ ဘေးဒုက္ခအန္တရာယ် အသွယ်သွယ် တွေ့ကြုံရသည့်အဖြစ် စသည်အားဖြင့် မကောင်းမှုများနှင့်သာ တွေ့ကြုံရပြီး သံသရာတွင်လည်း အပါယ်လေးပါးသို့ ကျရောက်နိုင်ခြင်း၊ ဖြစ်လေရာဘဝတွင် မကောင်းသောအကျိုးပေးခြင်းများ တွေ့ကြုံရခြင်း စသည်တို့ ဖြစ်တတ်၏။ သို့ဖြစ်၍ ဒုစရိုက်တရား ဆယ်ပါးကို အကုသလကမ္မပထ (အပါယ်သွားလမ်း မကောင်းမှုများ) ဟုလည်း ဆို၏။

http://www.dhammadownload.com

ရတနာမြတ်သုံးပါး

ရတနာမည်သော ပါဠိစကားသည် နှစ်သက်မွေ့လျော်ခြင်းကို ဖြစ်စေတတ်၏။ စိတ်ရွှင်လန်းစေ တတ်၏။ အရိုအသေ အလေးအမြတ်ပြုအပ်၏။ အဖိုးများစွာထိုက်တန်၏။ အတုမရှိမြတ်၏။ အလွန်ရခဲ၏။ မြတ်သောသူတို့သာ သုံးဆောင်ရာလည်းဖြစ်၏ ဟူသော အရာမျိုးဖြစ်၏။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို လောကီအသက်မွေးမှုချမ်းသာစုတွေအပြင် မယုဉ်သာသော သီလချမ်းသာ၊ သမာဓိချမ်းသာနှင့် ပညာချမ်းသာတို့အပြင် အဆုံးစွန်သော နိဗ္ဗာန်ချမ်းသာကိုပင် ပေးစွမ်းနိုင်သောကြောင့် လောကတွင် အထွတ်အထိပ်အမြင့်မြတ်ဆုံးဖြစ်ပါသည်။ (ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို သီးခြားအခန်းဖြင့် ဖော်ပြပါမည်)လောကတွင် ရတနာမြတ်သုံးပါးထက် မြင့်မြတ်တာ မရှိတော့ပေ။

ရတနာမြတ်သုံးပါးနှင့် တွေ့ကြုံရဖို့မှာ အလွန်ခဲယဉ်း၏။ ကမ္ဘာပေါင်းများစွာ လွန်သော်လည်း တွေ့ကြုံချင်မှ တွေ့ကြုံရ၏။ ဘုရားရှင်တို့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမှသည် တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် အသက်ခန္ဓာစည်းစိမ်ဥစ္စာတို့ကို စွန့်ပြီး ပါရမီတွေများစွာ ဖြည့်ကျင့်ခဲ့ပြီးမှ ပွင့်တော်မူလာကြသလို ဘုရားရှင်တို့၏ သာသနာတော်အတွင်းမှာသာ ရတနာမြတ်သုံးပါးသည် တည်ရှိနိုင်ပေ၏။ သာသနာ ပကာလများတွင် ရတနာသုံးပါးမရှိနိုင်ပေ။

ယခုလို မြတ်ဗုဒ္ဓ၏ သာသနာတော်နှင့် ကြုံကြိုက်နေရသည့်ကာလတွင် အတုမဲ့ရတနာမြတ်သုံးပါး အစစ်အမှန်တို့အား အမှန်သိမြင်မှု "ပညာ"နှင့် အမှန်ယုံကြည်မှု "သဒ္ဓါ"တို့ဖြင့် လွန်စွာ ကိုးကွယ်ဆည်းကပ်ထိုက်ပေ၏။

ဒါန၊ သီလ၊ ဘာဝနာဆိုသည့် ကုသိုလ်ကောင်းမှု အလုံးစုံသည် ရတနာသုံးပါးကို ကြည်ညိုခြင်းက အစပြုပြီး ဖြစ်ပေါ်လာရကား ရတနာသုံးပါးကို ကြည်ညိုခြင်းသည် မင်္ဂလာ ဖိုလ် ရရန် အမှန်တကယ် ခိုင်ခံ့ကြီးကျယ်သော အခြေခံအုတ်မြစ်ဖြစ်၏။

ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်တော်များကို ကြည်ညိုရုံမျှနှင့်ပင် အခြားသာသနာပရိ ဘုရားအမည်ခံသော ပုဂ္ဂိုလ်များ၊ တရားအမည်ခံသော တရားတုများ၊ သံဃာအမည်ခံသော ပုဂ္ဂိုလ်များထက် မယုဉ်သာအောင် မွန်မြတ်အထက်တန်းကျကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ရတနာသုံးပါးသည် အတုမရှိ လွန်ကဲသည့် ဂုဏ်ထူးဝိသေသများဖြင့် ပြည့်ဝစုံလင်နေ၍ လောကတွင် အမြတ်ဆုံး ဖြစ်၏။

http://www.dhammadownload.com

သို့ဖြစ်၍ ရတနာမြတ်သုံးပါးကို မထေမဲ့မြင်၊ မလေးမစား ပြုမူမိခဲ့သော် ဤဘဝတွင် လောင်မြိုက် ကျွမ်းကြွေရုံသာမက သေသည်၏ အခြားမဲ့၌ အပါယ် လေးပါးသို့ပင်လိုက်၍ လောင်မြိုက်ကျွမ်းကြွေစေသည်ကို အထူးသတိပြုရာ၏။

ဘုရားရတနာ

နွေလေးလတို့တွင် ရှေးဦးအစ နွေကာလဖြစ်သော အလှထူးစွာ လတန်ခူးအခါ သမယ၌ ကားကားစွင့်စွင့် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ပန်းအဝဝ ဆန်းလှပေါတုံ၊ တောရုံကြီးသည် ရွှန်းရွှန်းအိအိ တင့်တယ်လှပသော အသရေရှိသကဲ့သို့၊ အနက်သဒ္ဒါ ဝေဆာဆာနှင့်၊ သာယာဖွယ်အတိ ထိုတောအုပ်ကြီး လျှင် ဥပမာရှိသော၊ နိဗ္ဗာန မာတ်အမြိုက်ရပ်သို့ ဆိုက်ကပ်ကြောင်းဖြစ်သော ပိဋကတ်သုံးသွယ်၊ နိကာယ် ငါးဖြာ၊ ဓမ္မက္ခန္ဓာ ဒေသနာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်လှစွာ၊ တရားမြတ် ဒေသနာတော်ကို နိဗ္ဗာနဓာတ်အမြတ်ဆုံး အကျိုးစီးပွားအလို့ငှာ သတ္တဝါအပေါင်းကို မဟာကရုဏာဟော် ရှေ့ထား၍ ဟောကြားတော်မူခဲ့ပါ၏။

လောကထွတ်တင် သဗ္ဗညုမြတ်အရှင်သည် ထူးမြတ်လှပေထသော ရတနာ ဖြစ်ကြောင်း ဤဂုဏ်ရည်အပေါင်းကြောင့် လောက၌ အမြတ်ဆုံးရတနာ မည်၏။

တရားရတနာ

အရိယမဂ်သမာဓိဖြင့် တည်ကြည်သော စိတ်ရှိတော်မူသော သာကီဝင်နွယ်ဖွား ရှင်တော်မြတ်ဘုရားသည် ကိလေသာအဝဝ၊ ဒုက္ခမျိုးစုံ၊ ကုန်ပျောက်ရာ ဖြစ်တော်မူထသော၊ ရာဂအတွယ် ပျယ်ပျောက်ကင်းရှင်းရာ ဖြစ်တော်မူထသော၊ သေခြင်းကင်းလတ် အမတေဓာတ်ကြီးဖြစ်တော်မူထသော၊ မရောင့်ရဲစေတတ် ကောင်းမြတ်လှပေထသော၊ နိဗ္ဗာနဓာတ်တရားမြတ်ကို ဗောဓိပင်ခြေ ပလ္လင်ဗွေက အပိုင်ရတော်မူခဲ့ပါပေ၏။

ထိုနိဗ္ဗာနဓာတ် တရားတော်မြတ်နှင့် တန်းတူထား၍ ရှုစားဖွယ်ရာ တူညီလှစွာသော တစ်စုံတစ်ခု သော တရားမျိုးသည် ဤလောက တခြားလောက လောကအထွေထွေ၌ ဘယ်သို့ရှာရှာ မရှိရိုးဧကန် အမှန်ပင် ဖြစ်ပါပေ၏။

ထိုနိဗ္ဗာန်တရားတော်မြတ်သည် ထူးမြတ်လှပေထသော ရတနာဟု သိသာဖွယ် အကြောင်း ဤဂုဏ်ရည် အပေါင်းကြောင့် လောက၌ အမြတ်ဆုံးရတနာမည်၏။

http://www.dhammadownload.com

သံဃာရတနာ

ဘုရားအစရှိသော ပုဂ္ဂိုလ်မြတ် သူတော်ကောင်းအပေါင်းတို့သည် အနည်းနည်း အဖုံဖုံထုတ်ဖော် ချီးကျူးတော်မူအပ်ကုန်သော အရိယာတွင် အရှင်မြတ်တို့သည် အသီးသီးအားဖြင့် ရှစ်ပါးဖြစ်တော်မူကြပါ ပေကုန်၏။ အရိယာသခင် ထိုအရှင်မြတ်တို့သည် အစုံအားဖြင့် ရေတွက်ခဲ့တုံ လေးစုံတို့သည် ဖြစ်ကြပါပေကုန်၏။

သုဂတဘွဲ့ဆင် ရှင်တော်မြတ်ဘုရား၏ တပည့်သာဝက ဖြစ်တော်မူကြကုန်သော အရိယာပုဂ္ဂိုလ်ကျော် ထိုအရှင်သူမြတ်တို့သည် အလှူရှင်တို့ မျှော်ကိုးသလောက် အကျိုးမြောက်နိုင်သော အလှူကောင်း အလှူမှန်တို့ကို ခံယူတော်မူထိုက်ကြပေကုန်၏။ ထိုအရိယာ အရှင်သူမြတ်တို့၌ လှူအပ်သမျှ အလှူဒါနတို့သည် ကြီးကျယ်ဖွံ့ဖြိုးသည့် အကျိုးရှိကြကုန်၏။

သို့ဖြစ်၍ အရိယာ သံဃာတော် အရှင်သူမြတ်တို့သည် ထူးမြတ်လှပေထသော ရတနာအဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်အပေါင်းကြောင့်လောက၌ ရတနာမည်၏။

မိဘ

မိဘနှစ်ပါးသည် မိမိတို့၏ သားသမီးများကို ကလလရေကြည်သန္ဓေတည် စကတည်းက စတင် စောင့်ရှောက်ခဲ့ရသည်မှာ မိမိတစ်ဘဝအတွက် ခန္ဓာချုပ်ငြိမ်းသည့် တိုင်အောင် ဖြစ်၏။ မိဘတို့၏ မေတ္တာ၊ ကရုဏာ၊ စေတနာတရားသည် သားသမီးများအတွက် အနန္တ ကျေးဇူးတရားများပင် ဖြစ်၏။ သားသမီးများအပေါ် မိဘ၏ အေးမြသန့်စင်ကြည်လင်သော မေတ္တာတရားမည်သည် လျော့နည်းသွားခြင်းမရှိ။

ဗြဟ္မာများ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဘာဝနာလေးပါး မကင်းမကွာ အမြဲရှိနေသကဲ့သို့ ထို့နည်းတူ မိဘများမှာလည်း သားသမီးတို့အပေါ်၌ ထိုဘာဝနာလေးပါး မစွန့်ခွာဘဲ အမြဲဖြစ်ပွားလျက် ရှိနေခြင်းကြောင့် (တစ်နည်း) ဗြဟ္မဝိဟာရတရားလေးပါး အစဉ်ဖြစ်ပွားလျက်ရှိသော ကြောင့် "ဗြဟ္မာတိ၊ မာတာ၊ ပိတရော အမိအဖတို့မှာ ဗြဟ္မာများပင်"ဟု ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ မိဘတို့မှာ သားသမီးတို့၏ ပုဗ္ဗါစရိယ (လက်ဦးဆရာ)လည်းမည်၏။

လောကတွင် ရုပ်ပမာဏအားဖြင့် အကြီးဆုံးဟု ယူဆကြသော မြေကြီး၊ စကြဝဠာ၊ မြင်းမိုရ်တောင်နှင့် သမုဒ္ဒရာစသည်တို့သည် မိဘတို့၏ကျေးဇူးတရား ပမာဏနှင့် နှိုင်းယှဉ်သော် ဝါးရွက်၊ အပ်နဖား၊ နွားချို၊ မိုးရေပေါက်စသည့် ပမာသာ ဖြစ်ချေတော့သည်။ သို့ဖြစ်၍ မိဘတို့၏ ကျေးဇူးဂုဏ်ကား ဆပ်၍ပင် မကုန်နိုင်။

http://www.dhammadownload.com

မိဘတို့၏ကျေးဇူး၊ မေတ္တာတို့ကို အဖန်ဖန် ပွားများသတိတရားရှိနေဖို့ လိုသည်။ မိဘတို့ရှိစဉ်အခါတွင် မေတ္တာစိတ်၊ ကြင်နာစိတ်၊ ကရုဏာ၊ စေတနာတို့ဖြင့် ပြန်လည် ပြုစု စောင့်ရှောက်ကြရမည်။

မိမိတို့အပေါ်၌တင်ရှိသော မိဘတို့၏ဂုဏ်ကျေးဇူးမှာ လွန်စွာများပြားသော ကြောင့်လည်းကောင်း၊ ကျေးဇူးဂုဏ်ကြီးမားလှသော မိဘတို့ကို လုပ်ကျွေးပြုစုခြင်းဖြင့် အလွန် အကျိုးကြီးမြတ်သောကြောင့်လည်းကောင်း၊ မိဘတို့သည် အမှန်တကယ် လုပ်ကျွေးပြုစုထိုက်သော ကျေးဇူးရှင်ပုဂ္ဂိုလ်ကြီးများပင်တည်း။

ဤမျှကျေးဇူးဂုဏ် ကြီးမားလှသော မိဘများကို လောကီနည်းဖြင့် ဆပ်မည်ဆိုလျှင် ဘယ်နည်းနှင့်မျှ ဆပ်၍ မကျေနိုင်ကြောင်း မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ပါသည်။ လူ့သက်တမ်းတစ်ရာတမ်းတွင် အသက် တစ်ရာရှည်သူသည် မိဘကျေးဇူး ကျေအောင် ဆပ်မည်ဟု လက်ယာပခုံးပေါ်၌ အမိကိုတင်၊ လက်ဝဲပခုံး ပေါ်၌ အဘကို တင်လျက် ထိုအနှစ်တစ်ရာပတ်လုံး ပြုစုလုပ်ကျွေးသော်လည်း မကျေနိုင်ကြောင်း၊ သဒ္ဓါ၊ သီလ စသော သူတော်ကောင်းတရားများ မရှိသေးသည့် မိဘတို့ကို သဒ္ဓါ၊ သီလ၊ ပညာတို့ဖြင့် ပြည့်စုံစေရန် လောကုတ္တရာ အကျိုးအတွက် ပြုလုပ်ပေးခြင်းဖြင့်သာ ကျေးဇူးဆပ်ရာ ရောက်ကြောင်းမြတ်ဗုဒ္ဓက မိဘကျေးဇူးဆပ်နည်းကို ဟောကြားတော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓ၏ အတုမရှိ ဂုဏ်ကျေးဇူးတော်

အချို့သူတို့က မြတ်စွာဘုရားတောင်မှ မိဘ၏ဂုဏ်ကျေးဇူးကို ဆပ်ရာ၌ နို့ တစ်လုံးဖိုးသာ ကျေပါသည်ဟု ဆိုလေ့ရှိကြ၏ ဤအဆိုမှာ ပိဋကတ်တော်၌လည်း မလာပါ။ ယုတ္တိလည်းမတန်ပါ။

မြတ်စွာဘုရားသည် လောက၌ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တ တို့နှင့် ပြည့်စုံတော်မူသော အတုမရှိ အမြတ်ဆုံး ရတနာပင်ဖြစ်ပါ၏။ လောကတွင် မြတ်ဗုဒ္ဓက ကာယကံ၊ ဝစီကံ၊ မနောကံအလုပ် (၃)ပါးစလုံး၌ မစွမ်းဆောင်နိုင်သောအရာမည်သည် မရှိကောင်းပါပေ။ မြတ်စွာဘုရား ကြောင့်သာ မြတ်ဗုဒ္ဓ၏ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မိနတ်သားအပါအဝင် သတ္တဝါ အနန္တ သံသရာဝဋ်မှ ကျွတ်တန်းဝင်ကြ၏။

ထို့ကြောင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မိနတ်သားအပါအဝင် သတ္တဝါအပေါင်းတို့အပေါ်၌ တင်ရှိသော မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးများသာလျှင် အနှိုင်းမရှိပါပေ။ အတုမရှိပါပေ။ မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်တို့ကို မည်သည့်အရာ တို့နှင့်မျှ မနှိုင်းအပ်ပါပေ။

http://www.dhammadownload.com

ဆရာသမား

လောကတွင် မြတ်ဘုရားရှင်မှအပ ဆရာနှင့်ကင်းသူဟူ၍မရှိ။ ဆရာသမားတို့၏ သွန်သင်ဆုံးမ ညွှန်ပြမှုဖြင့်သာ လောကီစီးပွား၊ လောကုတ္တရာစီးပွားတို့ကို ဆောင်ရွက်ကြရသည်။ ဆရာဂုဏ်နှင့် ပြည့်စုံသော ဆရာသမားတို့၏ မေတ္တာစေတနာ တို့ကြောင့်သာ မိမိတို့၏လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် ကောင်းကျိုးချမ်းသာများ ရရှိကြသည်။ ဒုက္ခအပေါင်းချုပ်ငြိမ်းရာ မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာကိုပင် ရရှိနိုင်အောင် လမ်းညွှန်ပြသပေးနိုင်သော ဆရာသမားတို့၏ ဂုဏ်ကျေးဇူးတော်သည်ကား အနန္တပင် ဖြစ်၏။

အနန္တဂိုဏ်းဝင် ဆရာသမားဆိုသည်မှာ–

(၁) သရဏဂုံပေးသည့်ဆရာ၊

(၂) သောတာပတ္တိမဂ်ကို ရစေရန်အားထုတ်စေသည့်ဆရာ၊

(၃) သကဒါဂါမိမဂ်ကို ရစေရန်အားထုတ်စေသည့်ဆရာ၊

(၄) အနာဂါမိမဂ်ကို ရစေရန် အားထုတ်စေသည့်ဆရာ၊

(၅) အရဟတ္တမဂ်ကို ရစေရန်အားထုတ်စေသည့်ဆရာ၊

(၆) ရှင်သာမဏေစ၍ ပြုပေးသည့်ဆရာ၊

(၇) ဘုရားရှင်၏တရားတော်များကို ဟောကြားပြသသည့်ဆရာ၊

(၈) ရဟန်းခံရာ၌ ကမ္မဝါစာဖတ်သည့်ဆရာတို့ဖြစ်ပါသည်။

အနန္တောအနန္တငါးပါး

ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမားတို့သည် အနန္တကျေးဇူးရှင်ဂိုဏ်းဝင်များ ဖြစ်ကြသည်နှင့်အညီ အနန္တငါးဖြာကို ထာဝစဉ်ဦးထိပ်ပန်ဆင်ခြင်းဖြင့် လောကီ ချမ်းသာသာမက၊ နိဗ္ဗာန်ချမ်းသာသို့တိုင်အောင် အကျိုးပေးလေသည်။ တစ်နည်းအားဖြင့် ထာဝစဉ် မပြစ်မှားထိုက်သော အနန္တကျေးဇူးရှင်ကြီးများဖြစ်ကြသည်။

အရိအသေ အလေးအမြတ် လက်အုပ်မိုးခြင်း

ရတနာမြတ်သုံးပါးကို အရိအသေ အလေးအမြတ်ပြုပြီး လက်အုပ်မိုး၍ ရှိခိုးကန်တော့ကြရာတွင် အယူအဆအမျိုးမျိုးရှိကြရာ အရေးအကြီးဆုံးမှာ မြတ်ဘုရား၏ အလိုတော်အတိုင်း လျော်ကန်သင့်မြတ်သော အရိအသေအလေးအမြတ် ပြုခြင်းအမူအရာ၊ မေတ္တာစေတနာတို့သာလျှင် ပဓာနဖြစ်၏။

http://www.dhammadownload.com

အချို့မှာ တည်ခြင်းငါးပါးဖြင့် ကန်တော့ကြသည်။ တည်ခြင်းငါးပါးဆိုသည်မှာ ဒူးနှစ်ဖက်၊ လက်နှစ်ဖက်၊ နဖူးတို့ကို မြေ (သို့မဟုတ်)ကြမ်းပြင်ပေါ်မှာ တည်နေစေခြင်းဖြစ်၏။ တစ်နည်းအားဖြင့် လက်နှစ်ဖက်ကို ဦးခေါင်းပေါ်ယှက်တင်၍ စေတီရင်ပြင်တော်နှင့် ခြေ၊ လက်၊ နဖူး၊ တံတောင်ဆစ်၊ ဒူးတို့ကိုထိစေပြီး ရှိခိုးဦးတင်ခြင်းလည်းဖြစ်၏။

ထို့ပြင် လက်ဖဝါးနှစ်ဖက် အချင်းချင်းထိပြီး လက်ဆယ်ချောင်း၏ အဖျားအချင်းချင်း ထိစပ်ကာ လက်အုပ်ကို ကြာဖူးပုံသဏ္ဌာန်ခပ်ခုံးခုံးပြု၍ နဖူးမှာတင်ပြီး ရှိခိုးကြသည်။ အချို့မှာ ရပ်လျက် အနေအထားမှ ခြေဖဝါးနှစ်ဖက်တို့ကို အညီအညွတ် မြေ၌တည်၍ လက်ဖဝါးနှစ်ဖက်တို့ကို အညီအညွတ် ထိစပ်စေပြီး နဖူး၌ တည်စေကာ ရှိခိုးအပ်သူတို့ ရှေးရှုညွတ်၍ ရှိခိုးကြကုန်၏။ အချို့လည်းထိုင်လျက် အနေအထား အမျိုးမျိုးမှ ရှိခိုးကြ၏။

အမျိုးအစားများ မည်ကဲ့သို့ကွဲပြား ခြားနားကြစေကာမူခန္ဓာကိုယ်ကို အနေကျုံ့စေပြီး ရိုသေတုပ်ဝပ်မှု၊ သက္ကစ္စဂါရဝဖြင့်လည်းကောင်း၊ မိမိ၏စိတ်ကို မေတ္တာစိတ်စေတနာ ဖြစ်စေခြင်းဖြင့်လည်းကောင်း ရှိခိုးထိုက်သော ပုဂ္ဂိုလ်၏ ဂုဏ် ကျေးဇူးတော်တို့ကို စိတ်ညွတ်၍ အာရုံယူခြင်းလည်းကောင်း၊ အခြေအနေ ဒေသ ကာလ အားလျော်စွာ ကိုယ်နှုတ် စိတ်နှလုံး သုံးပါးစလုံးဖြင့် အလေးအမြတ် ရှိခိုးဦးတင်ခြင်း သာလျှင် မဟာကုသိုလ် တိဟိတ်ဉာဏ သမ္မယုတ်အကျိုးကို ရရှိနိုင်ပေမည်။

အကယ်၍ ရုပ်ခန္ဓာကိုယ်လှုပ်ရှားရုံမျှသာဖြစ်ပြီး စိတ်က တခြားရောက်လျက် ရှိခိုးပါမူ မိမိရောက် ရှိနေသော စိတ်အားလျော်စွာ မြင့်မြတ်သော တိဟိတ်ကုသိုလ်ကို မရနိုင်ဘဲ ဒွိဟိတ်ဉာဏ ဝိပ္ပယုတ်ကုသိုလ် (သို့မဟုတ်) အကုသိုလ်အကျိုးတစ်မျိုးမျိုးသာ ရရှိပေလိမ့်မည်။

ရှိခိုးပူဇော်ခြင်း

အလွန်နက်နဲကျယ်ဝန်းသော စကားဖြစ်ပြီး မြတ်နိုးခြင်း၊ အလေးအမြတ်ပြုခြင်း၊ ရှိခိုးခြင်း၊ ပေးကမ်းချီးမြှင့်ခြင်း၊ လှူဒါန်းခြင်း၊ ချီးမြှင့်မြောက်စားခြင်း၊ အာရုံပြုခြင်း စသည့် အဓိပ္ပာယ်များပါဝင် သည်။ "ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ" ဆိုသည့်အတိုင်း ကျင့်ဝတ်ပဋိပတ်ဖြင့် ပူဇော်ခြင်း၊ ပစ္စည်းပစ္စယ ဆွမ်းစသည်တို့ဖြင့် ပူဇော်ခြင်း ဝေယျာဝစ္စတာဝန်ဖြင့် ပူဇော်ခြင်းဟူ၍ သုံးမျိုးရှိသည်။ ဤသုံးမျိုးစလုံးဖြင့် ပူဇော်အပ်၏။

http://www.dhammadownload.com

အဋ္ဌလိဝါးသွယ်

အဋ္ဌလိ(ရှိခိုးပူဇော်ခြင်း)ဝါးသွယ်မှာ-

(၁) ဖျင်၊ ပုဆိုး၊ တဘက်ပဝါတို့ကို လက်ကန်တော့တင်ခြင်း၊

(၂) လက်အုပ်ချီမိုးရှိခိုးခြင်း၊

(၃) လက်ဖဝါးနှစ်ဖက်ဖြင့် ကြီးမြတ်သူ၏ ခြေကိုကိုင်တွယ်ခြင်း၊

(၄) ချစ်ခင်သောမေတ္တာစိတ်ထားရှိခြင်း၊

(၅) ရိုသေလေးမြတ်သောစိတ်ထားရှိခြင်း

တို့ဖြစ်သည်။

ပူးမြော်မန်လျှော့

ပုထုဇဉ်တိုင်းတွင် အတ္တမာန်ကလေးများ ကိုယ်စီရှိကြရာ၊ ယင်းမာန်များကပင် မိမိကို သံသရာတွင် ဒုက္ခပေးနေကြ၏။ မာန်တရားသည် မင်္ဂိုလ် နိဗ္ဗာန်နှင့် ဖီလာဆန့်ကျင်သော တရားဖြစ်၏။ သို့ဖြစ်၍ လောကတွင် အမြင့်မြတ်ဆုံး ရတနာသုံးပါးနှင့်တကွ ရှိခိုးပူဇော်ထိုက်သည့်ပုဂ္ဂိုလ်မှန်သမျှကို ရှိခိုးပူဇော်ရာတွင် ပဏာမအနေဖြင့် မိမိတွင်ရှိသမျှ မာန်မာနများကို လျှော့ချဖျောက်ဖျက်ပစ်ရသည်။ သို့မှသာ မိမိအနေဖြင့် အမှန်တကယ် အရိုအသေ အလေးအမြတ်ပူဇော်ရာ ရောက်သည်။ မိမိ၏မာန်မာနကို အစဉ်သတိတရားဖြင့် ချိုးနှိမ်ဖျောက်ဖျက်ပစ်နိုင်လျှင်မူ မြတ်ဘုရား၏ ဒေသနာတော်နှင့် ညီညွတ်စွာ ကျင့်သုံးရာရောက်သဖြင့် မင်္ဂိုလ် နိဗ္ဗာန်ရောက်သည်အထိ ကောင်းကျိုးချမ်းသာများ ရရှိနိုင်၏။

အပြစ်ပြေ၊ မပြေ

ရတနာသုံးပါးနှင့်တကွ မိဘ၊ ဘိုးဘွား၊ ဆရာသမားအစရှိသည့် ရိုသေလေးစားသမျှပြုထိုက်သည့် ပုဂ္ဂိုလ်များအပေါ်၌ သာမန်ပြစ်မှားမိခဲ့ပါက မိမိပြစ်မှားခဲ့ရာပုဂ္ဂိုလ်ထံ နောင်တတရားဖြင့် စိတ်ပါလက်ပါ မာန်မာနကင်းစွာဖြင့် ကန်တော့လျှင် သာမန်အပြစ်များ ပြေပျောက်နိုင်ဖွယ်ရှိ၏။ မိမိပြစ်မှားခဲ့သော ပုဂ္ဂိုလ်ထံသို့ သွားရောက်မကန်တော့ဖြစ်လျှင် ရတနာမြတ်သုံးပါးထံ တောင်းပန်ကန်တော့ခြင်းဖြင့်လည်း အပြစ်များ ပြေပျောက်နိုင်ပါသည်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော ကြီးလေးသောအပြစ်များမှာမူ တောင်းပန်ကန်တော့ရုံမျှဖြင့် မပြေပျောက်နိုင်။ သို့သော် နောင်တရသဖြင့် ထို

http://www.dhammadownload.com

အကုသိုလ်မျိုးထပ်၍ မဖြစ်အောင်ကုသိုလ်တရားတို့ကိုသာ အစဉ်ပွားများ အားထုတ်နေလျှင် ကုသိုလ်တရားများက အားကောင်းမှုကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရတော့ဘဲ ပြေပျောက်တတ်ပါသည်။

ပဋ္ဌာနန္တရိယကံကြီး

(၁) မာတုဃာတ – အမိကိုသတ်ခြင်း။

(၂) ပိတုဃာတ – အဖကိုသတ်ခြင်း။

(၃) အရဟန္တဃာတ – ရဟန္တာကို သတ်ခြင်း။

(၄) လောဟိတုပ္ပါဒ – ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုလုပ်ခြင်း။

(၅) သံဃဘေဒက – သံဃာကို အသင်းခွဲခြင်း။

ဤကံကြီးထိုက်သူသည် သေသည်၏ အခြားမဲ့၍ အပါယ်သို့ မုချရောက်ရှိမည်ဖြစ်၏။ ဘုရားရှင် လက်ထက်တော်က အဇာတသတ်ဘုရင်သည် နောင်တတရားရရှိပြီးနောက် ဗုဒ္ဓရှင်တော်မြတ်အပေါ် အထူးသက်ဝင်ယုံကြည်ကာ ကောင်းမှုကုသိုလ်များကြီးမားစွာ ပြုလုပ်ခဲ့သော်လည်း အဖကိုသတ်မိသော ပဋ္ဌာနန္တရိယ ကံကြီးကျူးလွန်မိခဲ့သောကြောင့် သေပြီးနောက် ငရဲတွင် ကမ္ဘာပေါင်းများစွာ ခံစားရပေတော့သည်။

ထို့ကြောင့် ဤကံကြီးကျူးလွန်ခဲ့သူကို အခြား ကံတစ်ပါးပါးက အပါယ်မလားရန် မတားဆီးနိုင် သလို မျက်မှောက်ဘဝတွင်လည်း မည်မျှ ကြိုးပမ်းအားထုတ်စေကာမူ မဂ်ဖိုလ်ကို မရနိုင်ပေ။ သို့ဖြစ်၍ ဤကံကြီးမျိုး မကျူးလွန်မိစေရန် သတိတရား လက်ကိုင်ထား၍ ရှောင်ကြဉ်ကြရမည်။

သိမှတ်ဖွယ်။ သတိပြုဖွယ် တစ်ခုမှာ အချို့သော သားသမီးများသည် မိမိတို့၏ မိဘများ သေဆုံးခါနီး ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရချိန်တွင် မကြည့်ရက်သဖြင့် ဝေဒနာမခံစားရအောင် အချိန်မတိုင်မီသေစေရန် ဆရာဝန်အား ဆေးထိုးခိုင်းတတ်ကြ၏။ ဆရာဝန်ကလည်း စေခိုင်းသည့်အတိုင်း ပြုမူ၍ လူနာသည်လည်း အမှန်တကယ် စောစီးစွာ သေလျှင်မူ စေခိုင်းသော သားသမီးသည် စိတ်ထဲတွင် မည်သို့ပင်ရှိစေ၊ နောက်ဆုံးတွင် သေစေ လိုသည့် စေတနာရည်ရွယ်ရင်း ဖြစ်ပေါ်ခဲ့သောကြောင့်လည်းကောင်း၊ မိမိကြောင့် မိဘမှာ အမှန်တကယ် သေဆုံးသွားခြင်းကြောင့် လည်းကောင်း၊ ကြောက်စရာ အလွန်ကောင်းသော ပဋ္ဌာနန္တရိယကံကြီး ကျူးလွန်မိရာ ရောက်တော့သည်။ ဆောင်ရွက်ပေးသော

http://www.dhammadownload.com

ဆရာဝန်မှာလည်း ပါဏာတိ ပါတာကဲထိုက်၏။ ဤအချက်ကို သတိကြီးစွာထားသင့်ကြ၏။

အဘိဇ္ဈာန (၆)ပါး

အကုသိုလ်အမှုတို့တွင် သာမန်ပြစ်မှုများထက် ပို၍ ကြီးလေးသောအပြစ်များ ဖြစ်၍ အဘိဇ္ဈာန (လွန်ကဲကြီးလေးသော အကြောင်းကဲများ)ဟု ဆိုသည်။ ရန့်ရင်း ကြမ်းတမ်းသော ဌာနများဟုလည်း ဖွင့် ဆိုကြသေး၏။ ဤ(၆)ပါးမှာ ပဉ္စာနန္တရိယ ကံကြီး (၅)ပါးနှင့် အညသတ္ထာရဒ္ဒေသဟူသော ဘုရားရှင်မှ တစ်ပါး အခြားဆရာကို ညွှန်းခြင်း ကံတို့ဖြစ်ပါသည်။

သာမည ဒုစရိုက်ကံများ

ပဉ္စာနန္တရိယကံများမှအပ အခြားသော သာမညဒုစရိုက်ကံများသည် အနိယတ အကုသိုလ်ကံများဖြစ်၍ အကုသိုလ်ပြုတိုင်း အပါယ်သို့ မရောက်ဟု မှတ်ယူရမည်။ သို့သော်လည်း အကုသိုလ်ကံသည် လုံးဝ ဗျောက်မသွားဘဲ သံသရာတစ်လျှောက် နိဗ္ဗာန်ရောက်သည့်နောက်ဆုံးဘဝတိုင်အောင် အခါအခွင့်သင့်တိုင်း အကျိုးပေးနိုင်သေး သဖြင့် မကောင်းမှုမှန်သမျှကို သတိတရားဖြင့် အစဉ်ရှောင်ကြဉ်အပ်ပေသည်။

အကယ်၍ ပုထုဇဉ်ပီပီ တစ်ကြိမ်မဟုတ် တစ်ကြိမ်မကောင်းမှုများကို ပြုလုပ်မိခဲ့လျှင်လည်း အကုသိုလ်ကံများ အကျိုးပေးမှု အခါအခွင့်မရရှိစေရန် ကောင်းမှုကုသိုလ်များကို အတတ်နိုင်ဆုံး ပြုလုပ်ပေးခြင်းဖြင့် ကုသိုလ်ကံအကျိုးပေးမှုများက ဖုံးလွှမ်း သွားတတ်ပေသည်။

ထိုအခါတွင် အကုသိုလ်ကံသည် သက်ဆိုင်ရာကာလတို့၌ အကျိုးပေးခွင့်မရလျှင် ကံဖြစ်ရုံသာ ဖြစ်ပြီး အကျိုးမပေးနိုင်တော့ဘဲ အချည်းနှီးဖြစ်သောကံ (အဟောသိကံ) ဖြစ်သွားပေသည်။

အပါယ်လေးပါး

အပါယ်ဆိုသည်မှာ ကောင်းမှုနှင့်မပြည့်စုံသော၊ ကောင်းမှုကုသိုလ်များ ပြုခွင့် မရသော၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်သောအရပ်ကို ခေါ်သည်။ အပါယ်လေးပါးမှာ–

(၁) ငရဲ – ချမ်းသာမှု အနည်းငယ်မျှပင်မရှိဘဲ မီးတောက်မီးလျှံ၊ ဓား၊ လှံ၊ စက်တို့၌ခံရခြင်း (သိဋ္ဌိုးငရဲ၊ ကာဠသုတ် ငရဲ၊ အဝီစိငရဲစသည်။)

http://www.dhammadownload.com

(၂) တိရိစ္ဆာန် – တရားကိုမသိ၊ စားခြင်း၊ အိပ်ခြင်းနှင့် မေထုန်မှိုဝဲခြင်းတို့ကိုသာသိသော သတ္တဝါ မင်္ဂ ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သောသတ္တဝါ (ဆင်၊ မြင်း၊ ကျွဲ၊ နွားစသည်)

(၃) ပြိတ္တာ – ချမ်းသာသုခမှ ကင်းဝေးသော သတ္တဝါ (ဖုတ်၊ တစ္ဆေ၊ မှင်စာ၊ သရဲစသည်)

(၄) အသူရကာယ် – စည်းစိမ်ချမ်းသာ မြူးထူးခြင်း စသည်တို့မှ မမြူးထူး မထွန်းပတတ်သော သတ္တဝါ၊ နေ့စဉ်၍ ညဉ့်ခံ၊ ညဉ့်စဉ်၍ နေ့ခံရသော သတ္တဝါ (ပြိတ္တာအကြီးစား)

ကပ်သုံးပါး

ကပ်ဆိုသည်မှာ ပျက်စီးခြင်းကိုဆိုသည်။ ကမ္ဘာကြီး မပျက်မီစပ်ကြား သေခြင်းဆိုးနှင့်သေရခြင်း၊ ပျက်စီးရခြင်းကို ဆိုလိုသည်။ (ကမ္ဘာကြီးပျက်ပြီး၊ ပြုတ်ပြုတ်ပြုန်းအောင် ပျက်စီးခြင်းလည်းရှိသည်။)

(၁) ဒုဗ္ဘိက္ခန္တရကပ် – အစာငတ်မွတ်ခေါင်းပါးခြင်းကြောင့် များစွာသေကြေပျက်စီးခြင်း။

(၂) သတ္တန္တရကပ် – သေစေတတ်သောဓား၊ လှံ၊ သေနတ်စသော လက်နက်တို့ဖြင့် အချင်းချင်း တိုက်ခိုက် ထိုးခုတ်၍ များစွာသေကြေပျက်စီးခြင်း။

(၃) ရောဂန္တရကပ် – ကူးစက်တတ်သော အနာရောဂါများ ကျရောက်သဖြင့် များစွာသေကြေပျက်စီးခြင်း။

အရပ်ပြစ်ရှစ်ပါး

မင်္ဂ ဖိုလ်ကို ရခြင်းမှ ကင်းသောအရပ် (တစ်နည်း) မင်္ဂဖိုလ်ရောက်အောင် တရားအားထုတ်ခွင့်မရသော အရပ်ကို အပြစ်ရှိသောအရပ်ဟု ခေါ်သည်။ အခွင့်ကောင်းမဟုတ်သော ကာလဒေသဟုလည်း ဆိုလိုသည်။ ဤအရပ်ရှစ်မျိုးတို့မှာ–

(၁) ငရဲ – ချမ်းသာမှု အလျဉ်းမရှိသောအရပ်၌ ဖြစ်ရခြင်း၊

(၂) တိရိစ္ဆာန် – မင်္ဂ ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော သတ္တဝါဖြစ်ရခြင်း၊

http://www.dhammadownload.com

(၃) ပြိတ္တာ – ချမ်းသာသုခမှ ကင်းဝေးသောသတ္တဝါဖြစ်ရခြင်း (အသူရကာယ် ပါဝင်သည်။)

(၄) အသညသော – အရူပဗြဟ္မာဘုံ၊ အသညသတ် ဗြဟ္မာဘုံတို့၌ ဖြစ်ရခြင်း၊

(၅) ပစ္စန္တရော – ရတနာသုံးပါးမတည်၍ ရိုင်းစိုင်းသူတို့အရပ် သာသနာမရှိသောအရပ်၌ ဖြစ်ရခြင်း၊

(၆) ဝိကလိန္ဒြိယ – ပဋိသန္ဓေအားဖြင့် ကျိုး၊ ကန်း၊ ဆွံ့၊ အ သောသူ ဖြစ်ရခြင်း၊

(၇) မိစ္ဆာဒိဋ္ဌိ – မှားသောအယူကို ယူသော မိစ္ဆာဒိဋ္ဌိတက္ကဒွန်း ဖြစ်ရခြင်း၊

(၈) ဗုဒ္ဓသုညောတိ ဟေတုကော – ဘုရားသာသနာမရှိသော ကာလ၌ တိဟိတ် ပဋိသန္ဓေနေသောသူ ဖြစ်ရခြင်း။

သုတ်ပါထေယျ ပါဠိတော်ကမူ အရပ်ပြစ်ရှစ်ပါး၊ကို အောက်ပါအတိုင်း ပြဆိုသည်။

(၁) ဘုရားပွင့်နေဆဲအခါတွင် ငရဲဘုံ၌ ဖြစ်ရခြင်း၊

(၂) ဘုရားပွင့်နေဆဲအခါတွင် တိရိစ္ဆာန်ဘုံ၌ဖြစ်ရခြင်း၊

(၃) ဘုရားပွင့်နေဆဲအခါတွင် ဗြိတ္တာ၊ အသူရကာယ်ဘုံ၌ဖြစ်ရခြင်း၊

(၄) ဘုရားပွင့်နေဆဲအခါတွင် လွန်စွာ အသက်ရှည်၍ ဘုရားရှင်ကို မဖူးတွေ့နိုင်သော အသညသတ်၊ ဗြဟ္မာများနှင့် အရူပဗြဟ္မာဘုံများ၌ ဖြစ်ရခြင်း၊

(၅) ဘုရားရှင် အမှူးပြုသော သံဃာတော်များမရောက်သော ပစ္စန္တရစ်ဟု ခေါ်အပ်သော အစွန်အဖျား၊ တောတောင်အကြားတို့၌ ဖြစ်ရခြင်း၊

(၆) ဘုရားပွင့်နေဆဲအခါတွင် မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်ရခြင်း၊

(၇) ဘုရားပွင့်နေဆဲအခါတွင် တရားတော်ကို နားလည်နိုင်လောက်သော ဉာဏ်မရှိသူများ ဖြစ်ရခြင်း၊ (တစ်နည်း) ဘုရား၊ ရဟန္တာတို့အနီးအပါး၌ ဖြစ်ရသော်လည်း တရားအားထုတ်၍ ရနိုင်လောက် သော တိဟိတ်ပဋိသန္ဓေ ဉာဏ်မရှိခြင်း။

(ဤ ၇ မျိုးသည် ဘုရားပွင့်နေဆဲအခါ၌ ဖြစ်သူများတည်း)

http://www.dhammadownload.com

(၈) တတ်သိနားလည်လောက်သောဉာဏ်နှင့် တိုတိုတ် ပဋိသန္ဓေစိတ်ရှိသော်ငြား လည်း ဘုရားသာသနာ မရှိသောအခါ၌ လူဖြစ်ရခြင်း။

ရန်သူမျိုးငါးပါး

(၁) မီး – လောင်ကျွမ်းစေသော ဓာတ်တစ်မျိုး။

(၂) ရေ – အရည် ဓာတ်တစ်မျိုး။

(၃) မင်းဆိုး – ရေမြေကို အစိုးရသော မင်းဆိုး။

(၄) ခိုးသူ – သူတစ်ပါးပစ္စည်းကို မသိအောင်တိတ်တဆိတ် ယူတတ်သူ။

(၅) မချစ်မနှစ်သက်သောသူ– မိမိကို မုန်း၍ ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်သူ။ (အမွေခံသားဆိုး၊ သမီးဆိုးများလည်း ပါဝင်သည်)

ဝိပွတ္တိတရားလေးပါး

ဖောက်ပြန် ချို့ယွင်းပျက်စီးခြင်းကို ဝိပွတ္တိဟုခေါ်သည်။

(၁) ကာလဝိပွတ္တိ – မကောင်းသောမင်း၊ မကောင်းသော လူတို့၏ လက်ထက်ဟု ဆိုအပ်သောကာလ၌ ဖြစ်ရခြင်း၊

(၂) ဂတိဝိပွတ္တိ – အပါယ်လေးဘုံ၌ ဖြစ်ရခြင်း၊

(၃) ဥပဓိဝိပွတ္တိ – ယုတ်ညံ့သောအတ္တဘောကိုရခြင်း၊ အဆင်း သဏ္ဌာန်မလှပခြင်း၊ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊

(၄) ပယောဂဝိပွတ္တိ – အသိအလိမ္မာမရှိ၊ သတိဝီရိယ မရှိဘဲ ပြုမှု၊ ပြောမှု၊ ကြံစည်မှု၊ မကောင်းသော ဒုစရိုက်လုပ်ငန်းများကို ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြုလုပ်မှု၊ မကောင်းသောလုံ့လ အားထုတ်မှု ရှိခြင်း။

ဗျသနတရားငါးပါး

ပျက်စီးဆုံးပါးခြင်းကို ဗျသနဟု ခေါ်သည်။

(၁) ဉာတိဗျသန – အဆွေအမျိုးတို့ ပျက်စီးခြင်း။

http://www.dhammadownload.com

(၂) ဘောဂဗျသန – စည်းစိမ်ဥစ္စာများ ပျက်စီးခြင်း။

(၃) ရောဂဗျသန – အနာရောဂါကြောင့် ပျက်စီးခြင်း။

(၄) သီလဗျသန – ကောင်းသောအကျင့်သီလ ပျက်စီးခြင်း။

(၅) ဒိဋ္ဌိဗျသန – ကောင်းသောအယူဝါဒ ပျက်စီးခြင်း၊ မိစ္ဆာအယူကို ယူခြင်း။

ဤတရားငါးပါးအနက် ပထမသုံးပါး ပျက်စီးခြင်းသည် မျက်မှောက်ဘဝတွင်သာ ဆင်းရဲဒုက္ခရောက်ရသော်လည်း နောက်ဆုံးနှစ်ပါးပျက်စီးပါက သံသရာတွင်ပါ ဆင်းရဲဒုက္ခရောက်ရပေမည်။ ဒိဋ္ဌိဗျသနမှာမူ အဆိုးဆုံးဖြစ်၏။

အန္တရာယ်ဆယ်ပါး

ဘေးဒုက္ခတွေ့ကြုံခြင်းကို အန္တရာယ်ဟု ခေါ်သည်။

(၁) ဆင်းရဲဒုက္ခဝေဒနာ ပြင်းပြစွာ ခံစားရတတ်ခြင်း။

(၂) ပစ္စည်းဥစ္စာဓန ကုန်ခန်းပျက်စီးတတ်ခြင်း။

(၃) ခန္ဓာပျက်ပြုန်းပြီး အသက်သေဆုံးရတတ်ခြင်း။

(၄) မိမိကိုယ်မှာ နှုနာရောဂါစွဲကပ်ခြင်း။

(၅) စိတ်ဖောက်ပြန်ရူးသွပ်ခြင်း။

(၆) မင်းပြစ်မင်းဒဏ် ကျခံရတတ်ခြင်း။

(၇) သူတစ်ပါး၏ မတရားစွပ်စွဲမှု ခံရတတ်ခြင်း။

(၈) စည်းစိမ်သော်လည်း ပြုန်းတီးပျက်စီးတတ်ခြင်း။

(၉) မိမိဆွေမျိုးသားချင်းသော်လည်း ပျက်စီးတတ်ခြင်း။

(၁၀) မိမိနေအိမ်ကို မီးလောင်ခံရတတ်ခြင်း (သေလွန်ပြီးသည့်အခါ၌ အပါယ်လေးဘုံသို့ ကျရောက်တတ်ခြင်း)

အနာမျိုး (၉၆)ပါး

သည်းခြေကြောင့်ဖြစ်သော ရောဂါ (၃၂)ပါး၊ လေကြောင့်ဖြစ်တတ်သောရောဂါ (၃၂)ပါးနှင့် သလိပ်ကြောင့် ဖြစ်သောရောဂါ (၃၂)ပါး၊ စုစုပေါင်းရောဂါ (၉၆)ပါး ရှိသည်။

http://www.dhammadownload.com

မိစ္ဆာဒိဋ္ဌိ (၆၂)ပါး

အကျဉ်းမျှသာ ဖော်ပြရလျှင်-

(၁) သဿတ ဒိဋ္ဌိဝါဒ (၄)ပါး၊

(၂) ဧကစ္စ သဿတ ဒိဋ္ဌိဝါဒ (၄)ပါး၊

(၃) အန္တာနန္တ ဒိဋ္ဌိဝါဒ (၄)ပါး၊

(၄) အမရာ ဝိက္ခေပ ဒိဋ္ဌိဝါဒ (၄)ပါး၊

(၅) အဓိစ္စသမုပ္ပန္န ဒိဋ္ဌိဝါဒ (၂)ပါး၊

(၆) ဥဒ္ဓမာဃာတနသညီ ဒိဋ္ဌိဝါဒ (၁၆)ပါး၊

(၇) ဥဒ္ဓမာဃာတနအသညီ ဒိဋ္ဌိဝါဒ (၈)ပါး၊

(၈) ဥဒ္ဓမာဃာတနနေဝသညီနာသညီ ဒိဋ္ဌိဝါဒ (၈)ပါး၊

(၉) ဥစ္ဆေဒ ဒိဋ္ဌိဝါဒ (၇)ပါး၊

(၁၀) ဒိဋ္ဌဓမ္မ နိဗ္ဗာန ဒိဋ္ဌိဝါဒ (၅)ပါးစုစုပေါင်း (၆၂)ပါးဖြစ်၏။

မဂ် ဖိုလ်

မဂ်-ဆိုသည်မှာ ကိလေသာကို ပယ်သတ်သော ကုသိုလ်တရားမျိုးဖြစ်သည်။ ဖိုလ်ဆိုသည်မှာ မဂ်ကုသိုလ်ကြောင့် ရသောအကျိုးတရားမျိုးဖြစ်၏။ မဂ်၏ ကိလေသာကို ပယ်နိုင်သော သတ္တိမျိုးဖိုလ်၌ မရှိ။ မဂ်ကကိလေသာကို ပယ်လိုက်သဖြင့် ထိုကိလေသာများ ငြိမ်းအေးမှု၊ နိဗ္ဗာန်အရသာ ခံစားရမှု သုခများကို ဖိုလ်ကဆက်ခံ သိမ်းပိုက်ရခြင်း ဖြစ်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုသည်မှာ မဂ်စိတ်၊ ဖိုလ်စိတ်နှင့် ယှဉ်၍ဖြစ်သော အသိပညာကို ဆိုလိုသည်။ မဂ်စိတ်လေးပါးတွင် တစ်ပါးပါးနှင့် ပြည့်စုံသူကို မဂ္ဂဋ္ဌပုဂ္ဂိုလ်ဟုခေါ်ပြီး ဖိုလ်စိတ်လေးပါးတွင် တစ်ပါးပါး နှင့် ပြည့်စုံသူကို ဖလဋ္ဌပုဂ္ဂိုလ်ဟု ခေါ်သည်။

ကိလေသာဟု ဆိုအပ်သည့် စိတ်ကို ညစ်နွမ်းစေတတ်သော လောဘဒေါသစသည့် အကုသိုလ်တရားစု များသည် စိတ်ထဲတွင် ကင်းလွတ်လာပြီး စင်ကြယ်လာသည်နှင့်အမျှ စိတ်၏တိုးတက်ဖြစ်ပေါ်မှုပေါ် မူတည်ပြီး မဂ် ဖိုလ်အဆင့်ဆင့် ဖြစ်ပေါ်လာ၏။ ဝိပဿနာဉာဏ် (အနိစ္စစသောအခြင်းအရာအားဖြင့် အမျိုးမျိုးအဖုံဖုံရှုသောဉာဏ်) ဖြင့် ကိလေသာတို့ကို ပယ်သတ်လျက်ရှိသောအခါ၌ ဉာဏ်စဉ်အဆင့်ဆင့် တက်လာ၏။

http://www.dhammadownload.com

ကိလေသာပယ်သတ်အားကောင်းလာသည့်အခါ သခ်ါရတို့ကို ရှုမြင်နေသောဉာဏ်မှ သခ်ါရတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်သော မဂ်ဉာဏ်သို့ဆိုက်ရောက်တော့၏။

မဂ်တရားသည် အခြားကုသိုလ်တရားများကဲ့သို့ ကာလမဆိုင်းဘဲ ဖိုလ်ချမ်းသာ ရရှိအောင် တစ်ဆက်တည်း အကျိုးပေးနိုင်ခြင်းမှာ ကိလေသာတို့ကို တစ်ခါတည်း အပြီးအပြတ် ပယ်သတ်နိုင်သော အလွန်အားကောင်းသည့် အာနန္တရော်ကြောင့် ဖြစ်၏။ ဤကြီးမားသောအာနန္တရော်ကြောင့်ပင် အခြားကုသိုလ် များတုပ၍ မရနိုင်သော အကျိုး၊ သံသရာ ဝဋ်ဒုက္ခမှ လုံးဝကင်းဝေးနိုင်ပြီဖြစ်သော အကောင်းဆုံး နိဗ္ဗာန်ချမ်းသာသို့ မျက်မှောက်ပြုသော အကျိုးတို့ကို ပေးစွမ်းနိုင်ခြင်းဖြစ်၏။

မဂ်တရား(၄)ပါး၊ ဖိုလ်တရား(၄)ပါး

(၁) သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်

အရိယာမဂ်သို့ အစဦးဆုံးရောက်သောမဂ်ကို သောတာပတ္တိမဂ်ဟု ခေါ်၏။ ကိလေသာ (၁၀)ပါးအနက် မိစ္ဆာဒိဋ္ဌိ (အယူမှားခြင်း)၊ ဝိစိကိစ္ဆာ (တွေဝေယုံမှားရွပ်ထွေးခြင်း)၊သီလဗ္ဗတပရာမာသ(မမှန်သောအကျင့်ကိုကျင့်ခြင်း)၊ ကာမသာ (ငြူစူခြင်း) နှင့် မိစ္ဆရိယ (ဝန်တိုခြင်း)ဟူသော ကိလေသာ (၅)ပါးကို ပယ်နိုင်၍ ကာမရာဂ (တပ်မက်မှု)နှင့် ပဋိဃ (အမျက်ဒေါသစိတ်) ဟူသော ကိလေသာနှစ်ပါးကို အလွန်ပါးစေနိုင်ပါက သောတာပတ္တိမဂ်ရရှိသည်ဟု ခေါ်၏။ ဤပုဂ္ဂိုလ်မျိုးကို သောတပတ္တိမဂ္ဂဋ္ဌ (သောတာပတ္တိ မဂ်ဌ်တည်သောပုဂ္ဂိုလ်)ဟု ခေါ်၏။

မိမိရရှိထားသည့် သောတာပတ္တိမဂ်ချမ်းသာကို ရရှိခံစားသုံးဆောင်နေခြင်းကို သောတာပတ္တိဖိုလ် ရရှိသည်ဟု ခေါ်၏။ ဤပုဂ္ဂိုလ်မျိုးကို သောတာပတ္တိဖလဋ္ဌ (သောတာပတ္တိဖိုလ်ဌ်တည်သောပုဂ္ဂိုလ်)ဟု ခေါ်သည်။ ဤမဂ်ဖိုလ်ကို ရရှိသော ပုဂ္ဂိုလ်အား သောတာပန်ပုဂ္ဂိုလ်ဟု ခေါ်သည်။ တစ်နည်းအားဖြင့် သောတာပန်ဆိုသည်မှာ ရှစ်ခုမြောက် ပဋိသန္ဓေ မရှိသောပုဂ္ဂိုလ်လည်းမည်၏။

ဤမဂ်ဖိုလ်သည် မဂ်လေးပါးအနက် အောက်ဆုံးအဆင့်မဂ်ဖိုလ်ဖြစ်သည်နှင့် အညီ ယင်းမဂ် ဖိုလ် ရရှိပြီးသော ပုဂ္ဂိုလ်အတွက် အပါယ်လေးပါးတံခါးသည် လုံးဝပိတ်သွားပြီဖြစ်၏။ သောတာပန် ပုဂ္ဂိုလ်သည် ဤဘဝမှ လွန်သည်ရှိသော် နတ်ဘဝ၊ လူ့ဘဝတို့ကို အဖန်တလဲလဲ ကူးပြောင်းပြီး အလွန်ဆုံး ခုနစ်ဘဝမြောက်တွင် နိဗ္ဗာန်သို့ စံဝင်မည် ဖြစ်သည်။ ပါရမီရင့်သန်ပါက ခုနစ်ဘဝမပြည့်မီမှာပင် နိဗ္ဗာန်သို့ စံဝင်နိုင်၏။ ရှစ်ခုမြောက်သော ဘဝကို မရရှိတော့ပေ။

http://www.dhammadownload.com

ဤမင်္ဂလာရှိပြီးသော သူသည် အိမ်ထောင်သားမွေးအမှုကို ပြုသေးသော်လည်း လောဘ၊ ဒေါသ၊ မောဟတရားဆိုးများ နည်းပါးသွားပြီဖြစ်၏။ သောတာပန်ပုဂ္ဂိုလ် အကြောင်းကို သက်ဆိုင်ရာအခန်းတွင် သီးခြားဖော်ပြပါဦးမည်။

(၂) သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်

သောတာပန်ပုဂ္ဂိုလ်သည် ဝိပဿနာတရားကို ဆက်လက်အားထုတ်သောအခါ နောက်တစ်ကြိမ်ရနိုင်မည့် မဂ်ဖြစ်သည်။ ဤမဂ်ဖိုလ်ကို ရရှိသောပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဖိုလ်ကို ရရှိသော ပုဂ္ဂိုလ်ထက် ကိလေသာအသစ်ကို ထပ်မံ မပယ်သတ်နိုင်သေးသော်လည်း ကာမရာဂနှင့် ပဋိဃတရားဆိုးများ ပိုမို ပါးသွား နည်းသွား၏။

သကဒါဂါမိမဂ်ချမ်းသာကို သုံးဆောင်ခံစားနေခြင်းကို သကဒါဂါမိ ဖိုလ်ရရှိသည်ဟု ခေါ်၏။ ဤမဂ်ကို ရရှိသော ပုဂ္ဂိုလ်ကို သကဒါဂါမိမဂ္ဂဋ္ဌ (သကဒါဂါမိမဂ်ဋ္ဌတည်သောပုဂ္ဂိုလ်) ဤဖိုလ်ကို ရသော ပုဂ္ဂိုလ်ကို သကဒါဂါမိဖလဋ္ဌ (သကဒါဂါမိဖိုလ်ဋ္ဌတည်သောပုဂ္ဂိုလ်)၊ ဤမဂ်ဖိုလ်ကို ရရှိသော ပုဂ္ဂိုလ်အား သကဒါဂါမ်ပုဂ္ဂိုလ် (လူ.ဘဝသို့ တစ်ကြိမ်သာ ပြန်လာတော့မည့်ပုဂ္ဂိုလ်)ဟု ခေါ်၏။

သကဒါဂါမ်ပုဂ္ဂိုလ်သည် နတ်ဘဝ၊ လူ.ဘဝနှစ်ဘဝသာ ကူးပြောင်းပြီး နိဗ္ဗာန်သို့ စံဝင်မည့်ပုဂ္ဂိုလ် ဖြစ်သည်။ ဤပုဂ္ဂိုလ်သည်လည်း အိမ်ထောင်သားမွေးအမှုကို ပြုသေးသော်လည်း၊ လောဘ၊ ဒေါသ၊ မောဟတရားဆိုးများ အလွန်နည်းပါးသွားပြီဖြစ်၏။

(၃) အနာဂါမိမဂ်၊ အနာဂါမိဖိုလ်

သကဒါဂါမ်ပုဂ္ဂိုလ်သည် ဝိပဿနာတရားကို ဆက်လက်အားထုတ်သောအခါ နောက်တစ်ကြိမ် ရနိုင်သည့် မဂ်ဖြစ်သည်။ ဤမဂ်သို့ ဆိုက်ရောက်သူသည် အလွန်သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃတရားဆိုးများကို လုံးဝပယ်သတ်နိုင်ပြီဖြစ်၏။ အနာဂါမိမဂ်ချမ်းသာကို သုံးဆောင်ခံစားခြင်းကို အနာဂါမိဖိုလ်ရသည်ဟု ခေါ်၏။

ဤမဂ်ကိုရရှိသော ပုဂ္ဂိုလ်အား အနာဂါမိမဂ္ဂဋ္ဌ (အနာဂါမိမဂ်ဋ္ဌတည်သောပုဂ္ဂိုလ်)၊ ဤဖိုလ်ကို ရရှိသော ပုဂ္ဂိုလ်အား အနာဂါမိဖလဋ္ဌ (အနာဂါမိဖိုလ်ဋ္ဌ တည်သောပုဂ္ဂိုလ်) ဤမဂ်ဖိုလ်ကို ရရှိသောပုဂ္ဂိုလ်အား အနာဂါမ် (ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် နောင်တစ်ဖန် ဧကန်မလာတော့ပြီဖြစ်သော ပုဂ္ဂိုလ်)ဟုခေါ်၏။

http://www.dhammadownload.com

အနာဂါမ်ပုဂ္ဂိုလ်သည် ဤဘဝမှ လွန်မြောက်သော် သုဒ္ဓါဝါသဘုံသို့လားပြီး ဗြဟ္မာဘဝ၌ပင် နိဗ္ဗာန်သို့ စံဝင်မည်ဖြစ်သည်။ ဤပုဂ္ဂိုလ်သည် ကာမရာဂကို ပယ်ပြီးဖြစ်၍ အိမ်ထောင်သားမွေးအမှုကို မပြုတော့သည့်အပြင် အကြမ်းစား လောဘ၊ ဒေါသ၊ မောဟတရားဆိုးသုံးပါးကို လုံးဝပယ်နိုင်ခဲ့ပြီဖြစ်၏။

(၄) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်

အနာဂါမ်ပုဂ္ဂိုလ်သည် ဝိပဿနာတရား ဆက်လက်အားထုတ်သောအခါ နောက်ဆုံးရနိုင်မည့် မဂ်မှာ အရဟတ္တမဂ် (ရဟန္တာဖြစ်ကြောင်းမဂ်) ဖြစ်၏။ ဤမဂ်သို့ ဆိုက်ရောက်သောပုဂ္ဂိုလ်သည် ကိလေသာအားလုံး သံယောဇဉ် (၁၀)ပါးစလုံးကို ပယ်သတ်နိုင်ပြီး ဖြစ်သည့်အပြင် ရူပရာဂ (ရူပဘုံ၌ တပ်မက်နှစ်သက်သောတဏှာ)၊ အရူပရာဂ (အရူပဘုံ၌ တပ်မက်နှစ်သက်သောတဏှာ)တို့မှ ကင်း၏။ ဥဒ္ဓစ္စ (စိတ်မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်း)နှင့် စက်ဆုပ်ရွံရှာမှုများ မဖြစ်တော့ဘဲ ဥပေက္ခာစိတ် (ဝမ်းသာ ဝမ်းနည်းမှု မရှိခြင်း) သာဖြစ်တော့၏။ အဝိဇ္ဇာ (မသိမှု)ဟူ၍လည်း မရှိ။ ဤမဂ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို သုံးဆောင်ခံစားခြင်းကို အရဟတ္တဖိုလ် ဆိုက်ရောက်သည်ဟု ခေါ်၏။

ဤမဂ်ကို ရရှိသောပုဂ္ဂိုလ်ကို အရဟတ္တမဂ္ဂဌ (အရဟတ္တမဂ်၌ တည်သောပုဂ္ဂိုလ်)၊ ဤဖိုလ်ကို ရရှိသောပုဂ္ဂိုလ်ကို အရဟတ္တဖလဋ္ဌ (အရဟတ္တဖိုလ်၌တည်သောပုဂ္ဂိုလ်)၊ ဤမဂ်ဖိုလ်ကို ရရှိသောပုဂ္ဂိုလ်ကို ရဟန္တာဟု ခေါ်၏။ ဤမဂ်ဖိုလ်ကား အကျင့်စခန်းတွင် လမ်းဆုံးအမြတ်ဆုံးပန်းတိုင် လှမ်းကိုင်ရပြီးဖြစ်သောကြောင့်၊ သာသနာ့ကိစ္စအပြီးတိုင် ရောက်ရှိလာသော အဂ္ဂဒက္ခိဏေယျ၊ (အမြတ်ဆုံးအလှူခံ) ပုဂ္ဂိုလ်မြတ်ဖြစ်၏။ မြတ်သောအကျင့်၏ နိဂုံးကမွတ်အဆုံးသတ်တရားပင် ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်သည် ရှေးအတိတ်ကံဟောင်းများလည်း ကုန်ခဲ့ပြီ။ ကံအသစ်လည်း ဖြစ်ပေါ်ခြင်းမရှိတော့ပေ။ ဘဝအသစ်တစ်ဖန် ဖြစ်ပေါ်ခြင်းမရှိတော့ဘဲ မျက်မှောက်ဘဝ တွင်ပင် နိဗ္ဗာန်တို့ စံဝင်မည်ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်သည် တဏှာကို ပယ်ပြီး ဖြစ်၍ ဤဘဝကုန်ဆုံးမည်ကိုလည်း မကြောက်၊ နောင်ဖြစ်ရမည့် ဘဝသစ်၌လည်း တွယ်တာသောစိတ် ကင်းတော်မူကြ၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် ဘုရားပူဇော်ခြင်း၊ ဒါနပြုခြင်း စသော ကောင်းမှုများကို ပြုသေးသော်လည်း ထိုကောင်းမှုများသည် ဓာတ်သတ္တိမရှိတော့၍ ကံအဖြစ်သို့ မရောက်ဘဲ ကရဏမတ္တံကြိယာ (ပြုရုံမျှသာ၊ မည်သည့်အကျိုးမှ မဖြစ်စေတတ်သော ကြိယာ)ဖြစ်သွား၏။ တောက်လောင်နေသော ဆီမီး ငြိမ်းသွားသကဲ့သို့ သံသရာဝဋ်ဓာတ်သိမ်း၍ ပဋိသန္ဓေမျိုးစေ့ကုန်ခန်း ချုပ်ငြိမ်းတော်မူကြလေကုန်၏။

http://www.dhammadownload.com

အရိယာပုဂ္ဂိုလ်

မဂ်ဖိုလ်(၄)ပါးအနက် တစ်ပါးပါးရရှိသူကို အရိယာပုဂ္ဂိုလ် (ကိလေသာများ စင်ကြယ်သောပုဂ္ဂိုလ်) ဟု ခေါ်သည်။ အရိယာပုဂ္ဂိုလ်များကို ရှေးဘဝများက ပြုလုပ်ခဲ့သော အကုသိုလ်ကံများသည်လည်းကောင်း၊ မျက်မှောက်ဘဝတွင် ပြုခဲ့ဖူးသော အကုသိုလ်ကံများသည်လည်းကောင်း အပါယ်သို့ရောက်အောင် အကျိုးပေး နိုင်စွမ်းမရှိတော့ပေ။ ပဋ္ဌာန်၌ ရိယက်ကြီး ကျူးလွန်ခဲ့သူများမှာမူ ယခုမျက်မှောက်ဘဝတွင် မည်မျှ ကြိုးပမ်းအားထုတ်စေကာမူ အရိယာပုဂ္ဂိုလ်မဖြစ်နိုင်တော့ပေ။

အရိယာပုဂ္ဂိုလ်သည် သီးခြားမဆောက်တည်ရဘဲ လောကုတ္တရာ သရဏဂုံ တည်နေပြီး မကောင်းမှုမှန်သမျှကို အသက်ဟူသော အကြောင်းကြောင့်ပင် (အသက်ကို စွန့်၍) မပြုလုပ်ပါ။ အပါယ်တံခါးလုံးဝ ပိတ်ပြီး အဆင့်လိုက် နိဗ္ဗာန် စံဝင် ကြရမည် ဖြစ်၏။

အရိယာ မဖြစ်သေးသော ပုထုဇဉ်များမှာမူ သုဂတိဘုံများသို့ ရောက်ရှိစေကာမူ မဂ်ဖိုလ်မရသေး သမျှ အပါယ်သို့ အချိန်မရွေး ကျရောက်နိုင်သဖြင့် တစ်ဘဝအတွက်သာ စိတ်ချရပြီး သံသရာအတွက် လုံခြုံစိတ်ချရခြင်း မရှိပေ။

နိဗ္ဗာန်

ဗုဒ္ဓဘာသာဝင်များ၏ အဆုံးစွန်သော ပန်းတိုင်ဖြစ်၏။ သာသနာတော်တွင် မရမနေ အရယူရန် လိုလားတောင့်တအပ်သော အမြတ်ဆုံးတရားလည်းဖြစ်၏။

နိ – မရှိခြင်း၊ ကုန်ဆုံးခြင်း၊ ချုပ်ငြိမ်းခြင်း

ဝါန – ဘဝတစ်ခုနှင့်တစ်ခု ဆက်စပ်ပေးသည့်တဏှာ။

(နိဗ္ဗာန်...နိ+ဝါန) – အစွန်းတရားများလွန်မြောက်လျက် ပကတိ ငြိမ်းအေးခြင်း၊ ဒုက္ခအပေါင်း ချုပ်ငြိမ်းခြင်း၊ ကိလေသာတဏှာ တို့ အကြွင်းမဲ့ချုပ်ငြိမ်းသွားခြင်း၊ အာယာတနခြောက်ပါးတို့ချုပ်ငြိမ်းခြင်း၊ ဘဝအသစ်တစ်ဖန် မဖြစ်တော့ဘဲရုပ်၊ နာမ်၊ သန္ဓါရဖြစ်စဉ် ချုပ်ငြိမ်းပြတ်စဲသွားခြင်း။

သန္ဓတ (အကြောင်းတရားတို့ ပြုပြင်ဖန်တီးအပ်သော)တရားများ၊ အသန္ဓတ (အကြောင်းတရားတို့ မပြုပြင် မဖန်တီးအပ်သော) တရားများထဲတွင် အသန္ဓတ ဖြစ်သော နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏။ ယင်းနိဗ္ဗာန်ကို ဆိုက်ရောက်ခဲ့လျှင် ဝဋ်မှန်သမျှ

http://www.dhammadownload.com

ပြတ်စဲရ၏။ လိုချင်မှုတဏှာ မှန်သမျှ ကုန်ခန်းရ၏။ ကိလေသာ အပူမှန်သမျှ ချုပ်ငြိမ်းရ၏။ ဆင်းရဲဒုက္ခမှန်သမျှလည်း ကွယ်ပျောက်ကုန်ဆုံးရ၏။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာသည် ချမ်းသာဟူသမျှတို့တွင် အထွတ်အထိပ်ဖြစ်၏။

ဗုဒ္ဓဘာသာကို ခြေခြေမြစ်မြစ် မလေ့လာဘူးသူများက နိဗ္ဗာန်သည် လက်ရှိဘဝနှင့် မသက်ဆိုင်၊ တမလွန်ဘဝနှင့်သာ သက်ဆိုင်သည်ဟု ထင်မှတ်ကြ၏။ အမှန်တကယ် မှာမူ နိဗ္ဗာန်သည် ပရမတ္ထအရှိ တရား၊ မျက်မှောက်ဘဝနှင့် မျက်မှောက်ရုပ်ခန္ဓာဌပင် ဒိဌဓမ္မ ရရှိနိုင်သောတရားဖြစ်၏။ နိဗ္ဗာန်ကို မြင်နိုင် တွေ့နိုင်သည်အထိ ကျင့်ကြံ အားထုတ်ပါက လက်တွေ့ရရှိခံစားနိုင်မည်ဖြစ်သည်။

နိဗ္ဗာန်ကို သိရှိသောဘဝ။ ရရှိသောဘဝသည် အနှစ်သာရအရှိဆုံး တန်ဖိုးအရှိဆုံးဖြစ်၏။ နိဗ္ဗာန် သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၏အာရုံဖြစ်၍ အရိယာပုဂ္ဂိုလ်တို့၏ မျက်မှောက်ဆိုက်ထိ ကိုယ်တွေ့သိရသော ဓာတ်သဘောဖြစ်၍ မရပမတ္ထအားဖြင့် ထင်ရှားရှိ၏။ စင်စစ်နိဗ္ဗာန်သည် ဝေါဟာရတို့မှလည်းကောင်း၊ ရော်ရမ်းမှန်းဆမှုတို့မှ လည်းကောင်း ကျော်လွန်နေသော သဘာဝဖြစ်ရကား သတိပဋ္ဌာန်ကျင့်စဉ် နည်းလမ်း များဖြင့် ကိုယ်တိုင်ကိုယ်ကြပ် အားထုတ်ကြည့်ပါမှ ကိုယ်တိုင်တွေ့မြင်သိရှိသော ပရမတ္ထ သဘာဝသာလျှင် ဖြစ်သည်။ နိဗ္ဗာန်သည် ဉာဏ်၏အရာသာ ဖြစ်၍ သစ္ဆိကရဏ (တိုက်ရိုက်မျက်မှောက်ပြုခြင်း)နှင့် အတ္တပစ္စက္ခ (ကိုယ်တွေ့မြင်သိခြင်း)ဖြင့်သာ သိအပ်သောတရားဖြစ်၏။

နိဗ္ဗာန် (၂)ဆင့်ရှိ၏။

(၁) သဥပါဒိသေသနိဗ္ဗာန် – ခန္ဓာငါးပါးအကြွင်းရှိသော နိဗ္ဗာန် (အရိယာပုဂ္ဂိုလ်တို့ ခန္ဓာဝန် မစွန့်မီ ခံစားနိုင်သောနိဗ္ဗာန်)

(၂) အနုပါဒိသေသနိဗ္ဗာန် – ခန္ဓာငါးပါးအကြွင်းမရှိသောနိဗ္ဗာန်။

နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း

နိဗ္ဗာန်သည် သဘာဝအားဖြင့် သိမ်မွေ့လှ၏။ နူးညံ့လှ၏။ ကိလေသာရုပ်၊ နာမ်ဖောက်ပြန်တတ်သော တရားတို့မှ ကင်းလွတ်လျက် ရှိသောကြောင့် အလွန်ငြိမ်သက် အလွန်ကောင်းမွန်၏။ အလွန်ငြိမ်းအေး ၏။ ဤသို့သော အကြောင်းများကြောင့် နိဗ္ဗာန်နှင့်တူသော တရားတစ်ခုမှမရှိဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။

နိဗ္ဗာန်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မှတစ်ပါး အခြားသော လောကီဉာဏ်တို့ဖြင့် ထောက်တည်၍ မရအောင် နက်နဲလှ၏။ ထို့ကြောင့် နိဗ္ဗာန်ကို သိမြင်နိုင်ရန် အလွန် ခက်ခဲ၏။ နိဗ္ဗာန်သည် ဝိပဿနာဉာဏ်တို့၏ အရာသာ ဖြစ်၏။

http://www.dhammadownload.com

မိမိသန္တာန်၌ မင်္ဂိုလ်ဖြစ်သည်ကို မင်္ဂလာသည်၊ ဖိုလ်ရသည်ဟုဆို၏။ နိဗ္ဗာန်မှာ ထိုကဲ့သို့ ဖြစ်သည် ကားမဟုတ်။ မင်္ဂလာ၊ ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်း (ခေါ်) ကိုယ်တွေ့သိခြင်းပင်ဖြစ်၏။ ထို့ကြောင့်နိဗ္ဗာန်သည် အရိယာတို့၏ မိမိဉာဏ်စွမ်းဖြင့်သာ မျက်မှောက်ပြုအပ်သောတရားလည်း ဖြစ်၏။

မဂ္ဂဘာဝနာ (မင်္ဂလာကို မိမိသန္တာန်၌ ဖြစ်စေခြင်း)ကို ပွားများသူသည် မင်္ဂလာအခိုင်္ဂ၌ အငြိမ်းဓာတ်ကို ဆိုက်တွေ့ရ၏။ ထိုအခိုင်္ဂ၌ပင် ခန္ဓာချုပ်ငြိမ်းမှု၊ ခန္ဓာကို ဖြစ်စေတတ်သော အဘိသင်္ခါရဝိဉာဏ်တို့၏ ချုပ်ငြိမ်းမှုများလည်း ပြီးစီး၏။ ထိုအငြိမ်းဓာတ်ကား ပျောက်သွားသည်မရှိဘဲ ထာဝရတည်ရှိ၏။ ထို့ကြောင့်ပင် ရဟန္တာများတွင် စုတိအခြားမဲ့၌ ဝင်္ဂဒုက္ခသင်္ခါရတို့ လုံးဝချုပ်ငြိမ်းမှု ထင်ရှားလာရတော့သည်။ ခံစားမှုဝေဒယိတ မရှိခြင်းသည်ပင် နိဗ္ဗာန်ချမ်းသာဖြစ်တော့သည်။ ချမ်းသာတကာတို့၏ အထွတ်အမြတ်ပင်တည်း။

မဂ္ဂဘာဝနာနှင့်ကင်း၍ကား နိဗ္ဗာန်မရနိုင်။

ဤသို့ ထူးမြတ်ကောင်းမွန်သော အတုမရှိ နိဗ္ဗာန်တရား (နိဗ္ဗာနဓာတ်)ကို ရယူနိုင်ခွင့်ရှိသည်မှာ မြတ်ဗုဒ္ဓသာသနာတော်၏ ထူးခြားမွန်မြတ်သော ဂုဏ်တစ်ရပ်ပင်ဖြစ်၏။ နိဗ္ဗာန်ရောက်ရန် လမ်းမှန် အကျင့်ကောင်းလည်းရှိ၍ ကျင့်သည့်အတိုင်းလည်း နိဗ္ဗာနဓာတ်သို့ ဆိုက်ရောက်နိုင်သော အလွန်တွေ့ကြုံ ရခဲသည့် မြတ်ဗုဒ္ဓသာသနာတော်နှင့် ကြုံတွေ့ရသော ဤအခါသမယမျိုး၌ အခွင့်အရေးကို လက်လွတ်မခံဘဲ မြတ်ဗုဒ္ဓတရားတော်များနှင့်အညီ အစွမ်းကုန်ကြိုးပမ်းအားထုတ်ခြင်းဖြင့် အလွန်နက်နဲ ခက်ခဲသိမ်မွေ့သော နိဗ္ဗာနဓာတ်မြတ်သို့ ဆိုက်ကပ်နိုင်ကြပါစေသတည်း။

သိမှတ်ဖွယ်။ နိဗ္ဗာန်ကို သိသည်ဟု ဆိုလျှင်ပင် ထိုနိဗ္ဗာန်ကို မြင်တတ်သော မင်္ဂဖိုလ်ကိုလည်းကောင်း၊ ထိုမင်္ဂဖိုလ်ရကြောင်းဝိပဿနာ၊ သမာဓိ၊ သီလစသော တရားများကိုလည်းကောင်း သိပြီးဆိုသော အဓိပ္ပာယ်မှာ ပြီးစီးလျက် ရှိတော့၏။

ဆုတောင်းပြည့်စေရေး

ဆုတောင်းသည့်ပုဂ္ဂိုလ်သည် ကုသိုလ်ကောင်းမှုကိုလည်း ပြုလုပ် မိမိတောင်းလိုသောဆုကိုလည်း လိုလားတောင့်တစွာ ဆုတောင်းလျှင် ဆုတောင်းပြည့်နိုင်၏။ ဆုတောင်းသော ပုဂ္ဂိုလ်၏ သီလ၊ သမာဓိ၊ ပညာသိက္ခာ(၃)ရပ်ပြည့်စုံလေ ပို၍ အကျိုးများနိုင်လေဖြစ်၏။ သို့ဖြစ်၍ မြတ်စွာဘုရားရှင်၏ ဒေသနာတော်များနှင့်အညီ ကောင်းစွာကျင့်ကြံနေထိုင်အားထုတ် ကောင်းမှုကုသိုလ်အစုစုကို ပြုလုပ်ကြပြီး

http://www.dhammadownload.com

မိမိလိုရာဆုများနှင့် အဆုံးစွန်သော သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရာ နိဗ္ဗာန်ချမ်းသာ ဆုကြီးကို ပန်ဆင်ကြပါလေ။

အရိုအသေပြု၍ ပြန်လည်ထွက်ခွာခြင်း

ရတနာမြတ်သုံးပါးနှင့် ရိုသေလေးစားသမှု ပြုထိုက်သူများထံမှ ရှိခိုးကန်တော့ပြီး ပြန်လည်ထွက်ခွာသောအခါ ချက်ချင်းကျောပေး၍ ပြန်လည်မထွက်ခွာသင့်ပေ။ လက်အုပ်ချီကာ ခပ်စောင်းစောင်းနောက် ဆုတ်လာပြီးနောက် သင့်တော်သော နေရာရောက်မှ ပြန်၍ လှည့်ပြန်သင့်သည်။ သို့မှသာ ရိုသေလေးစားရာ ရောက်သည်။ ဘုရားရှင်လက်ထက်က ဤအတိုင်းပြုမူကြသည်။

ဘုရားအနေကဇာတင်ခြင်း

ဘုရားအနေကဇာတင်ခြင်းကို ဗုဒ္ဓါဘိသေက မင်္ဂလာတော်ဟုခေါ်သည်။ ဘုရားအနေကဇာတင်ခြင်း ဆိုသည်မှာ ဘုရားရှင်ကိုယ်တော်မြတ်ဘုရားဖြစ်စ နေ့တွေညတွေမှာ အနေကဇာတိသံသာရံ၊ ပဋိစ္စသမုပ္ပါဒ်၊ ယဒါဟဝေဂါထာများဖြင့် တစ်နေ့လုံး တစ်ညလုံး ဥဒါန်းကျူးရင့် သီတင်းသုံးခဲ့ခြင်းများကို ပြန်လည် အောက်မေ့ကြည်ညိုသည့်အနေဖြင့် အဆိုပါ ဂါထာတော်များဖြင့် ဘုရားရှင်အား ရွတ်ဖတ်ပူဇော်ခြင်းဖြစ်၏။ မိမိကိုယ်တိုင် အဆိုပါဂါထာတော်များဖြင့် ဘုရားရှေ့မှောက်မှာ ရွတ်ဖတ်ပူဇော်လျှင်လည်း ဗုဒ္ဓါဘိသေကမင်္ဂလာဖြစ်၏။ သံဃာတော် အရှင်သူမြတ်များကို ပင့်၍ ရွတ်ဆိုလျှင်ပိုပြီး ဌာနကရိဏ်းကျ၍ ပို၍ကြည်ညိုသဒ္ဓါပွားရ၏။

သို့ဖြစ်၍ ဘုရားအနေကဇာတင်ခြင်းသည် ဘုရားဆင်းတုတော်ရုပ်ပွားတော်များအား အသက်သွင်းခြင်းမမည်။ မည်သည့်ဘုရားဆင်းတုတော် ရုပ်ပွားတော်ရှေ့မှာဖြစ်စေ သက်တော်ထင်ရှား မြတ်ဘုရားနှင့် မြတ်ဘုရား၏ဂုဏ်တော်များကို စိတ်တွင်ထင်မြင်လာအောင် အာရုံယူ၍ ပူဇော်ကန်တော့မှသာ ပို၍ အကျိုးများကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။

တစ်ဆက်တည်းမှာပင် ဘုရားရုပ်ပွားဆင်းတုတော်၊ စေတီတော်များရှေ့မှောက်တွင် ဆီမီးကပ်လှူ ခြင်း၊ ဆွမ်းတော်တင်ခြင်း၊ ရေချမ်းကပ်ခြင်း၊ ပန်းများပူဇော်ခြင်း စသည့် ဝေယျာဝစ္စများဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည့်အခါ သက်တော်ထင်ရှား မြတ်စွာဘုရားရှေ့မှောက်မှာကဲ့သို့ မှတ်ယူ၍ သန့်ရှင်း သပ်ရပ်စွာ လေးလေးစားစား အမွန်အမြတ်ထား၍ ပြုလုပ်သင့်သည်။ ထိုနည်းတူ အလွန်ရိုသေလေးစားသမှုပြုသည့် အနေဖြင့် ကိုယ်၊ နှုတ်၊ စိတ်နှလုံး သုံးပါးစလုံးကို စောင့်ထိန်းရမည်။

http://www.dhammadownload.com

ဥပမာအားဖြင့် ဘုရားပန်းအိုးထဲမှ ရေများပုပ်စော်နံခြင်း၊ အမှိုက်သရိုက်များ ရှုပ်ပွထားခြင်း၊ ဘုရားစင်ရှေ့နှင့် အနီးအပါးတို့တွင် ဝိုင်းဖွဲ့၍စကားမျိုးစုံ ပြောဆို ရယ်မော တသောသော နေထိုင်ကြခြင်း၊ ပိုးလိုးပက်လက် အိပ်စက်ကြခြင်း၊ အဝတ်အစားလဲကြခြင်းစသည့်မဖွယ်မရာမှုများကို အမှတ်တမဲ့ ပြုလုပ်မိကြ၏။

သက်တော်ထင်ရှား မြတ်ဘုရားရှေ့မှောက်တွင် မပြုလုပ်အပ်သည့် အပြုအမူ မှန်သမျှကို ဘုရားရှင်၏ ရုပ်ပွားဆင်းတု စေတီတော်ရှေ့မှောက်တို့တွင်လည်း မပြုလုပ်အပ်၊ ရှောင်ကြဉ်အပ်သည်သာ ဖြစ်၏။

အကောင်းဆုံးမှာ အိမ်များတွင် ဘုရားခန်းကို သီးသန့်ကာရံထားသင့်ပြီး သက်တော် ထင်ရှား မြတ်ဘုရားနှင့် တပည့်သားတော်သံဃာတော်များ သီတင်းသုံးတော်မူကြရာဌာနအဖြစ် မှတ်ယူခြင်းဖြင့် ကောင်းမှုကုသိုလ်အစုစုကို အကျိုးများစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

http://www.dhammadownload.com

အခန်း (၂)

သရဏာဂုံနှင့်သီလတောင်းခံခြင်း

ရတနာသုံးပါးကို ပူဇော်ခြင်းကုသိုလ်

ပူဇော်ခြင်းကိုခံယူထိုက်ကုန်သော မြတ်ဘုရားရှင်ကိုလည်းကောင်း၊ မြတ်ဘုရားရှင်၏ တရားတော်ကိုလည်းကောင်း၊ မြတ်ဘုရားရှင်၏ တပည့်သားတော်သံဃာတော်တို့ကိုလည်းကောင်း ပူဇော်သော သူ၏ကောင်းမှုကို ဤကောင်းမှုသည် ဤရွေ့. ဤမျှရှိ၏ဟု တစ်စုံ တစ်ယောက်သောသူသည် ရေတွက်ခြင်းငှာ မတတ်ကောင်းပေ။

(ဓမ္မပဒ)

http://www.dhammadownload.com

သရဏာဂုံနှင့်ငါးပါးသီလတောင်းခံခြင်း

(ပါဠိ) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ
အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ။
တတိယမ္ပိ။

(အနက်) ဘန္တေ (အရှင်ဘုရား)၊ အဟံ (တပည့်တော်သည်)၊ တိသရဏေန (သရဏာဂုံသုံးပါးနှင့်)၊ သဟ (တကွ)၊ ပဉ္စ သီလံ (အင်္ဂါငါးပါးနှင့် ပြည့်စုံသည့် သီလတော်မြတ်ဟု ဆိုအပ်သော)၊ ဓမ္မံ (ကျင့်ဝတ်သိက္ခာပုဒ်ကို)၊ ယာစာမိ (တောင်းခံပါ၏)။ မေ (တပည့်တော်အား)၊ အနုဂ္ဂဟံ (ချီးမြှောက်သည်ကို)၊ ကတ္တာ (ပြု၍)၊ သီလံ (ငါးပါးသော ကျင့်ဝတ် သိက္ခာပုဒ်ကို)၊ ဒေထ (ပေးသနားတော်မူပါအရှင်ဘုရား)။
ဒုတိယမ္ပိ (နှစ်ကြိမ်မြောက်လည်း)
တတိယမ္ပိ (သုံးကြိမ်မြောက်လည်း)
(ပို၍လေးနက်စေရန် သုံးကြိမ်တောင်းခံရခြင်း ဖြစ်ပါသည်။)

အကယ်၍ သံဃာတော်တစ်ပါးပါးထံတွင် တောင်းခံပါက သံဃာတော်က "ယမဟံ ဝဒါမိ တံ ဝဒေထ" ဟု ဆိုသည့်အခါ သီလတောင်းခံသူက အာမဘန္တေ ပါ အရှင်ဘုရားဟု ဆိုရသည်။ အဓိပ္ပာယ်မှာ ယံ (အကြင်စကားကို)၊ အဟံ (ငါသည်)၊ ဝဒါမိ (ဆို၏)၊ တံ (ထိုငါဆိုသွားသော စကားကို)၊ ဝဒေထ (လိုက်၍ဆိုကြကုန်) ဟူ၍ဖြစ်၏။ အာမ ဘန္တေ ဆိုသည်မှာ (ဘန္တေ-အရှင်ဘုရား)၊ (အာမ ကောင်းလှပါပြီ) ဟူ၍ ဖြစ်၏။

သရဏာဂုံနှင့် ရှစ်ပါးသီလတောင်းခံခြင်း

(ပါဠိ) အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ
ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေဘန္တေ။
ဒုတိယမ္ပိ။
တတိယမ္ပိ။
(အာမ ဘန္တေ ပါအရှင်ဘုရား)

http://www.dhammadownload.com

(အနက်) အဋ္ဌင်္သမန္နာဂတံ-ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသည့်
ဥပေါသထသီလံ-ဥပုဒ်သီလတည်းဟူသော။

သရဏဂုံနှင့်အာဇီဝဋ္ဌမက သီလတောင်းခံခြင်း

(ပါဠို) အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ၊
ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေဘန္တေ။
ဒုတိယမ္ပိ။
တတိယမ္ပိ။
(အာမ ဘန္တေပါအရှင်ဘုရား)

(အနက်) အာဇီဝဋ္ဌမကသီလံ၊သမ္မာအာဇီဝအရောက် ရှစ်ခုမြောက် သီလဖြစ်သော။

သရဏဂုံနှင့် ကိုးပါးသီလတောင်းခံခြင်း

(ပါဠို) အဟံ ဘန္တေ တိသရဏေန သဟ နဝင်္သမန္နာဂတံ
ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေဘန္တေ။
ဒုတိယမ္ပိ။
တတိယမ္ပိ။
(အာမ ဘန္တေပါအရှင်ဘုရား)

(အနက်) နဝင်္သမန္နာဂတံ -အင်္ဂါကိုးပါးနှင့် ပြည့်စုံသော။

သရဏဂုံနှင့်ဆယ်ပါးသီလတောင်းခံခြင်း

(ပါဠို) အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ
ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေဘန္တေ။
ဒုတိယမ္ပိ။
တတိယမ္ပိ။
(အာမ ဘန္တေပါအရှင်ဘုရား)

(အနက်) ဒသ ဂဟဋ္ဌသီလံ-လူတို့၏ ဆယ်ပါ သီလဖြစ်သော။

http://www.dhammadownload.com

သီလတောင်းခံခြင်း အကြောင်းသိမှတ်ဖွယ်

သီလတောင်းခံရာတွင် ဘုရားရှင်ရှေ့မှောက်တွင်ဖြစ်စေ၊ သံဃာတော်တစ်ပါးပါးထံတွင်ဖြစ်စေ ပါဠိ (သို့မဟုတ်) မြန်မာလိုပင် တောင်းခံနိုင်ပါသည်။ သီလမတောင်းခံဘဲ မိမိဘာသာ သီလမကျိုးပျက်အောင် သိက္ခာပုဒ်များကို စောင့်ထိန်းနိုင်လည်း ရပါသည်။ အကျိုးရှိပါသည်။ အရေးကြီးသည်မှာ သီလကို မကျိုးမပျက်အောင် စောင့်ထိန်းရန်ပင်ဖြစ်၏။

ဘုရားရှင်နှင့် သံဃာတော်များ ရှေ့မှောက်တွင် သီလတောင်းခံရခြင်းမှာ မိမိအနေဖြင့် သီလကျိုးပျက်ချင်သည့်တိုင်အောင် ဘုရားရှေ့၊ သံဃာရှေ့မှာ အာမဘန္တေခံယူ ဆောက်တည်ထားခြင်းဖြစ်၍ ဘုရားမျက်နှာ၊ ဘုရားဂုဏ်ကျေးဇူးတော်၊ သံဃာမျက်နှာ၊ သံဃာဂုဏ်ကျေးဇူးတော်တို့ကို ထောက်ထားမိ၍ ပြန်လည်ဆင်ခြင် ထိန်းသိမ်းနိုင်ပေသည်။ ထို့ပြင် ဆောက်တည်မှု စေတနာအတွက်လည်း ပိုမို အကျိုးရှိသည်သာဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာဝင်တစ်ဦး၏ သီလစောင့်ထိန်းမှု သည် ဗုဒ္ဓသာသနာဝင်မဟုတ်သူတစ်ဦး၏ သီလစောင့်ထိန်းမှုထက် ဆောက်တည်မှု စေတနာပိုသဖြင့် အကျိုးပေးပိုများ၏။

ဘုရားဂုဏ်တော်ဖြင့် ပူဇော်ခြင်း

မိမိဆောက်တည်လိုသည့် သီလဒါနတောင်းခံပြီးလျှင် မြတ်စွာဘုရားအား အောက်ပါအတိုင်း ရှိခိုးပူဇော် ကန်တော့ရသည်-

(ပါဠိ) - နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။
(အလေးအနက်ဖြစ်စေရန် သုံးခေါက်ရွတ်ဆိုပူဇော်ရာ၏။)

(အနက်) - အရဟတော- မကောင်းသော ကိလေသာ အညစ်အကြေးမှန်သမျှကို ဝါသနာနှင့်တကွ ဖွန့်ပစ်တော်မူသဖြင့် လူ နတ် ဗြဟ္မာအပေါင်း တစ်လောကလုံး၏ ကိုးကွယ်ပူဇော်အားထားရာ အစစ်အမှန် ဖြစ်တော်မူပြီးထသော၊ သမ္မာ သမ္ဗုဒ္ဓဿ-ခပ်သိမ်းသောတရားတို့ကို ဆရာမကူသယမ္ဘူဉာဏ်ဖြင့် အကြွင်းမဲ့သိမြင်တော်မူပြီးထသော၊ တဿ ဘဂဝတော- သူတကာတို့ထက် သာလွန်မွန်မြတ်၊ ဘုန်းတော်ခြောက်ရပ်နှင့် ပြည့်စုံတော်မူပြီးထသော၊ မြတ်စွာဘုရားအား၊ နမောရှိခိုးပူဇော် ကန်တော့ပါ၏။

http://www.dhammadownload.com

သိမှတ်ဖွယ် ဤဘုရားရှိခိုးသည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် ဘုရားဂုဏ်တော်များ အနက်မှ လူ နတ် ဗြဟ္မာအပေါင်းတို့ လောကဥ္စ အထင်ရှားဆုံး၊ ရေပန်းအစားဆုံး ဘုရားဂုဏ်တော်သုံးပါးကို လူ နတ် ဗြဟ္မာတို့က အစဉ်ရွတ်ဆို ပူဇော်ကန်တော့သော ပါဠိတော်ဖြစ်၏။ တိုတိုနှင့်လိုရင်းပူဇော်ကန်တော့ထားခြင်းဖြစ်ရာ အလွန်အကျိုးများ ပါသည်။

http://www.dhammadownload.com

အခန်း(၃)

သရဏဂုံဆောက်တည်ခြင်း

သရဏဂုံအစစ်အမှန်

လူ နတ် ဗြဟ္မာအပေါင်း တစ်လောကလုံး၏ ကိုးကွယ်ဆည်းကပ်ရာ အစစ်အမှန် ဖြစ်တော်မူသော ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးတို့အပေါ်၌ ဒိဋ္ဌ (အယူမှား၌)၊ ဝိစိကိစ္ဆာ (ယုံမှား သံသယဖြစ်မှု)၊ သမ္မောဟ (တွေဝေမှု)၊ အသဒ္ဓိယ (မယုံကြည်မှု)တည်းဟူသော မကောင်းသော ကိလေသာ အကုသိုလ်တရားများကို ပယ်ဖျောက်၍ ထိုရတနာမြတ်သုံးပါး သာလျှင် ကိုးကွယ်ဆည်းကပ်ရာဟု အမှန်တကယ် ယုံကြည်ကြည်ညိုခြင်း သဒ္ဓါတရား အမှန်တကယ်၊ ယုံကြည်ကိုးစား အားထားရာဟု သိမြင်သောပညာ၊ လေးစားခြင်း ဂရုအခြင်းအရာများဖြင့် မိမိတို့သဏ္ဌာန်၌ ဖြစ်ပေါ်သော ကုသိုလ် စိတ်၊ စေတသိက်တို့သာလျှင် အဖိုးမဖြတ်နိုင်သော သရဏဂုံ အစစ်အမှန်မည်၏။

http://www.dhammadownload.com

သရဏဂုံဆောက်တည်ခြင်း

တစ်သက်တာအတွက် သရဏဂုံ ဆောက်တည်ရန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ပါဠိ) – အဇ္ဇအာဒိ ကတ္တာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာဒေမိ၊
အဇ္ဇအာဒိ ကတ္တာ အဟံ အတ္တာနံ ဓမ္မဿ နိယျာဒေမိ၊
အဇ္ဇအာဒိ ကတ္တာ အဟံ အတ္တာနံ သံဃဿ နိယျာဒေမိ၊
ဇီဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ... ... ...။
တတိယမ္ပိ... ... ...။
(အာမ ဘန္တေ ပါ အရှင်ဘုရား)

(အနက်) – အဇ္ဇအာဒိ ကတ္တာ(ယနေ့မှအစပြု၍)၊ အဟံ(အကျွန်ုပ်သည်)၊ အတ္တာနံ(အသက်သမျှ ချစ်မြတ်နိုးသော မိမိခန္ဓာကိုယ်ကို)၊ ဗုဒ္ဓဿ (မြတ်စွာဘုရားအား)၊ နိယျာဒေမိ၊ (အပ်နှင်း လှူဒါန်းပါ၏)။ အဇ္ဇအာဒိ ကတ္တာ (ယနေ့မှအစပြု၍)၊ အဟံ (အကျွန်ုပ်သည်)၊ အတ္တာနံ(အသက်သမျှ ချစ်မြတ်နိုးသော မိမိခန္ဓာဂိုယ်ကို)၊ ဓမ္မဿ (တရားတော်မြတ်အား)၊ နိယျာဒေမိ (အပ်နှင်းလှူဒါန်းပါ၏)။ အဇ္ဇအာဒိ ကတ္တာ (ယနေ့မှအစပြု၍)၊ အဟံ (အကျွန်ုပ်သည်)၊ အတ္တာနံ (အသက်သမျှ ချစ်မြတ်နိုးသော မိမိခန္ဓာကိုယ်ကို)၊ သံဃဿ (အရိယာ သံဃာတော်မြတ်အား)၊ နိယျာဒေမိ၊ (အပ်နှင်းလှူဒါန်းပါ၏)။

ဇီဝိတပရိယန္တိကံ (အသက်သေဆုံးသည့်တိုင်အောင်)၊ ဗုဒ္ဓံ (မြတ်စွာဘုရားကို)၊ သရဏံ(ကိုးကွယ် လဲလျောင်း ပုန်းအောင်း မှီခိုရာဟူ၍)၊ ဂစ္ဆာမိ (မှီဝဲဆည်းကပ်သိမှတ်ပါ၏)။

ဇီဝိတပရိယန္တိကံ(အသက်သေဆုံးသည့်တိုင်အောင်)၊ ဓမ္မံ (တရားတော်မြတ်ကို)၊ သရဏံ (ကိုးကွယ် လဲလျောင်း ပုန်းအောင်း မှီခိုရာဟူ၍)၊ ဂစ္ဆာမိ(မှီဝဲဆည်းကပ် သိမှတ်ပါ၏)။

http://www.dhammadownload.com

ဇီဝိတပရိယန္တိကံ(အသက်သေဆုံးသည့်တိုင်အောင်)၊ သံဃံ (အရိယာသံဃာတော်မြတ်ကို)၊ သရဏံ (ကိုးကွယ် လေလျောင်း ပုန်းအောင်း မှီခိုရာဟူ၍)၊ ဂစ္ဆာမိ(မှီဝဲဆည်းကပ်သိမှတ်ပါ၏)။

သရဏကုံ၏အဓိပ္ပာယ်

ပါဠိဘာသာ သရဏ ဂမနကို မြန်မာလို သရဏကုံဟု ခေါ်သည်။

သရဏ + ဂမန = သရဏကုံ

သရဏ

သရဏဆိုသည်မှာ ဖျက်ဆီးတတ်သော ဝတ္ထုများ ဖြစ်၍ ကိုးကွယ်ရာ၊ လေလျောင်းရာ၊ ပုန်းအောင်း မှီခိုရာ၊ အားထားရာဖြစ်၏။ တစ်နည်းအားဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးသည် ဖျက်ဆီးတတ်သော ဝတ္ထုများဖြစ်၍ ရတနာမြတ်သုံးပါးကို ဆိုလို၏။

ဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တဝါတို့၏ အကျိုးစီးပွားကို လမ်းညွှန်ခြင်းဖြင့်လည်းကောင်း၊ အစီးအပွားမဲ့ အကျိုးမဲ့ကို တားမြစ်ခြင်းဖြင့်လည်းကောင်း သတ္တဝါတို့၏ဘေးကို ဖျက်စီးတတ်၏။ မျက်မှောက်၊ မျက်ကွယ်ဟူသမျှတွင် မကောင်းမှုမပြုကြဘဲ သီလ၊ သမာဓိ၊ ပဉ္ဉာတို့ဖြင့် ပြည့်စုံအောင် ကျင့်ကြံအားထုတ်ကြရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဟောကြားတော်မူခြင်းဖြင့် သတ္တဝါတို့အား အကျိုးမဲ့တရားတို့မှ တားမြစ်၍ အစီးအပွားကို ဖြစ်ထွန်းစေ၏။

ရှင်တော်မြတ်ဘုရား၏ တရားတော်သည် တရားတော်အတိုင်းကျင့်ပါက သတ္တဝါတို့၏ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဆိုသည့် ဘဝသံသရာကြီးကို လွန်မြောက်စေခြင်းဖြင့် ဘေးကို ပယ်ဖျောက်တတ်၏။ မဂ်တရားသည် ဘဝကို လွန်မြောက်စေသောတရား၊ ဖိုလ်တရားသည် ချမ်းသာမှုအစစ်အမှန်ကို ပေးနိုင်စွမ်းရှိသော တရားများဖြစ်၏။ ထို့ကြောင့် သတ္တဝါတို့၏ဘေးကို ပယ်ဖျောက်ပေးနိုင်စွမ်းရှိ၏။

သံဃာတော်မြတ်သည် လှူဒါန်းပူဇော် ဆည်းကပ်ကြသော ပုဂ္ဂိုလ်တို့အား အကျိုးကြီးမြတ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် သတ္တဝါတို့၏ဘေးကို ဖျက်ဆီးတတ်၏။

ထို့ကြောင့် ရတနာမြတ်သုံးပါးသည် ဝဋ်ဘေးကို ဖျက်ဆီးတတ်၏။ ဝဋ်ဘေးဆိုသည်မှာ ကမ္မဝဋ် (ကုသိုလ်ကံ၊ အကုသိုလ်ကံများ)၊ ကိလေသာဝဋ် (အဝိဇ္ဇာတဏှာ၊

http://www.dhammadownload.com

ဥပါဒါန်ဆိုသည့်တရားများ)နှင့် ဝိပါက ဝဋ်(ဝိညာဉ်၊ နာမ်၊ ရုပ်၊ ပဋိစ္စသမုပ္ပါဒ် တရားများ)တည်းဟူသော ဝဋ်သုံးပါး၏ဘေးကို ဆိုလို၏။ ဤဝဋ်သုံးပါးကြောင့် သတ္တဝါများသည် ဒုက္ခအမျိုးမျိုး တွေ့ကြုံရ၍ ဆင်းရဲကြရကုန်၏။

ရတနာမြတ်သုံးပါးသည် သတ္တဝါတို့၏ စိတ်ထိတ်လန့်ခြင်း၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခများ၊ အပါယ်သို့ လားရောက်ရခြင်း ဒုက္ခများ အစရှိသည့်ဘေးများရန်များ၊ ဆင်းရဲဒုက္ခများ အားလုံးကို ဖျက်ဆီးတတ်၏။

သရဏဂုံသုံးပါးသည် စစ်မှန်သောကိုးကွယ်ရာ အပဏ္ဏကပဋိပဒါ မချွတ်ယွင်းမှားနိုင်သော အကျင့်ဖြစ်သောကြောင့် ကောင်းကျိုးကိုသာ ဖြစ်စေသော ဆင်းရဲခြင်းကို ပယ်ဖျောက်တတ်သော ကုသိုလ်တရား ကုသိုလ်စိတ်ဖြစ်၏။

ထိုကြောင့်သတ္တဝါတို့၏ ဘေးဟူသမျှကို ပယ်ဖျောက်တတ်သော သတ္တဝါတို့၏ ကိုးကွယ်ရာ (လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် ကောင်းကျိုးချမ်းသာဖြစ်စေနိုင်သဖြင့် အားကိုးခြင်း၊ ဘေးရန်ဟူသမျှ ကာကွယ်ခြင်း)၊ လဲလျောင်းရာ (ယုံကြည်မှုအပြည့်ရှိ၍ လဲလျောင်းဖို့ရာ)၊ ပုန်းအောင်းရာ (ဘေးဒုက္ခမရောက်အောင် ပုန်းအောင်းဖို့ရာ)၊ မှီခိုရာ (အမှီသဟဲပြုဖို့ရာ)၊ အားထားရာအမှန်ဖြစ်သော ရတနာမြတ်သုံးပါးသည် သရဏာမည်၏။

ဂမန

ယုံကြည်စွာ ဆည်းကပ်ခြင်း၊ ဘသိအမှတ်ပြုခြင်းကို ဂမနဟုခေါ်သည်။ တစ်နည်းအားဖြင့် သံသရာ ဝဋ်ဒုက္ခ ဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်စေရန် မိမိက ကိုးကွယ်အားထားရာ အမှန်ဟူ၍ မှီဝဲဆည်းကပ် အသိအမှတ်ပြုခြင်းပင်ဖြစ်၏။

သရဏဂုံ

ဗုဒ္ဓသာသနာတော်ကို စပြီး သက်ဝင်ယုံကြည်ကာ အစဉ်းဆုံး ခံယူရာဖြစ်သည့် ကုသိုလ်ကောင်းမှု တစ်မျိုးပင် ဖြစ်၏။ တစ်နည်းအားဖြင့် ဗုဒ္ဓသာသနာဝင် အဖြစ်ခံယူရာ သာသနာ့ဝင်ပေါက်လည်း ဖြစ်၏။

သရဏဂုံသည် သရဏဂမနမှ ဆင်းသက်လာ၏။ သရဏဂမနဆိုသည်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြောင်းဖြစ်သော ကုသိုလ်တရား၊ ကုသိုလ်စိတ္တုပ္ပါဒ်ကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ရတနာမြတ်သုံးပါးကို ကိုးကွယ်သော အခြင်းအရာအားဖြင့် ဖြစ်သော မိမိသန္တာန်မှ ကုသိုလ်စိတ်၊ စေတသိက်တရားအပေါင်းကိုခေါ်၏။

http://www.dhammadownload.com

ကုသိုလ်စိတ်တွင် စေတသိက်များလည်းပါသဖြင့် ယုံကြည်မှုသဒ္ဓါနှင့် ပညာပါမှ သရဏဂုံအထမြောက်၏။ ဤတွင် သဒ္ဓါဆိုသည်မှာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ရာ အမှန်ဟူ၍ နားလည်ယုံကြည်ခြင်းနှင့် ပညာဆိုသည်မှာ ရတနာမြတ်သုံးပါးကို ကိုးကွယ်ရာအမှန်ဟူ၍ သိသောအသိဉာဏ်ကို ဆိုလိုသည်။

ထို့ပြင် ကိုးကွယ်ထိုက်သည့် ဝတ္ထုကလည်း အမှန်တကယ် ကိုးကွယ်ရာ ဖြစ်ကြောင်းမှန်မှ သရဏဂုံမြောက်၏။ သို့ဖြစ်၍ ကိုးကွယ်တိုင်းသရဏဂုံ မဖြစ်သည်ကို မှတ်ရာ၏။ သံသရာဝဋ်ဒုက္ခဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်စေရန် မိမိက ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ်ခြင်း၊ ရတနာမြတ်သုံးပါးသည် ဆင်းရဲပယ်ဖျောက်၊ ချမ်းသာရောက်အောင် စောင့်ရှောက်တတ်ကြောင်း သိသောစိတ်တို့သည် သရဏဂုံမည်၏။

အဖိုးမဖြတ်နိုင်သောသရဏဂုံ

လောကသုံးပါး၌ အမှန်တကယ် ကိုးကွယ်ရာအစစ် ဖြစ်တော်မူကြသောဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးအပေါ်၌ ဒိဋ္ဌိ(အယူမှား)၊ ဝိစိကိစ္ဆာ (ယုံမှားသံသယဖြစ်မှု)၊ သမ္မောဟ(တွေဝေမှု)၊ အသဒ္ဓါယ (မယုံကြည်မှု) တည်း ဟူသော မကောင်းသောကိလေသာ အကုသိုလ်တရားများကို ပယ်ဖျောက်၍ ထိုရတနာမြတ်သုံးပါးသာလျှင် ကိုးကွယ်ဆည်းကပ်ရာဟူ၍ အမှန်တကယ် ယုံကြည်ကြည်ညိုခြင်း သဒ္ဓါတရား၊ အမှန်တကယ် ယုံကြည်ကိုးစားအားထားရာဟူ၍ သိမြင် သောပညာ၊ လေးစားခြင်း ဂရုအခြင်းအရာများဖြင့် မိမိတို့သန္တာန်၌ ဖြစ်ပေါ်သော ကုသိုလ်စိတ်၊ စေတသိက်တို့သာလျှင် အဖိုးမဖြတ် နိုင်သော သရဏဂုံအစစ်အမှန်မည်၏။

ဗုဒ္ဓသရဏဂုံ

ရှင်တော်မြတ်ဘုရားသည် ကိုးကွယ်ရာမဲ့ နေကြကုန်သောသတ္တဝါတို့၏ ကိုးကွယ် အားထားရာ အစစ်တကယ်တမ်းဖြစ်ပါပေ၏။ သံသရာဘေးဒုက္ခကြုံ နေရ၍ ကြောက်လန့်နေကြကုန်သော သတ္တဝါအပေါင်းတို့အား ဘေးကင်းရေးကို ပေးတော်မူ၏။ သူတော်ကောင်း ဖြစ်ကြကုန်သော ပညာရှိအပေါင်းတို့၏ ဒုက္ခအေးစရာ အပန်းဖြေစရာ ဌာနလည်း ဖြစ်ပါပေ၏။ ကိုးကွယ်ရာကို ရှာမှီးကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာအစစ် တကယ်တမ်းဖြစ်ပါ၏။

ထို့ကြောင့် သစ္စာလေးပါးမြတ်ဘုရားကို အကြွင်းမဲ့ ပိုင်းခြား ဝေဖန်သိမြင်နိုင်သော၊ ကိလေသာ မှန်သမျှကို အကြွင်းမဲ့ ပစ်ပယ်တော်မူပြီးသော မြတ်စွာဘုရားအား သက်တော်ထင်ရှား ရှိကြသည့်အလား ကိုးကွယ်ဆည်းကပ်ခြင်းကို ဗုဒ္ဓသရဏဂုံ

http://www.dhammadownload.com

တည်သည်ဟု ခေါ်၏။ ဘုရားစေတီ ရုပ်ပွားဆင်းတုတော်များတွင်သာ စိတ်မထား သင့်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်၏။ ဘုရားကို ကိုးကွယ်ရာအစစ်အမှန်အဖြစ် ဆည်းကပ် ခြင်းဖြင့် တရားတော်နှင့် သံဃာတော်တို့ကို ကိုးကွယ်ဆည်းကပ်ခြင်းပါ တစ်ပြိုင် တည်း ပြီးစီး၏။

ဓမ္မသရဏဂုံ

ယုံကြည်၍ လိုက်နာသူ၊ လက်တွေ့ကျင့်ကြံအားထုတ်သူတို့ကို ဆင်းရဲခြင်း အပေါင်းမှ လွတ်အောင် ဆောင်တတ်သော ဆုံးမသြဝါဒများ၊ ကျင့်စဉ်များ၊ ကျင့်ရ၍ ရရှိသော မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်တို့သည် မြတ်စွာဘုရားရှင်ဟောကြားထားသည့် တရားတော်အစစ်အမှန်များ ဖြစ်ကြ၏။

မြတ်ဗုဒ္ဓက နည်းလမ်းအသွယ်သွယ်ဖြင့် ဟောကြားထားသော သစ္စာတရား များ ဖြစ်ပေရာ မည်သည့်နည်းလမ်းကြိုက်ကြိုက် လိုက်နာအားထုတ်ပါက တကယ့် သန္တိသုခ အေးငြိမ်းခြင်းရသကို ကိုယ်တွေ့ ဒိဋ္ဌ တွေ့မြင်ခံစားရမည်ဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓက သတ္တဝါများကို ချမ်းသာအောင် တရားဖြင့် ဆောင်ရွက်ပေးရခြင်းဖြစ်၍ တရားတော်မြတ်သည်လည်း ကိုးကွယ်ရာအစစ်အမှန် တကယ်တမ်း ဖြစ်တော်မူပါ၏။

ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာသတိပဋ္ဌာန်စသော ဘုရားဟော ကျမ်းစာများ၊ ပဋ္ဌကတ်တော်များ၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်တရားတော်များအား ကိုးကွယ် ဆည်းကပ်ခြင်းကို ဓမ္မသရဏဂုံတည်သည်ဟု ခေါ်သည်။

သံဃသရဏဂုံ

မြတ်ဘုရားရှင်၏တရားတော်များကို ဟောကြားပြသပေးတော်မူကြသော အတုမရှိလွန်မြတ်ဘိသော သတ္တဝါအပေါင်းတို့၏ ကောင်းမှုမျိုးစေ့များကို စိုက်ပျိုးကြဲ ချရာ လယ်မြေကောင်းများသဖွယ် ဖြစ်တော်မူကြသော မြတ်သော အလှူခံပုဂ္ဂိုလ် များဖြစ်ကြသည့် အရိယာသံဃာတော်တို့သည်လည်း ကိုးကွယ်ရာအစစ် တကယ်တမ်း ဖြစ်ကြပါပေ၏။

အစစ်အမှန် မဖောက်ပြန်သော ပရမတ္ထသံဃာတည်းဟူသော အရိယာ သံဃာတော်မြတ်အား ကိုးကွယ်ဆည်းကပ်ခြင်းကို သံဃသရဏဂုံတည်သည်ဟု ခေါ် သည်။ သံဃာဆိုသည်မှာ အသိအမြင်ခြင်း၊ သီလချင်း တူညီကြသော ပုဂ္ဂိုလ် အပေါင်းကို ခေါ်ခြင်းဖြစ်ရာ အရိယာသံဃာတော်များသာလျှင် မဂ်အသိအမြင်၊ ဖိုလ်အသိအမြင်၊ ပစ္စဝေက္ခဏာအသိအမြင် (သမ္မာဒိဋ္ဌိမဂ္ဂင်)အားဖြင့်လည်းကောင်း၊

http://www.dhammadownload.com

အရိယကန္တသီလ ပြည့်စုံစင်ကြယ်မှုအားဖြင့်လည်းကောင်း၊ မျက်မှောက်မျက်ကွယ် အရပ်တို့၌ အမြဲတစေ တူညီနေကြသည်သာ ဖြစ်၏။

သို့သော် ပုထုဇဉ်သံဃာတော်များသည် အရိယာမဖြစ်သေးသည့်တိုင်အောင် အရိယာသံဃာတော်များနှင့် ဝိနည်း၊ သိက္ခာချင်းတူကြသဖြင့် သမ္မုတိသံဃာတော်များ အနေဖြင့် ရိုသေလေးစားကိုးကွယ် ဆည်းကပ်ထိုက်သည်သာ ဖြစ်၏။ မြတ်စွာဘုရား၌၏ တပည့်သားတော် ရဟန်းသံဃာတော်များ ကိုယ်စား အရိယာသံဃာတော်များကို အာရုံပြုခြင်းဖြင့် ပို၍အကျိုးများပါသည်။

သိမှတ်ဖွယ်။ ။ သံဃာတော်တစ်ပါးပါးထံတွင် သရဏဂုံဆောက်တည်ပြီးပါက သံဃာတော်က သရဏ ဂမန် ပရိပုဏ္ဏ (သရဏဂမန်–သရဏဂုံသည်၊ ပရိပုဏ္ဏ–သင်တို့သန္တာန်မှာ ပြည့်စုံပြီ၊ တည်ပြီ)ဟု ရွတ်ဆိုလိမ့်မည်။ မိမိက အာမဘန္တေ ပါအရှင်ဘုရားဟု ပြန်ရွတ်ဆိုရသည်။

သရဏဂုံ (၂)မျိုး

(၁) လောကီသရဏဂုံ

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ယုံကြည်ဆည်းကပ်မှုဖြင့် တည်သော သရဏဂုံ ဖြစ်၏။ သရဏဂုံ ညစ်ညူးကြောင်းတရားတွေကို ပယ်ဖျောက်ပြီး ရတနာမြတ်သုံးပါးဂုဏ်ကို တိုက်ရိုက်အာရုံပြုကာ သီးခြားဆောက်တည်မှ ပြီးပြည့်စုံသော သရဏဂုံ ဖြစ်သည်။ ဤသရဏဂုံသည် ညစ်နွမ်းနိုင်၊ ပျက်စီးနိုင်၏။ ဤဘဝတွင် မညစ်နွမ်း၊ မပျက်စီးလျှင် နောင်ဘဝတို့၌ ညစ်နွမ်းပျက်စီးနိုင်၏။ အကျိုးအားဖြင့် ကောင်းသောဘဝ၌ ဖြစ်ရခြင်း၊ စည်းစိမ်ဥစ္စာပြည့်စုံခြင်း စသည်တို့ ခံစားရ၏။

(၂) လောကုတ္တရာသရဏဂုံ

သစ္စာတရားမြင်ပြီးကြကုန်သော အရိယာ ပုဂ္ဂိုလ်တို့၏ မဂ်ရသည့်ခဏ၌ မဂ်ဉာဏ်နှင့်အတူ ဖြစ်ပေါ်လာရသော သရဏဂုံဖြစ်၏။ ဤပုဂ္ဂိုလ်မျိုးသည် သရဏဂုံ ညစ်ညူး ကြောင်းဖြစ်သည့်တရားများကို ဖျက်ဆီးပစ်ခြင်း၊ အမြစ်ဖြတ်ပစ်ခြင်းဖြင့် မဆောက်တည်ရဘဲနှင့် သရဏဂုံတည်နေကြသော ပုဂ္ဂိုလ်မျိုး ဖြစ်၏။

တစ်နည်းအားဖြင့် အရိယာသစ္စာကို သိမြင်ခြင်းသည် လောကုတ္တရာ သရဏဂုံပင်ဖြစ်၏။ နိဗ္ဗာန်မရမီ ဘဝဆက်တိုင်း၌ တည်မြဲ၏။ အကျိုးအားဖြင့် အရိယာဖိုလ်တရားလေးပါး ဖြစ်၏။ အရိယာတို့သည် သရဏဂုံကို အာရုံမပြုသော်လည်း နိဗ္ဗာန်ကို အာရုံပြုရင်းဖြင့် မဂ်ပွားများမှု၊ ရတနာသုံးပါး၏ဂုဏ်သိမှု ကိစ္စများအား လုံး တစ်ပြိုင်

http://www.dhammadownload.com

တည်း ပြီးပြည့်စုံ၏။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့၏ သီးခြားဆောက်တည်ရန် မလိုသော သရဏဂုံဖြစ်သည်။

လောကီသရဏဂုံ (၂)မျိုး

(၁) ဉာဏဝိပ္ပယုတ်သရဏဂုံ။

သူတစ်ပါးက စေခိုင်း၍ဖြစ်စေ၊ မိမိကိုယ်၌ကဖြစ်စေ၊ ရတနာသုံးပါးကို ကြည်ညိုပြီး သရဏဂုံ ဆောက်တည်သော်လည်း ရတနာသုံးပါး၏ ဂုဏ်တော်စသည်တို့ကို မသိနားမလည်သော ပုဂ္ဂိုလ်များ၏ သရဏဂုံကို ဉာဏ်မပါသောသရဏဂုံဟု ခေါ်၏။

(၂) ဉာဏသမ္ပယုတ်သရဏဂုံ

ရတနာသုံးပါး၏ ဂုဏ်တော်စသည်တို့ကို သိရှိနားလည်ပြီး ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါပွားများမိ၍ သရဏဂုံဆောက်တည်သော ပုဂ္ဂိုလ်များ၏ သရဏဂုံကို ဉာဏ်ပါသော သရဏဂုံဟု ခေါ်၏။

သရဏဂုံအင်္ဂါရပ်များ

အောက်ပါအင်္ဂါရပ်များအနက် အင်္ဂါရပ်တစ်ပါးပါးနှင့် ပြည့်စုံလျှင် သရဏဂုံတည်၏ -

(၁) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအား သဒ္ဓါယုံကြည်စိတ်ဖြင့် မိမိကိုယ်ကို အပ်နှင်းခြင်း။

(၂) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်လေ့လျောင်းရာဟူ၍ မှီခိုအားထားခြင်း။

(၃) ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါး၏ တပည့်အဖြစ်ကို ခံယူခြင်း။

(၄) ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးကို အမှန်တကယ် ရိုသေ တုပ်ဝပ်စွာ ရှိခိုးခြင်း။

သိမှတ်ဖွယ်။ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်စသည်တို့ကိုလည်း မသိနားမလည်း၊ ကြည်ညိုမှုလည်းမရှိ၊ သို့သော် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာအရ သရဏဂုံဆောက်တည်ကြသော ပုဂ္ဂိုလ်တို့တွင် မည်သို့ဆောက်တည်သည်ဖြစ်စေ၊ သရဏဂုံမတည်နိုင်။ ရတနာမြတ်သုံးပါး၏ ဂုဏ်များကို ပညာဖြင့် သိမြင်၍ အမှန်တကယ်မြတ်သည်ဟု နားလည်ခံယူမှု၊ ရတနာမြတ်သုံးပါး၏ ဂုဏ်၌ ယုံကြည်ခြင်း၊ ကြည်ညိုခြင်း၊

http://www.dhammadownload.com

သဒ္ဓါရှိမှုတို့နှင့် ပြည့်စုံမှ အဖိုးတန် အမျိုးမှန် သရဏဂုံ စစ်စစ်ဖြစ်ပါ၏။ ထို့ကြောင့် ရတနာမြတ်သုံးပါးကို သဒ္ဓါ၊ ပညာပြည့်စုံစွာဖြင့် ကိုးကွယ် လဲလျောင်းရာ အမှန်ဟူ၍ ဆည်းကပ်သိမှတ်ကြပါကုန်။

ရှိခိုးခြင်းနှင့်သရဏဂုံ

၁။ အောက်ပါ အကြောင်းများကြောင့် ပုဂ္ဂိုလ်တစ်ဦးကို ရှိခိုးလျှင် သရဏဂုံမဖြစ်ပေ။

(က) ဆွေမျိုးဖြစ်၍ ရှိခိုးခြင်း။

(ခ) ကြောက်၍ရှိခိုးခြင်း။

(ဂ) ဆရာဖြစ်၍ ရှိခိုးခြင်း။

ယုံကြည်ကိုးကွယ်ဆည်းကပ်မှုအနေဖြင့် ရှိခိုးလျှင်သာ သရဏဂုံဖြစ်သည်။

၂။ သရဏဂုံတည်ပြီးသော ပုဂ္ဂိုလ်သည် အခြားသူတစ်ဦးကို ဖော်ပြပါအကြောင်းများကြောင့် ရှိခိုးလျှင် သရဏဂုံမပျက်ပေ။

ရတနာသုံးပါးမှအပ အခြားတစ်ဦးဦးကို ယုံကြည်ကိုးကွယ်ဆည်းကပ်မှုအနေဖြင့် ရှိခိုးလျှင် မိမိ၏သရဏဂုံ ပျက်သည်ကို သတိပြုသင့်၏။

သရဏဂုံညစ်ညူးကြောင်းတရားများ

မဂ် ကသာအပြတ်ရှင်းနိုင်၊ ပယ်သတ်နိုင်သော မကောင်းသောတရားများဖြစ်။

(၁) ဒိဋ္ဌိ – အယူမှားခြင်း အသိမှားခြင်း (ရတနာသုံးပါးကို ကိုးကွယ်ခြင်းသည် အကျိုးမရှိ၊ ရတနာသုံးပါးကြောင့် သတ္တဝါတွေ ညစ်ညူးဖို့၊ စင်ကြယ်ဖို့အကြောင်းမရှိ၊ အကျိုးမဲ့ဖြစ်၏။ ကုသိုလ်၊ အကုသိုလ် ပြုသော်လည်း အကျိုးမရှိ၊ စသောအယူမှား အသိမှား ခြင်းများ)

(၂) ဝိစိကိစ္ဆာ – ယုံမှားသံသယဖြစ်ခြင်း။ (ဘုရားဆိုသည်မှာ အစစ်အမှန်ရှိရဲ့လား၊ တရားဆိုသည်မှာ မှန်ကန်ရဲ့လား စသည်ဖြင့် ယုံမှားသံသယ ဖြစ်ခြင်း)

(၃) သမ္မောဟ – တွေဝေခြင်း (ရတနာသုံးပါးအပေါ် ဆည်းကပ်ကြည်ညိုရမှန်းမသိ၊ ရတနာသုံးပါး ဂုဏ်တော်များကို မသိနားမလည်ခြင်းစသည်ဖြင့် အမှန်ကိုမသိခြင်း)

(၄) အဿဒ္ဓိယ– ယုံကြည်မှုသဒ္ဓါမရှိခြင်း။ (ရတနာသုံးပါးအပေါ်၌ နှစ်သက်ယုံကြည်မှုသဒ္ဓါတရား မရှိခြင်း)

http://www.dhammadownload.com

သရဏာဂုံပျက်ခြင်း

သရဏာဂုံတစ်ကြိမ်ဆောက်တည်ထားလျှင် ရတနာမြတ်သုံးပါးအပေါ် ယုံကြည်ကိုးကွယ် ဆည်းကပ်စိတ် မပျောက်သမျှ ကာလပတ်လုံးတည်နေ၏။ သရဏာဂုံပျက်စီးခြင်း နှစ်မျိုးရှိသည်။

(၁) ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်မှု မရှိတော့ခြင်း။

(၂) သေဆုံးသွားခြင်း။

ပထမအချက်ကြောင့် သရဏာဂုံပျက်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်သွား၍ သံသရာတွင် အပြစ်များ၏။ သေဆုံးသွားခြင်းကြောင့် သရဏာဂုံပျက်လျှင် အပြစ်မရှိပေ။

ယခုအခါ သေဆုံးသွားသော ပုဂ္ဂိုလ်များကို သရဏာဂုံတင်သည်ဆိုပြီး ပြုလုပ်လေ့ရှိကြ၏။ အမှန်တကယ်မှာ သေဆုံးသွားသူ၏ စိတ်မရှိတော့သော ဥတုဇရုပ် အလောင်းကြီးသည် အဘယ်မှာလျှင် သရဏာဂုံတည်နိုင်ပါမည်နည်း။ မသေမီ သရဏာဂုံမည်စည်းမျက်စီးရအောင် ဆောက်တည်ထားမှသာ အကျိုးများပါမည်။ သို့သော် သေဆုံးသူအတွက် ပြုလုပ်ဆောင်ရွက်ကြသူများမှာမူ ရဟန်းသံဃာတော်များထံ သရဏာဂုံဆောက်တည်ပြီး ကောင်းမှုအစုစု ပြုလုပ်ကြခြင်းအတွက် အကျိုးများပါသည်။

သရဏာဂုံတည်ခြင်းအကျိုးများ

လောကတွင် သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် ကယ်တင်တော်မူနိုင်သည့် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးသည် အထွတ်အထိပ် အမြင့်ဆုံးအမြတ်ဆုံး ဖြစ်သည်။ ဤကဲ့သို့ အထွတ်အထိပ် အမြင့်ဆုံးအမြတ်ဆုံးဖြစ်သည့် ရတနာမြတ်သုံးပါးအား မိမိကိုယ်ထက် ချစ်တာ မရှိဘူးဆိုသည့်အတိုင်း မိမိအချစ်ဆုံးဖြစ်သည့် မိမိခန္ဓာကိုယ်ကို ယုံယုံကြည်ကြည်ဖြင့် အပ်နှင်း လှူဒါန်းရခြင်း သည် အလွန်အကျိုးများပေသည်ဟု မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။

သရဏာဂုံအကျိုးများပုံမှာ–

(၁) ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော ဘေးရန်၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ခြင်း၊ အပါယ်လေးပါးလားခြင်းတို့ကို တားမြစ်ဖိစီးဖျက်ဆီးတတ်၏။

(၂) နတ်ပြည်သို့ ရောက်သည့်အခါတွင်လည်း သရဏာဂုံတည်သော နတ်သည် သရဏာဂုံ မတည်သော နတ်ထက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြွေအရံ

http://www.dhammadownload.com

များခြင်း၊ အပူဇော်ခံရခြင်း၊ ထက်မြက်သော ဉာဏ်ပညာရှိခြင်း၊ မနှိုင်းယှဉ်သာသော စည်းစိမ်ချမ်းသာကို ရရှိခြင်း၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း၊ ချစ်ခင်နှစ်သက်မှု ရရှိခြင်း၊ ကျော်စောထင်ရှားခြင်း၊ အစိုးရခြင်း၊ နတ်တို့၏ အာရုံငါးပါးတွင် သာလွန်ခြင်းစသည် တို့၌ ပိုမိုသာလွန်ကာ မိမိအလိုကို အခြားနတ်များက လိုက်ကြရခြင်း၊ မိမိ၏ အဆွေခင်ပွန်းများကို မည်သူကမျှ ပျက်စီးအောင် မပြုလုပ်နိုင်ခြင်း တို့ဖြင့် ပိုမိုပြည့်စုံသည်။

(၃) သရဏာဂုံသည် ဘေးကင်းရန်ကင်းပြီး တရားကို အထူးအားမထုတ်ရဘဲနှင့် သရဏာဂုံ တည်ရုံမျှဖြင့် မဂ်ဖိုလ်ရနိုင်သည်။

သာဓကအားဖြင့် ဘုရားရှင် လက်ထက်တော်က ဘုရားရှင်၏ဆွေတော်မျိုးတော် တစ်ဦးသည် သရဏာဂုံတည်နေသဖြင့် သရဏာဥပါသကာဟု ခေါ်ကြသည်။ ယင်း ဥပါသကာသည် သေအရုဏ်ကို အလွန်နှစ်သက်သဖြင့် သေခါနီးထိ သောက်၏။ သေသည့်နောက် နတ်ပြည်သို့ ရောက်ရှိသွားသည်။ ဤအဖြစ်ကို ဘုရားရှင်က ဟောတော်မူသောအခါ ဆွေတော်မျိုးတော်များက ကဲ့ရဲ့ကြကုန်၏။ ဤကဲ့သို့ ကဲ့ရဲ့ကြပုံကို မဟာနာမ်မင်းက မြတ်ဘုရားထံ လျှောက်တင်သောအခါ မြတ်ဘုရားက "သေတာနဲ့ တစ်ပြိုင်နက် သူဟာ သောတာပန်ဖြစ်သွားပြီး နတ်ပြည်ကို ရောက်သွားတယ်။ သေရည် သေရက်သောက်တဲ့ သူရဲ့ အကုသိုလ်ကံဟာ သူ့ကို မတားမြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတော်များက အတိုင်းမသိ ကြီးကျယ်မြင့်မြတ်တာက တစ်ကြောင်း၊ သူကလည်းပဲ ရတနာမြတ်သုံးပါးကို အသက်စွန့်၍ ယုံကြည်ခြင်းဌာ စွမ်းနိုင်တဲ့ သဒ္ဓါတရား ရှိတာကတစ်ကြောင်းတို့ကြောင့် သေရည်သေရက်သောက်တဲ့ အကုသိုလ်ကံဟာ သူ့ကို မတားမြစ်နိုင်ဘူး"ဟု ဟောကြားတော်မူခဲ့ပါသည်။

(၄) အရိယာမဂ်သည် လောကုတ္တရာ သရဏာဂုံမည်၍ ဖိုလ်(၄)ပါးသည် လောကုတ္တရာ သရဏာဂုံ၏ အကျိုးရင်းဖြစ်၏။ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်သည် ဆက်သွယ်လို့ ရအပ်သောအကျိုးမည်၏။

သရဏာဂုံတည်ခြင်းအဆင့်များ

ပထမတန်းစားသရဏာဂုံ

စွန့်နိုင်ခဲသော အကြောင်းတရားနှစ်ပါးဖြစ်ကြသည့် မိမိအသက်ကိုလည်းကောင်း၊ လာဘ်ကို လည်းကောင်း၊ တစ်ပါးပါးကို စွန့်ပြီး ရတနာမြတ်သုံးပါးကို ယုံကြည်ခြင်းဌာ စွမ်းနိုင်လျှင် ပထမတန်းစား သရဏာဂုံတည်သည်ဟု ခေါ်သည်။

http://www.dhammadownload.com

ဤပုဂ္ဂိုလ်မျိုးသည် တရားကို အထူးအားမထုတ်ရဘဲနှင့် ရနိုင်သည်။ ဥပမာ– အထက်တွင်ဖော်ပြခဲ့သည့် ဘုရားရှင်လက်ထက်တော်က သရဏဥပါသကာကို တစ်ဖက်သားက "သင်ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောရင်ပြော၊ မပြောရင် သင့်ဦးခေါင်းကို ဖြတ်မယ်"လို့ ဆိုခဲ့လျှင် "ဖြတ်ချင်ဖြတ်ပါ၊ ငါဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ မပြောဝံ့ဘူး"ဟု ပြန်ပြောနိုင်စွမ်းရှိ၏။ ဤသရဏဂုံမျိုးသည် အသက်ကိုစွန့်ပြီး တည်သော ပထမတန်းစားသရဏဂုံမျိုးဖြစ်သည်။

ဤကဲ့သို့ပင် ဘုရားရှင်လက်ထက်တော်က သိကြားမင်းသည် သရဏဂုံ တည်နေသော နန္ဒာစွဲကပ်နေသည့် သူတောင်းစားတစ်ဦးကို စမ်းသပ်လိုသဖြင့် ရုပ်ဖျက်၍ အဆိုပါ သူတောင်းစားအား "တစ်သက်လုံး သုံးစားမကုန်အောင် ရွှေငွေရတနာတွေကို သင့်ကိုပေးမယ် သင့်အနာရောဂါလည်း ပျောက်ကင်းစေမယ်၊ ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ပြော" ဟု ပြောသည်။ ထိုအခါ သူတောင်းစားက "သင်ပေးတဲ့ ရွှေငွေဥစ္စာတွေလည်း ငါအလိုမရှိဘူး၊ ငါ့အနာရောဂါလည်း ပျောက်လည်းပျောက်၊ မပျောက်လည်းနေပါစေ၊ ငါဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ မပြောဝံ့ဘူး"ဟု ပြန်ပြောနိုင်စွမ်းရှိ၏။ ဤကဲ့သို့ လာဘ်ကို စွန့်လွှတ်ပြီး ရတနာ မြတ်သုံးပါးကို ယုံကြည်ခြင်းဌာ စွမ်းနိုင်ရင် ယင်းပုဂ္ဂိုလ်မျိုးကို ပထမ တန်းစား သရဏဂုံတည်သည်ဟု ခေါ်၏။

ဒုတိယတန်းစားသရဏဂုံ

သာဓကအားဖြင့် ဝိပဿီဘုရားရှင် ပွင့်တော်မူစဉ်အခါက သူဆင်းရဲတစ်ဦးသည် ဆင်းရဲလွန်း၍ မလှူနိုင်၊ မတန်းနိုင်၊ ရဟန်းလည်းမပြုနိုင်၊ သီလလည်း မဆောက်တည်နိုင်ရှာပေ။ သူဆင်းရဲသည် ဤအတွက် စိတ်နှလုံး မသာမယာ ဖြစ်ခဲ့ရှာ၏။

တစ်နေ့တွင် အဂ္ဂသာဝကတစ်ပါးဖြစ်သော နိသဘမထေရ်ကြွလာပြီး သရဏဂုံပေး၍ သူဆင်းရဲမှာ သရဏဂုံဆောက်တည်ခဲ့ရသည်။ ထိုသူသည် သရဏဂုံကို အသက်ထက်ဆုံး ဆောက်တည်ခဲ့ရာ သေလွန်သောအခါ ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ တစ်ခေါက်မှ မရောက်ဘဲ သိကြားမင်း၊ စကြာမင်း၊ ပဒေသရာဇ်နှင့် ဧကရာဇ်မင်းများအဖြစ် အကြိမ်ကြိမ်ခံစားခဲ့ရသည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူသည့်အခါ ခုနစ်နှစ်သားအရွယ်တွင် သရဏဂုံဆောက်တည်ပြီးသည်နှင့် ဘဝဟောင်းက သရဏဂုံ ဆောက်တည်သည်များကို ပြန်လည်အောက်မေ့သတိရခဲ့ပြီး နှစ်သက်ဝမ်းမြောက်ခြင်း

http://www.dhammadownload.com

ပိတိများအတိုင်းမသိ ဖြစ်ပေါ်လာခဲ့၏။ ယင်းပီတိကို ဝိပဿနာရှုသောအခါ ဉာဏ်စဉ် ရင့်ကျက်ပြီး အရဟတ္တမဂ်ဖိုလ်သို့ ရောက်ရှိခါ တစ်ခဏချင်း ရဟန္တာဖြစ်သွား၏။ ဤပုဂ္ဂိုလ်မျိုးသည် ဒုတိယတန်းစားသရဏဂုံတည်သော ပုဂ္ဂိုလ်မျိုးဖြစ်၏။

တတိယတန်းစားသရဏဂုံ

သာဓကအားဖြင့် ရှေးအခါက ဒမိဋ္ဌဆိုသည့် တံငါသည်တစ်ဦးသည် အနှစ်ငါးဆယ် ပတ်လုံး တံငါအလုပ်နှင့် အသက်မွေးခဲ့သည်။ အနှစ်ငါးဆယ်ပြည့်သည့်အခါ ဝေဒနာ စွဲကပ်၍ အိပ်ရာထဲမှ မထနိုင်ရှာပေ။ ထိုအချိန်တွင် ရဟန်းတော်တစ်ပါး တံငါသည် အိမ်သို့ကြွလာပြီး ဆွမ်းခံရာ ဒမိဋ္ဌက ဇနီးသည်အား "ရှင်မ–အနှစ်ငါးဆယ်ရှိပြီ၊ ငါဟာ ဒီရဟန်းကို မမြင်ဖူးဘူး၊ သူကလည်း ငါ့ကို မမြင်ဖူးဘူး။ သူ့ကျေးဇူးလည်း ငါ့အပေါ်မှာ မရှိဖူးဘူး။ ငါ့ကျေးဇူးလည်း သူ့အပေါ် မရှိဘူး"လို့ ပြောခိုင်းလိုက်တယ်၊ သူ့ဇနီးက ရဟန်းကို သူပြောခိုင်းသလို မပြောဘဲ "ကန်တော့ဆွမ်းပါဘုရား ဒါယကာတော့ အလွန်အားနည်းပြီး ဒီဝေဒနာက ထမြောက်မှာ မဟုတ်ပါဘူး"ဟု ပြန်လျှောက်လိုက်သည်။

ထိုအခါ ရဟန်းတော်သည် တံငါသည်အနီးသို့ ကြွလာပြီး "သီလများ မဆောက်တည်ချင်ဘူးလား" ဟု မေးသောအခါ တံငါသည်က "ဆောက်တည်ချင်ပါတယ်"ဟု ပြန်လျှောက်၏။ ထိုအခါ ရဟန်းတော်က သရဏဂုံနှင့်ငါးပါးသီလကို ပေးသည့်အခါ ငါးပါးသီလ ခံယူရသည့် အဆင့်မရောက်တော့ဘဲ သရဏဂုံအဆုံးမှာ တံငါသည် ကွယ်လွန်သွား၏။ တံငါသည် ကွယ်လွန်ပြီးနောက် စတုမဟာရာဇဓိနတ်ဘုံတွင် နတ်သားဖြစ်ကာ လူ့ပြည်ပြန်ဆင်းပြီး အဆိုပါ ရဟန်းတော်အား ဖူးမြော်ကာ "တပည့်တော်သည် ယခုဘုံသို့ ရောက်ရခြင်းဟာ အရှင်ဘုရားပေးသည့်သရဏဂုံကို ဆောက်တည်မိလို့ပါဘုရား၊ တပည့်တော် မသေဘဲ ငါးပါးသီလအထိ ခံယူဆောက်တည်ခွင့်သာရလျှင် အထက်နတ်ဘုံသို့ပင် ရောက်နိုင်ပါတယ်ဘုရား၊ အရှင်ဘုရားရဲ့ ဂုဏ်ကျေးဇူးဟာ တပည့်တော်အပေါ်မှာ အင်မတန်များလှပါတယ်ဘုရား"ဟု လျှောက်ထားခဲ့သည်။ ဤပုဂ္ဂိုလ်မျိုးသည် တတိယတန်းစားသရဏဂုံတည်သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

တစ်စပ်တည်းမှာပင် သရဏဂုံပေးသည့်ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးသည် အလွန်များပြားသဖြင့် အနန္တကျေးဇူးရှင်ငါးပါးတဲတွင် ဆရာဂိုဏ်းဝင်အဖြစ် သတ်မှတ်ထားရှိသည်ကို မှတ်သားရာ၏။

http://www.dhammadownload.com

သိမှတ်ဖွယ်။ သရဏဂုံသည် မကောင်းကျိုးကိုတားပြီး ကောင်းကျိုးကို ပေးသဖြင့် ကလေးသူငယ်မှအစ လူတိုင်းဆောက်တည်သင့်သည်။ သရဏဂုံကို မိမိကိုယ်တိုင်က ယုံယုံကြည်ကြည် မခံယူ မဆောက်တည်လျှင် မည်သည့် ပုဂ္ဂိုလ်ပေးပေး သရဏဂုံ မရနိုင်။ ရတနာမြတ်သုံးပါးကို အထွတ်အမြတ်ဆုံးဟု ယုံကြည်သိရှိ၍ ငါ့ရဲ့ကိုးကွယ်ဆည်းကပ်ရာ အမှန်ပဲဟု စိတ်၌ ဖြစ်ပေါ်တည်ရှိနေသမျှ ထိုသူမှာ သရဏဂုံ တည်နေ၏။ ယင်းစိတ်ကို မစွန့်သမျှ ကာလပတ်လုံး သရဏဂုံမပျက် ဆက်လက် တည်ရှိနေ၏။ သရဏဂုံကာလရှည်ရှည် တည်လေလေ အကျိုးများလေလေ ဖြစ်သဖြင့် အကျိုးများသော သရဏဂုံကို တစ်သက်ပန်ရည်မှန်း ဆောက်တည်သင့်ပေသည်။

သရဏဂုံသည် တစ်ကြိမ်ဆောက်တည်ပြီးလျှင် မပျက်မချင်း အမြဲတည် နေသော်လည်း အမြဲရွတ်ဆိုပြီး ထပ်မံ၍ အကြိမ်ကြိမ် ဆောက်တည် နေခြင်းဖြင့် အကျိုးမယုတ်။ သရဏဂုံ ဆောက်တည်တိုင်း မိမိတို့သန္တာန်၌ ကုသိုလ်စိတ်များအမြဲ ဖြစ်ပေါ်လာခြင်းကြောင့် အကျိုးကြီးမားပါ၏။

ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးကို ကိုးကွယ်ခြင်းဖြင့် သစ္စာ လေးပါးတရား သိကြရုပြီဆိုလျှင် ယင်းသို့ကိုးကွယ်ရခြင်းသည် အမြတ် ဆုံးသော ကိုးကွယ်ခြင်းမည်ပါ၏။

သရဏဂုံနှင့်ဒါန အကျိုး နှိုင်းယှဉ်ပုံ

အလွန်ကြီးကျယ်များပြားသော ပစ္စည်းဥစ္စာတို့ဖြင့် များပြားလှစွာသော မစင်ကြယ်သည့် အလှူခံပုဂ္ဂိုလ်များကို လှူဒါန်းရသော ဒါနကုသိုလ်ထက် သောတာပန်တစ်ဦးကို ကျွေးမွေးလှူဒါန်းသူ၏ ဒါနကုသိုလ်က ပို၍ အကျိုးကြီး၏။ သောတာပန်ပုဂ္ဂိုလ်တစ်ရာကို ကျွေးမွေးလှူဒါန်းရသော ဒါနကုသိုလ်ထက် သကဒါဂါမ်ပုဂ္ဂိုလ်တစ်ဦးကို ကျွေးမွေးလှူဒါန်းရသော ဒါနကုသိုလ်ကလည်းကောင်း၊ သကဒါဂါမ်ပုဂ္ဂိုလ်တစ်ရာကို ကျွေးမွေးလှူဒါန်းရသော ဒါနကုသိုလ်ထက် အနာဂါမ် ပုဂ္ဂိုလ်တစ်ဦးကို ကျွေးမွေးလှူဒါန်းရသော ဒါနကုသိုလ်ကလည်းကောင်း၊ အနာဂါမ်ပုဂ္ဂိုလ်တစ်ရာကို ကျွေးမွေးလှူဒါန်းရသော ဒါနကုသိုလ်ထက် ရဟန္တာတစ်ပါးကို ကျွေးမွေးလှူဒါန်းရသော ဒါနကုသိုလ်ကလည်းကောင်း၊ ရဟန္တာအပါးတစ်ရာကို ကျွေးမွေးလှူဒါန်းရသော ဒါနကုသိုလ်ထက် ရှင်ပဗ္ဗေကဗုဒ္ဓါတစ်ဆူကို ကျွေးမွေးလှူဒါန်း ရသောဒါနကုသိုလ်ကလည်းကောင်း၊ ရှင်ပဗ္ဗေက ဗုဒ္ဓါအဆူတစ်ရာကို ကျွေးမွေး

http://www.dhammadownload.com

လျှဒါန်းရသော ဒါနကုသိုလ်ထက် လူနတ်ဗြဟ္မာသုံးလောက၏ အပူဇော်ခံ သစ္စာသိမြင်ဘုရားရှင်ကို ကျွေးမွေးလျှဒါန်းရသော ဒါနကုသိုလ်ကလည်းကောင်း၊ ဘုရားရှင်ကို ကျွေးမွေးလျှဒါန်းရသော ဒါနကုသိုလ်ထက် ဘုရားအမှူးပြုသော ရဟန်းသံဃာများကို ကျွေးမွေးလျှဒါန်းရသော ဒါနကုသိုလ်ကလည်းကောင်း၊ ဘုရားအမှူးပြုသော ရဟန်းသံဃာများကို ကျွေးမွေးလျှဒါန်းရသော ဒါနကုသိုလ်ထက် အရပ်လေးမျက်နှာမှာ ရှိသော သံဃာတော်များကို ရည်မှန်း၍ စာတုဒ္ဒိသာ သံဃိကကျောင်း ဆောက်လုပ် လျှဒါန်းရသော ဒါနကုသိုလ်လည်းကောင်း၊ ပို၍ပို၍ အကျိုးကြီးမားကြ၏။ ဤဒါနကုသိုလ်များထက် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကြည်ညိုဆည်းကပ်ကိုးကွယ်သူ(သရဏာဂုံတည်သူ)၏ ကုသိုလ်ကောင်းမှုက အကျိုးသာလွန်ကြီးမား၏။

ဤမျှအကျိုးကြီးမားမှုကို ရရှိခံစားနိုင်သော သရဏာဂုံသည် မဂ်ရသည်နှင့် တစ်ပြိုင်နက် ဖြစ်ပေါ်လာသော ပျက်စီးခြင်းကင်းသည့် လောကုတ္တရာ သရဏာဂုံသာဖြစ်ကြောင်း သိမှတ်ရာ၏။ သို့သော်ကိုယ်နှင့် အသက်ကို ရတနာမြတ်သုံးပါးအား အပ်နှင်းပေးလှူပြီးဖြစ်သော သာသနာ့သူရဲကောင်း လောကီသရဏာဂုံတည်ပြီးသူသည်လည်း ဤသို့သော ကြီးမားသည့် အကျိုးများကို ရရှိခံစားနိုင်သည်သာ ဖြစ်ပါ၏။

http://www.dhammadownload.com

အခန်း(၄)

သီလဆောက်တည်ခြင်း

အတုမရှိ မြတ်သောသီလ

စန္ဒကူး ရနံ့သည်လည်းကောင်း၊ တောင်ဧလပ်ပန်း ရနံ့သည် လည်းကောင်း၊ ကြာညိုပန်းရနံ့သည်လည်းကောင်း၊ မြတ်လေးပန်းရနံ့ သည်လည်းကောင်း ရှိကြ၏။ ထိုရနံ့အမျိုးမျိုးတို့ထက် သီလတည်း ဟူသော ရနံ့သည်သာလျှင် အတုမရှိ မြင့်မြတ်လှပေ၏။

(ဓမ္မပဒ)

http://www.dhammadownload.com

သီလအဓိပ္ပာယ်

သီလဟူသည် အကုသိုလ်မကောင်းမှုမှန်သမျှ မပြုလုပ်မိစေရန် မိမိ၏ ကိုယ်နှုတ်၊ စိတ်နှလုံးသုံးပါး စလုံး ထိန်းချုပ်စောင့်စည်းခြင်းပင်ဖြစ်၏။ မကောင်းမှု အကုသိုလ်ဆိုသည်မှာ မိမိကိုရော သူတစ်ပါးကိုပါ ထိခိုက်နစ်နာစေသော အပြုအမူ အပြောအဆို၊ အကြံအစည်များဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတွင် စိတ်ကိုကောင်းအောင်၊ ဆိုးအောင် ချယ်လှယ် ပြုလုပ်သော စေတသိက်တရား (၅၂)ပါးရှိသည့်နက် ဝိရတီ(မကောင်းမှု ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း) သုံးပါးဖြစ်သော သမ္မာဝါစာ (ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှု)၊ သမ္မာကမ္မန္တ (ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှု)နှင့် သမ္မာအာဇီဝ (အသက်မွေးမှုနှင့် စပ်သော ဝစီဒုစရိုက်၊ ကာယဒုစရိုက်တို့မှ ရှောင်ကြဉ်မှု) တို့သည် သီလတရားပင် ဖြစ်၏။

သီလသည် အကုသိုလ်တို့မှ တွန့်ဆုတ်၍ ဒုစရိုက်ကို ဖျက်ဆီးခြင်းနှင့်အပြစ်တို့မှ ကင်းသော ဂုဏ်တို့ဖြင့်လည်း ပြည့်စုံ၏။ သူတော်ကောင်းတို့အတွက် မရှိမဖြစ် လိုအပ်သော အကျင့်သိက္ခာလည်းဖြစ်၏။ လောကီ၊ လောကုတ္တရာနှစ်ဖြာတွင် ချမ်းသာသုခပြည့်စုံစေမည့် အကျင့်တရားလည်းဖြစ်၏။ နတ်ပြည်တက်ရာ စောင်းတန်းလည်းဖြစ်၏။ နိဗ္ဗာန်၏တံခါးလည်းဖြစ်၏။

သီလသည် ဂုဏ်အပေါင်း၏ဦးခေါင်း၊ ကိလေသာ အပူမီးများကို ငြိမ်းသတ်နိုင်မှု၊ အကုသိုလ်များ မဝင်လာနိုင်အောင် ပိတ်ဆို့နိုင်မှု၊ ကုသိုလ်တရားများ ဝင်နား ခိုစရာ ဧရုပ်စသည့်အနက်များဖြင့်လည်း ပြည့်စုံ၏။ သီလမပြည့်စုံသူ၏ ဒါနသည် မစင်ကြယ်သကဲ့သို့ ဝိပဿနာတရားအားထုတ်ရာတွင်လည်း သီလမစင်ကြယ်လျှင် သမာဓိရရန် ခဲယဉ်းပြန်၏။ အထူးသဖြင့် သီလမပြည့်စုံသူသည် မိမိကိုယ်ကိုလည်း မကြည်ညိုး သူတစ်ပါးကိုလည်း မကြည်ညိုနိုင်ဖြစ်ရ၏။ ထို့ကြောင့် သီလသည် မြတ်ဗုဒ္ဓသာသနာတွင် အခြေခံအားဖြင့် အရေးအကြီးဆုံးဖြစ်၏။

မြတ်ဗုဒ္ဓက "သီလနှင့်တူသော နံ့သာသည်မရှိ၊ လေအောက်လေထက် နှစ်ဌာနလုံး၌ မွှေး၏။ သီလ အဆင်တန်ဆာသည် ငယ်စဉ်လည်းတင့်တယ်၊ အလယ်အရွယ်၌လည်း ရှုမငြီး၊ အရွယ်ကြီးသူနှင့်လည်း လိုက်ဖက်သည်ဖြစ်ရကား တစ်သက်ပတ်လုံး ဝတ်ဆင်၍ တင့်တယ်ခြင်းကို ဖြစ်စေ၏"ဟု မိန့်တော်မူခဲ့ပါသည်။

http://www.dhammadownload.com

သီလအမျိုးအစားများ

(၁) ပါတိမောက္ခသံဝရသီလ

ကာယကံသုံးပါး၊နှင့် ဝစီကံလေးပါးမကောင်းမှုများကို မပြုလုပ်မိစေရန် ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းတတ်သော အကျင့်စေတနာကို ခေါ်၏။ ရဟန်းတော်များ ထိန်းသိမ်းသောသီလသည် လူတို့ထက် အဆပေါင်းများစွာ သာလွန်၏။ ယင်းသီလကို အောက်ပါအတိုင်း (၂)မျိုးခွဲခြားထားပြန်သည်။

ဝါရိတ္တသီလ

အခြားသူများကို မျက်မှောက်လောကတွင်ပင် ထိခိုက်နစ်နာစေသော မကောင်းမှု ဒုစရိုက်များကို ကာယကံ ဝစီကံတို့ဖြင့် မပြုလုပ်မိစေရန် တားမြစ်ထားသော အကျင့် သိက္ခာပုဒ်များဖြစ်၏။ ထို့ကြောင့် သူတော်ကောင်းတို့တွင် အနည်းဆုံး မရှိမဖြစ် စောင့်ထိန်းရန်လိုအပ်သည့် ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည့်သီလဖြစ်သည်။ ဝါရိတ္တသီလ တစ်ပါးပါးကို ကျူးလွန်မိလျှင် အပါယ်သို့ လားရောက်ရခြင်းနှင့် အခြားသော မကောင်းကျိုးများကို လောကရော သံသရာတွင်ပါ ခံစားကြရပါသည်။ ဤသီလမျိုးကို နိစ္စသီလ (အစဉ်မြဲရမည့်သီလ)၊ ဂရုဓမ္မသီလ (အလေးအမြတ်ထားကာ ကျင့်သုံးရ သောသီလ)ဟူ၍လည်း ခေါ်ဆိုကြပါသည်။ ဥပမာ– ငါးပါးသီလ။

စာရိတ္တသီလ

မစောင့်ထိန်းလျှင် အပြစ်မရှိသေ ာ်လည်း သံသရာကို ရှည်စေတတ်သောကြောင့် အထူးကျင့်အပ်သော အကျင့်သိက္ခာပုဒ်များဖြစ်သည်။ ဥပမာ ရှစ်ပါးသီလ၊ ဆယ်ပါး သီလ စသည်တို့တွင် ငါးပါးသီလ၌ မပါဝင်သော သိက္ခာပုဒ်များ တစ်ခုခုကို လည်းကောင်း၊ အားလုံးကိုလည်းကောင်း ကျူးလွန်မိသော် မည်သူ့အကျိုးကိုမှ မထိခိုက်။ သို့သော် မိမိအတွက် ခန္ဓာတွင် တာဝန်ငြိကာ နိဗ္ဗာန်သို့ ရောက်ကြောင်း အထောက်အပံ့ မဖြစ်နိုင်သဖြင့် သံသရာမရှည်စေရန် တတ်အားသရွေ့ စောင့်ထိန်းသင့်ကြ၏။ အရိယာ ပုဂ္ဂိုလ်များအနက် အနာဂါမ်ပုဂ္ဂိုလ် နှင့် ရဟန္တာပုဂ္ဂိုလ်များ ထာဝရစောင့်ထိန်းသော သီလလည်းဖြစ်၏။ စောင့်ထိန်းနိုင်သမျှ ကာလပတ်လုံး ကုသိုလ်အကျိုးများ၏။ ဤသီလမျိုးဆောက်တည်ခြင်းဖြင့် အဝိဇ္ဇာ၊ တဏှာတရားဆိုးများလည်း နည်းပါးသွားပြီး စိတ်ကိုဆေးကြောသန့်စင်ရာ ရောက်ပါသည်။ ရဟန်းသံဃာများမှာမူ ဤစာရိတ္တသီလကို ကျူးလွန်ပါက အပြစ်ဖြစ်ပါသည်။

http://www.dhammadownload.com

(၂) ဣန္ဒြိယသံဝရသီလ

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနောတည်းဟူသော ဣန္ဒြေ(၆)ပါးကို အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ ကြဲစည်း၍သီခြင်း စသောအာရုံ(၆)ပါးနှင့် ထိတွေ့ရာတွင် လောဘ၊ ဒေါသ စသော ကိလေသာများမဖြစ်ပေါ်စေရန် ကောင်းသောသတိဖြင့် စောင့်ရှောက်ထိန်းသိမ်းတတ်သော စေတနာကို ခေါ်သည်။ ကိလေသာတရားဆိုးများ မဖြစ်ပွားစေရန် မိမိ၏ကာယက်၊ ဝစီက်၊ မနောက်တို့ကို မပြတ်သောသတိဖြင့် စောင့်ထိန်းခြင်းအကျင့်သိက္ခာ ဖြစ်ပါသည်။

အာဇီဝပါရိသုဒ္ဓိသီလ

မကောင်းသောကာယက်၊ ဝစီက်တို့မှ ကင်းလွတ်၍ ကောင်းသော အသက်မွေးဝမ်းကျောင်း (သမ္မာအာဇီဝ)ဖြင့် ရှာဖွေရရှိခဲ့ခြင်းများကို တပ်မက်မှု တဏှာ ကင်းစွာ သုံးဆောင်ခံစားခြင်း စေတနာကို ခေါ်ပါသည်။ ဥပမာ–ဥပုသ်သီလဆောက်တည်သည့်အခါ သူတစ်ပါးပေးလှူသည့်ပစ္စည်းကို တဏှာ မတပ်ဘဲ သတိ၊ ပညာတို့ဖြင့် သုံးဆောင်ခြင်းသည် အာဇီဝပါရိသုဒ္ဓိဖြစ်သည်။ ရဟန်းသံဃာတော်များသည် မိမိကိုယ်တိုင်လည်း မရှာဖွေ၊ ရှိလာသည့်ပစ္စည်းကိုလည်း မစုဆောင်း မသိမ်းဆည်းသည့်အပြင် သုံးဆောင်သည့် အခါလည်း တဏှာကင်းခဲ့ပါမူ အာဇီဝပါရိသုဒ္ဓိသီလ အစစ်ဖြစ်ပေ၏။ ဥပမာ– ဆွမ်းခံ၍ စားတော်မူခြင်း။

ပစ္စယသန္နိဿိတသီလ။

မကောင်းမှုတို့မှကင်းလျက် သမ္မာအာဇီဝတရားသဖြင့် ရအပ်သောပစ္စည်းတို့ကို သုံးစွဲတိုင်း သုံးစွဲတိုင်း ပဋိကူလသညာကမ္မဋ္ဌာန်း (ရွံရှာဖွယ်အမှတ်ဖြင့် သုံးဆောင်ခြင်း) ဖြင့်လည်းကောင်း၊ ဝိပဿနာဉာဏ်အစဉ် ဖြင့်လည်းကောင်း၊ ဆင်ခြင်သုံးစွဲခြင်းဖြင့် ကုသိုလ်တရားတို့ကို ဆောင်တတ်သော စေတနာပင်ဖြစ်၏။ ရဟန်းတော်များ၏ ပစ္စည်းလေးပါးကို သုံးစွဲတိုင်း ဆင်ခြင်၍မှီဝဲသော အလေ့အကျင့်သည်လည်း ဤသီလမျိုးပင်ဖြစ်၏။ သို့ဖြစ်၍ ပစ္စည်းတစ်ခုခုကို သုံးစွဲတိုင်း မပြတ်သောသတိဖြင့် ဆင်ခြင်နှလုံးသွင်းမှီဝဲခဲ့သော် မျက်မှောက်ဘဝတွင်ပင် နိဗ္ဗာန်ရောက်နိုင်၏။

သီလအမျိုးအစားများကို အောက်ပါအတိုင်းလည်း ခွဲခြားထားနိုင်သည်–

(၁) ဘိက္ခုသီလ

(၂) ဘိက္ခုနီသီလ

ဤသီလ (၂)မျိုးကို သီးခြားဆောက်တည်ရန် မလိုဘဲ သိမ်တွင် ကမ္မဝါစာပိပြင်စွာ ရွတ်ဖတ်ပြီးသည်၏အဆုံး၌ ထိုသီလများအလိုအလျောက် တည်ပြီးဖြစ်၏။ ရဟန်း၊

http://www.dhammadownload.com

ဘိက္ခုနီများ ထာဝစဉ်နိစ္စစောင့်ထိန်းရသည့် သီလများဖြစ်၏။ အကြီးဆုံး သိက္ခာပုဒ်ကြီး ကျူးလွန်မိသည့်အခါဖြစ်စေ၊ သိက္ခာချသည့်အခါဖြစ်စေ၊ ကမ္မဝါစာအရှိန်အဝါ အလိုအလျောက် ပျက်ပြယ်ပြီး သီလကင်းသွားသည်။

(၃) သာမဏေရသီလ

ရှင်သာမဏေများ သရဏဂုံဆောက်တည်လျှင် သက်ဆိုင်ရာသီလများလည်း တစ်ပြိုင်နက် ဆောက်တည်ပြီးသား ဖြစ်သွား၏။ သီးခြားဆောက်တည်ရန်မလို။ လိင်ကျမှုနှင့် ပတ်သက်သော သီလတစ်ပါးပါး ပျက်က အားလုံးပျက်၏။ သီလတည်ရန် သရဏဂုံပြန်လည်ဆောက်တည်ရသည်။ လိင်ကျမှုနှင့် မပတ်သက်သော အခြားသီလများ ပျက်လျှင် သဲဒဏ်၊ ရေဒဏ်စသည်ဖြင့် ထမ်းဆောင်၍ ကစားရ၏။

(၄) ဂဟဋ္ဌသီလ

လူဝတ်ကြောင်များ ဆောက်တည်သော သီလဖြစ်၏။ သရဏဂုံဆောက်တည်ရုံဖြင့် သီလမတည်၊ သီလ သီးခြားဆောက်တည်ရ၏။ ငါးပါးသီကို သိက္ခာပုဒ်အလိုက် တစ်ပါးချင်း ဆောက်တည်လျှင် တစ်ပါးကျူးလွန်မိက ထိုတစ်ပါးသာပျက်၏။ ကျန်သိက္ခာပုဒ်များမပျက်။ "ပဋ္ဌသိလံ သမာ ဒိယာမိ" ဟု သိက္ခာပုဒ်ငါးပါးကို တစ်ပေါင်းတည်းဆောက်တည်လျှင် တစ်ပါးပျက်က အားလုံးပျက်သည်။ ဂဟဋ္ဌသီလတွင် တစ်ပါးပါးဖြစ်စေ၊ အားလုံးဖြစ်စေပျက်လျှင် ရှေ့ဆက်ပြီး ထပ်မံမပျက်အောင် စောင့်ထိန်းလျှင် သီလပြန်တည်သည်။

သီလဆောက်တည်ခြင်း (၃)မျိုး

၁။ သမ္မတ္တဝိရတိသီလ – မဆောက်တည်ဘဲ တွေ့ကြုံမှ ရှောင်ကြဉ်သည့်သီလ၊ မမြဲသောသီလဖြစ်၏။

၂။ သမဒါနဝိရတိသီလ – ခဏဆောက်တည်၍ ရှောင်ကြဉ်သည့်သီလ မမြဲသော သီလဖြစ်၏။

၃။ သမုစ္ဆေဒသီလ – မဂ်ဖြင့် အကြွင်းမဲ့ပယ်သည့် အရိယာသီလ၊ မခံယူ မဆောက်တည်ဘဲ နိဗ္ဗာန် ရောက်သည့် ဘဝတိုင်အောင် ဘဝအဆက်ဆက်မည်သည့်အခါမှ မကျိုးပေါက် တော့သောသီလ၊ မိမိခန္ဓာအသက်တို့နှင့် လဲ၍ စောင့်ထိန်းသည့် သီလ၊ မြဲသောသီလဖြစ်၏။

http://www.dhammadownload.com

သီလစင်ကြယ်ပြည့်စုံခြင်းအင်္ဂါရပ်များ

၁။ မိမိကိုယ်တိုင် မလွန်ကျူးခြင်း။

၂။ သူတစ်ပါးကိုလည်း မလွန်ကျူးခြင်း။

၃။ သူတစ်ပါးလွန်ကျူးသည်ကို ကျေနပ်ဝမ်းမြောက်မှု မရှိရခြင်း။

၄။ မိမိစောင့်ထိန်းသော သီလသိက္ခာပုဒ် အသီးသီးကိုလည်း စင်ကြယ်လေစွပဟု မိမိကိုယ်ကို ကျေနပ်နှစ်သက်အားရမှုရှိခြင်း။

ဤအင်္ဂါ(၄)ရပ်အနက်မှ တစ်ရပ်ရပ် ချို့ယွင်းလျှင် သီလမစင်ကြယ် မပြည့်စုံဟု မှတ်ရာ၏။ သီလဖြင့် စင်ကြယ်ပြည့်စုံသောပုဂ္ဂိုလ်ကို သီလဝန္တပုဂ္ဂိုလ်ဟု ခေါ်၏။ သီလဖြင့် မစင်ကြယ် မပြည့်စုံသော ပုဂ္ဂိုလ်ကို ဒုဿီလပုဂ္ဂိုလ်ဟု ခေါ်၏။

သီလစောင့်ထိန်းခြင်းအကျိုးများ

၁။ မမေ့မလျော့သောအသိ၊ သတိရှိသည့်အတွက် စည်းစိမ်ဥစ္စာများ ရရှိနိုင်ခြင်း။

၂။ ကောင်းသောဂုဏ်သတင်းကျော်စောထင်ရှားခြင်း။

၃။ မည်သည့်ပရိသတ်မျိုးထဲမဆို ရဲရဲဝံ့ဝံ့ တင့်တင့်တယ်တယ်ဝင်ဆန့်ခြင်း။

၄။ သတိရှိလျက် မတွေမဝေသေရခြင်း။

၅။ သေပြီးသည့်နောက် သုဂတိဘဝသို့လား ရောက်ရခြင်း။

ထို့ပြင် ရုပ်ဆင်းအင်္ဂါချောမောလှပခြင်း၊ ရဟန်းရှင်လူတို့၏ ချစ်ခင်ကြည်ညိုမှု ရရှိခြင်း၊ လျှာဒါန်း ပူဇော်သူများပြားခြင်း စသည့်အကျိုးများလည်း ရရှိပါသည်။

သီလပျက်စီးခြင်းအကျိုးများ

၁။ မေ့လျော့၍ စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးခြင်း။

၂။ သတင်းဆိုးထွက် နာမည်ပျက်ခြင်း။

၃။ လူသူပရိသတ်အလယ်သို့ မျက်နှာညိုးငယ်ကြောက်ရွံ့စွာဝင်ရခြင်း။

၄။ သတိလွတ်ကင်းလျက် အော်ဟစ်ညည်းညူကာ သေရခြင်း။

၅။ သေလွန်ပြီးနောက် အပါယ်စသော ဘဝဆိုးသို့လား ရောက်ရခြင်း။

ထို့ပြင် အရုပ်ဆိုးအကျည်းတန်ခြင်း၊ ရဟန်းရှင်လူတို့၏ ချစ်ခင်ကြည်ညိုမှု မရရှိခြင်း၊ လာဘ်လာဘ ရှားပါးခြင်း၊ မိမိအားကြည်ညိုလျှာဒါန်းသူများမှာ အကျိုးရ

http://www.dhammadownload.com

နည်းပါးခြင်းစသော မကောင်းကျိုးများလည်း ရရှိပါသည်။ သီလပျက်စီးခြင်း (၂)မျိုး ရှိသည့်အနက် ဆောက်တည်ထားသော သီလပျက်စီးခြင်းက မဆောက်တည်ထားသော သီလပျက်စီးခြင်းထက် ပို၍အပြစ်ကြီး၏။

သီလဂုဏ်ဆင်ခြင်ခြင်း

မိမိစောင့်ထိန်းသော သီလလုံခြုံပုံကိုလည်းကောင်း၊ လူနတ်စည်းစိမ်တို့ကို မတောင့်တသဖြင့် တဏှာကင်းလွတ်ပုံကိုလည်းကောင်း၊ သီလကို အရင်းခံလျက် မိမိ၏စင်ကြယ်မှုကြောင့် မင်ဖိုလ်ရောက်ကြောင်း သမာဓိရနိုင်ပုံလည်းကောင်း အဖန်ဖန်ဆင်ခြင်ပြီး အောက်မေ့ပွားများလျှင် သီလာနုဿတိ ကမ္မဋ္ဌာန်းဘာဝနာပွားများရာရောက်၏။

မြတ်ဗုဒ္ဓဒေသနာတော်၏ ကြောင်းကျိုးဆက်တရားများ

သီလ၏အရေးပါပုံ၊ လိုအပ်ပုံ သိရှိနိုင်ရန် မြတ်ဗုဒ္ဓဒေသနာတော်၏ ကြောင်းကျိုးဆက်တရားများကို အလျဉ်းသင့်၍ ဤအခန်းမှပင် ဖော်ပြလိုက်ပါသည်။

၁။ **ကမ္မသကတာသမ္မာဒိဋ္ဌိ။** ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်လျှင် ကောင်းသောအလုပ် (ကုသိုလ်ကံ)ကြောင့် ကောင်းကျိုးရ၍ မကောင်းသောအလုပ် (အကုသိုလ်ကံ)ကြောင့် မကောင်းကျိုး ဖြစ်ရသည်ဟူသောကြောင်းကျိုး သဘာဝ (ကံနှင့်ကံ၏အကျိုး)ကို ယုံကြည်လက်ခံ၏။

၂။ **ဟိရိဩတ္တပ္ပ။** ။ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းဖြင့် ဆိုးကျိုး၊ ဆင်းရဲကျိုးရမည်ကို ရွံကလည်းရွံကြောင်း၊ ကြောက်လည်းကြောက်လာ၏။

၃။ **သီလသံဝရ** လောကကို စောင့်သော လောကပါလတရား (၂)ပါးဖြစ်သည့် ဟိရိဩတ္တပ္ပကြောင့် မကောင်းသောအကုသိုလ် အလုပ်ကို ရှောင်ကြဉ်ပြီး ကောင်းသောကုသိုလ်အလုပ်ကိုသာ ပြုလုပ်ခြင်းဖြင့် ကိုယ်ကျင့်သီလ စင်ကြယ်ခြင်း၊ ပြည့်စုံလုံခြုံခြင်းဖြစ်၏။

၄။ **အဝိပ္ပဋိသာရ။** ကိုယ်ကျင့်သီလလုံခြုံလျှင် မိမိ၏ကိုယ်ကျင့်သီလပြည့်စုံခြင်းကို စဉ်းစားဆင်ခြင်မိတိုင်း စိတ်ကြည်လင် ရွှင်လန်းမှုဖြစ်၏။

၅။ **ပါမောဇ္ဇ။** စိတ်ကြည်လင် ရွှင်လန်းလျှင် ဝမ်းမြောက်မှုဖြစ်မည်။

၆။ **ပီတိ** ။ဝမ်းမြောက်မှုဖြစ်လျှင် လွန်စွာ နှစ်သက်အားရမှုဖြစ်၏။

http://www.dhammadownload.com

၇။ **ပဿဒ္ဓိ။** လွန်စွာနှစ်သက်အားရမှုဖြစ်လျှင် ကိုယ်ရောစိတ်ပါလွန်စွာငြိမ်းအေး၏။

၈။ **သုခ။** ကိုယ်ရောစိတ်ပါငြိမ်းအေးလျှင် ကိုယ်စိတ်နှစ်ပါးချမ်းသာ၏။

၉။ **သမာဓိ။** ကိုယ်စိတ်နှစ်ပါး ချမ်းသာသည့်အခါ တရားအာရုံထုတ်လျှင် စိတ်တည်ငြိမ်မှုကြောင့် ခန္ဓာကိုယ်၌ စွဲမြဲစွာ စူးစိုက်တည်ကြည်မှုသမာဓိကို ရလွယ်၏။

၁၀။ **ယထာဘူတဉာဏဒဿန။** စိတ်တည်ငြိမ်လျှင် ရုပ်၊ နာမ်၊ ခန္ဓာအဖြစ်အပျက်တို့ကို အမှန်အတိုင်း သိသော ယထာဘူတဉာဏ်အမြင် (ဝိပဿနာ) ရလွယ်၍ ထိုဉာဏ်ဖြင့် အရိယာသစ္စာလေးပါးကို ထိုးထွင်းသိမြင်သော ဉာဏ်အမြင် (မဂ်ဖိုလ်)ကို လျှင်မြန်စွာရ၏။

ငါးပါးသီလ

ငါးပါးသီလကို ပဝေဏီသီလ (ရှေးဦးကာလများကပင် ပေါ်ထွန်းခဲ့သော တရား)၊ စက္ကဝတ္တိဓမ္မသတ် (စက်ကြာဝတေးမင်းတို့ ဓမ္မသဖွယ်ကျင့်သုံး၍ လေးကျွန်းဒီပါလုံးကို အုပ်ချုပ်ခဲ့ခြင်း)၊ ဂရုဓမ္မသီလ (သူတော်ကောင်း တို့ အလေးဂရုထား၍ ကျင့်သုံးအပ်သော ဓမ္မတာသီလ)(လူသားတိုင်း လိုက်နာရမည့်တရား)၊ ဂဟဋ္ဌသီလ (လူသားတို့၏ကိုယ်ကျင့်တရား)၊ နိစ္စသီလ (လူသားတို့ အမြဲ စောင့်ထိန်းအပ်သည့်တရား)၊ ဝါရိတ္တသီလ (မြတ်ဘုရားကိုယ်တော်တိုင် တားမြစ်အပ်သောတရား)၊ အရိယာကန္တသီလ (အရိယာ သူတော်မြတ်တို့ နှစ်သက်မြတ်နိုးရာတရား)၊ သိက္ခာပဒသီလ (ကျင့်သုံးအပ်သည့်တရား) ဟူ၍ ဝိသေသအမည်အမျိုးမျိုး ခေါ်ဆိုကြ၏။

လူသားလောကနှင့် တိရစ္ဆာန်လောကကို ကွဲပြားခြားနားအောင် ဤတရားက စောင့်ထိန်းခွဲခြား ပေးထား၍ လောကပါလကမ္ဟာစောင့် တရားကြီးလည်း ဖြစ်၏။ သို့ဖြစ်၍ အရိယာသူတော်စင်ဖြစ်လိုကြသော ပုဂ္ဂိုလ်တို့သည် သူတော်ကောင်းတို့ အနည်းဆုံး စောင့်ထိန်းအပ်သည့် သီလဖြစ်သော ငါးပါးသီလကို မပြောက်မကျား မကျိုးမပေါက်အောင် ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်ကြပါကုန်။

http://www.dhammadownload.com

ငါးပါးသီလဆောက်တည်ခြင်း

ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

အနက်

၁။ ပါဏာတိပါတာ – သတ္တဝါဟု သိမှတ်၍ သတ်လိုသော စေတနာဖြင့် သူတစ်ပါး၏အသက်ကို မိမိကိုယ်တိုင်သတ်ခြင်း၊ သူတစ်ပါးအား စေခိုင်းခြင်းတို့မှ၊ ဝေရမဏိ သိက္ခာပဒံ–ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ– မြဲမြံစွာဆောက် တည်ပါ၏။

၂။ အဒိန္နာဒါနာ – ပိုင်ဆိုင်သူမပေးသော သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ တိုက်ယူခြင်း၊ လုယူခြင်းနှင့် လိမ်ယူခြင်း စသည့် မကောင်းသော ရယူခြင်းတို့မှ၊ ဝေရမဏိသိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ– မြဲမြံစွာဆောက် တည်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ – သူတစ်ပါး၏ခင်ပွန်း၊ မယားနှင့်သားသမီးတို့ကို ပြစ်မှားကျူးလွန်ခြင်း စသော ကာမဂုဏ်တို့၌ ယုတ်မာသော အကျင့်ကို ကျင့်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ– မြဲမြံစွာဆောက်တည်ပါ၏။

၄။ မုသာဝါဒါ – မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ– မြဲမြံစွာဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာန– သတိကင်းလွတ်မေ့လျော့ မူးယစ်စေတတ်သော အရည်၊ အဖတ်၊ အငွေ့စသည့် သေရည်သေရက်တို့ကို သောက်ခြင်း၊ မျိုခြင်း၊ ရှူခြင်း စသည်တို့ကို ပြုလုပ်ခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ– မြဲမြံစွာဆောက်တည်ပါ၏။

http://www.dhammadownload.com

သိမှတ်ဖွယ်။ သီလကို ရဟန်းတစ်ပါးပါးထံမှာ ဆောက်တည်ပါက သီလဆောက်တည်၍ အပြီးတွင် သံဃာတော်က "တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ သမာဒိယိတ္ထာအပ္ပမာဒေန သမ္ပာဒေထ" (ဘုရား၊ တရား၊ သံဃာတည်းဟူသော အားကိုးရာသုံးပါးနှင့်တကွ အင်္ဂါငါးပါး နှင့်ပြည့်စုံသော သီလတော်ကို ရိုသေစွာ ခံယူဆောက်တည်ကြပြီးဖြစ်၍ မမေ့မလျော့သော သတိဖြင့် ပြီးစီးပြည့်စုံလုံခြုံအောင် မြဲမြံစွာ ဆောက်တည်ကြပါလေ) ဟု ရွတ်ဆိုပေလိမ့်မည်။ ထိုအခါ သီလဆောက်တည်သူက အာမ ဘန္တေ(မှန်ပါဘုရား)ဟု ပြန်လည်လျှောက်တင်ရ၏။

ငါးပါးသီလသည် အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း သူတော်ကောင်းတို့ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းရမည့် သီလပင်ဖြစ်၏။ ဤ သိက္ခာပုဒ်များကို ဖျောက်ဖျက်ကျူးလွန်ပါက မျက်မှောက်ရော၊ သံသရာတွင်ပါ ဆင်းရဲဒုက္ခ ကြုံတွေ့ ကြရမည်ဖြစ်ရာ မပြတ်သောသတိ၊ မမေ့လျော့သော သတိဖြင့် မြဲမြံစွာ စောင့်ထိန်းကြရမည်ဖြစ်၏။ မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံများပြုတိုင်း သတိဖြင့် ဆင်ခြင်နိုင်ကြပါကုန်။

ပါဏာတိပါတကံမြောက်သည့်အင်္ဂါများ

၁။ ပါဏော ... ... သတ္တဝါဟုတ်ခြင်း။

၂။ ပါဏသညိတာ... ... ... သတ္တဝါဟု အမှတ်ရှိခြင်း။

၃။ ဝဓကစိတ္တံ ... ... သတ်လိုသောစိတ်စေတနာ၊ သေစေ လိုသော စိတ် စေတနာရှိခြင်း။

၄။ ဥပက္ကမော ... ... သေစေရန် ပြုလုပ်ပြောဆိုခြင်း။

၅။ တေနမရဏံ ... ...ထိုသို့ ပြုလုပ်ပြောဆိုမှုကြောင့်သေခြင်း။

ဤအင်္ဂါ (၅)ရပ်စလုံးနှင့် ပြည့်စုံမှသာ ကံမြောက်၏။ တစ်ပါးပါးချွတ်ယွင်းသော် ကံမမြောက်၊ ကံမမြောက်သော် အပါယ်မလားနိုင်သော်လည်း အကုသိုလ်ဖြစ်သောကြောင့် မကောင်းကျိုးများပေးနိုင်ပါသည်။

ဤကံ၏ အပြစ်အကြီးအငယ်သည် အသတ်ခံရသည့် သတ္တဝါ၏ အရွယ်အကြီးအငယ်၊ သတ်ရာ၌ လုံ့လထုတ်ရမှု၊ အားစိုက်ထုတ်ရမှု၊ သတ်သူအပေါ် တင်နေသော ကျေးဇူး၊ အသတ်ခံရသူ၏ ဂုဏ် (သီလ၊ သမာဓိ၊ ပညာ)တို့အပေါ် မူတည်ပါသည်။ ဥပမာ–ပုရွက်ဆိတ်သတ်ခြင်းထက် ဆင်ကိုသတ်ခြင်းက လည်းကောင်း၊

http://www.dhammadownload.com

တိရစ္ဆာန်ကို သတ်ခြင်းထက် ဒုဿီလ လူကိုသတ်ခြင်းကလည်းကောင်း၊ ဒုဿီလ ကိုသတ်ခြင်းထက် သုဿီလ လူကိုသတ်ခြင်းကလည်းကောင်း၊ သုဿီလ လူကို သတ်ခြင်းထက် ရဟန်းသံဃာတော်ကို သတ်ခြင်းကလည်းကောင်း စသည်ဖြင့် ပို၍ပို၍ အပြစ်ကြီးလေးကြပါသည်။

သိမှတ်ဖွယ် – အချို့သော သူတို့က မိမိကိုယ်ကို မိမိသတ်သေခြင်းသည် အဖန်ငါးကမ္ဘာ ငါးရာတိုင်တိုင်ခံ ရတတ်သည်ဟု ဆိုကြ၏။ ဤသည်မှာ ပိဋကတ်တော်၌ လည်းမလာ၊ ယုတ္တိလည်းမတန်ပါ။

မိမိကိုယ်ကို မိမိသတ်သေခြင်းသည် သူတစ်ပါးအသက်မဟုတ်၍ ပါဏာတိပါတ ကံမြောက်သည့် အင်္ဂါတစ်ပါးချို့ယွင်းနေရာ ပါဏာတိပါတကံ မမြောက်ပါ ပေ။ သို့သော် မိမိကိုယ်ကို မိမိသတ်သေခြင်းသည်မပြုမီကာလ၌လည်း ဒေါမနဿစိတ်ဖြစ်ပေါ်ခဲ့၊ ပြုဆဲကာလ၌လည်း ခံစားရသော ဒုက္ခဝေဒနာကြောင့် ဒေါမနဿစိတ် ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေမည် ဖြစ်ရာ နောက်ဆုံးဖြစ်ပေါ်ခဲ့သော ထိုဒေါမနဿစိတ်ကြောင့်ပင်မကောင်းသော ဒုဂတိဘုံသို့သာ လားရောက်နိုင်ပေသည်။

ပါဏာတိပါတကံ၏ဆိုးကျိုးများ

ဤကံကို ကျူးလွန်သူသည် အပါယ်လားတတ်၏။ အပါယ်မလားခဲ့သော်လည်းကောင်း၊ အပါယ်ကျပြီး လွတ်မြောက်ခဲ့ပါသော်လည်းကောင်း၊ ဝဋ်အားဖြင့် ကံမကုန်မချင်း ဖြစ်လေရာ ဘဝတိုင်း၌ အောက်ပါ ဆိုးကျိုးများ ခံစားရတတ်ပါသည်။

(၁) ကိုယ်လက်အင်္ဂါအချိုးမကျခြင်း။

(၂) ရုပ်သွင်လက္ခဏာ မွဲပြာခြောက်ညှိုး၍ စိုပြည်မှုမရှိခြင်း။

(၃) အားအင်ချို့ယွင်းခြင်း။

(၄) လျင်မြန်ဖျတ်လတ်မှု ကင်းဝေးခြင်း။

(၅) ဘေးရန်ကို ကြောက်ရွံ့တတ်ခြင်း။

(၆) သူတစ်ပါး၏ပယောဂဖြင့် အသတ်ခံရခြင်း၊ ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်း။

(၇) အနာရောဂါထူပြောခြင်း။

(၈) အခွေအရံနည်းပါးပျက်စီးခြင်း။

(၉) သူတစ်ပါး၏အနိပ်စက်ခံရခြင်း။

http://www.dhammadownload.com

(၁၀) စိုးရိမ်ပူဆွေး စိတ်များခြင်း။

(၁၁) ချစ်ခင်နှစ်သက်သူမရှိခြင်း။

(၁၂) ဘေးရန်များခြင်း။

(၁၃) ချစ်သူတို့နှင့် ကွဲကွာရခြင်း။

(၁၄) မတင့်တယ်ခြင်း။

(၁၅) အသက်တိုခြင်းစသော ဆိုးကျိုးများရရှိပါသည်။

ရှောင်ကြဉ်ပါက ကောင်းကျိုးများ

ပါဏာတိပါတာကံကို ရှောင်ကြဉ်နိုင်ပါက ဖော်ပြပါ ဆိုးကျိုးများ၏ ဆန့်ကျင်ဘက် ဖြစ်သော ကောင်းကျိုးများ ရရှိပါသည်။

အဒိန္နာဒါနကံမြောက်သည့်အင်္ဂါများ

၁။ ပရသန္တက ... ... သူတစ်ပါးဥစ္စာဖြစ်ခြင်း။

၂။ တထာသညာ... ... ... သူ့ဥစ္စာဖြစ်သည်ဟု မှတ်ထင်ခြင်း။

၃။ ထေယျစိတ္တ ... ... ခိုးယူလိုသောစိတ်ရှိခြင်း။

၄။ ဥပက္ကမ ... ... ခိုးယူကြောင်းကိုယ်မှု၊ နှုတ်မှုလုံ့လတစ်ခုခုပြုခြင်း။

၅။ တေနဟာရ ... ...ထိုလုံ့လဖြင့် ခိုးမှုကိစ္စအထမြောက်ခြင်း။

ဤအင်္ဂါ (၅)ရပ်စလုံးနှင့် ပြည့်စုံညီညွတ်မှသာ ကံမြောက်၏။ အင်္ဂါတစ်ပါးပါး ချွတ်ယွင်းသော် ကံမမြောက်သော်လည်း အကုသိုလ်ကားဖြစ်၏။ ဤကံ၏အပြစ် အကြီးအသေးမှာ ဥစ္စာရှင်၏ ဥစ္စာပစ္စည်း တန်ဖိုးနှင့် ဥစ္စာရှင်၏ဂုဏ် (သီလ၊ သမာဓိ၊ ပညာ)အလိုက်ကွဲပြားခြားနားပါသည်။

အဒိန္နာဒါနကံ၏ဆိုးကျိုးများ

ဤကံကို ကျူးလွန်သူသည် အပါယ်လားတတ်၏။ အပါယ်မလား မရောက်ခဲ့သော်လည်းကောင်း၊ အပါယ်ကျပြီး လွတ်မြောက်ခဲ့ပါသော်လည်းကောင်း၊ ဝဋ်အားဖြင့် ကံမကုန်မချင်း ဖြစ်လေရာဘဝတိုင်း၌ အောက်ပါ ဆိုးကျိုးများ ခံစားရတတ်ပါသည်။

(၁) မြတ်သောဥစ္စာမျိုးမရရှိခြင်း။

(၂) ယုတ်ညံ့သည့် ဥစ္စာမျိုးကိုသာရရှိခြင်း။

http://www.dhammadownload.com

(၃) ပစ္စည်းဥစ္စာနည်းပါးခြင်း။

(၄) အလွန်ဆင်းရဲမွဲတေခြင်း။

(၅) မရသေးသောဥစ္စာကို မရရှိနိုင်ခြင်း။

(၆) ရရှိပြီး စည်းစိမ်များ ဆုတ်ယုတ်ပျက်စီးခြင်း။

(၇) လိုရာဥစ္စာကို မရရှိနိုင်ခြင်း။

(၈) ရန်သူမျိုးငါးပါးနှင့်သာ ဆက်ဆံတွေ့ကြုံရခြင်း။

(၉) အသက်မွေးဝမ်းကျောင်းမှုမပြုတတ်ခြင်း။

(၁၀) မရှိစကားကိုသာ ကြားရခြင်း။

(၁၁) ကိုယ်၊ စိတ်နှစ်ပါးချမ်းသာစွာ မနေရခြင်းစသောဆိုးကျိုးများရရှိပါသည်။

ရှောင်ကြဉ်ပါက ကောင်းကျိုးများ

ဖော်ပြပါဆိုးကျိုးများ၏ ဆန့်ကျင်ဘက်ဖြစ်သော ကောင်းကျိုးများကို ရရှိစေပါသည်။

ကာမေသုမိစ္ဆာစာရက်မြောက်သည့်အင်္ဂါရပ်များ

(၁) အဂမနိယဌာနတာ – မသွားလာအပ်သောအရာဌာနဖြစ်ခြင်း။

(၂) သေဝနာစိတ္တံ – မှီဝဲလိုသောစိတ်ရှိခြင်း။

(၃) မဂ္ဂေနမဂ္ဂပဋိပတ္တိ – မဂ်ခေါ်လိင်ဖြင့်လိင်ထဲသို့ သွင်းခြင်း။

(၄) သာဒိယနံ – သာယာခြင်း။

အင်္ဂါ(၄)ရပ်လုံးဖြင့် ပြည့်စုံမှကံမြောက်၏။ အင်္ဂါတစ်ပါးပါးချို့ယွင်းသော် ကံမမြောက်၊ သို့သော် အကုသိုလ်ကားဖြစ်၏။

သူတစ်ပါး၏ခင်ပွန်း၊ ဇနီး၊ မယားတို့ကို သဘောတူ၍ဖြစ်စေ၊ မတူဘဲဖြစ်စေ ပြစ်မှားကျူးလွန်ခြင်းကို ပရဒါရကံဟု ခေါ်သည်။ ကာမေသုမိစ္ဆာစာရက်ဆိုသည်မှာ ကာမနှင့်ပတ်သက်၍ ကဲ့ရဲ့ ထိုက်စွာမသင့် မတော်လွဲမှားဖောက်ပြန် ယုတ်မာစွာကျင့်ခြင်းကို ခေါ်၏။ ပရဒါရက်က ကာမေသုမိစ္ဆာစာရက်ထက် ပို၍ အပြစ်ကြီးလေးပါသည်။

ကာမနှင့်ပတ်သက်၍ လွဲမှားဖောက်ပြန် ယုတ်မာစွာ ကျင့်ခြင်းဆိုသည်မှာ မိမိမယားမှအပ အုပ်ထိန်းခြင်းမကင်းသော မိန်းမ(၂၀)ကို သဘောတူ၍ဖြစ်စေ၊ မတူဘဲ

http://www.dhammadownload.com

ဖြစ်စေ ကာမဆက်ဆံခြင်းဖြစ်၏။ အဆိုပါ မိန်းမ(၂၀)တို့မှာ (၁) အမိအုပ်ထိန်းသော (၂) အဘအုပ်ထိန်းသော (၃) အမိအဘစုံ အုပ်ထိန်းသော (၄) မောင်ကြီ.မောင်ငယ် အုပ်ထိန်းသော (၅) အစ်မကြီးအစ်မငယ်အုပ်ထိန်းသော (၆) ဆွေမျိုးတို့အုပ်ထိန်းသော (၇)အမျိုးအနွယ်တို့ အုပ်ထိန်းသော (၈) သီတင်းသုံးဖော်တို့ အုပ်ထိန်းသော (၎င်းမိန်းမရှစ်ဦးကို ကျူးလွန်လျှင် ယောကျ်ားတွေမှာသာ ကံထိုက်၏။) (၉) ထိမ်းမြားပြီးသော (တစ်နည်း) လက်ထပ်ပြီးသော (၁၀)ဘုရင်ကောက်ယူရန် သတ်မှတ်ထားသော (၁၁)ဥစ္စာဖြင့် ဝယ်ယူထား သော (၁၂)အလို တူပေါင်းသင်းနေသော (၁၃)ပုဆိုးတန်းတင်ပေါင်းသင်းနေသော (၁၄) စည်းစိမ်ကို ပေး၍ ပေါင်းသင်းနေသော (၁၅) ရေခွက်၌ လက်ဆုံချ၍ မိဘကပေးစားထားသော (၁၆) ခေါင်းခုကို ချ၍ လင်မယားအဖြစ်နေသော (၁၇) ကျွန်ကို မယားပြုထားသော၊ (၁၈) အမှုလုပ်ကို မယားပြုထားသော (၁၉) စစ်မြေပြင်မှ သုံ့ပန်းရခဲ့သော၊ (၂၀) ခေတ္တမျှပေါင်းရန် ငှားယူထားသော မိန်းမတို့ဖြစ်၏။ အမှတ် (၉)မှ (၂၀)ထိ၊ မိန်းမ (၁၂) ယောက်အနက် တစ်ယောက်ယောက်ကို လွန်ကျူးလျှင် ယောကျ်ားရော မိန်းမပါ ကံထိုက်၏။

(မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း၊ မအိပ်အပ်စွာ၊ ရှောင်လွဲရာ၏။)

ထို့ပြင် မိမိမယားပင် ဖြစ်စေကာမူ အောက်ပါအကြောင်း (၄)ပါးကြောင့်လည်း ကံထိုက်ပါသည်။

(၁) ကိုယ်ဝန်အလွန်ရင့်သောအခါ၊

(၂) မိဘ၊ ဆရာ၊ သူတကာမြင်၍ မသင့်သောနေရာ၊

(၃) ကျင့်ရိုးကျင့်စဉ် မဟုတ်ကျင့်ခြင်း၊

(၄) ဆေးဝါးမှီဝဲ၊ ရှိမြဲအင်္ဂါထက်လွန်သောအခါ ဖြစ်ခြင်း။

ကာမေသုမိစ္ဆာစာရကံ၏ ဆိုးကျိုးများ

သေလွန်သော် အပါယ်သို့လားတတ်၏။ အပါယ်မကျလျှင်သော်လည်းကောင်း အပါယ်ကျပြီး လွတ်မြောက်ခဲ့လျှင်သော်လည်းကောင်း ဝဋ်အားဖြင့် ကံမကုန်မချင်း ဖြစ်လေရာ ဘဝတိုင်း၌ အောက်ပါဆိုးကျိုးများကို ခံစားရတတ်၏။

(၁) မိန်းမမဟုတ်၊ ယောကျ်ားမဟုတ် နပုန်းပဏ္ဍာက်ဖြစ်ရခြင်း။

(၂) မိန်းမဖြစ်ရခြင်း။

(၃) ယောကျ်ားဖြစ်လျှင်လည်း အမျိုးယုတ်၌ဖြစ်ရခြင်း။

(၄) ရုပ်ဆင်းအင်္ဂါလက္ခဏာ ကွန့်ကြေတို့ ချွတ်ယွင်းသေးသိမ်ခြင်း။

http://www.dhammadownload.com

(၅) မလိုမုန်းထားသူများပြားခြင်း။

(၆) ရန်သူများပြားခြင်း။

(၇) စိုးရိမ်ကြောင့်ကြအားကြီးခြင်း။

(၈) လာဘ်လာဘပစ္စည်းဥစ္စာများ ရှားပါးတိတ်ဆိတ်ခြင်း။

(၉) မျက်နှာပျက်၍ အရှက်ကွဲရခြင်း။

(၁၀) ယုံကြည်မှုကင်းမဲ့ခံရခြင်း။

(၁၁) အမျက်ဒေသအားကြီးခြင်း။

(၁၂) ချစ်သူနှင့်ကွေကွင်းရခြင်း။

(၁၃) ကိုယ်စိတ်နှစ်ပါးချမ်းသာမှုမရှိခြင်း။

(၁၄) အသက်တိုခြင်းစသော မကောင်းကျိုးများ ရရှိခံစားရတတ်၏။

ရှောင်ကြဉ်ပါက ကောင်းကျိုးများ

ဤကံကို ရှောင်ကြဉ်လျှင် ဖော်ပြပါဆိုးကျိုးများ၏ ဆန့်ကျင်ဘက်ဖြစ်သော ကောင်းကျိုးများကို ရရှိစေပါသည်။

မုသာဝါဒကံမြောက်သည့်အင်္ဂါများ

၁။ အတထံဝတ္ထု – အမှုမမှန်ခြင်း။

၂။ ဝိသံဝါဒနစိတ္တံ – ချွတ်ယွင်းစေလို၊ အလွဲသိစေလိုသောစိတ်ရှိခြင်း။

၃။ တဒ္ဒောဝါယာမော – ထိုစိတ်အလျောက် ပြုလုပ်ပြောဆိုခြင်း။

၄။ ပရဿတဒတ္ထဝိဇာနနံ – တစ်ဖက်သားက ထိုအမှားကို အမှန်အနေဖြင့် ယုံကြည်သိမှတ်ခြင်း။

ဤအင်္ဂါ (၄)ပါးစလုံးနှင့် ပြည့်စုံလျှင် ကံမြောက်၏။ အင်္ဂါတစ်ပါးပါး ချွတ်ယွင်းလျှင် ကံမမြောက်သော်လည်း အကုသိုလ်ကားဖြစ်၏။ သူတစ်ပါး၏အကျိုးကို ပျက်စေတတ်သော နှုတ်အမူအရာ၊ ကိုယ်အမူအရာတို့သည် မုသာမည်၏။ အပြစ်အကြီးအငယ်မှာ သူတစ်ပါးအကျိုးစီးပွားပျက်စီးမှု အနည်းအများနှင့် အကျိုးစီးပွားပျက်စီးသူ၏ သီလ၊ သမာဓိ၊ ပညာ အကျင့်သိက္ခာတို့အပေါ် မူတည်၏။

http://www.dhammadownload.com

မုသာဝါဒကံ၏ဆိုးကျိုးများ

သေလွန်သော် အပါယ်လား၊ရတတ်၏။ အပါယ် မကျခဲ့လျှင်သော်လည်း၊ကောင်း၊ အပါယ်ကျပြီး လွတ်မြောက်ခဲ့သော်လည်း၊ကောင်း ဝဋ်အားဖြင့် ကံမကုန်မချင်း ဖြစ်လေရာ ဘဝတိုင်း၌ အောက်ပါ ဆိုးကျိုးများရရှိ ခံစား၊ရတတ်၏။

(၁) စကား၊ပီပီသသမပြောတတ်ခြင်း။

(၂) သွားများမညီမညွတ်ရှိခြင်း။

(၃) ခံတွင်း၊ပါး၊စပ်ပုပ်ညှီခြင်း။

(၄) ကိုယ်အသား၊အရည် စိုပြည်မှုမရှိဘဲ မွဲခြောက်ခြင်း။

(၅) ကိုယ်လက်အင်္ဂါကွန်ခြေများ မကြည်လင်ခြင်း။

(၆) ကိုယ်အင်္ဂါအချိုးမကျ မလှပဘဲ ဆိုး၀ါး၍တ်ယွင်းဖောက်ပြန်ခြင်း။

(၇) အပြောအဆို နှုတ်လျှာများ ကြမ်းတမ်းခြင်း။

(၈) စိတ်မတည်ဘဲ လျှပ်ပေါ်လော်လည်ခြင်း။

(၉) သူတစ်ပါး၊အပေါ် ဩဇာအာဏာမတည်ခြင်း။

(၁၀) သူတစ်ပါး၊တို့ မယုံကြည်ခြင်း။

(၁၁) ကြောက်ရွံ့တတ်ခြင်း။

(၁၂) ဉာဏ်ပညာနည်း၊ပါးခြင်း စသည်ဆိုးကျိုးများ ရရှိတတ်ပါသည်။

ရှောင်ကြဉ်ပါက ကောင်းကျိုးများ

ဤကံတို့ ရှောင်ကြဉ်လျှင် ဖော်ပြပါဆိုးကျိုးများ၏ ဆန့်ကျင်ဘက်ဖြစ်သော ကောင်းကျိုးများကို ရရှိခံစား၊ရ၏။

သုရာမေရယက်မြောက်သည့်အင်္ဂါများ

၁။ မဒ္ဒဘာ၀ေါ – မူးယစ်ကြောင်း စား၊သောက်ဖွယ်ဖြစ်ခြင်း။

၂။ ပါတုကမျှစိတ္တံ– မူးယစ်ဖွယ်ကို သောက်စား၊လိုသောစိတ်ရှိခြင်း။

၃။ ၀ါယာမော – ထိုစိတ်အလျောက် သောက်စား၊ရန် အား၊ထုတ်ခြင်း။

၄။ အဇ္ဈောဟရဏံ– သောက်စား၊လျှင် ပါး၊စပ်ထဲလည်ချောင်း၊ထဲသို့ ဝင်သွား ခြင်း။

http://www.dhammadownload.com

ဤအင်္ဂါ(၄)ရပ်လုံးနှင့် ပြည့်စုံမှ ကဲ့မြောက်၏။ အင်္ဂါတစ်ပါးပါး ချွတ်ယွင်းလျှင် ကဲ့မမြောက်သော်လည်း အကုသိုလ်ကားဖြစ်၏။

သိမှတ်ဖွယ် ။ ။ ဟင်းလျာကောင်းစေလိုသဖြင့် ဟင်းခ် သေရည်အနည်းငယ်မျှ ခတ်၍ ချက်ရာဝယ် သေရည်အနံ့အရသာ မထင်ရှားပါက ထိုဟင်းကို ရဟန်းတော်များပင် ဘုဉ်းပေးကောင်း၏ဟု ခွင့်ပြုတော်မူ၏။ ကျန်းမာရေးအတွက် အသုံးပြုရသော အချို့ဆေးရည်များ၌ အရက် အနည်းငယ် ပါတတ်၏။ ထိုဆေးရည်ကို မှီဝဲရာ၌ မသုံးမဖြစ် ဆေးအဖြစ် မှီဝဲလိုသော စိတ်သန့်သန့်ဖြင့် မှီဝဲပြီး ဆေးရည်မှာလည်း မူးယစ်ခြင်းမရှိပါကအပြစ်မရှိပေ။ စိတ်မသန့်လျှင်သော်လည်းကောင်း၊ ဆေးရည်မှာ မူးယစ်ခြင်းဖြစ်လျှင်သော် လည်းကောင်း အပြစ်ဖြစ်ဖွယ် ရှိသည်။ သို့သော် အကြောင်းမဲ့ မူးယစ်စေလို၍ သောက်သုံးခြင်းလောက် အပြစ်မများနိုင်ပေ။

သုရာမေရယကံ၏ဆိုးကျိုးများ

သေလွန်သော် အပါယ်လားရတတ်၏။ အပါယ်မကျခဲ့လျှင်သော်လည်းကောင်း၊ အပါယ်ကျပြီး လွတ်မြောက်လာလျှင်သော်လည်းကောင်း၊ ဝဋ်အားဖြင့် ကဲ့မကုန်မချင်း ဖြစ်လေရာ ဘဝတိုင်း၌ အောက်ပါဆိုးကျိုးများရရှိ ခံစားရတတ်၏။

(၁) အခွင့်အရေးသင့်မသင့် မသိခြင်း။

(၂) သတိလွတ်ကင်းခြင်း။

(၃) မေ့လျော့မူးရူးတတ်ခြင်း။

(၄) ပျင်းရိတတ်ခြင်း။

(၅) သူတစ်ပါးပြုဖူးသော ကျေးဇူးကို မသိတတ်ခြင်း။

(၆) ဟီရိသြတ္တပ္ပဟူသော အရှက်အကြောက်မှ ကင်းခြင်း။

(၇) မကောင်းသတင်းပျံ့နှံ့ခြင်း။

(၈) စီးပွားပျက်ခြင်း။

(၉) ရန်များခြင်း။

(၁၀) ရောဂါများခြင်း။

(၁၁) သားသမီးများ စိတ်ဓာတ်ကျပ်မပြည့်ခြင်း။

http://www.dhammadownload.com

(၁၂) အသက်တိုခြင်း။

(၁၃) မည်သည့်အကုသိုလ်မျှ မရှောင်ကြဉ်ဘဲ အလုံးစုံသော မကောင်းမှုကို ပြုမိလွယ်ခြင်းစသည့် မကောင်းကျိုးများခံစားရတတ်၏။

ရှောင်ကြဉ်ပါက ကောင်းကျိုးများ

ဤကဲ့တို့ ရှောင်ကြဉ်လျှင် ဖော်ပြပါဆိုးကျိုးများ၏ ဆန့်ကျင်ဘက်ဖြစ်သော ကောင်းကျိုးများကို ရရှိစေပါသည်။

ရှစ်ပါးသီလဆောက်တည်ခြင်း

ပါဠိ

ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(အာမ ဘန္တေ ပါအရှင်ဘုရား)

အနက်

အဗြဟ္မစရိယာ– မမြတ်သော မေထုန်အကျင့်မှ၊ ဝေရမဏိ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို သမာဒိယာမိ– မြဲမြံစွာဆောက်တည်ပါ၏။

ဝိကာလဘောဇနာ– နေ့လွဲညစာ စားခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို သမာဒိယာမိ– မြဲမြံစွာ ဆောက်တည်ပါ၏။

http://www.dhammadownload.com

အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော နစ္စ– ကိုယ်တိုင်ကခြင်း၊ သူတစ်ပါးအား အကခိုင်းခြင်း၊ ဂီတ– ကိုယ်တိုင်သီဆိုခြင်း၊ သူတစ်ပါးအား သီဆိုခိုင်းခြင်း၊ ဝါဒိတ– ကိုယ်တိုင်တီးမှုတ်ခြင်း၊ သူတစ်ပါးအား တီးမှုတ်ခိုင်းခြင်း၊ ဝိသူကဒဿန– သူတစ်ပါးတို့အလိုအလျောက်သော်လည်းကောင်း၊ အခြားသူက ခိုင်းရ၍သော်လည်းကောင်း၊ က ဆို တီးမှုတ်နေသည်ကို တမင်တကာသွား၍ ကြည့်ရှုနားထောင်ခြင်း၊ မာလာ–ပန်းအမျိုးမျိုး၊ မာရဏ– ပန်ဆင်ခြင်း၊ ဂန္ဓ–နိမ့်ရာအရပ်၌ ဖို့သိပ်၍ ရကောင်းသော သနပ်ခါး စသည့် နံ့သာပျစ်၊ နံ့သာပျောင်းတို့ကို၊ မဏ္ဍန–ကျောက်ပေါက်မာစသော နိမ့်ရာအရပ်၌ ဖို့သိပ်ခြင်း၊ ဝိလေပန–လိမ်းကျံခြယ်လှယ်ခြင်းငှာ လည်းကောင်း၊ အနံ့ထုံခြင်းငှာလည်းကောင်း၊ ရကောင်းသော အရောင်တင်ဆေး၊ ရေမွေး၊ နံ့သာဆီ၊ မျက်နှာချေ ပေါင်ဒါ စသည်တို့ကို၊ ဝိဘူသန–လိမ်းကျံခြယ်လှယ်ခြင်း၊ အနံ့ထုံခြင်း၊ ဌာနာ– ကာမစိတ်တိုးပွားခြင်းအကြောင်းတို့မှ၊ ဝေရမဏိ သိက္ခာပဒ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို သမာဒိယာမိ–မြဲမြံစွာ ဆောက်တည်ပါ၏။ ဥစ္စာသယန မဟာသယနာ– မြင့်သောနေရာ၊ မြတ်သောနေရာ၌ အိပ်ခြင်း၊ နေထိုင်ခြင်းတို့မှ၊ ဝေရမဏိ သိက္ခာပဒ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ–မြဲမြံစွာ ဆောက်တည်ပါ၏။

အဗြဟ္မစရိယသိက္ခာပုဒ်

မမြတ်သောမေထုန်အကျင့်ဆိုသည်မှာ ယောကျ်ား၊ မိန်းမနှစ်ဦးတို့၏ ပျော်မြူးပေါင်းဖက် ဆက်ဆံခြင်းကို ခေါ်သည်၊ ဤသိက္ခာပုဒ်ကို စောင့်ထိန်းသူသည် မိမိ၏ခင်ပွန်း၊ ဇနီးများနှင့်သော်မှ ရှောင်ကြဉ်ရ၏။

မေထုန်အကျင့်သည် ဇာတ်ထစ်ဆုံး ပိုးမွှားတိရစ္ဆာန်များမှသည် အထက်နတ်ဘုံများအထိ ရှိ၏။ ဤအကျင့်ကို မစွန့်နိုင်ကြ၍သာ လောကီ၊ လောကုတ္တရာတို့တွင် ဆင်းရဲဒုက္ခအပေါင်းနှင့် တွေ့ဆုံကြပြီး သံသရာမှ မလွတ်မြောက်နိုင်ဖြစ်ကြရ၏။ ထို့ကြောင့် သူတော်စင်တို့သည် နိဗ္ဗာန်၏ဖီလာဖြစ်သော၊ ယုတ်ညံ့သော၊ စက်ဆုပ်ဖွယ် ဖြစ်သော မမြတ်သောအကျင့်ကို ရှောင်ကြဉ်ကြပြီး မြင့်မြတ်သောကုသိုလ်အကျင့်ကိုသာ တစ်ဆင့်ထက်တစ်ဆင့် တိုးပြီးကျင့်ကြ၏။

ဤကဲ့သို့ သူတော်စင်တို့ ကျင့်သောအကျင့်ကို ကောမာရဗြဟ္မစရိယသီလ (ငယ်သွေးငယ်မူ ဖြူစင် သူတို့၏ မြင့်မြတ်သောအကျင့်)ဟု ခေါ်၏။ ဤသီလကို ဆောက်တည်လိုသူသည် ငါးပါးသီလကို ဆောက်တည်သကဲ့သို့ ပဋ္ဌသီလနေရာတွင် ကောမာရဗြဟ္မစရိယ သီလဟု ထည့်ဆို၍ ကာမေသုမိစ္ဆာစာရာ သိက္ခာပုဒ်နေရာတွင်

http://www.dhammadownload.com

အဗြဟ္မစရိယာသိက္ခာပုဒ်ကို ထည့်ဆိုရသည်။ တစ်နည်းအားဖြင့် ကောမာရဗြဟ္မစရိယသီလ ဆိုသည်မှာ အဗြဟ္မစရိယကို ရှောင်သော ငါးပါးသီလကို ဆောက်တည်ခြင်း ပင်ဖြစ်သည်။ အိမ်ထောင်မရှိသောသူများ ဤသီလကို ဆောက်တည်ထားလျှင် ပို၍ အကျိုးများပါသည်။

ဗြဟ္မစရိယ ကျိုးပေါက်ပြောက်ကျားမှု (၇)ပါး

ဗြဟ္မစရိယ (မြတ်သောအကျင့်)ကို ကျင့်နေကြသော ပုဂ္ဂိုလ်တို့သည် အောက်ပါ အကြောင်းတရားများကြောင့် ဗြဟ္မစရိယ သိက္ခာပုဒ်သစ်နွမ်းမှု (တစ်နည်း) ကျိုးပေါက်ပြောက်ကျားမှုဖြစ်ရ၏။

ဤသို့သော ပုဂ္ဂိုလ်မျိုးကို မစင်မကြယ်ဗြဟ္မစရိယကို ကျင့်သူ၊ မေထုန်အမှုနှင့် စပ်ယှဉ်နေသူဟု ဆိုသင့်ကြောင်းနှင့် ဤပုဂ္ဂိုလ်မျိုးသည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေး မြည်တမ်းခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်းအစရှိသည့် ဝဋ်ဆင်းရဲအပေါင်းတို့မှ မလွတ်မြောက်နိုင်ကြောင်းကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပါသည်။ ဤအကြောင်းတရား (၇)ပါးတို့မှာ-

(၁) အမျိုးသားနှင့် အမျိုးသမီးတို့သည် တစ်ဦးကိုတစ်ဦး ပွတ်သပ်ပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ နံ့သာစသည်တို့ကို လူးလိမ်းပေးခြင်း၊ ပြုစုပေးခြင်း စသည်တို့ကို လက်ခံသာယာနှစ်သက် အားရကျေနပ်နေခြင်း၊ အလိုရှိနေခြင်း။

(၂) အမျိုးသားနှင့် အမျိုးသမီးတို့သည် တစ်ဦးနှင့်တစ်ဦး ရယ်ရွှင်ဖွယ်ပြောဆိုပြီး ကျီစယ်ကစား ခြင်း၊ နောက်ပြောင်ခြင်းစသည်တို့အပေါ်၌ နှစ်သက်သာယာနေခြင်း၊ အလိုရှိနေခြင်း။

(၃) နှစ်သက်သာယာသောစိတ်ဖြင့် ဆန့်ကျင်ဘက်လိင်အပေါ် စူးစိုက် ကြည့်ရှုခြင်း။

(၄) ဆန့်ကျင်ဘက်လိင်၏ အသံကို နားထောင်ပြီး နှစ်သက်သာယာနေတတ်ခြင်း။

(၅) ရှေးက ဆန့်ကျင်ဘက်လိင်တို့နှင့် ရယ်ရွှင်ပျော်ပါးထိတွေ့ဆက်ဆံခဲ့ဖူးခြင်းများကို သတိရအောက်မေ့နေပြီး နှစ်သက်သာယာနေခြင်း။

(၆) ကာမဂုဏ် အာရုံများနှင့် ပြည့်စုံသုံးဆောင်နေသူများကို အားကျပြီး နှစ်သက်သာယာနေခြင်း။

(၇) မိမိကျင့်သည့် သီလကုသိုလ်ကြောင့် ရရှိမည့် နတ်စည်းစိမ်များကို တောင့်တ နှစ်သက်သာယာ နေခြင်းတို့ဖြစ်ပါသည်။

http://www.dhammadownload.com

သို့ဖြစ်၍ ဗြဟ္မစရိယမြတ်သောအကျင့်ကို ကျင့်သူများသည် ဤတရား (၇)ပါးကို မိမိ၏စိတ်သန္တာန်တွင် ဖြစ်ပေါ်မလာစေရန် ပယ်သတ်ရမည်။ သို့မှသာ မင်္ဂလာ နိဗ္ဗာန် ရောက်ကြောင်း ကောင်းမြတ်သော၊ စစ်မှန်သော ဗြဟ္မစရိယကို ကျင့်ခြင်း မည်ပေလိမ့်မည်။

ဗြဟ္မစရိယကို ကျင့်သော ရဟန်းသံဃာတော်များ၊ လူဝတ်ကြောင်များသည် မိမိတို့၏ ဗြဟ္မစရိယကို မကျိုးမပေါက် မပြောက်မကျားစေရန် သတိဖြင့် အစဉ် စောင့်ရှောက်အပ်သကဲ့သို့ မာတုဂါမများသည်လည်း မိမိကြောင့် ရဟန်းသံဃာတော်များ ဗြဟ္မစရိယမပျက်စီးမည့်ဒုန္ဓိုးနွမ်းရလေအောင် အစစအရာရာ သတိပြု ဆင်ခြင်နေထိုင်ကြပါကုန်။

ဝိကာလဘောဇနသိက္ခာပုဒ်

နေလွဲညစာဆိုသည်မှာ နေမွန်းတည့်ပြီးချိန်မှ နောက်တစ်နေ့အရုဏ်တက်ချိန် အထိ ထမင်းဟင်းလျာ၊ ကွမ်းဆေး၊ လက်ဖက်၊ သစ်သီးစသည့်အစားအစာများကို မစားသုံးရ။ နေလွဲပြီးနောက် အကြောင်းမရှိဘဲ၊ ဆေး၊ ဖျော်ရည်၊ စတုမဓူ၊ ထန်းလျက် စသည်တို့ကို စားလျှင် သိက္ခာပုဒ်ဥဿုံးနွမ်း၏။

ဆာလောင်မွတ်သိပ်လျှင် အဖတ်မပါသောဖျော်ရည် (သံပရာရည်၊ မန်ကျည်းဖျော်ရည် စသည်တို့ကို အဖတ်မပါအောင် စင်ကြယ်စွာ စစ်ရသည်)တို့ကို သောက်ကောင်း၏။ ရောဂါရှိသော် စတုမဓူ၊ ထန်းလျက်၊ ဆေးစသည်တို့ကို သောက်ကောင်း၏။ သို့သော် မီးဖြင့် စီမံပြုလုပ်ထားသော ဖျော်ရည်များကိုမူ မသောက်ကောင်းပေ။

နေလွဲညစာရှောင်ကြဉ်ခြင်းတည်း ဟူသော သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းသည် ရှစ်ပါးသီလတွင် အပေါ်ဆုံး အကျင့်မြတ်သာ ဖြစ်သည်။ ဤသိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများမှာ-

(၁) ကိစ္စနည်းပါး၍ တရားအာရုံပြုဖို့၊ တရားအားထုတ်ဖို့ရန် အချိန်များစွာရရှိခြင်း။

(၂) လောကီအာရုံ ကာမဂုဏ်သို့ စိတ်မဝင်စားမိအောင် ချုပ်တည်းပြီးသား ဖြစ်ခြင်း။

(၃) တပ်မက်မှုတဏှာခေါင်းပါးခြင်း။

(၄) ရောင့်ရဲလွယ်ခြင်း။

(၅) အစာကြေလွယ်၍ ကျန်းမာရေးနှင့် ညီညွတ်မှုတခြင်းစသည်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ဤသိက္ခာပုဒ်ကို စောင့်ထိန်းပြီးသော်လည်း မစားရသည့်ညစာအတွက် နေမွန်းမလွဲမီ တပ်မက်သောစိတ်ဖြင့် ပို၍စားခြင်း၊ မွန်းလွဲပြီးနောက် နောက်တစ်နေ့အရုဏ်ကို ကြိုတင်တောင့်တကာ ဥပုသ်ထွက်လျှင် မည်သည့် အစားအစာများ စားပစ်လိုက်မည်ဟူသော တပ်မက်သည့် စိတ်များမွေးမြူခြင်း၊ မွန်းလွဲပြီးနောက်လည်း အဖျော်ရည်များကို တပ်မက်သည့်စိတ်ဖြင့် ငေးမောက်သုံးခြင်းစသည်တို့သည် သိက္ခာပုဒ်တော်၏ ရည်ရွယ်ချက်ကို ပျောက်ပျက်စေသဖြင့် သိက္ခာပုဒ် ညှိုးနွမ်းစေသည်ကို သတိပြုသင့်ပါသည်။ မွန်းတည့်ချိန်ကို သတ်မှတ်ရာ၌လည်း နာရီအချိန်ဖြင့် သတ်မှတ်ခြင်းထက် နေမွန်းတည့်သည့် အချိန် (တစ်လနှင့် တစ်လမတူ)ကို သတ်မှတ်ခြင်းက ပို၍သင့်လျော်၏။ နေမွန်းတည့်သည့်အချိန်ကို လစဉ် သတ်မှတ်ထားသည့်ဇယားများရှိပါသည်၊

နစ္စ ဂီတ ဝါဒိတ စသော သိက္ခာပုဒ်

မိမိဘာသာ နေ့စဉ်မြင်လောက်ကြားလောက်သော အရပ်သို့လာ၍ ကပြ သီဆို တီးမှုတ်ခြင်းကို ကြည့်ရှုနားထောင်မိ၍သော်လည်းကောင်း၊ အခြားအလုပ်ကိစ္စဖြင့် သွားလာရင်း တွေ့မြင်၍သော်လည်းကောင်း၊ သိလမပျက်ပါ။ သို့သော် မမြင်မြင်အောင်၊ မကြားကြားအောင် တမင်တကာ လှည့်၍ ကြည့်ရှုသာယာခြင်း မဖြစ်ရ။ သီဆိုတီးမှုတ် ကခုန်ခြင်းဟု ဆိုရာ၌ တိရစ္ဆာန်များကခြင်းလည်းပါ၏။

နံ့သာလိမ်းမှု၊ ပန်းပန်မှုစသည်တို့ကို သာယာသောစိတ်ဖြင့် မပြုကောင်း၊ အနာရောဂါရှိသော် ထိုနံ့သာများနှင့် သင့်မြတ်သောရောဂါရှိမှသာ သင့်မြတ်သောနေရာကို လိမ်းကောင်း၏။ မဖြစ်စလောက်သော ရောဂါကို ရိုးမယ်ဖွဲ့၍ မလိမ်းကောင်းပေ။ ဆပ်ပြာမွှေးလည်း မသုံးကောင်း၊ ကိုယ်၌ အနံ့မကောင်းသောအခါမှ ထိုအနံ့ကို ကာကွယ်ရန်လိမ်းကောင်း၊ ဆပ်ပြာမွှေးကို သုံးကောင်း၏။

အမွှေးနံ့သာများကို သီလမဆောက်တည်မီကပင်ဖြစ်စေ၊ သီလ ဆောက်တည် ဆဲ၌ဖြစ်စေ၊ မလိမ်းခြယ်ကောင်း၊ ပန်းပန်ခြင်းစသည်တို့လည်း ထိုနည်းတူပင် ဖြစ်၏။

ဥစ္စာသယန၊ မဟာသယန သိက္ခာပုဒ်

အတိုင်းအရှည် တစ်တောင့်တစ်ထွာထက် မြင့်သောနေရာ၊ မြတ်သောနေရာ၌ အိပ်စက်နေထိုင်ခြင်းကို ရှောင်ကြဉ်ရသည့် သိက္ခာပုဒ်ဖြစ်သည်။

http://www.dhammadownload.com

မြင့်သောနေရာဆိုသည်မှာ တစ်ထောင့်တစ်ထွာထက် ပိုမြင့်သော အိပ်ရာ၊ ခုတင်၊ ကုလားထိုင် စသည်တို့ဖြစ်၏။ လူကြီးက အနိမ့်မှာနေလျှင် ရှစ်ပါးသီလ ဆောက်တည်ထားသော လူငယ်က အမြင့်မှာ မနေရဟူသော အဓိပ္ပာယ်မျိုး မဟုတ်ပေ။

မြတ်သောနေရာဆိုသည်မှာ စည်းစိမ်ခံစားသည့်ခမ်းနားသောပစ္စည်းမျိုး ဖြစ်ကြသည့် လက်လေးသစ်မက အမွေးရှည်သော သားမွေးအခင်း၊ ရွှေချည်ငွေချည် တို့ဖြင့် ပြုလုပ်အပ်သောပိုးအခင်း၊ လဝါဂွမ်းမျိုး သွတ်ထားသော မွေ့ရာ စသည်တို့ ဖြစ်သည်။ အုန်းဆံသွတ်မွေ့ရာကား သုံးကောင်း၏။ သင်ဖြူးဖျာချောချော၊ ကော်ဇော နုနုစသည်နှင့် ရဟန်းသံဃာဂုဏ်ဝါကြီးသူတို့၏ နေရာစသည်တို့ကို ဤသိက္ခာပုဒ် အရ မြတ်သောနေရာဟု မဆိုထိုက်ပါ။

မြင့်သောမြတ်သောနေရာတို့မှာ-

၁။ အာသန္ဒိ – လူတန်းစေ့သူတို့၏ တစ်ထောင့်တစ်ထွာထက် လွန်သောအခြေရှိသည့် ညောင်စောင်း၊ အင်းပျဉ် ခုတင်အထူးများ။

၂။ ပလ္လင် – အခြေခံ ခြေသေ့၊ သားရဲရုပ်တပ်ထားသော ပလ္လင်နေရာ။

၃။ ဂေါနက – လက်လေးသစ်ထက် ကျော်လွန်သော မွေးရှည်ကော်ဇော်ကြီး။

၄။ စိတ္တက္က – အရုပ်ပန်းကွက်တို့ဖြင့် ဆန်းကြယ်စွာ ရက်လုပ်ထားသော သားမွေးခင်း။

၅။ ပဋိက – သားမွေးဖြင့် ပြုလုပ်အပ်သောခင်းနီးဖြူ။

၆။ ပဋလိက – ပန်းပြောက်ခြယ်ထားသောသားမွေးအခင်း။

၇။ တူလိက – လဲမျိုး(၃)ပါးဖြင့် သွတ်သွင်းထားသော မွေ့ရာခင်း။

၈။ ဝိကတိက – ခြသေ့၊ ကျားသစ်စသောအရုပ်တို့ဖြင့် ဆန်းကြယ်သော သိုးမွေးခင်းနီး။

၉။ ဥဒ္ဒလောမိ – နှစ်ဖက်အမွေးရှိသောသားမွေးခင်းနီး။

၁၀။ ဧကန္တလောမိ – တစ်ဖက်သာ အမွေးရှိသောသားမွေးခင်းနီး။

http://www.dhammadownload.com

၁၁။ ကဋ္ဌိဿ – ရတနာရွှေငွေတို့ဖြင့် ချုပ်ကပ်လိမ်းကျံထားသော ပိုးချည်ရက်အခင်း။

၁၂။ ကောသေယျ – ရတနာရွှေချည် ငွေချည်တို့အကြား၌ ပိုးချည်ဖြင့် ရက်လုပ်ထားသော ခင်းနီး။

၁၃။ ကုတ္တက – ကချေသည်မ (၁၆)ယောက်တို့က လောက်သော သားမွေး ကော်ဇောကြီးမျိုး။

၁၄။ ဟတ္ထတ္ထရဏ – ကောင်းမြတ်သော ဆင်ကုန်းနီး။

၁၅။ အဿတ္ထရဏ – ကောင်းမြတ်သော မြင်းကုန်းနီး။

၁၆။ ရထတ္ထရဏ – ရထား၌ခင်းသော နူးညံ့အိစက်သည့်ခင်းနီး။

၁၇။ အဇိနပဝေဏီ – ညောင်စောင်းပမာဏ ချုပ်လုပ်ထားသည့် သစ်နက်ရေအခင်းကြီး။

၁၈။ ကဒလိမိဂပဝရ ပစ္စတ္ထရဏ – ဝံပိုင်ရေဖြင့် ပြုလုပ်ထားသည့် မြတ်သောခင်းနီး။

၁၉။ သဥ္ဇရဏ္ဍဒ – နီသောဗီမာန်မျက်နှာကြက်အောက်ရှိ သားမွေးခင်းနီး။

၂၀။ ဥဘတောလောဟိတကူပဓာန – ခြေအုံးခေါင်းအုံးနှစ်ဖက်တပ်ထားသည့် အခင်းတစ်မျိုးတို့ဖြစ်ပါသည်။

ဥပုသ်စောင့်ခြင်း

ဥပေါသထဟူသော ပါဠိကို "ဥပုသ်"ဟု မြန်မာပြန်သည်။ အဓိပ္ပာယ်မှာ ဥပမာ–ညစာမစားခြင်း၊ မေထုန်မှိုဝဲမှု ရှောင်ကြဉ်ခြင်းစသည့် ကောင်းသောအကျင့်နှင့် ပြည့်စုံ၍ ဝသထ–နေထိုင်ကျင့်ကြံခြင်း ဖြစ်၏။ အပြည့်အစုံမှာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလကို ခံယူဆောက်တည်၍ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာ(၃)ပါးနှင့် ပြည့်စုံအောင် နေထိုင်ပြီး အကုသိုလ်စိတ်များ မဖြစ်ပေါ်စေဘဲ စိတ်စင်ကြယ်အောင် စောင့်စည်းနေထိုင်မှုပင်ဖြစ်သည်။

ဥပုသ်ဆောက်တည်ရာ၌ မည်သည့်နေ့ရက်တွင်ပင်ဖြစ်စေ အကျိုးပေးတူ၏။ နှစ်၊ လ၊ ရက်၊ နာရီ စသည့် အချိန်အကန့်အသတ်ဖြင့် ဆောက်တည်လျှင် ကာလပရိယန္တသီလ ဟု ခေါ်၍ တစ်သက်လုံး စောင့်ထိန်းလျှင် အာပါဏကောဋိကသီလ

http://www.dhammadownload.com

ဟု ခေါ်သည်။ ရှေးအစဉ်အလာအရ ဘုရားမပွင့်မီကာလကပင် သူတော်ကောင်းတို့က ဥပုသ်နေ့ဟူ၍ သတ်မှတ်ထားရှိပါသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဥပုသ်စောင့်ခြင်းကို ဦးခေါင်းလျှော်ခြင်းနှင့် ဥပမာပြု၍ ဝိသာခါ ကျောင်းအစ်မကြီးအား အောက်ပါအတိုင်း ဩဝါဒပေးတော်မူခဲ့ပါသည်။

"ဦးခေါင်းဝယ်မြူမှုန်ကျခြင်း၊ အတွင်းမှအညစ်အကြေးများ ဦးခေါင်းမှ ထွက်တတ်ခြင်းတို့ကြောင့် အညစ်အကြေးများ ကင်းစင်အောင် ရေချိုး၍ ခေါင်းလျှော်ရ၏။ ထိုအခါ အညစ်အကြေးတို့ ကင်းစင်သွား၏။ သို့သော် နောက်ရက်များ၌ တစ်ဖန်ဦးခေါင်းဆံပင်တို့၌ အညစ်အကြေးပေကျံ ပြန်၏။ တစ်ဖန်ခေါင်းလျှော်ရပြန်၏။ ထို့အတူ လူဝတ်ကြောင်တို့သည် နေ့စဉ်နေ့တိုင်း စားသောက်စဉ်၊ လုပ်ကိုင်စဉ်၊ ကြဲစည်တွေးတောစဉ် တစ်နည်းကာယက်၊ ဝစီကံ၊ မနောကံ အလုပ်သုံးပါးစလုံး ပြုလုပ်စဉ်မှာ စိတ်၌ရာဂ၊ ဒေါသစသော မြူမှုန်တွေသည် ကျရောက်၏။ ထိုအခါ ကိလေသာ အညစ်အကြေးများ ပေကျံ၏။ ထို့ကြောင့် မကောင်းသော ကိလေသာအညစ်အကြေးများ ကင်းစင်အောင် ဥပုသ်စောင့်၍ ဆေးကြောရ၏။ ဤနည်းဖြင့် ဥပုသ်မကြာမကြာ ဆောက်တည်ခြင်းသည် မိမိ၏စိတ်၌ရှိသော မကောင်းသည့်အညစ်အကြေးများကို မကြာမကြာ ဆေးကြော သုတ်သင်ရာ ရောက်သဖြင့် မွန်မြတ်၏။ အဝိဇ္ဇာနှင့် တဏှာကို လျော့ပါးသွားအောင် ခေါင်းပါးသွားအောင် ပြုလုပ်ရာ ရောက်သဖြင့် အကျိုးကြီးမား၏"ဟု ဟောကြားတော်မူခဲ့ပါသည်။

သို့ဖြစ်၍ လူဝတ်ကြောင်တို့သည် ဗုဒ္ဓဩဝါဒတော်နှင့်အညီ သူတော်ကောင်းတို့၏ သီလဖြစ်သော ဥပုသ်သီလကို အတတ်နိုင်ဆုံး အသက်ထက်ဆုံး ဆောက်တည်သင့်ပါသည်။ အနည်းဆုံးအဖိတ်နေ့နှင့် ဥပုသ်နေ့များတွင် မဖြစ်မနေဆောက်တည်သင့်၏။ ဥပုသ်ဆောက်တည်ရာ၌လည်း အမည်ခံရုံသာမဟုတ်ဘဲ သီလများ မကျိုးပေါက်အောင် ထိရောက်စွာ ဆောက်တည်ရပါမည်။

ဥပုသ်ကာလအပိုင်းအခြား

၁။ ကာလပိုင်းခြား၍ စောင့်အပ်သောဥပုသ်၊ (ရက်၊ လ၊ အချိန်နာရီစသည်ဖြင့် သတ်မှတ်၍စောင့်ခြင်း)

၂။ အသက်ထက်ဆုံး စောင့်အပ်သော ဥပုသ်။

http://www.dhammadownload.com

ဥပုသ်အမျိုးအစား

၁။ နိဂဏ္ဌဥပုသ်။ (တိတ္ထိတို့ ညွှန်ကြားသည့်အတိုင်း စောင့်ထိန်းသော ဥပုသ်ဖြစ်သည်။)

၂။ ဂေါပါလဥပုသ်။ (နွားကျောင်းသားဥပုသ်)

နွားကျောင်းသားသည် နွားတို့အတွက် အစာနှင့်ရေကို ကြောင့်ကြစိုက် စဉ်းစား သကဲ့သို့ ဥပုသ်သည် သည်လည်း "ယနေ့ဘာဟင်းစား၍ နက်ဖြန်ဘာဟင်းနှင့် ထမင်းစားမယ်" စသည်ဖြင့် စားရေးသောက်ရေး၊ ဝတ်ဆင်ရေး၊ သားရေး၊ သမီးရေး၊ စီးပွားရေးအစရှိသည့် လောကီရေးရာများကိုသာ စဉ်းစားစိတ်ကူးရင်း ဥပုသ်စောင့်လျှင် နွားကျောင်းသားဥပုသ်မည်၏။ ဤဥပုသ်မျိုးသည် လုံးလုံးအကျိုးမရှိဟု မဆိုနိုင်သော်လည်း အကျိုးမများဟု မြတ်ဘုရား ဟောတော်မူခဲ့ပါသည်။

အရိယာဥပုသ်

ဥပုသ်စောင့်ရင်း လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာစိတ်အညစ်အကြေးများ စင်ကြယ်စေရန် တစ်နည်းနည်းဖြင့် ကြိုးစားအားထုတ်နေလျှင် အရိယာဥပုသ် (မြတ်သောဥပုသ်)မည်၏။ အရိယာဥပုသ်ကို (၆)မျိုး ခွဲခြားထားပြန်၏။

အရိယာဥပုသ်(၆)မျိုး

၁။ ဗြဟ္မဥပုသ်

ဥပုသ်သီလခံယူပြီး ဗြဟ္မာမည်သော ဘုရားရှင်ကို အာရုံပြုနေခြင်း၊ ဘုရား၏ ဂုဏ်တော်များကို အာရုံပြုနေခြင်းများကို ဗြဟ္မဥပုသ်ဟု ခေါ်၏။

၂။ ဓမ္မဥပုသ်

ဥပုသ်သီလခံယူပြီး တရားတော်၏ ဂုဏ်တော်တစ်ပါးပါးကို လည်းကောင်း၊ ဂုဏ်တော်များကိုလည်းကောင်း အာရုံပြုနေခြင်းများကို ဓမ္မဥပုသ်ဟု ခေါ်၏။

၃။ သံဃာဥပုသ်

ဥပုသ်သီလခံယူပြီး သံဃာ့ဂုဏ်တော်တစ်ပါးပါးကိုဖြစ်စေ၊ ဂုဏ်တော်များကို ဖြစ်စေ အာရုံပြုနေခြင်းများကို သံဃာ့ဥပုသ်ဟု ခေါ်၏။

၄။ သီလဥပုသ်

ဥပုသ်သီလခံယူပြီး မိမိ၏သီလမကျိုးမပေါက် မပြောက်မကျားပုံကို အာရုံပြု၍ ဝမ်းမြောက်စွာ နေထိုင်ခြင်းကို သီလဥပုသ်ဟု ခေါ်သည်။ ရှစ်ပါးသော သိက္ခာပုဒ်တော်

http://www.dhammadownload.com

တွင် အစသိက္ခာပုဒ်ဖြစ်စေ၊ အဆုံးသိက္ခာပုဒ်ဖြစ်စေ ပျက်စီးလျှင် ဥပုသ်ကျိုးသည်ဟု ခေါ်၏။ အလယ်တစ်ပါးပါး ပျက်စီးလျှင် ဥပုသ်ပေါက်သည်ဟု ခေါ်၏။ အလယ်က တစ်ပါးပါးလည်းမကဘဲ အစဉ်အတိုင်းတစ်ဆက်တည်းလည်း မဟုတ်ဘဲ ပြောက်ကျား ပြောက်ကျား ပျက်စီးလျှင် ဥပုသ်ပျောက်သည်ဟု ခေါ်၏။ သိက္ခာပုဒ် (၂)ပါး (၃)ပါး စသည်ဖြင့် တစ်ဆက်တည်း ပျက်စီးလျှင် အကျားထင်သောဥပုသ်ဟု ခေါ်၏။

သိမှတ်ဖွယ်။ သီလဆောက်တည်ရာတွင် တစ်ပါးစီခွဲ၍ ဆောက်တည်ကြသောကြောင့် တစ်ပါးပျက်ရုံဖြင့် အားလုံးပျက်သည်ဟု မမှတ်ယူသင့်ပေ။

၅။ နတ်ဥပုသ်

ဥပုသ်သီလခံယူပြီးနောက် ဗြဟ္မာတို့ကို သက်သေအရာ၌ ထားလျက် မိမိသန္တာန်၌ ရှိသော သဒ္ဓါ၊ သီလစသော သူတော်ကောင်းတရားများကို အောက်မေ့ဆင်ခြင်လျက်၊ ကြည်လင်ဝမ်းမြောက်နေခြင်းကို နတ်ဥပုသ်ဟု ခေါ်သည်။ နတ် ဗြဟ္မာ အပေါင်းတို့သည် လူ့ပြည်တုန်းက သူတော်ကောင်းတရားတို့နှင့် ပြည့်စုံခဲ့သောကြောင့် ဘဝသစ်ကူးသောအခါ နတ်ပြည်ဗြဟ္မာပြည်၌ ချမ်းသာစွာဖြစ်ရ၏။ ငါသည်လည်း ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော်များနှင့် ညီညွတ်စွာ နေထိုင်ခြင်းကြောင့် သူတော်ကောင်းဖြစ် ရသည်။ သံသရာအတွက် စိတ်ချရပေတကား။ လူဖြစ်ကျိုးနပ်ပေတကား၊ မွန်မြတ်အဖိုးတန်သောဘဝကို ရပေတကားဟူ၍ မိမိ၏သီလ၊ သမာဓိ၊ ပညာဂုဏ်များကို အာရုံပြုကာ ဝမ်းမြောက်စွာ ဆင်ခြင်ရ၏။

၆။ အင်္ဂဇိကဥပုသ်

ရဟန္တာအရှင်သူမြတ်တို့သည် "အသက်ထက်ဆုံး သတ္တဝါ၏ အသက်ကို မသတ်ဖြတ်သကဲ့သို့ မိမိလည်း ထိုနည်းတူကျင့်ကြံအံ့"ဟု ရဟန္တာအရှင်သူမြတ်တို့ကို အတုယူ၍ သိက္ခာပုဒ် (၈)ပါးစလုံး စောင့်ထိန်းခြင်းကို ခေါ်၏။

အရိယဥပုသ်အကျိုး

ကျန်စွာ စောင့်ထိန်းအပ်သော အရိယဥပုသ်မျိုး၏ အကျိုးသည် ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အုပ်စိုးရသောမင်း၊ မိဖုရားအဖြစ်မျိုးထက် ပို၍ ကြီးကျယ် ခမ်းနားအကျိုးများသည်ဟု ဗုဒ္ဓမြတ်စွာဘုရားဟောကြား တော်မူခဲ့သည်။ လူမင်း နတ်မင်း စည်းစိမ် အကြိမ်ကြိမ် များပြားစွာ ရရှိနိုင်၏။ ထို့ပြင် ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်စေသော ဥပုသ်ဖြစ်သဖြင့် တန်ဖိုးကြီးမားလှပေ၏။ သို့ဖြစ်၍ ဥပုသ်ဆောက်တည်ရာတွင် အရိယဥပုသ်မျိုးဖြစ်အောင် ဆောက်တည်သင့်ပါသည်။

http://www.dhammadownload.com

ဥပုသ်စောင့်ရာတွင် လိုက်နာသင့်သည့်အချက်များ

၁။ ဥပုသ်စောင့်မည့်ပုဂ္ဂိုလ်သည် ဥပုသ်စောင့်သည့်အခိုက်၌ အိမ်မှုကိစ္စ များဖြင့် အချိန်မဖြုန်းသင့်သဖြင့် လုပ်ဆောင်စရာရှိသည်များကို ရက်ကြို၍ ပြီးစီးအောင် ပြုလုပ်ထားရမည်။

၂။ ဥပုသ်စောင့်ခိုက် ခါတိုင်းထက်ပို၍ ကောင်းကောင်းစားရန် စီမံထားမှုမျိုး မပြုလုပ်သင့်ပါ။

၃။ ချက်ပြုတ်ကျွေးမွေးမည့်သူမရှိလျှင် ဥပုသ်စောင့်ခိုက် ကိစ္စနည်းပါးစေရန် ကြိုတင်စီမံထားရမည်။

၄။ အရက်တက် အချိန်ကစပြီး ကိုယ်လက်စင်ကြယ်အောင် ပြုလုပ်၍ စိတ်ကြည်လင်ရုံမျှ သန့်ရှင်းသော တဏှာကင်းသည့်အဝတ်ကို ယဉ်ကျေ. သိမ်မွေ့စွာ ဝတ်ဆင်ရမည်။ (ကာမဂုဏ် အာရုံကို ဖြစ်ပေါ်စေသော ဝတ်စားမှုမျိုး မပြုလုပ်ရ။)

၅။ ပန်းပန်မှု၊ နံ့သာလိမ်းမှု စသည့်အထူးတလည် ပြင်ဆင်ထားမှုမျိုးမပြုလုပ်ရ။

၆။ သီလဆောက်တည်ပြီး မွန်းမလွဲမီစားသောက်သည့်အခါ အစားအသောက်အပေါ် တပ်မက်မှု မရှိရ။ မစားရသည့် ညနေစာအတွက်ပါ ရည်မှန်းပြီး ပိုမစားရ။ ဥပုသ်ဆောက်တည်ချိန်တွင် ပရိယတ်၊ ပဋိပတ်သာသနာနှစ်ဖြာကောင်းစွာ ကျင့်ကြံအားထုတ်နိုင်ရန်၊ မိမိ၏ခန္ဓာကိုယ် ချမ်းမြေ့နိုင်စေရေး၊ တည်တံ့နိုင်စေရေးအတွက်သာ အာရုံပြုရည်မှန်းဆင်ခြင်ပြီး စားသောက်သင့်သည်။ တပ်မက်သောတဏှာ မရှိစေရ။

၇။ ဥပုသ်ဆောက်တည်သောပုဂ္ဂိုလ်သည် မိမိဆောက်တည်ထားသော သီလများမပျက်စီး၊ မည်ုးနွှမ်းစေရန် မပြတ်သောသတိဖြင့် စောင့်ထိန်းရမည်။

၈။ ဥပုသ်စောင့်စဉ်ကာလအတွင်း စိတ်ကြည်လင်ချမ်းသာစေရန် သန့်ရှင်းသပ်ယပ်စွာ နေထိုင်ရမည်။

၉။ ဥပုသ်စောင့်စဉ် ကာလအတွင်း တရားနာခြင်း၊ တရားဆွေးနွေးခြင်း၊ ဆိတ်ငြိမ်ရာနေရာ၌ သမထ၊ ဝိပဿနာတရားများ ပွားများအားထုတ်ခြင်းစသည်ဖြင့် မြတ်စွာဘုရားရှင်တို့ ဟောကြားအပ်သည့် တရား ဒေသနာတော်များနှင့်အညီ နေထိုင်ပြီး အရိယဥပုသ်မျိုးဖြစ်အောင် စောင့်ထိန်းရသည်။

http://www.dhammadownload.com

၁၀။ မင်္ဂိုလ်နှင့်ဖိလာဖြစ်သော အပြောအဆို၊ အပြုအမူ၊ အနေအထိုင်တို့ကို လုံးဝရှောင်ကြဉ်ရမည်။

၁၁။ ညဉ့်အချိန်သို့ရောက်သောအခါ မိမိ၏သီလကို ပြန်၍ ဆင်ခြင်ပြီးလျှင် ယနေ့အဖို့ အရိယာသူတော်ကောင်း ရဟန္တာအပေါင်းနှင့် မိမိတူမျှပုံကို အောက်မေ့ရာ၏။

၁၂။ ဥပုသ်ထွက်ပြီးနောက်လည်း လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယစသည်တို့ နည်းပါးသွားအောင် မဖြစ်ပေါ်အောင် မပြတ်သော သတိဖြင့် စောင့်စည်းသင့်သည်။ အကျင့်ရလာသောအခါ တဏှာ ရာဂ နည်းပါးခေါင်းပါးလာကြောင်း ကိုယ်တိုင်တွေ့ကြုံခံစားရပေလိမ့်မည်။

အာဇီဝဋ္ဌမကသီလဆောက်တည်ခြင်း

ဤသီလမျိုးသည် ပါဠိတော်နှင့်အဋ္ဌကထာတို့၌ တိုက်ရိုက်မဖော်ပြသော်လည်း အလွန်အကျိုးရှိ၍ ရှေးပညာရှိတို့ စီစဉ်ထားခဲ့ခြင်းဖြစ်သည်။ ဤသီလကို လုံခြုံစွာထိန်းသိမ်းလျှင် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးတွင် သမ္မာကမ္မန္တ မဂ္ဂင် (ကောင်းသောအမှုကို ပြုခြင်း)၊ သမ္မာဝါစာမဂ္ဂင် (ကောင်းသောစကားကို ပြောဆိုခြင်း) နှင့် သမ္မာအာဇီဝမဂ္ဂင် (ကောင်းသောအသက်မွေးမှုပြုခြင်း)တို့ကို ကျင့်ကြံအားထုတ်ခြင်း မည်၏။

ဤသီလပျက်စီးလျှင် ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည် ဖြစ်စေ၊ ငါးပါးသီလကဲ့သို့ပင် အပြစ်ရှိ၏။ သူတော်ကောင်းသူတော်မြတ်တို့ မကျိုးမပေါက် မပျက်အောင် စောင့်ထိန်းကြသောသီလလည်းဖြစ်၏။ အာဇီဝဆိုသည်မှာ အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းဥစ္စာရှာဖွေရသော အလုပ်အကိုင် အရောင်းအဝယ် ဟူသမျှကိုခေါ်သည်။

ပါဠိ

ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
ကာမေသု မိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
ပိသုဏဝါစာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com

ဖရုသဝါစာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

သမ္ဖပ္ပလာပဝါစာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

မိစ္ဆာဇီဝါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(အာမ ဘန္တေ ပါအရှင်ဘုရား)

အနက်

ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာတို့၏အနက်ကို ဝစီကံ (၄)ပါးတွင် ထည့်သွင်း ဖော်ပြခဲ့ပြီးဖြစ်၏။

မိစ္ဆာဇီဝါ –အပြစ်မကင်းသောအသက်မွေးမှုမှ၊ ဝေရမဏိ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ– မြဲမြံစွာ ဆောက်တည်ပါ၏။

သိမှတ်ဖွယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါးနှင့် မကောင်းသောအသက်မွေးမှုတို့မှ ရှောင်ကြဉ်ပါလျှင် အာဇီဝ=ဌမကသီလကို အလိုလိုဆောက်တည်ပြီးဖြစ်၏။

မိစ္ဆာဇီဝ (မကောင်းသောအသက်မွေးမှု)

၁။ သူတစ်ပါး၏အသက်ကိုသတ်၍ အသက်မွေးဝမ်းကျောင်းပြုမှု၊ (ဥပမာ– မုဆိုး၊ တံငါစသည်……)

၂။ သူတစ်ပါးမပေးသော ပစ္စည်းဥစ္စာများကို ခိုးယူ၍ အသက်မွေးမှု (ဥပမာ– သူခိုး၊ အများပိုင်ပစ္စည်း အလွဲသုံးစားပြုသူများ၊ အလေးခိုးသူများစသည်)

၃။ ကာမဂုဏ်တို့၌ ယုတ်မာသောအကျင့်ကို ကျင့်၍ အသက်မွေးမှု၊ (ဥပမာ– ပြည့်တန်ဆာစသည်……)

၄။ သူတစ်ပါးအကျိုးယုတ်အောင် လိမ်လည်လှည့်ဖျား၍ အသက်မွေးမှု၊
(ဥပမာ– မတရားရွေ့နေများ၊ မတရားသက်သေများ၊ ပစ္စည်းညာရောင်းသူများ၊ လိမ်ညာပြောဆို၍ ရောင်းသောစျေးသည်များ၊ မင်းမှုနှင့်မကင်းသော အလုပ်လုပ်ကိုင်သူများစသည်……)

၅။ ပိသုဏဝါစာစကားကို ပြောဆို၍ အသက်မွေးမှု၊
(ဥပမာ–တစ်ပါးသူထံစျေးဝယ်ရာမှ မိမိထံဝယ်စေရန် တစ်ပါးသူ၏ မကောင်းကြောင်းများ ကုန်းချော်၍ စျေးဝယ်သူကို စည်းရုံးသည့်စျေးသည်များစသည်)

http://www.dhammadownload.com

၆။ ဖရုသဝါစာစကားကို ပြောဆို၍ အသက်မွေးမှု၊

(ဥပမာ–အချင်းချင်း နားမခံသာအောင် ဆဲရေးတိုင်းထွာ၍ အရောင်းအဝယ် ပြုသူများစသည်……)

၇။ သမ္ဖပ္ပလာပဝါစာစကားကို ပြောဆို၍ အသက်မွေးမှု၊

(ဥပမာ– မဟုတ်မမှန် အကျိုးမရှိသောစကားများကို ပြောဆိုရသော လူရွှင်တော်များစသည်……)

ဤကဲ့သို့ သိက္ခာပုဒ် (၇)ပါးကို မရှောင်ကြဉ်သော အသက်မွေးမှုအပြင် မိစ္ဆာဇီဝအဖြစ် သီးခြားသတ်မှတ်ထားသော မကောင်းသောကုန်သွယ်မှုငါးမျိုးလည်း ရှိသေး၏။

မကောင်းသောကုန်သွယ်မှု(၅)မျိုး

၁။ သတ္တဝါဏိဇ္ဇာ – လူသတ္တဝါကုန်သွယ်ခြင်း၊ (ဥပမာ–ဓိမ်ခေါင်းများ၊ ကျွန်ရောင်းစားသူများ၊ တိရစ္ဆာန်ရောင်းဝယ်သူများ)

၂။ မံသဝါဏိဇ္ဇာ – အသားကုန်သွယ်ခြင်း၊ (ဥပမာ–တိရစ္ဆာန်များမွေး၍ သတ်ဖြတ်သူအား ရောင်းချသူများ)

၃။ သတ္တဝါဏိဇ္ဇာ – လက်နက်ကုန်သွယ်ခြင်း၊ (ဥပမာ–လက်နက်ရောင်းချ သူများ၊ ငါးမျှား ချိတ်၊ ပိုက်ကွန်၊ ထောင်ချောက် ရောင်းချသူများ)

၄။ မဒ္ဒဝါဏိဇ္ဇာ – ယစ်မျိုးကုန်သွယ်ခြင်း၊ (ဥပမာ–ထန်းရည်၊ အရက်၊ မူးယစ်ဆေးဝါးရောင်းချသူများ)

၅။ ဝိသဝါဏိဇ္ဇာ – အဆိပ်ကုန်သွယ်ခြင်း၊ (ပိုးသတ်ဆေးရောင်းသူများ)

သိမှတ်ဖွယ်။ ။ ဝိသဝါဏိဇ္ဇာတွင် မျက်စိဖြင့်မမြင်နိုင်သော ရောဂါပိုးမွှားကို နှိမ်နင်းသော ယခုခေတ်သုံး ဆေးဝါးရောင်းချသူများ၊ ဆရာဝန်များမပါ၊ အဘယ်ကြောင့်ဆိုသော် ရောဂါပိုးမွှားများသည် အသက်ရှိသော်လည်း အသိဉာဏ်မရှိ၍ သတ္တဝါဟု အသိအမှတ်မပြု၊ ထို့ပြင် မိမိကိုယ်တိုင်က မိစ္ဆာဇီဝအမှုဖြင့် အသက်မမွေးသော်လည်း စီးပွားတူဖြစ်သော ညီအစ်ကို မောင်နမ စသည်တို့၏ မိစ္ဆာဇီဝကို ဝမ်းမြောက်သဘောတူလျှင် မိစ္ဆာဇီဝ ပင်ဖြစ်၏။ သဘောမတူလျှင် မိစ္ဆာဇီဝ မဖြစ်၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာ၊ ဥပါသိကာတို့သည် အသက်မွေးမှု

http://www.dhammadownload.com

ပြုရာ၌ အနိမ့်ဆုံး အဆင့်အားဖြင့် အထက်ဖော်ပြပါ မရောင်းအပ်သော ကုန်မျိုး(၅)ပါး၊ တစ်နည်းအားဖြင့် မကောင်းသော ကုန်သွယ်မှု (၅)မျိုးကို လုံးဝ ရှောင်ကြဉ်ရမည်ဟုဆိုသည်။

ခမ္မိယလဒ္ဓပစ္စည်း

အထက်တွင် ဖော်ပြခဲ့သည့် မိစ္ဆာဇီဝ အသက်မွေးမှုများမှအပ ကောင်းသော အသက်မွေးမှုကို ပြု၍ တရားသဖြင့်ရရှိသော ပစ္စည်းဥစ္စာကို ခမ္မိယလဒ္ဓပစ္စည်း (ခမ္မိယ–တရားနှင့်လျော်ညီစွာ၊ လဒ္ဓ–ရအပ်သော ပစ္စည်း)ဟု ခေါ်၏။ ခမ္မိယလဒ္ဓ ပစ္စည်းများဖြင့် အလှူဒါန ကောင်းမှုကုသိုလ်များ ပြုလုပ်လျှင် အလွန်အကျိုး များ၏။ မိစ္ဆာဇီဝဖြင့်ရရှိသော ပစ္စည်းဥစ္စာများဖြင့် ဒါနကုသိုလ်ပြုလုပ်ပါက ခမ္မိယလဒ္ဓပစ္စည်း များဖြင့် ပြုလုပ်သည့် ဒါနကုသိုလ်လောက် အကျိုးမများ၊ အဖိုးမတန်သော်လည်း ထိုက်သင့်သော အကျိုးတော့ရပါသည်။

ရဟန်းများ၏ မိစ္ဆာဇီဝ

ရဟန်းသံဃာတော်များသည် ဆေးကုခြင်း၊ ဗေဒင်တွက်ခြင်း၊ ယတြာ မီးထွန်းခြင်း စသည့် ကုလသူသန၊ အနေသနနည်းတို့ဖြင့် မိမိအား ကြည်ညိုလာအောင်၊ လှူချင်လာအောင် မတရားသဖြင့် ပြုလုပ်ခြင်းကို ရဟန်းများ၏ မိစ္ဆာဇီဝဟု ခေါ်၏။ ဤနည်းအားဖြင့်ရရှိသော လှူဖွယ်ပစ္စည်းများကို သုံးစွဲတိုင်း သုံးစွဲတိုင်း ဝိနည်းပြစ်အာပတ်သင့်သည့်အပြင် အခြားရဟန်းတော်များလည်း သိ၍ဖြစ်စေ၊ မသိဘဲဖြစ်စေ သုံးစွဲလျှင် သုံးစွဲတိုင်း သုံးစွဲတိုင်း ဝိနည်းပြစ်အာပတ်သင့်သည်။ ထို့ပြင် လူတို့၏ မိစ္ဆာဇီဝထက်လည်း ပို၍အပြစ်ကြီး၏။

ဗုဒ္ဓမြတ်စွာက ရဟန်းသံဃာတို့အား "ရဟန်းတို့...မအပ်တဲ့ ရှာဖွေနည်းမျိုးဖြင့် ပစ္စည်းလေးပါးကိုမရှာသင့်၊ မအပ်တဲ့နည်းဖြင့် ရှာဖွေလို့ရတဲ့ ဆွမ်းဟာ အလျှံရဲရဲ တောက်လောင်နေတဲ့ သံလုံးသံခဲနှင့် တူတယ်။ လတ်တလောချင်း သေစေတတ်တဲ့ အဆိပ်နှင့်လည်းတူတယ်၊ မအပ်မစပ် ရှာဖွေမှုဆိုတဲ့ အလုပ်ဟာ ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် ဗုဒ္ဓသာဝကတို့ ကဲ့ရဲ့တဲ့ အလုပ်မျိုးဖြစ်တယ်။ စက်ဆုပ်တဲ့အလုပ်မျိုးဖြစ်တယ်။ အဲဒီ မအပ်မရာ ရှာဖွေနည်းမျိုးဖြင့် ရှာပြီးရလာတဲ့ ဆွမ်းကို သုံးဆောင်ရတဲ့ ရဟန်းမှာ ရွှင်လန်းဝမ်းမြောက်မှုဆိုတာလည်း မရှိနိုင်။ အဲဒီလို မအပ်မရာ ရှာဖွေပြီးရလာတဲ့ ဆွမ်းကို စားတာဟာ ငါဘုရား၏ သာသနာတော်မှာ ဒွန်းစဏ္ဍားရဲ့ စားကြွင်းကို စားရတာနဲ့ မထူးဘူး"ဟု မိန့်ကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ကိုးပါးသီလဆောက်တည်ခြင်း

ရှစ်ပါးသီလတွင် မေတ္တာကိုထပ်ထည့်လျှင် ကိုးပါးသီလဖြစ်၏။ ကိုးပါးသီလ စောင့်ထိန်းခြင်းကို နဝင်္ဂုပုသ်စောင့်သည်ဟု ခေါ်သည်။ ဤသီလကို စောင့်ထိန်းသူသည် စားသောက်ချိန်မှအပ ဆိတ်ငြိမ်ရာအရပ်၌ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများနေရသည်။ မေတ္တာ၏ဆန့်ကျင်ဘက်ဖြစ်သော ဒေါသ မဖြစ်ပေါ်စေရေးအတွက် စွမ်းနိုင်သမျှ မေတ္တာဖြင့်သာနေရ၏။ မေတ္တာပွားများသည် ဆောက်တည်ရသည့် သိက္ခာပုဒ် တစ်ခုမဟုတ်ဘဲ နဝင်္ဂသီလ၏အင်္ဂါတစ်ပါးမျှသာဖြစ်သည်။

အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလဆောက်တည်ပြီး သတ္တဝါများအပေါ် မေတ္တာပွားများနေရုံဖြင့် နဝင်္ဂုပုသ်သီလနှင့် အလိုလိုပြည့်စုံနေ၏။ သို့သော် ယခုအခါ မေတ္တာကို နဝမသိက္ခာပုဒ်အဖြစ် မှတ်ယူ၍ ဆောက်တည်ကြ၏။ ဤနဝမ သိက္ခာပုဒ်တော်မှာ-

(ပါဠိ)

ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တေ့ လောကံ ပရိတ္တာ ဝိဟရာမိ။

(အနက်)

ယထာဗလံ – စွမ်းနိုင်သလောက်၊ မေတ္တာသဟဂတေန– မေတ္တာနှင့်တကွဖြစ်သော၊ စေတသာ– စိတ်ဖြင့်၊ သဗ္ဗာဝန္တေ့– အလုံးစုံ သတ္တဝါအပေါင်းရှိသော လောကံ– သတ္တလောကကို၊ ဖရိတ္တာ- ပျံ့နှံ့စေ၍၊ ဝိဟရာမိ–နေပါအံ့။

ဆယ်ပါးသီလဆောက်တည်ခြင်း

ဆယ်ပါးသီလကို ရှင်သာမဏေတို့ စောင့်ထိန်းရန် မြတ်စွာဘုရား အထူးပညတ်တော်မူခဲ့သည်။ လူတို့အနေဖြင့် စောင့်ထိန်းရန် မလွယ်ကူလှသော်လည်း ဘုရားရှင်လက်ထက်တော်အခါက စောင့်ထိန်း ကြသည့် ဥပါသကာများ ရှိခဲ့သည့်နည်းတူ စွမ်းနိုင်သလောက် စောင့်ထိန်းသင့်ပါ၏။

ဆယ်ပါးသီလဆောက်တည်ရာတွင် သိက္ခာပုဒ်ကို (၁)မှ (၆)အထိ ရှစ်ပါးသီလနှင့် အတူတူပင် ဖြစ်၍၊ ကျန်သိက္ခာပုဒ်များကိုသာ ဖော်ပြပါမည်။

(ပါဠိ)

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

http://www.dhammadownload.com

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

၁၀။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

(အာမ ဘန္တေ ပါအရှင်ဘုရား)

(အနက်)

ဇာတရူပ-ရွှေနှင့်၊ ရွှေဖြင့် ပြုလုပ်ထားသော လက်ဝတ်တန်ဆာများ၊ ရဇတ-ငွေအသပြာတို့ကို၊ ပဋိဂ္ဂဟဏာ- ကိုင်တွယ်ခံယူခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ-ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို သမာဒိယာမိ-မြဲမြံစွာဆောက်တည်ပါ၏။

ဇာတရူပစသောသိက္ခာပုဒ်

ဤသို့ ရွှေ၊ ငွေများ ကိုင်တွယ်ခံယူခြင်းနှင့် စပ်လျဉ်း၍၊ ဝိနည်းတော်၌ ပယ်တော်မူသော အမှု (၅)ပါးရှိ၏။ ၎င်းတို့မှာ-

(၁) အရှင်မရှိသော ရွှေငွေရတနာတို့ကို တွေ့မြင်၍ ကိုယ်တိုင်ယူခြင်း၊ လက်ရောက်လှူသည်ကို ကိုယ်တိုင်ခံယူခြင်း၊ (ဥဂ္ဂဟ-ကိုယ်တိုင်ခံယူခြင်း)

(၂) အရှင်မရှိသော ရွှေငွေရတနာတို့ကို တွေ့မြင်၍ (သို့မဟုတ်) လာလှူ၍ မိမိအတွက် သူတစ်ပါးကို အယူခိုင်းခြင်း၊ အလှူခိုင်းခြင်း၊ (ဥဂ္ဂဟာပဏ-ယူစေခြင်း)

(၃) အလှူရှင်တို့က ရွှေငွေရတနာများကို ယူဆောင်လာပြီး အလိုရှိရာ သုံးဆောင်တော်မူပါဘုရားဟု လှူသည့်အခါ ကိုယ်၊ နှုတ်ဖြင့်မပယ်ဘဲ စိတ်ဖြင့်သာခံယူခြင်း၊ အလှူရှင်တို့က တစ်နေရာ တွင်ရှိနေသော ရွှေငွေရတနာများကို အလိုရှိသည့်အခါ ယူသုံးတော်မူပါဘုရားဟု လှူသည့်အခါ ကိုယ် နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့် သာယာခံယူခြင်း၊ (ဥပနိက္ခိတ္တ-ဘဏ်စသည်၌ ထားအပ်၊ အနိုးဥ်ထားအပ်သည်ကို သာဒယန=သာယာခြင်း)

(၄) ကပ္ပိယထံ ဝိနည်းတော်နှင့်အညီ အပ်နှံထားသော ရွှေငွေကို ဘယ်လောက်ဝယ်၊ ဘယ်လောက် ပေးလိုက်၊ ဘယ်လောက်ထားလိုက် စသည်ဖြင့် စီမံခြင်း၊ (ဒုမကောင်းသော၊ ဝိစာရဏ = စီမံခြင်း)

(၅) ကိုယ်ပိုင် သူတစ်ပါးပိုင် ရွှေငွေကို သာယာသောစိတ်ဖြင့် ထိပါးသုံးသပ် ကိုင်တွယ်ခြင်း၊ (အာမသန = သုံးသပ်ထိပါးကိုင်တွယ်ခြင်း)

http://www.dhammadownload.com

သိမှတ်ဖွယ်။ ဆယ်ပါးသီလ စောင့်ထိန်းကြသူများမှာ ဖော်ပြပါ (၅)ပါးနှင့် ကင်းလွတ်ပါက အပြစ်မဖြစ်ပါ။ ရဟန်းသာမဏေမဟုတ်ဘဲ လူဖြစ်ပါက ရွှေငွေကို ယုံကြည်လောက်သော ပုဂ္ဂိုလ်ထံ ကြိုတင်အပ်နှံထားပြီး ဆယ်ပါးသီလ ဆောက်တည်သည့် ကာလအတွင်း အထက်ဖော်ပြပါ (၅)ပါးနှင့် လွတ်ကင်း အောင်နေလျှင် ရပါသည်။ ရွှေငွေဖြင့် ကိုယ်တိုင်စီမံခြင်းနှင့် သူတစ်ပါးအား စီမံစေခြင်းများကို မပြုလုပ်ရဘဲ မိမိအလိုရှိသော အသုံးတည့်သော ပစ္စည်းကိုသာ အလိုရှိသောအခါ မှာကြားနိုင်သည်။

ထို့အပြင် ရွှေငွေလက်ဝတ်ရတနာများကို ကိုယ်၌ဝတ်ဆင်ထားခြင်းသည် မာလာဓာရဏတွင် ပါဝင်သောကြောင့် ဆယ်ပါးသီလမဆိုထားနှင့် ရှစ်ပါးသီလနှင့်ပင် မသင့်လျော်ပေ။

http://www.dhammadownload.com

အခန်း (၅)

ရတနာမြတ်သုံးပါးဂုဏ်တော်များ

ကောင်းသောနိုးကြားခြင်း

နေ့ရောညဉ့်ပါ အခါမလပ် ဘုရားဂုဏ်တော်များကို သတိပြုပွားများ နေကုန်သော တပည့်တို့သည်လည်းကောင်း၊ နေ့ရောညဉ့်ပါ အခါမလပ် တရားဂုဏ်တော်များကို သတိပြုပွားများနေကုန်သော တပည့်တို့သည် လည်းကောင်း၊ နေ့ရော ညဉ့်ပါ အခါမလပ် သံဃာ ဂုဏ်တော်များကို သတိပြုပွားများနေကုန်သော တပည့်တို့သည်လည်းကောင်း၊ နေ့ရောညဉ့်ပါ အခါမလပ် ကာယဂတာ သတိပဋ္ဌာန်ပွားများနေကုန်သော တပည့်တို့သည် လည်းကောင်း၊ နေ့ရောညဉ့်ပါ အခါမလပ် ကရဏာဘာဝနာ၌ မွေ့လျော်စိတ်ရှိနေကုန်သော တပည့်တို့သည်လည်းကောင်း၊ နေ့ရောညဉ့်ပါ အခါမလပ် မေတ္တာဘာဝနာ၌ မွေ့လျော်ကုန်သော တပည့်တို့သည် လည်းကောင်း အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြရကုန်၏။

(ခမ္မပဒ)

http://www.dhammadownload.com

ဘုရားဂုဏ်တော်များ

ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မမူမီကာလကပင် ဗုဒ္ဓမြတ်စွာအလောင်းတော်ထက် သာလွန်သူ မရှိဘဲ တစ်လောကလုံးထက် အမြတ်ဆုံး၊ ထူးခြားသာလွန်ဆုံး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ခဲ့၏။ ဤသည်မှာ ဗုဒ္ဓမြတ်စွာ၏ဘုရားအဖြစ် နိယတဗျာဒိတ် ခံယူရရှိပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်များကို သူမတူအောင် ဖြည့်ကျင့်တော်မူခဲ့ခြင်း၊ ပါရမီအကြောင်း ကောင်းခဲ့ခြင်းများကြောင့်ဖြစ်၏။ ဘုရားအဖြစ် ပွင့်တော်မူပြီးသည့်အခါတွင်မူ အထူးပြောဖွယ်ရာပင်မလိုတော့၊ ပကတိ ထင်ရှားလှ၏။

ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ကျေးဇူးတော်အနန္တတို့ကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် ပညာအရှိဆုံး ဧတဒဂ်ဘွဲ့ထူးပေးတော်မူခဲ့ရသည့် လက်ယာတော်ရဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး အပါအဝင် တစ်လောကလုံး တစ်ဦးတလေမျှ ဖော်ပြရေတွက်ခြင်းငှာ မစွမ်းနိုင်ကြပေ။

ဤအခန်းတွင် ဖော်ပြမည့် ဘုရားဂုဏ်တော်များမှာ မြတ်ဗုဒ္ဓသာသနာဝင် အပေါင်း အခြေခံအားဖြင့် သိထားသင့်များကို အနည်းဆုံး အာရုံပြုသင့်သည်များကိုသာ ရွေးထုတ်ထားခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ဖော်ပြမည့် ဘုရားဂုဏ်တော် ဉာဏ်တော် အနည်းငယ်မျှကိုပင် ဂုဏ်ဒတော်တစ်ပါးချင်း၊ ဉာဏ်တော် တစ်ပါးချင်း အား အကျယ်ဖွင့်ရန် များစွာကျန်ရှိပါသေးသည်။

မြတ်စွာဘုရား၏ အနည်းငယ်သော ဂုဏ်တော်များကိုပင် အာရုံပြုပွားများနိုင်ပါက မြတ်ဗုဒ္ဓအပေါ် အဲ့သြမဆုံး၊ ကြည်ညိုမဆုံး၊ ကြည်နူးမဆုံး ဖြစ်ရပါသေးလျှင် မဟာကရုဏာတော်ရှင်၊ လောကဥ္ဇ အမြင့်မြတ်ဆုံး၊ အတုမဲ့မြတ်ဗုဒ္ဓ၏ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ကျေးဇူးတော်အနန္တတို့ကို မိမိပညာဉာဏ်ကွန့်မြူးနိုင်သလောက် အာရုံပြုပွားများကြည့်နိုင်မည်ဆိုလျှင်ကား မြတ်ဗုဒ္ဓအပေါ် အလွန်အဲ့သြဖွယ်၊ အလွန်ကြည်ညိုဖွယ်၊ အလွန်ကြည်နူးဖွယ်ဖြစ်ရပုံတို့ကို ဖော်ပြခြင်းငှာ မစွမ်းနိုင်ပေ။

ဤသို့ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ကျေးဇူးတော်အနန္တဖြင့် ပြည့်စုံတော်မူသော အကြောင်းတို့ကြောင့် တစ်လောကလုံးနှင့် မထိုက်တန်သော၊ သူတကာ တို့ မရနိုင်သော "ဗုဒ္ဓ"ဟူသော ဘွဲ့ထူးဂုဏ်ထူးကြီးကို ပိုင်ပိုင်နိုင်နိုင် ဆွတ်ခူးရရှိ တော်မူခဲ့ခြင်းဖြစ်သည်။

http://www.dhammadownload.com

ဂုဏ်တော်ကိုးပါး

ဂုဏ်တော်ကိုးပါးသည် မြတ်စွာဘုရား၏ ချီးမွမ်း၍ မကုန်နိုင်သော ဂုဏ်တော်များထဲတွင် လူချင်း၊ နတ်ချင်း၊ ဗြဟ္မာချင်း ပြောဆိုကြလျက် တသောသော ချီးမွမ်းအပ်သော ဂုဏ်တော်များဖြစ်၏။ ဤဂုဏ်တော် ကိုးပါး၏ မကျဉ်းမကျယ်အနက်များကို နှုတ်တက်ဆောင်ထား၍ သက်တော်ထင်ရှား မြတ်ဘုရားကို စိတ်အာရုံတွင် ထင်မြင်လာစေပြီး ရွှတ်ဖတ်ရှိခိုးပူဇော်လျှင် အလွန်အကျိုးများပါသည်။ သန့်ရှင်း စင်ကြယ်သောသီလကို ဆောက်တည်ကာ သက်တော်ထင်ရှားမြတ်ဘုရားကို စိတ်အာရုံပြုပြီး ဂုဏ်တော်များဖြင့် ရှိခိုးပူဇော်ကြပါကုန်။

(ပါဠိ)

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝိဇ္ဇာ စရဏ သမ္ပန္နော သုဂတော လောကဝိဒူ
အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ
ဗုဒ္ဓေါ ဘဂဝါ။

(အနက်)

သောဘဂဝါ– ထိုမြတ်စွာဘုရားသည်

(၁) အရဟံ– ဤလောက၌ မကောင်းသော ကိလေသာအညစ်အကြေး မှန်သမျှတို့ကို ဝါသနာနှင့်တကွ အကြွင်းမဲ့ ပစ်ပယ်တော်မူပြီး ဖြစ်သဖြင့် မကောင်းမှုဟူသမျှတို့ကို ဆိတ်ကွယ်ရာအရပ်၌ပင် ပြုတော်မမူသောအကြောင်းတို့ကြောင့် လောက၌ အမြတ်ဆုံး၊ အစင်ကြယ်ဆုံး၊ အတုမဲ့ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေ၏။ သို့ဖြစ်၍ လူ နတ် ဗြဟ္မာအပေါင်း တစ်လောကလုံး၏ ကိုးကွယ်အားထားပူဇော်ရာ အစစ်အမှန်ဖြစ်တော်မူသော အကြောင်းကြောင့် အရဟံ "အရဟ" မည်တော်မူပေ၏။

(၂) သမ္မာသမ္ဗုဒ္ဓေါ – သဗ္ဗညုသုံ အလုံးစုံသော တရားတို့ကို မဖောက်မပြန် သယမ္ဘုဉာဏ်နှင့် သဗ္ဗညုတ ရွှေဉာဏ်တော်တို့ဖြင့် သူတကာတို့ထက် ပိုမို၍အကြွင်းမရှိ ပိုင်းခြားဝေဖန် သိမြင်နိုင်စွမ်းရှိတော်မူသော အကြောင်းကြောင့် သမ္မာသမ္ဗုဒ္ဓေါ "သမ္မာသမ္ဗုဒ္ဓ"မည်တော်မူ၏။

(၃) ဝိဇ္ဇာ စရဏ သမ္ပန္နော – ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏာတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းဆို ဝိဇ္ဇာစရဏ ရှင်ဖြစ်တော်မူသော

http://www.dhammadownload.com

အကြောင်းကြောင့် ဝိဇ္ဇာစရဏသမ္ပန္နော "ဝိဇ္ဇာစရဏသမ္ပန္န" မည်တော်မူပေ၏။

(၄) သုဂတော– သတ္တဝါများအပေါ် မဟာကရုဏာတော်ဖြင့် ကောင်းသော စကားဖြင့်သာ ဆိုဆုံးမတော်မူလေ့ရှိသော အကောင်းဆုံးနိဗ္ဗာန်လမ်းပြ ရှေ့ဆောင်ဦးစီး ဖြစ်တော်မူသောအကြောင်းကြောင့် သုဂတော "သုဂတ" မည်တော်မူ၏။

(၅) လောကဝိဒူ–သတ္တလောက၊ သြကာသလောကနှင့် သင်္ခါရလောက တည်းဟူသော လောကသုံးပါး အကြောင်းတို့ကို သူတကာတို့ မသိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ဖြင့် အကြွင်းမရှိ ပိုင်းခြားဝေဖန် သိမြင်နိုင်စွမ်းရှိတော်မူသောအကြောင်းကြောင့် လောကဝိဒူ "လောကဝိဒူ"မည်တော်မူပေ၏။

(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ–မယဉ်ကျေးသော သတ္တဝါအပေါင်းကို ယဉ်ကျေးအောင် ဆိုဆုံးမတော်မူရာ၌ အတုမဲ့ဖြစ်တော်မူသောအကြောင်းကြောင့် အနုတ္တရောပုရိသ ဒမ္မသာရထိ "အနုတ္တရောပုရိသ ဒမ္မသာရထိ" မည်တော်မူပေ၏။

(၇) သတ္ထာဒေဝ မနုဿာနံ – လူ၊ နတ်၊ ဗြဟ္မာအပေါင်း တစ်လောကလုံးကို ပစ္စုပ္ပန်၌ဖြစ်သော အကျိုးစီးပွား၊ တမလွန်၌ဖြစ်သော အကျိုးစီးပွားနှင့် မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော ပရမတ္ထ အကျိုးစီးပွားတို့ကို ဟောကြားတော်မူလေ့ရှိသည်။ သို့ဖြစ်၍ လူ၊ နတ်၊ ဗြဟ္မာအပေါင်း တစ်လောကလုံး၏ ကိုးကွယ်အားထားရာ အစစ်အမှန်ဖြစ်သော ဆရာရင်းတစ်ဆူ ဖြစ်တော်မူသော အကြောင်းကြောင့် သတ္ထာဒေဝမနုဿာနံ "သတ္ထာဒေဝမနုဿာန" မည်တော်မူပေ၏။

(၈) ဗုဒ္ဓေါ– သစ္စာလေးပါး မြတ်တရားကို သူတကာတို့ထက် ပိုမို၍ အကြွင်းမဲ့ပိုင်းခြားဝေဖန် သိမြင်နိုင်စွမ်းရှိတော်မူသော အကြောင်းကြောင့် ဗုဒ္ဓေါ "ဗုဒ္ဓ" မည်တော်မူပေ၏။

(၉) ဘဂဝါ– သူတကာတို့ထက် သာလွန်ကဲသည့် ဘုန်းတော်ခြောက်ဖုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့် ဘဂဝါ "ဘဂဝါ" မည်တော်မူပေ၏။

http://www.dhammadownload.com

အရဟံဂုဏ်တော်

တစ်လောကလုံးတွင် မြတ်ဗုဒ္ဓရှင်တော်မြတ်တို့၌သာ ရှိနိုင်သော သူတစ်ပါးတို့ သူသူငါငါ မပိုင်ဆိုင်နိုင်သော ထူးခြားသော ဝိသေသရှိသည့် ဂုဏ်တော်ကြီးဖြစ်၏။ အရဟံဂုဏ်တော်သည် အောက်ပါထူးခြားသော ဂုဏ်အင်များဖြင့် ပြည့်စုံလျက်ရှိ၏။

(က) အရဟံ။ လောက၌ အတုမရှိသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသည့် ဂုဏ်ပေါင်းစုံဖြင့် ပြည့်စုံသော အမြတ်ဆုံးအလှူခံဖြစ်သည့် အားလျော်စွာလူ၊ နတ်၊ ဗြဟ္မာအပေါင်း တစ်လောကလုံး၏ ပူဇော်မှုအထူးကို ခံယူတော်မူထိုက်ခြင်း။

(ခ) အရ+ဟံ။ ကိလေသာအညစ်အကြေးမှန်သမျှကို ဝါသနာအဋ္ဌေ.အသက်နှင့် တကွ အလုံးစုံပယ်သတ်ပြီးစီးပြီးဖြစ်သဖြင့် လောက၌ အမြင့်မြတ်ဆုံး၊ အစင်ကြယ်ဆုံးဖြစ်ခြင်း။ (အရိကိလေသာ တည်းဟူသောရန်သူ၊ ဟံ–သတ်တတ်သည်)။

သံသရာစက်၏အကန့်၊ အထောက်(အဝိဇ္ဇာ၊ တဏှာ)တို့ကို မှုန်းမှုန်းညက်ညက် ချိုးဖျက်ပြီးစီးခြင်း၊ (အရ–အကန့်တို့ကို၊ ဟံ–ဖျက်စီးတတ်သည်)။

(ဂ) အ+ရဟံ။ ဆိတ်ကွယ်ရာ အရပ်၌ပင်လျှင် မကောင်းမှုတို့ကို ပြုတော်မမူခြင်း၊ ဘုရားရှင်တို့၌ ဆိတ်ကွယ်ရာအရပ်ဟူ၍ မရှိခြင်း (အ–မရှိ၊ ရဟ–ဆိတ်ကွယ်ရာ)။

အနန္တဂုဏ်အင်မြတ်ဘုရားရှင်

အရဟံကို ဤမျှသာမက အနည်းနည်းအဖုံဖုံ ဖွင့်ဆိုခဲ့ကြသည်မှာ များစွာကျန်ရှိပါသေးသည်။ လောက၌ ဂုဏ်မရှိသူနှင့် ဂုဏ်သာမန်ရှိသူတို့၌ ချီးကျူးဖွယ်ဂုဏ်ရာရခက်သော်လည်း တကယ် ဂုဏ်ပေါများလှသော ပုဂ္ဂိုလ်ထူးများ၌ကား ဉာဏ်ကွန့်မြူးနိုင်သလောက် ရှာရလွယ်သည်သာ ဖြစ်၏။ အနန္တဂုဏ်ရှင် ဘုရားမြတ်အဖို့မှာ အရဟံဟူသော သဒ္ဒါကို မည်သည့်ဘက်သို့မဆို ဦးတည်၍ လှည့်ပေးလိုက်၊ လှည့်ပေးလိုက် ဂုဏ်တော်တွေ ဝင်လာရသည်မှာ မဆန်းလှပေ။ ထို့ကြောင့် မြတ်ဗုဒ္ဓရှင်တော်မြတ်တို့ သည် သူတကာတို့မရနိုင်သော မပိုင်ဆိုင်နိုင်သော "အရဟံ" ဟူသော ဘွဲ့ထူး၊ ဂုဏ်ထူးကြီးကို ရရှိပိုင်ဆိုင် တော်မူနိုင်ကြခြင်း ဖြစ်၏။

http://www.dhammadownload.com

မြတ်ဗုဒ္ဓ၏ကိလေသာပယ်နိုင်ပုံ

ရဟန္တာအရှင်မြတ်တို့သည် အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို ပယ်သတ်ပြီး ဖြစ်သော်လည်း အထုံဝါသနာ (အငွေ့အသက်)ကျန်နေသေး၏။ ဥပမာ– ပုထုဇဉ်ဘဝက ဒေါသကြီးလျှင် ရဟန္တာဘဝတွင် ဒေါသကုန်သွားသော်လည်း ဒေါသအရိန်ကလေး အငွေ့အသက်လေး ကျန်နေသေး၏။

ဥပမာ– ရဟန္တာအရှင်မြတ်ကြီးဖြစ်သော အရှင်ပိလိန္ဒဝစ္ဆသည် ဗြဟ္မဏမျိုးဌ်ဖြစ်၍ သူတစ်ပါးကို (ဝသလ= သူယုတ်)ဟု ပြောခဲ့သော အလေ့အထမှာ ဘဝငါးရာတိုင်ဖြစ်ခဲ့ရာ ရဟန္တာဖြစ်သော်လည်း ထိုဝါသနာမှာ ကျန်ရစ်၍ သူတစ်ပါးကို (ဝသလ=သူယုတ်)ဟူသော အခေါ်ဖြင့် ခေါ်လေ့ရှိသေး၏။

တစ်ခါက ပိတ်ချင်းသီးတောင်းကြီး ထမ်းလာသော လူတစ်ယောက်အား အရှင်မြတ်က "သူယုတ်– ဘာတွေလဲ"ဟုမေးရာ ထိုသူက စိတ်ဆိုးဆိုးဖြင့် "ကြွက်ချေးတွေပါဘုရား" ဟု ပြန်ပြော၏။ အရှင်မြတ်က "ကြွက်ချေးဆိုလည်း ကြွက်ချေးပေါ့ကွယ်"ဟု မိန့်တော်မူ၏။ တစ်နေရာရောက်၍ ထိုသူက တောင်းကို ပြန်ကြည့်သော အခါ တကယ့်ကြွက်ချေးတွေ ဖြစ်နေသည်ကို တွေ့ရ၏။

ထိုအခါ လူတစ်ယောက်၏ အကြံပေးချက်အရ ပိတ်ချင်းသီးတောင်းကိုမပြီး အရှင်မြတ်ထံသွားပြန်ရာ အရှင်မြတ်က "သူယုတ် ဘာတွေလဲ"ဟု မေး၏။ ထိုသူက "ပိတ်ချင်းသီးတွေပါဘုရား"ဟု လျှောက်၏။ အရှင်မြတ်က "ပိတ်ချင်းသီး ဆိုလည်း ပိတ်ချင်းသီးပေါ့ကွယ်"ဟု မိန့်တော်မူမှ ပိတ်ချင်းသီး အဖြစ်သို့ ပြန်ရောက်ရတော့သည်။

အရက်ကို သွန်လိုက်သော်လည်း အရက်နံ့မှာ အရက်အိုး၌ စွဲကျန်နေသကဲ့သို့ ရဟန္တာအရှင်မြတ်တို့၌ ကိလေသာကုန်ခန်းသော်လည်း အထုံဓလေ့ ဝါသနာ အငွေ့အသက်မှာ ကျန်ရစ်ခဲ့၏။ ပစ္စေကဗုဒ္ဓါတို့လည်း ထိုနည်းတူပင်။

မြတ်ဘုရားရှင်တို့ကား ထိုဝါသနာကိုပင် မကျန်ရစ်အောင် အရှင်းပယ်သတ်နိုင်ပြီး ဖြစ်သောကြောင့် လောကတွင် အစင်ကြယ်ဆုံး၊ အသန့်ရှင်းဆုံး၊ အမြတ်ဆုံး ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူပါပေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓထက်သာသော အပူဇော်ခံထိုက်သော သူကို ဤလောက၊ တခြားလောက၊ ဘယ်လောကမှာမှ ရှာမရနိုင်တော့ပေ။

http://www.dhammadownload.com

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

မြတ်ဗုဒ္ဓသည် သဗ္ဗေဥသုံ အလုံးစုံသော တရားတို့၊ကို မဖောက်မပြန် သယမ္ဘူ ဉာဏ်နှင့် သဗ္ဗညုတ ရွှေဉာဏ်တော်တို့ဖြင့် သူတကာတို့ထက်ပိုမို၍ အကြွင်းမရှိ ပိုင်းခြားဝေဖန် သိမြင်နိုင်စွမ်း ရှိတော်မူသော အကြောင်းကြောင့် ဤဂုဏ်တော်ကြီးကို ပိုင်ဆိုင်တော်မူခြင်းဖြစ်၏။ ဤဂုဏ်တော်ကြီးသည်လည်း ရှင်ပစ္စေကဗုဒ္ဓါတို့၌ပင် မရှိနိုင်သော မြတ်ဗုဒ္ဓရှင်တော်မြတ်တို့သာ ပိုင်ဆိုင်နိုင်သော ဂုဏ်တော်ကြီးဖြစ်၏။

(သမ္မာ–အကောင်းဆုံး၊ သံ–ကိုယ်တော်တိုင်၊ ဗုဒ္ဓ–သိတော်မူသောဘုရား)

သယမ္ဘူဉာဏ်

ဆရာတစ်ဦးတစ်ယောက်က ဟောပြောညွှန်ပြ၍မဟုတ်ဘဲ မိမိအလိုလို ကိုယ်တော်တိုင်ထိုးထွင်း၍ သစ္စာလေးပါးတရားကို သိမြင်နိုင်သည့် ဉာဏ်ကိုဆိုလိုသည်။

သဗ္ဗညုတဉာဏ်တော်

မြတ်စွာဘုရားရှင်တို့၌သာရှိသော၊ မြတ်စွာဘုရားရှင်တို့နှင့်သာ ထိုက်တန်သော ရွှေဉာဏ်တော် ကြီး ဖြစ်၏။ ဉာဏ်တော်၏အစွမ်းသတ္တိတို့မှာ–

(၁) သိဖွယ်ဟူသမျှတို့ကို အကုန်အစင်အကြွင်းမဲ့ သိမြင်တော်မူနိုင်ခြင်း။

(၂) ထို သိအပ်ပြီးသောတရားတိုင်း၌ သတ္တဝါတို့အား ဟောပြထိုက်သော ပရိယာယ်အသွယ်သွယ်ကို သိမြင်တော်မူနိုင်ခြင်း။

(၃) ဝေနေယျတို့၏ အလိုဆန္ဒ၊ အဇ္ဈာသယကိုလည်းကောင်း၊ သဒ္ဓါစသော ဣန္ဒြေတို့၏ အနုအရင့်ကိုလည်းကောင်း၊ ရာဂစသော စရိုက်တို့ကို လည်းကောင်း ခွဲခြား၍ သိမြင်တော်မူနိုင်ခြင်းတို့ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် မဟာကရုဏာတော်ကို အခြေခံပြီး ဝေနေယျတို့ အပေါ် တရားဟောကြားတော်မူရာ၌ ဤရွှေဉာဏ်တော်၏အစွမ်းကြောင့် အနာနှင့်ဆေးသင့် အောင်ပေးလိုက်သကဲ့သို့ တစ်နေရာတည်း တစ်ချိန် တည်း၌ပင် ကိလေသာရောဂါ ကင်း၍ အရိယာပုဂ္ဂိုလ်ဖြစ်ကြရသည်။ မြတ်ဗုဒ္ဓ၏အထူးခြားဆုံး၊ အကြီးမားဆုံး၊ အထက်မြက်ဆုံး၊ အမြင့်မြတ်ဆုံး၊ ရွှေဉာဏ်တော်ကြီးပင်ဖြစ်၏။

အလုံးစုံသော တရားတို့ကို သိမြင်ခြင်း

လောကတွင် ဥယျာဉ်မြေ၊ တရားငါးပါးမှလွဲ၍ အခြားသိဖွယ်ရာမရှိတော့ပေ။ ဤတရားငါးပါးကို သိမြင်ခြင်းသည် အလုံးစုံသော တရားတို့ကို သိမြင်ခြင်းဖြစ်၏။

http://www.dhammadownload.com

မြတ်ဗုဒ္ဓသည် ယင်းတရားငါးပါးကို သယမ္ဘူဉာဏ်တော်နှင့် သဗ္ဗညုတ ရွှေဉာဏ်တော်တို့ဖြင့် ဖောက်ပြန်မှားယွင်းခြင်းမရှိ သိမြင်တော်မူခြင်းကြောင့် သူတကာတို့ မရနိုင်သော "သမ္မာသမ္ဗုဒ္ဓ"ဟူသော ဂုဏ်ထူးဘွဲ့ထူးကြီးကို ပိုင်ဆိုင်ရရှိတော်မူခဲ့သည်။ ဥယျာဓမ်တရား ငါးပါးတို့မှာ-

(၁) သခ်ါရ-စိတ်၊ စေတသိက်ဟူသော နာမ်တရားနှင့် နိပ္ပန္နရုပ်များ၊

(၂) ဝိကာရ - ဝိကာရုပ် (၅)ပါး၊

(၃) လက္ခဏ - လက္ခဏရုပ် (၄)ပါး၊

(၄) ပညတ် - လူ၊ နတ်၊ ဗြဟ္မာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ တောတောင်၊ ရေ၊ မြေစသောပညတ်များ၊

(၅) နိဗ္ဗာန် - ရုပ်၊ နာမ်ပညတ်မှတစ်ပါး ငြိမ်းအေးသော ဓာတ်ကြီးတစ်မျိုး။

ဝိဇ္ဇာသုံးပါး(သို့မဟုတ်)ဝိဇ္ဇာရှစ်ပါး

ဝိဇ္ဇာဆိုသည်မှာ သိမြင်သောဉာဏ်တော်ကို ခေါ်၏။ မြတ်ဗုဒ္ဓ၏ ဉာဏ်တော်သုံးပါး (သို့မဟုတ်) ရှစ်ပါးရှိ၏။ ယင်းဉာဏ်တော်များမှာ-

(၁) ပုဗ္ဗေနိဝါသဉာဏ်တော် - ရှေးဦးဖြစ်ခဲ့ဖူးသော ဘဝတို့ကို အောက်မေ့သိမြင်သော ဉာဏ်တော်၊

(၂) ဒိဗ္ဗစက္ခုဉာဏ်တော် - နတ်တို့၏မျက်စိကဲ့သို့ (သို့မဟုတ်) ထိုထက်သာလွန်၍ ဝေးသော အရုပ်၌ တည်ရှိသော အရာဝတ္ထုတို့ကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်သော ဉာဏ်တော်။

(၃) အာသဝက္ခယဉာဏ်တော်- အာသဝေါတရားတို့အကြွင်းမဲ့ကုန်ရာ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်။

(၄) ဝိပဿနာဉာဏ်တော် - ရုပ်၊ နာမ်၊ ဓမ္မ၊ သခ်ါရတို့၏ အနိစ္စ (မမြဲခြင်း)၊ ဒုက္ခ (ဆင်းရဲ ခြင်း)၊ အနတ္တ (အစိုးမရခြင်း)သဘောတို့ကို ပေါ်ပေါ်ထင်ထင် သိမြင်သောဉာဏ်တော်။

(၅) မနောမယိဒ္ဓိဉာဏ်တော် - မိမိကိုယ်အတွင်း၌ အလားတူကိုယ်တစ်မျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သော ဉာဏ်တော်။

http://www.dhammadownload.com

(၆) ဣန္ဒိဝိဓဉာဏ်တော် – မြေလျှိုးမိုးပျံအစရှိသည့်တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်တော်။

(၇) ဒိဗ္ဗသောတဉာဏ်တော် – နတ်တို့၏နားကဲ့သို့ (သို့မဟုတ်) ထို့ထက်ပင် သာလွန်၍ အဝေးဒ္ဒတည်ရှိသော အသံအမျိုးမျိုးကို ပကတိနားဖြင့် ကြားသိနိုင်သော ဉာဏ်တော်။

(၈) စေတောပရိယဉာဏ်တော်– သူတစ်ပါးတွင် ဖြစ်ပေါ်နေသော စိတ်ကို ပိုင်းခြား၍ သိမြင်နိုင် သောဉာဏ်တော်။

အာသဝေါတရား (၄)ပါး

အရဟတ္တမဂ်ဉာဏ်ဖြင့်သာ အကြွင်းမဲ့ ပယ်သတ်နိုင်သော ကိလေသာတရားများ ဖြစ်၏။ ဤတရား (၄)ပါးတို့မှာ–

(၁) ကာမာသဝ – ကာမဂုဏ်ကို တပ်မက်နေသည့်တဏှာ။

(၂) ဘဝါသဝ – ဘဝကို တပ်မက်နေသည့်တဏှာ၊

(၃) ဒိဋ္ဌာသဝ – အယူမှားတွေကို တပ်မက်နေသည့်တဏှာ။

(၄) အဝိဇ္ဇာသဝ – သစ္စာဉာဏ်အမြင်ကို ဖုံးလွှမ်းပိတ်ဆီးနေတတ်သော မောဟ တရားများ၊ အမှန်မသိမှုများ။

စရဏတစ်ဆယ့်ငါးပါး

စရဏဟူသည်မှာ နိဗ္ဗာန်ရောက်ဖို့ရန် ကျင့်ကြံအားထုတ်ခြင်း အကျင့်ပင်ဖြစ်၏။ မြတ်ဗုဒ္ဓသည် ဤအကျင့်စခန်း (၁၅)ပါးနှင့် ပြည့်စုံတော်မူ၏။

(၁) သီလသံဝရ – ပါတိမောက္ခသံဝရသီလမျိုးကို လုံခြုံအောင် စောင့်ထိန်းခြင်း၊

(၂) ဣန္ဒြိယသံဝရ – မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေ (၆)ပါးတို့၌ အကုသိုလ်တရားများ မဝင်ရောက် မပြန့်ပွားနိုင်အောင် "သတိ"တည်း ဟူသော တံခါးမှူးခန့်ထား၍ လုံခြုံအောင် စောင့်ထိန်းခြင်း၊

(၃) ဘောဇနေမတ္တညုတာ– ဆွမ်းကိုခံယူရာ၊ သုံးဆောင်ရာတို့၌ အတိုင်းအရှည် ပမာဏကို သိခြင်း၊

http://www.dhammadownload.com

(၄) ဇာဂရိယာနုယောဂ – အစဉ်နိုးကြားမှုနှင့်ယှဉ်ခြင်း၊ (နေ့ရောညဦးပါ မိမိစိတ်ကို အကုသိုလ် တရားတို့မှ စင်ကြယ်အောင် အားထုတ်ခြင်း)

(၅) သဒ္ဓါတည်းဟူသော ကုသိုလ်ကောင်းမှုကိစ္စတို့၌ မြတ်နိုးယုံကြည်မှုရှိ၏။

(၆) သတိတည်းဟူသော ကုသိုလ်ကောင်းမှုကိစ္စတို့၌ မမေ့မလျော့ရှိ၏။

(၇) ဟီရိဟူသော မကောင်းမှုဒုစရိုက်မှ ရှက်မှုရှိ၏။

(၈) ဩတ္တပ္ပဟူသော မကောင်းမှုဒုစရိုက်မှ ကြောက်လန့်မှုရှိ၏။

(၉) ဒီရိယဟူသော ကုသိုလ်ကောင်းမှုကိစ္စ အားထုတ်မှုရှိသည်။

(၁၀) သုတဟူသောအကြားအမြင်များမှုရှိသည်။

(၁၁) ပညာဟူသော အရာရာ၌ တတ်သိလိမ္မာမှုရှိသည်။

(၁၂) ပထမစျာန်၊

(၁၃) ဒုတိယစျာန်၊

(၁၄) တတိယစျာန်၊

(၁၅) စတုတ္ထစျာန်ဟူသော စျာန် (၄)ပါးရသည်။

စျာန်စိတ်များ

အာရုံတစ်ခုတည်း၌ စိတ်စုစည်းစူးစိုက် တည်ငြိမ်နေခြင်းမည်သော သမာဓိ အားကောင်းလာလျှင် စျာန်ဟုခေါ်သည်။ တစ်နည်းအားဖြင့် အပွနာဟုလည်း ခေါ်၏။ အာရုံကို စူးစူးစိုက်စိုက် ကပ်၍ရှုသောစိတ်သည် စျာန်စိတ်ဖြစ်သည်။ အာရုံ၌ သက်ဝင်နေ မြုပ်ဝင်နေသော အပွနာစိတ်နှင့် သဘောအဓိပ္ပာယ်အတူတူပင်ဖြစ်၏။

စိတ်သည် အရှုခံအာရုံ၌ အင်အားကောင်းစွာ စူးစိုက်တည်ငြိမ်နေ၍ စျာန်သမာဓိအခြေအနေသို့ ဆိုက်ရောက်နေသောအခါ စိတ်၏အညစ်အကြေးများဖြစ်ကြသော လောဘ၊ ဒေါသစသည့် ကိလေသာ နိဝရဏတို့ကင်းဝေးစင်ကြယ်နေ၏။ ထိုအခါ စိတ်အစဉ်သည် အထူးကြည်လင်သန့်ရှင်းနေရကား ငြိမ်းအေးချမ်းသာနေ၏။ ယင်းချမ်းသာကိုပင် စျာန်ချမ်းသာဟု ခေါ်သည်။

စိတ်တည်ငြိမ်မှုအင်အား အကောင်းအည့ဲလိုက်၍ စျာန်ကို (၄)ဆင့် (သို့မဟုတ်) (၅)ဆင့် ခွဲခြားထား၏။ စိတ်တည်ငြိမ်မှု ပို၍ ပို၍ အားကောင်းလာကာ အမြင့်ဆုံး

http://www.dhammadownload.com

ဈာန်စိတ်အဆင့်သို့ ရောက်သောအခါ စိတ်သည် လွန်စွာငြိမ်သက်အေးချမ်းပြီး အချမ်းသာကြီး ချမ်းသာလေတော့သည်။

ဤသို့ ဈာန်ချမ်းသာကို ရရှိခံစားနိုင်ရေးအတွက် ဈာန်သမာပတ် ရရှိရန် သမထကမ္မဋ္ဌာန်းလေးဆယ်အနက် တစ်ပါးပါးကို ပွားများအားထုတ်ရ၏။

ဈာန်(၅)ဆင့်

၁။ ပထမဈာန်အဆင့် – ဤဈာန်စိတ်၌ ဝိတက် (ကြံစည်ခြင်း)၊ ဝိစာရ (ဆင်ခြင်သုံးသပ်ခြင်း)၊ ပီတိ(နှစ်သက်ဝမ်းမြောက်ခြင်း)၊ သုခ (ချမ်းသာခြင်း)၊ ဧကဂ္ဂတာ (အာရုံတစ်ခုတည်း၌တည်ခြင်း)၊ ဤသဘော (၅)မျိုး ပါဝင်၏။

၂။ ဒုတိယဈာန်အဆင့် – ဤဈာန်စိတ်၌ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဤသဘော(၄)မျိုး ပါဝင်၏။

၃။ တတိယဈာန်အဆင့် – ဤဈာန်စိတ်၌ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော သဘော (၃)မျိုး ပါဝင်၏။

၄။ စတုတ္ထဈာန်အဆင့် – ဤဈာန်စိတ်၌ သုခ၊ ဧကဂ္ဂတာဟူသော သဘော (၂)မျိုးပါဝင်၏။

၅။ ပဉ္စမဈာန်အဆင့် – ဥပေက္ခာ (ဆင်းရဲခြင်းနှင့်ချမ်းသာခြင်းကို အညီအမျှရှုခြင်း)၊ ဧကဂ္ဂတာ ဤသဘော (၂)မျိုး ပါဝင်၏။

ဈာန် (၄)ဆင့်

၁။ ပထမဈာန်အဆင့် – နိဝရဏတရား ငါးပါးတို့ကို ပယ်ဖျောက်ပြီး အနည်းငယ်သော ကြံစည်မှု၊ စဉ်းစားမှုများဖြင့်သာ နှစ်သိမ့်ချမ်းသာခြင်း (ပီတိ၊ သုခ)တို့ကို ခံစားရခြင်း၊

၂။ ဒုတိယဈာန်အဆင့် – ကြံစည်မှု၊ စဉ်းစားမှုစသည့်ဥာဏ် လှုပ်ရှားမှုအားလုံးတို့ကို ဖိနှိပ်လျက် စိတ်ကို စိတ်တွင်သာ ထားခြင်းဖြင့် ကြည်လင်တည်ငြိမ်စေလျက် ပီတိနှင့် သုခတို့ကို ဆက်လက်ခံစားရခြင်း၊

http://www.dhammadownload.com

၃။ တတိယစျာန်အဆင့် – ထင်ရှားစွာ ခံစားရသော နှစ်သိမ့်မှု ပီတိကိုပင် စွန့်လျက် စိတ်၏ချမ်းသာမှု တစ်ခုတည်း ခံစားကာ အညီအမျှ ပြုလျက် သိလျက်သာ နေတော့ခြင်း၊

၄။ စတုတ္ထစျာန်အဆင့် – ခံစားမှုအားလုံးကို စွန့်လွှတ်လိုက်ပြီး ချမ်းသာမှု၊ ဆင်းရဲမှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှုများ ကင်းစွာ အညီအမျှ (ဥပေက္ခာ) ပြုလျက် သတိရှိစွာနေတတ်ခြင်း။

နိဝရဏတရားငါးပါး

တိုးတက်မှုကို ပိတ်ပင်တားဆီးသည့် (တစ်နည်းအားဖြင့်) မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဖီလာဖြစ်သည့် တရားငါးပါးဖြစ်၏။ ဤတရားငါးပါးကို ဝိပဿနာဉာဏ်ဖြင့်သာ ပယ်သတ်နိုင်၏။ ယင်းတရားတို့မှာ–

၁။ ကာမစ္ဆန္ဒ – ကာမဂုဏ်တို့၌ အလိုရှိခြင်း၊

၂။ ဗျာပါဒ – မကောင်းကြံစည်ခြင်း၊ ဒေါသအမျက်ထွက်ခြင်း၊ မုန်းတီးခြင်း၊

၃။ ထိနမိဒ္ဓ – စိတ်ရောကိုယ်ပါ ထိုင်းမှိုင်းခြင်း၊ ထုံထိုင်း ညှိုးနွမ်းခြင်း၊

၄။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ – စိတ်မငြိမ်သက်ဘဲ ပျံ့လွင့်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊

၅။ ဝိစိကိစ္ဆာ – ယုံမှားတွေးတောခြင်း၊ ယုံမှားသံသယဖြစ်ခြင်း။

အကောင်းဆုံးဝိဇ္ဇာစရဏရှင်

လောကဌ် အသိဉာဏ်ပညာ (ဝိဇ္ဇာ)သာရှိ၍ အကျင့်တရား (စရဏ)မရှိသော သူမှာ သူတကာ တရားမဲ့ပြုနေလျှင် သနားစောင့်ရှောက်ရမှန်းမသိ၊ ကယ်တင်ရန် နားမလည် တတ်၊ အသိဉာဏ်ပညာ (ဝိဇ္ဇာ)မရှိပါမူကား ဆိုဖွယ်ရာမရှိ၊ အသိဉာဏ် (ဝိဇ္ဇာ)နှင့် အကျင့်(စရဏ)ရှိသူကား မိမိက တရားရှိသူ ဖြစ်ရုံ သူတစ်ပါး အကျိုးမဲ့ပြုနေလျှင် သနားတတ်၊ ထိုအကျိုးမဲ့တို့မှ ကယ်တင်ကာ အကျိုးရှိအောင် စောင့်ရှောက်ပြုပြင်တတ်၏။

ဤကား ဝိဇ္ဇာစရဏပြည့်စုံသူတို့၏ ဓမ္မတာတည်း။

http://www.dhammadownload.com

ဝိဇ္ဇာနှင့်စရဏ (၂)မျိုးစလုံးနှင့်ပြည့်စုံမှ မဂ် ဖိုလ် နိဗ္ဗာန်သို့ရောက်နိုင်၏။ ဝိဇ္ဇာနှင့် စရဏပြည့်စုံကြ၍ မဂ် ဖိုလ် နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်သူတို့တွင် မြတ်ဗုဒ္ဓသည် အကောင်းဆုံး ဝိဇ္ဇာစရဏရှင်ကြီး (သို့မဟုတ်) အတုမရှိ ဝိဇ္ဇာစရဏရှင်ကြီး (သို့မဟုတ်) လောက၏အမြင့်မြတ်ဆုံး ဝိဇ္ဇာစရဏရှင်ကြီးဖြစ်တော်မူပေသည်။

သုဂတဂုဏ်တော်

သုဂတဂုဏ်တော်အဖွင့်မှာ-

(က) ကောင်းသောစကားကိုသာ ဆိုတော်မူခြင်း။ (သု-ကောင်းသောစကား၊ ဂတ-ဆိုတော်မူသည်။)

(ခ) ဘုရားရှင်သည် နိဗ္ဗာန်လမ်းကို ကိုယ်တော်တိုင် ရှေးဦးစွာ တွေ့ရှိ၍ ထိုလမ်းဖြင့်ပင် နိဗ္ဗာန်သို့ဦးစွာရောက်ရှိခဲ့ခြင်း၊ လူနတ်ဗြဟ္မာတို့ကိုလည်း ယင်းလမ်းဖြင့်ပင် နိဗ္ဗာန်သို့ရောက်အောင် ရှေ့ဆောင်ဦးစီးအဖြစ် လမ်းညွှန်ပြသ ပေးတော်မူနိုင်ခြင်း။

(သု-ကောင်းသောနိဗ္ဗာန်သို့၊ ဂတ-ကြွတော်မူသော ဘုရား။)

(ဂ) ဘုရားရှင်သည် ပါရမီအကြောင်း အလွန်ကောင်းခဲ့ပြီး၊ ယင်းအကြောင်းကြောင့်ပင် အလွန်ထူးခြားသော အကျိုးဖြစ်သည့် မဟာဗောဓိ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်) ရရှိတော်မူခြင်း။ (သု-ကောင်းစွာ၊ အာဂတ-လာတော်မူခြင်း။)

ကောင်းသောစကား

လောကတွင် စကား(၆)မျိုးရှိ၏။ ၎င်းတို့မှာ-

၁။ မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ အပြောခံရသူလည်း မနှစ်သက်သောစကား၊

၂။ မှန်လည်းမမှန်၊ အကျိုးလည်းမရှိပါဘဲလျက် အပြောခံရသူကမူ နှစ်သက်သောစကား၊

၃။ မှန်သော်လည်းအကျိုးလည်းမရှိ၊ အပြောခံရသူကလည်း မနှစ်သက်သောစကား၊

၄။ မှန်သော်လည်းအကျိုးမရှိ၊ သို့သော် အပြောခံရသူကမူ နှစ်သက်သောစကား၊

၅။ မှန်လည်းမှန်၊ အကျိုးလည်းရှိသော်လည်း အပြောခံရသူကမူ မနှစ်သက်သောစကား၊

၆။ မှန်လည်းမှန်၊ အကျိုးလည်းရှိ၍ အပြောခံရသူကလည်း နှစ်သက်သောစကား။

http://www.dhammadownload.com

မြတ်စွာဘုရားရှင်သည် စကား(၆)မျိုးအနက် ရှေ့(၄)မျိုးကို ပယ်၍ နောက်ဆုံး (၂)မျိုးကိုသာ မဟာကရုဏာတော်ဖြင့် သတ္တဝါများအပေါ် မိန့်ကြားတော်မူလေ့ရှိသည်။ ထို့ကြောင့် နောက်ဆုံးစကား (၂)မျိုးသာ ကောင်းသောစကားဖြစ်၏။ ဤ (၂)မျိုး အနက်တွင်ပင် မှန်လည်းမှန်၊ အကျိုးလည်း ရှိသော်လည်း အပြောခံရသူက မနှစ်သက် သောစကားမျိုးကိုမူ ပြောသင့်သောအခွင့်အရေးကြုံလာမှ အခါအခွင့် ကြည့်၍ တစ်ခါတစ်ရံသာ ပြောအပ်၏။ မှန်လည်းမှန်၊ အကျိုးလည်းရှိ၊ အပြောခံရသူကလည်း နှစ်သက်သောစကားကိုမူ အခါခပ်သိမ်းပြောအပ်၏။

ဤကဲ့သို့ ပြောဆိုရာတွင်လည်း သူတစ်ပါးနှစ်သက်အားရအောင်၊ ကျေနပ်အောင်၊ အချက်ကျကျ၊ အကွက်မိမိ၊ နာချင်ဖွယ်၊ နှစ်သက်ဖွယ်ဖြစ်အောင် ပြောမှလည်း ကောင်းသောစကားဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် ဤကဲ့သို့သော ကောင်းသော စကားများဖြင့်သာ ဟောပြောတော်မူခြင်းမှာ သတ္တဝါများအပေါ် မဟာကရုဏာတော်ဖြင့် ချစ်မြတ်နိုးသောကြောင့် ဖြစ်၏။

လောကဝိဒူဂုဏ်တော်

မြတ်ဗုဒ္ဓသည် သတ္တလောက (သက်ရှိသတ္တဝါတို့၏ လောက)၊ ဩကာသလောက (သက်မဲ့တို့၏ ရုပ်လောက)နှင့် သခါရလောက (ဖြစ်ပျက်ပြုပြင် ပြောင်းလဲနေသော လောက၊ ရုပ်နာမ်တရားများ ပေါင်းစပ်နေသောလောက)တည်းဟူသော လောကသုံးပါး အကြောင်းကို သူတကာတို့ မရရှိနိုင်သော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အကြွင်းမရှိ ပိုင်းခြားဝေဖန် သိမြင်နိုင်စွမ်းရှိတော်မူသောအကြောင်းကြောင့် ဤဂုဏ်တော်ကြီးကို ပိုင်ဆိုင်တော်မူ၏။ (လောက–လောကအားလုံးကို၊ ဝိဒူ–သိတော်မူသည်။)

(က) **သတ္တလောကကို သိမြင်တော်မူပုံ။** ။ သက်ရှိသတ္တဝါတို့၏ ရှေ့ဖြစ်၊ နောက်ဖြစ် စသည့် ဘဝအစုံစုံကို တန်ခိုးကြီးသော နတ်ဗြဟ္မာများ၊ ရသေ့ ရဟန်းများသည် သိရှိနိုင်ကြသော်လည်း ဘဝဘယ်လောက်၊ ကမ္မာ ဘယ်လောက်ဟူ၍ အကန့်အသတ်ဖြင့်သာ သိကြ၏။ မြတ်ဘုရားရှင်ကား အဆုံးအစမရှိ သိတော်မူ၏။

သို့သော် ဤမျှလောက်ဖြင့် မထူးဆန်းသေး။ သတ္တဝါတို့၏ အတွင်း ဓာတ်ခံကိုကား ရှင်ပစ္စေကဗုဒ္ဓတို့ပင် မသိမြင်နိုင်၊ ဗုဒ္ဓမြတ်စွာသည်သာ သတ္တဝါတို့၏ အတွင်းဓာတ်ခံကို သိနိုင်သော ဉာဏ်တော်ရှိ၏။ ထို့ကြောင့်ပင် သတ္တဝါတို့ကို ဘယ်လိုဓာတ်ခံမျိုးရှိနေသည်။ ဘယ် အနုသယ ကိလေသာက လွန်ကဲသည်၊ နည်းသည်၊ ဘယ်လိုစိတ်ကြိုက် အလိုဆန္ဒ ရှိသည်၊ ဘယ် စရိုက်မျိုးလွန်ကဲသည်၊ ဘယ် ဣန္ဒြေက ရင့်နေပြီ၊

http://www.dhammadownload.com

နသေးသည် စသည်တို့ကို အတွင်းဝင်ကြည့်၍ အတိအကျ မြင်ရသူပမာ သေချာစွာ ခွဲခြား သိမြင်နိုင်၏။ ဤသို့ သိမြင်ခြင်းသည် သူတကာတို့ မသိမြင်နိုင်သော ထူးဆန်းလှသည့် သိမြင်တော်မူနိုင်ခြင်းဖြစ်၏။

ဤသို့ သတ္တဝါတို့၏ ဓာတ်ခံကို အပိုင်းအခြားမရှိ သိမြင်နိုင်သော ဉာဏ်တော်အစွမ်းကြောင့် အနာနှင့်ဆေးတည့်အောင် ပေးနိုင်သဖြင့် သတ္တဝါများ အကျွတ်တရားရရှိသွားကြသည်မှာ အနန္တပင်။

(ခ) **ဩကာသလောကကို သိမြင်တော်မူပုံ။** ။ ဩကာသရုပ်လောကကြီး တစ်ခုလုံး၏ တည်နေပုံ၊ ရုပ်တရား၏ ဖြစ်ပျက်နေပုံတို့ကို မြတ်ဘုရားရှင်သည် တန်ခိုးကြီးသော နတ်၊ ဗြဟ္မာ၊ ရသေ့၊ ရဟန်းတို့ကဲ့သို့ တစ်စိတ်တစ်ဒေသသာ သိမြင်ခြင်းမျိုးမဟုတ်ဘဲ ထိုင်ရာမှမထ အလိုရှိသလို အဆုံးအစ မရှိ ဝေဖန်ပိုင်းခြား သိမြင်တော်မူနိုင်၏။

(ဂ) **သင်္ခါရလောကကို သိမြင်တော်မူပုံ။** ။ သတ္တလောက၊ ဩကာသလောကတို့ကို သိမြင်နိုင်သောတန်ခိုးကြီးပုဂ္ဂိုလ်တို့ပင် သင်္ခါရလောကကိုသိရန် အစွမ်း မရှိကြ။ ဝိပဿနာဉာဏ် ရင့်သန်ကြသော ယောဂီအရိယာများသည် ဝိပဿနာ အခိုက်၌သာ ရုပ်နာမ်တို့ကို သိကြသည်။ ဤသို့ သိရာ၌ပင် အလွန်လျင်မြန်စွာ ဖြစ်ပျက်လျက်ရှိသော ရုပ်နာမ်တို့ကို မလွတ်တမ်းတစ်ခုစီ အကုန်မြင်ကြ ရသည်မဟုတ်၊ ထင်ပေါ်ရာ ထင်ပေါ်ရာရုပ်နာမ်များကိုသာ သိကြ၏။ ဘုရားရှင်အောက် အကောင်းဆုံးဗောဓိဉာဏ်ရှင် ပစ္စေက ဗုဒ္ဓများပင် ရုပ်နာမ် တစ်စိတ်တစ်ဒေသကိုသာ သိကြ၏။ ထိုအရှင်တို့ကား ကိုယ့်သန္တာန်ရှိ တရားစုကိုသာ သိတန်သလောက် သိကြ၍ သူတစ်ပါးသန္တာန်ရှိ ရုပ်နာမ်နှင့် ဗဟိဒ္ဓ–တော၊ တောင် စသည်ရှိ ရုပ်ဓာတ်တို့ကိုကား မသိနိုင်ကြပေ။

မြတ်ဗုဒ္ဓဘုရားရှင်တို့ကား အလွန်လျင်မြန်စွာ ဖြစ်ပျက်နေသော ရုပ်နာမ်တရားတို့ကို တစ်ခုစီ ပြတ်ပြတ်သားသား ခွဲခြားသိမြင်တော်မူနိုင်၏။ အကြောင်းအမျိုးမျိုး သတ္တိအဖုံဖုံ စုံလင်အောင်ပင် သိတော်မူနိုင်ကြ၏။ ဘုရားရှင်၏ အဘိဓမ္မာပိဋကတ်ကား ရှင်တော်မြတ်၏ အတုမရှိသော ဓာတုဗေဒဆရာမြတ်အဖြစ်ကို ပြလျက်ရှိပေ၏။

ထို့ကြောင့် မြတ်ဗုဒ္ဓသည် သူတစ်ပါးနှင့်မဆိုင်၊ ကိုယ်တော်နှင့်သာ ထိုက်တန်သော လောကဝိဒူဂုဏ်တော်မြတ်ကြီးကို ဝုံကြွားစွာ ခံယူရရှိနိုင်ခြင်းပင် ဖြစ်ပါသည်။

http://www.dhammadownload.com

အနုတ္တရဂုဏ်တော်

အနုတ္တရဟူသည်မှာ သာလွန်သူမရှိသောပုဂ္ဂိုလ်၊ အဘက်ဘက်က အသာလွန်ဆုံး အမွန်မြတ်ဆုံးဖြစ်၍ မိမိထက် သာလွန်မြင့်မြတ်သူ မရှိသော ပုဂ္ဂိုလ်ဟုဆိုလို၏။

ဗုဒ္ဓမြတ်စွာ၏ မြင့်မြတ်လှသော အကြောင်းပါရမီများသည်လည်းကောင်း၊ အလောင်းတော် ဘဝကပင် လူနတ်ဗြဟ္မာတို့၏ အပူဇော်ခံရခြင်းသည်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်၍ သိမ်မွေ့ငြိမ်သက်လှသော စရဏအကျင့်တရားများသည်လည်းကောင်း၊ ကျွမ်းကျင်နိုင်နင်းစွာ ပြသနိုင်သော အံ့သြဖွယ် တန်ခိုးအမျိုးမျိုးသည်လည်းကောင်း၊ ဘုရားရှင်၏အဆင်းတော်၊ အသံတော်၊ ရောင်ခြည်တော်တို့၏ ရှုမဝဖွယ် တင့်တယ်သာယာကြည်ညိုဖွယ်တို့သည်လည်းကောင်း၊ ဘုရားရှင်၏ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တတို့သည်လည်းကောင်း၊ ဘုရားရှင်၏ ဟောကြားအပ်သည့် တရားတော်သည်အတုမရှိ မြင့်မြတ်လှပုံတို့သည်လည်းကောင်း စသည်စသည်တို့၌ သူတကာတို့ မယှဉ်နိုင်အောင် ဖြစ်ကြရ၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် မိမိထက် သာလွန်သူမရှိအောင် အဘက်ဘက်က အသာလွန်ဆုံး၊ အမွန်မြတ်ဆုံးဖြစ်သောကြောင့် အနုတ္တရဂုဏ်တော်နှင့်ထိုက်တန်စွာ ပြည့်စုံရခြင်းဖြစ်ပါသည်။

ပုရိသဒမ္မသာရထိဂုဏ်တော်

ပုရိသဒမ္မ = ဆုံးမထိုက်သော သတ္တဝါတို့ကို၊ သာရထိ = ဆုံးမတော်မူတတ်၏။

မြတ်ဗုဒ္ဓသည် သတ္တဝါတို့၏ အတွင်းဓာတ်ခံကို အပိုင်းအခြားမရှိ သိမြင်တော်မူနိုင် သည်ဖြစ်ရာ အာသယာနုသယဉာဏ်တော် (အတွင်းဓာတ်ခံ ကိလေသာအငုပ်ဓာတ်တို့ကို သိသောဉာဏ်)နှင့် ဣန္ဒြိယပရောပရိတ္တဉာဏ်တော် (ဣန္ဒြေအနုအရင့်ကို သိသောဉာဏ်)တို့ဖြင့် အနာနှင့်ဆေး တည့်အောင် ပေး၍ သတ္တဝါတို့၏ ကိလေသာအနာရောဂါဆိုးတို့ကို ကုသပေးတော်မူရာ၌ မယှဉ်ကျေးသေးသော သတ္တဝါများကိုပင် ပျောက်ကင်းစေနိုင်သဖြင့် အတုမဲ့ ဖြစ်တော်မူပါပေ၏။ အတုမရှိ စွမ်းဆောင်တော်မူနိုင်ပါပေ၏။

ဤသို့ သတ္တဝါတို့ကို ဆုံးမတော်မူရာ၌ အနုအားဖြင့်လည်းကောင်း၊ အကြမ်းအားဖြင့် လည်းကောင်း၊ အနုအကြမ်းနှစ်မျိုးအားဖြင့်လည်းကောင်း နည်းအမျိုးမျိုးရှိ၏။ အရက်မူးအောင် အလွန်အကျွံတိုက်ထားသော နာဠာဂီရိဆင်ဆိုးကြီးကို မေတ္တာတော်စွမ်းအားဖြင့် ဒူးတုပ်လာစေခြင်းသည် မယှဉ်ကျေးသူကို ယဉ်ကျေးလာအောင် အနုနည်းဖြင့် ဆုံးမခြင်းဖြစ်၏။ သစ္စကပရိဗိုဇ်ကဲ့သို့သော ပညာရှိ မာန်ကြီးသူဝါဒ ပြိုင်လာသူ

http://www.dhammadownload.com

အချို့ကို ရှေးဦးစွာ သူတို့ဝါဒနိမ့်ကျအောင် နှိမ့်ချပြီးမှ သာယာညင်းပျောင်းစွာ တရားပြ၍ ဆုံးမခြင်းသည်လည်းကောင်း၊ ဗကဗြဟ္မာကဲ့သို့သော တန်ခိုးကြီးနတ်ဗြဟ္မာတို့ကို တန်ခိုးပြိုင်အနိုင်ယူပြီး မှ ကရားဖြင့် ဆုံးမရခြင်းသည်လည်းကောင်း အကြမ်းနှင့် အနု ပေါင်းစပ်သောနည်းအားဖြင့် ဆုံးမရခြင်းမျိုးဖြစ်ပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓသည် ဆုံးမထိုက်သူတို့ကို ဆုံးမရာ၌ အတုမဲ့ စွမ်းဆောင်နိုင်သောကြောင့် ပုရိသဒမ္မသာရထိဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။

ဓမ္မနှင့်ကင်း ဃခြင်းမည်၏

တစ်ခါက ကေသိမည်သော မြင်းဆရာတစ်ဦး ဘုရားရှင်ထံ ရောက်လာရာ ဘုရားရှင်က "မြင်းတို့ကို မည်သို့ဆုံးမသနည်း ကေသိ"ဟု မေးတော်မူ၏။ ကေသိက "တပည့်တော် အနုနည်းဖြင့် လည်းကောင်း၊ အကြမ်းနည်းဖြင့်လည်းကောင်း၊ အနုအကြမ်းနှစ်မျိုးလုံးဖြင့်လည်းကောင်း ဆုံးမပါသည်။ ဘယ်နည်းနှင့်မျှ ဆုံးမ၍ မရသော မြင်းကိုမူ သတ်ပစ်လိုက်ပါသည်ဘုရား၊ အရှင်ဘုရားသည် အနုတ္တရောပုရိသ ဒမ္မသာရထိ ဖြစ်တော်မူပေရာ သတ္တဝါတို့ကို ဘယ်သို့ ဘယ်ပုံ ဆုံးမပါသနည်းဘုရား" ဟု လျှောက်ထားတော်မူ၏။

မြတ်ဘုရားရှင်က "ကေသိ...ငါဘုရားလည်း သတ္တဝါတို့ကို အနုအကြမ်း၊ အနုနှင့်အကြမ်း နည်းလမ်းသုံးမျိုးတို့ဖြင့်ပင် ဆုံးမ၏။ ဘယ်နည်းနှင့်မျှ ဆုံးမ မရသော သတ္တဝါကိုမူ သတ်ပစ်လိုက်ရသည်"ဟု မိန့်တော်မူရာ ကေသိက "အရှင်ဘုရားမှာ ပါဏာတိပါတကို မပြုကောင်းသည်မဟုတ်ပါသလော"ဟု လျှောက်ရာ မြတ်ဘုရားရှင်ကပင် "အေးမှန်ပေသည်၊ ငါမဆုံးမ၊ မက်မြစ်ဘဲ လက်လွတ်ထား လိုက်လျှင် ထိုသူမှာ သေသည်ပင်မည်တော့သည်"ဟု ဆုံးမမိန့်ကြားတော်မူ၏။

တပည့်ပရိသတ်တို့ကို အားကျဖွယ်ဆုံးမပဲ့ပြင်မှုကောင်းပုံ

အဆုံးအမကောင်းသော ဆရာ၏တပည့်များမှာ ယဉ်ကျေးသိမ်မွေ့၍ အချိုးကျလှ၏။ ယဉ်ကျေးသိမ်မွေ့သော ပရိသတ်တို့ကို မြင်ရသူတို့မှာ ဆရာ၏ ဆုံးမပဲ့ပြင်မှု ကောင်းပုံကို အားရကျေနပ်မှုရှိကြစမြဲဖြစ်၏။ မြတ်ဗုဒ္ဓ၏ အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်နှင့် လျော်ညီစွာ ယဉ်ကျေးအောင် ဆုံးမရာ၌ အလွန်ကောင်းမွန်လှပေရာ ထိုဓေတ်ထိုအခါက ဗုဒ္ဓ၏ တပည့်ပရိသတ်တို့၏ ယဉ်ကျေး သိမ်မွေ့ပုံကို တွေ့မြင်ရသူတိုင်း မြတ်ဗုဒ္ဓအပေါ် အထူးအားရ ကြည်ညိုမဆုံးဖြစ်ကာ ပြောမဆုံး အောင် ဖြစ်ကြရ၏။

http://www.dhammadownload.com

အဇာတသတ်မင်းသည် ခမည်းတော်နှင့် ဘုရားရှင်တို့ကို ပြစ်မှားပြီးနောက် နောင်တရကာ ဆရာဇီဝက၏ ညွှန်ကြားချက်အရ တစ်ခုသော ညချမ်းအခါ သံဃာပရိသတ်များ စုဝေးနေစဉ် ဘုရားရှင်ထံ ရောက်ရှိလာ၏။ မင်းကြီးသည် အလွန်ငြိမ်သက်လှသော သံဃာပရိသတ်ကို မြင်ရသောအခါ မိမိသားတော်လေး ဥဒယဘဒကို အမှတ်ရကာ "ငါ့သားတော်ကလေးသည် ဤယဉ်ကျေးပုံမျိုး၊ ငြိမ်သက်ပုံမျိုး ရှိသူဖြစ်ပါစေ"ဟု တောင့်တမိလေသည်။

စမ္မာပြည် ဂဂ္ဂရာရေကန်နားဌ ရဟန်းသံဃာ ပရိသတ်များနှင့် သီတင်းသုံးနေတော်မူသော ဘုရားမြတ်ထံ ကန္ဒကရဟိဗိဒိနှင့် ပေဿမည်သော ဆင်ထိန်းသားတို့ရောက်လာကြ၏။ ကန္ဒကရသည် ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ် ခြံရံခစားလျက် ရှိနေကြသော သံဃာပရိသတ်ကို မြင်ရသောအခါ လှည့်ကာပတ်ကာ ကြည့်ရှုပြီး လွန်စွာအားရလျက် အံ့ဖွယ်ရာအဖြစ် ချီးကျူးသောစကား လျှောက်ထား၏။ ဘုရားရှင်က ဤရဟန်းများမှာ ရဟန္တာနှင့် သေက္ခအရိယာများ ချည်းသာဖြစ်ကြောင်း၊ သူတို့သည် သတိပဋ္ဌာန်တရားလေးပါးတို့၌ စူးစိုက်စွဲမြဲသော စိတ်ရှိသူဖြစ်ကြောင်း မိန့်တော်မူ၏။ ထိုအခါ ပေဿသည် ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး၊ စိတ်ထဲကတစ်မျိုး၊ အပြင်အမူအရာကတစ်ဖုံနှင့် အလွန်ရှုပ်ယှက်ခတ်နိုင်လှသော ပုထုဇဉ်အရှုပ်အပွေသမားများကဲ့သို့မဟုတ်ဘဲ အရှုပ်အပွေကင်း၍ ဖြောင့်စင်းသူ၊ ယဉ်ကျေးသူ အရိယာသံဃာပရိသတ်ကို မြင်တွေ့ရသောအခါ "ဤပုဂ္ဂိုလ်များမှာ ဤသတိပဋ္ဌာန်တရားဖြင့် ယဉ်ကျေးသူတွေ ဖြစ်ကြပါတကား"ဟု အားရကျေနပ်မိရာမှ ဘုရားရှင်၏ အနုတ္တရောပရိသ ဒမ္မသာရထိ ဂုဏ်တော်ကို ကြည်ညိုအံ့သြမဆုံးဖြစ်ရလေ၏။

ကောသလမင်းကြီးသည်လည်း မြတ်ဘုရားကို တစ်ခါက လျှောက်ထားရာတွင် "အရှင်ဘုရား ...တပည့်တော်သည် သတ်ဖြတ်နိုင်၊ ဒဏ်တပ်နိုင်သော အာဏာပိုင်တစ်ဦးဖြစ်ပါသည်။ သို့ပါလျက် လွတ်တော်ရုံးတော်မှာ တပည့်တော်စကားပြောစဉ် ဝင်ပြောသော ပုဂ္ဂိုလ်တို့ကို တားမရခဲ့ပါ ရှင်တော်ဘုရားသည် ရာပေါင်းများစွာသော တပည့်ပရိသတ်၌ တရားဟောနေသောအခါ ချေဆတ်သံ၊ ချောင်းဟန့်သံမျှပင် မကြားရပါ။ တစ်ခါက အရှင်မြတ် တရားဟောနေစဉ် ရဟန်းတစ်ပါးချောင်းဆိုး ဟန့်မိရာမှ အနီးရှိ ရဟန်းတစ်ပါးက ဒူးနှင့်အသာတို့၍ "အရှင်တိတ်တိတ်နေပါ အသံမပြုပါနှင့်၊ ဘုရားရှင် တရားဟောနေပါသည်"ဟု သတိပေးသည်ကို တွေ့ခဲ့ဖူးပါသည်။ တုတ်မပါလက်နက်မပါဘဲ ဤမျှတိတ်ဆိတ် ငြိမ်သက် ကြွေ့ရေအောင် ဆုံးမနိုင်သည်ကို တပည့်တော် အားရအံ့သြရပါသည်။ ဤမျှ ယဉ်ကျေးသိမ်မွေ့တည်ငြိမ်သော ပရိသတ်မျိုးကို အရှင်ဘုရား သာသနာတော်မှ တစ်ပါး အခြားဘယ်နေရာမှာမျှ မတွေ့ရပါ

http://www.dhammadownload.com

ဘူးပါ။ ထို့ကြောင့် ရှင်တော်မြတ်၏ ဘုရားစစ် ဘုရားမှန် ဇကန်ဖြစ်သည်၏ အဖြစ်ကို မှန်းဆ ကြည့်နိုင်ပါသည်" ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် စည်းဝေးခစားလျှက် ရှိနေသော ရဟန်းပရိသတ်ကို မိန့်တော်မူသည်မှာ "ရဟန်းတို့...ဘုရား၊ တရား၊ သံဃာ၌ ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ ယုံမှားရှိကြမူ မေးသာမေးကြ၊ ဘုရားကို မျက်မြင် တွေ့ပါလျက် တို့တစ်တွေ မမေးလျှောက်ခဲ့မိလေခြင်း နောက်မှနောင်တ မဖြစ်ကြစေနှင့်" ဟု မိန့်၏။ ရဟန်းတစ်ပါးမျှ မမေးဘဲ ရှိသောအခါ "ငါဘုရားကို လေးစားကြောက်ရွံ့၍ မမေးဝံ့ဖြစ်ခဲ့လျှင် အနီးအပါး မိတ်ဆွေရဟန်းတစ်ပါးပါးကို တစ်ဆင့်ပြောကြား ဖေးမြန်းခိုင်းလေ"ဟု မိန့်တော်မူပြန်သော်လည်း ရဟန်းတစ်ပါး တလေမျှ မမေး လျှောက်ကြပေ။

ထိုအခါ အရှင်အာနန္ဒာက "ဤမျှများပြားသော ပရိသတ်ထဲမှာ တစ်ပါးတလေမျှ ဘုရား၊ တရား၊ သံဃာ၊ မဂ်၊ ပဋိပတ်၌ ယုံမှားမရှိဟု တပည့်တော်ယုံကြည်ပါသည်။ အံ့ဖွယ်ရှိပါပေစွ ဘုရား"ဟု လျှောက်ထားသောအခါ မြတ်ဗုဒ္ဓက "ချစ်သား အာနန္ဒာ...သင်ကား ယုံကြည်ချက်အရ လျှောက်ထားခြင်းဖြစ်၍ ငါဘုရားကား ဤရဟန်းတွေ ယုံမှားမှုမရှိဟု အတိအကျသိတော်မူတယ်၊ ဤပရိသတ်၌ အညံ့ဆုံးရဟန်းမှာ သောတာပန်ဖြစ်ကြောင်း" မိန့်တော်မူ၏။

ရှင်တော်မြတ်ဘုရားကား ပရိနိဗ္ဗာန်စံဝင်ခါနီး မိမိတပည့်ပရိသတ်ကို ကျေနပ်အားရတော်မူသည် နှင့်အမျှ ရှေးခေတ်၊ ယခုခေတ် ထိုအဖြစ်ကို ကြားရသူတိုင်းက ဗုဒ္ဓမြတ်စွာ၏ အနုတ္တရောပုရိသ ဒမ္မသရထိ ဂုဏ်တော်ကို နှစ်နှစ်ကာကာ ကြည်ညိုအားရမဆုံး ဖြစ်ကြရ၏။

သတ္ထာဒေဝမနုဿာနဂုဏ်တော်

အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်အရ သတ္တဝါတို့ကို ယဉ်ကျေးအောင် အတုမရှိ ဆုံးမတော်မူနိုင်သောကြောင့် နတ်လူတို့၏ ဆရာဟူသော ဤဂုဏ်ထူးကြီးကို ရရှိတော်မူ၏။ (ဒေဝမနုဿာနံ– နတ်လူတို့၏၊ သတ္ထာ–ဆရာ)

မြတ်ဘုရားရှင်သည် နတ်လူတို့အား ပစ္စုပ္ပန်၌ဖြစ်သော အကျိုးစီးပွား၊ တမလွန်တို့၌ဖြစ်သော အကျိုးစီးပွားနှင့် မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော ပရမတ္ထဖြစ်သော အကျိုးစီးပွားတို့ကို ကိုယ်ကျိုးမပါ သတ္တဝါများအပေါ် မဟာကရုဏာတော်ကြီးမားစွာဖြင့် ဟောကြားလမ်းညွှန် ပြသပေးတော်မူခဲ့၏။ ဤသို့ ဟောကြားပြသတော်မူရာတွင် ကျွတ်ထိုက်သူတို့ ကျွတ်နိုင်ဖို့ရာ တန်ခိုးဖြင့်ကြွခြင်း၊ ခြေလျင် ခရီး

http://www.dhammadownload.com

ဖြင့် ကြွခြင်းတို့ဖြင့် အနီးကပ်တရားပြပေးခြင်း၊ အချို့ကို အဝေးမှရောင်ခြည်တော် လွှတ်၍ အားပေးခြင်း၊ အဝေးမှ တရားပြပေးခြင်း စသည်အားဖြင့် အနည်းနည်းအဖုံဖုံ နည်းလမ်း အသွယ်သွယ်ဖြင့် နတ်လူတို့၏ ဓာတ်ခံကို လိုက်၍ လမ်းညွှန်ပြသ ပေးတော်မူခြင်းဖြင့် ဗုဒ္ဓကိစ္စကြီးများကို ရွက်ဆောင်တော်မူသည်မှာ မိုးလင်းခါနီး ဧဏာကလေးမျှသာ ကျိန်းစက်ချိန်မှအပ နေ့ရောညဉ့်ပါ (၄၅)ဝါကာလပတ်လုံး ဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ဆရာအဖြစ်မှာ အလွန်အားရကြည်ညိုဖွယ် ကောင်းလှပါသည်။

(သတ္ထု၏အခြားအနက်တစ်မျိုးမှာ ကုန်သည်တို့၏ အကြီးအမှူးဦးစီး ခေါင်းဆောင်ဖြစ်ပေရာ နတ် လူတို့၏ ဦးစီးခေါင်းဆောင် ကုန်သည်ကြီးနှင့်တူတော်မူသော မြတ်စွာဘုရားဟုလည်း ဂုဏ်ပြုချီးကျူးကြသေး၏။)

ပရမတ္ထတရား

ယာယီသဘောမျှသာ မဟုတ်ဘဲ အစဉ်အမြဲမပြောင်းလဲဘဲ မှန်ကန်နေသော တရားကို ခေါ်သည်။ မဂ်ဖိုလ်နိဗ္ဗာန်တရားတော်မြတ်သည် ပရမတ္ထတရားဖြစ်၏။ အရိယာသံဃာတော်မြတ်သည် ပရမတ္ထသံဃာတော်ဖြစ်၏။

ဗုဒ္ဓဂုဏ်တော်

ဗုဒ္ဓံ–သစ္စာလေးပါးတရားကို သိသည်၊ သိစေသည်ဟူသောအနက်ရ၏။ လောကဌ် တရားအားလုံး သည် သစ္စာလေးပါးတရားဌ် ပါဝင်သည်ချည်းဖြစ်၍၊ တရားအကုန်လုံး ကို သိခြင်းလည်းမည်၏။

သစ္စာကို မသိဘဲနှင့် အရိယာ၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓဟူ၍ ဖြစ်ရိုး ထုံးစံ မရှိ၊ သစ္စာအားလုံးကို သိခြင်းဖြင့်သာ ဖြစ်ကြ၏။ သို့သော် သစ္စာကိုသိရာဌ် အချို့မှာ သိရုံမျှသာရှိ၍ အချို့မှာ ပဋိသမ္ဘိဒါ၊ အဘိညာဏ်၊ သမာပတ်စသော ဂုဏ်ထူးများကိုလည်း တစ်ပါတည်းရကြ၏။ ဘုရားရှင်မှာမူ သစ္စာသိသော အရဟတ္တမဂ်နှင့်ဖိုလ်တို့၏ အခြားမဲ့ဌ်ပင် သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်းရ၏။ ဒသဗလခေါ် ဘုရား အားတော် ဉာဏ်တော် ဆယ်ပါးဌ်လည်း အပြီးတိုင် ပေါက်ရောက်၏။ ထို့အပြင် အခြားအခြား သော သူတစ်ပါးတို့နှင့် မသက်ဆိုင်သော သူတစ်ပါးတို့ မပိုင်ဆိုင်နိုင်သော ဗုဒ္ဓဂုဏ်တော် အားလုံးကိုလည်း ရရှိတော်မူပြီးဖြစ်၏။

ထို့ကြောင့်ပင် သစ္စာကို သိတာချင်းတူသော်လည်း သစ္စာသိခြင်းကြောင့် ရအပ် သော ဂုဏ်တို့မှာ မနှိုင်းသာအောင် အလွန်ကွာခြားလှသောကြောင့် ဗုဒ္ဓဟူသော အမည်တော်မှာ အခြားပုဂ္ဂိုလ်တစ်ဦး တစ်ယောက်နှင့်မျှ မသက်ဆိုင်တော့ပေ။ ဗောဓိပင်ရင်း

http://www.dhammadownload.com

ရွှေပလ္လင် ထက်ဝယ် အရဟတ္တမဂ်ဖိုလ်၏ အဆုံးဌိတ်ဖြစ်သော သဗ္ဗညုတ ရွှေဥာဏ်တော်ကြီး ရရှိပြီးသည်နှင့် တစ်ပြိုင်နက် တရားအလုံးစုံကို သိမြင်တော်မူသည်ဖြစ်ရာ ဗုဒ္ဓဟူသောအမည်ကို မည်သူမှ မမှည့်ခေါ်ရဘဲ ဂုဏ်အရပင် ထိုက်ထိုက်တန်တန် ရရှိတော်မူခြင်း ဖြစ်ပါ၏။ ဤသို့ဖြင့် မြတ်ဘုရားရှင်သည် တစ်လောကလုံးမည်သူနှင့်မျှ မထိုက်တန်သော၊ မပိုင်ဆိုင်နိုင်သော ဗုဒ္ဓဟူသော ဘွဲ့ထူးဂုဏ်ထူးကြီးကို ပိုင်ပိုင်နိုင်နိုင် ရရှိတော်မူခဲ့ပေသည်။

သစ္စာလေးပါးမြတ်တရား

မြတ်ဗုဒ္ဓကိုယ်တော်တိုင်လမ်းညွှန်ပြသသည့် ဆရာမရှိဘဲ အကြွင်းမဲ့ ထိုးထွင်းသိမြင်တော်မူခဲ့သည့် တရားထူး တရားမြတ်ဖြစ်၏။ ယင်းသစ္စာလေးပါးတရားမှာ-

၁။ ဒုက္ခသစ္စာ - ဆင်းရဲခြင်း၏ သဘောသဘာဝအမှန်တရား၊
၂။ သမုဒယသစ္စာ- ဆင်းရဲခြင်းကို ဖြစ်စေတတ်သောအကြောင်း၏ သဘောသဘာဝအမှန်တရား၊
၃။ နိရောဓသစ္စာ - ဆင်းရဲမှု ချုပ်ငြိမ်းခြင်း၏ သဘောသဘာဝအမှန်တရား၊
၄။ မဂ္ဂသစ္စာ - ဆင်းရဲမှုကို ချုပ်ငြိမ်းစေတတ်သောကျင့်စဉ် (သို့မဟုတ်) နည်းလမ်းသဘောသဘာဝအမှန်တရား။

(သစ္စာလေးပါးတရားအကျယ်ကို သီးခြားအခန်းဖြင့် ဖော်ပြပါမည်။)

ဘဂဝါဂုဏ်တော်

သူတစ်ပါးထက် သာလွန်ကဲသော ဘုန်းတော်များနှင့် ပြည့်စုံသောဂုဏ်တော်ဖြစ်၏။ (ဘဂ- ဘုန်းတော်များ၊ ဝါ-ရှိသည်။)

မြတ်ဗုဒ္ဓရှင်တော်မြတ်၏ လွန်ကဲထူးခြားစွာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော ပါရမီတော်တို့ကြောင့် အကျိုးဂုဏ်အင်များအဖြစ် သူတကာတို့ထက် သာလွန်သည့် ဤဘဂဝါဘုန်းတော်များ ရရှိတော်မူခဲ့ခြင်းဖြစ်၏။

ဘုန်းတော် (၆)ပါး

မြတ်ဗုဒ္ဓ၏ သူတကာတို့ထက် သာလွန်ကဲသည့် ဘုန်းတော် (၆)ပါးမှာ-

၁။ **ဣဿရိယဘုန်းတော်**...အစိုးရတော်မူခြင်း၊ မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်း။

(က) မိမိ၏စိတ်တော်ကို အလိုရှိရာအာရုံ၌ တည်ငြိမ်အောင် ထားတော်မူနိုင်ခြင်းဖြင့် စိတ်တော်ကို သူမတူအောင် နိုင်နင်းစွာ အစိုးရတော်မူခြင်း။

http://www.dhammadownload.com

(ခ) လူနတ်ဗြဟ္မာအပေါင်းတို့ကို တရားရေအေး တိုက်ကျွေးခြင်းဖြင့် အစိုးရတော်မူခြင်း။

(ဂ) စိတ်တော်ကို ကိုယ်တော်၏အလိုတော်အတိုင်း လိုက်ပါဖြစ်ပွား စေနိုင်ခြင်းဖြင့် ရေမီးအစုံ တန်ခိုးပြာဋိဟာကို အံ့ချီးဖွယ် ပြတော်မူ နိုင်ခြင်း၊ တစ်နည်းအားဖြင့် လောကီစျာန် သမာပတ်စိတ်ကို အစိုးရတော်မူခြင်း။

(ဃ) ကိုယ်တော်၏ လောကုတ္တရာ အရဟတ္တဖိုလ်စိတ် (သို့မဟုတ်) အရဟတ္တဖိုလ်သမာပတ် (သို့မဟုတ်) ဖလသမာပတ်ကို အလိုရှိသော အချိန်တိုင်းမှာပင် ဝင်စားတော်မူနိုင်ခြင်းဖြင့် သူမတူအောင် အစိုးရတော်မူခြင်း၊ သတ္တဝါတို့အား တရားဓမ္မဟောပြောခိုက်တွင် စကားတစ်ရပ်နှင့်တစ်ရပ်အကြား၌ ရှိသောအချိန်လေးမှာပင် ဖလ သမာပတ်ကို ဝင်စားတော်မူခြင်း (ဖလသမာပတ် ဝင်စားသည် ဆိုသည်မှာ အခြားစိတ်တွေ လုံးဝ မဖြစ်ပေါ်စေဘဲ ဖိုလ်စိတ်တွေချည်း ဖြစ်အောင်ထားခြင်း၊ ဝင်စားနေခြင်းကို ခေါ်၏။) (နောက်ပိုင်း တွင် ဣဿရိယဘုန်းတော်ကို အကျယ်ထပ်မံ ဖော်ပြပါဦးမည်။)

၂။ **ဓမ္မဘုန်းတော်**...ထူးခြားမြင့်မြတ်သော တရားဓမ္မဖြစ်သည့် မဂ်လေးပါး၊ ဖိုလ်လေးပါးနှင့် နိဗ္ဗာန်တရားများ (တစ်နည်းအားဖြင့်) လောကုတ္တရာတရား ကိုးပါးရှိခြင်းဖြင့် စိတ်တော်ကို ကိလေသာမှ ဖယ်ထုတ်ကာ အစဉ် ကြည်လင်အေးမြနေသော ဓမ္မဘုန်းတော်ရှိခြင်း။

၃။ **ယသဘုန်းတော်**...စကြဝဠာတိုက်တစ်သောင်းမှ လူနတ်ဗြဟ္မာလောကတို့၌ ဂုဏ်သတင်း ပျံ့နှံ့တော်မူခြင်းနှင့် တပည့်အရွေအရံအများဆုံး ဆရာတစ်ဆူ ဖြစ်တော်မူခြင်း။ အရပ်ရပ်၌ နှံ့စပ်ကျော်ကြားသော ဂုဏ်ကျေးဇူးရှိ တော်မူခြင်း။

၄။ **သိရိဘုန်းတော်**...လူနတ်ဗြဟ္မာအပေါင်းတို့ ဖူးမြော်၍ မဝနိုင်အောင် ကိုယ်ကာယတော်သည် အလွန်အထူးတင့်တယ်သပ္ပာယ်မှု အသရေတော်ကို ဆောင်ခြင်း။ (၃၂)ပါးသော လက္ခဏာတော်ကြီး၊(၈၀)သော လက္ခဏာတော် ငယ်များ၊ (၁၀၈)ကွက် စက်လက္ခဏာတော်များနှင့် အဆန်းတကြယ် တင့်တယ်တော်မူသည့်အပြင် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကလည်း ကိုယ်တော်မှ တစ်လံမျှလောက် တလက်လက်တဖျပ်ဖျပ် ကွန့်မြူးထွန်းပ နေခြင်း။

http://www.dhammadownload.com

၅။ **ကာမဘုန်းတော်**...အလိုရှိပါက မိမိနှင့် သူတစ်ပါးတို့အတွက် လိုလား တောင့်တသမျှ လုံးဝဥဿုံ အကုန်ပြီးပြည့်စုံသည့် ဘုန်းတော်နှင့် ပြည့်စုံတော် မူခြင်း။ (ကိုယ်တော်တိုင် လိုလားတောင့်တသော သစ္စာလေးပါးတရားကို သိမြင်ခြင်း၊ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ပြီး ဖြစ်ခြင်း၊ နိဗ္ဗာန်သို့ ရောက်ရှိပြီးခြင်း၊ အခြားသူများကိုလည်း ဤကဲ့သို့ အကျိုးရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း။)

၆။ **ပယတ္တဘုန်းတော်**...တစ်လောကလုံး၏အားကိုးလောက်သော လုံ့လဝီရိယ သူမတူအောင် ကြီးမားတော်မူခြင်း၊ (ဘုရားဖြစ်တော်မူပြီး ၄၅ ဝါကာလ ပတ်လုံး သတ္တဝါတို့အား မဂ် ဖိုလ် နိဗ္ဗာန်ရောက်ရေးအတွက် နေ့စဉ် ပင်ပန်းကြီးစွာ ဆောင်ရွက်တော်မူခြင်း။)

ဣဿရိယဘုန်းတော် (၈)ပါး

မြတ်စွာဘုရားရှင်၏ ဘုန်းတော် (၆)ပါးတွင် ပထမဘုန်းတော်ဖြစ်သည့် ဣဿရိယ ဘုန်းတော်၌ လောကီစိတ် အစိုးရတော်မူပုံ ရှစ်ပါးရှိသည်။

၁။ **အဏိမာဘုန်းတော်**...မြတ်ဘုရားရှင်သည် သေးသေးမွှားမွှား ဖန်ဆင်းတော်မူ လိုလျှင် အဏုမြူ မှုန်လေးမျှ သေးငယ်အောင် ကိုယ်တော်ကို တင့်တယ် သပ္ပာယ်စွာ ဖန်ဆင်းတော်မူပြီး ပရိက္ခရာရှစ်ပါးကို လွယ်တော်မူလျက် မုန်ညင်းစေ့အတွင်း၌ပင် စကြံကြွတော်မူနိုင်၏။ ထိုအခါ သေးငယ်သော မှုန်အတွင်း၌ တိုက်ရိုက်အရိပ်ထင်သလို ဘုရားရှင်ကို ဖူးမြင်ကြရသည်။ အနီးအပါးရှိသူတို့ကို မမြင်ရအောင်လည်း ကိုယ်တော်ကို ကွယ်ဖျောက် တော်မူနိုင်၏။

၂။ **မဟိမာဘုန်းတော်**...မြတ်စွာဘုရားသည် ကြီးကြီးမားမား ဖန်ဆင်းတော် မူလိုလျှင်လည်း မြင့်မိုရ်တောင်ကြီးထက်မက စကြဝဠာကြီးကို ဖုံးအုပ် နိုင်အောင်ပင် မြင့်ခေါင်ကြီးမားသော ကိုယ်တော်ကို တင့်တယ်သပ္ပာယ်စွာ ဖန်ဆင်းတော်မူနိုင်သည်။

၃။ **လဃိမာဘုန်းတော်**...စိတ်၏ပေါ့ပါးလျင်မြန်ခြင်း ကဲ့သို့ ခန္ဓာကိုယ်တော်ကို ပေါ့ပါးလျင်မြန် အောင် ဖန်ဆင်းနိုင်သော ဘုန်းတော်ဖြစ်၏။ ကောင်းကင်တွင် စကြံကြွတော်မူသောအခါ၌ အသုံးပြုတော်မူ၏။

၄။ **ပတ္တိဘုန်းတော်**...မြတ်စွာဘုရားသည် စိတ်တော်ရောက်လိုသလောက် အရပ် သို့ စိတ်တော် ပေါ့ပါးလျင်မြန်သလောက်ပင် ကိုယ်တော်ပါ ကြွရောက်

http://www.dhammadownload.com

နိုင်၏။ နတ်ပြည်၊ ဗြဟ္မာပြည်တို့ကို ကြွတော်မူရာ၌ အသုံးပြုတော်မူလေ့ရှိ၏။ (လူ့ပြည်တွင်မူဤဘုန်းတော်ဖြင့် တစ်နေရာမှ တစ်နေရာသို့ ကြွလျှင် လမ်းခရီး၌ ကျွတ်ထိုက်သူများနှင့်လွဲ၍ မချွတ်လိုက်ရမှာ စိုးရိမ်သောကြောင့် ဘုန်းတော်ကို အသုံးပြုတော်မူလေ့မရှိဘဲ ခြေလျင်ခရီးဖြင့်သာ ပင်ပန်းကြီးစွာ ကြွတော်မူလေ့ရှိသည်။)

၅။ **ပါကမ္မဘုန်းတော်**...အဆင်းအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းတော်မူလိုလျှင် အဓိဋ္ဌာန်တိုင်း၊ စိတ်ရည်သန်တိုင်း၊ မည်သည့်အရာမဆို အလိုရှိတိုင်း တစ်ခဏတည်းဖြင့် ပြီးစီးစေနိုင်သည့် ဘုန်းတော်ဖြစ်၏။ အခြားစကြဝဠာများသို့ ကြွတော်မူသည့်အခါ တရားဓမ္မပြဆိုရာတွင် ပိုမို ထိရောက်အောင်မြင်စေရန် လူသားစစ်စစ်မှ ထိုဒေသရှိ ပုဂ္ဂိုလ်တို့၏ အကြီးအကဲ ရှင်ဘုရင် သဏ္ဌာန်ဖန်ဆင်း၍ တရားဟောကြားတော်မူရ၏။

၆။ **ဤသိတာဘုန်းတော်**...ဝေနေယျသတ္တဝါတို့ကို အစိုးရတော်မူခြင်းဖြင့် ကိုယ်တော်မြတ်၏အလိုသို့ လိုက်ပါစေနိုင်သော ဘုန်းတော်ဖြစ်၏။

၇။ **ဝသိတာဘုန်းတော်**...တန်ခိုးအသိဉာဏ်၊ စျာန်သမာပတ်တို့ကို ဝင်စားတော်မူလိုလျှင် အဆိုင်းအငုံ့ မရှိဘဲ တစ်ခဏချင်းပင် အလွန်နိုင်နင်းကျွမ်းကျင်စွာ ဝင်စားတော်မူနိုင်သော ဘုန်းတော် ဖြစ်၏။

၈။ **ယတ္ထကာမာဝသာယိတာဘုန်းတော်**...စျာန်ဝင်စားခြင်း၊ ကောင်းကင်ပျံကြွခြင်း၊ တန်ခိုးပြခြင်း စသောကိစ္စတစ်ခုခုကို ပြုတော်မူစဉ် ပြီးဆုံးစေလိုသောအခါ နေရာတို့၌ ဆိုင်းငံ့တော်မမူရဘဲ ပြီးဆုံးစေလိုသည်နှင့် တစ်ပြိုင်နက် ပြီးဆုံးစေနိုင်သော ဘုန်းတော်ဖြစ်၏။

သိမှတ်ဖွယ်။ ။ မြတ်စွာဘုရားရှင်သည် ကိုယ်တော်၏ လောကီဘုန်းတော်များဖြစ်ကြသည့် တန်ခိုးပြာဋိဟာတို့ကို ပြတော်မူရာတွင် ကိုယ်တော်၏ လာဘ်လာဘ၊ ကျော်ကြားမှုအတွက် ပြတော်မူလေ့မရှိဘဲ သတ္တဝါအပေါင်း၏ အကျိုးစီးပွားနှင့် စပ်လျဉ်း၍ လိုအပ်မှသာ (ကျွတ်ထိုက်သူများကို ချွတ်ရာတွင်သာ) ပြတော်မူလေ့ရှိ၏။

http://www.dhammadownload.com

ဘုရားဂုဏ်တော်ဆယ်ပါး (သို့မဟုတ်) ကိုးပါး

ယခုဖော်ပြပါ ဘုရားဂုဏ်တော်များတွင် အနုတ္တရဂုဏ်တော်နှင့် ပုရိသ ဒမ္မသာရထိဂုဏ်တော်ကို တစ်ပါးစီခွဲခြားယူလျှင် ဘုရားဂုဏ်တော်ဆယ်ပါးရ၏။ ယင်းဂုဏ်တော်နှစ်ပါးကို ပေါင်း၍ အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော် တစ်ပါးတည်း ယူလျှင်မူ ဘုရားဂုဏ်တော်ကိုးပါးသာ ရရှိ၏။

ရောင်ခြည်တော်ခြောက်သွယ်

မြတ်စွာဘုရားရှင်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘဝ တိုင်း၌ ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ ကြိုးစားအားထုတ် ဖြည့်ကျင့်တော်မူခဲ့သော ပါရမီ (၁၀)ပါးတို့၏ အာနုဘော်စွမ်းအားကြောင့်လည်းကောင်း၊ ကိလေသာ မြူမှုန်တစ်မှုန် မျှပင် မရှိဘဲ အတုမဲ့ စင်ကြယ်တော်မူသောကြောင့်လည်းကောင်း ခန္ဓာကိုယ်တော်ရှိ အင်္ဂါအစိတ်အပိုင်းတို့မှ ခြောက်သွယ်သော ရောင်ခြည်တော်များသည် အစဉ် ပြိုးပြိုး ပြက်ပြက် တစ်ခဲနက် ထွက်ပေါ်ကွန့်မြူးနေခြင်းဖြင့် အတုမရှိ တင့်တယ်သပ္ပာယ်တော်မူပေ၏။ ယင်းရောင်ခြည်တော်ခြောက်သွယ်တို့မှာ–

၁။ **နီလရောင်ခြည်တော်...** ဘုရားရှင်၏ ဆံမုတ်ဆိတ်တော်နှင့် မျက်လုံးတော် အတွင်းက မျက်နှာ်ဝန်းတော် အစရှိသည့် ကိုယ်တော်၏ ညိုမှောင်သော အစိတ်အပိုင်းတို့မှ ထွက်ပေါ်ကွန့်မြူးသည့် ရောင်ခြည်တော်။ (မြညိုရောင်ကဲ့သို့)

၂။ **ပီတရောင်ခြည်တော် ...** ဘုရားရှင်၏ ကိုယ်အရေတော်နှင့် မျက်ခွံတော်စသော ဝါဝင်းသော အရေတော်တို့မှ ထွက်ပေါ်ကွန့်မြူးသည့် ဝါဝါဝင်းဝင်းရွှေအဆင်းကဲ့သို့ရှိသည့် ဝါရွှေသော ရောင်ခြည်တော်။ (သီဂီရွှေရောင်ကဲ့သို့)

၃။ **ဩဒါတရောင်ခြည်တော် ...**ဘုရားရှင်၏ အသားတော်အတွင်း၌ရှိသော အရိုးတော်၊ သွားတော်၊ မျက်ဖြူတော်စသည့် လွန်စွာဖြူဝင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့မှ ထွက်ပေါ်ကွန့်မြူးသည့် ဖြူဝင်းသော ရောင်ခြည်တော်။ (ငွေလရောင်ကဲ့သို့)

၄။ **လောဟိတရောင်ခြည်တော်...**ဘုရားရှင်၏ အရေတော်အတွင်းက အသားတော်၊ အသွေးတော်နှင့် နှုတ်ခမ်းတော်စသည့် နီမြန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့မှ ထွက်ပေါ်ကွန့်မြူးသည့် နီသောရောင်ခြည်တော်။ (ပတ္တမြားရောင်ကဲ့သို့)

၅။ **မဇ္ဇိဋ္ဌရောင်ခြည်တော် ...** နီကြင်ကြင် ဝါကြင်ကြင်ရှိသော ကိုယ်အင်္ဂါတော်၏ ထိုထိုအရပ်တို့မှ ထွက်ပေါ် ကွန်မြူးသည့် မောင်းသော ရောင်ခြည်တော်။ (နီပ ဆေးပွင့်ရောင်ကဲ့သို့ နီကြင်ကြင် ဝါကြင်ကြင်ရောင်)

http://www.dhammadownload.com

၆။ **ပဘာဿရ ရောင်ခြည်တော် ...**ရှေ့ရောင်ခြည်တော် ငါးသွယ်၏ အဆင်းကြောင့် ထူးခြားစွာ ထွက်ပေါ်လာသည့် လျှပ်စစ်ပန်းကဲ့သို့ တလက်လက် ထွက်သော ရောင်ခြည်တော်။ (ရှေ့ရောင်ခြည်တော် ငါးသွယ်သည် အဆက်မပြတ်ဘဲ ကြီးကြီးမားမား ကျယ်ဝန်းစွာ ပျံ့နှံ့ကွန့်မြူးလျက် ထွက်တော်မူကြပြီး ဤပဘာဿရ ရောင်ခြည်တော်ကား တစ်ဆက်တည်း ထွက်ပေါ်ခြင်းမဟုတ်ဘဲ ကောင်းကင်၌ လျှပ်စစ်ပြက်သလို ပြိုးခနဲ ပြက်ခနဲ လက်ခနဲဖြစ်ကား အရောင်အမျိုးမျိုး ဖြာထွက်လျက် ကြီးကြီးမားမားထင်ရှားစွာ ပျံ့နှံ့ကွန့်မြူးတော်မူ၏)

သိမှတ်ဖွယ်။ ။ မြတ်စွာဘုရား၏ ဆင်းတုတော်များ၊ ရုပ်ပွားစေတီတော်များကို အာရုံပြုရာတွင် သက်တော်ထင်ရှား မြတ်ဘုရားရှင်၏ ထက်ဝန်းကျင်ဝယ် အိမ်လုံး တောင်လုံးခန့်မျှလည်းကောင်း၊ ထို့ထက်ကြီးမား၍လည်းကောင်း အလွန်ကြည်နူးဖွယ် ကောင်းသော ရောင်ခြည်တော်ခြောက်သွယ်တို့ စံပယ် ကွန့်မြူးနေပုံကို မိမိ၏စိတ်ကူးဉာဏ်ဖြင့် မှန်းဆ၍ အာရုံတွင်ထင်မြင်လာအောင် အာရုံပြုရာ၏။

အာဝေဏိက ဂုဏ်တော် (၁၈)ပါး

ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင် သူမြတ်တို့၌ပင် မရှိနိုင်သော (တစ်နည်းအားဖြင့်) သူတစ်ပါးတို့၌ မရှိနိုင်သော သဗ္ဗညုဘုရားရှင်တို့၌သာ ရှိနိုင်သည့် ဘုရားရှင်တို့၏ သီးခြားထူးခြားသည့်ဂုဏ်တော်ကို အာဝေဏိကဂုဏ်တော်ဟု ခေါ်၏။ ယင်းဂုဏ်တော် (၁၈)ပါးတို့မှာ အောက်ပါအတိုင်းဖြစ်၏။

ဘုန်းတော်ခြောက်ပါးဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်၏

(၁) ဉာဏ်တော်သည် အတိတ်ကဖြစ်ခဲ့သမျှ သိမှတ်ဖွယ် ဥယျဓမ်တရားစုတို့၌ တစ်စုံတစ်ခုသော တရားကမျှ ပိတ်ပင်တားဆီးမှုမပြုနိုင်။

(၂) ဉာဏ်တော်သည် နောင်အနာဂတ်၌ ဖြစ်လတ္တံ့သော သိမှတ်ဖွယ် ဥယျဓမ် တရားစုတို့၌ တစ်စုံတစ်ခုသော တရားကမျှ ပိတ်ပင်တားဆီးမှုမပြုနိုင်။

(၃) ဉာဏ်တော်သည် ယခုပစ္စုပ္ပန်ကာလ၌ဖြစ်လျက် နေကုန်သော သိအပ်ဖွယ် ဥယျဓမ်တရားစုတို့၌ တစ်စုံတစ်ခုသော တရားကမျှ ပိတ်ပင်တားဆီးမှု မပြုနိုင်။

http://www.dhammadownload.com

ကံ (၃)ပါး

(၄) အလုံးစုံသော ကိုယ်ဖြင့်ပြုအပ်သည့် ကာယကံဟူသမျှသည် ဉာဏ်တော်ကသာ ရှေ့သွားရှေ့ဆောင်ရှိတော်မူသည်။ ဉာဏ်တော်စီမံသည့်အတိုင်း နောက်ကလိုက်၍ ဖြစ်တော်မူရပေသည်။

(၅) အလုံးစုံသော နှုတ်ဖြင့်ပြောဆိုသည့် ဝစီကံဟူသမျှသည် ဉာဏ်တော်ကသာ ရှေ့သွား ရှေ့ဆောင် ရှိတော်မူသည် ဉာဏ်တော်စီမံသည့်အတိုင်း နောက်ကလိုက်၍ ဖြစ်တော်မူရပေသည်။

(၆) အလုံးစုံသောစိတ်ဖြင့် ကြံစည်မှုမနောကံ ဟူသမျှသည် ဉာဏ်တော်ကသာ ရှေ့သွား ရှေ့ဆောင်ရှိတော်မူသည်။ ဉာဏ်တော်စီမံသည့်အတိုင်း နောက်ကလိုက်၍ ဖြစ်တော်မူရပေသည်။

ဓမ္မခြောက်ပါး

(၇) သတ္တဝါတို့၏ အကျိုးစီးပွားကို ပြုလုပ်ပေးလိုသော ဆန္ဒတော်၏ ဆုတ်ယုတ်ခြင်းသည် အလျဉ်းမရှိ။

(၈) သတ္တဝါအပေါင်းကို သံသရာဝဋ်မှ လွတ်မြောက်စေသည့် တရားတော်ကို ဟောပြောခြင်းသည် ဆုတ်ယုတ်ခြင်းသည် အလျဉ်းမရှိ။

(၉) သူတစ်ပါးအကျိုးစီးပွားအတွက် ဆောင်ရွက်တော်မူရာ၌ လုံ့လ ဝီရိယတော် ဆုတ်ယုတ်ခြင်းသည် အလျဉ်းမရှိ။

(၁၀) သခ်ါရတရားတို့ကို အနိစ္စ (မမြဲခြင်း)၊ ဒုက္ခ (ဆင်းရဲခြင်း)၊ အနတ္တ (အစိုးမရခြင်း)၊ လက္ခဏာရေး(၃)ပါးဖြင့် ရှုမြင်ဆင်ခြင်မှုဟူသော ဝိပဿနာ ဉာဏ်တော်သည် ဆုတ်ယုတ်ခြင်းအလျဉ်းမရှိ။

(၁၁) စိတ်စူးစိုက်တည်ကြည်မှု ဟူသော သမာဓိတော်သည် ဆုတ်ယုတ်ခြင်း အလျဉ်းမရှိ။

(၁၂) ကိလေသာ ချုပ်ငြိမ်းရာဖြစ်သော အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း သည် ဆုတ်ယုတ်ခြင်းအလျဉ်းမရှိ။

http://www.dhammadownload.com

ပြုဖွယ်ခြောက်ပါး

(၁၃) ရယ်မြူးလိုရ၍ အကျိုးမဖက်၊ အပျက်အချော် ပြုမူပြောဆိုခြင်းသည် မည်သည့်အခါမျှမရှိ။

(၁၄) သတိကင်းလွတ်၍ မဆင်မခြင်၊ ချွတ်ယွင်း ပြုမူပြောဆိုခြင်းသည် မည်သည့်အခါမျှမရှိ။

(၁၅) ဉာဏ်တော်ဖြင့် မတွေ့.မထိ မသိအပ်သောတရားသည် မည်သည့်အခါမျှ မရှိ။

(၁၆) ဉာဏ်တော်ဖြင့် မဆင်မခြင် အဆောတလျင် ပြုမူပြောဆိုခြင်းသည် မည်သည့်အခါမျှမရှိ။

(၁၇) သူတစ်ပါးတို့အတွက် အကျိုးမဲ့၊ မကြောင့်ကြသော စိတ်နှလုံးတော်သည် မည်သည့်အခါမျှ မဖြစ်ပေါ်ပေ။

(၁၈) ဉာဏ်တော်ဖြင့် မဆင်မခြင် လျစ်လျူရှုသော အမူသည် မည်သည့်အခါမျှ မရှိ။

ဉာဏ်တော်ဆယ်ပါး

မြတ်ဘုရားရှင်၏ဉာဏ်တော်ဆယ်ပါးမှာ–

၁။ ဌာနာဌာန ကောလလ္လဉာဏ်တော်...အကြောင်းဟုတ်သည် မဟုတ်သည်ကို အမှန်အတိုင်း သိမြင်သော ဉာဏ်တော်။

၂။ ကမ္မဝိပါက ကောသလ္လဉာဏ်တော်...ကံ၏အကျိုးကို သိသောဉာဏ်တော်။

၃။ သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်တော်...အလုံးစုံသော ဘုံဘဝသို့ လားစေတတ်သော အကျင့်အမျိုးမျိုး၊ နိဗ္ဗာန်သို့ရောက်စေတတ်သော အကျင့်အမျိုးမျိုးကို အလုံးစုံသိမြင်သော ဉာဏ်တော်။

၄။ အနေကဓာတုနာနာဓာတုဉာဏ်တော်...သက်ရှိ သခါရလောက၏ ခန္ဓာသဘောအမျိုးမျိုး၊ အာယတနအမျိုးမျိုး၊ ဓာတ်သဘောအမျိုးမျိုးတို့ကိုလည်းကောင်း၊ သက်မဲ့ သခါရလောက၏ ဓာတ်သဘောအမျိုးမျိုး၊ ရုပ်သဘောအမျိုးမျိုးနှင့် ထူးခြားကွဲလွဲချက်အမျိုးမျိုးတို့ကို သိမြင်သောဉာဏ်တော်။

၅။ နာနာဓိမုတ္တိကတာဉာဏ်တော်...သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းခြင်းကို အမှန်အတိုင်း သိမြင်သောဉာဏ်တော်။

http://www.dhammadownload.com

၆။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်...သတ္တဝါတို့၏ သဒ္ဓါစသော ဣန္ဒြေအနုအရင့်ကို သိမြင်သောဉာဏ်တော်။

၇။ စျာနသဲကိလေသာဒီဉာဏ်တော်... စျာန်တရား၊ ဝိမောက္ခတရား၊ သမာဓိတရား၊ သမာပတ်တို့၏ ညစ်ညူးဆုတ်ယုတ်ကြောင်းတရားများကို လည်းကောင်း၊ ဖြူစင်တိုးတက်ကြောင်းတရားများကိုလည်းကောင်း၊ စျာန်စသည်တို့မှ ထမြောက်ကြောင်းတရားများကို လည်းကောင်း၊ အမှန်အတိုင်း သိမြင်သောဉာဏ်တော်။

၈။ ပုဗ္ဗေနိဝါသဉာဏ်တော်...ရှေးရှေးဘဝ ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကိုလည်းကောင်း၊ ဘုံဘဝကိုလည်းကောင်း၊ ထိုခန္ဓာနှင့်စပ်၍ ထိုဘဝတို့၏ ဖြစ်စဉ်ကိုလည်းကောင်း အမှန်အတိုင်း သိမြင်သော ဉာဏ်တော်။

၉။ ဒိဗ္ဗစက္ခုဉာဏ်တော်...နတ်မျက်စိကဲ့သို့ (သို့မဟုတ်) ယင်းထက်ပင် သာလွန်၍ အဆင်းအာရုံတို့ကို သိမြင်သောဉာဏ်တော်။

၁၀။ အာသဝက္ခယဉာဏ်တော်...ကိလေသာ အာသဝေါတရားတို့၏ အကြွင်းမဲ့ကုန်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်တော်။

ကိုယ်တော်အားဆယ်ပါး

မြတ်စွာဘုရားသခင်၏ ပကတိအားတော်မြတ်သည် ဆဒ္ဒန်ဆင်မင်း ဆယ်စီးအားနှင့် အညီအမျှရှိတော်မူ၏။ ယင်းအားတော်မြတ်သည် ကာဠာဝကဆင်ပေါင်း ကုဋေတစ်ထောင်အား၊ ဗိုလ်ခြေယောဂျကုဋေတစ်သောင်းအားကို ဆောင်နိုင်၏။

စကျွေပါး

အထူးသဖြင့်တတ်သော ဉာဏ်များကိုပင် မျက်စိနှင့် တူသောကြောင့် စကျွေဟု ဆိုခြင်းဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် ဤစကျွေပါးတန်နှင့် ပြည့်စုံတော်မူ၏။

၁။ ဗုဒ္ဓစက္ခု...အာသယာနုသယဉာဏ်တော်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ် တော်။

၂။ ဓမ္မစက္ခု...အောက်မဂ်(၃)ပါး၊ အောက်ဖိုလ် (၃)ပါး၊

၃။ သမန္တစက္ခု...သဗ္ဗညုတဉာဏ်တော်၊

၄။ ဒိဗ္ဗစက္ခု...ဒိဗ္ဗစက္ခုအသိဉာဏ်၊

၅။ ပညာစက္ခု...သစ္စာလေးပါးကိုသိသောဉာဏ်တော်။

http://www.dhammadownload.com

ဝေသာရဇ္ဇဉာဏ်တော်

လေးဌာနတို့၌ ကြောက်ရွံ့ခြင်းကင်း၊ ရဲတင်းအေးချမ်းစွာနေရသည်၏ အဖြစ်ကို ဆင်ခြင်သော ဗုဒ္ဓမြတ်စွာ၌ဖြစ်ပေါ်လာသည့် သောမနဿနှင့်ယှဉ်သည့် ဉာဏ်တော်ကို ခေါ်သည်။ ငြိမ်းအေးခြင်းသို့ ရောက်လျက် ကြောက်ရွံ့ခြင်းကင်း ရဲတင်းသူ၏ဖြစ်ကြောင်း လေးဌာနမှာ–

၁။ ဗုဒ္ဓတ္တဉာဏ်တော်...သမ္မာသမ္ဗုဒ္ဓဘုရားဟု ဝန်ခံသော အရှင်သည် ဤတရားများကို မသိဟူ၍လည်းကောင်း၊

၂။ အာသဝက္ခယဉာဏ်တော်...အာသဝေါတရားများ ကုန်စင်သူအဖြစ် ဝန်ခံသော အရှင်သည် ဤအာသဝေါတရားများ မကုန်စင်သေးဟူ၍လည်းကောင်း၊

၃။ အန္တရာယဉာဏ်တော်...အပြစ်ရှိသည်၊ အန္တရာယ်ပြုတတ်သည်ဟု အရှင် ဟောကြားထားသော တရားများမှာ အပြစ်မရှိ၊ အန္တရာယ်မပြုတတ်ဟူ၍ လည်းကောင်း၊

၄။ နိယျာနိကဉာဏ်တော်...အရှင်ဟောကြားထားသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကုန်ဆုံးကြောင်းတရားများမှာ သံသရာဝဋ်ဒုက္ခမှ မလွတ်မြောက် နိုင်ဟူ၍လည်းကောင်း၊

အကြောင်းအခြေခံနှင့်တကွ စောဒနာမည့် လူ၊ နတ်၊ ဗြဟ္မာတစ်စုံတစ်ယောက်သော သူသည်လည်းကောင်း၊ ညှိနှိုင်းပြ၍ စောဒနာမည့်တရားသည်လည်းကောင်း မရှိနိုင်၍ မမြင်ရ၍ ဗုဒ္ဓမြတ်စွာအရှင်သည် အေးချမ်းခြင်း၊ ငြိမ်းအေးခြင်းသို့ ရောက်လျက် မကြောက်မရွံ့ ရဲရင့်စွာနေရပေသည်။

ဤလေးဌာနကို အစွဲပြု၍ ဖြစ်ပေါ်သော ပစ္စဝေက္ခဏာဉာဏ်တော်များကိုပင် ဝေသာရဇ္ဇဉာဏ်တော်ဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာသည် ဤဉာဏ်တော်၏ အစွမ်းသတ္တိကြောင့်ပင် ပရိသတ် (၈)ပါး (မင်း၊ ပုဏ္ဏား၊ အိမ်ရှင်လူ၊ ရဟန်း၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ မာရ်၊ ဗြဟ္မာ)သို့ ကြောက်ရွံ့ခြင်းကင်းရဲတင်းစွာ မြတ်သောအသံတော်ဖြင့် တရားရေအေးအစဉ်တိုက်ကျွေးတော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အစဉ်အေ ချမ်းခြင်းဖြစ်လျက် တွေဝေမှုကင်းတော်မူ၏။ မြတ်ဗုဒ္ဓ၏ ဝေသာရဇ္ဇဉာဏ်တော် အစွမ်းမှာလည်း ပညာရှိပရိသတ်များအကြား၌ လွန်စွာထင်ရှားခဲ့လေသည်။

http://www.dhammadownload.com

မမ္မစက် (၂)ပါး

လောကဌ် တစ်ဦးတလေမျှပင် ဆန့်ကျင်ပယ်ရှား တားမြစ်ခြင်းငှာ မစွမ်းနိုင်သော ဗုဒ္ဓမြတ်စွာ၏ မမ္မစက် (၂)ပါးမှာ-

(၁) မိမိ၏ အရိယာအားကို ဖြစ်စေတတ်သော အရဟတ္တမဂ်ဉာဏ်ဖြစ်သည့် ပဋိဝေဓဉာဏ်တော်၊

(၂) သာဝကတို့၏ အရိယာအားကို ဖြစ်စေတတ်သော မဟာကြိယာဉာဏ်ဖြစ်သည့် ဒေသနာဉာဏ်တော်။

ဤဉာဏ်တော် (၂)ပါးမှာ မြတ်ဘုရားရှင်မှတစ်ပါး အခြားသူတို့နှင့် မသက်ဆိုင်သော ဉာဏ်တော်များ ဖြစ်ကြ၏။

ဘုရားရှင်၏ ဝိလာသ အစိန္တေယျ (၄)ပါး

တစ်ပါးသူတို့ မကြဲစည်နိုင်လောက်အောင် လျှောက်ပတ်တင့်တယ်ခြင်းနှင့် ပြည့်စုံသော မြတ်စွာဘုရားရှင်၏-

(၁) ရူပဝိလာသ - ရူပကာယတော်၊

(၂) ဉာဏဝိလာသ- ဉာဏ်တော်၊

(၃) ဝါစာဝိလာသ - စကားတော်၊

(၄) ကုဒ္ဓိဝိလာသ - တန်ခိုးတော်

တို့ဖြစ်ကြ၏။

ဘုရားရှင်အား အန္တရာယ်မပြုနိုင်ခြင်း (၄)ပါး

(၁) ဘုရားရှင်၏ ပစ္စည်းလေးပါး၊

(၂) ဘုရားရှင်၏ အသက်၊

(၃) ဘုရားရှင်၏ လက္ခဏာတော်ကြီးငယ်၊

(၄) ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်၊

တို့ကို မည်သူကမှ အန္တရာယ်မပြုနိုင်။

မြတ်ဗုဒ္ဓ၏အသံတော်အင်္ဂါ (၈)ပါး

(၁) သန့်ရှင်းစင်ကြယ်ခြင်း၊

(၂) သာယာခြင်း၊

http://www.dhammadownload.com

(၃) သိလွယ်ခြင်း၊

(၄) နာချင်ဖွယ်ရှိခြင်း၊

(၅) ပျံ့နှံ့ခြင်း၊

(၆) တစ်စည်းတစ်လုံးတည်းရှိခြင်း၊

(၇) နက်နဲခြင်း၊

(၈) ပဲ့တင်ထပ်ခြင်း။

အံ့ဖွယ်တော် (၁၈)ပါး

မြတ်ဗုဒ္ဓဘုရားရှင်၏ ကြည်ညိုအံ့ချီးဖွယ်ရာ ဂုဏ်တော်ကျေးဇူးတော် (၁၈)ပါး တို့မှာ–

(၁) သင်္ဃန်းတော်၏ ဖွပ်ဆိုးလျှော်နယ်ရမှု၊ နွမ်းရိမှုမရှိခြင်း၊

(၂) ဆဲတော်လက်နှစ်သစ်သာ အမြဲတည်နေခြင်း၊

(၃) ပရိက္ခရာဆောင်ရာ၌ ကိုယ်တော်နှင့် လက်လေးသစ်မျှသာကွာခြင်း၊

(၄) သပိတ်တော်ဆေးလျှင် လက်တော်စင်ခြင်း၊ လက်တော်ဆေးလျှင် သပိတ်တော် စင်ခြင်း၊

(၅) ရောင်ခြည်တော်ခြောက်ပါးကို လွှတ်တော်မူလျှင် အရပ်(၁၀)မျက်နှာသို့ ပျံ့နှံ့ခြင်း၊

(၆) ကိုယ်တော်၏ပုံတူကို အသိန်းအသန်းဖန်ဆင်းနိုင်ခြင်း၊

(၇) ခေတ်(၃)ပါးတို့၌ အမိုက်အလင်းကို ဖန်ဆင်းနိုင်ခြင်း၊

(၈) မုန်ညင်းစေ့ခန့် ကြုတ်အတွင်းသို့ ဝင်နိုင်ခြင်း၊

(၉) ကိုယ်တော်ကို အထက်ကောင်းကင်မှ လဝန်းပေါ်သကဲ့သို့ မြင်စေနိုင်ခြင်း၊

(၁၀) အင်္ဂါရုစ်ပါးနှင့်ပြည့်စုံသော အသံတော်ဖြင့် ဟောတော်မူသော တရားတော် ကို ပရိသတ်အားလုံး ကြားစေနိုင်ခြင်း၊

(၁၁) အာသယာနုသယဉာဏ်တော်ရှိခြင်း၊

(၁၂) ကျွတ်ထိုက်သူကိုသိသည့် မဟာကရုဏာ သမာပတ္တိဉာဏ်တော်ရှိခြင်း၊

(၁၃) ဘယ်ချိန်ဘယ်ခါကျွတ်မည် စသည်ဖြင့် သိနိုင်သောကြွန်ဒြိယပရောပရိယတ္တိ ဉာဏ်တော်ရှိခြင်း၊

http://www.dhammadownload.com

(၁၄) သခ်ါရ၊

(၁၅) ဝိကာရ၊

(၁၆) လက္ခဏ၊

(၁၇) နိဗ္ဗာန်၊

(၁၈) ပညတ်တို့၌ သိသောဉာဏ်တော်များရှိခြင်း။

မြတ်ဗုဒ္ဓ၏ ၃၂ပါးသောလက္ခဏာတော်ကြီး

(၁) ခြေဖဝါးတော်သည် အချိုင့်အခွက်မရှိ၊ မြေ၌ကောင်းစွာတည်အောင် ညီညာ ချောပြေလှ၏။

(၂) ခြေဖဝါးပြင်၌ စက်လက္ခဏာတော်ရှိ၏။

(၃) ဖနောင့်တော်ကား ခြေ၏လေးပုံတစ်ပုံမျှ ရှည်လျက်ရှိ၏။

(၄) လက်ချောင်းတော်များကား အရင်းတုတ်လျက် အဖျားရှည်သွယ်၏။

(၅) လက်တော်၊ ခြေတော်များကား အလွန်နူးညံ့နုနယ်လှ၏။

(၆) လက်ချောင်းတော်၊ ခြေချောင်းတော်များကား တညီတညီးဖြစ်လျက် ဓာကွက် တပ်ထားသော ပြတင်းပေါက်ကဲ့သို့ဖြစ်၏။

(၇) ဖမျက်တော်များကား အထက်၌ မြင့်လျက်တည်ရှိ၏။

(၈) ခြေသလုံးတော်များကား ဧဏီသားကောင်၏ ခြေသလုံးသဖွယ် လုံးသွယ် လျက်ရှိ၏။

(၉) ကိုယ်တော်ကား မကိုင်းမကုန်းရဘဲ မတ်မတ်ရပ်လျက်ပင် ဒူးနှစ်ဖက်ကို လက်ဖြင့် သုံးသပ်နိုင်လောက်အောင်ပင် အထက်ပိုင်း အောက်ပိုင်း ညီမျှ လျက်ရှိ၏။

(၁၀) ပုရိသနိမိတ်မှာ အရေအိမ်အတွင်း သွင်းထားအပ်၏။

(၁၁) ကိုယ်တော်၏ အရေအဆင်းမှာ ရွှေအဆင်းရှိ၏။

(၁၂) အသားအရေတော်မှာ လွန်စွာနုနယ်သိမ်မွေ့လှ၏။

(၁၃) မွေးညင်းများကား မွေးညင်းတွင်းတစ်ခု၌ တစ်ချောင်းစီသာ ပေါက်ရောက် လျက်ရှိ၏။

http://www.dhammadownload.com

(၁၄) ထိုမွေးညင်းတော်များကား မျက်စဉ်းညိုရောင် အသွေးရှိလျက် လက်ယာရစ်လည်ကာ အထက်သို့အဖျား လှည့်လျက်ရှိ၏။

(၁၅) ကိုယ်တော်မှာ ဗြဟ္မာမင်း၏ ကိုယ်ပမာ ဖြောင့်စင်းလှ၏။

(၁၆) လက်ဖမိုး၊ ခြေဖမိုး၊ ပခုံးစွန်းနှစ်ဖက်၊ လည်ကုတ်ဟူသော ခုနစ်ဌာနတို့ကား အကြောအရိုး မထင်ရအောင် အသားဖြည့်ဖြိုးလျက်ရှိ၏။

(၁၇) ကိုယ်တော်အလုံးမှာ ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်တစ်ဝက်ပမာ ပြည့်စုံလှ၏။

(၁၈) လက်ပြင်ရိုးနှစ်ခု အကြားမှာ ကျောရိုးလက်ပြင်မပေါ်ထင်အောင် အသားပြည့်ဖြိုးလျက်တည်၏။

(၁၉) ကိုယ်တော်မှာ ဝန်းဝိုင်းသော ပဉ္စောင်ပင်ပမာ အရပ်နှင့်အလဲ့ ပမာဏညီမျှလျက်ရှိ၏။

(၂၀) လည်ပင်းလည်တိုင်တော်ကား အညီအမျှလုံးလျက်ရှိ၏။

(၂၁) အရသာကို ဆောင်ယူနိုင်သော အကြောများ ခုနစ်ထောင်မျှရှိ၏။

(၂၂) မေးတော်ကား ခြင်္သေ့မင်းအောက်မေးကဲ့သို့ ပြည့်ဖြိုးလှ၏။

(၂၃) သွားတော်များကား လေးဆယ်တိတိရှိ၏။

(၂၄) သွားတော်များအားလုံး တညီတညီးရှိ၏။

(၂၅) အကျဲအကြားမရှိ အားလုံးစပ်လျက်ရှိ၏။

(၂၆) စွယ်တော်များကား ဆွတ်ဆွတ်ဖြူလျက်ရှိ၏။

(၂၇) လျှာတော်ကား ပါးလျွပ်ရှည်ပြန့်နူးညံ့လှ၏။

(၂၈) အသံတော်ကား ဗြဟ္မာမင်း၏အသံကဲ့သို့ အလွန်ကောင်း၏။

(၂၉) မျက်လုံးတော်ကား ညိုရမည့်နေရာ၌ လွန်စွာညိုလျက်ရှိ၏။

(၃၀) မျက်လုံးအိမ်ကား မွေးခါစ နွားနီကလေး၏ မျက်လုံးအိမ်အသွင် ကြည်လင်လှ၏။

(၃၁) မျက်ခုံးတော်နှစ်ဖက်အလယ်ဗဟို၌ အလွန်နူးညံ့သော ဝါဂွမ်းပမာ လွန်စွာနုထွတ် ဖြူဆွတ်လျက်ရှိသော ဥဏ္ဏလုံမွေရှင်တော်ရှိ၏။

(၃၂) နဖူးပြင်မှာ သင်းကျစ်ပြားဖွဲ့ထားသကဲ့သို့ရှိ၏။

http://www.dhammadownload.com

မြတ်ဗုဒ္ဓ၏ လက္ခဏာတော်ငယ် (၈၀)

လက်ချောင်းတော်၊ ခြေချောင်းတော်များကား-

(၁) အကြားမထင်အောင် စေ့စပ်ပြည့်ဖြိုး၏။

(၂) အစဉ်အတိုင်း အဖျားသွယ်၏။

(၃) ရွှေပွတ်တိုင်ကဲ့သို့ လုံး၏။

လက်သည်းတော်၊ ခြေသည်းတော်များကား-

(၄) ပတ္တမြားအသွေးကဲ့သို့ တွေးတွေးနီမြန်း၏။

(၅) မြင့်ခုံး၏။

(၆) နူးညံ့ပြေပြစ်၏။

(၇) ခြေချောင်းတော်များအားလုံး တညီတညီးရှိ၏။

(၈) ဖမျက်တော်ကား ငါစူမထင် အစဉ်အတိုင်း ပြေပြစ်ချောမွတ်၏။

ကြွသွားတော်မူပုံမှာ-

(၉) ဆင်မင်း၏သွားခြင်းကဲ့သို့ ယဉ်ကျေး၏။

(၁၀) ခြင်္သေ့မင်း၏ သွားခြင်းကဲ့သို့ ခန့်ငြား၏။

(၁၁) ရွှေဟင်္သာမင်း၏သွားခြင်းကဲ့သို့ အထူးဟင့်တယ်၏။

(၁၂) နွားမင်းဥသဘကဲ့သို့ စံပယ်သောအသွားမျိုးရှိ၏။

(၁၃) လက်ယာရစ်လည်သွားခြင်းရှိ၏။

(၁၄) ပုဆစ်တော်ကား အဖုအဆစ်မထင် ထက်ဝန်းကျင်လုံး ဝန်းလျက်ရှိ၏။

(၁၅) ယောက်ျားနိမိတ်မှာ ပြည့်စုံလျက်ရှိ၏။

ချက်တော်မှာ-

(၁၆) အပေါက်အကွဲမရှိ။

(၁၇) ပုလဲခွက်ကဲ့သို့ နက်၏။

(၁၈) လက်ယာရစ်ဗွေလှည့်၍ ရှုကြည့်ကြချင်ဖွယ်တင့်တယ်၏။

(၁၉) ပေါင်တော် လက်ရုံးတော်များကား ဆင်နှာမောင်းကဲ့သို့ သွယ်ပြောင်းချောပြေ၏။

http://www.dhammadownload.com

ကိုယ်တော်ကား-

(၂၀) ထက်အောက်နံလျား တိုင်း၍ ထားသကဲ့သို့ တသားတည်းညီညွတ်၏။

(၂၁) အစဉ်အတိုင်း ချောပြေညီညွတ်၏။

(၂၂) ထက်ဝန်းကျင်မှ ပြေပြစ်ချောမွေ့၏။

(၂၃) မရှိုက်မမောက် ညီညာ၏။

(၂၄) အတွန့်အလိပ်မရှိ။

(၂၅) ဝက်ခြံ၊ မဲ့၊ ချေး၊ တင်းတိပ်၊ ပွေးစသည်တို့မှ ကင်း၏။

(၂၆) အစဉ်အတိုင်း ပြိုးပြိုးပြက်ပြက် အရောင်ထွက်၏။

(၂၇) လှော်ဦးသစ်ရွှေအသွင် စင်ကြယ်လှ၏။

(၂၈) ကာဠာဝကဆင်မျိုး ကုဋ္ဌေတစ်ထောင် အားကိုဆောင်တော်မူ၏။

(၂၉) နာခေါင်းတော်ကား ရွှေချွန်းအသွင် ဖြိုးတက်ပေါ်လွင်လျက်ရှိ၏။

(၃၀) သွားဖုံးတော်အစုံကား ကောင်းစွာနီးမြန်း၏။

(၃၁) သွားတော်များကား ဖြူဖွေးစင်ကြယ်လှ၏။

(၃၂) သိမ်မွေ့ပြေပြစ်၏။

(၃၃) ဣန္ဒြေများကား အလွန်စင်ကြယ်၏။

(၃၄) စွယ်တော်ကား လုံးဝန်းလျက်ရှိ၏။

(၃၅) နှုတ်ခမ်းတော်ကား နီးမြန်းလျက်ရှိ၏။

(၃၆) ခံတွင်းတော်ကား ရှည်လျား၏။

လက်တော်အရေးလက္ခဏာတော်များမှာ-

(၃၇) နက်၏။

(၃၈) ရှည်၏။

(၃၉) ဖြောင့်၏။

(၄၀) နှစ်လိုဖွယ်ပုံသဏ္ဌာန်ရှိ၏။

(၄၁) ကိုယ်တော်အရောင်ကား ဝန်းဝိုင်းညီညာ၏။

(၄၂) ပါးစောင်တော်ကား ပြည့်ဖြိုးလှပ၏။

http://www.dhammadownload.com

(၄၃) မျက်လုံးတော်ကား ရှည်လျက်ကျယ်ပြန့်၏။

(၄၄) ဝါ၊ ရွှေ၊ ဖြူ၊ နီ၊ နက်ဟူသော ငါးပါးသော အဆင်းဖြင့် ကြည်လင်၏။

(၄၅) မျက်တောင်တော်ကား ညီညာစွာ ကော့ညွတ်လျက်ရှိ၏။

(၄၆) လျှာတော်ကား နူးညံ့ပါးလျပ်၍ နီမြန်း၏။

(၄၇) နှာတော်ကား ရှည်လည်းရှည်၍ နှစ်လိုဖွယ်လည်းရှိ၏။

(၄၈) ဦးခေါင်းတော်ကား အဖုအထစ်မရှိ၊ ပကတိချောမွေ့လှ၏။

(၄၉) အရှုပ်အယှက်မရှိ။

(၅၀) ထီးဝန်းသဖွယ် လုံးဝိုင်းတင့်တယ်၏။

(၅၁) နဖူးတော်ကား ရှည်ပြန့်တင့်တယ်၏။

(၅၂) မျက်ခုံးတော်ကား တင့်တယ်ကောင်းမွန်သော ပုံသဏ္ဌာန်ရှိ၏။

(၅၃) သိမ်မွေ့သော မွေးညင်းတော်တို့ ဆောင်လျက်ရှိ၏။

(၅၄) အစဉ်အတိုင်း သွယ်ညွတ်လျက်ရှိ၏။

(၅၅) ကျယ်ပြန့်၏။

(၅၆) ရှည်လျားစွာ၏။

(၅၇) ကိုယ်တော်ကား သိမ်မွေ့နူးညံ့၏။

(၅၈) အလွန်ငြိမ်းချမ်း၏။

(၅၉) အညစ်အကြေးကင်း၏။

(၆၀) အလွန်ထွန်းပ၏။

(၆၁) စေးပျစ်ခြင်းမရှိ။

(၆၂) သိမ်မွေ့ပြေပြစ်၏။

(၆၃) ကောင်းသောအနံ့ရှိ၏။

(၆၄) မွေးတွင်းချင်းစီ၍ အညီအညွတ်ပေါက်လျက်ရှိ၏။

(၆၅) နူးညံ့စိုပျို့ စိမ်းညိုသိမ်မွေ့၏။

(၆၆) လက်ယာရစ်လည်လျက်ရှိ၏။

(၆၇) ပေါက်ကွဲသော မျက်စဉ်းတောင် အသရေကဲ့သို့ စိမ်းလွင်ညိုမှောင်လျက်ရှိ၏။

http://www.dhammadownload.com

(၆၈) ကောက်ကွေ့လိမ်တွန့်ခြင်းကင်း၍ သန့်ရှင်းပြေပြစ်၏။

(၆၉) ကိုယ်တော်မှာ အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကို ဆောင်လျက် ရှိ၏။

(၇၀) ခံတွင်းတော်ကား မွေးကြိုင်၏။

(၇၁) ဦးထိပ်တော်လည်း မွေးကြိုင်၏။

(၇၂) ဆံတော်ကား ကောင်းစွာမည်းနက်၏။

(၇၃) လက်ယာရစ်လည်၏။

(၇၄) ကောင်းသောပုံသဏ္ဌာန်ရှိ၏။

(၇၅) ကောက်ကွေ့တွန့်လိမ်ခြင်းကင်းသန့်ရှင်းပြေပြစ်၏။

(၇၆) နူးညံ့သိမ်မွေ့၏။

(၇၇) ရွှံ့ထွေးခြင်းမရှိ။

(၇၈) ညီညီညာညာရှိ၏။

(၇၉) စေးပျစ်ခြင်းမရှိ စိုပြည်လှ၏။

(၈၀) ဦးထိပ်တော်၌ တေတုမာလာအရောင် ရတနာဖြင့် ဆန်းကြယ်လျက်ရှိ၏။

တရားဂုဏ်တော် (၆)ပါး

(ပါဠိ)

သွာက္ခာတော, ဘဂဝတာ, ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ, ဝေဒိတဗ္ဗော, ဝိညူဟိ။

(အနက်)

ဘဂဝတာဓမ္မော– ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်၏ ဟောကြားတော်မူသော တရားတော်မြတ်တို့တွင်–

၁။ သွာက္ခာတော – မဂ် ဖိုလ် နိဗ္ဗာန်ဓမ္မကျန်တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်တို့သည် ကြားနာရုံမျှနှင့်ပင် အပူစင်၍ ကြားနာရခြင်း တည်းဟူသော အစ၏ကောင်းခြင်း၊ ကျင့်ကြံအားထုတ်လျှင် လက်ငင်း ချမ်းသာရာရ၍ ကျင့်ကြံအားထုတ်ခြင်းတည်းဟူသော အလယ်၏ကောင်းခြင်း၊ ကျင့်ကြံအားထုတ်ပြီးလျှင် တရားထူးကိုရ၍ ဒုက္ခခပ်သိမ်း အေးငြိမ်းရာ

http://www.dhammadownload.com

နိဗ္ဗာန်ချမ်းသာကို မြင်တွေ့ခံစားရခြင်းတည်းဟူသော အဆုံး၏ ကောင်းခြင်းများဖြင့် စ၊ လယ်၊ ဆုံး ကောင်းခြင်းများနှင့် ပြည့်စုံတော်မူသော အကောင်းဆုံး ဟောကြားအပ်သည့် တရားတော်မြတ်များ ဖြစ်တော်မူပေ၏။ သို့ဖြစ်၍ တရားတော်မြတ်တို့သည် သွာက္ခာတော "သွာက္ခာတော်" မည်တော်မူပေ၏။

၂။ သန္ဒိဋ္ဌိကော – လောကုတ္တရာကိုးပါး မြတ်တရားတို့သည် ကိုယ်ပိုင်သိမြင်ထိုက်သော တရားများဖြစ်၍ သူတစ်ပါးတို့ ပြောကြားအပ်သည့် စကားမျှဖြင့် မယုံကြည်ရဘဲ ကိုယ်တွေ့ဒိဋ္ဌလက်တွေ့သိမြင်ခံစားအပ်သော တရားတော်မြတ်များ ဖြစ်ပေသည်။ သို့ဖြစ်၍ တရားတော်မြတ်သည် သန္ဒိဋ္ဌိကော "သန္ဒိဋ္ဌိက " မည်တော်မူပေ၏။

၃။ အကာလိကော – မင်္ဂလေးပါးတရားတော်မြတ်သည် ချိန်ခါမလင့် မဖင့် မနှေးချက်ချင်းအကျိုးပေးသော တရားတော်မြတ်ဖြစ်ပေသည်။ သို့ဖြစ်၍ တရားတော်မြတ်သည် အကာလိကော "အကာလိက"မည်တော်မူ၏။

၄။ ဧဟိပဿိကော – လောကုတ္တရာကိုးပါးမြဘ်ဘုရားတို့သည် အလွန်သန့်ရှင်းစင်ကြယ် အပြစ်ကင်းစင်ပြီး အမှန်ပင်ထင်ရှားရှိသောကြောင့် အချိန်မရွေးလက်တွေ့အစမ်းသပ်ခံနိုင်သော တရားတော်မြတ်များ ဖြစ်ပေသည်။ သို့ဖြစ်၍ "လာခဲ့စမ်းပါ၊ ရှုလှည့်စမ်းပါ"ဟု ဝမ်းသာရွှင်လှိုက် ဖိတ်ခေါ်ထိုက်သော တရားတော်မြတ်များ ဖြစ်ပေသည်။ ထို့ကြောင့် တရားတော်မြတ်သည် ဧဟိပဿိကော "ဧဟိပဿိက"မည်တော်မူပေ၏။

၅။ ဩပနေယျိကော – လောကုတ္တရာကိုးပါးမြတ်တရားတော်သည် အဝတ်ဦးသျှောင် မီးစွဲလောင်သော်လည်း မငြိမ်းသတ်ဘဲ စိတ်ထဲစွဲရောက်အောင် ကပ်ဆောင်ထိုက်သော တရားတော်မြတ်များဖြစ်ပေသည်။ သို့ဖြစ်၍ တရားတော်မြတ်သည် ဩပနေယျိကော "ဩပနေယျိက"မည်တော်မူပေ၏။

၆။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ – လောကုတ္တရာကိုးပါး မြတ်တရားတို့သည် သစ္စာသိမြင်ပညာရှင်ရှစ်ပါး အရိယာများသာလျှင် ကိုယ်စီကိုယ်ဉ မိမိတို့သန္တာန်၌ သိမြင်ခံစားအပ်သော တရားတော်မြတ်များ ဖြစ်ပေသည်။ သို့ဖြစ်၍ တရားတော်မြတ်တို့သည် ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ "ပစ္စတ္တံဝေဒိတဗ္ဗ" မည်တော်မူ ပေ၏။

http://www.dhammadownload.com

သွာက္ခာတဂုဏ်တော်

ရှင်တော်မြတ်ဘုရား ဟောကြားအပ်သည့် တရားတော်မှန်သမျှမှာ အစ လည်းကောင်း၊ အလယ်လည်းကောင်း၊ အဆုံးလည်းကောင်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံတော်မူသော အကောင်းဆုံး ဟောကြားအပ်သောတရားတော်ပေတည်း။

မြတ်ဗုဒ္ဓတရားတော်တွင် နာယူခြင်း၊ ကျင့်ရခြင်း၊ အကျိုးရခြင်းသုံးဖြာတို့၌ အကောင်းအတိုင်းသာဖြစ်၏။ တရားတော်ကို နာယူရုံမျှဖြင့် ပီတိအထူးဖြစ်ကြရ၏။ စိတ်ကိုချမ်းသာ အေးမြစေတတ်၍ သောက၊ ပရိဒေဝစသော အပူတွေ ကင်းရ၏။ ဒေါသ၊ ရာဂတို့ကင်း၏။ ထို့ကြောင့် ကိလေသာကင်းဝေး၍ ချမ်းသာမှုပြည့်စုံရ၏။ နာကြားရုံမျှဖြင့် ဤမျှလောက် အကျိုးထူးရရှိလျှင် တကယ်တမ်း ကျင့်လျှင်မူကား ဆိုဖွယ်ရာမရှိပြီ။ သီလ၊ သမာဓိ၊ ပညာတရားများ တက်လေလေ ကိလေသာကင်းလေလေ အချမ်းသာကြီး ချမ်းသာလေလေ ဖြစ်တော့သည်။ တရားတော်ကို ကျင့်ကြံအားထုတ်ပြီး တရားထူးကိုရရှိ ပေါက်မြောက် အောင်မြင်သောအခါတွင်မူ မဂ်ဖိုလ်အကျိုးရကာ သံသရာစခန်းသိမ်းလေတော့သည်။ ဖလသမာပတ္တိ ဗိမာန်ကြီးကို ပိုင်ဆိုင်ရယူနိုင်ခြင်းဖြင့် ချမ်းသာခြင်းအဆုံး အထွတ်အထိပ်သို့ ရောက်လေ၏။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်များကား သဒ္ဒါကလည်း ပညာရှိတို့ အပြစ်ရှာမရ၊ ချီးမွမ်းရလောက်အောင် အစီအစဉ်ကျကာ သာယာပြေပြစ် နှစ်သက်ဖွယ်ဖြစ်လျက် အနက်ကလည်း တကယ့်ချမ်းသာအလုံးစုံကို ပြည့်စေသော အနက်များသာဖြစ်ရာ မကောင်းသောအစိတ်အပိုင်းဟူ၍မရှိ၊ အကောင်းအတိုင်းသာ ဖြစ်ပေရာ သွာက္ခာတဂုဏ်တော်နှင့် ပြည့်စုံလျက်ရှိ၏။

မြတ်ဗုဒ္ဓတရားတော်ကို နာကြားလေ့လာရုံမျှဖြင့် ရရှိသောအကျိုးကျေးဇူးများ

၁။ တရားတော်၏ ဆန်းကျယ်သောအနက်အရသာ၊ ပါဠိုအရသာကို ရရှိနိုင်ခြင်း။

၂။ စိတ်သန္တာန်၌ ဓမ္မပီတိကိုရရှိ၍ ငြိမ်းအေးချမ်းသာခြင်း။

၃။ စိတ်၌ရှိသော သောက၊ ပရိဒေဝစသည့်အပူများ၊ ရာဂ၊ ဒေါသစသည့် အညစ်အကြေးများကို ဖယ်ရှားနိုင်ခြင်း။

၄။ အပူကင်း၊ အညစ်အကြေးကင်း၍ စိတ်တွင်အေးမြသော ပီတိပဿဒ္ဓိဖြစ်ရခြင်း။

http://www.dhammadownload.com

၅။ ဉာဏ်ပညာတိုးတက်ပွင့်လင်းခြင်း။

၆။ သိမ်မွေ့နက်နဲလှစွာသော တရားသဘောတို့၏ အဖြစ်အပျက်တို့ကို ထိုးထွင်းသိမြင်နိုင်ခြင်း။

၇။ မိမိ၏မူလ အခြေအနေမှ ထူးခြားသောအခြေအနေမျိုးသို့ ရောက်ရှိခြင်း။

၈။ တရားတော်အပေါ်၌ ပညာရှိလေလေ ကျေနပ်အားရမှု ရှိလေလေ ဖြစ်ခြင်း။

မြတ်ဗုဒ္ဓတရားတော်နှင့်အညီကျင့်ကြံအားထုတ်ခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများ။

မြတ်ဗုဒ္ဓ၏တရားတော်ကို နာကြားရုံမျှဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ဤရွေ့ဤမျှ များပြားသေးလျှင် ယင်းတရားတော်နှင့်အညီ အပတ်တကုတ် ကျင့်ကြံအားထုတ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာမူ ဆိုဖွယ်ရာမရှိ၊ တစ်ခုချင်းရေတွက်ခြင်းငှာလည်း မစွမ်းနိုင်။

အကျင့်သီလတစ်မျိုးတည်းဖြင့်ပင် ဘေးကင်းရန်ကင်း ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ဖြစ်စေ၏။ သမာဓိ၊ ပညာစသော အကျင့်များကို ကျင့်ပါမူကား တရားတက်လေပိတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိများ ဖြိုးဖြိုးဝေကာ အချမ်းသာကြီးချမ်းသာလေသည်။

တရားထူးကိုရ၍ အလိုရှိသော မဂ်ဖိုလ်အကျိုးကို ရရှိသည့်အခါတွင်မူ ဖော်ပြခြင်းငှာ မစွမ်းသာအောင် ဝမ်းမြောက် ဝမ်းသာဖြစ်ရခြင်း၊ ချမ်းသာသုခအစစ်အမှန်ကို ရရှိတော့၏။ ထို့နောက် သံသရာတွင် ဒုက္ခတွေ့ လက်စသိမ်းတော့မည်ကို သိမြင်၍ တွေးလိုက်တိုင်း ဝမ်းမြောက်ရခြင်း ဖလသမာပတ္တိ ဗိမာန်ကြီးကို ပိုင်ဆိုင်ကာ ချမ်းသာစွာ ခံစားလိုသည့်အခါတိုင်း ချမ်းသာဖွယ်အတိုင်း ခံစားစံစားရ၍ အချမ်းသာဆုံး ချမ်းသာခြင်း အထွတ်အထိပ်ရောက်ရှိတော့၏။

တရားတော်မြတ် (၁၀)ပါး

မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာတရားကိုးပါးနှင့်တကွ ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ္တိတရား စုစုပေါင်း (၁၀)ပါးကို ဆိုလို၏။

ကိလေသာ (၁၀)ပါး

ကိလေသာဆိုသည်မှာ သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက် ညစ်နွမ်းပင်ပန်းအောင် ပြုလုပ်တတ်သည့် အကုသိုလ်တရားဆိုးများကို ခေါ်၏။ ဤတရားဆိုးကြီးများ ငြိမ်းမှ ချမ်းသာအစစ်အမှန်ရ၏။ မြတ်ဗုဒ္ဓ၏တရားတော်မြတ်ကို နာကြားရုံမျှနှင့်ပင်

http://www.dhammadownload.com

ဤကိလေသာမီးကြီး (၁၀)ပါးကို ငြိမ်းစေနိုင်၏။ တရားတော်ကို ကျင့်ကြံဆဲအခါတွင်လည်း ကိလေသာမီးများ ငြိမ်းနေကာ ကိုယ်စိတ်နှစ်ပါး ချမ်းသာနေမှုကို လက်တွေ့ခံစားရ၏။ တရားတော်အတိုင်း ကျင့်ပြီး တရားထူးကို ရရှိသောအခါတွင်မူ ကိလေသာမီးများ ထာဝရငြိမ်းအေးသွားပြီး မည်သည့် ချမ်းသာကမှ မယှဉ်သာသော နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏တရားတော်သည် တရားတော်အတိုင်း ကိုယ်တိုင်လက်တွေ့ကျင့်ကြံလျှင် လက်တွေ့အကျိုး ခံစားရမည့် တရားစစ်တရားမှန်ဖြစ်၏။

အပြင်ကမီးကို မငြိမ်းသတ်နိုင်လျှင် တစ်ကြိမ်တစ်ခါမျှသာ လောင်ကျွမ်းမည်ဖြစ်သော်လည်း အတွင်းကိလေသာမီးကို မငြိမ်းသတ်နိုင်ပါက မဂ်ဖိုလ်နိဗ္ဗာန် မရသေးသမျှ လောင်ကျွမ်းနေမည်ဖြစ်၏။ သို့ဖြစ်၍ ကိလေသာမီးကြီးများကို တရားစစ်တရားမှန်ဖြစ်သော မြတ်ဗုဒ္ဓ၏တရားတော်နှင့် အပြီးတိုင် ပယ်သတ်ကြပါကုန်။

ဤကိလေသာမီးကြီး (၁၀)ပါးတို့မှာ–

၁။ လောဘ – လိုချင်တပ်မက်ခြင်း၊
၂။ ဒေါသ – စိတ်ဆိုးအမျက်ထွက်ခြင်း၊
၃။ မောဟ – တွေဝေမိုက်မဲခြင်း၊ မသိမလိမ္မာခြင်း၊
၄။ မာန – ထောင်လွှားခြင်း၊
၅။ မိစ္ဆာဒိဋ္ဌိ – အယူမှားခြင်း၊
၆။ ဝိစိကိစ္ဆာ – ယုံမှားသံသယဖြစ်ခြင်း၊ (ရတနာမြတ်သုံးပါးနှင့် ကံကံ၏အကျိုးတို့ကို ယုံမှားသံသယဖြစ်ခြင်း၊ ပညာကင်း၍ ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ ယုံမှားသံသယဖြစ်ခြင်း)
၇။ ထိန – စိတ်ထိုင်းမှိုင်းခြင်း၊
၈။ ဥဒ္ဓစ္စ – စိတ်ပျံ့လွင့်ခြင်း၊ စိတ်မတည်ကြည်ခြင်း၊
၉။ အဟိရိက – မကောင်းမှုမှမရှက်ခြင်း။
၁၀။ အနောတ္တပ္ပ – မကောင်းမှုမကြောက်ခြင်း။

သန့်ဖြူကဂုဏ်တော်

မြတ်ဗုဒ္ဓ၏တရားတော်သည် ကိုယ်ပိုင်သိမြင်ထိုက်သော တရားများဖြစ်၏။ သူတစ်ပါးတို့ ပြောကြားရုံမျှဖြင့် မှန်းဆယုံကြည်ရသော တရားအတုအယောင်များ

http://www.dhammadownload.com

မဟုတ်ပေ။ ကိုယ်တွေ့ ဒိဋ္ဌလက်တွေ့သိမြင်နိုင်သော တရားများသာဖြစ်၏။ (သန္ဒိဋ္ဌိက–ကိုယ်တိုင်သိမြင်ထိုက်သောတရား)

ဗြဟ္မာတို့ကို မအိုမသေ အမြဲတည်နေသူ ဖန်ဆင်းရှင်အဖြစ် ယူဆကာ ဗြဟ္မာပြည်သို့ ရောက်ကြောင်း တရားများဖြစ်သည့် ဗြဟ္မဏဝါဒ၊ ကောင်းကင်ဘုံ၌ ထာဝရဘုရားသခင်ရှိသည်။ ထို ထာဝရဘုရားသခင်ကသာ အရာရာကို ဖန်တီးနေသည်ဆိုသော အနန္တတန်ခိုးရှင်ဝါဒ အစရှိသော သာသနာပအယူဝါဒအမျိုးမျိုးသည် ကိုယ်တိုင်မြင်တွေ့ခံစားနိုင်သော တရားများမဟုတ်ဘဲ ရော်ရမ်းမှန်းဆထားသော အယူဝါဒများသာ ဖြစ်၏။

မြတ်ဗုဒ္ဓသာသနာတော်၌ကား ကျင့်ဆဲအခါကစ၍ နိဗ္ဗာန်ရောက်သည်အထိ အာလုံး ကိုယ်တွေ့ချည်းဖြစ်၏။ ကျင့်စဉ်အခါတွင် စာတွေ့အရလည်းကောင်း၊ သူသူငါငါ ပြောစကားအရလည်းကောင်း သိခဲ့ရသောရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ကွဲပြားစွာ ကိုယ်တွေ့သိမြင်လာ၏။ မင်္ဂလသို့ ရောက်အောင် ကျင့်ပြီးသောအခါတွင်မူ နိဗ္ဗာန်ကို ကိုယ်တိုင်ဆိုက်သိ ခံစားနိုင်တော့၏။ ထိုအခါ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးတို့အပေါ်၌လည်း ယုံမှားသံသယမရှိတော့၍ သာသနာပြင်ပတွင် ကိုးကွယ်ရာမရှာတော့ပြီဖြစ်၏။ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်ဖြစ်သော မြတ်ဗုဒ္ဓသာသနာကို အကြွင်းမဲ့ ယုံကြည်ကိုးစားတော့၏။ ကိလေသာကင်းရာ ချမ်းသာအစစ်အမှန်ကိုလည်း ကိုယ်တွေ့သိမြင်ခံစားနိုင်ပြီး ဖြစ်ရာ အချမ်းသာကြီး ချမ်းသာတော့သည်။

ထို့ကြောင့် မြတ်ဗုဒ္ဓဘုရားတော်သည် ကိုယ်တိုင်သိမြင်ခံစားနိုင်သော တရားစစ် တရားမှန်ဖြစ်၍ သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံလျက်ရှိ၏။

အကာလိကဂုဏ်တော်

အကာလိကဆိုသည်မှာ အခါမလင့် အကျိုးကို ပေးတတ်ခြင်း ဖြစ်ရာ မင်္ဂလာနှင့်သာဆိုင်သော ဂုဏ်တော်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ဒါန၊ သီလ စသောကုသိုလ်ဘာရားများသည် ချက်ချင်းလက်ငင်း အကျိုးပေးချင်မှပေး၏။ မျက်မှောက်ဘဝတွင် အကျိုးပေးချင်မှပေး၏။ ဘဝတစ်ခုခု၏ တစ်ချိန်ချိန်ကျမှ (တစ်နည်းအားဖြင့်) ယင်းကုသိုလ်က အကျိုးပေးခွင့်ကြုံသည့်အချိန်ကြမှသာ အကျိုးပေး၏။ အကျိုးပေးပြန်သော်လည်း ကိလေသာမကင်းဒုက္ခမရှင်းသော အကျိုးများသာ ဖြစ်၏။

http://www.dhammadownload.com

မင်္ကုသိုလ်ကား ဤသို့မဟုတ်။ မင်္ကရသည်နှင့်တစ်ပြိုင်နက်အချိန်မဆိုင်းဘဲ ဖိုလ်ချမ်းသာအကျိုးပေး၏။ မင်္ကန့်ဖိုလ်သည် အချိန်မခြား ရှေ့နှင့်နောက် တစ်ဆက်တည်း ဖြစ်၏။ ထို့ပြင် မင်္က၏အကျိုးဖြစ်သည့် ကိလေသာကင်း၊ ဒုက္ခရှင်း၍ အေးငြိမ်းခြင်း သုခခံစားရသော ဖလချမ်းသာမှာ ချမ်းသာတကာတို့၏ အထွတ်အထိပ်ဖြစ်၏။ ဤသည်မှာ ကိလေသာကို တစ်ခါတည်း အပြီးအပြတ် ပယ်သတ်နိုင်သော အလွန်အားကြီးသော အာနုဘော်ကြောင့်ပင်။ မင်္ကတရားကဲ့သို့သော ချမ်းသာအစစ်အမှန်ကိုပင် မဖင့်မနှေးချက်ချင်း အကျိုးပေးသောတရားကား အတုမရှိ၊ အမြတ်ဆုံးတရားပင် ဖြစ်၏။ အထူးအံ့ချီးဖွယ်လည်း ဖြစ်ပါ၏။

ဧဟိပဿိကဂုဏ်တော်

မြတ်ဗုဒ္ဓတရားတော်သည် အမှန်တကယ် ထင်ရှားရှိသောတရား၊ အလွန်သန့်ရှင်းစင်ကြယ် အပြစ်ကင်းစင်သော တရားများဖြစ်ခြင်းကြောင့် "လာခဲ့စမ်းပါ၊ ကျင့်ကြည့်လှည့်စမ်းပါ"ဟု ဝမ်းသာရွှင်လှိုက် ဖိတ်ခေါ်ထိုက်သောတရားဖြစ်ခြင်းကြောင့် ဧဟိပဿိကဂုဏ်တော်နှင့် ပြည့်စုံ၏။ (ဧဟိပဿိက= လာစမ်းပါ၊ ကျင့်ကြည့် လှည့်စမ်းပါဟု ဖိတ်ခေါ်ထိုက်သောတရား)

ရတနာပိုင်ရှင်တစ်ဦးသည် မိမိ၏ပစ္စည်းက အမှန်တကယ်အမျိုးမှန် အဖိုးထိုက်တန်မှ လူတကာတို့ကို "လာကြည့်လှည့်ပါ၊ စမ်းသပ်ကြည့်ပါ" ဟု ဝမ်းသာအားရ လှိုက်လှိုက်လဲလဲ ရွှင်ပြအားရစွာ ရဲရဲဝံ့ဝံ့ဖိတ်ခေါ်နိုင်၏။ အကယ်၍ မိမိပစ္စည်းက အမှန်တကယ် အဖိုးမတန် အမျိုးမမှန်ပါက ဟန်ဆောင်ပြီး ဖိတ်ခေါ်ကောင်း ဖိတ်ခေါ်မည်ဖြစ်သော်လည်း ရင်ထဲတွင်မူဝမ်းသာရွှင်လှိုက် အားရမှုရှိမည် မဟုတ်ပေ။

ထိုနည်းတူ မြတ်ဗုဒ္ဓတရားတော်သည် တရားစစ် တရားမှန်ဖြစ်သောကြောင့် အထင်အရှားရှိ၏။ အပြစ်ကင်းစင်၏။ ချမ်းသာအစစ်အမှန်ကို ပေးစွမ်းနိုင်၏။ သူတစ်ပါး ပြောကြားရုံမျှ ယုံကြည်ရသော တရားမဟုတ်။ မိမိကိုယ်တိုင် ဒိဋ္ဌဓမ္မသိရှိနိုင်၏။ မြတ်ဗုဒ္ဓတရားတော်သည် တရားစစ် တရားမှန်မဟုတ်။ ချမ်းသာအစစ်အမှန်ကို မပေးစွမ်းနိုင်ဟူ၍ လူနတ်ဗြဟ္မာတစ်လောကလုံးတွင် အကြောင်းအခြေခံနှင့်တကွ တစ်ဦးတလေမျှ စောဒနာမည်သူမရှိပေ။ ဖြည့်စွက်စရာ၊ နုတ်ပယ်စရာဟူ၍ ဘယ်သောအခါမှ မရှိနိုင်သော ပရမတ္ထတရားဖြစ်၏။ ထို့ကြောင့်ပင် ဧဟိပဿိကဂုဏ်နှင့် ပြည့်စုံခြင်းဖြစ်၏။

မြတ်ဗုဒ္ဓက "ဤငါ့သာသနာမှာသာ ပထမသမဏ သောတာပန်ရှိသည်။ ဒုတိယသမဏသကဒါဂါမ်၊ တတိယသမဏအနာဂါမ်၊ စတုတ္ထသမဏရဟန္တာ လည်

http://www.dhammadownload.com

ဤငါ့သာသနာမှာသာ ရှိသည်။ ငါ့သာသနာမှ ပြင်ပ အခြားအယူဝါဒများကား သမဏလေးပါးတို့မှ ဆိတ်သုဉ်းကင်းကွာသော ဝါဒများဖြစ်ကြသည်" ဟူ၍ လည်းကောင်း၊ မဟာသတိပဋ္ဌာနသုတ်၌လည်း "ပူဆွေးမှုသောက၊ ဝိကြွေးမှုပရိဒေဝတို့ကိုလွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှု လုံးဝချုပ်ငြိမ်းရန်၊ အရိယာမဂ်ရရန်၊ နိဗ္ဗာန်ကို ကိုယ်တွေ့ဆိုက်ထိသိရန်လမ်းမှာ တစ်ကြောင်းတည်း၊ တစ်လမ်းတည်းဖြစ်ရာ ထိုလမ်းမှာ သတိပဋ္ဌာန်လေးပါးတရားပင်"ဟု ဟောတော်မူထား၏။ ဤကဲ့သို့သော မြတ်ဘုရားရှင် ကိုယ်တော်တိုင် မိမိတရားတော်၏ ဖေါ်ပသိကဂုဏ်ကို ပြဆိုသော ဒေသနာများမှာ အများအပြားပင်ရှိပါ၏။

သြပနေယျိကဂုဏ်တော်

သြပနေယျိကဆိုသည်မှာ မိမိစိတ်ထဲ စွဲရောက်အောင် ကပ်ဆောင်ထိုက်သော တရားကို ခေါ်၏။ မြတ်ဗုဒ္ဓ၏ မဂ်ဖိုလ်နိဗ္ဗာန်တရားတော်များမှာအကောင်းဆုံး ကိုယ်ကျိုးစီးပွား အစစ်အမှန်ဖြစ်ပေရာ ထိုတရားများထက်ပို၍ ရထိုက်သောတရားဟူသည်မရှိ။

ထို့ကြောင့် မြတ်ဗုဒ္ဓက မီးစွဲလောင်လျက်ရှိသော ကိုယ်ဝတ်အထည်ကိုလည်းကောင်း၊ ဦးခေါင်းကိုလည်းကောင်း အရေးမပြု လျစ်လျူရှုကာ တရားရအောင်သာ ကြိုးစားဖို့ ဟောကြားတော်မူ၏။ အဘယ်ကြောင့်ဆိုသော် မီးလောင်ခံရသော သူသည် တစ်ဘဝသာ ဒုက္ခခံရမည်။ အကုသိုလ်အမျိုးမျိုး၏ အခြေခံဖြစ်သော သက္ကာယဒိဋ္ဌိ ကိလေသာမီးကြီးကို ယခုဘဝမှာ မငြိမ်းသတ်နိုင်ပါက သံသရာတစ်လျှောက် ဒုက္ခရောက်ရဦးမည်သာ ဖြစ်၏။

တစ်ခါက တောထဲ၌ တရားအားထုတ်လျက်ရှိသော တိဿမထေရ်ကို အမွေပေးရမည်စိုးသော အရှင်၏ခယ်မက ခိုးသားငါးရာတို့ကို စေလွှတ်သတ်ခိုင်း၏။ ထိုအခါ မထေရ်မြတ်က ခိုးသားတို့ထံ တစ်ညတာမျှ ဆိုင်းငံ့ရန် ခွင့်ပန်ကာ အာမခံချက်ပေးသည့်အနေဖြင့် မိမိ၏ဒူးနှစ်ဘက်ကို အနီးရှိ ကျောက်တုံးကြီးတစ်ခုဖြင့် မိမိကိုယ်တိုင် ရိုက်ချိုးလိုက်၏။ ယင်းနောက် မထေရ်မြတ်သည် သွေးစိမ်းရှင်ရှင်ဖြင့် တသွင်သွင် ကျိုးသွားသော ဒူးမှ အလွန်ပြင်းထန်လှသော ဒုက္ခကို အရေးမထား တရားကိုသာ တွင်တွင်ကြီး တစိုက်မတ်မတ် အားထုတ်ခဲ့ရာ အရဏ်တက်သောအခါ၌ ရဟန္တာအဖြစ် ရောက်လေတော့၏။

ထို့ကြောင့် မြတ်ဗုဒ္ဓရားတော်သည် အတုမဲ့ သာလွန်အောင် ချမ်းသာအစစ်အမှန်ကို လက်တွေ့ကျကျ ပေးစွမ်းနိုင်သော တရားတော်မြတ်ဖြစ်ပေရာ သူတကာတို့စိတ်ထဲစွဲရောက်အောင် ကပ်ဆောင်ထိုက်သော ဂုဏ်နှင့် ပြည့်စုံလျက်ရှိ၏။

http://www.dhammadownload.com

မီး (၁၁)ပါး

၁။ လောဘမီး – တပ်မက်နှစ်သက်ရသဖြင့် ပူလောင်ခြင်း၊
၂။ ဒေါသမီး – စိတ်ဆိုးအမျက်ထွက်ရသဖြင့် ပူလောင်ခြင်း၊
၃။ မောဟမီး – တွေဝေမိုက်မဲရသဖြင့် ပူလောင်ခြင်း၊
၄။ ဇာတိမီး – ဘဝ၌ဖြစ်ရသဖြင့် ပူလောင်ခြင်း၊
၅။ ဇရာမီး – အိုမင်းရသဖြင့် ပူလောင်ခြင်း၊
၆။ မရဏမီး – သေကြေပျက်စီးရသဖြင့် ပူလောင်ခြင်း၊
၇။ သောကမီး – စိုးရိမ်ကြောင့်ကြမှုဖြစ်ရသဖြင့် ပူလောင်ခြင်း၊
၈။ ပရိဒေဝမီး – ငိုကြွေးပူပန်ရသဖြင့် ပူလောင်ခြင်း၊
၉။ ဒုက္ခမီး – ကိုယ်ကိုမှီ၍ မသာယာသဖြင့် ပူလောင်ခြင်း၊
၁၀။ ဒေါမနဿမီး – စိတ်ကိုမှီ၍ မသာယာသဖြင့် ပူလောင်ခြင်း၊
၁၁။ ဥပယာသမီး – ပြင်းစွာ စိတ်ပူပန်ဆင်းရဲသဖြင့် ပူလောင်ခြင်း။

ဤမီးကြီး (၁၁)ပါးသည် ပုထုဇဉ်ပုဂ္ဂိုလ်များကို ဘဝဆက်တိုင်း၌ တစ်နည်းမဟုတ် တစ်နည်းလောင်မြိုက်နှိပ်စက်နေကြကုန်၏။

ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်

ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဆိုသည်ကား ပညာရှိအရိယာတို့ ကိုယ်စီကိုယ်ငှ မိမိတို့ သန္တာန်၌ သိအပ် ခံစားအပ်ခြင်းကို ဆိုလိုသည်။ (ပစ္စတ္တံ–အသီးသီးကိုယ်စီ ကိုယ်ငှ မိမိသန္တာန်၌၊ ဝေဒိတဗ္ဗော– သိအပ်ခံစားအပ်၏။)

မဂ် ဖိုလ်တရားများကား ကိုယ်ကိုယ်တိုင်ခံစားအပ်သည့်တရားများသာ ဖြစ်၍ အခြားတရားများနှင့် ခြားနားလျက်ရှိ၏။ ဥပမာ–ကုသိုလ်ကံကြောင့် ပစ္စည်းဥစ္စာပေါများလျှင် သူတစ်ပါးကို ဝေငှနိုင်၏။ မဂ်ကုသိုလ်ကြောင့်ရသော ဖိုလ်အကျိုးကိုကား ကိုယ်သာဆိုက်သိ ခံစားရပြီး ဝေငှခံစား၍မရ။ ဆရာက ဖလသမာပတ် ချမ်းသာခံစားရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၍ တပည့်မှာ ဖလသမာပတ်ချမ်းသာကို မခံစားနိုင်၊ နိဗ္ဗာန်ကို ဆိုက်သိ မခံစားနိုင်။

ထို့ကြောင့် မြတ်ဗုဒ္ဓတရားတော်သည် ကိုးကွယ်သူကို ဖန်ဆင်းသူတန်ခိုးရှင်က ကယ်တင်နိုင်သည် ဆိုသော တရားမျိုးမဟုတ်ဘဲ မိမိ၏အကျင့်လမ်း အကျင့်မှန်ဖြင့် သာ ချမ်းသာကျိုးကို မိမိကိုယ်တိုင်လက်တွေ့ခံစားသိရှိနိုင်သဖြင့် အားထားမြတ်နိုးကိုးကွယ်ရာ အစစ်အမှန်သာဖြစ်ပေသည်။

ဒု.၁၇.၀၆

http://www.dhammadownload.com

အရိယာတို့၏ချမ်းသာ

မြတ်ဗုဒ္ဓ၏ တရားတော်အတိုင်း အပတ်တကုတ် ကျင့်ကြံအားထုတ်၍ သစ္စာလေးပါးတရားကို ကိုယ်တိုင်ကိုယ်ကြပ် သိမြင်ပြီးဖြစ်သော (တစ်နည်းအားဖြင့်) တရားထူးကို ရရှိပြီးဖြစ်သော အရိယာပုဂ္ဂိုလ်တို့၏ ရရှိပြီး နိဗ္ဗာန်ကို အာရုံပြု၍ ဖလသမာပတ် ဝင်စားရသော ချမ်းသာမှုမျိုးသည် လူ၊ နတ်၊ ဗြဟ္မာသုံးလောကမှ ပုထုဇဉ်များ ခံစားရသော စည်းစိမ်ချမ်းသာထက် မနှိုင်းသာအောင် လွန်စွာ ချမ်းသာတော်မူကြ၏။ ဤချမ်းသာမှုမျိုးသည် ဗာလ (သူမိုက်)တို့၏ အရာမဟုတ်၊ ဗာလတို့နှင့် မတန် အရိယာတို့နှင့်သာ ထိုက်တန်သော အရိယာတို့၏ အရာသာဖြစ်၏။

ဖလသမာပတ်ဝင်စားခြင်း

အရိယာအရှင်သူမြတ်တို့ ဖလသမာပတ် ဝင်စားကြသည်မှာ မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာနေရခြင်း အကျိုးငှာဖြစ်၏။ ဖလသမာပတ္တိဆိုသည်မှာ ပိုင်းခြားအပ်သော ကာလအပိုင်းအခြားအတိုင်း ဖိုလ်စိတ် အဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်နေခြင်းကို ဆို၏။

ဖိုလ်စိတ်သည် ကိလေသာ အပူငြိမ်းသောကြောင့်လည်းကောင်း အလွန်ငြိမ်သက်သော နိဗ္ဗာန်ကို အာရုံပြုနေရသောကြောင့်လည်းကောင်း ဖိုလ်မှာ အလွန်ငြိမ်းအေးငြိမ်သက်လှ၏။ ဈာန်မဂ်ချမ်းသာတို့ထက် များစွာ သာလွန်ချမ်းသာသောကြောင့် ဖိုလ် ချမ်းသာကို ခံစားရသော အရိယာတို့မှာ အားရတင်းတိမ်ခြင်း မဖြစ်နိုင်ဘဲ ရှိ၏။ ထို့ကြောင့် ဖလသမာပတ္တိသုခကား ကိလေသာအပူငြိမ်း၍ အလွန်အေးမြ ငြိမ်သက်သာယာသော သုခအစစ်အမှန် အရိယာစည်းစိမ်တစ်မျိုးပင် ဖြစ်သည်။ ယင်းသုခကို ခံစားရသော ရဟန္တာအရှင်သူမြတ်တို့အဖို့ အလွန်ထူးမြတ်သော ဂုဏ်ကျက်သရေပင် ဖြစ်၏။

ဖလသမာပတ် ဝင်စားခြင်းအကြောင်းရင်းတွင် အလုံးစုံသောသခ်ါရနိမိတ်တို့ကို နှလုံးမသွင်းခြင်းနှင့် အနိမိတ္တဓေါ် နိဗ္ဗာနမာတ်ကို နှလုံးသွင်းခြင်းဟူ၍ အကြောင်း (၂)ပါးရှိ၏။ ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြင့် သခ်ါရတို့မှ လုံးဝငြီးငွေ့ တပ်မက်ခြင်းကင်းသောစိတ်ရှိသည့် အရိယာ၏ဖိုလ်စိတ်သည် သခ်ါရတို့မှ လွတ်ကင်းရန် နိဗ္ဗာန်အာရုံ၌ ဖြစ်နေ၏။ ယင်းဖိုလ်၏ နိဗ္ဗာန်အာရုံဖြစ်နေခြင်းကိုပင် သခ်ါရနိမိတ်ကို နှလုံးမသွင်းခြင်း၊ နိဗ္ဗာန်ကို နှလုံးသွင်းခြင်းပင် ဖြစ်၏။

ဖလသမာပတ်တည်တံ့ခြင်းအကြောင်းသည် သခ်ါရနိမိတ်တို့ကို နှလုံးမသွင်းခြင်း၊ နိဗ္ဗာနဓာတ်ကို နှလုံးသွင်းခြင်းနှင့် ရှေ့အဖို့၌ ပြုပြင်စီမံခြင်းဟူ၍ အကြောင်း

http://www.dhammadownload.com

(၃)ပါးရှိ၏။ ဤဌာန၌အဖို့ ပြုပြင်စီမံခြင်းဟူသည်မှာ ဖလသမာပတ် မဝင်စားမီ ရှေးအဖို့က ဘယ်အချိန်ကျလျှင် ဖလသမာပတ်မှ ထမည်ဟု ကာလပိုင်းခြားကို ဆို၏။ ဤသို့ပိုင်းခြားထားလျှင် ပိုင်းခြားထားသော ကာလမတိုင်မီအတွင်း သမာပတ်တည်တံ့နိုင်၏။

သမာပတ်မထခြင်းအကြောင်းမှာ သခ်ါရနိမိတ်တို့ကို နှလုံးသွင်းခြင်းနှင့် အနိမိတ္တ (ခေါ်) နိဗ္ဗာနဓာတ်ကို နှလုံးမသွင်းခြင်းဟု အကြောင်း (၂)ပါးရှိ၏။ နိဗ္ဗာန်အာရုံပြတ်၍ သခ်ါရသို့ အာရုံရောက်သောအခါ ဖလမာပတ် မရှိတော့ပြီဖြစ်သည်။

သို့ဖြစ်၍ ဖလသမာပတ်မှာ သခ်ါရနှင့်အဆက်ပြတ်ပြီး နိဗ္ဗာနဓာတ်၌ ဆိုက်ရောက်လျက်ရှိ၏။ အရိယာတို့သည် ထူးမြတ်သော လောကုတ္တရာ အရိယာချမ်းသာ ကို ခံစားဦးမည်ဟူသော အလိုဆန္ဒဖြင့် ဖလသမာပတ်ကို ဝင်စားတော်မူကြ၏။

သံဃာဂုဏ်တော် (၉)ပါး

(ပါဠိ)

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ (ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ)၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိ ကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

(အနက်)

သံဃာ။ ။ အယူဝါဒ သိက္ခာအားဖြင့် တူညီကြသော ရဟန်းသံဃာတို့၏ အပေါင်းအစု အသင်းအဖွဲ့ကို ခေါ်သည်။ ဘုရားရှင်၏အဆုံးအမတို့ကို ရိုသေစွာ နာယူ၍ အပတ်တကုတ် ကျင့်ကြံခြင်းဖြင့် ရဟန်းကိစ္စ ပြီးစီးပြည့်စုံသောကြောင့် အရိယာအဖြစ်ကို ရွက်ဆောင်တော်မူနိုင်သော သံဃာတော်အပေါင်းကို "သာဝကသံဃာတော်" များခေါ်၏။

သို့ရာတွင် သီလသိက္ခာရှိသော (သီလဝန်) ပုထုဇဉ်ရဟန်းအပေါင်းကိုလည်း မြတ်စွာဘုရား၏ အဆုံးအမ ညဝါဒကို ရိုသေစွာ လိုက်နာပြီး မဂ်ဖိုလ်ရရှိရေး၊ ရဟန်းကိစ္စပြီးပြည့်စုံရေးအတွက် အပတ်တကုတ်အားထုတ်ကြသောကြောင့် ပရိယာယ်အားဖြင့် "သာဝကသံဃာ"ဟု ခေါ်ဆိုအပ်သည်သာ ဖြစ်၏။

http://www.dhammadownload.com

ဘဂဝတော– ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူကြသည့် မြတ်စွာဘုရားရှင်၏ သာဝကသံဃာ– တပည့်သားတော်များဖြစ်ကြသည့် သီလဝန် အရှင်သူမြတ်တို့နှင့်တကွ မဂ္ဂဒွာန်လေးယောက်၊ ဖလဒွာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းတို့သည်–

၁။ သုပွဋိပန္နော– မြတ်စွာဘုရားရှင်၏ ဟောကြားအပ်သည့် တရားတော်များနှင့် အညီ ကိလေသာကင်းကြောင်း ကောင်းစွာကျင့်ကြံအားထုတ်တော် မူကြသော အကြောင်းကြောင့် သုပွဋိပန္နော "သုပွဋိပန္န"မည်တော်မူ၏။

၂။ ဥဇုပွဋိပန္နော – မာယာ (လှည့်ပတ်ခြင်း)နှင့် သာဌေယျ (စဉ်းလဲခြင်း)တို့မှ ကင်းစင်ကွာလျက် အလွန်ရိုးသားဖြောင့်မတ်စွာ ကျင့်ကြံအားထုတ်တော် မူကြသော အကြောင်းကြောင့် ဥဇုပွဋိပန္နော "ဥဇုပွဋိပန္န"မည်တော်မူ၏။

၃။ ဉာယပွဋိပန္နော–မဂ် ဖိုလ် နိဗ္ဗာန်အကျိုးကိုသာ မျှော်ကိုးရည်သန်၍ မနေမနား ကျင့်ကြံအားထုတ်တော်မူကြသောအကြောင်းကြောင့် ဉာယပွဋိပန္နော "ဉာယပွဋိပန္န"မည်တော်မူ၏။

၄။ သာမိစိပွဋိပန္နော–ရိုသေဆည်းကပ်ခံရခြင်းနှင့် လျော်ကန်ထိုက်တန်အောင် မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ကောင်းစွာကျင့်ကြံအားထုတ်တော်မူကြသော အကြောင်းကြောင့် သာမိစိပွဋိပန္နော "သာမိစိပွဋိပန္န"မည်တော်မူ၏။

စတ္တာရိပုရိသာယုဂါနိ–မဂ္ဂဒွာန်လေးယောက်၊ ဖလဒွာန်လေးယောက်ဟူ၍ မဂ် ဖိုလ် နှစ်ပါးအစုံအားဖြင့် လေးပါးသော ယောကျ်ားအစုံတို့ ဖြစ်ကုန်သော ယဒိဒံ အဋ္ဌပုရိသပုဂ္ဂလာအကြင်ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည် သန္တိ–ရှိကုန်၏။ ဧသ–ဤအရိယာပုဂ္ဂိုလ်တည်းဟူသော၊ ဘဂဝတော–မြတ်စွာဘုရားရှင်၏၊ သာဝကသံဃော–တပည့်သာဝကကြီးများ ဖြစ်တော်မူကြသည့် အရိယာသံဃာတော် အရှင်သူမြတ်အပေါင်းတို့သည်–

၅။ အာဟုနေယျော – ကြီးမားသော အကျိုးကို တုံ့ပြန်ပေးသဖြင့် အဝေးမှပင် လာရောက်လှူဒါန်း ပူဇော်အပ်သော ပစ္စည်းတို့ကို ခံယူခြင်းငှာ ထိုက်တော်မူသော အကြောင်းကြောင့် အာဟုနေယျော "အာဟုနေယျ"မည်တော်မူ၏။

၆။ ပါဟုနေယျော – အဝေးမှလာသော ဧည့်သည်များအတွက် ကောင်းစွာ စီမံထားအပ်သော ပစ္စည်းတို့ကို ခံယူခြင်းငှာ ထိုက်တော်မူကြသော အကြောင်းကြောင့် ပါဟုနေယျော"ပါဟုနေယျ"မည်တော်မူ၏။

http://www.dhammadownload.com

၇။ ဒက္ခိနေယျော – ကံ ကံ၏အကျိုးကို ၊ယုံကြည်၍ နောင်သံသရာကောင်းကျိုး ချမ်းသာအတွက် မျှော်မှန်းလှူဒါန်း ပူဇော်အပ်သော မြတ်သောအလှူကို ခံယူခြင်းငှာ ထိုက်တော်မူကြသော အကြောင်းကြောင့် ဒက္ခိနေယျော "ဒက္ခိနေယျ"မည်တော်မူ၏။

၈။ အဟ္ဆလီကရဏီယျော – လူ၊ နတ်၊ ဗြဟ္မာအပေါင်း တစ်လောကလုံး၏ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံယူခြင်းငှာ ထိုက်တော်မူကြသော အကြောင်းကြောင့် အဟ္ဆလီကရဏီယျော "အဟ္ဆလီကရဏီယျ"မည်တော်မူ၏။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောသဿ – လူ၊ နတ်၊ ဗြဟ္မာအပေါင်းတစ်လောကလုံးအတွက် သီလ၊ သမာဓိ၊ ပညာတည်းဟူသော ဂုဏ်တို့ဖြင့် ပြည့်စုံသော ကောင်းမှုကုသိုလ်များ အကျိုးများတိုးပွားဖို့ရန် ကုသိုလ်မျိုးစေ့တို့ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းများသဖွယ် ဖြစ်တော်မူသော အကြောင်းကြောင့် အနုတ္တရံ ပုညက္ခေတ္တံ လောကဿ "အနုတ္တရံ ပုညက္ခေတ္တ"မည်တော်မူ၏။

သံဃဂုဏ်တော် (၉)ပါး

သုပွဋိပန္နဂုဏ်တော်

မြတ်ဗုဒ္ဓ၏ တပည့်သာဝကတို့မှာ အသီဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏတို့နှင့် ပြည့်ဝသောဂုဏ်နှင့် ပြည့်စုံတော်မူကြ၏။ (သု–ကောင်းစွာ၊ ပဋိပန္နေ–ကျင့်သောပုဂ္ဂိုလ်)

မြတ်ဗုဒ္ဓသည် အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်နှင့် သတ္ထာဒေဝမနုဿနံ ဂုဏ်တော်များအရ ယဉ်ကျေးအောင်ဆုံးမရာ၌ သူမတူသော နတ်လူတို့၏ ဆရာမြတ် တစ်ဆူဖြစ်တော်မူပေရာ အတုမရှိ ဆရာမြတ်၏ တပည့်သာဝကတို့၏ ယဉ်ကျေးပြေပြစ် နှစ်သက်ဖွယ်ဂုဏ်တော်တို့ကိုလည်း မှန်းဆကြည်ညိုနိုင်ပါ၏။

ဘုရားရှင်က "ချစ်သားအာနန္ဒာ – ငါဘုရားကို မိတ်ဆွေအဖြစ်မျိုးဖြင့် ကျင့်ကြံ၊ ရန်သူအဖြစ်မျိုးနှင့် မကျင့်ကြံလေနှင့်၊ ထိုသို့ ရန်သူလိုမကျင့်၊ မိတ်ဆွေလို ကျင့်ခြင်းမှာ သင်တို့အား ကာလကြာမြင့်စွာ အကျိုးစီးပွားရရေး၊ ချမ်းသာရေးအတွက် ဖြစ်လိမ့် မည်"မိန့်ကြားတော်မူခဲ့ဖူး၏။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏အဆုံးအမ ဒေသနာတော်များနှင့်အညီ အရိုးကျေကျေ အရေခန်းခန်း အသက်ပင်စွန့်၍ ကျင့်ကြံခြင်းဖြင့် မြတ်ဘုရားကို မိတ်ဆွေလိုကျင့်သော တပည့်သာဝကရဟန်းတို့မှာ ကောင်းစွာကျင့်သူများ ဖြစ်ကြသည်မှာ ယုံမှားဖွယ်မရှိ။ အကျင့်လမ်းဆုံးသို့ရောက်တော်မူကြသော အရိယာအရှင်သူမြတ်တို့မှာမူ အကောင်းဆုံး ကျင့်သူများဖြစ်၍ အကောင်းအတိုင်း ဖြစ်ရတော့သည်။

http://www.dhammadownload.com

ဥဇုပွဋိပန္နဂုဏ်တော်

သံဃာတော်အရှင်သူမြတ်တို့သည် ဥဇုပွဋိပန္နစသော ဖြောင့်မတ်စွာကျင့်တော်မူသော ဂုဏ်နှင့် ပြည့်စုံကြကုန်၏။ ဥဇုပွဋိပန္နအနက်မှာ လမ်းဖြောင့်အတိုင်း၊ ကျင့်သူနှင့်လှည့်ပတ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းမရှိ ရိုးသားဖြောင့်မတ်စွာ ကျင့်သူဟု အနက်နှစ်မျိုးရ၏။

သံဃာတော်များသည် ကာမဂုဏ်ချမ်းသာခံစားခြင်း၊ မိမိကိုယ်ကို ညှဉ်းပန်းသော အကျင့်ကို ကျင့်ခြင်းတည်းဟူသော အစွန်းနှစ်ပါးတို့မှ ကင်းလွတ်သော မလျော့မတင်း အလယ်အလတ်ကျသော လမ်းကောင်းလမ်းဖြောင့် မဇ္ဈိမပဋိပဒါ (အလယ်အလတ်အကျင့်)လမ်းစဉ်အတိုင်းသာ ကျင့်ကြံကုန်၏။ ဤသို့ လမ်းဖြောင့်အတိုင်းကျင့်၍ တရားထူး တရားမှန်ရကာ လူနတ်ဗြဟ္မာတို့၏ ပူဇော်ကြည်ညိုမှုကို ခံယူရရှိတော်မူကြသည်။

ထို့ပြင် သံဃာတော်တို့သည် မာယာ (မိမိအပြစ်ကို ဖုံးကွယ်တတ်သော လှည့်ပတ်ခြင်းမျိုး)လည်းမရှိ၊ သာဌေယျ (မိမိ၌ မရှိသော ဂုဏ်ကို ရှိဟန်ပြုသော စဉ်းလဲမှုမျိုး)လည်းမရှိ၊ တရားကိုသာ အမှန်လိုလားသော ရဟန်းတို့သည် အလွန်ရိုးသားဖြောင့်မတ်စွာ ကျင့်ဆောင်တော်မူကြ၏။ ပဋိပတ်တို့ကို ကျင့်စဉ်ကပင် မာယာသာဌေယျတရားများကင်းစင်ကြကုန်၍ အရိယာဖြစ်သောအခါ၌ကား အလွန်ရိုးသားဖြောင့်စင်းကြောင်းမှာမူ အထူးဆိုဖွယ် မရှိပြီ။

အယောင်ဆောင်သူ၊ တရားအတိုင်း မကျင့်သူများကို မလိမ္မာသူများ ပညာနည်းသူများက ကြည်ညိုအထင်ကြီးကြမည်ဖြစ်သော်လည်း ပညာရှိတို့အဖို့ ဝေဖန်ပိုင်းခြားသိမြင်နိုင်၏။ အမှန်အတိုင်းကျင့်သူ၊ တရားအတိုင်းကျင့်သူ၊ သူမြတ်တို့အပေါ်၌မူ ပညာရှိတို့အဖို့ ပညာရှိလေလေ အကြောင်းသိလေလေဖြစ်ကာ ကြည်ညိုမဆုံး ကြည်နူးမဆုံး ဖြစ်ရတော့သည်။

ဉာယပွဋိပန္နဂုဏ်တော်

သံဃာတော်အရှင်မြတ်တို့သည် ဉာယပွဋိပန္နစသော နိဗ္ဗာန်အလို့ငှာသာ ကျင့်တော်မူကြ၏။ လောကီရေးချမ်းသာဟူသမျှကို စွန့်လွှတ်၍ နိဗ္ဗာန်အရေးကိုသာ မျှော်ကိုးရည်သန်၍ မနေမနား ကျင့်ကြံကုန်၏။

ဤတွင် နိဗ္ဗာန်အရေးကို ရှောင်တိမ်း၍ လောကီချမ်းသာရေးကိုသာ ကျင့်သူများမှာ မအပ်သော အနေသနနည်းများဖြင့် လာဘ်လာဘ၊ ကျော်စောမှုတို့ကို ရယူကြပေရာ

http://www.dhammadownload.com

သီလ၊ သမာဓိ၊ ပညာအရာတို့၌ ညစ်နွမ်းပျက်ပြားကြကုန်၏။ သာသနာလည်း ယင်းတို့ကြောင့်ပင် ညစ်နွမ်းရ၏။

မြတ်ဗုဒ္ဓသာသနာတော်၏ ခရီးဆုံးပန်းတိုင်ဖြစ်သည့် နိဗ္ဗာန်အရေးကိုသာ မျှော်တွေး၍ ရဟန်းကိစ္စပြီးစီးရေး တစ်စိုက်မတ်မတ် ကျင့်ကြံအားထုတ်ကြသည့် အရှင်သူမြတ်တို့မှာမူ သီလ၊ သမာဓိ၊ ပညာမပါဘဲ ရည်ရွယ်ချက်မပေါက်မြောက်နိုင်ပေရာ သီလ၊ သမာဓိ၊ ပညာတို့၌ တိုးပွားအောင် အရိုးကျေကျေ အရေခန်းခန်း ကျင့်ကြကုန်၏။ ထိုအရှင်မြတ်တို့မှာ လူနတ်တို့၏ ပူဇော်မြတ်နိုးဖွယ် အဖိုးတန်ရတနာများသာ ဖြစ်ကြသည်။

သာမိစိပွဋိပန္နဂုဏ်တော်

သံဃာတော်အရှင်မြတ်တို့သည် သာမိစိပွဋိပန္နံ = ရိသေဆည်းကပ်ခံရမှုနှင့် လျော်ညီအောင် ကျင့်တော်မူကြသည့် ဂုဏ်နှင့်ပြည့်စုံကြ၏။

လူတို့သည် မိမိတို့၏ ချွေးနှီးစာဖြင့် မစားရက် မသောက်ရက် ဦးဦးဖျားဖျား အကောင်းစားများကိုသာ သံဃာတော်တို့အား မြတ်မြတ်နိုးနိုး ရက်ရက်ရောရော လှူကြကုန်၏။ ရဟန်းသံဃာတော်တို့ကလည်း ဒါယကာတို့၏ ရိသေဆည်းကပ်ခံရခြင်းနှင့် လျော်ညီစွာ မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ကောင်းစွာကျင့်ကြံကြရသည်။ သို့မှသာ အလှူခံပုဂ္ဂိုလ်တို့၏ ပြည့်စုံခြင်းဖြစ်၍ ရိသေဆည်းကပ် လှူဒါန်းသူတို့ အဖို့ အမှန်အကျိုးရှိနိုင်၏။ အလှူခံပုဂ္ဂိုလ်က မြင့်မြတ်လေ လှူဒါန်းသူမှာ အကျိုးများလေဖြစ်၏။ ထို့ကြောင့် လူနတ်ဒါယကာတို့၏အကျိုးငှာ မိမိဂုဏ်ကို အမြဲတမ်း မြှင့်တင်ပေးနေခြင်းသည် သာမိစိပွဋိပန္နပင်ဖြစ်၏။

မြတ်ဗုဒ္ဓက "မေတ္တာဘာဝနာပွားများခြင်း၊ သတိပဋ္ဌာန်တရားပွားများခြင်း၊ ကိလေသာကင်းအောင် ကြိုးစားခြင်းများဖြင့် ပြည်သူတို့၏ဆွမ်းကို ရိသေခြင်းမည်၏။ အကျိုးရှိအောင် သုံးဆောင်ခြင်းမည်၏" ဟု ဟောကြားတော်မူခဲ့ပါ၏။ ဘာဝနာမပါဘဲ သီလမျှဖြင့် ဆွမ်းအကျိုး အလွန်ကြီးစွာမရတတ်ပေ။ သီလမပါလျှင်မူကား ပြည်သူတို့၏ဆွမ်းကို အချည်းအနှီး ဖြုန်းနေသူသာဖြစ်၏။

ထို့ကြောင့် ပြည်သူတို့၏ ရိသေဆည်းကပ်မှု၊ လှူဒါန်းမှု၊ ဝေယျာဝစ္စစသည်တို့နှင့် လျော်ကန်ထိုက်တန်အောင် မိမိဂုဏ်ကို အကောင်းဆုံးမြှင့်တင်ကြသော သံဃာတော်အရှင်သူမြတ်တို့မှာ အဖိုးတန်အမျိုးမှန် ရတနာများတည်း။

http://www.dhammadownload.com

အာဟုနေယျဂုဏ်တော်

သံဃာတော်အရှင်သူမြတ်တို့မှာ အာဟုနေယျ = အဝေးမှပင် ဆောင်ယူ၍ လှူအပ်သောအလှူကို ခံယူတော်မူထိုက်ခြင်းဂုဏ်နှင့် ပြည့်စုံ၏။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မိမိ၏ဂုဏ်ကို အကောင်းဆုံးဖြစ်အောင် မြှင့်တင်ခဲ့ကြသည့် အရှင်သူမြတ်တို့မှာ ကြီးမားသောအကျိုးကို တုန့်ပြန်ပေးသဖြင့် အဝေးမှပင် တကူးတကလာရောက်ပူဇော်အပ်သော ပစ္စည်းတို့ကို ခံယူတော်မူထိုက်ကုန်၏။ မြတ်ဘုရားရှင်က သီလရှိသူတို့၏ဂုဏ်ရနံ့မှာ နတ်ပြည် ဗြဟ္မာပြည်များသို့ပင် ပျံ့လွှင့်မွှေးကြိုင်လျက်ရှိပေသည်ဟု ဟောကြားတော်မူချက်အရ အရှင်,သူမြတ်တို့၏ သီလ ဂုဏ်ရနံ့ကြောင့် လူ့ပြည်အဝေးအရပ်မှသာမက နတ်ပြည်များက ပါ အထူးတလည်လာရောက်လှူဒါန်းပူဇော်ကြရ၏။

တစ်ခါက မြတ်ဗုဒ္ဓသည် လပြည့်ဥပုသ်အခါ၌ လွင်ပြင်မှာ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ဖြစ်နေကြသော ရဟန်းသံဃာတော်တို့ကို ကြည့်၍ အားရတော်မူခဲ့ရာ မိမိတပည့် သံဃာတော်တို့အား ဂုဏ်တင်သောအားဖြင့် ဤပရိသတ်မှာ အဖျင်းအညံ့မပါသော ပရိသတ်ဖြစ်ကြောင်း၊ စင်ကြယ်၍ သီလစသော အနှစ်တို့၌သာတည်သောကြောင့် အကောင်းပကတိ ပရိသတ်သာဖြစ်ကြောင်း၊ နည်းနည်းလှူလျှင်များများအကျိုးရ၍ များများလှူလျှင် အလွန်များသောအကျိုးကို ရစေသော၊ လောကအဖို့ ဖူးတွေ့ရခဲသော ပရိသတ်ပင်ဖြစ်ကြောင်း၊ ယူဇနာထောင်သောင်းအရပ်က ရိက္ခာထုပ်ထမ်းကာ ဖူးမြော်လာထိုက်သော ပရိသတ်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့၏။ ထို့နောက် မြတ်စွာဘုရားက တပည့်သာဝကပရိသတ်ကို ဂုဏ်တင်ခဲ့ရခြင်းအကြောင်းကို ပြတော်မူလိုသဖြင့် ထိုရဟန်းပရိသတ်ထဲ၌ အရိယာသံဃာတော်များ၊ ဘာဝနာအမျိုးမျိုး ကြိုးပမ်းအားထုတ်လျက်ရှိသော သံဃာတော်များ အသီးသီးရှိနေကြောင်းလည်း ဟောကြားတော်မူခဲ့၏။

ပါဟုနေယျဂုဏ်တော်

သံဃာတော်အရှင်သူမြတ်တို့သည် ပါဟုနေယျ = ဧည့်သည်တို့အတွက် စီမံထားသော ပစ္စည်းဝတ္ထုတို့ကို ခံယူ တော်မူထိုက်သည့် ဂုဏ်တော်နှင့်လည်း ပြည့်စုံ၏။

မိမိ၏ချစ်မြတ်နိုးသော ဆွေမျိုးမိတ်ဆွေဧည့်သည်များအတွက် ဆိုလျှင် စားကောင်း သောက်ဖွယ်များကို ဖွယ်ဖွယ်ရာရာဖြင့် အကောင်းဆုံးစီမံထားလေ့ရှိကြသည်။ သို့သော် ဧည့်သည်များကို ပြုစုကျွေးမွေးရသည်မှာ သာမန်မျှသော အကျိုးကိုသာ ပြန်လည်ရရှိတတ်၏။ သံသရာအတွက်ကား အကျိုးကြီးကြီးမားမား ခံစားရမည်မဟုတ်ပေ။

http://www.dhammadownload.com

သံဃာတော် အရှင်မြတ်တို့ကို ယင်းအကောင်းစားဒါနဖြင့် လှူဒါန်းပြုစုရလျှင်မူ ထိုသံဃာတော်၏ ဂုဏ်ကြီးလေ ပို၍အကျိုးရလေ ဖြစ်၏။ သံသရာမှာ များမြောင် လွန်စွာသော အဖိုးမဖြတ်နိုင်သော အကျိုးများရှိ၏။ ထို့ကြောင့်ပင် ယင်းကဲ့သို့သော အကောင်းစားဧည့်ဒါနမျိုးကိုပင် သံဃာတော်တို့မှာ ရရှိခံယူထိုက်သော ဂုဏ်နှင့် ပြည့်စုံကြကုန်၏။

ထို့ပြင် သံဃာတော်တို့သည် ဒကာဒကာမတို့ကိုမှီ၍ အသက်မွေးကြရသည် ဖြစ်ရာ ဒကာဒကာမတို့ထံ ကပ်ရောက်လာတတ် သောကြောင့် ဧည့်သည်လည်းမည်၏။ လောကဧည့်သည်များမှာ မည်သည့်အချိန်ကာလ၌မဆို တွေ့ဆုံနိုင်သဖြင့် တွေ့ဆုံဖို့ မခဲယဉ်းပေ။ သံဃာတော်များမှာမူ ဘုရားရှင်သာသနာ၌သာ ရှိနိုင်သဖြင့် ဘုရားရှင် ပွင့်မှ ပေါ်လာရသည်ဖြစ်ရာ အလွန်တွေ့ဆုံရန် ခဲယဉ်းလှသော ဧည့်သည်တော်ကြီးများ ဖြစ်ကြ၏။ ဂုဏ်များအရလည်း အလွန်ကြည်ညိုဖွယ် ကောင်းလှပေ၏။ ထို့ကြောင့် သံဃာနှင့်တူသော ဧည့်သည်မည်သည်မရှိဟု မိန့်တော်မူခဲ့၏။ တွေ့ဆုံရန်လည်း အလွန်ခဲယဉ်း၊ ဂုဏ်အရလည်း အလွန်ကြည်ညိုဖွယ်ကောင်း၊ တုန့်ပြန်ရရှိသော အကျိုး စီးပွားသည်လည်း အလွန်များပြားသော အကြောင်းတို့ကြောင့် မြတ်ဗုဒ္ဓ၏ တပည့် သာဝက သံဃာတော်အရှင်မြတ်တို့ကို လောကဧည့်သည်ဟူသမျှတို့ထက်ပို၍ အမွန် အမြတ်ထားကာ လှူဒါန်းထိုက်ပေတော့သည်။

ဒက္ခိဏေယျဂုဏ်တော်

သံဃာတော်အရှင်သူမြတ်တို့သည် ဒက္ခိဏေယျ = အလှူမှန်ကို ခံယူတော်မူ ထိုက်သော ဂုဏ်နှင့်ပြည့်စုံ၏။

ဒက္ခိဏော (အလှူကောင်း၊ အလှူမှန်)ဆိုသည်မှာ နောင်သံသရာအကျိုးစီးပွား ကိုသာ မျှော်မှန်းလှူဒါန်းသောအလှူဖြစ်၏။ ထို့ကြောင့် သီလအစရှိသော ဂုဏ်တို့နှင့် မပြည့်စုံသော ပုဂ္ဂိုလ်တို့မှာ နောင်သံသရာအကျိုးကို ပေးနိုင်စွမ်းမရှိ၍ အလှူကောင်း၊ အလှူမှန်တို့ကို မခံယူထိုက်ပေ။ အရိယာသံဃာတော်တို့သာ နောင်သံသရာအကျိုး စီးပွားအတွက် မျှော်မှန်းလှူဒါန်းသော အလှူရှင်တို့၏ ရည်မှန်းချက်ကို အပြည့်အဝ ရရှိစေနိုင်သဖြင့် အလှူကောင်း၊ အလှူမှန်ကို ခံယူတော်မူထိုက်သည့် အမြတ်ဆုံးအလှူ ခံပုဂ္ဂိုလ်များသာ ဖြစ်ကြ၏။

http://www.dhammadownload.com

အဋ္ဌလိကရဏီယဂုဏ်တော်

သံဃာတော်အရှင်သူမြတ်တို့မှာ အဋ္ဌလိကရဏီယ = လက်အုပ်ချီမှုကို ခံယူတော်မူ ထိုက်သည့် ဂုဏ်နှင့်ပြည့်စုံလျက်ရှိ၏။

သီလ၊ သမာဓိ၊ ပညာတို့၌ ဂုဏ်ရည်စုံညီတော်မူကြသော အရိယာ သံဃာတော်မြတ်တို့သည် လူနတ်တို့၏ လက်အုပ်ချီမိုး မြတ်နိုးပူဇော်မှုကို ခံယူရာ၌ အထိုက်တန်ဆုံး အလျော်ကန်ဆုံးပုဂ္ဂိုလ်မြတ်များ ဖြစ်ကြ၏။

သီလပျက်စီးနေသူ ရဟန်းများမှာမူ လူတို့၏လက်အုပ်ချီမိုး ရှိခိုးခြင်းခံရခြင်းသည် ခြေသလုံးနှစ်ဖက်တွင် ခိုင်ခံ့မာကျောသော သားရေကြိုးဖြင့် ရစ်ပတ်၍ ပွတ်ဆွဲခံရသဖြင့် အရိုး၊ ရိုးတွင်းခြင်ဆီခိုက်အောင် အသားတွေ ပြတ်ကြေရသူ၏ ဒုက္ခထက်လည်းကောင်း၊ လှံမကြီးဖြင့် ရင်ဝအထိုးခံရသူ၏ ဒုက္ခထက်လည်းကောင်း၊ အရောင်တလက်လက်ထွက်နေသည့် လှံရွက်များဖြင့် ဝိုင်းထိုးခံရသူ၏ ဒုက္ခထက်လည်းကောင်း၊ ပို၍လွန်ကဲပြင်းထန်လှ၏။ ထို့ပြင် ဒကာတို့၏ လှူဒါန်းအပ်သော သင်္ကန်းတို့ဝတ်ဆင်ခြင်းသည် ရဲရဲတောက်ပြောင် မီးလျံစွဲသည့် သံပြားကြီးကို ကိုယ်ဝယ်လွှမ်းခြုံရသူ၏ ဒုက္ခထက်လည်းကောင်း၊ ဒကာတို့၏ ဆွမ်းကို သုံးဆောင်ခြင်းသည် မီးလျံရဲရဲ သံတုံးသံခဲကြီးတွေကို မျိုရသူ၏ ဒုက္ခထက်လည်းကောင်း၊ ဒကာတို့၏ ကျောင်း၌နေခြင်းသည် မီးလျံပြောင်ညီး သံအိုးကြီးထဲ၌ နေရသူ၏ ဒုက္ခထက်လည်းကောင်း သာလွန်ပြင်းထန်ဆိုးဝါးကြောင်း မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့၏။

ထို့ကြောင့် သီလမရှိသောရဟန်းတို့မှာ ဘုရားရှင်သာသနာ၌ အလွန်ဝန်လေးဖွယ်ကြီးဖြစ်ရာ လက်အုပ်ချီမှုကဲ့သို့သော အလွန်ကြီးမြတ်သော ရိုသေမှုမျိုးနှင့် မထိုက်တန်မလျော်ကန်။ ဘုရားရှင်သာသနာ၌ တင့်တယ်ကြည်ညို မြတ်နိုးမှုကို ဖြစ်စေသော သီလရှိသူရဟန်းတို့သာ လူနတ်တို့၏ ရိုသေတုပ်ဝပ်မှု၊ ရှိခိုးမှု၊ အစရှိသော ကြီးမြတ်သော ရိုသေမှုမျိုးကို ခံယူထိုက်၏ လျောက်ကန်သင့်မြတ်၏။ အရိယာသံဃာတော်များမှာမူ အလျော်ကန်ဆုံး၊ အသင့်မြတ်ဆုံးဖြစ်သည်မှာ ဆိုဖွယ်မရှိပြီ။

သို့ဖြစ်၍ အိမ်၌အသုံးမကျသူများကို အစားအသောက် အနေအထိုင် မကြောင့်ကြရအောင် သာသနာ့ဝန်ထမ်းလောကသို့ ပို့ဆောင်ပေးသူများ၊ မိမိကိုယ်တိုင်က အနေအထိုင် အစားအသောက်ချောင်၍ဆိုကာ သာသနာ့ဘောင်သို့ ဝင်သော ရဟန်းများ၊ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို လုံလမစိုက်ထုတ်သော ရဟန်းများသည် လူတို့၏ အရိုအသေပြမှု၊ ရှိခိုးမှု၊ လှူဒါန်းမှုများသည် မိမိအပေါ်၌ ကြီးလေးသော တာဝန်များဖြစ်လာသည်ကို အထူးသတိပြုသင့်ကြပါ၏။

http://www.dhammadownload.com

အနုတ္တရံပုညက္ခေတ္တံဂုဏ်တော်

သဲဃာတော်အရှင်သူမြတ်တို့သည် အနုတ္တရံပုညက္ခေတ္တလောကဿ= တစ်လောကလုံး၏ ကုသိုလ်မျိုးစေ့တို့ စိုက်ပျိုးရာ အကောင်းဆုံးလယ်ယာ ဖြစ်တော်မူသည့် ဂုဏ်နှင့်ပြည့်စုံလျက်ရှိ၏။

မြေမကောင်းသောလယ်၌ ဘယ်မျှကောင်းမွန်သောမျိုးစေ့ကို စိုက်ပျိုးစေကာမူ အသီးအနှံ ကောင်းစွာရလိမ့်မည်မဟုတ်၊ သီလမရှိသူသည် မကောင်းသော လယ်မြေနှင့်တူ၍ ယင်းပုဂ္ဂိုလ်၌ ပြုအပ်သော ကုသိုလ်မျိုးစေ့မှာ အကျိုးများစွာ မရနိုင်ပေ။

မြေကလည်းကောင်း၊ ရေလည်းရသော လယ်ယာကောင်းမှာ မျိုးစေ့ကောင်းရင် ကောင်းသလောက် အသီးအနှံများ ကောင်းစွာဖြစ်ထွန်း၏။ သီလရှိသောရဟန်းမှာလည်း လယ်ယာမြေကောင်းသဖွယ် ဖြစ်သဖြင့် ကုသိုလ်မျိုးစေ့ ပြုပြုသမျှ အလွန်ဖွံ့ဖြိုးသော အကျိုးများပေးသည်သာဖြစ်၏။ ဂုဏ်အပေါင်းနှင့်ပြည့်စုံသော အရိယာသံဃာတော်တို့မှာ ကောင်းမှုမျိုးစေ့စိုက်ရန် အကောင်းတကာ့ အကောင်းဆုံးလယ်မြေများတည်း။

http://www.dhammadownload.com

အခန်း (၆)

ပုဒ္ဓဝင်အကျဉ်း

ဘုရားရှင်ကို အောက်မေ့ခြင်း

မည်သည့်ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌မဆို ရှေးဦးစွာ
သုံးလောကထွတ်ထား မြတ်ဘုရားရှင်ကို အောက်မေ့ခြင်းမှာ
အစဉ်ပြုထိုက်သော ကုသိုလ်တရားဖြစ်၏။

http://www.dhammadownload.com

ဓိန

ပွင့်တော်မူပြီးကြကုန်သော မြတ်ဘုရားရှင်များ၏ အမည်တော်ဖြစ်သည်။ အောင်နိုင်သူဟုအဓိပ္ပာယ်ရ၏။ ယုတ်မာသော အကုသိုလ်အာသဝေါတရားတို့ကို အောင်မြင်ပြီးသော မာရ်ငါးပါးနှင့်တကွ အောင်သင့်အောင်ထိုက်သော ရန်သူများကို အောင်မြင်ပြီးသော ဘုရားရှင်တို့သည် ဓိနဟူသောအမည်ကို ခံယူတော်မူကြကုန်၏။

ဤအခန်းတွင် ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဖြစ်စဉ်တော်အကျဉ်းချုပ်ကိုသာ ဖော်ပြပါမည်။

ဘုရား

ဘုရားဟူသောစကားသည် ဗုဒ္ဓ (သို့မဟုတ်) သမ္မာသမ္ဗုဒ္ဓနှင့် သဗ္ဗညုဟူသော ပါဠိဝေါဟာရများကို ခြုံငုံ၍ မြန်မာပြန်ဆိုထားခြင်းဖြစ်၏။ ဘုရားဆိုသည်မှာ အောက်ပါ အင်္ဂါရပ်(၃)ရပ်စလုံးနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို ခေါ်သည်။

(၁) သစ္စာလေးပါးတရားကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အကြွင်းမရှိ သိမြင်နိုင်သော၊ ကိလေသာတို့ကိုလည်း ဝါသနာနှင့်တကွ အကြွင်းမဲ့ ပယ်သတ်နိုင်စွမ်းရှိသော မဂ်ဉာဏ်လေးပါးကို ရရှိပြီးသော ပုဂ္ဂိုလ်၊

(၂) မိမိသိအပ်ပြီးသော သစ္စာလေးပါးတရားကို သူတစ်ပါးအားလည်း မဂ်ဉာဏ်ရသည်အထိ သိမြင်အောင်ဟောကြားပြသနိုင်စွမ်းရှိသောပုဂ္ဂိုလ်၊

(၃) လောကဌ် သိအပ်ဖွယ်တရားအလုံးစုံကို အကုန်အစင်သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ထူးကို ရရှိသည့်ပုဂ္ဂိုလ်။

မာရ်ငါးပါး

ဘုရားရှင်တို့၏ အောင်မြင်ပြီးဖြစ်သော မာရ်ငါးပါးမှာ–

၁။ ဒေဝပုတ္တမာရ် – မာရ်နတ်သား၊

၂။ ကိလေသာမာရ် – အကုသိုလ်ကိလေသာတရား (၁၅၀၀)၊

၃။ အဘိသင်္ခါရမာရ် – ပြုလုပ်စီရင်တတ်သည့် လောကီကုသိုလ်၊ အကုသိုလ်တရား။

၄။ ခန္ဓာမာရ် – လောကီခန္ဓာငါးပါး၊

၅။ မစ္စုမာရ် – သေခြင်းတရား။

မာရ်ဆိုသည်မှာ သတ်ဖြတ်ညှဉ်းဆဲတတ်သော တရားပင်ဖြစ်၏။

http://www.dhammadownload.com

အောင်မြင်ထိုက်သည့်ရန်သူများကို အောင်မြင်ခြင်း

၁။ ပြိုင်ဆိုင်ပုဉ်တု အနိုင်လုသည့် ရန်သူများကို အောင်နိုင်ခြင်း၊ (ဥပမာ– သစ္စကပရဗိုဇ်၊ တိတ္ထိများ၊ ဗကဗြဟ္မာတို့ကို အောင်မြင်တော်မူခြင်း)

၂။ ဆန့်ကျင်နောင့်ယှက် နှိပ်စက်ညှဉ်းဆဲတတ်သည့် ရန်သူများကို အောင်နိုင်ခြင်း၊ (ဥပမာ– နန္ဒောပနန္ဒနဂါး၊ အင်္ဂုလိမာလ အာဠာဝကဘီလူး၊ ဒေဝဒတ်တို့ကို အောင်မြင်တော်မူခြင်း)

၃။ ထိခိုက်ဖျားနာ မကျန်းမာမှု၊ ရောဂါဘေးဒဏ်ရန်သူကို အောင်နိုင်ခြင်း၊ (ဥပမာ– ဝေသာလီပြည်အား ဘေးကြီးသုံးရပ်မှ ကယ်တင်ခြင်း၊ အရှင်မဟာကဿပ၏ ရောဂါနှင့် အရှင်မောဂ္ဂလာန်တို့၏ ရောဂါများကို ပျောက်ကင်းစေခြင်း)

၄။ မရှိဆင်းရဲမွဲတေခြင်း ရန်သူကို အောင်နိုင်ခြင်း။ (ဥပမာ– ကာကဝလိယ၊ မလ္လိကာ၊ ဇကသာဋ္ဌကတို့အား ဗျာဒိတ်ပေးခြင်းဖြင့် ချမ်းသာမှုပြည့်စုံစေခြင်း)

ဘုရားလောင်းများ ပါရမီဖြည့်ကျင့်ရခြင်း

၁။ **ဝီရိယာဓိကဘုရား** = ဘုရားအလောင်းတော်ဘဝတွင် ၁၆–အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရ၏။ ပညာနှင့်သဒ္ဓါကို အဓိကမထားဘဲ ကြိုးစားလျှင် ဘုရားဖြစ်ရမည်ဟူသော ဝီရိယဖြင့်သာ ပါရမီတော်များ ဖြည့်ကျင့်ခဲ့၏။

၂။ **သဒ္ဓါဓိကဘုရား** = ပါရမီဖြည့်လျှင် ဘုရားဖြစ်ရမည်ဟူသော ယုံကြည်မှု သဒ္ဓါအားကြီးစွာဖြင့် အလောင်းတော်ဘဝတွင် ၈ အသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ပါရမီတော်များ ဖြည့်ကျင့်ခဲ့၏။

၃။ **ပညာဓိကဘုရား** = ဘုရားအလောင်းတော်ဘဝတွင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ခဲ့ရ၏။ ပါရမီကျင့်တိုင်း ပညာဉာဏ်ပါရှိပြီး ဖြစ်၏။

ကပ်ကမ္ဘာ (၄)မျိုး

၁။ **အာယုကပ်** = ကာလအားလျော်စွာ သတ်မှတ်အပ်သောအသက်အပိုင်းအခြား သည် အာယုကပ်မည်၏။ လူတို့၏အသက်တစ်ရာတမ်းတွင် အနှစ်တစ်ရာသည် အာယုကပ်တစ်ကပ်၊ လူတို့၏အသက်တစ်ထောင်တမ်းတွင် အနှစ်တစ်ထောင် သည် အာယုကပ်တစ်ကပ်ပင်ဖြစ်၏။

(က) **တက်ကပ်** = လူတို့၏သက်တမ်းသည် အတည်အမြဲမရှိဘဲ အတိုးအဆုတ် ရှိ၏။ လူတို့သည် အကုသိုလ်များ ဆုတ်ယုတ်ပြီး ကုသိုလ်တရားများ

http://www.dhammadownload.com

တိုးပွားနေပါက ကံ၊ စိတ်၊ ဥတု၊ အာဟာရ (၄)ပါးဖြင့် ကောင်းမွန်ပြည့်စုံနေသောကြောင့် လူ့သက်တမ်းသည် အသက်အရှည်နေနိုင်ကြ၏။ ဤသို့လူတို့၏သက်တမ်း တဖြည်းဖြည်း ပို၍ရှည်ကြာနေသောကာလကို တက်ကပ်ဟုခေါ်သည်။ တက်ကပ်တွင် လူ့သက်တမ်းတက်နှုန်းမြန်၏။ ဥပမာ– တက်ကပ်တွင် လက်ရှိ လူ့သက်တမ်းတစ်ရာဖြစ်ပါက နောက်နှစ်တစ်ရာတွင် လူ့သက်တမ်း နှစ်ရာဖြစ်လာ၏။ နောက်နှစ် (၁၀၀)တွင် လူ့သက်တမ်း (၄၀၀)ဖြစ်သွား၏။ ဤသို့ဖြင့် နှစ် (၁၀၀)ပြည့်တိုင်း ယေဘုယျအားဖြင့် လူ့သက်တမ်း တစ်ဆတက်လာပြီး သက်တမ်းအသစ်ထို နေကြရ၏။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်းနှင့် အစာရေစာပေါများခြင်း စသော ကျင့်ဘွဲ့ရသောဂုဏ်များသည် တက်ကပ်၏ အမှတ်အသားများပင်ဖြစ်သည်။

(ခ) **ဆုတ်ကပ် =** လူတို့၏ကုသိုလ်တရားများ ဆုတ်ယုတ်လာမှုနှင့် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကုသိုလ်တရားများ တိုးပွားလာမှုတို့ကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်း (၄)ပါးပျက်စီးကာ လူတို့၏သက်တမ်းအသစ်ရှုမှ ပြန်ဆုတ်လာသောကာလကို ဆုတ်ကပ်ဟု ခေါ်၏။ အသက်တိုခြင်း၊ အဆင်းမလှခြင်းနှင့် အစာရေစာခေါင်းပါးခြင်းစသော အနိဋ္ဌာရုံသဘောများသည် ဆုတ်ကပ်၏ အမှတ်အသားများပင်ဖြစ်၏။

ဆုတ်ကပ်သည် ယေဘုယျအားဖြင့် နှစ်တစ်ရာလျှင် တစ်နှစ်ဆုတ်သည်။ ယခုကာလသည် ဆုတ်ကပ်ကာလဖြစ်၏။ ဂေါတမဗုဒ္ဓမြတ်စွာပွင့်တော်မူ စဉ်က လူ့သက်တမ်းသည် နှစ် (၁၀၀)တမ်းဖြစ်၏။ ယခုအခါ ဗုဒ္ဓမြတ်ဘုရား ပရိနိဗ္ဗာန်ပြုပြီးသည်မှာ နှစ်ပေါင်း (၂၅၀၀)ကျော်ခဲ့ပြီဖြစ်ရာ လူ့သက်တမ်း မှာ (၇၅)နှစ်သာ ရှိပါတော့သည်။ လူတစ်ဦးချင်း၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းလေးပါးကို လိုက်၍သာ အတိုးအလျော့ အနည်းငယ်ရှိ နိုင်ပါမည်။

ဤဆုတ်ကပ်သည် လူ့သက်တမ်း (၁၀)နှစ်ထိ ကျဆင်းသွားမည်။ ယင်း (၁၀)နှစ်တမ်းတွင် ၅နှစ်သားဖြင့် အိမ်ထောင်သားမွေးပြုကြပြီး အကုသိုလ်တရားဆိုးများသာ ဖုံးလွှမ်းနေမည်ဖြစ်၏။ ထိုအခါ လူ့လောကတွင် ကပ် (၃)ပါးဘေးကြီး ဆိုက်ရောက်ခါ အကြီးအကျယ် သေကြေပျက်စီးကြမည်။ မသေဘဲ ကျန်ရှိနေကြမည့် အနည်းငယ်မျှသော လူတို့သာသတိသံဝေဂရပြီး ကုသိုလ်တရားများ ပြန်လည် ပွားများလာကြသဖြင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်း (၄)ပါးဖြင့် ကောင်းမွန်ပြည့်စုံလာကာ တက်ကပ်သို့ ပြန်လည်ရောက်ရှိလာမည်။

http://www.dhammadownload.com

၂။ **အန္တရကပ်** = အသက်အသည်းယျတမ်းမှ (၁၀)နှစ်တမ်းသို့ ဆုတ်သောဆုတ်ကပ်၊ (၁၀)နှစ်တမ်းမှ အသည်းယျတမ်းတိုင်အောင် တက်သောတက်ကပ်၊ ဤသို့ ဆုတ်ကပ်နှင့် တက်ကပ်တစ်စုံကို အန္တရကပ်ဟုခေါ်၏။

၃။ **အသည်းယျကပ်** = အန္တရကပ်ပေါင်း (၆၄)ကပ်သည် အသည်းယျကပ်မည်၏။ ဤကပ်မျိုး (၄)ကပ်ရှိ၏။

(က) ကမ္ဘာကြီးပျက်နေသောအခါသည် သံဝဋ္ဋအသည်းယျကပ်၊

(ခ) ကမ္ဘာကြီးပျက်ပြီးနောက် အပျက်အတိုင်း တည်နေသောအခါသည် သံဝဋ္ဋဌာယီအသည်းယျကပ်၊

(ဂ) ကမ္ဘာကြီးဖြစ်တည်နေတုန်းအခါသည် ဝိဝဋ္ဋအသည်းယျကပ်၊

(ဃ) ကမ္ဘာကြီးရုပ်လုံးပေါ်လာပြီး နောက်ဖြစ်ပြီးအတိုင်း တည်ရှိနေသော ဝိဝဋ္ဋဌာယီအသည်းယျကပ်၊

အသည်းယျ ကပ်တစ်ကပ်၏ ရှည်ကြာပုံကို နှစ်အားဖြင့် ပိုင်းခြားရေတွက်ခြင်းမပြုနိုင်။

၄။ **မဟာကပ်** = အသည်းယျကပ် ၄ ကပ်ကို မဟာကပ်ဟု ခေါ်၏။ အန္တရကပ်အားဖြင့် ၂၅၆ ကပ်ရှိ၏။ မဟာကပ်တစ်ကပ်ကို တစ်ကမ္ဘာဟု ခေါ်၏။

တစ်ကမ္ဘာရှည်ကြာပုံ

မြတ်ဘုရားသည် တစ်ကမ္ဘာ၏ ရှည်ကြာပုံကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်–

"ရဟန်း၊ ကမ္ဘာသည် ရှည်လျားလှ၏၊ နှစ်ပေါင်း ဤမျှရှိ၏။ နှစ်ပေါင်း ထောင်ပေါင်း သောင်းပေါင်း သိန်းပေါင်း ဤမျှရှိ၏ဟု ရေတွက်ခြင်းငှာ မလွယ်ကူ၊ ဥပမာပြုခြင်းငှာသာ တတ်ကောင်း၏"

"ရဟန်း၊ ဥပမာကား အလျားတစ်ယူဇနာ၊ အနံတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာရှိပြီး အတွင်း၌ အခေါင်းပေါက်လုံးဝမရှိသည့် တစ်ခဲနက်မာကျောသော ကျောက်တောင်ကြီးတစ်ခုရှိရာ၏။ ထိုကျောက်တောင်ကြီးကို ယောကျ်ားကစ်ယောက်သည် အလွန်နူးညံ့သော ကာသိတိုင်းဖြစ် အဝတ်စဖြင့် နှစ်ပေါင်းတစ်ရာလျှင် တစ်ကြိမ်သာပွတ်တိုက်ရာ၏။ ဤသို့ပွတ်တိုက်ခြင်းဖြင့် ထိုကျောက်တောင်ကြီး တောင်ကြီးသာ ကုန်ခြင်သို့ ရောက်ရာ၏။ ကမ္ဘာသည်ကား ကုန်ခြင်းသို့ မရောက်သေးရာ၊ ရဟန်း–ကမ္ဘာသည် ဤမျှရှည်လျားလှ၏။"

http://www.dhammadownload.com

ထို့ပြင် မြတ်ဘုရားသည် တစ်ကပ် (တစ်ကမ္ဘာ)၏ ရှည်ကြာမှုကို အောက်ပါ ဥပမာဖြင့်လည်း မိန့်တော်မူသေး၏ –

"အလျားတစ်ယူဇနာ၊ အနံတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာရှိသော ဂိုဒေါင် အတွင်း၌ မုန်ညင်းစေ့ကလေးများကို အပြည့်သွင်း၍ အနှစ်တစ်ရာကြာမှ တစ်စေ့တစ်စေ့ ယူ၍ ပစ်ရာ ထိုမုန်ညင်းစေ့တွေသာ ကုန်သွားဖွယ်ရှိ၏။ တစ်ကမ္ဘာဆိုသော အချိန်အခါကား မကုန်တတ်သေး၊ တစ်ကမ္ဘာဆိုသည်မှာ ဤမျှလောက်ကြာ၏။"

ဒုစရိုက်နှင့်ဆုတ်ကပ်

လူတို့၏သက်တမ်း အနှစ်ရှစ်သောင်း အထက်တွင် လူတို့သည် ဗြဟ္မစိုရ်တရားများ စွဲမြဲကြ၍ မည်သည့်အကုသိုလ် ဒုစရိုက်ကိုမျှ ကျူးလွန်ပြစ်မှားခြင်းမရှိ။ လူ့သက်တမ်း အနှစ်ရှစ်သောင်းမှ စတင်၍ ဒုစရိုက်တရားများကြောင့် ဆုတ်ကပ်ဖြစ်ပေါ်လာပုံ အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) လူ့သက်တမ်းအနှစ်ရှစ်သောင်းတန်းသို့ ရောက်လျှင် သူ့အသက်သတ်ခြင်းနှင့် သူ့ဥစ္စာခိုးခြင်း ဒုစရိုက်တရား (၂)ပါး၍ ပေါ်ပေါက်လာ၏။ ထိုကာလ မိဘနှစ်ပါးတို့မှ မွေးဖွားလာသော သားသမီးတို့၏ သက်တမ်းသည် အနှစ်လေးသောင်းသို့ အဆင့်ဆင့် ဆုတ်ယုတ်သွားပြီး ရုပ်အဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက်ညံ့ဖျင်းသွား၏။

(၂) လူ့သက်တမ်းအနှစ်လေးသောင်းတန်းသို့ ရောက်လျှင် လိမ်လည်ခြင်း ဒုစရိုက်တရား စတင်ပေါ်ပေါက်လာ၏။ ထိုကာလ မိဘနှစ်ပါးတို့မှ မွေးဖွားလာသော သားသမီးတို့၏ သက်တမ်းသည် အနှစ်နှစ်သောင်းသို့ အဆင့်ဆင့် ဆုတ်ယုတ်သွားပြီး ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက်ညံ့ဖျင်းသွား၏။

(၃) လူ့သက်တမ်းအနှစ်နှစ်သောင်းတန်းသို့ ရောက်လျှင် ကုန်းတိုက်ခြင်း (ပိသုဏဝါစာ) ဒုစရိုက်တရား စတင်ပေါ်ပေါက်လာ၏။ ထိုကာလ မိဘနှစ်ပါးတို့မှ ဆင်းသက်လာသော သားသမီးတို့၏ သက်တမ်းသည် အနှစ်တစ်သောင်းသို့ အဆင့်ဆင့် ဆုတ်ယုတ်သွားပြီး ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက်ညံ့ဖျင်းသွား၏။

(၄) လူ့သက်တမ်းအနှစ်တစ်သောင်းတန်းသို့ ရောက်လျှင် ကာမေသု မိစ္ဆာစာရ ဒုစရိုက်တရား စတင်ပေါ်ပေါက်လာ၏။ ထိုကာလ မိဘနှစ်ပါးတို့မှ ဆင်းသက်လာသော သားသမီးတို့၏သက်တမ်းသည် အနှစ်ငါးထောင်သို့ အဆင့်ဆင့်

http://www.dhammadownload.com

ဆုတ်ယုတ်သွားပြီး ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက်ညံ့ဖျင်း သွား၏။

(၅) လူ့သက်တမ်းအနှစ်ငါးထောင်တန်းသို့ ရောက်လျှင် ဖရသဝါစာနှင့် သမ္မပ္ပလာ ပဝါစာ ဒုစရိုက်တရားနှစ်ပါး စတင်ပေါ်ပေါက်လာ၏။ ထိုကာလ မိဘနှစ်ပါးတို့မှ မွေးဖွားလာသော သားသမီးတို့၏ သက်တမ်းသည် အနှစ် (၂၅၀၀)ထိ အဆင့်ဆင့် ဆုတ်ယုတ်သွားပြီး ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက် ညံ့ဖျင်းသွား၏။ အချို့မှာ သက်တမ်း အနှစ်(၂၀၀၀)ထိ ဆုတ်ယုတ်သွား၏။

(၆) လူ့သက်တမ်းအနှစ်နှစ်ထောင်သို့ ရောက်လျှင် အဘိဇ္ဈာနှင့် ဗျာပါဒ ဒုစရိုက် တရားနှစ်ပါး စတင်ပေါ်ပေါက်လာ၏။ ထိုကာလ မိဘနှစ်ပါးတို့မှ ဆင်းသက် လာသော သားသမီးတို့၏သက်တမ်းသည် အနှစ်တစ်ထောင်ထိ အဆင့်ဆင့် ဆုတ်ယုတ်သွားပြီး ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက်ညံ့ဖျင်း သွား၏။

(၇) လူ့သက်တမ်းအနှစ်တစ်ထောင်တန်းသို့ ရောက်လျှင် မိစ္ဆာဒိဋ္ဌိ တရားဆိုးများ ပေါ်လာ၏။ ထိုကာလ မိဘနှစ်ပါးတို့၏ သားသမီးများ သက်တမ်းသည် အနှစ်(၅၀၀)ထိ အဆင့်ဆင့် ဆုတ်ယုတ်သွားပြီး ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက်ညံ့ဖျင်းသွား၏။ (အနှစ်တစ်ထောင်တန်းတွင် ဒုစရိုက် တရားဆယ်ပါးစလုံး ပေါ်ပေါက်နေပြီဖြစ်၏။)

(၈) လူ့သက်တမ်းအနှစ်(၅၀၀)သို့ရောက်လျှင် အဓမ္မရာဂ (မတရားတပ်မက်ခြင်း)၊ ဝိသမလောဘ (အလွန်အကျူးလိုချင်ခြင်း)နှင့် မိစ္ဆာဓမ္မ (မှားသောအကျင့်တရား) တရားဆိုး သုံးပါးဖြစ်ပေါ်လာ၏။ ထိုကာလ မိဘနှစ်ပါးတို့၏ သားသမီးများ သက်တမ်းသည် အနှစ်(၂၅၀)၊ (၂၀၀)ထိ အဆင့်ဆင့်ဆုတ်ယုတ်သွားပြီး ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက်ညံ့ဖျင်းသွား၏။

(၉) လူ့သက်တမ်းအနှစ်(၂၀၀)သို့ ရောက်သည့်အခါ (က)အမိ၊ (ခ) အဘ၊ (ဂ) ရဟန်းသံဃာ၊ (ဃ) သူတော်ကောင်း၊ (င)ကြီးသူတို့အပေါ်၌ ပြုသင့်ပြုထိုက် သော ကျင့်ဝတ်များ၊ ဂါရဝတရားများ ပျက်ကွက် ချို့ယွင်းလာ၏။ ထိုကာလ မိဘတို့၏သားသမီးများ သက်တမ်းသည် နှစ် (၁၀၀)ထိ အဆင့်ဆင့် ဆုတ်ယုတ် သွားပြီး ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် တစ်ဝက်ညံ့ဖျင်းသွား၏။

(၁၀) ဤသို့အားဖြင့် လူ့သက်တမ်း နှစ်တစ်ရာတန်းမှစ၍ ဒုစရိုက်တရားဆိုးများ အားလုံးတစ်စကစ်စ ပိုမိုတိုးပွားလာကြပြီး သုစရိုက်တရားများ ဆုတ်ယုတ်လာ ကြသောကြောင့် လူ့သက်တမ်းမှာ ၁၀နှစ်ထိ ကျဆင်းသွား၏။ လူတို့၏

http://www.dhammadownload.com

ရုပ်ဆင်းအင်္ဂါညံ့ဖျင်းသွားသည်မှာလည်း ဆိုဖွယ်ရာမရှိတော့ပေ။ လူသက်တမ်း (၁၀)နှစ်တန်းတွင် ၅ နှစ်အရွယ်၌ အိမ်ထောင်သားမွေး အမှုပြုကြလိမ့်မည်။

ထို (၁၀)နှစ်တန်းကာလတွင် ထောပတ်၊ ဆီဥ၊ ဆီ၊ ပျား၊ တင်လဲ၊ ဆား ဟူသော အရသာ (၆)မျိုးကွယ်ကုန်၏။ လူးဆန်မှဖြစ်သော ထမင်းကို အကောင်းဆုံး ထား၍ စားရမည်။ မြေဆီဩဇာများ ညံ့ဖျင်းခန်းခြောက်ကုန်၏။

ယင်းသက်တမ်းတွင် သုစရိုက်တရားဆိုသည်ကို နားမလည်ကြတော့ဘဲ ဒုစရိုက်တရားများသာ ထွန်းကားကုန်၏။ လူ့ကျင့်ဝတ်များအားလုံးကွယ်ပျောက်ကုန်၍ အမိ၊ မိကြီး၊ ဆရာ့မယားပါမကျန် အချင်းချင်း တိရစ္ဆာန်တို့ကဲ့သို့ ကာမဂုဏ်၌ ပြုကျင့်ကြကုန်၏။ ကိုယ်ချင်းစာတရားများ ဆိတ်သုဉ်းပြီး အချင်းချင်း သတ်ဖြတ်သည့် သတ္တန္တရကပ်ဆိုးကြီး ဆိုက်ရောက်ပြီး ဒုက္ခရောက်ကြကုန်အံ့။

သုစရိုက်နှင့်တက်ကပ်

၁။ လူ့သက်တမ်း (၁၀)နှစ်တန်း ဆုတ်ကပ်ကာလ၌ သတ္တန္တရကပ်ဆိုးကြီးမှ လွတ်မြောက်ကြကုန်သော သူတို့သည် အချင်းချင်းတွေ့ဆုံကြသောအခါ သံဝေဂတရားကြီးစွာရကြ၍ ပါဏာတိပါတာအမှုကို ရှောင်ကြဉ်ကြကုန်၏။ ထိုကာလ မိဘတို့မှ ဆင်းသက်လာသော သားသမီးများ၏ သက်တမ်းသည် အနှစ် (၂၀) သို့ တိုး၍ အသက်ရှည်ကြကုန်၏။ ရုပ်ဆင်းအင်္ဂါမှာလည်း မိဘတို့ထက် သာလွန်လှပကြ၏။

၂။ လူ့သက်တမ်းအနှစ် (၂၀)တန်းတွင် ဒုစရိုက်တရားများကို တစ်စတစ်စ ရှောင်ပြီး သုစရိုက်တရားများကို ကျင့်သုံးခြင်း၊ အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မတရားဆိုးများကို ရှောင်ကြဉ်ခြင်း၊ မိဝတ်၊ ဘဝတ်၊ ရဟန်းဝတ်၊ သူတော်ဓကောင်းဝတ်အစရှိသောကျင့်ဝတ်များ ကျေပွန်ခြင်း၊ ရိုသေမြတ်နိုးခြင်းအစရှိသော ကုသိုလ်တရားများ ပေါ်လာသောကြောင့် ထိုကာလမိဘများ၏ သားသမီးများ သက်တမ်းသည် နှစ် (၄၀)ထိ ရှည်ကြကုန်၏။ ရုပ်ဆင်းအင်္ဂါသည်လည်း မိဘတို့ထက် တစ်ဆတိုး၍ လှပကြကုန်၏။

၃။ ဤသို့အားဖြင့် ဒုစရိုက်တရားများမှေးမိုန်၍ သုစရိုက်တရားများ တစ်စတစ်စ ထွန်းကားလာကြသောကြောင့် လူ့သက်တမ်းသည် နှစ် ၄၀ မှ ၈၀၊ ၈၀မှ၁၆၀၊ ၁၆၀မှ ၃၂၀၊ ၃၂၀မှ ၆၄၀၊ ၆၄၀မှ ၂၀၀၀၊ ၂၀၀၀မှ ၄၀၀၀စသည်ဖြင့် ရှည်ကြကုန်၏။

http://www.dhammadownload.com

အနှစ် (၈၀၀၀)တန်းတွင် နှစ် (၅၀၀)အရွယ်ကျမှ အိမ်ထောင်ပြုကြကုန်၏။ ဤတက်ကပ်ကာလသည် သုစရိုက်တရားတို့သာ ထွန်းကားသောကြောင့် အနိဋ္ဌာရုံသောက၊ ဗျာပါဒတို့နည်းပါးကြပြီး ချမ်းသာသုခပြည့်စွာဖြင့် နေထိုင်ကြရကုန်၏။

မြတ်ဘုရားရှင်တို့ ပွင့်တော်မူသောအချိန်ကာလ

ဘုရားရှင်တို့မည်သည် လူ့သက်တမ်းတစ်သိန်းတန်းမှ တစ်ရာတန်းအကြားတွင်သာ ပွင့်တော်မူလေ့ရှိကြ၏။ အဘယ့်ကြောင့်ဆိုသော် လူ့သက်တမ်းတစ်သိန်းအငေါက်တွင် ပွင့်တော်မူပါက လူတို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားများကို မြင်ရခဲလှ၍ တရားတော်ကို နားလည်လက်ခံကြမည်မဟုတ်။ ထို့နည်းတူ လူ့သက်တမ်းတစ်ရာအောက်တွင် ပွင့်တော်မူပါက လူတို့တွင် လောဘ၊ ဒေါသ၊ မောဟတရားဆိုးများ ဖုံးလွှမ်းနေ၍ တရားတော်ကို နားလည်လက်ခံကြမည်မဟုတ်။ ထို့ကြောင့် ပွင့်တော်မူရန် အလွန်ခဲယဉ်းကြကုန်သော မြတ်စွာဘုရားရှင်တို့သည် သတ္တဝါတို့အတွက် အကျိုးမရှိနိုင်သော ယင်းအခြေအနေကာလမျိုးဌ ပွင့်တော်မူခြင်းမရှိကြပေ။

လက်ရှိ ဘဒ္ဒကမ္ပာ၏ နောက်ဆုံးပွင့်တော်မူသည့် ငါးဆူမြောက်သော အရိမေတ္တေယျ ဘုရားရှင်သည် လက်ရှိ ဆုတ်ကပ်ကြီးမှ တက်ကပ်သို့ ပြန်ရောက်ပြီး တက်ကပ်မှ တစ်ဖန်ဆုတ်ကပ်သို့ ပြန်လည်ရောက်ရှိသည့်အချိန်ကာလတွင် ပွင့်တော်မူမည် ဖြစ်ပါသည်။

သုညကမ္ပာ

ဘုရားရှင်တို့မပွင့်သော ဘုရားရှင်တို့မှ ဆိတ်သုဉ်းသော ကမ္ပာကို သုညကမ္ပာဟု ခေါ်၏။ ယင်းကမ္ပာတို့တွင် ဘုရားသာသနာတော်မရှိ၍ မဂ်ဖိုလ်နိဗ္ဗာန်ရသူမရှိ၊ တစ်နည်းအားဖြင့် အရိယာပုဂ္ဂိုလ်မရှိ။

အသုညကမ္ပာ

ဘုရားရှင်တို့ ပွင့်တော်မူကြသော၊ ဘုရားရှင်တို့မှ မဆိတ်သုဉ်းသော ကမ္ပာကို အသုညကမ္ပာဟု ခေါ်၏။ ယင်းကမ္ပာမျိုး တစ်ကမ္ပာတွင် ဘုရားရှင်တစ်ဆူမှ အများဆုံး ငါးဆူအထိသာ ပွင့်တော်မူကြ၏။ ဘုရားတစ်ဆူသာ ပွင့်တော်မူလျှင် သာရကမ္ပာ၊ ဘုရားနှစ်ဆူပွင့်တော်မူလျှင် မဏ္ဍကမ္ပာ၊ ဘုရားသုံးဆူပွင့်တော်မူလျှင် ဝရကမ္ပာ၊ ဘုရားလေးဆူပွင့်တော်မူလျှင် သာရမဏ္ဍကမ္ပာနှင့် ဘုရားငါးဆူပွင့်တော်မူလျှင် ဘဒ္ဒကမ္ပာဟူ၍ အသီးသီး ခေါ်ဆိုကြ၏။

http://www.dhammadownload.com

လက်ရှိကမ္ဘာသည် ဘဒ္ဒကမ္ဘာဖြစ်ပြီး ဘုရားလေးဆူပွင့်တော်မူပြီး ဖြစ်၏။ နောက်ဆုံးပွင့်တော်မူမည့် မြတ်ဘုရားရှင်မှာ အရိမေတ္တေယျ ဘုရားရှင်ပင်ဖြစ်သည်။

သုညကမ္ဘာသည် အသုညကမ္ဘာထက် မနှိုင်းယှဉ်သာအောင်ပို၍ များ၏။ ရှင်တော် ဂေါတမဗုဒ္ဓမြတ်စွာပါရမီကျင့်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် ဘုရား တစ်ဆူမှ ငါးဆူထိ ပွင့်တော်မူကြသော အသုညကမ္ဘာပေါင်းမှာ ၁၂ ကမ္ဘာသာရှိပါ၏။

လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း

ရှင်တော်ဂေါတမ ဗုဒ္ဓမြတ်စွာသည် ဘုရားလောင်းဘဝဖြင့် မဟာကပ်ကမ္ဘာပေါင်း လေးအသင်္ချေနှင့်တစ်သိန်းတိုင်အောင် ပါရမီတော်များ သူမတူအောင် ဖြည့်ကျင့်တော် မူခဲ့ရ၏။ အသင်္ချေဟူသောကိန်းဂဏန်းသည် တစ်နောက်သုညပေါင်း ၁၄၀ (၂၀x၇) ရှိသည်ဟု ကစ္စည်းသဒ္ဒါနှင့် အဘိဓာန်ကျမ်းတို့တွင် ဖော်ပြ၏။ ဒီပဝံသကျမ်းအလိုအရ မူ တစ်နောက် သုညပေါင်း ၁၁၂လုံး (၁၆x၇)ရှိသည်။

ဘုရားအလောင်းတော်တို့သည် သတ္တဝါအပေါင်းကို ဆင်းရဲခြင်းမှ လွတ်မြောက် စေလိုသော မဟာကရုဏာတော် ကြီးမားစွာဖြင့် ပါရမီတော်ဆယ်ပါးစလုံး တစ်ခုမကျန် အောင် အနည်းဆုံးလေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလတိုင် စည်းစိမ်ချမ်းသာနှင့် အသက်ခန္ဓာတို့ကို စွန့်၍ သူမတူအောင် ပင်ပန်းဆင်းရဲကြီးစွာ ဖြည့်ကျင့်တော်မူကြ ရ၏။

စကြဝဠာ

ကမ္ဘာလောကဓာတ်ကို တံတိုင်းပမာ ရစ်ဝိုင်းကာလျက်ရှိသော စကြဝဠာတောင် ဖြင့် ပိုင်းခြားအပ်သော ကျွန်းကြီးလေးကျွန်း၊ မြင်းမိုရ်ကစ်ခုဟု ဆိုအပ်သောဌာနကို စကြဝဠာဟု ခေါ်၏။ တစ်နည်းအားဖြင့် လောကဓာတ်ဟုလည်း ခေါ်သည်။ စကြဝဠာ သည် အဝိုင်းဖြစ်၍ ထိုစကြစဠာများ ဆက်ကာဆက်ကာ တည်ရှိနေရာအဆုံးမရှိ။ လင်ပန်းသုံးချပ်စပ်သောအခါ အလယ်၌ကွက်ကပ်ရှိသကဲ့သို့ စကြဝဠာသုံးခုဆုံမိသော အခါတိုင်း၌ ကွက်လပ်ရှိပေရာ ယင်းကွက်လပ်ကား လောကန္တရိတ်ငရဲ၏ တည်ရာ ဖြစ်၏။

ဤစကြဝဠာပတ်လည်၌ တည်နေသော စကြဝဠာတစ်သောင်းကား ဓာတိခေတ် မည်၏။ ဘုရားအလောင်းတော် ပဋိသန္ဓေတည်ရာ ဖွားမြင်ရာအခါ စသည်တို့နှင့်အတူ မြေငလျင်လှုပ်ခြင်း၊ နတ်ဗြဟ္မာအပေါင်း ဘုရားရှင်ထံ တရားလာနာခြင်း စသည်ဖြင့် အဖြစ်တူညီကြသော တွဲဖက်လောကဓာတ်များ ဖြစ်သည်။

http://www.dhammadownload.com

စကြဝဠာ ကုဋေတစ်သိန်းသည် အာဏာခေတ်မည်၏။ ဘုရားရှင်၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ပရိတ်တော်၏ အာဏာအရှိန်အဝါပျံ့နှံ့ရောက်ရှိရာနယ် ဖြစ်၏။ သို့သော် မြတ်ဘုရား၏ တရားတော်များကိုကား စကြဝဠာတစ်သောင်းမှ နတ်ဗြဟ္မာများကဲ့သို့ လာရောက်မနာယူနိုင်ပေ။

စကြဝဠာကုဋေတစ်သိန်း၏ ပြင်ပ၌ အဆုံးမရှိသော စကြဝဠာများကား ဝိသယ ခေတ်မည်၏။

ဒုလ္လဘတရားငါးပါး

ဒု- ခဲခဲယဉ်းယဉ်း၊ လဘ-ရအပ်သောအရာ (တစ်နည်းအားဖြင့်) လောကဥ္စ ရှိနိုင်ရန် အလွန်ခဲယဉ်းလှသော တရားငါးပါးဖြစ်၏။ ယင်းတို့မှာ-

၁။ ဗုဒ္ဓုပ္ပါဒဒုလ္လဘ- ဘုရားဖြစ်ရန်အလွန်ခဲယဉ်းခြင်း (သို့မဟုတ်) ဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက်ရန် အလွန်ခဲယဉ်းခြင်း၊

၂။ မနုဿတ္တဘာဝဒုလ္လဘ- လူဖြစ်ရန် အလွန်ခဲယဉ်းခြင်း၊

၃။ သဒ္ဓါသမ္ပတ္တိဘာဝဒုလ္လဘ- ကံကံ၏အကြောင်းနှင့် အကျိုးကို မမှိတ်မသုန် ယုံကြည်သည့် စေတနာသဒ္ဓါတရားဖြင့် ပြည့်စုံရန် အလွန်ခဲယဉ်းခြင်း၊

၄။ ပဗ္ဗဇိတဘာဝဒုလ္လဘ- ရဟန်းကောင်း ရဟန်းမြတ်တစ်ပါးဖြစ်ရန် အလွန်ခဲယဉ်းခြင်း၊

၅။ သဒ္ဓမ္မသဝနဒုလ္လဘ- ဘုရားအစရှိသော သူတော်ကောင်းတရားများကို ကြားနာလက်ခံသုံးဆောင်နိုင်ရန် အခဲယဉ်းတကာ့အခဲယဉ်းဆုံးဖြစ်ခြင်း။

လိပ်ကန်းထမ်းပိုးစွပ်မှု

ဗုဒ္ဓမြတ်စွာသည် အပါယ်ဘုံမှ သုဂတိဘုံသို့ ရောက်ရန် အလွန်ခဲယဉ်းပုံကို လိပ်ကန်းထမ်းပိုးစွပ်မှု ဥပမာဖြင့် ရဟန်းတို့အား ဟောကြားတော်မူခဲ့၏။

မဟာသမုဒ္ဒရာရေအတွင်း၌ မျက်စိနှစ်ဖက်လုံးကန်းနေသော လိပ်ငယ်တစ်ကောင်သည် ရောက်မိရောက်ရာ သွားလာနေရာ အနှစ်တစ်ရာမှတစ်ခါ၊ အနှစ်တစ်ထောင်မှ တစ်ခါသာ ဦးခေါင်းသည် ရေပေါ်သို့ ပေါ်၏။ ယင်းမဟာသမုဒ္ဒရာရေအတွင်း၌ပင်

http://www.dhammadownload.com

အပေါက်တစ်ခုသာ ရှိသော ထမ်းပိုးငယ်တစ်ခုသည် ရေပေါ်၌ မျောချင်ရာ မျောနေ၏။ ထို့ကြောင့် ယင်းမဟာသမုဒ္ဒရာရေအတွင်း၌ အဆိုပါလိပ်ကန်း၏ ဦးခေါင်းသည် ထမ်းပိုး၏အပေါက်၌ စွပ်မိရန်အလွန်ခဲယဉ်း၏။ သို့သော် ကပ်ကမ္ဘာသည်အလွန်ရှည်ကြာ၍ လိပ်ငယ်လည်းမသေ ထမ်းပိုးလည်း မဆွေးလျှင် စွပ်မိနိုင်ရန် အခွင့်ရှိသေး၏။ အပါယ်ဘုံသို့ တစ်ကြိမ်ရောက်ပြီး သူသည် သုဂတိသို့ ပြန်လည်ရောက်ရှိရန်မှာကား လိပ်ကန်းထမ်းပိုးစွပ်မှု အခွင့်အရေးထက် အဆပေါင်း ရာထောင်မက ပို၍ ခဲယဉ်းလှ၏။

ဤမျှ ခဲယဉ်းသော သုဂတိဘုံသို့ ရောက်ရပါသော်လည်း ဘုရားရှင်သာသနာတော်နှင့် တွေ့ကြုံနိုင်ရန် အလွန်ခဲယဉ်းပြန်၏။ ဘုရားရှင်သာသနာတော်နှင့် တွေ့ကြုံရသော်လည်း ဘုရားရှင်၏တရားတော်များကို ကြားနာလက်ခံ သုံးဆောင်နိုင်ဖို့လည်း ပို၍ ခဲယဉ်းပြန်၏။ အခဲယဉ်းတကာ့ အခဲယဉ်းဆုံးလည်းဖြစ်၏။

သို့ဖြစ်၍ ဘုရားရှင်သာသနာတော်နှင့် တွေ့ဆုံကြုံကြိုက်နေသည့် ယခုလို အခါ သမယမျိုးတွင် သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါးကို ဖြည့်ကျင့်၍ သုဂတိဘုံသို့ ရောက်ရန်၊ မဂ် ဖိုလ်ရရန် လွန်စွာကြိုးစားအားထုတ်သင့်ကြ၏။

ပါရမီ (၁၀)ပါး

ပါရမီဆိုသည်မှာ ဘုရားအလောင်းတော်ကြီးများ သူမတူအောင် ကဲလွန်ပြုကျင့်ဆည်းကပ်သောတရားများ၊ သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိဟူသော ဆုကြီး (၃)မျိုးအနက် တစ်ဆုဆုကို ပန်ဆင်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ရည်မှန်း၍ ပြုကျင့်ဆည်းပူးအပ်သောတရားများ၊ သံသရာတည်းဟူသော တစ်ဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်စေနိုင်သော တရားများကို ခေါ်၏။

တစ်နည်းအားဖြင့် မိမိအကျိုးအတွက် ငဲ့ကွက်လိုလားခြင်းမရှိဘဲ အများကောင်းကျိုးအတွက်လည်းကောင်း၊ သံသရာမှ လွတ်မြောက်ရေးအတွက်လည်းကောင်း၊ ပြုအပ်သော ကောင်းမှုများပင် ဖြစ်သည်။ ယင်းကောင်းမှုများဖြင့် မြင့်မြတ်သူဟု သိရသည် ဖြစ်ရာ မြင့်မြတ်သူဖြစ်ကြောင်း ဖြစ်ရာဟုလည်း အနက်ဖွင့်ဆိုကြသေး၏။ ဘဝကို အပြစ်မြင်၍ အများအပေါ်မှာ ကရုဏာ၊ မေတ္တာအားကြီးသော သူတော်ကောင်းတို့၏ အလုပ်လည်းမည်၏။

http://www.dhammadownload.com

ထိုတရားဆယ်ပါးတို့မှာ–

၁။ ဒါနပါရမီ – စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊
၂။ သီလပါရမီ – သီလစောင့်ထိန်းခြင်း၊
၃။ နေက္ခမ္မပါရမီ – လောကီစည်းစိမ်များကို စွန့်၍ တောထွက်ခြင်း၊
၄။ ပညာပါရမီ – အသိအလိမ္မာဉာဏ်ပညာဖြင့် ပြည့်စုံခြင်း၊
၅။ ဝီရိယပါရမီ – ကြီးမားသော လုံ့လဝီရိယရှိခြင်း၊
၆။ ခန္တီပါရမီ – လောကဓံကို သည်းခံခြင်း၊
၇။ သစ္စာပါရမီ – မချွတ်မယွင်း မှန်ကန်သောစကားကို ဆိုခြင်း၊
၈။ မေတ္တာပါရမီ – သတ္တဝါများ၏ အကျိုးကို ဖြစ်ထွန်းစေရန် မေတ္တာစိတ် ထားရှိခြင်း၊
၉။ အဓိဋ္ဌာန်ပါရမီ – မဖြစ်မနေ စွဲမြဲသည့် ဇွဲစိတ်ဖြင့် ဆောက်တည်ခြင်း၊
၁၀။ ဥပေက္ခာပါရမီ – ဆင်းရဲချမ်းသာကို လျစ်လျူရှုခြင်း။

(ဤနေရာ၌ လျစ်လျူရှုခြင်းဆိုသည်မှာ အာရုံမပြု၊ ဂရုမစိုက်ခြင်း မဟုတ်ဘဲ ဆင်းရဲမှု၊ ချမ်းသာမှုတို့ကို ကွဲလွဲမှုမရှိဘဲ တစ်သဘောတည်းထား၍ ရှုမြင်ဆင်ခြင်ခြင်း၊ သင့်တင့်အောင် ရှုမြင်ခြင်းကိုဆိုလို၏)

ဤပါရမီ(၁၀)ပါးကို ဖြည့်ရာတွင် သားမယား၊ ရွှေ၊ ငွေအစရှိသော အသုံးအဆောင်သက်ရှိသက်မဲ့ ဝတ္ထုတို့ကို မငဲ့ကွက်ဘဲ ဖြည့်ကျင့်လျှင် မြတ်သောပါရမီ၊ မိမိ၏လက်ခြေအစရှိသော ကိုယ်အင်္ဂကြီးငယ်တို့ကို မငဲ့ကွက်ဘဲ ဖြည့်ကျင့်လျှင် ပို၍ မြတ်သော "ဥပပါရမီ"၊ မိမိ၏အသက်ကိုပင် မငဲ့ကွက်ဘဲ ဖြည့်ကျင့်လျှင် အမြတ်ဆုံး ပြစ်သော "ပရမတ္ထပါရမီ"ဟု ခေါ်၏။ ပါရမီတစ်မျိုးတွင် (၁၀)ပါးစီရှိသဖြင့် ပါရမီသုံးမျိုးကွင် ပါရမီအပါ (၃၀)ရှိ၏။ ထိုကြောင့် ပါရမီဆယ်ပါး အပြားသုံးဆယ်ဟု ဆိုကြ၏။

ပါရမီတို့၏ ညစ်နွမ်းကြောင်းတရားများ

တဏှာ၊ မာန၊ ဒိဋ္ဌိအစရှိသော တရားတို့ဖြင့် ပါရမီတို့ကို ငါ၊ ငါ့စွာ၊ ငါလိပ်ပြာ စသည်ဖြင့် အလွဲလွဲအမှားမှာ သုံးသပ်ဆင်ခြင်ခြင်းသည် ပါရမီတို့၏ ညစ်နွမ်းကြောင်း တရားများတည်း။

http://www.dhammadownload.com

၁။ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့၌ ထွေလာစဉ်းစား အကြံများနေခြင်းသည် ဒါနပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်သည်။

(ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ မိမိ၌ထင်ရှားရှိသော ကောင်းဆိုးယုတ်မြတ် လှူဖွယ်ဝတ္ထုကို ရောက်ဆိုက်လာသူ အလှူခံပုဂ္ဂိုလ်တို့အား အယုတ်အမြတ် မရွေး လှူဒါန်းရာ၏။ ဤအလှူဝတ္ထုကား ညံ့နေ၍ မလှူချင်၊ အလွန်ကောင်းမြတ်နေ၍ မလှူနိုင်။ ဤအလှူခံပုဂ္ဂိုလ်ကား ဒုဿီလဖြစ်၍ မလှူနိုင် စသည်ဖြင့် လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့၌ ထွေလာစဉ်းစား အကြံများနေလျှင် ဒါနပါရမီ ညစ်နွမ်း၏ဟု ဆိုလိုသည်။)

၂။ သတ္တဝါနှင့်အချိန်အခါတို့၌ ထွေလာစဉ်းစား အကြံများနေခြင်းသည် သီလပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။ (သီလပါရမီဖြည့်ကျင့်လိုလျှင် သတ္တဝါမရွေး။ အချိန်အခါမရွေး ဖြည့်ကျင့်ရာ၏။ ဤမည်သော သတ္တဝါတို့၌သာ ပါဏာတိပါတမှု စသည်မှ ရှောင်ကြဉ်အံ့၊ ဤမည့်သောသတ္တဝါတို့၌ကား မရှောင်ကြဉ်အပ်၊ ဤအချိန်အခါ၌သာ သီလကို စောင့်အံ့၊ ဤအချိန်အခါကား မစောင့်အပ်ဟူ၍ သတ္တဝါနှင့်အချိန်အခါတို့၌ ထွေလာစဉ်းစား အကြံများနေလျှင် သီလပါရမီ ညစ်နွမ်း၏ဟု ဆိုလို၏။)

၃။ ကာမနှစ်ပါး၊ ဘဝသုံးပါးတို့၌ မွေ့လျော်ဖွယ်အနေဖြင့် ကြံစည်ခြင်း၊ ထိုကာမဘဝတို့၌ ငြိမ်းအေးမှု၌ မမွေ့လျော်ဖွယ်အနေဖြင့် ကြံစည်ခြင်းများသည် နေက္ခမ္မပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

၄။ ငါ၊ ငါ့စွာဟူ၍ မိစ္ဆာဝိတက်ပြောများ အကြံများခြင်းသည် ပညာပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

၅။ ထိနမိဒ္ဓနှင့် ဥဒ္ဓစ္စတရားများ ဖြစ်ပွားစေတတ်သည့် ဆုတ်နစ်ပျံ့လွင့်ကြောင်း အကြံအစည်များသည် ဝီရိယပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

၆။ မိမိ သူတစ်ပါး (ကိုယ်လူ၊ သူ့လူခွဲခြား) အကြံအစည်များခြင်းသည် ခန္တီပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

၇။ မမြင်၊ မကြား၊ မရောက်၊ မသိအပ်သောအရာတို့၌ မြင်၊ ကြား၊ ရောက်၊ သိသောအနေဖြင့်လည်းကောင်း၊ မြင်၊ ကြား၊ ရောက်၊ သိအပ်သောအရာတို့၌ မမြင်၊ မကြား၊ မရောက်၊ မသိအပ်သောအနေဖြင့်လည်းကောင်း၊ ကြံမှားခြင်းများသည် သစ္စာပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

http://www.dhammadownload.com

၈။ ဗောဓိသမ္ဘာရဖြစ်သည့်ပါရမီ၊ စာဂစရိယ ကုသိုလ်တရားတို့၌ အပြစ်အနေကြဲစည်ခြင်း၊ ထိုဗောဓိသမ္ဘာရ ကောင်းမှုတို့၏ ဆန့်ကျင်ဖက်ဖြစ်သော အကုသိုလ်တရားတို့၌ ဂုဏ်ကျေးဇူးကို ကြဲစည်ခြင်းများသည် အဓိဋ္ဌာနပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

၉။ မိမိအပေါ်၌ အစီးအပွားကို ရွက်ဆောင်သူ၊ မရွက်ဆောင်သူ (မိမိနှင့်သင့်မြတ်သူ၊ မသင့်မြတ်သူ) ဟူ၍ ထွေလာစဉ်းစား အကြံများခြင်းသည် မေတ္တာပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

၁၀။ ရောက်ဆိုက်တွေ့ကြုံ ထိုထိုအာရုံတို့၌ ကျင့်၊ အနိဋ္ဌခဲခြားအကြံများခြင်းသည် ဥပေက္ခာပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

ပါရမီတို့၏ ဖြူစင်ကြောင်းတရားများ

တဏှာ၊ မာန၊ ဒိဋ္ဌိစသည်တို့ဖြင့် မဖျက်ဆီးအပ်ခြင်းသည်လည်းကောင်း၊ ပါရမီတို့၏ ညစ်နွမ်းကြောင်း၌ ပြဆိုခဲ့ပြီးသော လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်စသည်တို့၌ ထွေလာစဉ်းစား အကြံမများခြင်းသည်လည်းကောင်း ပါရမီတို့၏ ဖြူစင်ကြောင်းတရားများဖြစ်ကြ၏။

ဘုရားအလောင်းတော်တို့မည်သည် အလုံးစုံသောပါရမီတို့ကို မိမိတို့၏ စည်းစိမ်ချမ်းသာ၊ မျက်စိ၊ ခြေ၊ လက်စသော ကိုယ်လက်အင်္ဂါများ၊ အသက်ခန္ဓာတို့ကို ပဓာနမထားဘဲ စွန့်လွှတ်ကြကုန်၍ ပါရမီညစ်နွမ်းမှု အလျဉ်းမရှိ၊ သတ္တဝါများအပေါ် ချမ်းသာစေကြောင်း မဟာကရုဏာတော်ဖြင့် ပါရမီတို့ကို ပကတိဖြူစင်စွာ ဖြည့်ကျင့်ဆည်းပူးကြကုန်သည်သာ ဖြစ်၏။

အရိယာ (၃)ပါး

အားကျကြည်ညိုဖွယ်ရာ လွန်စွာထူးခြားသော ပါရမီဖြည့်ကျင့်ပုံအကျင့်များဖြစ်၏။ ယင်းတို့မှာ-

၁။ လောကတ္ထစရိယ – အများသတ္တဝါတို့ ချမ်းသာရေးအကျိုးအတွက် မိမိ၏ပညာ၊ ဝီရိယစသည်တို့ဖြင့် ဆောင်ရွက်ပြုကျင့်ခြင်း၊

၂။ ဉာတတ္ထစရိယ – အဆွေအမျိုးတို့၏ ချမ်းသာရေးအကျိုးအတွက် မိမိ၏ပညာ၊ ဝီရိယစသည်တို့ဖြင့် ဆောင်ရွက်ပြုကျင့်ခြင်း၊

http://www.dhammadownload.com

၃။ ဗုဒ္ဓတ္ထစရိယ – သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်အောင် မိမိ၏ ပညာ၊ ဝီရိယစသည်တို့ဖြင့် ဆောင်ရွက် ပြုကျင့်ခြင်း။

ဗောဓိသုံးမျိုး

လောကုတ္တရာဖြစ်သော မဂ်ဉာဏ်လေးပါးနှင့် သဗ္ဗညုတဉာဏ်တော်ကို ဗောဓိဟု ခေါ်သည်။ ဗောဓိသုံးမျိုး (သို့မဟုတ်) ဗောဓိဉာဏ်သုံးမျိုးရှိ၏။ ယင်းတို့မှာ–

၁။ သာဝကဗောဓိဉာဏ် – တရားဟောကြားသည့်ဆရာရှိမှ သစ္စာလေးပါးကို သိမြင်ပြီး ကိလေသာတို့ကို ပယ်စွန့်နိုင်သော မဂ်ဉာဏ် (၄)ပါးကို ခေါ်၏။

၂။ ပစ္စေကဗောဓိဉာဏ် – ဆရာမကူ၊ မိမိကိုယ်တိုင်သစ္စာလေးပါးကို သိမြင်ပြီး ကိလေသာတို့ကို ပယ်စွန့်နိုင်သော မဂ်ဉာဏ် လေးပါးကို ခေါ်သည်။

၃။ သမ္မာသမ္ဗောဓိဉာဏ် – ဆရာဖြစ်သော မိမိကိုယ်တိုင် သစ္စာလေးပါးကို သိမြင်ပြီး ကိလေသာတို့ကို ပယ်စွမ်းနိုင်သည့် သတ္တိထူးရှိသော မဂ်ဉာဏ်လေးပါးနှင့်တကွ ဥယျာဓမ္မ (ခေါ်) သိမြင်အပ်သော တရားအားလုံး ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ် တော်ကို ခေါ်သည်။

ဗုဒ္ဓ (၃)မျိုး

၁။ သာဝကဗုဒ္ဓ – သာဝက ဗောဓိဉာဏ်ကို ရရှိတော်မူသော ပုဂ္ဂိုလ် မြတ်ကို ခေါ်သည်။ သာဝကဗုဒ္ဓ (ခေါ်) သဗ္ဗညုတ ဘုရား၏ တပည့်သားသာဝကတို့သည် သာဝက ဗောဓိဉာဏ်ကို ရရှိသည့်အပြင် ဆရာဟောကြား သည့်နည်းအတိုင်း သူတစ်ပါးတို့အားလည်း သစ္စာလေးပါးကို ဟောပြောနိုင်သည့်အတွက် "သမ္မာဗုဒ္ဓ"ဟူသော ဂုဏ်ထူးလည်း ရရှိနိုင်ကြ၏။

http://www.dhammadownload.com

၂။ ပစ္စေကဗုဒ္ဓ – ပစ္စေကဗောဓိဉာဏ်ကို ရရှိတော်မူသော ပုဂ္ဂိုလ်မြတ်ကို ခေါ်သည်။ ယင်းပုဂ္ဂိုလ်မျိုးသည် ဆရာမကူဘဲ ကိုယ်ပိုင်ဉာဏ် (သယမ္ဘူဉာဏ်)ဖြင့် သစ္စာလေးပါးတရားတို့ကို ထိုးထွင်းသိမြင်ကြသည့်အတွက် "သမ္ဗုဒ္ဓ"ဟူသော ဂုဏ်ထူးကို ရရှိကြသည်။ သို့သော် မိမိတို့သိမြင်ပြီးသော သစ္စာတရားတို့ကို သူတစ်ပါးတို့အား မဂ်ဖိုလ်ရသည်အထိ ဟောပြနိုင်စွမ်းမရှိ။

၃။ သမ္မာသမ္ဗုဒ္ဓ။ – သမ္မာသမ္ဗောဓိဉာဏ် (ခေါ်) သဗ္ဗညုတဉာဏ်တော်ကို ခေါ်သည်။ ဤဘုရားရှင်တို့သည် မိမိကိုယ်တော်တိုင်လည်း သယမ္ဘူဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူသောကြောင့် "သမ္ဗုဒ္ဓ"ဂုဏ်ထူးကို လည်းကောင်း၊ သူတစ်ပါးတို့အားလည်း ယင်းတို့၏အလိုနှင့် လျော်ညီစွာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသည်အထိ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်အောင် ဟောပြနိုင်စွမ်းရှိသောကြောင့် "သမ္မာဗုဒ္ဓ"ဟူသော ဂုဏ်ထူးကို လည်းကောင်း ရရှိတော်မူကြသည်။ ဤသို့ဂုဏ်ထူးနှစ်ရပ်ကို ပေါင်းစပ်၍"သမ္မာသမ္ဗုဒ္ဓ" ဟူသော ဂုဏ်ထူးတော်ကို ရရှိတော်မူကြသည်။

သာဝက (၃)မျိုး

မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်တောင့်တ အားထုတ်ကြသော သူတော်စင်များကို သာဝကဟု ခေါ်သည်။ အထူးသဖြင့် ဘုရားရှင်၏အလိုတော်အတိုင်း အမြဲကြိုးကုတ်အားထုတ်နိုင်ကြသော ရဟန်းသံဃာတော်များသည် ဗုဒ္ဓ၏သာဝက အစစ်များဖြစ်ကြပေသည်။ သာဝက (၃)မျိုးရှိပေရာ ယင်းတို့မှာ–

(၁) **ပကတိသာဝက** ။ ပညာနှင့် တန်ခိုးသတ္တိတို့၏ထူးချွန်မှုကို မတောင့်တဘဲ မဂ်ဖိုလ်နိဗ္ဗာန်အမြန်ရရှိရေးကိုသာ ဦးတည်ပြီး ကျင့်ကြံအားထုတ်ကြသော အရိယာသာဝကမျိုးဖြစ်၏။ မဂ်ဖိုလ်ရသည်အထိ ကျင့်ကြံအားထုတ်ကြသောအချိန်ကာလမှာ အကန့်အသတ်မရှိသော်လည်း ကျန်သာဝက နှစ်မျိုးလောက် ကာလမကြာဘဲ၊ မဂ်ဖိုလ်

http://www.dhammadownload.com

ရရှိနိုင်၏။ ပါရမီအနုအရင့်ကို လိုက်၍ မဂ်ဉာဏ်ရရှိရေး အနှေးအမြန် ကွာခြား ပါသည်။

(၂) **မဟာသာဝက ။** ပညာအားဖြင့်လည်းကောင်း၊ တန်ခိုးသတ္တိအားဖြင့် လည်းကောင်း စသည့် တစ်ခုခုဌ္ဌ အလွန်ထူးချွန်မှုကို ရည်သန်တောင့်တပြီး ကုသိုလ် ပါရမီများစွာကို ကမ္ဘာတစ်သိန်းတိုင် ကာလကြာမြင့်စွာ ဖြည့်ကျင့်ခဲ့ ၍ ဘုရားရှင် တို့၏ လက်ထက်တော်၌ ထူးခြားပြီး အလွန်အားကိုးအားထားပြုထိုက် အလေးအမြတ် ထားအပ်သော အရိယာသာဝက မထေရ်ကြီးများပင်ဖြစ်၏။ သဗ္ဗညု ဘုရားရှင်တိုင်း၏ အလွန်စိတ်ချယုံကြည်ရသော တပည့်သာဝကကြီးများလည်း ဖြစ်၏။

ဘုရားရှင်တိုင်းတွင် ပညာပိုင်းဆိုင်ရာတို့ဌ္ဌ ထူးချွန်သောလက်ယာတော်ရံ မဟာသာဝကမထေရ်ကြီး အပါး (၄၀)။ တန်ခိုးအရာတို့ဌ္ဌ ထူးချွန်သော လက်ဝဲ တော်ရံ မဟာသာဝကမထေရ်ကြီးအပါး (၄၀)၊ စုစုပေါင်းအပါး (၈၀)သော မဟာသာဝကမထေရ်ကြီးများ အခြံအရံရှိတော်မူ၏။

မဟာသာဝကမထေရ်ကြီးများသည် ဘုရားရှင်၏ သာသနာတော် ပြန့်ပွား ထွန်းကားရေးနှင့် သတ္တဝါများ အကျိုးဖြစ်ထွန်းစေရေးအတွက် ဘုရားရှင်အား များစွာ ကူညီစောင့်ရှောက်တော်မူနိုင်ကြသည်။ မိမိတစ်ဦးတည်း နိဗ္ဗာန်ချမ်းသာရရှိရေးကို ပဓာနမထားဘဲ သတ္တဝါများ နိဗ္ဗာန်ချမ်းသာ ရရှိနိုင်ရေးအတွက် ကြောင့်ကြအားထုတ် တော်မူခဲ့ကြသော ယင်းမထေရ်ကြီးများ၏ ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့ကြည်ညို သဒ္ဓါပွားအပ်ပေသည်။

(၃) **အဂ္ဂသာဝက။** ဘုရားရှင်မှလွဲ၍ သုံးလောကဌ္ဌ ပညာအရာ (သို့မဟုတ်) တန်ခိုးအရာတို့ဌ္ဌ အထူးချွန်၊ အသာလွန်ဆုံး၊ အမြင့်မြတ်ဆုံးကို ရည်သန်တောင့်တပြီး ကုသိုလ်ပါရမီများစွာတို့ တစ်အသေခံနှင့် ကမ္ဘာတစ်သိန်းတိုင် ဖြည့်ကျင့်ခဲ့ကြ၍ ဘုရားရှင်လက်ထက်တော်၌ လက်ယာတော်ရံ၊ လက်ဝဲတော်ရံအဖြစ် အားအကိုးရဆုံး၊ အလေးအမြတ်အပြုအပ်ဆုံးသော အရိယာသာဝကအကျော်နှစ်ပါးပင်ဖြစ်၏။ ဘုရားရှင် တစ်ဆူဌ္ဌ အဂ္ဂသာဝက နှစ်ပါးသာ ပေါ်ထွန်းနိုင်၏။

ဂေါတမဘုရားရှင်လက်ထက်တော်တွင် ဘုရားရှင်ကလွဲလျှင် ပညာအရာဝယ် အတုမရှိသည့် အရှင်သာရိပုတ္တရာကဲ့သို့သော အရှင်သူမြတ်ကို လက်ယာတော်ရံ အဂ္ဂသာဝကဟူ၍လည်းကောင်း၊ တန်ခိုးအရာဝယ် အတုမရှိ ကြီးမြတ်သည့် အရှင် မောဂ္ဂလာန်ကဲ့သို့သော အရှင်သူမြတ်ကို လက်ဝဲတော်ရံ အဂ္ဂသာဝကဟူ၍လည်းကောင်း ခေါ်၏။

http://www.dhammadownload.com

ဗုဒ္ဓဝင်တွင် ဘုရားရှင်၏ သာသနာပြုလုပ်ငန်းများ၌ ထိုအရှင်မြတ်နှစ်ပါး ဆောင်ရွက်တော်မူကြသည့် အခန်းကဏ္ဍတို့မှာ အလွန်များပြားပြီး သာသနာတော်မှာ နေလအသွင် ထွန်းလင်းတောက်ပတော်မူကြသော အဂ္ဂသာဝကကြီးများ၏ ဂုဏ်ကျေးဇူးတော်အနန္တ ကို လွန်စွာအောက်မေ့ ကြည်ညိုသဒ္ဓါပွားအပ်ပေသည်။

ပစ္စေကဗုဒ္ဓ

ပစ္စေကဗောဓိဉာဏ်ကို ရရှိတော်မူသော ပုဂ္ဂိုလ်မြတ်ကို ခေါ်သည်။ မြန်မာလို ပစ္စေကဗုဒ္ဓါဟူ၍လည်းကောင်း၊ ဘုရားငယ်ဟူ၍လည်းကောင်း ခေါ်ကြ၏။ ပစ္စေကဗုဒ္ဓါဘုရားတို့သည် ဆရာမကူဘဲ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်သာ သစ္စာလေးပါးတရားကို သိမြင်နိုင်သော်လည်း မိမိသိအပ်သော သစ္စာလေးပါးတရားကို သူတစ်ပါးတို့အား မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်သည်အထိ သိမြင်အောင် ဟောပြောနိုင်စွမ်း မရှိပေ။

ပစ္စေကဗုဒ္ဓါဘုရားတို့သည် ပစ္စေကဗုဒ္ဓ အလောင်းတော်ဘဝဖြင့် အနည်းဆုံး နှစ်အသခ္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်များ အဆက်မပြတ် ဖြည့်ကျင့်ခဲ့ကြရ၏။ မြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း ကာလတို့၌ ပွင့်တော် မမူကြဘဲ သာသနာပ ကာလတို့၌သာ တစ်ဆူနှစ်ဆူမှစ၍ ငါးရာတစ်ထောင် စသဖြင့် တစ်ချိန်တည်း မြောက်မြားစွာ ပေါ်ထွန်းနိုင်ကြ၏။ ထို့ပြင် အဖော်မပါဘဲ လူသူကင်းဝေးရာ တောတောင်လိုဏ်ဂူများ၌သာ နေထိုင်ခြင်းများကြသည်။

သတ္တဝါအပေါင်းတို့အား မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို မပေးစွမ်းနိုင်သော်လည်း လူ၊ နတ်ချမ်းသာကို ပေးစွမ်းနိုင်၏။ ဒါယကာတို့က စေတနာ သဒ္ဓါတရား ထက်သန်စွာ စိတ်ဖြင့် အာရုံပြု၍ ပင့်ဆောင်သည့်အခါတိုင်းနှင့် လူတို့အတွက် အကျိုးထူးမည့်အခါတိုင်း၌ ကြွရောက်ချီးမြှင့်ပေးတော်မူကြ၏။ ထိုအခါ ဒါယကာတို့က လိုရာဆုကို တောင်း၍ အရှင်မြတ်တို့က တောင့်တအပ်သောအရာဟူသမျှ ချက်ချင်းပြည့်ပါစေဟု ဆုပေးတော်မူလျှင် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာမှအပ တောင်းသောဆုများ (၇)ရက်အတွင်း ပြည့်စုံ၏။

ပစ္စေကဗုဒ္ဓါအလောင်းတော်တို့သည် သစ်ရွက်ကြွေခြင်း၊ သစ်ပင်များ ပျက်စီးခြင်းစသော ဖြစ်ပျက်နေသမျှ ဝတ္ထုအာရုံကလေးများကို မြင်တွေ့ရုံဖြင့်ပင် ထိတ်လန့်ခြင်း၊ သံဝေဂဉာဏ်ကိုရရှိကာ လက္ခဏာရေးသုံးပါးဖြင့် ဝိပဿနာဉာဏ် ရှုမြင်ဆင်ခြင်ပွားများကြသောအခါ မကြာမီ ပစ္စေကဗောဓိဉာဏ်တော်ကို ရရှိတော်မူကြသည်။ ဤဉာဏ်တော်ကို ရှိတော်မူသည်နှင့် တစ်ပြိုက်နက် သင်္ခန်း အစရှိသည့် ပရိက္ခရာ

http://www.dhammadownload.com

အစုံတို့ဖြင့် ရဟန်းအသွင်ကို အလိုအလျောက် ရရှိတော်မူကြ၏။ သာသနာတော်ကွယ်ပျောက်ခြင်း လူ၊ နတ်၊ ဘဝဖြစ်ရလျှင် သမ္မာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်ဖြစ်ပြီး ပစ္စေကဗုဒ္ဓါဘုရားတို့အား ဖူးမြော်ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့်ရရှိရန် ဆုတောင်းသင့်ကြ၏။

မြတ်ဘုရားရှင်အောက် အကောင်းဆုံးဗောဓိဉာဏ်ရှင် ပစ္စေကဗုဒ္ဓါများပင်လျှင် ရုပ်၊ နာမ် တစ်စိတ် တစ်ဒေသကိုသာ သိမြင်တော်မူနိုင်ကြ၏။ ထိုအရှင်တို့ကား ကိုယ်သန္တာန် ရှိ တရားစုကိုသာ သိတန်သလောက်သိကြ၍ သူတစ်ပါးသန္တာန်ရှိ ရုပ်၊ နာမ် ဗဟိဒ္ဓ တောတောင်ရေမြေစသည်တို့ ရုပ်ဓာတ်ဖြစ်ပျက်ပုံတို့ကိုကား ဗုဒ္ဓမြတ်စွာကဲ့သို့ မသိနိုင်ကြပေ။

ဘုရားအဖြစ်ဆုတောင်းပြည့်ရန်အင်္ဂါ (၈)ပါး

ဘုရားအဖြစ်ကို ရရှိနိုင်ရန် ဆုပန်ကြသူများ ပြည့်စုံကြရမည့် အင်္ဂါရပ်များမှာ-

(၁) လူသားစစ်စစ်ဖြစ်ရခြင်း၊

(၂) ယောကျ်ားစစ်စစ် ဖြစ်ရခြင်း၊

(၃) ဆုတောင်းချိန်တွင် ရဟန္တာဖြစ်နိုင်လောက်သည့် အကြောင်းပါရမီပြည့်စုံနေခြင်း၊

(၄) သက်တော်ထင်ရှား ဘုရားတစ်ဆူဆူ အထံတော်၌သာ ဆုပန်ရခြင်း၊

(၅) ဆုပန်သူသည်ရသေ့၊ ရဟန်းတစ်မျိုးမျိုးဖြစ်ရခြင်း၊

(၆) ဈာန်သမာပတ် (၈)ပါးရရှိနေသူဖြစ်ရခြင်း။

(၇) မြတ်စွာဘုရားရှင်တို့အား အသက်ကိုပင် စွန့်လှူထားရခြင်း၊

(၈) ဘုရားဖြစ်ရန် ကြီးမားသောဆန္ဒ၊ ဝီရိယရှိရခြင်း။

ဂေါတမဗုဒ္ဓဘုရားလောင်းဆုပန်ခြင်း

ဂေါတမဗုဒ္ဓဘုရားလောင်းသည် (၂၀)အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ဘုရားရှင်ပေါင်း (၅၁၂၀၂၇)ဆူ တို့ထံတွင် စိတ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ပါးလုံးဖြင့်လည်းကောင်း ဖူးမြော်ပြီး ဘုရားဆုပန်ဆင်ခဲ့၏။ ဂေါတမဘုရားလောင်းသည် ဘုရားဆုကို စိတ်ဖြင့်သာ ကြဲစည်တောင့်တခဲ့သော ကာလမှာ (၇)အသင်္ချေဖြစ်ပြီး၊ ထိုကာလအတွင်း ဘုရားရှင်ပေါင်း(၁၂၅၀၀၀) ပွင့်တော်မူခဲ့ကြ၏။ နှုတ်ဖြင့် ဘုရားဆုပန်ခဲ့သော ကာလမှာ (၉) အသင်္ချေ ဖြစ်ပြီး ထိုကာလအတွင်း ဘုရားရှင်ပေါင်း (၃၈၇၀၀၀) ပွင့်တော်မူ ခဲ့ကြ၏။ ဤ (၁၆)-အသင်္ချေကာလအတွင်း ဘုရားရှင်ပေါင်း (၅၁၂၀၀၀) ဆူပွင့်တော်မူခဲ့ကြ၏။

http://www.dhammadownload.com

ဂေါတမဗုဒ္ဓဘုရားလောင်းသည် ထိုဘုရားရှင်များထံမှ ဘုရားဆုပန်ဆင်ခဲ့သော်လည်း နောင်အခါတွင် ဘုရားဖြစ်လိမ့်မည်ဟူသော ဘုရားရှင်တို့၏ ဗျာဒိတ်တော်ကို မရရှိခဲ့ပေ။ ဘုရားအဖြစ် ရရှိရန် ကိုယ်စိတ်နှစ်ပါးလုံးဖြင့် ကြိုးစည်တောင့်တဆုပန်ခဲ့သော လေးသင်္ချေကာလအတွင်း ဘုရားရှင်ပေါင်း (၁၃)ဆူ ပွင့်တော်မူခဲ့ပြီး ဆက်လက် ၍ ကမ္ဘာတစ်သိန်း ကာလအတွင်း ဘုရားရှင်ပေါင်း (၁၆)ဆူ ပွင့်တော်မူကြသဖြင့် စုစုပေါင်း (၂၉)ဆူ ပွင့်တော်မူကြ၏။ (ဤတွင် ဂေါတမဗုဒ္ဓဘုရားနှင့် လက်ရှိဘဒ္ဒကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူသည့် အရိမေတ္တေယျဘုရားရှင်တို့ကို နှုတ်လျှင် (၂၇)ဆူကျန်ရှိပါသည်။)

ဂေါတမဗုဒ္ဓဘုရားအလောင်းတော်သည် နောက်ဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ဘုရားရှင် (၂၇)ဆူထံတွင် ဘုရားဆကျိုးပန်ဆင်ခဲ့ရာ၌ ရှေးဦးစွာ ပွင့်တော်မူခဲ့ကြသည့် တဏှင်္ကရဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာ ဘုရားသုံးဆူတို့ထံမှ နောင်အခါတွင် ဘုရားဖြစ်လိမ့်မည်ဟူသော ဗျာဒိတ်တော်ကို မရရှိခဲ့ဘဲ ဒီပင်္ကရာဘုရားရှင်မှစ၍ ကဿပဘုရားရှင်အထိ နှစ်ကျိပ်လေးဆူကုန်သော ဘုရားရှင်များထံမှသာ ဗျာဒိတ်တော်များ ရရှိခဲ့ပါသည်။

ထို့ကြောင့် ရှေးပညာရှိများစီစဉ်အပ်သော သမ္ဘာဒ္ဓေဘုရားရှိခိုးဂါထာတော်ကြီးတွင် ပါဝင်သော ဘုရားရှင်ပေါင်း ၅၁၂၀၅ ဆူဆိုသည်မှာ ဂေါတမဗုဒ္ဓဘုရားလောင်းစိတ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ပါးဖြင့်လည်းကောင်း ဘုရားဆုပန်ခဲ့သော ဘုရားရှင်ပေါင်း ၅၁၂၀၂၇ ဆူနှင့် ဂေါတမဗုဒ္ဓဘုရားရှင်တို့ ဖြစ်ပါသည်။

ဗျာဒိတ်

သက်တော်ထင်ရှား ဘုရားရှင်တော်မြတ်က အထူးပိုင်းခြား၍ ဟောတော်မူခြင်းပင်ဖြစ်သည်။

နိယတဗျာဒိတ်တော်

ဤသူကား ဤမည်သောကမ္ဘာ၌ ဤအမည်ဖြင့် ဘုရားစင်စစ်ဧကန်ဖြစ်လတ္တံ့ဟု တစ်ဆူဆူသော သက်တော်ထင်ရှားရှိသည့်ဘုရားရှင်က အတိအကျ မိန့်ကြားတော်မူခြင်း ဖြစ်၏။

နှစ်ကျိပ်ရှစ်ဆူ

ဂေါတမဗုဒ္ဓဘုရားလောင်း ကိုယ်စိတ်နှစ်ပါးလုံးဖြင့် ဘုရားဆုပန်ခဲ့ပြီး ပါရမီတော်များ သူမတူအောင် ဖြည့်ကျင့်ခဲ့ရသော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း

http://www.dhammadownload.com

ပွင့်တော်မူခဲ့ကြသော ဘုရားရှင်ပေါင်း (၂၇)ဆူနှင့် ဂေါတမဗုဒ္ဓဘုရားရှင် ထည့်ပေါင်း လျှင် ဘုရားရှင်ပေါင်း (၂၈)ဆူရှိပါသည်။

ယင်းဘုရားရှင်တို့မှာ (၁) တဏှင်္ကရာဘုရား၊ (၂) မေဓင်္ကရာဘုရား၊ (၃) သရဏင်္ကရာဘုရား၊ (၄)ဒီပင်္ကရာဘုရား၊ (၅) ကောဏ္ဍညဘုရား၊ (၆) မင်္ဂလဘုရား၊ (၇) သုမနဘုရား၊ (၈) ရေဝတဘုရား၊ (၉) သောဘိတဘုရား၊ (၁၀) အနောမဒဿီဘုရား၊ (၁၁) ပဒုမဘုရား၊ (၁၂) နာရဒဘုရား၊ (၁၃) ပဒုမုတ္တရဘုရား၊ (၁၄) သုမေဓာဘုရား၊ (၁၅) သုဇာတာဘုရား၊ (၁၆) ပိယဒဿီဘုရား၊ (၁၇) အတ္ထဒဿီဘုရား၊ (၁၈) ဓမ္မဒဿီဘုရား၊ (၁၉)သိဒ္ဓတ္ထဘုရား၊ (၂၀)တိဿဘုရား၊ (၂၁) ဖုဿဘုရား၊ (၂၂) ဝိပဿီဘုရား၊ (၂၃) သိခီဘုရား၊ (၂၄) ဝေဿဘူဘုရား၊ (၂၅) ကကုသန္ဓဘုရား၊ (၂၆) ကောနာဂမနဘုရား၊ (၂၇)ကဿပဘုရား၊ (၂၈)ဂေါတမဘုရားရှင်တို့ ဖြစ်ကြပါသည်။

ဗျာဒိတ်ရအလောင်းတော်တို့ မဖြစ်ရသောအရပ် (၁၈)ပါး

၁။ ပဋိသန္ဓေမှ မကန်းခြင်း၊

၂။ ပဋိသန္ဓေမှနားမပင်းခြင်း၊

၃။ မရူးမပေါမသွပ်ခြင်း၊

၄။ အရိယိုခြင်းမရှိ၊

၅။ မဆွံ့မအခြင်း၊

၆။ မိလက္ခုမျိုးဌာနမဖြစ်ခြင်း၊

၇။ ကျွန်မဝမ်းဌာနမဖြစ်ခြင်း၊

၈။ မိစ္ဆာဒိဋ္ဌိအယူဝါဒမရှိခြင်း၊

၉။ လိင်အသွင်မပြန်ခြင်း၊

၁၀။ ပဉ္စာနန္တရိယကံကြီးမပြုလုပ်ခြင်း၊

၁၁။ နုနာမဖြစ်ခြင်း၊

၁၂။ တိရစ္ဆာန်မျိုးဌာန ငုံးအောက်မငယ်၊ ဆင်ထက်အကြီးမဖြစ်ခြင်း၊

၁၃။ ပြိတ္တာ၊ အသူရကာယ်မျိုးတို့ဌာန မဖြစ်ခြင်း၊

၁၄။ ငရဲဌာန မဖြစ်ခြင်း၊

http://www.dhammadownload.com

၁၅။ နတ်တို့တွင် မာရ်နတ် မဖြစ်ခြင်း၊

၁၆။ ရူပဘုံတွင် အသညသတ် သုဒ္ဓါဝါသဘုံတို့၌ မဖြစ်ခြင်း၊

၁၇။ အရူပဘုံ၌ မဖြစ်ခြင်း၊

၁၈။ ဤစကြဝဠာမှတစ်ပါး အခြားသောစကြဝဠာတို့၌ မဖြစ်ခြင်း။

သုမေဓာရှင်ရသေ့ဘုရားဆုပန်ခြင်း

ဂေါတမဗုဒ္ဓဘုရားအလောင်းတော်သည် ဤရွှေ့ဤမျှဟု တွက်ဆမှတ်သားခြင်း ၄၁ မစွမ်းနိုင်သော မဟာကပ်ပေါင်း အသင်္ချေယျတို့တွင် ဘုရားဖြစ်လိုသော ဆန္ဒတော်ကြီးမားစွာဖြင့် သုံးဆယ်သောပါရမီနှင့် ငါးလီသော ပရိစ္စာဂတို့ကို တစ်စတစ်စ ဖြည့်ကျင့်တော်မူခဲ့၏။

နောက်ဆုံး လေးအသင်္ချနှင့် ကမ္ဘာတစ်သိန်းကာလအတွင်းတွင် ဒီပင်္ကရာဘုရားရှင် လက်ထက်တော်၌ သုမေဓာရှင်ရသေ့ဘဝကို ရရှိတော်မူခဲ့သည်။ သုမေဓာရှင်ရသေ့သည် ကမ္မဋ္ဌာန်းဘာဝနာကို အလွန်ကြိုးစားပွားများသဖြင့် စျာန်နှင့်အဘိဉာဏ်ကို ရရှိလေ၏။ (စျာန်ရလျှင် သေလွန်သည့်အခါ ဗြဟ္မာဘုံသို့ လားပြီး အဘိဉာဏ်ရလျှင် ဤဘဝမှာပင် မြေလျှိုးမိုးပျံစသော တန်ခိုးများရရှိ၏။ စျာန်ရပြီး ဆက်လက်ကြိုးစားမှ အဘိဉာဏ်ကို ရသည်။)

တစ်နေ့တွင် ရမ္မာမြို့သူမြို့သားတို့သည် ဒီပင်္ကရာမြတ်စွာဘုရားနှင့် ရဟန္တာ လေးသိန်းကို ဆွမ်းကပ်လှူရန်ပင့်ဖိတ်၍ ဘုရားရှင်ကြွလာမည့်လမ်းကို ပြင်ဆင်ကြသည်။ သုမေဓါရှင်ရသေ့လည်း လမ်းတစ်နေရာရှိ ရွှံ့ညွန် ရှိသောလမ်းကို မိမိတန်ခိုးတော်ဖြင့် မြေဖို့လျှင် ရရှိနိုင်သော်လည်း ကိုယ်ဖြင့်ရင်း၍ လုပ်ဆောင်ရမှ အားရကျေနပ်တော်မူသဖြင့် မြေထမ်း၍ လမ်းဖို့လေ၏။ မြေဖို့၍မပြီးမီ ဘုရားရှင်နှင့် ရဟန္တာများ ကြွလာတော်မူသောအခါ ရှင်ရသေ့သည် ရွှံ့ညွန်ပေါ်တွင် မိမိကိုယ်ကို ဝပ်စင်း၍ တံတားခင်းပေးတော်မူခြင်းဖြင့် အသက်ကိုစွန့်၍ ရဲဝံ့စွာ ကြိုဆိုတော်မူ၏။

ဤနောက် ရှင်ရသေ့သည် "ငါကား ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်လိုလျှင် ဘုရားရှင်၏ နောက်တော်ပါ သံဃာတော်များ၏ နောက်က ရဟန်းတစ်ပါး အဖြစ် လိုက်ပါသွားနိုင်သော အရည်အချင်းရှိ၏။ သို့သော် သတ္တဝါများကို ကယ်တင်နိုင်လောက်အောင် အစွမ်းသတ္တိရှိပါလျက် တစ်ကိုယ်တည်း အလွတ်ရုန်း သွားခြင်းကား မသင့်လျော်ခြင်းကြောင့် ဒီပင်္ကရာဘုရားရှင်ကဲ့သို့ ဘုရားတစ်ဆူဖြစ်အောင် ငါကြိုးစားတော့မည်"ဟု စိတ်၌ အဓိဋ္ဌာန်ကာ ဘုရားရှင်ထံ ဘုရားဆုပန်၏။ ထိုအခါ

http://www.dhammadownload.com

ဒီပင်္ကံရာဘုရားရှင်သည် ရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍ "အသက်ကိုစွန့်၍ ကိုယ်ခန္ဓာကို တံတားကဲ့သို့ ခင်းနေသော ဤရသေ့ကား ငါဘုရားကဲ့သို့ နောင်ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားတစ်ဆူဖြစ်လိမ်မည်" ဟု နိယတဗျာဒိတ်ပေးတော်မူ၏။ ဗျာဒိတ်တော် ပေးပြီးနောက် ဘုရားရှင်နှင့် ရဟန္တာအပေါင်းတို့သည် ရှင်ရသေ့အပေါ် နင်းတော်မမူဘဲ ရှောင်လွှဲ၍ ကြွတော်မူကြ၏။

ထို့နောက် ရှင်ရသေ့သည် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူပြီး ဘုရားဖြစ်ကြောင်း တရားကောင်းများကို ဆင်ခြင်တော်မူသောအခါ ဒါန၊ သီလစသော ပါရမီ(၁၀)ပါးကို အစဉ်အတိုင်းမြင်၍ အပြန်ပြန်အလှန်လှန် ဆင်ခြင်တော်မူသည်။ ဤသို့ ဘုရားအလောင်း တော်၏ ဆင်ခြင်သော ဉာဏ်စွမ်းကြောင့် မြေငလျင်ပြင်းစွာ တုန်လှုပ်လေ၏။

ဘုရားလောင်းနတ်သား ပဋိသန္ဓေယူခြင်း

ဘုရားလောင်းသည် အလောင်းတော်ဘဝဖြင့် ဘဝပေါင်းများစွာ ဖြတ်သန်းပြီးနောက် ဝေဿန္တရာမင်းကြီးဘဝမှ စုတေသော် တုသိတာနတ်ပြည်ဝယ် သေတကေတု အမည်ရှိသော နတ်မင်းဖြစ်၍ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်လေးထောင်ခန့် နတ်စည်းစိမ်ခံစား၍နေစဉ် စကြဝဠာတိုက် တစ်သောင်းအတွင်းရှိ နတ်ဗြဟ္မာ အပေါင်းတို့က အလောင်းတော်နတ်သားအား ဘုရားဖြစ်ချိန်တန်ပြီဖြစ်၍ လူပြည်သို့ သွားရောက်ကာ ဘုရားအဖြစ် ခံယူတော်မူပါရန် တောင်းပန်လျှောက်ထားကြလေသည်။

ထိုအခါ အလောင်းတော်နတ်သားသည် ဘုရားပွင့်တော်မူရန် ချိန်ခါ သင့်မသင့် အောက်ပါအတိုင်း ကြည့်ခြင်း၌ ပါးကို ကြည့်တော်မူ၏။

(၁) **ဘုရားဖြစ်ထိုက်သောကာလ။** လူတို့၏ အသက်တစ်သိန်းတမ်းမှ သည်အသေခံသက်တမ်းကာလသည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့ ကာလဝေးကွာ၍ လက္ခဏာရေးသုံးပါး တရားစကားကို ဟောပြောကြားသော်လည်း မယုံကြည်နိုင်ကြ၍ အကျိုးမဲ့ကာလဖြစ်၏။ လူတို့၏ သက်တမ်းတစ်ရာ အောက်သည်လည်း သတ္တဝါတို့ ကိလေသာထူပြော၍ လောဘ၊ ဒေါသ၊ မောဟတရားတို့အားကြီးရကား တရားဒေသနာတော်များနှင့်အညီ လိုက်နာကျင့်ကြံနိုင်ကြမည် မဟုတ်၍ အကျိုးမဲ့ကာလဖြစ်ပြန်၏။ ဤကာလနှစ်ပါးသည် မြတ်စွာဘုရားတို့ ဖြစ်မြဲကာလမဟုတ် လူတို့၏သက်တမ်းတစ်သိန်းအောက်မှ တစ်ရာတန်းအထိ ကာလသာလျှင် ဘုရားဖြစ်ထိုက်သော ကာလဖြစ်သည်။

http://www.dhammadownload.com

(၂) **ဖြစ်ရာဒီပ။** ဝိတ္ထာရအချင်းအားဖြင့် ယူဇနာတစ်သန်းနှစ်သိန်းသုံးထောင့် လေးရာ ငါးဆယ်ကျယ်သော စကြဝဠာအတွင်း၌ သင်းပင်းငါးရာစီ ငါးရာစီဝန်းရံသော ကျွန်းငယ်များနှင့်တကွရှိသော ဒီပလေးရပ်တွင် မြင်းမိုရ်တောင်မှ လက်ယာဝယ် ယူဇနာတစ်သောင်းရှိသော ဇမ္ဗူဒီပ်ကျွန်းသည်သာ မြတ်ဘုရားတို့ပွင့်တော်မူရာ ဒီပဖြစ်သည်။

(၃) **ဖြစ်ရာအရပ်။** ထိုကျွန်းတွင်လည်း တောနေသုံးထောင်၊ ရေနေလေးထောင်၊ လူနေသုံးထောင်ရှိသည်တွင် လူနေသုံးထောင်၏အလယ်၌ တောင်မြောက် အလျားအားဖြင့် ယူဇနာသုံးရာအရှေ့အနောက်အနံအားဖြင့် ယူဇနာနှစ်ရာငါးဆယ်၊ အဝန်းယူဇနာကိုးရာရှိပြီး အရှေ့အရပ်၌ ဂဇင်္ဂလနိဂုံးရွာ၊ အရှေ့တောင်အရပ်၌ သလ္လဝတီမြစ်၊ တောင်အရပ်၌ သေတကဏ္ဍိကနိဂုံးရွာ၊ အနောက်အရပ်၌ ထူဏမည်သော ပဏ္ဏားရွာ၊ မြောက်အရပ်၌ ဥသိရဒ္ဓဇတောင် ဤနိမိတ်ငါးပါးဖြင့် သတ်မှတ်အပ်သော မဇ္ဈိမဒေသဌာနသာလျှင် ဘုရားရှင်တို့ ပွင့်တော်မူရာ အရပ်ဖြစ်၏။

(၄) **ဖြစ်ရအံ့သောအမျိုးအနွယ်။** လူမျိုးလေးပါးတို့တွင် မင်းနှင့် ပုဏ္ဏားမျိုးတို့သည်သာ လူတို့အမြတ်တနိုးကိုးကွယ် ရိုသေရာဖြစ်၍ ဘုရားရှင်တို့ဖြစ်ကြကုန်၏။ ဤ (၂)မျိုးတွင် ယခုအချိန်သည် မင်းမျိုးသာလွန်စွာ သင့်မြတ်၏။ မင်းမျိုးတွင်လည်း သက္ကတိုင်း ကပိလဝတ်ပြည်ကို အစိုးရသော သုဒ္ဓါဒန မင်းကြီးသည်သာ အမြင့်မြတ်ဆုံး ဖြစ်ချေ၏။

(၅) **မယ်တော်၏ အာယုပရိစ္ဆေဒ။** ထိုမင်း၏ မိဖုရားသည်လည်း လော်လည်ခြင်းငါးပါး၊ မာန်မူခြင်းကိုးပါး၊ အယုတ်တရားတို့မှကင်းလျက် မကျိုးမပျက်အောင် ငါးပါးသီလရှိရကား ဘုရားအလောင်းတော်၏ အမိဖြစ်ထိုက်၏။ အာယုပရိစ္ဆေဒလည်း ဆယ်လ၏အထက်၌ (၇)ရက်သာ ကြွင်းတော့သည်။

ဘုရားလောင်း နတ်သားသည် ကြည့်ခြင်းငါးပါးကို ကြည့်၍ ပြည့်စုံနေသည်ကို မြင်လျှင် နတ်၊ ဗြဟ္မာအပေါင်းတို့၏ လျှောက်ထားချက်ကို လက်ခံကာ နတ်အပေါင်းခြံရံလျက် နန္ဒဝန်အမည်ရှိသော နတ်ဥယျာဉ်သို့ဝင်ပြီး စုတေတော်မူ၏။

ထို့နောက် မဇ္ဈိမဒေသ သက္ကတိုင်း ကပိလဝတ်ပြည် သာကီဝင်မင်းမျိုးဖြစ်သော သီရိသုဒ္ဓါဒနမင်းကြီး၏ မိဖုရားခေါင် တောင်ညာဒေဝီဖြစ်သည့် သီရိမဟာမာယာ၏ ဝမ်း၌သတိသမ္ပဇဉ် မကင်းဘဲ စွဲလန်းသန္ဓေတည်နေတော်မူ၏။ အလောင်းတော်သန္ဓေယူသောအချိန်မှာ မဟာသက္ကရာဇ် (၆၇)ခုနှစ်၊

http://www.dhammadownload.com

ဝါဆိုလပြည့်၊ ကြာသပတေးနေ့ သန်းခေါင်ယံအချိန်တွင်ပင် ဖြစ်ပါသည်။ ဤအချိန်တွင် ကမ္ဘာလောကၦ နတ်တို့၏အာနုဘော်ကိုပင် လွန်သော အလွန်ထူးကဲ သည့် အရောင်အလင်းပေါ်လာခြင်းနှင့် စကြဝဠာတစ်သောင်း အမျိုးမျိုး အဖုံဖုံတုန်လှုပ်ခြင်း၊ ဘုရားလောင်းနှင့် မယ်တော်ကို နတ်သားလေးယောက် အရပ်လေးမျက်နှာမှ စောင့်ရှောက်လာခြင်းတို့ ဖြစ်၏။

ဘုရားလောင်း ပဋိသန္ဓေတည်သည့်နေ့မှစ၍ မယ်တော်မှာ ပကတိအားဖြင့် သီလဖြင့် ပြည့်စုံခြင်း၊ ယောကျ်ားတစ်ပါးၦ ကာမစိတ်မဖြစ်ခြင်းနှင့် ယောကျ်ား တစ်ပါးက မလွန်ကျူးနိုင်ခြင်း၊ ဝတ္ထုအာရုံများကို လိုလေသေးမရှိ ပြည့်စုံပျော်ရွှင် ရခြင်း၊ မယ်တော်မှာ ရောဂါလုံးဝကင်းလျက် မပင်မပန်းချမ်းသာစွာ မိမိဝမ်းအတွင်း က အလောင်းတော်ကလေးကို အပြင်မှ မြင်လျက်ရှိခြင်း စသည်တို့ ဖြစ်ပေါ်၏။

လော်လည်ခြင်း (၅)ပါး

မိန်းမတို့ ပျက်စီးကြောင်းတရားငါးပါးဖြစ်၍ ဘုရားအလောင်းတော်၏ မယ်တော်သည် ဤတရားငါးပါးမှ ကင်းရှင်းရ၏။ ယင်းတို့မှာ–

၁။ အာဟာရလောလ = စားသောက်မှု၌ လော်လည်ခြင်း၊
၂။ အလင်္ကာရလောလ = အဝတ်တန်ဆာဆင်ယင်မှု၌ လော်လည်ခြင်း၊
၃။ ပရပုရိသလောလ = ယောကျ်ားတစ်ပါးၦ လော်လည်ခြင်း၊
၄။ ဓနလောလ = ပစ္စည်းဥစ္စာတို့၌ လော်လည်ခြင်း၊
၅။ ပါဒလောလ = ထိုထိုဤဤသွားလာမှု၌ လော်လည်ခြင်း။

မာန်မူခြင်း (၉)ပါး

ရှောင်ကြဉ်အပ်သော ဘဝင်မြင့်ကြောင်း မာန်ယစ်ကြောင်းတရားများဖြစ်၍ ဘုရားအလောင်းတော်၏ မယ်တော်သည် ဤတရားကိုးပါးမှ ကင်းရှင်းရ၏။ ယင်းတို့မှာ–

၁။ ဇာတ်ကိုစွဲ၍ မာန်တက်ခြင်း၊
၂။ မျိုးနွယ်ကိုစွဲ၍ မာန်တက်ခြင်း၊
၃။ အတတ်ပညာကိုစွဲ၍ မာန်တက်ခြင်း၊
၄။ အနာရောဂါကင်းမှုကိုစွဲ၍ မာန်တက်ခြင်း၊

http://www.dhammadownload.com

၅။ အရွယ်နုပျိုခြင်းကိုစွဲ၍ မာန်တက်ခြင်း၊
၆။ အသက်ရှည်ခြင်းကိုစွဲ၍ မာန်တက်ခြင်း၊
၇။ အဆင်းလှခြင်းကိုစွဲ၍ မာန်တက်ခြင်း၊
၈။ ပစ္စည်းဥစ္စာ ကြွယ်ဝတင့်တယ်မှုကိုစွဲ၍ မာန်တက်ခြင်း၊
၉။ ကျော်စောသတင်းခြံရုံမျှားခြင်းတို့ကိုစွဲ၍ မာန်တက်ခြင်း။

ဘုရားအလောင်း ဖွားမြင်တော်မူခြင်း

မယ်တော်မာယာမိဖုရားကြီးသည် အလောင်းတော်သန္ဓေတည်ပြီး ဆယ်လတင်းတင်းပြည့်သော် မယ်တော်ခမည်းတော် ဆွေမျိုးတော်တို့ရှိရာ ဒေဝဒဟပြည်သို့ အသွား ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြားရှိ လုမ္ဗနီအင်ကြင်းတောအရောက် ပင်ပန်းတော်မူ၍ အင်ကြင်းပင်အောက်တွင် ဝင်နားလေ၏။ ထိုခဏ၌ အင်ကြင်းပင်၏ အခက်သည် ညွတ်လျက်လာသော် မယ်တော်မာယာသည် အင်ကြင်းခက်ကို လှမ်းကိုင်စဉ် ကမ္မဇလေလှုပ်ရှားပြီး ရပ်လျက်နှင့်ပင် အလောင်းတော်မင်းသားကို အညစ်အကြေးမလူးဘဲ စင်ကြယ်စွာ ဖွားမြင်တော်မူ၏။

အလောင်းတော် ဖွားမြင်သောအချိန်ကား မဟာသက္ကရာဇ် (၆၈)ခု၊ ကဆုန်လပြည့်သောကြာနေ့နံနက် တစ်ချက်တည်းအချိန်ဖြစ်၏။ ဤအချိန်၌ ထူးခြားလွန်ကဲသော အရောင်အလင်းများ လောကဓာတ်တစ်ခွင် ပေါ်လာခြင်းနှင့် စကြဝဠာတိုက်တစ်သောင်းတုန်လှုပ်ခြင်းစသော အံ့ဖွယ်များဖြစ်ပေါ်လာ၏။

မယ်တော်၏ဝမ်းမှထွက်လာသော အလောင်းတော်ကို မြေသို့မကျမီ နတ်တို့က ပထမခံယူပြီး လူတို့က နောက်မှခံယူခြင်း၊ ဘုရားလောင်းနှင့်မယ်တော်တို့ ရေသုံးသပ်ရန် အပူအအေးရေအယဉ် ၂ခုကောင်းကင်မှ ကျရောက်လာခြင်း၊ မွေးကာစ အလောင်းတော်သည် မြောက်အရပ်သို့ မျက်နှာမူလျက် ခုနစ်ဖဝါးလှမ်းကြွကာ "ငါကား လောကထက် အမြတ်ဆုံး၊ အကြီးဆုံး၊ ချီးမွမ်းအပ်ဆုံးဖြစ်သည်" ဟူသော စကား (၃)ခွန်းကို ရဲဝံ့စွာ မြွက်ကြားတော်မူသည်။

ဘုရားလောင်းအမည်မှည့်တော်မူခြင်း

ဘုရားလောင်း သားတော်လေးအား အတတ်ဆုံးပုဏ္ဏားရှစ်ဦးတို့၏ ဟောချက်အရ အလုံးစုံသော လူနတ်တို့၏ အလိုခပ်သိမ်းကို ပြီးငြိမ်းစေတတ်ရာကား သိဒ္ဓတ္ထကုမာရဟူ၍ ဖွားမြင်ပြီး (၅)ရက်မြောက်နေ့တွင် အမည်မှည့်တော်မူ၏။

http://www.dhammadownload.com

မယ်တော်မာယာစုတေခြင်း

ဘုရားလောင်းဖွားမြင်ပြီး (၇)ရက်မြောက်သောနေ့တွင် မယ်တော်သည် ဓမ္မတာဝန်အားဖြင့် များစွာသောအန္တ ရာယ်တို့ မတွေ့ဘဲ စုတေခဲ့ရပြီး ဘုရားမယ်တော်တို့ ဖြစ်ရာ တုသိတာနတ်ပြည်ဝယ် သန္တုသိတအမည်ရှိသော နတ်မင်းဖြစ်လေ၏။ မယ်တော် နတ်ရွာစံသော် မိထွေးတော်ဖြစ်သော မဟာပဇာပတိ ဂေါတမီမိဖုရားသည် သားတော်နန္ဒ မင်းသားကို နို့ထိန်းတို့အားအပ်နှင်း၍ အလောင်းမင်းသားကို ကိုယ်တိုင် နို့တိုက်၍ မွေးမြူခဲ့တော်မူ၏။

အလောင်းမင်းသား ပထမစာန်ဝင်စားတော်မူခြင်း

ဘုရားလောင်းဖွားမြင်ပြီး တစ်လမြောက်သောနေ့တွင် ခမည်းတော်မင်းကြီး သည် မှူးမတ်ဗိုလ်ပါ အခြံအရံတို့နှင့် လယ်ထွန်မင်္ဂလာပြုစဉ် ကြီးစွာသော ဇမ္ဗုသပြေ ပင်ရင်းဝယ် အလောင်းတော်အား သိပ်ထားတော်မူ၏။ ထိုအခါ အလောင်းတော် မင်းသားသည် သိပ်ထားသော နေရာထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းကာ ပထမစာန်သမာပတ်ကို ဝင်စားတော်မူ၏။

အဘိသိက်ခံ စည်းစိမ်စံခြင်း

ဘုရားလောင်းမင်းသား (၁၆)နှစ်သားအရွယ်တွင် မယ်တော်မာယာနှင့် မောင်နှမ အရင်းဖြစ်သည့် ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်းကြီးက သမီးတော် ဘဒ္ဒကစ္စနာ မင်းသမီးကို ဆက်သ၏။ သိဒ္ဓတ္ထမင်းသားသည် ဘဒ္ဒကစ္စနာကို ယသောဓရာဗိမ္ဘာဒေဝီဟူသော အမည်ဖြင့် အဂ္ဂမဟေသီထား၍ ဘိသိက်ခံတော်မူ၏။ အလောင်းမင်းသားသည် ပြဿာဒ်သုံးခုဝယ် (၁၃)နှစ်တိုင်တိုင် မင်းစည်းစိမ်ကို ပျော်ရွှင် ချမ်းမြေ့စွာ ခံစားတော်မူလေသည်။

နိမိတ်ကြီးလေးပါးထင်မြင်ခြင်း

(၁) **သူအိုကို မြင်ရခြင်း။** ။ အလောင်းတော်သည် လူမင်းချမ်းသာကို ချမ်းမြေ့စွာ ခံစားတော်မူစဉ် မဟာသက္ကရာဇ် (၉၆)ခုနှစ်၊ သက်တော် (၂၈)နှစ်အရွယ်တွင် တစ်နေ့သောအခါ ဥယျာဉ်တော်သို့ ထွက်စံတော်မူ၏။ တုသိတာ နတ်အပေါင်း တို့သည် အလောင်းတော် သတိသံဝေဂ ရချိန်တန်ပြီဖြစ်၍ ဆဲဖြူသွားကြွေ၊ အရေတွန့်တို၊ အိုမင်းစွာသော သူအို၏အသွင်ကို အလောင်းတော်အား ဖန်ဆင်းပြ ကြသည်။ ထိုအခါ အလောင်းတော်သည် ဇာတိရှိကဇရာရ၍ ဒုက္ခဗျာဓိ

http://www.dhammadownload.com

ပရိဒေဝ မရဏာသဘော သက်ရောက်သော ဓမ္မတာကို သူငါမလွတ် တွေ့ကြရပုံကို အတ္ထုပ္ပတ္တိဆင်ခြင်သောအခါ ဘဝင်တုန်လှုပ် ပူဆွေးကြောက်လန့်တော်မူ၍ ဥယျာဉ်တော်သို့ မဝင်တော့ဘဲ တွေ့ရာအရပ်က နန်းတော်သို့ ပြန်ဝင်တော် မူသည်။

(၂) **သူနာကို မြင်ရခြင်း။** ။ ထို့နောက် လေးလအကြာတွင် အလောင်းတော်သည် ဥယျာဉ်တော်သို့ ဝင်ရာ၌ သူနာကို မြင်တွေ့တော်မူရာမှ အထက်ပါအတိုင်း ဆင်ခြင်မိပြီး ဘဝင်တုန်လှုပ်ပူဆွေးကြောက်လန့်တော်မူ၍ နန်းတော်သို့ ပြန်ဝင်တော်မူပြန်၏။

(၃) **သူသေကို မြင်ရခြင်း။** ။ ထို့နောက် လေးလအကြာတွင် သူသေကို မြင်ရပြန်လျှင် အထက်ပါအတိုင်း ဆင်ခြင်မိပြီး တုန်လှုပ်ပူဆွေး ကြောက်လန့်တော်မူ၍ နန်းတော်သို့ ပြန်ဝင်တော်မူပြန်၏။

(၄) **ရဟန်းကို မြင်ရခြင်း။** ။ တစ်ဖန်လေးလမြောက်တွင် ယခင်အတိုင်း နတ်တို့ပင် ရဟန်းအသွင်ပြသောအခါ အလောင်းတော်သည် ရဟန်းတို့၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်မိ၍ ရဟန်းအဖြစ်၌ ညွတ်သောစိတ်ဖြင့် ဥယျာဉ်တော်သို့ ဝင်တော်မူ၏။

သားတော်ရာဟုလာဖွားမြင်ခြင်း

အလောင်းတော်သက်တော် (၂၉)နှစ်အရွယ် မဟာသက္ကရာဇ် (၉၇)ခုနှစ် ဝါဆိုလ တွင် ယသောဓရာ ဒေဝီမိဖုရားမှ သားတော်လေးရာဟုလာကို ဖွားမြင်တော်မူ၏။

အလောင်းတော်သည် ရဟန်းကို မြင်တွေ့ပြီး ရဟန်း၌ညွတ်သော စိတ်ဖြင့် မရွှင်မပြဖြစ်ကာ ဥယျာဉ်တော်အတွင်းရှိ မင်္ဂလာရောဂနန်တော်ဝယ် ညနေစောင်း ရေချိုးတော်မူနေစဉ် သားတော်လေးဖွားမြင်ကြောင်း သတင်းရရှိတော်မူ၏။ ထိုအခါ ချစ်ခင်နှစ်သက်မှု ပီတိသည် ရိုးတွင်းခြင်ဆီအထိ ဖြစ်ပွားခဲ့ပြီး "ရာဟုဂြိုလ်က လကို ဖမ်းသကဲ့သို့ ငါ့ကို တောမထွက်နိုင်အောင် ဖမ်းမည့်သားတော်ပဲ"ဟု တွေးမိပြီး "ရာဟုဇာတော (ရာဟုဖွားပြီး)" ဟု နှုတ်တော်က မြွက်တော်မူ၏။ အလောင်းတော်၏ စကားကိုကြားသိကြသော် သားတော်လေးအား ရာဟုလာ (ရာဟုကဲ့သို့ ဖမ်းတတ်သူ) ဟု အမည်ပေးကြကုန်၏။

http://www.dhammadownload.com

ဘုရားအလောင်းတောထွက်တော်မူခြင်း

အလောင်းတော်သည် သားတော်လေး ရာဟုလာ ဖွားမြင်ကြောင်း သတင်းစကား ကြားကြားချင်းပင် မယားဟူသော အနောင်အဖွဲ့အပြင် သားဟူသော အနောင်အဖွဲ့က ထပ်မံဖွဲ့နောင်လာပြန်သဖြင့် စိတ်နလုံး ကျဉ်းကျပ်တော်မူပြီး ကိလေသာ၌ အာသာကင်းတော်မူသည်။ ထို့ကြောင့် အပါး၌ ရံခရ၌နေကြသော ကချေသည်မင်းသမီးများ၏ ကခုန်တီးမှုတ်မှုများကို ငြီးငွေ့စက်ဆုပ်ကာ အိပ်ရာထက်၌စက်တော်မူ၏။

အလောင်းဒတ်သည် ညဉ့်ဦးယံလွန်၍ နိုးလတ်သော် နံ့သာဆီမီးအောက်တွင် အသီးသီး စက်ဆုပ်ဖွယ် ပုံပေနေကြသော ကချေသည်မင်းသမီးတို့ကို မြင်သောအခါ ကာမဂုဏ်တို့၌ အတိုင်းထက်အလွန် ငြီးငွေ့တော်မူပြန်၏။ အယုတ်တရားတို့၌သာ ကာလကြာရှည်စွာ ပျော်ပါးနေမိခြင်းကို သတိသံဝေဂများရရှိပြီး ကာမဂုဏ်တို့၌ ငြီးငွေ့စက်ဆုပ်သည့်အလျောက် တောထွက်တော်မူရန် ဖွားဖက်တော် ဆန္နအမတ်ကို နှိုး၍ ကဏ္ဍကမြင်းတော်ကို ပြင်ဆင်ခိုင်းလေသည်။

ထို့နောက် အလောင်းတော်မြတ်သည် စက်တော်မူနေကြသည့် ယနေ့မှပင် ဖွားမြင်သော သားတော်ရာဟုလာနှင့် ယသောဓရာဒေဝီတို့ကို ရပ်လျက် တစ်ကြိမ်သာ ကြည့်တော်မူပြီး စိတ်အားကိုချုပ်တီး၍ ဆန္နအမတ်ကိုခေါ်ကာ ကဏ္ဍကမြင်းဖြင့် တောထွက်တော်မူသည်။

ဤနေ့ကား မဟာသက္ကရာဇ် (၉၇)ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ သန်းခေါင်ယံအချိန်ဖြစ်ပြီး သက်တော်အားဖြင့် (၂၉)နှစ်အရွယ်ဖြစ်တော်မူ၏။ အလောင်းတော် တောထွက်တော်မူရာ လမ်းခုလပ်တွင် မာရ်နတ်က အလောင်းတော်အား ဤနေ့မှ ခုနစ်ရက်အကြာတွင် စကြရတနာကြီး ဆိုက်ရောက်တော့မည်ဆိုပြီး ဟန့်တားလေ၏။ သို့သော် အလောင်းတော်သည် လူ့လောက၏ အမြတ်ဆုံးဖြစ်သော စကြဝတေးမင်းစည်းစိမ်ကိုပင် မခင်တွယ်တော့ဘဲ ဘဝများစွာက ဆည်းပူးခဲ့သည့် နေကွမ္မပါရမီဓာတ်ခံဖြင့် တောထွက်တော်မူလေသည်။

ဆံတော်ပယ်ခြင်း

အလောင်းတော်သည် မာရ်နတ်မင်း တားမြစ်သည်ကို ပယ်တော်မူပြီးနောက် တစ်ညဉ့်ချင်းပင် ယူဇနာ (၃၀)မျှသော ခရီးကိုလွန်ပြီးသော် အနော်မာမြစ်ကမ်းကို ရောက်တော်မူ၏။ ၎င်းမှတစ်ဖန်မြစ်တစ်ဖက်ကမ်းကို ကူးပြီးနောက် ဆန္နအမတ်နှင့် ကဏ္ဍကမြင်းကို ပြန်လွှတ်တော်မူ၏။ ထို့နောက် အလောင်းတော်သည် ဆံကျစ်တော်ကို မိမိ၏သံလျက်ဖြင့် ဖြတ်တောက်တော်မူပြီး၊ ပယ်ပြီးသော ဆံတော်ကို အဓိဋ္ဌာန်ဖြင့်

http://www.dhammadownload.com

ကောင်းကင်သို့ လွှင့်မြောက်လိုက်သော် တစ်ယူဇနာမျှလောက်သော အရပ်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်နေ၏။

ထိုအခါ သိကြားမင်းသည် အလောင်းတော်၏ ဆံတော်ကို ခံယူ၍ တာဝတိံသာ၌ စူဠာမဏိပုထိုးတော် တည်ထားကိုးကွယ်လေသည် (ကဏ္ဍကမြင်းသည် အလောင်းတော်၏ မျက်စိတစ်ဆုံးအရောက်တွင် ဝမ်းနည်းကြေကွဲ၍ စုတေပြီး နတ်သားဖြစ်ကာ နောင်တွင် ဘုရားထံမှ တရားနာရ၍ သောတာပန်ဖြစ်၏။ ဆန္နအမတ်သည် နောင်တွင် ဘုရားရှင်ထံတွင် ရဟန်းပြုပြီး ဘုရားရှင်ကို ချစ်ခင်မြတ်နိုးမှု အားကြီးလွန်းသဖြင့် တရားမရနိုင်သေးဘဲ၊ ဘုရားပရိနိဗ္ဗာန်ပြုပြီးမှသာ တရားရကာ ရဟန္တာဖြစ်တော်မူသည်။)

ရဟန်းပြုတော်မူခြင်း

ဘုရားလောင်းသည် ကဿပဘုရားရှင် လက်ထက်တော်က အဆွေဖြစ်ခဲ့ဖူးသော ဃဋီကာရဗြဟ္မာမင်းကပ်လှူသော ပရိက္ခရာရှစ်ပါးဖြစ်သည့် ကိုယ်ဝတ်၊ ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း၊ အပ်၊ ပဲကွပ်၊ သပိတ်နှင့် ရေစစ်တိုကို လက်ခံပြီး ရဟန်းပြုတော်မူသည်။ ဗြဟ္မာမင်းလည်း ဘုရားလောင်း၏ပုဆိုးကို ယူဆောင်၍ ဗြဟ္မာပြည်၌ ကိုးပါးသော ရတနာအထိပြီးသော အုတ်ကို့ဖြင့် ဒုဿစေတီတော်တည်၍ ကိုးကွယ်လေသည်။

ဆွမ်းခံတော်မူခြင်း

ဘုရားလောင်းသည် ရဟန်းပြုရာ အရပ်အနီးတွင်ရှိသော အနုပိယမည်သော သရက်တောဋ္ဌ ပဗ္ဗဇ္ဇာသုခဖြင့် စံနေတော်မူပြီး (၇)ရက်လွန်သော် ယူဇနာသုံးဆယ်ရှိသော ရာဇဂြိုဟ်ပြည်သို့ နေ့ချင်းသွား၍ဆွမ်းခံဝင်တော်မူ၏။ ဆွမ်းဘုဉ်းပေးတော်မူသောအခါ ပထမတွင် သပိတ်အတွင်း၌ အနှီ၊ အဖြူ၊ အကြောင်အကျား၊ အရောရောသော ဆွမ်းကို မြင်လျှင် ပျို့အန်မည်ကဲ့သို့ ဖြစ်သော်လည်း မိမိကိုယ်ကိုဆုံးမတော်မူကာ ရောင့်ရဲစွာဖြင့် ဘုဉ်းပေးတော်မူလေသည်။

ဈာန်သမာပတ်များရရှိခြင်း

အလောင်းတော်သည် တစ်ခုသောတောအုပ်၌ လောကီဈာန်ကို စီးဖြန်းနေသော ကာလာမ အမျိုးအနွယ်ဖြစ်သည့် အာဠာရ ရသေ့ထံ ကပ်၍ ဈာန်သမာပတ်နှိုးနှောပြီး အားထုတ်လျှင် လောကီဈာန် (၇)တန်ကို ရတော်မူ၏။ ထို့နောက် ဥဒကရသေ့ထံသို့

http://www.dhammadownload.com

ချဉ်းကပ်၍ အထက်စွာန်ကို နှီးနှောစီးဖြန်းသောအခါ (၈)တန်သော သမာပတ်ကို ရရှိတော်မူပြန်၏။ သို့သော် အလောင်းတော်သည် စွာန်သမာပတ်တို့ဖြင့် ရောင့်ရဲတော်မမူဘဲ တရားထူးကို မရမနေ ရှာဖွေရန် ဥရုဝေလတောအုပ်သို့ ဆိုက်ကပ်တော်မူပြီး ကမ္မဋ္ဌာန်း စီးဖြန်းတော်မူ၏။

ပဉ္စဝဂ္ဂီ(၅)ဦးနှင့် တွေ့ဆုံခြင်း

ဘုရားလောင်း မင်းသားအား ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဟော ကိန်းထုတ်ခဲ့သော သုဒ္ဓေါဒနမင်းကြီး၏ လက္ခဏာ၈ပါး တတ် ပုဏ္ဏားခုနစ်ယောက်တို့သည် ၎င်းတို့၏ သားတို့ကို ခေါ်ပြီး "ထိုမင်းသားဘုရားဖြစ်သောအခါ အဆုံးအမ၌တည်၍ ရဟန်းပြု ကြလေကုန်"ဟူ မှာခဲ့၍ ကံအားလျော်စွာ ကောဏ္ဍညအနွယ်ဖြစ်သော သုဒတ္တပုဏ္ဏား ကြီးမှလွဲ၍ အားလုံး သေလွန်ကြကုန်၏။

အလောင်းတော် ရဟန်းပြု၍ ဥရုဝေလတောအုပ်ကို ရောက်ပြီဟု ကြားလျှင် ပုဏ္ဏားကြီး ကောဏ္ဍညနှင့်တကွ အခြားပုဏ္ဏားသား (၄)ယောက်တို့သည် ရဟန်းပြုကြ၍ ဥရုဝေလတောသို့ လိုက်သွားကာ အလောင်းတော်အား အလုပ်အကျွေးပြုကြလေ၏။ ယင်း (၅)ဦး၏အမည်များမှာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့ဖြစ်ကြသည်။

ဒုက္ကရစရိယာကျင့်တော်မူခြင်း

အလောင်းတော်သည် တရားထူးရရှိနိုင်ရန် ထိုခေတ်အခါက ထင်ရှားသော ကျင့်စဉ်တစ်ခုဖြစ်သည့် ဒုက္ကရစရိယာအကျင့်ကို (၆)နှစ်တိုင်တိုင် ပင်ပန်းကြီးစွာ ကျင့်တော်မူ၏။ (ဒုက္ကရ–ခဲယဉ်းစွာ ပြုကျင့်ရသော ကျင့်နိုင်ခဲ့သော၊ စရိယာ–အကျင့်)

အလောင်းတော်သည် ပထမတွင် တစ်နေ့လုံး၌ ဆွမ်းတစ်လုတ်ဖြင့်သာလည်းကောင်း၊ သစ်သီးတစ်လုံးဖြင့်သာလည်းကောင်း၊ နှမ်းတစ်စေ့ ဆန်စေ့တစ်စေ့သာလည်းကောင်း နေ့ရက်တို့ကို ကုန်လွန်စေ၏။ ထိုခေတ်ကာလက လူ နတ် ဗြဟ္မာတို့ ကျင့်ကြံကြသော မိမိခန္ဓာကိုယ်ကို ခြိုးခြံညှဉ်းပန်းသော ကျင့်နည်းမှန်သမျှကို တစ်ပါးတည်းက သူမတူအောင် ကျင့်တော်မူ၏။ နောက်ဆုံးတွင် အာဟာရကို လုံးဝမမှီဝဲတော့ဘဲ ဒုက္ကရစရိယာကို ကျင့်တော်မူသောအခါ ကိုယ်တော်မှာ အရိုးပေါ်အရေတင် များစွာကြုံလှိုသွားရကား လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်များ၊ ကွယ်ပျောက်ကုန်၏။ ကိုယ်တော်၏ ရှေ့ဘက်ဝမ်းပြင်နှင့် ကျောသည်ကပ်နေ၏။ နောက်ဆုံးတွင် အာဟာရမှီဝဲခြင်း အလွန်နည်းပါးသဖြင့် ပင်ပန်းလွန်းရကား စက်ဦး၌ လဲတော်မူ၏။

http://www.dhammadownload.com

ဒုက္ကရစရိယာကျင့်စဉ်ကို စွန့်တော်မူခြင်း

အလောင်းတော်သည် ဒုက္ကရစရိယာကျင့်စဉ်ကို (၆)နှစ်တိုင် ပင်ပန်းကြီးစွာ ကျင့်သော်လည်း တရားထူးကို မတွေ့ရှိရသဖြင့် ဘုရားအဖြစ် မရောက်နိုင်ခြင်းကို ဆင်ခြင်တော်မူမိ၏။ ထို့ကြောင့် ယင်းအကျင့်ကို စွန့်တော်မူ၍သဒ္ဒါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိကို မျှတစေရန် ဆွမ်းခံပြီး ဘုန်းပေးတော်မူသည်။ ထိုအခါ အလောင်းတော်၏ လက္ခဏာတော်ကြီးငယ်တို့သည် မူလအတိုင်း ပြန်ပေါ်လာ၏။

ဒုက္ကစရိယာအကျင့်မှာ မမှန်ကန်သော၊ မှားသောအကျင့်ဖြစ်သော်လည်း ထူးမြတ်သော စည်းစိမ်ရှင်ကြီးဖြစ်ပြီး အလွန်နူးညံ့သည့်အလောင်းတော်၏ ကိုယ်နှင့်အသက် ပဓာနမထားဘဲ ပင်ပန်းကြီးစွာ ကြိုးစားခဲ့ပုံမှာ အံ့သြဖွယ်အတိ နှစ်သက်စရာတစ်ရပ်ပင် ဖြစ်တော့၏။

ပဉ္စဝဂ္ဂီတို့ ထွက်ခွာသွားခြင်း

ပဉ္စဝဂ္ဂီတို့သည် "အလောင်းတော်သည် ပင်ပန်းဆင်းရဲကြီးစွာ ကျင့်ကြံသည်ပင်လျှင် ဘုရားမဖြစ်နိုင်။ ဤကဲ့သို့အာဟာရများ မှီဝဲကျင့်ကြံလျှင်မူကား အဘယ်မှာ ဘုရား ဖြစ်နိုင်ပါတော့အံ့နည်း"ဟူ၍ ဘုရားအလောင်းတော်ကို စွန့်ခွာကာ (၁၈)ယူဇနာကွာဝေး သော မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြလေသည်။

ဃနာနို့ဆွမ်းအလှူခံခြင်း

မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့ နံနက်တွင် အလောင်းတော်သည် ဥရုဝေလတောအနီး သေနနိဂုံး၌နေသော မဟာသေနသူကြွယ်သမီး သုဇာတာလှူဒါန်းသော အသပြာတစ်သိန်းထိုက် ရွှေခွက်အတွင်းရှိ ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူသည်။ ထို့နောက်အလောင်းတော်သည် 'ငါသည် ယနေ့စင်စစ် ဘုရားဧကန်ဖြစ်မည်မှန်မူ ရေညာသို့ဆန်စေသတည်း'ဟု အဓိဋ္ဌာန်၍ နေရွှေရာမြစ်အတွင်း ရွှေခွက်ကို မျှောတော်မူလျှင် ရွှေခွက်သည် ရေအယဉ်ကို ဖြတ်၍ ဆန်လေ၏။

အပရာဇိတပလ္လင်တော်

အလောင်းတော်သည် ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အဆိုပါ မြစ် အနီးရှိ အင်ကြင်းတောဋ္ဌ နေသန့်၍ မူလကမ္မဋ္ဌာန်းဟု ဆိုအပ်သော ကာယဂတသတိ ပဋ္ဌာန်ဘာဝနာကို ကောင်းစွာစီးဖြန်းလေ၏။ ညချမ်းချိန်ခါရောက်သောအခါ မဟာဗောဓိပင် ရှိရာသို့ ကြွတော်မူစဉ် လမ်းခရီး၌ သောတ္ထိယမည်သော မြက်ထမ်းယောကျ်ားလှူဒါန်းသည့် မြက်ရှစ်ဆုပ်ကို ခံယူတော်မူပြန်၏။

http://www.dhammadownload.com

ယင်းနောက် အလောင်းတော်သည် မဟာဗောဓိပင် ခြေရင်းသို့ ရောက်ရှိလျှင် အရှေ့သို့လှည့်၍ ရပ်တော်မူပြီး မြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ကြဲဖြန့်တော်မူသော အခါ (၁၄)တောင်အပြန့်ကျယ်သော အပရာဇိတပလ္လင်တော် ပေါ်ထွန်းလာလေသည်။

အလောင်းတော်သည် ဗောဓိပင်ကို နောက်ကျောပြု၍ အရှေ့ဘက်သို့ မျက်နှာမူကာ ယင်းပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေတော်မူပြီး ငယ်စဉ်က ဓမ္မသဉ္ဇေပင်ရင်းဝယ် စီးဖြန်းခဲ့ဖူးသော အာနာပါနစ္စာန်ကို သတိရ၍ 'ဘုရားမဖြစ်သမျှ ဤနေရာက ငါမထပြီ'ဟူသော အဓိဋ္ဌာန်ဖြင့် ဝင်စားတော်မူ၏။ ဤအချိန်သည်ကား နေမဝင်သေးသော ဆည်းဆာချိန်ဖြစ်ရကား အလောင်းတော်နှင့် ဗောဓိပင်မှာ လွန်စွာတင့်တယ်လျက် ကြည်နူးချမ်းမြေ့ဖွယ် ကောင်းလှပေသည်။

မာရ်နတ်ကို အောင်မြင်တော်မူခြင်း

အလောင်းတော်သည် အာနာပါနစ္စာန်ဝင်စားတော်မူနေစဉ် ဘုရားဖြစ်တော့မည်ကို သိရှိနေသော ဝသဝတ္တီမာရ်နတ်မင်းသည် များစွာသော နတ်စစ်သည် ဗိုလ်ပါအပေါင်းကို ခြံရုံလျက် ဂီရိမေခလာဆင်ထက်၌စီးကာ လက်နက်ကိုင်သော လက်ရုံးတစ်ထောင် ဖန်ဆင်းပြီး ရန်ပြုဖက်ပြိုင်လာ၏။ ထိုအခါ အလောင်းတော်သည် မိမိဘဝအဆက်ဆက်က ဖြည့်ကျင့်ခဲ့သော ပါရမီတော်များကို မဟာပထဝီမြေကြီး သက်သေထား၍ လက်တော်ဖြင့် မြေကြီးကို ညွှန်ပြတိုင်တည်လိုက်ရာ မဟာပထဝီမြေကြီးသည် သွက်သွက်ခါအောင် ပြင်းထန်စွာ တုန်လှုပ်လေ၏။

ဤကဲ့သို့ အလောင်းတော်သည် ဘဝအဆက်ဆက်က ပါရမီတော်အဟုန်ဖြင့် မာရ်နတ်စစ်သည်တို့ကို နေမဝင်မီအောင်မြင်တော်မူလေသည်။

သဗ္ဗညုဘုရားရှင်ဖြစ်တော်မူခြင်း

မာရ်နတ်ကို အောင်မြင်တော်မူပြီးနောက် အလောင်းတော်သည် အာနာပါနကမ္မဋ္ဌာန်း ဆက်လက်စီးဖြန်းနေတော်မူသောအခါ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်နှင့် သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တော်များကို ရရှိတော်မူ၏။ မိုးသောက်ယံတွင် စကြာဝဠာတစ်သောင်းလုံးကို တုန်လှုပ်စေလျက် ပဋိစ္စသမုပ္ပါဒ်မှစ၍ အာနာပါန စတုတ္ထစျာန်ကို ဝင်စားပြီး ဝိပဿနာတရားများပွားများသည့်အခါ အစဉ်အတိုင်းရအပ်သော အာသဝက္ခယဉာဏ်ဖြင့် ကိလေသာ အဘိသင်္ခါအပေါင်းကို ထောင်းထောင်းဖြတ်လျက် မဂ်(၄)တန်ကို အစဉ်အတိုင်းရတော်မူ၏။

http://www.dhammadownload.com

ထိုရအပ်သော မင်္ဂဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ (၁၉)ချက်၏ အဆုံး၌ အလုံးစုံသောတရားကို သိတတ်သော သဗ္ဗညုတဉာဏ်တော်ကြီးကို ပိုင်ပိုင်နိုင်နိုင်ရရှိတော်မူသည်။ အလောင်းတော်သည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအာရုဏ်တက်သည်နှင့် တစ်ပြိုင်နက် လောကသုံးပါး၏ အထွတ်အထိပ် ဗုဒ္ဓဘုရားရှင်အဖြစ် ရောက်ရှိတော်မူ၍ 'အနေကဇာတိသံသာရ'စသော ဥဒါန်းကို ကျူးရင့်တော်မူ၏။ ကမ္ဘာမြေကြီးလည်း ဘုရားရှင်၏ ဉာဏ်တော်တန်ခိုးကြောင့် အမျိုးမျိုးယိမ်းထိုးကာ ပြင်းထန်စွာ တုန်လှုပ်လေ၏။

မြတ်စွာဘုရား သတ္တသတ္ထာဟ စံနေတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ် ရောက်တော်မူပြီးနောက် (၇)ဋ္ဌာနတွင် တစ်ဋ္ဌာနလျှင် (၇)ရက်စီ စုစုပေါင်း (၄၉)ရက်ပတ်လုံး ဆွမ်းအာဟာရကို ဘဉ်းပေးမျှတတော်မမူဘဲ၊ ဘုရားပွင့်ရာ မဟာဗောဓိပင်၏အနီးတစ်ဝိုက်၌ ဝိမုတ္တိသုခ (ကိလေသာတို့မှ လွတ်မြောက်ခြင်းချမ်းသာ)ကို ခံစားလျက် စံနေတော်မူသည်၊ ယင်းသတ္တဋ္ဌာနတို့မှာ–

(၁) **ပလ္လင်္ကသတ္ထာဟ။** ။ ပထမသတ္တာဟ၌ မြင်ရိတ်ပုဏ္ဏား သောတ္ထိယကပ်လှူသော မြက်ရှစ်ဆုတ်ဖြင့် ထင်ဝင်္ကဖွဲ့ခွေထားသောပလ္လင်ကို ဖြေတော်မမူဘဲ ပလ္လင်တော်ပေါ်မှာပင် ထင်ဝင်္ကဖွဲ့ခွေတော်မူကာ ဝိမုတ္တိသုခကို (၇)ရက်ပတ်လုံး ခံစားတော်မူသည်။

(၂) **အနိမိတ္တသတ္ထာဟ။** ။ ဒုတိယသတ္တာဟ၌ ပလ္လင်တော်မှထ၍ မဟာဗောဓိပင်၏ အရှေ့မြောက်အရပ်၌ ရပ်တော်မူပြီးလျှင် ဗောဓိပင်နှင့်ပလ္လင်တော်ကို မမှိတ်သော မျက်လုံးတော်ဖြင့် ကြည့်တော်မူလျက် "ငါသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ဆည်းခဲ့သည့် ပါရမီတော်များ၏ အစွမ်းသတ္တိဖြင့် ဤဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်တော်ကို ရရှိပေပြီ"ဟု ဆင်ခြင်တော်မူလျက် ဖလသမာပတ္တိသုခဖြင့် (၇)ရက်ပတ်လုံး စံနေတော်မူ၏။

(၃) **စင်္ကမသတ္ထာဟ။** ။ တတိယသတ္တာဟ၌ မြတ်စွာဘုရားသည် ရပ်တော်မူရာအရပ်နှင့် ပလ္လင်တော်အကြားတွင် အရှေ့အနောက်တန်း၍ ဖြစ်ပေါ်လာသော ရတနာစင်္ကြံ၌ လူးလာတုံ့ခေါက် စင်္ကြံလျှောက်တော်မူလျက် တရားတော်များကို ဆင်ခြင်ပြီး နိဗ္ဗာန်ချမ်းသာ၌ (၇)ရက်ပတ်လုံး စံနေတော်မူသည်။

(၄) **ရတနဃရ သတ္ထာဟ။** ။ စတုတ္ထသတ္ထာဟ၌ မဟာဗောဓိပင်၏ အနောက်မြောက်အရပ်တွင် နတ်တို့ဖန်ဆင်းအပ်သော ရတနာ (၇)ပါးအတိုင်းသော

http://www.dhammadownload.com

ရတနာဃရ ရွှေအိမ်တော်၌ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတည်းဟူသော ပိဋကတ်သုံးပုံကို ဆင်ခြင်သုံးသပ်တော်မူလျက် (၇)ရက်ပတ်လုံး စံနေတော်မူ၏။

ယင်းသို့ ဆင်ခြင်သုံးသပ်ရာတွင် အဘိဓမ္မာပိဋကတ်(၇)ကျမ်းကို အထူးထား၍ ဆင်ခြင်သုံးသပ်တော်မူသောအခါ မဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်လျှင် နက်နဲခက်ခဲသိမ်မွေ့သော တရားတော်ဝယ် ဉာဏ်တော်ကျက်စားရသည်ကို လွန်စွာအားရ နှစ်သက်တော်မူသောကြောင့် စိတ်တော်မှာ အလွန်ကြည်လင်နေ၏။ ထိုအခါ ကိုယ်တော်၏အသွေးအသားတော်တို့ အထူးကြည်လင်ရကား ကိုယ်တော်၏ ထိုထိုဣဒ္ဓိ အစိတ်အပိုင်းတော်တို့မှ ရောင်ခြည်တော် ခြောက်သွယ်သည် ထွက်ပေါ်ကွန့်မြူးထွန်းပ စံပယ်တော်မူလေသည်။

(၅) **အဇပါလသတ္ထာဟ**။ ပဋ္ဌမသတ္ထာဟတွင် မြတ်စွာဘုရားသည် မဟာဗောဓိပင်၏ အရှေ့အရပ်၌ရှိသော ဆိတ်ကျောင်းညောင်ပင် (အဇပါလ)ရှိရာသို့ ကြွတော်မူ၍ ထိုညောင်ပင်ရင်း၌ တရားတော်များကို ဆင်ခြင်သုံးသပ်ကာ ဝိမုတ္တိသုခဖြင့် (၇)ရက်ပတ်လုံးစံနေတော်မူ၏။ (ဤသို့ စံနေတော်မူစဉ် မာရ်နတ်၏သမီးသုံးယောက်ဖြစ်ကြသည့် တဏှာ၊ အရတိနှင့် ရာဂါတို့သည် ဘုရားရှင်အနီးသို့ လာရောက်၍ ပရိယာယ်မာယာအဖြာဖြာတို့ဖြင့် ဖြားယောင်းသော်လည်း ကိလေသာငြိမ်းပြီးဖြစ်သော မြတ်စွာဘုရားကို အောင်မြင်မှု မရရှိခဲ့ပေ။)

(၆) **မုစလိန္ဒသတ္ထာဟ**။ ။ ဆဋ္ဌမသတ္ထာဟတွင် မြတ်စွာဘုရားသည် မဟာဗောဓိပင်၏ အရှေ့တောင်အရပ်ရှိ မုစလိန္ဒအိုင်အနီးရှိ ကျည်းပင်ရင်းသို့ ကြွတော်မူ၍ (၇)ရက် ပတ်လုံး စံနေတော်မူသည်။ ဤအချိန်တွင် (၇)ရက်ပတ်လုံး မိုးကြိုးစွေနေသဖြင့် အနီးအပါးရှိ မုစလိန္ဒနဂါးမင်းသည် မြတ်ဘုရားရှင်အား အပူအအေးတို့ မနှိပ်စက်ခြင်းငှာလည်းကောင်း၊ မှုန့်၊ ဖြုတ်၊ ခြင်၊ ယင်စသည်တို့မှ မထိပါးစေ ခြင်းငှာလည်းကောင်း၊ တစ်ခွေကို ပလွင်တော်အဖြစ် ခင်းပေးပြီး မြတ်ဘုရား ကိုယ်တော်ကို (၇)ပတ်ရစ်ပတ်ကာ ပါးပျဉ်းဖြင့် အုပ်မိုးပေးထားခြင်းဖြင့် မြတ်ဘုရားရှင် ချမ်းသာအောင် ဦးခိုက်ပူဇော်လေသည်။

(၇) **ရာဇယတန သတ္ထာဟ**။ ။ သတ္တမသတ္ထာဟတွင် မဟာဗောဓိပင်မှ တောင်အရပ်ရှိ လင်းလွန်းပင် (ရာဇာယတန)သို့ ကြွတော်မူလျက် လင်းလွန်းပင်ရင်း၌ ဝိမုတ္တိသုခဖြင့် (၇)ရက်ပတ်လုံး စံနေတော်မူ၏။

ဤဌာနတွင် စံတော်မူစဉ် တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်က ကြွက်ကျစ်မုန့်နှင့် ပျားဆုပ်မုန့်တို့ကို တင်လှူသဖြင့် ခံယူတော်မူ၍၊ ထိုညီနောင်

http://www.dhammadownload.com

အား ဗုဒ္ဓသရဏဂုဏ်နှင့် ဓမ္မသရဏဂုဏ်တို့ကို ပေးတော်မူ၏။ လောကဌ် ပထမဆုံး သရဏဂုဏ်လည်း ဖြစ်၏။ ယင်းနောက် ကိုယ်တော်၏ ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်မာတ်တော်လက်တစ်ဆုပ်ပေးတော်မူသည်။ ဤညီနောင်သည် ဂေါတမဗုဒ္ဓလက်ထက်တော်တွင် ပထမဆုံးသရဏဂုဏ်တည်သော ဥပါသကာများဖြစ်ကြ၏။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးသည် ဘုရားရှင် ကိုယ်တော်မြတ် ပထမဆုံးပေးတော်မူခဲ့သည့် အဆိုပါ ဆံတော် မာတ်တော်များတည်ရာဟု အသိအမှတ်ပြုကြ၏။

ဗြဟ္မာမင်းက တရားဟောရန် လျှောက်ထားခြင်း

မြတ်စွာဘုရားသည် သတ္တသတ္တာဟ စေ့တော်မူလျှင် လင်းလွန်းပင်မှသည် အဇပါလညောင်ပင်ရင်းသို့ ပြောင်းရွှေ့စံတော်မူနေစဉ် သဟမ္မတိဗြဟ္မာမင်းက နတ်ဗြဟ္မာအပေါင်းတို့ကို ခေါ်ဆောင်၍ သတ္တဝါတို့အား ချွတ်ခြင်းငှာ တရားဟောကြားတော်မူပါရန် မြတ်ဘုရားအား လျှောက်ထားတောင်းပန်လေသည်။

ရှေးဦးဟောရမည့် ပုဂ္ဂိုလ်တို့ကို ကြည့်ရှုခြင်း

မြတ်စွာဘုရားသည် သဟမ္မတိဗြဟ္မာမင်း၏ လျှောက်ထားတောင်းပန်ချက်အရ ရှေးဦးစွာ တရားဟောရမည့်ပုဂ္ဂိုလ်ကို ကြည့်ရှုဆင်ခြင်လျှင် မိမိဘုရားမဖြစ်မီက စျာန်သမာပတ်တို့ နှိုးနှောအားထုတ်ခဲ့ကြရ၍ ကျေးဇူးရှိခဲ့ဖူးသော အာဠာရကာလေနှင့် ဥဒကရသေ့တို့ကို မြင်တော်မူသော်လည်း သေလွန်ခဲ့ပြီးဖြစ်ကြသောကြောင့် ထပ်မံကြည့်ရှုဆင်ခြင်ပြန်သည်။ ထိုအခါ အလုပ်အကျွေးပြုခြင်းဖြင့် ကျေးဇူးရှိခဲ့ဖူးသော ပဉ္စဝဂ္ဂိဝါဒီးကို မြင်တော်မူလေသည်။

တရားဦးဟောကြားခြင်း

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂိဝါဒီးအား တရားဦးဟောကြားရန် ယင်းတို့ရှိရာ ဗာရာဏသီပြည်အနီးရှိ မိဂဒါဝုန်တော (သားကောင်တို့အား ဘေးမဲ့ပေးရာတော)သို့ ကြွတော်မူသည်။

မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ညနေ နေဝင်စအချိန်တွင် ပဉ္စဝဂ္ဂိဝါဒီးအား ဓမ္မစကြာဒေသနာတော်ကို တရားဦးအဖြစ် ဟောကြားတော်မူသည်။ ဓမ္မစကြာဒေသနာတော်သည် ထိုနေ့ညဥ့်ပထမယံအဆုံး မဇ္ဈိမယံအစ၌ ပြီးဆုံးတော်မူသည်။

http://www.dhammadownload.com

မြတ်စွာဘုရား တရားဦးဟောတော်မူသောအခါ စကြဝဠာတိုက်တစ်သောင်းမှ မြေအပေါင်းသည် ကောင်းချီးပေးသည့်အနေဖြင့် တုန်လှုပ်လေသည်။ (၃၂)ပါးသော နိမိတ်တို့လည်း ထင်ကုန်၏။ တောတောင်တစ်ခွင်တို့၌ အခါမဲ့ပွင့်သော ပန်းသစ်ပင်တို့ဖြင့် ဝေဆာနေကြကုန်၏။

ဒေသနာတော်၏အဆုံး၌ နတ်ဗြဟ္မာအပေါင်း (၁၈)ကုဋေတို့သည် အကျွတ်တရား ရပြီး သောတာပန်တည်ကြကုန်၏။ အရှင်ကောဏ္ဍညသည်လည်း သောတာပတ္တိ မဂ် ဖိုလ်၌ တည်လေ၍ ရဟန်းပြုခွင့်ပေးရန် လျှောက်ထားရာ မြတ်ဘုရားက "ဧဟိဘိက္ခု" ဟု ခေါ်တော်မူခြင်းဖြင့် ရသေ့ဘဝမှ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ အရှင်ကောဏ္ဍညသည် ရှင်တော်ဂေါတမဘုရားရှင် လက်ထက်တော်တွင် ပထမဆုံးဖြစ်သော ရဟန်းဖြစ်၏။ လူပုဂ္ဂိုလ်တို့တွင် ပထမဆုံးသော သောတာပန်ကည်သူလည်း ဖြစ်၏။

ကျန်ရသေ့ ၄ဦးသည် တရားကို ဆက်လက်အားထုတ်ကြရာ လပြည့်ကျော် (၁)ရက်နေ့ ၌ အရှင်ဝပ္ပ၊ (၂)ရက်နေ့၌ အရှင်ဘဒ္ဒိယ၊ (၃)ရက်နေ့၌ အရှင်မဟာနာမ်၊ (၄)ရက်နေ့ ၌ အရှင်အဿဇိတို့သည် အသီးသီး သောတာပန်ဖြစ်ကုန်ကြပြီး ရဟန်းပြုကြကုန်၏။

အနတ္တလက္ခဏသုတ်တော် ဟောကြားခြင်း

ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် ရှင်တော်မြတ်ဘုရားသည် ပဉ္စဝဂ္ဂိငါးဦးကို အနတ္တလက္ခဏသုတ် ဒေသနာတော်ကို ဆက်လက်ဟောကြားတော်မူရာ ပဉ္စဝဂ္ဂိငါးဦး စလုံး ကိလေသာကုန်ခန်းရဟန္တာဖြစ်ကြလေသည်။

မြတ်စွာဘုရားဝါဆိုစဉ်

မြတ်စွာဘုရားရှင်သည် အောက်ပါဌာနများတွင် နှစ်စဉ်ဝါဆိုတော်မူ၏။

(၁) ကြသိပတနမည်သော မိဂဒါဝုန်တော၊

(၂) ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၊

(၃) ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၊

(၄) ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၊

(၅) ဝေသာလီပြည် မဟာဝုန်တောရှိ ဇရပ်ကျောင်း၊

http://www.dhammadownload.com

(၆) မကုဋတောင် ချရားတော၊

(၇) တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္မလာ ကျောက်ဖျာ၊

(၈) ဘဂ္ဂတိုင်း သံသုမာရဂိရိပြည် ဘဂ္ဂါသယဇနပုဒ်အနီး၌ရှိသော သကဏ္ဏကဒါဝုန်တော၊

(၉) ကောသမ္မီပြည်၌ ကောသမ္မကသူဌေးတို့ ဆောက်လုပ်လှူအပ်သော ဃောသိတာရုံ၊ ကုက္ကုဋ္ဌရုံ၊ ပါဝါရိကာရုံကျောင်းတော်များ၊

(၁၀) ပါလိလေယျကတောအုပ်အင်ကြင်းပင်အရိပ်တော်၊

(၁၁) နာဠမည်သော ပုဏ္ဏားရွာအနီး နာဠိကာရုံကျောင်းတော်၊

(၁၂) ဝေရဉ္ဇတိုင်း၏အနီး နဠေရုအမည်ရှိ ဘီလူးစောင့်ရှောက်အပ်သော တမာပင်ရင်း၊

(၁၃) နတ်ဘီလူးတို့နေရာ စာလိယတောင်၊

(၁၄) သာဝတ္ထိပြည်ရှိ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၊

(၁၅) ကပိလဝတ်ပြည်၊

(၁၆) အာဠဝီပြည်အနီး မဟာဝုန်ကျောင်းတော်၊

(၁၇) ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၊

(၁၈) နတ်ဘီလူးတို့နေထိုင်ရာ စာလိယတောင်၊

(၁၉) နတ်ဘီလူးတို့နေထိုင်ရာ စာလိယတောင်၊

(၂၀) ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၊

၂၁ ဝါမှ ၄၄ဝါထိ သာဝတ္ထိပြည်အနာထပိဏ်သူဌေးဆောက်လုပ် လှူဒါန်းသော ဇေတဝန်ကျောင်းတော်နှင့် သာဝတ္ထိပြည် ဝိသာခါဒါယိကာမ ဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရုံကျောင်းတော်တို့တွင် တစ်လှည့်စီ၊ (၄၅)ဝါ၊ ဝေဿာလီပြည်အနီး ဝေဠုဝရွာ။

http://www.dhammadownload.com

မြတ်စွာဘုရားကိုယ်တော်တိုင် နေ့စဉ်ပြုလုပ်သော
ဗုဒ္ဓကိစ္စကြီး (၅)ပါး

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို (၄၅)ဝါပတ်လုံး မဟာကရုဏာတော်ကြီးများစွာဖြင့် သူမတူအောင် လုံ့လဝီရိယစိုက်ထုတ်ဆောင်ရွက်တော်မူသည်။ မြတ်ဗုဒ္ဓ၏နေ့စဉ် မပျက်မကွက် ပြုလုပ်သောကိစ္စကြီးငါးပါးမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) **ပုရေဘတ္တကိစ္စ။** ။ နံနက်တိုင်း ဆွမ်းခံကြွတော်မူခြင်း၊ ယင်းသို့ဆွမ်းခံကြွတိုင်း အလှူရှင်တို့အား အခွင့်အခါအားလျော်စွာ အနုမောဒနာပြုခြင်း၊ အလျဉ်းသင့်ရာ ဝေနေယျတို့ကို လျောက်ပတ်သင့်လျော်သော တရားဓမ္မများဖြင့် ရောက်ရာ အရပ်တွင် ဟောကြားတော်မူခြင်း။

(၂) **ပစ္ဆာဘတ္တကိစ္စ။** ။ ဆွမ်းစားပြီးသည့် အချိန်မှစ၍ ညနေစောင်းအထိ ရပ်ဝေးရပ်နီးမှ ရောက်ကြကုန်သော လူပုဂ္ဂိုလ်တို့၏ အပူဇော်ခံယူလျက် အခွင့်အားလျော်စွာ သင့်လျော်သော တရားဓမ္မများ ဟောကြားတော်မူခြင်း။

(၃) **ပုရိမယာမကိစ္စ။** ။ ညဉ့်ဦးယံမှ သန်းခေါင်ယံအထိ ရဟန်းတော်များကို တရားဟောပြခြင်း၊ ဆုံးမပညတ်ခြင်းနှင့် သင့်လျော်ရာ ကမ္မဋ္ဌာန်းနည်းများပေးခြင်း။

(၄) **မဇ္ဈိမယာမကိစ္စ။** ။ သန်းခေါင်ယံမှ မိုးသောက်ယံအထိ လူသားရဟန်းများကင်းရှင်းသည့်အခါ ပြဿနာအရပ် ရပ်ကို လာရောက်မေးလျှောက်ကြသောနတ်၊ သိကြား၊ ဗြဟ္မာတို့ကို တရားဟောပြ ဖြေရှင်းပေးတော်မူခြင်း။

(၅) **ပစ္ဆိမယာမကိစ္စ** ။ ။ အရဏ်တက်ခါနီး မိုးသောက်ယံအချိန်ကို သုံးဖို့ပြု၍ ပထမတစ်ဖို့တွင် မဟာဂန္ဓကုဋီတိုက်အတွင်း စင်္ကြံကြွတော်မူခြင်း၊ ဒုတိယတစ်ဖို့တွင် လက်ယာနံတောင်ဖြင့် နားနေ လျောင်းစက်တော်မူခြင်း၊ နောက်ဆုံးတစ်ဖို့တွင် မဟာကရုဏာတော် ဉာဏ်တော်ဖြင့် စတုတ္ထစျာန် သမာပတ်ကို ဝင်စားတော်မူ၍ ထိုမဟာကရုဏာသမာပတ်မှ ထတော်မူပြီးလျှင် အရဏ်တက်ခါနီး၌ ယနေ့ကျွတ်ထိုက်သော သတ္တဝါကို ဗုဒ္ဓစက္ခုဉာဏ်တော်ဖြင့် သုံးလောကတွင်ကြည့်ရှုတော်မူခြင်း။

သိမှတ်ဖွယ်။ မြတ်ဘုရားသည် နေ့စဉ်တစ်နေ့လျှင် ၂၃နာရီကျော်မျှ သတ္တဝါများအကျိုးတွက် ဆောင်ရွက်တော်မူသည်။ နားနေလျောင်းစက်သည့် အချိန်တွင်လည်း လူတို့ အိပ်မောကျသကဲ့သို့ မဟုတ်ဘဲ သတိကင်းလွတ်ခြင်း အလျဉ်းမရှိ။

http://www.dhammadownload.com

မြတ်ဘုရားရှင်သည် မြို့ကြီးတစ်မြို့၊ ကျောင်းကြီးတစ်ကျောင်း၌သာ အမြဲသီတင်းသုံးတော်မူလေ့မရှိဘဲ တောတောင်အနှံ့ ရွာသိမ်ရွာငယ်များပါ မကျန် လှူဖြည်လောက၊ နတ်ပြည်လောကနှင့် ဗြဟ္မာပြည်လောကတည်းဟူသော လောကသုံးပါး စလုံးသို့ ဒေသစာရီကြွချီ၍ ဗုဒ္ဓကိစ္စကြီးများကို ရွက်ဆောင်တော်မူသည်။

တန်ခိုးပြာဋိဟာပြတော်မူခြင်း

မဟာသက္ကရာဇ် (၁၀၉)ခု ဝါဆိုလပြည့်နေ့တွင် မြတ်ဘုရားရှင်သည် သာဝတ္ထိပြည် ကောသလမင်း၏ ဥယျာဉ်တော်အတွင်းရှိ ကဏ္ဍမ္ဗသရက်ပင်အရင်း၌ လူအပေါင်းတို့ကို တရားဓမ္မဟောကြားပြီး ကယ်ချွတ်လိုသော ရည်ရွယ်ချက်ဖြင့် ဖက်ပြိုင်လာသော တိတ္ထိတို့ကို တန်ခိုးပြာဋိဟာ ပြတော်မူသည်။

မြတ်ဗုဒ္ဓသည် သရက်ပင်ရင်းမှ ရတနာစင်္ကြံသို့ တက်တော်မူ၍ အထက်ကောင်းကင်၌ ရပ်တော်မူပြီးလျှင် စတုတ္ထစျာန်ကို ဝင်စားလျက် တေဇောကသိုဏ်း၊ အာပေါကသိုဏ်း၊ နီလာဒိကသိုဏ်းတို့ကို အာရုံပြုကာ ပစ္စဝေက္ခဏာ သမာပတ် ဝင်စားတော်မူ၏။

ထိုအခါ ကိုယ်တော်၏အထက်မှ မီးလျှံတို့သည် လောကဓာတ်တစ်ခုလုံး ထစ်ချုန်းမြည်ဟည်း၍ ဘဝဂ်တိုင် တပြောင်ပြောင်တက်၏။ ကိုယ်တော်၏အောက်မှ ရေအလျင်သည် မိုးကြိုးစက်ကဲ့သို့ တစ်သွင်သွင်ယိုစီးထွက်ဖြာလာ၏။ ထို့နောက် ကိုယ်တော်၏အထက်မှ ရေယဉ်ဖြစ်ပေါ်လျှင် ကိုယ်တော်၏အောက်မှ မီးလျှံတို့ထွက်၏။ ကိုယ်တော်၏ရှေ့မှ မီးလျှံတောက်သော် ကိုယ်တော်၏နောက်မှ ရေယဉ်ဖြစ်ပေါ်၏။ ကိုယ်တော်၏ရှေ့မှ ရေအယဉ်ဖြစ်ပေါ်သော် ကိုယ်တော်၏နောက်မှ မီးလျှံဖြစ်ပေါ်၏။ လက်ယာမျက်လုံးတော်မှ မီးအလျှံဖြစ်သော် လက်ဝဲမျက်လုံးတော်မှ ရေအယဉ်ဖြစ်၏။ လက်ယာမျက်လုံးမှ ရေအယဉ်ဖြစ်သော် လက်ဝဲမျက်လုံးတော်မှ မီးအလျှံဖြစ်၏။

ဤနည်းအတိုင်း မီးအလျှံနှင့် ရေအလျှံတို့သည် နားတော်၊ နှာခေါင်းတော်၊ ပခုံးတော်၊ လက်ရုံးတော်၊ နံပါးတော်၊ ခြေတော်၊ လက်ချောင်း၊ ခြေချောင်းတော်များနှင့် မွေးတွင်းတော်များ၏ လက်ဝဲလက်ယာအစုံတို့မှ ရောပြွမ်းခြင်းမရှိဘဲ တစ်ကွဲစီထွက်တော်မူကြ၏။ အလုံးစုံသော ကိုယ်မှလည်း ရောင်ခြည်တော်ခြောက်သွယ်သည် ညချမ်းဆည်းဆာဝယ် လွန်စွာတောက်ပသော ရွှေတန်ဆောင်းကြီးမှ ဆီမီးအလျှံကဲ့သို့ ပျံကာပျံကာထွက်၍ အထက်သို့ တက်လေ၏။

http://www.dhammadownload.com

ထို့ပြင် မြတ်ဘုရားရှင်သည် ကိုယ်တော်မှား နိမ့်မိတဗုဒ္ဓတစ်ဆူကိုလည်း ကိုယ်တော်နှင့်အတူ ဖန်ဆင်း၍ ပြတော်မူသည်။ ဤသို့ တန်ခိုးပြာဋိဟာ ပြတော်မူလျက်နှင့်ပင် တရားတော်ကိုလည်း ဟောကြားတော်မူရာ များစွာသော ကုဋေမကသော သတ္တဝါအပေါင်း တို့သည် အကျွတ်တရားရကြလေကုန်၏။

အဘိဓမ္မာတရားဟောကြားခြင်း

မြတ်ဗုဒ္ဓသည် ဤကဲ့သို့တိတ္ထိတို့အား တန်ခိုးပြာဋိဟာပြတော်မူပြီးနောက် ယင်း ဝါဆို လပြည့်နေ့ ညနေဆည်းဆာအချိန်တွင်ပင် မယ်တော်နတ်သားအား တရားဟောကြား လိုသဖြင့် တာဝတိံသာနတ်ပြည်သို့ ဝါကပ်ရန် ကြွတော်မူသည်။ မြတ်ဘုရားသည် တာဝတိံသာရှိ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမွှေးမြက်ကျောက် ဖျာထက်၌ စံပယ်တော်မူသောအခါ မယ်တော်နတ်သားဖြစ်သော သန္တုသိတ နတ်သားနှင့်တကွ နတ်ငြဟ္မာအပေါင်းတို့ တရားနာယူရန် စုဝေးရောက်ရှိလာကြသည်။

အဆိုပါ နတ်ငြဟ္မာတို့အနက် ဘုရားရှင်၏ အနီးအပါး၌ မူလက အကုံရနတ်သားနှင့် ကျန္ဒကနတ်သားတို့သာ ရှိကြသော်လည်း နတ်ငြဟ္မာအပေါင်းတို့ စုဝေးရောက်ရှိလာကြသောအခါ အကုံရနတ်သားသည် တန်ခိုးကြီးသောနတ်တို့ကို နေရာဖယ်ပေးရသဖြင့် ဘုရားရှင်နှင့် လွန်စွာဝေးကွာသွားလေသည်။ အဘယ်ကြောင့်ဆိုသော် အကုံရနတ်သားသည် လူ့ဘဝက နှစ်ရှည်လများ နေ့စဉ် အလှူကြီး ခမ်းနားကြီးကျယ်စွာ ပေးခဲ့ပါသော်လည်း ထိုစဉ်က သာသနာပကာလ ဖြစ်ခဲ့၍လည်းကောင်း၊ သီလပြည့်စုံသော အလှူခံမြတ်တို့ကို မလှူရဘဲ သီလမပြည့်စုံသော ညံ့သော အလှူခံတို့ကိုသာ လှူဒါန်းခဲ့ရခြင်းဖြင့်လည်းကောင်း အကျိုးရနည်းခဲ့ပြီး နတ်သားဖြစ်သော အခါ တန်ခိုးနည်းပါး၏။ ဘုရားရှင်အပါးတော်မှ မခွာဘဲ နေရသော ကျန္ဒက နတ်သားသည် လူ့ဘဝက ဘုရားသာသနာတော်နှင့် ကြုံကြိုက်ရပြီး ညီတော် အနုရုဒ္ဓါရဟန္တာထေရ်မြတ်အား တစ်ထပ်သောဆွမ်းကို ကပ်လှူရုံမျှဖြင့် အကျိုးရ ကြီးမားကာ တန်ခိုးရှိန်စော်ကြီးသော နတ်သားဖြစ်လာရလေသည်။

မြတ်ဗုဒ္ဓသည် စကြဝဠာအပေါင်းမှ နတ်ငြဟ္မာတို့ စုံညီကြသောအခါ "ဤနတ်တို့ကား ကြီးမားသော ဉာဏ်အမြင်ရှိကြကုန်၏။ သိမ်မွေ့နက်နဲ မြင်နိုင်ခဲသော ပရမတ္ထတရားနှင့်သာ လျော်ကန်သင့်မြတ်၏။ ထိုတရားကို ကြားနာရမှ ငါဟူသော မာန်၊ တဏှာ၊ မိစ္ဆာဉာဏ်တို့ကုန်ခန်း၍ မဂ်ဖိုလ်ကိုမြင်လွယ်လိမ့်မည်"ဟု ဆင်ခြင်သုံးသပ်တော်မူ၍ ခက်ခဲနက်နဲသိမ်မွေ့သော အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်

http://www.dhammadownload.com

မူသည်။ ဤဒေသနာတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးတော်မူ၏။

ဒေသနာတော်အဆုံး၌ ကုဋေရှစ်သန်းမျှလောက်သော နတ်ဗြဟ္မာတို့သည် သစ္စာလေးပါးတရားကို သိမြင်ကြကုန်၍ မယ်တော်နတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

လူ့ပြည်သို့ ပြန်လည်ကြွမြန်းခြင်း

သီတင်းကျွတ်လပြည့်နေ့သို့ ရောက်သောအခါ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူတို့၏ သင်္ကန်းသနဂိုရိုက်ပြည်သို့ ပြန်လည်ဆင်းသက်တော်မူသည်။

ထိုသို့ ဆင်းသက်ရာ၌ သိကြားမင်းသည် တာဝတိံသာနတ်ပြည်မှသည် သင်္ကန်းသနဂိုရိုက်ပြည် တောင်တံခါးဝတိုင်အောင် လှေကားကဲ့သို့ရှည်လျားကြီးကျယ်ရှုမငြီးဖွယ်ရှိသော ပတ္တမြားစောင်းတန်း၊ ရွှေစောင်းတန်းနှင့် ငွေစောင်းတန်းတို့ကို တင့်တယ်စွာ ဖန်တီး၏။

ဘုရားရှင်ကိုယ်တော်မြတ်လည်း နတ်ဗြဟ္မာအပေါင်းတို့ ပီတိသောမနဿတရားကို ပွားစေခြင်းငှာ တာဝတိံသာနတ်ပြည်ထိပ်၌ရပ်လျက် တန်ခိုးပြာဋိဟာ ပြတော်မူ၏။ စတုတ္ထစျာန်ကို ဝင်စားလျက် အထက်နှင့်အောက်သို့ ကြည့်တော်မူသောအခါ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အောက်အဝီစိမှသည် အထက်ဘဝဂ်တိုင်အောင် အလုံးစုံသော လောကဓာတ်သည် ကြေးမုံပြင်ကဲ့သို့ စင်ကြယ်သန့်ရှင်း သည် ဖြစ်၍ ဟင်းလင်းတစ်ပြင်တည်းသာ ဖြစ်လေသည်။ လူနတ်ဗြဟ္မာတို့သည် ဩကာသ အလုံးစုံကို အကုန်မြင်တွေ့ကြရ၏။

မြတ်ဘုရားရှင်လည်း ရောင်ခြည်တော် ခြောက်သွယ်ကို ဘဝဂ်တိုင်အောင် တစ်ပြိုင်တည်း တောက်ပစေလျက် ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်တော်မူ၏။ ထိုအခါ ဗြဟ္မာမင်းကြီးတို့သည် ရွှေထီး၊ ငွေထီး၊ သန္ဘာထီးတို့ဖြင့် အသီးသီးမိုးကာလျက် ဗြဟ္မာပရိသတ်အပေါင်းနှင့်တကွ လက်ယာရွှေစောင်းတန်းမှ ခြံရံဆင်းသက်ကုန်၏။ သိကြားမင်းသည် ရွှေတံခွန်၊ ငွေတံခွန်၊ ပုလဲတံခွန်တို့ကို ကိုင်လျက်လည်းကောင်း၊ ခရာသင်းကို မှုတ်လျက်လည်းကောင်း၊ ပဥ္စသိခ်နတ်သားသည် ဦးသျှောင်(၅)ခုရှိသော မကိုဋ်ကိုဆောင်း၍ ဗေလုဝနတ်စောင်းကို တီးကာ မငြီးငွေ့နိုင်သော သာယာနာပျော်ဖွယ်အသံဖြင့် ပူဇော်လျက်လည်းကောင်း၊ မာတလိနတ်သားသည် စာမရီသာမြီးယပ်တောင်ဖြင့် လွှဲခတ်ပူဇော်လျက်လည်းကောင်း၊ မာတလိနတ်သားသည် စာမရီ၊ သားမြီးယပ်တောင်ဖြင့် လွှဲခတ်ပူဇော်လျက် လည်းကောင်း၊ နတ်ဂန္ဓဗ္ဗ

http://www.dhammadownload.com

အပေါင်းနှင့်တကွ လက်ဝဲငွေစောင်းတန်းမှ ခြံရံဆင်းသက်ကြကုန်၏။ လူတို့သည်လည်း မီးများထွန်းညှိ ကြကာ ဘုရားရှင်အား ကြိုဆိုကြည်ညိုကြ၏။

ဤကဲ့သို့ ထူးကဲမြင့်မြတ်လှသော ဘုရားသခင်၏ အသရေတော်ကို ရှုမျှော်လင့်ကြကုန်သော လူအပေါင်းတို့ ဖူးမြင်ရလျှင် ချီးမွမ်းအံ့သြ၍ မကုန်နိုင်အောင် ဖြစ်လျက် ပီတိသောမနဿပွားများကြပြီး အုတ်အုတ်ကျက်ကျက်မျှ ရှိခိုးပူဇော်ကြကုန်၏။ ဤအချိန်၌ ဘုရားသခင်ကို ဖူးမြော်ကြည်ညိုကြရကုန်သော လူအပေါင်းတို့တွင် ဘုရားဆုကို မတောင်းသောသူဟူ၍မရှိ၊ အားလုံးဘုရားဆုကို တောင်းကြကုန်သည်သာ ဖြစ်၏။

အောင်ခြင်းရှစ်ပါး

သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် အလောင်းတော်ဘဝများက လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး သတ္တဝါများအပေါ် မဟာကရုဏာတော်ကြီးမားစွာဖြင့် ကိုယ်တော်မြတ်၏ စည်းစိမ်ချမ်းသာနှင့် အသက်ခန္ဓာဟူသမျှကို စွန့်လွှတ်၍ သူမတူအောင် ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီတော်အဟုန်ကြောင့် သဗ္ဗညုဉာဏ်ရှင် ဘုရားဖြစ်တော်မူသောအခါတွင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ယင်းတို့၏စရိုက်နှင့် လျော်ညီစွာ ကယ်ချွတ်တော်မူရာ၌ ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အတိုင်းမသိသော အောင်မြင်ခြင်းများကြောင့် "အနန္တဇိန"ဟူသော ဘွဲ့ထူးဂုဏ်ထူးတော်ကြီးကို သူတကာတို့နှင့်မဆိုင် ကိုယ်တော်တိုင် ထိုက်ထိုက်တန်တန် ပိုင်ဆိုင်ရရှိတော်မူခဲ့ခြင်း ဖြစ်၏။

ယင်းသို့သော မြတ်ဗုဒ္ဓ၏ အောင်မြင်ခြင်းများအနက် ထင်ထင်ရှားရှား အသိများသော အောင်မြင်ခြင်းရှစ်ပါးရှိ၏။ အောက်တွင် အောင်ခြင်းရှစ်ပါးကို တစ်ပါးချင်း အကျဉ်းချုံး ဖော်ပြထားပါသည်။

၁။ ဘုရားကို ယှဉ်ပြိုင်အနိုင်လုသည့် မာရ်နတ်မင်းကို အောင်နိုင်ခြင်း။

မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် အလောင်းတော်သည် မဟာဗောဓိညောင်ပင်ရင်းရှိ အပရာဇိကပလ္လင်တော်ထက်ဝယ် ဖွဲ့ခွေနေတော်မူကာ အာနပါနစ္စာန်ကို ဝင်စား၍ "ဘုရားမဖြစ်သမျှ ဤနေရာက ငါမထပြီ"ဟု အဓိဋ္ဌာန်ဖြင့်နေတော်မူ၏။

အလောင်းတော် သိဒ္ဓတ္တမင်းသားဘုရားဖြစ်တော့မည်ကို သိသော ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်သားသည် ယူဇနာတစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာ

http://www.dhammadownload.com

ဆင်ကြီးကို စီး၍ မိမိကိုယ်တွင် အသီးသီး အစွမ်းထက်သည့် လက်နက်ကိုင်ထားသော လက်ရုံး ပေါင်းတစ်ထောင်ကို ဖန်ဆင်းလျက် အထူးထူးအပြားပြား ကြောက်မက်ဖွယ် အသွင်သဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းထားသော နောက်ပါနတ်စစ်သည် များစွာတို့နှင့် အတူ ရေအလျဉ်ကြီး ဖိစီးလွှမ်းမိုး၍ လာဘိသကဲ့သို့ အလောင်းတော်မြတ်ထံ လှိမ့်၍ လှိမ့်၍ တစ်အားကုန်ချီတက်လာကြ၏။

မာရ်နတ်၏ စစ်တပ်ကြီးက မာရ်နတ်၏ရှေ့မှ ၁၂ ယူဇနာ၊ လက်ယာဘက်မှ ၁၂ ယူဇနာ၊ လက်ဝဲဘက်မှ ၁၂ ယူဇနာ။ အထက်၌ ၉ ယူဇနာအမြင့် အစောက် ထုထည်ရှိ၍ နောက်မျက်နှာသည် စကြဝဠာတိုက်အစွန်းတိုင်အောင် များပြားလှ၏။ ထိုမာရ်နတ်စစ်တပ်ကြီး၏ ကြိမ်းမောင်းဟစ်အော် ကြွေးကြော်သံများကို ယူဇနာ တစ်သောင်း ဝေးကွာသော အရပ်မှစ၍ မြေပြိုသောအသံကဲ့သို့ ကြောက်ခမန်း လိလိကြားရ၏။

ထိုအခါ အလောင်းတော်မြတ်၏အပါး၌ ပူဇော်လျက် ရှိနှင့်နေကြကုန်သော သိကြား၊ နတ်မင်းစသည်တို့သည် ဦးတည်ရာအရပ်သို့ ကြောက်လန့်တကြား ပြေးကြလေ၏။ အလောင်းတော်မြတ်မှာမူ ငှက်တကာတို့အလယ်၌ ဂဠုန်ငှက်မင်းကဲ့သို့လည်းကောင်း၊ သားကောင်တကာတို့အလယ်၌ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့လည်းကောင်း၊ ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်းဖြင့် စံနေတော်မူ၏။

မာရ်နတ်မင်း ဦးဆောင်သော မာရ်နတ်စစ်တပ်ကြီးသည် အလောင်းတော်မြတ်၏ အနီးအပါးသို့ မကပ်နိုင်ဘဲ အလောင်းတော်ကို ထက်ဝန်းကျင်တို့မှသာ ဝန်းရံလျက် ထားကြကုန်၏။ အလောင်းတော်မြတ်မှာမူ ရှေးဘဝပေါင်းများစွာက ရှည်လျားစွာ သူမတူအောင် ဖြည့်ကျင့်ခဲ့သော ပါရမီတော်ဆယ်ပါးကိုသာ စဉ်းစားဆင်ခြင် နှလုံးသွင်း၍ နေတော်မူ၏။

ထိုအခါ မာရ်နတ်မင်းသည် အလောင်းတော်အား ယင်း၏ အလွန်ကြောက်မက်ဖွယ်ကောင်းလှသော လက်နက်ကြီးကိုးပါးဖြစ်သည့် မုန်တိုင်းလက်နက်၊ မိုးကြိမ်းရေဆိုးလက်နက်၊ ကျောက်ခဲမိုးလက်နက်၊ လက်နက်မိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ သဲပူမိုး၊ ညွန်ပူမိုးနှင့် အမိုက်မှောင်လက်နက်မိုးတို့ဖြင့် ဖန်ဆင်းတိုက်ခိုက်သော်လည်း မအောင်မြင်၊ အရာမရောက်၊ နောက်ထပ်တစ်ဖန်ကောင်းကင်တစ်ခုလုံး ထစ်ချုန်းကာ မိုးကြိုးပေါင်း အရာအထောင်မကကြောက်မက်ဖွယ် ကျရောက်စေသော စက်လက်နက်ဖြင့် တိုက်ခိုက်သော်လည်း အရာမရောက်၊ အချည်းအနှီးသာ ဖြစ်ကုန်၏။ ထိုအခါ မာရ်နတ်မင်းသည် မာရ်စစ်သည်တော်တို့အား အလောင်းတော်ကို သတ်ကြဖြတ်ကြရန် အမိန့်ပေးပြီး

http://www.dhammadownload.com

အလောင်းတော်မြတ် ကိုလည်း ယခုချက်ချင်းပင် ပလ္လင်တော်ပေါ်မှ ဆင်းပေးရန် ကြိမ်းမောင်းပြောဆို လေ၏။

အလောင်းတော်မြတ်ကား မာရ်နတ်မင်းနှင့် နောက်ပါ နတ်စစ်သည်တို့၏ ပြစ်မှားသမျှကိုလည်း သည်းခံတော်မူလျက် မေတ္တာစွမ်းဖြင့်သာ ပယ်ရှားတော်မူ၏။ ယင်းနောက် အလောင်းတော်မြတ်သည် ကမ္ဘာအဆက်ဆက် ဘဝ အဆက်ဆက်က သူမတူအောင် ဖြည့်ကျင့်ခဲ့သော ပါရမီတော်အဟုန်ကို မဟာပထဝီမြေကြီးအား သက်သေပြုလတ္တံ့ဟု မိန့်ဆိုတော်မူကာ မိုးတိမ်ဝမ်းလျှပ်နွယ်ကဲ့သို့ ကျက်သရေရှိလှသော လက်ယာလက်တော်ကို သင်္ကန်းတွင်းမှ ထုတ်ကာ မဟာပထဝီ မြေကြီးသို့ ရှေ့ရှည်ညွှန်ပြတော်မူ၏။

ထိုခဏမှာပင် မဟာပထဝီမြေကြီးသည် အလောင်းတော်မြတ်၏ ပါရမီတော် အဟုန်ကို အသိအမှတ်ပြု သက်သေပြသည့်အနေဖြင့် အိုးထိန်းစက်ကဲ့သို့ သွက်သွက် ခါလည်ကာ ကြောက်လန့်ဘနန်း သည်းထန်စွာ မြည်ဟီးလေ၏။ ထိုအခါ မာရ်နတ်မင်းနှင့် နတ်စစ်သည်အပေါင်းတို့သည်လည်း အားကိုးရာမရှိ၊ အလွန်အမင်း ကြောက်လန့်ရာကာ ဖရိုဖရဲဖြစ်ပြီး ဦးတည်ရာသို့ ရှေ့ရှု၍ ပြေးကြကုန်၏။

ဤသို့လျှင် အလောင်းတော်မြတ်သည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ နေမဝင်မီဒေဝပုတ္တမာရ် (ဝသဝတ္တီမာရ်နတ်)ကို သည်းခံပါ၍ အမျက်မထား၊ ပါရမီဆယ်ပါးဖြင့် အောင်မြင်တော်မူ၍ သတ္တလောက တစ်ခုလုံး အောင်မြင်ခြင်းသို့ ရောက်ရလေ၏။

မြတ်စွာဘုရားရှင်၏ အောင်ပွဲကို တွေ့မြင်ကြရသော နဂါး၊ နဂါးချင်း၊ ဂဠုန်၊ ဂဠုန်ချင်း၊ နတ်၊ နတ်ချင်း၊ ဗြဟ္မာ၊ ဗြဟ္မာချင်း၊ ကောင်းကင်ယံတို့၌ ကြွေးကြော်ကြ ပြီးလျှင် အလောင်းတော်မြတ်စံနေရာ မဟာဗောဓိပလ္လင်အနီးသို့ စုဝေးရောက် ရှိလာကြလျက် ပန်းနံ့သာတို့ဖြင့် ပူဇော်ကန်တော့ကြလေကုန်၏။

၂။ ကြိမ်းတမ်းခက်ထန်လှသော အာဠာဝက ဘီလူမင်းကို အောင်နိုင်ခြင်း

မြတ်ဗုဒ္ဓအာဠဝီပြည်တွင် သာဠသမဝါ (၁၆ ဝါမြောက်)အဖြစ် ပါဆိုခါနီး အချိန်ကာလဖြစ်၏။

စတုမဟာရာဇ်နတ်မင်းတို့၏အထံ၌ ကျိုးနွံခယသဖြင့် "မွန်းတည့်ကာလ ဤညောင်ပင်ရိပ်နံ့သမျှ အရပ်သို့ ကပ်ရောက်ခိုဝင်လာသော သတ္တဝါတို့အား

http://www.dhammadownload.com

သင်ပိုင် စားစေ"ဟု အာဠဝီမင်း နေပြည်နှင့် တစ်ဂါဝုတ်ကျော် ကွာသောအရပ်၌ ရှိသည့် ကြီးစွာသော ညောင်ပင်ကြီးကို အပိုင်စားရသည့် အာဠာဝကဘီလူးကြီး သည် ကြီးကျယ်ခမ်းနားသော ဗိမာန်ကြီးဖြင့် လုံခြုံစွာနေလျက် ယင်း ညောင်ပင်အောက်သို့ ရောက်လာသမျှသော သတ္တဝါတို့၏ အသားကိုစားလျက် နေလေ၏။

တစ်နေ့တွင် အာဠဝီပြည့်ရှင်မင်းကြီးသည် သမင်လိုက်ရင်း ယင်းညောင်ပင်ကြီး အောက်၌ အရိပ်အာဝါသကောင်းလှသဖြင့် အပန်းဖြေဝင်နားလေ၏။ ဘီလူးကြီး သည် မင်းကြီးဝင်လာလျှင် အနားသို့ကပ်လေသော် မင်းကြီးသည် လွန်စွာကြောက် လျက် "ငါ့ကား အာဠဝီပြည်ကို အစိုးရသောမင်းကြီးတည်း၊ ငါ့ကို စားလျှင် တစ်နေ့သာ စားရမည်ဖြစ်၍ အသင်ဘီလူးမင်း နေ့ရက်ရှည်ကြာ စားလိုပါလျှင် ငါ့အားလွှတ်လော့၊ လူတစ်ယောက်နှင့် ထမင်းတစ်အိုးကို နေ့တိုင်းသင့်ထံသို့ ပို့လွှတ်အံ့၊ အကြင်နေ့၌ ငါမပို့သည်ဖြစ်အံ့၊ နန်း၌နေသောငါ့ကို သင်စားပိုင်လေ လော့" ဟူ၍ ဘီလူးကို ကတိကဝတ် ပြုလေ၏။

မင်းကြီးလည်း နန်းတော်ထိရောက်လျှင် မိမိ၏ကတိကဝတ်အတိုင်း ပထမတွင် ထောင်အတွင်းရှိ သတ်ထိုက်သူ၊ အပြစ်ရှိသူတို့ကို ဘီလူးကြီးထံ အလှည့်ကျ စေလွှတ်၏။ တိုင်းသူပြည်သားတို့သည်လည်း အကြောင်းစုံသိလျှင် ရာဇဝတ်မှု မလုပ်ဝံ့ကြတော့၍ ကြာလတ်သော အကျဉ်းသားတို့ကုန်လေ၏။ ထိုအခါ အိမ်ကြီးအိမ်ကြား လမ်း ရပ်ကွက်တို့၌ ဥစ္စာထုပ်တို့ကို ချထား၍ ကောက်ယူသော သူတို့အား ဖမ်းဆီးစေလွှတ်ပြန်သည်။ ကြာသော် ဥစ္စာထုပ်တို့ကို ကောက်ယူမည့် သူ မရှိတော့သောအခါ ပုခက်တွင်းမှ သူငယ်တို့ကို စေလွှတ်ပြန်သည်။

ဤနည်းအားဖြင့် တစ်ဆယ့်နှစ်နှစ်တိုင်တိုင်ရှိ၍ အာဠဝီပြည်၌ သူငယ်တို့ ကုန်လေလျှင် မင်းကြီးသည် ယမန့်နေ့ကမှ ဖွားမြင်သော မိမိ၏သားတော် အာဠာဝက ကုမာရမင်းသားလေးအား နောက်တစ်နေ့၌ ဘီလူးထံဆက်သရန် မလွဲမရှောင်သာ မိန့်တော်မူရလေ၏။

မြတ်စွာဘုရားရှင်သည် မင်းသားလေးအား ဘီလူးစာ မကျွေးမီ ရှေ့ရှေ့နေ့၊ ည၏ နောက်ဆုံးယံ၌ မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သဗ္ဗညုတဉာဏ် စက္ခု ဖြင့် လောကကို ရှုတော်မူသော် အာဠာဝကမင်းသားလေး၏ အနာဂါမိဖိုလ်သို့ ရောက်လတ္တံ့သောအကြောင်း၊ အာဠာဝကဘီလူးကြီး၏သောတာပတ္တိမဂ်ဖိုလ်သို့ ရောက် လတ္တံ့သောအကြောင်း၊ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့၏ တရားရအံ့ သော အကြောင်းတို့ကို မြင်တော်မူ၍ လဆုတ်ပက္ခလကွယ်နေ့ ညချမ်းအခါ၌

http://www.dhammadownload.com

ကိုယ်တော်မြတ် တစ်ပါးတည်းသာလျှင် ပရိက္ခရာရှစ်ဖော်ကို ဆောင်တော်မူလျက် သာဝတ္ထိမြို့မှ ယူဇနာသုံးဆယ်ကွာဝေးသော အာဠဝီပြည်သို့ ခြေလျင်ကြွတော်မူရာ အာဠဝကဘီလူး၏ဗိမာန်အတွင်းသို့ ရောက်လေ၏။

ထိုအခါ အာဠဝကဘီလူးကြီးသည် ဟိမဝန္တာဝယ် ပြုလုပ်သောနတ်တို့၏ အစည်းအဝေးသဘင်သို့ သွားနေခိုက်ဖြစ်၍ မြတ်ဘုရားရှင်သည် တံခါးစောင့် ဂဒြဘဘီလူးထံ ဗိမာန်အတွင်း တစ်ညဉ့်တာတည်းခိုလိုကြောင်း မိန့်တော်မူရာ ဂဒြဘဘီလူးက အာဠဝကဘီလူးကြီးထံ သွားရောက်အကြောင်းကြားလေ၏။

ထိုစဉ် မြတ်ဗုဒ္ဓသည် ဗိမာန်အတွင်းသို့ဝင်၍ နတ်ပွဲမင်္ဂလာပြုလုပ်သည့်အခါ မျိုးဌ် အာဠဝကဘီလူး၊ နတ်၏အသရေကို ခံစံရာရတနာ ခုနှစ်ပါးအတိုပြီးသော ရာဇပလ္လင်ထက်သို့ တက်၍ တစ်ခဲနက်ဝါဝင်းသော ပီတရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ထိုအခါ ဗိမာန်အတွင်း ထိန်ထိန်ကြီး၍ လွန်စွာတင့်တယ် ကျက်သရေရှိတော်မူသော မြတ်ဘုရားရှင်ကို ဖူးမြင်ရသော အာဠဝက၏ မောင်းမမိသဲ့တို့သည် လွန်စွာကြည်နူး ပီတိထူးဖြင့် ဘုရားထံသို့ ချဉ်းကပ်ပြီး ရိုသေစွာရှိခိုးလျက် ခြံရံကာ နေကြကုန်သော် မြတ်စွာဘုရားက တရားရေအေး တိုက်ကျွေးတော်မူ၏။

ဂဒြဘဘီလူး ဟိမဝန္တာနတ်သဘင်သို့ ရောက်၍၊ အာဠဝကအား အကြောင်းစုံလျှောက်လေသော် ဒေါသကြီးလှသော အာဠဝကသည် ဒေါသအမျက် ခြောင်းခြောင်းထွက်၍ "ငါ၏ဗိမာန်အတွင်း ကျူးကျော်ဝင်ရောက် ငါ့အားမလေးမစားပြုဝံ့သူ ဘုရားဆိုသူအား ပြုခွင့်ရှိသမျှ ငါပြုမည်"ဟု ပြင်းထန်စွာ ကြုံးဝါးလေတော့၏။

နတ်တို့က "အသင်အာဠဝက ယ့နေ့သင်သည် အရတော်ငြားပေစွ၊ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် သင်၏ဗိမာန်၌ စံနေတော်မူသည်။ မြန်စွာသွား၍ ညွှတ်တွားပျပ်ဝပ် ဆည်းကပ်ပူဇော်လေလော့"ဟု ဆိုကြ၏။

ထိုအခါ အာဠဝကသည် သီလမရှိသောသူအား သီလစကားကို တိုက်တွန်းပြောကြားလျှင် နားနှစ်ဘက်တွင်း၌ တံတင်းနှက်ဟန် ထင်သကဲ့သို့လည်းကောင်း၊ စေးနည်းဝန်တိုသူအား အလှူစကားကို ကြားလျှင် နားပါးနှင့်၍ သွားလင့်သကဲ့သို့လည်းကောင်း၊ ဘုရားရှင်၏ကျေးဇူးစကားကို ကြားလျှင် ကြားချင်း မျက်နှာတင်းမရွှင်၊ ခါးချဉ်သောဒေါသစိတ်ကြွ၍ ပူလှသောအိုးကင်း၌ ချလိုက်သော ဆားကဲ့သို့ အမျက်အားဖြင့် ဖျစ်ဖျစ်မြည်လျက် ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအထက်၌ လက်ဝဲခြေဖြင့်နင်း၍ "နတ်မင်းတို့၏ဆရာ ဂေါတမနှင့် ငါ့စွမ်းအားသည် မည်သူက တန်ခိုးသာ မသာကို ကြည့်ရှုကာ နေကြကုန်၊ မရည်မင် ငါ့ဗိမာန်တွင်းသို့ဝင်၍ နေသော ဘုရားဆိုသူ ဂေါတမအား မှုန့်မှုန့်ညက်ညက် ကြေစိမ့်၍ စားဝါးပစ်လိုက်

http://www.dhammadownload.com

မည်"ဟု ကြိုးဝါး၍ အလျားအစောက် ယူဇနာခြောက်ဆယ်ရှိသော ကေလာသတောင်ထွတ်ကို လက်ယာခြေဖြင့် နင်းလိုက်လျှင် တောင်ထွတ်ကြီးသည် အချပ်ချပ် အလွှာလွှာကွာ၍ ဖရိုဖရဲတကွဲစီ ဖြစ်သွားလေ၏။

ထို့နောက် ကေလာသတောင်ထိပ်၌ရပ်လျက် "အာဠာဝကတဲ့ဟော့"ဟု ကြိုးဝါးအော်ဟစ်လိုက်သောအသံသည် ဇမ္ဗူဒိပ်ကျွန်းအလုံး အိမ်ဝတွင် ဟစ်လိုက်သကဲ့သို့ ပဲ့တင်ထပ်ခါ ဟိမဝန္တာတောနေ မြေပြင်အလုံး ကြုံးဝါးသောအသံကြောင့် အလွန်တုန်လှုပ်လေ၏။

အာဠာဝကဘီလူးကြီးသည် ယင်း၏ဗိမာန်အနီးသို့ ရောက်သောအခါ မြတ်ဘုရားရှင်အား မာရ်နတ်ကဲ့သို့ ကိုးပါးသောလက်နက်တို့ဖြင့် ကြေကြေပြုန်းအောင် အစဉ်လိုက်တိုက်ပါသော်လည်း မြတ်ဘုရားထံမပေါက်ရောက် နတ်ပန်းပေါက်သကဲ့သို့လည်းကောင်း၊ နံ့သာပျောင်း၊ နံ့သာမှုန့်တို့ဖြင့် ပက်ဖျန်းသကဲ့သို့လည်းကောင်း စသည်အားဖြင့်သာထူးဆန်းစွာဖြစ်ကြကုန်၏။

အာဠာဝကသည် လက်နက်ကိုးပါးဖြင့် မအောင်မြင်သည့်အခါ နောက်ပါဘီလူးစစ်သည်အပေါင်းတို့ကို ခေါ်၍ အထူးထူးအပြားပြားသော ကိုယ်သဏ္ဌာန်တို့ကို ဖန်ဆင်း၍ အထူးထူးအပြားပြားသောလက်နက်တို့ကို ကိုင်စွဲစေလျက် မြတ်ဘုရားကိုကိုယ်တိုင် ဦးဆောင်၍ ဖမ်းဆီးနှိပ်စက်ရန် ကြိုးစားပြန်သော်လည်း အလျှံ ပြောင်ပြောင်တောက်လောင်သော သံတွေခဲကို ယင်ရဲတို့ မတိုးဝံသကဲ့သို့၊ ဘုရားရှင် ထံ မချဉ်းကပ်ဝံ့ဘဲ အဝေးကနေ၍သာ အာဏာတန်ခိုးပြနိုင်ပေ၏။

ဤနည်းဖြင့် အာဠာဝကသည် ညဉ့်ဦးယံ သန်းခေါင်ယံ ကုန်အောင် မြတ်ဘုရားကို ကြဲဆောင်ဖျက်ဆီးသော်ငြားလည်း ဘုရားရှင်ကိုယ်တော်မြတ် တုန်လှုပ်ခြင်းကင်းရဲတင်းစွာဖြင့် စံနေတော်မူသည်ကို မြင်သောအခါ လောကဋ္ဌ အကြီးမြတ်ဆုံးလက်နက်ကြီးလေးမျိုး (စကားချပ်–သိကြားမင်း၏ ဝရဇိန်လက်နက်၊ ဝေဿဝဏ်နတ်မင်း၏ သံတင်းပုတ်လက်နက်၊ ယမမင်းကြီး၏ မျက်စောင်းလက်နက်နှင့် အာဠာဝကဘီလူးကြီး၏ ဘွဲ့ဖြူနတ်ပုဆိုးလက်နက်။ ဤလေးမျိုးကားလောကဋ္ဌ အကြီးမြတ်ဆုံးလက်နက်ကြီးလေးမျိုးတည်း။)တွင် ပါဝင်သည့် ဘွဲ့ဖြူလက်နက်ကို နောက်ဆုံး ထုတ်သုံးသည့်အနေဖြင့် စေလွှတ်တော့မည်ဟု ကြိုးဝါးကာ ဘွဲ့ဖြူနတ်ပုဆိုးကို ပစ်လွှတ်လိုက်သော် မြတ်ဘုရားထံသို့ ရောက်လေလျှင် ခြေသုတ်ပုဆိုးဖြစ်၍ တည်လေ၏။ (ဘွဲ့ဖြူလက်နက်၏အစွမ်းကား ဘီလူးမင်းအမျက်ထွက်၍ ကောင်းကင်သို့ ပစ်သော် တစ်ဆယ့် နှစ်နှစ်ပတ်လုံး မိုးမရွာနိုင်ဖြစ်ရာ၏။ မြေသို့ပစ်သော် သစ်ပင်အပေါင်းတို့သည် တစ်ဆယ့်နှစ်နှစ်ပတ်လုံး သွေ့ခြောက်ပျက်သုဉ်း၍ အညွှန့်ပင် မပေါက်တော့ဘဲ

http://www.dhammadownload.com

ဖြစ်ရာ၏။ သမုဒ္ဒရာထဲသို့ ပစ်သော် ရှစ်သောင်းလေးထောင် နက်ချောင်ကျယ်ဝန်းသော ရေအထု သည် အိုးကင်းပူဒ်၌ ချလိုက်သော ရေပေါက်ကဲ့သို့ ခန်းခြောက်ကုန်ရာ၏။)

ဤအခါ "ဘုရားရှင်သည် အာဠာဝကဘီလူးကြီးကို တရားပြပေတော့မည်၊ တရား တော်ကို နာကြရအံ့"ဟူ၍ စကြဝဠာတိုက်တစ်သောင်းမှ နတ်အပေါင်းတို့သည် မြတ်ဘုရားရှင်နှင့် အာဠာဝက စစ်ခင်းရာသို့ ချဉ်းကပ်လာကြရာ ယူဇနာလေးသောင်း နှစ်ထောင်ရှိသော ကောင်းကင်ပြင်အရပ်သည် နတ်ပရိသတ်တို့ဖြင့် ပြည့်လေ၏။

ကြမ်းတမ်းခက်ထန်၍ ဒေါသကြီးလှသော အာဠာဝကဘီလူးမင်းသည် မိမိ၏ အလွန်တရာ အစွမ်းထက်လှသော ဘွဲ့ဖြူလက်နက်တောင်မှ မြတ်ဘုရားရှင်ကို ဘေးမဖြစ် စေနိုင်ကြောင်း တွေ့မြင်ရသောအခါ အစွယ်ကျွတ်သောဆင်၊ ဦးချိုကျိုးသော နွားလား ဥသဘ၊ အဆိပ်ကျသော မြွေတို့ကဲ့သို့ မာန်ကိုလျော့ချ၍ ဘုရားရှင်ထံ ချဉ်းကပ်လေတော့ ၏။ ထိုအခါ မြတ်ဘုရားရှင်သည် ဘီလူးကြီး၏ အလိုသို့ လိုက်၍လည်းကောင်း၊ မေးလျှောက်လာသောပြဿနာရပ်များကို ကောင်းစွာ ဖြေဆိုတော်မူခြင်းဖြင့်လည်းကောင်း၊ တရားရေအေးတိုက်ကျွေးတော်မူရာ ဒေသနာအဆုံး၌ ဘီလူးမင်းကြီးသည် ပါရမီဓာတ်ခံ ကောင်းခဲ့သူဖြစ်သည်နှင့်အညီ သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်ဘုရားရှင်က အာဠာဝကဘီလူးအား ဟောကြားဆုံးမတော်မူရာတွင်–

(၁) တရားဒေသနာ၏ ပြီးဆုံးခြင်း၊

(၂) မိုးစင်စင်လင်းခြင်း၊

(၃) တရားနာကြသော နတ်အပေါင်းတို့က ကောင်းချီးသြဘာ ကြွေးကြော် ကြခြင်း၊

(၄) မင်းချင်းတို့သည် အာဠာဝကမင်းသားလေးကို ဘီလူးစာ ပို့ရန် ရောက်ရှိလာခြင်း၊

ဤလေးချက်တို့သည် တစ်ပြိုင်နက်ဖြစ်လေ၏။

အာဠာဝကဘီလူးလည်း မင်းချင်းတို့ဆက်သလာသော မင်းသားလေးအား ဘုရားရှင်ထံ လှူလိုက်လေ၏။ ဘုရားရှင်က မင်းသားလေးအားမင်းချင်းတို့ထံ ပြန်ထည့် လိုက်၏။ ယင်းနောက် ဘုရားရှင်သည် အာဠဝီမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူပြီးနောက် မြို့အထွက်အရိပ်ကောင်းသော သစ်ပင်ရင်း၌ နားနေတော်မူစဉ် မင်းကြီးမှူးမတ် ဗိုလ်ပါတို့နှင့်တကွ များစွာသော ပြည်သူအပေါင်းတို့သည် ချဉ်းကပ် ခစားပျပ်ဝပ်လာ ကြ၏။

http://www.dhammadownload.com

မြတ်ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် အာဠာဝီပြည့်ရှင်မင်းကြီးက လျှောက်မေးလာသော အာဠာဝကဘီလူးကို နှိမ်နင်းဆုံးမခဲ့ပုံနှင့် စပ်၍ အာဠာဝက သုတ္တန်ဒေသနာကို ဟောကြားတော်မူရာ ဒေသနာတော်အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သော ပရိသတ်အပေါင်းတို့ အကျွတ်တရားရကြကုန်၏။

ထို့နောက် မြတ်ဗုဒ္ဓသည် အာဠဝီမင်းကြီး လျှောက်ထားချက်အရ ဝါလနီးသောအခါ ငါးရာသောတပည့်သံဃာတို့နှင့်တကွ အာဠဝီပြည်သို့ ပြန်လည်ကြွရောက်ကာ ဝါကပ်တော်မူ၏။

(အာဠာဝကမင်းသားလေးသည် နောင်ကြီးပြင်းလာသောအခါ ခမည်းတော်မင်းကြီးနှင့် မှူးမတ်တို့က မင်းသားလေး၏အသက်ကို ဘုရားရှင်ကိုယ်တော်မြတ်က ကယ်တော်မူခဲ့ကြောင်း ပြောပြပြီး ဘုရားရှင်ထံ ဆည်းကပ်ရန် တိုက်တွန်းပြောကြား ချက်အရ မင်းသားလေးသည် ဘုရားရှင်ထံ ချဉ်းကပ်လုပ်ကျွေးပြီး တရားနှလုံးသွင်းရာမှာ အနာဂါမိဖိုလ်၌ တည်လေ၏။ ထို့ပြင် ဥပါသကာတို့အလယ်၌ ကဲလွန်မြတ်သဖြင့် မြတ်ဘုရားရှင်က ဧတဒဂ်အရာ၌ ထားတော်မူလေသည်။)

၃။ ကြမ်းကြုတ်ရက်စက်လှသော နာဠာဂီရိဆင်မိုက်ကြီးကို အောင်နိုင်ခြင်း

သာကီဝင်မင်းမျိုး သိဒ္ဓတ္ထမင်းသားတော်ထွက်၍ ကျင့်ကြံအားထုတ်ရာမှ ဘုရားအဖြစ်သို့ ရောက်တော်မူပြီ။ ဘုရားပွင့်တော်မူပြီဟု ကြားသိရသော ဥပါလိဆတ္တာသည်နှင့်တကွ ဘုရားရှင်နှင့်ညီအစ်ကို ဆွေမျိုတော်စပ်သူ သာကီဝင်မင်းသား (၆)ဦး (အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ဘဂု၊ အရှင်ကိမိလ၊ အရှင်ဒေဝဒတ်) တို့သည် ဘုရားရှင်ရှိရာသို့ သွားရောက်ဖူးမြော်၍ ရဟန်းပြုကြလေ၏။

ဤအထဲတွင် ဘုရားရှင်နှင့်ညီအစ်ကို၊ သမီးယောက်ဖတော်သူလည်း ဖြစ်သော ရှင်ဒေဝဒတ်သည် ပုထုဇဉ်ရဟန်းအဖြစ်နှင့်ပင် လောကီစွမ်းအင်ဘဉာဏ်တို့ကို ရရှိခဲ့သော်လည်း အရိယာကားမဖြစ်။ မူလကပင် မာန်မာနကြီးလွန်း အာသာဆန္ဒပြင်းပြလွန်းသော၊ စိတ်ကြီးလွန်းသော ရှင်ဒေဝဒတ်သည် သာကီဝင်မင်းမျိုးလည်းဖြစ်၊ ဘုရားရှင်နှင့် ညီအစ်ကိုသမီးယောက်ဖတော်စပ်သူလည်း ဖြစ်ပါလျက်နှင့် ဘုရားရှင်ကိုယ်တော်တိုင်ကလည်း သီးခြားအခွင့်အရေးမပေး၊ ထီးစောင်းမင်းများနှင့်တကွ ပူဇော်လှူဒါန်း သက္ကာယပြုသူအပေါင်းတို့ကလည်း ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်ဘဂု၊ အရှင်ကိမိလတို့ထံတွင်သာ ဆည်းကပ်ပူဇော်ကြပြီး မိမိအား မေးမြန်းလှူဒါန်းပူဇော်မည့်သူမရှိ၍ အမျက်ဒေါသထွက်လျက် စိတ်ကြီးဝင်ကာ တစင်ထောင်ရန်

http://www.dhammadownload.com

အတွက် ဘုရားရှင်၏ ဥပါသကာမဖြစ်သေးသော၊ ငယ်ရွယ်နုနယ်ပညာမကြွယ်သေးသော အဇာတသတ်မင်းသားလေးအား တန်ခိုးပြစည်းရုံးသိမ်းသွင်းလေ၏။

ဤနည်းဖြင့် ရှင်ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်၌ အဇာတသတ် မင်းဖြစ်သော အခါ မင်းဆရာအဖြစ် သီးခြားကျောင်း၌ သီတင်းသုံးနေတော်မူရာ မင်း၏အရိန်အဝါ ကြောင့် ရရှိလာသော လာဘ်လာဘပူဇော်သက္ကာရတို့၌ ယစ်မူးပြီး "ငါကား ဘုရား တစ်ဆူလုပ်ကာ ဘုရားနှင့်စင်ပြိုင် သံဃာအပေါင်းကို ခေါင်းဆောင်တော့အံ့" ဟု စိတ်အကြံဖြစ်သည်နှင့်တစ်ပြိုင်နက် ရသမျှသော လောကီအဘိညာဏ်ကလေးပင် လျော့ကျကွယ် ပျောက်လေတော့၏။

များစွာသော ရဟန်းတို့က ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းကြီး ကိုးကွယ် ဆည်းကပ်မှုကြောင့် စည်ကားသိုက်မြိုက်လာဘ်လာဘပေါများနေကြောင်း မြတ်ဘုရား ရှင်ထံ လျှောက်ထားကြသောအခါ မြတ်ဘုရားရှင်က "ချစ်သားရဟန်းတို့ ဒေဝဒတ်၏ လာဘ်လာဘပေါများကျော်စောခြင်းကို အားမကျလေနှင့်၊ ထိုလာဘ်လာဘတို့သည် ဒေဝဒတ်အဖို့ ကုသိုလ်တရားတို့၌ ဆုတ်ယုတ်လျော့စေသည်သာ ဖြစ်၍ ငှက်ပျောပင်၊ ဝါးပင်၊ ပေပင်တို့သည် မိမိတို့သေစေဖို့ အသီးကိုသီးပေးရသကဲ့သို့လည်းကောင်း၊ အာဇာနည်မြင်းမသည် မိမိသေစေဖို့ သားဖွားပေးရသကဲ့သို့လည်းကောင်း၊ ထို့အတူ ပူဇော်သက္ကာရလာဘ်လာဘတို့သည် စိတ်နေဖောက်ပြားယုတ်မာသော ယောကျ်ားတို့ကို သတ်ဖြတ်ဖျက်ဆီးတတ်၏" ဟု ဟောကြားဆုံးမတော်မူ၏။

တစ်နေ့တွင် မြတ်စွာဘုရားတရားဟောနေစဉ် ရှင်ဒေဝဒတ်သည် ပရိသတ် အကြားမှ ထ၍ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော ဘုရားရှင်အနေဖြင့် တပည့်ရဟန်း သံဃာတော်တို့ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ယင်းအား လွှဲအပ်ရန် လျှောက်ထားလေ၏။ ဤလျှောက်ထားချက်ကို မြတ်ဘုရားရှင်က ပယ်တော်မူ၏။ ရှင်ဒေဝဒတ်က ဒုတိယ အကြိမ်ထပ်မံလျှောက်ပြန်သော် မြတ်ဘုရားရှင်ကလည်း ပယ်တော်မူပြန်၏။ တတိယ အကြိမ်လျှောက်ထားသည့်အခါတွင်မူ မြတ်ဗုဒ္ဓက "ငါဘုရား ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကိုပင် ရဟန်းသံဃာကို လွှဲအပ်မည်မဟုတ်၊ တံတွေးနှင့်တူသည့် ပစ္စည်းများကို သုံးစားနေသောသင့်အား အဘယ်ကြောင့် လွှဲအပ်ရမည်နည်း"ဟု ယတိပြတ် မိန့်တော်မူလိုက်လေ၏။ ထိုအခါ ရှင်ဒေဝဒတ်သည် "ငါအား ပရိသတ် အလယ်၌ မစင်ကြယ်သော ပစ္စည်းလေးပါးကို စားသော တံတွေးစားဟု ကြိမ်းမောင်း ပြောဆိုဘိသည်။ ယနေ့မှစ၍ ယောက်ဖတော်ဂေါတမကို အကောင်း မကြဲပြီ" ဟု ကြီးစွာသောရန်ညှိုးဖွဲ့လေတော့သည်။

http://www.dhammadownload.com

မြတ်စွာဘုရားရှင်သည် ဒေဝဒတ်၏ ပြောဆိုပြုမူလုပ်ကိုင်ခြင်းမှန်သမျှသည် ဘုရားနှင့်လည်းမပတ်သက်၊ တရားနှင့်လည်းမပတ်သက်၊ သံဃာနှင့်လည်း မပတ်သက်ကြောင်း ရာဇဂြိုဟ်ပြည်၌ သိစေအပ်ပြီး ပကာသနိယကံကို ပြုစေတော်မူ၏။

ပထမတွင် ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းကြီးထံမှ လေးသမား တို့ကို တောင်း၍ ဘုရားရှင်အား လုပ်ကြံသတ်ဖြတ်စေရာ လေးသမားတို့သည် ဘုရားရှင်ကို ဖူးမြော်ရသည့်အခါ ကြောက်ရွံ့ချောက်ချားလျက် အပြစ်တို့ကို တောင်းပန် ကန်တော့ပြီး မြတ်ဘုရားရှင်ထံမှ တရားဒေသနာတော်ကို နာကြားရသည့်အခါ ဒသာတာပန်တည်ကြလေ၏။

နောက်တစ်ကြိမ်တွင် ရှင်ဒေဝဒတ်သည် ဘုရားရှင်အား ကိုယ်တိုင်သတ်မည်ဟု ကြိမ်းဝါးလျက် မြတ်စွာဘုရားဂိဇ္ဈကုတ်တောင်ခြေ၌စင်္ကြံကွေ့နေတော်မူစဉ် တောင်ထိပ်မှနေ၍ မြတ်ဘုရားရှင်ပေါ် တည့်တည့်သို့ ကြီးစွာသော ကျောက်တုံးကြီးကို လှိမ့်ချလိုက်၏။ ထိုကျောက်တုံးကြီးသည် မြတ်စွာဘုရားရှင်ထံမရောက်မီ အစိပ်စိပ်အလွှာအလွှာကွဲကြေကုန်ပေရာ ပဲ့ကျသော ကျောက်လွှာစင်၍ မြတ်စွာဘုရား၏ခြေမတော်၌ သွေးစိမ်းတည်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် အထက်သို့ မော့ကြည့်၍ "မင်္ဂ ဖိုလ်မှ အချည်းနှီး ဖြစ်သော ဒေဝဒတ် သင်သည် သတ်ဖြတ်လိုသောစိတ်ရှိလျက် ငါဘုရားကို သွေးစိမ်း တည်စေရကား သင်သည် ရှေးဦးစွာ အနန္တရိယကံကို ဆည်းပူးခဲ့လေပြီ"ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားကို ဆေးဆရာဇီဝက၏ သရက်ဥယျာဉ်ကျောင်းသို့ ပို့စေပြီးဆရာဇီဝက၏ ကုသမှုကို ခံယူတော်မူရာ တစ်ညဉ့်တွင်းပင် ပျောက်ကင်းတော်မူလေ၏။

မြတ်ဘုရားရှင်အား သတ်ခြင်းငှာ လုံ့လပြုကြောင်း ကြားသိရသော သံဃာတော်အပေါင်းတို့သည် ဘုရားရှင်ထံရောက်ရှိလာကြပြီး ဝိုင်းဝန်းစောင့်ရှောက်ကြကုန်၏။ ထိုအခါ မြတ်ဗုဒ္ဓက "သင်ချစ်သားတို့ ---ငါဘုရားအား မကြောင့်ကြကုန်လင့်၊ ပါရမီတော်အစွမ်းကြောင့် ရအပ်သော ဘုရားသခင်တို့၏ ခန္ဓာကိုယ်သည် ဖျက်ဆီးလိုသော သူတစ်ပါးတို့၏ ပယောဂကြောင့် ပျက်စီးရအံ့သော အကြောင်းမရှိသည်သာတည်း"ဟု မိန့်တော်မူလေ၏။

ယင်းနောက် ရှင်ဒေဝဒတ်သည် ဘုရားရှင်ဂေါတမအား ဤလူ့ဘုံ၌ တစ်စုံတစ်ဦးကမျှ သတ်ဖြတ်ခြင်းငှာ မစွမ်းတန်ရာ၏။ အဇာတသတ်မင်းကြီး၏ နာဠာဂီရိဆင်ဆိုးကြီးသည်ကား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်းမသိ၊ ကြမ်းလည်းကြမ်းကြုတ်၏။ ရက်လည်းရက်စက်၏။ လူကိုလည်း သတ်တတ်၏။ ထိုဆင်ဆိုး

http://www.dhammadownload.com

ဆင်သွမ်းကြီးဖြင့် ရှင်ဂေါတမကို တိုက်သတ်လျှင် သင့်ပေစွဟု အကြံဖြစ်ရကား၊ အဇာတသတ်မင်းကြီးကို ခိုင်းလေ၏။ မင်းကြီးလည်း ဆင်ထိန်းတို့ကို ခေါ်၍ "နက်ဖြန် ဆင်တော်ကို အရက်ပြင်းစွာတိုက်၍ ရှင်ဂေါတမကြွလာသောအခါ ရှေ့ရှုကာ လွှတ်လေ" ဟု အမိန့်ထုတ်တော်မူ၏။

ရှင်ဒေဝဒတ်သည် ညနေစောင်း၌ ဆင်တင်းကုပ်သို့ ကိုယ်တိုင်ကြွ၍ ဆင်ထိန်းတို့ကို မင်းဆရာအနေဖြင့် "နက်ဖြန်ခါ ဆင်ဆိုးကြီးကို နေ့စဉ်တိုက်နေကျ အရက်ရှစ်လုံးထက်ပို၍ တစ်ဆယ့်ခြောက်လုံးတိတိ တိုက်ပြီး ဆင်စိတ်ဆိုး၍ မာန်ထအောင်ရိုက်ခတ်ပြီးမှ ရှင်ဂေါတမ လာသောခရီးကို လွှတ်လေ"ဟု မိန့်တော်မူလေ၏။

အဇာတသတ်မင်းကြီးကလည်း နေပြည်တော်၌ နေကုန်သော လူအပေါင်းတို့အား နက်ဖြန်နံနက်၌ အိမ်ထဲမှအိမ်ပြင် မထွက်ကြရန် စည်လည်စေ၏။

ထိုအခါ ဘုရားရတနာ၌ လွန်စွာမြတ်နိုး ကြည်ညိုကြကုန်သော သူတို့က မြတ်စွာဘုရားထံ အကြောင်းစုံ ချဉ်းကပ်လျှောက်ထား၍ နောက်တစ်နေ့နံနက်၌ ရာဇဂြိုဟ်မြို့အတွင်း ဆွမ်းခံမကြွရန်နှင့် ကျောင်းတိုက်သို့လာ၍ ဆွမ်းလုပ်ကျွေးပါမည်ဆိုသည့် အကြောင်း လျှောက်ထားကြလေ၏။ မြတ်စွာဘုရားရှင်ကမူ "ဥပါသကာတို့ နက်ဖြန် နံနက်သောအခါ ငါသည် နာဠာဂီရိဆင်မိုက်ကို ယဉ်ကျေးအောင်ဆုံးမရန် ရာဇဂြိုဟ် မြို့အတွင်းသို့ ဆွမ်းခံကြွတော်မူမည်"ဟု ပြန်လည်မိန့်တော်မူသည်။

မြတ်ဗုဒ္ဓသည် နာဠာဂီရိဆင်ကြမ်းကို ဆုံးမရာ၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ သစ္စာလေးပါးကိုသိမြင် ကျွတ်တမ်းဝင်မည့်အရေး မြင်တော်မူလျှင် နံနက်မိုးသောက်ရောက်သောအခါ ရာဇဂြိုဟ်ပြည်ဝန်းကျင်ရှိ ကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက်တို့မှ ရဟန်းအားလုံးတို့ကို နောက်တော်ပါးမှ ခြံရံလိုက်ပါလျက် ထိန်လွင်တောက်ပစွာ မြင်းသီလာဂူမှ ထွက်ပြူကွန့်မြူးလာသော ကေသရာဇာခြင်္သေ့မင်းကဲ့သို့လည်းကောင်း၊ ကိုးသောင်းသော ဟင်္သာတို့၏ အလယ်၌ တင့်တယ်စွာ စံပယ်သော ဓတရဋ္ဌဟင်္သာမင်းကဲ့သို့လည်းကောင်း၊ အသောင်းအသိန်းမကသော ဘုရား၏ အသရေတို့ကိုဆောင်၍၊ ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်း ကွန့်မြူးထွန်းပစေလျက် ဝေဠုဝန်ကျောင်းတော်မှ ထွက်ကာ ရာဇဂြိုဟ်ပြည်တွင်းသို့ အချက်အချာကျသော မင်းလမ်းမှ ဝင်တော်မူ၏။

မြတ်ဘုရားရှင်နှင့် နောက်ပါ ရဟန်းသံဃာအပေါင်းတို့ ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်လာလျှင်ပင် ဆင်ထိန်းဆရာတို့လည်း ရှင်ဒေဝဒတ်မှာထားသည့်အတိုင်း အရက်ဘစ်ဆယ့်ခြောက်အိုးတိုက်ထားသော နာဠာဂီရိဆင်မိုက်ကြီးကို ဘုရားရှင်ရှိရာသို့ ရှေ့ရှုလွှတ်လိုက်လေ၏။

http://www.dhammadownload.com

နာဠာဂီရိဆင်လည်း ဘုရားသခင်ကြွလာသည်ကို ဝေးစွာက မြင်လျှင်ပင် ကောင်းကင်မိုးလုံး ထစ်ချုန်းရိုက်ဟည်းပဲ့တင်တည်းမျှ သည်းစွာသော ကြိုးကြာသံ ဟစ်လျက် ရပ်ရွာမျက်နှာ ဖီလာဆဲဝိုင်း လေမုန်တိုင်းဆင်သကဲ့သို့ မြေဖုတ်တို့ကို ခွာဖြင့်ရက်၍ ဝဲယက်အောက်ထက်ဖြန့်ပက်လွှင့်စဉ်စေပြီးမှ လမ်းဘေးဝဲယာ အနီးအပါးရှိ အိမ်ဆိုး အိမ်ဟောင်းတို့ကို အမျက်ချောင်းချောင်း ထောင်းထောင်းဖျက်လျက် တောင်ကြီးပြိုသည်အလား မြတ်ဘုရားထံ ရှေ့ရှုတူရှု တစ်ဟုန်ထိုး ပြေးလေ၏။

ထိုအခါ ရဟန်းသံဃာအချို့က ရတနာသုံးပါးဂုဏ်ကျေးဇူးကို မသိတတ်သော ဆင်ဆိုးကြီးကို ရှောင်ကွင်း၍ ကြွတော်မူပါရန် ဘုရားရှင်ထံ လျှောက်ထားကြသလို အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စသော သာဝကကြီး ရှစ်ကျိပ်တို့ကလည်း ဘုရားရှင်ကိုယ်စား ဆင်မိုက်ကြီးကို ဆုံးမခွင့်ပေးရန် အသီးသီးလျှောက်ထားကြသည်ကို ဘုရားရှင်က ခွင့်မပြုပေ။

ဘုရားရှင်ထံ ရှေ့ရှု၍ ပြေးလာသော နာဠာဂီရိဆင်ကြီးကို မြင်ရလျှင်ပင် အရှင်အာနန္ဒာသည် အသက်ဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ခံပဲ့အံ့ဟူ၍ ဘုရားသခင်၏ ရှေ့တော်သို့ တက်လာ၏။ မြတ်ဘုရားရှင်က တားပါသော်လည်း မရသဖြင့် တန်ခိုးတော်အားဖြင့် အရှင်အာနန္ဒာကို ပယ်ဖျောက်၍ ကိုယ်တော်တိုင် ဆင်အပါးသို့ ကပ်တော်မူ၏။

ထိုခဏ၌ သားသည်မိခင်မိန်းမတစ်ဦးသည် အလွန်ကြောက်လန့်၍ ဘုရားရှင် ရှေ့တော်ဝယ် မိမိသားငယ်ကို ချ၍ ပြေးလျှင် ဆင်ကြီးလည်း ထိုမိန်းမနောက်သို့ ရှေ့ရှု၍ လိုက်လေ၏။ ထိုအခါ မြတ်ဗုဒ္ဓလည်း ရပ်တန့်တော်မူကာ နာဠာဂီရိဆင်ကို မေတ္တာရေပက်ဖျန်းတော်မူလျက် ချိုမြတ်သာယာ၊ ဗြဟ္မာမင်းနှင့်တူသော အသံတော်ဖြင့် မိန့်တော်မူသည်ကား---

ချစ်သားနာဠာဂီရိ၊ သင့်အား တစ်ဆယ့်ခြောက်လုံးသော သေအရက်တို့ကို တိုက်၍ လွတ်လိုက်သောကိစ္စသည် လူရှင်အများသူတစ်ပါးကို ပျက်ပြားသတ်ဖြတ်စိမ့်သောငှာ မဟုတ်မူဘဲ သမ္မာသမ္ဗုဒ္ဓမည်တော်ရသည့် ငါဘုရားကို မျက်ဝါး လက်လတ်သတ်စိမ့်သောငှာသာ လွှတ်လိုက်ခြင်းပေသည်တကား၊ သင့်အရှင်၏ စကားကို လိုက်နာလိုငြားက ငါဘုရားထံသို့ တည့်တည့်လာလော" ဟု ခေါ်တော်မူလိုက်၏။

နာဠာဂီရိဆင်ကြမ်း၊ ဆင်ဆိုးဆင်မိုက်ကြီးသည် သာယာလှစွာသော ဘုရားရှင်၏ အသံတော်ကို ကြားလျှင်ပင် မိုတ်ထားသော မျက်စိကိုဖွင့်၍ကြည့်လေသော် ဘုရားရှင်၏ အတုမဲ့ ရူပကာယအသရေတော်ကို ဖူးမြင်ရလျှင် ကြည်လင်သော စိတ်စေတနာဖြစ်ရကား သေယစ်ခြင်းအလျဉ်းပျောက်၊ သတိရောက်လျက် အမြီးနားရွက်တို့ကို

http://www.dhammadownload.com

ချကာ နာမောင်းကို ခံတွင်းဝသို့သွင်းပြီး မြတ်ဘုရားရှင်ခြေတော်ရင်း၌ ဝပ်စင်းလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က နာဠာဂီရိဆင်၏ ဦးကင်းကို လက်တော်ဖြင့် သုံးသပ် လျက် "ဆင်မြတ်နာဠာဂီရိ၊ သင်သည် ယနေ့မှ အစပြု၍ ကြမ်းတမ်းရုပ်ရင်းခြင်းကို မပြုလင့်၊ သတ်ဖြတ်ညှဉ်းဆဲခြင်းတို့ကို မပြုမူ၍ မေတ္တာစိတ်ကိုသာ အစဉ်ပွားများလေလော့" စသည်ဖြင့် ဓမ္မဒေသနာဟောကြားတော်မူရာ ဆင်တော်နာဠာဂီရိလည်း ပီတိဖုံးလွှမ်း၊ အမြိုက်ရေသွန်းဖျန်းသကဲ့သို့ ချမ်းမြေ့ကြည်သာ သဒ္ဓါပွားကာ ဘုရားရှင်ခြေတော်ကို ဦးခိုက်၊ နာမောင်းဖြင့်ပိုက်လျက် ဘုရားရှင်ခြေတော်ရင်းရှိ မြေကိုယူ၍ မိမိဦးခေါင်း၌ ကျဖြန့်ကာ သရဏဂုံ ပဉ္စသီလခံယူတော့၏။

ထိုခဏ၌ အိမ်ဝင်း အိမ်မိုး၊ သစ်ပင်စသည် လုံခြုံရာအရပ်တို့မှ ဝိုင်းဝန်းကြည့်ရှုနေကြကုန်သော ရာဇဂြိုဟ်ပြည်သား လူအများတို့သည် အားရဝမ်းသာ ဟစ်ကြွေးညံလျက် လမ်းမပေါ်သို့ ပြေးထွက်လာကြပြီး ဘုရားရှင်အနီးသို့ လာ၍ ရတနာခုနစ်ပါးဖြင့် ကြဲမြှောက်ကာ ကောင်းချီးပေး ပူဇော်ကြလေရာ၊ ဆင်မြတ်၏ ကိုယ်လုံးသည် ရတနာတို့ဖြင့် ဖုံးလွှမ်းမိလေ၏။ မြတ်ဘုရားရှင်က ထိုဆင်မင်းအား တရားတော်ဟောကြားတော်မူရာ ရှစ်သောင်း လေးထောင်ကုန်သော ပရိသတ်တို့သည် အကျွတ်တရား ရကြလေကုန်၏။ ဆင်မင်းသည်လည်း ယဉ်ကျေးနူးညံ့စွာသော ဆင်လိမ္မာဆင်မြတ်ကြီး ဖြစ်သွားရပေ၏။

အရှင်အာနန္ဒာ၏ မြတ်ဘုရားရှင်အပေါ်၌ ထားရှိသည့်အားကြီးသော ချစ်ခြင်းဂုဏ်၊ ကျေးဇူးဂုဏ်တို့ကိုလည်း သံဃာပရိသတ်တို့က တသောသော ချီးကျူးပြောဆိုကြလေကုန်၏။

၄။ အင်္ဂုလိမာလကို အောင်နိုင်ခြင်း

တစ်နေ့တွင် ကောသလတိုင်း သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ်ဖြစ်သော အန္တ ကပုဏ္ဏား၏ ဇနီးမယားမန္တာနီပုဏ္ဏေးမသည် အဆင်းအင်္ဂါနှင့်ပြည့်စုံသော သားယောကျ်ားကို ညှဉ်အခါ၌ ဖွားမြင်၏။ ထိုသားယောကျ်ား ဖွားမြင်သည်နှင့်တစ်ပြိုင်နက် နောင်တစ်ချိန်တွင် ခိုးသူလူဆိုးကြီးဖြစ်မည့် ပုဗ္ဗနိမိတ်အဖြစ် အိမ်တိုင်းမှာရှိသော လက်နက်တို့သည်လည်းကောင်း၊ နန်းတော်၌ရှိသော ဓား၊ လှံ၊ သန်လျက်စသည့် လက်နက်တို့သည်လည်းကောင်း တပြောင်ပြောင် တလက်လက် တောက်ပကြကုန်၏။ ဖွားမြင်သော အချိန်သည် စောရနက္ခတ်နှင့်လည်းယှဉ်၏။ အမည်နာမအားဖြင့် အဟိ သကဟုတွင်၏။

http://www.dhammadownload.com

အဟိ သကသည် နောင်ကြီးပြင်းလာသောအခါ တက္ကသိုလ်ပြည်သို့သွား၍ ဒိသာ ပါမောက္ခဆရာကြီးထံ ပညာဆည်းပူး၏။ အဟိ သကသည် တပည့်ကောင်းပီပီ အတတ် ပညာကိုလည်း ကြိုးစားသင်ယူ၏။ ဆရာ့ဝတ်ကြီး ဝတ်ငယ်ဟူသမျှကို နေ့ည၌မပြတ် ဆောင်ရွက်၏။ အိမ်တွင်းအိမ်ပြင်တို့၌ လိုလေသေးမရှိအောင် လုပ်ကိုင်ပေး၏။ ဆရာနှစ်သက်ဖွယ်သော စကားကိုသာ ပြောဆိုလေ့ရှိ၏။ ထို့ကြောင့် ဆရာကြီး မိသားစုက သားအရင်းကဲ့သို့ ချစ်ခင်မြတ်နိုးကာ အတတ်ပညာအမျိုးမျိုးကို ပိုမို သင်ကြားပေးရကား၊ လုလင်ပျိုသည် သူတစ်ပါးတို့ထက်ကဲ၍ တတ်မြောက်၏။ နောက်ဆုံးတွင် ဆရာကြီးနှင့် ဆရာကြီး၏ ဇနီးတို့၏ စိတ်ချယုံကြည်ရသော အိမ်သား တစ်ယောက်လို ဖြစ်နေတော့သည်။

ထိုအခါ ကျန်တပည့်တို့သည် မနာလိုဖြစ်ရကား အဟိ သကသည် ဆရာ့ဇနီး မယားနှင့် ချစ်ကျွမ်းဝင်နေ၏ ဆရာကိုပင် ပြစ်မှားရန် ကြံစည်နေကြကြောင်း ဆရာကြီးထံ ကုန်းတိုက်စကား ဆိုလေ၏။ ဆရာကြီးသည် ပထမ တွင် မယုံကြည်သော်လည်း တပည့်များက အကြိမ်ကြိမ်ပြောလေသော် တစ်စေ့တစ်စောင်း ကြည့်ရှုကာနေလေ၏။

ဆရာ့ဇနီးမယားနှင့် လုလင်ပျိုတို့သည် ရိုးသားစင်ကြယ်စွာ ချစ်ခင်နေရကား လက်ပွန်းတတီး နေသလို ဖြစ်နေ၏။ ဆရာကြီးလည်း ဟုတ်နိုးအံ့ဟု ထင်မှတ်မှား၍ တပည့်၌သတ်လိုစိတ် ဖြစ်လင့်စကား မလျော်ကန်မသင့်မြတ်သဖြင့် သူတစ်ပါးက သတ်လွယ်အောင် ကြံလေတော့သည်။

ထိုအကြံဖြင့် ဆရာကြီးက အဟိ သကအား ခေါ်၍ "ငါ၏လွန်ကဲထူးမြတ်စွာသော ပညာဟူသမျှကို အကြွင်းမထားသင်ယူလိုပါက ငါ့အား လူတို့၏လက်ညှိုးပေါင်း တစ်ထောင်ဖြင့် ပူဇော်လေ"ဟု မိန့်ကြားလေသည်။

ထိုစကားကို ကြားလျှင် အဟိ သကလည်း ဆရာဆိုသည့်အတိုင်း အမြန်ပြည့်စုံစေအံ့ဟု နှလုံးသွင်း၍ ဆရာကြီးကို ရှိခိုးပြီးသော် ကြီးစွာသော သန်လျက်၊ လှံ၊ ဓား၊ လေးမြား၊ မီးပေါက်ဟူသော လက်နက် ငါးပါးကို စွဲကိုင်လျက်မြို့မှထွက်၏။ ယင်းနောက် တစ်ခုသော ဗောဓုပ်ကိုမှီ၍ ခရီးသွားကုန်သော မိန်းမယောကျ်ားတို့အား ဖမ်းဆီး သတ်ဖြတ်ပြီး လက်ညှိုးနှစ်ချောင်းကိုသာ ဖြတ်ယူ၏။

အဟိ သကသည် ပထမတွင်ရရှိထားသော လက်ညှိုးတို့ကို သစ်ပင်ခွတို့၌ တင်ထားရာ ငှက်တို့စား၍ ပျောက်ကုန်သဖြင့် နောင်တွင်ရသမျှ လက်ညှိုးတို့ကို ကြိုးဖြင့်သီ၍ ပန်းကုံးကဲ့သို့ လည်၌ ဆွဲထား၏။ ထို့ကြောင့်လူတို့က အင်္ဂုလိမာလ

http://www.dhammadownload.com

(အဂုံလိ–လက်ညှိုးတို့ကို၊ မာလာပန်းကဲ့သို့ လည်တွင် ဆွဲထားသူ)ဟူ၍ ခေါ်ဆိုကြ၏။

အဂုံလိမာလရှိရာ တောအုပ်အတွင်းသို့ လူတို့မသွားရဲကြသောအခါ ညဉ့်အခါတို့၌ ရွာတွင်းသို့ဝင်၍ အိမ်တို့ကို ဖောက်ဖျက်ခုန်လွှားဝင်ရောက်၍ ဖမ်းမိသမျှသူတို့ကို သတ်ကာ လက်ညှိုးတို့သာ ဖြတ်လေ၏။

အဂုံလိမာလသည် လွန်စွာကြံ့ခိုင်တောင့်တင်း၍ သုံးယူဇနာရှိသော ခရီးကို တစ်ဟုန်ထိုး ပြေးနိုင်သော စွမ်းပကားရှိသောကြောင့် မည်သူမျှလိုက်လံ ဖမ်းဆီး၍ မရပေ။

ထိုအကြောင်းကို ကောသလမင်းကြီးထံ လျှောက်ထားကြလျှင် မင်းကြီးသည် မလွဲမရှောင်သာ၍ နောက်တစ်နေ့၌ နောက်ပါမြင်းစီးသူရဲ ငါးရာလိုက်ပါစေလျက် ကိုယ်တော်တိုင် ဖမ်းဆီးရန် စီစဉ်လေတော့သည်။

မင်းကြီး၏အစီအစဉ်ကို အဂုံလိမာလ၏မိခင် ပုဏ္ဏေးမကြီး ကြားလျှင် သားအတွက် ရတက်မအေး ပူဆွေးသောကဖြစ်ကာ မိခင်မေတ္တာဖြင့် နောက်တစ်နေ့ စောစောတွင် သားရှိရာတောအုပ်သို့ ရှေ့ရှုသွားလေ၏။ ထိုနေ့၌ အဂုံလိမာလလည်း လက်ညှိုး တစ်ထောင်ပြည့်ရန် တစ်ချောင်းသာလိုတော့၍ "ယနေ့ ပထမဆုံးတွေ့သူအား လက်ညှိုးဖြတ်ပြီး ဆရာ့အား လက်ညှိုးပေါင်းတစ်ထောင်ဖြင့် ပူဇော်အံ့၊ ကြီးမြတ်သော အတတ်ကို အမြန်သင်ပြီး မိခင်၊ ဖခင်တို့ထံ ပြန်တော့အံ့"ဟု စိတ်အကြံဖြစ်လေ၏။

မြတ်ဘုရားရှင်လည်း "ယနေ့ငါဘုရားသည် အဂုံလိမာလကို ကျွတ်လွတ်စေအံ့၊ ငါမချွေချွတ်ခဲ့လျှင် ယင်းကား မိခင်ကိုသတ်၍ အနန္တရိယကံထိုက်ပြီး အဝီစိငရဲ၌ မြဲမြံလတ္တံ့"ဟူသော အဂုံလိမာလ၏ ဥပနိဿယသမ္ပတ္တိကို မြင်တော်မူ၍ ရတနာ၃ပုံမှ ထွက်သော ခြင်္သေ့မင်းကဲ့သို့ ကိုယ်တော်တစ်ပါးတည်းသာလျှင် သပိတ်သင်္ကန်းကို ပြင်၍ အဂုံလိမာလရှိရာ တောအုပ်သို့ ကြွတော်မူလေ၏။

မိခင်ဖြစ်သူ ပုဏ္ဏေးမကြီးသည် တောအုပ်အနီးသို့ ရောက်လျှင် "ချစ်သား အဟိံသက --ကောသလမင်းကြီးသည် ငါ့သားကို ဖမ်းဆီး သတ်ပစ်ခြင်းငှာ စစ်တပ်ကြီးဖြင့် ချီတက်လာပေတော့မည်၊ မိခင်ထံသို့ ပြေးလာတော့"ဟု ဟစ်အော်၍ သွား၏။ အဂုံလိမာလလည်း မိခင်ဖြစ်သူကို အဝေးမှမြင်လျှင် ဤမိန်းမကို သတ်အံ့ဟူ၍ စောင့်လျက်နေ၏။

http://www.dhammadownload.com

ထိုအခါ မြတ်စွာဘုရားသည် မိခင်နှင့်သားအကြားဌ် စကြ်ိကြွသွားတော်မူ၏။ အဂ်ုလိမာလလည်း ကြောက်ရွံခြင်းကင်း ရဲတင်းစွာကြွလာသော မြတ်ဘုရားကို မြင်လျှင် ငါ့အားမလေးမခန့်ပြုဘိသော ဤရဟန်းအား သတ်ရလျှင် ကောင်းလေစွဟူသော စိတ် အကြဳံဖြင့် ဘုရားရှင်နောက်သို့ သန်လျက်ကိုစွဲကိုင်၍ ဇာစ်ဟုန်ထိုး ပြေးလိုက်လေ တော့၏။

မြတ်ဘုရားရှင်က တန်ခိုးတော်ဖြင့် လိုက်မမီအောင် ဖန်ဆင်းထား၍ သုံးယူဇနာ ခန့်လောက်ရောက်သောအခါ အဂ်ုလိမာလသည် လွန်စွာမောဟိုက် ပင်ပမ်းမှုဖြစ်ရကာ အင်အားကုန်ခန်းကာ ရပ်တန့်လျက် "ရဟန်းကြီး--ရပ်လော့၊ ရပ်လော့"ဟု ဆို၏။ ထိုအခါ မြတ်ဗုဒ္ဓက "ချစ်သားအဂ်ုလိမာလ--ငါသည်ရပ်နေ၏။ သင်သာ မရပ်မနား သွားနေသူဖြစ်ပေစွ"ဟု ပရိယာယ်အားဖြင့် မိန့်ကြားတော်မူ၏။ ထိုအခါ အဂ်ုလိမာလက "ရဟန်းကြီး --သင်သည် သွားနေလျက် ငါရပ်နေ၏ဟုဆို၏၊ ရပ်နေသော အကျွန်ုပ်အား သွားနေသည်ဟု သင်ဆိုဘိ၏။ အဘယ်သို့နည်း"ဟု လျှောက်၏။

မြတ်ဗုဒ္ဓက "ချစ်သား အဂ်ုလိမာလ-- ငါသည် ပါဏာတိပါတ စသော မကောင်းမှု ဒုစရိုက်တို့မှ ကောင်းစွာရှောင်ရှားသည်ဖြစ်၍ အပယ်လားခြင်းမရှိ၊ သုဂတိ၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်လမ်းဝ၌ တည်နေရကား ရပ်သောသူမည်၏။ သင်ကား ပါဏာတိပါတစသော ဒုစရိုက်ပေါင်းများစွာ ပြုလေ့ရှိသူဖြစ်ရကား အပယ် လေးရွာသို့ မရပ်မနား သွားနေသူဖြစ်၍ သွားနေသူမည်၏။။ထို့ကြောင့် ငါဘုရားကား ရပ်နေ၏။ သင်ကားမရပ်ဟူ၍ ငါဆိုသတည်း"ဟု မိန့်တော်မူလိုက်လေသည်။

ထိုအခါ လူဆိုးကြီး အဂ်ုလိမာလသည် နူးညံ့ပျော့ပျောင်းသော စိတ်ဖြင့် မြတ်ဘုရားအား ရိုသေကျိုးနွံပျပ်ဝပ်လျက် မြတ်ဗုဒ္ဓ၏ ဆက်လက်ဟောကြားသော အထူးထူးသော ဒေသနာကို နာကြားလေရာ ဒေသနာတော်အဆုံးတွင် အရဟတ္တဖိုလ်၌ တည်လေ၏။

မြတ်ဘုရားရှင်က "ဧဟိဘိက္ခု"ဟု သုံးကြိမ်ခေါ်တော်မူလျှင် လူဝတ်လူစား ဆံမုတ်ဆိတ်တို့ အကုန်ကွယ်ပျ၍ သပိတ်၊ သင်္ကန်းစသော ပရိက္ခရာစုံနှင့်တကွ ရဟန္တာအဖြစ် သို့ အလိုအလျောက် ရောက်လေတော့၏။ ထို့နောက် မြတ်ဘုရားရှင်သည် အရှင်အဂ်ုလိမာလဟူသောနောက်ပါရဟန်းနှင့် သာဝတ္ထိပြည်သို့ ဒေသစာရီကြွတော်မူ၏။

http://www.dhammadownload.com

၅။ တိတ္ထိတို့၏တပည့်ဖြစ်သူ စိဉ္စမာနမိန်းမယုတ်ကို အောင်နိုင်ခြင်း။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်သို့ ကြွရောက်၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ်က ဖြစ်၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ပထမဗောဓိ (ခေါ်) ဝါတော်နှစ်ဆယ်အတွင်း၌တပည့်သာဝကများ ဒီရေအလား တိုးပွားလာသည်နှင့်အညီ မရေမတွက်နိုင်များပြားစွာသော လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ အကျွတ်တရားရခြင်းကြောင့် အရိယာဘုံသို့ ဆိုက်ရောက်ကြခြင်းကြောင့် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ ကျေးဇူးတော်၊ ရတနာသုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်တို့မှာ ဘဝဂ်မဆန့်ပျံ့နှံ့၍ မြတ်ဘုရားရှင်နှင့် တပည့်သားတော် ရဟန်းသံဃာတော် အရှင်မြတ်များအတွက် ကြီးစွာသော ပူဇော်သက္ကာရများဖြင့် ပြည့်လျှံဖြိုးမောက်လျက် ရှိကြကုန်၏။

တိတ္ထိတို့ကား နေရောင်လာ၍ ကွယ်ပျောက်ရသော ပိုးစုန်းကြူးများပမာ အရှိန်အဝါကင်းပလျက် ပူဇော်သက္ကာရများ ခေါင်းပါး၍လာကြလေရာ လာဘ်လာဘ ဆိတ်သုန်းကြကုန်၏။ သို့ဖြစ်၍ မြတ်ဘုရားရှင်နှင့် တပည့်သား သံဃာတော်များအပေါ် ပျက်စီးရာပျက်စီးကြောင်း တိုင်ပင်ဆွေးနွေးကြပြီးလျှင် တပည့်ဖြစ်သူ စိဉ္စမာနမိန်းမကို ရဟန်းဂေါတမအား လူအပေါင်းတို့အလယ်၌ ထင်ယောင်ထင်မှား မကောင်းသတင်းများ ဖြစ်ပွားစေပြီး အကြည်ညိုပျက်စေအောင် ဆောင်ရွက်ရန် တာဝန်ပေးလိုက်ကြ၏။

စိဉ္စမာနဟူသည်မှာ မန်ကျည်းပင်၌ သံသေဒဇစွဲ၍ မွေးဖွားသူဖြစ်ခြင်းကြောင့် စိဉ္စမာနဝိကာ (မန်ကျည်းပင်သန္ဓေသူ)အမည်တွင်၏။ ဝါဝင်းတောက်ပသော အသားအရေရှိ၍ နတ်သမီးတမျှ လှပသူလည်းဖြစ်၏။ တိတ္ထိတို့၏ တပည့်ကောင်း ပရိဗိုဇ်မအဖြစ် လှည့်လည်သွားလာနေသူလည်း ဖြစ်၏။

စိဉ္စမာနပရိဗိုဇ်မသည် ဆရာတိတ္ထိတို့ပေးအပ်သော တာဝန်ကို ရဲရဲတောက်လက်ခံခဲ့၏။ ထို့နောက် နေ့စဉ်ညတိုင်းသာဝတ္ထိပြည်သူ လူအပေါင်းတို့ တရားနာပြီး၍ ဇေတဝန်ကျောင်းတော်ကြီးမှ ထွက်လာကြသောအချိန်၌ နီထွေးသောအဝတ်ကို ဝတ်ရုံကာ နံ့သာပန်းစသည်တို့ဖြင့် လူအများမြင်အောင် ဇေတဝန်ကျောင်းတိုက်သို့ ရှေ့ရှုသွားလေ၏။ ယင်းနောက် ဇေတဝန်ကျောင်းတိုက်အနီးရှိ တိတ္ထိတို့၏အရာမ်၌ ညဉ့်အိပ်ပြီးလျှင် မနက်မိုးမလင်းမီ စောစီးစွာပင် "မြတ်စွာဘုရားရှင်ကို အလျင်လက်ဦးဖူးမြော်ကုန်အံ့"ဟူ၍ သာဝတ္ထိမြို့မှ ဥပါသကာ ဒါယကာတို့ ဇေတဝန်ကျောင်းတော်ကြီးရှိရာသို့ လာလတ်သောအချိန်၌ ဇေတဝန်ကျောင်းတိုက်ဝယ် ညဉ့်အိပ်နေခဲ့သည့်ပုံဟန်ဖြင့် အဝတ်ဆံပင်ဖရိုဖရဲနှင့် ထွက်လာပြီး သာဝတ္ထိမြို့တွင်းသို့ ဝင်လေ့ရှိ၏။

http://www.dhammadownload.com

ဤသို့ နေ့စဉ်ပြု၍ ကြာလတ်သော် လမ်း၌တွေ့၍ မေးမြန်းလာသူတို့ကို စိဉ္ဆမာနမိန်းမယုတ်က "ကျွန်တော်မကား ဇေတဝန်ကျောင်းတိုက်အတွင်းဝယ် ရဟန်းဂေါတမနှင့်အတူ ကျောင်းတစ်ခုထဲမှ ညဉ့်အိပ်နေခဲ့ရပါသည်"ဟု စွပ်စွဲစကားပြောကြား လေတော့၏။ သုံးလေးလလွန်သောအခါ ပုဆိုးကြမ်းတို့ဖြင့် ရင်ကို ရစ်ပတ်၍ နီးမြန်းသော အဝတ်ကို ဝတ်ရုံကာ ကိုယ်ဝန်ဆောင်မိန်းမအသွင်ကို စပြတော့၏။ ထိုအခါ ပုထုဇဉ် လူသာမန်အချို့၏စိတ်တွင် မြတ်ဘုရားအပေါ် ထင်ယောင်ထင်မှား ဖြစ်ကြလေ၏။

ဤသို့ဖြင့် ရှစ်လ၊ ကိုးလကုန်သော တစ်နေ့ညချမ်းအချိန်ခါဝယ် စိဉ္ဆမာနမိန်းမယုတ်သည် ကိုယ်ဝန်အရင့်အမာပုံ ဟန်ပြု၍ နီမြန်းသော အဝတ်ကို ဝတ်ရုံကာ ပင်ပန်းနွမ်းနယ်နေဟန်ဖြင့် ဇေတဝန်ကျောင်းတိုက်အတွင်း၌ တရားသဘင် ဆင်ယင်ကျင်းပရာ နေရာသို့ သွားရောက်ပြီးလျှင် ဗုဒ္ဓါသနပလ္လင်ထက်ဝယ် ထိုင်နေတော်မူသော မြတ်ဘုရားရှင်၏ ရှေ့တည့်တည့်မှနေ၍ "အိုရဟန်းကြီး သင်သည် လူအပေါင်းအား တရားဟောကာ ပျော်နေဘိ၏။ သင်၏နှုတ်ခမ်းများက စေ့စပ်လှဘိ၏။ ကျွန်တော်မမှာတော့ သင်ရဟန်းကြီးကို စွဲ၍ ကိုယ်ဝန်ရရှိကာ ယခုအခါ ရင့်ကျက်နေပေပြီ သင်ရဟန်းကြီးကား ကျွန်တော်မအတွက် သားဖွားရန် တာဝန်များကို မစဉ်းစား၊ ပျော်ပါးဖို့သာ စဉ်းစား၍ နေအားဘိ၏။"ဟု လူပုံအလယ်၌ ကက်ကက်လန်ရန်တွေ့၏။

မြတ်ဗုဒ္ဓက "နှမ စိဉ္ဆမာန၊ သင်ယခုပြောကြားအပ်သောစကား၏ မှန်သောအဖြစ်၊ မမှန်သောအဖြစ်ကို သင်နှင့်ငါတို့သာ သိကြကုန်၏"ဟု မိန့်ဆိုတော်မူ၏။

ထိုခဏ၌ သိကြားမင်းသည် မိမိ၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ ပူနွေးသော အခြင်းအရာကို ပြ၍ ဆင်ခြင်လတ်လျှင် စိဉ္ဆမာနမိန်းမယုတ်က မြတ်ဘုရားရှင်အား မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲဆဲရေးနေကြောင်း သိရှိသောအခါ ယင်းပြဿနာကို ဖြေရှင်းပေးရန် နတ်သားလေးယောက်တို့နှင့်အတူ ဘုရားရှင်တရားဟောရာ ဇေတဝန်ကျောင်းတော်သို့ လာရောက်ကြလေ၏။

နတ်သားလေးယောက်တို့သည် ကြွက်ငယ်အယောင်ဖန်ဆင်း၍ စိဉ္ဆမာန၏ ကိုယ်၌ဖွဲ့ချည်ထားသော သစ်သားဝန်းကြိုးများကို တစ်ပြိုင်နက် ကိုက်ဖြတ်လေကုန်၏။ စိဉ္ဆမာနဝတ်ရုံထားသော အဝတ်သည်လည်း လေတိုက်၍ အထက်သို့လွင့်လေ၏။ ဖွဲ့ချည်ထားသော ကြိုးများပြတ်ရှိ သစ်သားများ စိဉ္ဆမာန၏ ခြေဖမိုးထက်၌ ကျသဖြင့် ခြေနှစ်ဖက်တို့ သွင်သွင်ကျိုးလေ၏။

http://www.dhammadownload.com

တရားနာသူလူအပေါင်းတို့သည်လည်း အကြောင်းစုံကို သိရလျှင်စဉ်းစားနာအား "အယုတ်တမာမ" ဟု ပြောဆိုကုန်လျက် ဇေတဝန်ကျောင်းတိုက်အတွင်းမှ ဆွဲထုတ်ကြကုန်၏။ မြတ်စွာဘုရားရှင်မြင်လောက်သောအရပ်ကို လွန်လျှင်ပင် စဉ်းစားနမိန်းမယုတ်အား မြေမျိုကာ အောက်မှတက်လာသော အဝီစိငရဲမီးလျှံကြီးကြားတွင် စုံးစုံးမြုပ်လေ၏။

ထိုအခါမှစ၍ လူအပေါင်းတို့သည် တိတ္ထိတို့၏ ယုတ်မာမှုများကို ပို၍ သိရှိသွားကြရကား တိတ္ထိတို့၏ လာဘ်လာဘသည် ရှေးကထက် တိုး၍ လျော့ပါးဆုတ်ယုတ်ကြလေကုန်၏။

၆။ အယူဝါဒတစ်ထောင်ကျမ်းသော မိစ္ဆာဒိဋ္ဌိ သစ္စကပရဗိုဒ်ကို အောင်နိုင်ခြင်း

မြတ်ဗုဒ္ဓပွင့်တော်မမူမီကာလက ဝေသာလီပြည်မှ ငါးရာသော အယူဝါဒတို့ကို တတ်မြောက်သော နိဂဏ္ဌအယူရှိ အမျိုးသားတစ်ဦးသည် ဝါဒပြိုင်ရန် ဇမ္ဗူဒီပ်ကျွန်းတစ်ခွင် ထင်ရှားသော အရပ်တကာတို့ကို လှည့်လည်နေရာမှ ပြိုင်နိုင်မည့်သူ မရှိ၍ မူရင်းဌာနသို့ ပြန်လာကာ လိစ္ဆဝီမင်းတို့၏ မင်းဆရာပြုနေ၏။ ထိုနည်းတူအယူဝါဒငါးရာကို ကျမ်းသော နိဂဏ္ဌအယူရှိ ပရဗိုဒ်မတစ်ဦးသည်လည်း အရပ်တကာလှည့်၍ ဝါဒပြိုင်နေရာမှ ဝေသာလီပြည်သို့ ရောက်ရှိလာ၏။

ယင်းသို့ အယူဝါဒငါးရာစီတတ်မြောက်ကြသော နိဂဏ္ဌဆရာကြီးနှင့် နိဂဏ္ဌပရဗိုဒ်မတို့သည် ဝေသာလီပြည်မင်းရင်ပြင်၌ ဝါဒပြိုင်ကြရာ အနိုင်အရှုံးမရှိကြသဖြင့် ဝေသာလီမြို့အား တစ်ပါးပညာရှိတို့ မချဉ်းကပ်ဝံ့အောင် ဝါဒပြိုင်သူနှစ်ဦးကို လိစ္ဆဝီမင်းတို့က မြောက်စားပူဇော်၍ ထိမ်းမြားပေးလိုက်ကြ၏။ ကြာလတ်သော် ထိုနိဂဏ္ဌနှစ်ဦးတို့မှ သမီးလေးယောက်နှင့် သားတစ်ယောက်တို့ ဖွားမြင်လာကြရာ ထိုငါးဦးသော သားသမီးတို့သည် အဖဘက်မှ ဝါဒငါးရာ၊ အမိဘက်မှ ဝါဒငါးရာ ပေါင်းဝါဒတစ်ထောင်ကို ကောင်းစွာ ကျမ်းကျင်တတ်မြောက်ကြလေ၏။

သားသမီးတို့အရွယ်ရောက်လတ်သော် မိဘတို့က "ချစ်သမီးတို့ မိမိ၏ဝါဒတည်းဟူသော အတတ်ဖြင့် အရပ်တကာတို့ကို လှည့်လည်ကြကုန်၊ အကြင်သူသည် မိမိတို့၏ဝါဒကို ချိုးနှိမ်နိုင်ပါက လူဖြစ်လျှင် ထိုသူထံ၌ အလုပ်အကျွေးပြု၍ နေလော့၊ ရဟန်းဖြစ်လျှင် ထိုရဟန်းထံ၌ နည်းခံ၍ ရဟန်းပြုလော့၊ ဤကား ငါတို့အနွယ်မှ လာသော အကျင့်တည်း" ဟု ဆို၏။

ထိုအခါ သမီးလေးယောက်သည် အရပ်တကာလှည့်လည် ဝါဒပြိုင်ကြရာ သာဝတ္ထိပြည်အရောက်၌ မြတ်ဘုရားရှင်၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ

http://www.dhammadownload.com

မထေရ်မြတ်ကြီးကို ဝါဒပြိုင်မိရာမှ ရုံးနိမ့်၍ အရှင်သူမြတ်ကြီးထံ ဘိက္ခုနီရဟန်းပြုကြပြီး မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

အငယ်ဆုံးသားဖြစ်သူ သစ္စကပရဗိုဇ်မှာမူကား ဝေသာလီပြည်အရပ်ဝန်းကျင်၌ ပညာရှိအဖြစ်ထင်ရှားကာလိစ္ဆဝီမင်းတို့အား သင်ကြားဆုံးမ၍သာ နေလေ၏။ ထို့ပြင် သစ္စကပရဗိုဇ်သည် ယင်း၌ ပညာတွေ့ပြည့်သိပ်လွန်း၍ ဝမ်းကွဲမည်စိုးသောကြောင့် ဝမ်းဗိုက်ကို သံပြားဖြင့် ရစ်ပတ်၍သာ နေလေ့သွားလေ့ရှိ၏။

မြတ်ဘုရားရှင် ဝေသာလီပြည်သို့ ကြွရောက်လာသည်မှစ၍ သစ္စကသည် "ဓမ္မုဒ်ပက္ခန်းတစ်ခွင်၌ ငါ့ဝါဒကို ပြိုင်ဆိုင်နိုင်သူမပေါ်သေး၊ ရှင်ဂေါတမကို ငါ့ဝါဒ ပြိုင်၍ လူပုံအလယ်တွင် အရှက်ကွဲအကျိုးနည်းအောင် ပြုပြီး အနိုင်ယူအံ့၊ ပထမသော် ရှင်ကြီးဂေါတမဝါဒကို သိအောင်ပြဦးအံ့"ဟု ကြံစည်လေသည်။

ထိုနောက် မြို့တွင်းသို့ ဆွမ်းခံဝင်လာသော ရှင်သာရိပုတ္တရာ၏ ဆရာဖြစ်သူ အရှင်အဿဇိမထေရ်မြတ်ကြီးအား ချဉ်းကပ်၍ "အရှင်ရဟန်း---သင်တို့၏ဆရာ ရှင်ကြီးဂေါတမသည် အဘယ်ဝါဒဖြင့် ပြောဆိုဆုံးမလေ့ရှိသနည်း"ဟု မေးမြန်း၏။ ထိုအခါ မထေရ်မြတ်ကြီးက "အို သစ္စကပရဗိုဇ်---ငါတို့၏ ဆရာ မြတ်စွာဘုရားသည် အနိစ္စနှင့်အနတ္တတရားတို့ဖြင့် ရဟန်းတို့အား ဟောကြားဆုံးမတော်မူလေ့ရှိသည်"ဟု ဖြေကြားတော်မူ၏။

ထိုအခါ သစ္စကပရဗိုဇ်သည် "အတ္တကို အနတ္တပြောသော ရှင်ကြီးဂေါတမအား ဝါဒပြိုင်၍အနိုင်ယူအံ့"ဟုဆိုကာ လိစ္ဆဝီမင်းသားနှင့် လူအများကို နောက်မှလိုက်ပါစေလျက် မြတ်ဘုရားရှင် သီတင်းသုံးတော်မူရာ ဝေသာလီပြည် မဟာဝုန်တောကုဋာဂါရသာလာကျောင်းတိုက်သို့ သွားလေ၏။

မြတ်စွာဘုရားရှင်သည်လည်း ထိုနေ့နံနက် အရဏ်မတက်မီကပင် ဗုဒ္ဓမမ္မတာနှင့်အညီ စက္ကြာဝဠာတိုက်တစ်သောင်းမှ ကျွတ်ထိုက်သူတို့ကို ရှုတော်မူလျက် သစ္စကပရဗိုဇ် ကို မြင်တော်မူပြီးဖြစ်၏။ ထို့ကြောင့်ယင်းနေ့၌ ဆွမ်းကိစ္စတို့ကို ပြည့်စုံစေပြီးသော် "ပရိသတ်အများထိုင်ရန် ချမ်းသာမည့်အရပ်၌ ငါနေပြီးစောင့်အံ့" ဟူ၍ ကျောင်းတော်နှင့် မနီးမဝေး ကြီးစွာသော သစ်ပင်ရိပ်အတွင်း၌ သီတင်းသုံးတော်မူ၏။

ထို့နောက် သစ္စကပရဗိုဇ်သည် များပြားလှစွာသော ပရိသတ်တို့နှင့်တကွ မြတ်ဘုရားရှင်ထံ ရောက်ရှိလာပြီး ပထမဦးစွာ အလွှာပ၊ သလွှာပစကားများ ပြောဆိုကြပြီးနောက် ဝါဒပြိုင်ရန် စတင်လျှောက်ကြား ပြောဆိုလေ၏။

http://www.dhammadownload.com

သစ္စက မေးလာသောဝါဒတို့ကို ဘုရားရှင်သည် ကောင်းစွာဖြေဆိုတော်မူပြီး ဘုရားရှင်ပြန်၍ မေးသောပြဿနာကို သစ္စကသည် မဖြေနိုင်၍ ဆိတ်ဆိတ်သာနေ၏။ ဘုရားရှင်က ဒုတိယအကြိမ်မေးသော်လည်း သစ္စကသည်မဖြေ။ အကယ်၍ ဘုရားရှင်က သုံးကြိမ်မြောက်မေး၍ မဖြေကြားသောသူသည် ဘုရားရှင်ကို ညှဉ်းပန်းရာကျသဖြင့် ထိုသူ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏။ ထို့ကြောင့် မြတ်ဘုရားရှင်သည် သုံးကြိမ်မြောက်တွင်မူ သစ္စကအား အခြားအကြောင်းအရာတစ်မျိုးကို ပြောင်း၍ မေး၏။ ဤတစ်ကြိမ်တွင်မူသိကြားမင်းသည် ဘီလူးအသွင်ဖန်ဆင်း၍ သစ္စကအား တင်းပုတ်ကြီးဖြင့် ရိုက်နှက်ဟန်ရှိယ်၍ "ဟယ်---သစ္စက မြတ်ဘုရားကိုယ်တော်တိုင် မေးသည်ကို အဘယ်ကြောင့် မလျှောက်ဆိုသနည်း၊ အကယ်၍ မဖြေကြားကသင့် ဦးခေါင်းကို ရိုက်ခွဲအံ့"ဟု သစ္စက၏အထက်ကောင်းကင်၌ ရပ်လျက် ခြိမ်းခြောက်၏။ သစ္စကသည် ပတ်ဝန်းကျင်ကို ကြည့်ပြန်သော် ဘုရားရှင်မှအပ ကျန်ပရိသတ်များ ဘီလူးကြီးကို မြင်ဟန်မတူကြသည်ကို ရိပ်မိသဖြင့် လွန်စွာကြောက်လန့်၍ ကြက်သီးမွေးညင်းထကာ ချွေးသီးချွေးပေါက်များ ကျလာလေ၏။ ထို့နောက်မှ သစ္စကပရဗိုဇ်သည် မြတ်စွာဘုရားကို ဝန်ချ တောင်းပန်လေ၏။

မြတ်စွာဘုရားသည် သစ္စကပရဗိုဇ်ပင့်သောဆွမ်းကို လက်ခံတော်မူပြီး နောက်တစ်နေ့၌ သစ္စကထံ ဆွမ်းစားကြွပြီး စူဠသစ္စကသုတ္တာန်၊ မဟာသစ္စကသုတ္တာန် တရားတော်များကို ဟောကြားတော်မူ၏။ ဤမျှများပြားသော တရားတော်များကို သစ္စကပရဗိုဇ် နာကြားရသော်လည်း သရဏဂုံပင် မတည်ပေ။

မြတ်ဗုဒ္ဓသည် "ငါဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ၂၀၀ကျော်လျှင် သီဟိုဠ်ကျွန်းဝယ် ပဋ္ဌကတ်သုံးပုံတို့ကို သင်ကြားတတ်မြောက်ပြီး ကာဠဗုဒ္ဓရက္ခိတ ရဟန္တာအရှင်မြတ်ကြီးဖြစ်လိမ့်မည်"ဟု မြင်တော်မူ၍ သစ္စကပရဗိုဇ်အား တရားအထုံဝါသနာဖြစ်စိမ့်သောငှာ ကျယ်ဝန်းစွာသော တရားတို့ကို ဟောကြားတော်မူခြင်း ဖြစ်ပါ၏။

၇။ အမျက်ဒေါသကြီးသော နန္ဒောပနန္ဒနဂါးမင်းကို အောင်နိုင်ခြင်း

မြတ်ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် တစ်နေ့သောအခါ အရဏ်မတက်မီ မဟာကရဏာသမာပတ်ဖြင့် လောကဓာတ်တစ်ခွင် ချွတ်အပ်သော ဝေနေယျတို့ကို ရှုမြဲတိုင်းရှုတော်မူလျှင် နန္ဒောပနန္ဒနဂါးမင်းသည် ဘုရားရှင်၏ ဉာဏ်ကွန်ယက်အတွင်းသို့ သက်ဆင်းဝင်ရောက်လာပေသည်။

မြတ်စွာဘုရားရှင်သည် "ဤနန္ဒောပနန္ဒနဂါးမင်းသည် ရှည်လျားသော ဘဝကုသိုလ် ဟူသော ဥပနိဿယရှိသူဖြစ်ပါလျက် ဒုဂ္ဂတိဘဝသို့ ရောက်နေပြီး

http://www.dhammadownload.com

အမျက်စောင်မာန် ကြီးလွန်းသောကြောင့် ရေမနီးသောမျိုးစေ့သည် အစို့မတိုးနိုင်ဘိသကဲ့သို့ တဏှာအိုင် ၌ နစ်ဘိ၍ မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်ချေသည်။ ငါဘုရားကြွသွား၍ ချစ်သား မောဂ္ဂလာန်ကို နှိပ်ကွပ်ဆုံးမရစေမူ နဂါးမင်း၌ သမ္မာဒိဋ္ဌိတည်းဟူသောမျိုးသည် ဖွံ့ဖြိုးစွာ ပေါက် လတ္တံ့"ဟု ဆင်ခြင်တော်မူပြီး မိုးသောက်လတ်သော် နောက်ပါ ရဟန္တာ အပါးငါးရာကို ခေါ်တော်မူ၍ တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွချီတော်မူ လေသည်။

ထိုနေ့နံနက်၌ နန္ဒောပနန္ဒနဂါးမင်းသည် များစွာသော မှူးမတ်မောင်းမမိသံ ပရိသတ်များ ခြံရံလျက် သေရည်သောက်သဘင် ဆင်ယင်ကျင်းပရန် စုဝေးရောက်ရှိ နေခိုက်ဖြစ်၏။ ယင်းသို့ နဂါးမင်းစံနေရာအပေါ်သို့ ဘုရားရှင်နှင့် သံဃာတော်များ ကြွသွားသည်ကို နဂါးမင်းကြီးမြင်လျှင်ပင် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ "ဤဦးပြည်းယုတ်၊ ရဟန်းယုတ်တို့သည် အခန်းခန်းအပြတ်ပြတ် အစပ်စပ်သော အဝတ်တို့ကို စည်းလျက် ကြီးသူ၊ မြတ်သူဟူ၍ မချင့်တွက်၊ ငါ့ဦးခေါင်းထက်သို့ ကျော်၍ အပေါ်မှ ဖဝါးမြေမှုန့်များ ကြဲဖြူးကာ တာဝတိံသာသို့ လူးလာခေါက်တုန့် ကူးနေကြပေသည်။ ယနေ့မှစ၍ ထိုသူတို့၏ အသွားအလာကို ငါခွင့်မပြုတော့အံ့၊ အကယ်၍ မရှောင်ကွင်းမူ ငါ့ခံတွင်း၌ သေစေအံ့"ဟု ယုတ်မာသော မိစ္ဆာဒိဋ္ဌိ အယူဖြင့် မိမိစံရာရတနာပလ္လင်ပေါ်မှ သက်ဆင်းပြီး ကြီးစွာသော ကိုယ်ကို ဖန်ဆင်း၍ ယူဇနာ ရှစ်သောင်းလေးထောင်လုံးရပ်ဆောင်သော မြင်းမိုရ်တောင်မင်းကို အရင်းမှ အဖျားတိုင် အောင် ခုနစ်ဆင့်ပတ်ရစ်လျက် တောင်ထိပ်၌တည်သော တာဝတိံသာပြည် အလုံးကို ပါးပျဉ်းဖြင့်အုပ်ဖုံး ဖျောက်ဖျက်ကာနေလေ၏။

သံဃာတော်မြတ်တို့သည် ယုဂန္ဓိရ်တောင်ထွတ်နှင့်မျှသော မိုးလတ်သို့ ရောက်လတ်သော် ယင်းနေရာရောက်လျှင် ခါတိုင်းမြင်နေကျဖြစ်သော တာဝတိံသာ နတ်ပြည်ကိုလည်းကောင်း၊ ဝေဇယန္တာနန်းပြာသာဒ်ကိုလည်းကောင်း၊ စိုက်အပ်သော တံခွန်ကုက္ကား တို့ကိုလည်းကောင်း မမြင်ကြရသဖြင့် မြတ်စွာဘုရားထံ လျှောက်ထား ကြလေသည်။

မြတ်စွာဘုရားရှင်က နန္ဒောပနန္ဒနဂါးမင်းအမျက်သင့်၍ ကိုယ်လုံးဖြင့် မြင်းမိုရ် တောင်ကို ခုနစ်ပတ်ရစ်ပတ်ထားလျက် နတ်ပြည်အလုံးကို ဖုံးလွှမ်းနေသောကြောင့် ဖြစ်ကြောင်း ပြန်လည်မိန့်ဆိုတော်မူရာ ရှင်ရာဟုလာ၊ ရှင်ဘဒ္ဒိယစသော မထေရ်မြတ် အသီးသီးက နဂါးမင်းကို ဆုံးမခွင့်ပေးပါရန် မြတ်ဘုရားထံ ခွင့်ပန်ကြ၏။ မြတ်ဘုရား ရှင်က ခွင့်မပြုသောအခါ ရှင်မောဂ္ဂလာန် မထေရ်မြတ်က "သုံးလောကထွတ်ထား ရှင်တော် မြတ်ဘုရား၊ သားကြီးဟူသမျှသည် မိဘတို့ဝန်ကို ကျူးလွန်၍ ဆောင်ထိုက်

http://www.dhammadownload.com

သကဲ့သို့ တပည့်ကြီးဟူသမျှသည် ဆရာ့ဝန်ကို အလွန်ဆောင်ထိုက်လှပါသည်။ တိရစ္ဆာန်သာဖြစ်သော ဤနဂါးမင်းကို အရှင်ဘုရားကိုယ်တော်တိုင် မဆုံးမသင့်ပါ၊ တပည့်တော်ဆုံးမပါမည်၊ ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားခွင့်ပန်လျှင် မြတ်ဘုရားရှင်က "သင်ပင် ဆုံးမလော့"ဟု ခွင့်ပေးတော်မူကာ နောက်ပါ ရဟန္တာ မထေရ်မြတ်တို့နှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ်ပေါ်တက်၍ ရပ်တန့်ရှုစားတော်မူ၏။

အရှင်မောဂ္ဂလာန်သည် စတုတ္ထစျာန်ကို ဝင်စားတော်မူပြီးလျှင် ဣဒ္ဓိဝိဓအဘိညာဏ်ကို ပွား၍ မိမိ၏မူလခန္ဓာကိုယ်ကို စွန့်ပြီး အလွန်ကြီးစွာသော နဂါးမင်းကြီးသဏ္ဌာန် ဖန်ဆင်းပြီးလျှင် နန္ဒောပနန္ဒနဂါးမင်း၏ အထက်၌ တစ်ဆယ့်လေးထပ်ရစ်ပတ်လျက် မလှုပ်နိုင်အောင် ပြုလေ၏။

နဂါးမင်းလည်း အမျက်ပြင်းစွာထွက်၍ အခိုးအလျှံတို့ လွှတ်လေသော်လည်း မထေရ်နဂါးကို မနှိပ်စက်နိုင်ပေ။ မထေရ်မြတ်နဂါးမှ လွှတ်လိုက်သော ပို၍ ပြင်းထန်သည့် အခိုးအငွေ့တို့ကသာ နဂါးမင်း၏အရေအသားကို ဖောက်၍ ညှဉ်းဆဲနှိပ်စက်နိုင်၏။ နဂါးနှစ်ဦးတို့၏ အခိုးအလျှံတို့ဖြင့် စစ်ခင်းမှုကြောင့် ရွှေဆိုင်းသဏ္ဌာန်ရှိသော မြင်းမိုရ်တောင်မင်းသည် တဝင်းဝင်းတထိန်ထိန် အရှိန်ပြောင်ပြောင် လောင်ဘိသကဲ့သို့ ဖြစ်၏။

ထို့နောက် မထေရ်မြတ်သည် ရဟန်းအသွင်ကို ပြလေလျှင် နဂါးမင်းလည်း လူသားဖြစ်လျက် ငါ့အမျက်ကို ခံနိုင်စွမ်း မရှိတန်ရာ ဟူ၍ ပြင်းစွာဒေါသဖြင့် အစွမ်းရှိသမျှ ညှဉ်းဆဲနှိပ်စက်ပါသော်လည်း ဤနဂါးထက် တန်ခိုးသာသော နဂါးအရာအထောင် ကိုပင် ဆုံးမနိုင်သော ဘုရားရှင်၏ လက်ဝဲတော်ရံ တန်ခိုးအရာ၌ ဇာတဒဂ်ရမထေရ် မြတ်ကြီးအပေါ်၌ စိုးစိမ်မှုပင် အရာမထင်လေသောကြောင့် နဂါးမင်းသည် နဂါးကြီး အသွင်သဏ္ဌာန်မှ နဂါးငယ်အသွင်သို့ပြောင်း၍ သီတာရေပြင်သို့ ဆင်းသက်ပြေးလေတော့၏။ မထေရ်မြတ်က ဂဠုန်ဟန်ဖန်ဆင်း၍ လိုက်ပြန်၏။ နဂါးမင်းက လူသားဟန် ဖန်ဆင်း၍နေလျှင် မထေရ်မြတ်က နတ်ဘီလူးကြီးသဏ္ဌာန် ဖန်ဆင်း၏။ နောက်ဆုံးတွင် နဂါးမင်းသည် အလွန်ကြောက်လန့်ရကား လုလင်ဟန် ဖန်ဆင်း၍ မထေရ်မြတ်၏ ခြေတော်အစုံကို ဦးခိုက်ကာ ရိုသေစွာ ရှိခိုးကန်တော့လျက် တောင်းပန်လေတော့၏။

မထေရ်မြတ်လည်း နဂါးမင်းကို မြတ်ဘုရားရှင်ထံ ခေါ်ဆောင်သွားလေရာ မြတ်ဘုရားရှင်က နဂါးနှင့် လျှောက်ပတ်သော ဓမ္မကထာဖြင့် ကောင်းစွာဆုံးမတော်မူသောအခါ နန္ဒောပနန္ဒနဂါးမင်းသည် ဥပါသကာအဖြစ်ခံယူလေ၏။ မြတ်ဘုရားရှင်သည် အမျက်ဒေါသရော၊ တန်ခိုးပါ လွန်စွာကြီးလှသော နန္ဒောပနန္ဒနဂါးမင်းကို

http://www.dhammadownload.com

နိမ်နင်းချေချွတ်တော်မူပြီးနောက် နောက်ပါ ရဟန္တာမထေရ်မြတ်ကြီးတို့နှင့် အတူ သာဝတ္ထိပြည်သို့ ပြန်လည်ကြွမြန်းတော်မူလေသည်။

၈။ မိစ္ဆာဒိဋ္ဌိအယူရှိသော ဗကဗြဟ္မာကြီးကို အောင်နိုင်ခြင်း။

ဗကဗြဟ္မာကြီးသည် ရှေးလူ့ဘဝ၌ အနှစ်တစ်သိန်းမျှလောက် ရသေ့ရဟန်း ပြု၍ လောကီစျာန်သမာပတ်တို့ကို မပြတ်လေ့လာသဖြင့် ခန္ဓာကြွေလတ်သော် ဝေဟပ္ဖိုလ် ဗြဟ္မာဘုံ၌ ဖြစ်၏။ ထိုဘုံ၌ မဟာကပ်ငါးရာပတ်လုံး ဗြဟ္မာတို့၏ ချမ်းသာကို ခံစားပြီး၍ စုတေသော်ခြောက်ဆယ်လေးကမ္ဘာ အသက်ရှည်သော သုဘကိဏ္ဏဗြဟ္မာဘုံ၌ ဖြစ်၏။ ထိုမှ စုတေပြန်သော် ရှစ်ကမ္ဘာ အသက်ရှည်သော အာဘဿရာ ဗြဟ္မာဘုံ၌ ဖြစ်ပြန်၏။

ဗကဗြဟ္မာကြီးသည် ထိုသို့ တစ်ဆင့်ထက်တစ်ဆင့် နိမ့်ကျလာခဲ့သော်လည်း အထက် အထက်ဘုံ၌ဖြစ်သော နာမ်ရုပ်အစဉ်ကိုလည်း မမှတ်မိ၊ ပဋိသန္ဓေကိုလည်း မထင်၊ မူလအတိုင်းပင် တည်နေသည်ဟု ထင်မှတ်ရကား "ငါတို့၏ ဗြဟ္မာလောကသည် မြတ်သော။ မြဲသောနိစ္စ ဓုဝချမ်းသာပင်တည်း။ ဤထက်ပို၍ ချမ်းသာအစဉ်သည် မရှိနိုင်၊ မိမိဗြဟ္မာဘုံသည်သာ မအို၊ မနာ၊ မသေ၊ ဆင်းရဲခြင်းကင်းသော နိဗ္ဗာန်ပင်တည်း" ဟု အယူရှိ၏။ အနီးအပါးရှိ ဗြဟ္မာတို့လည်း ဤသို့သော အယူပင်ရှိကြကုန်၏။ ဤအယူသည် အလွန်အားကောင်းသော သဿတမိစ္ဆာဒိဋ္ဌိအယူပင် ဖြစ်၏။ (နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ အောက်ဘုံသားများက အထက်ဘုံသားများကို မမြင်ရ၊ အထက်ဘုံသားများက ရုပ်ကြမ်းတစ်မျိုးဖန်ဆင်းပြမှသာ မြင်တွေ့နိုင်၏။)

မြတ်ဗုဒ္ဓသည် ဥက္ကဋ္ဌမြို့ သုဘဂတောအုပ်အတွင်း အင်ကြင်းပင်မင်း၏ အရင်း ၌ နေစဉ်၊ မိစ္ဆာဒိဋ္ဌိ အယူသည်းလှသော ဗကဗြဟ္မာကြီးကို ချေချွတ်တော်မူရန် အလို့ငှာ ပစ္စာဘတ္တ (ဆွမ်းစားပြီးချိန်)အခါ၌ ကွေးထားသောလက်ကို ရုတ်ခြည်းဆန့်သကဲ့သို့ ဗြဟ္မာပြည်သို့ တမုဟုတ်ချင်း ကြွတော်မူလေ၏။

မြတ်စွာဘုရားရှင်ကို ဗကဗြဟ္မာကြီး မြင်တော်မူလေလျှင် "အရှင်ဂေါတမ လုံလုပြု၍ ဆက်ပြီး ကျင့်တော်မူပါ၊ သို့မှသာ မအိုမသေအမြဲနေရသော ဤဗြဟ္မာဘုံ၌ ဆင်းရဲခြင်းကင်းစွာ နေရလတ္တံ့"ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်သည် ဗကဗြဟ္မာကြီးအား ယင်း၏အတိတ်ဘဝဖြစ်စဉ်များကို ဟောပြတော်မူပြီး ဗြဟ္မာဘုံတို့သည်လည်း အနိစ္စမြဲသည်၏အဖြစ်ကို ဟောကြားတော်မူလေသည်။

http://www.dhammadownload.com

အယူသည်းလွသော ဗကဗြဟ္မာကြီးသည် မြတ်ဘုရားရှင်၏ ဝါဒကို ရုတ်တရက် အလျော့မပေးလိုသေးသဖြင့် တန်ခိုးပြိုင်ရန် လျှောက်ထားလေ၏။ ထို့နောက် ဗကဗြဟ္မာကြီးသည် မြတ်စွာဘုရားရှင်ရှေ့၌ ကိုယ်ရောင်ဖျောက်ပြမည်ဆိုပြီး ကိုယ်ရောင်ဖျောက်လေရာ မြတ်ဘုရားရှင်က "ဗကဗြဟ္မာကြီးသည် ယခုလက်ရှိ ပြုပြင် ဖန်တီးထားသော ရုပ်ရင်းကြမ်းတမ်းသော အတ္တဘောဌသာ တည်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူလိုက် ရာ ဗြဟ္မာတို့အလယ်၌ ကိုယ်ဖျောက်၍ မရဘဲ ဖြစ်နေပေ၏။ မြတ်ဘုရားရှင်၏ အလှည့်သို့ ရောက်သောအခါ ဘုရားရှင်က "ဗကဗြဟ္မာကြီးနှင့်တကွ ဗြဟ္မာ ပရိသတ် အားလုံးသည် ငါဘုရားအသံကိုသာကြား၍ ငါဘုရားကိုကား မမြင်ကြစေကုန်သတည်း" ဟု အဓိဋ္ဌာန်တော်မူလိုက်ရာ ဘုရားရှင်ကို မမြင်ရတော့ဘဲ ဘုရားရှင်တရားဟောနေသော အသံကိုသာ ကြားနေရ၏။

မြတ်ဗုဒ္ဓဟောကြားအပ်သော တရားဒေသနာအဆုံး၌ ဗြဟ္မာအပေါင်းတစ်သောင်းတို့သည် အချို့ကား သောတာပတ္တိဖိုလ်၊ အချို့ကား သကဒါဂါမိဖိုလ်၊ အချို့ကား အနာဂါမိဖိုလ်၊ အချို့ကား အရဟတ္တဖိုလ်တို့၌ တည်ကြလေကုန်၏။ မိစ္ဆာဒိဋ္ဌိ အယူသည်းလွသော ဗကဗြဟ္မာကြီးလည်း မိစ္ဆာဝါဒမှ ကင်းစင်ကွာ၍ အကျွတ်တရား ရရှိသွား လေ၏။

ဤသို့ဖြင့် မြတ်ဗုဒ္ဓသည် ဗကဗြဟ္မာကြီးအား သစ္စာလေးပါးမြတ်တရားကို ဟောကြား၍ လူ့ပြည်သို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။

အိုဘေးနာဘေးနှင့် ဆွေ့ကြုံခြင်း

မြတ်ဗုဒ္ဓသည် လူသားစင်စစ်ဖြစ်တော်မူသည်နှင့်အညီ အိုခြင်း၊ နာခြင်း၊ သေခြင်း တည်းဟူသော ဓမ္မတာကို မလွန်ဆန်နိုင်။ အခါတစ်ပါး၌ ညနေစောင်းအချိန် ပုဇွာရုံ ကျောင်းတော်၏ အနောက်ဘက်ဝယ် သင်္ကန်းတော်ချ၍ နေစာလှူနေစဉ် အလုပ်အကျွေးတော် အရှင်အာနန္ဒာသည် မြတ်ဘုရား၏ ကျောဘက်က အသားအရေတော်ကို နေရောင်တွင် ဂရုစိုက်၍ ကြည့်လိုက်ရာ အရေတော်များ ရှေးကနှင့်မတူဘဲ အနည်းငယ် တွန့်လာသည်ကို တွေ့ရ၏။ အင်မတန်ဖြောင့်စင်းသော ကိုယ်တော်သည် ရှေ့သို့ မသိမသာ ကိုင်းနေသည်ကို တွေ့ရ၏။ အဆင်းတော်များသည်လည်း အရွယ်ကောင်းတုန်း ကလောက် မကြည်လင်သည်ကို တွေ့ရ၏။

ဤသို့ဖြင့် မြတ်ဘုရားသည် သာမန်လူများကဲ့သို့ ရွှတ်တွယိုယွင်းစွာ သိသိသာသာ အိုမင်းမသွားသော်လည်း သင်္ကေတကြီးရင့်သောအခါ အိုဘေးဒဏ်ကို မသိမသာခံတော်မူရရှာသည်။

http://www.dhammadownload.com

ထို့ပြင် (၆)နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူခဲ့သော ဒဏ်ကြောင့် မကြာ မကြာ ခါးတော်နာရ၏။ ရှင်ဒေဝဒတ်၏ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဇရာမ ကျောက်တုံး ကြီးကို လှိမ့်ချလုပ်ကြံခဲ့စဉ်ကလည်း ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ကျောက်တုံးကြီး အစိတ်စိတ်အမွှာမွှာ ကွဲကျေလွင့်စင်သွားသော်လည်း ကျောက်ချပ်ကွာ၍ ခြေမတော် ကို မှန်ခဲ့သောကြောင့် သွေးချေဆေးဒဏ်ကို ပြင်းစွာ ခံစားတော်မူရကြသည်။ ဤနည်းဖြင့် မြတ်ဗုဒ္ဓသည် နာခြင်းဘေးကိုလည်း ရင်ဆိုင်တွေ့ကြုံရသည်သာ ဖြစ်၏။

သို့သော် မြတ်ဗုဒ္ဓတို့၏ သက်တော်ကို သူတစ်ပါးတို့၏ လုံ့လပယောဂဖြင့် အန္တ ရာယ်ပြုနိုင်စွမ်းမရှိပေ။

အာယုသင်္ခါရလွှတ်တော်မူခြင်း

မဟာသက္ကရာဇ် (၁၄၇)ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးနောက် ဝေသာလီပြည်၏ အရှေ့မျက်နှာစာ ပါလစေတီအရပ်၌ သံဃာတော်အပေါင်းခြံရံလျက် သီတင်းသုံးနေတော်မူသည်။ ထိုစဉ် မြတ်ဘုရားသည် အနီးကပ်အလုပ်အကျွေးတော် အရှင်အာနန္ဒာအား ခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ ငါဘုရားသည် အလိုတော်ရှိ၍ ဣဒ္ဓိပါတ်လေးပါး၊ အဓိပတိလေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး တရားတို့ကိုသာ လေ့လာပွားစီး၍ နေသည်ရှိသော် အာယုကပ်ပတ်လုံး တည်နေတော်မူနိုင်၏။ ထို့ထက်လွန်၍ တစ်ကမ္ဘာလုံးလည်း တည်နေတော်မူနိုင်၏"ဟု သုံးကြိမ်တိုင်တိုင် မိန့်တော်မူ၏။

မြတ်ဘုရားက ဤသို့ အမြွက်အရိပ် နိမိတ်ဩဘာစကား မိန့်ကြားသော်လည်း အရှင်အာနန္ဒာမှာ "ဘုရားကိုယ်တော်မြတ်သည် လူ နတ်တို့၏ စီးပွားချမ်းသာ အကျိုးငှာ အာယုကပ်ပတ်လုံး တည်တော်မူပါ"ဟု မတောင်းပန်မိဘဲ ဆိတ်ဆိတ်သာ နေတော်မူခဲ့၏။ မြတ်ဘုရား၏ နိမိတ်ဩဘာစကားကို သတိမမူမိခဲ့၍ အရှင်အာနန္ဒာမှာ ဆိတ်ဆိတ်နေခဲ့ခြင်း ဖြစ်၏။ အရှင်အာနန္ဒာသည် ထိုစဉ်ကသာ အထက်ပါအတိုင်း လျှောက်ထားမိ ခဲ့လျှင် မြတ်ဘုရားသည် နှစ်ကြိမ်သာပယ်၍ သုံးကြိမ်မြောက်သော အခါ လက်ခံတော်မူပေလိမ့်မည်။

ထိုစဉ်ခဏ အရှင်အာနန္ဒာ ရေဆောင်ခြင်းငှာ သွားသည့်အခိုက်တွင် အခါအခွင့် စောင့်နေသော မာရ်နတ်မင်းသည် နတ်ပြည်မှ ဆင်းသက်လာပြီး မြတ်ဗုဒ္ဓအား "အရှင်ဘုရား၊ အရှင်ဘုရား၏ သာသနာသည် စကြဝဠာအပြည့်ပင် ပျံ့နှံ့၍ ရှိပါပြီ၊ လူနတ် ဗြဟ္မာအပေါင်း သိကြားကြပါပြီ၊ အရှင်ဘုရား၏ တပည့်ရဟန်းသံဃာ များသည်လည်း ကိုယ်နှုတ်နှစ်လုံး သုံးပါးကို ဆုံးမနိုင်၍ ရဲရင့်တည်ကြည်သော

http://www.dhammadownload.com

အဖြစ်သို့ ရောက်ကုန်ပါပြီ၊ ပိဋကတ်သုံးပုံဆောင်နိုင်ကြပါပြီ၊ လောကုတ္တရာတရား အတွက် မိမိတို့ ကျင့်ကြံနိုင်ကြသလို သူတစ်ပါးတို့အားလည်း သင်ကြားပြသ နိုင်ပါပြီ၊ အခုအချိန်တွင် အားလုံးပြည့်စုံ စွာရှိရကား အရှင်ဘုရားပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ ပရိနိဗ္ဗာန်စံတော်မူပါဘုရား"ဟု လျှောက်ထားတော်မူသည်။

ထိုအခါ မြတ်ဗုဒ္ဓသည် အစဉ်ပွင့်လေကုန်ပြီးသော နောင်တော်ဘုရားတို့၏ အာယုသင်္ခါရ သက်တမ်းကို ရှုတော်မူသော် လူတို့သက်တမ်း၏ငါးဖို့တွင် လေးဖို့မျှသာ တည်နေတော်မူကြသည်ကို တွေ့မြင်ရ၍ ဗုဒ္ဓဝင်ထုံးတမ်းကို မလွန်လိုသဖြင့် "အချင်းမာရ်နတ်၊ ငါဘုရားသည် ဤကာလမှ သုံးလလွန်သောအခါ ပရိနိဗ္ဗာန်ပြုအံ့" ဟု မိန့်တော်မူလိုက်သည်။

ယင်းနောက် မြတ်ဗုဒ္ဓသည် သတိသမ္ပဇဉ်ဖြင့်တော်မူကာ အာယုသင်္ခါရ လွှတ်ခြင်းငှာ အာရုံရှိသော သမာပတ်သို့ ဝင်စားလေ၏။ ထိုသမာပတ်၏ တန်ခိုးအာနုဘော်တော်ကြောင့် မဟာပထဝီမြေကြီးသည် သတ္တဝါအပေါင်း ကြောက်ရွံ့ထိတ်လန့်၍ သံဝေဂရစေခြင်းငှာ ဘဝဂ်ထိတိုင် ပဲ့တင်ထပ်မျှ တော်လည်းမြည်ဟည်း၍ သွက်သွက်ခါတုန်လှုပ်လေသည်။

ဝမ်းသွေးသွန်တော်မူခြင်း

မြတ်ဗုဒ္ဓသည် ပါဝါပြည်တွင် စုန္ဒအမည်ရှိ ဒါယကာ၏ သရက်ဥယျာဉ်သို့ ဝင်၍ သီတင်းသုံးတော်မူနေစဉ် စုန္ဒဒါယကာ၏ ပင့်ဖိတ်ချက်အရ မဟာသက္ကရာဇ် (၁၄၈) ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် စုန္ဒ၏အိမ်သို့ ဆွမ်းစားကြွတော်မူသည်။

စုန္ဒဒါယကာသည် မြတ်ဘုရားနှင့်တကွ ရဟန်းသံဃာတော်အပေါင်းတို့အား ဝက်ပျိုသားဖြင့် ကြိုတင်စီမံထားသည့် သားပြွမ်းဆွမ်းကို ကပ်တော်မူသည်။ ထိုစဉ် မြတ်ဘုရားပရိနိဗ္ဗာန်ပြုတော့မည်ကို သိနေကြသော နတ်ဗြဟ္မာအပေါင်းတို့သည် မြတ်ဘုရားအား နောက်ဆုံးလောင်းလှူသည့်အနေဖြင့် မြတ်ဘုရားသပိတ်တော်ထဲသို့ နတ်သြဇာများ လောင်းထည့်ကြသည်။

မြတ်စွာဘုရားက နတ်သြဇာများ လောင်းထည့်ကြသည်ကို သိတော်မူ၍ စုန္ဒဒါယကာအား ဤသားပြွမ်းဆွမ်းသည် ငါဘုရားမှတစ်ပါး သြကာသတစ်ခုလုံးတွင် နတ်ဗြဟ္မာတို့နှင့်တကွ မည်သူတစ်ဦးတစ်ယောက်မှ အစာမကြေနိုင်ကြောင်း မိန့်တော်မူကာ သံဃာတော်များအား အခြားခဲဖွယ်ဘောဇဉ်တို့ဖြင့်သာ လုပ်ကျွေးစေ၏။

မြတ်ဗုဒ္ဓသည် ဆွမ်းအနုမောဒနာပြု၍ ပြန်လည်ကြွတော်မူပြီး ဥယျာဉ်တော်သို့ ပြန်ရောက်တော်မူလျှင် သည်းထန်ပြင်းပြစွာ ဝမ်းသွေးသွန်သော ဝေဒနာဖြစ်ပေါ်တော်

http://www.dhammadownload.com

မူသည်။ မြတ်ဘုရားရှင်သည် သတိပညာဖြင့် ဆင်ခြင်လျက် ပြင်းထန်သောဝေဒနာတော်ကို ကောင်းစွာသည်းခံတော်မူနိုင်၏။

သိမှတ်ဖွယ်။ မြတ်ဗုဒ္ဓသည် သားပြွမ်းဆွမ်းကြောင့် ထိုဝေဒနာရောက်ရသည် မဟုတ်ဘဲ အချိန်တန်၍ ဝေဒနာရောက်ရခြင်းဖြစ်၏။ သားပြွမ်းဆွမ်းကြောင့်သာ အားတော် ခိုင်မာ၍ ကြွတော်မူနိုင်သေးခြင်းဖြစ်၏။

ကုသိနာရုံသို့ ကြွရောက်တော်မူခြင်း

မြတ်ဗုဒ္ဓသည် အယူမှားနေသော သုဘဒိပရိဗိုဇ်ကို ကယ်ချွတ်ရန်ကျန်ရှိနေသေး၍ ဝေဒနာပြင်းပြစွာ ခံစားနေရသည့် ကြားမှကုသိနာရုံပြည်သို့ ပင်ပန်းကြီးစွာ ကြွတော်မူလေ၏။ (မြတ်ဘုရားတို့ မည်သည် လမ်းတွင်တွေ့ဆုံသော သတ္တဝါအပေါင်းကို ကယ်ချွတ်လိုသဖြင့် နတ်ဗြဟ္မာပြည်သို့ ကြွတော်မူခြင်းမှအပ ကျန်ဒေသများသို့ အများအားဖြင့် ခြေလျင်ခရီးဖြင့်သာ ကြွတော်မူကြသည်။)

မြတ်ဘုရားရှင်သည် ပါဝါပြည်မှ တစ်ယူဇနာခန့် ရောက်သည့်အခါ ခွန်အားကုန်ခန်း ပင်ပန်းတော်မူလှသဖြင့် လမ်းခရီးရှိ သစ်ပင်ရင်း၌ ဒုကုဋ္ဌတော်ကို လေးထပ်ပြု၍ ခင်းစေပြီးလဲလျောင်းတော်မူသည်။ မြတ်ဘုရား ရေမွတ်သိပ်တော်မူ၍ အရှင်အာနန္ဒာသည် ဂင်္ဂါမြစ်ရေကို ခပ်မည်ပြုသော် နောက်ကျိနေသောမြစ်ရေသည် ဘုရားရှင်အလိုတော်အတိုင်း သန့်ရှင်းကြည်လင်စွာ စီးဆင်းတော်မူသည်။

မြတ်ဗုဒ္ဓသည် ရေမွတ်သိပ်ခြင်းကို ဖြေဖျောက်ပြီးနောက် ဘုရားရှင် သီတင်းသုံးနေသည်ကို မြင်၍ ချဉ်းကပ်လာသော မလ္လာမင်းသားပုက္ကုသအား တရားရအောင်တိုက်ကျွေးတော်မူသည်။

ထူးသောရောင်ခြည်တော်များ

ထွန်းခါစဖြစ်သော တန်ဆောင်ဆီမီးသည်လည်းကောင်း၊ ငြိမ်းခါနီး ဖြစ်သော တန်ဆောင်ဆီမီးသည်လည်းကောင်း ကြီးစွာသောအလျှံဖြင့် အလွန်ထွန်းပခြင်း ဖြစ်သကဲ့သို့ မြတ်ဗုဒ္ဓကိုယ်တော်သည်လည်း ဘုရားဖြစ်ဦးစအခါကကဲ့သို့ ထူးကဲသော ရောင်ခြည်တော် ခြောက်သွယ်ဖြင့် အလွန်ထွန်းလင်းတောက်ပလျက် ကိုယ်တော်၏ အသားရေတော်သည် ထူးထူးခြားခြား တင့်တယ်သပ္ပာယ်တော်မူနေ၏။

ကုသိနာရုံပြည်သို့ ရောက်ရှိတော်မူခြင်း

မြတ်ဗုဒ္ဓသည် ကုသိနာရုံပြည်သို့ ဆက်လက်ကြွတော်မူလာရာ ကကုဓာမြစ်သို့ ရောက်လတ်သော် မြစ်တွင်း၌ ရေသပ္ပာယ်တော်မူ၏။ ယင်းနောက် အနီးရှိ သရက်

http://www.dhammadownload.com

ဥယျာဉ်တွင် ခေတ္တဝင်နားစဉ် နောင်အခါ၌ စုန္ဒဒါယကာအား လူတို့ ပြစ်တင်ကဲ့ရဲ့ကြမည်ကို ဆင်ခြင်မိ၍ အရှင်အာနန္ဒာအား ဘုရားဖြစ်တော်မူသည့်နေ့၌ ဦးစွာ ကပ်လှူသော သုဇာတာ၏ ဃနာနို့ဆွမ်းနှင့် ပရိနိဗ္ဗာန်ပြုအံ့သောနေ့၌ နောက်ဆုံး ကပ်လှူသော စုန္ဒ၏ဆွမ်းတို့သည် အခြားကာလတို့၌ လှူအပ်သောဆွမ်းတို့ထက် သာလွန်ထူးမြတ်သော အကျိုးရှိကြောင်း မိန့်ကြားတော်မူ၏။

မြတ်ဗုဒ္ဓသည် ဆက်လက်ကြွတော်မူရာ ကိုယ်တော်၏ အားသည် လျော့ပါးရကား ရှေ့ယိမ်းနောက်ယိမ်း ကတိမ်းကပါးရှိတော်မူ၍ ရှင်အာနန္ဒာနှင့် ရှင်စုန္ဒတို့က လက်ဝဲလက်ယာမှ တွဲမ ရလေသည်။

ဟိရညဝတီမြစ်ကို ကူးပြီးလတ်သော် ကုသိနာရုံပြည်၏ အနီးသို့ ရောက်၍ မြို့၏ အနောက်တောင်ဘက် တာငါးရာခန့်ကွာသောအရပ်ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်သို့ ဝင်တော်မူသည်။ မြတ်ဗုဒ္ဓသည် လွန်စွာ ပင်ပန်းတော်မူလှ၍ အင်ကြင်းပင်များအကြားရှိ မလ္လာမင်းတို့၏ ရတနာညောင်စောင်းကို မြင်လျှင် မြောက်သို့ ဦးခေါင်းထား၍ ခင်းရန် ရှင်အာနန္ဒာအား မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် မြတ်ဘုရား၏ အားတော်ကုန်ခန်းနေသည့်အဖြစ်ကို မြင်ရသည်တွင် သနားခြင်း ပြင်းစွာချောက်ချား ပူပန်လှသောနှလုံးဖြင့် ယူကျုံးမရဖြစ်လျက် ညောင်စောင်းကို မြောက်သို့ဦးခေါင်းပြု၍ ဒုကုဋ္ဌတော်ကို ခင်းပေးလေသည်။ မြတ်ဘုရားရှင်လည်း ညောင်စောင်းထက်တွင် ဖြည်းညှင်းသာယာစွာ လက်ယာနံတောင်းဖြင့် လျောင်းတော်မူသည်။

ကုသိနာရုံသို့ ကြွတော်မူရခြင်း

မြတ်စွာဘုရားသည် ဝမ်းသွေးသွန်သောဝေဒနာ ပြင်းစွာခံစားရပြီး အားတော်ကုန်ခမ်းနေလျက်နှင့်ပင် ကုသိနာရုံပြည်တွင် ပရိနိဗ္ဗာန်ပြုရန် ကြွတော်မူရခြင်းမှာ မဟာသုဒဿနသုတ်ကို ဟောကြားခွင့်သင့်ခြင်း၊ သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူရခြင်းနှင့် ဓာတ်တော်ကို လုယက်ကြသော ကလဟဝိဝါဒ၌ ဒေါနပုဏ္ဏားဖြေဖျန်၍ ဝေဖန်အံ့သော အကြောင်းရှိခြင်း၊ ဤအကြောင်းသုံးပါးကြောင့် ဖြစ်၏။

မြတ်ဗုဒ္ဓသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွရာတွင် လမ်းခရီး၌ (၂၅) ကြိမ် နားနေ၍ အလွန်အားထုတ်ခြင်းဖြင့် ကြိုးစားကြွတော်မူရခြင်းကြောင့် ညနေချမ်းတွင်မှ ရောက်တော်မူလေသည်။

http://www.dhammadownload.com

နတ်ဗြဟ္မာအပေါင်း၏ ပူဇော်ကြခြင်း

ဤသို့ မြတ်စွာဘုရား လျောင်းနေတော်မူစဉ် စကြာဝဠာအပေါင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် မြတ်ဗုဒ္ဓအား နောက်ဆုံးပူဇော်သည့်အနေဖြင့် ထူးမြတ်သော ပန်းများ၊ ရတနာပေါက်ပေါက်များ အမွေးနုံ့သာများနှင့် နတ်ပန်းကုံးများဖြင့် အစွမ်းကုန် ဖူးမြော်ပူဇော်ကြပြီး ပြင်းစွာငိုကြွေး ပူဆွေးကြကုန်၏။

ဥယျာဉ်အတွင်း၌ရှိသော အင်ကြင်းပင်တို့သည်လည်း မြတ်ဘုရားအား နောက်ဆုံးပူဇော်သည့်အနေဖြင့် အပွင့်အငုံတို့ ဆင့်ကာ ဆင့်ကာ ပင်ငုံးကျွတ်ပွင့်ကုန်လျက် ဝတ်မှုန်ဝတ်ဆံတို့သည် ကိုယ်တော်ပေါ်သို့ ကြွေသက်ကြကုန်၏။ သစ်ပင်အပေါင်းတို့သည် ဘုရားရှင်ရှိရာဘက်သို့ ရှေ့ရှည်ညွတ်လျက် ပင်လုံးကျွတ်ပွင့်ကြသည်မှာ လွန်စွာ မွေ့လျော်တင့်တယ်ကုန်၏။

အမွန်မြတ်ဆုံးပူဇော်မှု

မြတ်ဗုဒ္ဓသည် လူနတ်ဗြဟ္မာများစွာတို့ ပူဇော်လာကြခြင်းကို မြင်လျှင် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ--- စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာများစွာတို့သည် ငါဘုရားအား ပူဇော်သက္ကာရတို့ဖြင့် ပူဇော်ကုန်ပြီ၊ ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားအား ပူဇော်သည်မမည်သေး။ ငါဘုရားပညတ်တော် မူအပ်သော၊ ဝါရိတ္တသီလ၊ စာရိတ္တသီလတို့ကို ရိုသေစွာကျင့်ဆောင်၍ လောကုတ္တရာတရားအားလျော်စွာသောအကျင့်တို့ကို လိုက်နာရိုသေစွာ ကျင့်၍ နေသောသူသည် ငါဘုရားအား ချစ်ခင်မြတ်နိုးပူဇော်သည်မည်၏။ ငါဘုရား၏သာသနာ၌ ချမ်းသာကို အလိုရှိကြကုန်သော သူတို့သည် လောကုတ္တရာတရား၏ ကျင့်ဝတ်ပဋိပတ်ကိုသာ ရိုသေစွာကျင့်သုံးရာ၏" ဟု မိန့်တော်မူပါသည်။

ရဟန်းတော်နှင့်အမျိုးသမီး

မြတ်ဗုဒ္ဓသည် အရှင်အာနန္ဒာ၏ လျှောက်ထားမေးမြန်းချက်နှင့် ပတ်သက်၍ မိန့်တော်မူရာတွင် "ရဟန်းတော်များသည် မာတုဂါမတို့ကို မမြင်ရသော် ရာဂသည် မဖြစ်၊ မာတုဂါမတို့ကို မြင်ချေသော်လည်း စကားမပြောဘဲနေခြင်းသည် မြတ်၏။ စကားပြောရသည်ရှိသော် ချစ်ကျွမ်းဝင်ခြင်းဖြစ်၏။ ချစ်ကျွမ်းဝင်သည်ရှိသော် နှစ်သက်ခြင်း ရာဂဖြစ်၏။ ရာဂဖြစ်သည်ရှိသော် အထူးထူးသောကိစ္စကို ကြံဆောင်ခြင်း ဟူသော သင်္ကန်ပ္ပရာဂဖြစ်၏။ သင်္ကန်ပ္ပရာဂဖြစ်သည်ရှိသော် တဏှာဥပါဒါန်တို့သည် ဖြစ်ကုန်၏။ ထိုတဏှာဥပါဒါန်တို့ဖြစ်သည်ရှိသော် သီလ၏ ညစ်ညူးပျက်စီးခြင်းသို့ ရောက်၍ အပါယ်ဒုက္ခသို့ လားခြင်းသည်ဖြစ်၏။ ထို့ကြောင့် မာတုဂါမတို့နှင့် စကားပြောခြင်း

http://www.dhammadownload.com

သည်မမြတ်၊ အကယ်၍ ရဟန်းတို့နှင့် လျှောက်ပတ်သောကိစ္စကို ရွက်ဆောင်ရ၍ စကားပြောဟောရချေသော် မာတုဂါမတို့အပေါ် အမိဟူသောစိတ် နှမဟူသောစိတ်၊ သမီးဟူသောစိတ်များဖြင့်သာ အရွယ်ကို လိုက်၍ သတိဖြစ်စေသင့်သည်"ဟူ မိန့်တော်မူသည်။

အလောင်းတော်ကို ပူဇော်ရေး

အရှင်အာနန္ဒာက မြတ်စွာဘုရားအား ပရိနိဗ္ဗာန်ပြုခဲ့ပါက အလောင်းတော်ကို မည်ကဲ့သို့ ပူဇော်သင့်ကြောင့် လျှောက်ထားမေးမြန်းသောအခါ မြတ်ဗုဒ္ဓက "ချစ်သား အာနန္ဒာ--ငါဘုရား၏ အလောင်းတော်ကို မီးပူဇော်ခြင်း အစရှိသည်တို့၌ မကြောင့်ကြလင့်၊ မိမိ၏အကျိုးစီးပွားဖြစ်သော အရဟတ္တဖိုလ်ရခြင်းငှာသာ များစွာ လုံ့လပြုပါလေ၊ ကိုယ်အသက်ကို ငဲ့ကွက်ခြင်းမရှိဘဲ သတိသမ္ပဇဉ်ဖြင့်သာ ငါဘုရား၏ သာသနာတော်ကို ရွက်ဆောင်ကြလေလော့"ဟု မိန့်တော်မူတော်မူ၏။

ထို့ပြင် "ငါဘုရားနှင့်တကွ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် စကြဝတေးမင်း၊ ဤ(၄)ပါးသည် စေတီတည်ခြင်းငှာထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်။ ပညာရှိ ဒါယကာတို့သည် ငါဘုရားအား ကောင်းစွာမီးသဂြိုဟ်ပြီး ရရှိသောဓာတ်တော်များဖြင့် စေတီတည်ထားထိုက်၏။ ထိုစေတီကို အမျိုးမျိုးသောနည်းဖြင့် ပူဇော်ချီးမြှောက်သော လူနတ် အများတို့သည် လောကီလောကုတ္တရာတို့၌ လွန်စွာ အကျိုးဖြစ်ထွန်းကုန်လတ္တံ့၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် စကြဝတေးမင်းစေတီတို့လည်း အလားတူပင်ဖြစ်ကုန်၏" ဟု မိန့်တော်မူပြန်၏။ ဤသို့ မိန့်ကြားပြီးလျှင် ဖလသမာပတ်ချမ်းသာဖြင့် ဆိတ်ငြိမ်စွာ နေတော်မူလေသည်။

အရှင်အာနန္ဒာပူဆွေးငိုကြွေးခြင်း

အရှင်အာနန္ဒာသည် "မြတ်စွာဘုရားသည် ဝေဒနာတော်ကို ပြင်းစွာခံစားနေရစဉ်မှာပင် မဟာကရုဏာတော်ဖြင့် သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ငါ့အား အမှုထား၍ တရားတော်များ ဟောကြားလျက်ပင် ရှိသေးသည်။ နက်ဖြန်ခါဆိုလျှင် မြတ်ဘုရား၏ သွန်သင်ဆုံးမသောအသံတော်သည် ဆိတ်သုဉ်းတော့မည်။ ငါတို့သည် ငါတို့ဆရာမြတ်ဘုရားနှင့် ကွဲကွာချေတော့မည်တကား၊ သောတာပန်တည်ပြီး အထက်မဂ်ဖိုလ်ရအောင် ပြုဖွယ်ရှိသေးသော ငါ့အားထား၍ ပရိနိဗ္ဗာန်ပြုပေတော့မည်။ မြတ်ဘုရား၏ အလုပ်အကျွေးဖြစ်သော ငါသည် နက်ဖြန်ခါ အဘယ်သူကို အလုပ်အကျွေးပြုရပါအံ့တော့နည်း"ဟု အောက်မေ့တသမြည်တမ်းလျက် ဆွေးမြေ့သောနှလုံးဖြင့် ယူကျုံးမရဖြစ်ကာ မလွှာမင်းတို့၏ နားနေရာ မင်းကွန်းဇရပ်တွင် ပြင်းစွာ ပူဆွေးငိုကြွေးလေသည်။

http://www.dhammadownload.com

ဘုရားသခင်သည် သံဃာတော်တို့အား ကြည့်၍ ရှင်အာနန္ဒာကို မမြင်လျှင် မေးတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာသည် ပူဆွေးငိုကျွေးလျက်ရှိကြောင်း သိရလျှင် အနားသို့ ခေါ်ယူပြီး အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်ချီးမြှင့်ကာ တရားဟောကြားဖြေသိမ့်ပေးတော်မူသည်။

မလ္လာမင်းတို့ ရောက်ရှိလာခြင်း

မြတ်စွာဘုရားသည် ယနေ့ည၌မိုးသောက်ယံ၌ ပရိနိဗ္ဗာန်မပြုမီ မလ္လာမင်းတို့ ဖူးမြော်ပူဇော်ကြလိုက ဖူးမြော်ပူဇော်နိုင်စေရန် အရှင်အာနန္ဒာအား ကုသိနာရုံပြည်သို့ စေလိုက်လေသည်။ မလ္လာမင်းတို့လည်း ဘုရားပရိနိဗ္ဗာန်ပြုတော်မူမည့်အကြောင်း သိကြလျှင် သားမယားဆွေမျိုးများနှင့်တကွ သောင်းသောင်းညံမျှ ငိုကြွေးပူဆွေးကြလျက် ဥယျာဉ်သို့ ဝင်ရောက်ခဲ့ကြသည်။

မလ္လာမင်းတို့က ဘုရားရှင်ခြေရင်းတော်၌ ဦးခိုက်၍ ရှိခိုးပူဇော်ကြခြင်းနှင့် မလ္လာမင်းတို့အား တရားဟောကြားခြင်းတို့ကို ညဉ့်၏ပထမယံ၌ ပြီးစီးစေ၏။

ဘုရားရှင်၏နောက်ဆုံးသာဝက

ကုသိနာရုံပြည်တွင် တိတ္ထိအယူရှိသော သုဘဒ်အမည်ရှိ ပရိဗိုဇ်ရဟန်းတစ်ပါး ရှိ၏။ ထိုပရိဗိုဇ်ရဟန်းသည် မြတ်ဘုရားပရိနိဗ္ဗာန်ပြုတော်မူမည့်အကြောင်း ကြားသိရသောအခါ "တစ်ခါတစ်ခါ ပွင့်ရန်အလွန်ခဲယဉ်းသော မြတ်စွာဘုရားကို ငါသည် ယခုတိုင် မဆည်းကပ်ရသေး၊ ငါ၏ယုံမှားသံသယကို မြတ်စွာဘုရား ပယ်ဖျောက်နိုင်ရာသည်။ နောက်ဆုံးအနေဖြင့် တရားစကားလျှောက်ထားမေးမြန်းအံ့"ဟူ၍ ဥယျာဉ်တော်သို့ ရောက်ရှိလာပြီး မြတ်ဘုရားရှင်အား ဖူးမြော်ခွင့်ပေးရန် ရှင်အာနန္ဒာထံ ခွင့်တောင်းလေသည်။

အရှင်အာနန္ဒာကလည်း "သာသနာတော်၏အပ ဖြစ်သော တိတ္ထိတို့သည် မိမိတို့၏ အယူမြဲမြံစွာ ယူကြကုန်သည်။ ထိုအယူကို ပယ်ရှားအောင် မြတ်ဘုရား တရားဟောရသော်ပို၍ ပင်ပန်းခြင်းဖြစ်ပေတော့မည်"ဟု အောက်မေ့၍ ပရိဗိုဇ်အား ခွင့်မပြုပေ။ ထိုအခါ သုဘဒ်ပရိဗိုဇ်သည် သုံးကြိမ်တိုင်အောင် ဝပ်တွားခယ ခွင့်တောင်းသော်လည်း အရှင်အာနန္ဒာက သုံးကြိမ်လုံးခွင့်ပြုတော်မမူပေ။

ဤစကားတို့ကို ဘုရားရှင်ကိုယ်တော်မြတ် ကြားသိတော်မူလျှင် သုဘဒ်ပရိဗိုဇ်အား ဖူးမြော်ခွင့်၊ ပြဿနာများ မေးလျှောက်ခွင့်ပြုလိုက်ရန် အရှင်အာနန္ဒာအား မိန့်ကြားတော်မူသည်။

http://www.dhammadownload.com

သုဘဒ်ပရိဗိုဇ်သည် ခွင့်ပြုချက်ရသည်နှင့်အားရဝမ်းသာစွာ မြတ်ဘုရားထံ ချဉ်းကပ်ပြီး ပဋိသန္ဓာရစကားကို လျှောက်ထားပြောဆိုပြီးမှ-

"အရှင်ဂေါတမ ကျောဘောထင်ရှားကုန်သော ဂိုဏ်းဆရာ တိတ္ထိတို့သည် ငင်းတို့ ဝန်ခံသည့်အတိုင်း အလုံးစုံသော တရားတို့ကို သိကြပါသလား၊ မသိကြပါဘဲလျက် ဝင့်ဝါကြလေသလော"ဟု လျှောက်ထားမေးမြန်း၏။

ထိုအခါ မြတ်စွာဘုရားရှင်က-

"အချင်းသုဘဒ်---ဤစကားကို ငါဘုရားဖြစ်ခြင်းငှာ အကြောင်းမသင့်၊ ဤစကားကို ထားဘိလော့၊ သင့်အား ငါဘုရားဟောကြားအံ့၊ အကြင်သာသနာ၌ အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ဓမ္မလည်းရှိအံ့၊ ထိုသာသနာ၌သာလျှင် ကိလေသာတည်းဟူသော အညစ်အကြေးကင်းစင်ရာ မင် ဖိုလ် နိဗ္ဗာန်သည်ရှိ၏။ အရိယာပုဂ္ဂိုလ်သည်ရှိ၏။ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းရာ၊ အကြင်သာသနာ၌ အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ဓမ္မလည်းမရှိငြားအံ့၊ ထိုသာသနာတွင် ကိလေသာတို့ကင်းစင်ရာ မင် ဖိုလ် နိဗ္ဗာန်သည်မရှိနိုင်၊ အရိယာပုဂ္ဂိုလ်သည် မရှိနိုင်၊ လောကသည် ရဟန္တာတို့မှ ဆိတ်သုဉ်းရာ၏"ဟု မိန့်ကြားတော်မူသည်။

သုဘဒ်ပရိဗိုဇ်လည်း မြတ်ဘုရားရှင်၏ တရားစကားကို ကြားနာရသော်ယုံမှား သံသယပြေပျောက်ပြီး မြတ်ဗုဒ္ဓထံခွင့်ပန်၍ ရဟန်းပြုတော်မူသည်။ သုဘဒ်ပရိဗိုဇ်သည် ရဟန်းပြုပြီးနောက် ဥယျာဉ်တွင်း၌ စင်္ကြံသွားလျက်၊ မြတ်ဘုရားရှင်ပေးသော ကမ္မဋ္ဌာန်း ဝိပဿနာတရားကို မပြတ်မလပ် အားထုတ်လေရာ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဏ် ခြောက်ပါး၊ သမာပတ်ရှစ်ပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထို့ကြောင့် အရှင်သုဘဒ်ကား ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က နောက်ဆုံးဖြစ်သော ရဟန္တာသာဝကပင်တည်း။

ဗုဒ္ဓ ပစ္ဆိမ ဝစန

(မြတ်ဗုဒ္ဓ၏နောက်ဆုံးဩဝါဒ)

မြတ်ဘုရှားရှင်သည် သုဘဒ်ပရိဗိုဇ်အား အကျွတ်တရားရစေပြီးသော် သံဃာတော်များကို ခေါ်တော်မူ၍ ဘုရားရှင်အား မျက်ဝါးထင်ထင်တွေ့မြင်ကြစဉ် မေးလျှောက်စရာရှိပါက မေးလျှောက်ကြရန် ခွင့်ပြုတော်မူပါသည်။ နောင်တွင် သံဃာတော်များက "ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ဤကြုံထိုထို ပြဿနာများကို မမေးမြန်း မလျှောက်ထားမိပါလား"ဟူ၍ နောင်တ တရားများ မရစေလို၍ မေးမြန်းလျှောက်ထားကြရန် မြတ်ဘုရားက မိန့်တော်မူခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ရဟန်းသံဃာများသည် တစ်စုံတစ်ရာ မလျှောက်ထားကြဘဲ၊ ဆိတ်ဆိတ်သာ နေကြသောအခါ မြတ်ဗုဒ္ဓသည် အောက်ပါအတိုင်း နောက်ဆုံး ဩဝါဒစကားကို ဟောကြားတော်မူလေသည်။

(ပါဠို) ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာ ဒေထ။

(အနက်) ဘိက္ခဝေ– ရဟန်းတို့၊ ဒါနိ ဣဒါနိ– ယခုအချိန်၌၊ ဟန္ဒ–အကျဉ်းအားဖြင့်၊ ဝေါ–ငါ၏ အလိုတော်ရင်းဖြင့်၊ ဝေါ–သင်တို့ကို၊ အဟံ – ငါဘုရားသည်၊ အာမန္တေ့ယာမိ–မှာထားတော်မူ မည်။ သင်္ခါရာ–ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းလေးပါးစုတို့ ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရ တရား တို့သည်၊ ဝယဓမ္မာ – ပျက်တတ်သောသဘော ရှိကုန်၏။ တုမှေ သင်တို့သည်၊ အပ္ပမာဒေန–မမေ့မလျော့ မပေါ့မဆ သော သတိတရားဖြင့် သမ္ပာ ဒေထ– အကျင့်သိက္ခာတို့ကို ပြီးပြည့်စုံကြစေကုန်လော့။

ပရိနိဗ္ဗာန်ပြုတော်မူခြင်း

မြတ်ဗုဒ္ဓသည် ရဟန်းသံဃာတော်များကို နောက်ဆုံးဩဝါဒစကားမိန့်ကြား တော်မူပြီးလျှင် စျာန်သမာပတ်အဆင့်ဆင့်ကို ကူးပြောင်းဝင်စားပြီး ငြိမ်သက်စွာ နေတော်မူသည်။

မဟာသက္ကရာဇ် (၁၄၈)ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ညဉ့်ဦးယံဝယ် မလ္လာမင်း တို့အား တရားညွှန်ပြတော်မူခြင်း၊ သန်းခေါင်ယံကာလ၌ သုဘဒ်ပရိဗိုဇ်ကို ဆုံးမ တော်မူခြင်း၊ မိုးသောက်ယံကာလ၌ ရဟန်းသံဃာများကို များစွာဆုံးမတော်မူခြင်း ပြီးဆုံး၍ အရဏ်တက်ကာနီး လင်းအားကြီးယံ၌ အလုံးစုံသော သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ ပရိနိဗ္ဗာန်စံယူတော်မူလေသည်။

မီးသင်္ဂြိုဟ်ကြခြင်း

မြတ်ဘုရားရှင်သည် ပရိနိဗ္ဗာန်စံသောအခါ ပုထုဇဉ်များ၊ သောတာပန်၊ သကဒါဂါမ်တည်ပြီးသော လူ နတ် ရဟန်း သံဃာအပေါင်းသည် ပြင်းစွာ ငိုကြွေး မြည်တမ်းကြကုန်၏။ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သာလျှင် သင်္ခါရဓမ္မကို နှလုံးသွင်း၍ ဖြေသိမ့်တော်မူနိုင်ကြသည်။

မြတ်ဗုဒ္ဓ၏ အလောင်းတော်ကို (၇)ရက်ခန့်ထားပြီးလျှင် မလ္လာမင်းတို့နှင့်တကွ လူများ၊ နတ်ဗြဟ္မာများသည် အမြတ်ဆုံးပူဇော်နည်းအမျိုးမျိုးတို့ဖြင့် အစွမ်းကုန်

http://www.dhammadownload.com

ပူဇော်ကြလေ၏။ (၇)ရက်မြောက်သောကာလတွင် မြတ်ဗုဒ္ဓအလောင်းတော်အား ကုသိနာရုံ ပြည်သချိုင်း၌ စန္ဒကူးထင်းစင်ပေါ်တင်ကာ မီးသင်္ဂြိုလ်တော်မူကြလေသည်။

ဓာတ်တော်ဝေခြင်း

မြတ်စွာဘုရားအလောင်းတော် တေဇောဓာတ်လောင်ကျွမ်းပြီးသောအခါ ကိုယ်တော် ၏ အရေအသား၊ အရိုးတို့သည် ရှစ်စိပ်ပမာဏမျှရှိသော ဓာတ်တော်များအဖြစ် တည်ကြကုန်၏။ မလ္လာမင်းတို့သည် မြတ်ဘုရားရှင်၏ ဓာတ်တော်များပင့်ဆောင်၍ ရွှေအတိပြီးသော အိုးဖြင့်ထည့်ပြီး လူနတ်ဗြဟ္မာအပေါင်းတို့၏ ပူဇော်ခြင်းကို ခံယူစေသည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံကြောင်း အပြည်ပြည်ထောင်မင်းတို့ ကြားသိသော် ဓာတ်တော်များကို ပင့်ဆောင်ရန် စစ်တပ်များဖြင့် ချီတက်လာကြသည်။ ထိုအခါ မင်းတကာတို့ ၏ ဆရာဖြစ်ပြီး ဇမ္ဗူဒီပ်ကျွန်း၌ ထင်ရှားသည့် ဒေါဏမည်သောပုဏ္ဏားသည် မင်းအများကို ဆုံးမ၍ ဓာတ်တော်များဝေပေးလေသည်။ မင်းအပေါင်းတို့သည် ဓာတ်တော်များကို ဖူးတွေ့ရလျှင် သက်တော်ထင်ရှားမြတ်ဘုရားကို နောက်ဆုံးအချိန်တွင် မဖူးမြင်လိုက်ရဘဲ ဓာတ်တော်များကိုသာ ဖူးမြင်ရသဖြင့် ပူဆွေးငိုကြွေးကြပြန်သည်။

ဓာတ်တော်ရရှိသော မင်းများက စေတီတည်ထားကိုးကွယ်ကြ၏။ ဓာတ်တော် မရရှိသော မင်းများက ရွှေခွက်ကိုလည်းကောင်း၊ အလောင်းတော်ကို သင်္ဂြိုဟ်သော စန္ဒကူးမီးသွေးကိုလည်းကောင်း၊ စေတီတည်ထားကိုးကွယ်ကြလေသည်။ နတ်တို့၏ ဘုရင် သိကြားမင်းသည် ဒေါဏပုဏ္ဏားဦးရစ်ကြား၌ ၇ကွက်ထားသော မြတ်ဘုရား၏ လက်ယာဘက်စွယ်တော်ကို ပုဏ္ဏားကြီးအနေဖြင့် ထိုက်တန်စွာ ကိုးကွယ်နိုင်ခြင်း ရှိမည် မဟုတ်သည်ကို ရှုမြင်သောကြောင့် နတ်တို့၏ အာနုဘော်ဖြင့် ရယူပင့်ဆောင်ပြီး နတ်ပြည်တွင် စူဠာမဏိစေတီ၌ ဌာပနာလေ၏။

ပရိနိဗ္ဗာန်ပြုပွဲ (၂၁)ရက်

၁။ သာဓုကီဠနသတ္တာဟ

ပြည်သူပြည်သားများ၊ ရဟန်းသံဃာတော်များက အလောင်းတော်ကို ပူဇော်သက္ကာ ရပြုကြသော ပထမ (၇)ရက်ဖြစ်သည်။

၂။ စိတကပူဇော်သတ္တာဟ

အလောင်းတော်အား စန္ဒကူးထင်းစင်ပေါ်တင်ပြီး မီးသင်္ဂြိုဟ်တော်မူသော ဒုတိယ (၇)ရက်ဖြစ်သည်။

http://www.dhammadownload.com

၃။ ဓာတုပူဇော်သတ္တာဟ

အလောင်းတော်၏ ဓာတ်တော်များကို ပူဇော်သက္ကာယပြုကြပြီး အပြည်ပြည်ထောင်မင်းတို့ ဓာတ်တော်ခွဲဝေကြသော တတိယ (၇)ရက်ဖြစ်သည်။

ဝိပါက်တော် (၁၂)ပါး

ဝိပါက်ဟူသောစကားသည် ပါဠိဘာသာ "ဝိပါက"မှ ဆင်းသက်လာ၏။ အဓိပ္ပာယ်မှာ "ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏အကျိုးတရား"ဟု ဆိုလို၏။ ကုသိုလ်ကံအကျိုးကို ကုသလဝိပါကဟုခေါ်၍ အကုသိုလ်ကံအကျိုးကို အကုသလဝိပါက ဟုခေါ်၏။

ယခုဖော်ပြသည့် ဝိပါက်တော် (၁၂)ပါးမှာ သုံးလောကထွတ်ထား ရှင်တော်ဂေါတမမြတ်ဘုရား အလောင်းတော်ဘဝပေါင်းများစွာထဲ မှ အလွန်နုစဉ်ဘဝများက ပြုလုပ်ခဲ့ဖူးသော အကုသိုလ်ကံ၏ အကျိုးဆက်များဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ကိုယ်တော်တိုင် တွေ့ထိရသော ဝိပါက်တော် (၁၂)ပါးကို ဟောကြားတော်မူရခြင်းမှာ မြတ်ဘုရားကိုယ်တော်တောင်မှ ရှောင်လွဲ၍မရနိုင်သော ကံ ကံ၏အကျိုးဆက်ကို ပုထုဇဉ်များအနေဖြင့်မူ ဆိုဖွယ်ရာမရှိသောကြောင့် မကောင်းမှုဟူသမျှကိုရှောင်၊ ကောင်းမှုဟူသမျှကို ဆောင်ကြစေလိုသော သတ္တဝါများအပေါ် ထားရှိသည့် မဟာကရုဏာတော်ကြောင့်ပင် ဖြစ်ပါသည်။

ပထမဝိပါက်တော်

ဂေါတမဘုရားရှင်သည် ဘုရားမဖြစ်မီ အလွန်ပင်ပန်းဆင်းရဲစွာဖြင့် ဒုက္ကရစရိယာကို (၆)နှစ်ကြာအောင် ကျင့်တော်မူခဲ့ရပါသည်။

အကြောင်းမှာ ကဿပဘုရားရှင်သည် ဒုက္ကိရစရိယာကို (၆)ရက်သာကျင့်ရုံဖြင့် ဘုရားဖြစ်တော်မူကြောင်းကို ကြားသိရသော ဂေါတမဘုရားအလောင်းတော်ဇောတိပါလပုဏ္ဏားက "(၆)ရက်မျှ ကျင့်ရုံဖြင့် ဘုရားဖြစ်သတဲ့လား၊ ဒီလို လွယ်လွယ်လေးနဲ့ ဘုရားဖြစ်နိုင်တယ်ဆိုရင် ငါဟာ (၆)နှစ်ထိ ကျင့်နိုင်ပါတယ်"ဟု ဘုရားရှင်၏ဂုဏ်ကို သေးသိမ်အောင် ပြောဆိုပြစ်မှားမိခဲ့သည့် ဝစီကံအပြစ်ကြောင့် အလောင်းတော်သည် ဘုရားမဖြစ်မီဒုက္ကရစရိယာကို (၆)နှစ်တိုင်တိုင် အလွန်ပင်ပန်းစွာ ကျင့်ကြံတော်မူခဲ့ရ၏။

ဒုတိယဝိပါက်တော်

ဂေါတမမြတ်ဗုဒ္ဓသည် ပရိသတ်အလယ်၌ စိဉ္ဆမာနမိန်းမယုတ်၏ ကိုယ်ဝန်သည်ယောင်ဆောင်ပြီး ဘုရားရှင်ကို တရားခံအဖြစ် စွပ်စွဲပြောဆိုခြင်းကို တွေ့ကြုံခဲ့ရ၏။

http://www.dhammadownload.com

အကြောင်းမှာ ဂေါတမဘုရား အလောင်းတော်သည် နုစဉ်အခါက ဗာရာဏသီ ပြည်တွင် ဆင်းရဲသားအရက်သမားတစ်ဦး ဖြစ်ခဲ့ဖူးပြီး တစ်နေ့သောအခါ ဆွမ်းခံရပ်နေသော ရဟန္တာမြတ်တစ်ပါးကို အရက်မူးပြီး အမျိုးမျိုးကဲ့ရဲ့စွပ်စွဲဆဲရေးတိုင်းထွာခဲ့၏။

အလောင်းတော်သည် ဤကဲ့သို့ ရဟန္တာမထေရ်မြတ်ကြီးကို ပြစ်မှားမိသော အကုသိုလ်ကံအကျိုးဆက်ကြောင့် ဃေလွန်သော် ငရဲကျရောက်ခဲ့ပြီး ငရဲမှလွတ်ပြီး နောက်လူ့ဘဝ၊ နတ်ဘဝအမျိုးမျိုးတွင်လည်း သူတစ်ပါးတို့၏ မတရားစွပ်စွဲ ဆဲရေးမှုကို အကြိမ်ကြိမ် ခံခဲ့ရဖူး၏။ နောက်ဆုံး ဘုရားဖြစ်တော်မူသောအခါတွင် လူပုံအလယ်၌ စိဉ္စမာနမိန်းမယုတ်၏ မတရားစွပ်စွဲပြောဆိုမှုနှင့် တွေ့ကြုံခဲ့ရ၏။

တတိယဝိပါက်တော်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်ဗုဒ္ဓ ကိန်းအောင်းမွေ့လျော်သီတင်း သုံးတော်မူနေစဉ်ကာလက ရှင်တော်မြတ်တန်ခိုးတော်ကြောင့် လာဘ်လာဘနည်းကြ ကုန်သော ဆရာတို့၏ ခိုင်းစေချက်အရ တပည့်မဖြစ်သူ သုန္ဒရီမိန်းမယုတ်သည် ဘုရားရှင်ဟာ သူ့လင်ပါပဲ" စွပ်စွဲပြောဆို မကောင်းသတင်း လွှင့်ထုတ်ခြင်းကို ခံတော်မူခဲ့ရ၏။

ဤသို့ဖြစ်ရခြင်းမှာ အလောင်းတော် နုစဉ်ကာလက မုနာဠိအမည်ရှိ အရက်သမားတစ်ဦးဖြစ်ခဲ့ဖူးပြီး တစ်နေ့မှာ ဆွမ်းခံကြွနေသော သုရာဘိအမည်ရှိ ပစ္စေကဗုဒ္ဓတစ်ပါးကို "မိန်းမတွေနှင့်ပျော်ပါးလေ့ရှိသော အလဇ္ဇီဒုဿီလ ဤရဟန်းမျိုးကို မပေးကြမကမ်းကြနှင့်"ဟု ကဲ့ရဲ့ရွဲတ်ချခဲ့လေသည်။

ဤအကုသိုလ်ကံကြောင့် အလောင်းတော်သည် အဝီစိငရဲသို့ ကျရောက်ခဲ့ပြီး အဝီစိငရဲမှ လွတ်ပြီးနောက်မှာလည်း လူနတ်ဘဝအမျိုးမျိုး၌ သူတစ်ပါးတို့၏ မတရားစွပ်စွဲ ကဲ့ရဲ့ရွဲတ်ချမှုကို ခံရပေရာ ဘုရားဖြစ်တော်မူသည့်အခါ သုန္ဒရီမိန်းမယုတ်၏ မတရားစွပ်စွဲပြောဆိုမှုကို ခံတော်မူရ၏။

စတုတ္ထဝိပါက်တော်

တိတ္ထိတို့သည် တပည့်ဖြစ်သူ သုန္ဒရီမိန်းမယုတ်ကို သတ်ပြီး ဇေတဝန်ကျောင်းတော်အနီး၌ ပစ်ထားကြ၏။ အလောင်းကို တွေ့တော့ဘုရားရှင်နှင့် ရဟန်းတော်များသတ်တာ ဖြစ်ရမယ်ဟု တိတ္ထိများက စွပ်စွဲကြပြန်သည်။

ဤသို့ဖြစ်ရခြင်းအကြောင်းမှာ ရှေးအခါက ဘုရားအလောင်းတော်သည် ဈာန်မရသော ရသေ့တစ်ပါးဖြစ်ခဲ့ဖူး၏။ သူ့အနားမှ ရသေ့တစ်ပါးမှာ ကောင်းကင်၌ ဈာန်ကြွ

http://www.dhammadownload.com

လာစဉ် စျာန်မရသော ဘုရားအလောင်းရသေ့က ကိုယ့်ထက်သာ မနာလိုဖြစ်ကာ အဘိဇ္ဈာ၊ ဣဿာမစ္ဆရိယတရားဆိုးများပွားပြီး အဲဒီရသေ့ အကြောင်း ကောင်းကောင်း သိကြောင်း၊ သူဟာအကျင့်ယုတ်သူဖြစ်၍ ကိုးကွယ်လို့ အကျိုးမရှိနိုင်ကြောင်း စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချခဲ့၏။

ပဉ္စမဝိပါက်တော်

မြတ်ဘုရားရှင် ဂိဇ္ဈကုဋ်တောင်ခြေရင်း၌ စင်္ကြံကြွတော်မူစဉ် ရှင်ဒေဝဒတ်က ဂိဇ္ဈကုဋ် တောင်ပေါ်မှ ကျောက်မောင်းဆင်၍ ထု ချလိုက်ရာ ဘုရားရှင်၏ ခြေမတော် ကိုကျောက်လွှာ ထိမှန်ခဲ့၏။

ဤသို့ဖြစ်ရခြင်း အကြောင်းမှာ ဂေါတမဘုရားအလောင်း နုစဉ်အခါက သူ့ဌေးသား တစ်ဦးဖြစ်ခဲ့ဖူးရာ မိဘနှစ်ပါးဆုံးပါးသွားသောအခါ ညီငယ်ကို အမွေခွဲ မပေးလို သဖြင့် ညီငယ်ကို အယုံသွင်းပြီး တောထဲခေါ်သွားကာ ကျောက်တုံးဖြင့် ထုသတ်ခဲ့၏။

ဤအကုသိုလ်ကံကြောင့် အလောင်းတော်သည် ငရဲကျကာ ငရဲမှ လွတ်မြောက် သောအခါတွင်လည်း ဘဝများစွာ သူတစ်ပါး၏ အသတ်အဖြတ်ကို ခံရရှာ၏။

ဆဋ္ဌမဝိပါက်တော်

ရှင်ဒေဝဒတ်က ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်ပြီး ထုချလိုက်ရာ ဘုရားခြေမတော်ကို ကျောက်လွှာထိမှန်ပြီး သွေးစိမ်းတည်ခဲ့ရကား မခံနိုင်အောင် နာကျင်ကိုက်ခဲခဲ့ရပါသည်။

ဤသို့ ဖြစ်ရခြင်းမှာ ဘုရားအလောင်း နုစဉ်ကာလက မထင်ရှားသော ကလေးငယ်တစ်ဦးဖြစ်ခဲ့စဉ်က ဆွမ်းခံကြွလာသော ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးကို ခဲဖြင့် ပစ်ပေါက်လိုက်ရာ ရှင်ပစ္စေကဗုဒ္ဓါ၏ ခြေမတော်ကို ထိမှန်ပြီး သွေးစိမ်းတည်ကာ သွေးထွက်သံယို ဖြစ်ခဲ့ဖူးပေသည်။

သတ္တမဝိပါက်တော်

မြတ်ဘုရားရှင်သည် ရှင်ဒေဝဒတ်၏ နာဠာဂီရိဆင်ဖြင့် တိုက်ခြင်းကို ခံတော်မူခဲ့ရ၏။

ဤသို့ ဖြစ်ရခြင်းမှာ အလောင်းတော်နုစဉ်ဘဝ ဆင်ထိန်းတစ်ဦးဖြစ်ခဲ့စဉ်က ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးကို လမ်းမဖယ်ပေးဘဲ မိမိစီးလာသောဆင်ဖြင့် တိုက်ခဲ့ဖူးခြင်း ကြောင့် ဖြစ်၏။

http://www.dhammadownload.com

အဋ္ဌမဝိပါက်

မြတ်ဘုရားရှင်သည် ရှင်ဒေဝဒတ်၏ လုပ်ကြံမှုကြောင့် ခြေမတော်၌ သွေးစိမ်းတည်ကာ သွေးပုပ်ပြည်ပုပ်များကြောင့် နာကျင်ကိုက်ခဲတော်မူရာ သမားတော်ကြီး ဇီဝက၏ ဓားဖြင့် ခွဲစိတ်ကုသပေးမှုကို ခံတော်မူခဲ့ရ၏။

ဤသို့ဖြစ်ရခြင်းမှာ ဘုရားအလောင်းနုစဉ်ဘဝ သေသောက်ကျူးသော မင်းတစ်ပါး ဖြစ်ခဲ့စဉ်က အရက်များ လွန်စွာမူးယစ်ပြီး နန်းတော်တွင်းရှိ အပြစ်မဲ့သူတစ်ဦးကို ကိုယ်တိုင်ဓားဆွဲ၍ သတ်ခဲ့ဖူးခြင်းကြောင့် ဖြစ်၏။

နဝမဝိပါက်တော်

ဘုရားရှင်သည် တစ်ခါတစ်ရံ ခေါင်းတော်ကိုက်ခဲခြင်း ဝေဒနာကို ခံစားတော်မူရှာ၏။

ဤသို့ဖြစ်ရခြင်းမှာ ဘုရားအလောင်းနုစဉ်ဘဝ တံငါမျိုးဖြစ်ခဲ့စဉ်က မိဘဆွေမျိုးတို့ ငါးများကို ထုသတ်နေသည်ကို တွေ့မြင်ရစဉ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ဖူး၏။ ကိုယ်တိုင်လည်း ငါးများကို သတ်ခဲ့ဖူး၏။

ဤကုသိုလ်ကံကြောင့် သေလွန်သော် ငရဲကျရောက်ပြီး ငရဲမှ လွတ်သော်လည်း ဘဝပေါင်းများစွာ ခေါင်းထုပြီး အသတ်ခံခဲ့ရရှာ၏။

ဒသမဝိပါက်တော်

မြတ်စွာဘုရားသည် နောက်ပါရဟန်းငါးရာနှင့်အတူ ဝေရဉ္ဇာပြည်အနီးမှာ ဝါဆို တော်မူစဉ် တစ်ဝါတွင်းလုံး မယောဆွမ်းကြမ်းကိုသာ ဘုဉ်းပေးတော်မူရရှာ၏။

ဤသို့ဖြစ်ရခြင်းမှာ ဘုရားအလောင်းနုစဉ်အခါက မထင်ရှားသော အမျိုးသားတစ်ဦးဖြစ်စဉ် ရဟန်းများ ဆွမ်းစားနေကြသည်ကို မြင်လျှင် "အဆင်မပြေ အချိုးမကျတဲ့ အချောင်သမားကတုံးတွေဟာ သလေးဆွမ်းလို ကောင်းမွန်နူးညံ့တဲ့ ဆွမ်းနဲ့ မတော်ပါဘူး၊ မယောဆွမ်းကြမ်းနဲ့ပဲ ထိုက်တန်ပါတယ်" စသဖြင့် စွပ်စွဲရှုတ်ချခဲ့ဖူး၏။

ဧကာဒသမဝိပါက်တော်

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ရံဖန်ရံခါ ခါးတော်ကိုက်ခဲမှု ဝေဒနာကို ခံစားတော်မူရရှာ၏။

http://www.dhammadownload.com

ဤသို့ဖြစ်ရခြင်းမှာ အလောင်းတော်နစဉ်ဘဝ လက်ဝေ့ကျော်တစ်ဦးဖြစ်ခဲ့စဉ်က စိမ်ခေါ်သူပြိုင်ဘက် လက်ဝေ့သမားတို့ကို အမြဲတမ်းဆိုသလို ခါးရိုးကျိုးအောင် ထိုးသတ်ပြီး အနိုင်ယူခဲ့သောကြောင့် ဖြစ်၏။

ဒွာဒသမဝိပါက်တော်

ဆဒ္ဒန်ဆင်ဆယ်စီးအားကို ဆောင်နိုင်သော ရှင်တော်မြတ်ဘုရားသည် မလွှာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင်း၌ ဝမ်းတော်လားကာ ပရိနိဗ္ဗာန်စံတော်မူခဲ့ရ၏။

ဤသို့ဖြင့်ရခြင်းမှာ အလောင်းတော် နစဉ်ဘဝ ကျွမ်းကျင်လိမ်မာသော ဆေးဆရာတစ်ဦးဖြစ်စဉ်က သူဌေးသားတစ်ယောက်ကို ဝမ်းရောဂါပျောက်အောင် ကုသပေးသော်လည်း သူဌေးသားက ဆေးဖိုးဝါးခမပေးချင်၍ ရောဂါမပျောက်ကြောင်း လိမ်ညာပြောလိုက်၏။ ထိုအခါ ဘုရားလောင်းဆေးဆရာသည် သူဌေးသားလိမ်ညာမှန်းသိ၍ အလွန်ပြင်းထန်သော ဝမ်းလျောဆေးကို ပေးလိုက်ရာ သူဌေးသားမှာလည်း ထိုဆေးကို စား၍ ဝမ်းလျောကာသေလေ၏။

ထိုအကုသိုလ်ကံကြောင့် ဘုရားရှင်သည် ဝမ်းတော်လားသောအခါ ဆဒ္ဒန်ဆင်ဆယ်စီးအား ဆောင်သော ကိုယ်တော်သည်ပင် အားအင်ချိနဲ့ကာ ကတိမ်းကပါးဖြစ်ခဲ့ရ၏။ ဆရာဇီဝကသည် ဘုရားရှင်အား အကောင်းဆုံးသော ဝမ်းပိတ်ဆေးများကို ကပ်တော်မူသောအခါ ဘုရားရှင်က "ဇီဝက--- သင့်ဆေးတွေကို သောက်ပေမယ့်လည်း အကျိုးမထူးနိုင်တော့ဘူး၊ ငါဘုရား ရှေးဝိပါက်ကြုံလာပြီ၊ မကပ်နဲ့တော့"ဟု မိန့်တော်မူခဲ့လေသည်။ ဘုရားရှင်သည် ဝမ်းတော်လား၍ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ရ၏။

မြတ်ဗုဒ္ဓ၏ နေ့ထူးနေ့မြတ်များ

ကဆုန်လပြည့်နေ့

၁။ မဟာသက္ကရာဇ် (၆၈)ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့တွင် ဘုရားအလောင်းဖွားမြင်တော်မူသည်။

၂။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သုံးလောကထွတ်ထား သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူသည်။

၃။ မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် အလုံးစုံသော သခါရတရားတို့ ချုပ်ငြိမ်းရာ ပရိနိဗ္ဗာန်ပြုတော်မူသည်။

http://www.dhammadownload.com

ဝါဆိုလပြည့်နေ့

၁။ မဟာသက္ကရာဇ် (၆၇)ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် အလောင်းတော် သန္ဓေယူတော်မူသည်။

၂။ မဟာသက္ကရာဇ် (၉၇)ခုနှစ်၊ ဝါဆိုလပြည့် တနလ်ာနေ့တွင် အလောင်းတော် တောထွက်တော်မူသည်။

၃။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်စနေနေ့တွင် မြတ်ဗုဒ္ဓသည် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစက္ကာတရားတော်ကို တရားဦးအဖြစ် ဟောကြားတော်မူ သည်။

၄။ မဟာသက္ကရာဇ် (၁၀၉)ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် မိစ္ဆာတိတ္ထိတို့အား ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာ ပြတော်မူသည်။

(သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ)

ဝါဆိုလပြည့်ကျော် (၅)ရက်

မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ဝါဆိုလပြည့်ကျော် (၅)ရက် (ကြာသပတေးနေ့) တွင် မြတ်ဗုဒ္ဓသည် မိဂဒါဝုန်တော၌ သောတာပန်တည်ပြီးသော ပဉ္စဝဂ္ဂီ (၅) ပါး တို့အား အနတ္တလက္ခဏသုတ်တော်အား ဟောကြားတော်မူရာ ဒေသနာတော်အဆုံး၌ ပဉ္စဝဂ္ဂီငါးပါးလုံး ကိလေသာကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ရှိကြကုန်၏။

သီတင်းကျွတ်လပြည့်နေ့

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် (၁၀၉)ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်၌ ဝါတွင်းကာလပတ်လုံး အဘိဓမ္မာတရားတော် ဟောကြား တော်မူခြင်းပြီးဆုံး၍ လူ့ပြည်သို့ ပြန်လည်ကြွရောက်တော်မူသည်။ ဤနေ့ကို အဘိဓမ္မာ အခါတော်နေ့ဟု ခေါ်ဝေါ်ပညတ်ခဲ့ကြ၏။

တန်ဆောင်မုန်းလပြည့်နေ့

တန်ဆောင်မုန်းလပြည့်နေ့ အခါရာသီအားဖြင့်လည်းကောင်း၊ သစ်ပင်ပန်းမန် တို့ စုံစုံညီညီသီးပွင့်ကြခြင်းအားဖြင့်လည်းကောင်း၊ အလွန်သာယာကြည်နူးဖွယ် ကောင်းလှသော ညချမ်းချိန်ခါဝယ် မြတ်ဗုဒ္ဓသည် အဇာတသတ်မင်းကြီးနှင့်တကွ အလွန်ကျက်သရေရှိလှ၍ အလွန်ကြည်ညိုဖွယ်ကောင်းလှသော အပ်ကျသံပင် မကြား ရလောက်အောင်ပင် အလွန်တိတ်ဆိတ် ကျွန်ုပ်ရှိလှသော ရဟန်းပရိသတ်ကြီးအား

http://www.dhammadownload.com

ရဟန်းဝတ်ရခြင်း အကျိုးကို ပြဆိုသည့် သာမညဖလမြတ်ဒေသနာတော်ကို ဟော ကြားတော်မူသည်။

တပို့တွဲလပြည့်နေ့

မဟာသက္ကရာဇ် (၁၀၃)ခုနှစ် တပို့တွဲလပြည့်နေ့ ညချမ်းချိန်ခါတွင် မြတ်ဗုဒ္ဓ သည် သံဃာပရိသတ်အပေါင်းတို့အား ရှေးရှေးနောင်တော်ဘုရားရှင်အပေါင်း တို့၏ ဓမ္မတာအစဉ်အလာအတိုင်း ဩဝါဒပါတိမောက် မြတ်တရားဒေသနာတော်ကို ဟောကြားတော်မူ၏။

ဗုဒ္ဓဝင်ခုနစ်နေ့

၁။ ကြာသပတေးနေ့တွင် ဘုရားအလောင်း ပဋိသန္ဓေယူတော်မူသည်။

၂။ သောကြာနေ့တွင် ဘုရားအလောင်း ဖွားမြင်တော်မူသည်။

၃။ တနလ်ာနေ့တွင် ဘုရားအလောင်း တောထွက်တော်မူသည်။

၄။ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူသည်။

၅။ စနေနေ့တွင် မြတ်ဗုဒ္ဓသည် ဓမ္မစကြာတရားဦး ဟောကြားတော်မူသည်။

၆။ အင်္ဂါနေ့တွင် မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံတော်မူသည်။

၇။ တနင်္ဂနွေနေ့တွင် မြတ်ဗုဒ္ဓ၏ ရုပ်ကလာပ် တေဇောဓာတ် မီးလောင်တော်မူသည်။

သမ္မုဒ္ဓေဘုရားရှိခိုး

ပွင့်တော်မူပြီးကြကုန်သော ဂင်္ဂါဝါဠု သဲစုမကများပြားလှသော ဗုဒ္ဓဘုရားရှင် များ၊ ဗုဒ္ဓဘုရားရှင်များ ဟောကြားတော်မူခဲ့ကြသည့် တရားဒေသနာတော်များနှင့် ဗုဒ္ဓဘုရားရှင်တို့၏ တပည့်သားတော် ရဟန်းသံဃာအပေါင်းတို့ကို တစ်စုတစ်စည်း တည်း ရှိခိုး ပူဇော်ကန်တော့ နိုင်ကြစေရန် ရှေးပညာရှိများက သမ္မုဒ္ဓေဘုရားရှိခိုး ဂါထာတော်ကို စီစဉ်ခဲ့ကြ၏။ သမ္မုဒ္ဓေဂါထာတော်ဖြင့် ရတနာမြတ်သုံးပါးကို ကြည်ညိုသဒ္ဓါပွားများပြီး ရှိခိုးပူဇော်ပါက အလွန်အကျိုးများလှပေသည်။

သို့ဖြစ်၍ လောကသုံးပါး၌ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးကို သမ္မုဒ္ဓေ ဂါထာတော်ဖြင့် ရွတ်ဖတ် ပူဇော်ကန်တော့ရာတွင် မိမိအတွက် ဘေးအန္တရာယ် ကင်းဝေးစေရန် ရည်ရွယ်၍ ပူဇော်ခြင်းထက် ဂုဏ်တော်ကျေးဇူးတော်အနန္တ ရှိကြသည့် ပွင့်တော်မူပြီးသမျှ ဗုဒ္ဓဘုရားရှင်များ၊ ထိုဘုရားရှင်များ ဟောကြသည့် တရားတော်များနှင့်

http://www.dhammadownload.com

ဘုရားရှင်များ၏ တပည့်သားတော် ရဟန်းသံဃာများအပေါ်တွင် သာ ကြည်ညိုသဒ္ဓါပွား အာရုံပြုခြင်းဖြင့်သာ ရှိခိုးပူဇော်သင့်ကြပါသည်။

(ပါဠိ)

၁။ သမ္မုဒ္ဓေ အဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊ ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။

၂။ အပွကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊ တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

၃။ နမက္ကရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တရာယာပိ ဝိနဿန္တု အသေသတော။

(အနက်)

၁။ အဌဝီသံ- သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ်အောင် ဘိသိက်ယူ နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္မုဒ္ဓေစ- တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ ဒွါဒသဉ္စ သဟဿကေ- နိဗ္ဗာန်ကိန်းအောင်း စံမွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္မုဒ္ဓေစ- လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင် တို့ကိုလည်းကောင်း၊ ပဉ္စသတ သဟဿာနိ- သောင်းထိုက်စကြဝဠာ ဂုဏ်ရောင် ဝါရှိန်း။ ငါးသိန်းကုန်သော၊ သမ္မုဒ္ဓေစ- နေရောင်ပမာ ဉာဏ်ရောင်ဝါ ဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ အဟံ- တပည့်သည်၊ သိရသာ- ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ နမာမိ- ရှိခိုးပူဇော်ပါ၏။

၂။ အပွကာ ဝါဠုကာ ဂင်္ဂါ- ဂင်္ဂါမြစ်ထဲ ငွေသောင်သဲကို နည်းစေထသော၊ အနန္တာ-သခ်္ချဂဏန်းရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ထ သော၊ နိဗ္ဗုတာ-ခန္ဓာဇာတ်သိမ်း၍ ငြိမ်းအေးတော်မူပြီးထသော၊ ဇိနာ- ဘုရားရှင်တို့ကိုလည်းကောင်း၊ တေသံ-ထိုပွင့်ပြီးသမျှ ဘုရားရှင်တို့၏၊ ဓမ္မဉ္စ-တရားတော်မြတ်တို့ကိုလည်းကောင်း၊ သံဃဉ္စ-မြတ်ဘုရားရှင်တို့၏ တပည့်သားတော် ရဟန်းသံဃာတော်များကိုလည်းကောင်း၊ အဟံ-တပည့်တော် သည်၊ အာဒရေန အာဒရံ- ရိသေမြတ်နိုးစွာ၊ နမာမိ-ရှိခိုးပူဇော်ပါ၏။

၃။ နမက္ကရာ နုဘာဝေန- ဤသို့ ရှိခိုးပူဇော်ရသော အာနုဘော်တို့ကြောင့် သဗ္ဗေ- ခပ်သိမ်းကုန်သော၊ ဥပဒ္ဒဝေ-ဘေးဥပါဒ် အန္တရာယ် အသွယ်သွယ်တို့ကို၊

http://www.dhammadownload.com

ဟိတွာ– ပယ်ဖျောက်၍၊ အနေက အန္တရာယာပိ–များစွာကုန်သော အန္တရာယ်တို့သည် လည်း၊ အသေသတော– အကြွင်းအကျန်မရှိသောအားဖြင့်၊ ဝိနဿန္တု–ကင်းစင် လွင့်ပျောက်ပါစေကုန်သတည်း။

စေတီအမျိုးအစားများ

၁။ ဓာတုစေတီတော်

မြတ်ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကျန်ရစ်သော အရိုးဓာတ်တော်များ ဖြစ်ကြသည်။ ထိုဓာတ်တော်များတွင် အကြီးဆုံးသည် ပဲနောက်ခြမ်းခန့်ရှိ၍၊ အလတ်စားမှာ ဆန်ကျိုးဆန်ကွဲခန့်ရှိ၏။ အငယ်ဆုံးဓာတ်တော်ကား မုံညင်းစေ့ ခန့်ရှိ၏။

၂။ ဓမ္မစေတီတော်

မြတ်ဘုရားရှင်ဟောကြားခဲ့သော တရားတော်များ ပိဋကတ်တော်များ ဖြစ်ကြသည်။

၃။ ဥဒ္ဒိဿစေတီတော်

သက်တော်ထင်ရှားမြတ်ဘုရားကို ရည်မှန်းထားသောဘုရားရှင်၏ ကိုယ်ပွားရုပ်တော်၊ ဆင်းတုတော်များဖြစ်ကြသည်။

၄။ ပရိဘောဂစေတီတော်

ဓာတ်တော်များ ဌာပနာထားသည့် အုတ်သားစေတီတော်၊ ရုပ်ပွားတော်များ၊ ကိန်းဝပ်ရာဖြစ်သောပြဿာဒ်၊ ဗောဓိပင်စသည်များ၊ မြတ်ဘုရား၏ အသုံးအဆောင်များ ဖြစ်ကြသော သင်္ကန်း၊ သပိတ်စသည်တို့ဖြစ်ကြသည်။

သိမှတ်ဖွယ်။ ။ ယင်းစေတီတော်တို့ကို ကိုးကွယ်သည့်နေရာတွင် ကြည်ညိုသည့်စိတ်ထားတူညီပါက အကျိုးပေးခြင်းလည်း တူညီကြပါသည်။

ဆင်းတုတော်ရုပ်ပွားတော်များကို အာရုံပြုခြင်း

၁။ ရုပ်တော်မူပုံ

သက်တော်ထင်ရှားမြတ်ဘုရားသည် ကြွသွားတော်မမူဘဲ ရွှေတောင်ကြီးအလားမားမားမတ်မတ် ရပ်တန့်တော်မူလျက်လည်း ဝေနေယျတို့၏ အကျိုးစီးပွားကို သည်ပိုးဆောင်ရွက်တော်မူသည်။ သို့ဖြစ်၍ မြတ်စွာဘုရား၏ ရုပ်တော်မူနေပုံကို ရေးသားထုလုပ်ထားသော ရုပ်ပုံ၊ ရုပ်ပွားဆင်းတုတော်များကို ဖူးမြော်ရသည် ရှိသော်

http://www.dhammadownload.com

သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်က ရုပ်တော်မူလျက် မိမိအား ဆုံးမတော်မူနေပုံကို စိတ်အာရုံတွင် ထင်မြင်စေကာ အလွန်ရိုသေစွာ ဖူးမြော်ရမည်။

၂။ ထိုင်နေတော်မူပုံ

သက်တော်ထင်ရှားမြတ်ဘုရားသည် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူလျက်လည်း တရားဟောပြောကာ သတ္တဝါတို့၏ အကျိုးကို သည်ပိုးဆောင်ရွက်တော်မူ သည်။ သို့ဖြစ်၍ မြတ်ဘုရား၏ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူပုံကို ရေးသား ထုလုပ်အပ်သော ရုပ်ပုံရုပ်ပွားဆင်းတုတော်များကို ဖူးမြော်ရသည်ရှိသော် သက်တော်ထင်ရှားမြတ်ဘုရား၏ ရှေ့မှောက်တွင် မိမိကိုယ်တိုင် တရားဓမ္မ ဩဝါဒတော်များ နာကြားနေရသကဲ့သို့ ထင်မြင်လာအောင် အလွန်ရိုသေစွာ ဖူးမြော်ရမည်။

၃။ လျောင်းတော်မူပုံ

ညဉ့်အခါ ဂန္ဓကုဋိတိုက်တော်ဝယ် ရံဖန်ရံခါ လျောင်းတော်မူလျက်လည်း နတ်ဗြဟ္မာတို့၏ လျှောက်ထားသမျှ ပုစ္ဆာတို့ကို ဖြေရှင်းဟောပြ၍ သတ္တဝါတို့၏ အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူသည်။ သို့ဖြစ်၍ မြတ်ဘုရား၏ လျောင်းတော်မူပုံကို ရေးဆွဲထုလုပ်ထားသော ရုပ်ပုံ၊ ရုပ်ပွားဆင်းတုတော်များကို ဖူးမြော်ရသည်ရှိသော် သက်တော်ထင်ရှား မြတ်ဘုရားသည် အမေးပုစ္ဆာများကို ဖြေရှင်းဟောပြနေပုံကို စိတ်အာရုံတွင် ထင်မြင်လာအောင် အလွန်ရိုသေစွာ ဖူးမြော်ရမည်။

၄။ ဓာတ်တော်မွေတော်များ

မြတ်ဘုရားရှင်သည် ပရိနိဗ္ဗာန်မစံမီ အချိန်အထိ ဝါတော် (၄၅)ဝါမျှသာ သီတင်း သုံးတော်မူရသည်။ ထို(၄၅)ဝါကာလသည် မကြာရကား၊ နောင်အခါ မြတ်ဗုဒ္ဓသာသနာတော်ကို ယုံကြည်သူတို့ ကိုးကွယ်ရစ်ကြဖို့ရာ အမွေအနှစ်ပေးခဲ့သည့် အနေဖြင့် ရှင်တော်မြတ်၏ အရိုးဓာတ်တော်များကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် အဓိဋ္ဌာန်တော်မူခဲ့ပါသည်။ (သက်တော်ရှည်သော မြတ်ဘုရားရှင်တို့၏ အရိုးဓာတ်တော်ကား အစိတ်စိတ်အမွှာမွှာမဖြစ်ဘဲ တစ်လုံးတစ်ခဲတည်း တည်ရစ်တော်မူ၏။) သို့ဖြစ်၍ ဓာတ်တော်များနှင့် ယင်းဓာတ်တော်များကို ဌာပနာထားသောစေတီပုထိုးတော်ကို ဖူးမြော်ရသောအခါ၌ ဓာတ်တော်စေတီတော်လောက်တွင်သာ စိတ်မထားဘဲ သက်တော်ထင်ရှား မြတ်ဘုရားကို စိတ်အာရုံတွင် ထင်မြင်လာအောင် အလွန်ရိုသေစွာ ဖူးမြော်ရသည်။

http://www.dhammadownload.com

ဆင်းတုတော်၊ ရုပ်ပွားတော်များမှ ရောင်ခြည်တော်ကွန့်မြူးခြင်း

ဆင်းတုတော်၊ ရုပ်ပွားစေတီတော်များမှ ရောင်ခြည်တော်များ၊ တန်ခိုးများ ထွက်ပေါ်ကွန့်မြူးရခြင်းအကြောင်းသုံးပါးမှာ–

၁။ ဘုရားရှင်နှင့် ရဟန္တာတို့ အထူးအဓိဋ္ဌာန်ထားရှိသော ဆင်းတုတော်၊ ရုပ်ပွားတော် စေတီတော်များဖြစ်ခြင်း၊

၂။ သာသနာတော်ကို ပိုမိုကြည်ညိုပြီး ကုသိုလ်တရားတိုးပွားစေခြင်းငှာ သာသနာ အကျိုးကို များစွာလိုလားသော နတ်တို့က ကောင်းမြတ်သောဆန္ဒဖြင့် တန်ခိုးပြခြင်း၊

၃။ သဒ္ဓါထက်သန်သူတို့၏ ထူးခြားသော အဓိဋ္ဌာန်ကြောင့်ဖြစ်ခြင်း။

ထို့ကြောင့် မည်သည့်ဆင်းတုတော် ရုပ်ပွားတော် စေတီတော်များက ရောင်ခြည်တော်များ ကွန့်မြူးသည်၊ တန်ခိုးပြသည်ဟု ဆိုတိုင်း အလွယ်တကူယုံမှတ် မမှားသင့်ပေ။ လရောင်မီးရောင်များဟပ်မိသောကြောင့်လည်းကောင်း၊ သူငါလုပ်၍ပြသော အတုရောင်ခြည်များကြောင့်လည်းကောင်း၊ ကောလဟလဖြစ်ပေါ်သည်ကို ရောင်ခြည်တော် အစစ်ဖြစ်သည်ဟု မမှတ်ယူသင့်ပေ။

ရောင်ခြည်တော်သည် မြတ်ဘုရားရှင်၏ ကိုယ်ခန္ဓာ၌တည်ရှိသော အဆင်းတော်နှင့်တူစွာ အတွင်းစိတ်တော်၏ ကြည်လင်သန့်ရှင်းမှုကြောင့် တန်ခိုးဣဒ္ဓိပါတ်တော်အစွမ်းဖြင့် အဆက်ဆက်ဖြာ၍ ထွက်သောအရောင်များပင် ဖြစ်ပါသည်။ သို့ဖြစ်၍ သက်တော်ထင်ရှားမြတ်ဘုရားရှင်၏ ထက်ဝန်းကျင်တွင် ရောင်ခြည်တော်များ စံပယ်ကွန့်မြူးနေခြင်းကိုသာ စိတ်အာရုံတွင် ထင်မြင်လာအောင် အာရုံပြုအပ်ပေသည်။

သံဃဂယူဖွယ်အရပ် (၄)ပါး

၁။ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဌာန၊

၂။ မြတ်စွာဘုရား အမြတ်ဆုံးသော သမ္မာသမ္ဗောဓိ ဉာဏ်တော်ကို ရရှိတော်မူရာ မဟာဗောဓိဌာန၊

၃။ မြတ်စွာဘုရား ဓမ္မစက္ကာတရားတော်ကို စတင်ဟောကြားတော်မူရာ မိဂဒါဝုန်ဌာန၊

၄။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံဌာန။

ဤအရပ် (၄)ပါးသည် သဒ္ဓါတရားရှိသူများအတွက် ဖူးမြော်ထိုက်သောဌာန၊ ဖူးမြော်ရသူအား သံဝေဂရစေတတ်သော ဌာနများဖြစ်ပေသည်။

http://www.dhammadownload.com

စေတီနှင့်ရိုသေမှု

စေတီဆိုသည်မှာ ပူဇော်ထိုက်သောအရာဟု ဆိုလို၏။ အလေးအမြတ်ပြုအပ်၊ အရိုအသေပြုအပ်သောကြောင့် စေတိယ(စေတီ)မည်၏။

ဘုရားရှင်ကို ရည်ရွယ်၍ ထုလုပ်ထားသော ရုပ်တုကား ဘုရားကိုယ်စားတော်အဖြစ် ကိုးကွယ်ထိုက်၏ ရုပ်တုတော်ကို ထုလုပ်ပြီးသည်နှင့် စေတီဖြစ်တော့၏။ အကြောင်းမှာ ဘုရားရှင်ကိုယ်တော်တိုင် ပူဇော်ခွင့် ပြုထားသည်ကတစ်ကြောင်း၊ ပူဇော်ကိုးကွယ်သူကလည်း ဘုရားကို ရည်ရွယ်၍ တည်ထားသည်ကတစ်ကြောင်း၊ ထိုအကြောင်းတို့ကြောင့် ထိုစေတီမှာ ဂုဏ်တော်တွေ ရောက်နေ၏။

ထိုနည်းတူ ဘုရားဓာတ်တော်များမှာ ဘုရားနှင့်တစ်သားတည်း ဆက်စပ်ခဲ့သည်ကတစ်ကြောင်း၊ ပရိဘောဂများမှာလည်း ဘုရား၏အသုံးအဆောင်များအဖြစ် ဆက်စပ်ခဲ့သည်ကတစ်ကြောင်း၊ တရားတော်များမှာလည်း ဘုရားဉာဏ်တော်မှ ပေါက်ဖွားလာရ၍ ဘုရားနှင့်ဆက်သွယ်မှုရှိနေသည်ကတစ်ကြောင်းတို့ကြောင့် ထိုစေတီများအားလုံး၌ ဘုရားဂုဏ်တော်တွေ ကိန်းဝပ်နေသကဲ့သို့ ရှိပါ၏။ ထိုစေတီတို့ကို ဖူးရတိုင်း၊ အာရုံယူရတိုင်း ဂုဏ်တော်တွေ ပေါ်လာရသည်သာ ဖြစ်ပါ၏။

ဗုဒ္ဓဘာသာတို့ စေတီပုထိုးကိုးကွယ်ကြသည်မှာ ဘုရားရှင်၏ တရားတော်အရ အလေးပြုခြင်းဖြစ်၏။

သက်တော်ထင်ရှားမြတ်စွာဘုရား၌သော်လည်းကောင်း၊ ပရိနိဗ္ဗာန် ဝင်စံကွဲသွား မြတ်ဘုရား၌သော်လည်းကောင်း၊ မျက်မှောက်၊ မျက်ကွယ်နှစ်သွယ်နှစ်စားဘုရားကို ပူဇော်ရသော ပုဂ္ဂိုလ်၏စိတ်၌ ကြည်ညိုခြင်းသည် တူခဲ့သည်ရှိသော် ထိုကုသိုလ်တရားတို့သည် မြတ်သည်၏အဖြစ်သို့ ရောက်သည်ဖြစ်၍ ဆက်စပ် တိုးပွားအကျိုးတရားတို့သည်လည်း ထပ်တူညီမျှပင် ဖြစ်ပါ၏။

ထိုကြောင့်စေတီသည် မြတ်ဘုရားရှင်၏ ဂုဏ်တော်များ ကိန်းဝပ်ရာ မြတ်ဘုရားရှင်၏ ကိုယ်စားတော်အဖြစ် အလေးအမြတ်ပြုရာ ပူဇော်ရာဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် စေတီတို့၌ ဂါရဝတရားရှေ့တန်းထားရမည်သာ ဖြစ်၏။

စေတီတို့ကို ရှေ့၌၊ ဝန်းကျင်၌ကို သက်တော်ထင်ရှားမြတ်ဘုရားရှင်၏ ရှေ့၌ ဝန်းကျင်၌ဟု ထပ်တူထပ်မျှ သဘောထားကာ ဂါရဝတရားထားရှိရမည်သာ ဖြစ်၏။ သို့မှသာ မြတ်ဘုရားရှင်ကို အရိုအသေပြုရာ၊ အလေးအမြတ်ပြုရာ ပူဇော်ရာရောက်ပေမည်။

http://www.dhammadownload.com

ဗုဒ္ဓအဂါရဝစသည်တို့တွင် အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားသက်တော် ထင်ရှားရှိစဉ် ဆည်းကပ်ခြင်းငှာမသွား၊ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော် စေတီတည်ရာ၊ ဗောဓိတည်ရာ အရပ်သို့မသွား၊ စေတီ၊ ဗောဓိကိုရှိမခိုး၊ စေတီရင်ပြင်၌ ထီးဆောင်း၊ ဖိနပ်စီးလျှက် လှည့်လည်၏။ အနေအထိုင်မဆင်ခြင်၊ ထိုပုဂ္ဂိုလ်အား ဘုရား၌ ရိုသေခြင်းမရှိဟု သိအပ်၏။

ယခုခေတ်၌ အချို့သူတို့ ဘုရားစေတီရင်ပြင်၌ ထီးဆောင်းခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်း၊ အဝတ်အစားလော်လည်ခြင်း၊ ယောကျ်ားလေးရော မိန်းကလေးပါ ဒူးပေါ်ပေါင်ပေါ် ဝတ်စား၍ တက်ရောက်ခြင်း၊ အနေအထိုင် မဆင်ခြင်ခြင်းများသည် ဘုရား၌ အဂါရဝဖြစ်ခြင်း (တစ်နည်း) ဘုရား၌ ရိုသေခြင်းမရှိခြင်းပင် ဖြစ်၏။

စေတီဗောဓိကို ရှိမခိုးရာ၌ ယခုခေတ်အချို့သူတို့ ရွှေတိဂုံစသော စေတီတော်ကြီးများရှိရာ ကုန်းတော်သို့ ရောက်ပါလျှက် ရှိမခိုးဘဲ ဆင်းသွားတတ်ကြ၏။ ဤသည်လည်း အဂါရဝပင်ဖြစ်တော့သည်။

စေတီပစ္စယာတို့အပေါ်သို့ အပျော်အပါးအဖြစ် တက်ခြင်း၊ ပတ်ဝန်းကျင်ရှုခင်းများကို အပန်းဖြေကြည့်ရှုရန် သက်သက်တက်ခြင်း၊ နေဝင်ချိန်သက်သက်ကို မြင်တွေ့ ခံစားလို၍ တက်ရောက်ခြင်း၊ မလေးမစား၊ အရေးမထားသော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် တက်ရောက်လှည့်လည်ခြင်းစသည့် ဂါရဝတရားကင်း၍ အဂါရဝဖြစ်ခြင်းတို့ကို ပြုလုပ်ကြခြင်းသည် ဘုရား၌ အဂါရဝအပြစ် သင့်ရောက်ပါ၏။

စေတီဖြစ်သောကြောင့် ရှိခိုးထိုက်သည်ကား၊ ဂါရဝထားထိုက်သည်ကား မှန်၏။ သို့သော် တက်ရောက်သွားလာရမည့် နေထိုင်ရမည့် ဌာနဖြစ်သောကြောင့် တက်ရောက်နေထိုင်သွားလာနိုင်သည်။ ရှိခိုးခြင်းက တစ်ဌာန၊ တက်ရောက်နေသည်က တစ်ဌာန ဆိုရသောစေတီများ ရှိနိုင်ခြင်းကြောင့်ဖြစ်၏။

ပရိဘောဂဖြစ်သော မဟာဗောဓိများ၌လည်း ထိုနည်းတူ ရှိခိုးထိုက်၊ ဂါရဝထားထိုက်ပါ၏။ သို့သော် အကြောင်းရှိ၍ သစ်ပင်ပေါ်တက်ရခြင်း စသည်ကိုကား ပြုနိုင်ပါ၏။ မရိုမသေမလေးမစား တက်ဆော့ခြင်းစသည်ကိုကား မပြုအပ်ပါပေ။

ထိုနေရာ၌ ပြောစရာရှိပါ၏။ ပရိဘောဂစေတီသာ ဤသို့ ပြုနိုင်၏။ ဓာတုစေတီကတော့ ပရိဘောဂစေတီထက် မြတ်၍ ဤသို့ မပြုနိုင်ပါ။

ဗောဓိပင်ကို ဖြတ်လျှင် အနန္တရိယကံနှင့် တူသော ဝန်လေးလှသော ကံဖြစ်သည်ဟု အဆိုရှိ၏။ သို့သော် ထိုဗောဓိထက် ပိုမြတ်သော ဓာတ်တော်ကိန်းရာ စေတီဆင်းတု ကို ဖျက်ဆီးသော ဗောဓိညောင်ကိုင်းကို လဲ့ဖြတ်ခြင်းကလည်းကောင်း၊

http://www.dhammadownload.com

ထိုညောင်ကိုင်း၌ နားကြသောငှက်တို့သည် စေတီ၌ ကျင်ကြီးကျင်ငယ်စွန့်ကြသည် ဖြစ်အံ့၊ ထိုအကိုင်းကို ဖြတ်ခြင်းကလည်းကောင်း အပ်စပ်၏။

ထို့ကြောင့် စေတီပုထိုးဆင်းတုတော်တို့၌ ဂါရဝ၊ အဂါရဝမှာ စိတ်ထားကောင်းမှု၊ မကောင်းမှု၊ လေးစားမှု၊ မလေးစားမှုတို့နှင့်သာ ဆိုင်လေရာ စေတနာကောင်း၊ မကောင်း၊ အလေးထား၊ မထားမှာ စေတီတို့၌ရှိသေ၊ မရှိသေဆုံးဖြတ်ရာ၌ ချိန်ခွင်တစ်ရုပ်ပင် ဖြစ်ပါတော့သည်။

အမှန်တကယ် စေတီတို့၌ ပြုကျင့်သင့်သည်ကား သက်တော်ထင်ရှား မြတ်စွာဘုရားမျက်မှောက်မှာလို ဝမ်းသာအားရဖြစ်ကာ နံနက်၊ နေ့၊ ညတို့၌ ဘုရားဂုဏ်တော်များကို ရည်မှန်းပူဇော်သင့်၍ ကိလေသာတွေ၊ ကာမစသော အကုသိုလ်စိတ်တွေ ဖြစ်လာသောအခါ ဘုရားရှင်ကို အမှီပြုနေရလျှက် ကိလေသာတွေနှင့် ပေါင်းသင်းနေရခြင်းငှာ မသင့်ပါတကားဟု စေတီကို ဆင်ခြင်အောက်မေ့လိုက်ပါက ဆင်ခြင်မိသည်နှင့်တစ်ပြိုင်နက် ပုထိုးစေတီ၌ ဂါရဝဖြစ်လာပေမည်။ ထိုဧဏ၌ ချွန်းဖြင့် ထိုးအပ်သော ဆင်ပမာ ကိလေသာတွေ တစ်ခဏချင်းပင် ဖျောက်နိုင်ပေလိမ့်မည်။

အဆုံးတွင်ကား စေတီတော်ဆိုသည်မှာ ရှိသေလေကောင်းလေ၊ စေတီ၌ ဂါရဝရှိလေ ကောင်းလေသာဖြစ်ပါတော့သည်။

(သိမှတ်ဖွယ်– အမျိုးသမီးများသည်လည်း စေတီ၌ ဂါရဝ၊ အဂါရဝဖြစ်ခြင်းသည် အမျိုးသားများကဲ့သို့ပင် ဖြစ်ပြီး ဖြစ်ပေါ်လာသော စိတ်စေတနာနှစ်ဝ အပေါ်မှာသာ မူတည်ဆုံးဖြတ်ရာ၏။ မြန်မာအမျိုးသမီးများ ဘုရားပစ္စယာအစရှိသည်တို့ အပေါ် မတက်ရောက်ကြခြင်းမှာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးစံအရသာ ဖြစ်ဖွယ်ရှိပါ၏။)

http://www.dhammadownload.com

အခန်း (၇)

မြတ်ဗုဒ္ဓသာသနာ

အမြတ်ဆုံးတရား

တစ်လောကလုံးတွင် အမြစ်နုံသာ၌ အကျော်နုံ့သာ၊ အနှစ် နုံသာ၌ စန္ဒကူးနုံ့သာ၊ အပွင့်နုံ့သာ၌ မြတ်လေးပန်းသည် အမြတ်ဆုံး ဖြစ်သကဲ့သို့ တစ်လောကလုံးတွင် ထင်ရှားပေါ် ပေါက်နေသည့် အလုံးစုံသော တရားဓမ္မ တို့၌ မြတ်ဗုဒ္ဓ၏တရား ဓမ္မသာ အမြတ်ဆုံး၊ ယုံကြည်အားထားရဆုံး ဖြစ်၏။

http://www.dhammadownload.com

သာသနာ

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏ အဆုံးအမ ဩဝါဒလမ်းညွှန် တရားတော်များဟု အဓိပ္ပာယ်ရပါသည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်သည် နှစ်ပေါင်း (၂၅၀၀)ကျော် လာသည့်တိုင်အောင် တည်တံ့ခိုင်မြဲအခွန့်ရှည်ဆဲ၊ ပြန့်ပွားဆဲဖြစ်၏။ ဤသည်မှာ မြတ်ဗုဒ္ဓ၏သာသနာတော်၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်၏။

သာသနာဝင်

မြတ်ဗုဒ္ဓ၏အဆုံးအမ ဩဝါဒလမ်းညွှန် တရားတော်များကို ခံယူကျင့်သုံးနေကြသည့် ဝေနေယျပုဂ္ဂိုလ်အပေါင်းကို မြတ်ဗုဒ္ဓသာသနာဝင်များဟု ခေါ်၏။

သာသနာတော်(၃)ရပ်

၁။ ပရိယတ္တိသာသနာ

ဘုရားဟော ပိဋကတ်သုံးပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၊ စာပေများကို လေ့လာခြင်း၊ မှတ်သားခြင်းနှင့် အားထုတ်သင်ကြားခြင်း။ (တစ်နည်းအားဖြင့်) သင်ယူရမည့် လမ်းညွှန်သဘောတရားဟူသော သာသနာတော်အဆုံးအမ။

၂။ ပဋိပတ္တိသာသနာ

သီလ၊ သမာဓိ၊ ပညာတရားများ မိမိ၌တိုးပွားများပြားလာစေရန် ပရိယတ္တိသာသနာနှင့်အညီ လက်တွေ့လိုက်နာကျင့်ကြံအားထုတ်မှု ၊ သမထနှင့်ဝိပဿနာဘာဝနာတရား(၂)ပါးနှင့် ယင်းတရားတို့ကို ကျင့်ကြံအားထုတ်မှုများ။ (တစ်နည်းအားဖြင့်) ဘုရားရှင်၏ အဆုံးအမ ဩဝါဒလမ်းညွှန် သဘောတရားများနှင့်အညီ လက်တွေ့ကျင့်သုံးရမည် ဟူသော သာသနာတော်အဆုံးအမ။

၃။ ပဋိဝေဓသာသနာ

ဘုရားရှင်၏အဆုံးအမ ဩဝါဒလမ်းညွှန် တရားတော်များနှင့် အညီ လက်တွေ့ကျင့်ကြံအားထုတ်မှုကြောင့်ရရှိသော မဂ်ဖိုလ် နိဗ္ဗာန်ဟူသည့် သာသနာတော် အဆုံးအမ။ (တစ်နည်းအားဖြင့် ပရိယတ္တိ သာသနာတော်၏ အဆုံးအမနှင့်အညီ ပဋိပတ္တိ သာသနာတော်ကို ကျင့်ကြံအားထုတ်ခြင်းဖြင့် စွာန် သမာပတ်၊ မဂ်ဖိုလ်နိဗ္ဗာန်တရားများကို ကိုယ်တိုင် ထိုးထွင်း၍ သိမြင်ပေါက်ရောက်လာသော အကျိုးတရား၊ မဂ်ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်မှု သာသနာ။

http://www.dhammadownload.com

သာသနာသမ္မဒါအင်္ဂါ (၃)ပါး

သာသနာတော် ပြည့်စုံရမည့်အင်္ဂါသုံးပါးမှာ-

၁။ သုဗုဒ္ဓ (ဘုရားစစ်ဘုရားမှန်)

ဘုရားဖြစ်ဖို့ရန်အကြောင်း ကောင်းမြတ်သော ပါရမီများကို ဘဝပေါင်းများစွာ ဖြည့်ကျင့်ခဲ့ခြင်း၊ ဤသို့ ဖြည့်ကျင့်ခဲ့ခြင်းကြောင့် အကျိုးတရားဖြစ်သော အရဟတ္တ မဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်များ ရရှိတော်မူခြင်း၊ သိသင့်သိထိုက်သော ဥယျဓမ်တရားဟူသမျှ ဘာမျှမကျန် ဧကန်မုချပိုင်နိုင်စွာ သိမြင်တော်မူသော ဘုရားရှင်ကိုသာ ဆိုလိုသည်။

၂။ သုဓမ္မ (တရားစစ်တရားမှန်)

ဘုရားရှင်၏ ဓမ္မကရဏာ လှုံ့ဆော်မေတ္တာတော်ဖြင့် ထုတ်ဖော်ဟောကြားခဲ့သော မြတ်တရား၊ လောကီ လောကုတ္တရာ နှစ်ဖြာသော ချမ်းသာအစစ်အမှန်ကို ရရှိရန် ညွှန်ပြသော တရားတော်မြတ်ကိုသာ ဆိုလိုသည်။

၃။ သုသံဃ (သံဃာစစ်သံဃာမှန်)

ဘုရားရှင်၏တရားတော်များ ကွယ်ပျောက်မသွားစေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ကျင့်ကြံအားထုတ် ပွားများသော သာသနာ့အမွေခံ အရိယာသံဃာတော် အရှင်သူမြတ်တို့ကိုသာ ဆိုလိုသည်။

ဤအင်္ဂါ(၃)ရပ်နှင့် ပြည့်စုံသော သာသနာသာလျှင် သံသရာဘေး ကြောက်သူ၊ ချမ်းသာအစစ်အမှန်ကို လိုလားသူ လူနတ်ဗြဟ္မာတို့၏ ခိုကိုးရာအစစ် အေးရိပ်သာ ဖြစ်ပေ၏။

ပိဋကတ်သုံးပုံ

၁။ သုတ္တန်တရားတော်

မြတ်ဗုဒ္ဓသည် သတ္တဝါအထွေထွေတို့၏ ဓာတ်ခံစရိုက်ဝါသနာနှင့်အညီ ပုဂ္ဂိုလ်ကိုလိုက်၍ ဆုံးမလမ်းညွှန် သွန်သင်ထားသည့်တရား၊ ကျင့်သုံးရေးနှင့်စပ်သည့် ဒေသနာတော်များဖြစ်၏။ တရားနာသူတို့အား ယင်းတို့အသီးသီး၏ ဓာတ်ခံအလိုက် သိထိုက်သော တရားအချို့ကိုထုတ်ကာ သိလွယ်မြင်လွယ် နာချင်ဖွယ် နှစ်သက်ဖွယ် ဖြစ်အောင် အနက်သဒ္ဒါဝေဝေဆာဆာဖြင့် ဥပမာ၊ ဥပစာ စသည်ဆင်လျက် ဟောပြောတော်မူခြင်းများ ဖြစ်၏။ တစ်နည်းအားဖြင့် အနာနှင့်ဆေးတည့်အောင်ပေးခြင်းလည်း ဖြစ်၏။

http://www.dhammadownload.com

ဤတရားတော်သည် သတ္တဝါတို့၏ စိတ်သန္တာန်၌ ကိန်းအောင်းနေသော မိစ္ဆာဒိဋ္ဌိ ယုံကြည်ချက်အမှားကို ဖယ်ရှားပစ်နိုင်ပြီး အယူဝါဒအမျိုးမျိုး ရစ်ပတ်နေသူတို့အား ခြွေချွတ်နိုင်ပါသည်။ ဤဒေသနာတော်ကြောင့် ဘုရားရှင်လက်ထက်တော်က မရေမတွက်နိုင်သော လူနတ်ဗြဟ္မာတို့ မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ခဲ့ပြီး မဂ်ဖိုလ်မရသေးသည့် သတ္တဝါတို့အားလည်း လူနတ်ချမ်းသာကို ပေးစွမ်းနိုင်ခဲ့ပါသည်။

၂။ ဝိနည်းတရားတော်

သာသနာတော်၏ ခိုင်မြဲတည်တံ့ရေးအတွက် အခြေခံအုတ်မြစ်ကြီးဖြစ်၏။ သာသနာတော်၏ အသက်သွေးကြောသဖွယ်လည်းဖြစ်၏။ မျက်မှောက်လောက ပြစ်ဒဏ်ဆိုင်ရာများနှင့် နောင်သံသရာလမ်းကောင်းကို ပိတ်ဆို့တတ်သည့်တရားများကို ဖော်ပြပညတ်ထားရာ ပြည့်စုံသော ပြဋ္ဌာန်းချက်ကြီးတစ်ရပ်ပင်ဖြစ်သည်။ ဝိနည်းတရားတော်ကွယ်ပျောက်က သာသနာတော်လည်း ကွယ်ပျောက်မည်သာဖြစ်သည်။

၃။ အဘိဓမ္မာတရားတော်

အလွန်သိမ်မွေ့နက်နဲ ခက်ခဲဆန်းကျယ်သည့် တရားများနှင့် မှန်ကန်သော အရှိသဘောများကို ဟောပြထားသည့် တရားတော်များဖြစ်၏။ စိတ်နှင့်ရုပ်ပေါ်တွင် အခြေခံသော သဘာဝနိယာမများ အတွေ့အမြင်ရပ်များကို ရှင်းလင်းဟောပြထားပြီး ဘဝဆုံးပန်းတိုင်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ရေး လမ်းစဉ်များဖြစ်၏။ ပုဂ္ဂိုလ်မျက်နှာမလိုက် သဘာဝဓမ္မရှိသမျှတို့ကို ကုန်စင်အောင် အတိအကျဟောကြားခဲ့သော တရားတော်များဖြစ်၏။ မိမိ၏ဉာဏ်ပညာကို ကျက်စား၍ သိမှတ်ရသော ဒေသနာတော်လည်းဖြစ်၏။

သိမှတ်ဖွယ်။ ယခုအခါတွင် မြန်မာနိုင်ငံ၌ပေါ်ထွန်းလျက်ရှိသော တိပိဋကဓရ ပုဂ္ဂိုလ်မြတ်များဆိုသည်မှာ တိပိဋက-ပိဋကတ်သုံးပုံကို ဓရ-စာကိုနှုတ်ငုံဆောင်ခြင်း၊ သဘောအဓိပ္ပာယ်ကို စိတ်ဝယ်ဆောင်ခြင်းတို့နှင့် ပြည့်စုံသော သာသနာ့ အာဇာနည်ကြီးများဖြစ်ပါသည်။

ပိဋကတ်သုံးပုံတွင် သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာ(၇)ကျမ်း စုစုပေါင်း(၁၂)ကျမ်းရှိပါသည်။ ယခုအခါ သင်္ဂါယနာဆိုက် စာအုပ်ပေါင်း အုပ်ရေ(၂၀)ရှိပါသည်။ စာမျက်နှာပေါင်းမှာ သုတ်သုံးကျမ်းအတွက် စာမျက်နှာ(၈၃၀)၊ ဝိနည်းငါးကျမ်းအတွက် စာမျက်နှာ(၂၂၆၀)၊ အဘိဓမ္မာခုနစ်ကျမ်းအတွက် စာမျက်နှာ(၄၉၄၂) ဖြစ်၍ စုစုပေါင်း စာမျက်နှာ(၈၀၃၂)ရှိပါသည်။ အသံတစ်သံစီ ထွက်ရသော

http://www.dhammadownload.com

စာလုံးရေပေါင်းမှာ သုတ်သုံးကျမ်းအတွက် (၅၁၁၂၈၀)လုံး၊ ဝိနည်း ငါးကျမ်းအတွက် (၁၆၉၅၀၀၀) လုံး၊ အဘိဓမ္မာ ခုနစ်ကျမ်းအတွက် (၃၇၀၆၅၀၀) လုံး၊ စုစုပေါင်းစာလုံးရေ (၅၉၁၂၇၈၀) ပါရှိသည်။

ဤမျှ များပြားလှသည့် မြတ်ဗုဒ္ဓ၏ဒေသနာ ပိဋကတ်သုံးပုံကို စာအုပ်မကြည့်ဘဲပြန်ဆိုရာတွင် အထစ်အငေါ့မရှိ၊ ကရားရေလွှတ် တတွတ်တွတ် အာဂုံပြန်ဆိုနိုင်ခြင်း၊ သဘောရေးဖြေတွင်လည်း ပိဋကတ် သုံးပုံအပြင် အဋ္ဌကထာဋီကာစာအုပ်ရေ(၃၀)ကျော်ကို ကြည့်ရှုလေ့လာ ဖြေဆိုနိုင်ခြင်းများဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ကို တိပိဋကဓရဘွဲ့တော် အပ်နှင်းလေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်တွင် ဤကဲ့သို့ထူးခြားသည့် သာသနာ့အာဏာနည်များ ပေါ်ထွန်းနေခြင်းသည် နှလုံးသွင်းလိမ္မာသူများ ကုသိုလ်တရား တိုးပွားခြင်း၊ မြတ်ဗုဒ္ဓသာသနာတော်ကို တည်တံ့ ခိုင်မြဲအောင် ပိုမို ထိန်းသိမ်းပေးနိုင်ခြင်း၊ ရဟန်းသံဃာလောက တင့်တယ် ကျက်သရေရှိခြင်း၊ အသိဉာဏ်စွမ်းအား အလွန်ကောင်း၍ အမျိုးဘာသာ သာသနာ ဂုဏ်တက်ခြင်း စသော ကောင်းကျိုးများ လက်ငင်းခံစား ရရှိခဲ့ပါသည်။

မြတ်ဗုဒ္ဓဝါဒ

၁။ ကမ္မဝါဒ....ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းဝါဒ၊

၂။ ကိရိယဝါဒ....မိမိလုပ်ဆောင်မှုအပေါ် မူတည်၍ ကံ ကံ၏အကျိုးဖြစ်ပေါ်လာသည် ဟူသောဝါဒ၊

၃။ ဝီရိယဝါဒ ....အလုပ်လုပ်ရသောဝါဒ။

ဗုဒ္ဓဘာသာ၏ထူးခြားချက်အင်္ဂါ(၅)ပါး

၁။ **ဝေဒကျမ်းစာကို အားကိုးမှီဝဲမှုအား ငြင်းပယ်ခြင်း**

ကျမ်းစာများ၏ အဆိုအမိန့်ကို အစဉ်အလာအရ မျက်စိမှိတ်ယုံကြည်ရခြင်း မရှိသော ဘာသာဖြစ်သည်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင်က "ငါဟောကြားသော တရားကိုမျှ မယုံကြည်ကြနှင့်ဦး၊ မှန်မမှန်ကို လက်တွေ့စမ်းသပ် စစ်ဆေးကြဦး သတိပညာနှင့် အရာရာ ကြိုးစားစစ်ဆေးကြ၊ ကိုယ်တိုင်ပင်မှန်ကန် ကောင်းမွန်သော အကျိုးကျေးဇူးများ ရလျှင် ဤတရား ဤကျင့်စဉ်သည် မှန်ကန်ပြီဟု ကိုယ်တိုင်ပင် ဆုံးဖြတ်ကြရမည်"ဟူ၍ တိကအဂုံတ္ထိရ် ကာလာမသုတ်တော်၌ တင်ရှုးပြတ်သားစွာ ဟောကြားတော်မူခဲ့သည်။

http://www.dhammadownload.com

မိမိ၏ဘဝလွတ်မြောက်ရေး သစ္စာတရားသည် မိမိကိုယ်တိုင်ရှာဖွေ ရယူနိုင်ခြင်းအပေါ် တွင်သာ မူတည်သဖြင့် လွတ်လပ်စွာ တွေးခေါ်မှုကို ခွင့်ပြုထားသည်။

၂။ သမားရိုးကျဝတ်ပြုပူဇော်ပသခြင်း၊ ယဇ်ပူဇော်ခြင်း အားလုံးကို မှားသည်ဟု ငြင်းပယ်ခြင်း

မြတ်ဗုဒ္ဓသည် လူသားတို့၏အမှန်တရားကို မသိမြင်ဘဲသမားရိုးကျ ယဇ်ပူဇော်ခြင်း များကို မှန်ကန်ခြင်းမရှိကြောင်း ပြသ၍ သစ္စာလေးပါးတရား၊ အနတ္တတရား၊ ပဋိစ္စ သမုပ္ပါဒ်တရား၊ ဝိပဿနာတရားစသည့် တကယ်ရှိသော အမြဲတမ်းမှန်ကန်နေသည့် သဘာဝဓမ္မတရား၊ သစ္စာအမှန်ကို တိကျစွာသိရှိလိုက်နာကြရန် ဟောကြားပြသတော်မူခဲ့သည်။ ချမ်းသာအမှန်ကို ပေးစွမ်းနိုင်သည့် မဂ္ဂင်ရှစ်ပါး အကျင့်တရားကိုသာ လိုက်နာကျင့်သုံးကြရန် အရေးအကြီးဆုံးဖြစ်ကြောင်း ဟောကြားတော်မူခဲ့၏။

၃။ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားမှုတို့ကိုငြင်းပယ်ခြင်း

လူတို့၏တဏှာ။ မာန၊ ဒိဋ္ဌိအမြင်ဖြင့် ပြုလုပ်ခဲ့ကြသော လူ့အဆင့်အတန်း ခွဲခြားမှုကို လက်မခံဘဲ လူ့အဆင့်အတန်းကို အကျင့်စာရိတ္တကောင်းမှု၊ မကောင်းမှု အရသာ ခွဲခြားထားရမည်ဟု ဟောကြားတော်မူခဲ့သည်။ လူသားအားလုံးကို ကိုယ်လုပ်သမျှ ကိုယ်ခံစားရမည့် တန်းတူအခွင့်အရေးမျိုး တန်းတူမေတ္တာ ကရုဏာမျိုး ရရှိနိုင်ခြင်းကိုသာ ဟောကြားတော်မူခဲ့၏။

၄။ ဣဿရနိမ္မာနတန်ခိုးရှင်ဖန်ဆင်းရှင်ဝါဒကိုငြင်းပယ်ခြင်း

မြတ်ဗုဒ္ဓက ဘာတ္တဝါကိုလည်းကောင်း၊ လောကကိုလည်းကောင်း တန်ခိုးရှင် ဖန်ဆင်းရှင်တစ်ဦးကဖန်ဆင်းနေသည်ဟူသော ယုံကြည်ချက်အယူဝါဒကို လက်မခံပေ။ လောကတွင် ဖန်ဆင်းရှင်မရှိကြောင်းနှင့် ရုပ်လောက၏ကံကြမ္မာသည် ရုပ်သဘာဝ နိယာမအတိုင်း ပြုပြင်ပြောင်းလဲနေသလို သက်ရှိသတ္တဝါတို့၏ ကံကြမ္မာကို ယင်းသတ္တဝါ၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါး၌ ပြုလုပ်သည် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော အလုပ်(၃)ပါးကသာ အဆုံးအဖြတ်ပေးကြောင်း၊ တစ်နည်းအားဖြင့် သက်ရှိလောကသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား(၄) ပါးကြောင့် ပြုပြင်ပြောင်းလဲနေကြောင်း ငါဘုရားပင်လျှင် သတ္တဝါတို့၏ ကံကြမ္မာကို မဖန်တီးပေးနိုင်ပဲ လမ်းညွှန်ပြခြင်းအမှုကိုသာ ပြုလုပ်ပေးနိုင်ကြောင်း၊ အလွန် သဘာဝကျစွာ ဟောကြားတော်မူခဲ့သည်။ မိမိသည်သာ မိမိကိုးကွယ်ရာဖြစ်သည်။ မိမိမှတစ်ပါး အဘယ်သူသည် မိမိ၏ ကိုးကွယ်ရာ ဖြစ်နိုင်ပါအံ့ နည်းဟုလည်း လက်တွေ့ကျစွာ ဟောကြားတော်မူခဲ့ပြန်သည်။ ထို့ပြင်မြတ်ဗုဒ္ဓသည် မိမိကိုယ်ကို မနုဿလူသား စင်စစ်သာဖြစ်ကြောင်းလည်း မြွက်ကြားတော်မူခဲ့သည်။

http://www.dhammadownload.com

၅။ **အတ္တဝါဒကိုငြင်းပယ်ခြင်း**

လူတို့၏ ခန္ဓာကိုယ်အတွင်း၌ အတ္တဝိညာဉ်ကောင်အစဉ်ရှိသည် ထိုဝိညာဉ်ကောင်သည် ဟိုဟိုဒီဒီကူးပြောင်းတတ်သည်ဟူသော ယုံကြည်ချက်ကိုလည်း လက်မခံ။ မြတ်ဗုဒ္ဓသည် ထူးခြားသောအနတ္တတရားနှင့် အနတ္တတရားကို သိမြင်လာစေသော သတိပဋ္ဌာန် ကျင့်စဉ်များကိုသာ ဟောကြားပြသလေ့ရှိသည်။

သာသနာအစစ်အမှန်

အထက်တွင် ဖော်ပြခဲ့သည့် ဗုဒ္ဓဘာသာ၏ ဝိသေသအင်္ဂါရပ်များကိုကြည့်လျှင် ဗုဒ္ဓဘာသာသည် စိတ်ပျက်လက်လျော့စေသော ဘာသာ၊ ထူးဆန်းလျှို့ဝှက်သော ဂမ္ဘီရပညာဘာသာ၊ လူတို့ကို ဘာသာရေးမှိုင်းတိုက်သော ဘာသာမျိုးမဟုတ်ဘဲ အမြဲတမ်းမှန်ကန် တည်ရှိနေသည့် ပရမတ္ထသစ္စာတရား၊ သဘာဝခမ္မတရား၊ သတ္တဝါတို့အတွက် ငြိမ်းအေးသော ချမ်းသာအစစ်အမှန်ကို ရရှိစေသည့်ဘာသာ၊ အချိန်မရွေး အစမ်းသပ်ခံ အစစ်ဆေးခံနိုင်သော လက်တွေ့ကျသော ဘာသာဖြစ်ပေ၏။

ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန်တို့နှင့်လည်း ပြည့်စုံသော သာသနာဖြစ်၏။ အရိယာပုဂ္ဂိုလ်မျိုးကို ဗုဒ္ဓသာသနာ၌သာ တွေ့မြင်နိုင်၏။ မြတ်ဗုဒ္ဓပွင့်တော်မူခဲ့သည်မှာ နှစ်ပေါင်း(၂၅၀၀)ကျော်ခဲ့ပြီ ဖြစ်သော်လည်း (တစ်နည်းအားဖြင့်) သာသနာသက်တမ်းနှစ်ပေါင်း(၂၅၀၀)ကျော်ခဲ့ပြီဖြစ်သော်လည်း မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် တရားတော်များကို အချိန်အခါကာလဒေသနှင့် မလျော်ညီ၍ ဟုဆိုကာ နှုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းများပြုလုပ်စရာ မလိုခြင်း၊ မပြုလုပ်နိုင်ခြင်းတို့မှာ မြတ်ဗုဒ္ဓ၏ တရားတော်များသည် **အစဉ်အမြဲမှန်ကန်နေသည့်** ပရမတ္ထတရား၊ သဘာဝခမ္မတရားများ ဖြစ်သောကြောင့်ဖြစ်၏။ လူနတ်ဗြဟ္မာသုံးလောကတွင် မြတ်ဗုဒ္ဓ၏ တရားတော်ကို အကျိုးအကြောင်းအခြေခံနှင့်တကွ စွပ်စွဲညွှန်ပြ စောဒနာတက်မည့် လူနတ် ဗြဟ္မာ တစ်ဦးတစ်ယောက်မျှ မရှိနိုင်ခြင်းသည် မြတ်ဗုဒ္ဓ သာသနာ၏ အလွန်ထူးခြားတင့်တယ်မှု ဂုဏ်တစ်ရပ်ပင်ဖြစ်သည်။

ထို့ပြင် ဗုဒ္ဓမြတ်စွာက မိမိကိုးကွယ်သည့်ဘာသာကို ချီးမြှင့်မွှောက်စား ကြီးပွားတိုးတက်စေပြီးလျှင် အခြားဘာသာဝါဒတို့အားလည်း လေးစားချီးမြှင့်ကြရမည်။ မိမိကိုးကွယ်သည့် ဘာသာကိုသာ ချီးမြှင့်မွှောက်စားပြီး အခြားဘာသာများကို ဖိနှိပ်ရှုတ်ချသူများသည် မိမိဘာသာကို အကျိုးယုတ်ပျက်ပြားစေသည်နှင့် တူ၏ဟု မိန့်တော်မူခဲ့သည်။

http://www.dhammadownload.com

ဓမ္မတရားတော်

ယုံကြည်၍လိုက်နာသူ၊ လက်တွေ့ကျင့်ကြံအားထုတ်သူတို့ကို ဆင်းရဲမှလွတ်အောင် ဆောင်တတ်သော (၁)ဆုံးမညြှဝါဒများ။ (၂) ကျင့်စဉ်များ၊ (၃)ကျင့်၍ ရရှိသောမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ခေါ်သည်။

ဗုဒ္ဓ၏ မူလအရင်းခံတရားတော်များ

၁။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးတရား
၂။ သတိပဋ္ဌာန်တရားလေးပါး
၃။ သစ္စာလေးပါးတရား
၄။ ဗောဇ္ဈင်တရား(၇)ပါး
၅။ သီလ၊ သမာဓိ၊ ပညာသိက္ခာ(၃)ပါးတရား
၆။ အစွန်းနှစ်ဖက်မှရှောင်ကြဉ်ကာ မဇ္ဈိမပဋိပဒါတရား လက်ကိုင်ထားရမည့် ဓမ္မစကြာ ဒေသနာတရား
၇။ ဘဝဖြစ်စဉ်နှင့် သံသရာကျင်လည်မှုကို ညွှန်ပြသည့် ပဋိစ္စသမုပ္ပါဒ်တရား
၈။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး(၃)ပါးတရား။
(ဤတရားတော်များအနက် မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်တရားလေးပါးနှင့် သစ္စာတရားလေးပါးတို့ကို သီးခြားအခန်းဖြင့် အကျယ်ဖော်ပြပါမည်။)

ဗောဇ္ဈင်တရား(၇)ပါး

မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဗောဇ္ဈင်(၇)ပါးတရားတော်တို့သည် အစမထင်သံသရာပြင်၌ ကျင်လည်မျောပါ ပြေးသွားနေကြကုန်သော သတ္တဝါအနန္တတို့၏ အလုံးစုံသောဝဋ်ဆင်းရဲတို့ကို ပျောက်ကင်းချုပ်ငြိမ်းစေတတ်သော ကိလေသာမာရ်ကိုယ်တွင်းရန် စစ်သည် အသင်းအပင်းတို့ကို နှိမ်နှင်းဖျက်ဆီးစေတတ်သော သံသရာဇာတ်ဆုံး အရဟတ္တမဂ်ဉာဏ်ကိုရရှိစေတတ်သော တရားများဖြစ်ကြကုန်၏။

ယင်းဗောဇ္ဈင်တရားတော်တို့ကို အစဉ်ပွားများကြကုန်သည်ရှိသော် အတန်တန် အထပ်ထပ် လေ့လာပြုလုပ် ကျင့်ကြံအားထုတ်ကြသည်ရှိသော် သိသင့်သိထိုက်သော တရားတို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ခြင်း၊ အရဟတ္တမဂ်ဉာဏ်တိုင်အောင် သစ္စာလေးပါးတို့ကိုထိုးထွင်းသိမြင်နိုင်ခြင်း၊ ဇာတိဇရာ၊ ဗျာဓိမရဏ စသော ဆင်းရဲခပ်သိမ်းငြိမ်းရာအမှန် နိဗ္ဗာန်နန်းကိုမျက်မှောက်ပြုရခြင်း စသည့် များလှဖုံဖုံ ကျေးဇူးဂုဏ်အထူးတို့ဖြင့် ပြည့်စုံလျက်ရှိ၏။

http://www.dhammadownload.com

ထို့ကြောင့် ဤတရား(၇)ပါး၏ အရသာသည် အလွန်ကြီးကျယ်မြင့်မြတ်၏။ ဤတရားများကို သိကုန်သော သူတို့သည်သာ မြင့်မြတ်ကြကုန်၏။ ဤတရားများကြီးထွား ရင့်သန်လာသောအခါ အရိယာဘုံသူဘုံသားများ ဖြစ်ကြကုန်၏။

မြတ်စွာဘုရားက လူမင်း၊ နတ်မင်း၊ စကြဝတေးမင်း၊ သိကြားမင်းတို့၏ လောကီစည်းစိမ်သည် ဤတရား(၇)ပါးနှင့် ညီညွတ်ပြည့်စုံ၍ ခံစားရသောပုဂ္ဂိုလ်၏ စည်းစိမ်နှင့်နှိုင်းယှဉ်လျှင် ၂၅၆ စိတ် တစ်စိတ်မျှပင် မရှိဟုဟောကြားတော်မူခဲ့၏။ ယင်းတရား(၇)ပါးတို့မှာ–

၁။ သတိသမ္ဗောဇ္ဈင်

မဂ်ဉာဏ်၏အကြောင်းဖြစ်သော သတိ၊ (ကိုယ်စိတ်နှစ်ဖြာလှုပ်ရှားမှု၊ ဆောင်ရွက်မှုအားလုံးကို အခါခပ်သိမ်း မပြတ်မလပ်သတိချပ်၍ စောင့်ကြည့်ရှုမှတ်ခြင်း)

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်

မဂ်ဉာဏ်၏အကြောင်းဖြစ်သော သဘောတရားကိုစူးစမ်းခြင်း (တရားတော်နှင့် ပတ်သက်၍ အကြောင်းအရာ အလုံးစုံကို လေ့လာစူးစမ်းခြင်း၊ သင်ကြားခြင်း၊ ဖတ်ရှုခြင်း၊ ဆွေးနွေးခြင်း၊ နာကြားခြင်း စသည်များ)

၃။ ဝီရိယသမ္ဗောဇ္ဈင်

မဂ်ဉာဏ်၏အကြောင်းဖြစ်သော အားထုတ်ခြင်း၊ (အဆုံးစွန်ခရီးသို့ပေါက်ရောက်သည့်တိုင်အောင် ဇွဲလုံ့လဖြင့် မဖြစ်မနေ ဆောင်ရွက်ကြိုးပမ်းခြင်း)

၄။ ပီတိသမ္ဗောဇ္ဈင်

မဂ်ဉာဏ်၏အကြောင်းဖြစ်သော အားရနှစ်သိမ့်ခြင်း (မကောင်းမြင်ခြင်း၊ စိတ်မသာယာခြင်း၊ ငြီငြင်ခြင်း၊ စိတ်ညှိုးငယ်ခြင်းစသည့် စိတ်အခြေအနေများနှင့် လုံးဝဆန့်ကျင်၍ ကိုယ်စိတ်နှစ်ဖြာ အစဉ်နှစ်သိမ့်အားရမှု)

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်

မဂ်ဉာဏ်၏အကြောင်းဖြစ်သော ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းချမ်းသာယာခြင်း၊ (ကာယ၊ စိတ္တ အထူးကြောင့်ကျစိုက်ရမှု ကင်းစွာကိုယ်စိတ်နှစ်ဖြာ သက်တောင့်သက်သာထားရှိ၍ အလွန်ငြိမ် အေးခြင်း)

http://www.dhammadownload.com

၆။ **သမာဓိသမ္မောဈ္ဈင်**

မင်္ဂဉာဏ်၏အကြောင်းဖြစ်သော တည်ကြည်ခြင်း၊ (စိတ်အာရုံကို တစ်ခုတည်း အပေါ်၌ ထားရှိနိုင်ခြင်းဖြင့် စိတ်တည်ကြည်ခိုင်ခံ့ခြင်း)

၇။ **ဥပေက္ခာသမ္မောဈ္ဈင်**

မင်္ဂဉာဏ်၏အကြောင်းဖြစ်သော အညီအမျှရှုခြင်း၊ (လောကခံတရားများကို မတုန်မလှုပ်တည်ငြိမ်အေးဆေးစွာ စိတ်အနှောင့်အယှက်မရှိ ရင်ဆိုင်နိုင်မှု ဆင်းရဲချမ်းသာတို့ကို အညီအမျှ ရှုမြင်ဆင်ခြင်မှု)

သီလ၊ သမာဓိ၊ ပညာသိက္ခာ(၃)ပါး

၁။ သီလ.... အကုသိုလ်မှန်သမျှကို မပြုလုပ်ဘဲ ကိုယ်၊ နှုတ်၊ စိတ် နှလုံးသုံးပါးလုံး ထိန်းချုပ်စောင့်စည်းရှိခြင်း၊

၂။ သမာဓိ.... ကုသိုလ်တရားတို့ ပွားများအားထုတ်ရခြင်း၊ စိတ်၏ခိုင်ခံ့တည်ကြည်မှုအတွက် အားထုတ်ခြင်း၊ ထွက်သက်ဝင်သက်အာရုံ အဋ္ဌကအာရုံ စသည်တို့၌ ရှုကြည့်စွဲမြဲ၍ ဖြစ်လာသော ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ သမာပတ်(၈)ပါးဟု ဆိုအပ်သော အပ္ပနာဘာဝနာ၊ ဤဘာဝနာတရားသုံးပါးသည် သမာဓိမည်၏။

၃။ ပညာ.... မိမိစိတ်ကို စင်ကြယ်သန့်ရှင်း ကိလေသာအညစ်အကြေးကင်းစင်အောင် အားထုတ် ကျင့်ဆောင်ရခြင်း၊ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော လောကီဝိသုဒ္ဓိ လေးပါးနှင့် လောကုတ္တရာ ဉာဏဒဿနဝိသုဒ္ဓိ ဤဝိသုဒ္ဓိတရားငါးပါးသည် ပညာမည်၏။

ဗြဟ္မစရိယဝါဒ

ဗြဟ္မစရိယဖြင့်နေခြင်းဖြစ်၏။ ဤတွင်-

၁။ သိက္ခာသုံးပါးတည်းဟူသော သာသနဗြဟ္မစရိယ၊

၂။ အရိယာမဂ်တည်းဟူသော မဂ္ဂင်ဗြဟ္မစရိယဟူ၍နှစ်မျိုးရှိ၏။

ဤကဲ့သို့ ဗြဟ္မစရိယဖြင့်နေသောသူကို သာသနာ၌ နေသူဟု ဆိုသည်။ သို့ဖြစ်၍ သိက္ခာသုံးပါးကို ကျင့်ကြံအားထုတ်နေကြသော ကလျာဏ ပုထုဇဉ်များသည်လည်း သာသနာ၌ နေသူများပင်တည်း။

http://www.dhammadownload.com

ဓမ္မစက္ကာတရားတော်

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် နှစ်လခန့်အကြာ ပထမဆုံးတရားဦးဒေသနာတော်အဖြစ် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့တွင် မိဂဒါဝုန်တောဌ် နတ်ဗြဟ္မာအပေါင်းတို့နှင့်တကွ ပဉ္စဝဂ္ဂိငါးဦးကို ဟောကြားခဲ့သော တရားတော်ဖြစ်သည်။

ဤတရားတော်၏ အနှစ်ချုပ်မှာ သစ္စာလေးပါးကိုသိ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်၏။ ကာမဂုဏ်အာရုံများ အလွန်အကျူး ခံစားကျင့်ဆောင်ခြင်းနှင့် မိမိကိုယ်ခန္ဓာကို နှိပ်စက်ညှဉ်းပန်း၍ ခြိုးခြံသော ကျင့်စဉ်တည်းဟူသော အယုတ်တရားနှစ်ပါးကို ရှောင်ကြဉ်ပြီး မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြစ်သည့် နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းသော နည်းလမ်းဖြစ်သော မဂ္ဂင်ရှစ်ပါးတရားကိုသာ လိုက်နာကျင့်ကြံအားထုတ်ရန် ဟောကြားတော်မူခြင်းဖြစ်၏။ မြတ်ဗုဒ္ဓသည် ဤသဘောတရားများကို ကိုယ်တော်တိုင် တိကျသေချာစွာ သိမြင်မှသာ "သမ္မာသမ္ဗောဓိဉာဏ်ကိုရပြီး ဘုရားစင်စစ်ဧကန်ဖြစ်ပြီ"ဟု ဝန်ခံတော်မူခဲ့သည်။

ဓမ္မစက္ကာတရားတော်တွင် နတ်ဗြဟ္မာများစွာ စုဝေးရောက်ရှိလာပုံ၊ တရားတော်၏ ကောင်းမွန်လေးနက်ပုံ၊ နတ်ဗြဟ္မာတို့သည် မြတ်ဗုဒ္ဓ၏ပထမဆုံးဟောကြားအပ်သော တရားဦး ဒေသနာဌ် လွန်စွာအားရ နှစ်သက်လျက် အဆင့်ဆင့် ကြွေးကြော်ကြပုံ၊ ဒေသနာတော်၏ အရိုန်အဝါကြောင့် လောကဓာတ်တစ်သောင်း ပဲ့တင်ခတ်အောင် တုန်လှုပ်ပုံ၊ ထူးခြားလွန်ကဲသောအရောင်အဝါများ ကောင်းကင်ဌဖြစ်လာပုံ၊ တောတောင် တစ်ခွင်လုံးဌ အခါမဲ့ပွင့်သော ပန်းသစ်ပင်တို့ တစ်ပြိုင်တည်းပွင့်ပြီး ဝေဆာလှပနေပုံ စသည်တို့ဖြင့် အံ့မခန်းဖြစ်ရ၏။

ဤတရားဦး ဒေသနာ၏အဆုံးဌ နတ်ဗြဟ္မာအပေါင်း(၁၈)ကုဋေသည် အကျွတ်တရားရကြပြီး သောတာပန်တည်ကြကုန်၏။ ပဉ္စဝဂ္ဂိငါးဦးအနက် အရှင်ကောဏ္ဍညသည်လည်း သောတာပတ္တိမဂ်ဖိုလ်ဌ တည်လေ၏။

ပဋိစ္စသမုပ္ပါဒ်တရားတော်
(အကြောင်းရှိ၍အကျိုးဖြစ်ပုံပြသောတရားတော်)

ဘဝသံသရာကို ကျင်လည်စေတတ်သော၊ ဘဝမှမလွတ်မြောက်နိုင်သော ကြောင်းကျိုးဆက်တရား အင်္ဂါ(၁၂)ပါးကို ခေါ်၏။ ယင်းတရားတို့မှာ–

၁။ အမှန်မသိ(အဝိဇ္ဇာကြောင့်)။
၂။ အားထုတ်မှု(သင်္ခါရ)ဖြစ်၏။
၃။ သင်္ခါရကြောင့် ဘဝသစ်(ဝိညာဉ်)ဖြစ်၏။

http://www.dhammadownload.com

၄။ ဘဝသစ်(ဝိညာဉ်)ကြောင့် နာမ်ရုပ်ဖြစ်သည်။

၅။ နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး(မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)ဖြစ်သည်။

၆။ အာယတနခြောက်ပါးကြောင့် အာရုံကိုထိတွေ့မှု (ဖဿ)ဖြစ်၏။

၇။ ဖဿကြောင့် အကောင်းအဆိုးခံစားမှု (ဝေဒနာ)ဖြစ်၏။

၈။ ဝေဒနာကြောင့် တပ်မက်နှစ်သက်မှု(တဏှာ)ဖြစ်၏။

၉။ တဏှာကြောင့် စွဲလန်းမှု(ဥပါဒါန်)ဖြစ်၏။

၁၀။ ဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံ(ဘဝ)ဖြစ်၏။

၁၁။ ဖြစ်ကြောင်းကံကြောင့် ဘဝအသစ်ဖြစ်မှု(ဇာတိ)ဖြစ်ပေါ်လာ၏။

၁၂။ ဇာတိကြောင့် အိုခြင်း(ဇရာ)၊နာခြင်း(ဗျာဓိ)နှင့် သေခြင်း(မရဏ)တို့ ဖြစ်ပေါ်လာ၏။ ထိုနည်းတူ စိုးရိမ်ပူဆွေးခြင်း (သောက)၊ ငိုကြွေးခြင်း(ပရိဒေဝ)၊ ကိုယ်ဆင်းရဲခြင်း (ဒုက္ခ)၊ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးမသာယာခြင်း(ဒေါမနဿ)နှင့် စိတ်နှလုံးပြင်းစွာပူပန်ခြင်း (ဥပါယာသ)တို့ ဖြစ်ပေါ်လာကြကုန်၏။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၏ အကြောင်းအကျိုးဆက်စပ်ပုံမှာ မျဉ်းဖြောင့်သဖွယ် မဟုတ်ဘဲ စက်ဝိုင်းသဖွယ် လှည့်ပတ်နေပါသည်။ ဤကြောင်းကျိုးဆက်တရားတော်တွင် ဝေဒနာကြောင့် တဏှာဖြစ်သည်ဟူသော အဆက်အစပ် ကြောင်းကျိုးတရားကို ဖြတ်တောက်နိုင်မှသာ စက်ဝိုင်းသဖွယ် လည်ပတ်နေသောဘဝသံသရာကို ရပ်တန့်စေနိုင်မည်ဖြစ်သည်။ ဤသို့ဝေဒနာမှ တဏှာသို့ ကူးစက်မလာရန်လည်း သတိပဋ္ဌာန်တရားတစ်ခုတည်းဖြင့်သာ ဖြတ်တောက်နိုင်၏။

ထို့ကြောင့် သတိပဋ္ဌာန်တရားသည်သာ ဘဝသံသရာမှ လွတ်မြောက်ရာ ဆင်းရဲဒုက္ခအပေါင်းတို့မှ လွတ်မြောက်ရာတစ်ခုတည်းသော ကျင့်စဉ်ဖြစ်ကြောင်း သိမှတ်ရာ၏။

အဝိဇ္ဇာ

အမှန်မသိမှုကို သုတ္တန်ဒေသနာတော်အရ အဝိဇ္ဇာဟုခေါ်၍၊ အဘိဓမ္မာဒေသနာတော်အရ မောဟဟုခေါ်ပါသည်။ အမှန်မသိမှုဆိုသည်မှာ အရိယာသစ္စာလေးပါးတရားကို အမှန်အတိုင်းမသိမြင်နိုင်ခြင်းပင်ဖြစ်သည်။ အဝိဇ္ဇာသည် မျက်မမြင်နှင့်တူ၏။ မျက်စိမမြင်သူသည် မြင်ဖွယ်ရာဟူသမျှကို သူကိုယ်တိုင်လည်းမမြင်၊ သူများကိုမြင်အောင်လည်း မညွှန်ပြနိုင်သကဲ့သို့ အဝိဇ္ဇာသည် သိဖွယ်ဟူသမျှကို သူကိုယ်တိုင်လည်းမသိ အခြားတရားတို့ မသိအောင်လည်း ဖုံးကွယ်ထားတတ်၏။

အဝိဇ္ဇာသည် ဘဝသံသရာစက်ဝိုင်း လည်ပတ်ရခြင်း၏ အခြေခံအကျဆုံးအကြောင်းရင်းပင်ဖြစ်သည်။ အဝိဇ္ဇာကြောင့်သာ အားထုတ်မှု(သခ်ါရ)တစ်နည်းအားဖြင့်

http://www.dhammadownload.com

ကဲ့ဖြစ်ရ၏။ တစ်ပါးသောအကြောင်းကြောင့်သခ်ါရမချုပ်နိုင် အဝိဇ္ဇာချုပ်မှသာ သခ်ါရ ချုပ်၏။ ဘဝသံသရာပြတ်၏။ နိဂ္ဂောဓသစ္စာသို့ ရောက်၏။

အဘယ်ကြောင့်ဆိုသော် အလုံးစုံသော အကုသိုလ်ဟူသမျှသည် အဝိဇ္ဇာကသာ ရှေ့ဆောင်ရှေ့သွားပြဋ္ဌာန်းသော တရားတို့ပေတည်း။ အဝိဇ္ဇာသည်အလုံးစုံသော ကိလေသာတို့ဖြစ်ပေါ်ရာ အရင်းအမြစ်ဖြစ်၏။ ကိလေသာရှိလျှင် ဘဝပဋိသန္ဓေအကျိုးပေး၏။ မိမိသည်ယခုဘဝကို ရရှိခဲ့ခြင်းပင်လျှင် မိမိခန္ဓာအစဉ်၌ ထိုအဝိဇ္ဇာဓာတ်အမြဲကပ်၍ ပါနေခဲ့ကြောင်း မုချသိမှတ်ရာ၏။

အလုံးစုံသော ကိလေသာတို့၏ အမြစ်အရင်းဖြစ်သည့် အဝိဇ္ဇာကို ဝိဇ္ဇာအမှန် သိမြင်မှုဖြင့် ဖြတ်မှ ကိလေသာချုပ်ငြိမ်းမည်။ ကိလေသာချုပ်မှ ဘဝချုပ်၏။ အဝိဇ္ဇာကို ဝိဇ္ဇာဖြင့် ဖြတ်နိုင်ရန် မဟာသတိပဋ္ဌာန်တရားများကို ပွားများရှုမှတ်ပါလေ။

အဝိဇ္ဇာတရား(၂)ပါး

အမြင်မှန်ကို ပိတ်ဖုံးဆီးတားတတ်သောတရား(၂)ပါးမှာ–

၁။ အပ္ပဋိပတ္တိအဝိဇ္ဇာ

ရုပ်၊ နာမ်၊ ဘဝ၊ ဒုက္ခသစ္စာသဘောတို့ကို ဆင်းရဲခြင်းဟုလည်းကောင်း၊ ထိုရုပ်၊ နာမ်ဘဝတို့၌ လိုချင်နှစ်သက် တောင့်တမှုတဏှာ၊ သမုဒယသစ္စာကိုပင် ဆင်းရဲကြောင်း အမှန်တရားဟုလည်းကောင်း အမှန်အတိုင်းမသိမြင်မှု။

၂။ **မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ**

လူ နတ် ဗြဟ္မာ နာမ်ရုပ်ဘဝတို့ကိုပင် ချမ်းသာခြင်းဟူ၍လည်းကောင်း၊ ထိုအရာတို့ကို လိုချင်နှစ်သက် သာယာမှုကိုပင် ချမ်းသာကြောင်းဟူ၍လည်းကောင်း ထင်မှတ်နေခြင်းနှင့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့ကို ပြောင်းပြန်ဖောက်ထိုး သိမြင်နေမှု။

သခ်ါရ

ပြုလုပ်မှုကိုသခ်ါရ (တစ်နည်းအားဖြင့် ကံ) ဟုခေါ်၏။ ထိုသခ်ါရသည် ကာယသခ်ါရ (ကိုယ်ဖြင့်ပြုလုပ်မှု) ဝစီသခ်ါရ (နှုတ်ဖြင့်ပြောဆိုပြုလုပ်မှု)နှင့် မနောသခ်ါရ (စိတ်ဖြင့်ကြံစည်စိတ်ကူးမှု) ဟူ၍ (၃)မျိုးရှိပြန်၏။ အဝိဇ္ဇာဖုံးလွှမ်းနေသူသည် မျက်စိမမြင်သူ၊ အမှောင်တွင်းသို့ ရောက်နေသူတို့နှင့် တူပေရာ၊ ယင်းတို့သည် အမှန်ကိုလုပ်ခြင်းထက် အမှားကိုလုပ်မိခြင်းကသာ၍ များပြားပေသည်။

http://www.dhammadownload.com

သို့ဖြစ်၍ အဝိဇ္ဇာလွှမ်း၍ ဉာဏ်မျက်စိကန်းနေသူသည် မြင်သူကတုတ်ဆွဲလမ်းပြမှ လမ်းမှန်ရနိုင်သကဲ့သို့ အတော်အတန် ဝိုးတိုးဝါးတား မြင်ရသောပုထုဇဉ် သူတော်ကောင်း (သို့မဟုတ်) ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်ရသော အရိယာသူတော်ကောင်းတို့က နည်းပေးလမ်းပြလုပ်မှသာ မှန်ကန်ကောင်းမွန်သော သခ်ါရတို့ကို ပြုနိုင်ဖွယ်ရှိ၏။ သို့မဟုတ်ပါက မကောင်းသော မမှန်သော သခ်ါရများသာ ပြုလုပ်ကြမည်မှာ ဧကန်ဖြစ်၏။

ဝိညာဉ်

သခ်ါရ(ပြုလုပ်မှု) တစ်နည်းအားဖြင့် ကံကြောင့် အကျိုးဝိညာဉ်(ဝိပါက်)သည် ဖြစ်၏။ အောက်ပါ ပဋိသန္ဓေ(၄)မျိုးပေါ်မူတည်၍ ပဋိသန္ဓေဝိညာဉ်သည်ဖြစ်၏–

(၁) သံသေဒဇသတ္တဝါ

မိဘတို့၏ သုက်သွေးကိုမမှီရပဲ ရှေးက ပြုထားသောကံ သခ်ါရအားလျော်စွာ ဆိုင်ရာအရပ်၌ ဝိပါက်ဝိညာဏ်ခေါ် ပဋိသန္ဓေစိတ်သည်ဖြစ်၏။ ရှေ့ကပြုခဲ့သည့်ကုသိုလ်ကံ သခ်ါရအစွမ်းကြောင့် ပဒုမ္မာကြာတိုက် အစရှိသည်တို့၌ဖြစ်ရသော သတ္တဝါတို့သည် ကောင်းကျိုးဝိညာဉ်ဖြင့် သန္ဓေတည်ရသူများဖြစ်ကြ၏။ (ဥပမာ–ပဒုမဝတီမိဖုရား၊ အာသင်္ကာမိဖုရား၊ ဝေဠုဝတီမိဖုရား)ရှေးကပြုခဲ့သည့် အကုသိုလ်ကံ သခ်ါရတို့အစွမ်းကြောင့် သက္ကလပ်သောအဝတ်၊ မစင်၊ ကျင်ငယ်စသည့် ပုပ်ပွညစ်ပတ်စေးကပ်သော အရာတို့၌ဖြစ်ရသော သတ္တဝါတို့သည် မကောင်းကျိုးဝိညာဏ်ဖြင့် သန္ဓေတည်ရသူများဖြစ်၏။ (သံသေဒ–ကပ်ငြိတွယ်ရာအရပ်၌၊ ဇ–ဖြစ်သောသတ္တဝါ)

၂။ ဩပပါတိကသတ္တဝါ

မိဘတို့၏ သုက်သွေးတို့မှမမှီရပဲ ကံ သခ်ါရကြောင့် လက်ခြေအင်္ဂါကိုယ်, ခန္ဓာအပြည့်အစုံဖြင့် အထင်အရှား တစ်ပြိုင်နက် ဖြစ်ပေါ်လာသော သတ္တဝါဖြစ်၏။ ယင်းသတ္တဝါကို "ဥပပါတ်ပုဂ္ဂိုလ်"ဟု ခေါ်၏။ နတ်၊ ဗြဟ္မာများ ကမ္ဘာဦးကလူသတ္တဝါများ ငရဲသားများစသည်တို့သည် ယင်းပုဂ္ဂိုလ်မျိုးဖြစ်၏။ ကမ္ဘာကြီးအသစ်စတည် ပြီးသောအခါ ကမ္ဘာပျက်ခဲ့ရာတွင် မပါဝင်သော အထက် ဗြဟ္မာပြည်မှ ဗြဟ္မာများ စုတေချိန်ကျ၍ စုတေခဲ့ကြသောအခါ အချို့သည် အောက်ဗြဟ္မာပြည် နတ်ပြည်နှင့် လူ့ပြည်တို့၌ ဥပပါတ်ပဋိသန္ဓေ တည်နေကြ၏။ ဤနည်းဖြင့် ကမ္ဘာဦးလူသားတို့ ပေါ်ပေါက်လာရ၏။

(ဥပပါတ–ရှေးဘဝမှ ခုန်ကျော်ကျရောက်လာသကဲ့သို့ ဣက–ဖြစ်သောသတ္တဝါ)

http://www.dhammadownload.com

၃။ **အဏ္ဏဇနှင့်ဇလာဗုဇသတ္တဝါ**

ဥခွံတွင်း၌ဖြစ်သော ငှက်စသောသတ္တဝါများကို အဏ္ဏဇသတ္တဝါ (အဏ္ဏ–ဥခွံတွင်း၌+ဇ–ဖြစ်သောသတ္တဝါ)ဟုခေါ်သည်။ မိခင်၏သားအိမ်၌ဖြစ်သော သတ္တဝါကို ဇလာဗုဇသတ္တဝါ (ဇလာဗု–မိခင်၏သားအိမ်၌ + ဇ = ဖြစ်သောသတ္တဝါ) ဟုခေါ်၏။ ယင်း(၂)မျိုးကို ပေါင်း၍ ဂဗ္ဘသေယျသတ္တဝါ (ဂဗ္ဘ–အမိဝမ်းတိုက်၌ + သေယျက–ကိန်းအောင်းသောသတ္တဝါ)ဟုခေါ်၏။ ဤသတ္တဝါမျိုးသည် များသောအားဖြင့် မိဘတို့၏သုက်သွေးကိုမှီ၍ ဝိညာဉ်ဖြစ်သည်။

ယင်းသတ္တဝါများသည် အောက်ပါအင်္ဂါ(၃)ပါးစုံမှ ပဋိသန္ဓေတည်နိုင်၏။ တစ်ပါးပါး ချို့ယွင်းလျှင် ပဋိသန္ဓေမတည်နိုင်။ ယင်းတို့မှာ–

- မိခင်လောင်းသည် ရာသီပန်းပွင့်ပြီးစဖြစ်၍ သားအိမ်၌သန့်ရှင်းစင်ကြယ်နေခြင်း၊
- မိခင်နှင့် ဖခင်တို့ ပေါင်းသင်းပျော်မြူးခြင်း၏ အဘ၏ သုက်သွေးသည် အမိ၏သားအိမ်၌ နည်းနည်းပါးပါးဖြစ်စေရောက်ရှိနေခြင်း၊
- ထိုအမိဝမ်း၌ ပဋိသန္ဓေတည်နေမည့် သတ္တဝါလောင်းသည် ထိုအချိန်၌ ဘဝဟောင်းမှ စုတေခြင်း။

စုတိစိတ်နှင့် ပဋိသန္ဓေစိတ် တစ်ဆက်တည်းဖြစ်ပုံ

ရှေးဘဝက စုတေခါနီး၌ စုတေစိတ်(တစ်ဘဝအတွက် နောက်ဆုံးစိတ်) ဖြစ်ပြီးသည်နှင့် တစ်ဆက်တည်းပင် ဘဝသစ်၌ ဝိညာဏ်အသစ်သည် ရှေးသခါရကံကြောင့် ဖြစ်ရတော့သည်။ ဤသို့ ကံကြောင့်အသစ်ဖြစ်ရသော ဝိညာဏ်ကို ပဋိသန္ဓေစိတ် ဟုခေါ်၏။(ပဋိ–တစ်ဖန်ထပ်၍ + သန္ဓိ–ဆက်စပ်သောစိတ်၊ ထိုပဋိသန္ဓေစိတ် ဖြစ်ခြင်းကို၊ သန္ဓေတည်ခြင်းဟုခေါ်ကြ၏။)

ရှေးရှေးဘဝ အဆက်ဆက်ကပြုခဲ့သော ကံ သခါရတို့ကြောင့် ဖြစ်သော စုတိစိတ်နှင့် ပဋိသန္ဓေစိတ်သည် စက္ကန့်တစ်စိတ်မျှပင် ကာလခြားခြင်းမရှိ။ တစ်ဘဝတည်းဝယ် ရှေ့စိတ်နှင့် နောက်စိတ် တစ်ဆက်တည်းဖြစ်သလို ရှေးဘဝစုတိစိတ်နှင့် နောက်ဘဝ ပဋိသန္ဓေဝိညာဉ်စိတ်သည် တစ်ဆက်တည်းပင်ဖြစ်၏။

နာမ်ရုပ်

ပဋိသန္ဓေတည်ပြီးနောက် တစ်ဘဝလုံးကို ပဝတ္တိ(ဖြစ်ပျက်နေချိန်)ဟုခေါ်၏။ ထိုပဝတ္တိအခါ၌လည်း ရှေးကံသခါရကြောင့် ဝိညာဏ်နှင့်ရုပ်နာမ်တို့ဖြစ်ကြ၏။ သတ္တဝါတို့၏ တစ်ဘဝလုံးအတွက် ချမ်းသာဆင်းရဲ ကွဲပြားခြာ နားမူသည် ယင်းသတ္တဝါ၏

http://www.dhammadownload.com

ရှေးကံသခ်ါရနှင့် မျက်မှောက်ဘဝသခ်ါရ (ဉာဏ်၊ ဝိရိယအရှိသည့် ပယောဂအကူအညီ အထောက်အပံ့များ)ထို့ကြောင့်သာဖြစ်သည်မှာ ထင်ရှားပါ၏။

အာယနတန(ဖ)ပါး

နာမ်ရုပ်ကြောင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အာယတန (ဖ)ပါးဖြစ်ပေါ်လာ၏။ ယင်းအာယတန(ဖ)ပါးသည် ပြင်ပမှလာသော ရူပါရုံ (အဆင်း)၊ သဒ္ဒါရုံ (အသံ)၊ ဂန္ဓာရုံ (အနံ့)၊ ရသာရုံ (အရသာ)၊ ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိ)နှင့် ဓမ္မာရုံ(စိတ်ဖြင့်သိရသောအာရုံ)တို့နှင့် ထိတွေ့ဆက်ဆံလာကြရသည်။

ဖဿ

အာယတန(ဖ)ပါး၌ သက်ဆိုင်ရာအာရုံတို့ ထင်မြင်လာကြသောအခါ စိတ်၌ ထိခိုက်မှု (ဖဿ)သည်လည်း ဖြစ်ပေါ်လာရ၏။ အာယတန(ဖ)မျိုးကြောင့် ဖဿ(ဖ)မျိုး ဖြစ်ရ၏။ အာယတနမရှိလျှင် ဖဿသည်လည်း မဖြစ်ပေါ်နိုင်ပေ။

ဝေဒနာ

ဖဿ(စိတ်ထိခိုက်မှု)ကြောင့် ဝေဒနာ(ခံစားမှု)သည် ဖြစ်ပေါ်ရပြန်၏။ ဖဿ မဖြစ်သောအာရုံ၌ ဝေဒနာသည်မဖြစ်၊ ဥပမာ-မျက်စိကွယ်နေသူသည် အဆင်းအာရုံ၌ ဓာတ်ခိုက်မှု ဖဿ မရှိသောကြောင့် အဆင်းအာရုံကို ခံစားမှုဝေဒနာလည်း မဖြစ်တော့ချေ။

ဝေဒနာတွင် သုခဝေဒနာ(ကောင်းသောခံစားမှု) ဒုက္ခဝေဒနာ (မကောင်းသော ခံစားမှု)နှင့် ဥပေက္ခာဝေဒနာ(သာယာမှု၊ မသာယာမှုမရှိဘဲ သင့်တော်ရုံ အညီအမျှ ခံစားမှု)ဟူ၍ (၃)မျိုးရှိသည်။

တဏှာ

လိုချင်တပ်မက်တောင့်တမှုကို သုတ္တန်ဒေသနာတော်အားဖြင့် တဏှာဟု လည်းကောင်း၊ အဘိဓမ္မာဒေသနာတော်အားဖြင့် လောဘဟုလည်းကောင်းခေါ်၏။

တဏှာသည် အကုသိုလ်အစစ်အမှန်ဖြစ်၍ ဘဝသစ်ကိုဖြစ်ပေါ်စေ၏။ တဏှာသည် ဝေဒနာကြောင့်သာ ဖြစ်ပေါ်လာရ၏။ သုခဝေဒနာဖြစ်ရသောအခါ ထိုသုခမျိုး ထပ်၍ထပ်၍ရအောင် လိုချင်တောင့်တမှုတဏှာသည်ဖြစ်၏။ ဒုက္ခဝေဒနာဖြစ်ပြန် လျှင်လည်း ထိုဒုက္ခမှ လွတ်မြောက်၍ သုခဝေဒနာရောက်ရှိအောင် တောင့်တမှုတဏှာ ဖြစ်ပြန်၏။ ဥပေက္ခာဝေဒနာ (မသိမသာခံစားမှု) ဖြစ်ပြန်လျှင်လည်း မသိမသာ

http://www.dhammadownload.com

တောင့်တမှုတဏှာဖြစ်ပြန်၏။ ထို့ကြောင့်ခံစားမှုဝေဒနာ ရှိတိုင်း ရှိတိုင်း တဏှာသည် ဖြစ်ပေါ်နေရသည်။ တဏှာဖြစ်ပေါ်တိုင်းလည်း အကုသိုလ်သည် ထက်ကြပ်မကွာ ဖြစ်ပေါ် နေရပြန်၏။

သို့ဖြစ်၍ ဝေဒနာဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း မပြတ်သောသတိ (သတိပဋ္ဌာန် တရား) ဖြင့် စွဲမြဲရှုမှတ်ပွားများလျှင် ဝေဒနာမှ တဏှာမဖြစ်တော့၊ တဏှာမဖြစ်လျှင် အရိယာစခန်းသို့ ဆိုက်ရောက်လျက် ဘဝသံသရာဇာတ်သိမ်း ချုပ်ငြိမ်း၏။

တဏှာ(၃)မျိုး

ပဓာနအားဖြင့်တဏှာ(၃)မျိုးရှိ၏။ ယင်းတို့မှာ-

၁။ ကာမတဏှာ....ကာမဂုဏ်အာရုံတို့၌ စွဲလမ်းတပ်မက်တောင့်တမှု။

၂။ ဘဝတဏှာ....ဘဝဖြစ်လိုမှု၌ စွဲလမ်းတပ်မက်တောင့်တမှု၊

၃။ ဝိဘဝတဏှာ....ဘဝပြတ်ခြင်း၌ စွဲလမ်းတပ်မက်တောင့်တမှု။

ကာမဂုဏ်ဆိုသည်မှာ ကာမ-လိုချင်စရာ၊ နှစ်သက်စရာကောင်းသော၊ ဂုဏ်(ဂုဏ)-မခွာနိုင်အောင်နှောင်ဖွဲ့တတ်သော အရာများ (တစ်နည်းအားဖြင့်) သားသမီး၊ ဇနီးစသော သက်ရှိပစ္စည်းများနှင့် ရွှေငွေ စသော သက်မဲ့ပစ္စည်းများ အစရှိသည့်လောကဥ္စ မွေ့လျော်ပျော်စရာ အာရုံများဖြစ်၏။

ဥပါဒါန်

တဏှာကြောင့်ဖြစ်ပေါ်လာရသည့် စွဲလမ်းမှုကိုခေါ်၏။ တဏှာအကြီးစားပင် ဖြစ်၏။ (ဥပ-လွန်လွန်ကဲကဲစွဲစွဲလမ်းလမ်း+အာဒါန-ယူခြင်း)တဏှာကြောင့်ဖြစ်သော အာရုံ၌ အထင်အမြဲမျိုးမျိုးဖြစ်ကာ အယူမှားနေသော ဒိဋ္ဌိကိုလည်း ဥပါဒါန်ဟု ခေါ်သေး၏။

ဥပါဒါန်(စွဲလမ်းမှု)လေးမျိုးရှိ၏။ ယင်းတို့မှာ-

၁။ ကာမုပါဒါန်.... ကာမဂုဏ်၌စွဲလမ်းမှု၊

၂။ ဒိဋ္ဌုပါဒါန်.... မှားယွင်းသော အယူအဆ၌စွဲလမ်းမှု၊

၃။ သီလဗ္ဗတုပါဒါန်.... ဆင်းရဲငြိမ်းကြောင်း၊နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သော အကျင့်မှားတို့ကို စွဲလမ်းမှု၊

၄။ အတ္တဝါဒုပါဒါန်.... တစ်ဘဝပြီးတစ်ဘဝ ပြောင်းရွှေ့ ကျင်လည်တတ်သော အသက်ကောင်၊ အတ္တကောင်အမှန်ပင် ရှိသည်ဟု စွဲလမ်းမှု။

http://www.dhammadownload.com

ဘဝ

ဥပါဒါန်(စွဲလမ်းမှု)ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော ကမ္မဘဝကိုပြု၏။ ထိုကံကြောင့် နောက်ဘဝခံ့ပင် ပဋိသန္ဓေ ဝိညာဉ်နှင့် ကမ္မဇရုပ်တို့ ဖြစ်ရခြင်းတည်းဟူသော ဥပပတ္တိဘဝသည်ဖြစ်၏။ ထို့ကြောင့် ဥပါဒါန်ကြောင့် ဘဝ(ဖြစ်ကြောင်းကံ)သည်ဖြစ်ရ၏။

ဘဝတစ်ခုစတင်ဖြစ်ပေါ်ရခြင်း ပဓာနအကြောင်းတရား (၃)ပါးတို့မှာ–

၁။ အဝိဇ္ဇာ ....အမှန်မသိမှု၊

၂။ တဏှာ ....တပ်မက်မှု၊

၃။ ကံ ....ကိုယ်၊ နှုတ်၊ စိတ်နှလုံးသုံးပါးပြုလုပ်မှု။

ဘဝတစ်ခုပျက်စီးရခြင်းပဓာနအကြောင်းတရား (၃)ပါးတို့မှာ–

၁။ လောဘ ....လိုချင်တပ်မက်မှု၊

၂။ ဒေါသ ....မကျေနပ်မှု၊

၃။ မောဟ ....အမှားအမှန်ခွဲခြားမသိမှု။

လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ကိလေသာတို့သည် အလွန်နုံ့နေးသေးသိမ်ကြကုန်၏။

ဘဝတစ်ခုကို ပြုပြင်ထိန်းကျောင်းသော အကြောင်းတရား (၄)ပါးတို့မှာ–

၁။ ကံ.... မိမိ၏ကိုယ်နှုတ်စိတ်နှလုံးသုံးပါးတို့ဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး၌ ပြုလုပ်မှု၊

၂။ စိတ်.... စိတ်ဖြူစင်သန့်ရှင်းမှု၊ တည်ကြည်ခိုင်ခံ့မှု၊ သင့်တင့်စွာနှလုံးသွင်းမှု၊ စိတ်အညစ်အကြေး ကင်းစင်မှု၊

၃။ ဥတု.... ရာသီဥတုမျှတကောင်းမွန်မှု၊ အတွင်းအပြင် အပူအအေးမျှတမှု၊

၄။ အာဟာရ.... သင့်တင့်လျောက်ပတ်သည့် အာဟာရကိုသုံးဆောင်မှု၊ အစားအစာ၏ အတိုင်းအရှည်ပမာဏကိုသိမှု၊ (လောကတွင် မြတ်ဘုရားရှင်သာလျှင် အစားအစာ၏ အတိုင်းအရှည်ပမာဏကို အတိအကျသိနိုင်သော်လည်း မိမိတို့သည် သင့်တင့်လျောက်ပတ်သည့် အတိုင်းအရှည်ပမာဏကို ချင့်ချိန်ဆင်ခြင်၍ မှီဝဲရာ၏)။

ဤအကြောင်းတရား(၄)ပါးသာလျှင် သတ္တဝါတို့၏ ဘဝကို ဖန်တီးနေကြ၏။

http://www.dhammadownload.com

ဇာတိ

ဖြစ်ကြောင်းကံ(ဘဝ)ကြောင့် ဇာတိဖြစ်ရ၏။ ဇာတိဆိုသည်မှာ နောက်ဘဝ၌ ဝိညာဉ်နှင့်ရုပ်တို့၏ ပထမဖြစ်မှု(တစ်နည်းအားဖြင့်)ပဋိသန္ဓေဟုခေါ်သည်။ ပဋိသန္ဓေတည်ခြင်းဟုလည်း ခေါ်သေး၏။

ဇရာ၊ မရဏ

ပဋိသန္ဓေ (ဇာတိ)ဖြစ်လျှင် ဇရာ(အိုမင်းရင့်ရော်မှု)နှင့် မရဏ (သေခြင်း)တို့လည်း မလွဲမသွေဖြစ်ရတော့၏။ မသေမီ နဂိုမူလရုပ်ကလေးတွေ ဆွေးမြည့်လာရခြင်းသည် ဇရာပင်ဖြစ်၏။

ဇာတိ၏အကျိုးဆက်များ

ဇာတိ(ပဋိသန္ဓေ) ရှိမှုကြောင့် သောက(ဆွေမျိုး၊ ဥစ္စာစသည်တို့၏ ဆုတ်ယုတ်ပျက်စီးမှုကြောင့် ဖြစ်သောဝမ်းနည်းခြင်း)၊ ပရိဒေဝ(ငိုကြွေးခြင်း)၊ ဒုက္ခ(ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်း)၊ ဒေါမနဿ(စိတ်မချမ်းမသာဖြစ်ရခြင်း)၊ ဥပါယာသ (အလွန်ပြင်းထန်စွာ စိတ်ပင်ပန်းခြင်း)တို့သည် ကြုံတွေ့ခံစားကြရသည်။ ဇာတိရှိ၍သာ ဆင်းရဲခြင်းအပေါင်းလည်းရှိ၏။

သံသရာစက်လည်ပုံ

ဤပဋိစ္စသမုပ္ပါဒ်တရားတော်၌ အဝိဇ္ဇာမှသခါရဖြစ်ကြောင်း ပြခြင်းဖြင့် အတိတ်ဘဝရှိနေကြောင်းကိုပြ၏။ သခါရကြောင့် ဝိညာဉ်ဖြစ်ကြောင်းမှ ဥပါဒါန်ကြောင့် ဘဝဖြစ်ကြောင်းအထိသည် ယခုဘဝ၌ ဖြစ်ပျက်ပုံကိုပြ၏။

ဤတရားတော်သည် စက်ဝိုင်းကဲ့သို့ လည်ပတ်နေ၍ အစမရှိ။ သတ္တဝါတို့သံသရာလည်ပုံ (ဝိညာဉ်နာမ်ရုပ်တို့ ဆက်ကာဆက်ကာ ဖြစ်ခြင်း)ကို ပြ၏။ ယင်းသံသရာလည်ပုံ နည်းကိုကြည့်လျှင် သတ္တဝါဟုလည်းကောင်း၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမစသည်ဖြင့် ခေါ်ဝေါ်နေကြခြင်းသည် နာမည် (ပညတ်တရား)မျှသာဖြစ်ကြောင်း၊ အမှန်စင်စစ်မှာ လူ၊ နတ်ဗြဟ္မာစသည်မရှိ၊ သတ္တဝါမရှိ၊ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမစသည် မရှိ၊ ရုပ်၊ နာမ်တရားတို့သည် သူ့သဘာဝအတိုင်း ဆိုင်ရာကိစ္စတို့ကိုရွက်ဆောင်နေကြခြင်းသာဖြစ်ကြောင်း၊ ဤသည်မှာ ပရမတ်တရားဖြစ်ကြောင်း၊ ယင်းတို့ကိုစီမံဖန်ဆင်း၍ ပေးနိုင်သောဖန်ဆင်းရှင်လည်းမရှိကြောင်း၊ နောက်ဆုံး၌အတ္တသည်မရှိ၊ အနတ္တတရားချည်းသာဖြစ်ကြောင်း ထင်ထင်ရှားရှား တွေ့မြင်သိမှတ်ရ၏။

http://www.dhammadownload.com

အဝိဇ္ဇာနှင့်တဏှာအရင်းခံ

ပဋိစ္စသမုပ္ပါဒ် တရားတော် (ဘဝသံသရာလည်ကြောင်းတရား)၏ အရင်းခံမှာ အဝိဇ္ဇာ (အမှန်မသိမှု)နှင့် တဏှာ (လိုချင်တပ်မက်သာယာမှု)တို့ကြောင့်သာဖြစ်၏။ သံသရာရှည်ကြောင်း တရားဆိုးနှစ်ပါးပင်ဖြစ်သည်။

အဝိဇ္ဇာ(အဘိဓမ္မာနည်းအရမောဟ)နှင့်တဏှာ (အဘိဓမ္မာနည်းအရ လောဘ) တို့သည် လူတို့၏ သန္ဓေတည်ခြင်းအစ (တစ်စက္ကန့်အချိန်ကို ကုဋေများစွာစိတ်၍ တစ်စိတ်လောက်သာကြာသောအချိန်အတွင်းစိတ်ကလေးတစ်ခု၊ စိတ်နှင့်အတူ ဖြစ်လေ့ရှိသော စေတသိက် ၃၃ ခုနှင့် ရုပ်ကလာပ်စည်း ၃ ခုတို့ ပေါင်းစပ်၍ ဖြစ်ပေါ်လာချိန်)တွင် ပင် ဓာတ်အဖြစ်ဖြင့်ပါရှိလာပေသည်။ ဤသို့ဓာတ်အဖြစ်ဖြင့် ပါလာခဲ့သော တဏှာသည် သန္ဓေစတည်ပြီး တစ်စက္ကန့်အချိန်ကို ကုဋေများစွာစိတ်၍ (၁၇)စိတ်လောက်ကြာသောအခါ မိမိ၏ခန္ဓာကိုယ်အား နှစ်သက်တွယ်တာမှု သတ္တိပြလာတော့၏။ ထို့အတူ တဏှာ၏ အပြစ်များကို မသိအောင် မမြင်နိုင်အောင် အဝိဇ္ဇာကလည်း ကာကွယ်ဖုံးကွယ်ပေးထားပြန်သည်။

ဤနည်းဖြင့်မွေးဖွားသန့်စင်လာပြီးသောအခါ မိမိအားနို့ချိုတိုက်ကျွေးသည့် မိခင်ကို ချစ်ခင်စုံမက်လာခြင်း၊ မိမိအားချော့မြူသည်ကို နှစ်သက်သာယာလာခြင်း စသည့် တဏှာများသည် မည်သူကမျှ မသင်ပေးရဘဲ ပေါ်ပေါက်လာတော့သည်။ သို့ဖြင့် တဏှာကြီးထွားလာလေ အဝိဇ္ဇာလည်း ကြီးထွားလာလေဖြစ်၏။

ဤတရားဆိုးအကြောင်း တရားနှစ်ပါးကြောင့် အောက်ပါမကောင်းကျိုးများ ဖြစ်ပေါ်လာရ၏ –

(၁) အပြစ်ကိုမမြင်နိုင်သော အဝိဇ္ဇာ၊ မိမိကိုယ်ကို ချစ်ခင်စုံမက်သော တဏှာတို့ကြောင့် အားလုံးသော ဝိညာဉ်နာမ်ရုပ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများဖြစ်၍ အမြဲသေပျက်နေသော အသုဘ(မတင့်တယ်မှု)တွေ ပါကလားဟု မမြင်နိုင်၊ ကာမဂုဏ်အာရုံများကို တင့်တယ်သောအရာများ၊ အမြဲချမ်းသာနေသောအရာများဟု မှတ်ယူကာလိုချင်တပ်မက်သော လောဘဖြစ်ရ၏။

(၂) လိုချင်တပ်မက်ခြင်း လောဘဖြစ်တိုင်း မရ၍ ဒေါသဖြစ်ရ၏။

(၃) လိုချင်တပ်မက်တိုင်း ရပြန်လျှင်လည်း ထပ်၍လိုချင်သောလောဘနှင့် စိတ်ကြီးဝင်သော မာနလည်း ဖြစ်လာရသည်။

(၄) ဤကဲ့သို့ လောကီအာရုံ ကာမဂုဏ်များကို အပြိုင်အဆိုင်ရှာဖွေကြရာမှ ကိုယ့်ထက်သာသူကို မနာလိုမှု(ကျသာ)ဖြစ်လာရသည်။

(၅) မိမိကဲ့သို့သုံးစွဲနိုင်အောင် မဝေခြမ်းနိုင်သော ဝန်တိုမှု(မစ္ဆရိယ) လည်း ဖြစ်လာပြန်၏။

http://www.dhammadownload.com

(၆) နောက်ဆုံးတွင် မိမိရုပ်နာမ်တို့ကို အကောင်အထည်ဟုထင်ကာ မပျက်နိုင်သော ခိုင်မြဲသော အတ္တဟုအယူမှားမှု (အတ္တဒိဋ္ဌိ)လည်း ဖြစ်လာရ၏။ ယင်းအတ္တဒိဋ္ဌိကိုအခြေခံ၍ ဒိဋ္ဌိအမျိုးမျိုးပေါ်ပေါက်လာလေသည်။ အယူမှားသော ဒိဋ္ဌိအမျိုးမျိုးကြောင့် သံသရာလွတ်မြောက်ရန် အလှမ်းဝေးသည်ထက်ဝေး၊ ဆင်းရဲသည်ထက်ဆင်းရဲခြင်းနှင့် တွေ့ကြုံရတော့သည်။

ဤနည်းဖြင့် အဝိဇ္ဇာနှင့်တဏှာကို အရင်းခံ၍ဖြစ်ပေါ်လာသော ဆိုးကျိုးတရားများကြောင့် မကောင်းသော ဒုစရိုက်မှုများ (မကောင်းသော ကံသခ်ါရ) ပြုလုပ်မိပါက အပါယ်လေးပါး၌ ဖြစ်ရခြင်း၊ ကောင်းသောဘဝမှာလည်း မကောင်းသောဒုက္ခများနှင့် တွေ့ကြုံရခြင်းများကြောင့် သံသရာစက်ဝန်းမှ ထွက်ပေါက်ရှာမရနိုင်ဘဲ တဝဲလည်လည် ဖြစ်နေကြရသည်။

ယင်းအရင်းခံတရားဆိုးနှစ်ပါးကို အမြစ်ပြတ်အောင် မပယ်သတ်နိုင်ပါက ပုထုဇဉ်အဆင့်မှ ရုန်းမထွက်နိုင်ပါက မိမိ၏ဒါန၊ သီလ ဘာဝနာအစွမ်းကြောင့် လူ၊ နတ်၊ ဗြဟ္မာ သုဂတိဘုံများသို့ ရောက်ရှိနိုင်ငြားသော်လည်း ယင်းတရားဆိုး ပြန်လည်ပေါ်ပေါက်ရာမှ ဒုဂတိဘုံသို့ အချိန်မရွေးပြန်လည်ရောက်ရှိနိုင်၏။

ထို့ကြောင့် သံသရာလည်ကြောင်းအရင်းခံ တရားနှစ်ပါးဖြစ်သော အဝိဇ္ဇာနှင့် တဏှာတို့ကို အမြစ်ပြတ်အောင် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် မဂ္ဂင်ရှစ်ပါးကျင့်စဉ်ဖြင့်သာ အပြီးပယ်သတ်ရာ၏။ သို့မှသာ တရားဆိုးများ ကုန်ခန်း၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီး ဒုက္ခအပေါင်း ချုပ်ငြိမ်းရာ သံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ရောက်နိုင်မည် ဧကန်ဖြစ်ပါသည်။

အရေးအကြီးဆုံးနှင့်ပဓာနအကျဆုံးဒိဋ္ဌိများ

ယင်းကဲ့သို့ အဝိဇ္ဇာနှင့်တဏှာ တရားဆိုးနှစ်ပါးကြောင့် အယူမှားခြင်းအမျိုးမျိုး (ဒိဋ္ဌိအမျိုးမျိုး)ဖြစ်ပေါ်လာရ၏။ ဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်သည် မိမိအယူမှားကြောင့် မျက်မှောက်ဘဝတွင်ရော၊ သံသရာတွင်ပါ မကောင်းကျိုးများ ခံစားရမည်သာဖြစ်၏။ ဒိဋ္ဌိ(၆၂)ပါးရှိသည့်အနက် အရေးကြီးဆုံးနှင့် ပဓာနအကျဆုံး ဒိဋ္ဌိများမှာ–

၁။ အတ္တဒိဋ္ဌိ ..... အသက်ရှင်မှုကိုလည်းကောင်း၊ သိမှု ခံစားမှုအလုံးစုံကိုလည်းကောင်း၊ အကောင်းအဆိုး ကံအမျိုးမျိုးကိုလည်းကောင်း ဖြစ်စေတတ်သော အတ္တသည် မိမိတွင်ရော၊ သူတစ်ပါးတွင်ပါ ရှိသည်ထင်မှတ်စွဲယူခြင်း။

၂။ သဿတဒိဋ္ဌိ ..... ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည်တို့ အစစ်အမှန် ရှိသည်ဟူသောအနေဖြင့် ထင်မှတ်စွဲယူခြင်း၊

http://www.dhammadownload.com

ထိုအတ္တသည် မြဲသည်၊ ဘဝတစ်ခုမှတစ်ခုသို့ ပြောင်းသွားကျင်လည် သည်ဟု ထင်မှတ်စွဲယူခြင်း။

၃။ ဥစ္ဆေဒဒိဋ္ဌိ ..... သေပြီးလျှင် ဘဝသစ်မရှိတော့၊ ကုသိုလ်၊ အကုသိုလ် အကျိုးဆက်တို့သည် သေခြင်းနှင့်အတူ ပြတ်စဲသွားသည်ဟု ထင်မှတ်စွဲယူခြင်း။

၄။ အဟေတုကဒိဋ္ဌိ..... အတိတ်ကံတို့၏ အကြောင်းပြုမှုကင်းမဲ့စွာ လက်ရှိဘဝ ဖြစ်ပေါ်လာသည်ဟု ထင်မှတ်စွဲယူခြင်း။

၅။ ဝိသမဟေတုဒိဋ္ဌိ..... နတ်ဒေဝါ၊ မဟာဗြဟ္မာ၊ ဘုရားသခင်စသည့် တန်ခိုးရှင်တို့၏ ဖန်ဆင်းမှုကြောင့် ဘဝဖြစ်ပေါ်လာသည်ဟု ထင်မှတ်စွဲယူခြင်း။

နိယတမိစ္ဆာဒိဋ္ဌိ(၃)ပါး

သဘာဝသစ္စာကို လက်မခံသောဝါဒ (နိယတမိစ္ဆာဒိဋ္ဌိ)၃ ပါးတို့မှာ–

၁။ နတ္ထိကဒိဋ္ဌိ ..... သတ္တဝါတို့၏ ကောင်းကျိုး၊ မကောင်းကျိုးကို ပေးတတ်သောကုသိုလ်ကံ၊ အကုသိုလ်ကံသည် မရှိဟူ၍ ထင်မှတ်စွဲယူခြင်း။

၂။ အဟေတုကဒိဋ္ဌိ..... သတ္တဝါတို့၏ ရှေးအတိတ်အကြောင်းသည် မရှိဟူ၍ ထင်မှတ်စွဲယူခြင်း၊(ကံကံ၏အကျိုးကို ပစ်ပယ်ခြင်း)

၃။ အကိရိယဒိဋ္ဌိ ..... လူသတ္တဝါတို့သည်ကောင်းမှုပြုသော်လည်း ကောင်းမှုမဖြစ်၊ မကောင်းမှုကို ပြုသော်လည်း မကောင်းမှုမဖြစ်ဟူ၍ ထင်မှတ်စွဲယူခြင်း။

အပူမီးများစုဝေးရာ

မိစ္ဆာဒိဋ္ဌိ အယူရှိနေကြကုန်သော သတ္တဝါတို့သည်ကား လူ့ပြည်တွင် သူဌေးသူကြွယ် ဧကရာဇ်၊ စကြာမင်းဖြစ်၍ လူချမ်းသာစည်းစိမ်ဖြင့် နေကြကုန်လည်း ဒုစရိုက်မီးဟောင်းအနန္တ၊ ဒုစရိုက်မီးသစ်အနန္တ ဝိုင်းလျက်နေကြကုန်၏။ ကိလေသာမီးကို လွန်စွာတောက်စေနိုင်၊ ပွားစေနိုင်၏။ အပါယ်မီးတွေ ဝိုင်းလျက်နေကြပြီးသေသည်၏ အခြားမဲ့၌ အပါယ်လေးဘုံသို့ချည်း အကုန်တွန်းလွှဲ၍ ချကုန်၏။

နတ်ပြည်(၆)ထပ်မှ နတ်ချမ်းသာ၊ နတ်စည်းစိမ်၊ ဗြဟ္မာဘုံ(၂၀)မှ ဗြဟ္မာချမ်းသာ၊ ဗြဟ္မာစည်းစိမ်တို့သည်လည်း ဤအတိုင်းပင်ဖြစ်၏။ သို့ဖြစ်၍ မိစ္ဆာဒိဋ္ဌိသည် လူနတ်ဗြဟ္မာသတ္တဝါအပေါင်း၏ အလွန်ကြီးကျယ်လှစွာသော အန္တရာယ်အစစ်ကြီးဖြစ်၏။ ဒုက္ခ

http://www.dhammadownload.com

အစစ်ကြီးလည်းဖြစ်၏။ ဒိဋ္ဌိသည် အလွန်မှောက်မှားသော မိစ္ဆာဓမ္မကြီးဖြစ်၍ ထိုဒိဋ္ဌိ အုပ်စိုးလျက်ရှိနေကြကုန်သော သူတို့သန္တာန်၌ လောဘမီး၊ ဒေါသမီးနှင့် မောဟမီးတို့သည် အလွန်ထက်သန်နေကြကုန်၏။ ၁၅၀၀ ကိလေသာမီးတို့သည် အလွန် ကြမ်းတမ်းကုန်၏။ သဒ္ဓါအစရှိသော ကောင်းမြတ်သောတရားတို့သည် အလွန်နုံ့နေးသေးသိမ် ကုန်သည်သာ ဖြစ်၏။ ထို့ကြောင့် အပူမီးတို့ စုဝေးရာ သံသရာရှည်ရာ အကြောင်းဖြစ်သော မိစ္ဆာဒိဋ္ဌိအယူတို့ကို စွန့်၍ အလွန်အေးငြိမ်းရာ သံသရာပြတ်စဲရာအကြောင်းဖြစ်သော သမ္မာဒိဋ္ဌိ (ကောင်းသောအယူ၊ မှန်သောအယူ) အယူတို့ကိုသာ ထင်မှတ်စွဲယူကြပါကုန်။ သမ္မာဒိဋ္ဌိအမြင်သည်လည်း မြတ်ဗုဒ္ဓ၏ သာသနာတော် အတွင်းမှာသာ ပကတိ ထင်ရှားပြတ်သားစွာ တည်ရှိနိုင်ပေသည်။

ခန္ဓာငါးပါး

ခန္ဓာငါးပါးသည် ရုပ်၊ နာမ်(၂)ပါးတို့ ပေါင်းစပ်၍ ဖြစ်ပေါ်လာသည့် ခန္ဓာအစုအဝေးမျှသာဖြစ်သည်။ သမ္မာဒိဋ္ဌိအမြင်ရှိပြီးသူ၊ ဉာဏ်ပညာအဆင့်တက်ပြီးသူ၊ ဝိပဿနာဉာဏ်အဆင့်ရောက်ပြီးသူ၊ သက္ကာယဒိဋ္ဌိ ကင်းကွာပြီးသူတို့သည် လောကဌ္ဌ သူ၊ ငါ၊ ပုဂ္ဂိုလ်၊ မောင်လှ၊ မနီ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါစသည်ဖြင့် ပညတ်ထားသော အမည်နာမများမရှိတော့ဘဲ ခန္ဓာငါးပါးနှင့် ရုပ်နာမ်(၂)ပါး အစုအဝေးကိုသာ တွေ့မြင်တော့သည်။

ဤသို့ ထင်မြင်မှတ်ယူနိုင်သော သူသည်သာ အဝိဇ္ဇာလည်းမရှိ၊ နှစ်သက်တွယ်တာစွဲလမ်းစရာတဏှာလည်းမရှိ၊ အတ္တလည်းမရှိ၊ အလွန်အေးငြိမ်းခြင်းသို့ ရောက်ရှိလေ၏။

သတ္တဝါတို့၏ ခန္ဓာငါးပါးအစုအဝေးမှာ-

၁။ ရုပ်အစုဟူသော ရူပက္ခန္ဓာ၊ (အဏ္ဏတ္တ၊ ဗဟိဒ္ဓရုပ်လောကတစ်ခုလုံးပါဝင်၏)

၂။ ခံစားမှုအစုဟူသော ဝေဒနာက္ခန္ဓာ။(ကိုယ်၊စိတ်နှလုံး နှစ်မျိုးလုံးဖြင့် အာရုံခံစားရသမျှပါဝင်၏။)

၃။ အမှတ်ပြု၍ သိမှုအစုဟူသော သညာက္ခန္ဓာ၊ (အာရုံကိုအမှတ်ပြု၍ သိသောသညာ၊ စေတသိက်များ၏ အစုအပေါင်း)

၄။ စိတ်၏စေ့ဆော်မှု၊ ပြုပြင်မှုအစုဟူသော သခ်ါရက္ခန္ဓာ၊

၅။ အာရုံကို ထွေထွေထူးထူးသိမှုအစုဟူသော ဝိညာဏက္ခန္ဓာ။

ယင်းခန္ဓာငါးပါးတို့တွင် ဝေဒနာနှင့်သညာတို့သည် စေတနာအမှုများ မဟုတ်ကြ၍ ကံအကျိုးတရား (ဝိပါက်)ကို ဖြစ်ပွားမှုမရှိ။ သခ်ါရက္ခန္ဓာသည်သာ စိတ်၏ စေ့ဆော်မှုကြောင့်ဖြစ်သော ကောင်းမှု၊ မကောင်းမှုစေတနာများ ပါဝင်သဖြင့် ကံအကျိုးတရား (ဝိပါက်)ကို ဖြစ်ပွားစေသည်။

http://www.dhammadownload.com

ရုပ်နာမ်(၂)ပါး

၁။ ရုပ် ..... ခက်မာမှုကိရိယာ၊ ဖွဲ့စေးမှုကိရိယာ အစရှိသောရုပ်ခန္ဓာ၊

၂။ နာမ်..... မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အစရှိသည့် ခန္ဓာကိုယ်တို့၏ ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသော မြင်မှု၊ ကြားမှု၊ နံမှု အစရှိသည့် သိမှု၊ ခံစားမှု၊ မှတ်မှု၊ စေ့ဆော်မှုတို့သည် နာမ်ခန္ဓာများဖြစ်ကြ၏။

သက္ကာယဒိဋ္ဌိ

ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၌ မှားမှားယွင်းယွင်းထင်မြင်ယူဆခြင်းကို သက္ကာယဒိဋ္ဌိဟုခေါ်သည်။ သက္ကာယဒိဋ္ဌိသည် ရုပ်နာမ်ခန္ဓာ၌ "ငါ"ဟူသော အတ္တစွဲဖြင့် လွဲမှားသောအယူဖြစ်ပေရာ ထိုဒိဋ္ဌိသည် ဒိဋ္ဌိအမျိုးမျိုး၊ အကုသိုလ်အမျိုးမျိုးတို့၏ အခြေခံဖြစ်သည့် သံသရာဒုက္ခတို့ကို အဆက်မပြတ် ထပ်တလဲလဲမဆုံးနိုင်အောင် ခံရခြင်း၏ အကြောင်းဇီဇလည်းဖြစ်၏။

ထိုဒိဋ္ဌိရှိနေသူတို့အဖို့ အပါယ်လေးပါးမှာ ကိုယ်ပိုင်အိမ်ရာသဖွယ် ဖြစ်နေပေတော့ရာ ငရဲမီးအလောင်ခံရ၊ ပြိတ္တာဖြစ်၍အစာငတ် ရေငတ်ခံရ၊ တိရစ္ဆာန်ဖြစ်၍ ဒုက္ခအမျိုးမျိုးခံရခြင်းဖြင့် မရပ်မစဲဆင်းရဲခံကြရမည်ဖြစ်ရာ ကံတော်၍ သုဂတိရောက် ရသောဘဝမှာ ခုနစ်ရက် ခုနစ်လီ မည်းမှောင်နေသော မိုးကြီးထဲမှာ တစ်ခါတစ်ရံ စက္ကန့်ပိုင်းလေးမျှ လျှပ်စီးလက်လိုက်သကဲ့သို့သာ ရှိတော့၏။ ဤမျှမဆုံးနိုင်အောင် ခံရမည့် အနန္တဆင်းရဲကို့ကြောင့် ထိုဒိဋ္ဌိကြီးကို အရေးတကြီး ပယ်နုတ်ဖို့ရာ ဗုဒ္ဓမြတ်စွာက တိုက်တွန်းဟောကြားတော်မူခဲ့ခြင်းဖြစ်၏။

ရင်ဝလုံစူးခံရသူသည် လုံနုတ်ဖို့အရေးကြီးသည်ထက်လည်းကောင်း၊ ဦးခေါင်းမီးလောင်ခံရသူသည် မီးငြိမ်းအောင်ပြုဖို့ အရေးကြီးသည်ထက် သက္ကာယဒိဋ္ဌိ ပယ်ဖို့ကများစွာပို၍အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် ရင်ဝလုံစူးခြင်းနှင့် ဦးခေါင်း မီးလောင်ခံရခြင်းတို့၏ ဒုက္ခသည် တစ်ဘဝအတွက် ဒုက္ခသာဖြစ်ပြီး မဂ်ဖိုလ် မရမချင်း မဆုံးနိုင်အောင် ခံရဦးမည့် သက္ကာယဒိဋ္ဌိအတွက် ဒုက္ခနှင့်စာလျှင် မပြောပလောက်ပေ။

သက္ကာယဒိဋ္ဌိတည်းဟူသော ခန္ဓာငါးပါး၌ မှားယွင်းစွာထင်မြင်စွဲမှတ်ယူပုံမှာကား

၁။ ရုပ်သည်ပင်လျှင်ငါ၊

၂။ ငါသည်ပင်လျှင်ရုပ်၊

၃။ ရုပ်၌ငါရှိသည်၊

၄။ ငါ၌ရုပ်ရှိသည်၊

၅။ ဝေဒနာသည်ပင်လျှင်ငါ၊

http://www.dhammadownload.com

၆။ ငါသည်ပင်လျှင်ဝေဒနာ၊
၇။ ဝေဒနာခံငါရှိသည်၊
၈။ ငါခံဝေဒနာရှိသည်၊
၉။ သညာသည်ပင်လျှင်ငါ၊
၁၀။ ငါသည်ပင်လျှင်သညာ၊
၁၁။ သညာခံငါရှိသည်၊
၁၂။ ငါခံသညာရှိသည်၊
၁၃။ သင်္ခါရသည်ပင်လျှင်ငါ၊
၁၄။ ငါသည်ပင်လျှင်သင်္ခါရ၊
၁၅။ သင်္ခါရခံငါရှိသည်၊
၁၆။ ငါခံသင်္ခါရရှိသည်၊
၁၇။ ဝိညာဉ်သည်ပင်လျှင်ငါ၊
၁၈။ ငါသည်ပင်လျှင်ဝိညာဉ်၊
၁၉။ ဝိညာဉ်ခံငါရှိသည်၊
၂၀။ ငါခံဝိညာဉ်ရှိသည်။

ဤသို့အားဖြင့် သံသရာရှည်နေကြခြင်းမှာ "ငါ"ဟူသော တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ပူးကပ်နေသော သက္ကာယဒိဋ္ဌကြောင့်ပင်ဖြစ်သည်။ ငါစွဲ သက္ကာယဒိဋ္ဌိကင်းလျှင် ၃၁ ဘုံမှလွတ်မြောက်ရာနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်မည်ဖြစ်သည်။

ထို့ကြောင့် သံသရာဘေးဒုက္ခတို့ဖြင့် ထိတ်လန့်အောင် စိတ်ကိုလှန့်ပေးလျက် ဂုဏ်တော်(၆)ပါးနှင့် ပြည့်စုံကောင်းမွန်တော်မူသော ဗုဒ္ဓမြတ်စွာ တရားတော်ကိုရကြောင်း ကောင်းမြတ်သော မဏ္ဍိမပဋိပတ်အကျင့်မြတ်တို့ကို လွန်လွန်ကဲကဲ စိတ်ခွဲပြင်းထန် တစ်သန်တည်းထား ကြိုးစားအားထုတ်သင့်ပေသည်။

လက္ခဏာရေး(၃)ပါး

၁။ အနိစ္စ..... မမြဲခြင်းသဘော၊
၂။ ဒုက္ခ..... ဆင်းရဲခြင်းသဘော၊
၃။ အနတ္တ..... အစိုးမရခြင်းသဘော။

မြတ်ဗုဒ္ဓသာသနာတော်အတွင်း ကြဲကြိုက်ကြရကုန်သော သူတို့သည် သာသနာ အစစ်ဖြစ်သော သီလ၊ သမာဓိ၊ ပညာကိုရရှိခြင်းအကျိုးငှာ သက္ကာယဒိဋ္ဌကို ပယ်သတ်မှုဟုဆိုအပ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး(၃)ပါးကို ထင်မြင်အောင် အားထုတ်ကြရကုန်၏။ ယင်းလက္ခဏာရေး(၃)ပါးတို့တွင်လည်း-

http://www.dhammadownload.com

၁။ အနိစ္စလက္ခဏာသည် လိုရင်းပမာနဖြစ်၏။

၂။ အနိစ္စလက္ခဏာ ကောင်းစွာထင်မြင်ခဲ့လျှင် ဒုက္ခလက္ခဏာထင်မြင်တော့မည်။ ဒုက္ခလက္ခဏာထင်မြင်ခဲ့လျှင် အနတ္တလက္ခဏာ ထင်မြင်တော့မည်ဖြစ်၏။

၃။ အနတ္တလက္ခဏာကောင်းစွာထင်မြင်ခဲ့လျှင် သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းတော့မည်။

၄။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းခဲ့လျှင် ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် ထိုသူတို့သည်လည်း ပုထုဇဉ်အဖြစ်မှ ကျွတ်လွတ်ကြကုန်၍ အရိယာသူမြတ်အဖြစ်သို့ ရောက်ကြလေကုန်၏။

၅။ လောကီဘုံသားအဖြစ်မှ ကျွတ်လွတ်ကြကုန်၍ လောကုတ္တရာဘုံသားအဖြစ်သို့ ရောက်ကြလေကုန်၏။

၆။ သဉ္ဇာဒိသေသ နိဗ္ဗာန်ဘုံသားအဖြစ်သို့ ရောက်ကြလေကုန်၏။

၇။ အာဇီဝဋ္ဌမက သီလသည်လည်း ဘဝအဆက်ဆက် ကမ္မာဆက်ဆက် မပြတ်နိုင်သော နိစ္စနိယာမအဖြစ်သို့ ရောက်ကြလေကုန်၏။

၈။ ကုသိုလ်ကောင်းမှုတို့၌လည်းကောင်း၊ သတိပဋ္ဌာန်အမှုတို့၌လည်းကောင်း၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့၌လည်းကောင်း စိတ်၏ တည်ကြည်ခြင်းဟူသော သမာဓိသည်လည်း နိစ္စနိယာမအဖြစ်သို့ ရောက်လေ၏။

၉။ လက္ခဏာရေး သုံးပါးတို့၌လည်းကောင်း၊ သစ္စာလေးပါးတို့၌လည်းကောင်း၊ ထင်လင်းသော ပညာသည်လည်း နိစ္စနိယာမ အဖြစ်သို့ ရောက်လေကုန်၏။

၁၀။ ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့ ဘုံစဉ်စံအရိယာမျိုး ဖြစ်လေကုန်၍ ဘဝများစွာ ကမ္ဘာအဆက်ဆက် ကျင်လည်၍သွားကြကုန်သော်လည်း ထိုသီလ သမာဓိ ပညာ သာသနာတော်မြတ်ကြီး သုံးပါးတို့သည် တစ်ဘဝထက် တစ်ဘဝ တစ်ကမ္ဘာထက် တစ်ကမ္ဘာပွင့်လင်း စည်ကားကြီးပွားတိုးတက်၍သာ သွားကြကုန်တော့၏။ (ထိုသူတို့မှာ အနမတဂ္ဂ သံသရာ၌ သာသနာကွယ်သော ဘဝ၊ သာသနာပသော ကမ္ဘာဟူ၍မရှိကြကုန်ပြီ။)

၁၁။ အနုပါဒိသေသ နိဗ္ဗာန်သို့မကူးကြမီအတွင်း သဉ္ဇာဒိသေသ နိဗ္ဗာန်ကြီး၌ အမြဲတည်ကြကုန်၍ အထွတ်အမြတ်ဖြစ်သော လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို အစဉ်ခံစားစံစားရ၍သာ နေကြရကုန်၏။

၁၂။ လူ၊ နတ်၊ ဗြဟ္မာသုံးတန်သော ချမ်းသာတို့ကို ဘဝများစွာ ကမ္ဘာများစွာ ခံစားစံစားကြကုန်၍ အားရကြသောအခါ ငြီးငွေ့ကြကုန်သောအခါ စက်ဆုပ်ကြကုန်သောအခါမှ ခန္ဓာငါးပါးတို့ကို စွန့်ပစ်၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးကြကုန်၏။

http://www.dhammadownload.com

အနိစ္စ

အနိစ္စဆိုသည်မှာ ရုပ်ခန္ဓာ နာမ်ခန္ဓာ တရားတို့၏ မမြဲတတ်သော သဘော သဘာဝကြောင့် အနိစ္စမည်ကုန်၏။

အနိစ္စလက္ခဏာ(၁၀)ပါး

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့၏ ခဏမစဲဖြစ်ပေါ်ခြင်း၊ ခဏမစဲပျက်ဆုံးခြင်းဟူသော မမြဲခြင်းကိရိယာတို့သည် ယင်းရုပ်ခန္ဓာနာမ်ခန္ဓာတို့ကို ဤတရားတို့ကား အနိစ္စစင်စစ်တို့တည်းဟူ၍ မုချဆုံးဖြတ်ကြောင်း ဖြစ်သောကြောင့် အနိစ္စလက္ခဏာမည်ကုန်၏။ ဖြစ်ပေါ်ခြင်း၊ ပျက်စီးခြင်း နှစ်ပါးတို့တွင် ပျက်စီးခြင်းသည်သာ အနိစ္စလက္ခဏာ အစစ်ဖြစ်သည်။

အနိစ္စလက္ခဏာ(၁၀)ပါးတို့မှာ–

ဣမေပဥ္စက္ခန္ဓာ ငါးပါးသောခန္ဓာတို့သည်–

၁။ အနိစ္စာ – မြဲခြင်းသဘောမရှိကုန်၊
၂။ အဓုဝါ – ခိုင်မြဲခြင်းသဘောမရှိကုန်၊
၃။ အသာရာ – အနှစ်သာရမရှိကုန်၊
၄။ စလာ – ရွေ့လျားတတ်ကုန်၏၊
၅။ ပလောကဓမ္မာ – ပျက်စီးခြင်းသဘောရှိကုန်၏၊
၆။ စိပရိဏာမဓမ္မာ– ဖောက်ပြန်ခြင်းသဘောရှိကုန်၏၊
၇။ မရဏဓမ္မာ – သေဆုံးခြင်းသဘောရှိကုန်၏၊
၈။ ဝိဘဝဓမ္မာ – ဆုံးရှုံးခြင်းသဘောရှိကုန်၏၊
၉။ သခ်ံတာ – အဖန်ဖန်ပြုပြင်အပ်ကုန်၏၊
၁၀။ ပဘင်္ဂုနော – ဖရိုဖရဲပြိုကွဲခြင်းသဘောရှိကုန်၏။

ဒုက္ခ

ရုပ်ခန္ဓာ နာမ်ခန္ဓာတရားတို့၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော သဘောကြောင့် ဒုက္ခမည်ကုန်၏။

ဒုက္ခလက္ခဏာ(၂၅)ပါး

အနိစ္စမျိုး စင်စစ်ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဒုက္ခစင်စစ်ဖြစ်ကုန်၏။ အနိစ္စလက္ခဏာ စင်စစ်ဖြစ်ကုန်သော ခဏမစဲဖြစ်ပေါ်မှု၊ ခဏမစဲချုပ်ပျက်မှုတို့သည်

http://www.dhammadownload.com

ဒုက္ခလက္ခဏာစင်စစ် ဖြစ်ကုန်၏။ ခက်မာမှု၊ ဖွဲ့စည်းမှု၊ သိမှု၊ မြင်မှု အစရှိသည်တို့သည် ဖြစ်ချည်ပျက်ချည် နေကြကုန်၏။ ဖြစ်မှုပျက်မှုကိုမြင်သဖြင့် ခက်မာမှု ဖွဲ့စည်းမှု သိမြင်မှု စသည်တို့ကို ဤတရားတို့ကား ဒုက္ခတို့တည်းဟု သိနိုင်ဆုံးဖြတ်နိုင်ကုန်၏။ ထို့ကြောင့် ဖြစ်မှုပျက်မှုတို့ကို ဒုက္ခလက္ခဏာဟုဆိုသတည်း။

ယင်းဒုက္ခလက္ခဏာ(၂၅)ပါးတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ကွမေပဉ္စက္ခန္ဓာ ဤငါးပါးသောခန္ဓာတို့သည်-

(၁) ဒုက္ခာ။ ယုတ်မာညစ်ဆိုး ဒုက္ခမျိုးတို့သာတည်း။

(၂) ဘယာ။ကြောက်ဖွယ်ညစ်ဆိုး ဘေးရန်မျိုးတို့သာတည်း။

(၃) ဤတီ။ ထိတ်လန့်စဖွယ် အန္တရာယ်မျိုးတို့သာတည်း။

(၄) ဥပဒ္ဒဝါ။ လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပဒ်မျိုးတို့သာတည်း။

(၅) ဥပသဂ္ဂါ။ တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပဒ်မျိုးတို့သာတည်း။

(၆) ရောဂါ။ ကျင်နာညစ်ဆိုး ရောဂါမျိုးတို့သာတည်း။

(၇) ဂဏ္ဍာ။ မဖွယ်ရပ်ဆင်း ထွတ်ခြင်းအနာမျိုးတို့သာတည်း။

(၈) အာဗာဓာ။ နှိပ်စက်ညစ်ဆိုး အနာမျိုးတို့သာတည်း။

(၉) သလ္လာ။ စူးဝင်ညစ်ဆိုး မြားငြောင့်မျိုးတို့သာတည်း။

(၁၀) အဃာ။ အကျိုးယုတ်အကျိုးမဲ့မျိုးတို့သာတည်း။

(၁၁) အတာဏာ။ စောင့်ရှောက်မဲ့လျဉ်း ဘေး၏အသင်းတို့သာတည်း။

(၁၂) အလေဏာ။ ကွယ်ကာမဲ့လျဉ်း ဘေး၏အသင်းတို့သာတည်း။

(၁၃) အသရဏာ။ ကိုးရာမဲ့လျဉ်း ဘေး၏အသင်းတို့သာတည်း။

(၁၄) အာဒီနဝါ။ ဆိုးဝါးညစ်ကျအပြစ်စုတို့သာတည်း။

(၁၅) အဃမူလာ။ ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်တို့သာတည်း။

(၁၆) ဝဓဏာ။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါကို နာရီမလပ် အတွင်သတ်သည့် သူသတ်မျိုးရိုးတို့သာတည်း။

(၁၇) အာသဝါ။ အာသဝေါတရား လေးပါးတို့၏ အစီးအပွားတို့သာတည်း။

(၁၈) မာရာမိသာ။ ကိလေသာမာရ်၊ မစ္စုမာရ်တို့၏ စားဖတ်ဝါးဖတ် သုံးသပ်နင်းနယ်ရာတို့တည်း။

(၁၉) ဇာတိဓမ္မာ။ သတ္တဝါကိုမည္သာမဲ့ အရွဲ့အစောင်းမကောင်း ဆိုးညစ် ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏။

(၂၀) ဇရာဓမ္မာ။ ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိကုန်၏။

(၂၁) ဗျာဓိဓမ္မာ။ နာခြင်း သဘောရှိကုန်၏။

(၂၂) သောကဓမ္မာ။ စိုးရိမ်ပူပန်ရခြင်း သဘောရှိကုန်၏။

http://www.dhammadownload.com

(၂၃) ပရိဒေဝဓမ္မာ။ ငိုကြွေးမြည်တမ်းရခြင်း သဘောရှိကုန်၏။
(၂၄) ဥပါယာသဓမ္မာ။ သက်ကြီးရွှိက်ငင် ပင်ပန်းရခြင်း ၊သဘောရှိကုန်၏။
(၂၅) သံကိလေသိကဓမ္မာ။ တဏှာ၊ ဒိဋ္ဌိ၊ ဒုစ္စရိတတည်းဟူသော ညစ်နွမ်းခြင်း(၃)ပါး ကို ပွားစီးစေတတ်သော သဘောရှိကုန်၏။

အနတ္တ

အနတ္တသဒ္ဒါသည် အနက်အဓိပ္ပာယ်အားဖြင့် အောက်ပါအတိုင်း (၄)မျိုးပြ၏။

(၁) အဝသဝတ္တနဋ္ဌ။ မိမိအလိုသို့ မလိုက်ခြင်း၊ မိမိဖြစ်ချင်သလို မဖြစ်ခြင်းအနက်၊ (တည်ဆဲရုပ်ကို မအိုမင်းပါစေနှင့်။ အိုသောရုပ်သည် မပြိုကွဲ မပျက်စီးပါစေနှင့် စသည်ဖြင့် မိမိတို့တောင့်တတိုင်းမဖြစ်ခြင်း မိမိအလိုသို့ မလိုက်ခြင်းသဘော)

(၂) အသာမိကဋ္ဌ။ ပိုင်ဆိုင်သူမရှိခြင်းအနက်(ခန္ဓာငါးပါးတရားတို့သည် မိမိတို့၏ သဘောအတိုင်းသာ ဖြစ်ပျက်နေကြသည်။ မည်သို့ဖြစ်စေဟူ၍ အမိန့်ပေးနိုင်သူ၊ ပိုင်စိုးသူ တစ်စုံတစ်ယောက်မျှမရှိခြင်းသဘော)

(၃) သုညဘဋ္ဌ။ ပြုပြင်စီမံတတ်ဖန်တီးတတ်သောသဘောမှ ဆိတ်သုဉ်းခြင်းအနက် (ခန္ဓာငါးပါးတရားတို့သည် ပြုလုပ်တတ် ခံစားတတ် ပြုပြင်စီရင်တတ် ဖန်တီး တတ်သော သဘောမှ ဆိတ်သုဉ်းခြင်းသဘော)

(၄) အတ္တပဋိက္ခေပဋ္ဌ။ တိတ္ထိတို့၏ မပျက်မစီး အမြဲတည်တံ့သည်ဟု စွဲယူသော အတ္တကိုပယ်ခြင်းအနက် (သာသနာပ တိတ္ထိတို့သည် ခန္ဓာငါးပါးကို မပျက်မစီး အမြဲတည်သောအတ္တဟုကြံဆစွဲလမ်းကြကုန်၏။ ခန္ဓာငါးပါးတို့သည် ထိုအတ္တ သဘောမရှိခြင်းကြောင့် အနတ္တမည်ခြင်းသဘော)

ဤအနတ္တသဘောသည် မြတ်ဗုဒ္ဓ ပွင့်တော်မူသည့်အခါမှသာ တည်ရှိခြင်း မဟုတ်ဘဲ မူလကတည်းက မိမိတို့သဘာဝအတိုင်း တည်ရှိနေ၏။ မြတ်ဘုရားရှင် ပွင့်တော်မူလာမှသာ အနတ္တသဘောကို ဖော်ထုတ်ဟောကြားခဲ့၍ လူ၊ နတ်၊ ဗြဟ္မာ တို့ သိရှိနားလည်ကြရသည်။ သတ္တဝါတို့သည် မမြဲခြင်း (အနိစ္စ)သဘောနှင့် ဆင်းရဲခြင်း (ဒုက္ခ) သဘောတို့ကို သိလွယ်မြင်လွယ် ကြသော်လည်း အနတ္တသဘောကိုမူကား သိမြင်ရန်ခက်ခဲကြသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် ခက်ခဲသိမ်မွေ့သော အနတ္တသဘောကို ထင်ရှားအောင် အနတ္တလက္ခဏသုတ်တော်ဖြင့် ဟောကြားပြသတော်မူခဲ့သည်။

http://www.dhammadownload.com

အနတ္တလက္ခဏာ(၅)ပါး

ဣမေ ပဉ္စက္ခန္ဓာ ဉာဝါးပါးသောခန္ဓာတို့သည် –

၁။ အနတ္တာ...ကိုယ်မဟုတ်ကုန်၊ အစိုးမရကုန်၊ အလိုသို့မလိုက်ကုန်။

၂။ ပရေ...အကျွမ်းဝင်ခြင်း မမြဲကင်းသော သူစိမ်းပြင်ပတို့သာတည်း။

၃။ ရိတ္တာ...အနှစ်သာရ ဟူသမျှနှင့် မြူစမယှဉ်အစဉ်ဆိတ်ကင်းသော တရားတို့သာတည်း။

၄။ တုစ္ဆာ...ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခဟူသမျှနှင့် မြူစမနီး အချည်းနှီးသော တရားတို့သာတည်း။

၅။ သုညာ...ထောက်ရာတည်ရာ ကိုးကွယ်ရာမျိုး တစိုးတစိမရှိ လုံးလုံးအသုံးမကျသော တရားတို့သာတည်း။

အနတ္တလက္ခဏသုတ်တော်

မြတ်ဗုဒ္ဓသည် ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဓမ္မစက္ကာတရားဦးကို ပဉ္စဝဂ္ဂိငါးဦးတို့အား ဟောကြားတော်မူပြီးနောက် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် ယင်း ပဉ္စဝဂ္ဂိငါးဦးကိုပင် အနတ္တလက္ခဏသုတ်တော်ကိုဆက်လက်ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားသည် ခက်ခဲသိမ်မွေ့သော အနတ္တသဘောကိုထင်ရှားအောင် ဟောကြားပြသတော်မူခဲ့ခြင်းကြောင့် ဉာသုတ်တော်၏ အဆုံး၌ ပဉ္စဝဂ္ဂိငါးဦးစလုံးသည် အာသဝေါတရားများကင်းကွာ၍ ရဟန္တာများဖြစ်ကြလေကုန်၏။ တစ်နည်းအားဖြင့် ဉာသုတ်တော်ကြောင့် ပဉ္စဝဂ္ဂိငါးဦးသည် ဂေါတမဘုရားရှင်လက်ထက်တော်၌ ပထမဆုံးသော ရဟန္တာကြီးများဖြစ်တော်မူခဲ့ကြ၏။

ဉာသုတ်တော်၏ အနှစ်ချုပ်မှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တည်းဟူသော ခန္ဓာငါးပါးအစုအဝေးသည် မိမိဖြစ်စေလိုသည့်အတိုင်း မဖြစ်နိုင်ကြ။ အကြောင်းညီညွတ်သလိုသာ ဖြစ်ပျက်နေကြသော သဘာဝတရားများသာ ဖြစ်ကြသည်။ ခန္ဓာငါးပါးသည် တည်မြဲနေသော အတ္တများမဟုတ်။ အချိန်တိုင်းအချိန်တိုင်း ခဏမစဲ တဖြစ်တည်းဖြစ်၊ တပျက်တည်းပျက်နေကြသဖြင့် မတည်မြဲသောအနိစ္စတရားများသာဖြစ်ကြသည်။ သို့ဖြစ်၍ ခန္ဓာငါးပါးသည် နှစ်သက်အပ်သော မိမိအလိုသို့ဆောင်ကုန်သော သုခတရားများမဟုတ်။ မမြဲသော အစိုးမရသော ဆင်းရဲဒုက္ခတရားများသာ ဖြစ်သည်။ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ သတ္တဝါဟူ၍မရှိဘဲ ရုပ်နာမ်နှစ်ပါးသာရှိသည်။ ရုပ်နာမ်နှစ်ပါးနှင့် ခန္ဓာငါးပါးတို့သည် ဖော်ပြခဲ့သည့်အတိုင်း

http://www.dhammadownload.com

မမြဲသော၊ အစိုးမရသော တရားများသာဖြစ်သဖြင့် မိမိကိုယ်ကို အတ္တဟုမမှတ်ယူသင့်ရုပ်နာမ်ခန္ဓာငါးပါးမှန်သမျှကို ငါမဟုတ်၊ သူမဟုတ်၊ သတ္တဝါမဟုတ်၊ အတ္တမဟုတ်ဟု ကိုယ်တွေ့ဉာဏ်ဖြင့် အရှိသဘာဝအတိုင်း သိအောင်ရှုပွားရမည်။ တဏှာ၊ မာန၊ ဒိဋ္ဌိဂါဟ တို့ဖြင့်မရှုကြည့်အပ်။

ရုပ်နာမ်နှစ်ပါးနှင့် ခန္ဓာငါးပါးတို့၌ ဖြစ်ဖြစ်သမျှသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကြီးသာ ဖြစ်သည်ဟု လက္ခဏာရေးသုံးပါးဖြင့် ရှုမြင်ပြီး ပညာဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်လာပါက သက္ကာယဒိဋ္ဌိ ကင်းကွာ၍ ခန္ဓာငါးစုံ၌ ငြီးငွေ့သောဉာဏ်ဖြစ်ပေါ်လာမည်။ ခန္ဓာငါးပါး ၌ ငြီးငွေ့လာလျှင် တပ်မက်ခြင်း တဏှာကင်းလျက် အရိယာမဂ်ဉာဏ်ဖြစ်ပေါ်လာ၏။ ကိလေသာမှ လွတ်မြောက်လျက် အရိယာ မဂ်ဉာဏ်ကို ရရှိလာခြင်းဖြင့် ဘဝအသစ် ဖြစ်ပေါ်မှုကုန်ဆုံးပြီး ဆင်းရဲခြင်းအပေါင်း ချုပ်ငြိမ်းမည်။

ဤသို့အားဖြင့် အနတ္တလက္ခဏာသုတ်တော်တွင် –

၁။ ခန္ဓာငါးပါးတို့၏အနတ္တဖြစ်ပုံ၊ ၂။ ခန္ဓာငါးပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံ ၃။ ဝိပဿနာပညာ၊ မဂ်ပညာဖြင့်ရှုမြင်ပုံ၊ ၄။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်ဖြစ်ပေါ်ပုံ ၅။ ပဉ္စဝဂ္ဂီရဟန်းတို့ ရဟန္တာဖြစ်ကြပုံဟူ၍ အပိုင်း(၅)ပိုင်း ပါဝင်သည်။

(မြတ်ဗုဒ္ဓ၏ မူလအရင်းခံတရားတော်များအကျဉ်းပြီး၏။)

ဗောဓိပက္ခိယတရား(၃၇)ပါး

မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်တော်မူချိန်ကစပြီး (၄၅)ဝါပတ်လုံး ဟောကြားတော် မူခဲ့သည့် ဝိဋ္ဌကတ်သုံးပုံကို အဆီညှစ်၍ အနှစ်သာရကိုထုတ်ယူသော် ဗောဓိပက္ခိယတရား(၃၇)ပါးရ၏။ ယင်း(၃၇)ပါးကိုအကျဉ်းချုံးပြန်သော် ဝိသုဒ္ဓိ(၇)ပါး ဖြစ်၏။ ယင်း(၇)ပါးကို အကျဉ်းချုံးပြန်သော်သီလ၊ သမာဓိ၊ ပညာတည်းသော သာသနာတော်ကြီး(၃)ပါး၊ တစ်နည်းအားဖြင့် သိက္ခာသုံးပါးကိုရ၏။

ဗောဓိပက္ခိယတရား(၃၇)ပါးသည် ဘုရားရှင်၏အမွေတော်၊ သာသနာအမွေတော်မည်၏။ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး၌ အသချေ်ယျအနန္တအဖိုးထိုက်သော အမြိုက်ဥစ္စာရတနာတို့ မည်ကုန်၏။ ထို့ပြင် မြတ်ဗုဒ္ဓက ဤတရား(၃၇)ပါးသည် အရိယသီလ အရိယသမာဓိ၊ အရိယပညာ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤတရားများနှင့် ပြည့်စုံသောသူကို ပကတိ လူပုဂ္ဂိုလ်ပင်ဖြစ်စေ ရဟန်းဟု ဆိုအပ်သည်ဟူ၍လည်းကောင်း ဟောကြားတော်မူခဲ့သည်။

http://www.dhammadownload.com

ယင်းတရား(၃၇)ပါးတို့မှာ သတိပဋ္ဌာန်(၄)ပါး သမ္မပ္ပဓာန်(၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါး၊ ဣန္ဒြေ(၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်(၈)ပါး၊ စုစုပေါင်းအကျဉ်းအားဖြင့်(၇)ပါး အကျယ်အားဖြင့်(၃၇)ပါးဖြစ်ပါသည်။

ယင်း(၃၇)ပါးတွင် ဗောဇ္ဈင်(၇)ပါးမှာ ရှေ့တွင်ဖော် ပြခဲ့ပြီး သတိပဋ္ဌာန်(၄)ပါးနှင့် မဂ္ဂင်(၈)ပါးတို့ကို သီးခြားအခန်းဖြင့် ဖော်ပြပါမည်။ ယခုကျန်တရားတော်များကို အကျဉ်းဖော်ပြပါမည်။

သမ္မပ္ပဓာန်တရား(၄)ပါး

သမ္မပ္ပဓာန်ဆိုသည်မှာ တွန့်တိုခြင်းမရှိသော ဝီရိယကိုဆိုလို၏။ ယင်းတရား(၄)ပါးမှာ

၁။ မိမိသန္တာန်၌ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကိုပယ်ခြင်းငှာ အားထုတ်ခြင်း၊

၂။ မိမိသန္တာန်၌ မဖြစ်သေးသော အကုသိုလ်တရားတို့ကို ဖြစ်ပေါ်မလာစေရန် အားထုတ်ခြင်း။

၃။ မိမိသန္တာန်၌ မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားစေရန် အားထုတ်ခြင်း၊

၄။ မိမိသန္တာန်၌ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို လွန်စွာကြီးပွား စည်ပင်စေခြင်းငှာ အားထုတ်ခြင်း။

ဣဒ္ဓိပါဒ်(၄)ပါး

ဣဒ္ဓိဆိုသည်မှာ ပြီးစီးပေါက်ရောက် ထမြောက်အောင်မြင်ခြင်းပင် ဖြစ်၏။ ဣဒ္ဓိသည် ဤသာသနာတော်မြတ်ကြီး၌ လိုရင်းအားဖြင့် အောက်ပါအတိုင်း (၅)ပါးရှိသည်-

(၁) အထူးသိထိုက်ကုန်သော ရုပ်၊နာမ်တရားတို့၌ အထူးသိမှု၏ ပြီးစီးခြင်း၊

(၂) ပိုင်ပိုင်သိထိုက်သော ဒုက္ခသစ္စာတရားတို့၌ ပိုင်ပိုင်သိမှု၏ပြီးစီးခြင်း၊

(၃) ပယ်ထိုက်သော သမုဒယသစ္စာတရားတို့၌ ပယ်မှု၏ပြီးစီးခြင်း၊

(၄) မျက်မှောက်ပြုထိုက်သော တရားတို့၌ မျက်မှောက်ပြုမှု၏ပြီးစီးခြင်း၊

(၅) ပွားထိုက်သော တရားတို့၌ ပွားမှု၏ပြီးစီးခြင်း၊

ဣဒ္ဓိပါဒ်ဆိုသည်မှာ ပြည့်စုံခြင်း၊ ပြီးစီးခြင်း၏ အခြေအမြစ်ဟု ဆိုလို၏။ (ဣဒ္ဓိ ....ပြီးစီးပြည့်စုံခြင်း၊ ပါဒေါ ....အခြေအမြစ်) ယင်းဣဒ္ဓိပါဒ်တရား (၄)ပါးမှာ

http://www.dhammadownload.com

၁။ ဆန္ဒ.... လိုချင်မှု၊ ရချင်မှု၊ ပြည့်စုံချင်မှု၊ ပြီးစီးချင်မှု (အလွန်အကျူး ထက်သန်သော ဆန္ဒကိုဆိုလိုသည်)

၂။ ဝီရိယ.... အားထုတ်မှု (အင်္ဂါလေးပါးဖြင့်ပြည့်စုံသော သမ္မပ္ပဓာန်ဝီရိယကို ဆိုလိုသည်)

၃။ စိတ်(စိတ္တ)....စွဲလမ်းမှု(ဖော်ပြပါကျွဲ့ဒို့ဒို့ဒို

http://www.dhammadownload.com

ကမ္မဋ္ဌာန်းအာရုံသည် ထင်မြင်စွဲမှတ်ခြင်းသို့ မရောက်နိုင်။

(ခ) ဘာဝနာဝီရိယ ... ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ပျံ့းရှိခြင်းပျောက်ငြိမ်း၍ စိတ်ထက်သန်မှုသို့ရောက်ခြင်း၊ စိတ်သည် စိတ်သန်ရာအာရုံ၌ နေရမှု ပျော်နေသဖြင့် ကမ္မဋ္ဌာန်းဘာဝနာ၌ တစ်နေ့တခြား လွယ်ကူစွာ ထင်မှတ်စွဲမြဲနိုင်၏။

၃။ သတိန္ဒြေ ... သတိပဋ္ဌာန်လေးပါး(ခေါ်) ဘာဝနာသတိက အစိုးရခြင်း၊

၄။ သမာဓိန္ဒြေ ... စိတ်၏ တည့်တံ့ခိုင်မြဲမှုကို အစိုးရခြင်း၊ သတိပဋ္ဌာန်အာရုံ၌ စိတ်၏ မငြိမ်သက်မှုကို သမာဓိန္ဒြေက ပယ်သတ်၏။ သတိန္ဒြေရင့်ပြီးနောက် သမထလမ်းသို့ ဆက်လိုက်ခဲ့သော် သမာဓိန္ဒြေသည် သမာပတ်(၈)ပါး ဖြစ်လာ၏။

၅။ ပညိန္ဒြေ ... ပညာကို အစိုးရခြင်း၊ သမာဓိန္ဒြေရင့်ပြီးနောက် ပညာဖြင့် ဝိပဿနာလမ်းသို့ ဆက်လိုက်ခဲ့သော် ပညိန္ဒြေသည် ပညာဝိသုဒ္ဓိ(၅)ပါး၊ အနုပဿနာဉာဏ်(၃)ပါး၊ ဝိပဿနာဉာဏ်(၁၀)ပါး၊ မဂ်ဉာဏ်(၄)ပါး၊ ဖိုလ်ဉာဏ်(၄)ပါး၊ ပစ္စဝေက္ခဏာဉာဏ်(၂၆)ပါး တို့ ဖြစ်လာကြ၏။

ရှေ့၌ဖြစ်သော သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေနှင့် သတိန္ဒြေတို့သည် နောက်၌ဖြစ်သော သမာဓိန္ဒြေနှင့် ပညိန္ဒြေတို့ကို အထွတ်အထိပ်သို့ရောက်အောင် ပို့ဆောင်၏။ ယင်းကုန္ဒြေငါးပါး အဆင့်ဆင့်ကြီးပွားလေ စိတ်ဆန္ဒ အဆင့်ဆင့် တိုးတက်လေဖြစ်၍ ငါးပါးလုံးစုံလင်စွာ ထူထောင်မိသောအခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်လေတော့သည်။ ထို့ကြောင့် ယင်းကုန္ဒြေငါးပါးကို ပွားများအားထုတ်သင့်လှ၏။

ဖိုလ်(၅)ပါး

ဖိုလ်ဆိုသည်မှာ ဆန့်ကျင်ဘက်တရားတို့ကို အားတိုက်ဖိစီး တိုက်ဖျက်ခြင်းကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ဆန့်ကျင်ဘက်ရန်သူတို့နှင့် တွေ့ကြုံလျှင် မတုန်လှုပ်ဘဲ အခြေမြဲခြင်းဟုလည်း ဆိုလိုသည်။ သက္ကာယဒိဋ္ဌိ ရန်သူကြီးကို တိုက်ဖျက်နိုင်သော ဖိုလ်(၅)ပါးမှာ -

၁။ သဒ္ဓါဖိုလ်၊
၂။ ဝီရိယဖိုလ်၊
၃။ သတိဖိုလ်၊

http://www.dhammadownload.com

၄။ သမာဓိဗိုလ်

၅။ ပညာဗိုလ်တို့ ဖြစ်ပါသည်။

သဒ္ဓါဗိုလ်နှင့် ဝီရိယဗိုလ်တို့သည် တဏှာနှင့်အလိုက်သင့်ပေါင်းဖက်၍ ပြုလုပ်သောဒါန၊ သီလ စသည်တို့၌ ဖြစ်ပေါ်သော သဒ္ဓါနှင့် ဝီရိယတို့ မဟုတ်ဘဲ ထွက်သက်ဝင်သက်အစရှိသည့် သတိပဋ္ဌာန်ဘာဝနာတို့ ပွားများရာမှ ဖြစ်ပေါ်လာသော သဒ္ဓါနှင့် ဝီရိယတို့သာ ဖြစ်ပါသည်။ ဤဗိုလ်ငါးပါးတွင် တစ်ပါးပါးအားနည်းလျှင် သမထ၊ ဝိပဿနာ တွင်ကျယ်စွာ မဖြစ်ထွန်းနိုင်ပေ။ ဗိုလ်(ငါး)ပါးလုံး ပြည့်စုံပြီး အင်အားကြီးမားလျှင် သက္ကာယဒိဋ္ဌိကြီး ပျက်စီးကာ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်တော့သည်။ ထို့ကြောင့် မိမိတို့၏ ဗိုလ်ငါးပါးကို အင်အားကောင်းစေရန် အားထုတ်ကြပါကုန်။

(ဤတွင် ဗောဓိပက္ခိယတရား(၃၇)ပါးအကျဉ်းပြီး၏။ ဆက်လက်၍ မြတ်ဗုဒ္ဓဒေသနာတော်ဆိုင်ရာ သိမှတ်ဖွယ်အဖြာဖြာကို တင်ပြပါမည်။)

ဝိသုဒ္ဓိ(၇)ပါး

ဝိသုဒ္ဓိဆိုသည်မှာ စင်ကြယ်ခြင်းဖြစ်သည်။ ယင်းတရား(၇)ပါးတို့မှာ –

၁။ သီလဝိသုဒ္ဓိ... အကျင့်သီလ၌ စင်ကြယ်ခြင်း၊

၂။ စိတ္တဝိသုဒ္ဓိ... စိတ်၏ စင်ကြယ်ခြင်း၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိ အယူမှားတို့မှ စင်ကြယ်ခြင်း၊

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ... ဝိစိကိစ္ဆာ(ယုံမှားသံသယဖြစ်ခြင်း)တို့မှ စင်ကြယ်ခြင်း၊

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ... မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြား၍ သိမြင်ခြင်း။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ... မဂ်ဖိုလ်ရကြောင်းအကျင့် ဟုတ်သည် မဟုတ်သည်ကို ကောင်းစွာ ထင်လင်းသိမြင်ခြင်း၊

၇။ လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ... ရှေ့ဝိသုဒ္ဓိ(၆)ပါးကို အစဉ်ဖြင့် အဆင့်ဆင့်တက်၍ ရသောမဂ်၊

ပညာဝိသုဒ္ဓိတရား(၅)ပါးသည် ဒိဋ္ဌိဝိသုဒ္ဓိမှ အစပြုသည့် ဝိသုဒ္ဓိ(၅)ပါးကို ဆိုလိုပါသည်။ ဤတွင် ရှေ့သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ(၂)ပါး မစင်ကြယ်လျှင် ကျန်ဝိသုဒ္ဓိများ မစင်ကြယ်နိုင်ပေ။

http://www.dhammadownload.com

အနုပဿနာဉာဏ် (၃)ပါး

၁။ အနိစ္စာ နုပဿနာဉာဏ်... အနိစ္စ(မမြဲခြင်း)ကို မြင်သောဉာဏ်၊
၂။ ဒုက္ခာ နုပဿနာဉာဏ်... ဒုက္ခ(ဆင်းရဲခြင်း)ကို မြင်သောဉာဏ်၊
၃။ အနတ္တာ နုပဿနာဉာဏ်... အနတ္တ(အစိုးမရခြင်း)ကို မြင်သောဉာဏ်။

အနုပဿနာဉာဏ်ဖြင့် ပယ်အပ်သောတရားများ

၁။ စွဲလမ်းတတ်သောတရား (၃)ပါး

(က) မာန... ထောင်လွှားခြင်း၊
(ခ) တဏှာ... တွယ်တာခြင်း၊
(ဂ) ဒိဋ္ဌိ... အမြင်မှားခြင်း။

၂။ စွဲလမ်းသောအခြင်းအရာ(၃)ပါး:

(က) ဧသောဟမသ္မိ... ဤသည်ကား ငါဖြစ်၏။
(ခ) ဧတံမမ... ဤသည်ကား ငါ့ဟာတည်း၊
(ဂ) ဧသောမေအတ္တာ... ဤသည်ကား ငါ၏အတ္တတည်း(တစ်နည်းအားဖြင့်) အတည်ခံ အမာခံ အနှစ်အသားတည်း။

၃။ စွဲလမ်းရာဝတ္ထု(၃)ပါး:

(က) နိမိတ္တ... ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဦးခေါင်း စသော ဒြပ်များကို စွဲလမ်းခြင်း။
(ခ) ပဏိဟိတ...လှပတင့်တယ်ဆန်းကြယ်သည့်အရာများ ကောင်းမြတ်ချမ်းသာသည့်အရာများကို မက်လာကျက်သရေရှိသော မက်မောဖွယ်များဟု စွဲလမ်းခြင်း၊
(ဂ) အတ္တဇီဝ... ခန္ဓာငါးပါးသည် အတ္တမည်၏။ နှစ်လရှည်ကြာစွာ တည်နေသမျှ အတ္တဟု စွဲလမ်းခြင်း။

အစွဲအလမ်းကို ဖျောက်ပယ်တတ်သော အနုပဿနာဉာဏ်(၃)ပါး:

၁။ အနိမိတ္တ.... ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော အကြောင်းတို့မှ ကင်းသည်၏ အဖြစ်၊
၂။ အပ္ပဏိဟိတာ.... ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော အကြောင်းတို့မှ တောင့်တခြင်းကင်းသည်၏အဖြစ်၊
၃။ သုညတာ.... ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော အကြောင်းတို့မှဆိတ်သုဉ်းသည်၏ အဖြစ်။

http://www.dhammadownload.com

ပဋ္ဌာန်းဒေသနာတော်

ပဋ္ဌာန်းဆိုသည်မှာ အထူးထူးအပြားပြား အကြောင်းပစ္စည်းတရားများဟူသော အနက်သဘော ဆောင်၏။ ဤပဋ္ဌာန်းတရားကြီးများသည် သာမန်တရားမဟုတ်၊ အလွန့်အလွန် တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားစေသော တရားကြီးများလည်းဖြစ်၊ အလွန့်အလွန် ကျယ်ဝန်းလှသော တရားကြီးများလည်းဖြစ်၊ အလွန့်အလွန် နက်နဲခက်ခဲသိမ်မွေ့နူးညံ့သော တရားကြီးများလည်း ဖြစ်ကြရုံမက ဤသာသနာတော်ကြီး ကွယ်ပသော အခါ၌လည်း အလွန့်အလွန် နက်နဲခက်ခဲလှသော ဤပဋ္ဌာန်းကျမ်းကြီးကစ၍ ကွယ်ပပျောက်ဆုံးကြမှာလည်း ဖြစ်သောကြောင့် မြတ်ဗုဒ္ဓ၏ သားတော်အစစ်၊ သမီးတော်အစစ်ဖြစ်ကြသူတို့သည် ထင်ရှားရှိဆဲအခါသမယတို့၌ ဤပဋ္ဌာန်းသာသနာတော်ကြီး မဆုတ်ယုတ်ကြစေဘဲ တစ်နေ့တခြား လဆန်းပက္ခလတို့ ကြီးပွား ထွန်းကားဘိသကဲ့သို့ ပဋ္ဌာန်းဒေသနာ ဝိပဿနာအစားစားတို့ကို မိမိတို့ကိုယ်တိုင်လည်း လေ့လာပွားများအားထုတ်ကြ၊ သူတစ်ပါးတို့ကိုလည်း အားပေးကူညီဟောပြောတိုက်တွန်း နှိုးဆော်ကြပါမူအလွန့်အလွန် တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားကြကုန်ရာ၏။ ယင်းသို့သော ပုဂ္ဂိုလ်မျိုးသည် မည်သူမဆို ယခုဘဝမှစ၍ နိဗ္ဗာန်ရသည်အထိ ကောင်းမြတ်သော တန်ခိုးရှိန်စော် အာနုဘော် အကျိုးအမျိုးမျိုးတို့ ဧကန်ရကြမည် မလွဲတည်း။

မြတ်ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ်ရရှိတော်မူပြီးနောက် မဟာသက္ကရာဇ်(၁၀၃) ခုနှစ်၊ နယုန်လဆန်း(၇)ရက်နေ့မှ (၁၃)ရက်နေ့အထိ (၇)ရက်ပတ်လုံး ရတနာဃရသတ္တာဟ ဖြစ်သည့် ဗောဓိပင်၏ အနောက်မြောက်ဘက် အတောင်(၄၀)ကွာ ဝေးသောအရပ်တွင် နတ်တို့ ဖန်ဆင်းအပ်သော ရတနာရွှေအိမ်၌ ထက်ဝယ်ဖွဲ့ နေထိုင်တော်မူကာ အဘိဓမ္မာတရားတော်ကိုဆင်ခြင်တော်မူလျက်ရှိ၏။ ဤကဲ့သို့ မြတ်ဗုဒ္ဓသည် အဘိဓမ္မာ(၇) ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူရာ၌ ရှေးဦး(၆)ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထုနှင့် ယမိုက်ကျမ်းတို့ကို ဆင်ခြင်တော်မူသော အခါ ကိုယ်တော်မှ ရောင်ခြည်တော်များ ထွက်ပေါ် ကွန့်မြူးခြင်း မရှိသေးပေ။

ဤပဋ္ဌာန်းဒေသနာတော်ကြီးကို စတင်သုံးသပ် ဆင်ခြင်တော်မူသောအခါမှသာ ရှင်တော်မြတ်ဘုရား၏ ကိုယ်တော်မှ တန်ခိုးရှိန်စော် အာနုဘော်ရောင်ခြည်တော် ခြောက်သွယ်တို့သည် အရပ်မျက်နှာအသီးသီးသို့ ထွက်ပေါ်ကွန့်မြူး ထွန်းလင်းကြကာ အနန္တစကြဝဠာသို့ပင် ထွင်းဖောက်ပျံ့နှံ့ထွန်းလင်း လွှမ်းမိုးစံပယ်တော်မူလေတော့သည်။

ဤသို့ဖြစ်ရခြင်းမှာ ဥပမာအားဖြင့် ပြဆိုရလျှင် ယူဇနာငါးရာရှိသော တိမိရ၊ တိပိင်္ဂလမည်သော ငါးကြီး၊ ယူဇနာတစ်ထောင်ရှည်သော အာနန္ဒာငါးကြီးတို့သည် ချောင်းငယ်၊ မြောင်းငယ်များတွင်မကယူဇနာသုံးရာနက်သော သမုဒ္ဒရာပင်လယ်မှာပင်

http://www.dhammadownload.com

ကျောဆူးတောင်ရိုးမြုပ်အောင် ရေကိုမရ၍ အလွန်ပင် ကျဉ်းမြောင်းကျပ်တည်းကာ စိတ်မရွှင်မြူးသာသလို ရှေးအဘိဓမ္မာ(၆)ကျမ်း အခန်းခန်းတို့မှာလည်း မြတ်ဗုဒ္ဓ၏ကြီးကျယ်ပြန့်ပြောလှသော သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးမှာ မရွှင်ပျော် မမြူးထူးသာပဲ ကျပ်တည်းကျဉ်းမြောင်းလှသောကြောင့် ရွှေဉာဏ်တော်ကွန်ရက်မှ ဆက်သွယ်ကာ ရောင်ခြည်တော်များ မထွက်ပေါ်လာဘဲ ရှိနေရလေ၏။ ယူဇနာရှစ်သောင်း လေးထောင် နက်ဆောင်ကျယ်ဝန်းလှစွာသော မဟာသမုဒ္ဒရာကြီးအလယ်ကျတော့မှ ယင်းငါးကြီးတို့သည် ရွှင်မြူးနှစ်ခြိုက်ပျော်ပိုက်ကြကာ သွားလာကျက်စားခြင်းများကို ပြုကြသကဲ့သို့ အလွန်ပင် ခက်ခဲနက်နဲကျယ်ဝန်းလှစွာသော အနန္တနယသမန္တ ပဋ္ဌာန်းတရားကြီးများကို ဆင်ခြင်သုံးသပ်ပွားများ အားထုတ်လတ်သောအခါကျမှ ကိုယ်တော်၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး လောက်လောက်လားလား လေ့လာကျက်စား ပျော်ပါးရွှင်မြူးနိုင်လေသောကြောင့် ယင်းဉာဏ်တော်မှ ဆက်သွယ်ကြကာ ခြောက်ဖြာသော အနန္တ ရောင်ခြည်တော်တို့သည် အဆုံးအပိုင်းအခြား မရှိသော လောကဓာတ်တစ်ခွင်သို့ တဖိတ်ဖိတ် တလက်လက် တောက်ပြောင်ထွန်းပ၍ ကိုယ်တော်အစိတ်စိတ်တို့မှ ကြွချီကွန့်မြူးတော်မူသည်။

ဤသို့အားဖြင့် မြတ်ဗုဒ္ဓသည် ဘုရားဖြစ်သည်နှင့်တစ်ပြိုင်နက် တုဖက်ပြိုင်ကင်းသည့် ဉာဏ်တော်ရှင် တန်ခိုးတော်ရှင်အဖြစ် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်မှာ မှန်သော်လည်း ပဋ္ဌာန်းဒေသနာတော်ကို သုံးသပ်ဆင်ခြင်တော်မူသောအခါမှသာ မူလကတည်းကရရှိခဲ့သော ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ တို့၏ အစွမ်းသတ္တိများ ကောင်းစွာပေါ်လွင်လာပေတော့သည်။ ထိုအခါ မရေတွက်နိုင်အောင် များပြားလှစွာသော နတ်၊ ဗြဟ္မာအပေါင်းတို့သည် မြတ်ဘုရားရှင်၏ ဉာဏ်တော်အနန္တကို ထင်ရှားပေါ်လွင်စေသည့် အခမ်းအနားကြီးကဲ့သို့ မြတ်ဗုဒ္ဓ၏ဉာဏ်တော်၊ တန်ခိုးတော်တို့သည် တုမဲ့ကင်းပြိုင်ဘက်ကင်းသည့်အတွက် အထွတ်အထိပ်သို့ ရောက်ချေပြီဟူ၍ လှိုက်လှိုက်လဲလဲ ကြည်ညိုသဒ္ဓါလွန်ကြူးစွာဖြင့် ခြေတော်ဦးခိုက် ပူဇော်ကြလေကုန်၏။

ဤပဋ္ဌာန်းဒေသနာတော်ကြီးတွင် အကျဉ်းအားဖြင့် (၂၄) ကျမ်း၊ အကျယ်အားဖြင့် ကျမ်းပေါင်း(၁၂၉၂၃)ကျမ်းရှိ၏။ ယခုဆက်လက်၍ ပဋ္ဌာန်းဒေသနာတော်ကြီး၏ ခဲခဲ မဲမဲ သဲသဲ ကျိတ်ကျိတ် အယုတ်ဆုံး ဟေတုပစ္စယော အစရှိသည့်ပဋ္ဌာန်း(၂၄) ပစ္စည်း ပစ္စယုဒ္ဒေသပါဠိအနက်တို့ကိုသာ နှုတ်တက်ရမိ သိရှိနားလည်အောင် ဖော်ပြပါမည်။

http://www.dhammadownload.com

ပဋ္ဌာန်း(၂၄)ပစ္စည်းအဓိပ္ပာယ်အကျဉ်း

၁။ ဟေတုပစ္စယော

ဟိတ်(၆)ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား။ ပညောင်ပင်အစရှိသည်တို့၏အမြစ်သည် ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စွာတည်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ဟိတ်(၆)ပါးသည် သမ္မယုတ်တရားတို့အား မြဲမြံခိုင်ခံ့အောင် အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား။ (ကျေးဇူးပြုသည်ဆိုရာ၌ မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း၊ ဖြစ်ပေါ်ပြီးသည်တို့ကို တည်နေစေခြင်း၊ တည်နေသည်ကို တိုးပွားစေခြင်းတို့ပင်တည်း။)

၂။ အာရမ္မဏပစ္စယော

အာရုံ(၆)ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (ကြိုး၊ တန်း၊ တောင်ဝှေးအစရှိသည်တို့သည် မစွမ်းမသန်သူတို့အား ထခြင်း၊ ရပ်ခြင်း၊ သွားခြင်းကိစ္စတို့ကို ပြီးစေသကဲ့သို့ အာရုံသည် စိတ်စေတသိက်တို့အား ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုတတ်သောတရား။)

၃။ အဓိပတိပစ္စယော

အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (စကြဝတေးမင်းသည် အထွတ်အထိပ် အချုပ်အခြာ အာဏာတန်ခိုးဖြင့် တစ်ပါးသောသူတို့အား ကြီးသောသတ္တိကို တားမြစ်၍ နိုင်ငံသူ၊ နိုင်ငံသားတို့အား အကြီးအကဲ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။)

၄။ အနန္တရပစ္စယော

အခြားမဲ့(တစ်ဆက်တည်းအကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား မင်းအဖြစ် အဘိသိက်ခံခြင်းငှာ ကျေးဇူးပြုသကဲ့သို့)

၅။ သမနန္တရပစ္စယော

ကောင်းစွာအခြားမဲ့(တစ်ဆက်တည်းအကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (စကြဝတေးမင်း၏ အရည၀ါသီတောထွက်တော်မူ၍ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်သို့ ရစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့)

http://www.dhammadownload.com

၆။ သဟဇာတပစ္စယော

အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (ဆီမီးသည် မိမိတောက်သည်နှင့် တစ်ပြိုင်နက် အတူတကွ အလင်းကို ဖြစ်ပေါ်စေသကဲ့သို့၊ ထို့အတူ အကြောင်းတရားတို့သည် မိမိတို့ ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ပစ္စယုပ္ပန်အကျိုးတရားတို့ကိုလည်း တစ်ပြိုင်နက်အတူတကွ ဖြစ်ပေါ်လာစေအောင် ကျေးဇူးပြုတတ်သောတရား)

၇။ အညမညပစ္စယော

အချင်းချင်း အပြန်အလှန်ကျေးဇူးပြုတတ်သောတရား။ (သစ်သားသုံးခွ တိဒဏ္ဍာသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့ခိုင်ခံ့စေခြင်းငှာ အပြန်အလှန် ကျေးဇူးပြုသကဲ့သို့)

၈။ နိဿယပစ္စယော

မှီရာတည်ရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (မြေကြီးသည် သစ်ပင်အစရှိသည်တို့အား မှီရာ၊ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့)

၉။ ဥပနိဿယပစ္စယော

အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (မိုးတွင်းသုံးလပတ်လုံး ရွာသောမိုးကြီးသည် ထိုမိုးကို အမှီပြုကုန်သော သစ်ပင်သတ္တဝါအစရှိသည်တို့အား အားကြီးသောအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့)

၁၀။ ပုရေဇာတပစ္စယော

ရှေးဦးဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောတရား။ (ကမ္ဘာဦးဦးဖြစ်သော နေသူတို့သည် မိမိတို့ ထင်ရှားရှိခိုက် အလင်းကို မှီကုန်သော သတ္တဝါတို့အား ရှေးဦးဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့)

၁၁။ ပစ္ဆာဇာတပစ္စယော

နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (လင်းတငယ်တို့၏ အာဟာရဥဿုံခြင်း စေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့)

ဥပမာ - အရှင်ဗာကုလရဟန္တာ အလောင်းတော်သည် မွေးခါစ နို့စို့အရွယ်က သမုဒ္ဒရာအလယ်၌ ရေထဲကျသွားရာ ရေနစ်၍မသေ၊ ထိုသို့မသေရခြင်းမှာ နောင်အခါ ရဟန္တာဖြစ်မည့်သတ္တိက အရှင်ဗာကုလအား မသေစေရန် အကျိုးပြုသောကြောင့်တည်း။

http://www.dhammadownload.com

၁၂။ အာသေဝနပစ္စယော

အဖန်ဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (ရှေးရှေး၌ ထုံအပ်သော နံ့သာသည် နောက်နောက်၌ ထုံအပ်သောနံ့သာအား အဆင်းအနံ့ လွန်စွာ တိုးပွားခိုင်မြဲစွာ ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေးရှေးသင်အပ်သော ကျမ်းဂန်သည် နောက်နောက် သင်အပ်သော ကျမ်းဂန်အား လေ့ကျက်ခြင်းငှာ အားရှိ၍ ကျေးဇူးပြုသကဲ့သို့လည်းကောင်း)

၁၃။ ကမ္မပစ္စယော

စီရင်ခြင်း သံဝိဓာနကိစ္စနှင့် မျိုးစေ့ဖြစ်စေခြင်း ဗီဇနိဓာနကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (ကောင်းစွာသိမှီး သိမ်းဆည်းစီရင်အပ်သော မျိုးစေ့သည် အညွှန့်အညှောက်၏ ဖြစ်ခြင်းငှာ အမှုအရာလုံ့လ၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။)

၁၄။ ဝိပါကပစ္စယော

အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (ချမ်းအေးလေသည် ချမ်းအေးသော အရိပ်၌နေသောသူအား ချမ်းငြိမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကံတို့၏ အကျိုးအဖြစ်ဖြင့်(ငြိမ်သက်သည်ဖြစ်၍) အထောက်အပံ့ပြုမှုဖြင့် ကျေးဇူးပြုတတ်သောတရား)

၁၅။ အာဟာရပစ္စယော

ထောက်ပံ့ခိုင်ခံ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (ထောက်ကန်သောတိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံခိုင်ခံ့စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့)

၁၆။ ဣန္ဒြိယပစ္စယော

အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (တစ်နိုင်ငံ တစ်ပြည်တည်း၌ အသီးသီးဆိုင်ရာ ကိစ္စတာဝန်ကို ပေးအပ်ခံရသည့် အစိုးရသော လက်အောက်ခံမင်းတို့သည်(အချင်းချင်း ထိုအစိုးရသောသတ္တိကို မမြစ်မူ၍) မိမိတို့၏ တာဝန်အရာ၌ အစိုးတရပိုင်ပိုင်နိုင်နိုင်ဆောင်ရွက်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့ဒှို့)

၁၇။ ဈာနပစ္စယော

ကပ်၍ စူးစူးစိုက်စိုက်ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။ (တောင်ဖျား၊ သစ်ပင်ဖျားသို့တက်၍ ကြည့်သောသူသည် အဝေးအနီးအရပ်တို့ကို မြင်ခြင်း၊ ထိုမြင်ခြင်း၌ အလိုရှိသောသူအား ကျေးဇူးပြုသကဲ့သို့)

P.21.VA

http://www.dhammadownload.com

၁၈။ မဂ္ဂပစ္စယော

လွတ်မြောက်ကြောင်းနည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ လွတ်မြောက်ကြောင်းဖြစ်သကဲ့သို့၊ ထိုမှာဘက်မှ ဤမှာဘက်သို့ ကူးလိုသောသူသည် ထိုမှာဘက်မှ လွတ်မြောက်ကြောင်းဖြစ်သကဲ့သို့လည်းကောင်း၊ ဘဝတစ်ခုမှ တစ်ခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။)

၁၉။ သမ္မယုတ္တပစ္စယော

ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။(နို့ရည်၊ ထောပတ်၊ ပျား၊ သကာ ဟူသော စတုမဓုအရသာသည် အချင်းချင်း နှီးနှောရောပြွမ်းသောအားဖြင့် ကျေးဇူးပြု သကဲ့သို့ အတူတကွ ယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သောတရား)

၂၀။ ဝိပ္ပယုတ္တပစ္စယော

မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။(ခြောက်ပါးသော အရသာသည် အချင်းချင်း မနှီးမနှော မရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ မနှီးမနှော မယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သောတရား။)

၂၁။ အတ္ထိပစ္စယော

ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သောတရား။(ဟိမဝန္တာတောင်မင်းသည် မိမိကို မှီသောအားဖြင့် သစ်ပင်၊ မြက်ပင်စသည်တို့အား ပြန့်ပွားစေခြင်းငှာ မိမိထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့)

၂၂။ နတ္ထိပစ္စယော

မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။(ညဉ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့)

၂၃။ ဝိဂတပစ္စယော

ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။(နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့)

http://www.dhammadownload.com

၂၄။ အဝိဂတပစ္စယော

မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ (မဟာသမုဒ္ဒရာသည် မိမိကို မှီကုန်သော ငါးမကန်းအစရှိသည်တို့၏ ပီတိသောမနဿ ပွားခြင်းငှာ မိမိ၏မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့)။

အနုပုဗ္ဗိက ကထာ

ဘုရားရှင်ကိုယ်တော်မြတ်တို့၏ ဟောတော်မူမြဲဖြစ်သည့် အစဉ်အတိုင်း ဟောရသည့် တရားကို အနုပုဗ္ဗိက ကထာဟုခေါ်သည်။ ယင်းကဲ့သို့ မြတ်ဗုဒ္ဓအဆူဆူတို့၏ အစဉ် အတိုင်းဟောကြားသော တရားတော်များမှာ –

၁။ ဒါနတရား

၂။ သီလတရား

၃။ နတ်ပြည်နှင့်စပ်သော တရားစကား(သဂ္ဂ)

၄။ ကာမဂုဏ်၏အပြစ်များ၊ ကာမဂုဏ်၏ယုတ်ညံ့ပုံ ညစ်နွမ်းပုံများကို ဟောကြားသောတရားစကား။ (အာမာနံ အာဒိနဝကထာ)

၅။ ကာမဂုဏ်မှ ထွက်မြောက်ရာတရားများ၏ အကျိုးအာနိသင်များ(နေက္ခမ္မ)

၆။ ဤသို့ အဆင့်ဆင့်ဟောကြားခြင်းကြောင့် နာကြားသူ၏စိတ်သည် အလွန်အေးချမ်းသာယာနူးညံ့ပြီး နိဝရဏတရားများ ကင်းကွာဓာတ်ခံကောင်းလာသောအခါ သာမုတ္တံသိက ဒေသနာခေါ် သစ္စာလေးပါးတရားတော်ကို အဆုံးသတ်ဟောကြားတော်မူ၏။ ဤသစ္စာလေးပါး တရားတော်ကြောင့် ဖြစ်သမျှတရားများသည် ပျက်စီးတတ်သော သဘောရှိသည်ဆိုသော အသိမျိုးဖြစ်ပေါ်လာကာ မင်္ဂတရား အဆင့်ဆင့် ထင်ရှားဖြစ်ပေါ်လာ၏။

သာသနာတော်၏ အခြေခံကျင့်စဉ်များ

၁။ ပထမအဆင့်တွင်သီလနှင့်ပြည့်စုံအောင် ဆိုင်ရာကျင့်ဝတ် သိက္ခာပုဒ်များကို စောင့်ထိန်းရ၏။

၂။ ဒုတိယအဆင့်တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဣန္ဒြေ(၆)ပါးကို လုံခြုံအောင် ထိန်းသိမ်းခြင်းမည်သော ဣန္ဒြိယ သံဝရနှင့် ပြည့်စုံစေရ၏။

၃။ တတိယအဆင့်တွင် ဘောဇနေမတ္တညုတာဟုခေါ်သော စားမှုသောက်မှုများ၌ အတိုင်းအရှည်သိမှုနှင့် လောလုပ်တဏှာ ရသတဏှာများ မဖြစ်အောင် စားသောက်

http://www.dhammadownload.com

ခြင်း၊ ခန္ဓာကိုယ်မျှတအောင် စားသောက်ခြင်းဖြစ်စေရ၏။

၄။ စတုတ္ထအဆင့်တွင် ဇာဂရိယာနုယောဂ (နိုးနိုးကြားကြားရှိမှု)ဖြစ်စေရ၏။ နေ့ဘက်တွင် စိတ်ကိုလွှတ်မထားဘဲ သွားမှု၊ ရပ်မှု၊ ထိုင်မှု ဣရိယာပုတ်များဖြင့် တရားကိုနှလုံးသွင်းနေရ၏။ ညဘက်တွင် ညဉ့်လယ်ယံ တစ်ယံသာအိပ်စက်ပြီး ညဉ့်ဦးယံနှင့် မိုးသောက်ယံတို့တွင် နေ့ဘက်မှာကဲ့သို့ တရားကိုသာ နှလုံးသွင်းနေရ၏။ အိပ်စက်ရာတွင်လည်း ခြေလွတ်လက်လွတ်မအိပ်စက်ရဘဲ သတိသမ္ပဇဉ်နှင့်သာ အိပ်ရာ၏။

၅။ ဤကဲ့သို့နိုးကြားမှုနှင့် ပြည့်စုံလာသည့်အခါ ဆိတ်ငြိမ်ရာအရပ်တွင် သမထဝိပဿနာ ဘာဝနာများ ပွားများရာ၏။ ဤသို့ပွားများရင်းဖြင့် နိဝရဏတရား ငါးပါး ကင်းကွာလာသောအခါ ပထမစျာန်၊ ဒုတိယစျာန် တတိယစျာန်နှင့် စတုတ္ထစျာန်များတစ်ဆင့်ပြီးတစ်ဆင့် ရရှိလာ၏။

၆။ ဝိပဿနာဘာဝနာကြောင့် ရဟန်းကိစ္စပြီးစီးကြကုန်သော ရဟန္တာများသည် မျက်မှောက်ဘဝမှာပင် ချမ်းချမ်းသာသာ စျာန်ဝင်စားကြရ၏။

ဤကျင့်စဉ်များသည် သာသနာတော်၏ သိက္ခာသုံးရပ်ကို ကျင့်ဆဲပုဂ္ဂိုလ်များအတွက် အခြေခံကျင့်စဉ်များဖြစ်ကြ၏။ ထို့ကြောင့်မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယသာသနာတော်သည် အစဉ်အတိုင်း သင်ရမှု (အနုပုဗ္ဗသိက္ခာ)အစဉ်အတိုင်းကျင့်ရမှု (အနုပုဗ္ဗပဋိပဒါ)နှင့် အစဉ်အတိုင်းအားထုတ်ရမှု (အနုပုဗ္ဗကိရိယာ)တို့နှင့် ပြည့်စုံတော်မူပေ၏။

ဒါန၊ သီလ၊ ဘာဝနာ

သံသရာတိုက်ကြောင်း သံသရာဖြတ်ကြောင်း တရားများဖြစ်ကြ၏။ ဤတရားသုံးပါးကို မှီမှသာ မဂ်ဖိုလ်တရားထူးကို ရနိုင်၏။ ထိုမှီခြင်းအကြောင်းတရားသုံးပါးတွင် ဒါနနှင့်သီလကို မှီသောကုသိုလ်က အားနည်း၍ အောက်မဂ်ဖိုလ်သုံးပါးသာရနိုင်ပြီး ဘာဝနာကုသိုလ်မှာမူ အားကြီးသောကြောင့် အထက်မဂ်ဖိုလ်ကို ရနိုင်ရောက်နိုင်၏။

ဒါန ..... စွန့်ကြဲခြင်း၊ ပေးကမ်းခြင်းမည်၏။ ဒါန၏အကျိုးကား သုဂတိအကျိုးကို တိုက်ရိုက် မပေးစွမ်းနိုင်သော်လည်း ဖြစ်လေရာဘဝတွင် ချမ်းသာခြင်းနှင့်ပြည့်စုံစေ၏။

သီလ ..... အကုသိုလ်မှန်သမျှကို မပြုလုပ်ဘဲကိုယ်နှုတ်စိတ်နှလုံး သုံးပါးလုံး ကောင်းစွာ ထိန်းချုပ်စောင့်စည်းရခြင်းဖြစ်၏။ သီလ၏အကျိုးကား ကောင်းရာသုဂတိသို့ လားစေတတ်ပြီး ဖြစ်လေရာဘဝတွင် အကျိုးပေးကောင်းခြင်းနှင့် ပြည့်စုံစေသည်။

http://www.dhammadownload.com

ဘာဝနာ ..... မိမိ၏စိတ်ကို သန့်ရှင်းစင်ကြယ်မြင့်မြတ်စေရန် လေ့ကျင့် ပြုပြင်ပေးခြင်း ဖြစ်၏။ ဘာဝနာ၏ အကျိုးပေးမှုမှာ မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက် ပြုစေနိုင်၏။

ဒါနထက် သီလဆောက်တည်ခြင်းက ပို၍အကျိုးများ၏။ သီလဆောက်တည် ခြင်းထက် သမထ ဘာဝနာကို ပွားများရခြင်းက ပို၍အကျိုးများ၏။ မိမိ၏စိတ်ကို ကိလေသာအညစ်အကြေးတို့မှ ကင်းစင်စေသော ဝိပဿနာတရား ပွားများအားထုတ် ခြင်းသည် ဒါန၊ သီလ၊ သမထ ဘာဝနာတို့ထက် မနှိုင်းသာအောင် အကျိုးကျေးဇူး ကြီးမားလှ ပေ၏။

အကုသိုလ်မူလတရား(၃)ပါး

ဤတရားဆိုးသုံးပါးသည် ကံကိုမချုပ်စေတတ်၊ ကံကိုဖြစ်စေတတ်၏။ ဝဋ်ဆင်းရဲသို့ ရောက်စေတတ်သော ကံသည် မကောင်းသောအကျိုးကိုပေး၏။ ယင်းတရားသုံးပါးမှာ.....

၁။ လောဘ ..... တပ်မက်နှစ်သက်ခြင်းမည်၏။ လောဘကြီးသူ၏ လားရာဂတိမှာ ပြိတ္တာဘုံဖြစ်၏။ယင်းဘုံမှလွတ်မြောက်လာသော အခါတွင်လည်း ဖြစ်လေရာဘဝတို့၌ ကံမကုန်မချင်းမကောင်းကျိုးများခံစားရ၏။

၂။ ဒေါသ ..... စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမည်၏။ ဒေါသကြီးသူ၏ လားရာဂတိမှာ ငရဲဘုံဖြစ်၏။ ယင်းဘုံမှလွတ်မြောက်လာသော အခါတွင်လည်း ဖြစ်လေရာဘဝတို့၌ ကံမကုန်မချင်း မကောင်းကျိုးများခံစားရ၏။

၃။ မောဟ ..... အမှန်ကိုမသိခြင်း၊ တွေဝေခြင်းမည်၏။ မောဟကြီးသူ၏ လားရာဂတိမှာ တိရစ္ဆာန်ဘုံဖြစ်၏။ ယင်းဘုံမှ လွတ်မြောက် လာသောအခါတွင်လည်း ဖြစ်လေရာဘဝတို့၌ ကံမကုန်မချင်း မကောင်းကျိုးများခံစားရ၏။

သို့ဖြစ်၍ အပါယ်ဘုံတို့မှ ကင်းဝေးချမ်းသာကြစေရန် ယင်းတရားဆိုး(၃)ပါးကို မိမိသဏ္ဌာန်၌မဖြစ်ပေါ်ရလေအောင် အစဉ်သတိဖြင့် ထိန်းချုပ်ကာ တရား ဘာဝနာတို့၌သာ အချိန်ရှိသရွေ့ နှလုံးသွင်းနေအပ်၏။ အကယ်၍ မိမိ၏သဏ္ဌာန်၌ ယင်းတရားဆိုးများ ဖြစ်ပေါ်လာလျှင်လည်း မိမိကိုယ်ကိုသိရှိနေသင့်ပြီး သင့်လျော်ရာဘာဝနာကို ချက်ချင်း နှလုံးသွင်းလိုက်ခြင်းဖြင့် အချိန်မီ ပယ်သတ်နိုင်ပါသည်။ ယင်းတရားဆိုးများ ဖြစ်ပေါ်လာတိုင်း ချက်ချင်း ပယ်သတ်နိုင်ခြင်းဖြင့် မိမိ၏စိတ်သဏ္ဌာန်သည် အစဉ်အေးငြိမ်း နေရကား လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးတရားများကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်၏။

http://www.dhammadownload.com

လောဘ(၂)မျိုး

၁။ ဝတ္ထုကာမလောဘ..... ငွေကြေးဥစ္စာ၊ ရာထူးရာခံ အစရှိသည်တို့ကို လိုချင်တပ်မက်ခြင်း၊ ပိုင်ဆိုင်လိုခြင်း။

၂။ ကိလေသာကာမလောဘ..... မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တည်း၊ ဟူသော အာရုံ(၆)ပါးတို့ကို ခံစားလိုခြင်း။

ကုသိုလ်မူလတရား(၃)ပါး

ဤတရား(၃)ပါးသည် ကံကိုချုပ်စေတတ်၏။ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်၏။ ကောင်းသောအကျိုးကိုသာ ပေးတတ်၏။ ယင်းတရားတို့မှာ–

၁။ အလောဘ ..... တပ်မက်နှစ်သက်မှုမရှိခြင်း၊

၂။ အဒေါသ ..... စိတ်ဆိုးအမျက်ထွက်မှုမရှိခြင်း၊

၃။ အမောဟ ..... အဟုတ်အမှန်ကိုသိခြင်း။

ဝိမုတ္တိ(၅)ပါး

လွတ်မြောက်ခြင်းတရား၎င်းပါး ဖြစ်၏။ ယင်းတို့မှာ–

၁။ တဒင်္ဂဝိမုတ္တိ ..... ဒါန၊ သီလ၊ ဝိပဿနာတို့ဖြင့်ဆိုင်ရာ ဆန့်ကျင်ဘက် အကုသိုလ်များမှ လွတ်မြောက်ခြင်း။

၂။ ဝိက္ခမ္ဘနဝိမုတ္တိ ..... ဥပစာရ၊ အပ္ပနာစျာန်တို့ဖြင့် ဝိတက် စသော ဆန့်ကျင်ဘက် နီဝရဏတရားများမှ လွတ်မြောက်ခြင်း၊

၃။ သမုစ္ဆေဒဝိမုတ္တိ ..... မဂ်ဖြင့်ကိလေသာတို့မှ လွတ်မြောက်ခြင်း၊

၄။ ပဋိပဿဒ္ဓိဝိမုတ္တိ..... ဖိုလ်၌ ကိလေသာငြိမ်းခြင်းဟူသော လွတ်မြောက်ခြင်း၊

၅။ နိဿရဏဝိမုတ္တိ..... သခါရတို့မှ လွတ်မြောက်သောနိဗ္ဗာန်တည်း။

လောကဓံတရား(၈)ပါး

လောကတွင် မလွဲမသွေ အမြဲတမ်းတစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့ကြရမည့် တရား(၈)ပါးမှာ

၁။ လာဘော ..... လာဘ်လာဘပစ္စည်းဥစ္စာ ပေါများ၍ တက်ကြွတုန်လှုပ်ခြင်း၊

၂။ အလာဘော ..... လာဘ်လာဘပစ္စည်းဥစ္စာ နည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း၊

၃။ ယသော ..... အခြွေအရံများခြင်း၊ ဂုဏ်သတင်းကျော်စောခြင်းများကြောင့် တက်ကြွတုန်လှုပ်ခြင်း၊

http://www.dhammadownload.com

၄။ အယသော ..... အခြွေအရံနည်းပါးခြင်း၊ ဂုဏ်သတင်းမှုးမိုန်ခြင်းများကြောင့် ညှိုးငယ်တုန်လှုပ်ခြင်း၊

၅။ နိန္ဒ ..... ကဲ့ရဲ့ဆဲဆိုခံရ၍ ညှိုးငယ်တုန်လှုပ်ခြင်း၊

၆။ ပသံသ ..... ချီးမွမ်းခံရ၍ တက်ကြွတုန်လှုပ်ခြင်း။

၇။ သုခံ ..... ချမ်းသာခြင်းကြောင့် တက်ကြွတုန်လှုပ်ခြင်း။

၈။ ဒုက္ခံ ..... ဆင်းရဲခြင်းကြောင့် ညှိုးငယ်တုန်လှုပ်ခြင်း။

ဤလောကဓံတရား(၈)ပါးသည် ပုထုဇဉ်ပုဂ္ဂိုလ်များမဆိုထားနှင့် လောကတွင် ဘုန်းအကြီးဆုံး၊ အမြင့်မြတ်ဆုံးဖြစ်သည့် ရှင်တော်မြတ်ဘုရားပင် ရှောင်လွှဲ၍မရနိုင်ဘဲ ကြုံတွေ့ရပေသေးသည်။ ဥပမာအားဖြင့် ဘုန်းတော်သခင်ဘုရားရှင်သည် ဝေရဉ္ဇာတိုင်းပြည်၌ အခန့်မသင့်သဖြင့် ဝါတွင်းသုံးလပတ်လုံး ဆွမ်းလောင်းမည့်သူမရှိ၍ နောက်ပါရဟန်းငါးရာနှင့်အတူ မြင်းစာပဲကြမ်းများကို ဆုံတွင်ကြိတ်၍ အစိမ်းလိုက် ဘုဉ်းပေးခဲ့ရခြင်း၊ ရဟန်းရှင်လူပရိသတ်သာမက နတ်ဗြဟ္မာပရိတ်သတ်တွေပင် အစဉ်အမြဲ တင်းကျပ်ဝန်းရံ ချီးပင့်ခြင်း ခံရသော်လည်း အခွင့်မသာသည့်အခါ၌ အဖော်မဲ့ တစ်ကိုယ်တည်း သီတင်းသုံးတော်မူခဲ့ရခြင်း၊ မယဉ်ကျေးသေးသော သတ္တဝါအပေါင်းတို့ကို ယဉ်ကျေးအောင် ဆုံးမရာတွင် အတုမဲ့ဖြစ်တော်မူသော်လည်း တစ်ချိန်က မိမိမွေးထုတ်လိုက်သည့် ကောသမ္ဗီပြည်သား ရဟန်းနှစ်ပါး မာနပြိုင်ရာမှ သံဃအဓိကရဏ်းဖြစ်ခဲ့ရာတွင် ပေငြိမ်းစေရေးအတွက် အကြိမ်ကြိမ်တရားပြရှာသော်လည်း ဆုံးမ၍ မရခြင်းကြောင့် ဂုဏ်သတင်းကင်းမဲ့တော်မူခြင်း၊ ဖလသမာပတ်ချမ်းသာ၊ နိရောဓသမာပတ်ချမ်းသာတည်းဟူသော ချမ်းသာအတိုင်းဖြင့် ပြည့်စုံသော်လည်း တစ်ခါတစ်ရံ ခါးတော်နာခြင်း၊ ဝမ်းတော်လားခြင်းဒုက္ခများနှင့် တွေ့ကြုံရခြင်း စသည့် လောကဓံတရားများကို တစ်ခါတလေ ကြုံတွေ့ရပေသေးသည်။ သို့သော် မြတ်စွာဘုရားရှင် အမှုူးပြုသော အရိယာသူတော်စင်တို့သည် ယင်းကဲ့သို့ လောကဓံတရားများနှင့် တွေ့ကြုံရသည့်အခါ လေဒဏ်၊ မိုးဒဏ်၊ သဘာဝဘေးဒဏ်တို့ကို ကြံ့ကြံ့ခံသော မတုန်မလှုပ်ကျောက်ဆစ်ရုပ်ကဲ့သို့ စိုးရိမ်တုန်လှုပ်ခြင်း အလျဉ်းမရှိဘဲ အကျိုးရှိရာဘက်သို့သာ စဉ်းစားစိတ်ညွှတ်လျက် အလွန်ချမ်းမြေ့စွာ သီတင်းသုံးတော်မူကြသည်။

ထို့ကြောင့် ကလျာဏ ပုထုဇဉ် အပေါင်းတို့သည်လည်း မလွဲမသွေ ရင်ဆိုင်ကြရမည့် လောကဓံတရားတို့နှင့် တွေ့ကြုံရတိုင်း အရိယာတို့၏ထုံး နှလုံးမူကာ တတ်နိုင်သရွေ့ ချမ်းမြေ့စွာနေနိုင်ရန် အားထုတ်ကြရမည်။ ယင်းသို့ အားထုတ်ရင်း အလေ့အကျင့်ရရှိလာပါက မိမိ၏စိတ်အစဉ်သည် အမြဲတမ်းကြည်လင် ချမ်းမြေ့နေပေလိမ့်မည်။

http://www.dhammadownload.com

အဘိညာဉ်(၆)ပါး

၁။ ဒိဗ္ဗစက္ခုအဘိညာဉ် ..... နတ်မျက်စိကဲ့သို့ အထူးမြင်တတ်သောဉာဏ်၊
၂။ ဒိဗ္ဗသောတအဘိညာဉ် .... နတ်တို့၏နားကဲ့သို့အထူးကြားတတ်သောဉာဏ်၊
၃။ ပရစိတ္တဝိဇာနနအဘိညာဉ်. .... သူတစ်ပါး၏စိတ်ကိုသိတတ်သောဉာဏ်၊
၄။ ဣဒ္ဓိဝိဓအဘိညာဉ် ..... အထူးထူးသော တန်ခိုးကိုပြတတ်သောဉာဏ်၊
၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်.... ရှေးရှေးဘဝတို့က ဖြစ်ပျက်ခဲ့သမျှကို အစဉ်အောက်မေ့သိတတ်သောဉာဏ်၊
၆။ အာသဝက္ခယအဘိညာဉ် ..... ကိလေသာအာသဝေါတရားများ ကုန်ခန်းစေတတ်သော အရဟတ္တမဂ်ဉာဏ်

ဤအဘိညာဉ်(၆)ပါးအနက် ပထမ(၅)ပါးသည် သာသနာပကာလမှာဖြစ်စေ၊ သာသနာတော် အတွင်းမှာဖြစ်စေ ရရှိနိုင်သဖြင့် လောကီအဘိညာဉ်ဟုခေါ်၏။ အာသဝက္ခယအဘိညာဉ်သည် မြတ်ဗုဒ္ဓ သာသနာတော်အတွင်း၌သာ တည်ရှိနိုင်ပြီး လောကသုံးပါးမှ လွတ်စေနိုင်သောကြောင့် လောကုတ္တရာ အဘိညာဉ်ဟုခေါ်သည်။

ခန္ဓာကိုယ်အတွင်း၌ရှိသော အကုသိုလ်တရား(၃)ပါး
(ကိလေသာ ၃ပါး)

၁။ ဝိတိက္ကမကိလေသာ

ရုန့်ရင်းကြမ်းတမ်းစွာပြုမူခြင်း၊ ကာယကံနှင့် ဝစီကံတို့ဖြင့် ကျူးလွန်ခြင်းများဖြစ်၏။ ကိုယ်နှုတ်အင်္ဂါ (၂)ပါးဖြင့် လွန်စွာ သောင်းကျန်းခြင်း ဖြစ်သောကြောင့် ပကတိ လူတို့အချင်းချင်းပင် သိရှိနိုင်၏။ ဤကိလေသာမျိုးသည် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော တရားဆိုးများကြောင့်ဖြစ်ရ၏။ ယင်းအကုသိုလ်တရားကို သမ္မာဝါစာ (ကောင်းသောစကားကိုပြောဆိုခြင်း)၊ သမ္မာကမ္မန္တ (ကောင်းသောအမှုကိုပြုခြင်း)၊ သမ္မာအာဇီဝ (ကောင်းသောအသက်မွေးခြင်း) တည်းဟူသော သီလမဂ္ဂင်(၃)ပါးဖြင့် ဖျက်ဆီးပယ်သတ်နိုင်၏။

၂။ ပရိယုဋ္ဌာနကိလေသာ

ရှိရိုးရှိစဉ်ရှိနေသော ကိလေသာစိတ်ဖြစ်၏။ တွေးတောကြံဆရာမှ ပေါ်ပေါက်လာသော အကုသိုလ်လည်းဖြစ်၏။ ကိုယ်နှုတ်အင်္ဂါနှစ်ပါးဖြင့် လွန်စွာသောင်းကျန်းမှုမရှိသော်လည်း စိတ်နှလုံးအတွင်း၌ ပွက်ပွက်ဆူထနေသော ကိလေသာစိတ်ဖြစ်၏။

http://www.dhammadownload.com

ဤစိတ်ကို ပကတိလူတို့မသိနိုင်ကြ။ မိမိကိုယ်ကို ကိုယ်စောင့်နတ်များနှင့် သူတစ်ပါး စိတ်ကိုသိနိုင်သော အဘိညာဉ်ရပုဂ္ဂိုလ်တို့သာ သိရှိနိုင်၏။ ယင်းကိလေသာကို သမ္မာဝါယမ (ကောင်းသောလုံ့လပြုခြင်း)၊ သမ္မာသတိ (ကောင်းသောသတိရှိခြင်း)နှင့် သမ္မာသမာဓိ (ကောင်းသောစိတ်တည်ကြည်ခြင်း)တည်းဟူသော သမာဓိမဂ္ဂင်(၃)ပါးဖြင့် ဖျက်ဆီးပယ်သတ်နိုင်၏။

၃။ **အနုသယကိလေသာ**

ခန္ဓာကိုယ်အတွင်းမှာ မထင်မရှား အမြဲတမ်းရှိနေ၍ မရှိတော့သယောင် ဖုံးကွယ်နေသော အလွန်နူးညံ့သိမ့်မွေ့သည့် ကိလေသာစိတ်ဖြစ်၏။ မနောဒွါရ၌ ဧောကိစ္စနှင့်အမျှ ထကြွခြင်းမရှိဘဲ အနုမတဂ္ဂ သံသရာ၌ စိတ်သန္တာန်ထဲဝယ် အမြဲထာဝရ ကိန်းဝပ်ငုပ်အောင်းနေသော ကိလေသာစိတ်ဖြစ်၏။ ထို့ကြောင့် မိမိခန္ဓာကိုယ်တွင် ယင်းအကုသိလ်မျိုး ကပ်ငြိနေသည်ကို မသိရှိနိုင်၍ အချိန်မရွေး လောင်ကျွမ်းစေတတ်၏။ ဖျက်ဆီးပစ်နိုင်ရန်လည်း အလွန်ခဲယဉ်းလှ၏။ ဤကိလေသာစိတ်ကို သဗ္ဗညုတဘုရားရှင်တို့သာ သိမြင်နိုင်ကြကုန်၏။ သာသနာပအခါ၌ကား လူ၊ နတ်၊ ဗြဟ္မာတို့မဆိုထားနှင့် သရဘင်္ဂအစရှိသော အဘိညာဉ်ရ ဘုရားအလောင်းတော်ကြီး များသော်မှလည်း မသိမြင်နိုင်ကြကုန်၏။ ဤကိလေသာမျိုးကို သမ္မာသင်္ကပ္ပ (ကောင်းသောအကြံအစည်ရှိခြင်း)နှင့် သမ္မာဒိဋ္ဌိ (ကောင်းသောအမြင်ရှိခြင်း)တည်းဟူသော ပညာမဂ္ဂင် (၂)ပါးဖြင့်သာ ဖျက်ဆီးပယ်သတ်နိုင်၏။

သံယောဇဉ်(၁၀)ပါး

သံသရာကိုဖြစ်စေတတ်သော သံယောဇဉ်(၁၀)ပါးမှာ–

၁။ ကာမရာဂသံယောဇဉ် ..... အာရုံငါးပါးကို စွဲလမ်းတပ်မက်ခြင်း၊

၂။ ဘဝရာဂသံယောဇဉ် ..... ဘဝကိုစွဲလမ်းတပ်မက်ခြင်း၊

၃။ ပဋိဃသံယောဇဉ် ..... အမျက်ဒေါသဖြစ်ခြင်း၊

၄။ မာနသံယောဇဉ် ..... တက်ကြွထောင်လွှားခြင်း၊

၅။ ဒိဋ္ဌိသံယောဇဉ် ..... အယူမှားခြင်း၊ (ခန္ဓာငါးပါးနှင့် ရုပ်နာမ်တရားတို့ကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်စသည်ဖြင့် စွဲမှတ်ယူခြင်း၊)

၆။ ဝိစိကိစ္ဆာသံယောဇဉ် ..... ယုံမှားသံသယဖြစ်ခြင်း၊ (ရတနာသုံးပါး တို့အပေါ်၌ ယုံမှားသံသယဖြစ်ခြင်း၊ တွေဝေခြင်း)

၇။ သီလဗ္ဗတပရာမာသသံယောဇဉ် ..... နွား၊ ခွေး၊ စသည်တို့၏ အကျင့်ဖြင့် သံသရာမှ ထွက်မြောက်နိုင်သည်ဟု အယူရှိခြင်း၊

http://www.dhammadownload.com

၈။ ကျသာသံယောဇဉ် ..... ကိုယ့်ထက်သာမနာလိုခြင်း၊ ငါ့ကဲ့သို့ သူတစ်ပါး မဖြစ်ပါစေနှင့်ဟု ငြူစူခြင်း။

၉။ မစ္ဆရိယသံယောဇဉ် ..... ကိုယ့်လို(မိမိကဲ့သို့) ကောင်းစားမည်ကို ဝန်တိုခြင်း၊ မိမိရပြီးသော စည်းစိမ်ကို သူတစ်ပါးတို့နှင့် မစပ်ယှက်စေလိုဘဲ ဝန်တိုခြင်း၊

၁၀။ အဝိဇ္ဇာသံယောဇဉ် ..... သစ္စာလေးပါးတရားကို မသိမြင်ခြင်း။

ဝိပဿနာတရားကို ပွားများ အားထုတ်ခြင်းဖြင့်သာ ဤတရားဆိုးများကို ပယ်သတ်နိုင်၏။ ဤတရားဆိုးများအားလုံးချုပ်မှ နိဗ္ဗာန်ရောက်၏။ မဂ်ဖိုလ်နိဗ္ဗာန်၏ အောက်ဆုံးအဆင့်ဖြစ်သည့် သောတာပန်ပုဂ္ဂိုလ်သည် ဤတရားဆိုး(၁၀)ပါးအနက် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကျသာနှင့် မစ္ဆရိယ တည်းဟူသော သံယောဇဉ်(၅)ပါးကို သောတာပတ္တိမဂ်ဖြင့် အပြီးအပြတ်ချုပ်ငြိမ်းစေပြီး ရုန့်ရင်းသော ကာမရာဂနှင့် ပဋိဃသံယောဇဉ်(၂)ပါးကို ပါးစေပြီးဖြစ်၏။ သကဒါဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖြင့် ယင်းသံယောဇဉ်(၅)ပါးကိုပင် အပြီးအပြတ်ချုပ်ငြိမ်းစေပြီး ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂနှင့် ပဋိဃသံယောဇဉ်(၂)ပါးကို သောတာပန်ပုဂ္ဂိုလ်ထက်ပို၍ ပါးစေပြီးဖြစ်၏။ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်ဖြင့်ဖော်ပြပါသံယောဇဉ်(၇)ပါးလုံးကို အပြီးအပြတ် ချုပ်ငြိမ်းစေပြီးဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်ကမူ အရဟတ္တမဂ်ဉာဏ်ဖြင့် သံယောဇဉ်(၁၀)ပါးလုံးကို အပြီးအပြတ် ပယ်သတ်ချုပ်ငြိမ်းစေကာ သံသရာစခန်းသိမ်း ဘဝငြိမ်းလေတော့သည်။

အသန်တတရား(၃)ပါး

အကြောင်းတရားတို့ မပြုပြင်မစီရင်အပ်သော (အသန်တ)တရား(၃)ပါးမှာ-

၁။ တဏှာရာဂတို့ကုန်ဆုံးရာ ရာဂက္ခယော၊

၂။ အမျက်ဒေါသတို့ကုန်ဆုံးရာ ဒေါသက္ခယော၊

၃။ တွေဝေမိုက်မဲခြင်းတို့ကုန်ဆုံးရာ မောဟက္ခယော။

အသန်တ တရား(၃)ပါးသည် နိဗ္ဗာန်ပင်တည်း၊ ထို့ကြောင့် သစ္စာလေးပါးတရား တော်တွင် နိရောဓသစ္စာ၌ အကျုံးဝင်ပါသည်။

ပုထုဇဉ်

ပုထုဇဉ်ဆိုသည်မှာ ကိလေသာထူပြောသူဟု ဆိုလိုပါသည်။ အဘိဓမ္မာနည်းအားဖြင့် ပုထုဇဉ်(၃)မျိုးရှိ၏။

၁။ ဉာဏ်ထက်မြက်သော "တိဟိတ်ပုထုဇဉ်"၊

၂။ ဉာဏ်ပညာနည်းပါးသော "ဒွိဟိတ်ပုထုဇဉ်"၊

http://www.dhammadownload.com

၃။ အမိဝမ်းတွင်းတွင် ပဋိသန္ဓေနေစဉ်ကပင် ကန်းလာသော၊ ကျိုးလာသော၊ ဆွံ့အလာသော "သုဂတိအဟိတ်ပုထုဇဉ်"။

သုတ္တန်ဒေသနာတော်နည်းအရကား ပုထုဇဉ်(၂)မျိုးရှိ၏။

၁။ ပညာဉာဏ်မျက်စိကန်းပြီး ရုပ်နာမ်ကို ခွဲခြားမသိသူ၊ "အန္ဓပုထုဇဉ်"၊

၂။ ပညာဉာဏ်မျက်စိဖွင့်ပြီး ရုပ်နာမ်တရားတို့ကို ကောင်းစွာခွဲခြားသိမြင်သူ "ကလျာဏပုထုဇဉ်"။

ကလျာဏပုထုဇဉ်တွင် (၂)မျိုး ရှိပြန်၏။

၁။ အသိဉာဏ်ဝိဇ္ဇာသာရှိပြီး ကျင့်ကြံပွားများအားထုတ်ခြင်း စရဏ မရှိသူ၊

၂။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို အားထုတ်နိုင်သလောက် ကျင့်ကြံ ပွားများအားထုတ်သူ။

ဟိတ်ပုဂ္ဂိုလ်များ

ဟိတ်ဆိုသည်မှာ ပဋိသန္ဓေမှပါလာသောစိတ်၊ မျိုးဗီဇသတ္တိထူးပင်ဖြစ်၏။ ဟိတ် ပုဂ္ဂိုလ်(၃)မျိုးရှိ၏။

၁။ အဟိတ်ပုဂ္ဂိုလ်

ပဋိသန္ဓေစိတ်တွင် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်(၃)ပါးလုံးဝမပါလာသော ပုဂ္ဂိုလ်မျိုးဖြစ်၏။ ထို့ကြောင့် မဂ်ဖိုလ်မှ ဝေလာဝေးသော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

၂။ ဒွိဟိတ်ပုဂ္ဂိုလ်

ပဋိသန္ဓေစိတ်တွင် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်(၃)ပါးအနက် (၂)ပါးသာပါရှိပြီး၊ (၁)ပါးမပါရှိသော ပုဂ္ဂိုလ်မျိုးဖြစ်၏။ ဤပုဂ္ဂိုလ်မျိုးသည် မျက်မှောက်ဘဝတွင် မဂ်ဖိုလ်သို့မပေါက်ရောက်နိုင်သော်လည်း ကြိုးစားလျှင် ကြိုးစား သလောက် ပါရမီဖြစ်နိုင်၏။

၃။ တိဟိတ်ပုဂ္ဂိုလ်

ပဋိသန္ဓေစိတ်တွင် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်(၃)ပါးလုံး ပါရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ဤပုဂ္ဂိုလ်မျိုးသည် ကြိုးစားလျှင် ကြိုးစားသလောက် မျက်မှောက်ဘဝ ၌ပင် မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်၏။

http://www.dhammadownload.com

ကုသိုလ်အကျိုးတရား(၄)ပါး

ကုသိုလ်တစ်ခုပြုလုပ်ရာ၌ ကုသိုလ်ပြုလုပ်သူ၏ သမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်သော ကုသိုလ်တရားပေါ်မူတည်၍ အောက်ပါအကျိုးတရား(၄)ပါး ရရှိနိုင်၏။

(၁) တိဟိတ်ဉက္ကဋ္ဌပဋိသန္ဓေအကျိုး။ တိဟိတ်အထက်တန်းစားပုဂ္ဂိုလ်မျိုးဖြစ်နိုင်ခြင်း၊

(၂) တိဟိတ်ဩမကပဋိသန္ဓေအကျိုး။ တိဟိတ် အောက်တန်းစားပုဂ္ဂိုလ်မျိုးဖြစ်နိုင်ခြင်း၊

(၃) ဒွိဟိတ်ဉက္ကဋ္ဌပဋိသန္ဓေအကျိုး။ ဒွိဟိတ်အထက်တန်းစားပုဂ္ဂိုလ်မျိုးဖြစ်နိုင်ခြင်း၊

(၄) ဒွိဟိတ်ဩမကပဋိသန္ဓေအကျိုး။ ဒွိဟိတ်အောက်တန်းစားပုဂ္ဂိုလ်မျိုးဖြစ်နိုင်ခြင်း။

ကုသိုလ်တရား(၄)ပါးကိုရရှိနိုင်သော ကုသိုလ်အမျိုးအစားများ

၁။ ကုသိုလ်ပြုစဉ် မဉ္ဇစေတနာ (ပြုဆဲခဏ)၌ ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ် (အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်တတ်သော ဝိပဿနာဉာဏ်) အမြင်မှန်နှင့် ယှဉ်ခြင်း၊ ထိုကုသိုလ်၏ ရှေ့နောက်နှစ်ရပ်တွင် ကုသိုလ်တရားများနှင့်သာ ပြည့်စုံခြံရံစေခြင်း၊ ဤအင်္ဂါနှစ်ရပ်နှင့် ပြည့်စုံညီညွတ်ပါက ယင်းကုသိုလ်အကျိုးပေးသည် တိဟိတ်ဉက္ကဋ္ဌပုဂ္ဂိုလ်မျိုးဖြစ်နိုင်သည်။

၂။ ကုသိုလ်ပြုဆဲမဉ္ဇစေတနာတွင် ဉာဏ်နှင့်ကားယှဉ်ပါ၏။ သို့သော် ကုသိုလ်၏ ရှေ့နောက်နှစ်ရပ်တို့၌မူ ကုသိုလ်နှင့်မခြံရံဘဲ အကုသိုလ်နှင့် ခြံရံပြုလုပ်ခဲ့ပါက နောင်အခါ တိဟိတ်ဩမက ပုဂ္ဂိုလ်မျိုးသာဖြစ်နိုင်သည်။

၃။ ကုသိုလ်ပြုဆဲ မဉ္ဇစေတနာတွင် ဉာဏ်နှင့်ကားမယှဉ်၊ သို့သော် ရှေ့နောက်နှစ်ရပ်တို့တွင် ကုသိုလ်များနှင့် ပြည့်စုံခြံရံပြုလုပ်ခဲ့ပါက အကျိုးပေးသည်။ ဒွိဟိတ်ဉက္ကဋ္ဌပုဂ္ဂိုလ်မျိုးဖြစ်နိုင်သည်။

၄။ ကုသိုလ်ပြုဆဲ မဉ္ဇစေတနာတွင်လည်း ဉာဏ်နှင့်မယှဉ်၊ ကုသိုလ်၏ရှေ့နောက် နှစ်ရပ်တွင်လည်း ကုသိုလ်တရားများနှင့်သာ မခြံရံခဲ့ပါက နောင်တွင် ဒွိဟိတ်ဩမက ပုဂ္ဂိုလ်များသာဖြစ်နိုင်သည်။

သို့ဖြစ်၍ ကုသိုလ်ရှင်များသည် ကုသိုလ်တရားများပြုလုပ်တိုင်း ပုဗ္ဗစေတနာ မဉ္ဇစေတနာနှင့် ပရစေတနာတည်းဟူသော မပြုမီပြုဆဲ ပြုပြီးကာလတို့၌ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်နှင့် ယှဉ်၍ကုသိုလ်တရားများ ပြည့်စုံခြံရံနေမှသာ ကောင်းသောအကျိုး တရားများ အပြည့်အဝရရှိနိုင်ပေမည်။ မဂ်ဖိုလ်နိဗ္ဗာန်၏ အထောက်အပံ့ကောင်းလည်း ဖြစ်နိုင်ပေသည်။

http://www.dhammadownload.com

ပုဂ္ဂိုလ်(၄)မျိုး

၁။ **ဥဿင်္ခီတညူပုဂ္ဂိုလ်**

သက်တော်ထင်ရှား မြတ်ဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံရ၍ မြတ်ဘုရားက တစ်ခုတည်းသော တရားဓမ္မကို ဟောတော်မူရာ အကျဉ်းသဧ်ပဥဒ္ဒေသ စကား၏အဆုံး၌ မဂ်ဖိုလ်ရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်၏။

၂။ **ဝိပဉ္စီ တညူပုဂ္ဂိုလ်**

သက်တော်ထင်ရှား မြတ်ဘုရားက တရားဓမ္မ ဟောကြားတော်မူသော်လည်း အကျဉ်းသဧ်ပဥဒ္ဒေသမျှနှင့် မဂ်ဖိုလ်မရနိုင်သေး။ အကျယ် ဝိတ္ထာရအားဖြင့် ဖွင့်ပြဝေဖန်ဟောတော်မူမှသာ မဂ်ဖိုလ်ရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်၏။

၃။ **နေယျပုဂ္ဂိုလ်**

တရားဓမ္မကို အကျဉ်းအကျယ်အားဖြင့် ဟောတော်မူသော်လည်း ဒေသနာအဆုံး၌ မဂ်ဖိုလ်ကိုမရနိုင်ဘဲ ထိုဒေသနာလာ တရားများကို လေ့ကျက် မှတ်သား၍ နေ့၊ ရက်၊ လ၊ နှစ်စသည်ဖြင့် ကျင့်ကြံပွားများ အားထုတ်မှသာ မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်၏။ ယင်းပုဂ္ဂိုလ်များသည် မိမိတွင်ရှိသော ပါရမီ အနုအရင့်၊ ကိလေသာအထက်အနုံ့ရှိမှု ဝိရိယအနည်းအများတို့ပေါ်မူတည်၍ မဂ်ဖိုလ်ရောက်အောင် ကျင့်ကြံအားထုတ်ရမှုကာလ အတိုအရှည်ဖြစ်၏။

ယခုဘဝတွင် ဝိရိယအားနည်း၍ မဂ်ဖိုလ်မရခဲ့လျှင်လည်း နောက်နောင်ဘဝတို့တွင် ဘုရားသာသနာတော်နှင့် ကြုံတွေ့မှ ကျွတ်နိုင်၏။ ဘုရားသာသနာတော်နှင့် မကြုံတွေ့လျှင် မကျွတ်နိုင်သေး။ နိယတဗျာဒိတ်ရ ပုဂ္ဂိုလ်များသာ မလွဲဧကန် ကျွတ်နိုင်၏။ နိယတဗျာဒိတ်မရရှိသော ပုဂ္ဂိုလ်တို့ကား ပါရမီ ရှိသော်လည်း ဘုရားသာသနာတော်နှင့် တွေ့ကြုံရန်လည်း စိတ်မချရ၊ သံသရာမှ ကျွတ်လွတ်ရန်လည်း စိတ်မချရပေ။

၄။ **ပဒပရမပုဂ္ဂိုလ်**

ဘုရားသာသနာတော်နှင့် တွေ့ကြုံရ၍ ပရိယတ်၊ ပဋိပတ် တရားတို့ကို မည်သို့ပင်အားထုတ်သော်လည်း ယခုဘဝ၌ မဂ်ဖိုလ်မရရှိနိုင်ဘဲ ပါရမီကိုသာ ရရှိနိုင်သော ပုဂ္ဂိုလ်မျိုးဖြစ်၏။ ယခုဘဝ၌ မကျွတ်လွတ်နိုင်သော်လည်း သမထ ဝိပဿနာအလုပ်များကြောင့် သေလွန်သော် လူ့ဘဝ၊ နတ်ဘဝ၌ ဖြစ်ပြီး ဤဘုရားသာသနာမှာပင် အကျွတ်တရားရရှိနိုင်၏။ ကျင့်ကြံအားထုတ်မှုအားနည်းပါက နောက်ဘုရားသာသနာတို့တွင်သာ ကျွတ်နိုင်၏။

http://www.dhammadownload.com

သို့သော် နိယတဗျာဒိတ်တော် မရရှိထားပါက နေယျပုဂ္ဂိုလ်ကဲ့သို့ပင် ပါရမီ ရှိသော်ငြားလည်း ဘုရားသာသနာတော်နှင့် တွေ့ကြုံရန်နှင့် အကျွတ်တရား ရရန် မသေချာပေ။

ပုဂ္ဂိုလ်(၃)မျိုး

မြတ်ဗုဒ္ဓကသူနာသုံးယောက်ကို ဥပမာပြု၍ ပုဂ္ဂိုလ်(၃)မျိုးကို တစ်နည်းတစ်ဖုံ ဟောကြားတော်မူသေး၏။ ယင်းပုဂ္ဂိုလ်တို့သည်ကား....

၁။ ဆေးဝါးကို မမှီဝဲသော်လည်း အချိန်ကျလျှင် ဧကန်ပျောက်ငြိမ်းမည့် သူနာတစ်မျိုး။

၂။ ဘယ်လိုပင် ဆေးဝါးကိုမှီဝဲငြားသော်လည်း ဤအနာမှ မထမြောက်မူ၍ ဧကန် သေမည့်သူနာတစ်မျိုး။

၃။ မသင့်သောအရာကို ရှောင်ကြဉ်၍ ဓာတ်စာဆေးဝါးများကို နှိုင်လောက်အောင် မှီဝဲပါမူကား ဤအနာမှ ထမြောက်လတ္တံ့၊ မသင့်တော်သောအရာကို မရှောင်ကြဉ်၍ သော်လည်းကောင်း၊ ဆေးဝါးများကိုနှိုင်လောက်အောင် မမှီဝဲခဲ့သော်လည်းကောင်း ဤအနာနှင့်ပင် သေလတ္တံ့သော သူနာတစ်မျိုး။

ပထမသူနာမျိုး

ရှေးရှေး ပွင့်တော်မူပြီးကြကုန်သော မြတ်ဘုရားရှင်တို့ထံတွင် နိယတဗျာဒိတ် ရရှိပြီးဖြစ်၍ ယခုဘဝတွင်ပင် ဧကန်ကျွတ်မည့် သူနာမျိုးဖြစ်၏။

ဒုတိယသူနာမျိုး

ပဒပရမ ပုဂ္ဂိုလ်မျိုးဖြစ်၏။ မည်သို့ပင်အားထုတ်သော်လည်း ယခုဘဝတွင် မကျွတ်နိုင်။ ကြိုးစားအားထုတ်လျှင် နောက်နောင်ဘဝများတွင် ဤဘုရားသာသနာတော် အတွင်းတွင်လည်းကောင်း၊ နောက်နောင် ဘုရားသာသနာတော်တွင်လည်းကောင်း ကျွတ်နိုင်သေး၏။ ဥပမာ– သစ္စကပရိဗိုဇ်သည် ယင်း၏ နောက်ဘဝ ဤဘုရားသာသနာတော်တွင်ပင်ကျွတ်လွတ်ခဲ့၏။

တတိယသူနာမျိုး

နေယျပုဂ္ဂိုလ်မျိုးဖြစ်၏။ မျက်မှောက်ဘဝတွင်ပင် ကျွတ်နိုင်သော်လည်း အလွန်မှောက်မှားသောတရားကို လွန်ကျွံစွာ လိုက်စားခဲ့လျှင်သော်လည်းကောင်း၊ ကာမဂုဏ်တရားတို့ကို မစွန့်နိုင်လျှင်သော်လည်းကောင်း၊ စွန့်နိုင်ပါသော်လည်း ဆရာဥပနိဿယ

http://www.dhammadownload.com

ကောင်းကို အမှီမရရှိခဲ့သည်ရှိသော်လည်းကောင်း၊ ဆရာဥပနိဿယကောင်းကို တွေ့ရှိပါသော်လည်း ဝီရိယတရားကို လုံလောက်စွာအားထုတ်မှုမရှိခဲ့လျှင်သော်လည်းကောင်း၊ အားထုတ်လိုပါသော်လည်း အရွယ်ကြီးရင့်၍ စိတ်ရှိတိုင်း မလုပ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ပျိုရွယ်သူဖြစ်သော်လည်း ဂိလာနပုဂ္ဂိုလ်ဖြစ်ခဲ့လျှင်သော်လည်းကောင်း ယခုဘဝ၌မကျွတ်နိုင်ပြီ။

ဥပမာ– အဇာတသတ်မင်းနှင့် မဟာဓနသူဌေးသားတို့သည် ပါရမီရင့်သန်၍ မျက်မှောက်ဘဝ၌ပင် ကျွတ်နိုင်ကြသော်လည်း အဇာတသတ်မင်းသည် အဖကို သတ်မိသော ပဉ္စာနန္တရိယကံကြောင့်လည်းကောင်း၊ မဟာဓနသူဌေးသားသည် အရွယ်ရှိစဉ် အခါက ကာမဂုဏ်အမိုက် အလိုက်အစားကြူး၍ အရွယ်ကြီးသောအခါ စိတ်ကြည်ခွင့်မရရှိဘဲဖြစ်သောကြောင့် လည်းကောင်း၊ ကျွတ်ဖို့ဝေးစွ ရတနာသုံးပါးနှင့်ပင် ဆက်ဆံခွင့်မရရှိလိုက်ပေ။

သို့ဖြစ်၍ ရင့်ပြီးသားပါရမီရှိသော ပစ္ဆိမဘဝိကပင်ဖြစ်သော်လည်း နိယတဗျာဒိတ်မရရှိထားသူဖြစ်ချေက ဘုရားသာသနာတော်နှင့် တွေ့ကြုံလျက်နှင့်ပင် ကိုယ်တွင်းကိလေသာ သောင်းကျန်းမှု လွန်ကြူးသည့်အတွက် မျက်မှောက်ဘဝ၌ ကျွတ်တမ်းမဝင်၊ တစ်ဖန် မျက်မှောက်ဘဝပြုခဲ့သော အကုသိုလ်ကံအားကြီးမှုကြောင့် အပါယ်၌ ဘဝရည်လျားစွာ နေရပြန်လျှင်လည်း နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင် သာသနာ၌လည်း ပေါ်လာဦးမည်မဟုတ်ပေ။ နောက်၌လည်း သုညကမ္ပာတွေသာများစွာရှိတော့၏။ အနီးအနား၌ ဘုရားပွင့်သောကမ္ပာပင် မရှိပြီ။

ထို့ကြောင့် ရင့်သောပါရမီရှိသည့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်မျိုး (ဤဘဝ၌ပင်လျှင် ရဟန္တာဖြစ်လျက် ခန္ဓာဇာတ်သိမ်းရအံ့သည်ဖြစ်၍ နောက်ဆုံးဘဝရှိသည်ဟု ဆိုအပ်သော ပုဂ္ဂိုလ်မျိုး) ပင်ဖြစ်စေ ကျွတ်ခွင့်ကျွတ်လမ်း ကွာလှမ်းလျက်ရှိတော့၏။ ကျွတ်ထိုက်သော ပုဂ္ဂိုလ်မျိုးဖြစ်ပါလျက်နှင့် ဘုရားရှင်ပွင့်ဆဲအခါတွင် အရပ်ပြစ်(၈)ပါးသို့ ရောက်နေခိုက်နှင့် ကြုံရသောကြောင့် ဘုရားပေါင်း ရာထောင်မက ပွင့်သော်လည်း ကျွတ်ခွင့်မရကြသော သတ္တဝါအနန္တ တို့လည်း ရှိကြသေးကုန်၏။ ဥပမာ– ပွင့်တော်မူပြီးစ ဂေါတမမြတ်ဗုဒ္ဓနှင့် ကပ်ပြီးလွဲခဲ့ရရှာသော အာဠာရရသေ့နှင့် ဥဒကရသေ့။

သို့ဖြစ်၍ ပါရမီရင့်သန်သော ပုဂ္ဂိုလ်မျိုးပင်ဖြစ်စေ ကျွတ်နိုင်လောက်သည့် တရားအားထုတ်မှုမျိုးရှိပါမှ ကျွတ်နိုင်ကြောင်းမှာ သိသာထင်ရှား၏။ အရေးကြီးသည်မှာ မျက်မှောက်ဘဝတွင်ပင် ကျွတ်စေနိုင်ရန် အချိန်ရှိခိုက် အခြေအနေပေးခိုက်၊ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးရပ်ကို ဝိဇ္ဇာစရဏပြည့်စုံစွာဖြင့် အစွမ်းကုန် အားထုတ်ကြရမည်သာ ဖြစ်သည်။ သို့မသာ မျက်မှောက်ဘဝတွင် ကျွတ်လွတ်ရန်ပါရမီ

http://www.dhammadownload.com

ရင့်သန်သူသည် မျက်မှောက်ဘဝ၌ပင် ကျွတ်လွတ်နိုင်ပေမည်။ ပါရမီမရင့်သန်ခဲ့သူဖြစ်ပါကလည်း တိုတောင်းသောဘဝအတွင်း ကျွတ်လွတ်နိုင်ရန် ပါရမီ ဖြည့်ဆည်းပြီးဖြစ်ပေလိမ့်မည်။

ထို့ကြောင့် မိမိတွင်ရှိသော ပါရမီအနုအရင့်ကို အဓိကမထားဘဲ သံသရာဝဋ်ဘေးမှ ကျွတ်ရေးအတွက် မြတ်ဗုဒ္ဓ၏ တရားတော်များနှင့်အညီ ကိလေသာကင်းကြောင်း လက်တွေ့ပွားများ အားထုတ်ကြရမည်သာ ဖြစ်ပေသည်။

ဝိဇ္ဇာစရဏနှင့်ပြည့်စုံခြင်း

သီလ၊ သမာဓိသည် စရဏမျိုးဖြစ်၍ ပညာသည် ဝိဇ္ဇာမျိုးဖြစ်သည်။ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံ၍ စရဏတရား(အားထုတ်မှု)အားနည်းသောသူသည် မျက်စိအင်္ဂါပြည့်စုံ၍ ခြေ၊ လက်အင်္ဂါချို့တဲ့သောသူနှင့် တူ၏။ စရဏတရားပြည့်စုံ၍ ဝိဇ္ဇာဉာဏ်ချို့တဲ့သောသူသည် ခြေ၊ လက်အင်္ဂါပြည့်စုံ၍ မျက်စိအင်္ဂါချို့တဲ့သူနှင့်တူ၏။ ဝိဇ္ဇာနှင့်စရဏနှစ်ပါးလုံးပြည့်စုံမှသာ လူကောင်းသူကောင်း ပကတိလူနှင့်တူ၏။

ဤဘုရားသာသနာတော်အတွင်း ရှိနေကြကုန်သောသူအပေါင်းသည် သီလ၊ သမာဓိဟူသော ကျင့်ကြံအားထုတ်မှု စရဏအားကောင်းပြီး ရုပ်၊ နာမ်၊ ခန္ဓာတို့၌ ဉာဏ်၏ကျက်စားခြင်းဟူသော ဝိဇ္ဇာမျိုးမရှိခဲ့ပါက စရဏအားကောင်းမှုကြောင့် နောက်ဘုရားသာသနာတော်နှင့် တွေ့ကြုံနိုင်ကြမည်ဖြစ်သော်လည်း ဝိဇ္ဇာမျိုးမရှိသည့်အတွက် ဘုရားတရားတော်များကို အခါခါ နာကြားကြကုန်သော်လည်း သစ္စာဉာဏ်အလင်းမပေါက်နိုင်ကြ။ ကျွဲပါးစောင်းတီးအဖြစ်ဖြင့်သာ ပြီးရှာကြရကုန်၏။ ဥပမာ– ဂေါတမဗုဒ္ဓလက်ထက်တော်က ကာဠဒါယီမထေရ်၊ ဥပနန္ဒမထေရ်၊ ဆဗ္ဗဂ္ဂိရဟန်း၊ ကောသလမင်းကြီးတို့ကဲ့သို့တည်း။

အကြင်သူတို့သည် ရုပ်၊ နာမ်၊ ခန္ဓာတို့၌ ဉာဏ် ကျက်စားခြင်းဟူသော ဝိဇ္ဇာမျိုးနှင့် ပြည့်စုံကြပြီး ဒါန၊ သီလ၊ သမာဓိစသော ကျင့်ကြံအားထုတ်မှု စရဏတရားအားနည်းပါက ယင်းသို့ စရဏတရား အားနည်းမှုကြောင့်ပင် နောက်ပွင့်မည့် ဘုရား သာသနာတော်နှင့် တွေ့ဆုံနိုင်ကြရန် ခဲယဉ်းလှ၏။ အဘယ်ကြောင့်ဆိုသော် ဤဘုရားသာသနာတော်နှင့် နောက်ဘုရားသာသနာတော်သည် အန္တရကပ်ကြီးတစ်ကပ်ကွာခြားလျက်ရှိ၏။ ကာမဘုံ၌ဖြစ်ခဲ့ပါမူ ဘဝပေါင်း အကုဋေမက ဆက်လက်ကျင်လည်ရပေဦးမည်။ ယင်းအန္တရကပ်ကြီးတစ်ကပ်လုံး သုဂတိဘုံသို့ ရောက်နေမှ နောက်ဘုရားကို ဖူ တွေ့နိုင်မည်။ တစ်နည်းအား ဖြင့် နောက်ဘုရားသာသနာတော်နှင့် ကြုံတွေ့နိုင်မည်။

http://www.dhammadownload.com

စရဏအားနည်းမှုကြောင့် တစ်ချက်တိမ်းစောင်း၍ အပါယ်သို့ ကျသွားခဲ့လျှင် အပါယ်တစ်ကြိမ်ကျခြင်းသည် ဘဝအသချေ်သွားတတ်သဖြင့် နောက်ဘုရားကို ဖူးတွေ့နိုင်တော့မည်မဟုတ်၊ နောက်ဘုရားသာသနာတော်နှင့်လည်း ကြုံတွေ့နိုင်တော့မည်မဟုတ်ပေ။ အခန့်သင့်၍ သုဂတိဘဝသို့ ရောက်ကြပါသော်လည်း စရဏတရားအားနည်းမှုကြောင့် ဖြစ်လေရာဘဝတို့၌ ဓနဥစ္စာချို့တဲ့ခြင်း၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုမရှိခြင်း၊ အသက်မွေးမှု ကြမ်းတမ်းခြင်း၊ သီလမစောင့်ထိန်းနိုင်ခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟတရားဆိုးများ ထူပြောခြင်းများကြောင့် သုဂတိဘုံတွင် များစွာနေခွင့်ရကြမည်မဟုတ်ဘဲ အပါယ်သို့သာ လားကြရပေဦးမည်။ သို့ဖြစ်၍ စရဏအားနည်းသူများသည် ဘုရားသာသနာတော်နှင့် ကြုံတွေ့နိုင်ရန် အလွန်ခဲယဉ်း၏။ အကယ်၍ ဘုရားသာသနာတော်နှင့် ကြုံတွေ့ခဲ့လျှင်လည်း ဝိဇ္ဇာဉာဏ်အားကောင်းခဲ့မှုများကြောင့် သစ္စာဉာဏ်အလင်းသို့ လျင်မြန်စွာပေါက်ရောက်နိုင်ပါ၏။

ထို့ကြောင့် မြတ်ဗုဒ္ဓသာသနာတော်ကြီးနှင့် တွေ့ကြုံရပြီး သံသရာမှ ကျွတ်လွတ်လိုကြသော ပုဂ္ဂိုလ်များသည် မျက်မှောက်ဘဝတွင်ပင် ဒါန၊ သီလ၊ သမထ၊ ဘာဝနာတည်းဟူသော စရဏမျိုးကို အစွမ်းကုန်အားထုတ် ဆည်းပူးကျင့်ကြံကြ၍ ရုပ်၊ နာမ်၊ ခန္ဓာတို့အပေါ်၌ ဝိပဿနာဉာဏ်ဖြင့် ကျက်စားခြင်းတည်းဟူသော ဝိဇ္ဇာဉာဏ်ကိုလည်း ပေါက်မြောက်အောင်အစွမ်းကုန် အားထုတ်သင့်ကြပါသည်။ ဝိဇ္ဇာနှင့် စရဏနှစ်ပါးလုံး ပြည့်စုံရန် ကြိုးစားကြပါကုန်။

သိမှတ်ဖွယ်။ ဝိဇ္ဇာ(၈)ပါးနှင့် စရဏ(၁၅)ပါးကို ဘုရားဂုဏ်တော်အခန်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါ၏။ စရဏ(၁၅)ပါးသည် အထွတ်အမြတ်ဖြစ်သော ဗျာနလာဘီပုဂ္ဂိုလ်တို့၌သာ ရအပ်သော တရားများဖြစ်၍ သုက္ခဝိပဿနာပုဂ္ဂိုလ်(သမထဗျာန်သမာပတ်တည်းဟူသော အစေးခြောက်၍ ဝိပဿနာရှိသော ပုဂ္ဂိုလ်)တို့၌ကား ဗျာန်(၄)ပါးကို ချန်လှပ်၍ ကျန်စရဏ(၁၁)ပါး ရရှိနိုင်၏။

ဓမ္မန္တရာယ်

ဓမ္မန္တရာယ်ဆိုသည်မှာ တရား၏အနှောင့်အယှက်ဟု အဓိပ္ပာယ်ရ၏။ ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မဆိုသည်မှာကား သံသရာဘေးကို ကောင်းစွာ မမြင်နိုင်ခြင်း၊ မင်္ဂိုလ်ကိုရထိုက်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း၊ ပါရမီအရင့်ကို စောင့်စားခြင်း၊ ယခုကာလရှိကြသူများကို ဒွိဟိတ်ပုဂ္ဂိုလ်များဟု ထင်မှတ်ခြင်း၊ အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿဟကို စွန့်ထားခြင်းတို့ဖြစ်သည်။

http://www.dhammadownload.com

ကုသိုလ်မှုတို့မည်သည် အချည်းနှီးဖြစ်ခြင်းမရှိ။ ကုသိုလ်မှုကို အားထုတ်တိုင်း ထိုက်သင့်သော အကျိုးတရားများ ရရှိစမြဲဖြစ်၏။ ကုသိုလ်မှုကို မပြုလျှင်သာ ရှိမြဲထက် ယုတ်လျော့သွားမည်သာ ဖြစ်ပါ၏။ ဥပမာ–ဝိသုဒ္ဓိတရား(၇)ပါးပြည့်စုံအောင် ကျင့်ကြံ အားထုတ်ရာ၌ ပထမဆင့် ဝိသုဒ္ဓိပြည့်စုံမှ ဒုတိယဝိသုဒ္ဓိပြည့်စုံအောင် အားထုတ်ခြင်း၊ ကဲ့သို့သော တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံအောင် အားထုတ်ခြင်းသည် အကောင်းဆုံး ဖြစ်သည်ကား မှန်ပါ၏။ သို့သော် တစ်ဆင့်ပြီးမှတစ်ဆင့် ပြည့်စုံအောင် အားမထုတ်နိုင်သူများအဖို့ မိမိလက်လှမ်းမီရာ ဝိသုဒ္ဓိတို့ကို ပြည့်စုံအောင် အတတ်နိုင်ဆုံး အားထုတ်ပွားများနိုင်ပါသည်။

မုဆိုး တံငါများကဲ့သို့သော သီလဝိသုဒ္ဓိမပြည့်စုံနိုင်သေးသူများ အဖို့ ကျန်ဝိသုဒ္ဓိ တရားများ ပြည့်စုံအောင် အားထုတ်နိုင်ကြပါသည်။ မိမိစင်ကြယ်အောင် အားထုတ်နိုင်သည်နှင့်အမျှ အကျိုးတရားများစေကန် ရရှိမည်ဖြစ်ပါ၏။ မုဆိုး တံငါများကဲ့သို့သော သီလဝိသုဒ္ဓိ မပြည့်စုံသူများကို သီလမစင်ကြယ်သေး၍ သမထဝိပဿနာ တရားများ မပြုလုပ်အပ်သေး၊ စိတ္တဝိသုဒ္ဓိကဲ့သို့သော အခြားဝိသုဒ္ဓိတရားများ ပြည့်စုံအောင် မပြုလုပ်အပ်သေးဟု မပြောမဆိုရ။ ယင်းကဲ့သို့ပြောဆိုလျှင် ပြောဆိုသူသည် **ဓမ္မန္တရာယ်** ငြိရာ၏။ ထို့နည်းတူ ရဟန်းပြုမည့်ပုဂ္ဂိုလ်အား တစ်သက်လုံးနေနိုင်မှကြွေ မနေနိုင်လျှင် မကြံနှင့်ဟု ဆိုမိတတ်သော ပုဂ္ဂိုလ်များသည်လည်း **ဓမ္မန္တရာယ်**ကို ပြုသည်မည်၏။ သီလ၊ သမာဓိ၊ ပညာကုသိုလ်ကိုလည်းကောင်း၊ အားထုတ်သူကိုလည်းကောင်း၊ ရွှတ်ချလျှင် **ဓမ္မန္တရာယ်**ငြိ၏။ ဒါနကုသိုလ်ကို လည်းကောင်း၊ ဒါနပြုသူကိုလည်းကောင်း ရွှတ်ချလျှင် ပုဉ္ဇန္တရာယ်(ကုသိုလ်၏အနှောင့်အယှက်)ငြိတတ်၏။

ပုဉ္ဇန္တရာယ်ငြိခဲ့သူသည် နောက်နောက်ဘဝတို့၌ တန်ခိုးအရှိန်အဝါ ဥစ္စာဓနကင်းရှင်း၍ ဆင်းရဲအတိဖြစ်တတ်၏။ **ဓမ္မန္တရာယ်**ငြိခဲ့လျှင် နောက်နောက်ဘဝတို့၌ သီလသိက္ခာ အလိမ္မာကင်းရှင်း၍ ယုတ်ညံ့ခြင်းအတိဖြစ်၏။ ကောင်းစွာ သတိမူသင့်ကြပါသည်။

မြတ်ဗုဒ္ဓက "စိတ္တုပ္ပါဒ မတ္တံမွိ ကုသလေသု ဓမ္မေသုဗဟုပကာရံဝဒါမိ"ဟု ဟောတော်မူခဲ့၏။ အဓိပ္ပာယ်မှာ ကုသလေသု ဓမ္မေသု၊ ကောင်းမှုကုသိုလ်တရားတို့၌ စိတ္တုပ္ပာဒမတ္တမွိ–စိတ်အကြံဖြစ်ကာမျှကိုလည်း၊ ဗဟုပကာရံ–ကျေးဇူး ဥပကာရများ မြတ်လှပေ၏။ ဟူ၍ အဟံ–ငါဘုရားသည် ဝဒါမိ–ဟောတော်မူ၏။

http://www.dhammadownload.com

သူတော်ကောင်းကြီး အကြိုအစည်(၈)ပါး

(၁) ဤတရားသည် လူသူမသိ၊ ပိရိကုပ်ရုပ်၊ ရွက်အုပ်သီးနေနိုင်သူအတွက် ဖြစ်၏။ လူသိရှင်ကြား၊ ကြွားချင်ဝါချင် လိုအင်ကြီးမားသူအတွက် မဟုတ်ပါတကား။

(၂) ဤတရားသည်ရောင့်ရဲနိုင်သူအတွက်ဖြစ်၏။ မရောင့်ရဲနိုင်သူအတွက် မဟုတ်ပါတကား။

(၃) ဤတရားသည် အဖော်မမက်သူအတွက်ဖြစ်၏။ အဖော်မက်သူအတွက် မဟုတ်ပါ တကား။

(၄) ဤတရားသည် လုံ့လ ထက်သန်သူအတွက်ဖြစ်၏။ ပျင်းရိသူအတွက် မဟုတ်ပါတကား။

(၅) ဤတရားသည် သတိမြဲသူအတွက်ဖြစ်၏။ သတိမမြဲသူအတွက် မဟုတ်ပါတကား။

(၆) ဤတရားသည် သမာဓိ ရှိသူအတွက်ဖြစ်၏၊ သမာဓိမရှိသူအတွက်မဟုတ်ပါ တကား။

(၇) ဤတရားသည် ပညာရှိသူအတွက်ဖြစ်၏၊ ပညာမရှိသူအတွက်မဟုတ်ပါ တကား။

(၈) ဤတရားသည် ပပဉ္စမဲ့ တကယ့်နိဗ္ဗာန်ကိုလိုလားသူအတွက်ဖြစ်၏။ ပပဉ္စတရား တို့၌ ပျော်ပါးမွေ့လျော်သူအတွက် မဟုတ်ပါတကား။
(ပ ပဉ္စ = သံသရာကို ချဲ့တတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိ)
(နိပ္ပ ပဉ္စ = ပ ပဉ္စကင်းရာနိဗ္ဗာန်။)

ဒိဋ္ဌဘုံကြီး (၃)ဆင့်

၁။ **ဝိတိက္ကမ ဒိဋ္ဌကြမ်း**
အကုသိုလ် ကာယကံကိစ္စ၊ ဝစီကံကိစ္စတို့ဖြင့် လွန်စွာထကြွ သောင်းကျန်းသော ဒိဋ္ဌတည်း။

၂။ **ပရိယုဋ္ဌာန ဒိဋ္ဌလတ်**
မနောဒွါရ၌သာ ပွက်ပွက်ဆူထကြွသော ဒိဋ္ဌတည်း။

၃။ **အနုသယဒိဋ္ဌန**
ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးအနေဖြင့် လှုပ်ရှားတက်ကြွခြင်း မရှိမူ၍ အနမတဂ္ဂ သံသရာ ခန္ဓာအစဉ်၌ အမြဲနိစ္စထာဝရကိန်းဝပ် တည်ထောင်၍ နေသောဒိဋ္ဌတည်း။

http://www.dhammadownload.com

လောကဋ္ဌ ဝိတိက္ကမဘုံနှင့် ပရိယုဋ္ဌာနဘုံကြီး (၂)ခုလုံးခြုံ၍ ကာယက်၊ ဝစီက်၊ မနောက်တည်းဟူသော က်(၃)ပါးဖြူစင်လျှင် သူတော်စင် သူတော်ကောင်းဟု ခေါ်ကြကုန်၏။ အနုသယဘုံကိုကား မသိနိုင်ကြကုန်၊ အနုသယဘုံမပျက်စီးက ပထမဘုံနှစ်ခုလုံးခြုံမူသည် တဒင်္ဂ်၊ တစ်ခဏ၊ တစ်ဘဝသာဖြစ်၏။ နောက်ခဏ၊ နောက်ဘဝတို့ဋ္ဌကား ပြန်လည်ထကြွ ပွက်ကြမ်း၍လာပြန်အံ့။ လောဘဋ္ဌ ဘုံ(၃)ဆင့်၊ ဒေါသဋ္ဌ ဘုံ(၃)ဆင့်၊ မောဟဋ္ဌလည်း ဘုံ(၃)ဆင့် ကိုယ်စီရှိကြကုန်၏။

ဒိဋ္ဌဘုံကြီး (၃)ဆင့် ဖြိုဖျက်ခြင်း

အထက်ဖော်ပြပါ ဒိဋ္ဌဘုံကြီး(၃)ဆင့်ကို သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာ(၃)ပါးဖြင့် အစဉ်အတိုင်းဖြိုဖျက်ရာ၏။

၁။ သီလသည် ဝိတိက္ကမဒိဋ္ဌဘုံကြီးကို ဖျက်ဆီးနိုင်၏။ သီလဝိသုဒ္ဓိပြည့်စုံလျှင် ကာယက်သောင်းကျန်းမှု၊ ဝစီက်သောင်းကျန်းမှုတို့ မရှိနိုင်တော့ပေ။

၂။ သမာဓိသည် ဒိဋ္ဌ၏ပရိယုဋ္ဌာန ဒုတိယအဆင့်ဘုံကြီးကို ဖျက်ဆီးနိုင်၏။ ဘာဝနာ မနသိကာရ စွဲမြဲပါလျှင် မနောက်ဆိုးရွားမှု မရှိနိုင်တော့ပေ။

၃။ ပညာသည်ဒိဋ္ဌ၏ တတိယဘုံကြီးဖြစ်သည့် အနုသယဘုံကို ဖျက်ဆီးနိုင်၏။ ခန္ဓာကိုယ်တစ်ခုလုံးကို ရုပ်အစု၊ နာမ်အစု၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တအစုဟု အလင်းထင်မြင် ခဲ့လျှင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ နိစ္စ၊ သုခ၊ အတ္တအနေနှင့် ဘဝအဆက်ဆက် အရိုးစိုက်၍ ကိန်းဝပ်တည်ထောင်ကာနေသော ဒိဋ္ဌအသိုက်အအုံကြီးသည် လုံးဝ ကွယ်ပျောက်လေ၏။

ဤဒိဋ္ဌ အနုသယအသိုက်အအုံကြီးရှိနေသမျှ ကာလပတ်လုံး သီလနှင့် သမာဓိ သိက္ခာ(၂)ပါးဖြင့် ဝိတိက္ကမဘုံနှင့် ပရိယုဋ္ဌာနဘုံတို့ကို ဖျက်ဆီးနိုင်သော်လည်း ဒိဋ္ဌဘုံကြီးသည် တဒင်္ဂ်သာ ပျက်စီးနိုင်၏။

ယခုမျက်မှောက်တွင် တွေ့ဆုံနေကြသော မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်အနန္တ၊ တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော်အနန္တ၊ အရိယာအရှင် သံဃာတော်မြတ်တို့၏ ဂုဏ်ကျေးဇူးတော် အနန္တတို့ကိုလည်းကောင်း၊ သိရှိခိုမှီးကိုးကွယ်၍ နေကြကုန်သော သာသနာမွေအသိုက်အအုံတို့ကိုလည်းကောင်း၊ နောက်ဘဝဋ္ဌ တစ်စမကျန် အကုန်ကွယ်ပစေလျက် တွေဝေပြင်းပြမှောင်ကြီးချနိုင်သော သမ္မောဟတရား(ပြင်းပြစွာတွေဝေမှု)ကြီးမှလည်းကောင်း၊ အနမတဂ္ဂ သံသရာဋ္ဌ ပုထုဇဉ်သတ္တဝါတို့၏ အလေ့အားဖြင့် ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်တည်းဟူသော သာသနာမှန်ကို မသိနိုင်ကြကုန်သည်ဖြစ်၍

http://www.dhammadownload.com

ရောက်လေရာဘဝတို့၌ အမျိုးဘာသာအလိုက် တွေ့ရှိရာဘုရား အလွန်အမှားကြီးတွေကို တစ်ဘဝတစ်မျိုး ကိုးကွယ်ရိုးဓမ္မတာ သံသရာတွင် အမှားကြီးနာလှသော မိစ္ဆာဒိဋ္ဌိတရား ဆိုးကြီးမှလည်းကောင်း၊ ယခုဘဝမှစ၍ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အပြီး လွတ်ကင်းမှု၊ ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်တည်းဟူသော သာသနာမှန်တို့နှင့် နိဗ္ဗာန်(အကြားမရှိ၊ အခြားမရှိ) ဘဝအဆက်ဆက်၊ ကမ္ဘာအဆက်ဆက်ကိုးကွယ်ရာ အခြေမပျက်နိုင်သော အဓိဂမသဒ္ဓါ(ပိုင်နိုင်စွာ သိယုံကြည်မှု)၊ အဓိဂမပညာ (ပိုင်နိုင်စွာ သိမြင်မှု)တို့၏ နိစ္စ နိယာမအဖြစ်သို့ ရောက်ရှိမှုတို့ကို အလိုရှိကြကုန်သည်ရှိသော် ဒိဋ္ဌ၏ အနုသယဘုံကြီးကို အပြီးသတ်ဆုံးခန်းတိုင် ဖြိုဖျက်နိုင်ရန် သတိပဋ္ဌာန်တရား တို့ကို သမ္မပ္ပဓာန် ကိစ္စအချိုးကျအောင် အားထုတ်ကြကုန်ရာသတည်း။ ယင်း အနုသယဘုံ ကြီးမှ မကျွတ်လွတ်သေးသမျှ ကောသဇ္ဇ (ပျင်းရိခြင်း) အကုသိုလ်ကို တွန်းလှန်လျက် ဘာဝနာရာမ (ဘာဝနာ၌ မွေ့လျော်ခြင်း) တရားနှင့်သာ နေ့၊ ရက်၊ နာရီတို့ကို ကုန်လွန်စေရမည်။

ပဋိပက္ခအကုသိုလ်အသင်းကြီး(၅)ပါး
(ပဋိပက္ခ – ဆန့်ကျင်ဘက်)

၁။ တဏှာအသင်းကြီး၊

၂။ ပျင်းရိမှု၊ ကိုယ်အနွမ်းအပါးမခံနိုင်မှု၊ ပဋိပတ်အရာ၌ စိတ်ကျွတ်ကျွတ်လွတ်လွတ် မရဲမှုဟူသော ကောသဇ္ဇ(ပျင်းရိခြင်း)အသင်းကြီး၊

၃။ မုဋ္ဌသစ္စ (သတိလွတ်ကင်းမှု)အသင်းကြီး၊

၄။ ဝိက္ခေပ (ပျံ့လွင့်မှု)အသင်းကြီး၊

၅။ သမ္မောဟ (လွန်စွာတွေဝေမှု)အသင်းကြီး။

ယင်းအကုသိုလ် အသင်းကြီးငါးပါးကို အသီးသီးအားတိုက်ဖိစီး၍ တွန်းလှန်နိုင်ကြ ကုန်သော တရားငါးပါးတို့မှာ ဗိုလ်တရားငါးပါးပင်ဖြစ်၏။ ဗိုလ်တရားငါးပါးလုံး အင်အားကောင်းမှသာ အကုသိုလ်အသင်းကြီး (၅)ပါးလုံး ပျက်စီးသွားနိုင်မည် ဖြစ်သည်။

သာသနာတော်၏ အမွေ(၂)ပါး

၁။ အာမိသအမွေ ..... ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါး၊

၂။ ဓမ္မအမွေ ..... ဗောဓိပက္ခိယတရား(၃၇)ပါး၊

http://www.dhammadownload.com

(က) လောကီဓမ္မအမွေ ..... လောကီဖြစ်သော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး၊ လောကီဝိသုဒ္ဓိ (ဉာဏဒဿန ဝိသုဒ္ဓိမှ အပကျန်ဝိသုဒ္ဓိ(၆)ပါး၊ လောကီသိက္ခာသုံးပါးနှင့် လောကီဝိသုဒ္ဓိတို့၌ အကျုံးဝင်သော ဗောဓိပက္ခိယ တရား(၃၇)ပါး။

(ခ) လောကုတ္တရာဓမ္မအမွေ ..... လောကုတ္တရာ မဂ်ဖိုလ်တို့၌ အကျုံးဝင်သော သိက္ခာသုံးပါး၊ ဉာဏဒဿန ဝိသုဒ္ဓိ တစ်ပါး၊ လောကုတ္တရာဗောဓိပက္ခိယတရား(၃၇)ပါး။

လောကီဓမ္မအမွေ(၂)ပါး

၁။ ဝဋ္ဋနိဿိတဓမ္မအမွေ

ဤသာသနာတော် အတွင်း၌ပင် ဘုန်းတန်ခိုး အရိုန်အဝါကြီးရန်၊ အခြေအရံများရန်၊ ပစ္စည်းလေးပါး ပေါများရန်၊ သံသရာ၌လူကောင်း၊ နတ်ကောင်းဖြစ်ရန် အားထုတ်အပ်သော သီလ၊ သမာဓိ၊ ပညာမျိုးဖြစ်၏။ နိယတဓမ္မအမွေဟုလည်း ခေါ်၏။

၂။ ဝိဝဋ္ဋနိဿိတဓမ္မအမွေ

ယခုဘဝ၌ပင်လျှင် အလုံးစုံအားဖြင့်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်လည်းကောင်း၊ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူသော ဝဋ်သုံးပါးမှ ကုန်ငြိမ်းရာ နိဗ္ဗာန်သို့ရည်မှန်း၍ အားထုတ်အပ်သော သီလ၊ သမာဓိ၊ ပညာမျိုးဖြစ်၏။ အနိယတဓမ္မ အမွေဟုလည်းခေါ်၏။

သိမှတ်ဖွယ်။ မိမိပြုသော ကုသိုလ်အတွက် နောင်သောအခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုလည်း ရောက်လို၏။ နိဗ္ဗာန်သို့မရောက်မီကာလတို့၌လည်း လူကောင်း၊ နတ်ကောင်းတို့၏ အဖြစ်ကိုအလိုရှိသော သီလ၊ သမာဓိ၊ ပညာမျိုးကား ဝဋ္ဋ၊ ဝိဝဋ္ဋ နှစ်ပါးကိုမှီသော ဥဘယနိဿိတ ကုသိုလ်မျိုးဖြစ်၏။ သို့သော် ဝဋ္ဋဘက်၌ စိတ်ညွှတ်ခြင်း အားကြီးသူတို့၏ ကုသိုလ်ကို ဝဋ္ဋနိဿိတ၌ သွင်းယူရပြီး ဝိဝဋ္ဋဘက်၌ စိတ်ညွှတ်ခြင်း အားကြီးသူတို့၏ ကုသိုလ်ကို ဝိဝဋ္ဋနိဿိတ၌သွင်းယူရမည်။

http://www.dhammadownload.com

သာသနာ့အမွေခံပုဂ္ဂိုလ်(၇)ပါး

၁။ ဘိက္ခု၊
၂။ ဘိက္ခုနီ၊
၃။ သာမဏေရယောကျ်ား၊
၄။ သာမဏေမိန်းမ၊
၅။ သိက္ခမာန်မိန်းမ၊ (ရဟန်းလောင်းမ၊ ပဉ္စင်းလောင်းမ)
၆။ ဥပါသကာ၊
၇။ ဥပါသိကာ။

ရှေ့ငါးဦးတို့သည် သီတင်းသုံးဖော် ငါးဦးမည်လေ၏။ ပစ္စည်းလေးပါးတည်းဟူသော အာမိသ အမွေကိုခံစားနိုင်၏။ ဝိနည်းသီလအမွေနှင့် သုတ္တန်သီလအမွေတို့ကိုလည်း ခံစားနိုင်၏။ ဤငါးဦးမှ တစ်ပါးသော သရဏဂုံ၌ ကောင်းစွာတည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာတို့သည် ဥပါသကာ ဥပါသိကာတို့၌ အကျုံးဝင်၏။ ဤနှစ်ဦးသည် အာမိသအမွေနှင့် ဝိနည်းသီလအမွေကိုမခံစားနိုင်။ သုတ္တန်သီလအမွေကိုသာ ခံစားနိုင်ကြ၏။

ရှေ့သီတင်းသုံးဖော် ငါးဦးတို့သည် မိမိတို့အဖို့ သာသနာ့အမွေခံဖြစ်သည့်အပြင် ပိဋကတ်သုံးပုံနှင့်တကွ အလုံးစုံသော သာသနာကို အနှစ်ငါးထောင်တည်လေအောင် ဆောင်ရွက်စောင့်ရှောက် ထိန်းသိမ်းကြကုန်သည်ဖြစ်၍ သာသနာ့အမွေထိန်းလည်းမည်၏။ ကျန်နှစ်ဦးသည် သာသနာ့အမွေခံသက်သက်သာဖြစ်၏။ သာသနာ့အမွေထိန်းသည် အလွန်ကြီးမြတ်၏။ ထို့ကြောင့် ပုထုဇဉ်ဖြစ်၍ အနှစ်ခြောက်ဆယ်ရှိပြီးသော လူဂဟဋ္ဌသည် ယနေ့တွင်မှ ရှင်သာမဏေပြုသော ပုထုဇဉ်ရှင်သာမဏေငယ်ကို ရှိခိုးရ၏။ ရဟန္တာဖြစ်ပြီးသောရဟန်းသည် မိမိထက်တစ်မိနစ်၊ တစ်နာရီမျှ ရဟန်းသိက္ခာကြီးသော ပုထုဇဉ်ရဟန်းကို ရှိခိုးရာ၏။

ရဟန်းဟုဆိုအပ်သော ပကတိလူပုဂ္ဂိုလ်

မြတ်စွာဘုရားက "အလက််သောပိ-ပကတိသောလူဝတ်တန်ဆာ ဝတ်ဆင်လျက်လည်း သမံ-ညီညွတ်စွာ၊ ဓရေယျ-ကျင့်ပေငြားအံ့။ သန္တော- ငြိမ်သက်သော နှလုံးရှိသည်ဖြစ်၍ ဒန္တော- နူးညံ့သိမ်မွေ့သော စိတ်နှလုံးရှိသည်ဖြစ်၍ သဗ္ဗေသု အလုံးစုံသော၊ ဘူတေသု- သတ္တဝါတို့၌၊ ဒဏ္ဍံ- ကံသုံးပါးဖြင့် ထိပါးခြင်းအမှုကို၊ နိဓာယ - ပယ်စွန့်ချထား၍၊ နိယတော- အမြဲလျှင်၊ ဗြဟ္မာစာရိ-ကာမဂုဏ်နှင့် အာရုံမစပ် မြတ်သောအကျင့်ရှိသည်။ ဘဝေယျ-ဖြစ်ပေငြားအံ့၊ သော- ထိုလူဝတ်ပကတိ

http://www.dhammadownload.com

ဆင်ယင်လျက် ရှိသောသူသည်၊ သာမဏော–ရဟန်းပင်တည်း၊ သော–ထိုသူသည် ဗြဟ္မဏော အရိယာပင်တည်း၊ သော– ထိုသူသည် ဘိက္ခု– ရဟန်းပင်တည်း"ဟု မိန့်တော်မူခဲ့သည်။

ဤမိန့်ဆိုချက်ကား ဗောဓိပက္ခိယ တရားတည်းဟူသော ဓမ္မာနုဓမ္မပွဋိပတ် အကျင့်မြတ်လက်ရှိနှင့် စိတ်နှလုံးဖြူစင်စွာ နေထိုင်သောသူကို ပကတိလူပင်ဖြစ်သော်လည်း ရဟန်းဟုဆိုအပ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသော ပါဠိအနက်ပင်တည်း။

အမွေဆိုး(၃)ပါး

၁။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသောပစ္စည်း ပရိက္ခရာ လာဘသက္ကာယမျိုး ဖြစ်သည့်ပစ္စယာမိသတို့၌သာယာခြင်း၊ တပ်မက်နှစ်သက်ခြင်း၊ တောင့်တခြင်း။

၂။ လောကဒ္ဓထင်ပေါ်သောဂုဏ်အရှိန်အဝါ၊ မင်းဆရာစိုးဆရာ၊ သူဌေးဆရာသူကြွယ် ဆရာ၊ တပည့်သံဃာ၊ ဒါယကာပရိသတ်ပေါများမှု အလုံးစုံဖြစ်သော လောကမိသတို့အပေါ်၌ သာယာခြင်း၊ တပ်မက်နှစ်သက်ခြင်း၊ တောင့်တခြင်း။

၃။ နောက်နောင်ဘဝ၌ ရယူခံစားနိုင်ရန် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိနှင့် ဣဿရိယ သမ္ပတ္တိ အလုံးစုံဖြစ်သော ဝဋ္ဋ မိသအပေါ်၌ သာယာခြင်း၊ တပ်မက်နှစ်သက်ခြင်း တောင့်တခြင်း။

ဤပုဂ္ဂိုလ်သုံးဦးသည် မြတ်စွာဘုရား၏ မြင့်မြတ်စင်ကြယ်လှသော အမွေခံကောင်းများကို အမွေဆိုးဖြစ်အောင် ဖန်တီးကြသော ပုဂ္ဂိုလ်များဖြစ်ကြ၏။

ဘုရားအမွေခံကောင်းများ

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဗောဓိပက္ခိယတရား(၃၇)ပါးနှင့်အညီ တရားဒေသနာတော်များနှင့်အညီ ကျင့်ကြံနေထိုင်အားထုတ်ကြသူများသည် ဘုရားရှင်၏ အမွေခံကောင်းများဖြစ်ကြ၏။

ဗုဒ္ဓဒါယဒွကြီး(၄)ပါး

ဘုရားရှင် ကြည်ဖြူတော်မူလှသော အမွေတော်ကြီး လေးပါးဖြစ်၏။ ယင်းတို့မှာ...

၁။ ပိဏ္ဍိယာလောပဆွမ်း ..... သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ရအပ်သောဆွမ်း၊

၂။ ပုံသကူသင်္ကန်း ..... မြေမှုန့် အလိမ်းလိမ်းကပ်ငြိသောသင်္ကန်း၊

၃။ ရုက္ခမူကျောင်း ..... သစ်ပင်ရင်း၊

၄။ ပုတိမုတ္တဆေး ..... နွားကျင်ငယ်ပုပ်ဖြင့်ပြုလုပ်ထားသောဆေး။

http://www.dhammadownload.com

မြတ်ဘုရားရှင်သည် အထက်ပါလေးပါးအပြင် အတိရေကလာဘ အာမိသ (အပိုအလွန်ဖြစ်သောလာဘ်)ကို ရဟန်းသံဃာတော်များအား ခွင့်ပြုရခြင်းမှာ ကာယဗလ၊ ဉာဏဗလ နည်းကြကုန်သော သာသနာ့ဝန်ထမ်း ရဟန်း သံဃာတို့သည် အတိရေကလာဘ်ကို စွန့်လွှတ်၍ ရက္ခမူ စသည်တို့၌တည်၍ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာနှစ်ဖြာကို ကောင်းမွန်စွာ ရွက်ဆောင်တော်မူနိုင်ကြမည်ကို မြင်တော်မူသောကြောင့်လည်းကောင်း၊ ဒါယကာ ဒါယိကာမ အပေါင်းတို့အတွက်လောကီ လောကုတ္တရာတို့တွင် အထောက်အပံ့ဖြစ်စေသည့် ကုသိုလ်ကောင်းမှု အစုစုကို ပြုလုပ်နိုင်ကြစေရန်လည်းကောင်း ခွင့်ပြုတော်မူရခြင်းဖြစ်သည်။

ဤပုဂ္ဂိုလ်တို့တွင် အတိရေကလာဘ်အပေါ်တပ်မက်မှု၊ နှစ်သက်သာယာမှုများ မဖြစ်ပေါ်စေရန် မြတ်ဘုရားက ပစ္စဝေက္ခဏာသုခ အစီအရင်ကို ထားတော်မူခဲ့သည်။ သို့ဖြစ်၍ သာသနာ့ဝန်ထမ်းများသည် အာမိသပစ္စည်းများ သုံးစွဲတိုင်း အာမိသ တဏှာဖြစ်ပေါ်လွယ်မိုးမှု မရှိစေရန်၊ ကင်းဝေးစေရန် ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်သုံးဆောင်အပ်ပေသည်။

မြတ်စွာဘုရားရှိစဉ်က ရဟန်းတစ်ပါးသည် မပျံလွန်မီနောက်ဆုံးအချိန်တွင် မိမိ၏သင်္ကန်းသစ်၌ သာယာစိတ်ဖြစ်ပေါ်ခဲ့၍ ပျံလွန်သောအခါ ထိုသင်္ကန်းမှာပင် (၇)ရက်ခန့် သန်းပြိတ္တာဖြစ်ခဲ့ရ၏။ ယင်းရဟန်းမှာ နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်သော သိက္ခာပုဒ်တော်တို့ကို လုံခြုံအောင် အမြဲစောင့်ထိန်းခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ပြီး သာယာမိသော သင်္ကန်းမှာလည်း သံဃိကအဖို့မှ ဝေစုရရှိသောသင်္ကန်းဖြစ်၍ ဓမ္မိကဥစ္စာ(အပ်စပ်သော ပစ္စည်း)ပင် ဖြစ်ပါသည်။ ဤသို့ ပြည့်စုံခဲ့သည့်တိုင် အာမိသ ပစ္စည်းတစ်ခုအပေါ် သာယာမိခဲ့၍ အပါယ်သို့ ကျရောက်ခဲ့သေး၏။ လောဘ၊ ပယောဂတွေများစွာဖြင့် ရှာကြံရသော အာမိသပစ္စည်းများအပေါ် တပ်မက်သာယာမှုဖြစ်ခြင်း၏ အပြစ်သည်ကား ဆိုဖွယ်ရာမရှိပြီဖြစ်၏။

အရိယဝံသတရား(၄)ပါး

မြတ်ဘုရားအမြဲခံ ရှင် လူ အရိယာအမျိုးခံသူတို့ မစွန့်အပ်သောတရားများမှာ.....

၁။ စီဝရသန္တောသ ..... သင်္ကန်း၌ရောင့်ရဲခြင်း

၂။ ပိဏ္ဍပါတသန္တောသ ..... ဆွမ်း၌ရောင့်ရဲခြင်း

၃။ သေနာသနသန္တောသ ..... ကျောင်း၌ရောင့်ရဲခြင်း

၄။ ဘာဝနာရာမ ..... ဘာဝနာ၌မွေ့လျော်ခြင်း။

http://www.dhammadownload.com

အနိယတအမွေခံ

အကြင်သူသည် မိမိတို့၏ အဖျက်တွန်ခန္ဓာ၌ ကောင်းကောင်းကြီး ထင်မြင်သော အနိစ္စဉာဏ်၊ အနတ္တဉာဏ်တို့ကို တစ်ရံတစ်ဆစ်မျှ မရဖူးကြကုန်၊ ထိုသူတို့သည် အရိယာမဖြစ်သေးသော အနိယတအမွေခံမည်၏။ အနိယတအမွေခံ ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝမှာပင် ဘုရားအစစ်တရားအစစ်တို့ကို ကိုးကွယ်နေရာမှ ပြောင်းလဲ၍ မစစ်မှန်သော ဘုရားအမည်ခံများ၊ မမှန်ကန်သော တရားများကိုတွေ့ကြုံသမျှ အမျိုးမျိုး ပြောင်းလဲကိုးကွယ်တတ်၏။ အနမတဂ္ဂသံသရာ (အစမထင်သောသံသရာ)၌မူ ဆိုဖွယ်မရှိ။ ကိုးကွယ်ရာဌာနမြဲသည်ဟုမရှိဘဲ ရောက်လေရာဘဝတွင် ကြုံတွေ့ရာကို ကိုးကွယ်တတ်၏။ ဗြဟ္မာကို ဘုရားဟုလည်းကိုးကွယ်တတ်၏။ သိကြားများ၊ နတ်များ၊ ဘီလူးများ၊ မိစ္ဆာဒိဋ္ဌိကြီးများ၊ နေများ၊ လများ၊ မီးများ၊ တောတောင်များ စသည်တို့ကို ဘုရားဟူ၍ ကိုးကွယ်တတ်၏။ ဘုရားစစ်ကိုမကိုးကွယ်ရလျှင် တရားစစ်တရားမှန်လည်း မရရှိနိုင်။ သို့ဖြစ်၍ အနမတဂ္ဂသံသရာ၌ ကိုးကွယ်မှုများလေလေ ဒုက္ခများလေလေ အပါယ်သို့ ကျရောက်လေလေဖြစ်တော့၏။

သို့ဖြစ်၍ အရိယာမဖြစ်သေးသည့် ပုထုဇဉ်အဖြစ်သည် ကြောက်ဖွယ်၊ လန့်ဖွယ်၊ စက်ဆုပ်ဖွယ်၊ ရွံရှာဖွယ် အလွန်ကောင်းလေသည်။

နိယတအမွေခံ

အကြင်သူသည် မိမိတို့အဖျက်တွန်ခန္ဓာ၌ အနိစ္စတရား၊ အနတ္တတရားတို့ကိုကောင်းစွာ တွေ့မြင်၏။ ဤသူတို့သည် သက္ကာယဒိဋ္ဌိမှ ကင်းလွတ်ကြသော နိယတအမွေခံများ ဖြစ်ကြ၏။

နိယတအမွေခံတို့သည် ဘုံစဉ်စံ အရိယာမျိုးဖြစ်၍ သံသရာဘဝများစွာ ကမ္ဘာများစွာ ကျင်လည်သွားကြကုန်သော်လည်း ဘုရား၊ တရား၊ သံဃာတော်တို့၏ ဂုဏ်တော်ကျေးဇူးတော်တို့သာ တစ်ဘဝထက်တစ်ဘဝ တစ်ကမ္ဘာထက်တစ်ကမ္ဘာ စည်ပင်ပွင့်လင်း၍သာသွားကြကုန်၏။ မြတ်စွာဘုရား၏ သာသနာတော်ကြီး(၃)ရပ်သည် ထိုသူတို့မှာ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်မပျက်ဘဲ အစဉ်ထာဝရ အမြဲတည်လေကုန်၏။ ကြီးကျယ်ပွားများ စည်ကားရှိသော ရှိကုန်၏။ ဘုံစဉ်အားဖြင့် အဆင့်ဆင့်စံ၍ နောက်ဆုံး၌ သဉပါဒိသေသ(ခန္ဓာငါးပါးအကြွင်းရှိသော) နိဗ္ဗာန်ကိုခံစားပြီး ခန္ဓာငါးပါး၌ စက်ဆုပ်ဖွယ်ရွံရှာဖွယ်သော အနုပါဒိသေသ (ခန္ဓာငါးပါးအကြွင်းမရှိသော)နိဗ္ဗာန်သို့ စံဝင်ကြလေကုန်၏။

http://www.dhammadownload.com

အရိယဝံသတရားများ၏ဆန့်ကျင်ဘက်တရား(၃)ပါး

၁။ ပစ္စယာမိသတဏှာ .... ပစ္စည်းကို လိုချင်တပ်မက်မောသောတဏှာ၊

၂။ လောကမိသတဏှာ .... လောကစည်းစိမ်ကို လိုချင်တပ်မက်မောသော တဏှာ၊

၃။ ဝဋ္ဋမိသတဏှာ .... သံသရာ ဝဋ်ကို တမ်းတလိုချင်သောတဏှာ။

အစဉ်မပြတ်ဆင်ခြင်အပ်သောအကြောင်းတရား(၅)ပါး

မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ ရဟန်းဖြစ်စေ အစဉ်မပြတ် ဆင်ခြင်အပ်သော အကြောင်းတရား(၅)ပါးမှာ-

၁။ ငါသည်အိုခြင်းသဘောရှိ၏။ ယင်းအိုခြင်းသဘောကို မလွန်ဆန်နိုင်၊

၂။ ငါသည် နာခြင်းသဘောရှိ၏။ ယင်းနာခြင်းသဘောကို မလွန်ဆန်နိုင်၊

၃။ ငါသည်သေခြင်းသဘောရှိ၏၊ ယင်းသေခြင်းသဘောကိုမလွန်ဆန်နိုင်၊

၄။ ငါသည် ငါ၏ချစ်မြတ်နိုးအပ်သော အရာအားလုံးနှင့် ရှင်ကွဲကွဲရခြင်း၊ သေကွဲကွဲရခြင်းများ မလွဲမသွေဖြစ်ချေမည်။

၅။ ငါသည် ကံသာလျှင်မိမိဥစ္စာရှိ၏။ ကံ၏အမွေခံသာဖြစ်၏။ ကံသာလျှင် အကြောင်းရင်းရှိ၏။ ကံသာလျှင်အဆွေအမျိုးဖြစ်၏။ ကံသာလျှင်ကိုးကွယ်မှီခိုအားထားရာ ဖြစ်၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ငါကား ငါပြုမိသော ကံ၏ အမွေခံသာဖြစ်ရပေမည်။

သိမှတ်ဖွယ်။ ဤနေရာ၌ မြတ်ဗုဒ္ဓဆိုလိုသောကံသည် အတိတ်ဘဝကပြုလုပ်ခဲ့သော ကံကိုသာရည်ညွှန်းဟောကြားခြင်းမဟုတ်ဘဲ ယခင်ကရော ယခုပါ ပြုခဲ့ပြီး၊ ပြုဆဲ အကောင်းအဆိုး အပြုအမူလုပ်ရပ်တို့နှင့် နောင်အတွက်ပါ ပြုမည့် အပြုအမူလုပ်ရပ်များကို ရည်ညွှန်းခြင်းဖြစ်သည်။ မိမိဘဝကောင်းအောင် ဆိုးအောင် ပြုမူလုပ်ရပ် (ကံ) သည် မိမိအပေါ်၌သာ ပဓာနအားဖြင့် မူတည်ကြောင်း ဆိုလိုရင်းဖြစ်၏။ မိမိကိုယ်ကိုသာ မိမိ၏ကိုးကွယ်အားထားရာဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

အမြတ်ဆုံးတရား(၆)ပါး

၁။ အမြတ်ဆုံးအမြင်

ဗုဒ္ဓမြတ်စွာ(သို့မဟုတ်) ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝက ရဟန်းသံဃာတော်များကိုဖူးမြော်ရခြင်း။

http://www.dhammadownload.com

၂။ အမြတ်ဆုံးအကြား

ဗုဒ္ဓမြတ်စွာ၏ဟောကြားအပ်သော တရား ဒေသနာတော်များကို အနည်းနည်း အသွယ်သွယ်ဖြင့် ကြားနာရခြင်း။

၃။ အမြတ်ဆုံးလာဘ်

ရတနာမြတ်သုံးပါး အပေါ်၌ ယုံကြည်မှု သဒ္ဓါတရားထက်သန်ခြင်း၊

၄။ အမြတ်ဆုံးသင်ယူမှု

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော လွန်ကဲသော သီလ (အဓိသီလ)၊ လွန်ကဲသောသမာဓိ (အဓိစိတ္တ)၊ လွန်ကဲသောပညာ(အဓိပညာ)တည်းဟူသော သိက္ခာသုံးပါးတရားတော်ကို သင်ယူရခြင်း၊

၅။ အမြတ်ဆုံးလုပ်ကျွေးမှု

ဗုဒ္ဓမြတ်စွာနှင့် ဗုဒ္ဓမြတ်စွာ၏တပည့်သာဝက ရဟန်းသံဃာတော်များကို လုပ်ကျွေးရခြင်း၊

၆။ အမြတ်ဆုံးသောအောက်မေ့မှု

ရတနာမြတ်သုံးပါးအပေါ်၌ အဖန်ဖန်တလဲလဲ အစဉ်အောက်မေ့ခြင်း။

အမြတ်ဆုံးအရာများ

၁။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး စသည့် ခပ်သိမ်းသော အလှူမျိုးတို့တွင် သူတစ်ပါးတို့အား တရား ဓမ္မ ဟောပြောဆုံးမခြင်း၊ သင်ကြားပေးခြင်း၊ တရားစာပေ ရေးသားညွှန်ကြားခြင်း၊ တရားနှင့်စပ်သော ကျမ်းစာအုပ်တို့ကို လှူဒါန်းခြင်းစသော တရားအလှူ(ဓမ္မဒါန)သည်သာ အကြီးမြတ်ဆုံးဖြစ်သည်။

၂။ ခပ်သိမ်းသောအရသာမျိုးတို့တွင် သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားနှင့် လောကုတ္တရာ ကိုးပါးတည်းဟူသော တရားတို့၏ အရသာသည် အထူးကဲဆုံးဖြစ်သည်။

၃။ ခပ်သိမ်းသော မွေ့လျော်ခြင်းတို့တွင် တရားကိုအာရုံပြု၍ မွေ့လျော်နှစ်သက်ခြင်းသည် အမြတ်ဆုံးဖြစ်သည်။

၄။ တဏှာ၊ လောဘ၊ ရာဂတရားတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်၏ အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်သည် အလုံးစုံသော အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲတို့ကို နိမ်နင်းအောင်မြင်နိုင်ခြင်း ဖြစ်သောကြောင့် အကြီးမြတ်ဆုံး အောင်နိုင်မှုဖြစ်သည်။

http://www.dhammadownload.com

ချမ်းသာအစစ်အမှန်များ

၁။ ကိလေသာ ကင်းဆိတ်ရာ နိဗ္ဗာန်တည်းဟူသော ချမ်းသာ၊
၂။ သစ္စာတရားသိမြင်သော ပုဂ္ဂိုလ်၏ မေတ္တာ၊ ကရုဏာတည်းဟူသောချမ်းသာ၊
၃။ ကာမရာဂ ကင်းကြောင်း အနာဂါမိ မဂ်ချမ်းသာ
၄။ ငါဆိုသောမာနကင်းကြောင်း အရဟတ္တမဂ်ချမ်းသာ။

ယင်းချမ်းသာ အစစ်အမှန်တို့တွင် အစစ်မှန်ဆုံးအမြတ်ဆုံး ချမ်းသာမှာ နိဗ္ဗာန်ချမ်းသာပင်ဖြစ်၏။

အဘိဓမ္မာလာ ချမ်းသာ(၄)ပါး

၁။ ဝေဒယိတသုခ .... ခံစားစံစားရသောသုခချမ်းသာ၊
၂။ သန္တိသုခ .... မခံစားရဘဲအစဉ်ငြိမ်းအေးချမ်းသာသော ချမ်းသာ၊
၃။ ကာယိကသုခ .... ကိုယ်ချမ်းသာခြင်း၊
၄။ စေတသိကသုခ .... စိတ်ချမ်းသာခြင်း။

အဲ့ဖွယ်(၈)ဖြာသာသနာ

မြတ်ဗုဒ္ဓ၏ သာသနာတော်သည် မဟာသမုဒ္ဒရာပမာ အဲ့ဖွယ်(၈)ဖြာရှိ၏။

၁။ မဟာသမုဒ္ဒရာ၌ ကမ်းစပ်မှစ၍ အစဉ်အတိုင်း နိမ့်လျော့နက်ရှိုင်းသွားသကဲ့သို့ သာသနာကျင့်စဉ်၌ သီလ သမာဓိ ပညာဟူသော အစဉ်အတိုင်း ခုတင်တေရသ ဗောဓိ ပက္ခိယတရား(၃၇)ပါး မဂ်တရား၊ ဖိုလ်တရားတိုင်အောင် နက်ရှိုင်း၍ သွားခြင်း၊

၂။ မဟာသမုဒ္ဒရာ၌ ရေသည်ကမ်းကိုမကျော်လွန်ဘဲ တည်နေသကဲ့သို့ သာသနာ၌ တပည့်သား သာဝကတို့သည် အသက်ဟူသောအကြောင်းကြောင့်သော်လည်းကောင်း၊ သိက္ခာပုဒ် ပညတ်တော် စည်းကမ်းကို ကျူးလွန်ကျော်လွှား၍ မတက်ခြင်း။

၃။ အကောင်ပုပ်၊ အမှိုက်သရိုက်တို့ကို ပင်လယ်ထဲ၌မထားဘဲ ကမ်း ကုန်းအရပ်သို့ တင်ပို့သကဲ့သို့ အလဒ္ဓီ၊ ဒုဿီလ အပုပ်အသိုး ရဟန်းတို့ကို ရဟန်းကောင်းတို့က မပေါင်းသင်းမကြည်ညိုဘဲ ထိုထိုဒကာ၊ ဒကာမတို့က ကဲ့ရဲ့ရှုတ်ချ၍ သာသနာ့ဘောင်မှ ထုတ်ပယ်စွန့်ပစ်ကြခြင်း၊

၄။ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့မှ စီးဝင်လာသော ရေဟူသမျှတို့၏ မူလ အမည်ပျောက်စေပြီး မဟာသမုဒ္ဒရာရေဟူသော အမည်တစ်ခုကိုသာ ရစေသကဲ့သို့ အမျိုးလေးပါးတို့ သာသနာတော်တွင်းသို့ ဝင်ရောက်လာလျှင် အချင်းချင်း

http://www.dhammadownload.com

လူမျိုးတန်းစားမခွဲခြားဘဲ သာကီဝင်နွယ်ဖွား ဘုရားသားတော်ဟူသော အမည်သစ်တစ်ခုတည်းဖြင့်သာ တည်စေခြင်း။

၅။ မြစ်ကြီးမြစ်ငယ် အင်းအိုင်ချောင်းမြောင်း ကောင်းကင်ဝဠာ ရှစ်မျက်နှာမှ အခါမလပ် မည်မျှပင် မြစ်ရေမိုးရေတို့ စီးဝင်လာသော်လည်း မဟာသမုဒ္ဒရာ၏ ပြည့်လျှံယုတ်လျော့မှု မရှိသကဲ့သို့ မရေတွက်နိုင်သော တပည့်သာဝက အပေါင်းတို့၏ ပရိနိဗ္ဗာန်ဝင်စံခိုအောင်း ကြခြင်းကြောင့်လည်း သာသနာတော်၌ နိဗ္ဗာနဓာတ်၊ နိဗ္ဗာန်ရပ်၏ ပြည့်လျှံ ယုတ်လျော့မှုမရှိခြင်း။

၆။ မဟာသမုဒ္ဒရာ၌ ရေချို၊ ရေဖန်၊ ရေငန်၊ ရေခါးဟူ၍ အရသာထွေပြားသည့်ရေများ မည်မျှပင်စီးဝင်စေ ဆားငန်ရေဟူသော တစ်ခုတည်းသော အရသာကိုသာ ထားရှိသကဲ့သို့ သာသနာတော်၌ ဆင်းရဲဒုက္ခ ကိလေသာဘေးတို့မှ ကင်းဝေးရာမှန်သန့်သုခ၊ ဝိမုတ္တိရသကိစ္စ တစ်ခုတည်းသာရှိခြင်း၊

၇။ မဟာသမုဒ္ဒရာသည် လောကီရတနာ(၇)ပါး၊ (၁၀)ပါးတို့၏ တည်ရာဖြစ်သကဲ့သို့ သာသနာတော်သည် ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်(၈)ပါး၊ လောကုတ္တရာတရား(၉)ပါး၊ ဗောဓိပက္ခိယတရား(၃၇)ပါးဟူသော ရတနာများစွာတို့ဖြင့် ပြည့်နှက်နေခြင်း၊

၈။ မဟာသမုဒ္ဒရာသည် ယူဇနာများစွာ ခန္ဓာရှိသော ငါးကြီးတို့နှင့်တကွ ရေဘီလူး၊ ရေနဂါး၊ အသူရာနတ်ကြီးများ စသည်တို့၏ ကျက်စားရာဖြစ်သကဲ့သို့ သာသနာတော်သည် ဥပါသကာ၊ ဥပါသိကာ၊ အရိယာ၊ ရဟန္တာဟူသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတို့၏ ကျင့်ကြံကျက်စားတည်နေရာဖြစ်ခြင်း။

သာသနာတော်၏သူခိုးကြီး(၅)ဦး

၁။ အရပ်တကာလှည့်လည်လျက် သာသနာလုပ်ငန်းမလုပ်ဘဲ ပစ္စည်းလေးပါးတို့ကို အလှူခံနေကြသော သာသနရိက္ခာသူခိုး၊

၂။ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှ ရသော မြတ်ဘုရားရှင်၏ တရားတော်များကို သင်ယူလေ့လာပြီး ဤကားငါ၏ ကိုယ်တွေ့တရား၊ ငါသိသော တရားဟုဆို၍ ဘုရားရှင်၏ တရားတော်ကိုခိုးယူသောသူခိုး၊

၃။ သီလသိက္ခာရှိသော ရဟန်းတို့ကို လူတို့အကြည်ညိုပျက်အောင် အထင်လွဲမှားအောင် ဟောကြားသော ရဟန်းကောင်း၏ သီလကိုခိုးယူသောသူခိုး၊

၄။ သံဃိကပိုင်ပစ္စည်းကို လူတို့အား ပေးကမ်းထောက်ပံ့သော သံဃာပစ္စည်းသူခိုး၊

၅။ စျာန်၊ မဂ်ဖိုလ်တရားထူးမရဘဲလျက် ရနေသယောင် မိမိကိုယ်ကို ဝါကြွားလိမ်ညာစားသောသူခိုး။

http://www.dhammadownload.com

သာသနာ့အနာဂတ်ဘေးရန်(၅)မျိုး

ဘိက္ခုတို့– ဤပြလတ္တံ့သော ဘေးတို့သည် ယခု (အနာဂတဘာယသုတ်တော်ဟောတော်မူချိန်) မဖြစ်သေးဘဲ နောင်အခါဖြစ်ကြလိမ့်မည်။ ထိုဘေးများကို သင်တို့သိထားနှင့်ကြ။ သိပြီးထိုဘေးများ မဖြစ်ပေါ်လာအောင် ကြိုးစားကြ၊ ထိုဘေးတို့ကား–

၁။ မိမိခန္ဓာကိုယ်၏ တိုးတက်ကြီးပွားမှုလည်း မရှိကြသော၊ သီလသိက္ခာတိုးတက်မှုလည်း မရှိကြသော၊ လောကုတ္တရာပညာတိုးပွားမှုလည်း မရှိကြသော ရဟန်းတို့သည် သူတို့ကိုယ်တိုင် ဥပဇ္ဈာယ်ဆရာကြီးလုပ်ကာ အခြားသူတို့ကို ရဟန်းပြုပေးကြလိမ့်မည်။ ထိုအရည်အချင်းမရှိသော ဥပဇ္ဈာယ်ဆရာတို့သည် မိမိ၏တပည့်များကို သီလ၊ သမာဓိ၊ ပညာတိုးပွားလာအောင် ဆုံးမနိုင်ကြလိမ့်မည်မဟုတ်။ ထိုတပည့်များသည်လည်း မိမိတို့မှာ သိက္ခာသုံးပါး မပြည့်စုံပါဘဲလျက် လက်အောက်တပည့်များကို ထပ်ဆင့်ရဟန်းပြုပေးကြလိမ့်ဦးမည်။ ဤသို့အဆက်ဆက် တရားပျက်ခြင်းကြောင့် ဝိနည်းပျက်ပြားခြင်းဟူသော ဘေးဖြစ်ပေါ်လာလိမ့်မည်။

၂။ အထက်ပါနည်းအတိုင်းပင် သီလ၊ သမာဓိ၊ ပညာမရှိသော ရဟန်းတို့သည် နိဿရည်းဆရာ (အရပ်တစ်ပါးမှ လာနေသောတပည့်များ၏ အမှီခံဆရာ)လုပ်၍ တပည့်များကို နိဿရည်းပေးကြလိမ့်ဦးမည်။ ဤနည်းဖြင့် အဆက်ဆက် တရားပျက်ကြ လိမ့်မည်။

၃။ ခန္ဓာကိုယ်နှင့် သီလ၊ သမာဓိ၊ ပညာ တိုးပွားမှုမရှိကြသော နောက်ခေတ်ရဟန်းတို့သည် တရားများဟောကြသောအခါ မကောင်းသောစိတ်ထားဖြင့် သူတစ်ပါးတို့ကို ပုတ်ခတ်စော်ကားခြင်း၊ ပစ္စည်းဥစ္စာ လာဘ်ရရှိအောင် ဟောခြင်းတို့ဖြင့် စိတ်ဆိုးစိတ်ညစ်တွေ ပေါ်ပေါက်လာပြီး တရားစစ်သဘောမှန်ကို သိကြတော့မည်မဟုတ်။

၄။ ကိုယ်အနေအထားနှင့် သီလ၊ သမာဓိ၊ ပညာ တိုးပွားမှုမရှိကြသော နောက်ခေတ်ရဟန်းတို့သည် မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော လေးနက်လှစွာသော တရားစစ်များကို မနာချင်ကြ၊ သင်ယူထိုက်သည်ဟုလည်း မမှတ်ယူကြ၊ သာသနာပဖြစ်သူတို့က ရွတ်၍ကောင်းအောင် အဆန်းတကြယ်ဖွဲ့စီအပ်သော ဂါထာများကိုသာ နားထောင်လိုကြ၊ သင်ယူလိုကြပေလိမ့်မည်။

၅။ ကိုယ်အနေအထားနှင့် သီလ၊ သမာဓိ၊ ပညာ တိုးပွားမှုမရှိကြသော နောက်ခေတ်ရဟန်းတို့သည် အလျော့အတင်းနှစ်မျိုးဌ အလျော့ဘက်ဌသာ ရှေ့သွားခေါင်းဆောင်လုပ်ကြလိမ့်မည်။ တောကျောင်း စသည်ဌ ငြိမ်သက်စွာ တရားနှင့်

http://www.dhammadownload.com

နေမှုကိစ္စတို့၌ လုံ့လဝီရိယလျော့ထားကြလိမ့်မည်။ မမွေ့လျော်ကြ၊ တစ်ကိုယ်တည်း တရားနှင့်အညီ နေဖို့ရန် စိတ်ကူးမျှပင်မထည့်ကြတော့ဘဲ အပေါင်းအဖော်များနှင့်သာ မကောင်းသောစိတ်များဖြင့် ပျော်မွေ့ကြပေလိမ့်မည်။

သာသနာ့အနာဂတ်ဘေးရန်(၅)မျိုး(နောက်တစ်နည်း)

ဘိက္ခုတို့– ယခုအခါ မဖြစ်သေးဘဲ အနာဂတ်ကာလ၌ဖြစ်မည့် ဘေးငါးမျိုး ရှိသေး၏။ ထိုဘေးများကို သင်တို့သိထားနှင့်ကြ၊ သိထားကြပြီးလျှင် ထိုဘေးတို့ကို စွန့်ပယ်နိုင်ဖို့ရန် ကြိုးစားကြရမည်။ ယင်းဘေးငါးမျိုးဟူသည်မှာ–

၁။ အနာဂတ်ကာလတွင် ရဟန်းတို့သည် သင်္ကန်းကောင်းကို အလိုရှိလာကြလိမ့်မည် ဖြစ်၍ ပုံသက္ကူဇာတင်ဆောင်ခြင်း၊ တောရကျောင်းတို့၌ နေခြင်းတို့ကိုစွန့်ပြီး မြို့ကြီးရွာကြီး မင်းနေပြည်တော်သို့ ဝင်ရောက်နေထိုင်ကြကာ မအပ်စပ်သော နည်းအမျိုးမျိုး (အနေသန)ဖြင့် ရှာမှီးကြလိမ့်မည်။

၂။ အနာဂတ်ကာလတွင် ရဟန်းတို့သည် ဆွမ်းကောင်းကိုအလိုရှိကြကုန်၍ ပိဏ္ဍပါတ်ဇာတင်ဆောင်ခြင်း၊ တောရဆောက်တည်ခြင်းတို့ကို စွန့်လွှတ်ပြီး မြို့ကြီးပြကြီးရွာကြီး မင်းနေပြည်တော်သို့ဝင်ရောက် နေထိုင်ကြကာ မအပ်စပ်သော နည်းအမျိုးမျိုး(အနေသန)ဖြင့် ရှာမှီးကြလိမ့်မည်။

၃။ အနာဂတ်ကာလတွင် ရဟန်းတို့သည် ကျောင်းကောင်းကိုအလိုရှိကြကုန်၍ ရုက္ခမူဇာတင်ဆောင်ခြင်း၊ တောရဆောက်တည်ခြင်းတို့ကို စွန့်လွှတ်ပြီး မြို့ကြီးပြကြီးရွာကြီး မင်းနေပြည်တော်သို့ဝင်ရောက်နေထိုင်ကြကာ မအပ်စပ်သော နည်းအမျိုးမျိုး(အနေသန)ဖြင့် ရှာမှီးကြလိမ့်မည်။

၄။ အနာဂတ်ကာလတွင် ရဟန်းတို့သည် ဘိက္ခုနီသိက္ခာမာန်သာမဏေမတို့နှင့် (ယခုခေတ်သီလရှင်၊ ရသေ့မ၊ ယောဂီမတို့နှင့်)ရောရောနှောနှော (သံသဋ္ဌ) နေကြလိမ့်မည်။ ဤသို့နေခြင်းဖြင့် သာသနာတော်၌ မပျော်မွေ့ဘဲလည်း နေရလိမ့်မည်။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်လည်းသင့်လိမ့်မည်။ လူအဖြစ်သို့လည်းထွက်ရမည်။ နောက်ဆက်တွဲ အကျိုးများလည်း ဖြစ်ပေါ်လာလိမ့်မည်။

၅။ အနာဂတ်ကာလတွင် ရဟန်းတို့သည် ကျောင်းတိုက်ရှိ အရံအစောင့်များ၊ ကပ္ပိယများ၊ သာမဏေငယ်များနှင့် ရောရောနှောနှော (သံသဋ္ဌ)နေကြလိမ့်မည်။ ဤသို့ ရောနှောနေပြီး စားသောက်ဖွယ်ရာများကို နေ့ဖို့ညစာ သိုမှီထားကြလိမ့်မည်။ ဟင်းသီးဟင်းရွက်စိုက်ဖို့မြေတူးခြင်း၊ ပေါင်းမြတ်နုတ်ခြင်း၊ စိုက်ပျိုးခြင်း၊ ဆွတ်ခူးခြင်း စသောအမှုများကို မိမိကိုယ်တိုင် မအပ်စပ်ဘဲ လုပ်ကိုင်ခြင်း၊

http://www.dhammadownload.com

သူတစ်ပါးအား မအပ်စပ်သော အသုံးအနှုန်းဖြင့် ခိုင်းစေခြင်းများကို ပြုကြလိမ့်မည်။

ဤသာသနာ့ဘေးရန်များကို ဗုဒ္ဓမြတ်စွာသာသနာကို အသက်တမျှချစ်ခင်မြတ်နိုးလေးစားကြသော ရဟန်းရှင်လူတိုင်း အလေးပြုကြရပေလိမ့်မည်။ ဤဘေးရန်များကို အချိန်မီမဟန့်တား မကာကွယ်နိုင်ပါက သတ္တဝါတို့အကျိုးစီးပွားအတွက် မဟာကရုဏာတော်ဖြင့် လေးသရော်နှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များ ဖြည့်ကျင့်ပြီးမှ တည်ထောင်တော်မူခဲ့သော ဗုဒ္ဓမြတ်စွာ သာသနာတော် လူနတ်ဗြဟ္မာသတ္တဝါအပေါင်း၏ စီးပွားချမ်းသာ စင်စစ်ကို အမှန်တကယ် ရွက်ဆောင်ပေးနိုင်စွမ်းရှိသော ဗုဒ္ဓသာသနာတော်ကြီးသည် လုံးပါးပါးပြီး ပျက်စီးပျောက်ကွယ်သွားနိုင်ပေသည်။

ဤသာသနာ့ဘေးရန်ငါးမျိုး၏ အနှစ်ချုပ်မှာ ရဟန်းတို့သည် ကုလဒူသန အနေသနစသော မအပ်စပ်သောနည်းများ (မိစ္ဆာဇီဝ)ဖြင့် ပစ္စည်းလေးပါးရှာဖွေခြင်းနှင့် ဒါယကာ ဒါယိကာမများနှင့် ရောနှောယှက်တင်နေထိုင်ခြင်း (သံသဋ္ဌ)တို့ပင်ဖြစ်ပါသည်။

သာသနာကွယ်ကြောင်းတရား(၅)ပါး

၁။ ရဟန်းများတရားမနာကြခြင်း၊
၂။ ပိဋကတ်တရားတော်များကို လေးလေးစားစားမသင်ယူခြင်း၊
၃။ ပိဋကတ်တရားတော်များကို သင်ယူပါသော်လည်း လေးလေးစားစား နှုတ်တက်ရအောင် ဆောင်မထားခြင်း၊
၄။ နှုတ်ရအောင်ရွတ်ထားသော်လည်း ထိုတရားတော်များ၏ အနက်အဓိပ္ပာယ်တို့ကို မစဉ်းစား မကြံစည်ခြင်း၊
၅။ စဉ်းစားကြံစည်၍သိပါသော်လည်း သိသည့်အတိုင်း မကျင့်ခြင်း။

(တစ်နည်း)

၁။ ပိဋကတ်ပါဠိတော်များကို မသင်ခြင်း၊
၂။ သင်ပါသော်လည်း ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်များကို သူတစ်ပါးအား အကျယ်မဟောခြင်း၊
၃။ ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်ကို အကျယ်ပြောပြ၍မပို့ချခြင်း၊
၄။ ထိုသင်အပ်ပြီးသော ပိဋကတ်တရားတော်ကို အကျယ်အားဖြင့် မရွတ်ဆိုမအံခြင်း၊
၅။ ထိုသင်အံ့ပြီးသော ပိဋကတ်တရားတော်၏ အနက်အဓိပ္ပာယ်ကို မကြံစည်မစဉ်းစားခြင်း။

(တစ်နည်း)

၁။ အကွရာပုဒ်ပါဠိများ မှားမှားယွင်းယွင်းနှင့် ပိဋကတ်ကိုသင်ယူခြင်း၊ (အက္ခရာမှားလျှင် အနက်အဓိပ္ပာယ် အယူအဆလည်းမှားတော့မည်သာ)

http://www.dhammadownload.com

၂၊ ရဟန်းတို့အား ပြောဆိုဆုံးမခက်ခြင်း၊
၃။ စာချနိုင်လောက်သောပုဂ္ဂိုလ်ကစာမချခြင်း၊
၄။ ပစ္စည်းလာဘ် ပေါများခြင်းကိုသာ အလိုရှိကြသဖြင့် သာသနာဆုတ်ယုတ်ရေး၌ ရှေ့သွားခေါင်းဆောင်လုပ်၍ သာသနာတိုးတက်မှု၌ကား ဆန္ဒဝီရိယလျော့ချခြင်း၊
၅။ သံဃာကွဲပြားခြင်း။

သာသနာအတုအယောင်

ဗုဒ္ဓမြတ်စွာသည် သာသနာတော်အစစ် ကွယ်ပျောက်နိုင်ပုံကို ဘုရားရှင်၏ တတိယသာဝကကြီးဖြစ်တော်မူသော အရှင်မဟာကဿပအား....

ချစ်သားကဿပ .... သတ္တဝါတွေမှာ သဒ္ဓါ၊ သီလ၊ ဝိရိယ စသော တရားများ ဆုတ်ယုတ်ကုန်သည်ရှိသော်လည်း သင်မေးလျှောက်သည့်အတိုင်း သိက္ခာပုဒ်များပြား ပါသော်လည်း ရဟန္တာပုဂ္ဂိုလ်အနည်းငယ်မျှသာ ဖြစ်ကြပေလိမ့်မည်။

ကဿပ .... ဤမျှဖြင့်သာသနာတော် မကွယ်ပျောက်နိုင်သေး။

ကဿပ .... လောကဌ် သာသနာအတုပေါ်လာသောအခါ ကျမှသာ သာသနာအစစ်ကွယ်ပျောက်ပေလိမ့်မည်ဟု ဟောကြားတော်မူခဲ့၏။

သာသနာတော်အစစ်ကို ကွယ်ပျော ်စေနိုင်သည့် သာသနာအတုအယောင်မှာ....

၁။ သဗ္ဗညုတဉာဏ် အမှန်တကယ်မရှိသူကို သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်ပါသည်ဟု လိမ်ညာသောတရား၊
၂။ အမှန်တကယ် သမထဝိပဿနာတရားမဟုတ်ပါဘဲ အမှန်တကယ်သမထဝိပဿနာတရားဟု လိမ်ညာသောတရား၊
၃။ အမှန်တကယ် ပဌာန်းတရားတော်မဟုတ်ပါဘဲ အမှန်တကယ်ပဌာန်းတရားတော်ဖြစ်ပါသည်ဟု လိမ်ညာသောတရား။
၄။ အမှန်တကယ် နိဗ္ဗာန်မဟုတ်ပါဘဲ အမှန်တကယ် နိဗ္ဗာန်ဖြစ်ပါသည်ဟု လိမ်ညာသောတရား။

သာသနာကွယ်ပျောက်ပုံ

သဒ္ဓမ္မခေါ် မြတ်ဗုဒ္ဓအဆုံးအမ သာသနာတော်သည် အောက်ပါအတိုင်း အဆင့်(၅)ဆင့်ပြု၍ကွယ်ပျောက်မည်။

http://www.dhammadownload.com

(၁) အဓိဂမအန္တရဓာန .... မဂ်ဖိုလ်တရား ကွယ်ပျောက်ခြင်း၊
(၂) ပဋိပတ္တိအန္တရဓာန .... သမဏသီလ ကင်းပပျောက်ကွယ်ခြင်း၊
(၃) ပရိယတ္တိအန္တရဓာန .... သာဋ္ဌကထ ဗုဒ္ဓဝစန ကွယ်ပျောက်ခြင်း၊
(၄) လိင်္ဂအန္တရဓာန .... အရဟတ္တဓဇ(ခေါ်)သင်္ကန်းဝတ်ဆင်မှု ပျောက်ကွယ်ခြင်း၊
(၅) ဓာတုအန္တရဓာန .... သာရီရိကဓာတ်တော်တို့ ကွယ်ပျောက်ခြင်း။

သာသနာ ကွယ်ပသောအခါ တစ်လောကလုံးရှိ မြတ်ဗုဒ္ဓ၏ ဓာတ်တော်အားလုံးသည် စုရုံး၍ဘုရားရှင်ပွင့်တော်မူခဲ့ရာ မူလ မဟာဗောဓိပင်သို့ ကြွတော်မူပြီးလျှင် ရောင်ခြည်တော်များ ထွန်းပကွန့်မြူးကြကုန်ကာ ပျောက်ကွယ်ကုန်လတ္တံ့။

ဗုဒ္ဓုပ္ပါဒ တစ်ခေတ်ကုန်ဆုံး၍ သာသနာတော်ကွယ်ပျောက်သော နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ကွယ်ပျောက်၍ အရိယာပုဂ္ဂိုလ်တို့ ဆိတ်သုဉ်းပေတော့မည်။ မြတ်ဗုဒ္ဓသာသနာအပ၌ အရိယာပုဂ္ဂိုလ်ဟူသည်မရှိနိုင်။ ထို့ကြောင့် သတ္တဝါအပေါင်း ကိုးကွယ်ရာမဲ့ပြီး သံသရာမှ လွတ်ရာလမ်းစပျောက်၍ ဒုက္ခပင်လယ်ဝကြမည်။

မြတ်ဗုဒ္ဓသာသနာတော် ကွယ်ပျောက်ရန် ကမ္ဘာ၏သက်တမ်းနှင့် ကြည့်သော် မပြောပလောက်သော ကာလပရိစ္ဆေဒသာ ကျန်တော့၏။ သို့ဖြစ်၍ သာသနာတော်မကွယ်မီ ရှေးဘဝ ပါရမီထူးများကြောင့် ဒုလ္လဘအလွန်ကြုံရခဲလှသော မြတ်ဗုဒ္ဓသာသနာတော်ကြီးနှင့် ကြုံကြိုက်ချိန်တွင် အချိန်ကို အလဟဿမဖြုန်းတီးဘဲ အပွဓာဒတရားလက်ကိုင်ထားကာ အစွမ်းကုန် ကြိုးစားအားထုတ်သင့်ကြပေသည်။ ယခုဘဝတွင် တိမ်းပါး၍ အပါယ်ငရဲသို့ကျရောက်ခဲ့သော် ဤဘုရားသာသနာသာမက ဤဘဒ္ဒကမ္ပာတွင် နောက်ဆုံးပွင့်မည့် အရိမေတ္တေယျဘုရား သာသနာနှင့်ပါ လွဲကြရပေဦးမည်။ ဤဘဒ္ဒကမ္ပာပြီးနောက် ကမ္ဘာပေါင်းများစွာသည် ဘုရားမပွင့်သော သုညကမ္ဘာများချည်းဖြစ်ကြသည်ကို အထူးသတိချပ်ကြပါကုန်။

သင်္ဂါယနာတင်ခြင်းများ

ဘုရားရှင်၏ သာသနာတော်သုံးရပ် မကွယ်ပျောက်စေရန်လည်းကောင်း၊ သာသနာတော်ကြီး အခွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားနေစေရန်လည်းကောင်း၊ သာသနာတော်ကို အောက်ပါအတိုင်း သင်္ဂါယနာတင်ခဲ့ကြ၏။

ပထမသင်္ဂါယနာတင်ခြင်း

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် (၇)ရက်အကြာတွင် အရှင်မဟာကဿပသည် နောက်ပါရဟန်းငါးရာနှင့် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာစဉ်

http://www.dhammadownload.com

လမ်းခရီး၌ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူကြောင်း ကြားသိကြသော် ရဟန်းလေးများ ငိုကြွေးကြလေ၏။ ထိုအခါ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးက "ငါ့ရှင်တို့ မငိုကြနှင့် ရဟန်းဂေါတမ၏ အချုပ်အချယ်ကိုခံခဲ့ရလှပြီ၊ ယခုသူ့လက်မှ လွတ်ကြပြီ"ဟု ဝမ်းသာအားရပြောလေ၏။

ထိုစကားကိုကြားရသော အရှင်မဟာကဿပမထေရ်မြတ်ကြီးမှာ အနာဂတ် သာသနာအတွက် စိတ်မချ သံဝေဂဖြစ်တော်မူခြင်းဖြင့် အောင့်အည်းသည်းခံခဲ့ရလေသည်။ ထို့နောက် ကုသိနာရုံပြည်သို့ရောက်သောအခါ သံဃာတော်များအလယ်တွင် ဗုဒ္ဓ တရားတော်များကို သဘောတူပေါင်းစု၍ သင်္ဂါယနာ မတင်ထားလျှင် သုဘဒ္ဒလိုလူစားများ ဖျက်ဆီးဖွယ်ရှိကြောင်း ပြောပြလျက် အဇာတသတ်မင်းကြီး အကူအညီဖြင့် ဝါခေါင် လပြည့်ကျော်ငါးရက်နေ့မှစ၍ အရှင်သူမြတ်ကြီးကိုယ်တိုင် ဦးဆောင်ကာ ရဟန္တာငါးရာ နှင့်အတူ ပထမသင်္ဂါယနာတင်တော်မူ၏။

ဒုတိယသင်္ဂါယနာတင်ခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်တစ်ရာလောက်ကြာသောအခါ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ရဟန်းတို့နှင့်မအပ်မရာသောအမှုတို့ကို ပြုကျင့်ကြကုန်၏။ ဥပုသ်နေ့၌ လာသမျှလူတို့ထံ တစ်ပဲတစ်မူးကစ၍ ငွေအလှူခံကြကုန်၏။

ထိုအခါ အရှင်ယသကရဟန်းမှာ တန်ခိုးကြီးမားသော ရဟန္တာကြီးများထံ ချဉ်းကပ်၍ ထိုအမှုကိုလျှောက်ထားလေ၏။ ထို့နောက်ရဟန္တာခုနစ်ရာကို ရွေးချယ်လျက် ဒုတိယသင်္ဂါယနာတင်တော်မူကြသည်။

တတိယသင်္ဂါယနာတင်ခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး (၂၃၅)နှစ်အကြာ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓသာသနာတော်၏ အဆီအနှစ်ကိုသိ၍ သာသနာတော်ကို လွန်စွာထောက်ပံ့ပြီး တိုင်းသူပြည်သားတို့ကို တရားတော်အတိုင်း လိုက်နာကျင့်သုံးစေသည်။ ထိုအခါ တိတ္ထိ တစ်စုသည် အစားအသောက်ကျပ်တည်းမှုကြောင့် မိမိတို့ဘာသာ သင်္ကန်းဝတ်ပြီးလျှင် ရဟန်းယောင်ဆောင်ကာ မိစ္ဆာအယူများကို ဟောပြောကြသည်။

ထိုအခါ ရဟန်းကောင်းတို့သည် ထိုရဟန်းတုများနှင့် မပေါင်းနိုင်ကြသောကြောင့် သံဃာ့ကိစ္စတို့၌ အနှောင့်အယှက်ဖြစ်နေကြသဖြင့် မင်းကြီးသည် သာသနာတော် သန့်ရှင်းတည်တံ့စေရန် ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်နှင့် တိုင်ပင်လေသည်။ ထို့နောက်

http://www.dhammadownload.com

မင်းကြီးသည် မိစ္ဆာအယူရှိသူတို့ကို လူထွက်ခိုင်းကာ သာသနာတော်သန့်ရှင်းစေပြီးမှ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကို အမှူးထားလျက် တစ်ထောင်သောရဟန္တာရှင်သူမြတ်တို့က တတိယသင်္ဂါယနာတင်တော်မူကြသည်။

စတုတ္ထသင်္ဂါယနာတင်ခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း(၄၅၀)ခန့် အကြာတွင် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်တော်၌ ဗြာဟ္မဏတိဿ သူပုန်ထမှုမှစ၍ မိစ္ဆာမင်းတို့နှောင့်ယှက်နေခြင်းကြောင့် ရဟန်းတော်များမှာ ဆွမ်းအာဟာရမမျှတသဖြင့် နှုတ်ရက်ကျက်ထားသော တရားတော်များကို မပျောက်ပျက်အောင် ခဲခဲယဉ်းယဉ်းပင်ပန်းကြီးစွာ ဆောင်ကြရပေသည်။

ထို့ကြောင့် နောင်သောအခါ ရဟန်းတော်များသည် နှုတ်ရမဆောင်နိုင်လျှင် ပိဋကတ်တော်များ ကွယ်ပျောက်သွားမည်ကိုစိုးရိမ်ရသဖြင့် ဝဋ္ဋဂါမဏိမင်းကြီး၏ အကူအညီကိုရယူကာ ရဟန်းတော်များက ပိဋကတ်တရားတော်များကို ပထမဆုံးအကြိမ် ပေရွက်ပေါ်ရေး၍ စတုတ္ထသင်္ဂါယနာတင်တော်မူကြသည်။

ပဉ္စမသင်္ဂါယနာတင်ခြင်း

မန္တလေးမြို့နန်းကို တည်ထောင်တော်မူကြသော မင်းတုန်းမင်းတရားကြီးသည် သာသနာတော်ကို လွန်စွာကြည်ညိုချီးမြှောက်တော်မူသည်နှင့်အညီ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များတွင် သာ၍ကျော်ကြားထင်ရှားသော ဆရာတော်ကြီးများကို ကြပ်မတ်စေလျက် ဗုဒ္ဓမြတ်စွာ၏ ပိဋကတ်တော်များကို ကျောက်ပြားပေါ်၌ထွင်း၍ ကျောက်ထက်အက္ခရာတင်ကာ ပဉ္စမသင်္ဂါယနာတင်တော်မူကြသည်။

ဆဋ္ဌသင်္ဂါယနာတင်ခြင်း

ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကမ္ဘာအေးလိုဏ်ဂူတော်၌ မစိုးရိမ်ဆရာတော်ကြီး ကြီးမှူးကာ ဆဋ္ဌသင်္ဂါယနာတင်တော်မူကြသည်။

http://www.dhammadownload.com

အခန်း(၈)

သစ္စာလေးပါး

အမြတ်ဆုံးဂုဏ်

လမ်းကြောင်း အားလုံးတို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ်လမ်းကြောင်းသည် အမြတ်ဆုံးဖြစ်၏။ သစ္စာအားလုံးတို့တွင် အရိယသစ္စာ လေးပါးသည် အမြတ်ဆုံးဖြစ်၏။ တရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏။ သတ္တဝါအားလုံးတို့တွင် မျက်စိငါးပါး ရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ဗုဒ္ဓဝါဒီ

မြတ်ဗုဒ္ဓ၏ဟောကြားချက်ဖြစ်သော သစ္စာလေးပါးမြတ်တရားကို နားလည် သဘောပေါက်ပြီး ဒုက္ခအပေါင်း၏ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ရှိနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် မဂ္ဂင်ရှစ်ပါးတရားနှင့်အညီ လိုက်နာကျင့်ကြံ နေထိုင်အားထုတ်သည့် ပုဂ္ဂိုလ်ကို ဗုဒ္ဓဝါဒီဟုခေါ်သည်။

သစ္စာလေးပါး

သစ္စာလေးပါးမြတ်တရားသည် လောကတွင် အမြဲတမ်း အမှန်တကယ်တည်ရှိ နေသော အမှန်တရား(အရိယသစ္စာ)ဖြစ်၏။ အရိယာတို့ သိအပ်သော သစ္စာဟုလည်း မည်၏။ အရိယာအဖြစ်ကိုပြီးစေတတ်သော သစ္စာလည်းဖြစ်၏။ သစ္စာတရားအားလုံးတို့ တွင်လည်း အမြတ်ဆုံးဖြစ်၏။ ဤသစ္စာတရားလေးပါးသည် လောကတွင်အမြဲတမ်း အမှန်တကယ်တည်ရှိနေသော်လည်း ဗုဒ္ဓမြတ်စွာကသာ စတင်တွေ့ရှိ ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

မြတ်ဗုဒ္ဓသည် သစ္စာလေးပါး ကိုဆရာမရှိ မိမိကိုယ်တိုင်ထိုးထွင်းသိမြင်သော သယမ္ဘူဉာဏ်ဖြင့် သိတော်မူပြီးမှ ဘုရားအဖြစ်ဝန်ခံတော်မူသည်။ ထို့ပြင် မြတ်ဗုဒ္ဓသည် သစ္စာလေးပါးတရားကို ဝေါဟာရအသွယ်သွယ် ပရိယာယ်အချက်အလက် အနက်အဓိပ္ပာယ် အဖုံဖုံ နည်းစုံအောင်ဟောပြောခြင်းဖြင့် လူနတ်ဗြဟ္မာတို့ကို သစ္စာလေးပါး တရား သိမြင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုစေနိုင်ခြင်းမှာ မြတ်ဗုဒ္ဓ၏ အတုမရှိ သဗ္ဗညုတဉာဏ်တော်ကြီးကြောင့်သာ ဖြစ်၏။

သစ္စာတို့ကို ဆရာမရှိ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်သိ၍ သယမ္ဘူဉာဏ်ရှင် ပစ္စေကဗုဒ္ဓါ အရှင်တို့ပင်လျှင် ထိုသို့ဝေါဟာရမကြွယ်၊ ပရိယာယ်မကျွမ်းကျင်သည့်အတွက် မိမိသိသော သစ္စာတရားကို သူတစ်ပါးအား မဂ်ဖိုလ်ရသည်အထိ မဟောပြနိုင်ခြင်းကို ထောက်ရှု၍ အတုမရှိဉာဏ်တော်ရှင် မြတ်ဗုဒ္ဓကိုယ်တိုင် သိမြင်အပ် ဟောကြားအပ်သော သစ္စာတရား များမှာ အလွန်ခက်ခဲနက်နဲမည်ကိုလည်းကောင်း၊ ဉာဏ်ဇတ်ရှင် မြတ်ဗုဒ္ဓ ညွှန်ကြား ပြသတော်မူသော နည်းလမ်းအရကျင့်ကြံလျှင် နက်နဲသိမ်မွေ့လှသော ထိုသစ္စာ တရားများကို သိမှီနိုင်ရန်ဉာဏ် အမှန်တကယ်ရမည်ကိုလည်းကောင်း ယုံကြည် ကိုးစားအားထားကြရန် ဖြစ်သည်။ ဤသည်မှာ သစ္စာလေးပါးတရား၏ ခိုင်လုံသည်၏ အဖြစ်ကိုပြ၏။ ဗုဒ္ဓတရားတော်၏ လမ်းဆုံးပန်းတိုင်မှာ ဗောဓိဉာဏ်(သို့မဟုတ်) ဝိဇ္ဇာဉာဏ်၊ သစ္စာဉာဏ်ရရှိမှုပင်ဖြစ်သည်။

မြတ်ဗုဒ္ဓက "ရဟန်းတို့ .....၊သစ္စာလေးပါးအမှန်တရားတို့ကို မသိခြင်းကြောင့် ငါဘုရားရော သင်တို့ပါ ရှည်လျားလှစွာ သံသရာကာလပတ်လုံး ကျင်လည်ပြေးလွှားခဲ့ရပြီ"

http://www.dhammadownload.com

ဟူသော ဟောကြားတော်မူချက်အရ သစ္စာလေးပါးမသိခြင်းမှာ သံသရာရှည်ခြင်းအကြောင်း ဖြစ်၍ သစ္စာကိုသိခြင်းမှာ သံသရာပြတ်စဲကြောင်းဖြစ်သည်မှာ ထင်ရှား၏။

မြတ်ဗုဒ္ဓဝါဒသည် တန်ခိုးရှင်၊ ဖန်ဆင်းရှင်ဝါဒမဟုတ်၊ ရော်ရမ်းမှန်းဆထားသော ဝါဒမဟုတ်၊ လောကတွင်အမှန်ရှိသည့် မျက်မှောက်မှာပင် မုချတွေ့မြင်နိုင်သည့် သစ္စာတရားဝါဒသာဖြစ်သည်။ သစ္စာလေးပါးတရားသည် ဗုဒ္ဓ၏ ဝါဒစစ်စစ်ဖြစ်၏။ ဤသစ္စာတရားများကို ကောင်းစွာသိမြင်မှ သံသရာထွက်ရပ်လမ်းကို တွေ့ရှိနိုင်၏။ သစ္စာလေးပါးကို သာမန်ပုဂ္ဂိုလ်တို့၏ ပကတိဉာဏ်ဖြင့် ထိုးထွင်းသိမြင်ရေးမှာ အလွန်ဝေးကွာလျက် မထောက်မမီနိုင်အောင် နက်နဲလှ၏။ ပဋိပတ် အကျင့်မြတ် လမ်းစဉ်ဖြင့်လိုက်သူတို့သာ သိနိုင်၏။ လမ်းမှန်အတိုင်းကျင့်သူ ပညာရှိများသာ သိနိုင်သောတရားလည်းဖြစ်၏။

ဗုဒ္ဓမြတ်စွာသည် ပဉ္စဝဂ္ဂိုဏ်းဦးအား ဟောကြားတော်မူခဲ့သော တရားဦးဒေသနာ ဓမ္မစကြာတရားတော်တွင် ကိုယ်တော်၏စစ်မှန်သောဝါဒဖြစ်သည့် သစ္စာလေးပါး တရားထူးကို ထည့်သွင်းဟောကြားတော်မူခဲ့၏။

ယင်းသစ္စာလေးပါးတရားမှာ-

၁။ ဒုက္ခသစ္စာ (ဆင်းရဲခြင်းအမှန်တရား)
၂။ သမုဒယသစ္စာ (ဆင်းရဲခြင်းအကြောင်းအမှန်တရား)
၃။ နိရောဓသစ္စာ (ဆင်းရဲခြင်းချုပ်ငြိမ်းမှုအမှန်တရား)
၄။ မဂ္ဂသစ္စာ (ဆင်းရဲခြင်းချုပ်ငြိမ်းရာလမ်းစဉ်အမှန်တရား)

ဒုက္ခသစ္စာ (ဆင်းရဲခြင်းအမှန်တရား)

သက်ရှိသက်မဲ့နှင့်တကွ အလုံးစုံသောလောကကြီးသည် ဒုက္ခ (ဆင်းရဲခြင်း)သာ ဖြစ်ပေ၏။ လောကတွင် ပျော်ရွှင်စရာမှန်သမျှသည် ချမ်းသာအစစ်မဟုတ်ဘဲ ချမ်းသာ အတုများသာဖြစ်၏။ သတ္တဝါတွေသည် နေ့စဉ်နှင့်အမျှ ဖြစ်ပျက်ပြုပြင် နိယာမသဘောအရ မအိုချင်ဘဲနှင့်အိုနေကြရ၏။ မနာချင်ဘဲနှင့်နာနေကြရ၏။ မသေချင်ဘဲနှင့် သေနေကြရ၏။ မချစ်မနှစ်သက်သောသူနှင့် အတူနေကြရ၍လည်းကောင်း၊ ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းရ၍ လည်းကောင်း၊ မိမိအလိုရှိရာ တောင့်တရာကိုမရနိုင်ကြ၍ မပြည့်ဝနိုင်ကြ၍ လည်းကောင်း၊ ကာမဂုဏ်ချမ်းသာတွေ တောင့်တတိုင်းမပြည့်ဝနိုင်ကြ၊ မရောင့်ရဲနိုင်ကြ၍လည်းကောင်း ဆင်းရဲမှုတွေ ဖြစ်ပေါ်နေကြရသည်။

နောက်ဆုံးတွင် သတ္တဝါတိုင်းမကင်းနိုင်ကြသည့် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ဒုက္ခများကို နောက်တစ်ဖန် ပြန်မဖြစ်ချင်တော့သော်လည်း

http://www.dhammadownload.com

မိမိတောင့်တတိုင်း မဖြစ်နိုင်ကြသဖြင့် ဆင်းရဲကြရ၏။ မိမိအလိုရှိတိုင်း မပြည့်စုံနိုင်ကြ၍ ဖြစ်ပေါ်လာသော လောဘ၊ ဒေါသ၊ မောဟ တရားဆိုးများကြောင့်လည်း ဆင်းရဲကြရပြန်၏။

ထို့ကြောင့် သတ္တဝါတို့၏ ခန္ဓာငါးပါးသည် စင်စစ်တင့်တယ်သော နှစ်သက်ဖွယ်ရာသော နှစ်သက်ဖွယ် ချမ်းသာဖွယ်မဟုတ်ဘဲ ဒုက္ခဆင်းရဲမှုအတိသာဖြစ်သည်။ သတ္တဝါတို့အတွက် တောင့်တတိုင်း ပြည့်ဝသွားသည်၊ ကျေနပ်သွားသည်ဟူ၍မရှိ။ တောင့်တမှု၊ လိုချင်မှု၊ ပြည့်ဝလိုမှုတွေသာ စဉ်ဆက်မပြတ် အဆုံးမသတ်နိုင်အောင် ဖြစ်ပေါ်နေသဖြင့် ဆင်းရဲခြင်းဒုက္ခတွေသည်လည်း အဆုံး မသတ်နိုင်ဘဲ သံသရာမှ မလွတ်မြောက်နိုင်သမျှ တွေ့ကြုံနေကြရပေသည်။ ဤဒုက္ခသစ္စာတရားကို မည်သူမျှ မဟုတ်မမှန်ဟူ၍ မငြင်းနိုင်ပေ။

ဗုဒ္ဓဝါဒက လောကကြီးသည် ဆင်းရဲမှုနှင့် အစဉ်ပြည့်နေသည်ဟုဆိုသော်လည်း လောကကို လက်မြှောက်အရှုံးပေးသော ဝါဒမဟုတ်။ စိတ်ပျက်၍ကြိုးစားအားထုတ်မှု မရှိသော ဝါဒမဟုတ်၊ လောကတွင် အမှန်တကယ်ရှိနေသည့် ဒုက္ခသစ္စာတရားကို ရှာဖွေတွေ့ရှိပြီး ယင်းဒုက္ခသစ္စာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းစကို ထပ်မံရှာဖွေကာ အမှန်တကယ် လွတ်မြောက်အောင်လည်း မလျှော့သောလုံ့လဖြင့် ကြိုးစားအားထုတ်ရသော ဝါဒဖြစ်၏။

သို့ဖြစ်၍ ဒုက္ခသစ္စာတရားကို ရှာဖွေတွေ့မြင်ပြီးနောက် ဒုက္ခ(ဆင်းရဲခြင်းမှ) လွတ်မြောက်ရာ လမ်းစတွေ့ရှိနိုင်အောင် ဒုက္ခ(ဆင်းရဲမှု)စတင်ဖြစ်ပေါ်လာရာ အကြောင်းမှန်တရားတို့ကို တွေ့မြင်နိုင်အောင် ကြိုးစားကြရပေမည်။ အနာသိမှ ဆေးရှိမည်ဆိုသကဲ့သို့ အနာရောဂါတစ်ခု ပျောက်ကင်းလိုလျှင် ယင်းအနာရောဂါကို ပျောက်ကင်းအောင် ကုသနိုင်ရန် အနာရောဂါဖြစ်ပေါ်လာရခြင်းအကြောင်းအရင်းကို ရှေးဦးစွာရှာဖွေရမည်။ သို့မှသာ အနာရောဂါပျောက်ကင်းအောင် ကုသနိုင်ပေလိမ့်မည်။

ဤကဲ့သို့ပင် ဒုက္ခသစ္စာကို ချုပ်ငြိမ်းစေလိုလျှင် ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရားကို ရှေးဦးစွာ ရှာဖွေဖော်ထုတ်ရမည်သာ ဖြစ်သည်။

သမုဒယသစ္စာ (ဆင်းရဲခြင်း၏အကြောင်းအမှန်တရား)

လောကတွင် ဆင်းရဲမှုတွေနှင့် ပြည့်နေရခြင်းအကြောင်းရင်းကို ရှာဖွေပါက ဒုက္ခ(ဆင်းရဲမှု) ဖြစ်ရခြင်းအကြောင်းမှန်တရားမှာ သမုဒယ(တွယ်တာမှု၊ တပ်မက်မှု တဏှာ)သစ္စာတရားကြောင့်ပင်ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဥပမာအားဖြင့် မိမိတွင် အမျိုးတူ အရွယ်တူ အရောင်တူ တန်ဖိုးတူ ဖောင်တိန်နှစ်ချောင်း ရှိသည်ဆိုပါစို့။ ထိုနှစ်ချောင်းတွင် ပထမတစ်ချောင်းက မိမိက

http://www.dhammadownload.com

ဝယ်ထားခြင်း(သို့မဟုတ်) သာမန်အားဖြင့် ရရှိထားပြီး ကျန်တစ်ချောင်းမှာ မိမိချစ်ခင်မြတ်နိုးသူတစ်ဦးက အမှတ်တရပေးထား၍ ရရှိထားခြင်း ဖြစ်သည်ဆိုပါစို့။ ယင်းဖောင်တိန်နှစ်ချောင်းသည် အမျိုးတူ၊ အရွယ်တူ၊ တန်ဖိုးတူဖြစ်ပါလျက် မိမိချစ်ခင်မြတ်နိုးသူက အမှတ်တရပေးထားသော ဖောင်တိန်ပျောက်ဆုံးသွားခြင်းသည် အခြားနည်းဖြင့် ရရှိထားသော ကျန်ဖောင်တိန်တစ်ချောင်းပျောက်ဆုံးသွားခြင်းထက် ပို၍နှမြောတသမှု ဖြစ်ပေလိမ့်မည်။ ပို၍ ပူဆွေးဆင်းရဲခြင်း၊ ပို၍သောကရောက်ခြင်းများ ဖြစ်ပေလိမ့်မည်။ ဤသို့ဖြစ်ရခြင်းမှာ မိမိချစ်ခင်မြတ်နိုးသူက ပေးထားသော ဒုတိယဖောင်တိန်အပေါ် မြတ်နိုးမှု၊ တွယ်တာမှု၊ တပ်မက်မှုစသည့် သမုဒယကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်၍ လောကတွင် ဒုက္ခသစ္စာကို ဖြစ်ပေါ်စေသော အကြောင်းမှန်တရားသည် သမုဒယသစ္စာပင်ဖြစ်ကြောင်း ထင်ရှား၏။ ယင်းသမုဒယသစ္စာတွင်-

၁။ ကောင်းသောရုပ်အဆင်း စသည့်အာရုံများကို တွယ်တာသာယာသည့် ကာမတဏှာ (ကာမဂုဏ်၌ဆာလောင်တပ်မက်မှု)

၂။ ရူပါရုံ စသောအာရုံတို့၌ အတ္တရှိသည်။ ထိုအတ္တရှိသော ရူပါရုံစသည်တို့သည် မြဲသည်ဟူသော ဘဝကိုတပ်မက်သည့်ဘဝတဏှာ၊

၃။ ရူပါရုံ စသောအာရုံတို့တွင် အတ္တရှိသည်။ ထိုအတ္တရှိသော ရူပါရုံ စသည်တို့သည် ဤဘဝပြီးလျှင် ပြတ်စဲသွားသည်၊ ပျက်စီးသွားသည်၊ နောက်ထပ် ဘာမျှ မဖြစ်တော့ဟူသော ဝိဘဝတဏှာ (ဘဝကင်းပြတ်ခြင်း၌တပ်မက်မှု)တို့ပါဝင်သည်။

သမုဒယ(တပ်မက်မှု၊ တွယ်တာမှုတဏှာ)ကြောင့် ဘဝအသစ်ဖြစ်ပေါ်မှု၊ ပဋိသန္ဓေနေမှု (ဇာတိ)ဖြစ်ပေါ်လာရသည်။ ဇာတိကြောင့် ဇရာ(အိုခြင်း)၊ ဗျာဓိ(နာခြင်း)၊ မရဏ(သေခြင်း)စသော ဆင်းရဲမှုများ၊ သောက(စိုးရိမ်ပူဆွေးခြင်း)၊ ပရိဒေဝ(ငိုကြွေးခြင်း)၊ ဒေါမနဿ(စိတ်နှလုံးမသာယာခြင်း)၊ ဥပယာသ (စိတ်နှလုံးပြင်းစွာပူလောင်ခြင်း)စသော ဆင်းရဲမှုများဖြစ်ပေါ်လာရသည်။

ဤသို့ဖြင့် မြတ်ဗုဒ္ဓသည် ဒုက္ခသစ္စာကိုလည်းကောင်း၊ ဒုက္ခသစ္စာ၏ဖြစ်ပေါ်ရာ အကြောင်းမှန်တရား (သမုဒယသစ္စာ)ကိုလည်းကောင်း ရှာဖွေတွေ့ရှိသိမြင်ခဲ့ပြီး ဒုက္ခ အပေါင်းချုပ်ငြိမ်းရာ အမှန်တရား (နိရောဓသစ္စာ)ကို ဆက်လက်တွေ့ရှိသိမြင်ခဲ့သည်။

ဒုက္ခ၏ ဖြစ်ပေါ်ရာနေရာ ဒုက္ခမျိုးစေ့သည် မိမိကိုယ်တွင်းမှာသာဖြစ်၍ ဒုက္ခ၏ချုပ်ငြိမ်းရာနေရာ ဒုက္ခမျိုးစေ့ ပျက်သုဉ်းရာနေရာသည်လည်း မိမိကိုယ်တွင်းမှာသာ ရှိရပေမည်။

http://www.dhammadownload.com

နိရောဓသစ္စာ (ဆင်းရဲခြင်းချုပ်ငြိမ်းမှုအမှန်တရား)

လောကကြီးသည် ဆင်းရဲအတိုပြည့်နေ၍ ချမ်းသာမှုမရှိပုံကိုလည်းကောင်း၊ ဤသို့ ဆင်းရဲခြင်းအကြောင်းရင်းမှာလည်း သမုဒယကြောင့်ပင်ဖြစ်ကြောင်း နားလည်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ဆင်းရဲခြင်းသာရှိနေပြီး ဆင်းရဲခြင်းကင်းသည့် ဆင်းရဲခြင်းချုပ်ငြိမ်းသည့် အမှန်တရားမရှိတော့ပြီလားဟု တွေးတောမိကြပေမည်။ ဒုက္ခ၏ ဆန့်ကျင်ဘက် သုခချမ်းသာအစစ်အမှန်ကို ရရှိရန်အတွက် ဗုဒ္ဓမြတ်စွာသည် နိရောဓသစ္စာကို ဆက်လက်ဟောကြားခဲ့သည်။

နိရောဓသစ္စာသည် သမုဒယသစ္စာ၌ ဖော်ပြခဲ့သော တဏှာသုံးမျိုးကို အကြွင်းမဲ့ပယ်ခြင်း၊ အကြွင်းမဲ့ချုပ်ခြင်းသဘော၊ ယင်းတဏှာတို့မှ လွတ်မြောက်ခြင်းသဘော၊ ကာမဂုဏ်တို့တွင် တွယ်တာတပ်မက်မှုလုံးဝမရှိခြင်းသဘော၊ ပဋိသန္ဓေနေရခြင်း (ဇာတိဖြစ်ပေါ်မှု)မရှိသော သဘောအမှန်တရားဖြစ်သည်။ တစ်နည်းအားဖြင့် နိဗ္ဗာန်တရားပင်ဖြစ်၏။

နိဗ္ဗာန်ဆိုသည်မှာ အမြဲတမ်းဖြစ်ပျက်၍နေသော ရုပ်၊ နာမ်၊ သင်္ခါရတရားတို့ လုံးဝမပေါ်လာတော့ဘဲ ချုပ်ငြိမ်းသွားသည့်သဘော ဖြစ်သည်။ ယင်းနိဗ္ဗာန်တရားတွင် ပဋိသန္ဓေနေရခြင်း (ဇာတိဖြစ်ပေါ်မှု) အသစ်တဖန်ဖြစ်ပေါ်လာခြင်း မရှိသောကြောင့် ကြောင်းကျိုးဆက် ပဋိစ္စသမုပ္ပာဒ်နည်းအရ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်း၊ စိတ်နှလုံးမသာယာခြင်းနှင့် စိတ်နှလုံးပြင်းစွာ ပူပန်ရခြင်း စသော ဒုက္ခတရားများမရှိတော့ပေ။ တစ်နည်းအားဖြင့် နိဗ္ဗာန်တရားသည် အကြောင်းတရားကို မပြုပြင် မစီရင်အပ်သောတရားလည်း ဖြစ်၏။ နိဗ္ဗာန်တရားသည် ရော်ရမ်းမှန်းဆထားသည့် တရားမဟုတ်ဘဲ အမှန်တကယ်တည်ရှိနေသည့် သစ္စာတရားသာဖြစ်သည်။ နိဗ္ဗာန်ကို လက်တွေ့မြင်လိုတွေ့လို ခံစားလိုသူသည် ယင်းနိဗ္ဗာန်ကို လက်တွေ့မြင်နိုင်တွေ့နိုင် ခံစားနိုင်သော နေရာအဆင့်သို့ရောက်အောင် ကြိုးစားရမည်သာဖြစ်၏။

ဥပမာ-"က"ဆိုသည့် အက္ခရာစာလုံး ရေးသားထားသော ကျောက်သင်ပုန်းတစ်ခုကို သင်သည် အဝေးတစ်နေရာမှကြည့်လျှင် "က"အက္ခရာကို တွေ့မြင်နိုင်မည်မဟုတ်။ ဤသို့မတွေ့နိုင်သဖြင့် သင်သည် ကျောက်သင်ပုန်းပေါ်တွင် "က"အက္ခရာမရှိပါဟု ရော်ရမ်းမှန်းဆ၍ ပြောပါက မှန်ကန်ပါမည်လော။ "က"အက္ခရာသည် ကျောက်သင်ပုန်း ပေါ်တွင် အမှန်တကယ်တည်ရှိနေသည်မဟုတ်ပါလော၊ သင်သာလျှင်မမြင်နိုင်သော အကွာအဝေးမှ သွားကြည့်၍ မတွေ့မြင်နိုင်ခြင်းသာဖြစ်၏။ အကယ်၍သင်သည် ကျောက်သင်ပုန်းပေါ်မှ စာလုံးကို မြင်တွေ့နိုင်သည့် အကွာအဝေးသို့ရောက်အောင် သွားပြီးကြည့်ပါက ထိုစာလုံးသည် အမှန်တကယ် တည်ရှိနေသည်ကို

http://www.dhammadownload.com

တွေ့မြင်သိရှိနိုင် ပေမည်။ ယင်းစာလုံးနှင့်နီးလာလေလေ ပို၍ရှင်းလင်း ပြတ်သားစွာ မြင်ရလေလေဖြစ်၏။

သို့ဖြစ်၍ ဒုက္ခအပေါင်းတို့ချုပ်ငြိမ်းရာ၊ ရုပ်နာမ်အပေါင်းတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မြင်တွေ့ခံစားပြီး မျက်မှောက်ပြုလိုလျှင် မလျှော့သော လုံ့လဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ရှာဖွေကြိုးစားအားထုတ်ရမည်သာဖြစ်သည်။ နိဗ္ဗာန်ကိုမျက်မှောက် ပြုပြီး သူသည် လောကတွင် ချမ်းသာသုခ အပြည့်ဝဆုံးပုဂ္ဂိုလ်ဖြစ်၏။ ဒုက္ခသောကများ စွဲလမ်းမှုများ၊ "ငါ"စွဲများ ကင်းရှင်းသွား၏။ နောင်တစ်ဖန် စိုးရိမ်ပူဆွေးခြင်းမရှိတော့ဘဲ ပစ္စုပ္ပန်တည့်တည့်၌သာ မွေ့လျော်လျက်ရှိ၏။ ကြောင့်ကြမှုမရှိ၊ ပကတိ တည်ငြိမ်အေးချမ်း၏။ လောဘ၊ ဒေါသ၊ မောဟ၊ မာနစသော အညစ်အကြေးများအားလုံး ကင်းစင်၏။ သက္ကာယဒိဋ္ဌိကင်းကွာပြီး ဘဝတဏှာမှ ကျွတ်လွတ်ပြီးဖြစ်ရကား ကိုယ်ကျိုးအတွက် ကုသိုလ်ကောင်းမှုများကိုပင် မရှာဖွေ၊ မစုဆောင်း၊ မပြုလုပ်တော့ပေ။ မကောင်းမှု အကုသိုလ်များကိုမူ ဆိုနိုင်ဖွယ်ရာမရှိတော့ပေ။

ထို့ကြောင့် ဗုဒ္ဓတရားတော်၏ အဆုံးစွန်သော ပန်းတိုင်သည် နိဗ္ဗာန်ပင်ဖြစ်၏။ ဒုက္ခတရားတို့မှ လွတ်မြောက်ရာ၊ သခ်ါရတရားတို့၏ ချုပ်ငြိမ်းရာ၊ စိတ်၏ လွတ်မြောက်ရာ ချမ်းသာအစစ်အမှန်တရားထူးဖြစ်သည့် နိဗ္ဗာန်သို့ ရောက်ရှိနိုင်ရန် သွားရမည့် တစ်ခုတည်းသောလမ်းဖြစ်သော မဂ္ဂသစ္စာအမှန်တရားကို မြတ်ဗုဒ္ဓက ရှာဖွေတွေ့ရှိ ဟောကြားတော်မူခဲ့ပြန်သည်။ အနာရောဂါကိုလည်းကောင်း၊ အနာရောဂါ ဖြစ်ကြောင်း အကြောင်းတရားကိုလည်းကောင်း ရှာဖွေတွေ့ရှိခဲ့သော သမားကောင်းသည် ယင်းအနာရောဂါကို ပျောက်ကင်းစေသည့် ဆေးကောင်းများကို ရွေးချယ်ကုသနိုင်ပြီ ဖြစ်သည်။

မဂ္ဂသစ္စာ (ဆင်းရဲခြင်းအပေါင်းချုပ်ငြိမ်းရာအကြောင်းအမှန်တရား)

မဂ္ဂသစ္စာသည် သမုဒယသစ္စာကို ပယ်သတ်၍ ဒုက္ခသစ္စာကို ချုပ်ငြိမ်းစေပြီး နိဗ္ဗာန်သစ္စာသို့ ရောက်ရှိစေသည့် တစ်ခုတည်းသောဆေးကောင်း (တစ်နည်း) နိဗ္ဗာန်ချမ်းသာသို့ မျက်မှောက်ပြုစေနိုင်သော တစ်ခုတည်းသောလမ်းကြောင်း အမှန် တရားပင်ဖြစ်၏။

မဂ္ဂသစ္စာသည် သစ္စာလေးပါးတွင် ပဓာနအကျဆုံးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မဂ္ဂသစ္စာမရှိပါက ကျန်သစ္စာတရားများသည် အဓိပ္ပာယ်ရှိတော့မည်မဟုတ်ပေ။ မဂ္ဂသစ္စာသည် နိဗ္ဗာန်သို့သွားရန်တစ်ခုတည်းသော လမ်းကြောင်းမှန်ဖြစ်သည့် မဂ္ဂင်တရား(၈)ပါးပင်ဖြစ်ပါသည်။

http://www.dhammadownload.com

ယင်းလမ်းစဉ်ကိုလိုက်ရေး၌ မြတ်ဗုဒ္ဓက ဝေနေယျတို့၏ အစွမ်းသတ္တိအလိုက် နည်းအမျိုးမျိုးဖန်ကာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်စသော အနက်အမျိုးမျိုးတို့ဖြင့် ဟောကြားတော် မူခဲ့သည်မှာ အံ့မခန်းဖွယ် အလွန်ဝေဝေဆာဆာ ရှိလှ၏။

မဂ္ဂင်(၈)ပါး

ဒုက္ခအပေါင်းချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းမှန်သော အကျင့်(တစ်နည်း) မှန်သောလမ်းစဉ်ကို မဂ္ဂင်(၈)ပါး(တစ်နည်း)မဂ္ဂကျင့်စဉ်ဟုခေါ်သည်။

သံသရာမှ လွတ်မြောက်ကြောင်း ကျင့်ကြံရာတွင် အယုတ်တရားနှစ်ပါး(သို့မဟုတ်) လမ်းမှားနှစ်သွယ်ရှိသည်။ ယင်းတို့မှာ–

၁။ ကာမသုခလ္လိကာနုယောဂ ..... ကာမဂုဏ်ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး အစွမ်းကုန်လိုက်စားသောအကျင့်၊

၂။ အတ္တကိလမထာနုယောဂ ..... ခန္ဓာကိုယ်ကြောင့် ဆင်းရဲမှုဖြစ်ရသည် ဆိုကာ ခန္ဓာကိုယ်ကို အလိုမလိုက်ဘဲ မိမိ ခန္ဓာကိုယ်နှင့် စိတ်ကို ပင်ပန်းဆင်းရဲအောင် ပြုလုပ်သော အကျင့်တို့ဖြစ်ကြ၏။

ဤအကျင့်တရားများသည် သုပွယောဂ(နည်းမှန်လမ်းမှန်ကြိုးစားမှု)မဟုတ်သော ကြောင့် ကိလေသာမှ လွတ်မြောက်မှု အကျိုးတရားမျိုးကိုမရဘဲ ဒုက္ခဲသာအဖတ်တင်၏။

မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဘုရားမဖြစ်မီက ယင်းအကျင့်နှစ်ပါးကို ကျင့်ကြံ ခဲ့သော်လည်း သံသရာမှလွတ်မြောက်ကြောင်း တရားထူးကိုမရရှိခဲ့ပေ။ နောက်ဆုံးတွင် ယင်းအစွန်းတရား နှစ်ပါးမှ လွတ်ကင်းသည့် မဇ္ဈိမပဋိပဒါ လမ်းစဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကို ရှာဖွေတွေ့ရှိ ကျင့်ကြံအားထုတ်ခဲ့ခြင်းဖြင့်သာ ဘုရားအဖြစ်သို့ ရောက်ရှိတော် မူခဲ့ခြင်းဖြစ်၏။

တစ်စုံတစ်ခုသော သာသနာ၌ ဤမဂ္ဂင်(၈)ပါး တရားရှိမှသာ ထိုသာသနာတော်၌ အရိယသစ္စာကို ထိုးထွင်းသိမြင်နိုင်သော အရိယာပုဂ္ဂိုလ်များရှိနိုင်သည်။ မြတ်ဗုဒ္ဓ၏ သစ္စာတရားကို ရှာဖွေနည်းမှာ သီလစင်ကြယ်ရုံ၊ သမာဓိခိုင်ခံ့တည်ငြိမ်ပြည့်စုံရုံမျှနှင့် မပြီးသေးဘဲ သခ်ါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေး သုံးပါးဖြင့် ဆင်ခြင်မှု(ဝိပဿနာနည်း)ကို အသုံးပြုမှသာ သစ္စာတရားကို မြင်တွေ့ရှိနိုင်၏။ သို့ဖြစ်၍ မဂ္ဂင်(၈)ပါး (တစ်နည်း)မဂ္ဂင်ကျင့်စဉ်သည် သစ္စာတရားကို ရှာဖွေတွေ့ရှိ နိုင်သည့် (တစ်နည်း)နိဗ္ဗာန်သို့ရောက်စေနိုင်သည့် တစ်ခုတည်းသော နည်းလမ်းကျင့်စဉ် ဖြစ်ပါသည်။

http://www.dhammadownload.com

မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ရှိသော ဘာသာအယူဝါဒ(သာသနာ)သည်သာလျှင် ကိလေသာမှ လွတ်မြောက်မှုကို တကယ်ကိုယ်တွေ့ကြုံကြရပြီး ကိလေသာကိုငြိမ်းစေ၏။ ကိလေသာငြိမ်းမှ ဆင်းရဲငြိမ်း၏။ ဆင်းရဲငြိမ်းမှ ချမ်းသာသုခ အစစ်အမှန်ရ၏။ စစ်မှန်သော ချမ်းသာသုခရရှိမှသာ စစ်မှန်သော ဘာသာအယူဝါဒ၊ စစ်မှန်သော သာသနာ၊ စစ်မှန်သောကိုးကွယ်ရာဖြစ်၏။ မြတ်ဗုဒ္ဓသာသနာ၌ ကိလေသာကို ငြိမ်းစေတတ်သော နည်းမှန်လမ်းမှန် ကျင့်စဉ်မှန်များ အထင်အရှား ရှိနေသည်သာဖြစ်၏။

မဂ္ဂင်ရှစ်ပါးတို့မှာ-

၁။ သမ္မာဒိဋ္ဌိ ..... မှန်သောအမြင်ရှိခြင်း၊
၂။ သမ္မာသင်္ကပ္ပ ..... မှန်သောအကြံအစည်ရှိခြင်း၊
၃။ သမ္မာဝါစာ ..... မှန်သောစကားကိုပြောခြင်း၊
၄။ သမ္မာကမ္မန္တ ..... မှန်သောအမှုကိုပြုခြင်း၊
၅။ သမ္မာအာဇီဝ ..... မှန်သောအသက်မွေးမှုရှိခြင်း၊
၆။ သမ္မာဝါယာမ ..... မှန်သောလုံ့လဝါယမရှိခြင်း၊
၇။ သမ္မာသတိ ..... မှန်သောအောက်မေ့မှုရှိခြင်း၊
၈။ သမ္မာသမာဓိ ..... မှန်သောစိတ်တည်ကြည်မှုရှိခြင်း။

(အကုသိုလ်အပြစ်ကင်း၍ ကောင်းသောကုသိုလ်နှင့် စပ်ဆိုင်သမျှကိုသာ မှန်သည်ဟု ဆိုလို၏)

ယင်းမဂ္ဂင်ရှစ်ပါးကို အမျိုးအစား ခွဲကြည့်လျှင် အောက်ပါအတိုင်း(၃)မျိုးတွေ့ရှိရသည်။

ပညာမဂ္ဂင် (ပညာနှင့်စပ်ဆိုင်သောမဂ္ဂကျင့်စဉ်)

၁။ သမ္မာဒိဋ္ဌိ။
၂။ သမ္မာသင်္ကပ္ပ။

သီလမဂ္ဂင် (သီလနှင့်စပ်ဆိုင်သောမဂ္ဂကျင့်စဉ်)

၁။ သမ္မာဝါစာ၊
၂။ သမ္မာကမ္မန္တ၊
၃။ သမ္မာအာဇီဝ။

သမာဓိမဂ္ဂင် (သမာဓိနှင့်စပ်ဆိုင်သောမဂ္ဂင်ကျင့်စဉ်)

၁။ သမ္မာဝါယာမ၊
၂။ သမ္မာသတိ၊
၃။ သမ္မာသမာဓိ။

http://www.dhammadownload.com

၁။ **သမ္မာဒိဋ္ဌိ (မှန်သောအမြင်ရှိခြင်း)**

သစ္စာလေးပါးတရားကို ပိုင်ပိုင်နိုင်နိုင်ထိုးထွင်း၍ သိမြင်ခြင်းကို ဆိုလို၏။ ဤသို့သိမြင်ခဲ့ပါက ဉာဏ်ပညာအရာမှာ အထွတ်အထိပ်သို့ ရောက်ရှိခြင်းလည်းဖြစ်၏။

၂။ **သမ္မာသင်္ကပ္ပ (မှန်သောအကြံအစည်ရှိခြင်း)**

မနောကံ ဒုစရိုက်တရားသုံးပါး မဖြစ်ပွားအောင် ရှောင်ကြဉ်ခြင်း၊ တရားအားထုတ်ရန်ကြံစည်ခြင်း၊ နိဗ္ဗာန်ကိုအာရုံပြု၍ ကြံစည်ခြင်း၊ မေတ္တာဖြင့်ကြံစည်ခြင်း၊ ရတနာသုံးပါးကို အာရုံပြုခြင်း၊ ကုသိုလ်တရားများနှင့်ပြည့်စုံသော ကိစ္စများကိုသာ ကြံစည်ခြင်း၊ အကုသိုလ်တရားများနှင့် စပ်ဆိုင်သောကိစ္စများ ကြံစည်ခြင်းများကို ဖယ်ရှားခြင်း စသည်တို့ဖြစ်၏။ ဉာဏ်ပညာအစစ်အမှန်ရှိသူသည် ဤမွန်မြတ်မှန်ကန်သော ကြံစည်ခြင်းမျိုးနှင့် ပြည့်စုံနေရသည်။

၃။ **သမ္မာဝါစာ (မှန်သောစကားကိုပြောခြင်း)**

ဝစီဒုစရိုက်တရားလေးပါးမှ ရှောင်ကြဉ်ခြင်း၊ စကားကြီးခြောက်ခွန်းအနက် နောက်ဆုံးနှစ်ခွန်းကိုသာ ပြောဆိုခြင်း၊ နူးညံ့သိမ်မွေ့စွာပြောခြင်း၊ မေတ္တာရှေ့ထား၍ ပြောခြင်း၊ အကျိုးရှိရာရှိကြောင်းဖြစ်သော မဂ်ဖိုလ်နှင့်ဆိုင်သော စကားကိုသာ ပြောဆိုခြင်း စသည်တို့ဖြစ်၏။

မည်သည့်စကားကိုမျှ သတိတရားကင်းမဲ့စွာ မပြောရ၊ သင့်မြတ်သောအချိန်နှင့် သင့်လျော်သောနေရာ၌သာ သင့်တင့်လျောက်ပတ်သောစကားကို ပြောဆိုရမည်။ တစ်စုံတစ်ရာကောင်းသော အကျိုးကျေးဇူးဖြစ်ပွားစေရန် မပြောဆိုနိုင်ပါလျှင် တုဏှီဘာဝေဆိတ်ဆိတ်နေရမည်။ ရတနာမြတ်သုံးပါးကို ဂုဏ်တော်များဖြင့် ပွားများရွတ်ဖတ်ပူဇော်ခြင်းသည်လည်း သမ္မာဝါစာပင်ဖြစ်၏။

၄။ **သမ္မာကမ္မန္တ (မှန်သောအမှုကိုပြုခြင်း)**

ကာယကံ ဒုစရိုက်တရားသုံးပါးကို ရှောင်ကြဉ်ခြင်း၊ ကောင်းသောအမှုကိုသာ ပြုလုပ်ခြင်း၊ ဒါနပြုခြင်း၊ သီလစောင့်ထိန်းခြင်း၊ တရားအားထုတ်ခြင်း စသည့် လောကီလောကုတ္တရာ နှစ်ဖြာကောင်းကျိုးများ ပြုလုပ်ခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခြင်း စသည်တို့ဖြစ်၏။

၅။ **သမ္မာအာဇီဝ (မှန်သောအသက်မွေးမှုရှိခြင်း)**

မကောင်းသော ကုန်သွယ်မှုငါးမျိုးကိုရှောင်ကြဉ်ခြင်း၊ မိစ္ဆာဇီဝ(မမှန်ကန်သော အသက်မွေးမှု)ကို ရှောင်ကြဉ်ခြင်း၊ မင်းမှုနှင့်မကင်းသော စီးပွားရှာခြင်းကို ရှောင်ကြဉ်ခြင်း၊ ဘယ်သူသေသေ ငတေမာပြီးရော သဘောဖြင့် တရားနည်းလမ်းမကျသော အသက်မွေးမှုကို

http://www.dhammadownload.com

ရှောင်ကြဉ်ခြင်း၊ လောင်းကစားမှုများရှောင်ကြဉ်ခြင်း၊ ကောင်းရောင်းကောင်းဝယ် လုပ်စားခြင်း၊ မင်းမှုထမ်း၊ သူဌေးသူကြွယ်တို့၏ အမှုထမ်းဖြစ်ပါက တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ လယ်ယာလုပ်ကိုင်ခြင်း စသည့် သူတစ်ပါး အကျိုးကို မထိခိုက်မနစ်နာစေသော ရောင်းဝယ်မှု၊ အသက်မွေးမှုများကိုသာ ပြုလုပ်ခြင်းတို့ ဖြစ်၏။

သူတစ်ပါး မျက်ရည်ကျမှု မိမိဝမ်းဝမည့် အလုပ်မျိုးကို တစ်သက်လုံး ရှောင်ကြဉ်ရမည်။ အပြစ်မကင်းသောအလုပ်ဟူသမျှ၊ အသက်မွေးမှုဟူသမျှ ရှောင်ကြဉ် ရမည်။

မတရားသဖြင့် ပစ္စည်းဥစ္စာများ ရဖို့ကြံလာလျှင် ထိုပစ္စည်းဥစ္စာများ ရမည့် နည်းလမ်းကို မလုပ်ဘဲရှောင်ကြဉ်ရမည်။ မှန်သောအသက်မွေးမှုဖြင့် အသက်မွေးရန် ခဲယဉ်းလျှင် ခဲယဉ်းပါစေ၊ မိမိ၏စင်ကြယ်မှုအတွက်သာ သတိတရားလက်ကိုင်ထားကာ အသက်မွေးမှုကို ပြုလုပ်ရန်ဖြစ်ပါ၏။

၆။ **သမ္မာဝါယာမ (မှန်ကန်သောလုံ့လအားထုတ်မှုရှိခြင်း)**

သမ္မပ္ပဓာန်တရား (၄)ပါးနှင့် ပြည့်စုံစေရန် ပြင်းပြသောဆန္ဒဖြင့် ကြိုးစား အားထုတ်မှု ရှိခြင်းပင်ဖြစ်၏။

၇။ **သမ္မာသတိ (မှန်သောအောက်မေ့မှုရှိခြင်း)**

မိမိခန္ဓာငါးပါးတွင် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေမှုများကို အမှုမဲ့အမှတ်မဲ့မနေဘဲ သတိဖြင့်ရှုမှတ်နေခြင်း၊ ကောင်းစွာအောက်မေ့နေခြင်း၊ ရှုမြင်ဆင်ခြင်နေခြင်းတို့ ဖြစ်၏။ တစ်နည်းအားဖြင့် သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံပွားများအားထုတ်နေခြင်း ဖြစ်သည်။

ဤသမ္မာသတိမဂ္ဂင်သည် မဂ္ဂင်ရှစ်ပါးတွင် ပဓာနအကျဆုံးဖြစ်ပြီး သမ္မာသတိ မဂ္ဂင်ကို လုပ်ဆောင်နေခြင်းဖြင့် ကျန်မဂ္ဂင်များ အလိုလိုပြီးစီးမှု ဖြစ်ပွားပေသည်။ သမ္မာသတိမဂ္ဂင်ကို ကျင့်ကြံခြင်းသည် ကျန်မဂ္ဂင်အားလုံးကို တစ်ပြိုင်နက် ကျင့်ခြင်း ပင်ဖြစ်၏။

၈။ **သမ္မာသမာဓိ (မှန်သောစိတ်တည်ကြည်မှုရှိခြင်း)**

ဝတ္ထုကာမ၊ ကိလေသာကာမတို့မှ ဆိတ်သုဉ်း၍ အကုသိုလ်ဖြစ်ကုန်သော တရားတို့ကိုပယ်ပြီးလျှင် ကုသိုလ်တရားတို့ကို မဖောက်မပြန် အာရုံ၌ တည်ကြည်မြဲမြံစွာ ထားနိုင်ခြင်းဖြစ်သည်။ သတိပဋ္ဌာန်တရားလေးပါးကို စဉ်ဆက်မပြတ် ပွားများ အားထုတ်ခြင်းဖြင့် အဆင့်အတန်းမြင့်မားလာသောအခါ မိမိ၏အတွင်း စိတ်သန္တာန်၌ ဈာန်စိတ်များဖြစ်ပေါ်လာသည်။ ယင်းသို့ ဈာန်စိတ်များဖြစ်ပေါ်နေလျှင် စိတ်သည်အလွန်

http://www.dhammadownload.com

တည်ငြိမ်၍ သတိနှင့်ပညာ ကပ်ပါနေခြင်းနှင့် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်သို့ အလွယ်တကူရောက်ရှိနိုင်သည်။

သစ္စာလေးပါးသိမြင်ပုံ

အရိယသစ္စာကိုသိရာ၌ အနုဗောဓ (လောကီဉာဏ်ဖြင့်သိမှု) နှင့် ပဋိဝေဓ (မဂ်ဉာဏ်ဖြင့် ထွင်းဖောက်သိမှု) ဟူ၍ အသိနှစ်မျိုးရှိ၏။ ဤတွင် ပဋိဝေဓအသိကို မဂ္ဂဘာဝနာဖြင့်သာ သိနိုင်သည်။

မဂ္ဂဘာဝနာဟူသည်မှာ မိမိသန္တာန်၌ မဂ်ကိုဖြစ်စေခြင်းတည်း။ မဂ္ဂဘာဝနာကား အရိယမဂ်ဆိုက်ရောက်သောအခါ အပြီးအဆုံး အထွတ်အထိပ်သို့ ရောက်ရတော့၏။ ဝိပဿနာအခိုက်ကပင် အစဉ်ဖြစ်နေသော သမုဒယသစ္စာကိုပယ်ခြင်းကိစ္စလည်း မဂ်ကျမှပြည့်ဝခြင်းသို့ ရောက်၏။ ထို့ကြောင့် မဂ်သည် နိဗ္ဗာန်ကို အာရုံပြုသော်လည်း အခြားသစ္စာများကိုပါ တစ်ချက်တည်း ဖောက်ထွင်းသိမြင်မှုပါ ပြီးစီးလေသည်။ ဤ၌ နိဗ္ဗာန်ကို သိသည်မှာ အာရမ္မဏ (အာရုံပြုသောအားဖြင့်သိခြင်း) အသိမျိုးတည်း။ ဒုက္ခစသည်တို့ကို သိသောအသိကား အသမ္မောဟ (တွေဝေမှုမရှိဘဲ သိပြီး ရှင်းလင်းပြီးဖြစ်သော) အသိမျိုးတည်း။

ဤအချက်၌ ဥပမာအားဖြင့် ဆီမီးသည် မီးစာကိုလောင်စေခြင်း၊ အမှောင်ကိုဖျောက်ခြင်း၊ အလင်းကိုပြခြင်းနှင့် ဆီကိုခန်းစေခြင်း ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြုသကဲ့သို့ မဂ်သည်လည်း ဒုက္ခကိုသိခြင်း၊ သမုဒယကိုပယ်ခြင်း၊ မဂ္ဂကိုပွားခြင်းနှင့် နိရောဓကိုမျက်မှောက်ပြုခြင်း ဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက်တည်း ပြီးစေ၏။

ဤမဂ်ဖြင့် နိဗ္ဗာန်ကိုဆိုက်တွေ့ခြင်း၊ အရိယာဖိုလ်ကိုရရှိခံစားခဲ့ခြင်းကြောင့် မဂ်ဖိုလ်ရပြီဟု မိမိကိုယ်တိုင်သိရှိရသောကြောင့် ထိုအရိယာမှာ အပရပစ္စယ (ဘုရားမှတစ်ပါး အခြားအားထားယုံကြည်ဖွယ်မရှိသူ)၊ ဝေသာရဇ္ဇပတ္တ (ယုံမှားမှုအမျိုးမျိုးဖြင့် စိုးရွံ့နေရသော ဘဝမှ ယုံမှားကင်း၍ ရဲတင်းသူ) အဖြစ် ရောက်ခဲ့ရာ ထိုပုဂ္ဂိုလ်မျိုးမှာ အခြား အယူအဆတစ်ပါးတို့ကြောင့် လှုပ်ရှားယိမ်းယိုင်ခြင်း မည်သို့မျှ မရှိနိုင်တော့ပေ။

ထို့ကြောင့် သမဏ၊ ဗြာဟ္မဏအမည်ခံ အကြင်ပုဂ္ဂိုလ်တို့သည် အရိယသစ္စာကို သိပြီးဖြစ်သောကြောင့် တရားထူးကို ပိုင်နိုင်စွာသိမြင်တော်မူပြီးသော ဘုရားမှတစ်ပါး အခြားသူ၏ မျက်နှာကို မော်မကြည့်တော့ပေ။ ဤသို့ ကိုယ်တွေ့သစ္စာတရားရှိပြီးသော အကြင် အရိယာပုဂ္ဂိုလ်တို့ကို မည်သူမျှ သွေးဆောင်ဖြားယောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ လှည့်စားခြင်းတို့ဖြင့် ထိုဆုံးဖြတ်ချက်တို့ကို မဖျက်ဆီးနိုင်တော့ပေ။

http://www.dhammadownload.com

အခန်း (၉)

သတိပဋ္ဌာန်တရားလေးပါး

နိဗ္ဗာန်ရောက်ကြောင်းအကျဉ်

အလုံးစုံသော သခါရတရားတို့သည် အမြဲ မရှိကုန် ဟူ၍လည်းကောင်း၊ ဆင်းရဲကုန်၏ဟူ၍လည်းကောင်း၊ အတ္တ မဟုတ်ကုန် ဟူ၍လည်းကောင်း၊ အကြင်အခါ၌ ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ အလုံးစုံသော သခါရတရားတို့၌ ငြီးငွေ့ကုန်၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျဉ်ပေတည်း။

(ဓမ္မပဒ)

http://www.dhammadownload.com

သတိပဋ္ဌာန်တရားလေးပါး

သတိပဋ္ဌာန်တရား(၄)ပါးသည် သတိမဂ္ဂင်ပင်ဖြစ်၏။ မြတ်ဗုဒ္ဓက "ရဟန်းတို့ သတိပဋ္ဌာန်ဟူသော ဤအကျင့်လမ်းသည် သတ္တဝါတို့၏ စိတ်အညစ်အကြေး စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့မှ လွတ်မြောက်ရန် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းတို့မှ ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော ခရီးလမ်းပင်တည်း"ဟု အတိအလင်း ဟောကြားတော်မူခဲ့သည်။

ယင်းဒေသနာတော်၌ပင် မြတ်ဘုရားက "လာကြ၊ သတိပဋ္ဌာန်ကို ကျင့်ကြည့်လှည့်ကြ၊ ကျင့်လျှင် အရိယာမဂ်ရလိမ့်မည်၊ နိဗ္ဗာန်ကို ကိုယ်တွေ့သိရလိမ့်မည်၊ သိလျှင် သောက၊ ပရိဒေဝပျောက်ရမည်၊ ကိုယ်စိတ်ဆင်းရဲခြင်း အလျဉ်းပေါ်မလာဘဲ အချမ်းသာကြီးချမ်းသာလိမ့်မည်" ဟု သတိပဋ္ဌာန်တရား ကျင့်ခြင်းအကျိုးကို မိန့်တော်မူရင်း တရားတော်၏ ဧဟိပဿိကဂုဏ်တော်ကို ဖော်ပြတော်မူခဲ့သည်။

သတိပဋ္ဌာန်ကျင့်စဉ်ကို ကျင့်ကြံအားထုတ်ပါက မဂ္ဂင်တရားများအားလုံးကို အားထုတ်ခြင်းကိစ္စများသည် တစ်ပါတည်း ပြီးစီးသွား၏။ ယင်းကျင့်စဉ်သည် မြတ်ဗုဒ္ဓ၏ သာသနာတော်တွင်းကာလမှာသာ ရှိနိုင်၏။

သတိပဋ္ဌာန်တရား(၄)ပါးမှာ –

၁။ ကာယာ နုပဿနာသတိပဋ္ဌာန် (မိမိတို့၏ကိုယ်ခန္ဓာကို ရှုမြင်ဆင်ခြင်ခြင်း)

၂။ ဝေဒနာ နုပဿနာသတိပဋ္ဌာန် (ခံစားခြင်းကို ရှုမြင်ဆင်ခြင်ခြင်း)

၃။ စိတ္တာ နုပဿနာ သတိပဋ္ဌာန်(စိတ်၌ ကျရောက်ဖြစ်ပေါ်လာသော အစဉ်ကို ရှုမြင်စင်ခြင်ခြင်း)

၄။ ဓမ္မာ နုပဿနာသတိပဋ္ဌာန် (ဓမ္မသဘာဝအားဖြင့် ဖြစ်ပေါ်လာသော အစဉ်ကို ရှုမြင် စင်ခြင်ခြင်း)

သတိပဋ္ဌာန် ရှုမှတ်အားထုတ်သည့် ပုဂ္ဂိုလ်သည် မိမိပြုလုပ်၊ ပြောဆို၊ ကြံစည်နေသမျှ ကိစ္စရပ်တိုင်းတွင် သတိအမြဲကပ်ပြီး ရှုမှတ်အားထုတ်နေရ၏။ မိမိ၏ခန္ဓာငါးပါးဖြစ်စဉ် ကို မပြတ်မလတ် စောင့်ကြည့်ရှုမှတ်နေခြင်းလည်းဖြစ်၏။ ထို့ကြောင့် အချိန် မရလို့၊ အလုပ်မအားလို့ တရားအားမထုတ်ရဘူးဆိုသည့် အဖြေမျိုးသည် ယုတ္တိမတန်၊ မိမိ၏ရုပ်၊ နာမ်၊ ခန္ဓာ အစဉ်သည် အသက်ရှင်နေသမျှ သတိပဋ္ဌာန်လေးမျိုးအနက် တစ်မျိုးမျိုးနှင့် အကျုံးဝင်နေသည်သာ ဖြစ်၏။

တရားအားထုတ်သူသည် မိမိစိတ်ကို ပစ္စုပ္ပန်တည့်တည့်တွင်သာ အာရုံပြု၍ထားရမည်။ ကုန်လွန် ပျက်သုဉ်းသွားပြီးသောအတိတ်သည် မိမိဘဝမဟုတ်တော့၍ အာရုံ

http://www.dhammadownload.com

ထားစရာမလို၊ ထိုနည်းတူ မပေါ်ပေါက်မဖြစ်ထွန်းသေားသော အနာဂတ် ကာလသည်လည်း မိမိဘဝမဟုတ်သေး၍ အာရုံထားစရာမလို။ ပစ္စုပ္ပန်သာလျှင် မိမိဘဝအစစ်အမှန်သာဖြစ်၏။

မိမိနှစ်သက်ရာ သတိပဋ္ဌာန်ကို အားထုတ်ခြင်းဖြင့် ရှုမှတ်မှုအားကောင်းလာသော အခါ စိတ်တည်ကြည်မှု(သမာဓိ)အားကောင်းလာမည်။ သမာဓိအားကောင်းလာသောအခါ အနိစ္စ(မမြဲခြင်း)၊ ဒုက္ခ(ဆင်းရဲခြင်း)၊ အနတ္တ(အစိုးမရခြင်း) လက္ခဏာရေးသုံးပါးကို မြင်အောင် သတိနှင့်ပညာကပ်၍ စူးစိုက်ပွားများအားထုတ်ခြင်းဖြင့် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့် ဖြစ်ပေါ်လာမည်။ တရားအားထုတ်ရာတွင် ရှုမှတ်မှုကျဲ ပြီး အာရုံပျံ့လွင့်မှု (တစ်နည်း) သတိကင်းလွတ်မှုများပြားပါက သမာဓိအား မကောင်းနိုင်။ သမာဓိအား မကောင်းလျှင် ဝိပဿနာဉာဏ်စဉ်တက်မှု နေးကွေး၏။ ထို့ကြောင့် သတိ ကင်းလွတ်မှု မရှိပါမှ တရားပေါက်ရောက်နိုင်၏။

တရားအားထုတ်သူသည် စိတ်တည်ကြည်ခိုင်ခံ့မှု လျင်မြန်စွာ ရရှိနိုင်ရန် တော သို့ဖြစ်စေ၊ သစ်ရိပ်၊ ဝါးရိပ်သို့ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်သို့ဖြစ်စေ သွားရောက်ပြီး တင်ပျဉ်ခွေထိုင်လျက် ကိုယ်ကိုဖြောင့်မတ်စွာ ထားရမည်။ ထို့နောက်မှသာ သတိကို ရှေးရှုလျက် မိမိနှစ်သက်ရာ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်ရမည်။ တင်ပျဉ်ခွေထိုင်ပြီး တရားအားထုတ်ရခြင်းမှာ ကြာရှည်စွာ အားထုတ်နိုင်မှုနှင့် စိတ်တည်ငြိမ်မှု ပိုမိုရရှိနိုင်ခြင်းကြောင့် မြင့်မားသော စိတ်တန်ခိုးစွမ်းအင်ကို ရရှိနိုင်၏။

သို့သော် တရားအားထုတ်သူသည် ထိနမိဒ္ဓ (ငိုက်မျဉ်းခြင်း) မရှိစေရန် လည်းကောင်း၊ ဣရိယာပုတ်လေးပါးမျှတစေရန်လည်းကောင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း စသည့် သင့်လျော်ရာ အနေအထားများဖြင့်လည်း အားထုတ်နိုင်၏။ ဤသို့အားထုတ်စဉ် တွင် စိတ်ကြည်လင်မှုရှိစေရန်၊ သီလစောင့်ထိန်းခြင်း၊ မိမိခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စေခြင်းများ ပြုလုပ်ထားရမည်။

ဗုဒ္ဓမြတ်စွာက မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်တရားလေးပါးကို ခုနစ်နှစ် (သို့မဟုတ်)၊ ခုနစ်လ(သို့မဟုတ်)၊ ခုနစ်ရက်ပတ်လုံး စဉ်ဆက်မပြတ် ပွားများပါက မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ် ဖြစ်စေ၊ တစ်ပါးပါး သောဖိုလ်ကို အမှန်ပင် ရရှိနိုင်၏ဟု ဟောကြားတော်မူခဲ့၏။

သိမှတ်ဖွယ်

သမာဓိအားကောင်းသောပုဂ္ဂိုလ်သည် လောကီစျာန်သမာပတ်များ ရရှိနိုင်၏။ ထို့ကြောင့် သမာဓိအားကောင်းပြီးမှ ဝိပဿနာဉာဏ်စဉ်သို့ ကူးပြောင်းခဲ့၍ အရဟတ္တ မဂ်ဖိုလ်ဆိုက်ခဲ့သော ရဟန္တာပုဂ္ဂိုလ်များသည် စျာန်သမာပတ်များဖြင့် ပြည့်စုံကြကုန်၏။ ဝိပဿနာဉာဏ်စဉ်သို့ တိုက်ရိုက်ရောက်ရှိခဲ့၍ အရဟတ္တမဂ်ဖိုလ် ဆိုက်ခဲ့သော ရဟန္တာ ပုဂ္ဂိုလ်တို့မှာမူ စျာန်သမာပတ်များ မပြည့်စုံကြကုန်။

http://www.dhammadownload.com

ကာယာနုပဿနာသတိပဋ္ဌာန်

၁။ ပထမနည်းမှာ အာနပါန(ခေါ်)ဝင်လေထွက်လေကို ရှုမှတ်အားထုတ်ခြင်းဖြစ်၏။ ရှေးဦးစွာ မိမိ၏နာသီးဖျား၊ နှာခေါင်းဖျားခွံ ဝင်လေထွက်လေသည် ဝင်လျှင် ဝင်မှန်း၊ ထွက်လျှင် ထွက်မှန်းသိအောင် သတိဖြင့် ရှုမှတ်ရာ၏။ သတိရှိလျက်သာ ဝင်သက်ကို ရှူ၏။ သတိရှိလျက်သာ ထွက်သက်ကို ရှူ၏။ ဝင်သက်ကို ရှည်ရှည်ရှူလျှင် ရှည်ရှည်ရှူကြောင်း၊ တိုတိုရှူလျှင် တိုတိုရှူကြောင်း သိအောင်ရှူရ၏။ ထွက်သက်ကိုလည်း ဤနည်းအတိုင်းပင် ရှူရ၏။

ဤမှတစ်ဆင့် ဝင်သက်မဝင်မီ ဝင်တော့မည်ကိုလည်းကောင်း၊ ထွက်သက် မထွက်မီ ထွက်တော့မည်ကိုလည်းကောင်း သိအောင်ရှုရ၏။ ရှုမှတ်အား ကောင်းလာသောအခါ ဝင်သက်ထွက်သက် ရုပ်အပေါင်းတို့၏ အစ၊ အလယ်၊ အဆုံး အကုန်လုံးကို ထင်လင်းစွာ စိတ်မှာမြင်အောင် သိအောင် ရှုမှတ်ရ၏။ ယင်းမှ တစ်ဖန် ရုန့်ရင်းသော ထွက်သက်ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့နူးညံ့သွားအောင် အားထုတ်ရသည်။ နောက်ဆုံး ငါ၌ ထွက်သက်ဝင်သက် ပျောက်၍သွားပြီဟု ထင်ရအောင် အားထုတ်ရသည်။

ဤနည်းဖြင့် စိတ်တည်ကြည်မှု (သမာဓိ) ရလာသောအခါ ဝင်သက်ထွက်သက်ကို ရှုမှတ်ပြီး ဖြစ်ပေါ်လာသည့် ရုပ်အပေါင်း၌ ဖြစ်ကြောင်း၊ ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို ပညာဖြင့် ရှုမှတ်လျက် ဝိပဿနာဉာဏ် အဆင့်သို့ ကူးပြောင်းရ၏။ ဖြစ်ခြင်းပျက်ခြင်းသဘောကို သိမြင်မှု ရင့်ကျက်လာသောအခါ ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့် ဖြစ်ပွားပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်၏။

၂။ ဒုတိယနည်းမှာ မိမိ၏ ကလိရိယာပုတ်လေးပါးတို့၌ ရှုမှတ်အားထုတ်ရ၏။ မိမိသွားလျှင် သွားနေကြောင်း၊ ရပ်လျှင် ရပ်နေကြောင်း၊ ထိုင်လျှင် ထိုင်နေကြောင်း၊ လဲလျောင်းနေလျှင် လဲလျောင်းနေကြောင်း သိအောင်ရှုမှတ်ရ၏။ ထို့ပြင် အသံကြားလျှင် ကြားကြောင်း၊ တစ်စုံတစ်ခုကို ထိလျှင် ထိနေကြောင်းလည်း ရှုမှတ်နိုင်၏။ အားထုတ်သူသည် ရေ့သို့တိုးရာ၊ နောက်သို့ဆုတ်ရာ၊ ရှေ့သို့ကြည့်ရာ၊ ကွေးရာ၊ ဆန့်ရာ၊ စားရာ၊ သောက်ရာ၊ ကျင်ကြီးကျင်ငယ်စွန့်ရာ စသည်များ၌လည်း မိမိ၏ခန္ဓာကိုယ် ပြုလုပ်နေမှုမှန်သမျှကို သတိဖြင့်ကပ်၍ သိနေ၊ ရှုမှတ်နေရ၏။

http://www.dhammadownload.com

ဥပမာအားဖြင့် လမ်းသွားနေလျှင် မြင်တယ်၊ ကြားတယ်၊ သွားတယ်၊ ထိတယ်ဟူ၍လည်းကောင်း၊ ထိုင်နေလျှင်လည်း မြင်တယ်၊ ကြားတယ်၊ ထိုင်တယ်၊ ထိတယ်ဟူ၍လည်းကောင်း၊ လဲလျောင်းနေလျှင်လည်း မြင်တယ်၊ ကြားတယ်၊ လဲလျောင်းတယ်၊ ထိတယ် ဟူ၍လည်းကောင်း၊ မပြတ်မလပ် ရှုမှတ်နေရာ၏၊ အကယ်၍ မျက်စိမှိတ်ထားပြီး ထိုင်နေ၊ လဲလျောင်းနေပါက မြင်မှု မရှိတော့၍ မြင်တာကို ထည့်ပြီး ရှုမှတ်စရာမလိုပေ။ တစ်နည်းအားဖြင့် မိမိစိတ်နှင့်ရုပ်ခန္ဓာ လုပ်ဆောင်နေသမျှအားလုံးကို သိနေအောင် အာရုံမပျံ့လွင့် စေဘဲရှုမှတ်နေ ရမည်။

လမ်းလျှောက်နေသောသူသည် ခြေလှမ်းတိုင်း၊ လှမ်းတိုင်း၊ တစ်လှမ်းချင်း အပေါ်တွင် ကြွတော့မယ်၊ ကြွတယ်၊ လှမ်းတယ် ချတယ်၊ ထိတယ်ဟူ၍ လည်းကောင်း၊ (အသေးစိတ် မမှတ်နိုင်ပါက လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်စသည်ဖြင့်လည်း မှတ်နိုင်ပါ၏။) လမ်းသွားရင်း ကွေ့လိုလျှင် ကွေ့တော့မယ်၊ ကွေ့တယ်၊ ညောင်း၍ ထိုင်လိုလျှင် ညောင်းတယ်၊ ထိုင်တော့မယ်၊ ထိုင်တယ်ဟူ၍ လည်းကောင်း၊ အစားစားလျှင် ထည့်တယ်၊ ဝါးတယ်၊ မျိုတယ်ဟူ၍ လည်းကောင်း စသည့်ရှုမှတ်နည်းမျိုးစုံဖြင့် မိမိလုပ်ဆောင်နေသမျှကို မိမိ ကြိုက်နှစ်သက်သော၊ အလျဉ်းသင့်သော ရှုမှတ်နည်းဖြင့် အဆက်မပြတ် ရှုမှတ်ရာ၏။

ယင်းသို့ ရှုမှတ်နေရင်းမှ မိမိ၏စိတ်သည် ပျံ့လွင့်သွားသည့်အခါ စိတ်ပျံ့လွင့်ကြောင်း၊ တစ်စုံတစ်ခု စဉ်းစားတွေးတောမိသည့်အခါ စိတ် စဉ်းစားကြောင်း သတိဖြင့် ရှုမှတ်၍ စိတ်ကို ပြန်လည် ဖမ်းချုပ်ရာ၏။ စိတ်ကို ရှုမှတ်ဖမ်းချုပ်ပြီးမှ မိမိမူလ ရှုမှတ်လျက်ရှိသော ဣရိယာပုတ်ကို ပြန်လည် ရှုမှတ်ရာ၏။။

တင်ပျဉ်ခွေထိုင်၍ အားထုတ်သူသည် မိမိခန္ဓာကိုယ်၌ ညောင်းညာခြင်း၊ နာကျင်လာခြင်းများ ဖြစ်ပေါ်လာတိုင်း ခန္ဓာကိုယ်အနေအထားကို မပြင်သင့်ပေ။ ညောင်းလျှင်ညောင်းကြောင်း၊ နာကျင်လာလျှင် နာကျင်လာကြောင်း ထိထိမိမိ ရှုမှတ်လိုက်လျှင် ညောင်းမှု၊ နာကျင်မှုများသည် ပျောက်ပျောက်သွားပေမည်။ ညောင်းတိုင်း၊ နာကျင်တိုင်း မိမိခန္ဓာကိုယ်အနေအထား ပြင်ပါက ခဏခဏပြင် ချင်နေ၍ သမာဓိကြေ၏။ နောက်ဆုံးမတတ်နိုင်၍ ခန္ဓာကိုယ်အနေအထားကို ပြင်ပါကလည်း ပြင်သည့်အခါတိုင်း သတိက ထက်ကြပ်မကွာလိုက်ကာ ရှုမှတ် နေရမည်။

http://www.dhammadownload.com

ဤကဲ့သို့ စဉ်ဆက်မပြတ် ရှုမှတ်နေသောအခါ စိတ်သည် ပြေးစရာလမ်း မရှိတော့ဘဲ တည်ငြိမ်နေကာ သမာဓိအားကောင်းလာ၏။ စိတ်ကို မိမိလိုရာသို့ စေစားနိုင်ပြီဖြစ်၏။ ယင်းမှ တစ်ဖန် ရုပ်အပေါင်း၌ဖြစ်ကြောင်း၊ ပျက်ကြောင်း တရား ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတို့ကို လက္ခဏာရေးသုံးပါး ထင်မြင်လာအောင် ပညာကို သတိနှင့်ကပ်၍ ရှုမြင်ဆင်ခြင်နိုင်၏။ ထိုအခါ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်သည် မိမိ၏သန္တာန်၌ ဖြစ်ပေါ်လာ၏။

သို့ဖြစ်၍ မိမိနေ့စဉ် လုပ်ကိုင်နေကျလုပ်ငန်းများကို လုပ်ကိုင်ရင်းအလုပ် မပျက်ဘဲ ဘာဝနာစီးဖြန်းနိုင်၏။ တရားအားထုတ်နိုင်၏။ ထို့ကြောင့် တန်ဖိုးရှိလှသောအချိန်များကို တစ်စက္ကန့်မျှပင် အချည်းနှီး မကုန်ဆုံးစေသင့်ပေ။

၃။ တတိယနည်းမှာကား မိမိခန္ဓာကိုယ်၏(၃၂)ကောဋ္ဌာသဖြစ်သည့် ဆံပင်၊ အမွေး၊ လက်သည်းခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့ကို မသာယာဖွယ်၊ စက်ဆုပ်ဖွယ်အဖြစ် မြင်လာအောင် စူးစိုက် ရှုမှတ်အားထုတ်ရသည်။ ဤနည်းဖြင့် ဝိပဿနာဉာဏ်စဉ်ကို ရရှိနိုင်၏။

၄။ စတုတ္ထနည်းမှာ မိမိခန္ဓာကိုယ်ကို ပထဝီဓာတ်(မြေဓာတ်)၊ အာပေါဓာတ် (ရေဓာတ်)၊ တေဇောဓာတ်(မီးဓာတ်)နှင့် ဝါယောဓာတ်(လေဓာတ်)တို့အနေဖြင့် တွေ့ထိရာဌာနတို့၌ စူးစိုက်၍ ရှုမှတ်ရ၏။ ဓာတ်လေးပါးကို ထိသိမှု၊ မှတ်သိမှုနှင့်တကွ ဓာတ် လေးပါး၏ ဖြစ်ပျက်မှုတို့ကို ထင်ရှား သိမြင်လာအောင် ရှုမှတ်အားထုတ်ခြင်း ဖြင့် ဝိပဿနာဉာဏ်စဉ်များ ဖြစ်ပေါ်လာ၏။

၅။ ပဉ္စမနည်းမှာ တရားအားထုတ်သူသည် လူသေကောင်အမျိုးမျိုးကို စူးစိုက်ရှုမှတ် အားထုတ်ရသော အသုဘကမ္မဋ္ဌာန်းနည်းပင်ဖြစ်၏။ ဤကမ္မဋ္ဌာန်းနည်းဖြင့် အားထုတ်သူသည် "ဤ ငါ၏ရုပ်အပေါင်းသည်လည်း ဤသို့သော ရုပ်ဆင်းပျက် လျက် ညှိမည်းနေသော လူသေကောင်ကဲ့သို့ ဖြစ်လိမ့်မည်သာတည်း၊ ဤသဘောကို မလွန်ဆန်နိုင်" ဟူ၍ မိမိကိုယ်ကို လူသေကောင်နှင့် နှိုင်းစာပြီး ရှုမှတ်ရ၏။ ယင်းကဲ့သို့ ရှုမှတ်ပွားများမှု အားကြီးလာသောအခါ ဝိပဿနာ ဉာဏ်စဉ် အဆင့်ဆင့် ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com

ဝေဒနာနုပဿနာသတိပဋ္ဌာန်

တရားအားထုတ်သူသည် သုခဝေဒနာကို ခံစားလျှင် သုခဝေဒနာ ခံစားရကြောင်း၊ ဒုက္ခဝေဒနာကို ခံစားရလျှင်လည်း ဒုက္ခဝေဒနာခံစားရကြောင်း၊ သုခမဟုတ် ဒုက္ခမဟုတ် ဝေဒနာခံစားနေရလျှင်လည်း သုခမဟုတ် ဒုက္ခမဟုတ်ဝေဒနာ ခံစားရကြောင်း သိမြင်အောင် ရှုမှတ်ရာ၏။ အဆိုပါ ဝေဒနာတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို အကြိမ်ကြိမ် သိမြင်အောင် ရှုမြင်၍ နေရ၏။ ရှုမှတ်အားကောင်းလာသောအခါ ငါ၊ ငါ၏ဥစ္စာစသည်ဖြင့် "ငါ" စွဲမရှိ၊ စွဲလမ်းစရာမရှိ၊ ဝေဒနာသာရှိသည်ဟု သိမြင်လာပြီး ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့် ဖြစ်ပေါ်လာမည်။

စိတ္တာနုပဿနာသတိပဋ္ဌာန်

တရားအားထုတ်သူသည် မိမိစိတ်၌ ရာဂနှင့်တကွဖြစ်သောစိတ် ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာကြောင်း၊ ရာဂနှင့် ကင်းသောစိတ် ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာကြောင်း၊ ဒေါသနှင့်တကွဖြစ်သော စိတ်ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာကြောင်း ဒေါသနှင့် ကင်းသောစိတ် ဖြစ်ပေါ်လာလျှင် ဖြစ်လာကြောင်း၊ မောဟနှင့်တကွဖြစ်သော စိတ် ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာကြောင်း၊ မောဟနှင့်ကင်းသောစိတ် ဖြစ်ပေါ်လာလျှင် ဖြစ်လာကြောင်း သိနေအောင် ရှုမှတ်ရ၏။

မိမိစိတ်တွင် ဖြစ်ပေါ်လာသော စိတ်တိုင်းအပေါ် သိနေအောင် သတိဖြင့် ရှုမှတ် အားထုတ်ခြင်းဖြင့် စိတ်၏ဖြစ်ပျက်မှုအစဉ်ကို သိမြင်လာပြီး ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့် ဖြစ်ပေါ်လာမည်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်

၁။ ပထမနည်းမှာ တရားအားထုတ်သူသည် နီဝရဏတရားငါးပါး(တိုးတက်မှုကို ပိတ်ပင်သောတရားငါးပါး)ကို ရှုမှတ်အားထုတ်ရသည်။ မိမိ၏စိတ်သန္တာန်၌ ကာမစ္ဆန္ဒ(ကာမဂုဏ်အလိုရှိခြင်း)၊ ဗျာပါဒ(သူတစ်ပါးကို ပျက်စီးစေလိုခြင်း)၊ ထိနမိဒ္ဓ(လေးလံထိုင်းမှိုင်းခြင်း)၊ ဥဒ္ဓစ္စ(စိတ်ပျံ့လွင့်ခြင်း)၊ ကုက္ကုစ္စ(စိတ်နှလုံးမသာယာခြင်း)၊ ဝိစိကိစ္ဆာ(ယုံမှားသံသယဖြစ်ခြင်း၊ တွေဝေခြင်း)များ ဖြစ်ပေါ်လျှင်ဖြစ်ပေါ်ကြောင်း၊ မဖြစ်လျှင် မဖြစ်ကြောင်း၊ ရှိလျှင်ရှိကြောင်း၊ မရှိလျှင် မရှိကြောင်း သိရှိအောင် ရှုမှတ်အားထုတ်နေရသည်။ ဤနည်းဖြင့် ထိုသဘောတရားတို့၏ ဖြစ်ချင်းပျက်ခြင်းကိုတွေ့မြင်လာပြီး ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တိုးတက်လာမည်။

http://www.dhammadownload.com

၂။ ဒုတိယနည်းမှာ တရားအားထုတ်သူသည် ခန္ဓာငါးပါးကို ရှုမှတ်အားထုတ်ရသည်။ ခန္ဓာငါးပါးဖြစ်သည့် ဤကားရုပ်တည်း၊ ဤကားရုပ်၏ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ချုပ်ရာတည်း၊ ဤကားဝေဒနာတည်း၊ ဤကားဝေဒနာ၏ ဖြစ်ကြောင်းတည်း၊ ဤကား ဝေဒနာ၏ချုပ်ရာတည်း၊ ဤကားသညာတည်း၊ ဤကား သညာ၏ဖြစ်ကြောင်းတည်း၊ ဤကား သညာ၏ချုပ်ရာတည်း၊ ဤကားသင်္ခါရ တည်း၊ ဤကား သင်္ခါရ၏ ဖြစ်ကြောင်းတည်း၊ ဤကား သင်္ခါရ၏ချုပ်ကြောင်း တည်း၊ ဤကား ဝိညာဉ်တည်း၊ ဤကား ဝိညာဉ်၏ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဉ်၏ချုပ်ကြောင်းတည်းဟု သိမြင်လာအောင် သတိဖြင့် ရှုမှတ်ရာ၏။ ဤ နည်းဖြင့် ခန္ဓာငါးပါး၏ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို သိမြင်လာပြီး ဝိပဿနာ ဉာဏ်စဉ်များ အဆင့်ဆင့် ဖြစ်ပေါ်လာမည်။

၃။ တတိယနည်းမှာကား တရားအားထုတ်သူသည် အာယတန(၁၂)ပါးကို ရှုမှတ်အား ထုတ်ရသည်။ အာယတန(၁၂)ပါး၌ မျက်စိပသာဒ၊ ရုပ်ကိုလည်းသိ၍၊ အဆင်း ရုပ်ကိုလည်းသိ၍၊ ယင်းမျက်စိနှင့် အဆင်းနှစ်ပါးစုံတွဲလျက်သံယောဇဉ်ဖြစ်ကြောင်း ကို သိအောင်ရှုမှတ်ရသည်။ မဖြစ်သေးသော သံယောဇဉ် ဖြစ်ကြောင်း၊ ဖြစ်ပြီး သံယောဇဉ်၏ ပယ်ကြောင်း၊ ပယ်ပြီးသံယောဇဉ်၏ နောင်အခါမဖြစ်ကြောင်း ကိုလည်း သိအောင် ရှုမှတ်ရ၏။ ထို့နည်းတူ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အတွေ့အထိ၊ စိတ်နှင့် သဘောတရားတို့၌လည်း အထက်ပါအတိုင်း သိမြင်အောင် ရှုမှတ်ရ၏။ ဤနည်းဖြင့် အာယတနတရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို သိမြင်လာပြီး ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့် ဖြစ်ပေါ်လာသည်။

၄။ စတုတ္ထနည်းမှာ ဗောဇ္ဈင်(၇)ပါးတို့ကို ရှုမှတ်အားထုတ်ရသည်။ ဤသို့ ရှုမှတ် ရာတွင် မိမိစိတ်သန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိလျှင်လည်း ရှိကြောင်း၊ မရှိလျှင် မရှိကြောင်း သိအောင်ရှုမှတ်ရသည်။ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ဖြစ် ကြောင်းဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို တိုးပွားစေကြောင်းကိုလည်း သိအောင် ရှုမှတ်ရသည်။ ထို့အတူ ကျန်ရှိသည့် သမ္ဗောဇ္ဈင်တို့၌လည်း အထက်ပါအတိုင်း သိအောင်ရှုမှတ်ရသည်။ ထိုအခါ သမ္ဗောဇ္ဈင်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောကို သိမြင်လာပြီး ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့်ဖြစ်ပေါ်လာမည်။

၅။ ပဉ္စမနည်းမှာကား အရိယာသစ္စာလေးပါးကို ရှုမှတ်အားထုတ်ခြင်းဖြစ်၏။ တရား အားထုတ်သူသည် ဤကား ဒုက္ခတည်း၊ ဤကား ဒုက္ခ၏ဖြစ်ကြောင်းတည်း၊ ဤကား ဒုက္ခ၏ချုပ်ငြိမ်းရာတည်း၊ ဤကား ဒုက္ခ၏ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တည်းဟု ဟုတ်မှန်သည့်အတိုင်း သိအောင် ရှုမှတ်အားထုတ်ရသည်။

http://www.dhammadownload.com

ထိုအခါ သစ္စာလေးပါးတရားတို့၏သဘောကို သိမြင်လာပြီး ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့် ဖြစ်ပေါ်လာမည်။

သိမှတ်ဖွယ်

သမာဓိကို လျင်မြန်စွာ ရရှိနိုင်ခြင်းအလို့ငှာ မြတ်စွာဘုရားသည် ကာယနုပဿနာသတိပဋ္ဌာန်ကို မူလအခြေခံကမ္မဋ္ဌာန်းအဖြစ်ဖြင့် အဓိကထား၍ သွန်သင်ဟောကြားတော် မူခဲ့၏။ ကျန်(၃)ပါးသော သတိပဋ္ဌာန်တရားတို့သည်လည်း ကာယနုပဿနာသတိ ပဋ္ဌာန်တရားနှင့် ဆက်ကာ ဆက်ကာ အတူတစ်ကွယ်ဉ်တွဲ၍ အကျုံးဝင်သဖြင့် သတိပဋ္ဌာန်တစ်မျိုးကို ရှုမှတ်ပွားများနေသော ယောဂီသည် အခြားနုပဿနာသတိ ပဋ္ဌာန်တရားများကိုလည်း တစ်ပါတည်း ရှုမှတ်ပွားများခြင်း ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ကာယနုပဿနာသတိပဋ္ဌာန်သည် သတိပဋ္ဌာန်တရားများအားလုံး ရှုပွားအားထုတ်မှုကို ဖြစ်စေသော မူလအခြေခံကမ္မဋ္ဌာန်းကြီးပင် ဖြစ်လေသည်။

သတိပဋ္ဌာန်ဖြင့် သစ္စာကို သိမြင်ပုံ

ဗုဒ္ဓဘာသာတွင် စိတ်သည် အရေးကြီးဆုံးကဏ္ဍတစ်ရပ်ဖြစ်သည့်အားလျော်စွာ စိတ်ကို အမြင့်မြတ်ဆုံးဖြစ်အောင် ထိန်းသိမ်းရေးကျင့်စဉ်သည် ဤသာသနာတော်၌သာ ရှိ၏။ တစ်နည်းအားဖြင့် စိတ်ကို သတိဖြင့် သဘာဝအကျဆုံး ထိန်းကျောင်းသည့် ကျင့်စဉ်တရားသည်ပင်လျှင် မြတ်ဗုဒ္ဓသာသနာ စင်စစ်ဖြစ်ပေ၏။

ထို့နည်းတူ မြတ်ဗုဒ္ဓသာသနာ၏ မူလအခြေခံအရင်းအမြစ်မှာ သစ္စာလေးပါးတရားတော်ပင်ဖြစ်ကြောင်း သိရှိပြီးဖြစ်၏။ လမ်းဆုံးပန်းတိုင်မှာလည်း ဗောဓိဉာဏ် (သို့မဟုတ်) ဝိဇ္ဇာဉာဏ်၊ သစ္စာဉာဏ် ရရှိရန်ပင်ဖြစ်၏။ ဒုက္ခဆင်းရဲခြင်းအပေါင်း၏ ဖြစ်ခြင်းဟူသော ဇာစ်မြစ်မှာ ခန္ဓာငါးပါး အစုအဝေးဖြစ်ရာ ဘဝပင်ဖြစ်၏။ ဤဘဝမှာလည်း တဏှာ၏ မလွဲမရှောင်သာသော အကျိုးဆက်တရားပင်ဖြစ်ပြန်၏။ ဤသို့ဖြင့် အမှန်ကိုမသိမှု အဝိဇ္ဇာနှင့် သမုဒယတဏှာတို့ကြောင့် ဘဝတွေ ဆက်ကာဆက်ကာ ကျင်လည်ရပြန်၏။ ဒုက္ခကိုဖြစ်ပေါ်စေသည့် ဘဝပြတ်စဲရန်မှာ ခန္ဓာငါးပါး ကုန်ဆုံးပျောက်ပျက်ခြင်းရှိမှသာလျှင် ဖြစ်ပေမည်။ ခန္ဓာငါးပါးသည်လည်း သမုဒယတဏှာပြတ်မှလုံးဝချုပ်ငြိမ်းပေမည်။ နောက်ဆုံး၌ သမုဒယတဏှာ လောဘစိတ်ကို မဂ္ဂင်ရှစ်ပါးတရားမြတ်ကသာ ခန်းခြောက် ကုန်ဆုံးစေနိုင်၏။ တစ်နည်းအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်သည့် တစ်ခုတည်းသော ကျင့်စဉ်သည် မဂ္ဂင်ရှစ်ပါးကျင့်စဉ်ဖြစ်၏။

မဂ္ဂင်ရှစ်ပါးမှ သမ္မာသတိမဂ္ဂင်တွင် အပါအဝင်ဖြစ်သော သတိကို မြှေစေတတ်သည့် ဘာဝနာလေးမျိုးကို သတိပဋ္ဌာန်ဟုခေါ်၏။ ဤသတိပဋ္ဌာန်တရားလေးပါးမှာ မဂ္ဂင်ရှစ်ပါး

http://www.dhammadownload.com

အကျင့်၌ အဓိကဖြစ်သော အကျင့်တရားများဖြစ်ကြ၍ သတိပဋ္ဌာန်တရားလေးပါးကို ပွားများအားထုတ်ခြင်းသည် မဂ္ဂင်ရှစ်ပါးအားလုံးကို ကျင့်သည်မည်ပေ၏။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် တပ်မက်စွဲလမ်း ခင်တွယ်မှုအမျိုးမျိုးကို စွန့်ပယ်ပစ်၍ သစ္စာလေးပါးအမြိုက်တရား(သို့မဟုတ်)ဝိဇ္ဇာဉာဏ်ကို ထိုးထွင်းသိရှိနိုင်ရန် သတိပဋ္ဌာန်ကျင့်စဉ်ကို အစဉ်မပြတ် ရှုပွားအားထုတ်ဖို့ရန် မိမိ၏တပည့်သာဝကများအား အမြဲတမ်း ဟောကြားဆုံးမတော်မူလေ့ရှိ၏။

မြတ်ဗုဒ္ဓ၏ တရားကျင့်စဉ်တစ်ရပ်လုံးမှာ သစ္စာအမှန်တရားကို ကောင်းစွာရှုမြင်သည့် ကျင့်စဉ်လုပ်ရပ်နည်းပင်ဖြစ်၏ သတိပဋ္ဌာန်ကျင့်စဉ်(သို့မဟုတ်) အစဉ်အမြဲသတိဖြင့် ရပ်၊ နာမ်၊ ခန္ဓာအပေါ်တွင် ရှုပွားနေခြင်းဖြင့် သခ်ါရဓမ္မအားလုံး၏ အဖြစ်အမှန်ဧကန်သဘာဝကို ယထာဘူတ ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်လေသည်။

သို့မှသာ မိမိနှင့် သူတစ်ပါးတို့၏ ရုပ်၊ နာမ်၊ ခန္ဓာအစုအဝေးကို တွေးတောရှုပွားဆင်ခြင်ကြည့်လျှင် မတည်မြဲသောသဘော၊ အနှစ်သာရ မရှိသောသဘောကို မြင်တွေ့သိရှိ၍ မျက်လှည့်ဆရာပမာ သတ္တဝါတွေကို လှည့်စားနေသည့် အမြင်မှားမှုကြောင့် ဖြစ်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ ဟူသော သက္ကာယဒိဋ္ဌိတရားဆိုးကြီး ချုပ်ငြိမ်းကာ သံသရာမှ လွတ်မြောက်လေတော့၏။

ဗုဒ္ဓမြတ်စွာက "အချင်း ရောဟိတဿနတ်သား... လောက၏အဆုံးနိဗ္ဗာန်ကို မရောက်ဘဲ ဆင်းရဲ၏။ အဆုံးပြုခြင်းကိုလည်း ငါ... ဟောတော်မမူ၊ အချင်းနတ်သား... စင်စစ်အားဖြင့် သညာလည်းရှိ၊ စိတ်လည်းရှိသော တစ်လံမျှလောက်သော ဤခန္ဓာကိုယ်၌ လောက(ဒုက္ခသစ္စာ)ကိုလည်းကောင်း၊ လောက၏ဖြစ်ပေါ်ကြောင်း(သမုဒယသစ္စာ)ကို လည်းကောင်း၊ လောက၏ ချုပ်ရာနိဗ္ဗာန်(နိရောဓသစ္စာ)ကိုလည်းကောင်း၊ လောက၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်(မဂ္ဂသစ္စာ)ကိုလည်းကောင်း ငါ... ပညတ်တော်မူ၏"ဟု ဟောတော်မူခဲ့၏။

ထို့ကြောင့် စိတ်အစဉ်ကို မြင့်မားစေသော၊ အသိဉာဏ်ကို မြင့်မားစေသော၊ သိမ်မွေ့ခက်ခဲ နက်နဲသော သစ္စာဉာဏ်ကို ဖြစ်ပေါ်စေသော သံသရာမှ လွတ်မြောက်ရာဘဝမှ လွတ်မြောက်ရာ တစ်ခုတည်းသော နည်းလမ်းကျင့်စဉ်ဖြစ်သည့် သတိပဋ္ဌာန်တရားမြတ်ကို မပြတ်မလတ် ကျင့်ကြံပွားများ အားထုတ်ကြပါကုန်။

သတိပဋ္ဌာန်တရား ပွားများအားထုတ်ခြင်းဖြင့် ရရှိသော အကျိုးတရားများ

၁။ ရာဂစသော စိတ်အညစ်အကြေးများကို အထူးစင်ကြယ်စေခြင်း၊

၂။ စိုးရိမ်ခြင်း(သောကမီး)ကို လွန်မြောက်ပယ်ဖျောက်စေခြင်း

၃။ ငိုကြွေးပူဆွေးခြင်း(ပရိဒေဝမီး)ကို လွန်မြောက်ပယ်ဖျောက်စေခြင်း၊

http://www.dhammadownload.com

၄။ ကိုယ်ဆင်းရဲခြင်းဒုက္ခကို ငြိမ်းအေးစေခြင်း၊
၅။ စိတ်နလုံးမသာယာခြင်း၊ ထိတ်လန့်ခြင်းတို့ကို ငြိမ်းအေးစေခြင်း၊
၆။ အရိယာမဂ်ကိုရစေခြင်း၊
၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း။

တရားအားထုတ်သူ ပြည့်စုံရမည့်အင်္ဂါ(၅)ပါး

၁။ မြတ်စွာဘုရား၌၏ ဗောဓိဉာဏ်၌ သက်ဝင်ယုံကြည်ခြင်း၊
၂။ အနာရောဂါကင်း၍ ကျန်းမာခြင်း၊
၃။ ဟန်ဆောင် လှည့်ဖြားခြင်းကင်း၍ စိတ်ထားဖြူစင်ဖြောင့်မတ်ခြင်း၊
၄။ အကုသိုလ်တရားတို့ကိုပယ်၍ ကုသိုလ်တရားတို့ဖြင့် ပြည့်စုံစေရန် ထက်သန်သော လုံ့လ ဝီရိယရှိခြင်း၊
၅။ ဆင်းရဲဒုက္ခ ကုန်ဆုံးနိုင်ရေးအတွက် ထိုးထွင်းသိမြင်သောဉာဏ်ပညာရှိခြင်း (ဥဒယဗ္ဗယဉာဏ်ပညာနှင့်ပြည့်စုံခြင်း)။

ဘာဝနာ(၂)မျိုး

ဘာဝနာဆိုသည်မှာ စိတ်သန့်ရှင်းစင်ကြယ် မြင့်မြတ်စေရန် လေ့ကျင့်ပြုပြင်ပေးခြင်းဖြစ်၏။ စိတ်အစဉ်ကို ကမ္မဋ္ဌာန်းအားထုတ်မှုတစ်ခုခုဖြင့် ထုံမွမ်းထားခြင်းလည်းဖြစ်၏။ ဘာဝနာတွင် သမထဘာဝနာနှင့် ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိ၏။

သမထဘာဝနာ

အဓိစိတ္တဟုလည်းခေါ်၏။ အရာတစ်ခုခုအပေါ် စိတ်အာရုံကို တစ်သမတ်တည်း စူးစိုက်ရှုမှတ်ပြီး စိတ်တည်ငြိမ်မှု၊ ခိုင်ခံ့မှု၊ စင်ကြယ်မှု(သမာဓိ)ရရှိအောင် အားထုတ်ခြင်းဖြစ်၏။ ယထာဘူတဉာဏ်(အမှန်တရားကို သိသောဉာဏ်)ရမှ မဂ်ဖိုလ်ရမြဲဖြစ်ရာ သမာဓိမှာ ထိုယထာဘူတဉာဏ်ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ မဂ်ဖိုလ်ရကြောင်းပြရာ၌ သမာဓိကို ဆိုလို၏။

သမထဘာဝနာသည် ကိလေသာကိုလည်းကောင်း၊ ထိုထိုဤဤ ကြံစည်တတ်သော ဝိတက်စသည်တို့ကိုလည်းကောင်း၊ ငြိမ်းစေတတ်၏။ သမထအားကောင်းသော ပုဂ္ဂိုလ်သည် လောကီစျာန်အဘိညာဉ်များ ရရှိနိုင်၏။ ယခုဘဝမှ လွတ်မြောက်သော် အထက်ဗြဟ္မာဘုံထိ လားရောက်နိုင်၏။ ဤဘာဝနာမျိုးသည် ဘုရားသာသနာ၏ အပဒ္ဒ်လည်းရှိ၏။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းလေးဆယ်

စိတ်၏ခိုင်ခံ့ခြင်း(သမာဓိ)ကို ထူထောင်ရာတွင် သမထကျင့်စဉ်ဖြင့် တည်ဆောက်ရသည်။ သမထကျင့်စဉ်မှာ စူးစိုက်စရာတစ်ခုခုအပေါ်၌ စိတ်ကို တစ်သမတ်တည်း စူးစိုက်ထားရခြင်းပင်ဖြစ်၏။ သမထကျင့်စဉ်ကို ကျင့်ရာ၌ စိတ်စူးစိုက်စရာ(ကမ္မဋ္ဌာန်းလေးဆယ်)ရှိ၏။

ကမ္မ–ရှေးရှေးသော အားထုတ်မှုသည်ပင်၊ ဌာန–နောက်နောက်ဘာဝနာ အားထုတ်မှု၏ တည်ရာဖြစ်သောကြောင့် "ကမ္မဋ္ဌာန(ကမ္မဋ္ဌာန်း)မည်၏။ ဘာဝနာနှင့် ကမ္မဋ္ဌာန်းသည် သဘောတူသောကြောင့် ဘာဝနာကမ္မဋ္ဌာန်းဟု အပြန်အလှန်တွဲဖက် ခေါ်လေ့ရှိ၏။

ကမ္မဋ္ဌာန်းလေးဆယ်မှာ–

၁။	ကသိုဏ်း	(၁၀) ပါး
၂။	အသုဘ	(၁၀) ပါး
၃။	အနုဿတိ	(၁၀) ပါး
၄။	ဗြဟ္မဝိဟာရ	(၄) ပါး
၅။	အာဟာရေ ပဋိကူလသညာ	(၁) ပါး
၆။	စတုဓာတုဝဝတ္ထာန်	(၁) ပါး
၇။	အာရုပ္ပ	(၄) ပါး
	စုစုပေါင်း	(၄၀) ပါး

ကသိုဏ်း(၁၀)ပါး

၁။ အဝန်းအဝိုင်း သဏ္ဌာန်ရှိသော မြေကသိုဏ်း၊
၂။ ရေကသိုဏ်း
၃။ မီးကသိုဏ်း
၄။ လေကသိုဏ်း
၅။ အညိုရောင်ကသိုဏ်း
၆။ အဝါရောင်ကသိုဏ်း
၇။ အနီရောင်ကသိုဏ်း
၈။ အဖြူရောင်ကသိုဏ်း
၉။ အလင်းကသိုဏ်း
၁၀။ ကောင်းကင်ကသိုဏ်းတို့ ဖြစ်ကြ၏။

ဤ(၁၀)ပါးအနက်မှ တစ်ခုခုအပေါ် အာရုံစူးစိုက်ပွားများရသည်။

http://www.dhammadownload.com

အသုဘ (၁၀)ပါး

၁။ သေပြီးနောက်အညိုကွက်မပေါ်မီ ဖူးဖူးရောင်နေသော လူသေကောင်၊
၂။ ဖူးဖူးရောင်ပြီး ကွဲပေါက်လျက် ပုပ်ရိနေသော လူသေကောင်၊
၃။ ပုပ်ရိပြီး သွေး၊ ပြည်တို့ယိုကျနေသော လူသေကောင်၊
၄။ နှစ်ပိုင်းပြတ်သော လူသေကောင်၊
၅။ ကျီး၊ ခွေး၊ လင်းတ စသည်တို့ ၊ထိုးဆွကိုက်ခဲရာမှ ထင်နေသော ပဲ့ရွဲ့နေသည့် လူသေကောင်၊
၆။ ခြေ၊ လက်၊ ခေါင်း၊ ကိုယ်တို့တခြားစီ ဖြစ်နေသော လူသေကောင်၊
၇။ ထိုကိုယ်၊လက်၊ ခေါင်းတို့တခြားစီဖြစ်၍ ဓားရာချင်းရှုပ်အောင် မွှန်းပြီး တကွဲစီ တခြားစီပစ်ထားသော လူသေကောင်၊
၈။ ထိုမှဤမှ သွေးယိုထွက်၍ ကိုယ်အနှံ့အပြား သွေးလိမ်းကျံနေသော လူသေကောင်၊
၉။ ပိုးလောက်တို့ ကျိကျိတက်နေသော လူသေကောင်၊
၁၀။ လူသေကောင်မှ အသွေးအသားတို့ အကပ်အသတ်ကျန်နေသေးသောအရိုး။

ယင်းတို့အနက်မှ တစ်ခုခုအပေါ် အာရုံစူးစိုက်ပွားများနိုင်သည်။ အသုဘ (မတင့်တယ်ခြင်း၊ ရွံရှာဖွယ်ဖြစ်ခြင်း)ကိုလည်းကောင်း၊ သေခြင်းတရားကိုလည်းကောင်း၊ အဖန်ဖန် တလဲလဲပွားများသူသည် မတင့်တယ်မှုနှင့် ရွံရှာကြောက်ရွံ့ခြင်း မရှိတော့သည့်အပြင် ပွားများသူ၏ စိတ်၌နိမိတ်အာရုံ စွဲလမ်းမှုဖြစ်လွယ်၍ သမာဓိရလွယ်၏။ ထို့ပြင် ဝိပဿနာသို့ တက်လှမ်းရာတွင်လည်း လွယ်ကူချောမွေ့ လျင်မြန်သည်။ ဤကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ မမြန်လွန်းမနှေးလွန်းအောင်လည်းကောင်း၊ အပြင်ဘက်အာရုံ၌ မပျံ့လွင့်စေရန်လည်းကောင်း သတိပြုရာ၏။

အနုဿတိ(၁၀)ပါး

၁။ ဘုရား၏ဂုဏ်တော်၊ ၂။ တရား၏ဂုဏ်တော်၊ ၃။ သံဃာ၏ဂုဏ်တော်၊ ၄။ မိမိ၏သီလဂုဏ်၊ ၅။ နတ်တို့၏သဒ္ဓါအစရှိသည်တို့၏ ဂုဏ်တို့ကိုအဖန်ဖန်တလဲလဲ ပွားများခြင်း၊ ၆။ ပေးလှူခြင်း၏အကျိုးကို အဖန်ဖန်တလဲလဲ ပွားများခြင်း၊ ၇။ နိဗ္ဗာန်ကို အဖန်ဖန်တလဲလဲ ပွားများခြင်း၊ ၈။ သေခြင်းကို အဖန်ဖန်တလဲလဲ ရှုမှတ်ပွားများခြင်း၊ ၉။ ဆဲပင်အစရှိသော ကိုယ်အစုကို အဖန်ဖန်တလဲလဲ ရှုမှတ်ခြင်း၊ ၁၀။ ထွက်သက်ဝင်သက်ကို အဖန်ဖန်တလဲလဲ ရှုမှတ်ခြင်းတို့ဖြစ်သည်။ ယင်း(၁၀)ပါးအနက် တစ်ပါးပါးကို စူးစိုက်၍ အဖန်ဖန်တလဲလဲ ရှုမှတ်ပွားများနိုင်သည်။

http://www.dhammadownload.com

ဗြဟ္မဝိဟာရတရား(၄)ပါး

၁။ မေတ္တာ၊ ၂။ ကရုဏာ၊ ၃။ မုဒိတာ၊ ၄။ ဥပေက္ခာတို့ဖြစ်ကြ၍ ယင်းတို့အနက် တစ်ပါးပါးကို ရူးစိုက်ပွားများနိုင်သည်။

အာဟာရေပဋိကူလသညာ(၁)ပါး

အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အဖန်ဖန်အလေ့လေ့ရူးစိုက်ပွားများရှုမှတ်နေခြင်း ဖြစ်သည်။

စတုဓာတုဝဝတ္ထာန်(၁)ပါး

ပထဝီစသော ဓာတ်ကြီးလေးပါးကို အဖန်ဖန်တလဲလဲရူးစိုက်ရှုမှတ်ပွားများ နေခြင်းဖြစ်သည်။ ထိုဓာတ်ကြီးလေးပါးအနက် တစ်ပါးပါးကိုလည်း ရူးစိုက်ပွားများနိုင်သည်။

အာရုပ္ပ(၄)ပါး

ရူပစျာန်ရရှိပြီးသူများသာ ရူးစိုက်ပွားများ ရှုမှတ်ရာများဖြစ်ကြသည်။ ယင်းတို့မှာ–

၁။ အဆုံးအစမရှိသော "ကောင်းကင်"ကို အဖန်ဖန်တလဲလဲ ရှုမှတ်ပွားများခြင်း၊

၂။ အစအဆုံးမရှိ ကောင်းကင်ကို အာရုံပြုသော "ဝိညာဉ်"ဟု အဖန်ဖန်တလဲလဲ ရှုမှတ်ပွားများခြင်း၊

၃။ စောစောက အစအဆုံးမရှိ ကောင်းကင်ကို အာရုံပြုသော ဝိညာဉ်သည် "မရှိ–မရှိ"ဟု အဖန်ဖန်တလဲလဲ ရှုမှတ်ပွားများခြင်း၊

၄။ ထိုဝိညာဉ် "မရှိ–မရှိ"ဟု ပွားများခြင်းမှ "ဝိညာဉ်သည်အလွန်သိမ်မွေ့ ငြိမ်သက်၏"ဟု အဖန်ဖန်တလဲလဲ ရှုမှတ်ပွားများခြင်းတို့ဖြစ်ကြသည်။
(ဤတွင် ကမ္မဋ္ဌာန်း လေးဆယ်ပြီး၏။)

စတုရာရက္ခာ

ကောက်ပင်ကိုစားတတ်သော နွားကို စောင့်ရှောက်သော နွားကျောင်းသားကဲ့သို့ မိမိစိတ်ကို လောကီအာရုံ ကာမဂုဏ်သို့ မရောက်သွားအောင် စောင့်ရှောက်ထားကြောင်း ဘာဝနာလေးပါးမှာ....

၁။ ဗုဒ္ဓါနုဿတိဘာဝနာ (ဘုရားရှင်၏ ဂုဏ်တော်မြတ်တို့ကိုအဖန်ဖန် အထပ်ထပ် အမှတ်ရနေခြင်း)၊

http://www.dhammadownload.com

၂။ မေတ္တာဘာဝနာ (သတ္တဝါများအပေါ် မေတ္တာကိုတိုးပွားစေခြင်း)၊

၃။ အသုဘဘာဝနာ (အသုဘကမ္မဋ္ဌာန်း စီးဖြန်းခြင်း)၊

၄။ မရဏဿတိဘာဝနာ (သေခြင်းတရားကို အောက်မေ့နလုံးသွင်းခြင်း)၊

စတုရာရက္ခကမ္မဋ္ဌာန်း(၄)ပါးကို ရှေးသူတော်စင်သူတော်မြတ်တို့ အမြဲတမ်း အားထုတ်ခဲ့ကြခြင်းမှာ....

၁။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသောပုဂ္ဂိုလ်သည် မြတ်ဗုဒ္ဓသာသနာတော်ကို ပိုမို ကြည်ညိုလာသောကြောင့် သာသနာတော်၏ တိုးတက်ကြီးပွားကြောင်း ကျက်သရေရှိကြောင်းအလုပ်များလုပ်ဆောင်၍ သာသနာတော် ညှိုးနွမ်းဖွယ် ကိစ္စများ မပြုလုပ်တော့ခြင်း၊

၂။ မေတ္တာဘာဝနာကို ပွားများလေ့ရှိသူသည် အရာရာ၌မိမိ၏ ကိုယ်ကျိုးကိုရှေး မရှုတော့ဘဲ သူတစ်ပါးအကျိုးကိုသာ ရှေးရှုလုပ်ဆောင်လေ့ရှိခြင်း၊

၃။ အသုဘဘာဝနာ ပွားများသော ပုဂ္ဂိုလ်သည် ကာမဂုဏ်အာရုံဘက်၌ စိတ်မရောက်တော့ဘဲ စိတ်စင်ကြယ်စေခြင်း၊

၄။ မရဏဿတိဘာဝနာ ပွားများသော ပုဂ္ဂိုလ်သည် "ငါသည် သေသွားသောအခါ ကုသိုလ်သာလျှင် အားကိုးရာရှိပါတကား" ဟု အမြဲသတိရသောကြောင့် ဘုန်းကံကြီးမား လာဘ်များမှတို့၌ ကြောင့်ကြမစိုက်တော့ဘဲ ကုသိုလ်ကောင်းမှုများကိုသာ တစ်ခုပြီးတစ်ခု ပြုလုပ်တော့ခြင်း

စသောကောင်းကျိုးများနှင့် ပြည့်စုံကြောင်းဖြစ်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

မြတ်ဗုဒ္ဓ၏ ရုပ်ပုံတော်၊ အရဟံစသော ဘုရားဂုဏ်တော်များကို ဆင်ခြင်ခြင်း၊ အဖန်ဖန်တလဲလဲ အောက်မေ့ခြင်း၊ ရှုမှတ်ပွားများခြင်းများကို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသည်ဟုခေါ်၏။ ထို့နည်းတူ ဓမ္မာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းခြင်းသည် မြတ်ဘုရားရှင်တို့ ဟောကြားတော်မူသော တရားတော်မြတ်တို့၏ ဂုဏ်တော်များကို အဖန်ဖန်တလဲလဲ ဆင်ခြင် ရှုမှတ်ပွားများခြင်းဖြစ်ပြီး သံဃာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းခြင်းသည် မြတ်ဘုရားရှင်၏ တပည့်သာဝက အရိယာသံဃာတော်မြတ်တို့၏ ဂုဏ်တော်များကို အဖန်ဖန်တလဲလဲ ဆင်ခြင်ရှုမှတ်ပွားများခြင်းပင်ဖြစ်၏။

ဗုဒ္ဓါနုဿတိဘာဝနာဖြစ်သည့် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို အာရုံပြုရာတွင် ဟေတုသမ္ပဒါ၊ ဖလသမ္ပဒါ၊ သတ္တူပကာရသမ္ပဒါ တည်းဟူသော သမ္ပဒါသုံးပါးဖြင့် ဘုရားရှင်အာရုံကို ဉာဏ်စွမ်းသလောက်ယူပြီးမှ အရဟံစသော ဂုဏ်တော် တစ်ပါးပါးကို ဖြစ်စေ။ ဂုဏ်ကောင်းများကိုဖြစ်စေ ဆက်၍ယူလျှင်သင့်၏၊ ပညာတို့ကို ပို၍ တိုးပွားဖွယ်ရှိပါ၏။

http://www.dhammadownload.com

(က) **ဟေတုသမ္ပဒါ။**

ဘုရားအလောင်းတော် ဘဝအစဉ်၌ အကြောင်းတို့၏ ပြည့်စုံခြင်း၊ (အလောင်းတော်၏ မဟာကရုဏာတော် ပါရမီဆယ်ပါးကို အသက်ခန္ဓာစွန့်လွှတ်၍ ဖြည့်ကျင့်ခဲ့ပုံ စသည့်အကြောင်းတို့၏ ပြည့်စုံခြင်းကို စဉ်းစားအာရုံပြုပါ။)

(ခ) **ဖလသမ္ပဒါ။**

ထိုအကြောင်းနှင့်တန်သော အကျိုး၏ပြည့်စုံခြင်း၊ (ဘုရားရှင်၏ အကျိုးရပုံကို စဉ်းစားအာရုံယူသောအခါ (၁) အလွန်မြင့်မြတ်သော ခတ္တိယအမျိုး၌ အသာလွန်ဆုံး ရုပ်လက္ခဏာတော်ကို ရရှိတော်မူခြင်း (၂) တောထွက်တော်မူပြီးနောက် ကိလေသာအားလုံးကို အထုံဝါသနာနှင့်တကွ ပယ်နိုင်လောက်အောင် အရဟတ္တမဂ်ဉာဏ်ကို ဆရာမရှိဘဲ ကိုယ်တော်တိုင်ရရှိတော်မူခြင်း၊ (၃) တရားအားလုံးကို အကုန်သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်မှစ၍ ဒသဖလဉာဏ်၊ စတုဝေရဇ္ဇဉာဏ်တော်များကို ရရှိတော်မူခြင်း၊ (၄) ဣဿရိယ ဓမ္မယသာစသောဘုန်းတော်တို့ကို ရရှိတော်မူခြင်း၊ ဤလေးပါးသော အကျိုး၏ ပြည့်စုံခြင်းတို့ကိုယူပါ။

(ဂ) **သတ္တူပကာရသမ္ပဒါ။**

မြတ်ဗုဒ္ဓသည် မဟာကရုဏာတော်၊ သဗ္ဗညုတဉာဏ်တော်တို့ဖြင့် သတ္တဝါတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူသောကြောင့် သရဏဂုံသီလ၌ တည်ကြကုန်၍ အပါယ်ဒုက္ခမှ လွတ်ကြရခြင်း၊ ဈာန်မဂ်ဖိုလ်တို့ကို ထိုက်သင့်သမျှ ရကြ၍ ချမ်းသာအမျိုးမျိုးကို ရရှိကြခြင်းသည် သတ္တဝါတို့အား မနှိုင်းသာသော ကျေးဇူးများခြင်းဟူသည့် သတ္တူပကာရသမ္ပဒါပင်ဖြစ်၏။

အသုဘဘာဝနာ

ခန္ဓာကိုယ်၏ မတင့်တယ်ပုံ၊ ရွံရှာဖွယ်ဖြစ်ပုံ အခြင်းအရာတို့ကို အာရုံပြု၍ မိမိစိတ်ကို တိုးပွားစေမှုသည် အသုဘဘာဝနာမည်၏။ ဤဘာဝနာတွင် နှစ်မျိုးရှိ၏။

၁။ **ကောဋ္ဌာသကမ္မဋ္ဌာန်း**

ဆံပင်အစရှိသော (၃၂) ကောဋ္ဌာသတို့၏ ရွံရှာဖွယ်မတင့်တယ်ပုံကို အနုလုံ (အစဉ်အတိုင်း) အားဖြင့်လည်းကောင်း၊ ပဋိလုံ (နောက်ပြန်) အားဖြင့်လည်းကောင်း၊ ရွတ်ဆိုသရဇ္ဈာယ်ပြီးစိတ်မှလည်း ထင်မြင်လာအောင် ပိုင်းခြား၍အာရုံပြုရသည်။

http://www.dhammadownload.com

၁။ (၃၂) ကောဋ္ဌာသဆိုသည်မှာ.....

(က) ဆံပင်၊ အမွေး၊ လက်သည်းခြေသည်း၊ သွား၊ အရေ။

(ခ) အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ။ အညှို့။

(ဂ) နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

(ဃ) အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

(င) သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

(စ) မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ယင်း (၃၂) ကောဋ္ဌာသကို အစဉ်အတိုင်းမဟုတ်ပဲ ကျော်ပြီး ရွတ်ဆိုပါက ဘာဝနာအစဉ်မထင်နိုင်ပါ။ နှုတ်မှလည်းဆို၊ စိတ်မှလည်း အာရုံပြုရာ၌ အလွန်မြန်နေလျှင် ကမ္မဋ္ဌာန်းဆုံးသော်လည်း အာရုံမထင်ရှားဘဲ ရှိတတ်ပြန်၏။ အလွန်နှေးပါက ကမ္မဋ္ဌာန်းမဆုံးနိုင်ဘဲလည်းရှိတတ်၏။ ထို့ကြောင့် မနှေးလွန်း၊ မမြန်လွန်းစေဘဲ သရဇ္ဈာယ်ရ၊ အာရုံပြုရ၏။ စိတ်ကိုလည်းအပြင်အာရုံသို့ မပျံ့လွင့်စေရန်တားဆီးရ၏။ စိတ်ပျံ့လွင့်ပါက ကမ္မဋ္ဌာန်း၌ယုတ်လျော့၏၊ ဘာဝနာမထင်နိုင်ဖြစ်ရ၏။ စက်ဆုပ်ရွံရှာဖွယ်အဖြစ် စိတ်၌ ထင်မြင်လာသည်အထိ ပွားများပါ။

၃၂ပါးသော ကောဋ္ဌာသတို့တွင် မိမိစိတ်၌ မထင်ရှားသော ကောဋ္ဌာသကို တစ်ခုပြီးတစ်ခုလွှတ်၍ နောက်ဆုံးဝယ်အထင်ရှားဆုံး ကောဋ္ဌာသတစ်ခု၌ အထူးစိတ်အာရုံစိုက်လျက် ပွားများလျှင်လည်း ပထမဈာန် အပွနာပေါ်လာနိုင်ပါသည်။ ကမ္မဋ္ဌာန်းကိုပွားများရာတွင် ကောဋ္ဌာသတစ်ခုစီ၏ အဆင်းအားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ အနံ့အား[ဖြင့်လည်းကောင်း၊ ဖြစ်ပေါ်ရာ အာသယအားဖြင့်လည်းကောင်း၊ တည်ရာအရပ်အားဖြင့်လည်းကောင်း၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းပုံကို ပိုင်းခြားမှတ်သားအာရုံပြုရ၏။

(ခန္ဓာကိုယ်တစ်ခုလုံး သလိပ်၊ သည်းခြေ၊ သွေး၊ ပြည်၊ ကျင်ကြီး၊ ကျင်ငယ်အစရှိသည်တို့သည် အတူတကွဖြစ်ကြသော်လည်း ကံကပိုင်းခြားထားသည့် အတွက် တစ်ခုနှင့်တစ်ခုမတူအောင် ဖြစ်တတ်ကြသောကြောင့် ထိုသလိပ်စသည်ကို အာသယဟုခေါ်၏။ တည်ရာအရပ်အားဖြင့် ခန္ဓာကိုယ်၌ တစ်ပေါင်းတည်ဖြစ်ကြသော်လည်း ကံ၏အကျိုးအဖြစ်ဖြင့် ပိုင်းခြားအပ်သည်ဖြစ်၍ အပိုင်းအခြား၏ အဖြစ်ဖြင့် အချင်းချင်း မရောဘဲ ဖြစ်တည်နေရ၏။)

၂။ ဥဒ္ဓုမာတာဒိဝတ္ထုသု

ဥဒ္ဓုမာတာက စသော အသုဘ (၁၀) ပါးကို အာရုံပြု၍ ကမ္မဋ္ဌာန်းရှုခြင်းပင် ဖြစ်၏။ အသုဘ(၁၀)ပါးသည် စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သကဲ့သို့ ဝတ်စားဆင်ပြင်အသက်ရှင်ဆဲ ကိုယ်သည်လည်း အပေါ်ယံပြုပြင် ဖန်တီးဖုံအုပ်ထားသော်လည်း

http://www.dhammadownload.com

ရှုရှာဖွယ် မတင့်တယ်သော အသုဘသဘောပင်ဖြစ်ကြောင်း၊ ဤကဲ့သို့ ရှုရှာဖွယ်ပေါသည့် အသုဘသဘောဆောင် ခန္ဓာကိုယ်သည် အမှန်တကယ်စွဲမက်စဖွယ်တင့်တယ်သည် မဟုတ်ဘဲ၊ အပုပ်တွေ လှောင်နေသည့် မတင့်မတယ် ရှုရှာဖွယ်စစ်စစ်ဖြစ်ကြောင်း၊ (၉၆)ပါးသော ရောဂါဝေဒနာတို့ လွန်စွာ နှိပ်စက်အပ်သော အမြဲနေ့စဉ် ဆေးကြော သုတ်သင်သော်လည်း အင်္ဂါရှိတိုင်းယိုစီးကြသောတံတွေး နှပ်စသည့်ရွံဖွယ်ပုပ်သိုး အညစ်အကြေးဆိုးများ ကျင်ကြီးကျင်ငယ်အသွယ်သွယ်တို့ဖြင့် မစင်မကြယ် လိမ်းကျံအပ်သော ခန္ဓာကိုယ်သည် မတင့်တယ်ရွံရှာဖွယ်ဖြစ်ကြောင်းတို့ကို စိတ်အာရုံတွင် ထင်မြင်လာအောင် ပွားများရသည်။

မရဏာသတိဘာဝနာ

တစ်ဘဝအတွက် ဆက်ကာ ဆက်ကာဖြစ်နေသော ရုပ်ဇီဝိတကို နာမ်ဇီဝိတကို အသက်ဟုခေါ်၏။ ထိုအသက်သည် ကံမကုန်သေးသရွေ့ ဆက်၍ဆက်၍ဖြစ်နေ၏။ လေးပါးသော ကံအကြောင်းတို့အနက်ကြောင့် တစ်ပါးပါးကြောင့်တစ်ဘဝအတွက် ဇီဝိတ အသက်နောက်ထပ်မဆက်တော့ခြင်းကို သေခြင်းဟုခေါ်၏။

ထိုသေခြင်းမှမည်သူမျှမလွတ်နိုင်၊ ထိုသို့မလွတ်နိုင်သော သေခြင်းတရားကို သတိရနေခြင်းကို "မရဏာသတိ" ဟုခေါ်၏။ ထိုမရဏာသတိကို မိမိ၏ စိတ်သန္တာန်၌ အဖန်ဖန်တလဲလဲဖြစ်ပေါ်ပွားများစေခြင်းကို "မရဏာသတိဘာဝနာ" ဟုခေါ်၏။

ထိုဘာဝနာကို ဖြစ်ပေါ်စေရာ၌ ငါသည် သေရခြင်း မလွဲမသွေ ဖြစ်လိမ့်မည် ငါ၏အသက်သည် ပြတ်လိမ့်မည်။ မရဏံ မရဏံ သေရခြင်း သေရခြင်း ဤနည်းသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ပွားများနိုင်၏။ သေခြင်းသဘောကို အမှတ်ရရာ၌ သင့်တင့်အောင် နှလုံးသွင်းရ၏။ ချစ်အပ်သူ၏ သေမည့်အရေးကိုတွေးလျှင် သောကဖြစ်တတ်၏။ မုန်းအပ်သူ၏ သေမည့်အရေးကိုတွေးလျှင် ဝမ်းမြောက်တတ်၏။ အလယ်အလတ်ဖြစ်သော သူ၏သေမည့်အရေးကိုတွေးလျှင် အမှုမဲ့အမှတ်မဲ့ဖြစ်တတ်၏။ မိမိ၏သေမည့် အရေးကိုတွေးလျှင် ကြောက်ရွံ့ထိတ်လန့်၊ ဒေါမနဿဖြစ်တတ်၏။ ထို့ကြောင့် ပုဂ္ဂိုလ်နှင့်တွဲ၍ သေခြင်းကို သတိထားမှု နှလုံးသွင်းမှုသည် ဉာဏ်နှင့်ယှဉ်သော သတိလည်းမဖြစ်၊ သံဝေဂလည်းမဖြစ်ပါ။

သို့ဖြစ်၍ ထိုထိုအရပ်တို့၌ သတ်ထားအပ်သော သတ္တဝါ၊ သေနေသော သတ္တဝါတို့ကို ကြည့်၍ဖြစ်စေ၊ တွေ့မြင်ဖူးကြသော စည်းစိမ်ရှင်တို့၏ သေကြေပုံကို ဆင်ခြင်၍ဖြစ်စေ သတိကိုလည်းကောင်း၊ ထိတ်လန့်မှုသြတပ္ပကိုလည်းကောင်း၊ ဉာဏ်ကိုလည်းကောင်းဖြစ်စေ၍ "ငါသည်လည်း သေရခြင်းဖြစ်လိမ့်ဦးမည်" စသည်ဖြင့် နှလုံးသွင်းမှု

http://www.dhammadownload.com

သည်သာ သင့်တင့်သော နှလုံးသွင်းမှုဖြစ်၏။ ဤသို့ သင့်တင့်သော နှလုံးသွင်း၍ ဆင်ခြင်ကာမျှဖြင့် ဥပစာရစျာန်ကိုရတတ်၏။

ထို့ပြင် ဤဘာဝနာ မျိုးပွားများသူသည် အောက်ပါတစ်မျိုးမျိုးကိုလည်း ပွားများနိုင်၏–

(၁) သေခြင်းသဘောသည် မိမိ၏အနီးသို့ ကပ်၍တည်ရှိနေပုံကို အမှတ်ရစေ၏။

(၂) လောကဌ ပြည့်စုံမှု စည်းစိမ် သမ္ပတ္တိဟူသမျှသည် ပျက်စီးမှု ဝိပတ္တိသာအဆုံးရှိ၏။ အသက်ရှင်မှုသည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြင့်သာ အဆုံးရှိ၏ဟု နှလုံးသွင်းရ၏။

(၃) ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအစရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးများအပေါ်တောင် သေခြင်းသဘောသည် ကျရောက်သေး၏။ ငါ၏အပေါ်၌ကား ဆိုဖွယ်ရာမရှိ၊ ဧကန်ကျရောက်တော့မည်ကို နှလုံးသွင်းရ၏။

(၄) ကိုယ်အတွင်းတွင်ရှိသော ပိုးမျိုး(၈၀)၏ ဖျက်ဆီးမှုကြောင့်လည်းကောင်း၊ ပြင်ပမှ ကျရောက်သော ရောဂါများကြောင့်လည်းကောင်း၊မြွေ၊ ကင်း စသော သတ္တဝါများကြောင့်လည်းကောင်း၊ အချိန်မရွေး သေနိုင်သဖြင့် ခန္ဓာကိုယ်သည် သေခြင်းဘေးရန်တို့နှင့် အမြဲတမ်း ဆက်ဆံနေရပုံကို နှလုံးသွင်းရ၏။

(၅) ဝင်သက်က ပြန်မထွက်နိုင်သောကြောင့်လည်းကောင်း၊ ထွက်သက်က ပြန်မဝင်နိုင်သောကြောင့်လည်းကောင်း၊ ဣရိယာပုထ်တစ်ပါးပါး ပျက်သောကြောင့်လည်းကောင်း၊ ဥတု၊ အာဟာရ ၃မျှတသောကြောင့်လည်းကောင်း၊ သေနိုင်ခြင်းကြောင့် အသက်၏ အားနည်းပုံကို ဆင်ခြင်နှလုံးသွင်းရ၏။

(၆) ဇီဝိတ အပိုင်းအခြား၊ ဗျာဓိ အပိုင်းအခြား၊ ကာလ အပိုင်းအခြား၊ အလောင်းချရာဌာနအပိုင်းအခြား၊ဂတိအပိုင်းအခြား ဤအပိုင်းအခြားအမှတ်အသား(၅)မျိုး (အနိမိတ္တ)မရှိခြင်းကို ဆင်ခြင်သောအားဖြင့် သေခြင်းကိုနှလုံးသွင်းရ၏။

(၇) အသက်ရှည်ရာကာလအပိုင်းအခြား(လက်ရှိလူ့သက်တမ်း)ကို ဆင်ခြင်ကာ မိမိ၏သေရမည့် အလွန်ဆုံး အသက်ကို ဆင်ခြင်ကာ အောက်မေ့နိုင်၏။

(၈) ဇီဝိတ အသက်၏တိုတောင်းပုံ၊ မရဏ၏ အလွန်လျင်မြန်ပုံကို ဆင်ခြင်နှလုံးသွင်းရ၏။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းတရားအား အနှောင့်အယှက်ဖြစ်စေသောဝိတက်(၃)ပါး

၁။ ကာမဝိတက် ....ကာမဂုဏ်တရားနှင့် စပ်ဆိုင်သမျှကြံစည်နေမိခြင်း။

၂။ ဗျာပါဒဝိတက် .... သတ္တဝါတို့အား သေကြေပျက်စီးစေလိုသော ဆန္ဒပေါ်ပေါက်နေခြင်း။

၃။ ဝိဟိံသဝိတက် .... သတ္တဝါတို့အား ညှဉ်းပန်းနှိပ်စက်လိုသော မနောကံများဖြစ်ပေါ်နေခြင်း။

ကမ္မဋ္ဌာန်းတရား အားထုတ်သူ၏ စိတ်တွင်ဖြစ်ပေါ်တတ်သော မာရ်စစ်သည်တော်(၁၀)ပါး

၁။ ကာမရာဂ(ကာမဂုဏ်၌တပ်မက်မှု)

တရားအားထုတ်စဉ် မိမိခံစားခဲ့ဖူးသော ကာမဂုဏ်အာရုံများနှင့် မိမိတောင့်တသော ကာမဂုဏ်အာရုံများဖြစ်ပေါ်လာပြီး တပ်မက်နှစ်ခြိုက်စွာ လက်ခံနေတတ်သည်။

၂။ အရတိ(မမွေ့လျော်ခြင်း)

တရားအားထုတ်နေစဉ် ပျင်းရိလာခြင်း၊ အမှတ်ကျဲလာခြင်းစသည့် ဓိဇာကြောင်မှုများ ဖြစ်လာတတ်သည်။

၃။ ဥပ္ပိပါသ(ဆာလောင်မွတ်သိပ်မှု)

တရားအားထုတ်နေစဉ် မိမိစားသောက်ခဲ့မှုများကို ပြန်လည်သတိရလာပြီး ဆာလောင်မွတ်သိပ်ခြင်း ဖြစ်လာသည်။

၄။ တဏှာ(တပ်မက်ခြင်း)

ဆာလောင်မွတ်သိပ်မှုစသည့် အာရုံများတွင် တပ်မက်လာပြီး တရားအားထုတ်မှုကို ရပ်နားလိုက်တတ်၏။

၅။ ထိနမိဒ္ဓ(စိတ်မခိုင်ခြင်း၊ စိတ်ထိုင်းမှိုင်းခြင်း၊ စိတ်ပျံ့လွင့်ခြင်း)

တရားအားထုတ်နေစဉ် စိတ်သည် တောင်စဉ် ရေမရရောက်ချင်ရာရောက်နေပြီး ငိုက်မျဉ်းလာကာ အိပ်ပျော်သွားခြင်းများ ဖြစ်တတ်၏။

၆။ ဘီရု(ကြောက်လန့်ခြင်း)

တရားအားထုတ်နေစဉ် ပတ်ဝန်းကျင်ရှိအရာများကို ကြောက်စရာပေါင်းစုံအဖြစ် တွေးထင်နေပြီး ကြောက်လန့်နေတတ်သည်။

http://www.dhammadownload.com

၇။ ဝိစိကိစ္ဆာ(ယုံမှားသံသယဖြစ်ခြင်း)

တရားအားထုတ်နေစဉ် ကမ္မဋ္ဌာန်းတရားအပေါ် မှန်မှမှန်ပါ့မလား၊ အကျိုး မှ ရှိရဲ့လား၊ ဒီထက် ကောင်းတဲ့နည်းများ ရှိသေးလားစသည်ဖြင့် ချီတုံချတုံ ဖြစ်နေတတ်သည်။

၈။ မက္ခ ထမ္ဘ(ခက်ထန်လာခြင်း)

တရားအားထုတ်နေစဉ် သံသယအမျိုးမျိုးဝင်လာမှုကြောင့် စိတ်ဆင်းရဲပြီး မိမိကိုယ်ကို ဒေါသဖြစ်လာတတ်၏။ မကျေမနပ်နှင့် အားမလို အားမရဖြစ်လာ တတ်သည်။ တရားအားထုတ်ရင်း ဘာဝနာနိမိတ်အရိပ်အဆင်များ မြင်တွေ့လာ သောအခါ မိမိထက် အသက်၊ သိက္ခာ၊ ဂုဏ်၊ ဝါကြီးသူမျိုးကိုပင် မလေးစား မရိုသေတော့ဘဲ မာနတရားများ ဖြစ်ပေါ်လာတတ်သည်။

၉။ လာဘ၊ သိလောက၊ သက္ကာရ၊ မိစ္ဆာ လဒ္ဓ(ပူဇော်ကျော်စောခြင်း)

အထက်ပါ အဆင့်(၈)အထိ အောင်မြင်ကျော်မြောက်ခဲ့သောယောဂီသည် မိမိ၏ထင်ပေါ်ကျော်စောမှုကြောင့် ပတ်ဝန်းကျင်၏ လာဘ်လာဘ ပူဇော်ချီးမြှင့် မှုများ၊ အားကိုးမှုများ၊ မြှောက်ပင့်မှုများကို ခံယူရရှိလာမည်။ ဤကဲ့သို့ ကျော်စောမှု၊ အပူဇော်ခံရမှုများကြောင့် တက်ကြွ သာယာသော တဏှာ၊ မာန တရားဆိုးများ ဖြစ်ပေါ်လာပြီး လမ်းလွဲကာ လာဘ်လာဘ ရှာဖွေမှုများ ဖြစ်ပေါ် လာတတ်သည်။

၁၀။ အတ္တုက္ကံ သန ပရ ဝမ္ဘန(မိမိကို၎င်းကို လွန်စွာ အထင်ကြီးလာခြင်း)

ဤအဆင့် ရောက်ရှိလာသော ယောဂီသည် အခြားသူများကို အထင်သေး ပြီး မိမိကိုယ်ကို ရဟန္တာစင်စစ် ဖြစ်လောက်ပြီဟု မှတ်ယူအထင်ကြီးလာတတ်၏။

သမာဓိရန်သူကြီး(၄)ပါး

၁။ ထိန... ကုသိုလ်မှုတို့၌ စိတ်ဓာတ်လျော့ပါးခြင်း၊ စိတ်မခိုင်ခံ့ခြင်း။

၂။ မိဒ္ဓ... ငိုက်မျဉ်းခြင်း။

၃။ ဥဒ္ဓစ္စ... စိတ်ပျံ့လွင့် တုန်လှုပ်ခြင်း။

၄။ မိစ္ဆာဝိတက်...ကမ္မဋ္ဌာန်းအာရုံမှတစ်ပါး ဟိုဟိုသည်သည်ကြံစည်တွေးတော နေခြင်း။

http://www.dhammadownload.com

သမာဓိဖြစ်ကြောင်းတရား(၁၁)ပါး

၁။ ပစ္စည်းလေးပါးစသော ဝတ္ထုများ စင်ကြယ်သန့်ရှင်း အပြစ်ကင်းရခြင်း၊
၂။ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိကို မျှတစေရခြင်း၊
၃။ ကသိုဏ်း နိမိတ်တို့ကို ယူရာ၌ လိမ္မာ ကျွမ်းကျင်ရခြင်း၊
၄။ ဝီရိယလျော့ခြင်းစသည်တို့ ဖြစ်သောအခါ ဓမ္မဝိစယဝီရိယ၊ ပိတိသမ္ဗောဇ္ဈင်တရား တို့ဖြင့် စိတ်ကို ချီးမြှောက်ပေးရခြင်း၊
၅။ ဝီရိယလွန်၍ စိတ်ပျံ့လွင့်သောအခါ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်တို့ဖြင့် စိတ်ကိုနှိမ်ပေးရခြင်း၊
၆။ ပညာယောဂ နည်းပါး၍ ငြိမ်သက်သောသုခကို မရခြင်းကြောင့် စိတ်မနှစ်သက် သောအခါ သံဝေဂဝတ္ထု(၈)ပါးကို ဆင်ခြင်၍လည်းကောင်း၊ ရတနာသုံးပါးဂုဏ်ကို အောက်မေ့၍လည်းကောင်း စိတ်ကို ရွှင်လန်းစေရခြင်း၊
၇။ လျော့ခြင်း၊ လွန်ခြင်းကင်း၍ အာရုံမလွင့် မိမိရှုမြဲ အာရုံ၌သာ အညီအညွတ်ရှု၍ နေရခြင်း၊
၈။ စိတ်ပျံ့လွင့်သူကို ရှောင်ကြဉ်ရခြင်း၊
၉။ တည်ကြည်သူကို မှီဝဲချည်းကပ်ရခြင်း၊
၁၀။ ဈာန်ဝိမောက္ခကို ဆင်ခြင်ရခြင်း၊
၁၁။ သမာဓိဖြစ်စေရန် ညွှတ်၊ ကိုင်း၊ ရှိုင်း၊ ဝှမ်းသော ကြိုးစားစိတ်ရှိရခြင်း။

သမာဓိကြီးထွားကြောင်းတရား(၆)ပါး

ယောဂီတို့ သိမှတ်ဖွယ်တရားထူး တရားမြတ် ရလွယ်ကြောင်း တရား(၆)ပါးမှာ –

၁။ စိတ္တဖာသု... စိတ်ချမ်းသာခြင်း၊
၂။ သရီရဖာသု... ကိုယ်ချမ်းသာခြင်း၊
၃။ အာဟာရဖာသု... မိမိနှစ်သက်သောအစာကို စားသုံးရခြင်း၊
၄။ သေနာသနဖာသု ...မိမိ၏ကျောင်း၊ နေရာ၊ ဝန်းကျင် သန့်ရှင်းကောင်းမွန်ရခြင်း၊
၅။ ပုဂ္ဂလဖာသု ...မိမိ၏ သီတင်းသုံးဖော်တို့ သင့်တင့် ညီညွတ်ရခြင်း။

ဝိပဿနာဘာဝနာ

အနိစ္စဟုလည်းကောင်း၊ ဒုက္ခဟုလည်းကောင်း၊ အနတ္တဟုလည်းကောင်း အထူးထူး အပြားပြား ရှုသတ်သောဉာဏ်၊ မဟာကုသိုလ်၌ ယှဉ်သောဉာဏ်သည် ဝိပဿနာဉာဏ် ဖြစ်၏။ ထိုဝိပဿနာဉာဏ်ကို မိမိစိတ်အစဉ်၌ တိုးပွားစေခြင်း၊ တိုးပွားအောင်အားထုတ် ခြင်းကို ဝိပဿနာဘာဝနာဟု ခေါ်၏။

http://www.dhammadownload.com

အဓိပညာဟုလည်း ခေါ်၏။ရုပ်နာမ်အပေါင်းတို့၏ အနိစ္စ(မမြဲခြင်း) ဒုက္ခ (ဆင်းရဲခြင်း)၊ အနတ္တ(အစိုးမရခြင်း) ဟူသော လက္ခဏာရေးသုံးပါး ၏သဘောကို သိမြင်လာအောင် ရုပ်နှင့်နာမ်ကို ခွဲခြားသိမြင် လာအောင် သက္ကာယဒိဋ္ဌိ ကင်းစင်လာအောင် သတိနှင့်ပညာ ကပ်ပြီး အားထုတ်ခြင်းဖြစ်၏။

ဤနည်းဖြင့် မိမိ၏ရုပ်၊ နာမ်၊ ခန္ဓာတို့၌ ဖြစ်ပေါ်သော တဏှာနှင့် အဝိဇ္ဇာတို့သည် တဖြည်းဖြည်း ပါး၍ ပါး၍သွားကာ အမှန်ကို သိသောဝိဇ္ဇာဉာဏ်ရရှိလာပြီး ဒုက္ခအပေါင်းတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ချက်ချင်း မျက်မှောက်ပြုနိုင်၏။ ဤဘာဝနာသည် မြတ်ဗုဒ္ဓ အဆုံးအမ သာသနာတော်အတွင်း၌သာရှိပြီး သာသနာအပတွင် မပေါ်နိုင်၊ မရှိနိုင်သော တရားမြတ်ဖြစ်၏။

ဒါန၊ သီလ၊ သမထတရားတို့သည် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရန် တိုက်ရိုက် အကျိုးမပြုနိုင်ဘဲ အထောက်အပံ့မျှသာ ရရှိနိုင်၏။ ဝိပဿနာဘာဝနာသာလျှင် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရန် တိုက်ရိုက်အကျိုးပြုနိုင်၏။ ဝိပဿနာအလုပ်မှာ ပါရမီဉာဏ်သာ ပဓာနတည်း၊ ပါရမီဉာဏ် ရှိခဲ့ပါလျှင် တရားနာရင်း အိမ်မှကိစ္စ၊ လူမှုကိစ္စများ လုပ်ဆောင်ရင်း ပေါက်ရောက်နိုင်၏။ အကြောင်းမူကား ဉာဏ်ရှိသူတို့မှာ ကိုယ်တွင်းကိုယ်ပြင် တွေ့မြင်သမျှသည် လက္ခဏာရေးသုံးပါး ပွားစီးဖို့ချည်းသာဖြစ်သောကြောင့်ဖြစ်၏။ ဝိပဿနာအရာ၌ သတိ ပညာတို့လည်း မပါမပြီးဖြစ်ပေရာ၊ သမာဓိ ဝိရိယတို့နှင့် ကင်း၍ဖြစ်သောတရားများ မဟုတ်ပေ။

သီလ သမာဓိအခြေခံ

ဒါန၊ သီလ၊ သမထ၊ ဘာဝနာတရားများကို ကြိုးပမ်းအားထုတ်ခြင်းဖြင့် စိတ်အစဉ် ကြည်လင်ချမ်းမြမှု ရနေမှသာ ဝိပဿနာတရားအားထုတ်ရာတွင် မခဲယဉ်းဘဲ သက်သာလွယ်ကူစွာ ထင်မြင်ပေါက်ရောက်နိုင်၏။ ထို့ကြောင့် ဝိပဿနာဘာဝနာကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် သီလနှင့် သမာဓိကို အခြေပြုရ၏။

သီလမစင်ကြယ်လျှင် သမာဓိမရနိုင်၊ သမာဓိမရလျှင် ဝိပဿနာဉာဏ်အစစ် မဖြစ်နိုင်ပေ။ သီလစင်ကြယ်လျှင် ဝိပ္ပဋိသာရ (စိတ်နှလုံးမသာယာမှု) မဖြစ်တော့ဘဲ စိတ်ရွှင်လန်းမှုဖြစ်၏။ စိတ်ရွှင်လန်းမှုဖြစ်လျှင် နသောပီတိ (အနည်းငယ်နှစ်သက်မှု) ဟူသော ပါမောဇ္ဇဖြစ်၏။ ထိုနသော ပီတိသည် တဖြည်းဖြည်းရင့်ကာ အားကောင်းသော ပီတိဖြစ်လာ၏။ ထိုပီတိမျိုးဖြစ်လျှင် ကိုယ်စိတ်နှစ်ပါးလုံးအေးငြိမ်းမှု ပဿဒ္ဓိ လဟုတာ မုဒုတာ ကမ္မညတာတို့ ဖြစ်ကြ၏။ ထိုပဿဒ္ဓိ စသည်တို့ဖြစ်လျှင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခဖြစ်၏။ ထိုသို့ သုခဖြစ်မှသာ ကောင်းသောအာရုံ၌ စိတ်တည်ကြည်၍

http://www.dhammadownload.com

သမာဓိရနိုင်၏။ ထိုသို့ သမာဓိအားကောင်း မှသာ ဝိပဿနာတရား အားထုတ်ရာတွင် လွယ်ကူချောမွေ့ပေါက်မြောက်နိုင်၏။

သံဝေဂဉာဏ်

သီလနှင့် သမာဓိကို အခြေခံပြီးနောက် လောကကို ငြီးငွေ့သော သံဝေဂဉာဏ် ဖြစ်ပေါ်လာအောင် ထက်သန်လာအောင် အောက်ဖော်ပြပါ(၈)ပါးကို အထပ်ထပ်မြင်အောင် ဆင်ခြင်နှလုံးသွင်းရပါသည် –

(၁) အမိဝမ်းတွင်း၌ ဆယ်လကြာအောင်းခဲ့ပုံ၊ (၂) အိုရပုံ၊ (၃) နာရပုံ၊ (၄) သေရပုံ၊ (၅) ထိုသို့ သေပြီးနောက် လူအများစု အပါယ်လေးပါးသို့ ရောက်ကြရပုံ၊ (၆) အတိတ်ဘဝများစွာတုန်းကလည်း ဤကဲ့သို့ ဝဋ်ဒုက္ခဘေးတွေနှင့် ကြုံခဲ့ရပုံ၊ (၇) အနာဂတ်ဘဝများ၌လည်း နိဗ္ဗာန်မရမချင်း ဤကဲ့သို့ ဝဋ်ဘေးဒုက္ခနှင့် ကြုံလတ္တံ့ဖြစ်ပုံ၊ (၈) ယခုဘဝဖြစ်ဆဲမှာလည်း ဝတ်စားနေမှုအတွက် အာဟာရပရိယေသနကြောင့် ဒုက္ခများပုံ။

ဝိပဿနာကြောင့်မဂ်ဖိုလ်ရပုံ

ရုပ်ရောနာမ်ပါ လောကီသခါရတွေကို အနိစ္စချည်း။ အနတ္တချည်းဟု အဖန်ဖန်သုံးသပ်ဆင်ခြင်နှလုံးသွင်းမှုကို "သမ္မသနဉာဏ်"ဟုခေါ်၏။ ထိုဉာဏ်သည် ရင့်၍ရင့်၍လာသောအခါ ဥဒယဗ္ဗယဉာဏ်မှစ၍ သောတာပတ္တိမဂ်ဉာဏ်တိုင်အောင် အဆင့်ဆင့်အစဉ်အတိုင်း တက်၍တက်၍လာကာ အရဟတ္တမဂ်ဉာဏ်သို့ရောက်သောအခါ ကာမရာဂ သံယောဇဉ်၊ ဘဝရာဂသံယောဇဉ်စသော သံယောဇဉ်အားလုံးကုန်ခန်း၍ ရဟန္တာ ဖြစ်လေတော့သည်။

နာမ်ရုပ် ဖြစ်ပျက်ပုံ

ဝိပဿနာကို ရှေ့သွားပြု၍ အားထုတ်သူသည် ပဓာနအားဖြင့် ခန္ဓာငါးပါး (တစ်နည်း) ရုပ်၊ နာမ်နှစ်ပါးကို အရှုခံအာရုံအဖြစ်ထားကာ ထိုခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး တို့၌ ဖြစ်ပျက်တိုင်းသော အဖြစ်အပျက်တို့ကို သတိဖြင့် သိ၊ သိနေအောင် ရှုမှတ်အားထုတ်ခြင်းဖြစ်သည်။ စင်စစ်ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့ကို ဝိပဿနာရှုမှတ်အားထုတ်ခြင်းသည် သတိပဋ္ဌာန်လေးပါးလုံးကို အားထုတ်ခြင်းကိစ္စလည်း ပြီးစီးသည်မည်၏။ မည်သည့် သတိပဋ္ဌာန်တရား၊ ကမ္မဋ္ဌာန်းတရားတွင်မဆို အဓိကဆောင်ရွက်ရန်

http://www.dhammadownload.com

ကိစ္စမှာ အစဉ်သတိ မြဲစွာရှိနေရန်နှင့် အဖန်တလဲလဲ ရွှမှတ်အားထုတ်နေရခြင်းဖြစ်သည့် အနုပဿနာဖြစ်ကြောင်း သိရှိထားသင့်၏။

မှတ်သည်ကိုပင် ဖြစ်သည်ဟု ဆိုအပ်၏။ မှတ်တိုင်းမှတ်တိုင်း နာမ်၊ ရုပ်သည် ဖြစ်၏။ ဖြစ်တိုင်း ဖြစ်တိုင်း နာမ်ရုပ်သည် ပျက်၏။ နာမ်ရုပ်ဖြစ်ပျက်မှုသည် –

၁။ မျက်စိမှဖြစ်လျှင် မျက်စိမှ ပျက်၏။
၂။ နားမှဖြစ်လျှင် နားမှ ပျက်၏။
၃။ နှာခေါင်းမှဖြစ်လျှင် နှာခေါင်းမှ ပျက်၏။
၄။ လျှာမှဖြစ်လျှင် လျှာမှ ပျက်၏။
၅။ ကိုယ်မှဖြစ်လျှင် ကိုယ်မှ ပျက်၏။
၆။ နှလုံးမှဖြစ်လျှင် နှလုံးမှ ပျက်၏။

တစ်နည်းအားဖြင့် –

၁။ မြင်တာကို မြင်တယ်၊ မြင်တယ်ဟု မှတ်ခြင်းသည် ဖြစ်ခြင်းဖြစ်၏။ မြင်တိုင်း မြင်တိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

၂။ ကြားတာကို ကြားတယ်၊ ကြားတယ်ဟု မှတ်ခြင်းသည် ဖြစ်ခြင်းဖြစ်၏။ ကြားတိုင်း ကြားတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

၃။ နံတာကို နံတယ်၊ နံတယ်ဟုမှတ်ခြင်းသည် ဖြစ်ခြင်းဖြစ်၏။ နံတိုင်း နံတိုင်း မှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

၄။ စားတာကို စားတယ်၊ စားတယ်ဟု မှတ်ခြင်းသည် ဖြစ်ခြင်းဖြစ်၏။ စားတိုင်း စားတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

၅။ ထိတာကို ထိတယ်၊ ထိတယ်ဟုမှတ်ခြင်းသည် ဖြစ်ခြင်းဖြစ်၏။ ထိတိုင်း ထိတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

၆။ သိတာကို သိတယ်၊ သိတယ်ဟုမှတ်ခြင်းသည် ဖြစ်ခြင်းဖြစ်၏။ သိတိုင်း သိတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်း ဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

ဤသို့ နာမ်ရုပ်ကို မပြတ်မလပ် နှလုံးသွင်း၍ ပွားများအားထုတ်လျှင် အလွန်အကျိုးများ၏။ တစ်ခဏလေး ပွားများအားထုတ်ရုံနှင့် အသက်တစ်ရာ နေရသူထက် မြတ်ပြီးဖြစ်၏။ တစ်ခဏဆိုသည်မှာ လက်ဖျစ်ဆယ်တွက်ရှိသောကာလ(တစ်မိနစ်နီးပါး ခန့်ရှိ တန်ရာ၏။) လေးမျှသာဖြစ်၏။

မြတ်ဗုဒ္ဓက "ပျင်းရိသဖြင့် တရားကို အားမထုတ်သော ပုဂ္ဂိုလ်၏ အနှစ်တစ်ရာ ကာလပတ်လုံး အသက်ရှည်ခြင်းထက် အားထုတ်အပ်သော၊ ဝီရိယရှိသောပုဂ္ဂိုလ်၏ တစ်ခဏလေးမျှလည်း အသက်ရှည်ခြင်းက ပိုမြတ်၏" ဟု ဟောကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com

နာမရူပ ပရိစ္ဆေဒဉာဏ်

နာမ်၊ ရုပ်ကို သဘာဝအမှန်အတိုင်း ပိုင်းခြားပြီး သိသောဉာဏ်ကို ခေါ်၏။ ဥပမာ – ခန္ဓာကိုယ်မှာ ထင်ရှားသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် နာဖျား၊ နာဝမှာ အမြဲ တိုက်ဝင်၊ တိုက်ထွက်နေသော ထွက်လေ၊ ဝင်လေနှစ်ရပ်ကို ရှုမှတ်အားထုတ်သည် ဆိုပါစို့။

နာဖျား၊ နာဝမှ ကာယပသာဒအကြည်က အထိခံ ထွက်လေ ဝင်လေဖြစ်သော လေနှစ်ရပ် ဝါယောဖောဋ္ဌဗ္ဗက ထိတယ်၊ ထိအထိခံနှင့် ထိတာကရုပ်၊ ထိနေတာကို သိတာက နာမ်ဖြစ်၏။ ရုပ်ကို နာမ်က သိနေလျှင် ဖြစ်ပျက်ကိုလည်း သိမြင်လာ၏။ ဖြစ်ပျက်ကို သိခြင်းကို အဓိပညာဟုခေါ်၏။ အဓိပညာ အားကောင်းလာသည့်အခါ ရုပ်သည် လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းဖြစ်ပြီး ပျက်နေတာကို နာမ်က သိမြင်နေ၏။ သွားသော့ ကျရိယာပုတ်တွင်လည်း သွားချင်တာက နာမ်၊ သွားတာက ရုပ်၊ နာမ်က သွားချင်၍ ရုပ်ကသွား၏။ နာမ်က မသွားချင်လျှင် ရုပ်ကမသွား၊ ဤသို့ပင် ကျန်ကျရိယာပုတ်များကိုလည်း မှတ်ယူပါ။

ရုပ်၏ဖြစ်ပျက်မှုတိုင်းကို နာမ်က သိမြင်နေလျှင် "ရုပ်နှင့်နာမ်သာရှိပါကလား၊ ရုပ်နာမ်မှတစ်ပါး ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ လူနတ်ဆိုတာမရှိဘူး"ဆိုသည်ကို သိမြင်လာပေလိမ့်မည်။ ဤကဲ့သို့ ရုပ်နာမ်မှတစ်ပါး ဘာမျှမရှိကြောင်း ကောင်းစွာ သိမြင်ခြင်းသည် ရုပ်နာမ်ကိုပိုင်းခြားပြီး သိခြင်းဖြစ်၍ "နာမရူပ ပရိစ္ဆေဒဉာဏ်"ဟု ခေါ်သည်။

ရုပ်၏ ပစ္စုပ္ပန်၌ ဖြစ်ပျက်နေမှုကို ဉာဏ်ကသိမြင်နေလျှင် လောဘ၊ ဒေါသ၊ မောဟတရားများ ဖြစ်ခွင့်မရသဖြင့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ငြိမ်း၏။ ကာယက်၊ ဝစီက်၊ မနောက် သောင်းကျန်းမှုများငြိမ်း၏။ အနုပါဒါ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအားဖြင့် စွဲလမ်းခြင်း ဥပါဒါန်မရှိသည်ဖြစ်၍ အာသဝေါတရားတို့မှ စိတ်သည် ကောင်းစွာလွတ်၍ငြိမ်း၏။ ငြိမ်း၍အေး၏။ ထိုအချိန်၌ အတ္တဆိုသည့် ကိုယ်မရှိ၍ အတ္တလည်းကင်း၏။ သက္ကာယဒိဋ္ဌိမူငြိတွယ် ပယ်စွန့်ပြီးဖြစ်၏။ ဉာဏ်အမြင်စင်ကြယ်၍ သမ္မာဒိဋ္ဌိဖြစ်၏။

သို့ဖြစ်၍ ဖြစ်ပျက်ကိုသိနေသည့် တဒင်္ဂ ခဏအချိန်ကလေးသည် အဖိုးမဖြတ်နိုင်သော ကြီးမားသည့် အကျိုးကျေးဇူးများရရှိ၏။ ထိုအချိန်ကလေးအတွင်း၌ ပုထုဇဉ်ပင် ဖြစ်လင့်ကစား ရဟန္တာများကဲ့သို့ အာသဝေါတရားလေးပါးတို့မှ ကင်း၍ချမ်းသာစွာ နေရ၏။

နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာလျှင် မြတ်ဘုရားဟောကြားတော်မူခဲ့သော တရားတော်သည် မှန်ကန်၍ အဖိုးမဖြတ်နိုင်ကြောင်း လက်တွေ့မြင်တွေ့ရမည်။

http://www.dhammadownload.com

ကိုယ်တိုင် သိမြင်ခံစားရမည်။ ထို့ကြောင့် နာမ်ရုပ်တရားနှစ်ပါး၏ အဖြစ်အပျက်ကိုမြင်လျှင် တစ်ရက်ပင်နေရစေကာမူ အသက်တစ်ရာနေရသော သူထက်မြတ်၏။ မဂ်ဖိုလ်လေးပါးတွင် တစ်ပါးပါးသို့ ဆိုက်ရောက်နိုင်၏။

ဤသို့ ရုပ်နာမ်ကို ပိုင်းပိုင်းခြားခြား သိမြင်ပြီးသောအခါ နာမ်၏အကြောင်းတရားသည် အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ သခ်ါရ၊ ဖဿ ဝိညာဉ်တို့ကြောင့် ဖြစ်ကြောင်း ရုပ်၏ အကြောင်းတရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်ကြောင်း ဆင်ခြင်နှလုံးသွင်းရ၏။ ထိုမှတစ်ဆင့် ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုကြောင့် မမြဲပုံ၊ ဆင်းရဲပုံ အစိုးမရပုံတို့ကို အဖန်ဖန်နှလုံးသွင်းရ၏။

မြင့်မြတ်သည့် ဘဝဖြစ်သည့် မြတ်ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်သောအခါ သမယတွင်သာ ဤကဲ့သို့ အကျိုးထူးတရားများ ရရှိနိုင်မည်ဖြစ်သဖြင့် ကြုံတောင့်ကြုံခဲ ကြုံရန်ခဲယဉ်းသော မြတ်ဗုဒ္ဓသာသနာတော်နှင့် ကြုံတွေ့ရချိန်ဝယ် အထူးကြိုးစား အားထုတ်သင့်ကြပေသည်။

နာမ်၊ ရုပ် ထင်ပုံဉာဏ်(၃)မျိုး

၁။ သုတမယဉာဏ် ..... အကြား အမြင်အားဖြင့်သာ သိသောဉာဏ်၊
၂။ စိန္တာမယဉာဏ် ..... စဉ်းစားတွေးခေါ် မြော်မြင်၍သာ သိသောဉာဏ်၊
၃။ ဘာဝနာမယဉာဏ် ..... မဂ်ဖြင့် ထိုးထွင်း သိမြင်သောဉာဏ်။

ထိုဉာဏ်သုံးမျိုးတွင် နာမ်ရုပ်ကို ပထမဉာဏ်နှစ်မျိုးဖြင့် ထင်ပုံသည်မမှန် ဘာဝနာမယဉာဏ်ဖြင့် ထင်မြင်မှသာလျှင် နာမ်ရုပ်ကို အဟုတ်အမှန် ထင်သည် မည်၏။

ဝိပလ္လာသတရား(၁၂)ပါး

ဝိပဿနာတရားဖြင့်သာ ပယ်သတ်နိုင်သော ဖောက်ပြန်မှုတရား (၁၂)ပါးတို့မှာ–

(က) အနိစ္စဖြစ်သော ရုပ်၊နာမ်၌မြဲ၏ဟု–
  (၁) စိတ္တဝိပလ္လာသ .... အသိမှားခြင်း၊
  (၂) သညာဝိပလ္လာသ .... အမှတ်မှားခြင်း၊
  (၃) ဒိဋ္ဌိဝိပလ္လာသ .... အယူမှားခြင်း။
(ခ) ဒုက္ခဖြစ်သော ရုပ်နာမ်၌ ချမ်းသာ၏ဟု–
  (၁) အသိမှားခြင်း၊
  (၂) အမှတ်မှားခြင်း၊

http://www.dhammadownload.com

(၃) အယူမှားခြင်း။

(၈) အနတ္တဖြစ်သော ရုပ်နာမ်၌ ငါကောင်ဟု –

(၁) အသိမှားခြင်း၊

(၂) အမှတ်မှားခြင်း၊

(၃) အယူမှားခြင်း။

(ဃ) အသုဘဖြစ်သော ရုပ်တရား၌တင့်တယ်၏ဟု–

(၁) အသိမှားခြင်း၊

(၂) အမှတ်မှားခြင်း၊

(၃) အယူမှားခြင်း။

အကျိုးများသော ဝိပဿနာဉာဏ်(၃)ပါး

၁။ ယထာဘူတဉာဏ်

ပရမတ္ထအားဖြင့် (၃၁)ဘုံတွင် နာမ်ရုပ်သာရှိ၏။ နာမ်ရုပ်မှတစ်ပါး အခြားဘာမျှမရှိဟု ကောင်းစွာသိမြင်သော ဉာဏ်ဖြစ်၏။

၂။ သမ္မာဒဿနဉာဏ်

ကံကိုပြုတတ်သော ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည်မရှိ၊ ကံ၏အကျိုးကို ခံစားတတ်သော ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမစသည်မရှိ စင်စစ် နာမ်ရုပ်နှစ်ပါးသာဖြစ်၏ဟု ကောင်းစွာသိမြင်သောဉာဏ်ဖြစ်၏။

၃။ ကခ်ီဝိတရဏဉာဏ်

ပုဂ္ဂိုလ်လော၊ သတ္တဝါလော၊ ငါလော၊ သူလော၊ ယောကျ်ားလော၊ မိန်းမလော၊ လူလော၊ နတ်လော၊ တိရစ္ဆာန်လော၊ ပြိတ္တာလောဟု အသက်ရှိသော အရာဌ သို့လော၊ သို့လော တွေးတောယုံမှားခြင်းမရှိ နာမ်ရုပ်ချည်းသာဖြစ်၏ဟု ကောင်းစွာသိမြင်သောဉာဏ်၊ ထိုနည်းတူ သက်မဲ့၌လည်း အိုးလော၊ အိမ်လော၊ သစ်ပင်လော၊ ဝါးလော၊ ရွှေလော၊ ငွေလော၊ ရေလော၊ မြေလော စသည်တို့အား တွေးတောယုံမှားဖွယ်မရှိ။ ရုပ်ချည်းပဲဟု ယုံမှားကင်းသော ဉာဏ်ဖြစ်၏။

ဖော်ပြပါ ဉာဏ်သုံးပါးသည် သဒ္ဓါမျှသာကွဲပြီး အနက်မှာ အတူတူပင်ဖြစ်၏။ ဤဉာဏ်တို့ဖြင့် ပြည့်စုံလျှင် စူဠသောတာပန် ဖြစ်ပြီဟု မှတ်ယူပါ။

http://www.dhammadownload.com

ဝိပဿနာဉာဏ်အကျယ်(၁၀)ပါး

ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်မှာ–

၁။ သမ္မသနဉာဏ်.....အနိစ္စ၊ ဒုက္ခ၊အနတ္တ တည်းဟူသောလက္ခဏာရေးသုံးပါးကို မြင်သောဉာဏ်၊

၂။ ဥဒယဗ္ဗယဉာဏ် ..... ဖြစ်ပျက်ကိုမြင်သောဉာဏ်။

၃။ ဘင်္ဂဉာဏ်..... အပျက်ကိုသာမြင်သောဉာဏ်။

၄။ ဘယဉာဏ် .....အပျက်ကိုမြင်၍ကြောက်သောဉာဏ်။

၅။ အာဒီနဝဉာဏ်.....သံသရာ၏ ဘေးရန်အပြစ်ကိုမြင်သောဉာဏ်။

၆။ နိဗ္ဗိန္ဒဉာဏ်..... သံသရာကိုငြီးငွေ့သောဉာဏ်။

၇။ မုဉ္စိတုကမျတာဉာဏ်....သံသရာမှကျွတ်လွတ်လိုသောဉာဏ်။

၈။ ပဋိသင်္ခါဉာဏ်.....လက္ခဏာရေးသုံးပါးကိုတစ်ဖန်ပြန်၍ ဆင်ခြင်နိုင်သောဉာဏ်။

၉။ သင်္ခါရုပေက္ခာဉာဏ်....သင်္ခါရတို့၌ လျစ်လျူရှုသောဉာဏ်။

၁၀။ အနုလောမဉာဏ်..... လောကုတ္တရာဘက်သို့ရောက်သည့်ဉာဏ်။

အရိယာတို့၏ ဝိပဿနာကား ဥဒယဗ္ဗယဉာဏ်မှအစပြုမြဲဖြစ်၏။ ထို့ကြောင့် ဖလသမာပတ်ကို ဝင်စားလိုသော အရိယာ ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ချဉ်းကပ်၍ ဥဒယဗ္ဗယဉာဏ်မှအစပြုလျက် သင်္ခါရတို့ကိုရှု၏။ ထို့နောက် ဉာဏ်စဉ်အဆင့်ဆင့်ကို အစဉ်အတိုင်းတက်ကာ အနုလောမဉာဏ်၏အဆုံး၌ သင်္ခါရတို့၌ လုံးဝငြီးငွေ့၍ တပ်မက်ခြင်းကင်းသော ဖိုလ်စိတ်သို့ရောက်ရှိ၏။ ယင်းဖိုလ်စိတ်အစဉ်သည် သင်္ခါရတို့မှ လွတ်ကင်းရာနိဗ္ဗာန်သို့ အာရုံပြုလျက် သက်ရောက်လေ၏။ ဖလသမာပတ္တိသုခကား ကိလေသာအပူဝေး၍ အေးချမ်းသာယာသော အရိယာစည်းစိမ်တစ်မျိုးဖြစ်၏။ ပိုင်းခြားအပ်သော ကာလအတိုင်း ဖိုလ်စိတ်အဆက်မပြတ်ထပ်ကာထပ်ကာ ဖြစ်နေခြင်းကိုပင် ဖလသမာပတ္တိဟုခေါ်၏။

ပစ္စနီယဂံတရား(၅)ပါး

ဝိပဿနာတရားအားထုတ်သူ၏ မဂ်ဖိုလ်သို့ရောက်ကြောင်း ပြည့်စုံရမည့် အင်္ဂါငါးပါးမှာ–

၁။ သဒ္ဓါတရားအားကောင်းခြင်း (ရတနာသုံးပါး ကမ္မဋ္ဌာန်းပေးသောဆရာနှင့် ရှုမှတ်နည်းတို့ကို ကောင်းစွာ သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း)။

၂။ ကျန်းမာခြင်း(စားသောက်သမျှ အစာကို အညီအမျှကျေစေနိုင်သော ဝမ်းမီးနှင့် ပြည့်စုံ၍ အနာရောဂါကင်းပြီး ကောင်းစွာကျန်းမာခြင်း)။

http://www.dhammadownload.com

၃။ ဖြောင့်မတ်သောနလုံးရှိခြင်း(မိမိ၌ မရှိသောဂုဏ်ကျေးဇူးကို မဖော်ပြတတ်သည့် အပြင် ရှိသောအပြစ်ကိုလည်း မစဉ်းလဲ မလှည့်စား မဖုံးကွယ်မူ၍ အမှန်တရားကိုသာ ဆရာသမားနှင့် သီတင်းသုံးဖော်တို့အား ပြောပြတတ်ခြင်း၊ ကောက်ကျစ်စဉ်းလဲမှုမရှိဘဲနလုံးသွင်းဖြောင့်စင်းခြင်း)။

၄။ လုံ့လဝီရိယထက်သန်ခြင်း(အသွေးအသားခန်းခြောက်လိုက ခန်းခြောက်ပျက်စီးပါစေ အရေ၊ အကြော၊ အရိုးမျှသာကျန်လိုကကျန်ပါစေ၊ တရားထူးကိုမရမချင်း မပြတ်အားထုတ်မည်ဟု ဆောက်တည်လျက် စတုရင်္ဂဝီရိယဖြင့် ပြင်းထန်စွာ အားထုတ်ခြင်း)။

၅။ ဉာဏ်အမြင်သန်ခြင်း(ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်ခြင်း)။

ဤအင်္ဂါငါးပါးနှင့်အညီ သတိပဋ္ဌာန်တရား ပွားများအားထုတ်ပါက တိက္ခပညာနေယျပုဂ္ဂိုလ်ဖြစ်လျှင် တစ်ညဉ့်အတွင်း၊ တစ်နေ့အတွင်း ပစ္ဆိမပညာနေယျပုဂ္ဂိုလ်ဖြစ်လျှင် အမြန်ဆုံးခုနစ်ရက် အနေးဆုံးခုနစ်နှစ်အတွင်း တရားထူးရရှိနိုင်၏။

မဂ်ဖိုလ်ရကြောင်းတရား(၄)ပါး

၁။ သပ္ပုရိသ သံသေဝ (သူတော်ကောင်းပညာရှိတို့နှင့် ပေါင်းဖော်ရခြင်း)။

၂။ သဒ္ဓမ္မသဝန (ထိုသူတော်ကောင်းပညာရှိတို့၏ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကိုနာကြားရခြင်း)။

၃။ ယောနိသောမနသိကာရ (ထိုနာကြားပြီးသောတရားတော်ကို ထိုးထွင်း၍ကိုယ်တိုင်သိမြင်နိုင်အောင် အကြိမ်ကြိမ်နှလုံးသွင်းခြင်း)။

၄။ ဓမ္မာနုဓမ္မပ္ပဋိပန္နာ(ထိုနှလုံးသွင်းပြီးသောတရားတော်အတိုင်း မလျော့သောလုံ့လဖြင့် ကျင့်ကြံအားထုတ်ခြင်း။)

မဂ်ဖိုလ်ကိုတားမြစ်သည့် တရား(၅)ပါး

၁။ အမှုကိစ္စမပြီးသေးလို့လုပ်စရာကျန်သေးလို့ဟုဆိုသည့်သဘော (ဖင့်နှေးမှု)။

၂။ ပြောစရာဆိုစရာရှိသေးလို့ ကျန်သေးလို့ ဆိုသည့်သဘော (ဖင့်နှေးမှု)။

၃။ အလုပ်မရှိအိပ်တာပဲကောင်းတယ်ဆိုသည့်သဘော (ပျင်းရိမှု)။

၄။ အပေါင်းအသင်းနှင့်သွားလာနေခြင်း၊ အပေါင်းအသင်းအပေါခင်မင်နေခြင်း (ခင်တွယ်မှု)။

၅။ ရုပ်နာမ်ဖြစ်ပျက်တရားတွေကို မရှုလိုက်မပွားလိုက်မှု (သတိမမူမှု)။

P.70.A

http://www.dhammadownload.com

ဥပက္ကိလေသတရား(၁၀)ပါး

ဝိပဿနာတရားပွားများအားထုတ်သော ယောဂီသည် ဥဒယဗ္ဗယဉာဏ် ရင့်ကျက်ပိုင်းသို့ရောက်သောအခါ ပေါ်တတ်မြင်တတ်စိတ်၌ထင်မြင်လာတတ်သော ဝိပဿနာကိုညစ်ညူးစေတတ်သော မဂ်တု ဖိုလ်တုတရားတုဆယ်ပါးဖြစ်၏။ ယင်းတို့မှာ–

၁။ သြဘာသ ..... ခန္ဓာကိုယ်မှ အရောင်ထွက်လာခြင်းကဲ့သို့သော ထူးကဲလွန်မြတ် ကြည်လင်တောက်ပသော ဝိပဿနာအလင်းရောင် နှစ်သက်စရာ အာရုံတစ်မျိုးကို မဂ်ဟုထင်တတ်၍ စွဲလမ်းနေခြင်း။

၂။ ဉာဏ ..... ရုပ်၊ နာမ် ဓမ္မ၏ ဖြစ်ပျက်မှုတို့ကို ကျကျနန ကျေကျေနပ်နပ်ပိုင်းခြား၍ ထက်မြက်စူးရှကာ တွေ့မြင် ရသောဉာဏ်အမြင်ကို မဂ်ဟုထင်တတ်ခြင်း။

၃။ ပီတိ ..... နှစ်သက်စရာ ပီတိငါးမျိုးပေါ်၍လာခြင်းကိုပင် မဂ်ဟုထင်တတ်၍စွဲလမ်းခြင်း။

၄။ ပဿဒ္ဓိ ..... တစ်နေ့လုံးတစ်ည‌လုံး ထိုင်နေသော်လည်း ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းအေးမြ၍နေခြင်း၊ လေးလံထိုင်းမှိုင်းခြင်းကင်း၍ ပေါ့ပါးဖြတ်လတ်ကာနေခြင်း၊ကြွမ်းတမ်းခက်ထန်ခြင်း ကင်း၍ နူးညံ့ကာနေခြင်း၊ ညောင်းညာနာကျင်မှု ၁င်း၍ သန့်ရှင်းစင်ကြယ်စွာနေခြင်း၊ ခုံညားတည်ကြည်၍နေခြင်း၊ အာရုံတစ်ပါးဆီသို့ ကောက်ကွေ့ သွားသည်မရှိ၊ ပကတိဖြောင့်မတ်စွာ နေခြင်းတို့ကြောင့် နတ်၊ သိကြားတို့ ခံစားရသော သုခထက်ဆထက်လွန်ကျူးအထူးချမ်းသာမှုရှိနေ ခြင်းကိုပင် မဂ်ဟုထင်တတ်ခြင်း။

၅။ သုခ ..... ကိုယ်လုံးစိမ့်မျှ ချမ်းသာ၍နေသော သုခတစ်မျိုးကိုပင် မဂ်ဟု ထင်နေတတ်ခြင်း။

၆။ အဓိမောက္ခ ..... ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၌ အလွန်ကြည်ညိုု၍ ရှေးကထက်ပိုသောသဒ္ဓါကိုပင် မဂ်ဟုထင်မှတ်နေတတ်ခြင်း။

http://www.dhammadownload.com

၇။ ပဂ္ဂဟ ..... ဝိပဿနာတရား၌ အထူး ကြိုးစား မှတ်သားမှု မပြုရတော့ဘဲ သူ့သဘောသူဆောင်ယူကာ ချီးပင့်၍ နေသော သမ္မာဝါယာမမဂ္ဂင်ကိုပင် မဂ်ဟုထင်မှတ် နေတတ်ခြင်း။

၈။ ဥပဋ္ဌာန ..... ဝိပဿနာနှင့်ယှဉ်သည့် အလွန်ခိုင်မတ်သော သတိ သည် ရုပ်၊ နာမ် ဓမ္မတို့၌ မမေ့တော့ဘဲ နှလုံးသွင်း ဆင်ခြင်အောက်မေ့တိုင်း ရနေမှုကို မဂ်ဟု ထင်မှတ်နေ တတ်ခြင်း။

၉။ ဥပေက္ခာ ..... ရုပ်နာမ်ဓမ္မ သခ်ါရတို့အပေါ်၌ ရှေးကကဲ့သို့ ကြောင့် ကြစိုက်ခြင်း အထောက်အပံ့အကူအညီစသည်တို့ မပြုရတော့ဘဲ လျစ်လျူပြုကာ သခ်ါရအမှတ်တို့၌ အလွန်အားရှိသော ဥပေက္ခာဉာဏ်ကိုပင် မဂ်ဟု ထင်မှတ်နေတတ်ခြင်း။

၁၀။ နိကန္တိ ..... ဝိပဿနာတရား ပွားများအားထုတ်နေသော ယောဂီ သည် ဖော်ပြပါ သြဘာသစသော နှစ်သက်တွယ်တာ စရာဖြင့် ယှဉ်တွဲပေါ်ပေါက်၍လာသော ဝိပဿနာ ဓမ္မအပေါ်၌ အာသာရမ္မက် စပ်ယှက်ခင်မင်၍နေသော သိမ်မွေ့ဖြိမ်သက်သည့် တဏှာနုကိုပင် ပယ်ဖျောက် ခြင်းငှာ မတတ်နိုင်ဘဲ မဂ်ဟု ထင်မှတ်နေတတ် ပြန်ခြင်း။

ဝိပဿနာတရားအားထုတ်ရာတွင် မပေါက်ရောက်နိုင်သော အန္တရာယ်(၅)ပါး

၁။ ကမ္မန္တရာယ်..... ....ပဥ္စာနန္တရိယကံကြီးထိုက်သူ။

၂။ ကိလေသန္တရာယ် ....နိယတမိစ္ဆာဒိဋ္ဌိ အယူမှားရှိသောသူ။

၃။ ဝိပါကန္တရာယ်..... ....အဟိတ်ပုဂ္ဂိုလ်နှင့်ဒွိဟိတ်ပုဂ္ဂိုလ်များ။

၄။ အရိယူပဝါဒန္တရာယ်..... မဂ်ရဖိုလ်ရ အရိယာပုဂ္ဂိုလ်ကိုပြစ်မှားသူ။

၅။ အာဏာဝိတိက္ကမန္တရာယ်..... အာပတ်သင့်သူ။

F.26.CA

http://www.dhammadownload.com

တရားထူးမရထိုက်သောပုဂ္ဂိုလ်(၁၆)ဦး

၁။ တိရစ္ဆာန်၊ ၂။ ပြိတ္တာ။ ၃။ မိစ္ဆာဒိဋ္ဌိ။ ၄။ မရိုးသားမဖြောင့်မတ်ဘဲကောက်ကျစ်စဉ်းလဲသူ။ ၅ မှ ၉ အထိ။ ပဉ္စာနန္တရိယကံကြီးထိုက်သူ။ ၁၀။ ရဟန်းတုရဟန်းယောင်။ ၁၁။ တိတ္ထိအယူသို့ ပြောင်းသူ။ ၁၂။ ဘိက္ခုနီမကိုဖျက်ဆီးသူ။ ၁၃။ ဂရုကအာပတ်သင့်သောရဟန်း။ ၁၄။ ပဏ္ဍာက်ဖြစ်သောပုဂ္ဂိုလ် (ယောကျ်ားဖြစ်လိုက် မိန်းမဖြစ်လိုက်ဖြစ်သူ)။ ၁၅။ ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါနှစ်ခုလုံးရှိသူ။ ၁၆။ ငယ်လွန်းသောသူ။

အနှစ်ချုပ်

ဝိုင်းခြားသိရမည့်တရား(၂)ပါး

နာမ်ရုပ်တရားနှစ်ပါးဖြစ်၏။

ပယ်ရမည့်တရား(၂)ပါး

အဝိဇ္ဇာနှင့်တဏှာတရားဆိုးနှစ်ပါးဖြစ်၏။

ပွားများရမည့်တရား(၂)ပါး

သမထနှင့် ဝိပဿနာတရားနှစ်ပါးဖြစ်၏။

သမထကိုပွားများသည်ရှိသော် ရုပ်ကိုပိုင်းခြား၍သိ၏။ ရုပ်ကိုပိုင်း၍သိသည်ရှိသော် တဏှာကိုစွန့်၏။ တဏှာကိုစွန့်သော် ရာဂကင်းခြင်းကြောင့် စိတ်သည် ကိလေသာမှလွတ်ကင်း၏။

ဝိပဿနာကို ပွားများသည်ရှိသော် နာမ်ကိုပိုင်းခြား၍သိ၏။ နာမ်ကိုပိုင်း၍သိသည်ရှိသော် အဝိဇ္ဇာကိုစွန့်၏။ အဝိဇ္ဇာကင်းခြင်းကြောင့် ပညာသည် ကိလေသာမှလွတ်ကင်း၏။ နာမ်ရုပ်ကိုမြင်ကာမျှဖြင့် အတ္တဒိဋ္ဌိကိုပယ်၏။ အနတ္တနုပဿနာရှုပြန်သော် ငြိုးငွေ့သည်ဖြစ်၍ ဉာဏ်စဉ်ဖြင့် ဆင်းရဲ၏အဆုံးသို့ရောက်၏။

ဆိုက်ရမည့်တရား

နိဗ္ဗာန်တရားဖြစ်သည်။

ဒ.ဂ.၁.၁

http://www.dhammadownload.com

အခန်း (၁၀)

ဗြာဟ္မဓိရတရားလေးပါး

ဗြာဟ္မဏ

အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုပြုလုပ်ခြင်းမရှိ။ ကိုယ်နှုတ်၊ စိတ်နှလုံး သုံးပါးလုံးဖြင့် စောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို "ဗြာဟ္မဏ" ဟူ၍ ငါဘုရားဟောကြား၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ဗြဟ္မစိုရ်တရားလေးပါး

အဘိဓမ္မာဒေသနာတွင် အားလုံးသော သတ္တဝါများအပေါ်မှာ အကန့်အသတ် မရှိဘဲ ပွားချင်သလောက် ပွားများကောင်းသောတရား၊ ပွားများဖို့ နယ်မြေ အကန့်အသတ် မရှိသော တရားဟူ၍ ဟောကြားထားပါသည်။ သုတ္တန်ဒေသနာတော်အရမူ ဗြဟ္မဝိဟာရ (မြတ်သောနေထိုင်ရေးတရား) ဟု ဆိုလိုပါသည်။ ဗြဟ္မစရိယအကျင့်ဟုလည်း ဟောကြား တော်မူသေး၏။ ထို့ကြောင့် ဗြဟ္မစိုရ်တရားများဟုခေါ်ဆိုကြ၏။ အနက်အဓိပ္ပာယ်မှာ မြတ်သောအကျင့်ဟုဆိုလို၏။

ဗြဟ္မစိုရ်တရားသည် ကိလေသာ ကင်းစင်ပြီးသော သူတော်စင် သူတော်မြတ် ကြီးများ၏ ဖြူစင်သန့်ရှင်းသော စေတနာစိတ်ထားနှင့် အမြဲမကွာရှိနေသော တရားများ ဖြစ်၏။ ဤတရားများကို စောင့်ထိန်းပွားများနေသမျှ မိမိသည် သူတော်စင် သူတော်မြတ် စာရင်းတွင် ပါဝင်နေပြီး အလွန်ကြီးမြတ်သော အကျိုးကိုလည်းရ၏။ ဤတရားများကို ပွားများချင်လျှင် ပထမဦးစွာ မိမိ၏စိတ်ကို အဖုအထစ်မရှိရလေအောင် မိမိကိုယ်ကို ပဲ့ပြင်ဆုံးမစောင့်ရှောက်ရ၏။

ယင်းဗြဟ္မစိုရ်တရားလေးပါးမှာ–

၁။ **မေတ္တာ**

သတ္တဝါတို့အပေါ် မိတ်ဆွေရန်သူမခွဲခြားဘဲ တန်းတူချစ်ခင်ခြင်း။

၂။ **ကရုဏာ**

သနားကြင်နာတတ်ခြင်း၊ မိမိ၏ချမ်းသာကို တားမြစ်၍ တစ်ကိုယ်ကောင်း မဆန် အနစ်နာခံတတ်ခြင်း၊ ဒုက္ခိတ၊ သုခိတသတ္တဝါအပေါင်းအပေါ် ဆင်းရဲခြင်း ကင်းကြစေရန် စိတ်ညွှတ်ခြင်း။ (သူတစ်ပါး၏ဆင်းရဲသည် သူတော်ကောင်းတို့၏ စိတ်နှလုံး တုန်လှုပ်ခြင်းကို ပြုတတ်သောကြောင့် ကရုဏာမည်၏။)

၃။ **မုဒိတာ**

သူတစ်ပါးချမ်းသာကြွယ်ဝ ခံစားသုံးဆောင်နေသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်း၊ (သားငယ်ကအလိုဆန္ဒတစ်ခုခုကို ပြည့်ဝ၍ ဝမ်းသာကြည်နူးနေသည်ကို မြင်တွေ့ရသောမိခင်၏ ခံစားမှုမျိုးကဲ့သို့)၊ သူတစ်ပါးရအပ်ပြီးသော ချမ်းသာကြွယ်ဝ ခံစားသုံး ဆောင်နေခြင်းကို ယုတ်လျော့မသွားပါစေနှင့်ဟု ဆန္ဒပြုခြင်း၊ (မေတ္တာနှင့် ကရုဏာပေါင်း စပ်နိုင်လျှင် မုဒိတာတရားရရှိသည်)။

http://www.dhammadownload.com

၄။ **ဥပေက္ခာ**

ကိုယ်လိုလားသလိုမဖြစ်ဘဲ ကိုယ်မလိုလားတာဖြစ်သည့်အခါ ကမ္မသကာကံအကြောင်းတရားကြောင့်ဖြစ်ရတာပဲဟု ဘာဝနာစိတ်မပျက်အောင် ဆင်ခြင်နှလုံးသွင်းခြင်း။ တစ်နည်းအားဖြင့် သင့်လျော်အောင် အညီအမျှရှုတတ်ခြင်း၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ဟုမြင်ခြင်း၊ ကံ၏အကျိုးကို စွဲမြဲစွာယုံကြည်ခြင်းဖြစ်သည်။ (မေတ္တာ၊ ကရုဏာနှင့် မုဒိတာတရားတို့ပေါင်းစပ်နိုင်လျှင် ဥပေက္ခာတရားရရှိနိုင်၏။)

မေတ္တာ

မေတ္တာ၏ပင်ကိုသဘော

မေတ္တာ၏ပင်ကိုသဘောလက္ခဏာမှာ–

၁။ သတ္တဝါတို့အပေါ် နှစ်သက်စရာ၊ မြတ်နိုးစရာ၊ ကျေနပ်ဝမ်းမြောက်စရာ အကြောင်းအရာများကိုသာ အာရုံယူတွေးတောခြင်း။

၂။ သတ္တဝါတို့၏ အကျိုးစီးပွားတွေဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးလိုသော စိတ်တွေဖြစ်ပေါ်လာခြင်း။

၃။ သတ္တဝါတို့၏ အကျိုးစီးပွားကို ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် ကောင်းကောင်း မွန်မွန် ဆောင်ရွက်ပေးသည့်အထိ ဖြစ်ပေါ်လာခြင်း။

၄။ ငြိမ်းချမ်းသည့်သဘော၊ အေးချမ်းသာယာသည့်သဘော ဆောင်ခြင်းတို့ဖြစ်ပါသည်။

အဘိဓမ္မာအလိုအရမူ မေတ္တာသည် အဒေါသစေတသိက်ဖြစ်ပါသည်။ မေတ္တာသည် အလွန်အေးမြကြည်လင်၏။ မေတ္တာစိတ်ဖြစ်ပေါ်လာစေရန် အားထုတ်ရာ၌ အနီးကပ်ဆုံးအကြောင်းမှာ ပုဂ္ဂိုလ်သတ္တဝါများအပေါ် နှစ်သက်စရာအချက်အလက်များ ရှာဖွေနိုင်ရမည်။ အေးမြကြည်လင်သန့်ရှင်းသောရေကို သောက်သုံးလိုသူတို့သည် ရေမှော် ရေညှိ အမှိုက်အမှုန်အမွှားများကို ပယ်ရှား၍ ရေကြည်ကို ရအောင် ဆောင်ယူရ သကဲ့သို့ ကိလေသာမကင်းကြကုန်သော ပုဂ္ဂိုလ်သတ္တဝါများအပေါ် မကျေနပ်ချက်များ၊ ချို့ယွင်းချက်များ၊ အမှားအယွင်းစသည်များကို ဖယ်ရှား၍ မေတ္တာစိတ်များ ဖြစ်ပွားအောင် အားထုတ်ကြရမည်။

မေတ္တာသည် အများသတ္တဝါ သခ်ါရတို့၏ ချစ်ခင်မြတ်နိုးဖွယ်အဖြစ်ကိုသာ ရှုမြင်သုံးသပ်လျက် အေးချမ်းသာယာသော သဘောရှိ၏။ မိမိ၏စိတ်နှလုံးကို ဒေါသတရားဝင်ရောက်မလွှမ်းမိုးနိုင်အောင် မေတ္တာစိတ်ဖြင့် အစဉ်ထုံမွမ်းထားရမည်။ မေတ္တာဓာတ်သည် သတ္တဝါတို့၏ စိတ်သန္တာန်၌ အနုသယဓာတ်အနေဖြင့် ကိန်းဝပ်လျက်ရှိသော ဒေါသဗျာပါဒကို ငြိမ်းစေရန် လက်နက်ကောင်းတစ်ခုဖြစ်၏။ ထို့ကြောင့် သူတော်စင်တို့သည် မေတ္တာကိုသာ လက်ကိုင်ပြုကြ၏။ အားပြုကြ၏။

http://www.dhammadownload.com

မြတ်ဗုဒ္ဓက သရဏဂုံ၊ သီလ၊ ဒါနမှန်သမျှ ကုသိုလ်တို့ထက် နွားနို့တစ်ညှစ် စာမျှအချိန်ကလေးတွင် မေတ္တာဘာဝနာပွားများရခြင်းကုသိုလ်က ပို၍ အကျိုးကြီးမားကြောင်း ဟောကြားတော်မူခဲ့သည်။ အရင်းမစိုက်ရဘဲ တစ်ပြားတစ်ချပ်မျှမကုန်ဘဲ အကျိုးအလွန်များစေသော ကုသိုလ်တရားပင်ဖြစ်၏။ ဥပမာအားဖြင့် ဒေါသကမီးနှင့် တူပြီး အဒေါသက ရေနှင့်တူ၏။ မေတ္တာက အဒေါသစေတသိက်ဖြစ်၏။ မီးနှင့်တူသော ဒေါသဖြင့် နှိပ်စက်သည်ဖြစ်စေ၊ မိမိထံသို့ အကျိုးမဲ့ပြုခြင်းငှာလာသောရန်သူကို ရန်တုံ့မမူဘဲ ရေနှင့်တူသော မေတ္တာဖြင့်သာ သူတစ်ပါး၏ဒေါသမီးကိုလည်းကောင်း၊ မိမိကိုယ်တွင်းဌဖြစ်ပေါ်မည့် ဒေါသမီးကိုလည်းကောင်း ငြေစေ၊ အေးစေ၊ ငြိမ်းစေရမည်။ ကိုယ်နှုတ်တို့ဖြင့် ထိပါးနှိပ်စက်ခြင်းကိုလည်းကောင်း၊ ဒေါသစိတ်ဖြင့်လည်းကောင်း၊ သူတစ်ပါး၏ဆင်းရဲမှုကို မပြုလုပ်ရာ၊ အလိုမရှိရာ။ ကောက်ကျစ်စဉ်းလဲခြင်း၊ သူတစ်ပါး အပေါ်အထင်အမြင်သေး၍ မထီမဲ့မြင်ပြုခြင်း၊ မိမိကိုယ်ကို အထင်ကြီးခြင်း မာနတို့သည် သူတစ်ပါးအပေါ် မေတ္တာကင်းမဲ့ခြင်းအကြောင်းများဖြစ်၍ မေတ္တာ၏ သဘောသည် ဤအချက်တို့မှလည်း ကင်းလွတ်ရ၍ နူးညံ့သိမ်မွေ့သော စိတ်နလုံးရှိရာ၏။

မေတ္တာကို ကာယက်မေတ္တာ၊ ဝစီက်မေတ္တာနှင့် မနောက်မေတ္တာဟူ၍ ခွဲခြား၍ ရပြန်၏။ ကာယက်မေတ္တာသည် ကောင်းစေလို၍၊ ချမ်းသာစေလို၍ သူတစ်ပါး၏ပြဖွယ်ကိစ္စတို့ကို ကူညီဆောင်ရွက်ပေးခြင်းဖြစ်၏။ ဝစီက်မေတ္တာသည် သူတစ်ပါး ချမ်းသာစေလို၍ နှုတ်ဖြင့်စောင့်မခြင်း၊ ချီးမွမ်းခြင်းဖြစ်၏။ မနောက်မေတ္တာမှာ ဒေါသစရိုက်နှင့် စပ်ဆိုင်သမျှကင်းစင်ပြီး ဌ တစ်ပါးကောင်းစားစေလိုသော စေတနာတရား အပြည့်အဝထားရှိခြင်းဖြစ်၏။ ယင်းမေတ္တာသုံးမျိုးတွင် မနောက်မေတ္တာသည် အချုပ်ဖြစ်ပါသည်။ မေတ္တာစိတ်ပွားများရာတွင် သတ္တဝါများအပေါ် မိတ်ဆွေ၊ ရန်သူ မခွဲခြားဘဲ တန်းတူအညီအမျှထားရှိရလေသည်။ မေတ္တာစိတ်ရှိနေသူ၌သာ အခြားကရဏာ မုဒိတာနှင့် ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရတရားများလည်း ဖြစ်ပွားနိုင်တော့သည်။

မေတ္တာပွားသူ၌ ဂုဏ်ကျက်သရေအစဉ်တက်လျက်ရှိ၏။ ဤသို့ ဂုဏ်ကျက်သရေရှိသူမှာ မကောင်းသော ဘေးရန်အန္တရာယ်များ မကပ်လာနိုင်ဘဲ ကောင်းသောလာဘ်သပ်ပကာ ချမ်းသာစည်းစိမ်များနှင့်သာ ပြည့်စုံလျက်ရှိ၏။ မေတ္တာနှင့်နေသော ယောဂီများသည် ဗြဟ္မာကြီးများကဲ့သို့ အမြဲတမ်း ဒေါသကင်းကွာသောကြောင့် ဒေါသမရှိသော နေခြင်း (သို့မဟုတ်) မြတ်သောနေခြင်း (သို့မဟုတ်) ဗြဟ္မဝိဟာရမည်၏။

မေတ္တာစိတ်ကို တွေဝေငိုက်မျဉ်းခြင်းကင်းနေသမျှ ကာလပတ်လုံး ရပ်နေသည်ဖြစ်စေ၊ ထိုင်နေသည်ဖြစ်စေ၊သွားနေသည်ဖြစ်စေ၊ လျောင်းနေသည်ဖြစ်စေ သတိနှင့်

http://www.dhammadownload.com

ယှဉ်၍ အမြဲပွားများ ဆောက်တည်နေသင့်သည်။ ဤကဲ့သို့ ဘုရားရှင် သာသနာ၌ မေတ္တာစျာန် သတိဖြင့် အစဉ်နေခြင်းကို ဗြဟ္မဝိဟာရ (ထူးမြတ်သောနေခြင်း)ဟူ၍ ဗုဒ္ဓရှင်တော်မြတ်တိုင်းက ကောင်းချီးနမော်သာဓုခေါ်တော်မူကြ၏။

မြတ်ဗုဒ္ဓက လက်ဖျစ်တစ်ချက်တီးကာလလေးအတွင်းမျှနှင့်ပင် မေတ္တာပွားများသူကို-

၁။ စျာန်မဆိတ်သူ။

၂။ မြတ်စွာဘုရားသာသနာတော်အတိုင်း လိုက်နာပြုကျင့်နေသူ။

၃။ မြတ်စွာဘုရား၏ ဩဝါဒကိုနားထောင်သူ။

၄။ တိုင်းပြည်၏ဆွမ်းကို အကျိုးမဲ့ အချည်းနှီး ဖြစ်အောင်မပြုဘဲ သုံးဆောင်သူဟု ဖော်ထုတ်ချီးကျူးတော်မူခဲ့ပါသည်။ ထို့ပြင် မေတ္တာတရားသည် အလွန်အကျိုးကြီးမား၍ မိမိတပည့်သာဝကများ မေတ္တာပွားများကြရန် ဗုဒ္ဓမြတ်စွာက အထူးလိုလားတော်မူခဲ့၏။

သိမှတ်ဖွယ်။ သမုဒယတဏှာနှင့်ယှဉ်သော ငြိတွယ်သော ချစ်ခင်စုံမက်ခြင်းသည် မေတ္တာ မဟုတ်သည်ကိုသတိပြုရာ၏။

မေတ္တာဂုဏ်ရည်ငါးမျိုး

၁။ ကျယ်ကျယ်ပြန့်ပြန့်ထားရှိအပ်သောစိတ်။

၂။ အထက်တန်းကျသောစိတ်။

၃။ ပိုင်းခြားကန့်သတ်ချက်မရှိသောစိတ်။

၄။ ဒေါသကင်းသော(တစ်နည်း)ရန်လိုမှုကင်းသောစိတ်။

၅။ ဖျက်ဆီးလိုခြင်းကင်းသောစိတ်။

မေတ္တာအကျိုး(၁၁)ပါး

မေတ္တာပွားများခြင်းဖြင့် အောက်ပါမေတ္တာအကျိုး(၁၁)ပါးကိုရရှိပါသည်-

(၁) သမာပတ်ဝင်စားသောပုဂ္ဂိုလ်ပမာ တည်ငြိမ်သက်သာ ကောင်းမွန်ချမ်းသာစွာ အိပ်စက်ရခြင်း။

(၂) ပကတိကောင်းမွန်ချမ်းသာစွာ အိပ်ရာမှနိုးရခြင်း။

(၃) အိပ်မက်ဆိုးများမှကင်းဝေးပြီး ကောင်းမွန်ချမ်းသာသော အိပ်မက်များသာ မြင်မက်ခြင်း။

http://www.dhammadownload.com

(၄) လူတို့၏ချစ်ခင်နှစ်သက်ခြင်းကို ခံယူရရှိခြင်း။
(၅) နတ်တို့၏ချစ်ခင်နှစ်သက်ခြင်းကို ခံယူရရှိခြင်း။
(၆) နတ်တို့၏စောင့်ရှောက်မှုကို ခံယူရရှိခြင်း။
(၇) အဆိပ်၊ လက်နက်၊ မီးစသော ဘေးအန္တရာယ်ဟူသမျှမှ ကင်းရှင်းခြင်း။
(၈) ကိုယ်စိတ်နှစ်ပါး တည်ငြိမ်ကြည်လင် အေးငြိမ်းခြင်း(ပဿဒ္ဓိ)ဖြစ်၍ သမာဓိရလွယ်ခြင်း။
(၉) မျက်နှာအဆင်း အလွန်ကြည်လင်ရွှင်ပျဖြစ်ရခြင်း။
(၁၀) မတွေမဝေသေရခြင်း။
(၁၁) အရဟတ္တဖိုလ်မရသေးမီ သေပါက နတ်ပြည်၊ ဗြဟ္မာပြည်သို့ လားရောက်ရခြင်း။
(ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်ဆိပ်မီး မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မတွေ၊ သေသောအခါ ဗြဟ္မာရွာ၊ လားရာမေတ္တာကျိုး။)

ကရဏီယ်တရား (၁၅)ပါး

ကရဏီယ်ဆိုသည်မှာ ပြုကျင့်သင့်၊ ပြုကျင့်ထိုက်သည့် ကောန်ပြုရမည်ဖြစ်သော အကျင့်များတည်း။ ဤမြတ်ဗုဒ္ဓသာသနာတော်၌ သိက္ခာသုံးပါးမှလွဲ၍ အခြားအကျင့် မရှိသောကြောင့် အချုပ်အားဖြင့် သိက္ခာသုံးပါးသည်ပင်လျှင်ကရဏီယ်မည်၏။ တစ်နည်းအားဖြင့် ငြိမ်သက်အေးချမ်းဟူ၍ နိဗ္ဗာန်ကို လောကီညာဉ်အရ အနုမာနအားဖြင့် မှန်းဆသိမြင်၍ ထိုနိဗ္ဗာန်ကိုရလိုသော အတ္တကုသလ (အကျိုးစီးပွားဥ္ဇလိမ္မာသူ)၏ ပြုထိုက်ပြုသင့် ကောန်ပြုကျင့်ရမည့် အကျင့်များလည်းဖြစ်၏။

ထို့ပြင် မေတ္တာ၏ရှေ့အဖို့က ပြုကျင့်ရမည့်အကျင့်များလည်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤတရားများနှင့် ပြည့်စုံမှ မေတ္တာဖြစ်နိုင်၊ တိုးပွားနိုင်၍ မပြည့်စုံပါက မေတ္တာမတိုးပွားနိုင်ရုံသာမက မေတ္တာပင်မဖြစ်ပေါ်နိုင်ပေ။ ထို့နည်းတူပင် ယင်းအကျင့်များနှင့် မပြည့်စုံပါက မေတ္တာဘာဝနာသာမက အခြားမည်သည့် ဘာဝနာမှ ဖြစ်ပွားနိုင်ခွင့်မရှိ။ ဤအကျင့်တရားများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၌သာ ဘာဝနာမှုမှန်သမျှ ဖြစ်ပေါ်နိုင်၍ ကရဏီယ်တရားများသည် ဘာဝနာမှုမှန်သမျှ၏ ပုဗ္ဗဘာဂပဋိပဒါများပင် ဖြစ်၏။

သို့ဖြစ်၍ သစ္စာလေးပါးမြတ်တရားကို သိမြင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့မျက်မှောက် ပြုလိုသူများသည်လည်းကောင်း၊ သာသနာတော်၌ နှစ်သက် ရွှင်လန်းဝမ်းမြောက် ကြည်ညိုနေထိုင်လိုသူများသည်လည်းကောင်း၊ ပစ္စုပ္ပန်သံသရာအကျိုးနှစ်ဖြာ၌

http://www.dhammadownload.com

လိမ္မာသောအမျိုးသားသည်လည်းကောင်း၊ ပဋိပတ် အကျင့်များကို ကောင်းစွာကျင့်လိုသော ပုဂ္ဂိုလ်များသည်လည်းကောင်း။ ဤကရဏီယတရားများကို ရှေးဦးစွာ လေးစားသမှု အားထုတ်ကျင့်ကြံခြင်းပြုအပ်၏။

ကရဏီယတရား(၁၅)ပါးတို့မှာ–

၁။ သက္ကော စ ....တရားကျင့်နိုင်စွမ်းရှိခြင်း။
၂။ ဥဇု ....ဖြောင့်မတ်ရခြင်း။
၃။ သုဟုဒု ....ကောင်းစွာဖြောင့်မတ်ရခြင်း။
၄။ သုဝစ ....ဆိုဆုံးမလွယ်သူဖြစ်ခြင်း။
၅။ မုဒု....နူးညံ့သိမ်မွေ့ခြင်း။
၆။ အနတိမာနိ ....မာန်မာနမရှိခြင်း။
၇။ သန္တုဿကော ....ရောင့်ရဲတင်းတိမ်လွယ်သူဖြစ်ခြင်း။
၈။ သုဘရော စ....အသက်မွေးမြူလွယ်သူဖြစ်ခြင်း။
၉။ အပ္ပကိစ္စော ....နည်းပါးသောအမှုကိစ္စရှိခြင်း။
၁၀။ သလ္လဟုကဝုတ္တိ ....ပေါ့ပါးသောအသက်မွေးမှုရှိခြင်း။
၁၁။ သန္တိန္ဒြိယော....ငြိမ်သက်သော ကျန်းမာရှိခြင်း။
၁၂။ နိပကော စ....ရင့်ကျက်သောပညာရှိခြင်း။
၁၃။ အပ္ပဂဗ္ဘော....မကြွမ်းမရိုင်းယဉ်ကျေးသူဖြစ်ရခြင်း။
၁၄။ ကုလေသုနနုဂိဒ္ဓါ....အမျိုးတို့၌ မတွယ်တာရခြင်း။
၁၅။ န စ ခုဒ္ဒ မာစရေ ကိဉ္စိ ယေနဝိညူပရေ ဥပဝဒေယျုံ.... ပညာရှိတို့ကဲ့ရဲ့မည့် အမှုများ မပြုရခြင်း၊ တို့ဖြစ်ကြပါသည်။

တရားကျင့်နိုင်စွမ်းရှိခြင်း

မေတ္တာပွားသည့် ပုဂ္ဂိုလ်သည် သူတော်ကောင်းတရားတို့ကို ကျင့်နိုင်စွမ်းရှိသူ ဖြစ်ရမည်။ တစ်နည်းအားဖြင့် တရားအားထုတ်သူ ဖြစ်ကြောင်း အင်္ဂါငါးပါး (ကမ္မဋ္ဌာန်း အလုပ်အားထုတ်ပြီးမြောက်ကြောင်း အင်္ဂါငါးပါး)ဖြစ်သည့် ပဓာနိယင်္ဂတရားငါးပါးနှင့် ပြည့်စုံရန်။ ယင်းတို့မှာ–

၁။ သဒ္ဓါတရားနှင့်ပြည့်စုံရခြင်း။
၂။ ကျန်းမာခြင်းနှင့်ပြည့်စုံရခြင်း။
၃။ ဖြောင့်မတ်မှုရှိရခြင်း။

http://www.dhammadownload.com

၄။ သာမန်ဝိရိယမျိုးမဟုတ်ဘဲ ထက်သန်သော ဝီရိယရှိရခြင်း။

၅။ ရုပ်နာမ်ခန္ဓာစဉ်များဖြစ်ပျက်နေသည်ကို မြင်သိတတ်သော ပညာရှိသူဖြစ်ရခြင်း။

ဤတရားငါးပါးနှင့်ပြည့်စုံသူသည် မေတ္တာဘာဝနာပွားများဖို့လည်းမခက်ခဲ၊ အခြားတရားများ ပွားများပေါက်ရောက်ဖို့လည်း မခက်ခဲသဖြင့် တရားအားထုတ်သူတို့ကောင်းစွာ ညီညွတ်ပြည့်စုံကြရမည့် တရားများဖြစ်၏။

ဖြောင့်မတ်ရခြင်း

မေတ္တာပွားများမည့်သူသည် ကိုယ်နှုတ်စိတ်နလုံး သုံးပါးလုံး ရိုးသားဖြောင့်မတ်ရမည်။ သူတစ်ပါးအပေါ် မစဉ်းလဲမလှည့်ဖြားရ၊ မရိုးမဖြောင့်သူသည် တရားအားထုတ်ရာမှာ မပေါက်မြောက်နိုင်ပေ။ ဖြောင့်မတ်ရခြင်းသည် မေတ္တာပွားသူတို့ တရားအားထုတ်သူတို့၌ မလွဲမသွေရှိရမည့် ကိုယ်ကျင့်တရားပင်ဖြစ်၏။

ကောင်းစွာဖြောင့်မတ်ရခြင်း

မေတ္တာပွားများမည့်သူသည် သဘောမနောအလွန်ရိုးဖြောင့်၍ သူတစ်ပါးအပေါ် ကောက်ကျစ်သော စိတ်တစ်ဆစ်ချည်မျှ ကြံစည်မှုမရှိရပေ။ မိမိတို့၏ဆရာသမားနှင့် သီတင်းသုံးဖော်တို့ထံ၌ ကိုယ်ဖြစ်သည့်အတိုင်း၊ အမှန်ပြောပြနိုင်စွမ်း၊ ရှင်းလင်းနိုင်စွမ်း၊ ထုတ်ဖော်ဝန်ခံနိုင်စွမ်းလည်းရှိရ၏။ မရိုးမဖြောင့်သည့်သူသည် တရားအားထုတ်၍ မဖြစ်နိုင်သဖြင့် ကိလေသာကုန်စင်သည်အထိ အသက်ထက်ဆုံးမိမိ၏စိတ်ဓာတ်ကို ပဋိပတ်အကျင့်မြတ်ဖြင့် အမြဲတစေ ဆေးကြော ဖြောင့်မတ်ပေးရပေမည်။

ဆိုဆုံးမလွယ်သူဖြစ်ခြင်း

ကရဏီယတရားတွင်ပါဝင်သော ပညာရှိတို့ ဆိုဆုံးမစကားကို နာယူလွယ်ခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို သုဝစပုဂ္ဂိုလ်ဟုခေါ်၏။

ထိုပုဂ္ဂိုလ်မှာ တစ်စုံတစ်ယောက်က ဆုံးမလာသော် အလွန်အားရဝမ်းသာစွာလက်ခံတတ်၏။ နောင်အခါ၌လည်း ဆုံးမပါရန်ပန်ကြားတတ်၏။ ဆုံးမသည့်အတိုင်းလည်း ကျင့်တတ်၏။ ထိုသူမျိုးကား တရားထူးရဖို့အရေး အလွန်နီးကပ်လျက်ရှိနေသူများဖြစ်၏။

ထို့ပြင် ဆုံးမတတ်သူကို လေးစားမြတ်နိုးတတ်ခြင်း၊ အဆုံးအမနှင့် ဆုံးမသူသို့လိုက်လျောရန် အခန့်သင့်ပျော့ပျောင်း နူးညံ့သောစိတ်ရှိနေရာ ထိုစိတ်မျိုးမှာ မေတ္တာနှင့်သဟဇာတဖြစ်သော စိတ်ထားပင်ဖြစ်၍ မေတ္တာကိုတမင်မပွားသော်လည်း မေတ္တာဖြစ်လျက်ရှိနေ၏။

http://www.dhammadownload.com

ထိုသူတို့မှာ အကျိုးစီးပွားအစစ်အမှန်ကို လိုလားတောင့်တသူများဖြစ်၍ "အမှန်တရားသိဖို့ရာ ဆရာရှာရမည်"ဟူသော မြတ်ဗုဒ္ဓမိန့်တော်မူသည်နှင့် ညီညွတ်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဧကန်နီးလျက်ရှိသူများဖြစ်ကြ၏။

ဆိုဆုံးမခက်သူ

ဒုဗ္ဗစဟုခေါ်၏။ ထိုပုဂ္ဂိုလ်များမှာ ဤအမှုကိုမပြုအပ်ဟု ပြောလာသော်"သင်မြင်သလား၊ ကြားသလား၊ ဘယ်သူကပြောသလဲ"စသည်ဖြင့် အပြောမခံ ပြန်လှန်ဆိုတတ်၏။ အရေးမလုပ်သလို ဆိတ်ဆိတ်သော်လည်းနေတတ်၏။ စကားကိုလက်ခံသော်လည်း ဆိုသည့်အတိုင်း မကျင့်ဘဲ လုပ်မြဲလုပ်နေတတ်၏။ ဤသူမျိုးကား တရားထူးရဖို့အရေး အလှမ်းဝေးနေတတ်သူဖြစ်၏။ ဤသူမျိုးမှာ ထဒ္ဓမန (အဆုံးအမနှင့်ဆုံးမသူသို့မလိုက်ပါ တင်းမာနေသော စိတ်ရှိသူ)ပုဂ္ဂိုလ်လည်း မည်၏။

နူးညံ့သိမ်မွေ့ခြင်း

မုဒု(နူးညံ့သိမ်မွေ့သူ)၏ ဂုဏ်အင်္ဂါများမှာ–

၁။ မျက်မှောင်မကြုတ် ပေါ်လွင်ရွှင်ပျသော မျက်နှာရှိခြင်း။

၂။ ချိုမြသာယာ နားချမ်းသာသော စကားကိုဆိုခြင်း။

၃။ ပွင့်လန်းသောမျက်နှာဖြင့် ပဋိသန္ထာရပြုတတ်ခြင်း။

စသောဂုဏ်အင်္ဂါများနှင့်ပြည့်စုံရ၏။ ဤပုဂ္ဂိုလ်မျိုးသည် ပရိက် (ပြုပြင်စီမံမှု)ပြုထား၍ လိုရာ အထည်တန်ဆာဖြစ်ရန် အသင့်ဖြစ်နေအောင် ပျော့ပြောင်းနေသော ရွှေစင်ပမာ မေတ္တာဘာဝနာစသော ပဋိပတ်အမှုများပြုလိုတိုင်းပါအောင် ဆောင်လိုသမျှလိုက်အောင် နူးညံ့ပျော့ပျောင်းလျက်ရှိ၏။ ထို့ကြောင့် မြုညစ်သန့်စင်သော ရွှေဇမ္ဗူရာဇ်ကဲ့သို့ နူးညံ့သိမ်မွေ့သော ကိုယ်နှုတ်နှလုံးရှိရန် ခက်ထန်တင်းမာမှုမရှိအောင် ကျင့်ဆောင်ရမည်။

မာန်မာနမရှိခြင်း

သူတစ်ပါးနှင့်နှိုင်းယှဉ်၍ မိမိ၏စိတ်သန္တာန်၌ဖြစ်ပေါ်လာသော ထောင်လွှားတက်ကြွမှုနှင့် သူတစ်ပါး အပေါ် မထီမဲ့မြင် ပြုခြင်းများသည် မာနတရားများပင်ဖြစ်သည်။ မာနသည် ပပဉ္စတရားသုံးပါးထဲတွင်လည်း တဏှာ၊ ဒိဋ္ဌိတရားဆိုးများနှင့် အတူယှဉ်တွဲ၍ ပါဝင်၏။

http://www.dhammadownload.com

မာနတရားဆိုးသည် မိမိကိုယ်ကိုအထင်ကြီး၍ သူတစ်ပါးအပေါ် မလေး မခန့် မထီမဲ့မြင် ပြုစေတတ်ခြင်းကြောင့် ယင်းတရားဆိုးရှိသူတို့သန္တာန်၌ မေတ္တာတရားများ ဗြဟ္မစိုရ်တရားများ မဖြစ်ပေါ်မပွားများနိုင်ပေ။ မာနကိုအခြေခံ၍ တဏှာနှင့် ဒိဋ္ဌိ တရားဆိုးများလည်းဖြစ်ပေါ်လာပေရာ တရားကိုကျင့်ရာတွင်လည်း ပျက်စီးစေတတ်၏။ လောကီလောကုတ္တရာ အကျိုးတို့ကို ယုတ်လျော့စေတတ်၏။

ထို့ကြောင့် မေတ္တာ ဘာဝနာပွားများမည့် ပုဂ္ဂိုလ်များ ဓမ္မဒါယာဒရိယ (တရားနှင့် အညီကျင့်သူ) ပုဂ္ဂိုလ်များသည် မိမိသန္တာန်၌ မာနတရားများ မဖြစ်ပေါ် မပွားများရ လေအောင် အောက်ပါ မာန်တက်ခြင်းတရား သုံးပါးတို့ကို ဖျက်ချေပစ်ရပေမည်–

(၁) ဇာတိမာန် .. မျိုးဇာတ်ကိုစွဲ၍မာန်တက်ခြင်း။

(၂) ဂေါတ္တမာန် ... အဆက်အနွယ်ကိုစွဲ၍မာန်တက်ခြင်း။

(၃) ဣဿရိယမာန် ... အစိုးရမှု၊ စည်းစိမ်ချမ်းသာရမှု တို့ကိုစွဲ၍ မာန်တက်ခြင်း။ (တစ်နည်း)

(၁) သေယျမာန် .... ဂုဏ်၊ ဇာတ်၊ ပညာ၊ ဥစ္စာ၊ အဆင်းသားချင်းချွေရံ စသည်တို့၌ သူ့ထက်ငါမြတ်၏ဟု မှတ်ထင်ထောင်လွှားခြင်း။

(၂) သဒိသမာန် .... ထိုထိုဂုဏ်သိန်ဥစ္စာ စသည်တို့မှာ သင်းထက်ငါက မနိမ့်ပါဘူးဟု ပခုံးချင်းယှဉ်၍ ထောင်လွှားခြင်း။

(၃) ဟီနမာန် .... သင်းတို့ထက် ငါက အောက်ကျနေတာ ငါက ဘာဂရုစိုက်ရမှာလည်းဟု ထောင်လွှားခြင်း။

ရောင့်ရဲတင်းတိမ်လွယ်သူဖြစ်ခြင်း

မေတ္တာပွားများမည့် ပုဂ္ဂိုလ်သည်ရတတ်သမျှ၊ ရှိသမျှ၊ ဖြစ်သမျှနှင့် ရောင့်ရဲတင်းတိမ်ကျေနပ်ရ၏။ ဟိုဟာစားချင်၊ ဒီဟာစားချင်၊ ဟိုဟာလိုချင်၊ ဒီဟာလိုချင် ရောင့်ရဲမှုမရှိလျှင် တရားအားထုတ်၍မဖြစ်နိုင်။ ထို့ပြင် လောကီကြီးပွားရေး စီးပွားရေးတို့မှာလည်း မဖြစ်မြောက်နိုင်ပေ။ ထို့ကြောင့် ရောင့်ရဲတင်းတိမ်မှုရှိခြင်းသည် လောက၏ကြီးပွားတိုးတက်ကြောင်းလည်းဖြစ်၊ တရားဘက်က တိုးတက်ကြောင်းလည်းဖြစ်သောကောင်းမြတ်သော အထောက်အပံ့အကျင့်တစ်ရပ်ပင်ဖြစ်၏။

http://www.dhammadownload.com

အသက်မွေးလွယ်သူဖြစ်ခြင်း

အသက်မွေးမြူမှုဆိုင်ရာ ပုဂ္ဂိုလ်(၄)မျိုးရှိ၏။ ယင်းတို့မှာ-

၁။ မိမိကိုယ်ကိုမိမိ အမွေးမြူခက်သူ(အချို့ရလျှင် အချဉ်ရှာ၊ အချဉ်ရလျှင်အချို့ရှာ စသည်ဖြင့် ကျွေးသမျှ မွေးသမျှ ပေးသမျှတို့၌ မကျေနပ်သောပုဂ္ဂိုလ်။)

၂။ မိမိကိုယ်ကိုမိမိ အမွေးအမြူလွယ်သူ (ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ရတတ်သမျှနှင့် ကျေနပ်မှုရှိပြီး မိမိ၏ပဋိပတ်အလုပ် အားထုတ်သောပုဂ္ဂိုလ်)

၃။ သူတစ်ပါးအမွေးခက်သူ(အလှူဒကာက အကောင်းကိုလှူစေကာမူ မျက်နှာမသာ မနှစ်သက်သည့် အမူအရာကို ပြသောရဟန်းမျိုး၊ မကောင်းသည်ကို လှူလျှင်လည်း မကြည်သာ မနှစ်သက်သည့်အမူအရာကိုပြသော ရဟန်းမျိုးတည်း။)

၄။ သူတစ်ပါး အမွေးလွယ်သူ(ကောင်းကောင်းဆိုးဆိုး နည်းနည်း များများ ဒကာ လှူသမျှ ရသမျှနှင့် ကျေနပ်နှစ်သက်စွာ ကြည်လင်သော မျက်နှာရှိသော ရဟန်းမျိုးတည်း။)

ဤပုဂ္ဂိုလ်(၄)မျိုးအနက် မိမိနှင့်သူတစ်ပါးတို့ အမွေးအမြူလွယ်သော ပုဂ္ဂိုလ်မျိုးသည် မေတ္တာနှင့်တကွ ပဋိပတ်အကျင့်မြတ်များ ကျင့်ကြံအားထုတ်ရာတွင် လွယ်ကူချောမွေ့စေ၏။

ထို့ကြောင့် မေတ္တာပွားများသူသည် အစားအစာများ၌ အလေးအပေါ့ အပျော့အမာ စသည်ဖြင့် အဆာမကျယ် မွေးမြူလွယ်အောင် ကျွေးသမျှ၊ မွေးသမျှ၊ ပေးသမျှ ရသမျှနှင့် ကျေနပ်နှစ်သိမ့်ရာ၏။

နည်းပါးသောအမှုကိစ္စရှိခြင်း

နည်းပါးသော အမှုကိစ္စရှိခြင်းဆိုသည်မှာ ဗာဟီရကိစ္စမများခြင်း၊ မိမိပြုလုပ်ရမည့် အလုပ်မှတစ်ပါး အခြားအကျိုးမရှိသောအလုပ်ပိုများ၍ ကြောင့်ကြစိုက်မှုမရှိခြင်း၊ ပဋိပတ်အကျင့်မြဲတို့၌သာ ကြောင့်ကြစိုက်ခြင်း ကိုဆိုလိုသည်။ ကိစ္စနည်းမှုသည် တရားဘက်မှဖြစ်စေ၊ လောကဘက်မှဖြစ်စေ လိုလားအပ်သော အကျင့်တစ်ရပ်ပင်ဖြစ်၏။

ပေါ့ပါးသောအသက်မွေးမှုရှိခြင်း

ရဟန်းတို့သည် ၄က်တို့နည်းတူ ၁စွဲစည်းထိထို မပိမိဘဲ ကိုယ်တွင်ပရိက္ခရာ ရှစ်ပါးသာ ဆောင်ထားခြင်းဖြင့် ပေါ့ပါးသော အသက်မွေးမှုရှိခြင်း၊ လူတို့တွင်လည်း ပစ္စည်းရှိလေ တာဝန်ပိုလေးလေဖြစ်သဖြင့် မိမိမှာ အမှန်တကယ်ရှိသင့်သည်ထက် ပို၍

http://www.dhammadownload.com

ဆောင်မထားခြင်း၊ စုဆောင်းမထားခြင်း၊ ပဋိပတ်၌သာ လုံ့လစိုက်ခြင်းဖြင့် ပေါ့ပါးသော အသက်မွေးမှုရှိခြင်းတို့သည် တရားအလုပ်မှာ ပို၍ထိရောက်စွာလုပ်ဆောင်နိုင်၏။ ပစ္စည်းတွေများနေ၊ ကိစ္စတွေများနေ၊ ဗျာပါရတွေ များနေလျှင် တရားအလုပ်မှာ အနှောင့်အယှက်ဖြစ်တတ်၏။

ငြိမ်သက်သောက္ကန္ဒြေရှိခြင်း

က္ကဋ္ဌာရုံ၊ အနိဋ္ဌာရုံများနှင့် ကြုံတွေ့လင့်ကစား ရာဂ ဒေါသ စသော တရား ဆိုးများ မဖြစ်ပွားအောင် တရားနှလုံးသွင်းလျက် အရှိန်မပျက်ငြိမ်သက်သော က္ကန္ဒြေရှိခြင်း၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုသည့် က္ကန္ဒြေများကိုနိုင်နင်းအောင် ဘာဝနာတစ်ခုခု ဖြင့် နှိပ်ကွပ်နေရခြင်းတို့နှင့် ပြည့်စုံစေရသည်။

ရင့်ကျက်သောပညာရှိခြင်း

လောကရေး၊ ဓမ္မရေးစသော ကိစ္စရေးရာ အဖြာဖြာတို့၌ ပိုင်းခြားစေရန် အကျိုးများအောင် ပြုလုပ်တတ်သော ပညာရှိခြင်း၊ အထူးသဖြင့် ပဋိပတ်အကျင့် မြတ်တို့၌ ကောင်းစွာသိရှိ နားလည်ကျွမ်းကျင်ခြင်းတို့နှင့် ပြည့်စုံရ၏။

မကြမ်းမရိုင်းယဉ်ကျေးသူဖြစ်ရခြင်း

ကိုယ်၊ နှုတ်၊ စိတ်နှလုံးသုံးပါးလုံး မကြမ်းကြုတ်၊ မရိုင်းစိုင်းဘဲ ယဉ်ကျေးရမည်။ လောကအလိုက်၊ ဓမ္မအလိုက်သတ်မှတ်ထားသော ယဉ်ကျေးမှုများနှင့်ပြည့်စုံရမည်။

အမျိုးတို့၌မတွယ်တာရခြင်း

ပစ္စည်းဥစ္စာတို့နှင့် အမျိုးတို့၌ တွယ်တာမှုမရှိရ။ ရဟန်းတို့သည် ကြည်ညိုသဒ္ဓါ ဆည်းကပ်လာသော ဒါယကာတို့၌ ပစ္စည်းကိုမင်၊ လူကိုခင်ကာ ရောနှောယှက်တင် မနေအပ်သကဲ့သို့ လူတို့သည်လည်း ပစ္စည်းဥစ္စာတို့၌လည်းကောင်း၊ အမျိုးအဆွေ တို့၌လည်းကောင်း ခုံမင်တွယ်တာခြင်း မပြုအပ်၊ အမျိုးတို့၌ ခုံမင်တွယ်တာနေသော ပုဂ္ဂိုလ်သည် ရဟန်းဆိုလျှင်လည်း ရဟန်းကိစ္စပေါ်လျော့သည်။ လူဆိုလျှင်လည်း လူ့ကိစ္စ ကောင်းကောင်းအထမမြောက်နိုင်ပေ။

http://www.dhammadownload.com

ပညာရှိကဲ့ရဲ့မည့်အမှုမပြုရခြင်း

တရားအားထုတ်သူသည် ပညာရှိတို့ ကဲ့ရဲ့မည့်အမှုဖြစ်လျှင် အသေးအဖွဲပင်ဖြစ်စေ တစိုးတစိမ့် မပြုကျင့်အပ်ပေ။ အဘယ်ကြောင့်ဆိုသော် ပညာရှိသည် လောကရေး၊ ဓမ္မရေးတို့၌ ကောင်းစွာပိုင်းခြား သိမြင်တတ်သူဖြစ်ပေရာ ပညာရှိ ကဲ့ရဲ့မည့် အမှုကိစ္စသည် လောကရေး၊ ဓမ္မရေးအဖြာဖြာတို့၌ အကျိုးယုတ်ကြောင်း ပျက်စီးကြောင်း တရားများဖြစ်သောကြောင့်တည်း။

မျက်ဖြေတရား(၁၀)ပါး

၁။ ရန်သူသည် ငါ့ကိုသာ ဒုက္ခပေးနိုင်၍ ငါ့စိတ်ကို ဒုက္ခမပေးနိုင်၊ စိတ်ဆင်းရဲရတယ်ဆိုတာ ငါ့စိတ်ကသာ ငါ့ကိုညှဉ်းဆဲနေတာပဲ၊ သူက ငါ့ကို စိတ်ဆင်းရဲပါစေလို့ လုပ်တာကို ငါမဆင်းရဲဘူး ဆိုရင် သူဘာတတ်နိုင်မှာလဲဟု တွေးတော ခံယူရမည်။

၂။ ချစ်ခင်သောဆွေမျိုးတို့.ကို စွန့်၍ ရဟန်းပြုနိုင်ပါလျက် ဒေါသကို မစွန့်နိုင်လျှင် ဒေါသမက်သောငါဖြစ်ရာ၏ဟု ခံယူရမည်။ (ဤနေရာတွင် ရဟန်းမဟုတ်ပါက မိမိကနှစ်သက်ပါလျက်နှင့် မလွှဲသာ၍ သက်မဲ့သက်ရှိများကို စွန့်ခဲ့ရသေးတာ အခုဘာ ဒေါသဖြစ်ရမှာလဲဟု ခံယူရမည်။)

၃။ ဒေါသဆိုတာ သီလ၏အမြစ်၊ သီလ၏အမျိုးဖြစ်သော ဟီရိသြတ္တပ္ပကို ဖျက်ဆီးတတ်တာ ငါကဘာဖြစ်လို့ လက်ခံရမှာလဲဟု ခံယူရမည်။

၄။ ယုတ်မာတဲ့ရန်သူကို အမျက်ထွက်လျှင် သူနဲ့.ငါယုတ်မာတာ ပြိုင်သလို ဖြစ်မှာပေါ့ဟု ခံယူရမည်။

၅။ ငါစိတ်ဆိုးအောင် (စိတ်ဆင်းရဲအောင်)သူကပြုတာ၊ ငါစိတ်ဆိုးလျှင်(စိတ်ဆင်းရဲလျှင်)သူ့.အလို ပြည့်သွားမှာပေါ့ဟု ခံယူရမည်။

၆။ ငါ၏ဒေါသသည် ရန်သူအား ဒုက္ခပေးချင်မှပေးနိုင်မည်။ ငါ၏ စိတ်ပင်ပန်းခြင်းက လက်တွေ့.ကန္တာတည်းဟုခံယူရမည်။

၇။ ရန်သူသည် ဒေါသဖြင့် အပါယ်ခရီးလမ်းမှားလိုက်နေပြီ၊ အရှည်မြင်သူသည် လမ်းမှားသို့.မလိုက်၊ အမြင်တိုသူသာ လမ်းမှားသို့. တကောက်ကောက်လိုက်၏ဟု ခံယူရမည်။

၈။ ငါ့မှာရှိသော ဒေါသကို ရန်သူကအားကိုးနေတယ်။ သူအားကိုးမရှိအောင် ငါ့ဒေါသကို ဖျောက်ထားရမယ်ဟု ခံယူရမည်။

http://www.dhammadownload.com

၉။ ငါ့အားစော်ကားခဲ့သော သူ၏ ရုပ်၊ နာမ် ခန္ဓာတို့သည် လျှပ်တစ်ပြက် တစ်ခဏအတွင်းလွန်ကုန်ပြီ၊ ချုပ်ကုန်ပြီ၊ ယခုရှိနေတဲ့သူ၏ ရုပ်ခန္ဓာတို့ကို ငါအာရုံပြုလျှင် ဆန်ခိုးမမိ၊ ဖွဲခိုးမိဆိုသလို ခုတ်ရာတခြား၊ ရှရာတခြား မသင့်လွန်းလေစွဟု ခံယူရမည်။

၁၀။ မီးခတ်နှင့်ကျောက်နှစ်ခုပေါင်းမှ မီးတောက်သည်။ မီးခတ်သက်သက်ကြောင့် မီးမတောက်၊ ကျောက်ရိုက်လည်း သတ္တိထူးရှိသည်။ ထိုဥပမာအတိုင်း ရန်သူအပေါ်၌သာ ငါအပြစ်ရှုခြင်းသည် သမာသမတ်လော၊ တစ်ဖက်သတ်မဖြစ်ပြီလောဟု ခံယူရမည်။ (တစ်နည်းအားဖြင့် မြတ်ဘုရားရှင် ဓမ္မပဒတွင် ဟောကြားထားသည့် အတိုင်း သူတစ်ပါး၏အပြစ်ကို မရှုရ။ ကိုယ့်အပြစ်ကိုသာရှုရာ၏။)

မေတ္တာပို့ခြင်း

မေတ္တာစိတ်ကို မိမိသန္တာန်၌ အထိုက်အလျောက် ဖြစ်ပွားရုံမျှ "သတ္တဝါမှန်သမျှ ချမ်းသာကြပါစေ"ဟု မိနစ်အနည်းငယ်မျှဆင်ခြင်နှလုံးသွင်း ပွားများခြင်းကို မေတ္တာပို့သည်ဟုခေါ်၏။

မေတ္တာဘာဝနာ

မိမိသန္တာန်၌ သာမန်မေတ္တာစိတ် ဖြစ်ပွားရုံမျှမဟုတ်ဘဲ မေတ္တာစိတ်ထား အင်အား ကောင်းစွာ တဖွားဖွားဖြစ်ပေါ်လာကာ တစ်ကိုယ်လုံး မေတ္တာစိတ်ဓာတ် ရစ်ပတ် လွှမ်းခြုံလျက် မေတ္တာစိတ်ဖြင့် စိမ့်ဝင်ပျံ့နှံ့နေအောင် "ချမ်းသာကြပါစေ၊ ချမ်းသာကြ ပါစေ"ဟု အကြိမ်ကြိမ်အဖန်ဖန်ဆင်ခြင် နှလုံးသွင်းပွားများခြင်းကို မေတ္တာဘာဝနာ ပွားသည်ဟု ခေါ်သည်။

လောကဌ် သားသမီးများအပေါ်၌ ထားအပ်သော မိခင်၏ မေတ္တာမှာ အချမ်းမြေ့ဆုံး၊ အလွန်ကဲဆုံး၊ အစွဲမြဲဆုံး မေတ္တာဖြစ်၍ ထိုမိခင်၏ မေတ္တာမျိုးကို သတ္တဝါအားလုံးအပေါ်၌ ထားရှိ၍ ပွားများရမည်။ မိခင်၏မေတ္တာဟုဆိုရာတွင် တစ်ဦးတည်းသော မိမိရင်သွေးကို အသက်နှင့်လဲကာကွယ်စောင့်ရှောက်တတ်သော မိခင်၏မေတ္တာမျိုးကို ဆိုလိုသည်။

မေတ္တာဘာဝနာကိုပွားများအားထုတ်ခြင်းဖြင့် ဈာန်လေးဆင့်အနက် တတိယဈာန် သမာဓိအထိရနိုင်၏။ ဘေးအန္တရာယ်ပယ်ရှားရန် အရံအတားအလို့ငှာလည်းကောင်း၊ ပါရမီဖြစ် ကုသိုလ်ဖြစ်အလို့ငှာလည်းကောင်း၊ ဝိပဿနာ၏ အခြေ မေတ္တာဈာန်ကမ္မဋ္ဌာန်းအကျိုးငှာလည်းကောင်း မေတ္တာဘာဝနာကို ပွားများရ၏။

http://www.dhammadownload.com

အဘိဓမ္မာ၌ မေတ္တာသည် စေတသိက်ဖြစ်ပြီး မေတ္တာဘာဝနာအရာ၌မူထိုမေတ္တာ စေတသိက်နှင့် ယှဉ်သောစိတ်ကို မေတ္တာဟု ခေါ်၏။ မေတ္တာဘာဝနာ ပွားများခြင်းသည် မိမိအတွက် ချမ်းသာခြင်းအကြောင်းလည်းဖြစ်၏။ မိမိမေတ္တာ ပွားများသည့်အတိုင်း ထိုသူချမ်းသာနေလျှင် ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရ၍ မချမ်းသာဘဲ ဆင်းရဲနေလျှင်လည်း ကြင်နာသနား ကရုဏာ ပွားနေရုံမျှသာ ဖြစ်၏။ ထို့ကြောင့် စိတ်ဆင်းရဲမှုကား မိမိတွင် မဖြစ်ပေါ်နိုင်။ မေတ္တာဘာဝနာပွားသည် သတ္တဝါများအပေါ်၌ ချမ်းသာသုခ ရရှိရေး အတွက်သာ တောင့်တပွားများရသည်မဟုတ်ဘဲ အကျိုးမဲ့ ဒုက္ခမကျရောက်ဖို့ အရေး တောင့်တသည်၏ အစွမ်းဖြင့်လည်း ပွားများရသည်သာဖြစ်၏။

ဗုဒ္ဓမြတ်စွာက ထက်လွသော လှံသွားကိုကိုင်၍ ကွေးခြင်း၊ လိပ်ခြင်းကိုပြုလျှင် ပြုသူသာလျှင် လှံသွားရှု၍ ဆင်းရဲရသကဲ့သို့ မေတ္တာပွားသူ၏ စိတ်ကိုနှောင့်ယှက် ဖျက်ဆီးရန် နတ်၊ ဘီလူး စသည်တို့ ကြိုးပမ်းလျှင်ယင်းတို့သာ ကိုယ်စိတ်ပင်ပန်း ဆင်းရဲမှုကို ခံစားကြရ၏ဟု ဟောကြားတော်မူခဲ့သည်။ တန်ခိုးရှိသော နတ် ဘီလူးများပင်လျှင် မဖျက်ဆီးနိုင်၍ တန်ခိုးမရှိသော လူအစရှိသည့် သတ္တဝါတို့ကား ဆိုဖွယ်ရာမရှိပေ။ မြတ်ဗုဒ္ဓကိုယ်တော် တိုင်ပင် ရန်တကာတို့ကို မေတ္တာဖြင့်သာ အနိုင်ယူတော်မူခဲ့သည်ချည်းဖြစ်၏။

သို့ဖြစ်၍ မေတ္တာတရား ပွားများသူ၏စိတ်သည် အလွန်တည်ငြိမ်၏။ ကြည်လင်၏။ ငြိမ်းအေး၏။ ချမ်းမြေ့၏။ နှစ်သက်ဝမ်းမြောက်မှု ပီတိပါမောဇ္ဇက္ခ စိတ်အစဉ်၌ စိမ့်ဝင်ပျံ့နှံ့နေ၏။ စိတ်ကြောင့်ရုပ်သည်လည်း တည်ကြည်ငြိမ်သက် ကြည်လင်ငြိမ်းအေး၏။ လူနတ်တို့၏ ချစ်ခင်နှစ်သက်ခြင်းခံရ၍ ရန်ငြိမ်း၏။ ထို့ကြောင့် ကိုယ်စိတ်နှစ်ပါးလုံး ချမ်းသာရ၏။

သီလကြောင့် စင်ကြယ်ပြီးဖြစ်သော စိတ်ကို မေတ္တာဘာဝနာဖြင့် ထုံမွမ်းလိုက်လျှင် စိတ်အစဉ်သည် မွေးကြိုင်သကဲ့သို့ဖြစ်၏။ ကရုဏာ၊ မုဒိတာစသော ဘာဝနာများသည် ထို့အတူပင်ဖြစ်၏။ ဤသို့သောအကြောင်းများကြောင့် ရှေးဆရာတော်တို့သည် "ဗြဟ္မစိုရိလေးသုံးတိုင်းမွေး"ဟု အမွမ်းတင်တော်မူခဲ့ကြ၏။

ညီမိသမေတ္တာ

မေတ္တာဘာဝနာ ပွားများအားထုတ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးတည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်စုကိုဖြစ်စေ ပိုင်းခြားကန့်သတ်၍ ပွားများလျှင် ညီမိသမေတ္တာ (ရည်ညွှန်းခြင်းဖြင့် ဖြစ်သောမေတ္တာ)မည်၏။ တစ်နည်းအားဖြင့် ပရိမာဏ (အတိုင်းအရှည် အကန့်အသတ်

http://www.dhammadownload.com

ရှိသော)မေတ္တာလည်းမည်၏။ ပုဂ္ဂိုလ်တစ်ဦးတည်း အပေါ်၌ပင် ကိုယ်ခန္ဓာကို ပိုင်းခြား၍ ပွားများလျှင်လည်း ဤမေတ္တာမျိုးပင်ဖြစ်၏။

အနောဓိသမေတ္တာ

မည်သည့်ပုဂ္ဂိုလ်ဟု၊ မပိုင်းခြား မကန့်သတ်ဘဲ တစ်လောကလုံးရှိ သတ္တဝါအားလုံးကို အာရုံပြု၍ ပွားများလျှင် အနောဓိသမေတ္တာ(မရည်ညွှန်းဘဲဖြစ်သောမေတ္တာ)မည်၏။ တစ်နည်းအားဖြင့် အပရိမာဏ (အတိုင်းအရှည်အကန့်အသတ်မရှိသော) မေတ္တာဟုလည်းမည်၏။ ပုဂ္ဂိုလ်တစ်ဦးတည်းပေါ်တွင် ကိုယ်ခန္ဓာ၏ မည်သည့်အစိတ်အပိုင်းကိုမျှ မချန်ထားဘဲ အားလုံး အကြွင်းမဲ့အားဖြင့် ပွားများလျှင် ဤမေတ္တာမျိုးပင်ဟု ဆိုနိုင်၏။

မေတ္တာပွားများသူများသိမှတ်ဖွယ်

၁။ မိမိမချစ်ခင်သောပုဂ္ဂိုလ်(မုန်းသူ)ကို အစဦးဆုံး မေတ္တာမပွားရ၊ ပွားလျှင် ဒေါသဖြစ်လာတတ်၍ မေတ္တာစိတ်ဖြစ်ပေါ်ရန်ခဲယဉ်း၏။

၂။ အလွန်ချစ်ခင်သူကိုလည်း အစဦးဆုံး မေတ္တာမပွားရ၊ ပွားလျှင် ထိုသူ၏ အနည်းငယ် မျှသော ဆင်းရဲဒုက္ခကို တွေးမိဆင်ခြင်မိပါက စိတ်ဆင်းရဲရသဖြင့် မေတ္တာစိတ် ဖြစ်ပေါ်ရန် ခဲယဉ်း၏။ တဏှာပေမကြောင့် ထိုသူ၏ဒုက္ခ၊ သုခများအတွက် သောကသာဖြစ်လာတတ်၏။

၃။ မချစ်မမုန်း သိကျွမ်းရုံ ပုဂ္ဂိုလ်ကိုလည်း အစဦးဆုံး မေတ္တာမပွားရ၊ ထိုသူကို ချစ်ခင်သူအဖြစ် နှလုံးသွင်းရန်မှာ စိတ်ပင်ပန်းတတ်၏။

၄။ ရန်သူကိုလည်း အစဦးဆုံး မေတ္တာမပွားရ၊ ပွားလျှင် ဒေါသစိတ်ဖြစ်လာတတ်၍ မေတ္တာစိတ်ဖြစ်ပေါ်လာရန် ခဲယဉ်း၏။

[ဤလေးမျိုးကား ရှေးဦးစွာ မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်လေးမျိုးတည်း]

၅။ အမျိုးသားက အမျိုးသမီးကိုလည်းကောင်း၊ အမျိုးသမီးက အမျိုးသားကိုလည်းကောင်း ပိုင်းခြား၍ မေတ္တာမပွားရ၊ ပွားလျှင် ရာဂစိတ် ဖြစ်ပေါ်လာတတ်၏။

၆။ သေသူကို မေတ္တာမပွားရ၊ ပွားလျှင် အပွနာစျာန်၊ ဥပစာရစျာန်တို့ မရရှိနိုင်ပေ။

[ဤနှစ်မျိုးကား မေတ္တာလုံးလုံး မပွားသင့်သူများတည်း]

၇။ မေတ္တာပွားမည့်သူသည် မေတ္တာပွားမည့်အချိန်အတွင်း ကြောင့်ကြစရာကိစ္စများ မရှိစေရဘဲ ကိုယ်လက်သန့်စင်ကာ တိတ်ဆိတ်သောနေရာ၌ စိတ်ရောကိုယ်ပါ

http://www.dhammadownload.com

လျှော့ချလျက်(မာန်လျှော့လျက်)သက်သောင့်သက်သာထိုင်ရမည်။ ထို့နောက် ရတနာသုံးပါးနှင့် ဆရာသမားတို့ကို အာရုံပြု ရှိခိုးကန်တော့ရမည်။

၈။ မေတ္တာပွားများရန် အဆင်သင့်ဖြစ်သောအခါ အောက်ပါအတိုင်း တစ်ဆင့်ပြီး တစ်ဆင့် ပွားများရမည်–

(က) မိမိကိုယ်ကိုမေတ္တာပွားခြင်း၊

(ခ) မြတ်နိုးကြည်ညိုလေးစားအပ်သောသူ၊(ဆရာ ဥပဇ္ဈာယ်စသည့်)

(ဂ) ချစ်ခင်သောမိတ်ဆွေ၊

(ဃ) မချစ်မမုန်း သိကျွမ်းရုံဖြစ်သူ၊

(င) ရန်သူ။

၉။ ဤပုဂ္ဂိုလ်မျိုးတစ်ဦးစီးအပေါ်၌ မေတ္တာစိတ်ထား တဖွားဖွားဖြစ်ပေါ်လာသည် အထိ အကြိမ်ကြိမ်အဖန်ဖန်ဆင်ခြင်ပွားများရမည်။ တစ်ဦးစီအပေါ် အမည်နှင့်တကွ ကောင်းသောဂုဏ်များကို အာရုံပြုလျက် မေတ္တာပွားများရ၏။ အပွားခံပုဂ္ဂိုလ်ကို သေချာစွာ အာရုံပြုနိုင်ပါက အမည်ဖော်စရာမလိုပေ။

၁၀။ ပထမတစ်ဦးကိုပွားများ၍ စိတ်တည်ငြိမ်အေးချမ်းမှု သမာဓိရလာသောအခါ ကျေပွန်နိုင်နင်းအောင် ပွားများနိုင်သောအခါမှ နောက်တစ်ဦးကိုပြောင်း၍ ပွားများရမည်။

၁၁။ မေတ္တာပွားမည့်သူသည် ပထမဆုံးမိမိကိုယ်ကို သက်သေအဖြစ်ထားရန် ရှေးဦးစွာ မိမိကိုယ်ကိုမိမိအချိန်အနည်းငယ်ခန့် ပွားများရမည်။ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်ကို သက်သေထား၍ မိမိကဲ့သို့သတ္တဝါများ ချမ်းသာစေလိုမှုကို လိုလားစိတ် ဖြစ်ပေါ်လာရန်ဖြစ်၏။ သို့သော် ဤမေတ္တာမျိုးဖြင့် စွာန်ကားမရနိုင်။

၁၂။ မေတ္တာကိုပွားများရာတွင် သဝေရမေတ္တာ(မေတ္တာကိုပွားနေစဉ်အခါ၌ အကြား အကြား၌ ဝေရစေတနာခေါ် ဒေါသစိတ်မျိုးဖြစ်ပေါ်လာသော ဒေါသစိတ်ရှိသော မေတ္တာ)မှ အဝေရမေတ္တာ(အကြားအကြား၌ ထိုသို့ဒေါသစိတ် ဖြစ်ပေါ် မလာအောင် ဆက်စပ်စွာ ဖြစ်ပေါ်သောမေတ္တာ)မျိုးဖြစ်ပေါ်လာအောင် ပွားများရမည်။ ဤမေတ္တာ မျိုးသည် သမာဓိအားကောင်းလာသော ဘာဝနာပြည့်စုံချိန်မှာသာ ဖြစ်ပေါ်၍ သမာဓိအား အကောင်းဆုံးဖြစ်သည်အထိ ပွားများရမည်။

အထက်တွင် ဖော်ပြခဲ့သည့် သိမှတ်ဖွယ်များမှာ မေတ္တာဘာဝနာပွားများမှု အသားမကျသေးမီ မနိုင်နင်းသေးမီ အခြေအနေအတွက်ဖြစ်ပါသည်။ အသမ္ဘာဓမေတ္တာ (အပိုင်းအခြားမရှိဘဲ ဘာဝနာအားကောင်းစွာဖြင့် ဘုံလောကအနှံ့ သြကာသလောက

http://www.dhammadownload.com

တစ်ခုလုံးကျယ်ပြန့်သောမေတ္တာ)မျိုးဖြင့် မေတ္တာဘာဝနာကို နိုင်နင်းစွာ ပွားများအားထုတ်နိုင်သူ များအတွက်မူ အခက်အခဲမရှိဘဲ မေတ္တာစိတ်များဖြစ်ပေါ်နိုင်ပြီးဖြစ်၍ မိမိအလိုဆန္ဒရှိသည့် အစီအစဉ်များအတိုင်း ပွားများနိုင်သည်။ မိမိသက်သာချမ်းသာစွာ နေလိုသည့် သင့်လျော်သော ကျရိယာပုတ်များဖြင့်လည်း ပွားများနိုင်ပါသည်။

မိမိမေတ္တာပွားမှုသည် မိမိ၊ မိမိချစ်ခင်မြတ်နိုးသော ပိတုပုဂ္ဂိုလ်၊ မမုန်းမချစ် အလယ်အလတ်ပုဂ္ဂိုလ်နှင့် ရန်သူ ဤလေးဦးတို့၌ မေတ္တာစိတ်ညီတူညီမျှထားနိုင်လျှင် သီမာသမ္ဘေဒ(အပိုင်းအခြားပျက်ခြင်း)ဖြစ်၍ ကျယ်ပြန့်သောမေတ္တာစိတ်ဖြစ်ပေါ်၏။ ထိုအခါ နိမိတ်ကိုလည်းကောင်း၊ ဥပစာရသမာဓိကိုလည်းကောင်း ရရှိတော့၏။ ဤနိမိတ်မှာ ကမ္မဋ္ဌာန်းကြောင့်ရအပ်သော ပဋိဘာဂနိမိတ်မျိုးမဟုတ်ဘဲ သီမာသမ္ဘေဒကိုပင် နီဝရဏ ကင်းကြောင်း၊ ဥပစာရဈာန်ရကြောင်းဖြစ်၍ နိမိတ်နှင့်တူ၏။ ဤနိမိတ်ကို အထပ်ထပ် အခါခါ ပွားများခြင်းဖြင့် မကြာမီ အပွနာဈာန်ရရှိ၏။

ဩဓိသမေတ္တာမှအနောဓိသမေတ္တာသို့

မေတ္တာဘာဝနာပွားများသူသည် လူတစ်ဦး၊ တစ်စုမှသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်း၊ နိုင်ငံ၊ ကမ္ဘာ စသည်ဖြင့် ပိုင်းခြားကန့်သတ်မှု တိုးချဲ့သွားပြီး နောက်ဆုံးအပိုင်းအခြားမရှိသော (၃၁)ဘုံရှိ သတ္တဝါအားလုံးအတွက် မေတ္တာပွားများရမည်။ သို့သော် အနောဓိသမေတ္တာကို တိုက်ရိုက်ပွားများလျှင်လည်း ရပါသည်။

မေတ္တာပို့အကျဉ်း

သဗ္ဗေ သတ္တာဝါ ..... သတ္တဝါမှန်သမျှ ....
အဝေရာ ဟောန္တု ..... ဘေးရန်ခပ်သိမ်း ကင်းကြပါစေ။
အဗျာပဇ္ဈာ ဟောန္တု ..... စိတ်ဆင်းရဲခြင်း ကင်းကြပါစေ။
အနီဃာ ဟောန္တု ..... ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ။
သုခီအတ္တာနံ ပရိဟရန္တု ..... မိမိခန္ဓာဝန်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေ။
(ဤလေးမျိုးကားမေတ္တာပို့တည်း)

ဒုက္ခာ မုစ္စန္တု ..... ဆင်းရဲခြင်းအလုံးစုံမှ လွတ်ကင်း၍ ချမ်းသာကြကုန်သည်သာဖြစ်ပါစေ။ (ကရဏာပို့)

ယထာလဒ္ဓသမ္ပတ္တိကောမာဝိဂစ္ဆန္တု ..... ရပြီးသားစည်းစိမ်ချမ်းသာတို့မှ မကင်းကွာ မယုတ်လျော့ဘဲ ချမ်းသာသည်ထက် ချမ်းသာနိုင်ကြပါစေ။ (မုဒိတာပို့)။

http://www.dhammadownload.com

ကမ္မသကာ ..... မိမိတို့၏ကောင်းမှု၊ မကောင်းမှုများသာလျှင် မိမိတို့၏ ကိုယ်ပိုင် ဥစ္စာများ ရှိကြပါတကား။
(ဥပေက္ခာပွားပုံ)

မျက်နှာသစ်၊ ရေချိုး၊ ရေသောက်၊ ကိုယ်လက်သန့်စင်ရာတို့တွင် မေတ္တာဘာဝနာပွားများရန်

အေးမြသောရေနှင့် မိမိခန္ဓာကိုယ်ကိုထိတွေ့ပြီး မိမိ၏ရုပ်နာမ်ခန္ဓာကြီးကို ရှင်းလန်းချမ်းမြေ့နေလျှင် အောက်ပါ မေတ္တာဘာဝနာကို ထပ်တလဲလဲ အဖန်ဖန် တတ်နိုင်သရွေ့ ပွားများသင့်ကြပါသည်–

(၁) မိမိခန္ဓာကိုယ်ကြီးနှင့်တကွ ကိုယ်စောင့်နတ်များ အားလုံး ကိုယ်၊ နှုတ်၊ စိတ် နှလုံး (၃)ပါးလုံး ရေကဲ့သို့ ချမ်းမြေ့နိုင်ကြပါစေ။ အေးမြနိုင်ကြပါစေ။ ဖြူစင်နိုင်ကြပါစေ။

(၂) အနန္တစကြဝဠာ၊ အနန္တသတ္တဝါများ၏ ရုပ်၊ နာမ် ခန္ဓာအပေါင်းတို့သည်လည်း ရေကဲ့သို့ ချမ်းမြေ့နိုင်ကြပါစေ။ အေးမြနိုင်ကြပါစေ။ ဖြူစင်နိုင်ကြပါစေ။

မေတ္တာကရဏာတရားများပွားများရာတွင် သတိပြုဖွယ်

မေတ္တာ ကရုဏာ တရားများ ပွားများပြီး သနားနေရာက ဒေါသဖြစ်မှန်းမသိဖြစ်ပြီး ပါဏာတိပါတကံ အစရှိသော အပြစ်ကြီးများ မမျှော်လင့်ဘဲ အမှတ်တမဲ့ကျူးလွန်မိတတ်သည်ကို အထူးသတိပြုသင့်ပါသည်။

ဥပမာ– ကိုယ်လက်အင်္ဂါ ချွတ်ယွင်းပျက်စီးသွားသည့် (သို့မဟုတ်)ရောဂါဝေဒနာအသည်းအသန် ဖိစီးနှိပ်စက်နေသည့် အတိဒုက္ခရောက်နေသူကို တွေ့သောအခါ သနားပြီးတော့ မြန်မြန်သေသွားတာကောင်းပါတယ်လို့ ထင်မှတ်ကြပါသည်။ ဤကဲ့သို့ ထင်သည့်အတိုင်း မြန်မြန်သေအောင် ညှဉ်းကြားတိုက်တွန်းခြင်းကြောင့်ဖြစ်စေ၊ကိုယ်တိုင် ပြုလုပ်ခြင်းကြောင့်ဖြစ်စေ ရိုးရိုးသေချိန်ထက်စောပြီးသေသွားခဲ့လျှင် ညှဉ်းကြား တိုက်တွန်းသူနှင့် ပြုလုပ်သူမှာ ပါဏာတိပါတကံထိုက်ပါသည်။ ယင်းသို့ ညှဉ်းကြားခိုင်းစေ၍ မိဘဖြစ်သူ သေသွားခဲ့လျှင် ညှဉ်းကြားခိုင်းစေသော သားသမီးမှာ မာတုဃာတကံ၊ ပိတုဃာတကံတည်းဟူသော ပဉ္စာနန္တရိယကံကြီး ထိုက်ပါသည်။ ရဟန်း၏ ညှဉ်းကြားချက်အရဖြစ်မူ ထိုရဟန်းမှာ ပါရာဇိက အာပတ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် နဂိုမူလက ကရုဏာစိတ် ဖြစ်ပေါ်ခဲ့သော်လည်း နောက်ဆုံးရည်ရွယ်ချက်မှာ သေစေလိုသည့်စေတနာ ဖြစ်ပေါ်ခဲ့ခြင်းကြောင့်သာဖြစ်၏။ (အတိဒုက္ခ ရောက်နေသူမှာ ယခု

http://www.dhammadownload.com

ဘဝမှ လွန်မြောက်ပြီး နောက်ဘဝတို့၌ ဤလိုဒုက္ခမျိုး မဖြစ် နိုင်။ ဤထက်ပိုဆိုးသော အပါယ်လေးပါးသို့ကျရောက်ခြင်းကဲ့သို့သော ဒုက္ခမျိုးမဖြစ်နိုင်ဟု မဆိုနိုင်ပါ။ နောင်ဘဝတွင် ယခုထက်ပိုဆိုးမည့် ဒုက္ခမျိုး တွေ့ရဦးမည့် ပုဂ္ဂိုလ်အတွက်မူ ယခုဘဝ၌ အတိဒုက္ခ ရောက်နေသော်ငြားလည်း အသက်ရှင်နေခြင်းသည်သာ သူ့အတွက် အကောင်းဆုံး ဖြစ်သည်။)

ဝိဟာရ(၄)မျိုး

ဝိဟာရဆိုသည်မှာ နေခြင်းမည်၏။

၁။ ကြရိယာပထဝိဟာရ ..... သွား၊ ရပ်၊ ထိုင်၊ လျောင်းဟူသောကြရိယာပုတ် လေးပါးဖြင့်နေခြင်း၊

၂။ ဒိဗ္ဗဝိဟာရ ..... ဈာန်သမာပတ် နေခြင်းမျိုးဖြစ်သည့် ဗြဟ္မာ တို့၏ နေခြင်းမျိုး၊

၃။ ဗြဟ္မဝိဟာရ ..... ဒေါသကင်း၍ မေတ္တာဖြင့်သာ နေခြင်းမျိုး ဖြစ်သည့် မြတ်သောနေခြင်း၊

၄။ အရိယာဝိဟာရ ..... ဖလသမာပတ်ကို ဝင်စားလေ့ရှိသော အရိယာတို့၏ နေခြင်းမျိုး၊ ဤနေခြင်းမျိုး သာသနာ၌ နေခြင်းမျိုး စင်စစ်ဖြစ်ပေ၏။

မေတ္တာဘာဝနာမှ မဂ်ဖိုလ်နိဗ္ဗာန်သို့

မေတ္တာဘာဝနာသည် အပွနာဈာန် ရရန်သာဖြစ်၍ မဂ်ဖိုလ်အထိ ပို့ဆောင်နိုင်စွမ်း မရှိသေး။ မေတ္တာဘာဝနာသည် သတ္တဝါပညတ်ကို အာရုံပြုရသောကြောင့် အတ္တဒိဋ္ဌ (သဘာဝအမှန် ရုပ်၊ နာမ်တရားတို့ကို မမြင်နိုင်ခြင်း)နှင့် နီးစပ်လျက်ရှိ၏။ အတ္တဒိဋ္ဌသည် ဒိဋ္ဌမှန်သမျှတို့၏ အရင်းခံဖြစ်သောကြောင့် အတ္တဒိဋ္ဌကို ထုတ်ပယ်နိုင်သူမှသာ ကျန်ဒိဋ္ဌများ အလိုအလျောက် ကင်းစင်နိုင်မည်။ အတ္တဒိဋ္ဌရှိသူသည် သဘာဝအမှန် ရုပ်၊ နာမ်တရားတို့ကို မသိမမြင်နိုင်သူဖြစ်ပေရာ မဂ်ဖိုလ်နှင့် ဝေးနေရသေး၏။ ထိုသို့ မဂ်ဖိုလ်အရေး၌ ရုပ်၊ နာမ်တရားတို့ကို သဘာဝမှန်အတိုင်း မသိအောင် ကာကွယ်ဖုံးအုပ်ထားသော အတ္တဒိဋ္ဌကို နာမရူပပရိစ္ဆေဒဉာဏ် (နာမ်၊ ရုပ်ကို သဘာဝမှန်အတိုင်း ပိုင်းခြားသိမြင်သော ဉာဏ်) အမြင်ဖြင့်သာ ပယ်ရှားနိုင်၏။

ဤနာမရူပပရိစ္ဆေဒဉာဏ်အမြင် ဖြစ်ပေါ်ရှင်သန်လာရန်လည်း ဝိပဿနာတရားကို ကျင့်ကြံပွားများ အားထုတ်ရ၏။ မေတ္တာဈာန်ကို ရသော ပုဂ္ဂိုလ်သည် ထိုဈာန်မှထ၍

http://www.dhammadownload.com

စျာန်၌ရှိသောဝိတက်၊ ဝိစာရစသော နာမ်တရားတို့ကိုလည်းကောင်း၊ ထိုနာမ်တရားတို့မှီရာ ဟဒယဝတ္ထုစသော ရုပ်တရားတို့ကိုလည်းကောင်း၊ ရှုမှတ်ဆင်ခြင်ခြင်းဖြင့် နာမရူပပရိစ္ဆေဒဉာဏ်အမြင် ရှင်သန်လာသောအခါ ခန္ဓာကိုယ်၌ သတ္တဝါအတ္တကိုရှာမရသခ်ါရရုပ်နာမ် အစုအဝေးမျှသာပါတကားဟု သဘာဝအတိုင်း အမှန်အတိုင်း မြင်လာသောကြောင့် အတ္တဒိဋ္ဌိကင်းစင်လေ၏။

ထို့ကြောင့် မေတ္တာဘာဝနာ ပွားများ၍ မေတ္တာစျာန်ရရှိပြီးသော ယောဂီသည် နောင်တစ်ဖန် ပဋိသန္ဓေမနေရတော့သော အရဟတ္တမဂ်ဖိုလ်သို့ ဆိုက်ရောက်သည်အထိ ဝိပဿနာတရားကို ဆက်လက်ကြိုးစား အားထုတ်သွားရမည်သာဖြစ်၏။

အခါခပ်သိမ်း မေတ္တာမပျက်နှင့်

ချစ်သားရဟန်းတို့–

သင်တို့ကို အခြားသူများက ပြောနိုင်သော စကားပြောပုံပြောနည်း ငါးမျိုးရှိပေ၏။

၁။ အခါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြောမည်။

၂။ ဟုတ်မှန်သောစကားကိုဖြစ်စေ၊ မဟုတ်မှန်သောစကားကိုဖြစ်စေပြောမည်။

၃။ သိမ်သိမ်မွေ့မွေ့ဖြစ်စေ၊ ကြမ်းကြမ်းတမ်းတမ်းဖြစ်စေပြောမည်။

၄။ အကျိုးသင့်အကြောင်းသင့်ဖြစ်စေ၊ အကျိုးသင့်အကြောင်းသင့် မဟုတ်ဘဲဖြစ်စေ ပြောမည်။

၅။ မေတ္တာစိတ်ဖြင့်ဖြစ်စေ၊ ဒေါသစိတ်ဖြင့်ဖြစ်စေပြောမည်။

ချစ်သားရဟန်းတို့ .....

ထိုသို့ စကားပြောပုံပြောနည်းငါးမျိုးဖြင့် ပြောဆိုလာရာ၌ သင်တို့သည် ဤသို့ ကျင့်သုံးရမည်။ သူ့ပြောဆိုချက်ကြောင့် သင်တို့သည် စိတ်တစ်မျိုးတမည် မဖြစ်လေနှင့်။ ယုတ်ညံ့သော စကားဖြင့်လည်း မတုန့်ပြန်လေနှင့်။ သူ့အကျိုးစီးပွားကို ငဲ့ညှာလျက် မေတ္တာစိတ်ထားကာ စိတ်မဆိုးဘဲနေကြကုန်။

ထိုပုဂ္ဂိုလ်အပေါ်၌လည်း မေတ္တာစိတ်ပို့လွှတ်၍ နေကြကုန်။ ထိုပုဂ္ဂိုလ်ကို "မူ" ထား၍ တစ်လောကလုံးရှိ သတ္တဝါအားလုံးတို့အပေါ် မေတ္တာစိတ်ပွားများလျက် ရန်ပြုလိုမှု၊ ဒုက္ခဖြစ်စေလိုမှုကင်းသော အပိုင်းအခြားမရှိ။ ကျယ်ပြန့်သော မေတ္တာစိတ်ကို ဖြန့်ကြက်ထုံမွှမ်းနေကြကုန်အံ့။

(မူလပဏ္ဏာသ၊ ၃–ဩပမ္မဝဂ်၊ ၁– ကကစူပမသုတ်တော်မှ)

http://www.dhammadownload.com

အခန်း(၁၁)

စိတ်စင်ကြယ်ခြင်း

ဘုရားရှင်တို့၏အဆုံးအမ

မကောင်းမှု ဟူသမျှကို မပြုလုပ်ခြင်း၊ ကုသိုလ်ကောင်းမှုတို့နှင့် ပြည့်စုံစေခြင်း၊ မိမိ၏စိတ်ကို စင်ကြယ်စေခြင်းတို့ကား မြတ်ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

http://www.dhammadownload.com

စိတ်စင်ကြယ်ခြင်း

မြတ်ဗုဒ္ဓသာသနာတော်၌ စိတ်သည် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံးဖြစ်ပေရာ စိတ်ကို အမြင့်မြတ်ဆုံး၊ အစင်ကြယ်ဆုံး ဖြစ်ရန် ကျင့်နည်းကျင့်စဉ်များသည်လည်း မြတ်ဗုဒ္ဓသာသနာတော်၌သာ ရှိသည်မှာထင်ရှား၏။ စိတ်ကိုအမြင့်မြတ်ဆုံး၊ အစင်ကြယ်ဆုံး ဖြစ်အောင် ကျင့်နည်းများကို သတိပဋ္ဌာန်လေးပါးအခန်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပေရာ ယခုအခန်းတွင် စိတ်စင်ကြယ်ခြင်းနှင့် ပတ်သက်သော သိသင့်သိအပ်သော သိမှတ်ဖွယ် အချို့ကိုသာ ဖော်ပြမည်ဖြစ်ပါသည်။

တရားအားထုတ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရန် ရည်သန်သူများအဖို့ စိတ်စင်ကြယ်ရန်မှာ အရေးကြီးဆုံးနှင့် အခြေခံ အကျဆုံးဖြစ်၏။ စိတ်မစင်ကြယ်ပါက ကိလေသာလည်း မစင်သေးဟုမှတ်။ ကိလေသာမစင်ပါက စိတ်၏တည်ကြည်ခိုင်ခံ့မှု သမာဓိအားမကောင်းနိုင်။ သမာဓိအားမကောင်းပါက တရားထူးရရန် အလွန်ခဲယဉ်း၏။ ထို့ပြင် လောကီ၊ လောကုတ္တရာတွင်လည်း မကောင်းကျိုးများခံစားရတတ်၏။

ဘဝကို ပြုပြင်ဖန်တီးနေသည့် တရားလေးပါးဖြစ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် စိတ်သည်ပါဝင်နေပြန်၏။ ထို့ကြောင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရည်သန်သူများသည် မိမိ၏စိတ်စင်ကြယ်မှု ရှိ မရှိကို အမြဲတမ်း မည္ဘာမတာ မိမိကိုယ်ကို ဆန်းစစ်တိုင်းတာမှုများ ပြုနေအပ်၏။

စင်ကြယ်မှု မရှိသေးသောစိတ်ကို သီလ၊ သမာဓိ၊ ပညာတည်း ဟူသော သိက္ခာသုံးပါးဖြင့် အစဉ်ဆေးကြော သန့်စင်နေရမည်။ သို့မှသာ စိတ်၏အခြေအနေ အဆင့်အတန်းတိုးတက်မြင့်မားလာကာ သဲသရာအရေးမှာ ကောင်းကျိုးတွေပေးနိုင်လိမ့်မည် ဖြစ်ပါသည်။

စိတ်ကိုညစ်ထေးစေသောဥပက္ကိ လေသတရား(၁၆)ပါး

၁။	အဘိဇ္ဈာဝိသမလောဘ	.....	မသင့်မတော်၊ မလျော်ကန်သော တပ်မက်လိုချင်မှု၊
၂။	ဗျာပါဒ	.....	သူတစ်ပါး သေကြေပျက်စီးအောင် ကြံစည်ခြင်း၊
၃။	ကောဓ	.....	အမျက်ထွက်ခြင်း၊
၄။	ဥပနာဟ	.....	ရန်ငြိုးဖွဲ့ခြင်း၊
၅။	မက္ခ	.....	သူတစ်ပါး ပြုပေးဖူးသော ကျေးဇူးကို ချေဖျက်ပစ်ခြင်း၊ (ကျေးဇူးကန်းခြင်း စသည်)

http://www.dhammadownload.com

၆။	ပဠာသ	.....	သူတစ်ပါးဂုဏ်ကျေးဇူးကို အဖျင်း အညံ့ပြုခြင်း၊ (ဂုဏ်တု ဂုဏ်ပြိုင် လုပ်ခြင်း စသည်)
၇။	ကုဿာ	.....	သူတစ်ပါး ပြည့်စုံချမ်းသာ ဂုဏ်သရေရှိမှုတို့ကို ငြူစူစောင်း မြောင်းခြင်း၊ မနာလိုခြင်း၊
၈။	မစ္ဆရိယ	.....	မိမိ စည်းစိမ် ချမ်းသာကို သူတစ်ပါးနှင့် မစပ်ယှက်လိုဘဲ လျှို့ဝှက်ခြင်း၊ သူတစ်ပါး မိမိကဲ့သို့ ချမ်းသာ ကောင်းစားမည်ကို ဝန်တိုခြင်း။
၉။	မာယာ	.....	မိမိ၏ အပြစ်အနာဆာကို ဖုံးလွှမ်းခြင်း၊
၁၀။	သာဒ္ဒေယျ	.....	စဉ်းလဲကောက်ကျစ်ခြင်း၊ (မဟုတ်သည်ကို အဟုတ်ထင်အောင် လှည့်ပတ်ခြင်း၊ လှည့်စားခြင်း၊ ဖြားယောင်းခြင်း၊သိမ်းသွင်းခြင်းစသည်)
၁၁။	ထမ္ဘ	.....	သစ်တိုင် ကျောက်တိုင်ကဲ့သို့ မျက်နှာထားတင်းမာခြင်း၊
၁၂။	သာရမ္ဘ	.....	အနှောင့်အယှက်ပြုခြင်း၊ ချုပ်ချယ်ခြင်း၊
၁၃။	မာန	.....	ထောင်လွှားခြင်း၊
၁၄။	အတိမာန	.....	လွန်စွာတက်ကြွ ထောင်လွှားခြင်း၊
၁၅။	မဒ	.....	ကာမဂုဏ်တို့၌ ယစ်မူးခြင်း၊
၁၆။	ပမာဒ	.....	ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း။

ဤစိတ်ကို ညစ်ထေးစေသော တရားများသည် ဒုဂ္ဂတိအကျိုးကိုသာပေးစေတတ်၏။ ထို့ကြောင့် မိမိစိတ်ကို ဤတရားတို့မှ စင်ကြယ်စေရာ၏။

အာမဂန္ဓပုဂ္ဂိုလ်များ

မြတ်ဗုဒ္ဓသည် အာမဂန္ဓသုတ်တော်တွင် အာမဂန္ဓပုဂ္ဂိုလ်များ (စိတ်အညစ်အကြေးမကင်းစင်သော ပုဂ္ဂိုလ်များ)အဖြစ် အောက်ပါတို့ကို ဟောကြားတော်မူခဲ့၏။

၁။ မိန်းမလိုက်စားသူ၊ ၂။ ရသာရုံလိုက်စားသူ၊ ၃။ အပြစ်မကင်းသော အသက်မွေးမှုပြုသူ၊ ၄။ အလှူသည် အကျိုးမရှိဟုစွဲယူသူ၊ ၅။ ဒုစရိုက်တရားဆယ်ပါးကို ကျင့်ကြံအားထုတ်သူ၊ ၆။ မှားသောအယူကိုစွန့်နိုင်ရန် ခဲယဉ်းသူ ၊ ၇။ ခေါင်းပါးစွာကိုယ်ပင်ပန်းအောင်ကျင့်သူ၊ ၈။ ကြမ်းကြုတ်၍ အပြောအဆိုခက်သူ၊ ၉။ မျက်မှောက်ချိုသာ

http://www.dhammadownload.com

၍ ကွယ်ရာအပြစ် ဆိုသူ၊ ၁၀။ မိတ်ဆွေကောင်း၌ပြစ်မှားသူ၊ ၁၁။ ကရဏာရှိသယောင်နှင့် အကျိုးမဲ့ဆောင်သူ၊ ၁၂။ အထင်ကြီးလွန် မာန်တံခွန်ထောင်သူ၊ ၁၃။ လှုဒါန်းပေးကမ်းလေ့ မရှိသူ။ ၁၄။ တောင်းခံသော်လည်း ရှိလျက်မပေးရက်သဖြင့် ပြိတ္တာဘက်သို့ ကူးပြောင်းသူ၊ ၁၅။ ဒေါသကြီးသူ၊ ခက်ထန်သူ၊ ဆန့်ကျင်ဘက်ပြုသူ၊ ၁၆။ မာယာဖြင့် အပြစ်ကိုဖုံးကွယ်သူ၊ ၁၇။ သူတစ်ပါး ကောင်းစားသည်ကို မမြင်လိုသူ၊ ၁၈။ မိမိကိုယ်ကိုမြှောက်ပင့်သူ၊ ၁၉။ သူ့ထက်ကဲသာလွန်အောင် မတရားသဖြင့် လုံ့လပြုသူ၊ ၂၀။ သူတော်ကောင်းကိုမပေါင်းသင်းသူ၊ ၂၁။ ယုတ်မာသောအကျင့်ရှိသူ။ ၂၂။ ကြွေးမြီ ယူ၍ပြန်မပေးဆပ်သူ၊ ၂၃။ တံစိုးလက်ဆောင်စား၍ မတရားဆုံးဖြတ်သူ၊ ၂၄။ သီလ မရှိဘဲရှိဟန်ပြသူ (ဓမ္မမရှိဘဲ ရှိဟန်ပြသူ)၊ ၂၅။ မိဘ၊ ဆရာ၊ ရဟန်းတို့အား ယုတ်မာ ကြမ်းကြုတ်မှုပြုသူ၊ ၂၆။ သတ္တဝါများအပေါ် မေတ္တာမထားသူ၊ (မေတ္တာကင်းမဲ့သူ) ၂၇။ သူတစ်ပါးဥစ္စာကို ချမ်းသာပေးပါဟု တောင်းပန်သော်လည်း ရိုက်နှက်လုယက်သူ၊ ၂၈။ ကိုယ်ကျင့်သီလပျက်သူ၊ ၂၉။ ဆဲရေးသူ၊ ၃၀။ ရိုသေထိုက်သူကို ရိုသေခြင်း မရှိသူ။

ဤအာမဂန္ဓ ပုဂ္ဂိုလ်များတွင် မိမိမပါဝင်စေရန် တစ်နည်းအားဖြင့် မိမိ၏စိတ်တွင် အညစ်အကြေးများ လုံးဝ ကင်းစင်စေရန် အာမဂန္ဓဖြစ်ကြောင်း အကြောင်းရင်းဖြစ်သော ရာဂ၊ ဒေါသ၊ မောဟတရားများကို ရှောင်ကြဉ်ခြင်းဖြင့် မိမိ၏ စိတ်အညစ်အကြေးများကို သုတ်သင် ဖယ်ရှားကြရမည်။ မိမိ၏ စိတ်သည် ဖော်ပြပါအချက်များအနက် တစ်ချက် ချက်နှင့် ပြည့်စုံနေပါက စိတ်စင်ကြယ်မှု မပြည့်စုံသေးကြောင်း မှတ်ယူရမည်။

သံလေခိတဗွတရား(၄၄)ပါး

ကိုယ့်သန္တာန်မှ ပယ်ရှားစွန့်ပစ်အပ်သော အကုသိုလ်တရား ၄၄ ပါးလည်းရှိသေး၏။ ယင်းတို့မှာ–

၁။ ဝိဟိ ံသက (ညှဉ်းဆဲနှိပ်စက်ခြင်း)၊

၂။ ပါဏာတိပါတာ (သူ့အသက်သတ်ခြင်း)၊

၃။ အဒိန္နာဒါန် (သူ့ဥစ္စာခိုးခြင်း)၊

၄။ အဗြဟ္မစရိယ(မေထုန်မှိုဝဲခြင်း)

၅။ မုသာဝါဒါ (လိမ်ညာပြောဆိုခြင်း)

၆။ ပိသုဏဝါစာ (သူတစ်ပါး အကျိုးပျက်အောင် ကုန်းချောခြင်း)

http://www.dhammadownload.com

၇။ ဖရုသဝါစာ (ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်း)
၈။ သမ္ဖပ္ပလာပဝါစာ (မဂ်ဖိုလ်နှင့် ဖိလာစကားကို ပြောဆိုခြင်း)
၉။ အဘိဇ္ဈာ (သူတစ်ပါးစည်းစိမ်ကို မိမိစည်းစိမ် ဖြစ်စေလိုခြင်း)
၁၀။ ဗျာပါဒ (သူတစ်ပါး သေကြေပျက်စီးအောင် ကြံစည်ခြင်း)
၁၁။ မိစ္ဆာဒိဋ္ဌိ (မှားသောအယူရှိခြင်း)
၁၂။ မိစ္ဆာသင်္ကပ္ပ (မကောင်းသောကြံစည်မှု)
၁၃။ မိစ္ဆာဝါစာ (မကောင်းသောပြောဆိုမှု)
၁၄။ မိစ္ဆာကမ္မန္တ (မကောင်းသောပြုလုပ်မှု)
၁၅။ မိစ္ဆာအာဇီဝ (မကောင်းသောအသက်မွေးမှု)
၁၆။ မိစ္ဆာဝါယမ (မကောင်းသောအမှုဌ လုံ့လပြုခြင်း)
၁၇။ မိစ္ဆာဉာဏ် (မောဟ) (မကောင်းမှုကို ကောင်းမှုထင်မှတ်နေခြင်း)
၁၈။ မိစ္ဆာဝိမုတ္တိ (သံသရာမှ လွတ်မြောက်ကြောင်း မဟုတ်သောတရားစု)
၁၉။ ထိနမိဒ္ဓ ပရိယုဋ္ဌိတ (စိတ်ထိုင်းမှိုင်းခြင်း)
၂၀။ ဥဒ္ဓစ္စ (စိတ်ပျံ့လွင့်ခြင်း)
၂၁။ ဝိစိကိစ္ဆာ (ရတနာသုံးပါးအပေါ်၌ ယုံမှားသံသယဖြစ်ခြင်း)
၂၂။ ကောဓ (ဒေါသမျက်ထွက်ခြင်း)
၂၃။ ဥပနာဟ (ရန်ငြိုးဖွဲ့ခြင်း)
၂၄။ မက္ခ (ကျေးဇူးမသိတတ်မှု)
၂၅။ ပဠာသ (ဂုဏ်ပြိုင်မှု)
၂၆။ ဣဿာ (ငြူစူမှု)
၂၇။ မစ္ဆရိယ (ဝန်တိုမှု)
၂၈။ မာယာ (လှည့်ပတ်ဖြားယောင်းခြင်း)
၂၉။ သာဌေယျ (စဉ်းလဲခြင်း)
၃၀။ ထမ္ဘ (ခက်ထန်မှု)
၃၁။ အတိမာန (အလွန်အကဲကြွားခြင်း)

http://www.dhammadownload.com

၃၂။ ဒုဗ္ဘစ (ဆိုဆုံးမရန်ခက်ခြင်း)
၃၃။ ပါပမိတ္တ (မိတ်ဆွေကောင်းမရှိသူ)
၃၄။ ပမတ္တ (ကောင်းမှုတို့၌မေ့လျော့ခြင်း)
၃၅။ အသဒ္ဓ (သဒ္ဓါတရားမရှိသူ)
၃၆။ အဟိရီက (မကောင်းမှုမှမရှက်ခြင်း)
၃၇။ အနောတ္တပ္ပ (မကောင်းမှုမှမထိတ်လန့်ခြင်း)
၃၈။ အပ္ပသုတ (အကြားအမြင်မရှိသူ)
၃၉။ ကုသိတ (အပျင်းထူခြင်း)
၄၀။ မုဋ္ဌဿတိ (သတိပျက်ခြင်း)
၄၁။ ဒုပ္ပညာ (ပညာနည်းသူ)
၄၂။ သန္ဒိဋ္ဌ ပရာမာသီ (အမှားယူခြင်း)
၄၃။ အာဒါနဂ္ဂါဟီ (အမှားကိုစွဲနေခြင်း)
၄၄။ ဒုပ္ပဋိ နိဿဂ္ဂီ (မှားကြောင်းဟောပြောသော်လည်းမစွန့်နိုင်မှု)။

မစ္ဆရိယတရား(၅)ပါး

၁။ အာဝါသမစ္ဆရိယ ..... အိမ်၊ ကျောင်း၊ တိုက်တာ၊ နေရာထိုင်ခင်းတို့၌ ဝန်တိုခြင်း။
၂။ ကုလမစ္ဆရိယ ..... မိမိ၏ဆွေမျိုးဉာတိ၊ တပည့်ဒကာ၊ ဒကာမတို့၏ သူတစ်ပါးထံ ဆက်ဆံပေါင်းသင်း ကြည်ညိုမှုကို ဝန်တိုခြင်း။
၃။ လာဘမစ္ဆရိယ ..... ပစ္စည်းလာဘ်လာဘ၌ဝန်တိုခြင်း။
၄။ ဝဏ္ဏမစ္ဆရိယ ..... ကိုယ်အဆင်းဂုဏ်သတင်း၌ ဝန်တိုခြင်း။
၅။ ဓမ္မမစ္ဆရိယ ..... မိမိတတ်သိ လိမ္မာသော အတတ် ပညာ၌ ဝန်တိုခြင်း။

http://www.dhammadownload.com

ဝိတက်ဆိုး(၃)ပါး

မကောင်းကြံစည်ခြင်း(၃)ပါးမှာ-

၁။ ကာမဝိတက် .... ကာမဂုဏ်၌ကြံစည်ခြင်း။

၂။ ဗျာပါဒဝိတက် ..... သူတစ်ပါးအား သေကြေ၊ ပျက်စီးကြောင်း ကြံစည်ခြင်း။

၃။ ဝိဟိံသဝိတက် .... သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ခြင်းငှာ ကြံစည်ခြင်း။

အကုသိုလ်စေတသိက်(၁၄)ပါး

လူတို့၏စိတ်ကိုညစ်ထေးစေသော အကုသိုလ်စေတသိက်များမှာ-

၁။ မောဟ ..... တွေဝေမိုက်မဲခြင်း။

၂။ အဟီရိက ..... မကောင်းမှုမှမရှက်ခြင်း။

၃။ အနောတ္တပ္ပ ..... မကောင်းမှုမှမထိတ်လန့်ခြင်း။

၄။ ဥဒ္ဓစ္စ ..... စိတ်ပျံ့လွင့်ခြင်း။

၅။ လောဘ ..... လိုချင်တပ်မက်ခြင်း။

၆။ ဒိဋ္ဌိ ..... အယူမှားခြင်း။

၇။ မာန ..... ထောင်လွှားခြင်း။

၈။ ဒေါသ ..... အမျက်ထွက်ခြင်း။

၉။ ဣဿာ ..... သူတစ်ပါး ကောင်းစားနေသည်ကို မနာလိုခြင်း၊ ငြူစူခြင်း။

၁၀။ မစ္ဆရိယ ..... မိမိကဲ့သို့ သူတစ်ပါးကောင်းစားမည်ကို ဝန်တိုခြင်း။

၁၁။ ကုက္ကုစ္စ ..... စိုးရိမ်ပူပန်ခြင်း၊ နောင်တတစ်ဖန် ပူဆွေးခြင်း၊ နှလုံးမသာယာခြင်း။

၁၂။ ထိန ..... စိတ်ထိုင်းမှိုင်းခြင်း။

၁၃။ မိဒ္ဓ ..... စိတ်ပျံ့လွင့်ခြင်း။

၁၄။ ဝိစိကိစ္ဆာ ..... ရတနာသုံးပါးအပေါ်၌ ယုံမှားသံသယဖြစ်ခြင်း။

http://www.dhammadownload.com

စိတ်အလှဆင်စရာ သြဝါဒဒေသနာ

မြတ်ဗုဒ္ဓ၏ စိတ်အလှဆင်စရာ သြဝါဒဒေသနာတော်မှာ

၁။ အလုံးစုံသော မကောင်းမှုကို မပြုလုပ်ခြင်း။

၂။ ကုသိုလ်ကောင်းမှု မှန်သမျှကို ဆည်းပူးပြည့်စုံစေခြင်း။

၃။ ယင်းနှစ်ပါးပြည့်စုံစေခြင်းအားဖြင့် မိမိ၏ စိတ်ကို ဖြူစင်လှပစေနိုင်ခြင်း။

မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ဤတရား(၃)ပါးဖြင့် ပြည့်စုံသော ဝိသုဒ္ဓိ(၇)ပါး၊ ဉာဏ်စဉ်(၁၀)ပါးတို့ကိုတက်၍ မဂ်တရား၊ ဖိုလ်တရားထူးများ ရရှိနိုင်၏။

ဝိဆေကတရား (၃)ပါး

ကိလေသာတို့မှ ဆိတ်သုဉ်းခြင်းတရား(၃)ပါးမှာ–

၁။ ကာယဝိဝေက ..... ကိုယ်၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော အပေါင်းအသင်း၊ တပည့်သားမြေး စသည့် ကာမဂုဏ်တရားတို့မှ ကင်းကွာစွာနေခြင်း။

၂။ စိတ္တဝိဝေက ..... စိတ်၏ ဆိတ်ငြိမ်ခြင်းဟုဆိုအပ်သော သမာပတ်ရှစ်ပါးဝင်စားခြင်း၊ ကမ္မဋ္ဌာန်းဝိပဿနာတရားအားထုတ်နေခြင်း။

၃။ ဥပဓိဝိဝေက ..... သန္တိသုခအေးမြဆိတ်ငြိမ်ရာ နိဗ္ဗာန်တရားမြတ်ကို ဖိုလ်စိတ်ဖြင့်ဝင်စားကာ အာရုံပြုနေခြင်း။

စိတ်ကို ကောင်းမွန်စင်ကြယ်အောင်စောင့်ရှောက်နိုင်သော တရား(၆)ပါး

၁။ ဗုဒ္ဓါနုဿတိ ..... နေ့ရောညဉ့်ပါ ဘုရားဂုဏ်ကိုအာရုံပြုပြီး ဖြစ်သည့်သတိရှိသူ ဘုရားတပည့်သားသည် အခါခပ်သိမ်း ကောင်းစွာနိုးကြားနေရခြင်း။

၂။ ဓမ္မာနုဿတိ ..... နေ့ရောညဉ့်ပါတရားဂုဏ်ကို အာရုံပြုပြီး ဖြစ်သည့်သတိရှိသူ ဘုရားတပည့်သားသည် အခါ ခပ်သိမ်း ကောင်းစွာနိုးကြားနေရခြင်း။

၃။ သံဃာနုဿတိ ..... နေ့ရောညဉ့်ပါ သံဃာ့ဂုဏ်ကို အာရုံပြုပြီး ဖြစ်သည့်သတိရှိသူ ဘုရားတပည့်သားသည် အခါခပ်သိမ်း ကောင်းစွာနိုးကြားနေရခြင်း။

http://www.dhammadownload.com

၄။ ကာယဂတာသတိပဋ္ဌာန် .... နေ့ရောညဉ့်ပါ ၃၂-ကောဋ္ဌာသကို အာရုံပြုပြီး ဖြစ်သည့် သတိရှိသူ ဘုရားတပည့်သားသည် အခါခပ်သိမ်း ကောင်းစွာနိုးကြားနေရခြင်း။

၅။ ကရဏာဘာဝနာ ..... နေ့ရောညဉ့်ပါ မညှဉ်းဆဲမှု ကရဏာ ဘာဝနာမှာ မွေ့လျော်စိတ်ရှိသူ ဘုရားတပည့်သားသည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားနေရခြင်း။

၆။ မေတ္တာဘာဝနာ ..... အခါခပ်သိမ်း မေတ္တာဘာဝနာမှာ မွေ့လျော်စိတ်ရှိသူ ဘုရားတပည့် သားသည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားနေရခြင်း။

သိမှတ်ဖွယ်။ ဤတရား(၆)ပါးဖြင့် မိမိစိတ်ကိုစင်ကြယ် ကောင်းမွန်စေရန် အခါခပ်သိမ်းပွားများ စောင့်ရှောက်ထားသူအတွက် အခြားအစောင့်အရှောက်များ၊ အဆောင်များ၊ ဆေးဝါး မန္တရားများ မလိုအပ်ပေ။ တစ်နည်းအားဖြင့် မိမိကိုယ်ကို အကောင်းဆုံးစောင့်ရှောက်ခြင်းလည်း မည်၏။

စိတ်ကိုစောင့်ရှောက်ခြင်း

မိမိအကျိုးစီးပွားကို အလိုရှိဟ သူသည် အချက်လေးခုဌ် မမေ့မလျော့သတိထားပြီး စိတ်ကို စောင့်ရှောက်ရမည်။ အဘယ်အချက် လေးခုနည်းဆိုသော်-

၁။ တပ်မက်စရာအာရုံတို့ဌ် ငါ့စိတ်သည် မတပ်မက်စေလင့်ဟု မမေ့မလျော့သတိထားပြီးစိတ်ကို စောင့်ရှောက်ရမည်။

၂။ အမျက်ထွက်စရာကိစ္စတို့ဌ် ငါ့စိတ်သည် အမျက်မထွက်စေလင့်ဟု သတိထားပြီး စိတ်ကိုစောင့်ရှောက်ရမည်။

၃။ တွေဝေစရာကိစ္စတို့ဌ် ငါ့စိတ်သည် မတွေဝေစေလင့်ဟု မမေ့မလျော့သတိထားပြီး စိတ်ကိုစောင့်ရှောက်ရမည်။

၄။ မာန်ယစ်စရာအကြောင်းတို့ဌ် ငါ့စိတ်သည် မာန်မယစ်စေလင့်ဟု မမေ့မလျော့ သတိထားပြီး စိတ်ကိုစောင့်ရှောက်ရမည်။

မိမိအကျိုး စီးပွားကို အလိုရှိသော သူသည် ဤအချက်လေးခုဌ် မမေ့မလျော့သတိထားပြီး စိတ်ကိုစောင့်ရှောက်ရမည်။

http://www.dhammadownload.com

နှလုံးသွင်းမှုန် – အကျိုးသန်

ကိလေသာအာသဝေါ လုံးဝ ကင်းစင်ပြီး ဖြစ်သော ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့သည် ကောင်းကျိုးပေးသော ကုသိုလ်ကိုလည်း စွန့်ပြီးဖြစ်၏။ မကောင်းကျိုးပေးသော အကုသိုလ်ကိုလည်း စွန့်ပြီးဖြစ်၏။ ကိလေသာမကင်းစင်နိုင်သေးသော ပုထုဇဉ်တို့မှာသာ ကောင်းသောကုသိုလ်ကောင်းမှုများ ပြုလုပ်မိတတ်သလို မကောင်းသောအကုသိုလ် ဒုစရိုက်မှုများကိုလည်း တစ်ခါတစ်ရံ ကျူးလွန်ပြုလုပ်မိတတ်၏။

သို့ဖြစ်၍လည်း မြတ်ဗုဒ္ဓက သမ္မပ္ပဓာန်ပါဠိတော်၌–

၁။ မဖြစ်သေးသောအကုသိုလ် ဒုစရိုက်တို့ကို မဖြစ်ပွားရလေအောင် လုံ့လ ပြုခြင်း။

၂။ ပြုမိ၊ ဖြစ်မိသော အကုသိုလ် ဒုစရိုက်တို့ကို ပယ်နိုင်အောင် လုံ့လပြုခြင်း။

၃။ မဖြစ်သေးသော ကုသိုလ်ကောင်းမှုတို့ကို ဖြစ်ပေါ်လာအောင်လုံ့လပြုခြင်း။

၄။ ဖြစ်ပြီး၊ ပြုပြီးသော ကုသိုလ်ကောင်းမှုတို့ကို တိုးပွားလာအောင် လုံ့လ ပြုခြင်း။

ဟူ၍သမ္မာဝါယာမအချက်(၄)ချက်ဖြင့် လောကီ၊ လောကုတ် ချမ်းသာရေးတရား တို့ကို ဟောကြားတော်မူခဲ့ပါ၏။

ဤတွင်ပုထုဇဉ်ပုဂ္ဂိုလ်တို့အနေဖြင့် ပြုမိဖြစ်မိတတ်သော အကုသိုလ် ဒုစရိုက်တရားဆိုးတို့ကို ပြုမိ၊ ဖြစ်မိသောအခါ ယင်းအကုသိုလ်ဒုစရိုက်အမှုတို့ကို ပယ်နိုင်အောင် ကြိုးစားလုံ့လပြုရန်မှာ အလွန်အရေးကြီးပါသည်။

အဘယ်ကြောင့်ဆိုသော် ပုထုဇဉ်တို့သည် အကုသိုလ် ဒုစရိုက်မှု ပြုမိ၊ ဖြစ်မိသောအခါ "ငါလုပ်မိလေခြင်း၊ ပြုမိလေခြင်း၊ ဖြစ်မိလေခြင်း" ဟုနောင်တ တစ်ဖန် ဖြစ်ကာ မိမိ၏စိတ်အာရုံ၌ ကုက္ကုစ္စ (စိတ်ပူပန်ခြင်း) ဟူသော အကုသိုလ်တရားဆိုးကြီး သည် ပေါ်ပေါက်လာပေသည်။ ဆက်လက်၍ ကုက္ကုစ္စ ဖြစ်ပါများလျှင် ဝိပ္ပဋိသာရ (ဒေါမနဿဝေဒနာ)တရားဆိုးကြီးသည် နောက်ဆက်တွဲ ပေါ်ပေါက်လာရပြန်သည်။

မူလက မိမိပြုမိခဲ့၊ ဖြစ်မိခဲ့သော အကုသိုလ်ကံဒုစရိုက်သည် မိမိအား အပါယ်ဘုံသို့ တွန်းရောင်းငှာလည်းကောင်း၊ နတ်ရွာသုဂတိသို့ လာရောက်၍ အနှောင့် အယှက်ဖြစ်ခြင်းငှာလည်းကောင်း၊ မင်္ဂိုလ်နိဗ္ဗာန်ရရှိရေးအတွက် အတားအဆီး အလို့ငှာ လည်းကောင်း စွမ်းနိုင်ချင်မှ စွမ်းနိုင်ပေမည်။ သို့သော် မိမိစိတ်၌ဖြစ်ပေါ်လာသော နောက်ဆက်တွဲတရားဆိုးကြီးနှစ်ပါးဖြစ်သည့် ကုက္ကုစ္စနှင့် ဝိပ္ပဋိသာရတို့ကြောင့် မိမိမှာ အချိန်မရွေး အပါယ်သို့ ကျသွားနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်သည်။

F.28.CA

http://www.dhammadownload.com

ကဿပဘုရားရှင်လက်ထက်တော်က တောနေရဟန်းတစ်ပါးသည် လှေဖြင့် ခရီးသွားစဉ် ပိန်းပင်လေးတစ်ပင်ကိုအမှတ်တမဲ့ ဆွဲမိလေရာ ပိန်းရွက်လေးပြတ် သွားလေ၏။ ထိုရဟန်းလည်း မိမိအမှတ်တမဲ့ ကျူးလွန်မိသော အပေါ့စားအာပတ် သင့်ခြင်းကို ကုစားလိုသော်လည်း အခြားရဟန်းတစ်ပါးမရှိ၍ ဒေသနာမကြားနိုင်ခဲ့ပေ။ ထိုရဟန်းသည်နှစ်ပေါင်းများစွာ တောရဆောက်တည်ပြီး သက်တမ်းကုန်၍ပျံလွန်တော်မူခါနီးတွင် မိမိပြုမိခဲ့သည့် ပိန်းရွက်ပြတ်ခဲ့ခြင်းကြောင့် ဖြစ်ရသော အာပတ်ကိုမကုစား ဒေသနာမကြားခဲ့ရခြင်းအား [illegible]နှင့်လည်စဉ်းစားမိရာမှ ကုက္ကစ္စ၊ ဝိပ္ပဋိသာရအကုသိုလ် တရားဆိုးများ ဖြစ်ပေါ်လာလေ၏။ ယင်းတရားဆိုး နှစ်ပါး၏ အကုသိုလ်ဇောစိတ်ကြောင့် ပျံလွန်တော်မူသောအခါ နဂါးကြီးဖြစ်သွားပြီး အပါယ်လေးဘုံသို့ လားရောက်ရလေ၏။

ထို့ပြင် မြတ်စွာဘုရားလက်ထက်တော်က သင်္ကန်းမဝတ်ရလျှင် အစာငတ်ခံပြီး အသေကြဲမည်ဟု ဆန္ဒပြု၍ ရဟန်းပြုခွင့်ရခဲ့သော ရှင်သုဒိန်သည်လည်း မိဘများနားပူနားဆာလုပ်သည့်အတွက် သားသမီးရအောင် ဇနီးဟောင်းနှင့် မေထုန်မှီဝဲမိလေသည်။ ယင်းအချိန်က ဘုရားရှင်မှာ ပထမပါရာဇိကသိက္ခာပုဒ်ကို မပညတ်ရသေး၍ ယင်းသိက္ခာပုဒ်နှင့် မငြိစွန်းသေးပေ။ နောက်မှသာ ရှင်သုဒိန်ကိုအကြောင်းပြု၍ ပထမပါရာဇိက သိက္ခာပုဒ်တော်ကို ပညတ်ခြင်းဖြစ်၏။ သို့သော် ရှင်သုဒိန်သည် "ဤအမှုကို ငါပြုမိလေခြင်း၊ လုပ်မိလေခြင်း"ဟူ၍ ကုက္ကစ္စ၊ ဝိပ္ပဋိသာရ အကုသိုလ် တရားဆိုးများဖြစ်ပေါ်လာသည့်အတွက် အကြောပြိုင်းပြိုင်းထ၍ ဒုက္ခိတလူမမာကြီးဖြစ်ကာ မည်သည့်တရားထူးမှ မရဘဲ အဆုံးရှုံးကြီး ဆုံးရှုံးခဲ့ရလေ၏။

မြတ်စွာဘုရားရှင် လက်ထက်ကောက်က အဂ္ဂိလိမာလသည် လူ့အသက်တစ်ထောင်မက သတ်ဖြတ်ခဲ့၍ ပါဏာတိပါတ အကုသိုလ်ကံများကို တစ်ထောင်မက ကျူးလွန်ခဲ့ပါသော်လည်း မြတ်ဘုရားရှင်ထံ တရားနာပြီးနောက် ကုက္ကစ္စ၊ ဝိပ္ပဋိသာရ တရားဆိုးများ မဖြစ်ပေါ်တော့ဘဲ ကိလေသာကင်းစင်၊ ရဟန္တာသူတော်စင်ကြီး တစ်ပါးဖြစ်သွားသောကြောင့် တစ်ချိန်က ကျူးလွန်မိခဲ့သော ပါဏာတိပါတ အကုသိုလ်ကံတို့သည် အကျိုးပေးခွင့်လုံးဝမရရှိခဲ့တော့ပေ။

ဤဥပမာများကို နှလုံးမူကာ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မလွဲသာမရှောင်သာ အကုသိုလ်ဒုစရိုက်မှုများ ကျူးလွန်မိခဲ့သည်ရှိသော် နောင်တတစ်ဖန်ပူပန်၍ ကုက္ကစ္စနှင့် ဝိပ္ပဋိသာရတရားဆိုး နှစ်ပါးမဖြစ်ပွားရလေအောင် "အမနသိကာရဝသေန" နှလုံးမသွင်းခြင်းအားဖြင့် ပယ်ခြင်းငှာပြုရပေမည်။

ထို့ကြောင့် မိမိပြုမိခဲ့၊ ဖြစ်မိခဲ့သော အကုသိုလ် ဒုစရိုက်မှု၏ အပြစ်ကိုဆင်ခြင်၊ ယင်းအမှုမျိုးနောင်တွင် မပြုလုပ်တော့ဟု ဆုံးဖြတ်၊ မပြုလုပ်မိအောင်လည်း

B.B.S

http://www.dhammadownload.com

အထူးရှောင်ကြဉ်ခြင်းအားဖြင့် အကုသိုလ်ကံတို့ကို ပယ်ရာရောက်သည်ဟု မြတ်ဘုရားရှင် ဟောကြားတော်မူခဲ့ပါ၏။

သို့ဖြစ်၍ ကိလေသာမကင်းစင်သေးသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အစဉ်အမြဲ မျက်မှောက်ကိုသာရှု၍ သတိပဋ္ဌာန်တရားလေးပါးဖြင့် မိမိ၏စိတ်ကို အကုသိုလ် ကိလေသာ တရားဆိုးများမှ ကင်းစင်အောင် ဆေးကြောသန့်စင်နေရမည်။ သို့မှသာ မိမိ၏စိတ်အာရုံသို့ ကုက္ကုစ္စလည်းမလာ၊ ဝိပ္ပဋိသာရလည်း မကပ်နိုင်တော့၍ ကုသိုလ်ဓမ္မန်၊ အကျိုးပေးသန်ကြမည်သာ ဖြစ်ပေသည်။

http://www.dhammadownload.com

အခန်း (၁၂)

ကံ

ကံ၏အကျိုး

အကြင်မျှလောက်သော ကာလပတ်လုံး မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုမျှလောက်သော ကာလပတ်လုံး သူမိုက်သည် မကောင်းမှုကို ပျားသကာကဲ့သို့ မှတ်ထင်၏။ အကြင်အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ ဆင်းရဲခြင်းသို့ ရောက်ရ၏။

အကြင် ကံကိုပြုလုပ်ပြီး၍ နောင်တတစ်ဖန် ပူပန်ရ၏။ အကြင် ကံ၏အကျိုးကို မျက်ရည်စက်လက် ငိုကြွေးလျက် ခံစားရ၏။ ထိုကံမျိုးကို မပြုလုပ်ရာ။

အကြင် ကံကိုပြုလုပ်ပြီး၍ နောင်တ တစ်ဖန် ပူပန်ရခြင်းမရှိ၊ အကြင်ကံ၏ အကျိုးကို နှစ်သက်ဝမ်းမြောက်လျက်ခံစားရ၏။ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် ကောင်း၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ကံ

ကံဆိုသည်မှာ ကုသိုလ်မှု၊ အကုသိုလ်မှုတို့ကို ပြုလုပ်ရာ၌ ပြုလုပ်ဖြစ်အောင် စေ့ဆော်တိုက်တွန်းသော စေတနာကို ခေါ်သည်။

ကုသိုလ်

မိမိနှင့်သူတစ်ပါး နှစ်ဦးအနက် မည်သူကိုမျှ မထိခိုက် မနစ်နာစေသော အပြုအမူ၊ အပြောအဆို၊ အကြံအစည်တို့သည် အပြစ်ကင်းသော အမှုပင်ဖြစ်၏။ ထိုအပြစ်ကင်းသော အမှုသည်ပင်လျှင်ကုသိုလ်မည်၏။

အကုသိုလ်

မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ ထိခိုက် နစ်နာစေသောအပြုအမူ၊ အပြောအဆို၊ အကြံအစည်တို့သည် အပြစ်မကင်းသော အမှုပင်ဖြစ်၏။ ထိုအပြစ်မကင်းသော အမှုသည်ပင်လျှင် အကုသိုလ်မည်၏။

ကံစွမ်းအင်(၄)မျိုး

၁။ **ဇနကကံ**

ပြုခဲ့ဖူးသောကောင်းမှု၊ မကောင်းမှုစေတနာ အလုပ်ကံတို့သည် ပဋိသန္ဓေကာလ၌ ဖြစ်စေ၊ မျက်မှောက်ကာလတို့၌ ဖြစ်စေ အကျိုးဝိပါက် ဖြစ်နေသော စိတ်၊ စေတသိက်နှင့် ကံကြောင့်ဖြစ်သော ရုပ်၊ ကံအရင်းခံဖြစ်သော ဥတုကြောင့်ဖြစ်သည့် ရုပ်တို့ကို ထိုက်သင့်သလိုဖြစ်စေနိုင်၏။ ထိုသို့ဖြစ်စေနိုင်သော ကံသည် ဇနက ကံမည်၏။

၂။ **ဥပတ္ထမ္ဘကကံ**

ကိုယ်တိုင်က အကျိုးမပေးနိုင်သော်လည်း အခြားတစ်ပါးသော ကံကို အကျိုးပေးခွင့်ရအောင် အကျိုးပေးသန်အောင် ထောက်ပံ့ကူညီတတ်သော ကံသည် ဥပတ္ထမ္ဘကကံမည်၏။

၃။ **ဥပပီဠကကံ**

အခြားတစ်ပါးသောကံကို ဖြစ်ခွင့်မရအောင် အခွင့်ရပါကလည်း အကျိုးပေးမသန်အောင် တားဆီး နှိပ်စက်တတ်သောကံသည် ဥပပီဠကကံမည်၏။

http://www.dhammadownload.com

၄။ **ဥပဃာတကကံ**

အခြားတစ်ပါးသောကံကိုဖြစ်ခွင့်၊ အကျိုးပေးခွင့်မရအောင် တားဆီး နှိပ်စက်ရုံမက ထိုကံ၏ အကျိုးဆက် ပြတ်သွားအောင် ဖြတ်တောက် ပစ်သောကံသည် ဥပဃာတကကံမည်၏။

ကံတို့၏ အကျိုးပေးသက်ရောက်သည့် ကာလ(၄)မျိုး

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ ..... ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးသောကံ၊

၂။ ဥပပဇ္ဇဝေဒနီယကံ .... ဒုတိယဘဝ၌အကျိုးပေးသောကံ၊

၃။ အပရာပရိယဝေဒနီယ.....တတိယ ဘဝမှ နိဗ္ဗာန်ရသည့် တိုင်အောင် အခွင့်ရရာဘဝတို့၌ အကျိုးပေးသောကံ၊

၄။ အဟောသိကံ ..... အထက်ပါ ကံ သုံးမျိုးတို့သည် ယင်းတို့၏ သက်ဆိုင်ရာကာလတို့တွင် အကျိုးပေးခွင့် မရလျှင် ကံဖြစ်ရုံသာဖြစ်ပြီး အကျိုးမပေးဘဲ အချည်းနှီး ဖြစ်သွားသောကံ၊

အဘိဓမ္မာနည်းက (၁၆) ပါး

၁။ အချို့သောအကုသိုလ်ကံတို့သည် သမ္မတ္တိလေးပါး တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ကြကုန်။

၂။ အချို့သောအကုသိုလ်ကံတို့သည် ဝိပ္ပတ္တိလေးပါးသို့ရောက်၍ အကျိုးပေး ကြကုန်၏။

၃။ အချို့သောကုသိုလ်ကံတို့သည် ဝိပ္ပတ္တိလေးပါး တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ကြကုန်။

၄။ အချို့သော ကုသိုလ်ကံတို့သည် သမ္မတ္တိ လေးပါးသို့ရောက်၍ အကျိုးပေးကြကုန်၏။

ဤနည်းဖြင့် အကုသိုလ်ကံသည် သမ္မတ္တိလေးပါး၊ ဝိပ္ပတ္တိ လေးပါးတို့နှင့် စပ်၍ (၈)ပါး ရှိ၏။ ကုသိုလ်ကံသည်လည်း သမ္မတ္တိလေးပါး ဝိပ္ပတ္တိလေးပါးတို့နှင့် စပ်၍ (၈)ပါး ရှိ၏။ ထို့ကြောင့် အဘိဓမ္မာနည်းအရ ကံ(၁၆)ပါး ရှိသည်။

http://www.dhammadownload.com

သမ္မတ္တိလေးပါး

ကောင်းသောပြည့်စုံခြင်း (သမ္မတ္တိ) တရားလေးပါးမှာ–

၁။ ဂတိသမ္မတ္တိ ..... ကောင်းသောဂတိနှင့် ပြည့်စုံခြင်း၊ (လူနတ်၊ ဗြဟ္မာ လောကတို့၌ဖြစ်ရခြင်း)

၂။ ဥပဓိသမ္မတ္တိ ..... ကိုယ်အဆင်းသဏ္ဌာန်ပြည့်စုံလှပခြင်း၊

၃။ ကာလသမ္မတ္တိ ..... ကောင်းသောမင်း၊ ကောင်းသောလူတို့၏ အခါကာလ နှင့်ပြည့်စုံခြင်း၊

၄။ ပယောဂသမ္မတ္တိ ..... ကောင်းသောတရားတို့၌ လုံ့လပြုခြင်း ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းစွာ ကျင့်အပ်သော အကျင့်ကို ကျင့်ခြင်းနှင့် ပြည့်စုံခြင်း။

ဝိပွတ္တိလေးပါး

မကောင်းသောပြည့်စုံခြင်း (ဝိပွတ္တိ) တရားလေးပါးကို အခန်း(၁) ရတနာသုံးပါး ကန်တော့ခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သမ္မတ္တိတရားလေးပါးနှင့် ဆန့်ကျင်ဘက်တရားများဟု မှတ်ပါလေ။

(က) အချို့ အကုသိုလ်ကံများ သမ္မတ္တိလေးပါးတားမြစ်၍ အကျိုးမပေးပုံ

(၁) အကုသိုလ်ကံ ဂတိဝိပွတိ၊ ဂတိသမ္မတ္တိ။

ဂတိဝိပွတ္တိသို့ ရောက်ကုန်သော သူတို့အား ယင်းတို့ပြုလုပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံများက အကျိုးပေးကြကုန်၏။

အချို့သူများသည် မိမိပြုလုပ်ခဲ့သော အကုသိုလ်ကံများ ရှိခဲ့သော်လည်း တစ်ခုသော ကောင်းမှုကုသိုလ်ကံများ ရှိခဲ့သော်လည်း တစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ဂတိသမ္မတ္တိ (လူ့ပြည်၊ နတ်ပြည်) သို့ ရောက်ရှိခဲ့ပါက အချို့အကုသိုလ်ကံများသည် အကျိုးပေးခွင့် မရရှိပေ။

(၂) အကုသိုလ်ကံဥပဓိဝိပွတ္တိဥပဓိသမ္မတ္တိ။

ဥပဓိဝိပွတ္တိသို့ ရောက်ကုန်သော သူတို့အား ယင်းတို့ပြုလုပ်ခဲ့သော အကုသိုလ်ကံများသည် အကျိုးပေးကြကုန်၏။

http://www.dhammadownload.com

အချို့သောသူများသည် မကောင်းသောအကုသိုလ်ကံများ ပြုလုပ်ခဲ့သော်လည်း တစ်ခုသောကောင်းမှု ကုသိုလ်ကံကြောင့် ဥပဓိသမ္ပတ္တိသို့ ဆိုက်ရောက်ခဲ့ပါက အချို့အကုသိုလ်ကံများသည် အကျိုးပေးခွင့်မရပေ။

ဥပမာ– ကျွန်မဝမ်းမှဆင်းသက်လာသောသူ တစ်ဦးဖြစ်သော်လည်း တစ်ခုသောကောင်းမှုကြောင့် ဥပဓိသမ္ပတ္တိ (အတ္တဘောဇ၏ပြည့်စုံခြင်း၊ အဆင်းသဏ္ဌာန်လှပခြင်း၊ ကောင်းစွာတည်သောအင်္ဂါကြီးငယ်ရှိခြင်း)နှင့် ပြည့်စုံခဲ့သော် ယုတ်ညံ့သော အလုပ်မျိုး၌ မလုပ်ရဘဲကောင်းမြတ်သော အလုပ်မျိုးကိုသာ လုပ်ကိုင်ရတတ်၏။

(၃) **အကုသိုလ်ကံကာလဝိပ္ပတ္တိ၊ ကာလသမ္ပတ္တိ။**

ကာလဝိပ္ပတ္တိသို့ ဆိုက်ရောက်ခဲ့သောသူတို့အား ယင်းသို့ ပြုလုပ်ခဲ့သော အကုသိုလ်ကံများသည် အကျိုးပေးကြကုန်၏။

အချို့သူတို့သည် မကောင်းသော အကုသိုလ်ကံများ ပြုလုပ်ခဲ့သော်လည်း တစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ကာလသမ္ပတ္တိ (မင်းကောင်း၊ လူကောင်းတို့၏ လက်ထက်၌ဖြစ်ရခြင်း) သို့ ဆိုက်ရောက်ခဲ့ပါက အချို့အကုသိုလ်ကံများသည် အကျိုးပေးခွင့်မရပေ။

(၄) **အကုသိုလ်ကံပယောဂဝိပ္ပတ္တိ၊ ပယောဂသမ္ပတ္တိ။**

ပယောဂဝိပ္ပတ္တိသို့ ဆိုက်ရောက်ခဲ့သူတို့အား ယင်းတို့ပြုလုပ်ခဲ့သော အကုသိုလ်ကံများသည် အကျိုးပေးကုန်၏။

အချို့သူတို့သည် မကောင်းမှုအကုသိုလ်ကံများ ပြုလုပ်ခဲ့သော်လည်း တစ်ခုသော ကောင်းမှုကုသိုလ်ကြောင့် ပယောဂသမ္ပတ္တိ (သုစရိုက်တရား ဆယ်ပါးနှင့် ပြည့်စုံခြင်း) သို့ ဆိုက်ရောက်ခဲ့ပါက အကုသိုလ်ကံများသည် အကျိုးပေးခွင့် မရရှိပေ။

(၁) **အချို့အကုသိုလ်ကံများ ဝိပ္ပတ္တိလေးပါးသို့ရောက်၍ အကျိုးပေးပုံ**

(၅) **အကုသိုလ်ကံဂတိသမ္ပတ္တိ၊ ဂတိဝိပ္ပတ္တိ။**

ဂတိသမ္ပတ္တိသို့ရောက်ရှိခဲ့သောသူအား ယင်းပြုလုပ်ခဲ့သော အကုသိုလ်ကံ အချို့သည် အကျိုးပေးခွင့် မရရှိခဲ့ပေ။ ထိုသူသည် တစ်ခုသော အကုသိုလ်ကံကြောင့် ဂတိဝိပ္ပတ္တိ (အပါယ်လေးဘုံ)သို့ ဆိုက်ရောက်ခဲ့ပါက ယင်းပြုလုပ်ခဲ့သော အကုသိုလ်များသည် ကပ်ပါလာ၍ ကံမကုန်မချင်း တစ်ခုပြီးတစ်ခု အလှည့်ကျ အကျိုးပေးတော့၏။

http://www.dhammadownload.com

ဂတိသမ္မတ္တိ တားမြစ်ခဲ့၍ အကျိုးပေးခွင့်မရရှိခဲ့သော အကုသိုလ်ကံတို့သည်လည်း ယခုမှပင် အကျိုးပေးခွင့်ကြုံ၍ အကုသိုလ်ကံများ မကုန်မချင်းဆက်တိုက် အကျိုးပေးလေတော့သည်။ အကုသိုလ်ကံတစ်ခုကုန်သော် နောက်အကုသိုလ်ကံတစ်ခုက အကျိုးပေးပြန်၏။ ထို့ကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘဝတို့၌ ရှည်လျားစွာသော ကာလပတ်လုံး ခေါင်းမထောင်နိုင်အောင် အလှည့်ကျ ဖြစ်ကြကုန်၏။

(၆) **အကုသိုလ်ကံ ဥပဓိသမ္မတ္တိ၊ ဥပဓိဝိပ္ပတ္တိ။**

ဥပဓိသမ္မတ္တိသို့ ဆိုက်ရောက်နေသူအား ယင်းပြုလုပ်ခဲ့သော အကုသိုလ်ကံအချို့သည် အကျိုးပေးခွင့်မရရှိခဲ့ပေ။

ထိုသူသည် တစ်ခုသော အကုသိုလ်ကံကြောင့် ဥပဓိဝိပ္ပတ္တိ (မကောင်းသော အတ္တဘောရှိခြင်း၊ ကိုယ်လက်အင်္ဂါ မပြည့်စုံခြင်း၊ ရုပ်ဆင်းအင်္ဂါမွဲတေခြင်း) သို့ ဆိုက်ရောက်ခဲ့ပါက ဥပဓိသမ္မတ္တိ တားမြစ်ခဲ့၍ အကျိုးပေးခွင့်မရခဲ့သော မကောင်းမှု အကုသိုလ်ကံများနှင့်တကွ ထိုသူပြုလုပ်ခဲ့သော အကုသိုလ်ကံတို့သည် ကပ်ပါလာ၍ တစ်ခုစီတစ်ခုစီ ကံမကုန်မချင်း အလှည့်ကျ အကျိုးပေးတော့၏။

ဥပမာ– ကျွန်မ ဝမ်းမှ ဆင်းသက်ရပြီး ရုပ် အင်္ဂါချို့တဲ့ ကြောက်မက်ဖွယ် အဆင်းရှိခြင်း၊ ကိုယ်လက်အင်္ဂါမပြည့်စုံခြင်း များကြောင့် ယုတ်ညံ့သော ဘဝကိုသာရခြင်း၊ ယုတ်ညံ့သော အသက်မွေးမှုကိုသာရခြင်းကဲ့သို့ဖြစ်၏။

(၇) **အကုသိုလ်ကံကာလသမ္မတ္တိ၊ ကာလဝိပ္ပတ္တိ။**

ကာလသမ္မတ္တိသို့ ဆိုက်ရောက်ခဲ့သောသူအား ယင်းပြုလုပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံအချို့သည် အကျိုးပေးခွင့်မရခဲ့ပေ။

ထိုသူသည် တစ်ခုသောအကုသိုလ်ကံကြောင့်၊ ကာလဝိပ္ပတ္တိ (မကောင်းသော မင်း၊ မကောင်းသောလူတို့၏ကာလ)၌ ဖြစ်ခဲ့ပါက ယခင်က ကာလသမ္မတ္တိ တားမြစ်ခဲ့၍ အကျိုးပေးခွင့်မရခဲ့သော အကုသိုလ်ကံများသည် ကပ်ပါလာ၍ တစ်ခုစီတစ်ခုစီ ကံမကုန်မချင်းအလှည့်ကျ အကျိုးပေးတော့၏။

(၈) **အကုသိုလ်ကံပယောဂသမ္မတ္တိ၊ ပယောဂဝိပ္ပတ္တိ။**

ပယောဂသမ္မတ္တိသို့ ဆိုက်ရောက်ခဲ့သောသူအား ယင်းပြုလုပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံအချို့သည် အကျိုးပေးခွင့် မရခဲ့ပေ။

http://www.dhammadownload.com

ထိုသူသည် တစ်ခုသော အကုသိုလ်ကံကြောင့် ပယောဂဝိပ္ပတ္တိ (ဒုစရိုက်တရား ဆယ်ပါးနှင့်ပြည့်စုံခြင်း) သို့ ဆိုက်ရောက်ခဲ့ပါက ထိုသူပြုလုပ်ခဲ့သော ယခင်က အကျိုးပေးခွင့်မရရှိခဲ့သည့် အကုသိုလ်ကံများသည် ကပ်ပါလာ၍ တစ်ခုစီ တစ်ခုစီ ကံမကုန်မချင်း အလှည့်ကျ အကျိုးပေးတော့သည်။

(၈) **အချို့သောကုသိုလ်ကံများ ဝိပ္ပတ္တိလေးပါးတားမြစ်၍ အကျိုးမပေးပုံ**

(၉) **ကုသိုလ်ကံဂတိသမ္ပတ္တိ ဂတိဝိပ္ပတ္တိ။**

ဂတိသမ္ပတ္တိ၌ ဆိုက်ရောက်နေသော သူအား ယင်းပြုလုပ်ခဲ့သောကောင်းမှု ကုသိုလ်ကံများသည် အကျိုးပေးကြကုန်၏။

ထိုသူသည် တစ်ခုသောမကောင်းမှု အကုသိုလ်ကံကြောင့် ဂတိဝိပ္ပတ္တိ၌ ဖြစ်ခဲ့ပါက ထိုသူပြုလုပ်ခဲ့သော ကောင်းမှု ကုသိုလ်ကံ အချို့သည် အကျိုး ပေးနိုင်စွမ်းမရှိပေ။ မကောင်းမှု အကုသိုလ်ကံများကသာ အကျိုးပေးကုန်၏။

(၁၀) **ကုသိုလ်ကံ ဥပဓိသမ္ပတ္တိ၊ ဥပဓိဝိပ္ပတ္တိ။**

ဥပဓိသမ္ပတ္တိအရပ်၌ ရှိသောသူအား ယင်းပြုလုပ်ခဲ့သော ကောင်းမှု ကုသိုလ်ကံများသည် အကျိုးပေးကုန်၏။

ထိုသူသည် တစ်ခုသော မကောင်းမှုအကုသိုလ်ကံကြောင့် ဥပဓိဝိပ္ပတ္တိ အရပ်၌ ဖြစ်ခဲ့သော ထိုသူပြုလုပ်ခဲ့သော ကောင်းမှု ကုသိုလ်ကံအချို့သည် အကျိုးပေးနိုင်စွမ်းမရှိပေ၊ မကောင်းသော အကုသိုလ်ကံများကသာ အကျိုး ပေးကုန်၏။

ဥပမာ– ဘုရင့်သားတော်အိမ်ရှေ့စံ မင်းသားဖြစ်ရပါသော်လည်း မကောင်းမှု အကုသိုလ်ကံတစ်ခုကြောင့် ရုပ်ဆင်း အင်္ဂါချို့တဲ့ခြင်းဖြစ်ခဲ့ပါက ဘုရင်နတ်ရွာစံသော်လည်း တိုင်းပြည်ကအိမ်ရှေ့မင်းသားအား မင်းအဖြစ် မမြှောက်စားခြင်းကြောင့် မင်းအဖြစ်နှင့်လွဲရခြင်းမျိုးဖြစ်ပါ၏။

(၁၁) **ကုသိုလ်ကံ ကာလသမ္ပတ္တိ၊ ကာလဝိပ္ပတ္တိ။**

ကာလသမ္ပတ္တိသို့ ဆိုက်ရောက်သူအား ယင်းပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်များသည် အကျိုးပေးကုန်၏။

ထိုသူသည် မကောင်းမှုအကုသိုလ်ကံ တစ်ခုကြောင့် ကာလဝိပ္ပတ္တိသို့ ဆိုက်ရောက်ခဲ့ပါက ထိုသူပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံအချို့သည် အကျိုးပေးနိုင်စွမ်းမရှိတော့ပေ။ မကောင်းသောအကုသိုလ်ကံများကသာ အကျိုးပေးကုန်၏။

http://www.dhammadownload.com

(၁၂) **ကုသိုလ်ကံပယောဂသမ္ပတ္တိ၊ ပယောဂဝိပ္ပတ္တိ။**

ပယောဂသမ္ပတ္တိသို့ ဆိုက်ရောက်ခဲ့သောသူအား ယင်းပြုလုပ်ခဲ့သော ကောင်းမှု ကုသိုလ်တို့သည် အကျိုးပေးကုန်၏။

ထိုသူသည်မကောင်းမှု အကုသိုလ်ကံတစ်ခုကြောင့် ပယောဂ ဝိပ္ပတ္တိသို့ ဆိုက်ရောက်ခဲ့ပါ၎ ထိုသူပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံ အချို့သည် အကျိုးပေးနိုင်ခြင်းမရှိကြကုန်။ မကောင်းသော အကုသိုလ်ကံများကသာ အကျိုးပေးကြကုန်၏။

(ဃ) **အချို့ကုသိုလ်ကံများ သမ္ပတ္တိလေးပါးသို့ရောက်၍ အကျိုးပေးပုံ**

(၁၃) **ကုသိုလ်ကံ ဂတိဝိပ္ပတ္တိ၊ ဂတိသမ္ပတ္တိ။**

ဂတိဝိပ္ပတ္တိ၌ တည်သောပုဂ္ဂိုလ်အား ယင်းပြုလုပ်ခဲ့သောကောင်းမှု ကုသိုလ်ကံ အချို့သည် အကျိုးပေးနိုင်စွမ်း မရှိခဲ့ပေ။

ထိုသူသည်တစ်ခုသောကောင်းမှုကုသိုလ်ကံကြောင့် ဂတိသမ္ပတ္တိသို့ ဆိုက်ရောက်ခဲ့ပါက ထိုသူ၌ ဂတိဝိပ္ပတ္တိတားခြင်းမရှိ၍ အကျိုးပေးနိုင်စွမ်းမရခဲ့သော ကောင်းမှုကုသိုလ်ကံတို့သည် ကပ်ပါလာ၍ တစ်ခုပြီးတစ်ခု ကံမကုန်မချင်း အလှည့်ကျ အကျိုးပေးတော့၏။ နတ်ပြည်နှင့် လူ့ပြည်တို့တွင် တစ်လှည့်စီ ရောက်ရှိခံစားရတတ်၏။

(၁၄) **ကုသိုလ်ကံ ဥပဓိဝိပ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ။**

ဥပဓိဝိပ္ပတ္တိသို့ ဆိုက်ရောက်ခဲ့သူအား ယင်းပြုလုပ်ခဲ့သောကောင်းမှု ကုသိုလ်ကံ အချို့သည် အကျိုးပေးနိုင်စွမ်းမရှိ။

ထိုသူသည် တစ်ခုသော ကောင်းမှုကုသိုလ်ကံအစွမ်းကြောင့် ဥပဓိသမ္ပတ္တိသို့ ဆိုက်ရောက်ခဲ့ပါက ဥပဓိဝိပ္ပတ္တိတားခဲ့၍ အကျိုးပေးခွင့်မရခဲ့သော ကောင်းမှုကုသိုလ်ကံများသည် ကပ်ပါလာပြီး ကံမကုန်မချင်း တစ်ခုပြီးတစ်ခု အလှည့်ကျ အကျိုးပေးတော့၏။

ဥပမာ– မင်းမျိုးဌိလည်းဖြစ်၊ ရုပ်ဆင်းအင်္ဂါလည်း ချောမောပြေပြစ် ပြည့်စုံသော သူအား ရှင်ဘုရင်အဖြစ် တိုင်းပြည်က မြှောက်စားသကဲ့သို့ဖြစ်၏။

(၁၅) **ကုသိုလ်ကံ ကာလဝိပ္ပတ္တိ၊ ကာလသမ္ပတ္တိ။**

ကာလဝိပ္ပတ္တိအရပ်သို့ ဆိုက်ရောက်ခဲ့သူအား ယင်းပြုလုပ်ခဲ့သော ကောင်းမှု ကုသိုလ်ကံ အချို့သည် အကျိုးပေးနိုင်စွမ်းမရှိပေ။

http://www.dhammadownload.com

ထိုသူသည် တစ်ခုသောကောင်းမှုကုသိုလ်ကံ အစွမ်းကြောင့် ကာလသမ္မတ္တိသို့ ဆိုက်ရောက်ခဲ့ပါက ကာလဝိပတ္တိက တားမြစ်ခဲ့၍ အကျိုးပေးခွင့် မရခဲ့သော ကောင်းမှုကုသိုလ်ကံများသည် ကပ်ပါလာပြီး ကံမကုန်မချင်း တစ်ခုပြီးတစ်ခု အလှည့်ကျအကျိုးပေးတော့၏။

(၁၆) **ကုသိုလ်ကံ ပယောဂဝိပတ္တိ ပယောဂသမ္မတ္တိ။**

ပယောဂဝိပတ္တိသို့ဆိုက်ရောက်ခဲ့သူအား ယင်းပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ် အချို့သည် အကျိုးပေးနိုင်စွမ်းမရှိခဲ့ပေ။

ထိုသူသည် တစ်ခုသောကောင်းမှုကုသိုလ်ကံ အစွမ်းကြောင့် ပယောဂသမ္မတ္တိသို့ ဆိုက်ရောက်ခဲ့ပါက ပယောဂဝိပတ္တိက တားမြစ်ခဲ့၍ အကျိုးပေးနိုင်စွမ်းမရှိခဲ့သော ကောင်းမှုကုသိုလ်ကံတို့သည် ကံမကုန်မချင်း တစ်ခုပြီးတစ်ခု အလှည့်ကျ အကျိုးပေးတော့၏။

ကံတို့အဓါမလပ်အကျိုးပေးပုံ

ဤအဘိဓမ္မာနည်းအရ ကံ(၁၆)ပါးကို လေ့လာကြည့်ပါက သတ္တဝါတစ်ဦး ပြုလုပ်ခဲ့သော ကံတစ်ခုသည်ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ မျ.ာ်မှောက်ဘဝမှ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခွင့်ရသည်နှင့် အကျိုးပေးကြကုန်ကြောင်း လေးနက်စွာ မှတ်သားထားရာ၏။

သေပြီးနောက်သုဂတိရောက်လိုသော်

သေခြင်းဖြစ်ပုံ(၄)မျိုး

၁။ အာယုက္ခယ .... သက်တမ်းကုန်ဆုံး၍သေခြင်း။

၂။ ကမ္မက္ခယ .... ကံကုန်၍စုတေခြင်း။

၃။ ဥဘယက္ခက .... သက်တမ်းနှင့် ကံနှစ်ပါးလုံးကုန်၍သေခြင်း။

၄။ ဥပစ္ဆေဒက .... သက်တမ်းနှင့် ကံနှစ်ပါးလုံးမကုန်သေးဘဲလျက် ကပ်၍ဖြစ်တတ်သောသေခြင်း၊

(သစ်စိမ်းချိုးချိုးသကဲ့သို့)။

ဥပမာ– ညှိထွန်းထားသော ဆီမီးသည် (၁) မီးစာကုန်ခြင်းကြောင့် ငြိမ်းခြင်း၊ (၂) ဆီကုန်ခြင်းကြောင့်ငြိမ်းခြင်း၊ (၃) မီးစာနှင့်ဆီ နှစ်မျိုးလုံးကုန်ခြင်းကြောင့်

http://www.dhammadownload.com

ငြိမ်းခြင်း၊ (၄) မီးစာနှင့်ဆီမကုန်သေးဘဲလျက် လေပြင်းတိုက်ခိုက်မှု (သို့မဟုတ်) တမင် ငြိမ်းသတ်မှုတို့ကြောင့် ငြိမ်းခြင်းတို့ကဲ့သို့ ဖြစ်ပါသည်။

သေခြင်း(၂)မျိုး

၁။ သေပြီးနောက် ရုပ်၊ နာမ်ခန္ဓာချုပ်ငြိမ်းပြတ်စဲ၍ ဘုံဘဝတို့၌ အသစ်တစ်ဖန် ပြန်မဖြစ်တော့သော သေခြင်း (တစ်နည်း) ပရိနိဗ္ဗာန်စံခြင်း။

၂။ သေပြီးနောက် မိနစ်၊ စက္ကန့်, မခြားဘဲ ဘုံဘဝ တစ်ခု၌ အသစ်တစ်ဖန်ပြန်၍ ဖြစ်တတ်သောသေခြင်း။

ဤသေခြင်း(၂)မျိုးတွင်, ပထမ တစ်မျိုးမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာ အရှင်သူမြတ်တို့၏သေခြင်း၊ (ပရိနိဗ္ဗာန်ပြုခြင်း)မျိုး ဖြစ်သည်။ ဒုတိယသေခြင်းမှာ ဖော်ပြပါပုဂ္ဂိုလ်(၃)မျိုးမှ တစ်ပါး ကျန်သတ္တဝါအပေါင်း၏ ဂတိ(၅)မျိုး၊ ဘဝ(၅)မျိုးသို့ ရောက်စေသော သေခြင်းမျိုးဖြစ်၏။

သို့ဖြစ်၍ အရဟာတ္တမဂ်ဖိုလ်သို့ မဆိုက်ရောက်နိုင်သေးသော သတ္တဝါအပေါင်းသည် ဂတိ(၅)မျိုးအနက်၊ အပါယ်လေးဘုံသို့ မရောက်စေဘဲ သုဂတိဘုံသို့ ရောက်ရန်မှာ မသေမီစက္ကန့်ပိုင်းအလိုတွင် ဖြစ်ပေါ်သောစိတ်ထား (မရဏာသန္နဇော)သည် အလွန် အရေးကြီးပေသည်။

လူသားတစ်ဦးသည် မိမိ၏အတိတ်ဘဝနှင့် မျက်မှောက်ဘဝတို့တွင် ကုသိုလ်ကံနှင့် အကုသိုလ်ကံပေါင်း မရေတွက်နိုင်အောင် ပြုလုပ်ခဲ့ကြသည်။ ဤသို့ ဘဝတိုင်း၌ ကံပေါင်းများစွာ ပြုလုပ်ခဲ့ကြသော်လည်း သတ္တဝါအသစ်အဖြစ် ပဋိသန္ဓေကိုဖြစ်စေသည်မှာ ကံတစ်ခုတည်းကြောင့်သာဖြစ်၏။ သို့ဖြစ်၍ ကံတရားများ၏ ပဋိသန္ဓေအကျိုးပေးမည့် ဦးစားပေးအစီအစဉ်များကို သိထားရပေမည်။ (ဂတိ ၅မျိုးဆိုသည်မှာ နတ်ဘုံ၊လူ့ဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံနှင့် ပြိတ္တာဘုံဖြစ်ကြသည်။)

ပဋိသန္ဓေအကျိုးပေးသောကံ(၄)မျိုး

ပဋိသန္ဓေ အကျိုးပေးသောကံ(၄)မျိုးကို ဦးစားပေးအစီအစဉ်အလိုက် အောက်တွင် ဖော်ပြထားပါသည်–

(၁) **ဂရုကံ။**

ပဉ္စာနန္တရိယကံကြီး ကျူးလွန်ထားသူများ၏ကံကို အကုသိုလ် ဂရုကံ ဟု ခေါ်သည်။ ဤကံမျိုးရှိသူသည် ကောင်းမှုကုသိုလ်ပေါင်း မည်မျှ ပြုလုပ်

http://www.dhammadownload.com

ထားသည်ဖြစ်စေ၊ ဤကံကသာ ပထမဆုံး ပဋိသန္ဓေအကျိုး ပေးပါမည်။ ဤကံ၏ ပဋိသန္ဓေအကျိုးကား ငရဲဘုံသို့လားရာတည်း။

တစ်မင်္ဂလာဖိုလ်ရရှိပြီးသူများ၏ ကံကိုကုသိုလ်ဂရုကကံဟုခေါ်၏။ ဤကုသိုလ်ဂရုကကံမျိုးနှင့် ပြည့်စုံသူသည် ရှေးအခါက အကုသိုလ်များ မည်မျှပင် ပြုလုပ်ထားစေကာမူ၊ မဟဂ္ဂတ်ဈာန်ကိုးပါးအနက် တစ်ပါးပါးရရှိပြီးသူ ဖြစ်ပါက ဗြဟ္မာဘုံ(၂၀) သို့လည်းကောင်း၊ တစ်မင်္ဂလာဖိုလ် ရရှိထားသူဖြစ်ပါက သုဂတိဘုံဘဝသို့လည်းကောင်း၊ ရောက်ရှိအောင် ပဋိသန္ဓေအကျိုးပေးပါသည်။ (ရဟန္တာပုဂ္ဂိုလ်များမှာမူကံ၏အကျိုးဆက်ပြတ်ပြီးဖြစ်၏)

ဤဂရုကကံ၏အစွမ်းသည် အလွန်ကြီးမားသောကြောင့် အခြား တစ်ပါးသောကံတို့သည် ယင်းကံကို မတားဆီး မဖြတ်တောက်နိုင်ကြကုန်။ ယင်းကံကသာ ဒုတိယဘဝ၏ ပဋိသန္ဓေအကျိုးကို မလွဲမသွေပေးလေ၏။

(၂) **အာသန္နကံ။**

ဂရုကကံကို မပြုလုပ်ခဲ့သူသည် သေခါနီးတွင်ရှေ့ကပြုလုပ်ခဲ့သော ကုသိုလ်အကုသိုလ်တို့ကို ပြန်လည်အောက်မေ့ဆင်ခြင်သောကံ (အာသန္နကံ)က ပဋိသန္ဓေအကျိုးကိုပေးပါသည်။

သေခါနီး နောက်ဆုံးအချိန်တွင် ကုသိုလ်ဇောစိတ်နှင့် သေပါက သုဂတိဘုံသို့ရောက်ပြီး အကုသိုလ်ဇောစိတ်နှင့် သေပါက အပါယ်လေးဘုံသို့ ရောက်ရှိမည်ဖြစ်သည်။ သို့ဖြစ်၍ ရှေးကကောင်းမှုကုသိုလ်များ မည်မျှပင် ပြုလုပ်ခဲ့စေကာမူ သေခါနီးတွင် အကုသိုလ်ဇောစိတ်ဖြစ်ပြီး သေပါက အပါယ်လေးဘုံသို့ရောက်ရှိနိုင်ပြီး ရှေးက အကုသိုလ်မည်မျှပင် ပြုလုပ်ခဲ့စေကာမူ သေခါနီးတွင် ကုသိုလ်ဇောစိတ်ဖြစ်ပြီး သေပါက သုဂတိဘုံသို့ ရောက်ရှိနိုင်၏။ ဥပမာအားဖြင့် နွားခြံတစ်ခြံကို တံခါးဖွင့်လိုက်၍ နွားများ တိုးဝှေ့ထွက်ကြသောအခါ ခြံဝခြံတံခါးနှင့် အနီးဆုံးနွားက ခြံပြင်သို့ ပထမဆုံး ရောက်ရှိသကဲ့သို့ ဖြစ်၏။ သို့ဖြစ်၍ သေခါနီးနောက်ဆုံးအချိန်ပိုင်းတွင် ပြုလုပ်သော အာသန္နကံသည် အလွန် အရေးကြီးပါသည်။

သို့သော် အာသန္နကံသည် ပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်ပြီး မိမိ ရှေးက ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံများက ရောက်ရှိရာဘဝတွင် အခွင့်ရသမျှ အလှည့်ကျဝင်ရောက် အကျိုးပေးလေ၏။ ထို့ကြောင့် အာသန္နကံ တစ်ခုတည်းကိုသာ အားမကိုးသင့်ပေ။ ဥပမာအားဖြင့် အာသန္နကံကြောင့် သုဂတိဘုံသို့ရောက်ရှိခဲ့သော်လည်း ရှေးကအကုသိုလ်များ ပြုလုပ်ခဲ့သူဖြစ်ပါက ယင်း

http://www.dhammadownload.com

အကုသိုလ်ကံက အကျိုးပေးများကြောင့် အသက်တိုခြင်း၊ အဆင်းမလှခြင်း၊ အနာများခြင်း၊ အခြံအရံနည်းပါးခြင်း၊ ဆင်းရဲခြင်းစသော ဘဝအောက်တန်းကျသည့် ပဝတ္တိအကျိုးများကိုလည်း ခံစားရပေမည်။

ထို့ပြင် ဘဝတစ်လျှောက်တွင် အကုသိုလ်များခဲ့သူဖြစ်ပါက သေခါနီး နောက်ဆုံးအချိန်တွင် အများအားဖြင့် မိမိပြုလုပ်ခဲ့ဖူးသော မကောင်းမှု အကုသိုလ်များကိုသာ စွဲလမ်းမြင်ယောင်လာတတ်သဖြင့် ကုသိုလ်ဓောစိတ်ဖြစ်ပေါ်လာရန် ခဲယဉ်း၏။ အကုသိုလ်ဓောစိတ်များသာ ဖြစ်ပေါ်လာတတ်၏။ ထို့ကြောင့် အချို့လူများ သေခါနီးအချိန်တွင် မကောင်းသောဂတိနိမိတ်များ ဖြစ်ပေါ်လာသဖြင့် ကြောက်လန့်အော်ဟစ်ကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ထိုနည်းတူ ဘဝတစ်လျှောက်တွင် ကောင်းမှုကုသိုလ်တရားများ ပြုလုပ်မှုများပြားခဲ့သူဖြစ်ပါက သေခါနီး နောက်ဆုံးအချိန်တွင် အများအားဖြင့်မိမိပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်များကို စွဲလမ်းမြင်ယောင်လာတတ်သဖြင့် အကုသိုလ်ဓောစိတ်များဖြစ်ပေါ်ရန် ခဲယဉ်း၏။ ကုသိုလ်ဓောစိတ်များသာ ဖြစ်ပေါ်လာတတ်၏။ ထို့ကြောင့်အချို့လူများ သေခါနီးအချိန်တွင် ကောင်းသောဂတိနိမိတ်များဖြစ်ပေါ်လာသဖြင့် မျက်နှာထားကြည်လင်ရွှင်ပျနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

(၃) အာစိဏ္ဏကံ

သေခါနီးပြုသော အာသန္နကံမရှိလျှင် ရှေးကအများအားဖြင့် ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့က ပဋိသန္ဓေအကျိုးပေးမည်ဖြစ်သည်။ ဤကံကို အာစိဏ္ဏကံ (အမြဲလေ့ကျက်အပ်သောကံ)ဟုခေါ်၏။ ကုသိုလ်ကံများ အားကောင်းခဲ့ပါက သုဂတိဘုံသို့ရောက်ရှိမည်ဖြစ်ပြီး အကုသိုလ်ကံများ အားကောင်းခဲ့ပါက အပါယ်လေးဘုံသို့ ရောက်ရှိမည် ဖြစ်သည်။

ဤကံသည် အာသန္နကံကြောင့် ဒုတိယဘဝတွင် ပဋိသန္ဓေအကျိုးကိုမပေးနိုင်ခဲ့ပါက နောက်နောင်ဘဝပေါင်းများစွာ တို့တွင် ပဋိသန္ဓေအကျိုးကိုပေးနိုင်လေသည်။

(၄) ကဋတ္တာကံ

အထက်ပါကံ(၃)မျိုးအကျိုးပေးခွင့်မရှိမှသာ ရှေးက သာမန်အမှတ်မထင်ပြုလုပ်ခဲ့မိသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့က ပဋိသန္ဓေအကျိုးကိုပေးနိုင်လေသည်။ ဤကံကို ကဋတ္တာကံဟုခေါ်၏။

http://www.dhammadownload.com

သေခါနီးရှောင်ရန်

အကုသိုလ် အာသန္နကံဖောဖြင့် မသေစေရန် သေခါနီးတွင် ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ဆွေမျိုး၊ တိုက်တာ၊ အိုးအိမ်၊ စည်းစိမ်၊ ပစ္စည်းဥစ္စာတို့ကို မတွယ်တာ မစွဲလမ်းမိရန် အထူးသတိပြုသင့်သည်။

ရှေးအခါက မဟာပနာဒမင်းသည် ဆွေမျိုးများ၊ ပြာသာဒ်ဆောင်ကြီးများကို စွဲလမ်းပြီးသေ၍ ထိုပြာသာဒ်အနီး၌ ငါး၊ လိပ်၊ ဖားစသည်တို့ ဖြစ်ရသည်ကိုလည်းကောင်း၊ တစ်သက်တာဝိနည်းကိုလည်း လေးစား၊ တရားလည်းအားထုတ်ခဲ့သော တိဿမထေရ်ကြီးသည် သေခါနီး သင်္ကန်းသစ်၌ စွဲလမ်းခဲ့၍ သေပြီး (၇)ရက်မျှ ထိုသင်္ကန်း၌ သန်းပြိတ္တာ ဖြစ်ခဲ့ရသည်ကိုလည်းကောင်း၊ ဖောက်ပြန်သောဇနီးအား စွဲလမ်းပြီးသေခဲ့သောကြောင့် ထိုဇနီးအိမ်၌ မြွေ၊ ခွေး၊ နွားငယ်ဘဝတို့ဖြင့် သုံးဘဝတိုင်တိုင်ဖြစ်ခဲ့ရသည့် သာဓကများကိုလည်းကောင်း သတိမူသင့်သည်။

မြတ်ဘုရားရှင်ကိုယ်တော်တိုင်က သေခါနီးငဲ့ကွက်တယ်တာ စွဲလမ်းမှုတို့ကို ကဲ့ရဲ့တော်မူခဲ့သည်။ ထို့ပြင် မိမိပြုလုပ်ခဲ့သော အကုသိုလ်နိမိတ်များ သေခါနီးတွင် ထင်မြင်ကြောက်လန့်ခြင်း မဖြစ်စေရန် အထူးသတိပြုသင့်ပါသည်။

သေခါနီးဆောင်ရန်

သေခါနီးနောက်ဆုံးအချိန်ပိုင်းတွင်–

၁။ ကံကံ၏အကျိုးကိုယုံကြည်၍ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို သဒ္ဓါတရား ထက်သန်စွာဖြင့် ဆင်ခြင်ပွားများ အောက်မေ့ကာ စိတ်ဖြင့် ရှိခိုးပူဇော်နေရမည်။

၂။ မိမိရှေးက ပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော ကုသိုလ်ကောင်းမှုအစုစုကို ပြန်လည်အောက်မေ့ ဆင်ခြင်ပြီး ယခုမှပြုနေရသလိုကြည်လင်စွာ သဒ္ဓါတရားပွားများနေရမည်။

၃။ ပရိတ် တရားတော်များ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ ပဋ္ဌာန်းဒေသနာတော်စသည်တို့ကို ရွတ်ဖတ်ဆင်ခြင်နေရမည်။

၄။ ရဟန်းတော်တစ်ပါးပါးထံမှ တရားနာပြီး တရားနှလုံးသွင်းနေရမည်။

၅။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို ဆင်ခြင်ပွားများကာ သမထ၊ ဝိပဿနာတရားများ ပွားများအားထုတ်နေရမည်။

http://www.dhammadownload.com

(၃၁)ဘုံ

လောကတွင်ရှိသော သတ္တဝါအားလုံးသည် (၃၁)ဘုံသားများသာ ဖြစ်ကြ၏။ အရဟတ္တ မဂ်ဖိုလ် မရမချင်း ဘဝပေါင်း များစွာက ပြုလုပ်ခဲ့သော ကံပေါင်းများစွာကြောင့် ဤ(၃၁)ဘုံ၌သာ အဖန်ဖန်တလဲလဲ ကျင်လည်ကြရကုန်၏။ ကျက်စားကြရကုန်၏။ ယင်း(၃၁)ဘုံတို့သည်ကား–

၁။ ဗြဟ္မာ့ဘုံ (၂၀)
၂။ နတ်ဘုံ (၆)
၃။ လူ့ဘုံ (၁)
၄။ အပါယ်ဘုံ (၄)
စုစုပေါင်း (၃၁)ဘုံ

ဗြဟ္မာဘုံ(၂၀)

ဘဝနာကုသိုလ်တွင် ဘဝမှ လွတ်မြောက်သည်အထိ စွမ်းဆောင်နိုင်သော စွမ်းရည်ရှိသကဲ့သို့ ထိုစွမ်းရည်မျိုး မရရှိသေးလျှင်လည်း ထူးခြားသောဘဝသို့ ပို့တတ်သော မဟဂ္ဂုတ် ကုသိုလ်အစွမ်းလည်းရှိ၏။ ထိုမဟဂ္ဂုတ်ကုသိုလ်ဈာန် စိတ်များမှာ နီဝရဏတရားများကင်းပြီး ကာမကုသိုလ်များထက် ထူးခြားသော စွမ်းရည် အာနုဘော်များ လွန်စွာရှိ၏။ ထိုမှတစ်ဆင့် အထူး ဆက်ကြိုးစားလျှင် အမြင့်အကြားအမျိုးမျိုး၊ တန်ခိုးအဖုံဖုံရရှိကာ အံ့ဖွယ်အဖြစ် ကြုံကြရ၏။ ထိုဘဝနာအစွမ်းကြောင့် ရရှိသော ဈာန်စိတ်များ၏ ကုသိုလ်ကြောင့် နီဝရဏတရားများကင်းရာ ဘုံဌာန တစ်မျိုးဖြစ်သော ဗြဟ္မာဘုံသို့ လားရောက်ရ၏။ ကာမချမ်းသာတို့မှကင်းရှင်း၍ ဈာန်ချမ်းသာ၏ တည်ရာဘုံဌာနဖြစ်၏။

သို့ဖြစ်၍ ဈာန်အဘိညာဉ်ကိုရရှိပြီး ကာမချမ်းသာထက် အဆများစွာ သာလွန်သော ဈာန်ချမ်းသာများကို အသက်ရှည်စွာ ချမ်းသာခံစားရခြင်း ဂုဏ်တို့ဖြင့် ပြည့်စုံ၍ လူ၊ နတ်တို့ထက် မြင့်မြတ်သာလွန်သူများကို ဗြဟ္မာဟုခေါ်၏။ ဗြဟ္မာများ၏ ရုပ်သည် အလွန်သိမ်မွေ့နူးညံ့သောကြောင့် အောက်ဘုံမှ ဗြဟ္မာများသည် အထက်ဘုံမှ ဗြဟ္မာများကို မတွေ့မြင်နိုင်။ တန်ခိုးကြီးသော နတ်များကလည်း ယင်းတို့ကို မတွေ့မြင်နိုင်။ အထက်ဗြဟ္မာများက ရုပ်ကြမ်းတစ်မျိုး ပြုပြင်ဖန်ဆင်းပြမှသာ မြင်တွေ့နိုင်၏။ သို့မဟုတ်ပါက ပကတိမျက်စိမျိုးနှင့် သာမာန်ကမ္မဇိဒ္ဓိ (ကံကြောင့်ဖြစ်သော

http://www.dhammadownload.com

တန်ခိုး) ဉာဏ်မျိုးတို့ဖြင့် မမြင်ရာဘဲ အဘိညာဉ်ထူး ရရှိပြီးသူများသာ တွေ့မြင်နိုင်၏။

ယင်းဗြဟ္မာဘုံ(၂၀)တွင် ရူပဗြဟ္မာ(၁၆)ဘုံနှင့် အရူပဗြဟ္မာ (၄)ဘုံစီရှိကြ၏။

ရူပဗြဟ္မာ (၁၆) ဘုံ

၁။ ပထမစျာန် ၃ ဘုံ

ပထမစျာန်ရရှိသော ဗြဟ္မာများ၏ ဘုံဖြစ်သည်။ ကောင်းကင်တစ်ပြင် တည်းမှာ ထက်အောက် မကွာခြားဘဲ တစ်ပြေးညီတည်ရှိကြ၏။ ဤ(၃)ဘုံမှာ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာနှင့် မဟာဗြဟ္မာဘုံတို့ဖြစ်ကြ၏။ အသက် အရွယ်အတို့၊ ဘုံဗိမာန်တို့၏ ကြီးကျယ်ခမ်းနားမှုများမှာ ကွာခြားကြ၏။ သက်တမ်းမှာ အစဉ်အတိုင်း အသင်္ချေယျကပ်၏ သုံးပုံတစ်ပုံ၊ တစ်ဝက်နှင့် အသင်္ချေယျတစ်ကပ်တို့ ဖြစ်ကြ၏။

၂။ ဒုတိယစျာန် ၃ ဘုံ

ဒုတိယစျာန်ရရှိသော ဗြဟ္မာများ၏ ဘုံဖြစ်သည်။ ဤ (၃) ဘုံမှာ ပရိတ္တာဘာ၊ အပ္ပမာဏာဘာနှင့် အာဘဿရာတို့ ဖြစ်ကြ၏။ ပထမစျာန် (၃) ဘုံ၏အထက် ကောင်းကင်၌ တစ်ပြေးတည်းတည်ရှိပြီး အသက်အရွယ်အတို့၊ ဘုံဗိမာန်တို့၏ ကြီးကျယ်ခမ်းနားမှုများမှာ ကွာခြားကြ၏။ သက်တမ်းမှာ အစဉ်အတိုင်း မဟာ (၂) ကပ်၊ (၄) ကပ်နှင့် (၈) ကပ်ဘို့ ဖြစ်ကြ၏။

၃။ တတိယစျာန် ၃ ဘုံ

တတိယစျာန်ရရှိသော ဗြဟ္မာများ၏ ဘုံဖြစ်သည်။ ဤ (၃) ဘုံမှာ ပရိတ္တာသုဘာ၊ အပ္ပမာဏာသုဘာနှင့် သုဘကိဏ္ဏာတို့ ဖြစ်ကြ၏။ ဤ ၃ဘုံသည် ဒုတိယစျာန် (၃)ဘုံ၏ အထက်ကောင်းကင်ဝယ် တစ်ပြင်တည်း၌ တည်ရှိပြီး သက်တမ်းအရွယ်အတို ဘုံဗိမာန်တို့၏ ကြီးကျယ်ခမ်းနားမှုများ ကွာခြားကြ၏။ သက်တမ်းမှာ အစဉ်အတိုင်း မဟာကပ် (၁၆)ကပ်၊ (၃၂)ကပ်နှင့် (၆၄)ကပ်တို့ ဖြစ်ကြ၏။

၄။ စတုတ္ထစျာန် ၇ ဘုံ

စတုတ္ထစျာန်ရရှိသော ဗြဟ္မာတို့၏ဘုံဖြစ်သည်။ ဤဘုံတို့ကို

(က) ဝေဟပ္ဖိုလ်နှင့်အသညသတ် (၂)ဘုံ၊

(ခ) သုဒ္ဓါဝါသ (၅)ဘုံ ဟူ၍ နှစ်မျိုးခွဲခြားထားပြန်၏။

http://www.dhammadownload.com

(က) ဝေဟပ္ဖိုလ်နှင့် အသညသတ်ဘုံ ....ပြန့်ပြော ကြီးကျယ်သည့် အကျိုးတရားများနှင့် ပြည့်စုံသော ဗြဟ္မာတို့၏ဘုံကိုဝေဟပ္ဖိုလ်ဘုံ ဟုခေါ်၏။ သညာစေတသိက်နှင့် တကွ အခြားစေတသိက်အားလုံး အလျဉ်းမရှိဘဲ ရုပ်ခန္ဓာကြီးသာရှိလျက် မလှုပ်မယှက်ငြိမ်သက်စွာ တည်နေသော ဗြဟ္မာတို့၏ဘုံကို အသညသတ်ဘုံဟုခေါ်၏။ ဤဘုံ(၂)ခုသည် တတိယစျာန်ဘုံအထက်ရှိ ကောင်းကင်ဝယ် တစ်ပြင်တည်း တည်ရှိကြ၏။ သက်တမ်းမှာ မဟာကပ်(၅၀၀)စီဖြစ်၏။

(ခ) သုဒ္ဓါဝါသ(၅)ဘုံ ....ကိလေသာတို့မှ များစွာစင်ကြယ်ပြီးသော အနာဂါမ်ဗြဟ္မာကြီးများနှင့် ကိလေသာအားလုံး စင်ကြယ်ပြီးသော ရဟန္တာဗြဟ္မာကြီးတို့၏ နေထိုင်ရာဘုံများဖြစ်ကြ၏။ ဤ(၅)ဘုံမှာ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီနှင့် အကနိဋ္ဌာတို့ ဖြစ်ကြ၏။ ဤ(၅)ဘုံမှာ ဝေဟပ္ဖိုလ်နှင့် အသညသတ်ဘုံတို့၏ အထက် ကောင်းကင်ဝယ် တည်ရှိကြသော်လည်း တစ်ပြေးညီတည်းမဟုတ်ဘဲ ထက်အောက် အဆင့်ဆင့် တည်ရှိကြ၏။ သက်တမ်းမှာ အစဉ်အတိုင်း မဟာကပ် ၁၀၀၀၊ ၂၀၀၀၊ ၄၀၀၀၊ ၈၀၀၀နှင့် ၁၆၀၀၀ တို့ ဖြစ်ကြ၏။

ရူပဗြဟ္မာစည်းစိမ်

ဗြဟ္မာပြည်မရောက်မီ စျာန်တရားတို့၇ ကို အားထုတ်ခဲ့စဉ်ကပင် လောကီကာမဂုဏ်များကို စက်ဆုပ် ရွံမုန်းခဲ့ကြသဖြင့် ဗြဟ္မာများသည် ကာမဘုံသား နတ်များကဲ့သို့ ကာမချမ်းသာကို မခံစားကြပေ။ ခံစားရန် ယောကျ်ား၊ မိန်းမ အင်္ဂါများလည်း မပါရှိ။ ပုံသဏ္ဌာန်မှာ ယောကျ်ားပုံဖြစ်၏။ ဗြဟ္မာတို့၏ နေပုံမှာလည်း တကယ့် ယောဂီကြီးများကဲ့သို့ သန့်ရှင်းစင်ကြယ်လှ၏။

အချို့ဗြဟ္မာများမှာ ဗြဟ္မဝိဟာရတရားများ ပွားများနေကြကုန်၏။ အချို့ကား စျာန်သမာပတ်ဝင်စား၍ နေကြကုန်၏။ အရိယာ ဗြဟ္မာတို့မှာမူ ဖလသမာပတ်ကို ဝင်စားလျက် ချမ်းသာစွာ နေကြကုန်၏။ ဗြဟ္မာတို့သည် အစားတစ်စုံတစ်ရာမစားဘဲ စျာန်ချမ်းသာပီတိဖြင့် တစ်သက်လုံးနေနိုင်ကြ၏။

ဗြဟ္မာတို့၏ ဥယျာဉ်ဗိမာန် ပဒေသာပင်စသော အသုံးအဆောင်များသည် နတ်ပြည်ထက် များစွာပို၍ ကြီးကျယ်ခမ်းနား၏။ ထို့ကြောင့် ကိလေသာ လုံးဝ မကင်းစင်သေးသည့် ဗြဟ္မာများသည် မိမိတို့၏ဥယျာဉ်ဗိမာန်စသည်တို့ကို သာယာနှစ်သက်ကြသေး၏။ အောက်ဗြဟ္မာတို့သည် အထက်ဗြဟ္မာတို့ကို မမြင်နိုင်၊ အထက်

http://www.dhammadownload.com

ဗြဟ္မာတို့ကသာ အောက်ဗြဟ္မာတို့ကိုမြင်နိုင်၏၊ အထက်ဗြဟ္မာတို့က ရုပ်ကြမ်းကို ဖန်ဆင်းပြမှသာ အောက်ဗြဟ္မာတို့က မြင်နိုင်၏။

အရူပဗြဟ္မာ(၄)ဘုံ

ရုပ်ခန္ဓာမရှိဘဲ နာမ်ခန္ဓာလေးပါးသာရှိသော အရူပဗြဟ္မာတို့၏ ဘုံဌာနဖြစ်၏။ ရှေးဘဝတုန်းက ရုပ်တရားဟူသမျှကို စက်ဆုပ်ရွံ့မုန်းလျက် နာမ်သက်သက်ရအောင် အားထုတ်ခဲ့သော ဘာဝနာ၏အစွမ်းကြောင့် ထိုဗြဟ္မာတို့မှာ ရုပ်ခန္ဓာမရှိဘဲ နာမ်ခန္ဓာ အစဉ်သာ တည်ရှိ၏။

ရူပစျာန်များထက် များစွာသာလွန်မြင့်မြတ်သည့် အရူပစျာန်များကို ရရှိသည့် အတွက် ရူပဗြဟ္မာတို့ထက်ပို၍ အသက်ရှည်စွာ တည်ရှိကြသည်။ ဤဘုံ (၄)ဘုံမှာ အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံနှင့် နေဝသညာနာသညာယတနဘုံတို့ ဖြစ်ကြ၏။ ယင်းဘုံတို့မှာ ရူပဗြဟ္မာဘုံတို့ အထက်၌ အဆင့်ဆင့်တည်ရှိ၏။ ဘုံဟုဆိုသော်လည်း ရုပ်ခန္ဓာပင်မရှိသဖြင့် တကယ့်ဘုံဗိမာန် ရှိသည်ကား မဟုတ် သက်တမ်းမှာ အစဉ်အတိုင်း မဟာကပ် ၂သောင်း၊ ၄သောင်း၊ ၆ သောင်းနှင့် ၈သောင်း ၄ထောင်တို့ဖြစ်ကြ၏။

နတ်ပြည်(၆)ထပ်

ဗြဟ္မာတို့၏ရုပ်များလောက် ခန္ဓာညံ့မသိမ်မွေ့သော်လည်း လူတို့၏ ပကတိ မျက်စိဖြင့်မမြင်ရ၊ ပကတိအသွားဖြင့် မရောက်နိုင်။ တန်ခိုး အာဘိညာဉ်ဖြင့်သာ မြင်နိုင်သော ဘုံဌာနဖြစ်၏။ ဤဘုံကား စျာန်လောကီအရှိန် မကြီးသော ကာမကုသိုလ်၏ အကျိုးပေးရာဘုံဖြစ်သည်။ ရှေးက ဘုရားရှင်နှင့်တကွ တန်ခိုးရှင်ရဟန္တာများ၊ သာသနာ ပရသေ့များသည် နတ်ပြည်ဗြဟ္မာပြည်သို့ သွားရောက်တတ်ကြ၏။

နတ်ဗြဟ္မာများသည် ရုပ်၊ နာမ်ကလာပ်စည်းများဖြင့် ဖွဲ့စည်းထားသော ခန္ဓာများသာဖြစ်ကြသော်လည်း သိမ်မွေ့နူးညံ့သော ရုပ်များဖြစ်သောကြောင့် ပကတိမျက်စိဖြင့် မမြင်ရခြင်းဖြစ်သည်။ ယင်းတို့ထင်ရှားပြမှသာ မြင်နိုင်သော ကမ္မဇိဒ္ဓိတန်ခိုးရှင်များ ဖြစ်ကြ၏။ နတ်ဘုံများသို့ ဒိဗ္ဗစက္ခုဖြင့် မြင်နိုင်ပြီး ဣဒ္ဓိဝိဓတန်ခိုး အာဘိညာဉ်ဖြင့် ရောက်နိုင်၏။ ဤတန်ခိုးအာဘိညာဉ်တို့သည်လည်း ဘာဝနာ အစွမ်းကြောင့်သာ ရရှိနိုင်၏။

http://www.dhammadownload.com

နတ်ပြည်(၆)ထပ်မှာ–

၁။ **စတုမဟာရာဇိန်နတ်ပြည်–**

ဓတရဋ္ဌ၊ ဝိရူဠ္ဍက၊ ဝိရူပက္ခနှင့် ကုဝေရဟူသော နတ်မင်းကြီး(၄)ပါးတို့ကို စတုမဟာရာဇာဟုခေါ်၏။ ထိုနတ်မင်းကြီး (၄)ပါးကို ဆည်းကပ်ခစားရသော လက်အောက်ခံနတ်များကို ပါဠိလိုစတုမဟာရာဇိကာမြန်မာလို စတုမဟာရာဇ်ဟုခေါ်၏။ ယင်းတို့၏နေရာဘုံကို စတုမဟာရာဇ်ဘုံဟုခေါ်၏။ ဤဘုံသည် မြင်းမိုရ်တောင်၏ အလယ်လောက်မှစ၍ အောက်တလျှောက်၌တည်၏။

ဤဘုံ၌ပါဝင်သော နတ်မျိုးတို့ကား အလွန်များပြားလှ၏။ ဘုမ္မစိုး (လူ့ပြည် မြေကြီး၌ မှီခိုနေကြသော မြေကြီးနှင့် ဆက်သွယ်လျက် တောတောင် သစ်ပင်တို့၌ နေကြသောနတ်များ)၊ ရုက္ခစိုး(တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်တို့၌ နေကြသော နတ်များ)၊ ကိုယ်စောင့်နတ်များ၊ နတ်ဘီလူး၊ ကုမ္ဘဏ်၊ ရက္ခိုသ် (ဥစ္စာ၊ ရေကန်စသည်တို့ကို စောင့်ရှောက်လျက် လာရောက်သူတို့ကို ဖမ်းစားတတ်သောနတ်များ)၊ ဂန္ဓဗ္ဗ (သစ်ပင်အတွင်း၌ရှိသော သစ်ချောက်တောင်ဟုခေါ်သောနတ်များ)၊ ဝိနိပါတိက အသူရာ၊ ဝေမာနိက ပြိတ္တာစသည်တို့သည် ဤဘုံတွင် အကျုံးဝင်သော နတ်များဖြစ်ကြသည်။

ဤဘုံရှိ နတ်များ၏ သက်တမ်းကား နတ်သက်အားဖြင့် နှစ်ပေါင်း (၅၀၀) ဖြစ်၏။ ထိုနတ်ပြည်၏ တစ်ရက်သည် လူ့ပြည်၏အနှစ် ၅၀နှင့်ညီမျှ၏။ (ဘုမ္မစိုးနတ်များနှင့် ဝေမာနိကပြိတ္တာများ၏ သက်တမ်းမှာမူမမြဲပေ)

၂။ **တာဝတိံသာနတ်ပြည်**

ယူဇနာပေါင်း ရှစ်သောင်းလေးထောင်မြင့်သော မြင်းမိုရ်တောင်၏ထိပ်၌ တည်ရှိသည်။ ဖော်ပြပါ နတ်ဘုံ(၂)ဘုံ လုံးသည် မြင်းမိုရ်တောင်ခြေနှင့် ဆက်သွယ်၍ တည်ကြသော ဘူမဋ္ဌကဗိမာန်များဖြစ်ကြသည်။ ထို့ပြင်ဗိမ္မာန်၏ ထက်ဝန်းကျင်သည် စကြဝဠာ တံတိုင်းရောက်အောင် ပျံ့နှံ့လျက်ရှိသောကြောင့် မြေနှင့်မစပ်၊ ထက်ကောင်းကင်နှင့်သာ စပ်သော အာကာသဋ္ဌ ဗိမာန်များလည်း ရှိကြ၏။ ဤဘုံရှိနတ်များ၏ သက်တမ်းကား နတ်သက်အားဖြင့် နှစ်ပေါင်း(၁၀၀၀) ဖြစ်၏။ ဤနတ်ပြည်၏ တစ်ရက်သည် လူ့ပြည်၏ အနှစ်(၁၀၀)နှင့် ညီမျှ၏။

http://www.dhammadownload.com

၃။ ယာမာနတ်ပြည်

နတ်ချမ်းသာသို့ ကောင်းစွာရောက်သော နတ်များကို ယာမာဟုခေါ်၏။ တာဝတိံသာနတ်ပြည်၏ အထက်ကောင်းကင်၌ တည်ရှိ၏။ ဤနတ်ပြည်မှစ၍ အထက်ဘုံများသည် ဘူမဋ္ဌက ဗိမာန်မျိုးမရှိတော့ဘဲ အာကာသဋ္ဌ ဗိမာန်ချည်းသာဖြစ်ကြ၏။ သက်တမ်းမှာ ထိုနတ်သက်အားဖြင့် အနှစ် ၂၀၀၀ဖြစ်၏။ ထိုနတ်ပြည်၏တစ်ရက်သည် လူ့ပြည်၏ နှစ်ပေါင်း ၂၀၀နှင့်ညီမျှ၏။

၄။ တုသိတာနတ်ပြည်

နှစ်သက်ရွှင်လန်းခြင်းသို့ရောက်သော နတ်များကို တုသိတာဟုခေါ်၏။ ယာမာနတ်ဘုံ၏အထက် ကောင်းကင်၌တည်ရှိ၏။ သက်တမ်းမှာ ထိုနတ်တို့၏ နှစ်အားဖြင့် နှစ်ပေါင်း ၄၀၀၀ဖြစ်၏။ ထိုနတ်သက်တစ်ရက်သည် လူ့ပြည် နှစ်(၄၀၀)နှင့်ညီမျှ၏။

၅။ နိမ္မာနရတိနတ်ပြည်

နတ်စည်းစိမ်ကို စိတ်တိုင်းကျဖန်ဆင်း၍ မွေ့လျော်တတ်သော နတ်များကို နိမ္မာနရတိဟုခေါ်၏။ တုသိတာနတ် ပြည်၏ အထက်ကောင်းကင်၌ တည်ရှိ၏။ သက်တမ်းမှာ ထိုနတ်တို့၏ နှစ်အားဖြင့် နှစ်ပေါင်း(၈၀၀၀)ဖြစ်၏။ ထိုနတ်သက်တစ်ရက်သည် လူ့ပြည်၏နှစ်ပေါင်း(၈၀၀)နှင့် ညီမျှသည်။

၆။ ပရနိမ္မိတဝသဝတ္တီနတ်ပြည်

မိမိတို့၏အစေအပါးနတ်တို့က မိမိတို့၏စိတ်တိုင်းကျ အလိုက်သင့်စွာ ဖန်ဆင်းပေးအပ်သော နတ်စည်းစိမ်ကို ခံစားသည့်နတ်များကို ပရနိမ္မိတဝသဝတ္တီဟုခေါ်၏။ နိမ္မာနရတိနတ်ပြည်၏ အထက်ကောင်းကင်၌တည်ရှိ၏။ သက်တမ်းမှာ ထိုနတ်တို့၏ နှစ်အားဖြင့် နှစ်ပေါင်း ၁၆၀၀၀ ဖြစ်၏။ ထိုနတ်ပြည်၏ တစ်ရက်သည် လူ့ပြည်၏ နှစ်ပေါင်း ၁၆၀၀နှင့်ညီမျှသည်။

နတ်စည်းစိမ်

နတ်စည်းစိမ်နှင့် လူ့စည်းစိမ်ကွာခြားပုံမှာ သမုဒ္ဒရာရေနှင့်မြက်ပေါ်က ဆီးနှင်းပေါက် ပမာဖြစ်၏။ အားလုံးသောနတ်သားတို့မှာ အသက်(၂၀)အရွယ်၌သာ အမြဲတည်၍ နတ်သမီးတို့မှာအသက် (၁၆)နှစ်အရွယ်၌သာ အမြဲတည်ကြကုန်၏။ ဆံဖြူ၊ သွားကျိုး စသည့် အိုခြင်း၊ နာခြင်းမရှိဘဲ ပကတိအလှမပျက် တစ်သက်လုံးတည်၏။ နတ်သြော

http://www.dhammadownload.com

အဆီအနှစ်ကိုသာ စားသောက်ကြရသဖြင့် ခန္ဓာကိုယ်အတွင်း၌ အညစ်အကြေးလုံးဝမရှိ။ ကာမချမ်းသာခံစားမှုမှာ လူများနှင့်မထူးခြားသော်လည်း အညစ်အကြေးမဖြစ်ပေါ်ဘဲ သွေးသားလှုပ်ရှားရုံမျှဖြင့် ကာမကိစ္စ ပြီးစီးကြ၏။ ထို့ပြင် နတ်သမီးတို့၌ ကိုယ်ဝန်ဆောင်ရမှုနှင့် စပ်ဆိုင်သောကိစ္စများလည်းမရှိပေ။ နတ်တို့၏ မိမိတို့ ကိုယ်ပိုင် ရရှိထားသော ဘုံဗိမာန်များကား ကြီးကျယ်ခမ်းနား ဆန်းပြားလှ၏။

နတ်တို့၌မိမိတို့၏ ရှေးကုသိုလ်ကံ ကွာခြားမှုအလိုက် ရုပ်အဆင်း၊ အခြွေအရံ၊ ဗိမာန်စည်းစိမ်၊ သက်တမ်း စသည်တို့လည်း ကွာခြားကြကုန်၏။ ဤကဲ့သို့ နတ်ပြည်၌ ကာမဂုဏ်ခံစားမှု အားကြီးလှသဖြင့် ဝိပဿနာ တရားအားထုတ်ရန် မဆိုထားနှင့် ဥပုသ်သီလ မကျိုးပေါက်အောင် စောင့်ထိန်းနိုင်ရန်ပင် အလွန်ခဲယဉ်းလှ၏။ ကုသိုလ်ကောင်းမှုတို့၌လည်း မေ့လျော့ခြင်း များကြကုန်၏။ သို့ဖြစ်၍ ကာမဂုဏ် အာရုံခံစားနေကြရင်းမှ စုတေ၍ အပါယ်ဘုံသို့ လားကြရသော နတ်များကား နေ့စဉ် မရေမတွက်နိုင်အောင် များပြားလှကုန်၏။ နတ်အားလုံးသည် မိမိတို့၏ သက်တမ်းအတိုင်း အတိအကျ နေကြရမည်မဟုတ်။ ဒေါသအားကြီးသော နတ်တို့သည် နတ်သက်မစေ့မီ စုတေကြရ၏။ အချို့နတ်များသည် အပျော်အပါး လွန်ကျူး၍ အစားစားချိန်ကို မေ့လျော့ကြကုန်၏။ ဤသို့ အစားစားချိန်တွင် နတ်သြဇာများ မစားသုံးမိပါက နတ်တို့၏ရုပ်ခန္ဓာသည် အလွန်နူးညံ့သိမ့်မွေ့လှ၍ နောက်ထပ်စားသော်လည်း မရတော့ဘဲ စုတေကြရ၏။

နတ်တို့၌ လောဘ၊ ဒေါသ၊ မောဟတရားများလည်း ရှိကြကုန်၏။ ထူပြောကြကုန်၏။ ထို့ကြောင့် အနာဂါမ်နတ်များသည် ကြာရှည်စွာနတ်ဘုံ၌မနေဘဲ ကာမဂုဏ်တရားများကို စက်ဆုပ်ရွံရှာလျက် အထက်ဗြဟ္မာပြည်သို့စုတေပြောင်းရွေ့သွားကြပြီး ရဟန္တာနတ်များက ပရိနိဗ္ဗာန်စံဝင်သွားကြသည်။

ထို့ပြင် နတ်တို့သည် ဉာဏ်ပညာကြီးမားကြပြီး လူတို့ကဲ့သို့ခန္ဓာကိုယ် ညောင်းညာပင်ပန်းမှုနှင့် ဗာဟိရကိစ္စ အစရှိသည်များ မရှိကြသောကြောင့် တရားအားထုတ်လျှင် လွယ်ကူချောမွေ့စွာ ပေါက်ရောက်နိုင်၏။ ထို့ကြောင့်လည်း လူ့ဘဝမှ အထုံပါရမီပါလာသောနတ်များ မိမိတို့ကျင့်ကြံအားထုတ်ခဲ့ကြသော တရားများကို ပြန်လည်အောက်မေ့ ဆင်ခြင်မိကြသော နတ်များ၊ ကာမဂုဏ်တရားများကို စက်ဆုပ်ရွံရှာကြသော သူတော်စင်နတ်များသည် ဝိပဿနာတရားများ ပွားများ အားထုတ်ရင်းဖြင့် အရိယာနတ်များ အဖြစ်သို့ ရောက်ရှိကြကုန်၏။

http://www.dhammadownload.com

လူ့ဘုံ

လူသားတို့၏ နေရာဘုံကို ပါဠိလို မနုဿဘုံ၊ ဘူမိဘုံဟုခေါ်၏။ ဤဘုံ၌ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိသည့် ဆင်းရဲကြောင်းတရားများကို အမြဲတစေ တွေ့ရှိနိုင်၍ တရားရရန် လွယ်ကူ၏။ ထို့ကြောင့် လူ၊ နတ်၊ ဗြဟ္မာ သုံးလောကဌ အမြင့်မြတ်ဆုံးဖြစ်သော သဗ္ဗညုဗုဒ္ဓဉာဏ်တော်ရှင် ဗုဒ္ဓမြတ်စွာဘုရားသခင်တို့သည် ဤဘုံ၌သာ ပွင့်ကြကုန်သည့် မနုဿလူသားစင်စစ် ဖြစ်ကြကုန်၏။

နတ်ဘုံ(၆)ဘုံနှင့် လူ့ဘုံတို့ကို ကာမသုဂတိ (ကာမဂုဏ် ချမ်းသာများ ခံစားရာဘုံ (၇)ဘုံ)ဟုခေါ်၏။

အပါယ်(၄)ဘုံ

ကုသိုလ်ကောင်းမှုကင်းသော (တစ်နည်း)ကုသိုလ်ကောင်းမှုပြုခွင့်မရသော ဘုံကို အပါယ်ဘုံဟုခေါ်၏။ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟူသော ချမ်းသာခြင်းသုံးမျိုး၏ ဖြစ်ကြောင်းကုသိုလ် ကောင်းမှုတရားတို့နှင့်ကင်းသောဘုံ ဖြစ်သည်။ အကုသိုလ်တရားတို့နှင့်ပြည့်နေသောဘုံလည်းဖြစ်၏။

ခပ်သိမ်းသော သတ္တဝါတို့ကား သံသရာတစ်လျှောက်တွင် ကာမဘုံ၌ ပဋိသန္ဓေအကြိမ် အလွန်များ၍ ဗြဟ္မာဘုံ၌ ပဋိသန္ဓေအကြိမ် အလွန်နည်းပါး၏။ ကာမဘုံ၌ ဖြစ်သည့် ပဋိသန္ဓေအကြိမ်များကို ပြန်လည် ရွေးပြန်သည်ရှိသော် အပါယ် (၄)ဘုံ၌ အများဆုံးဖြစ်ကြ၏။ ဘစ်နေရာတွင် တစ်ဘဝ၊ တစ်ထောင်တွင် တစ်ဘဝမျှသော်လည်း လူ့ဘုံ၊ နတ်ဘုံသို့ အလှည့်မကျနိုင်ကြကုန်။ ထို့ကြောင့် အနမတဂ္ဂသံသရာ၌ ခပ်သိမ်းသောသတ္တဝါတို့၏ ထာဝရနေရပ်ဌာနကား အပါယ်(၄) ဘုံသာ ဖြစ်ပေ၏။ ခပ်သိမ်းသောသတ္တဝါတို့သည် သံသရာတွင် အမျိုးအားဖြင့် အပါယ်(၄)ဘုံသူ၊ အပါယ်(၄)ဘုံသားတို့ချည်း ဖြစ်ပေသည်။ ထိုအပါယ်(၄)ဘုံမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနှင့် အသူရကာယ်တို့ ဖြစ်ကြပေသည်။

ငရဲဘုံ

ချမ်းသာခြင်း အလျဉ်းမရှိသောဘုံဖြစ်၏။ ငရဲဘုံတွင် ခံကြရကုန်သော ဒုက္ခအမျိုးမျိုးသည် မရေမတွက်နိုင်အောင် များပြားကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားက ငရဲဘုံ၌ခံကြရကုန်သော ဒုက္ခအမျိုးမျိုးတို့ကို ဒေသနာအစဉ်အားဖြင့် ငါ ဘုရားသော်မှလည်း ဆုံးခန်းရောက်အောင် ဟောကြားသော်လည်း ကုန်နိုင်ဖွယ်မရှိဟု ဟောတော်မူရချေ၏။

http://www.dhammadownload.com

ငရဲဘုံသည် ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထူရှိသော ဤမဟာ ပထဝီမြေကြီးအောက်ဝယ် ယူဇနာပေါင်း တစ်သိန်းနှစ်သောင်းခန့်ရှိသော အထက်ပိုင်း အရပ်ဌာနအတွင်း၌ တည်ရှိ၏။ များစွာသော ငရဲဘုံတို့တွင် ကြီးကျယ်၍ ပမာန ကျသော ငရဲကြီး(၈)ထပ်ရှိ၏။ ထိုငရဲကြီး(၈)ထပ်တွင် တစ်ထပ်တစ်ထပ်စီ၏ အရပ် လေးမျက်နှာနှင့် ထက်ဝန်းကျင်တို့၌ ရံပတ်လျက် ငရဲပေါင်း များစွာရှိသေး၏။ ငရဲဘုံသို့ ကျရောက်သူသည် ကံမကုန်မချင်း ဒုက္ခခံကြရ၏။ အချို့မှာ ငရဲတစ်ခုမှ တစ်ခုသို့ ကူးပြောင်းပြီးခံကြရသေး၏။

ငရဲကြီး(၈)ထပ်

၁။ သိဒ္ဓိုးငရဲကြီး

လူ့ပြည်အောက် ယူဇနာပေါင်း တစ်သောင်းငါးထောင်ဝေးပြီး အနက် ယူဇနာတစ်ရာ၊ အလျား ယူဇနာတစ်သောင်းကျယ်ဝန်းသော မြေဥမင်ကြီး၌ တည်ရှိ၏။ အလျှံပြောင်ပြောင်တောက်လောင်သော သံမြေပြင်ရှိ၏။ ငရဲထိန်းတို့သည် အသရေ်အနန္တမျှသော ငရဲသားတို့အား အလျှံပြောင်ပြောင်တောက်လောင်ကုန်သော အလွန်တရာထက်လှသည့် အထူးထူးအပြားပြားလက်နက် လုံတံတို့ဖြင့် ပစ်ခတ်ထိုးနှက်ရိုက်ပုတ်ကြကုန်၍ အပိုင်းပိုင်းပြတ်အောင် ပြုကြကုန်၏။ ငရဲသားတို့သည် သံမြေပြင်ပေါ်၌ လဲကျကုန်၍ အရေအသားအရိုးတို့ ကြေမွကုန်၏။ သွေးချောင်းစီးကုန်၏။ ထို့နောက် သံမြေမှ ထသော မီးတို့သည် ငရဲသားတို့အား ပြာမှုန့်မျှ အကြွင်းအကျန် မရှိသည်အထိ ခဏချင်း လောင်ကျွမ်းကုန်၏။ ထို့နောက် ငရဲသားတို့သည် ဥပပါတ်ဇာတိ (ပဋိသန္ဓေစိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် ၁၆ နှစ်ခန့် အရွယ် ရောက်ပြီး သူတို့၏ခန္ဓာကိုယ် အနေအထားဖြင့် ထင်ရှားစွာဖြစ်လာခြင်း) အားဖြင့် ပကတိ ဖြစ်မြဲဖြစ်ကြရကုန်၏။ ဤငရဲကြီး၏ သက်တမ်းမှာ ဤငရဲသက်အားဖြင့် အနှစ်(၅၀၀)ဖြစ်၏။ ထိုငရဲသက်တစ်ရက်သည် လူတို့၏နှစ်အားဖြင့် ကိုးသန်းဖြစ်၏။

၂။ ကာဠသုတ်ငရဲကြီး

ဤငရဲကြီးသည် သိဒ္ဓိုးငရဲကြီး၏အောက် ယူဇနာတစ်သောင်း ငါးထောင်တွင် ရှိ၍ အနက်ယူဇနာတစ်ရာ၊ အလျားအနံယူဇနာတစ်သောင်း ကျယ်သော မြေဥမင်ကြီး၌ရှိ၏။ အလျှံပြောင်ပြောင်တောက်လောင်သော သံမြေပြင်ပေါ်၌ အသရေ်ယျအနန္တ များပြားလှစွာသော ငရဲသားတို့ဖြင့် ပြည့်၏။ ငရဲထိန်းတို့က

http://www.dhammadownload.com

အလျှံပြောင်ပြောင် တောက်လောင်ပြီး အလွန်ထက်လှစွာသော အမျိုးမျိုးသော လက်နက် လုံတံတို့ဖြင့် ထိုးနှက်ရိုက်ပုတ်ပိုင်းဖြတ်၍ သံမြေပြင်၌ လဲကျကုန်သော ငရဲသားတို့အား မလျှပ်နိုင်အောင် ပြုကြကုန်၏။ ဆက်လက်၍ သံဖြင့်ပြီးသော မည်းနက်သော အဆင်းရှိသည့် မျဉ်းကြိုးတို့ဖြင့် မျဉ်းကြောင်းများ ချလျက် ပဲခွပ်၊ ပုဆိန်သွား၊ ဓားမသွားတို့ဖြင့် အလွှာလွှာပြုကြကုန်၏။ ထို့နောက် သံမြေမှထသော်မီးတို့သည် ငရဲသားတို့အား ပြာမှုန်အကြွင်း မရှိအောင် လောင်ကြကုန်၏။ ငရဲသားတို့သည် ဥပပါတ်ဇာတိအားဖြင့် ပကတိ ဖြစ်မြဲ ဖြစ်ကြရပြန်၏။ ကာဠသုတ်ငရဲကြီး၏ သက်တမ်းသည် ထိုငရဲသက်အားဖြင့် နှစ်ပေါင်း(၁၀၀၀)ဖြစ်၏။ ထိုငရဲသက်တစ်ရက်သည် လူတို့ နှစ်ကိုးသန်းကို လေးဆတက်သည်နှင့်ညီ၏။

၃။ သဃ်ာတငရဲကြီး

ဤငရဲကြီးသည် ကာဠသုတ်ငရဲကြီး၏ အောက်ယူဇနာတစ်သောင်း ငါးထောင်တွင် ရှိ၍ အစောက်ယူဇနာတစ်ရာ၊ အလျားအနံယူဇနာတစ်သောင်း ကျယ်သော မြေဥမင်ကြီး၌ရှိ၏။ အလျှံပြောင်ပြောင်တောက်လောင်သော သံမြေအတိ ပေါ်၌ အသရေ်ယျအနန္တ များပြားလှသော ငရဲသားတို့ဖြင့် ပြည့်၏။ အရပ်လေးမျက်နှာတို့မှ အလျှံပြောင်ပြောင် တောက်လောင်ကုန်သော သံတောင်ကြီးလေးလုံးတို့သည် အလွန်ပြင်းထန်သောအသံမြည်ဟည်းလျက် ငရဲသားတို့အား တစ်ဟုန်ထိုး ဖိနင်းကြိတ်ဝါး၍ သွားကြကုန်၏။ ထိုအခါ ငရဲသားတို့သည် မုန့်မုန့်ညက်ညက်ကြေကုန်၍ မီး၏အဟုန်အားဖြင့် ခဏချင်းပျောက်ကုန်၏။ ထို့နောက်ငရဲသားတို့သည် ဥပပါတ်ဇာတိအားဖြင့် ပကတိဖြစ်မြဲဖြစ်ကြကုန်၏။ ဤငရဲကြီး၏သက်တမ်းသည် ယင်းငရဲသက်အားဖြင့် နှစ်ပေါင်း(၂၀၀၀)ဖြစ်၏။ ယင်းငရဲသက် တစ်ရက်သည် ကာဠသုတ်ငရဲသက် လေးရက်နှင့် ညီမျှ၏။

၄။ ရောရုဝငရဲကြီး...

သဃ်ာတ ငရဲကြီး၏အောက် ယူဇနာတစ်သောင်း ငါးထောင်တွင်ရှိ၍ အနက်ယူဇနာတစ်ရာ အလျားအနံ တစ်သောင်းစီကျယ်သော မြေဥမင်ကြီး၌ ရှိ၏။ ကမ္ဘာပတ်လုံးတည်သော အလွန်ငန်၍ အလွန်ပူလောင်သော အခိုး တို့ဖြင့် ပြည့်နေ၏။ ယင်းအခိုးအငွေ့များသည် များပြားလှစွာသော ငရဲသတ္တဝါတို့၏ ကိုယ်တွင်းသို့ ဒွါရကိုးပေါက်တို့မှ အမြဲဝင်ကုန်၏။ ထိုအခါငရဲ သားတို့သည် တစ်ကိုယ်လုံး၌ အလွန်ပူ၊ အလွန်ကျိန်းစပ်နာကျင်ကြသောကြောင့် မခံမရပ်နိုင်ဖြစ်ကာပြင်းထန်သောအသံတို့ဖြင့် အမြဲဟစ်အော် ငိုကြွေးကြကုန်၏။ ပြင်းစွာ

http://www.dhammadownload.com

သော ဒုက္ခဖြစ်ကြကုန်၏။ ဤငရဲကြီး၏ သက်တမ်းသည် ယင်းငရဲသက်အားဖြင့် နှစ်ပေါင်း(၄၀၀၀)ဖြစ်၏။ ယင်းငရဲသက် တစ်ရက်သည် သဃ်ာတငရဲသက် လေးရက်နှင့်ညီ၏။

၅။ **မဟာရောရုဝငရဲကြီး....**

ရောရုဝငရဲကြီး၏အောက် ယူဇနာတစ်သောင်းငါးထောင်တွင် ရှိ၍ အနက် ယူဇနာတစ်ရာ၊ အလျား အနံ ယူဇနာတစ်သောင်းစီကျယ်သော မြေဥမင်ကြီး၌ ရှိ၏။ ဤငရဲ၌ဖြစ်ကြကုန်သော ငရဲသတ္တဝါတို့၏ ဒွါရ ကိုးပေါက်အတွင်းသို့ မီးတောက်မီးလျှံတို့သည် အမြဲဝင်၍ တစ်ကိုယ်လုံးလောင်ကျွမ်းကုန်၏။ ဤငရဲကြီး၏သက်တမ်းမှာ ယင်းငရဲသက်အားဖြင့် နှစ်ပေါင်း(၈၀၀၀)ကြာမြင့်၍ ငရဲသက်တစ်ရက်သည် ရောရုဝငရဲသက်လေးရက် နှင့်ညီမျှ၏။

၆။ **တာပနငရဲကြီး...**

မဟာရောရုဝငရဲကြီး၏အောက် ယူဇနာ တစ်သောင်းငါးထောင်ဝေး၍ အစောက် ယူဇနာ တစ်ရာ၊ အလျား၊ အနံ ယူဇနာတစ်သောင်းစီရှိသော မြေဥမင်၌ တည်ရှိ၏။ အလျှံပြောင်ပြောင်တောက်လောင်ကုန်သော သံမြေပြင်ပေါ်ရှိ များပြားလှစွာသော ငရဲသတ္တဝါတို့၏ ကိုယ်အင်္ဂါတို့၌ အလျှံပြောင်ပြောင် တောက်လောင်ကုန်သော သံတံကျင်လျှိုတင်လျက် ဖြစ်ကြကုန်၏။ ကိုယ်အင်္ဂါတစ်စုံတစ်ခုမျှ မလှုပ်ရှားနိုင်ဘဲ အောက်သံမြေမှလည်းကောင်း၊ သံတံကျင်တို့မှ လည်းကောင်း မီးတောက်မီးလျှံတို့ထ၍ အမြဲလောင်ကျွမ်းကြကုန်၏။ ဤငရဲကြီး၏ သက်တမ်းသည် ယင်းငရဲသက်အားဖြင့် နှစ်ပေါင်း(၁၆၀၀၀) ကြာမြင့်၍ ယင်းငရဲသက် တစ်ရက်သည် မဟာရောရုဝ ငရဲကြီး၏ လေးရက်နှင့် ညီမျှ၏။

၇။ **မဟာတာပနငရဲကြီး....**

တာပနငရဲကြီး၏အောက် ယူဇနာတစ်သောင်းငါးထောင်ဝေး၍ အနက် ယူဇနာ တစ်ရာ၊ အလျားအနံ ယူဇနာ တစ်သောင်းစီရှိသော မြေဥမင်ကြီး၌ တည်ရှိ၏။ ငရဲထိန်းတို့သည် ငရဲသားတို့အား အလျှံပြောင်ပြောင် တောက်လောင်သော လက်နက်တို့ဖြင့် ရိုက်နှက်လျက် အလျှံပြောင်ပြောင် တောက်လောင်လျက် ရှိသည့် အလွန်ကြီးမားလှသော သံတောင်ကြီးတို့၏ အပေါ်သို့ ပြေးတက်စေကုန်၏။ ငရဲသားတို့သည် မခံမရပ်နိုင်အောင်ဒုက္ခခံ၍ တောင်ထိပ်သို့ ပြေးတက်ကြရ၏။ တောင်ထိပ်သို့ရောက်သောအခါ ပြင်းထန်သောလေ၏အဟုန်ကြောင့်

http://www.dhammadownload.com

လွှင့်ပါးကုန်၍ တောင်ခြေခြံစိုက်ထူလျက်ရှိကုန်သော သံတံကျင်တို့ အပေါ်သို့ ဦးခေါင်း ဇောက်ထိုးကျကြလေကုန်၏။ ဤသို့ဖြင့် အပြန်ပြန်အလှန်လှန် ထပ်ကာတလဲလဲ ခံကြရကုန်၏။ ဤငရဲကြီး၏သက်တမ်းမှာ အနန္တ ရကပ် ထက်ဝက်ဖြစ်၏။

၈။ **မဟာအဝီစိငရဲကြီး....**

မဟာတာပန ငရဲကြီး၏အောက် ယူဇနာတစ်သောင်းငါးထောင်ဝေး၍ အနက် ယူဇနာတစ်ရာ၊ အလျားအနံ တစ်သောင်းစီကျယ်သော မြေဥမင်ကြီးဌာ တည်ရှိ၏။ အလျား၊ အနံ၊ အမြင့်ယူဇနာတစ်ရာစီ၊ အထုကိုးယူဇနာရှိကြသော သံတံတိုင်း ကြီးတို့သည် အရပ်လေးမျက်နှာမှကာရံထား၏။ ထို့နည်းတူ အလျား ယူဇနာ တစ်ရာ၊ အမြင့်ယူဇနာတစ်ရာစီ၊ အထုကိုးယူဇနာရှိကြသော သံပြားကြီးနှစ်ခု တို့သည် အထက်အောက်ပိတ်ဆို့လျက်ရှိကုန်၏။ တံတိုင်းအတွင်းရှိ အရပ် မျက်နှာ အသီးသီးနှင့် အထက်အောက်တို့မှ ထွက်ကြကုန်သော မီးတောက်မီးလျွံ တို့သည် အတွင်းသို့လည်းကောင်း၊ အပသို့လည်းကောင်း ယူဇနာတစ်ရာစီ အမြဲပျံ့နှံ့လျက်ရှိကြကုန်၏။ ဤအရပ်အတွင်းဌာ မီးတောက်မီးလျွံ မရှိသော နေရာဌာနဟူ၍ ကွက်လပ်မရှိ။ တံတိုင်းလေးခုအတွင်းဌာ ဆင်းရဲ ခံနေကြရ ကုန်သော ငရဲသတ္တဝါတို့သည် သံသေတ္တာကြီးအတွင်းဌာ မုန့်ညင်းစေ့တို့ကို သိပ်နှက်ထား သကဲ့သို့ အမြဲပြည့်လျက်ရှိ၏။ ဤငရဲဌာ အသက်ရှင်နေသမျှ ကာလအတွင်း အလွန်ပြင်းထန်သောဒုက္ခ၊ ဒေါမနဿတို့မှ လစ်လပ်သော အခွင့်ဟူ၍ မျက်တောင်တစ်ခတ်စာမျှမရှိ။ ယင်းငရဲကြီး၏ သက်တမ်းသည် အနန္တ ရကပ် တစ်ကပ်ဖြစ်၏။

သိမှတ်ဖွယ်။ ငရဲပြည်၏ သက်တမ်းဆိုသည်မှာ အများအားဖြင့် နေကြရသော သက်တမ်းသာဖြစ်၏။ ကံမကုန်လျှင်မူကား ကံ မကုန်မချင်းနေကြရ၏။

ဥဿဒငရဲကြီး(၅)ထပ်

ငရဲကြီး(၈)ထပ်တွင် တစ်ထပ်စီကိုအရပ်လေးမျက်နှာနှင့် ထက်အောက်ဝန်းကျင် တို့မှ ဝန်းရံလျက်ရှိသော ဥဿဒငရဲ(၅)ထပ်ရှိသေး၏။ ယင်းငရဲတို့မှာ-

၁။ **ဘင်ပုပ်ငရဲ ....**

ငရဲကြီးမှထွက်သော မီးတောက်မီးလျွံတို့၏အဆုံးဌာ အနက် အနံယူဇနာ တစ်ရာ စီရှိသော မစင်ဘင်ပုပ်ပင်လယ်ကြီး တည်ရှိ၏။ ထိုငရဲ၏အနံသည် အတွင်းသို့

http://www.dhammadownload.com

လည်းကောင်း၊ အပြင်သို့လည်းကောင်း ယူဇနာတစ်ရာစီ ပျံ့နှံ့၏။ ထိုအနံ့သည် အပယ်ဇနာ တစ်ရာ၌ရှိသော သူကိုပင် ရင်ကွဲ၍ သေလောက်အောင် နှိပ်စက်နိုင်၏။ ဘင်ပုပ်ငရဲ၌ အလွန်ထက်သည့် သံနှုတ်သီး ရှိကြကုန်သော ပိုးလောက်တို့ဖြင့် ပြည့်၏။ ပိုးလောက်တို့အရွယ်ကား အချို့မှာ ဆင်လည်ပင်းခန့်ရှိ၍ အချို့မှာ လုံးထွင်းလေခန့်ရှိ၏။

၂။ **ပြာပူငရဲ** ....

ဘင်ပုပ်ငရဲမှထွက်သောအနံ့တို့၏ ပျံ့နှံ့ရာ ယူဇနာတစ်ရာ၏ အဆုံး၌အနက်အနံ့ ယူဇနာတစ်ရာစီရှိသော ပြာပူငရဲသည် ဝန်းရံလျက်ရှိ၏။ ကမ္ဘာ ပတ်လုံးတည်သော ရဲရဲနီသည့် ပြာပူပင်လယ်ကြီး၏ အပူရှိန်သည် အတွင်းအပတို့၌ ယူဇနာတစ်ရာစီ ပျံ့နှံ့ကုန်၏။

၃။ **လက်ပံတောငရဲ**....

ပြာပူငရဲမှထွက်လာသောအပူရှိန်တို့၏ ပျံ့နှံ့ရာအဆုံး၌ အနံ့အမြင့် ယူဇနာတစ်ရာစီရှိသော လက်ပံတောကြီးသည် ဝန်းရံလျက်ရှိ၏။ လက်ပံပင်တို့သည် သံဖြင့်ပြီးသော အလွန် ထက်လှစွာသော ဆူးတို့ဖြင့် ပြည့်ကုန်၏။ ဓား၊ သန်လျက်တို့ဖြင့်ပြီးသော အရွက်တို့ဖြင့် ဖုံးကွယ်ကုန်၏။ အောက်၌မူကား သင်တုန်းသွားတို့ဖြင့် စီအပ်သောမြေပြင်ရှိ၏။ ဆင်ကောင် ကြီးငယ် ပမာဏ ရှိကုန်သော ခွေး၊ ကျီး၊ လင်းတတို့၏ နေရာလည်းဖြစ်၏။

၄။ **သန်လျက်ရွက်ငရဲ**....

အနံ့ အမြင့် ယူဇနာ တစ်ရာစီရှိကြသော အသိပတ္တာမည်သော သစ်ပင်တောကြီးသည် လက်ပံတောကြီးကို ဝန်းရံလျက်ရှိ၏။ ထိုသစ်ပင်တို့၏ အရွက်တို့သည်ကား သန်လျက်နှင့်တူသောသဏ္ဌာန်ရှိကုန်၏။

၅။ **ကြိမ်ပိုက်ချောင်းငရဲ**....

အသိပတ္တာတောကြီး၏ အပြင်၌ အလွန်ငန်သောရေရှိသည့် ဝေတရဏီ မည်သော မြစ်ကြီးသည် ဝန်းရံလျက်တည်၏။ အလွန်ထက်သော သံဆူး၊ သံရွက်တို့ဖြင့် ပြည့်သော ထန်းလုံးပမာဏရှိကြိမ်နွယ်တို့သည် ကမ်းနှစ်ဖက် နှင့် အထက်တို့၌ ပိုက်ကွန်ဖြန့်ကြက်သကဲ့သို့ မှေးယှက်လျက်တည်ကုန်၏။ ယင်းကြိမ်နွယ်တို့၏ အောက်၌ အလွန်ထက်သော အဖျားရှိသည့် သံတံကျင်တို့သည် မြစ်ပြင်တစ်ခုလုံး၌ စိုက်လျက်ရှိကုန်၏။

http://www.dhammadownload.com

ယင်းသံတံကျင်တို့၏အောက်၌ သင်တုန်းသွားကဲ့သို့ ထက်သော သံဆူး၊ သံရွက်တို့ဖြင့် ပြည့်သည့် ကြာရိုး ကြာရွက်တို့သည် ရေပြင်ကို ဖုံးလွှမ်းလျက်ရှိ၏။ ကြာရိုးကြာရွက်တို့၏ အောက်၌အလွန်ငန်သော မြစ်ရေသည် စီးဆင်းလျက်ရှိ၏။ မြစ်ကြီး၏ ဝဲယာကမ်းတစ်လျှောက်၌ သံချွန်၊ သံဆူးတို့စိုက်ထားဘိသကဲ့သို့ အလွန်ထက်သော အဖျားရှိကုန်သော အင်္ဂြောင့်တို့ဖြင့်ပြည့်သည့် သမန်းမြက်တော၊ ပေါင်းတော၊ ကြိမ်တောတို့သည် တည်ရှိကြကုန်၏။

သိမှတ်ဖွယ်။ လောဟကုမ္ဘိငရဲ၊ ပဟာသငရဲ၊ အဗ္ဗုဒငရဲ၊ နိရဗ္ဗုဒငရဲ စသည့်မရေတွက်နိုင်ကုန်သော ငရဲတို့လည်းရှိကြသေး၏။ ငရဲသတ္တဝါတို့သည် ကံမကုန်မချင်း ငရဲမှ မလွတ်မြောက်နိုင်သကဲ့သို့ ငရဲတစ်ခုမှ တစ်ခုသို့လည်း ကူးပြောင်းခံစားရတတ်ပေသည်။ အချို့သောသူတို့သည် လူ့ပြည်၌သူတော်ကောင်းဖြစ်ကြပါလျက် သေခါနီးအခါ၌ အလွန်သေးငယ်လှသော အကုသိုလ်ကံအခွင့်ရခဲ့၍ ငရဲ၌ကျရောက်ကုန်သော သူတို့သည် ပထမဦးစွာ အနှိပ်စက်မခံရမီ ယမမင်းကြီးတို့၏ စစ်ဆေးမှုခံကြရ၏။ ဤသို့စစ်ဆေးခြင်းခံရသောအခါ ရှေးကပြုခဲ့ဖူးသော ကုသိုလ်တို့ကို အမှတ်သတိပေါပေါက်လာပါက သတိရသည်နှင့်တစ်ပြိုင်နက် ငရဲမှ ကျွတ်လွတ်ပြီး သုဂတိဘုံသို့ လားကြရ၏။

http://www.dhammadownload.com

အခန်း (၁၃)

လောကီလောကုတ္တရာတရားများ

မြတ်သောတရား

မြတ်သော လောကုတ္တရာ တရားကို မမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှင်နေရခြင်းထက် မြတ်သော လောကုတ္တရာ တရားကို မြင်သော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက် ရှင်နေရခြင်းက ပိုမြတ်၏။

(ဓမ္မပဒ)

http://www.dhammadownload.com

လောကီ၊ လောကုတ္တရာ တရားတော်များ

မြတ်ဗုဒ္ဓသည် လူ၊ နတ်၊ ဗြဟ္မာအပေါင်း တစ်လောကလုံးအတွက် မိမိတို့ ကျင်လည်ကြရမည့် သံသရာတစ်လျှောက် ကောင်းကျိုးချမ်းသာအစစ်အမှန်များ ရရှိခံစား နိုင်ကြစေရန် အဆုံးစွန်သော နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်အထိ လောကုတ္တရာ (လောက၏လွတ်မြောက်ကြောင်း) တရားတော်များကို နည်းလမ်းအသွယ်သွယ်ဖြင့် စုံစုံလင်လင် ဟောကြားတော်မူ ၏။ ထို့နည်းတူ မိမိတို့၏မျက်မှောက်ဘဝတွင်လည်း ဆင်းရဲအပေါင်းမှ လွတ်ကင်းနိုင်ကြစေရန် ကိုယ်စိတ်နှစ်ပါးချမ်းသာရေး လောကီ တရားတော်များကိုလည်း ဟောကြားတော်မူခဲ့ပါ၏။

ဤအခန်းတွင် မြတ်ဗုဒ္ဓက သတ္တဝါအများကြီးပွားချမ်းသာရေးကို လိုလားတော် မူသော မဟာကရုဏာတော်၊ အနန္တမေတ္တာ တော်ဖြင့် ဟောကြားတော်မူခဲ့သော လောကီ၊ လောကုတ္တရာ တရားတော်များအနက် အချို့ကို ထုတ်နုတ် ဖော်ပြထားပါသည်။

မင်္ဂလာတရား(၃၈)ပါး

၃၈-ဖြာ မင်္ဂလာတရားတော်များကား မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးကို ပေးစွမ်းနိုင်သော မင်္ဂလာတရားတော် စစ်စစ်ဖြစ်ပေ၏။ မြတ်ဗုဒ္ဓ ရှင်တော်မြတ်သည် လောက၏လွတ်မြောက်ကြောင်း (လောကုတ္တရာ) တရားကိုသာ ဟောတော်၊ လိုသော်လည်း လောကမှလွတ်မြောက်နိုင်စွမ်း မရှိသေးသောသူများကို လူ့ဘုံနှင့်နတ်ဘုံများ၌သာ ချမ်းသာစွာကျင်လည်နိုင်စေရန် ပြုမူကျင့်ကြံ နေထိုင်ရမည့် နည်းလမ်းအသွယ်သွယ်ကိုလည်း ပေးတော်မူသေး၏။ ဤနည်းလမ်းများကား ၃၈-ဖြာ မင်္ဂလာ တရားတော်များပင်တည်း။

လောကတွင်ရှိသော မင်္ဂလာဟုဆိုကြသည့် မင်္ဂလာတရားအားလုံးတို့တွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ဤမင်္ဂလာတရား(၃၈)ပါးသာလျှင် အမှန်ကန်ဆုံး၊ အစစ်မှန်ဆုံးနှင့် အမြတ်ဆုံးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤမင်္ဂလာတရားများကား ကောင်းသောအပြုအမူ၊ အပြောအဆို၊ အကြံအစည်များသာ ဖြစ်ပေရာ ကောင်းမှု ကုသိုလ်များချည်းဖြစ်ခြင်း၊ (တစ်နည်း) မကောင်းမှုဟူသမျှကို ပယ်ဖျက်နိုင်သည့် သတ္တိထူးရှိခြင်းများကြောင့် မင်္ဂလာတရား (အကုသိုလ်မှန်သမျှကို ဖျက်ဆီး ပယ်သတ် ကြောင်းတရား) အစစ်အမှန် ဖြစ်သောကြောင့်တည်း။

ဤမင်္ဂလာတရားတော်များကို မြတ်ဗုဒ္ဓမဟောကြားမီကာလက လောက၌ မင်္ဂလာ ပြဿနာသည် နှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်လျက်ရှိ၏။ လောက၌နှစ်သက်ဖွယ်

http://www.dhammadownload.com

အကောင်းဟု အသိအမှတ်ပြုထားသော အရာများကို မင်္ဂလာဟုယူဆခဲ့ကြသည်။ အချို့ကနှစ်သက်ဖွယ်ကောင်းသော အဆင်းအာရုံများကိုလည်းကောင်း၊ အချို့က နှစ်သက်ဖွယ်ကောင်းသော အရသာအတွေ့အထိတို့ကိုလည်းကောင်း စသည်အားဖြင့် မင်္ဂလာဟု ဆိုကြကုန်၏။ (ယနေ့ကာလအထိ အချို့လူများသည် မင်္ဂလာကို တလွဲမှတ်ယူနေကြသေး၏။)

ထိုမင်္ဂလာပြဿနာမှာ လူတို့၌သာမက နတ်၊ ဗြဟ္မာ လောကသို့ပင် ဂယက်ရိုက်ကာ တစ်ဆယ့်နှစ်နှစ်တိုင်အောင် မပြေလည်ခဲ့သော ပြဿနာကြီးတစ်ရပ် ဖြစ်ခဲ့၏။ တစ်ဆယ့်နှစ်နှစ်လွန်မြောက်သောအခါကျမှ တာဝတိံသာနတ်တို့က သိကြားမင်းထံ မင်္ဂလာပြဿနာကို အဖြေပေးပါရန် တောင်းပန်ခဲ့ကြ၏။ သိကြားမင်းလည်း ယင်းပြဿနာကို မဖြေနိုင်၍ အလွန်နှစ်သက်ဖွယ် အဆင်းရှိသော နတ်သားတစ်ဦးကို ဘုရားရှင်ထံလျှောက်ထားရန် စေလွှတ်လိုက်၏။

ဘုရားမြတ်စွာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး လှူဒါန်းထားသော ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူနေစဉ် ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင်ချိန်၌ အမျိုးအမည် မထင်ရှားသော နတ်သားတစ်ဦးသည် အလွန်နှစ်သက်ဖွယ်အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက် ပတ်ဝန်းကျင်တစ်ခွင်လုံးကို ထိန်လင်းစေလျက် ဘုရားရှင်ရှိရာသို့ ချဉ်းကပ်ရှိခိုးပြီး သင့်လျော်သောနေရာ၌ ရပ်၍ထူးခြားကောင်းမြတ်သော မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါရန် လျှောက်ထားတောင်းပန်၏။ ထိုအခါကျမှ မြတ်ဗုဒ္ဓသည် လောက၌အမြတ်ဆုံးသော မင်္ဂလာတရားတော်ကို ဟောကြားတော်မူလေရာ သိကြားမင်းနှင့်တကွ နတ်အများပါရောက်ရှိလာ၍ နာကြားကြကုန်၏။

ဤမင်္ဂလာတရားများကား အစစ်အမှန်ဖြစ်ရကား မဟုတ်ဟုလည်းကောင်း၊ မကောင်းဟုလည်းကောင်း ငြင်းမည့်သူ၊ ပယ်လှန်မည့်သူ တစ်ဦးတစ်ယောက်မျှ မပေါ်လာနိုင်ပေ။ ဤတရားတော်များနှင့်အညီ ပြုမူကျင့်ကြံနေထိုင်သူသည် မင်္ဂဖိုလ်သို့ရောက်လျှင်ရောက်၊ မရောက်နိုင်သေးပါကလည်း မျက်မှောက်ဘဝမှာရော နောင်သုဂတိဘုံများတွင်ပါ အပြစ်မဲ့စွာ (ချမ်းသာစွာ) ကျင်လည်နေကြရမည်သာဖြစ်ပါ၏။

ဤမင်္ဂလာတရား(၃၈)ပါးတို့မှာ–

(၁) အသေဝနာစ ဗာလာနမင်္ဂလာ (သူမိုက်တို့ကို မပေါင်းသင်း မမှီဝဲ မဆည်းကပ်ရခြင်း။)

(၂) ပဏ္ဍိတာနဉ္စ သေဝနမင်္ဂလာ (ပညာရှိသူတော်ကောင်းတို့ကို ပေါင်းသင်းမှီဝဲဆည်းကပ်နှီးနှောရခြင်း။)

http://www.dhammadownload.com

(၃) ပူဇာစ ပူဇနေယျာနမင်္ဂလာ(ပူဇော်ထိုက်သူကိုပူဇော်ခြင်း။)

(၄) ပဋိရူပ ဒေသဝါသမင်္ဂလာ (တင့်အပ်လျောက်ပတ်သော အရပ်၌နေရခြင်း။)

(၅) ပုဗ္ဗေစ ကတ ပုညတာမင်္ဂလာ(ရှေး၌ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း။)

(၆) အတ္တသမ္မာ ပဏိဓိမင်္ဂလာ(ကိုယ်စိတ်နှစ်ပါးကိုကောင်းစွာထားရှိခြင်း။)

(၇) ဗာဟုသစ္စဉ္စမင်္ဂလာ (အကြားအမြင်များခြင်း။)

(၈) သိပ္ပဉ္စမင်္ဂလာ (လက်မှုပညာတတ်မြောက်ခြင်း။)

(၉) ဝိနယောစ သုသိက္ခိတမင်္ဂလာ(ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာသင်အံလေ့ကျက်ခြင်း။)

(၁၀) သုဘာသိတာစ ယာဝါစာမင်္ဂလာ (ကောင်းသောစကားကိုသာပြောဆိုခြင်း။)

(၁၁) မာတာပိတုဥပဋ္ဌာန မင်္ဂလာ (အမိအဖတို့ကိုလုပ်ကျွေးပြုစုခြင်း။)

(၁၂) ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာ (သားသမီးဇနီးမယားတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း။)

(၁၃) အနာကုလာစ ကမ္မန္တာမင်္ဂလာ(အကုသိုလ် အနှောင့်အယှက်မရှိသောအလုပ်ဖြင့် အသက်မွေးမြူရခြင်း။)

(၁၄) ဒါနဉ္စမင်္ဂလာ(စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။)

(၁၅) ဓမ္မစရိယမင်္ဂလာ(တရားတော်နှင့်အညီကျင့်ခြင်း။)

(၁၆) ဉာတကာနဉ္စ သင်္ဂဟမင်္ဂလာ(ဆွေမျိုးတို့ကိုချီးမြှောက်ထောက်ပံ့ခြင်း။)

(၁၇) အနဝဇ္ဇာနိ ကမ္မာနိမင်္ဂလာ (လောကနှင့်သံသရာတို့၌ အပြစ်မရှိသောအမှုကိုပြုရခြင်း။)

(၁၈) အာရတီမင်္ဂလာ (မကောင်းမှုတို့မှ စိတ်ဖြင့်ရှောင်ကြဉ်ရခြင်း။)

(၁၉) ဝိရတီမင်္ဂလာ (မကောင်းမှုတို့မှ ကိုယ်နှုတ်ဖြင့်ရှောင်ကြဉ်ရခြင်း။)

(၂၀) မဇ္ဇပါနာစ သံယမမင်္ဂလာ (မူးယစ်သေစာသောက်စားခြင်းမှ ကောင်းစွာရှောင်ကြဉ်ခြင်း။)

(၂၁) အပ္ပမာဒေါစ ဓမ္မေသုမင်္ဂလာ (ကုသိုလ်တရားတို့၌မမေ့မလျော့ခြင်း။)

(၂၂) ဂါရဝမင်္ဂလာ (ရိုသေထိုက်သူကိုရိုသေခြင်း။)

(၂၃) နိဝါတမင်္ဂလာ (မိမိကိုယ်ကိုနှိမ့်ချခြင်း။)

http://www.dhammadownload.com

(၂၄) သန္တုဋ္ဌိမင်္ဂလာ (ရောင့်ရဲတင်းတိမ်လွယ်ခြင်း။)

(၂၅) ကတညုတမင်္ဂလာ (သူတစ်ပါးပြုဖူးသောကျေးဇူးကိုသိခြင်း။)

(၂၆) ကာလေန ဓမ္မသဝနမင်္ဂလာ (လျောက်ပတ်သောအခါ၌တရားနာရခြင်း။)

(၂၇) ခန္တီမင်္ဂလာ(သည်းခံခြင်း။)

(၂၈) သောဝစဿတာမင်္ဂလာ (သူတော်ကောင်းတို့၏ပြောဆိုဆုံးမလွယ်သူဖြစ်ခြင်း။)

(၂၉) သမဏာနဉ္စဒဿနမင်္ဂလာ (ရဟန်းတို့ကိုဖူးမြင်ရခြင်း။)

(၃၀) ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ (လျောက်ပတ်သော အခါ၌ တရားဆွေးနွေးခြင်း။)

(၃၁) တပေါစမင်္ဂလာ (ကိလေသာကိုပယ်သတ်စေနိုင်သော အကျင့်များကိုကျင့်ခြင်း။)

(၃၂) ဗြဟ္မစရိယမင်္ဂလာ (မေထုန်အမှုကင်းသောမြတ်သော အကျင့်ကိုကျင့်ခြင်း။)

(၃၃) အရိယသစ္စာန ဒဿနမင်္ဂလာ (သစ္စာလေးပါးမြတ်တရားကို ကောင်းစွာသိမြင်ခြင်း။)

(၃၄) နိဗ္ဗာန သစ္ဆိ ကိရိယမင်္ဂလာ (နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်း။)

(၃၅) နကမ္မတိမင်္ဂလာ (လောကဓံတရားရှစ်ပါးနှင့်တွေ့ကြုံသောအခါ ရဟန္တာတို့ကဲ့သို့ မတုန်လှုပ်ခြင်း။)

(၃၆) အသောကမင်္ဂလာ (စိုးရိမ်ပူဆွေးမှုမရှိခြင်း။)

(၃၇) ဝိရဇမင်္ဂလာ (ရာဂစသော ကိလေသာရမ္မက်မြူ လုံးဝကင်းစင်ခြင်း။)

(၃၈) ခေမမင်္ဂလာ (ကြောက်ခြင်းဟူသောဘေးမရှိခြင်း။)

သိမှတ်ဖွယ်။ ဤ ၃၈ဖြာ မင်္ဂလာတရားတော်တွင် ရှေ့(၁)မှ (၃၂)အထိသည် လောကီမင်္ဂလာများဖြစ်၍ ကျန်(၆)ပါးသည် လောကုတ္တရာမင်္ဂလာများဖြစ်ကြ၏။ တစ်နည်းအားဖြင့် ရှေ့ ၃၂ပါးသည် အကြောင်းမင်္ဂလာများဖြစ်ကြ၍ ကျန်(၆)ပါးသည် အကျိုးမင်္ဂလာများဖြစ်ကြ၍ အရိယာသူမြတ်တို့၌သာ ပြည့်စုံနိုင်၏။ နောက်ဆုံး(၄)ပါးသည် အရဟတ္တဖိုလ်ဆိုက်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့၏ လက္ခဏာ အင်္ဂါရုပ်များသာဖြစ်ပါ၏။

ဤမင်္ဂလာတရားတော်များမှ သိမှတ်ဖွယ် ထပ်ဆင့်ရှင်းလင်းချက်များကို အကျဉ်းအားဖြင့် ဆက်လက်ဖော်ပြထားပါသည်။

http://www.dhammadownload.com

၁။ အသေဝနာစ ဗာလာန မဂ်လာ

သူမိုက်တို့ကို မပေါင်းသင်း၊ မမှီဝဲ၊ မဆည်းကပ်ရခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်၏။

သူမိုက်(ဗာလ)ဆိုသည်မှာ ပစ္စုပ္ပန်သံသရာနှစ်ဖြာသောအကျိုးကို ဖြတ်တောက်တတ်သူဖြစ်၏။ ပစ္စုပ္ပန်သံသရာ အကျိုးမဲ့နှစ်မျိုးကို ရယူတတ်သူဟုလည်းဆို၏။ ဗာလသည် မိမိကိုယ်ကိုယ်လည်း ဖျက်ဆီး၍ သူတစ်ပါးတို့ကိုလည်း ပျက်စီးဆုံးရှုံးစေတတ်၏။ လောကနှင့် သံသရာတို့၌ ဘေးအန္တရာယ်ဟူသမျှ မကောင်းကျိုးဟူသမျှတို့သည် လူမိုက်များကြောင့်သာဖြစ်ရ၏။ ဤသို့မျက်မှောက်နှင့် တမလွန်တို့၌ ဆင်းရဲဒုက္ခဟူသမျှကို ဖန်တီးတတ်သူ သူမိုက်မှာ ကြောက်လန့်ဖွယ် ပုဂ္ဂိုလ်သာတည်း။

မြတ်ဗုဒ္ဓက သူမိုက်၌ ကောင်းသောဂုဏ်ရည်များ မရှိသောကြောင့်လည်းကောင်း၊ မကောင်းမှုသည် ကူးစက်မြန်ဆန်သောကြောင့်လည်းကောင်း၊ သူမိုက်သူယုတ်တို့နှင့် ပေါင်းသင်းဆက်ဆံမည့်အစား မိမိတစ်ကိုယ်တည်းသာနေရမည်ဟု ဟောကြားတော်မူခြင်းဖြင့် သူမိုက်သူယုတ်တို့ကို မပေါင်းသင်း၊ မမှီဝဲ၊ မဆည်းကပ်ရခြင်းသည် မင်္ဂလာတရားပင်ဖြစ်သည်။

သူမိုက်သူယုတ်လက္ခဏာ(၃)ပါး

၁။ မကောင်းမှုကိုသာကြံစည်ခြင်း။

၂။ မကောင်းသော၊ အပြစ်မကင်းသောစကားကိုသာ ပြောဆိုခြင်း။

၃။ မကောင်းမှုကိုသာပြုလုပ်ခြင်း။

ဤလက္ခဏာရေး(၃)ပါးရှိသူကား ပညာတတ်သူပင်ဖြစ်စေ၊ အမျိုးမြတ်သူပင်ဖြစ်စေ၊ ပစ္စည်းဥစ္စာကြွယ်ဝသူပင်ဖြစ်စေ၊ မင်းအစိုးရသူပင်ဖြစ်စေ၊ မည်သူမဆို ဗာလ(သူမိုက်)ပင်တည်း။

သူမိုက်သူယုတ်ဟုသိကြောင်းလက္ခဏာ(၄)ပါး

၁။ သူတစ်ပါးအပြစ်ကို တစ်စုံတစ်ယောက်က မမေးဘဲလျက် ပြောတတ်ခြင်း၊ မေးလျှင်ကား သာသာထိုးထိုးခဲ့ကား၍ ပြောတတ်ခြင်း။

၂။ မိမိ၏အပြစ်ကိုမူ တစ်စုံတစ်ယောက်ကမမေးလျှင် မပြောဘဲဖုံးထားတတ်ခြင်း၊ မေးလျှင်လည်း အနည်းငယ်သာပြောခြင်း။

http://www.dhammadownload.com

၃။ သူတစ်ပါး၏ဂုဏ်ကျေးဇူးကို မည်သူကမျှမမေးလျှင် မပြောဘဲထားခြင်း၊ မေးလျှင်လည်းအနည်းငယ်သာ ပြောခြင်း။

၄။ မိမိ၏ဂုဏ်ကျေးဇူးကိုမူ မမေးပါဘဲလျက် ထုတ်ဖော်ပြောပြတတ်ခြင်း၊ မေးလျှင်ကား ပိုပိုမိုမို သာသာထိုးထိုး ပြောတတ်ခြင်း။

၂။ ပဏ္ဍိတာနဥ္စ သေဝနမဂ်လာ

ပညာရှိသူတော်ကောင်းတို့ကို ပေါင်းသင်း၊ မှီဝဲ၊ ဆည်းကပ်နှီးနှောရခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၏။

ပဏ္ဍိတ (ပညာရှိ) ဆိုသည်မှာ မျက်မှောက်တမလွန်အကျိုး (၂)ပါးတို့၌ သိနားလည်သောဉာဏ်အစဉ်ရှိ၍၊ ယင်းဉာဏ်အသွားဖြင့် သွားနေတတ်သူဖြစ်၏။ မှန်ကန်သင့်မြတ်သောအပြုအမူ အယူအဆရှိသောပညာရှိများကား ဘေးရန်ဖြစ်လာသော အခါ အကာအကွယ် အစောင့်အရှောက်ကောင်းကဲ့သို့လည်းကောင်း၊ အမိုက်မှောင်၌ အမြင်ကိုရစေတတ်သော ဆီမီးကဲ့သို့လည်းကောင်း မိမိနှင့် မိမိအားမှီခိုနေသူများကို ဘေးအန္တရာယ်ကင်း၍ ချမ်းသာမှုအလုံးစုံ ဖြစ်စေတတ်၏။

မြတ်ဗုဒ္ဓက လောက၌ ဘေးရန်အန္တရာယ်ဟူသမျှသည် လူမိုက်များကြောင့်သာ ဖြစ်ရ၏။ ပညာရှိကြောင့်ဖြစ်ရသည်ဟု မရှိကြောင်း ဟောကြားတော်မူ၏။ ပညာရှိကား နည်းမှန်လမ်းမှန်ကိုသာ ကျင့်တတ်၏။ မပြုသင့်သည်များ၌ မတိုက်တွန်းတတ်၊ မှန်ကန်သောနည်းလမ်းသာ ပညာရှိအဖို့ အကောင်းအမြတ်ဖြစ်၏။ အကျိုးသင့် အကြောင်းသင့်ပြောသော် စိတ်မဆိုးတတ်။ စည်းကမ်းဝိနည်းကို နားလည် ကျင့်ကြံတတ်၏။ ထိုပညာရှိမျိုးကို ပေါင်းသင်း၊ မှီဝဲ၊ ဆည်းကပ်၊ နှီးနှောရခြင်းသာ မွန်မြတ်ကောင်းမွန်၏။ ကောင်းသောတရားဖြစ်၍ မင်္ဂလာမည်၏။

ထို့ကြောင့် မြတ်ဗုဒ္ဓက "ယုတ်ညံ့သူကိုပေါင်းလျှင် မိမိမှာလည်း ယုတ်ညံ့သူဖြစ်ရ၏။ တန်းတူသူကိုပေါင်းလျှင် မဆုတ်ယုတ်။ မိမိထက်မြတ်သူကို ပေါင်းလျှင် ချမ်းသာမှုကို လျှင်မြန်စွာ အောင်နိုင်အံ့"ဟု ဟောကြားတော်မူ၏။

သူတော်သူမြတ်လက္ခဏာ(၃)ပါး

၁။ ကောင်းမှုကိုသာကြံစည်ခြင်း။

၂။ ကောင်းသော၊ အပြစ်ကင်းသောစကားကိုသာ ပြောဆိုခြင်း။

၃။ ကောင်းသောအမှုကိုသာပြုလုပ်ခြင်း။

http://www.dhammadownload.com

ဤလက္ခဏာရေး(၃)ပါးရှိသူကား ပစ္စုပ္ပန်၊ သံသရာဘဝ အကျိုးနှစ်မျိုးလုံးကို ရခြင်းကြောင့် ပဏ္ဍိတ (ပညာရှိ)မည်၏။

ပညာတတ်သူပင်ဖြစ်စေ၊ အမျိုးမြတ်သူပင်ဖြစ်စေ၊ ပစ္စည်းဥစ္စာကြွယ်ဝသူပင်ဖြစ်စေ၊ မင်းအစိုးရသူပင်ဖြစ်စေ ဤလက္ခဏာရေးသုံးပါးနှင့်မပြည့်စုံလျှင် ပဏ္ဍိတဟု မဆိုအပ်ပေ။ မျက်မှောက်နှင့် သံသရာတို့၌ ကောင်းကျိုးဖြစ်ကြောင်းတရားတို့ကို တတ်သိနားလည်၍ တတ်သိနားလည်သည့်အတိုင်း မိမိကိုယ်တိုင်လည်းကျင့်၊ သူတစ်ပါးကိုလည်း ကျင့်ဆောင်စေတတ်သော သူမြတ်သည်သာ ပဏ္ဍိတ (ပညာရှိ)စင်စစ်ဖြစ်ပေ၏။

သူတော်သူမြတ်ဟုသိကြောင်းလက္ခဏာ(၄)ပါး

၁။ သူတစ်ပါး၏အပြစ်ကို မည်သူကမျှ မမေးလျှင် မပြောဘဲနေခြင်း၊ မေးလျှင်လည်း အနည်းငယ်မျှသာပြောခြင်း။

၂။ မိမိ၏အပြစ်ကိုမူ မည်သူကမျှမမေးသော်လည်း ပြောသင့်က ပြောပြတတ်ခြင်း၊ မေးလျှင်ကား ပြည့်ပြည့်စုံစုံ ပြောပြခြင်း။

၃။ သူတစ်ပါး၏ဂုဏ်ကျေးဇူးကို မည်သူကမျှ မမေးသော်လည်း ပြောပြတတ်ခြင်း၊ မေးလျှင်ကား ပြည့်ပြည့်စုံစုံ ပြောပြခြင်း။

၄။ မိမိ၏ ဂုဏ်ကျေးဇူးကိုမူ မည်သူကမျှမမေးလျှင် မပြောဘဲ လျှို့ဝှက်သိုသိပ်ထားခြင်း၊ မေးလျှင်လည်း အနည်းငယ်သာပြောခြင်း။

ရှေးဦးအခြေခံမင်္ဂလာ(၂)ပါး

လူမိုက်ကို ပေါင်းခြင်းမှာ ခုဘဝ၊ နောင်ဘဝတို့၌ အကျိုးမဲ့ကြောင်း အမင်္ဂလာသာဖြစ်ပြီး လူမိုက်ကိုရှောင်ခွာခြင်းသည် အကျိုးမဲ့တို့မှ လွတ်ကင်း၍ ချမ်းသာကြောင်း မင်္ဂလာဖြစ်၏။ ထိုနည်းတူ သူတော်ကောင်းနှင့်ပေါင်းခြင်းသည် ခုဘဝ၊ နောင်ဘဝတို့၌ ချမ်းသာကြောင်း မင်္ဂလာဖြစ်၍ သူတော်ကောင်းကိုရှောင်ခွာခြင်းသည် ချမ်းသာတို့မှ လွတ်ကင်း၍ အကျိုးမဲ့ကြောင်း အမင်္ဂလာဖြစ်၏။

ထို့ကြောင့် လူမိုက်ကိုပေါင်းသူ၊ ပညာရှိကိုမပေါင်းသူတို့၌ ကျန်မင်္ဂလာတရားများတွင် မည်သည့်မင်္ဂလာတရားနှင့်မျှ ပြည့်စုံနိုင်တော့မည်မဟုတ်၍ ဤမင်္ဂလာတရား(၂)ပါးသည် အားလုံးသော မင်္ဂလာများ၏ အခြေခံဖြစ်သောကြောင့် မြတ်ဗုဒ္ဓက ရှေးဦးစွာ ဟောတော်မူခြင်းဖြစ်ပါ၏။

http://www.dhammadownload.com

၃။ ပူဇော ပူဇနေယျာနမင်္ဂလာ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မျက်မှောက်နှင့် တမလွန်တို့၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ သုခကြီးခြင်း၊ ပညာကြီးခြင်းတည်းဟူသော အကျိုးငါးပါးတို့နှင့်လည်း ပြည့်စုံတတ်၏။ သုဂတိသို့လည်းလားရောက်ရ၏။ ဖြစ်လေရာ ဘဝတို့၌ အထက်တန်း မြင့်မြတ်သော အမျိုး၌သာဖြစ်ရ၏။ ချမ်းသာအလုံးစုံ ပြည့်စုံစေတတ်၏။ ထို့ကြောင့် တိုးတက်ကြီးပွားကြောင်း ကောင်းမှုတစ်ရပ်ပင်ဖြစ်၏။

ပူဇော်ထိုက်သူဟုဆိုရာတွင် ပူဇော်သူကိုအကျိုးရစေနိုင်သည့်ဂုဏ်နှင့် ပြည့်စုံနေရမည်ဖြစ်ရကား ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့မှအစပြု၍ ကိလေသာကင်းဝေးစင်ကြယ်သောဂုဏ်၊ အသက်အရွယ်ကြီးရင့်သောဂုဏ်၊ ကျေးဇူးဂုဏ်တို့နှင့် ပြည့်ဝသော ပုဂ္ဂိုလ်များကို ဆိုလို၏။

ပူဇော်ထိုက်သူကိုပူဇော်ရာတွင်

(၁) အာမိသပူဇာ (ပစ္စည်းဝတ္ထုဖြင့်ပူဇော်ခြင်း)

(၂) ဓမ္မပူဇာ(တစ်နည်း) ပဋိပတ္တိပူဇာ (အကျင့်မြတ်ဖြင့် ပူဇော်ခြင်း) ဟူ၍ နှစ်မျိုးရှိ၏။

ဤတွင် ဓမ္မပူဇာဖြင့် ပူဇော်ခြင်းသည် အမြတ်ဆုံးပူဇော်ခြင်းဖြစ်၏။ မြတ်ဗုဒ္ဓက "ငါဘုရားကို အာမိသပူဇာဖြင့် ပူဇော်ရုံမျှနှင့် ငါဘုရားအပေါ်မှာ ချစ်ရာမရောက်၊ ဓမ္မပူဇာဖြင့် ပူဇော်မှသာ ငါဘုရားအပေါ်မှာ ချစ်ရာရောက်သည်" ဟု မိန့်တော်မူခဲ့၏။

ပူဇော်ခြင်းဟူသည်မှာ ကောင်းစွာပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း မည်၏။ ပူဇော်ထိုက်သူတို့ကို ပူဇော်ကြရာ ခေတ်အခါတို့၌ လူငယ်လူကြီးတို့၌ ဖြစ်ပေါ်လျက်ရှိသည့် စေတနာ၊ မေတ္တာအရှိန်အဝါကြောင့် ရာသီဥတုမှန်ကန်၍ အစာအာဟာရတို့၌ အဆီသြဇာ ပြည့်လျက်ရှိကြ၏။ ထိုခေတ်လူများ၌ အသက်ရှည်ကြ၊ အဆင်းလှကြ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြကုန်၏။ ပညာဉာဏ် ကြီးကြကုန်၏။ ပူဇော်ထိုက်သူတို့ကို ပူဇော်ရကောင်းမှန်း မသိကြသော ခေတ်အခါတို့၌ကား ထိုအကျိုးတရားများနှင့် ဆန့်ကျင်ဘက် ဖြစ်ပေါ်ကြကုန်၏။

ထို့ကြောင့် ပူဇော်ထိုက်သူကိုပူဇော်ခြင်းမှာ ကမ္ဘာသူကမ္ဘာသားတို့၏ တိုးတက်ကြီးပွားကြောင်း ကောင်းမှုတစ်ရပ်ဖြစ်၍ မင်္ဂလာမည်၏။

http://www.dhammadownload.com

ခင်ပွန်းကြီး(၁၀)ပါး

ပူဇော်ထိုက်သူ၊ ရိုသေရှိခိုးထိုက်သူ၊ မပြစ်မှားအပ်သော ကျေးဇူးရှင်ကြီးများ ဖြစ်ကြ၏။ ဤ (၁၀)ပါးမှာ

(၁) ဗုဒ္ဓ ... ... သဗ္ဗညုတမြတ်ဘုရားရှင်၊

(၂) ပစ္စေကဗုဒ္ဓါ ... ... ပစ္စေကဗုဒ္ဓါဘုရားငယ်များ၊

(၃) အရဟန္တာ .... အာသဝေါကုန်ခန်းပြီးသောရဟန္တာများ၊

(၄) အဂ္ဂသာဝက ... . မြတ်ဗုဒ္ဓ၏ တပည့်သာဝကများ၊

(၅) မာတာ ... ... မွေးသမိခင်

(၆) ပိတာ ....မွေးသဖခင်

(၇) ဝုဒ္ဓါ .... မိမိထက် အသက်၊ သိက္ခာ၊ သီလ စသည်တို့၌ ကြီး၍ မြင့်မြတ်သူ

(၈) အာစရိယ .... ဆရာမြတ်

(၉) ဟိတကရ .... မိမိအပေါ် ကိုယ်၊ နှုတ်၊ နှလုံးဖြင့် ကူညီဖူးသူ

(၁၀) ဓမ္မကထိက .... .. မြတ်သောတရား ဟောကြားပြသသည့်ပုဂ္ဂိုလ်။

၄။ ပဋိရူပ ဒေသမင်္ဂလာ

မိမိအကျိုး ဆုတ်ယုတ်မည့်အရပ်၊ အကျိုးမဲ့ဖြစ်စေတတ်သောအရပ်များသည် နေအပ်သော သင့်လျော်သောအရပ်မဟုတ်၊ မိမိအတွက်လောကရေး၊ ဓမ္မရေးနှစ်ဖက်လုံး၌ တိုးတက်ထွန်းကား ကြီးပွားရေးဖြစ်ရာ အရပ်သည်သာ တင့်အပ်လျောက်ပတ်သော အရပ်မည်၏။ ယင်းကဲ့သို့သော ပဋိရူပဒေသ (အကောင်းဆုံးအကျိုး ဖြစ်ထွန်းနိုင်သော အရပ်)သည် မိမိကောင်းကျိုးချမ်းသာအတွက် အထောက်အပံ့ဖြစ်စေသဖြင့် ယင်းအရပ်၌ နေရခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၏။

ပဋိရူပဒေသဆိုသည်မှာ–

(၁) ပရိသတ်လေးပါး(ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပါသိကာ) ထင်ရှားရှိရာအရပ်

(၂) ပုညကြိယာဝတ္ထုကောင်းမှု ဖြစ်နိုင်သောအရပ်၊

(၃) သဿသနာထွန်းကားရာအရပ်၊

http://www.dhammadownload.com

(၄) မဇ္ဈိမဒေသ အစရှိသော ဓမ္မရေးအားဖြင့် လျောက်ပတ်သောအရပ် ဖြစ်ရခြင်းနှင့် လောကီရေးတွင်လည်း မိမိအတွက် မဆုတ်ယုတ်ဘဲ တိုးတက်ကြီးပွား ထွန်းကားနိုင်သောအရပ် ဖြစ်ရခြင်းတို့ကို ဆိုလို၏။

ဤသို့ ပဋိရူပဒေသတွင် နေရသော်လည်း မိမိက မကျင့်ကြံမှုကြောင့် အကျိုး မဖြစ်ထွန်းပါက မင်္ဂလာမဖြစ်၊ ပဋိရူပဒေသနှင့်လျော်ညီစွာ မိမိကလည်း အကျိုး ဖြစ်ထွန်းအောင် ကျင့်ကြံနေထိုင်အားထုတ်ပါမှ မင်္ဂလာဖြစ်၏။

၅။ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ

အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အဆွေအရံများခြင်း၊ အစိုးရခြင်း၊ ပညာ တတ်ခြင်း အစရှိသော သမ္ပတ္တိ (ပြည့်စုံမှု) မှန်သမျှမှာ ရှေးကောင်းမှုကြောင့် ဖြစ်ရ၏။ ရှေးကောင်းမှုဆိုသည်မှာ ရှေးရှေးဘဝများက ကောင်းမှုနှင့် ယခုဘဝ ကောင်းမှု နှစ်မျိုးလုံးကို ယူရ၏။ ဤသို့ ကောင်းသော သမ္ပတ္တိများနှင့် ပြည့်စုံကြသူများမှာ တကယ့်ဂုဏ်ကျက်သရေများဖြင့် ပြည့်စုံလျက်ရှိ၏။ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ နေရ၏။ ထို့ကြောင့် ရှေးဦးပြုခဲ့ဖူးသော ကောင်းမှုရှိခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်၏။

၆။ အတ္တသမ္မာပဏိဓိ မင်္ဂလာ

သာဝဇ္ဇ ကမ္မတည်းဟူသော အပြစ်နှင့်တကွဖြစ်သော အလုပ်များ (လောကအပြစ်၊ လောကုတ္တရာအပြစ်ရှိသော အလုပ်များ)ကို ရှောင်ကြဉ်ပြီး အနဝဇ္ဇ ကမ္မတည်းဟူသော အပြစ်မရှိသော အလုပ်များ (လောကအပြစ်၊ လောကုတ္တရာ အပြစ်မရှိသော အလုပ်များ) ကိုသာ ပြုလုပ်ခြင်းသည် မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်းဖြစ်၏။ တစ်နည်း အားဖြင့် ပုညကြိယာ ဝတ္ထုဆယ်ပါးကို ပြုကျင့်ခြင်းလည်းမည်၏။ ဤသို့ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်းသည် မိမိအတွက် မျက်မှောက်နှင့် သံသရာတို့၌ ကောင်းကျိုး ချမ်းသာ တိုးပွားစေသဖြင့် မင်္ဂလာတရားဖြစ်၏။

ဤမင်္ဂလာတရားကား အလွန်အရေးပါ၏။ ဤမင်္ဂလာပြည့်စုံလျှင် မင်္ဂလာ တရားတော်တော်များများ ပြည့်စုံလျက်ရှိ၏။ ရှေးဘဝက ကုသိုလ်မရှိသူ ဖြစ်စေကာမူ ယခုဘဝ၌ အတ္တသမ္မာ ပဏိဓိရှိလျှင် တိုးတက်ချမ်းသာနိုင်၍ နောင်ဘဝတို့၌လည်း ကောင်းသွားပေမည်။ ရှေးဘဝကလည်း ကောင်းမှုကုသိုလ်နှင့် ပြည့်စုံခဲ့၍ ယခုဘဝ၌လည်း ဤမင်္ဂလာနှင့် ပြည့်စုံပြန်သော်၊ ယခုကောင်း၊ နောင်ကောင်း အကောင်းချည်းသာ ဖြစ်ကြကုန်၏။

http://www.dhammadownload.com

ပုညကြိယာဝတ္ထု(၁၀)ပါး

ပုညကြိယာဝတ္ထုဆိုသည်မှာ ကောင်းကျိုးတို့၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုများပင် ဖြစ်၏။ ယင်းဝတ္ထု (၁၀)ပါးမှာ–

(၁) ဒါန .... စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊

(၂) သီလ ....ကိုယ်၊နှုတ်၊ စိတ်နှလုံး သုံးပါးလုံး အပြစ်မရှိစေရန် စောင့်ထိန်းခြင်း၊

(၃) ဘာဝနာ .... တရားအားထုတ်ခြင်း၊

(၄) အပစာယန .... ရိုသေထိုက်သူကိုရိုသေခြင်း၊

(၅) ဝေယျာဝစ္စ ... ... ကုသိုလ်ကောင်းမှုတို့၌ ဝိုင်းဝန်းဆောင်ရွက်ခြင်း၊

(၆) ပတ္တိဒါန .... မိမိကုသိုလ်အဖို့ကို အမျှဝေခြင်း၊

(၇) ပတ္တာနုမောဒနာ... သူတစ်ပါးပြုသည့်ကုသိုလ်ကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှု၊

(၈) ဓမ္မသဝဏ ..... သူတော်ကောင်းတရားနာကြားခြင်း၊

(၉) ဓမ္မဒေသနာ .... သူတော်ကောင်းတရားဟောကြားခြင်း၊

(၁၀) ဒိဋ္ဌုကမ္မ .... ဖြောင့်မတ်သောအယူဝါဒရှိခြင်း၊

ထို(၁၀)ပါးတို့တွင် အပစာယနနှင့် ဝေယျာဝစ္စတို့သည် သီလသဘောရှိ၍ သီလ၌အကြုံဝင်၏။ ပတ္တိဒါနနှင့် ပတ္တာနုမောဒနာတို့သည် ဒါနသဘောရှိ၍ ဒါန၌ အကြုံဝင်၏။ ဓမ္မသဝဏ, ဓမ္မဒေသနာ,နှင့် ဒိဋ္ဌုကမ္မတို့သည် ပွားများခြင်း ဘာဝနာသဘောရှိ၍ ဘာဝနာ၌ အကြုံဝင်ပါသည်။

ဤကောင်းမှုတို့ကို အခါအခွင့်သင့်တိုင်း ပြုလျှင်လောကရော သံသရာတွင်ပါ ကောင်းကျိုးချမ်းသာ တိုးပွားစေ၏။

သမ္မတ္တိစက်လေးပါး

စက်ဆိုသည်မှာ အဆက်မပြတ်လ ည်သွားတတ်ခြင်းကို ဆိုလို၏။ ဤတရား လေးပါးနှင့် ပြည့်စုံသူတို့သည် နောက်ဘဝ ဘဝ၌လည်း ပြည့်စုံတတ်၍ ယင်းပြည့်စုံ ခြင်းသည် စက်ကဲ့သို့လည်း၏။ ဘဝ ဘဝတို့၌ စည်းစိမ်ဥစ္စာ များပြားသည့်အဖြစ်၊ ပြန့်ပြောသည်၏ အဖြစ်တို့သည် ဆိုက်ရောက်ကုန်၏။ ထိုပုဂ္ဂိုလ်အား စည်းစိမ်ဥစ္စာ၊ အခြံအရံ၊ ဂုဏ်သတင်းကျော်စောခြင်းနှင့် ချမ်းသာခြင်း အလုံးစုံသည် ဒီရေအလား

http://www.dhammadownload.com

လွှမ်းမိုး တိုးတက်၏။ လောကီ လောကုတ္တရာတို့၌ ကောင်းမွန်ပြည့်စုံ ချမ်းသာစွာ ကျင်လည်ကြရကုန်၏။ ယင်းတရားလေးပါးတို့မှာ–

(၁) ပုဗ္ဗေစ ကတ ပုညတာ ... ... ရှေးရှေးဘဝက ဆည်းပူး ပြုလုပ်ခဲ့သော ကောင်းမှုရှိခြင်း။

(၂) ပဋိရူပ ဒေသဝါသ ... ... တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်း။

(၃) သပ္ပုရိသူပ နိဿယ. ... ... ပညာရှိ သူတော်ကောင်းကို မှီဝဲဆည်းကပ်ရခြင်း။

(၄) အတ္တသမ္မာပ ဏိဓိ .... မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်း။

ဤလေးပါးတွင် ပုဗ္ဗေစ ကတ ပုညတာသည် ပဓာနလိုရင်းဖြစ်၏။ ဉာဏသမ္ပယုတ်စိတ် (ဉာဏ်ပညာဖြင့်ယှဉ်သောကုသိုလ်စိတ်)ဖြင့် ကုသိုလ်ပြုသူကို ယင်း ဉာဏသမ္ပယုတ်စိတ်က ပဋိရူပအရပ်သို့ ပို့ပေး၏။ သူတော်ကောင်းအမှီရအောင် စီမံပေး၏။ မိမိကိုယ်စိတ်ကို ကောင်းစွာထားသူဖြစ်အောင် ပြုပေး၏။

သို့သော် ဤအချက်များသည် တကယ်ပါရမီပြည့်စုံပြီးသော အရိယာတို့အတွက်သာ လုံလောက်၏။ သာမန်ကောင်းမှုရှင်များအတွက်ကား စိတ်မချရသေး။ အရှင်ဒေဝဒတ်နှင့် အဇာတသတ်မင်းကြီးတို့သည် ရှေ့သုံးပါးနှင့်ကောင်းစွာ ပြည့်စုံသော်လည်း မိမိကိုယ်ကို ကောင်းစွာဆောက်တည်မှု အတ္တသမ္မာ ပဏိဓိ ပျက်ပြားကြ၍ အပါယ်ငရဲကျကာ နစ်နာခဲ့ကြရ၏။ ထို့ကြောင့် အနမတဂ္ဂသံသရာ၌ စိတ်ချရမည့် အရိယာဘဝသို့ တက်လှမ်းနိုင်ရန် အလေးပေး ကြိုးစားသင့်ကြောင်း သတိပြုရာ၏။

၇။ ဗာဟုသစ္စ၌ မင်္ဂလာ

စာပေကျမ်းဂန်တို့၌ နှံ့စပ်ကျွမ်းကျင် အကြားအမြင်များသောသူ (စာပေပညာတတ်မြောက်သူ)သည် လောကနှင့် သံသရာတို့၌ ဤသည်ကား ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်သောတရား၊ ဤသည်ကား အကျိုးမဲ့ကိုဖြစ်စေသော တရား စသည်ဖြင့် သမ္မာဒိဋ္ဌိဉာဏ်အမြင်ဖြင့် ပိုင်းခြားဝေဖန် ဆင်ခြင်နိုင်စွမ်းရှိသောကြောင့် လောကဝတ်၊ ဓမ္မဝတ်တို့၌ ကောင်းစွာကျင့်နိုင်၏။ ဤသို့ ကောင်းစွာကျင့်နိုင်ခြင်း၊ အကြောင်းအမှန်တရားကို သိမြင်နိုင်ရန် အကြားအမြင်များခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်၏။

http://www.dhammadownload.com

သို့သော် စာပေကျမ်းဂန်တို့၌ အကြားအမြင်များသူသည် သိသည့်အတိုင်း မကျင့်ပါက အကျိုးဖြစ်နိုင်ဖွယ်မရှိ၊ သူမိုက်သာဖြစ်၍ မင်္ဂလာမဖြစ်၊ အမင်္ဂလာသာဖြစ်၏။ မြတ်ဗုဒ္ဓက–

(က) အကြားအမြင်နည်းလျက် သုတနှင့်မပြည့်စုံသူ။

(ခ) အကြားအမြင်နည်းလျက် သုတနှင့်ပြည့်စုံသူ။

(ဂ) အကြားအမြင်များလျက် သုတနှင့်မပြည့်စုံသူ။

(ဃ) အကြားအမြင်လည်းများ သုတနှင့်လည်းပြည့်စုံသူ။

ဟူ၍ ပုဂ္ဂိုလ်လေးမျိုးကို ဟောကြားတော်မူခဲ့ရာ အကြားအမြင်နည်းသော်လည်း သိသလောက်ကျင့်လျှင်ကား သုတနှင့်ပြည့်စုံနိုင်၍ အကျိုးများသေး၏။ အကြားအမြင်များသော်လည်း သုတနှင့်မပြည့်စုံလျှင် အချည်းနှီးတည်း။ တစ်နည်းအားဖြင့် "အလိမ္ဗာစာမှာရှိ"ဟု ဆိုကြသော်လည်း နှစ်သက်ဖွယ်ရာရတနာဖြစ်သည့် အလိမ္ဗာဂုဏ်ကို မိမိကိုယ်မှာရှိအောင်ကျင့်ပါမှ ဆင်သပါမှသာ မိမိသည် ကောင်းမြတ်သော ရတနာဖြစ်နိုင်ကြောင်း သတိပြုရာ၏။

စာအုပ်ထဲမှာရှိနေသော ပညာ၊ သူတကာတို့၌ရှိနေသောဥစ္စာတို့ကား မိမိ ပညာလည်းမဟုတ်၊ ဥစ္စာလည်းမမည်ဟု နီတိဆရာတို့ အဆိုရှိသည်နှင့်အညီ မိမိအတွက် ကောင်းကျိုးမဖြစ်၊ မိမိအကျိုးဖြစ်လိုသော် စာအုပ်ထဲမှာရှိနေသော ပညာကို ကောင်းစွာလေ့ကျက်၍ ကျင့်ကြံရာ၏။ ထိုမှတစ်ဆင့်တက်၍ အလောင်းတော်ကြီးများကဲ့သို့ သတ္တဝါများအားလုံးအကျိုးအတွက် လေ့ကျက်ကျင့်ကြံပါမူ ပညာပါရမီမြောက်၏။

ဤမင်္ဂလာတရားနှင့်ပြည့်စုံသူသည် သပ္ပုရိသူပ နိဿယအင်္ဂါလေးပါး၊ ကောင်းစွာသိတတ်သော သမ္မဇ္ဇဉ်တရားလေးပါးတို့နှင့်ပါ ပြည့်စုံလျက်ရှိ၏။

သပ္ပုရိသူပ နိဿယအင်္ဂါလေးပါး

သူတော်ကောင်းတို့၏ အင်္ဂါများတည်း။ ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသူသည် အကုသိုလ်တရားများကို လုံးဝရှောင်ကြဉ်သွားပြီး ကုသိုလ်တရားများကိုသာ ပွားများအားထုတ်ကာ မင်္ဂဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပေသည်။ ယင်းအင်္ဂါလေးပါးမှာ–

(က) **ဟဟိရအင်္ဂါ(၂)ပါး**

(၁) သပ္ပုရိသူပ နိဿယဟုဆိုအပ်သော သူတော်ကောင်း၊ ဆရာသမားကောင်းတို့ထံ ဆည်းကပ်နည်းယူခြင်း။

(၂) သူတော်ကောင်း၊ ဆရာသမားကောင်းတို့၏ တရားကိုနာယူခြင်း။

http://www.dhammadownload.com

(ခ) **အစ္ဆိတ္တိကအင်္ဂါ(၂)ပါး**

(၃) စိတ်နှလုံးဖြောင့်မတ်ခြင်း။

(၄) တရားစစ်တရားမှန်ကို လိုက်နာကျင့်ဆောင် အားထုတ်ခြင်း။

သမ္မဇ္ဇတရား(၄)ပါး

ကောင်းစွာသိတတ်သော ဉာဏ်အမြင်တရားများ ဖြစ်ကြ၏။ ယင်းတရားတို့မှာ–

(၁) သတ္ထကသမ္မဇ္ဇ .... အမှုကိစ္စ တစ်စုံတစ်ခု ပြုလုပ်မည့်အခါတိုင်း၌ အကျိုးရှိစေရန် ဆင်ခြင်ဉာဏ် ကြီးမားခြင်း။

(၂) သပ္ပါယသမ္မဇ္ဇ .... မည်သည့်အရာမဆို အကျိုးပင် ရှိသော်လည်း မိမိနှင့်သင့်လျော် လျောက်ပတ်ဖွယ်ဖြစ်ရန် ဆင်ခြင်ဉာဏ်ကြီးမားခြင်း။

(၃) အသခမ္မာဟသမ္မဇ္ဇ ... မည်သည့် အရာမျိုးမဆို မှောက်မှား တွေဝေတိမ်းပါးချွတ်ချော်ခြင်း မဖြစ်စေရန် ဆင်ခြင်ဉာဏ်ကြီးမားခြင်း။

(၄) ဂေါစရသမ္မဇ္ဇ .... သွားလာကျက်စားရာ၌ တိမ်းပါးချွတ်ချော်ခြင်း မရှိစေရန် ဆင်ခြင်ဉာဏ်ကြီးမားခြင်း။

၈။ သိပ္ပဉ္ဉ မင်္ဂလာ

လက်မှုပညာတတ်မြောက်ခြင်း (ယခုခေတ် သိပ္ပံပညာရပ်များ၊ စက်မှုပညာရပ်များ အပါအဝင်)ကား ဥစ္စာရကြောင်း၊ ချမ်းသာကြောင်း၊ တိုးတက်ကြီးပွားကြောင်းဖြစ်၍ မင်္ဂလာတည်း။

သို့သော် အပြစ်မရှိသောအတတ် (အကုသိုလ်နှင့် မယှဉ်သောအတတ်) ကို တတ်မှသာ အပြစ်မရှိသောအလုပ်ကို ကောင်းစွာလုပ်နိုင်၏။ မိစ္ဆာဇီဝကိုရှောင်၍ သမ္မာအာဇီဝဖြင့် လွယ်ကူစွာ အသက်မွေးမြူနိုင်၏။ သို့မှသာ မိမိအတွက်လည်း လောကရော သံသရာမှာပါ ဘေးရန်ကင်းပြီး ကောင်းကျိုးချမ်းသာ ဖြစ်စေနိုင်သကဲ့သို့ သူတစ်ပါးလည်း အကျိုးဖြစ်၏။

ထို့ကြောင့် တစ်ပါးသူကို ညှဉ်းဆဲနှိပ်စက်ခြင်းကင်း၍ အကုသိုလ်လွတ်သော အတတ်ကို တတ်မြောက်၍ ယင်းတတ်မြောက်သော အတတ်ပညာကို စိတ်ထား

http://www.dhammadownload.com

ကောင်းစွာဖြင့် အသုံးချနိုင်မှသာ မင်္ဂလာဖြစ်၏။ မည်သို့သော အတတ်ပညာပင်ဖြစ်စေ စိတ်ထားမကောင်းပါက မိမိရော သူတစ်ပါးပါ ထိခိုက်နိုင်သဖြင့် မင်္ဂလာ မဖြစ်နိုင်ပေ။

၉။ ဝိနယောစ သုသိက္ခိတ မင်္ဂလာ

ရဟန်းဝိနည်း၊ လူ့ဝိနည်းတို့ကို ကောင်းစွာသင်ကြားခြင်း၊ ကောင်းစွာ ကျင့်ကြံခြင်းသည် အမျိုးဘာသာ သာသနာအတွက် ဂုဏ်မပျက်ဘဲ ဂုဏ်တက်စေသဖြင့် မင်္ဂလာတရားပင်ဖြစ်၏။ ဆိုင်ရာဆိုင်ရာဝိနည်းတို့ကို ကောင်းစွာသင်ကြား လေ့ကျက်ခြင်းဖြင့် မိမိရော သူတစ်ပါးတို့တွင်ပါ အကျိုးမယုတ်၊ မထိခိုက်၊ ချမ်းသာခြင်းကိုသာ ဆောင်၏။ ဤတွင် ကောင်းစွာသင်ခြင်း၊ ကျင့်ခြင်းအနက် နှစ်မျိုးလုံး ပါဝင်ပေရာ ကောင်းစွာကျင့်ခြင်းသည်သာ ပဓာနဖြစ်၏။

ရဟန်းဝိနည်းဆိုသည်မှာ အာပတ်ခုနစ်ပုံကို မရောက်အောင်ကျင့်ခြင်း (သို့မဟုတ်) စတုပါရိသုဒ္ဓိ သီလကို စောင့်ထိန်းခြင်း ဖြစ်၏။ လူ့ဝိနည်းမှာ အကုသိုလ် ကမ္မပထတရား ဆယ်ပါးကို ရှောင်ခြင်းသည် အရင်းခံဖြစ်၏။ ထို့ပြင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ အရှင်နှင့်ကျွန် စသော လူများ ရှောင်ရမည့် ဆောင်ရမည့် အကျင့်များ၊ ဝတ္တရားများ၊ လူ့ကျင့်ဝတ်များ၊ လူ့စည်းကမ်းများကို ကောင်းစွာ လိုက်နာကျင့်ကြံရာ၏။ ဥပမာအားဖြင့် တံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်း၊ ဆေးလိပ်သောက်ခြင်း အစရှိသည်တို့ကို သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာ၍ ပြည်သူ့ကျင့်ဝတ်နှင့်အညီ ကောင်းစွာ ကျင့်ကြံခြင်းပင်လျှင် လူ့ဝိနည်းကို လိုက်နာသည်မည်၏။

ရဟန်းကလည်း ရဟန်းဝိနည်း၊ လူကလည်း လူ့ဝိနည်းနှင့်အညီ ကောင်းစွာ ကျင့်ကြံလျှင် လောကကြီးသာယာချမ်းမြေ့လျက် ဗြဟ္မစိရ်တရားများ ထွန်းကားကာ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံလျက်ရှိနေပေမည်။ ဝိနည်းလည်းမတတ်၊ တတ်သော်လည်း မကျင့်သူကား ပညာရှိတို့အမြင်ဝယ် အလွန်စက်ဆုပ်ဖွယ်ကောင်းသော ကဲ့ရဲ့ဖွယ် အမင်္ဂလာသာဖြစ်၏။ ထို့ကြောင့် မိမိအား ဝိနည်းနှင့်မညီ၍ တစ်စုံတစ်ယောက်က ပြင်ပေးလာလျှင် ဖြစ်လေ့ဖြစ်ထရှိသည့် မာနခံကလေးနှင့် ပြန်လှန်ဆန့်ကျင်ဘက် မပြုဘဲ ကောင်းသောရတနာကို ပေးလာဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ လက်ခံထိုက်၏။ လိုက်နာကျင့်ကြံထိုက်၏။ ထိုသို့ မဟုတ် ပါက မိမိရမည့် ကျက်သရေမင်္ဂလာကို မိမိကိုယ်တိုင်ဖျက်သူသာတည်း။ မြတ်ဗုဒ္ဓ၏ လက်ယာတော်ရဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်ပင်လျှင် တစ်ခါက သင်္ကန်း ရုံထားရာတွင် အဝန်းအဝိုင်းမညီဖြစ်နေသည်ကို ကိုရင်လေးတစ်ပါးက ထောက်ပြလျှောက်ထားသောအခါ ဝမ်းမြောက်

http://www.dhammadownload.com

ဝမ်းသာလက်ခံ၍ ပြင်ပြီးရုံတော်မူ၏။ ထို့နောက် ကိုရင်လေးအားပြန်ပြကာ ကိုရင်လေးက "ဝိနည်းနှင့်ညီ၍လျောက်ပတ်ပါပြီ ဘုရား" ဟု လျှောက်ထားသောအခါမှသာ ကျေနပ်နှစ်သိမ့်တော်မူ၏။

ထို့ကြောင့် သူတော်ကောင်းတို့သည် ဝိနည်းနှင့်ပတ်သက်လာလျှင် အလွန်လေးစားပြီး ကောင်းစွာသင်ကြား ကျင့်ကြံကြကုန်၏။ ဆိတ်ကွယ်ရာအရပ်၌ပင်လျှင် မဖောက်ဖျက်ကြကုန်။ ဝိနည်းပျက်လျှင် မိမိ၏သီလ ညစ်ထေး၍ပျက်၏။ မိမိ၌သီလညစ်ထေးလျှင် မိမိကိုယ်ကိုပင် မကြည်ညိုနိုင်ဖြစ်ကာ သမာဓိပျက်၏။ သမာဓိပျက်ခြင်းကြောင့် တရားမပေါက်မြောက်နိုင်ကြကုန်။

လောကဋ္ဌ မပြုသင့်သည်များကို ပြုခြင်းသည် အကုသိုလ် ဖြစ်သကဲ့သို့ ပြုသင့်ပြုရမည်ကို မပြုခြင်းသည်လည်း အကုသိုလ်ပင်ဖြစ်၏။ သို့ဖြစ်၍ လောကဋ္ဌ မပြုသင့်သည်များကို ရှောင်ရန်လိုသကဲ့သို့ ပြုသင့်ပြုရမည်တို့ကိုလည်း ကောင်းစွာ ပြုရာ၏။

၁၀။ သုဘာသိတာစ ယာဝါစာမင်္ဂလာ

ကောင်းသောစကားကိုသာ ပြောဆိုခြင်းသည် မျက်မှောက်ဘဝမှာပင် ဘေးအန္တရာယ်ကင်းခြင်း၊ လူအများချစ်ခင်နှစ်သက်ခြင်း၊ ချမ်းသာစွာနေရခြင်း စသော အကျိုးများ ရရှိသည့်အပြင် သံသရာတွင်လည်း အပါယ်ဝဋ်ဒုက္ခဘေးတို့မှ ကင်းဝေး၍ ချမ်းသာစွာနေရ၏။ ထို့ကြောင့် သုတာသိတာ (ကောင်းသောစကား)ကို ပြောဆိုခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်၏။ ကောင်းသောစကားဆိုသည်မှာ စကားအရာမှာ အင်္ဂါလေးတန်နှင့် ညီညွတ်ပြည့်စုံရ၏။

မြတ်ဗုဒ္ဓက "မွေးလာသော ယောကျ်ားတို့၏ ပါးစပ်ထဲ၌ ဓားမကြီး ရှိနေ၏။ ယင်းဓားမကြီးဖြင့် လူမိုက်သည် မကောင်းပြောလျက် မိမိကိုယ်ကို ဖြတ်ပိုင်းတတ်၏" ဟု လျှာကိုဓားမကြီးဖြင့်တင်စားကာ လျှာသရမ်း၍ မျက်မှောက်ရော၊ သံသရာတွင်ပါ အကျိုးမဲ့ဖြစ်ရကြောင်း ဟောကြားတော်မူခဲ့သည်ကို ကောင်းစွာသတိပြုရာ၏။

စကားအရာ အင်္ဂါလေးတန်

သုဘာသိတဝါစာ (ကောင်းမြတ်သောစကား)ဆိုသည်မှာ အောက်ပါအင်္ဂါလေးတန်နှင့် ညီညွတ်ပြည့်စုံရ၏–

(၁) သုဘာသိတ ... ကောင်းသောစကားကိုသာ ပြောဆိုရခြင်း၊

(ဝိသုဒ္ဓိဝါစာမှ ရှောင်ကြဉ်ခြင်း)

http://www.dhammadownload.com

(၂) ပီယဝါစာ .... ချစ်ခင်နှစ်လိုဖွယ်ရှိရခြင်း၊
(ဖရုသဝါစာမှ ရှောင်ကြဉ်ရခြင်း)

(၃) သစ္စာ ... မှန်ကန်ဖြောင့်မတ်တည်ကြည်ရခြင်း၊
(မုသာဝါဒမှ ရှောင်ကြဉ်ရခြင်း)

(၄) ဓမ္မ ... သဘာဝကျ၍ လိုက်နာဖွယ်ရှိရခြင်း၊
(သမ္ဖပ္ပလာပဝါစာမှ ရှောင်ကြဉ်ရခြင်း)

အချုပ်မှာ ဝစီဒုစရိုက်လေးပါးတို့မှ ရှောင်ကြဉ်၍ ပြောဆိုရခြင်းဖြစ်၏။ ဤသို့ပြောဆိုရာတွင်လည်း နှစ်လိုဖွယ်ဖြစ်အောင်၊ သူတစ်ပါးကို ဆွဲဆောင်နိုင်အောင် စကားပြောကောင်းဖို့လို၏။ အကယ်၍ မိမိ၏သဘာဝက စကားပြောကောင်းသူ မဟုတ်လျှင် (တစ်နည်း) ပဋိသန္ဓေပါ ပင်ကိုကောင်းသူမဟုတ်လျှင် စကားပြောကောင်းအောင် လေ့ကျင့် ပြုပြင်ခြင်းဖြင့် ကောင်းလာနိုင်သည်သာဖြစ်၏။

၁၁။ မာတာပိတုဥပဋ္ဌာန မင်္ဂလာ

မိဘတို့မည်သည် သားသမီးတို့အတွက် အဖိုးမဖြတ်နိုင်သော ဂုဏ်ကျေးဇူးများ ရှိသည်ဖြစ်ရကား မြတ်ဗုဒ္ဓသည် မိဘတို့၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ မိဘများ၏ဂုဏ်ကျေးဇူးကိုသိ၍ ပြန်လည်ကျေးဇူးဆပ်သော သားသမီးတို့၏ အကျိုးခံစားရပုံကို လည်းကောင်း အထူးမြှောက်စား ဟောကြားတော်မူခဲ့ပါ၏။

မိဘတို့သည် ဖြဟ္မာများ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဘာဝနာ တရားလေးပါး မကင်းမကွာ အမြဲရှိသကဲ့သို့ သားသမီးတို့အပေါ်၌ ယင်းဘာဝနာ တရားလေးပါး မစွန့်ခွာဘဲ အမြဲဖြစ်ပွားလျက် ရှိနေခြင်း၊ ပုဗ္ဗာစရိယ (လက်ဦးဆရာ) ဟု ခေါ်ဆိုထိုက်ခြင်း၊ မိဘဂုဏ်ကျေးဇူးသည် ကြီးမားလွန်း၍ သားသမီးတို့သည် လောကီနည်းဖြင့် ဆပ်မည်ဆိုသော် မည်သို့မျှမကျေနိုင်ခြင်း စသော ဂုဏ်အပေါင်းနှင့် ပြည့်စုံနေ၏။ ထို့ကြောင့် သားသမီးတို့သည် မိဘတို့ကို လောကီနည်းအရ မေတ္တာကိုရှေးရှု၍ အနည်းနည်းအဖုံဖုံ လုပ်ကျွေးပြုစုခြင်း၊ သားသမီးဝတ် ကျေစေခြင်း၊ လောကုတ္တရာနည်းအရ မြတ်သောတရားကို ကျင့်နိုင်အောင် ဆောင်ရွက်ပေးခြင်းတို့သည် ကောင်းသော ဂုဏ်ကို သိတတ်သူတို့၏ အလုပ်ဖြစ်ပေရာ မင်္ဂလာတစ်ပါးပင်ဖြစ်၏။

သားသမီးတို့သည် မိဘတို့ရှိစဉ်အခါကတည်းက မိဘတို့၏ဂုဏ်ကို သိ၍ ပြုဖွယ်ရာတို့ကို မလစ်ဟင်းရအောင် ပြုရာ၏။ မိဘတို့ကွယ်လွန်ပြီးမှ မိဘတို့၏ ဂုဏ်ကို သိလျှင်ကား နောင်တရမဆုံးဖြစ်ရကာ ဘဝတစ်သက်တာမှာ စိတ်နှလုံး

http://www.dhammadownload.com

မသာမယာဖြစ်တတ်၏။ အချည်းနှီးဖြစ်တတ်၏။ မိဘတို့၏ဂုဏ်ကို မသိသည့်အပြင် စော်ကားမော်ကား ပြုတတ်သော သားသမီးတို့ကား မိဘတို့၏ကြီးလေးသောဂုဏ်က မိမိကို မျက်မှောက်မှာရော၊ သံသရာတွင်ပါ ကောင်းစွာလောင်မြိုက်၍ ဆင်းရဲပြင်းစွာ ခံစားရ၏။

မြစ်များသည် ချိုသောရေရှိသော်လည်း သမုဒ္ဒရာရောက်က သောက်မရသကဲ့သို့ ဂုဏ်များသည် ဂုဏ်ကို နားလည်သူများ၌ တကယ်ပင် ဂုဏ်များဖြစ်ကြ၏။ ဂုဏ်မသိသူများသို့ရောက်ပါက အပြစ်သာဖြစ်ရတော့သည်ဟု နီတိဆရာတို့က ဆိုကြ၏။ ထို့ကြောင့် လူမိုက်နှင့် လူလိမ္မာတို့အပေါ်၌ ကျရောက်နေသော ဂုဏ်ကျေးဇူးများသည် အမြင်ချင်းအလှမ်းဝေးကွာနေကြပုံကို သတိပြုကာ ဂုဏ်ကိုကောင်းစွာ သိတတ်သော လူလိမ္မာ သူတော်စင်များအဖြစ် လောကအလယ်တွင် တင့်တယ်အောင် ကြိုးစားကြပါကုန်။

၁၂။ ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာ

သားသမီး ဇနီးမယားတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်းသည်လည်း မင်္ဂလာတစ်ပါးပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မိဘကိုလုပ်ကျွေးခြင်း၊ သားသမီးဇနီးမယားကို ကောင်းစွာချီးမြှောက်ခြင်းမှာ လူတိုင်းမပြုမနေရ တာဝန်ဖြစ်သည့်အပြင် ယင်းတာဝန်ကိုကျေပွန်သူသည် လူ့အဆင့်အတန်းမီသူ၊ လူဖြစ်ရကျိုးနပ်သူအဖြစ် လောကအလယ်တွင် တင့်တယ်စေသောကြောင့်ဖြစ်၏။

မိဘက သားသမီးကို ချီးမြှောက်ခြင်းဆိုသည်မှာ မိဘဝတ်(၅)ပါး ကျေပွန်စေခြင်းပင်ဖြစ်၏။ ယင်းဝတ်ငါးပါးတွင် မကောင်းမှုမှမြစ်တား၍ ကောင်းမှုကို ညွှန်ကြားခြင်း၊ ပညာသင်စေခြင်းတို့မှာ သားကောင်း သမီးကောင်းဖြစ်ရေး၌ အလွန်အရေးပါလှ၏။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းဥစ္စာဖြင့် ချီးမြှောက်ခြင်းသည် ထာဝရမတည်တတ်သည့်အပြင် ကောင်းမှု၌ လမ်းညွှန်ပြသပေးခြင်းမရှိပါဘဲ သားသမီးအလိုလိုက်မိပါက ချစ်ရာမရောက်၊ နှစ်ရာရောက်နိုင်ပေသည်။ ထို့ကြောင့် မိဘတို့သည် သားသမီးတို့ကို လောကအမွေထက် ထာဝရတည်တံ့ကောင်းမွန်ပြီး နားခိုရာအကောင်းဆုံးဖြစ်သည့် မိမိတို့ရရှိထားပြီးသော မြတ်ဗုဒ္ဓဓမ္မအေးရိပ်သာတွင် နားခိုနိုင်ရန် လောကုတ္တရာအမွေကို ပေးသင့်လှ၏။ ဤတွင် မိဘတို့သည် သားသမီးတို့အတွက် စံနမူနာဖြစ်စေရန် အတုမြင်အတတ်သင်သကဲ့သို့ မိမိတို့ကိုယ်တိုင်က ကိုယ် နှုတ် စိတ်နလုံး ၃-ပါးလုံး ကောင်းစွာစောင့်ထိန်းကာ မြတ်သောအကျင့်ကို ကျင့်ရပေမည်။ သားကောင်း သမီးကောင်း ဖြစ်ရန်မှာ မိဘတို့တာဝန်သာတည်း။

http://www.dhammadownload.com

ထို့ပြင် မိမိ၏ပါရမီဖြည့်ဖက် ဇနီးမယားကို ချီးမြှောက်ခြင်းဆိုသည်မှာ လင့်ဝတ် ၅-ပါး ကျေပွန်ရသကဲ့သို့ ဇနီးမယားကလည်း မယားဝတ် ၅-ပါး ကျေပွန်ရ၏။ ဇနီးမောင်နှံနှစ်ဦးအသီးသီး ဝတ္တရားကျေပွန်ကြ၍ ကိုယ်ကျင့်သီလပြည့်စုံကြလျှင် သူတို့အိမ် သူတို့မိသားစုမှာ အမြဲတမ်းသာယာ၍ ကျက်သရေရှိသော သီရိဂေဟာဖြစ်လျက် ရှိ၏။ ဘုရားသွား ကျောင်းတက်အတူတူ၊ ကိုယ်ကျင့်သီလနှင့် ကောင်းမှုကုသိုလ်တို့၌ အတူတူ မခွဲမခွာ သဒ္ဓါတူညီကြလျှင် လောကဥစ္စာတင့်တယ်သော နတ်ယောကျ်ား၊ မယား နတ်သမီးစုံတွဲဖြစ်ကာ သံသရာ၌လည်း ပါရမီ ဖြည့်ဖက်များအဖြစ် ပြန်လည်ဆုံစည်းနိုင်ကြသည်သာဖြစ်၏။

မြတ်ဗုဒ္ဓက တရားနှင့်အညီ သားသမီး ဇနီးမယားကို လုပ်ကျွေးမွေးမြူသော သူတို့သည် သိကြားမင်း၏ရှိခိုးခြင်းကိုပင် ခံယူရပုံ၊ လောကဥစ္စာမြတ်သူဖြစ်ပုံတို့ကို ဟောကြားတော်မူခဲ့ပါ၏။

သင်္ဂဟဝတ္ထု (၄)ပါး

သင်္ဂဟဝတ္ထု (ချီးမြှောက်ခြင်းအကြောင်း)လေးပါးမှာ-

၁။ ဒါန .... ပေးကမ်းခြင်း

၂။ ပေယျဝါစာ .... ချစ်ဖွယ်စကားကိုပြောကြားခြင်း။

၃။ အတ္ထစရိထာယ.... သူ့အကျိုးစီးပွားကိုပြုကျင့်ခြင်း။

၄။ သမာနတ္တတာ .... ကိုယ်နှင့်တန်းတူ အမှုပြုခြင်းတို့တည်း။

ဤအကြောင်းတရားများနှင့်ပြည့်စုံလျှင် တစ်ပါးသူကို ချီးမြှောက်ခြင်းမည်၏။

ကြီးပွားချမ်းသာလိုသူတိုင်းခံယူရမည့်မေတ္တာ(၅)မျိုး

ကြီးပွားချမ်းသာခြင်းကို အလိုရှိကုန်သောသူတို့သည် အောက်ပါ (၅)ဦးသော ပုဂ္ဂိုလ်တို့ထံမှ မေတ္တာဓာတ်ကို ခံယူရမည်-

(၁) မိဘ။

(၂) သား၊ မယား။

(၃) အိမ်နီးချင်း၊ လုပ်ဖော်ကိုင်ဖက်စသော အတူတကွပေါင်းသင်းဆက်ဆံသူ။

(၄) သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ။

(၅) ရသေ့ ရဟန်း သူတော်စင်မြတ်များ။

http://www.dhammadownload.com

၁၃။ အနာကုလာစ ကမ္မန္တ မင်္ဂလာ

မင်္ဂလာတရားတော်အရ အကုသိုလ်အနောင့်အယှက်မရှိကုန်သော ရှုပ်ထွေးခြင်းကင်းသော အလုပ်ကိုလုပ်၍ အသက်မွေးမြူရခြင်းဆိုသည်မှာ အနာကုလ အလုပ်ပင် ဖြစ်၏။ ယင်းအနာကုလအလုပ်မျိုး (၅)ပါးရှိ၏။

(က) အချိန်သိခြင်း (အလုပ်တစ်ခုကို သူ့အချိန်နှင့်သူ မှန်ကန်စွာလုပ်ခြင်း)။

(ခ) သင့်လျော်အောင်ပြုခြင်း(အလုပ်နှင့်သင့်လျော်သော အရပ်၊ ဒေသ၊ အချိန်ကာလ စသည်တို့ကို အလုပ်ချောမော ပြေပြစ်အောင်မြင်အောင် ရွေးချယ်ပြုလုပ်တတ်ခြင်း)။

(ဂ) မပျင်းရိခြင်း၊ (အလုပ်လုပ်ရာတွင် ပျင်းရိခြင်းတရားခြောက်ပါး မရှိရခြင်း၊ ဆင်ခြေအမျိုးမျိုးပေးတတ်သော ပျင်းရိခြင်းမှ ကင်းလွတ်ခြင်း)။

(ဃ) လုံ့လရှိခြင်း (အလုပ်လုပ်ရာတွင် မပျင်းရိရုံသာမက အလုပ်၌ အာရုံမလွှင့်၊ လစ်ဟင်းမှုမဖြစ်စေဘဲ နားလည်ကျွမ်းကျင်၍ ဝီရိယ ရှိသူအဖြစ်ဖြင့် အလုပ်ကို ချောမောသပ်ရပ် အောင်မြင်စေခြင်း)။

(င) ပျက်စီးအောင်မပြုခြင်း (အလုပ်မလုပ်ခြင်း၊ ကောင်းစွာ မလုပ်ခြင်း၊ စီးပွားပျက်ကြောင်း၊ ဥစ္စာကိုထွက်ကြောင်း တရားများကျင့်သုံးခြင်းတို့ကိုရှောင်၍ ဥစ္စာတိုးတက်ကြောင်း သမ္မဒါတရားလေးပါးနှင့် ပြည့်စုံစေခြင်း)။

ချမ်းသာသုခ (၄)မျိုး

အနာကုလအလုပ်မျိုးဖြင့် ဥစ္စာရခြင်း၊ ထိုဥစ္စာကိုအမှီပြု၍ ချမ်းသာစွာသုံးဆောင်ခံစားရခြင်း၊ တမလွန်ဘဝတို့၌ သုခရရှိခြင်းစသော အကျိုးများရနိုင်၍ မင်္ဂလာဖြစ်ရ၏။ အထူးသဖြင့် အနာကုလကမ္မန္တဖြင့် အောက်ပါသုခ(၄)မျိုးရနိုင်၏။

(က) အတ္ထိသုခ .... ငါ့မှာတရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဥစ္စာရှိသည်ဟု စဉ်းစားဆင်ခြင်မိ၍ ချမ်းသာခြင်း။

(ခ) ဘောဂသုခ .... အလုပ်ကြိုးစား၍ တရားသဖြင့် ရရှိသည့် ပစ္စည်းဥစ္စာများကို သုံးဆောင်ခံစားရ၍ ချမ်းသာခြင်း။

(ဂ) အာနဏျသုခ .... မိမိ၏ ကြွေးမြီကင်းရှင်းပြည့်စုံခြင်းကို တွေးမိတိုင်း ပီတိသောမနဿဖြစ်ရသော ချမ်းသာခြင်း။

http://www.dhammadownload.com

(ဃ) အနဝဇ္ဇသုခ .... ကိုယ်၊ နှုတ်၊ စိတ်နှလုံး သုံးပါးလုံး အပြစ်ကင်းသည်ကို စဉ်းစားဆင်ခြင်မိ၍ ချမ်းသာခြင်း။

ဤချမ်းသာ(၄)မျိုးအနက် ရှေ့သုံးမျိုးသည် နောက်ဆုံးဖြစ်သော အနဝဇ္ဇသုခ ချမ်းသာ၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်ကိုမျှမမီကြောင်း မြတ်ဘုရား ဟောကြားတော်မူခဲ့၏။ ထို့ကြောင့် လောကဥစ္စလည်း၊ အပြစ်မရှိသော သံသရာဥစ္စလည်း အပြစ်မရှိသော အမှုကိုပြုရခြင်းသည် မျက်မှောက်မှာရော သံသရာမှာပါ ကြီးမြတ်သော ချမ်းသာသုခကို ရရှိပိုင်ဆိုင် သုံးဆောင်ခံစားနိုင်သဖြင့် မင်္ဂလာစင်စစ်ဖြစ်ပေ၏။

၁၄။ ဒါန မင်္ဂလာ

ဒါနဟူသည် အချို့အရာဥစ္စ လှူဖွယ်ဝတ္ထုကိုဟော၏။ စေတနာရှိမှ ပေးလှူခြင်း မြောက်ပေရာ အလှူဖြစ်မြောက်ကြောင်း စေတနာကိုလည်း ဒါနဟုဆိုပေသည်။ ထို့ပြင် ပစ္စည်းဥစ္စ တွယ်တာမှုလောဘမရှိမှသာ ဒါနဖြစ်ပေရာ အလောဘလည်း ဒါနဖြစ်ကြောင်း ဖွင့်ဆို၏။

ဒါနကြောင့်မျက်မှောက်ဘဝမှာပင်–

(က) လူအများ ချစ်မြတ်နိုး ခံရခြင်း။

(ခ) သူတော်ကောင်းများ ချဉ်းကပ်ရောက်ရှိလာခြင်း။

(ဂ) ကောင်းသတင်း ကျော်စောခြင်း။

(ဃ) မည်သည့်ပရိသတ်ထဲသို့မဆို ရဲရဲဝံ့ဝံ့ ဝင်ရောက်နိုင်ခြင်း။

(င) သေသော် နတ်ပြည်သို့ရောက်ရခြင်း။ စသောအကျိုးများ ခံစားရ၏။

ထို့ပြင် ဒါနရှင်မှာ ပေးလှူခိုက်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ဖြစ်ပွားလျက်ရှိ၍ အားရကြည်နူး ရွှင်မြူးဝမ်းသာ စိတ်ချမ်းသာလျက်ရှိ၏။ နောင်အခါတွေးမိတိုင်းလည်း ဝမ်းသာကြည်နူး ရွှင်မြူးရပြန်၏။ သူတစ်ပါးအပေါ် ဤတရားသုံးပါး ဖြစ်ပွားလျက်ရှိခြင်းကြောင့် မာန၊ ဒေါသ၊ လောဘ၊ ဣဿာ၊ မစ္ဆရိယ စသောတရားဆိုးများ ကင်းရှင်းလျက်ရှိ၏။ မိမိအတွက် တဏှာဆန္ဒ မကင်းသော ဝဋ္ဋနိဿိတဒါနမျိုးမှာ သံသရာလည်ကြောင်း ဖြစ်တတ်သော်လည်း သတ္တဝါများကောင်းစား ချမ်းသာစေလိုသော စေတနာထား၍ သံသရာမှ ထွက်မြောက်ကြောင်းတောင့်တသည့် နည်းမှန်လမ်းမှန်ဖြစ်သော ဝိဝဋ္ဋနိဿိတဒါနကဲ့သို့ ပါရမီမြောက် ဒါနမျိုးသည် လွန်စွာအကျိုးများ၏။

http://www.dhammadownload.com

အချို့မှာ မယုံ၍ မလှူသော်လည်း မိမိကား သုံးဆောင်၏။ ထိုသူမျိုးမှာ ဘဝနောင်ရေးအတွက် ဆုံးရှုံးသူဖြစ်သော်လည်း ဤဘဝ၌မဆုံးရှုံး၍ တော်သေး၏။ လှူလည်းမလှူ၊ မိမိလည်းမသုံးဆောင်ရက်သူမျိုးမှာမူ မျက်မှောက်ရော တမလွန်မှာပါ ဆုံးရှုံးသူများတည်း။ ပညာရှိကား ဥစ္စာရသော် မိမိလည်းသုံး၊ အများအတွက် လှူလည်း လှူသဖြင့် မျက်မှောက်ရော တမလွန်ပါ အကျိုးခံစား၏။ နီတိဆရာတို့က "စုဆောင်းထား အပ်သောဥစ္စာတို့ ကိုစွန့်လွှတ်ခြင်းသည်သာ စောင့်ရှောက်ခြင်းမည်၏" ဟု ဆိုခဲ့၏။ ထို့ကြောင့် ဒါနသည် ကောင်းသောစေတနာ၊ ကောင်းသောအကျိုးပေးရာဖြစ်သဖြင့် ကောင်းမြတ်သော မင်္ဂလာတရားပင်ဖြစ်ပေ၏။

၁၅။ ဓမ္မစရိယ မင်္ဂလာ

ဓမ္မစရိယာ (တရားနှင့်အညီကျင့်ခြင်း) သည် ဤဘဝတွင် အကျိုးအမြိုးမြိုး ရနိုင်သလို တမလွန်တွင်လည်း နတ်ပြည်၌ဖြစ်ရခြင်းကဲ့သို့သော အကျိုးများ ရရှိသဖြင့် ကောင်းမြတ်သောမင်္ဂလာတရားပင်ဖြစ်၏။

တရားနှင့်အညီကျင့်ခြင်းဆိုသည်မှာ အကုသလကမ္မပထ (အပါယ်သွားလမ်းမကောင်းမှုများ)တရားဆိုးများ၊ (တစ်နည်း) ဒုစရိုက်တရားဆယ်ပါးကို ရှောင်ကြဉ်၍ ကုသလကမ္မပထ (သုဂတိသွားလမ်းကောင်းမှုများ) တရားဆယ်ပါး (တစ်နည်း) သူတော်ကောင်းတို့၏ ကျင့်ရိုးတရားဖြစ်သော သုစရိုက်တရားဆယ်ပါးကို ကျင့်ခြင်းဖြစ်၏။ တရားနှင့်မကင်းကွာသော အကျင့်ဟုလည်း မည်၏။

တရားကျင့်သူတို့ မျက်မှောက်ဘဝမှာပင် ရရှိနိုင်သော အကျိုးတရားများမှာ-

(က) စိတ်ချမ်းသာခြင်း။

(ခ) စိတ်ဓာတ်ခိုင်မာတည်ငြိမ်ခြင်း။

(ဂ) လောကဓံတရားတို့ကိုခံနိုင်ရည်ရှိခြင်း။

(ဃ) မိမိက အထူးကြိုးစားလျှင် မင်္ဂဖိုလ်အထိရနိုင်ခြင်းတို့ ဖြစ်ကြကုန်၏။

မကောင်းမှုပြုကျင့်သူများတွေ့ကြုံရမည့်ဘေး(၄)မျိုး

တရားကိုမကျင့်ဘဲ ဒုစရိုက်တရားဆယ်ပါး (တစ်နည်း) အကုသလကမ္မပထတရားဆိုးများကို ပြုကျင့်သူများမှာ အောက်ပါဘေး(၄)မျိုးနှင့် တွေ့ကြုံရပေမည်-

(က) အတ္ထာနုဝါဒဘေး။ မိမိကိုယ်ကိုစွပ်စွဲသောဘေး။ မကောင်းမှုပြုသူမှာ "ငါမကောင်းပါတကား" ဟု မိမိကိုယ်ကို အစဉ်အပြစ်တင်ကာ

http://www.dhammadownload.com

စိတ်မချမ်းမသာဖြစ်နေရခြင်း။ မိမိကိုယ်ကို မကြည်ညိုနိုင်ဖြစ်ရခြင်း။ (မိမိကိုယ်ကိုမကြည်ညိုနိုင်၍ သမာဓိထူထောင်ရန် ခဲယဉ်းခြင်း၊ သမာဓိမထူထောင်နိုင်ပါက တရားထူး မရနိုင်ခြင်း။)

(ခ) ပရာနုဝါဒဘေး။ သူတစ်ပါးစွပ်စွဲသောဘေး။ အထူးသဖြင့် ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ပြစ်တင်ခံရသည့်ဘေး။

(ဂ) ဒဏ္ဍဘေး။ မင်းပြစ်မင်းဒဏ်သင့်သောဘေး။

(ဃ) ဒုဂ္ဂတိဘေး။ သေလွန်သော် အပါယ်လားရသည့်ဘေး။

သို့ဖြစ်၍ ဤဘေးကြီးများမှ ရှောင်ရှားနိုင်စေရန် ဓမ္မစရိယာ (တရားနှင့်အညီကျင့်သူ)ဖြစ်အောင် ကြိုးစားအားထုတ်ကြရမည်။ ဓမ္မစရိယာပဂ္ဂိုလ်မှာ အထက်ပါဘေးတို့မှ ကင်းဝေးပြီး ကိုယ်စိတ်(၂)ပါး ချမ်းသာစွာနေရ၏။ အများ၏ ချစ်ခင်လေးစားချီးမွမ်းမှုခံရ၏။ ဗြဟ္မစိုရ်တရားများဖြစ်ပေါ်လျက် အလွန်စိတ်အေး ချမ်းသာစွာနေရသောပုဂ္ဂိုလ်သည် အဆင်း၊ ခွန်အားတို့တိုးကာ အသက်ရှည်စွာ နေရ၏။ သူတော်ကောင်းတရားများ ဆုတ်ယုတ်သော ခေတ်အခါတို့၌ ရောဂါများခြင်း၊ အသက်တိုခြင်းတို့ဖြစ်ကြ၍ သူတော်ကောင်းတရားတို့ထွန်းကားသော ခေတ်အခါတို့၌ ရောဂါကင်း၍ အသက်ရှည် ချမ်းသာစွာနေရခြင်းမှာ ဓမ္မစရိယမင်္ဂလာ၏ အကျိုးအာနိသင်များပင်တည်း။

၁၆။ ဉာတကာနဉ္စ သင်္ဂဟမင်္ဂလာ

ဉာတိဆွေမျိုးဆိုသည်မှာ မိဘက်ဖဘက်ဆွေ(၇)ဆက်ကို ဆိုလို၍ ဥစ္စာစည်းစိမ်ပျက်သောကြောင့်လည်းကောင်း၊ အနာရောဂါနှိပ်စက်ဖိစီးသောကြောင့်လည်းကောင်း၊ အရပ်တစ်ပါးမှရောက်လာသောဆွေမျိုးများ၊ မိမိအနီးအပါးမှ ဆွေမျိုးများအား ကူညီထောက်ပံ့ခြင်းကို ဉာတိသင်္ဂဟဟုခေါ်၏။ သင်္ဂဟဝတ္ထုလေးပါးဖြင့် ဆွေမျိုးများအား ထောက်ပံ့ခြင်းလည်းမည်၏။

ဉာတိသင်္ဂဟကြောင့် ဆွေမျိုးတို့၏ချစ်ခင်လေးစားမှုရရှိခြင်း၊ လူအများ၏ချီးမွမ်း ခံရခြင်း၊ ချစ်ခင်ကြင်နာခြင်းဖြင့် ဖွဲ့စည်းထားသော ညီညွတ်သင့်မြတ်သော ပတ်ဝန်းကျင်ဖြင့် အစဉ်ရွှင်လန်း သာယာစွာနေရခြင်း အစရှိသည့် မျက်မှောက် အကျိုးကျေးဇူးများ ခံစားရပြီးလျှင် သုဂတိဘဝသို့ရောက်ရခြင်းအစရှိသော တမလွန်အကျိုးများလည်း ရရာရကြောင်း ဖြစ်သောကြောင့် ကောင်းမြတ်သော မင်္ဂလာမည်၏။ ဤတွင် ဆွေမျိုးအပြင် မိမိ၏ဇာတ်တူ အမျိုးသားအားလုံးကိုလည်း ဉာတိဟုယူလျှင် ပို၍ပြည့်စုံ၏။

http://www.dhammadownload.com

အမျိုးကို ထောက်ပံ့ခြင်းမှာ ဘုရားအလောင်းတော်တို့၏ ကျင့်ရိုးကျင့်စဉ်လည်း ဖြစ်ပါ၏။ အလောင်းတော်များသည် မိမိအမျိုးသားများ အကျိုးဆောင်ခြင်း၊ ဘေးရန်ကာကွယ် စောင့်ရှောက်ခြင်း စသည်တို့ကို အသက်ကိုပင်စွန့်၍ အမျိုးသားအကျိုးစီးပွားကို အစဉ်ပြုကျင့်ခဲ့ပေရာ ဉာတတ္ထစရိယာဟု စရိယာတစ်ရပ်အဖြစ် ထင်ရှားခဲ့ပါ၏။ ဤသို့ မြင့်မြတ်လှသော အကျင့်ကို မိမိဆွေမျိုး၊ မိမိအမျိုးသားအားလုံးအတွက် ဖြဟ္မစိုရ်တရားများ အရင်းခံလျက် ကျင့်ဆောင်ရမည်။ သို့မှသာ စိတ်ထားမြင့်မြတ်သော အမျိုးသားကောင်း မည်၏။ သို့မဟုတ်ဘဲ မိမိကောင်းစားရင် ပြီးရောဆိုသည့် ကိုယ့်ဖို့သာ အစဉ်ဖြည့်သူ တစ်ကိုယ်ကောင်းသမားများသည် စိတ်သဘောထားသေးသိမ်ကျဉ်းမြောင်းသူ အချည်းနှီးသောသူများတည်း။

အနမတဂ္ဂ ဒေသနာတော်အရ အလွန်ရှည်လျားစွာ ကျင်လည်ခဲ့ကြရသော အနမတဂ္ဂ သံသရာတစ်ခွင်၌ အမိအဖ၊ ညီအစ်ကို၊ မောင်နှမ စသည်ဖြင့် မတော်စပ်ဖူးသူ မရှိ၊ အားလုံးတော်စပ်ကြဖူးသည်ဆိုသည့် မြတ်ဗုဒ္ဓအဆုံးအမကို အစဉ် နှလုံးသွင်းဆင်ခြင်ကာ မိမိ၏သန္တာန်၌ ဖြဟ္မစိုရ်တရားများ အရင်းခံလျက် သာယာချမ်းမြေ့သော လောက ဖန်တီးဖို့ရာ လွန်စွာမှ အရေးပါလှသော ဉာတိသင်္ဃ မင်္ဂလာအမှုကို တတ်စွမ်းသမျှ ပြုကျင့်ကြပါကုန်။

၁၇။ အနဝဇ္ဇ ကမ္မမင်္ဂလာ

လောကဌ်လည်း မင်းပြစ်မင်းဒဏ်သင့်၊ သံသရာဌ်လည်း အပါယ်ကျစေတတ်သော သတ်ခြင်း၊ ခိုးခြင်း စသည့် သာဝဇ္ဇကမ္မ (အပြစ်နှင့်တကွဖြစ်သော အလုပ်များ) ကို ရှောင်ကြဉ်၍ မင်းပြစ်မင်းဒဏ်လည်းမရှိ၊ အကုသိုလ်လည်းမရှိသော အနဝဇ္ဇကမ္မ (အပြစ်မရှိသောအလုပ်)ကိုသာ ပြုလုပ်ရခြင်းသည် ကောင်းမြတ်သောမင်္ဂလာဖြစ်၏။ အဘိဓမ္မာနည်းအရ အကုသိုလ်ကိုရှောင်၍ ကုသိုလ်ကိုဆောင်ရခြင်းဖြစ်၏။

အနဝဇ္ဇကမ္မ (အပြစ်မရှိသောအလုပ်) များကား ဥပုသ်စောင့်ခြင်း၊ ဝေယျာဝစ္စပြုခြင်း၊ အများသုံးဆောင်ရန် သစ်ပင်စိုက်ခြင်း၊ ဥယျာဉ်တည်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ တံတားဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း စသည့်ကောင်းမှုဖြစ်သော အလုပ်များတည်း။ ဤကုသိုလ်အလုပ်များကြောင့် အများတကာ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကိုရ၍ မိမိမှာ အများ၏ ချစ်ခင်နှစ်သက် မြတ်နိုးလေးစားမှုခံရခြင်း၊ မိမိကိုယ်တိုင်လည်း အာရုံပြုမိတိုင်း ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း၊ သေခါနီး ထိုကုသိုလ်အာရုံများကြောင့် ကောင်းသောနိမိတ်များထင်ကာ သုဂတိဘုံသို့ရောက်ရခြင်း စသောအကျိုးများကြောင့် ဤအမှုမှာ ကောင်းမြတ်သောမင်္ဂလာဖြစ်ရ၏။

http://www.dhammadownload.com

ကိုယ်ကျိုးသာကျင့်သူ၊ သူတစ်ပါးအကျိုးသာကျင့်သူ၊ ကိုယ်ကျိုးသူကျိုး နှစ်မျိုးလုံး ကျင့်သူနှင့် ယင်းနှစ်မျိုးလုံး မကျင့်သူဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိရာ ကိုယ်ကျိုးသာကျင့်သူမှာ မိမိအတွက် ပြည့်စုံကောင်း ပြည့်စုံမည်ဖြစ်သော်လည်း စိတ်ချမ်းသာမှုကား အပြည့်အဝ မရနိုင်၊ သူတစ်ပါးအကျိုးသာကြည့်သူသည် မိမိအကျိုးအတွက် သောက ဖြစ်ရတတ်သေး၏။ ကိုယ်ကျိုးသူ့ကျိုး နှစ်မျိုးလုံးကျင့်သူမှာ သောကကင်းဝေး အေးချမ်းသာယာသူ ဖြစ်ရ၏။ နှစ်မျိုးလုံးမကျင့်သူမှာ လောကၠ ဆုံးရှုံးသူသာတည်း။

အနဝဇ္ဇကမ္မမှာ ရပ်ရွာစည်ပင်သာယာရေး၊ လူလူချင်း စည်းလုံးညီညွတ်ရေး၊ ကုသိုလ်အမြဲဖြစ်ရေးအတွက် လေးလေးနက်နက် လိုက်နာဆောင်ရွက်သင့်သော ကုသိုလ်မှုပေတည်း။

၁၈။ အာရတီ မင်္ဂလာ

မကောင်းမှုတို့မှ စိတ်ဖြင့်ရှောင်ကြဉ်ခြင်းသည် မျက်မှောက်နှင့် သံသရာဘေးတို့မှ ကင်းဝေးအောင် အန္တရာယ်ကို ကာကွယ်ခြင်းဖြစ်၍ ကောင်းမြတ်သော မင်္ဂလာဖြစ်ပေ၏။ စိတ်ဖြင့် အကုသိုလ်၏အပြစ်ကို မြင်အောင်ရှုလျက် ယင်းတရားဆိုးများ မပြုမိစေရန် ဆင်ခြင်ဆုံးဖြတ်ခြင်းဖြစ်၏။ ဤနည်းဖြင့် စိတ်အစဉ်၌ အကုသိုလ်ကို ပယ်သတ်နိုင်ကာ ကုသိုလ်တရားတိုးပွားလာစေ၏။ မြတ်ဗုဒ္ဓက "ကုသိုလ်တရားတို့၌ စိတ်ဖြစ်ရုံမျှနှင့်ပင် ကျေးဇူးများလှပေပြီ"ဟု ဟောကြားတော်မူခဲ့၏။

၁၉။ ဝိရတိမင်္ဂလာ

ဝိရတိ (ကိုယ်နှုတ်တို့ဖြင့်ရှောင်ကြဉ်ခြင်း) မကောင်းမှုကို ဝေးစွာ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ အသက်ကိုပင်စွန့်၍ ရှောင်ကြဉ်ခြင်းသည် လည်းကောင်း ကောင်းမြတ်သော မင်္ဂလာတရားတော်ဖြစ်၏။ ဝိရတီသုံးမျိုးရှိ၏။ ယင်းတို့မှာ–

(က) သမ္မတ္တ ဝိရတီ။ ကြဲကြိုက်တိုက်ဆိုင်လာမှ ရှောင်ကြဉ်ခြင်း၊ (သိက္ခာပုဒ် ဆောက်တည်မထားဘဲ မိမိ၏ဇာတ်၊ အမျိုးအနွယ်၊ အရွယ်၊ ဗဟုသုတ စသော ဂုဏ်တို့ကို ဆင်ခြင်မိ၍ ရှောင်ကြဉ်ခြင်း)

(ခ) သမာဒါန ဝိရတီ။ သိက္ခာပုဒ်ဆောက်တည်ထား၍ ရှောင်ကြဉ်ခြင်း။

(ဂ) သမုစ္ဆေဒ ဝိရတီ။ မင်္ဂနှင့်ယှဉ်သော ရှောင်ကြဉ်ခြင်း၊ (အရိယာတို့၌သာ ရှိသော ဝိရတီဖြစ်ပြီး အကုသိုလ်ကို စိတ်ဖြင့်ပင် ပစ်မှားမှုမရှိတော့ခြင်း)

http://www.dhammadownload.com

လောကပါလတရား(၂)ပါး

လောကပါလတရားဆိုသည်မှာ လောကသားတို့ကို အကုသိုလ်မှကာကွယ်စောင့်ရှောက်တတ်သော တရားဖြစ်၍ လောကီ လောကုတ္တရာတို့၌ ကုသိုလ်ဖြစ်ကြောင်း၊ ချမ်းသာကြောင်းတရားတို့ပင်ဖြစ်၏။ သီလတရားဖြစ်ပေါ်ရာဖြစ်ပေါ်ကြောင်း အခြေခံလည်းဖြစ်၏။ ယင်းတရားနှစ်ပါးမှာ–

(က) ဟီရိ။ အပြစ်မကင်းသော၊ မကောင်းသောအကုသိုလ်အမှု ပြုရသည်ကိုရှက်ခြင်း။

(ခ) ဩတ္တပ္ပ။ အပြစ်မကင်းသော၊ မကောင်းသောအကုသိုလ်အမှု ပြုရမည်ကိုလန့်ခြင်း။

ဤတရားနှစ်ပါးကို ဒေဝဓမ္မ(ကုသိုလ်ဖြစ်ရန် သမ္မုတိ၊ ဥပပတ္တိ၊ ဝိသုဒ္ဓိနတ်ဖြစ်ရန် အကြောင်းဖြစ်၍ ထိုနတ်တို့၏ တရား)ဟုလည်း မြတ်ဗုဒ္ဓက ဟောကြားတော်မူသေး၏။ ဤတရားနှစ်ပါး ထွန်းကားသောခေတ်၌ အကုသိုလ်အမှုပြုရန် ဝန်လေးကြသဖြင့် ကုသိုလ်ဓမ္မများသာ ထွန်းကား၏။ ဤတရားနှစ်ပါး မရှိသောခေတ်အခါ၌ကား အကုသိုလ်အမှုများကို လက်ရဲဇက်ရဲ ပြုရဲကြသဖြင့် ကုသိုလ်ဓမ္မများ လျော့နည်းပပျောက်ပြီး အကုသိုလ်ဓမ္မများသာထွန်းကား၏။

မိမိအရွယ်၊ မိမိ၏ပညာဗဟုသုတ၊ ဂုဏ်စသည်တို့ကို တွေးတောဆင်ခြင်မိသောအခါ၌ လည်းကောင်း၊ မိမိသည် ဗုဒ္ဓဘာသာဝင် ဖြစ်၍ မကောင်းမှုကို ပြုမိလျှင် မိမိနှင့်ဘာသာတရားကို ထိခိုက်မည်ကိုတွေးတောဆင်ခြင်မိသောအခါ၌ လည်းကောင်း၊ မကောင်းမှုကိုပြုရမည်ကို ဟီရိ (ရှက်မှု) ဖြစ်ရန် အကြောင်းများဖြစ်လာ၏။ ထို့ပြင် ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် အကုသိုလ်၏ ဆိုးကျိုးများ၊ အပြစ်များကို မြတ်ဗုဒ္ဓ၏ တရားစစ်တရားမှန်ကြောင့် အမှန်သိမြင်မှုပညာ ရှိထားသောအခါ အကုသိုလ် ပြုရန် တွေးမိတိုင်း ဩတ္တပ္ပ (လန့်မှု)သည် ဖြစ်လာရ၏။ ထို့ကြောင့် ဤဟီရိ၊ ဩတ္တပ္ပ တရားကြောင့် အကုသိုလ်မပြုဝံ့ကြ။

ဤတရားနှစ်ပါးကင်းခြင်းသည် အကုသိုလ်ဖြစ်ကြောင်း၊ ဘေးအမျိုးမျိုး ဆင်းရဲအမျိုးမျိုးဖြစ်ကြောင်း မကောင်းသော အမင်္ဂလာသာဖြစ်၏။ ဤတရားနှစ်ပါး ဖြစ်သောအရှက်အကြောက်ရှိခြင်းမှာ ကုသိုလ်ဖြစ်ကြောင်း၊ ချမ်းသာကြောင်း၊ ကောင်းသောကျက်သရေ မင်္ဂလာရှိကြောင်းဖြစ်၍ ဟီရိ၊ ဩတ္တပ္ပဖြင့် မကောင်းမှု အကုသိုလ်တို့မှကိုယ်၊ နှုတ်၊ စိတ်နလုံးသုံးပါးလုံးဖြင့် ဝေးစွာရှောင်ကြဉ်ကာ ပါပဝိရတိမင်္ဂလာကို အစဉ်ထိန်းသိမ်းထိုက်ပေ၏။

http://www.dhammadownload.com

၂၀။ မဇ္ဈပါနာစ သံယမ မင်္ဂလာ

မဇ္ဈဆိုသည်မှာ ယစ်မူးကြောင်း သေရည်အရက်အမျိုးမျိုး၊ မူးယစ်စေတတ်သော စိမ်၍ချက်၍ ပြုအပ်သော အရက်အမျိုးမျိုး၊ မစိမ်မချက်ဘဲ အလျဉ်ဖြင့် ပြင်းလာသော ထန်းရည်၊ ဓနိရည်စသည်နှင့် မူးယစ်စေတတ်သော ဘိန်း စသော အရာအားလုံးကို ဆိုလို၏။

ဤသို့မူးယစ်စေတတ်သောအရာများကို သောက်စား သုံးဆောင်ခြင်းသည် ဥစ္စာပျက်စီးကြောင်း တရားလည်းဖြစ်၏။ ထို့ပြင် အပြစ်(၆)ပါးလည်း ဖြစ်နိုင်ကြောင်း မြတ်ဗုဒ္ဓဟောကြားတော်မူထား၏။

အရက်သေစာသောက်စားခြင်းအပြစ်(၆)ပါး

(က) ဥစ္စာကုန်ခန်းပျက်စီးခြင်း။

(ခ) ခိုက်ရန်ပွားများခြင်း၊

(ဂ) ရောဂါအမျိုးမျိုးဖြစ်တတ်ခြင်း၊

(ဃ) ဂုဏ်အသရေမဲ့၊ ကျော်စောမဲ့ခြင်းကိုဖြစ်စေတတ်ခြင်း၊

(င) လျှို့ဝှက်ဖုံးကွယ်ထိုက်သော ကိုယ်အင်္ဂါများကို လှစ်ပြတတ်ခြင်း၊

(စ) ပညာဉာဏ်ကို အားနည်းအောင် ပြုတတ်ခြင်း။

ထို့ကြောင့် ရှေးခေတ်၊ ယခုခေတ် မည်သည့်ခေတ်၌မဆို ပညာရှိသူတော်ကောင်းများမလိုလားခဲ့၊ ရှောင်ရှားခဲ့ စက်ဆုပ်ခဲ့သော အရက်သေစာကို အခါခပ်သိမ်း ရှောင်ကြဉ်ခြင်းသည် ကောင်းမြတ်သောမင်္ဂလာပင်တည်း။

၂၁။ ဓမ္မအပ္ပမာဒမင်္ဂလာ

အပ္ပမာဒ = မမေ့မလျော့ခြင်းဆိုသည်မှာ သတိပင်တည်း။ လောကအရေးမှန်သမျှတွင် အပ္ပမာဒတရားသည် အရေးပါလှ၏။ အဘယ်ကြောင့်ဆိုသော် လောက၌ ကြီးပွားတိုးတက်နေသူများသည် သတိရှိသူ၊ သတိမလစ်သူများဖြစ်၍ ဆုတ်ယုတ်ပျက်စီးနေသူများသည် မေ့လျော့နေသူများ ဖြစ်ကြ၏။ မမေ့မလျော့ သတိရှိသူသာ အလုပ်ကို စိတ်ပါဝင်စားလျက် လုံ့လစိုက်ထုတ် လုပ်ကိုင်လေ့ရှိ၏။

တရားဘက်၌ကား ဓမ္မအပ္ပမာဒ(တရားတော်၌ မမေ့မလျော့ သတိရှိခြင်း) တရား ရှိရန်မှာ ပို၍လိုအပ်၏။ သတိသည် အရာခပ်သိမ်းမှာ လိုလားအပ်သောတရား၊ မပါမဖြစ်သော တရားဖြစ်၍ မြတ်ဗုဒ္ဓက "ကုန်းသတ္တဝါတို့၏ ခြေရာမှန်သမျှတို့တွင်

http://www.dhammadownload.com

ဆင်ခြေရာကကြီး၍ ဆင်ခြေရာ၌ ပါဝင်ရသကဲ့သို့ ကုသိုလ်တရား မှန်သမျှသည် အပွမာဒအရင်းခံဖြစ်၍ အပွမာဒ၌ ပါဝင်ရကြောင်း" ဟောကြားတော်မူ၏။

သဒ္ဓါနှင့်ပညာ၊ သမာဓိနှင့်ဝီရိယ ဤတရားတို့မှာ တစ်ခုနှင့်တစ်ခု မညီမျှဘဲ တစ်ခုကနည်း တစ်ခုကလွန်ကဲနေလျှင် အကျိုးမပြီး အပြစ်ပင် ဖြစ်တတ်သေး၏။ သတိမှာမူ လွန်သည်ဟူ၍မရှိ။ ကိစ္စရပ်တိုင်း၌ အားကြီးသောသတိကို လိုအပ်သည်သာ ဖြစ်ပါ၏။ ဓမ္မအပွမာဒတရားသည် ယခုဘဝအကျိုး၊ သံသရာအကျိုးတို့ကို ရယူတတ်သော တရားလည်းဖြစ်၏။

သတိလွတ်ကင်းသူသည် အကုသိုလ်ကို ပြုမိတတ်သကဲ့သို့ သတိနှင့်ပြည့်စုံသူသည် ကုသိုလ်တရားတို့၌ မပျက်စီးဘဲ ထိန်းသိမ်းစောင့်ရှောက်တတ်၏။ ထိုသို့ တိုးတက်မှု၊ မတိုးတက်မှုကို အစွဲပြု၍ပင် "မမေ့သူမှာမသေ၊ ရှင်နေသူဖြစ်၍ မေ့သူမှာ လူသေနှင့် မခြား"ဟုလည်းကောင်း၊ "အားသန်၍ အပြေးမြန်သော မြင်းကောင်းသည် အားမရှိ ချည့်နဲ့သော မြင်းပိန်ကို ချန်ထားခဲ့၍ ရှေ့သို့ဆက်သွားသကဲ့သို့ မေ့သူ အိပ်ပျော်သူ လူများစုတွင် မမေ့သူ နိုးကြားသူ ပညာရှိက သူတို့ကိုချန်ထား၍ ရှေ့သို့ တက်သွားကြောင်း" မြတ်ဗုဒ္ဓက ဓမ္မပဒ ဒေသနာတော်၌ အသီးသီးဟောကြားတော်မူခဲ့သည်။

မမေ့မလျော့ရမည့်တရား၌ ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကုသိုလ်တရား အားလုံးပါဝင်လျက်ရှိ၏။ တရားဆိုသည်မှာ နောက်ဘဝအထိ ဆိုင်းနေသည် မဟုတ်။ တရားရှင်ကို ယခုဘဝမှာပင် စိတ်ချမ်းသာစေခြင်း၊ စိတ်ဓာတ် ခိုင်မာစေခြင်း၊ လောကဓံကို ခံနိုင်ရည်ရှိစေခြင်း၊ မိမိက အထူးကြိုးစားလျှင် မဂ်ဖိုလ်အထိ ရနိုင်စေခြင်း စသည်ဖြင့် စောင့်ရှောက်တတ်၏။ ထို့ပြင် ဘာဝနာတစ်ခုခု လက်ကိုင်ပြုထား ပွားများသူ၌ တရားနှင့်စပ်၍ အမှတ်အသား ကောင်းလာရခြင်း၊ အတွေးအခေါ် အယူအဆမြင့်မား ကြွယ်ဝလာခြင်း၊ အသိဉာဏ်ရင့်သန်လာခြင်း စသည်ဖြင့် အကျိုးများလှ၏။

နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းသော အကျင့်လမ်းဖြစ်သည့် မဂ္ဂင်ရှစ်ပါး တရားတွင်လည်း မှန်သောသတိ (သမ္မာသတိ) ရှိခြင်းဖြင့် မဂ္ဂင်ရှစ်ပါးအားလုံး ကျင့်ပြီးဖြစ်သလို မြတ်ဗုဒ္ဓအနည်းနည်းအဖုံဖုံ နည်းလမ်းအသွယ်သွယ် ဟောကြား ဆုံးမတော်မူခဲ့သည့် တရားဒေသနာအားလုံး၏ အနှစ်ချုပ်မှာလည်း သတိတရားပင် ဖြစ်ပါ၏။

သတိတရားမှာ အစဉ်ရှိနေရန် လိုအပ်သောကြောင့် မြတ်ဗုဒ္ဓသည် နေ့စဉ် ဆွမ်းခံမှပြန်တိုင်း ခြေဆေးခုံတွင်ရပ်ကာ တပည့်သာဝကတို့အား "အပွမာဒေန သမ္မာဒေထ"စသည်ဖြင့် ဒုလ္လဘတရားငါးပါးကို အမြဲတမ်း ဟောကြားတော်မူလေ့ ရှိ၏။

http://www.dhammadownload.com

ထို့ပြင် မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးအချိန်လေးမှာပင် **အပ္ပမာဒေန သမ္မာဒေထ(မမေ့မလျော့သော သတိတရားဖြင့် မိမိအကျိုးကို အစဉ်ပြီးပြည့်စုံကြစေကုန်လော့)**ဟူ၍ တပည့်သာဝကတို့အပေါ် မဟာကရုဏာတော်ဖြင့် ပစ္ဆိမ ဗုဒ္ဓဝစနတရားမှာ ထားရစ်ခဲ့တော်မူသေး၏။ ထို့ကြောင့် ဓမ္မအပ္ပမာဒတရားသည် ကောင်းမြတ်သော မင်္ဂလာဖြစ်သည်ဆိုခြင်းကို အထူးဆိုဖွယ်ရာ မရှိပြီးတည်း။

၂၂။ ဂါရဝမင်္ဂလာ

မိမိထက် တစ်မိနစ်၊ တစ်နာရီ စသည်ဖြင့် ပို၍အသက်ကြီးသူ၊ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသည်ဖြင့် ကြီးမြတ်သူတို့သည် မိမိအတွက် ဂါရဝပြုထိုက်သူ (အရိုအသေ အလေးအမြတ်ပြုထိုက်သူ) များ ဖြစ်၏။ ရဟန်းသံဃာတော်များမှာမူ မိမိထက် ရဟန်းဝါပိုကြီးသော ရဟန်းကို ဂါရဝပြုရ၏။ ဂါရဝပြုသည်ဆိုသည်မှာ ရှိခိုးခြင်း၊ လမ်းဖယ်ပေးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်း စသည်တို့ဖြစ်၏။

အသက်ကြီးသူ၊ ဂုဏ်ကြီးသူတို့ကို ရှိခိုးလေ့ရှိသူ၊ အရိုအသေပြုလေ့ရှိသူ၊ ဂါရဝပြုသူများသည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်းနှင့် ခွန်အားကြီးခြင်းဟူသော အကျိုးလေးပါးတို့၌ တိုးပွားနိုင်ပြီး ယခုဘဝမှာလည်း အချီးမွမ်းခံရ၊ နောင်ဘဝမှာလည်း သုဂတိဘဝရောက်ရ၊ ဖြစ်လေရာဘဝမှာလည်း မြင့်မြတ်သော အထက်တန်းမျိုး၌သာ ဖြစ်ရကြောင်း မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့၏။ ဂါရဝတရားမရှိသူမှာ ယင်းအကျိုးများ၏ ဆန့်ကျင်ဘက်ဆိုးကျိုးများသာ ရရှိနိုင်၏။

ဤသို့ ရိုသေထိုက်သူကို ရိုသေခြင်းဖြင့်၊ ဂါရဝတရားရှိခြင်းဖြင့်၊ ရိုသေထိုက်သော ပုဂ္ဂိုလ်နှင့် အရိုအသေပြုသူနှစ်ဦးလုံး၌ ဗြဟ္မဝိဟာရတရားများ ပွားများဖြစ်ပေါ်လျက် ရှိခြင်းဖြင့် ကျွဿာ၊ မဓ္ဓရိယ၊ မာန၊ ဒေါသစသော တရားဆိုးများ ကင်းဝေးသွားကြ၏။ အဂါရဝသာရှိသူများ၌ ယင်းတရားဆိုးများဖြစ်ပေါ် ပွားများလျက်ရှိ၏။ ထို့ကြောင့် ဂါရဝမှုသည်သာ အလွန်ကောင်းသော၊ အလွန်အကျိုးများသော၊ အလွန်မွန်မြတ်သော ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်၏။ တရားရှိလေလေ ဂါရဝတရား ပိုရှိလေလေဖြစ်၏။

မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ "လောက၌ ရိုသေမှုမရှိဘဲ နေခြင်းကားမသင့်၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို အရိုအသေပြု၍ နေရန်သင့်၏"ဟု ကြံစည်တော်မူ၏။ ထို့နောက် အရိုအသေပြုရန် မိမိထက် သီလ၊ သမာဓိ ပညာအရာတို့၌ သာလွန်သောရဟန်း၊ ပုဏ္ဏား၊ နတ်၊ ဗြဟ္မာ တစ်ဦး

http://www.dhammadownload.com

တစ်ယောက်ကိုမျှ မတွေ့ရသဖြင့် မိမိကိုယ်တော်တိုင် ထိုးထွင်းသိမြင်ထားသော လောကုတ္တရာတရားကိုသာလျှင် အရိုအသေအလေးအမြတ်ပြု၍ နေတော်မူရပေသည်။

ထို့ကြောင့် အဂါရဝ၏ အမင်္ဂလာအဖြစ် ဂါရဝ၏ မင်္ဂလာအဖြစ်မှာ ထင်ရှားစွာ ခွဲခြားသိမြင်နိုင်ပါ၏။

ဂါရဝတရား ထားအပ်သောအရာ(၁၀)ပါး

၁။ ဗုဒ္ဓဂါရဝ .... သဗ္ဗညု မြတ်စွာဘုရားရှင်အား အရိုအသေ အလေး အမြတ်ပြုခြင်း။

၂။ ဓမ္မဂါရဝ .... မြတ်ဗုဒ္ဓ၏ တရားတော်မြတ်တို့အား အရိုအသေ အလေးအမြတ်ပြုခြင်း။

၃။ သံဃဂါရဝ .... မြတ်ဗုဒ္ဓ၏ တပည့်သာဝက ရဟန်းသံဃာတော်တို့အား အရိုအသေအလေးအမြတ် ပြုခြင်း။

၄။ သိက္ခာဂါရဝ .... ကောင်းသော အကျင့်သိက္ခာတို့၌ အရိုအသေ အလေး အမြတ်ပြုခြင်း။

၅။ သမာဓိဂါရဝ .... စိတ်၏တည်ကြည်ဖြောင့်မတ်မှု၌ အရိုအသေ အလေး အမြတ်ပြုခြင်း။

၆။ အပ္ပမာဒဂါရဝ .... ကောင်းမှုတို့၌ မမေ့မလျော့မှုကို အရိုအသေ အလေး အမြတ်ပြုခြင်း။

၇။ ပဋိသန္ထာရဂါရဝ .... ပေါင်းသင်းဆက်ဆံရေး ပြေပြစ်ချောမွေ့မှု၌ အရို အသေ အလေးအမြတ် ပြုခြင်း။

၈။ ဟီရိဂါရဝ .... မကောင်းမှု ပြုရမည်ကို ရှက်ခြင်း၌ အရိုအသေ အလေးအမြတ်ပြုခြင်း။

၉။ ဩတ္တပ္ပဂါရဝ .... မကောင်းမှု ပြုရမည်ကို ကြောက်လန့်ခြင်း၌ အရို အသေအလေးအမြတ်ပြုခြင်း။

၁၀။ အညမညဂါရဝ .... ပေါင်းသင်းနေထိုင် ဆက်ဆံသူ အချင်းချင်း တို့၌ အရိုအသေ အလေးအမြတ်ပြုခြင်း။

http://www.dhammadownload.com

အပြစ်(၆)ပါးမကင်းသောအရပ်

လောကဌ် အရိအသေ အလေးအမြတ်ပြုအပ်သော ဂါရဝတရားထားအပ်သော ပုဂ္ဂိုလ်များထဲ ချဉ်းကပ်သောအခါ အပြစ်ခြောက်ပါး မကင်းသောအရပ် (မနေအပ်သော အရပ်) ဌ်မနေရ၊ အပြစ်ကင်းသောအရပ် မှာသာနေအပ်၏။ အပြစ်မကင်းသော အရပ် ခြောက်ပါးမှာ-

၁။ အလွန်နီးလွန်းသောနေရာ၊

၂။ အလွန်ဝေးလွန်းသောနေရာ၊

၃။ လေညာလေဆန်ကျသောနေရာ၊

၄။ မြင့်သောနေရာ၊

၅။ ရှေ့တည့်တည့် ကျလွန်းသောနေရာ၊

၆။ အလွန်နောက်ကျ လွန်းသောနေရာ၊

တို့ဖြစ်ပါသည်။ အပြစ်ကင်းသောနေရာတို့ဌ်နေရန်အခြေအနေမပေးမှသာ သင့်လျော်ရာ အရပ်ကို ရွေးချယ်ပြီးနေအပ်၏။

၂၃။ နိဝါတမဂ်လာ

နိဝါတတရားရှိသူ (မာနကင်းပြီး မိမိကိုယ်ကိုနှိမ့်ချသူ)မှာ ကိုယ်အမူအရာလည်း သိမ်မွေ့နူးညံ့စွာရှိသည့်အပြင် အပြောမှာလည်း သူတကာ နားချမ်းသာ စိတ်ချမ်းသာဖွယ် ပြေပြစ်လျက်ရှိ၏။ ထိုသူမျိုးမှာ အများချစ်မြတ်နိုးဖွယ်ရာ မဂ်လာရှိသူတည်း။

ဤနိဝါတ ပုဂ္ဂိုလ်မျိုးဌ်သာ ဂါရဝတရားသည် ရှိနိုင်သဖြင့် ဂါရဝမဂ်လာနှင့် ဆက်စပ်လျက်ရှိပေ၏။ နိဝါတပုဂ္ဂိုလ်တို့ဌ်သာ ခန္တီတရားရှိနိုင်၏။ ဗြဟ္မစိုရ်တရားများ ထွန်းကားနိုင်၏။

နိဝါတရှိသူ၏ ဆန့်ကျင်ဘက်မှာ တောင့်တင်းမာကျော ခက်ထန်သူ(ထဒ္ဓ)နှင့် အလွန်ထောင်လွှားသူများ (အတိမာန)ဖြစ်၏။ ထိုသူများမှာ မိမိကိုယ်ကိုမြှောက်၊ သူတစ်ပါးကိုနှိမ်တတ်၊ မထီမဲ့မြင်ပြုတတ်သဖြင့် အများမုန်းဖွယ်ရာ မဂ်လာများတည်း။

မြတ်ဗုဒ္ဓက စူဠကမ္မဝိဘင်္သုတ်ဌ် သုဘလုလင်အား "အို-သုဘလုလင်.... ဤလောကဌ် မာန်ခက်ထန် ထောင်လွှားသော ယောကျ်ားမိန်းမတို့သည် ရှိခိုးထိုက်သူကိုရှိမခိုး၊ ခရီးဦးကြိုဆို ပြုထိုက်သူကို ခရီးကြိုဆိုမှုမပြု၊ နေရာပေးထိုက်သူကို နေရာမပေး၊ လမ်းဖယ်ပေးသင့်သူကို လမ်းဖယ်မပေး၊ ကောင်းစွာပြုထိုက်သူကို ကောင်းစွာမပြု၊

http://www.dhammadownload.com

ရှိသေထိုက်သူကို မရှိသေ၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော်ထိုက်သူကို မပူဇော်၊ ထိုသူသည် ထိုသို့မောက်မာထောင်လွှားမှု အကုသိုလ်ကံကြောင့် သေသောအခါ အပါယ်ဒုဂ္ဂတိသို့ လားရာ၏။ အကယ်၍ လူဖြစ်ခဲ့သော် ယုတ်နိမ့်သော အမျိုးအနွယ်၌သာ ဖြစ်ရာ၏။

ဤမာနခက်ထန်ခြင်းသည် ယုတ်နိမ့်သော အမျိုး၌သာ ဖြစ်စေသောအကျင့်တည်း။

"အို.... သုဘလုလင်၊ ဤလောက၌ မာန်ခက်ထန်မှု၊ ထောင်လွှားမှုမရှိသော ယောကျ်ား မိန်းမတို့သည် ရှိခိုးထိုက်သူကို ရှိခိုး၏။ ခရီးဦးကြိုထိုက်သူကို ခရီးဦးကြို၏။ နေရာပေးထိုက်သူကို နေရာပေး၏။ လမ်းဖယ်ပေးထိုက်သူကို လမ်းဖယ်ပေး၏။ ကောင်းစွာပြုစုထိုက်သူကို ကောင်းစွာပြုစု၏။ ရှိသေထိုက်သူကို ရှိသေ၏။ မြတ်နိုးထိုက်သူကို မြတ်နိုး၏။ ပူဇော်ထိုက်သူကို ပူဇော်၏။ ထိုသူသည် မာန်မရှိခြင်း၊ မိမိကိုယ်ကို နှိမ့်ချသော စိတ်ရှိခြင်းကြောင့် ကွယ်လွန်သောအခါ နတ်ရွာသုဂတိသို့ လားရောက်ရ၏။ အကယ်၍ လူဖြစ်ခဲ့သော် မြင့်မြတ်သော အမျိုး၌ဖြစ်ရ၏။ သုဘလုလင်– ဤမာန်ခက်ထန်မှုမရှိခြင်း (မိမိကိုယ်ကိုနှိမ့်ချခြင်း)သည် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း" ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် မာန်ကြီးသူ ခက်ထန်သူသည် ပျက်စီး ဆုတ်ယုတ်ကြောင်းဖြစ်၍ နိဝါတရှိသူမှာ တိုးတက်ကြီးပွား ချမ်းသာကြောင်းဖြစ်၏။ အမှန်တကယ် တရားရှိသူတို့မှာ မိမိကိုယ်ကို ခြေသုတ်ပုဆိုး၊ ဦးချိုကျိုးသောနွားလား၊ အစွယ်ကျိုးသောမြွေတို့ကဲ့သို့ အလွန်နှိမ့်ချသော နိဝါတတရားရှိ၏။ ဤတရားမျိုး ဤအကျင့်မျိုး မရှိသေးလျှင်လည်း ရှိလာအောင် အစွမ်းကုန်ကြိုးစားရာ၏။

အရှင်သာရိပုတ္တရာ၏ နိဝါတ

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာ၏ သင်္ကန်းဝတ်ပုံ မညီမညွတ်ဖြစ်နေသည်ကို မြင်ရသော ခုနစ်နှစ်အရွယ် သာမဏေငယ်က "အရှင်ဘုရားသင်္ကန်းဝတ်ပုံမညီပါတကား" ဟု လျှောက်ထား၏။ အရှင်သာရိပုတ္တရာသည် မြတ်ဗုဒ္ဓ၏လက်ယာရံ ပညာအရာ၌ ဧတဒဂ်ရရှိတော်မူထားသည့် လောက၌ မြတ်ဗုဒ္ဓကလွဲလျှင် ပညာအရာ၌ အကြီးဆုံးဖြစ်သည့် ကိုယ်တော်မြတ်ကြီးပင်ဖြစ်လင့်ကစား "ကိုရင်လေးက ငါ့ကိုပြောရကောင်းလား" ဟု သဘောထားတော်မမူဘဲ တစ်နေရာသွားကာ ကောင်းစွာပြင်ဝတ်တော်မူ၏။ ထို့နောက် ကိုရင်လေးထံပြန်လာပြီး ရပ်လျက်လက်အုပ်ချီကာ "သည်လောက်ဆိုလျှင် သင့်တော်ပါပြီလားဆရာ" ဟု မိန့်ကြားတော်မူပြီးနောက် "ထိုနေ့ဖြစ်သော ခုနစ်နှစ်အရွယ် သာမဏေငယ်ကလေးကပင် ဆုံးမလာလျှင် ထိုဆုံးမမှုကို ဦးခေါင်းထက်မှာ ခံယူပါသည်" ဟု ကျူးရင့်တော်မူခဲ့ပါသည်။

http://www.dhammadownload.com

တရားကို လေးစားသူတိုင်း အရှင်မြတ်ကြီး၏အံ့ဖွယ် ဤနိဝါတဂုဏ်ကို အမြဲအားကျ အတုယူခဲ့ကြပါသည်။ အတုယူဖွယ်လည်းကောင်းလှပါပေသည်။

အရှင်ရာဟုလာ၏ နိဝါတ

အရှင်ရာဟုလာသည် သာကီဝင်မင်းမျိုးလည်းဖြစ်၊ စကြာမင်းဖြစ်ရန် ဘုန်းကံလက္ခဏာပါသူလည်းဖြစ်၊ ဘုရားသားတော်လည်းဖြစ်သော ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် မာနထောင်မည်ဆိုပါက သူတကာတို့ထက် ပို၍ပင်ထောင်လွှားနိုင်၏။ သို့သော် အရှင်ရာဟုလာ၏ နိဝါတတရားသည်လည်း ဥဒါန်းတွင်ရစ်နိုင်ခဲ့ပါပေ၏။

တစ်နေ့သောအခါ ရဟန်းတော်များက အရှင်ရာဟုလာကို စမ်းလို၍ အရှင်ရာဟုလာ အဝေးမှလာသည်ကိုမြင်လျှင် တံမြက်စည်းနှင့် အမှိုက်တောင်းများကို အပြင်မှာ ပစ်ထားကြ၏။ "ဒါဘယ်သူပစ်ထားတာသလဲ"ဟု အချို့ရဟန်းကမေးသော် "သည်နေ ရာမှာ ရာဟုလာ သွားလာနေတာပဲ၊ ရာဟုလာများပစ်ထားသလော"ဟု တစ်ပါးသော ရဟန်းများက ပြောကြ၏။ ရှင်ရာဟုလာသည် "တပည့်တော်လုပ်တာ မဟုတ်ပါ"ဟု ဘယ်အခါမျှမပြောဘဲ ကောင်းစွာသိမ်းဆည်းပြီး ရဟန်းများကိုပင် တောင်းပန်ကန်တော့၍ သွားလေသည်။

တစ်ခါကလည်း ဘုရားမြတ်စွာသည် "ရဟန်းတို့အား လူသာမဏေများနှင့် တစ်မိုး တစ်ရာမ်တည်းသောကျောင်း၌ အတူမအိပ်ရ"ဟု သိက္ခာပုဒ် ပညတ်ထားတော်မူ၍ ရဟန်းများက ရှင်ရာဟုလာအပေါ် ဘုရား၌လေးစား၍လည်းကောင်း၊ အကျင့်သိက္ခာပုဒ်ကို လေးစား၍လည်းကောင်း အရေးပေးမြဲ ပေးလျက်ရှိသော်လည်း သိက္ခာပုဒ်ပညတ်ချက်အရ "ရာဟုလာ–ဘုရားမြတ်စွာ သိက္ခာပုဒ်ပညတ်ထား၍ အိပ်ဖို့နေရာရှာပါ"ဆိုကြ၏။

ထိုအခါ အရှင်ရာဟုလာသည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်အာနန္ဒာစသော မထေရ်ကြီးများကို အပူမရှာဘဲ ဘုရားရှင်၏ ဝစ္စကုဋိ၌ သွားအိပ်နေ၏။ နံနက်အခါ ဘုရားရှင် ဝစ္စကုဋိသို့အကြွတွင်မှ သိတော်မူသဖြင့် လူသာမဏေများနှင့် သုံးညအတူအိပ်ဖို့ ခွင့်ပြုကာ သိက္ခာပုဒ်ကို ထပ်မံ ပြင်ဆင်ပညတ်တော်မူ၏။

ထို့ကြောင့် တရားကိုမလေးစားသူတို့မှာ မာနကိုအပြစ်မမြင် အကောင်းမြင်၍ မာန်တက်ကြသော်လည်း ရှင်ရာဟုလာကဲ့သို့သော တရားကိုလေးစား၍ ကြီးစားအားထုတ်သူတို့မှာ မိမိတို့၏မာနကို တမင်တကာပင်ကျအောင် ကြိုးစား ကြသည်မှာ အတုယူကြဖွယ်ဖြစ်ပါသည်။

http://www.dhammadownload.com

၂၄။ သန္တုဋ္ဌိ မင်္ဂလာ

ရှိသမျှ ရသမျှနှင့် တင်းတိမ်ရောင့်ရဲကျေနပ်ခြင်းကို သန္တုဋ္ဌိဟု ဆို၏။ မိမိရှာဖွေရရှိသမျှ ထင်ရှားရှိသော ပစ္စည်းဥစ္စာတို့ဖြင့် တင်းတိမ်ရောင့်ရဲနိုင်ခြင်းသည် အမြတ်ဆုံးဥစ္စာမည်၏ဟု မြတ်ဗုဒ္ဓက ဓမ္မပဒဒေသနာတော်၌ ဟောကြားတော်မူ၏။ ဤသည်မှာ လောကဋ္ဌ ဥစ္စာရှိလျှင် ဘာမဆိုပြည့်စုံနိုင်သကဲ့သို့ ရောင့်ရဲတတ်သူဋ္ဌ အလုံးစုံပြည့်စုံလျက်ရှိနေပေရာ ဥစ္စာအဖြစ် တင်စားခဲ့ခြင်းဖြစ်ပါ၏။

သန္တုဋ္ဌိ၏ ဆန့်ကျင်ဘက်မှာ လောဘကြီးမှု၊ အလိုကြီးမှုဖြစ်ရာ တရားရရှေးဋ္ဌ ကြီးမားသော အနှောင့်အယှက် အတားအဆီးများဖြစ်၏။ ထို့ကြောင့် မြတ်ဘုရားရှင်က မဟိစ္ဆ(အလိုကြီးမှု)ကို ရွှတ်ချခဲ့သည်နှင့်အမျှ သန္တုဋ္ဌိကိုလည်း လွန်စွာမြှောက်စား အားပေးခဲ့၏။ အဆာမကျယ် ရောင့်ရဲလွယ်ခြင်းသည် လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာမစ္ဆရိယ အစရှိသည့် တရားဆိုးများကို ပယ်သတ်နိုင်၏။ သည်းခံခြင်း ခန္တီတရားကို ဖြစ်ပေါ်စေ၏။ မေတ္တာတရားများကို ပေါက်ဖွားစေ၏။ စိတ်သန္တာန်၌ အေးငြိမ်းစေ၏။ ထို့ကြောင့် ရောင့်ရဲလွယ်ခြင်းသည် တရားကို ကောင်းစွာကျင့်သုံးမည့် ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ ဖြစ်ပေါ်နေရမည့် တရားပေတည်း။

သို့သော် သန္တုဋ္ဌိတရားကို လောကရေးနှင့် ဓမ္မရေးဋ္ဌအတူမသုံးထိုက် လောကရေးဋ္ဌ မိမိ၌ မိသားစုတာဝန်၊ အမျိုးသားတာဝန်၊ တိုင်းပြည်တာဝန်များရှိနေ၍ အပတ်တကုတ် ကြိုးစားအားထုတ်ရပေမည်။ မိမိကြိုးစားအားထုတ်သလောက် ရရှိ လာသော အခြေအနေနှင့်ပင် ရောင့်ရဲတင်းတိမ်ရမည်။ သို့မှသာ သန္တုဋ္ဌိတရားအစစ် ဖြစ်၏။ ထိုသို့မဟုတ်ဘဲ အပတ်တကုတ် ကြိုးစားအားထုတ်မှုမရှိဘဲနှင့် ဒီလောက်ဆို တော်လောက်ပြီဟု လျော့ရဲရဲပြုလုပ်ခြင်းသည် သန္တုဋ္ဌိတရားအစစ်မဟုတ်သည်ကို သတိပြုရာ၏။ ယင်းမှာ မိမိက တတ်နိုင်ပါလျက် တိုးတက်မှုရပ်သွားအောင် ရောင့်ရဲကျေနပ်လိုက်မည်ဆိုလျှင် ပေါ့လျော့ဆုတ်နစ်မှုအဖြစ်သို့သာ ရောက်သွားတော့၏။

ဥစ္စာရှာရာဋ္ဌ တရားသဖြင့် ပစ္စည်းရှာလျှင် သန္တုဋ္ဌိမပျက်သော်လည်း အလိုလောဘ အလွန်ကြီးလာပါက သန္တုဋ္ဌိပျက်၏။ မိမိဋ္ဌ ဥစ္စာပြည့်စုံနေသည့် အခါတွင်လည်း ဖြုန်းချင် တိုင်းဖြုန်းလိုက်ပါက သန္တုဋ္ဌိပျက်ပြီး သန္တုဋ္ဌိပြည့်စုံသူမှာ မိမိရှာဖွေရသမျှ ပစ္စည်းဥစ္စာတို့ကို အကျိုးရှိရာရှိကြောင်း ကောင်းမှုများဋ္ဌသာ စနစ်တကျ အသုံးပြု၏။

ပညာရေး၊ ဓမ္မရေးတို့ဋ္ဌမူ သည်လောက်ဆို တော်လောက်ပြီဟူသော ပေါ့လျော့ဆုတ်နစ်မှုမျိုးမဖြစ်သင့်။ ပညာရေးဋ္ဌ ပညာကို ရသလောက် ဆည်းပူးရမည်ဖြစ်ပြီး ဓမ္မရေးဋ္ဌလည်း အဆုံးစွန်သော ပန်းတိုင်ဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ပေါက်မြောက်သည် အထိ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ရပေမည်။ ရဟန်းတို့အတွက်မူ ပစ္စည်းနှင့်စပ်လျှင်

http://www.dhammadownload.com

အလိုနည်းလေ ကောင်းလေဖြစ်၏။ သို့မှသာ လောဘ၊ ဒေါသစသော တရားဆိုး များမှလည်း ကင်းဝေး၊ ရဟန်းတရား အားထုတ်ရာမှာလည်း ကြောင့်ကြမဲ့ကင်းပြီး အချိန်လုံလောက်စွာ ရရှိသဖြင့် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓတည်းဟူသော သာသနာသုံးဖြာနှင့်ပင် ပြည့်စုံပေလိမ့်မည်။

၂၅။ ကတညုတာမင်္ဂလာ

သူပြုခဲ့ဖူးသော ကျေးဇူးကိုသိခြင်းသည် ကတညုတာမည်၏။ ကျေးဇူးဆိုသည်မှာ ဥစ္စာပေးခြင်း၊ အတတ်သင်ပေးခြင်း၊ ဆုံးမခြင်း၊ ဘေးရန်ကာကွယ်ပေးခြင်း၊ စသည်ဖြင့် အမျိုးမျိုးသောနည်းဖြင့် မိမိအပေါ်ပြုအပ်သော သူတစ်ပါး၏ ကောင်းမှုပင်ဖြစ်သည်။ ထိုကျေးဇူးကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ အောက်မေ့သည်၏အစွမ်းဖြင့် သိခြင်းကို ကတညုတာဟုဆို၏။ ဤနေရာ၌ သိခြင်းဆိုရာမှာ သိရုံသိသူကို ကတညုဟု မမှတ်အပ်။ သို၍ ကျေးဇူးတုံ့ပြန်တတ်သူကိုသာ ကတညု(ကျေးဇူးသိသူ)ဟု ဆိုသည်။ ကျေးဇူးကိုသိသော်လည်း ဆပ်ရမှန်းမသိ၊ မဆပ်ချင်သူကား တော်သေး၏။ အချို့မှာ မိမိကျေးဇူးရှင်၏ အကျိုးမဲ့ရာမဲ့ကြောင်းကိုပင် ပြုတတ်သေး၏။ ထိုသူများကား ယခုဘဝတွင်ပင် အကဲ့ရဲ့ခံရခြင်း၊ ကျေးဇူးပြုမည့်သူမရှိ၍ ဆင်းရဲခြင်း၊ နောင်ဘဝတွင် ငရဲသို့ရောက်ခြင်းစသော ဆိုးကျိုးများ ခံစားရမည့် လူမိုက်များတည်း။

ကျေးဇူးနှင့်ပတ်သက်၍ ရခဲသူပုဂ္ဂိုလ်နှစ်မျိုးမှာ–

(က) ပုဗ္ဗကာရီ .... ရှေးဦးစွာ သူတစ်ပါးအား ကျေးဇူးပြုတတ်သူ၊

(ခ) ကတညုတကတဝေဒီ .... သူပြုဖူးသည့်ကျေးဇူးကိုသိတတ် ထုတ်ဖော်တတ်၍ နည်းများမဆိုပြန်လည်ပေးဆပ်တတ်သူ။

သူတစ်ပါး၏ ကျေးဇူးဂုဏ်ကို သိတတ်၍ နည်းများမဆို ပြန်လည်ပေးဆပ်တတ်သူသည် သူတော်ကောင်းဖြစ်၏။ ကျေးဇူးမသိခြင်းသည် သူယုတ်မာဖြစ်၏။ မိဘ၊ ဆရာ အစရှိသော မိမိအပေါ်ကျေးဇူးရှိသူ၊ စောင်မသူမှန်သမျှ ကျေးဇူးဂုဏ်တို့ကို အစဉ်အောက်မေ့၍ တတ်နိုင်သလောက် ကျေးဇူးတုံ့ပြန်မှ သူတော်ကောင်းဖြစ်၏။ ကောင်းမြတ်သော မင်္ဂလာလည်းဖြစ်၏။ အကယ်၍ သူတစ်ပါး၏ ကျေးဇူးကို ဟုံ့ပြန်ရန် အခြေအနေမပေးသေးပါက အခါအားလျော်စွာ ထုတ်ဖော်ပြောကြားရမည်။ ထိမ်ဝှက်ထားခြင်းကား မသင့်သဖြင့် မပြုအပ်။

http://www.dhammadownload.com

မြတ်ဗုဒ္ဓက အထူးသဖြင့် တရားဖြင့် ကျေးဇူးပြုသူများ၏ ကျေးဇူးဂုဏ်မှာ ပြေလည်အောင် ပြန်အဆပ်ခက်လောက်အောင်ပင် ကြီးမားလှကြောင်း ဟောကြားတော်မူခဲ့ပါ၏။

၂၆။ ကာလေန ဓမ္မသာဝန မင်္ဂလာ

သင့်တင့်လျောက်ပတ်သော အချိန်၌ တရားနာရခြင်းသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တရားနာရခြင်းသည် ဆင်းရဲဒုက္ခကင်းငြိမ်းခြင်း၊ စိုးရိမ်သောက ပူဆွေးမှု ပူလောင်မှုများ ငြိမ်းအေးခြင်း၏ အကြောင်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏တရားသည် တရားစစ်တရားမှန် ဖြစ်သောကြောင့် နားကြားရုံမျှနှင့်ပင် အပူစင်ခြင်း၊ ကျင့်ကြံအားထုတ်စဉ်တွင် ချမ်းသာမှုရရှိခြင်း၊ ပေါက်မြောက်စွာ ကျင့်ကြံအားထုတ်ပြီးပါက မင်္ဂဖိုလ်နိဗ္ဗာန်တည်းဟူသော တရားထူးကို လက်ဝယ်ပိုင်ပိုင် ရှိနိုင်ခြင်းဟူသော စ၊ လယ်၊ ဆုံး သုံးပါးစလုံး ကောင်းခြင်းနှင့်သာ ပြည့်စုံလျက်ရှိ၏။ ဤသို့အကောင်းဆုံးတရားကို နာကြားခြင်းသည် အကောင်းဆုံးသော ကုသိုလ်အကျိုးကို ရရှိနိုင်မည်ဖြစ်၏။ ထို့ကြောင့် တရားဟောပုဂ္ဂိုလ်လည်း အခန့်သင့်ရှိ၍ မိမိကလည်း အခွင့်သာခြင်း စသော လျော်ကန်သင့်မြတ်သည့် အချိန်တို့၌ သူတော်ကောင်းတရား နာကြားရခြင်းသည် မင်္ဂလာချည်းဖြစ်၏။

တရားနာရာ၌လည်း မှန်ကန်စွာ နှလုံးသွင်း၍ စိတ်ကောင်းစိတ်မြတ်ဖြင့် တရားအပေါ် ရိုသေလေးစားတုပ်ဝပ်စွာ အာရုံစူးစိုက် နာကြားရမည်၊ သို့မှသာ မင်္ဂဖိုလ်ရသည်အထိ အကျိုးများနိုင်၏။ ထိုသို့မဟုတ်ဘဲ တရားနာနေစဉ် စိတ်ပျံ့လွင့်ခြင်း၊ တရားဟော ဆရာအပေါ် ပြစ်မှားခြင်း၊ တရားတော်၏ အပြစ်အနာ ပျော့ကွက်ဟာကွက်ကိုရှာခြင်း၊ တရားတော် အပေါ်အထင်သေးပြီး မထီမဲ့မြင်ပြုခြင်း၊ အကုသိုလ်စိတ်ဖြစ်ပေါ်နေခြင်း၊ ဉာဏ်ပညာမရှိဘဲ ထုံထိုင်း ဖျင်းအနေခြင်းများဖြစ်ပါက တရားနာသော်လည်း မင်္ဂဖိုလ်တရားထူးကို မရနိုင်သည့်အပြင် အပြစ်ဖြစ်ဖွယ်ပင်ရှိပါသည်။

လောက၌ မြတ်ဗုဒ္ဓနှင့် ရှင်ပစ္စေကဗုဒ္ဓါတို့မှလွဲလျှင် ဆရာရှိကြသည်သာဖြစ်၍ ကျန်လောကသားတို့မှာ တရားစစ်တရားမှန် သိရှိပွားများနိုင်ရန် လမ်းညွှန်ပြသသော ဆရာရှိမှ ဖြစ်ပေမည်။ ထို့ကြောင့် တရားနာရန် မသင့်လျော်သော အချိန်ကားမရှိ။ အခြေအနေ အခွင့်သာသောအခါတိုင်း တရားစစ်တရားမှန်များကို ဖြောင့်မတ်စွာနှလုံးသွင်း၍ နာကြား ခြင်းဖြင့် သောကကင်းဝေး အေးငြိမ်းနိုင်ကြမည်သာ ဖြစ်ပါသတည်း။

http://www.dhammadownload.com

တရားနာခြင်းအကျိုး(၅)ပါး

(က) မကြားဖူးသည်ကို ကြားနာရခြင်း၊

(ခ) ကြားဖူးပြီးသည်ကို စင်ကြယ်စေခြင်း၊

(ဂ) ယုံမှားမှုကို လွန်မြောက်ခြင်း၊

(ဃ) အယူကိုဖြောင့်မတ်အောင် ပြုတတ်ခြင်း၊

(င) စိတ်ကြည်လင်ချမ်းသာခြင်း။

တရားနာသူ၏ပြည့်စုံခြင်း

တရားနာသူသည် အောက်ပါ အင်္ဂါရုပ်များနှင့် ပြည့်စုံနေပါက တရားနာရခြင်း အကျိုးထူးများကို ကောင်းစွာရရှိနိုင်မည်ဖြစ်သည်။

(က) ပယောဂသမ္ပတ္တိ။ ကောင်းသောလုံ့လနှင့် ပြည့်စုံခြင်း၊

(ခ) အာသယသမ္ပတ္တိ။ စိတ်ရှင်လန်းတက်ကြွခြင်းတည်းဟူသော အလို ဓာတ်ခံနှင့်ပြည့်စုံခြင်း၊

(ဂ) သပ္ပုရိသူပနိဿယသမ္ပတ္တိ။ သူတော်ကောင်းဟူသောမှီရာ၏ ပြည့်စုံခြင်း၊

(ဃ) ပရတောဃောသသမ္ပတ္တိ။ သူတစ်ပါးထံမှ တရားနာကြားရမှုနှင့် ပြည့်စုံခြင်း၊

(င) ပညာဟေတုသမ္ပတ္တိ။ ပညာဖြစ်ရန်အကြောင်း၏ပြည့်စုံခြင်း၊

(စ) ယောနိသောမနသိကာရသမ္ပတ္တိ။ ဖြောင့်မတ်သော နှလုံးသွင်းခြင်းနှင့် ပြည့်စုံခြင်း၊

(ဆ) အတ္ထသမ္မာ ပဏိဓိသမ္ပတ္တိ။ စိတ်ထားကောင်းမွန်မှု၏ ပြည့်စုံခြင်း။

(ဇ) သမာဓိဟေတုသမ္ပတ္တိ။ သမာဓိဖြစ်ရန် အကြောင်းအင်္ဂါ၏ ပြည့်စုံခြင်း။

၂၇။ ခန္တီမင်္ဂလာ

သူတကာ ဆဲရေးရိုက်ပုတ်စသည်တို့ ပြုလာသော် တုံ့ပြန်မှုကင်း ဖောက်ပြန်ခြင်းမရှိ မိမိဉာဏ်အမြင်ဖြင့် ဆင်ခြင်သုံးသပ် ဆုံးဖြတ်လျက် ကျေနပ်စွာ လက်ခံခြင်းကို သည်းခံသည်ဟုဆို၏။ ထို့ပြင် အချမ်း၊ အပူ၊ မှက်၊ ခြင် စသည်တို့ကို သည်းခံခြင်း သည်လည်း ခန္တီပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအရာများကြောင့် စိတ်ဆိုးခြင်း၊ စိတ်မချမ်းသာခြင်း စသည် ဖြစ်နိုင်သောကြောင့် ထိုအချက်များနှင့် ကြုံလာသောအခါ တွင်လည်း သည်းခံရမည်သာတည်း။

http://www.dhammadownload.com

ခန္ဓီတရားသည် ဂုဏ်ကျေးဇူးအားလုံးတို့၏ စုဝေးရာဖြစ်၏။ ဘုရားအလောင်းတော်မြတ်တို့ ဖြည့်ကျင့်ဆည်းပူးကြရသည့် ပါရမီတစ်ပါးဖြစ်၍ မြတ်သောအကျင့်လည်းဖြစ်၏။ ခန္ဓီတရားကား အလွန်ဖြည့်ကျင့်နိုင်ခဲသော အကျင့်ဖြစ်၍ ခန္ဓီဖြင့် အောင်နိုင်ခြင်းကို တကယ့်အောင်နိုင်ခြင်းဟု အသိအမှတ်ပြုကြ၏။

သီလ၊ သမာဓိ၊ ပညာတို့မှာ သည်းမခံသူ၌ ရကောင်းသောအကျင့်မဟုတ်၍ ခန္ဓီသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး၏ အခြေခံ အကြောင်းရင်းလည်းဖြစ်၏။ ခန္ဓီတရားရှိမှ မေတ္တာတရားသည် ဖြစ်ပေါ်လာနိုင်သည်ဖြစ်ရာ ခန္ဓီသည် လောကသားတို့ အပေါ်၌ ဗြဟ္မစိုရ်တရားများ ထွန်းကားဖြစ်ပေါ်စေလျက် သာယာချမ်းမြေ့စေ၏။

နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းမှုမှန်သမျှသည် ခန္ဓီတရားမှ မွေးဖွားလာပေရာ သည်းညည်းခံ နိဗ္ဗာန်ရောက်ဟု အဆိုရှိသည့်အတိုင်း တကယ့်နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့အကျင့်မြတ်လည်းမည်၏။ ထို့ကြောင့် ခန္ဓီသည် မြတ်သော မင်္ဂလာတရားတည်း။

ဒေါသအပြစ်နှင့် သည်းခံမှုအကျိုးတရားများကို ဆင်ခြင်သိမြင်၍ တရားမမှန်နှင့် ယှဉ်သော ဘာဝနာအစွမ်းဖြင့် ရရှိအပ်သော ခန္ဓီသာလျှင် အစစ်အမှန်ဖြစ်၍ အစဉ်ခိုင်မြဲသည်။ ခန္ဓီတရားသည် အခြားတရားများကဲ့သို့ တစ်ဦးတည်းကျင့်၍မရ၊ သူတစ်ပါးက မိမိအပေါ်နည်းအမျိုးမျိုးဖြင့် နှိပ်စက်ညှဉ်းပန်းမှုပြုမှသာ မိမိ၏ခန္ဓီတရားသည် ဖြစ်ပေါ်လာနိုင်၏။ ထို့ကြောင့် မိမိအပေါ် နှိပ်စက် ညှဉ်းပန်းလာသူများကို "ငါ၌ မြတ်သောခန္ဓီတရားများ ဖြစ်ပေါ်ပွားများလာစေရန် ကူညီဖြည့်ကျင့်ပေးသော ပါရမီဖြည့်ဖက် ကျေးဇူးရှင်ကြီးများပါတကား"ဟု ဖြောင့်မတ်စွာနှလုံးသွင်းပြီး ခန္ဓီတရား အစဉ်လက်ကိုင်ထားရမည်။ သည်းခံတတ်သူသည် မိမိအတွက်လည်းရန်မရှိ၊ သူတစ်ပါးအတွက်လည်း ရန်ကင်းစေတတ်သဖြင့် မိမိအကျိုးစီးပွားကို ကျင့်ခြင်းလည်းဖြစ်၊ သူတစ်ပါးတို့၏ အကျိုးစီးပွားကို ကျင့်ခြင်းလည်းမည်၏။

ခန္ဓီသည် ရန်တကာတို့ကို အောင်နိုင်သဖြင့် မိမိအတွက် ရန်ငြိမ်းပြီး ချမ်းသာစွာနေရ၏။ ထို့ထက်ပို၍ မိမိတို့ အစဉ်တွေ့ကြုံနေရသည့် လောကဓံတရားတို့ကို သည်းခံနိုင်ပါက မိမိမှာ တုန်လှုပ်ချောက်ချားမှုမရှိတော့ဘဲ စိတ်အစဉ်သည် ချမ်းမြေ့မှုသုခဖြင့် အမြဲတမ်းပြည့်စုံနေပေလိမ့်မည်။ လောကတွင် တရားမရှိသူသည် ခန္ဓီကို အပြစ်မြင်၍ တရားရှိသူသည် ခန္ဓီ၏ ဂုဏ်ကျေးဇူးကို ကောင်းစွာသိမြင်ကြ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓက နှစ်ဖက်လွှရိုး ရှိသောလွှဖြင့် ခိုးသူများက အင်္ဂါကြီးငယ်ကို ဖြတ်စေကာမူ ထိုခိုးသူတို့၌ စိတ်ဆိုးလျှင် ငါဘုရားစကားကို လိုက်နာသူ မဟုတ်ဟု ထိုမျှလောက် သည်းခံရန် အလိုရှိတော်မူခဲ့သည်။

http://www.dhammadownload.com

ခန္ဓီပါရမီတရား သုံးပါးရှိ၏။ ယင်းတို့မှာ-

၁။ ခန္ဓီပါရမီ(မိမိ၏ ရွှေ၊ ငွေအစရှိသော ပစ္စည်းဥစ္စာများအတွက် သည်းခံခြင်း)

၂။ ခန္ဓီဥပပါရမီ (မိမိ၏ ခြေ၊လက်၊မျက်စိအစရှိသော ကိုယ်ခန္ဓာအတွက် သည်းခံခြင်း)

၃။ ခန္ဓီပရမတ္ထပါရမီ(မိမိအသက်ကို သတ်ဖြတ်ဖျက်ဆီးရာ၌ အသက်ကိုပင် စွန့်၍သည်းခံခြင်း)

သည်းခံခြင်းအကျိုးငါးပါး

၁။ လူအများချစ်ခင်ခြင်း၊

၂။ ရန်ငြိမ်းခြင်း၊

၃။ အပြစ်နည်းခြင်း၊

၄။ မတွေမဝေသေရခြင်း၊

၅။ သုဂတိဘဝသို့ရောက်ရခြင်း၊

သည်းမခံခြင်းအပြစ်(၅)ပါး

၁။ လူအများ၏ အမုန်းခံရခြင်း၊

၂။ ရန်များခြင်း၊

၃။ အပြစ်များခြင်း၊

၄။ တွေတွေဝေဝေသေရခြင်း။

၅။ သေသော် အပါယ်လားရောက်ရခြင်း။

ထို့ပြင် သည်းခံခြင်းခန္ဓီတရားကို လက်ကိုင်ထားသူအပေါ် ကိုယ်နှုတ်စိတ်နှလုံး တစ်ပါးပါးဖြင့် အနိုင်ယူနှိပ်စက်တတ်သူသည် အပြစ်အလွန်ကြီးမား၍ သံသရာတွင် မဆိုထားနှင့် မျက်မှောက်ဘဝတွင်ပင် ဆင်းရဲဒုက္ခခံစားရတတ်ကြောင်း အထူးသတိပြု သင့်ကြပါသည်။

သိကြားမင်း၏ ခန္ဓီ

သိကြားမင်းကြီးနေရာ တာဝတိံသာနတ်တို့နှင့် အသူရာနတ်တို့သည်အမြဲတမ်း တိုက်ခိုက်နေကြသော ရန်ဘက်များဖြစ်ကြလေ၏။ တစ်နေ့တွင် ဝေပစိတ္တိအသူရိန် မည်သည့် အသူရာနတ်မင်းကြီးကို သိကြားမင်းကြီးက ဖမ်းမိလာကာ သုဓမ္မာသဘင်မှာ

http://www.dhammadownload.com

တုပ်နှောင်ထား၏။ ဝေပစိတ္တိအသူရိန်ကြီးသည် သိကြားမင်းကြီး သုဓမ္မာသဘင်သို့ ဝင်တိုင်းထွက်တိုင်း အမျိုးမျိုးဆဲရေးသော်လည်း သိကြားမင်းကြီးက စိတ်မဆိုး၊ တုံ့ပြန်မှုကင်းစွာဖြင့် သည်းခံလေ့ရှိသည်။

ထိုအခါ မာတလိနတ်သားက မခံမရပ်နိုင်ဖြစ်ကာ "အရှင်သိကြားမင်း၊ အသူရာကြီးက အရှင့်ကို အမျိုးမျိုးဆဲရေးနေတာကို ကြားလျက်နှင့် သည်းခံနေခြင်းဟာ ကြောက်၍ဖြစ်ပါသလော၊ မိမိကမပြိုင်နိုင် အားမသန်၍ဖြစ်ပါသလော"ဟု မေးလျှောက်၏။ သိကြားမင်းကြီးက–

"မာတလိ ငါဟာ ကြောက်သောကြောင့် သည်းခံခြင်းလည်းမဟုတ်၊ ငါဟာ အားနည်းသောကြောင့် သည်းခံခြင်းလည်းမဟုတ်၊ ငါလိုပညာရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ လူမိုက်ဖြစ်တဲ့ပုဂ္ဂိုလ်နှင့် အဘယ်မှာလျှင် ဖက်ပြိုင်ရန်ဖြစ်နေပါ့မလဲ"ဟု တရားသဘောနှင့် ဖြေ၏။

တစ်ဖန် မာတလိက မကျေနပ်သေးဘဲ "အရှင်သိကြားမင်း၊ လူမိုက်ဆိုတာ လျှော့ပေးရင် နောင်တွင် သူကကိုယ့်ကို ဖျက်ဆီးပေလိမ့်မယ်၊ ဒါကြောင့် ကိုယ့်ကိုမဖျက်ဆီးနိုင်အောင် လူမိုက်ကို ကြိုတင်နှိမ်နင်းပေးသင့်ပါတယ်"ဟု အကြံပြုတိုက်တွန်း၏။ သိကြားမင်းကြီးက "မာတလိ သူတစ်ပါးက ကိုယ့်ကိုဆဲရေးတာကို သည်းခံနိုင်တာ သူတစ်ပါးက ကိုယ့်ကိုစိတ်ဆိုးတာကို စိတ်မဆိုးဘဲသည်းခံနိုင်တာ သူတစ်ပါးရဲ့ စိတ်ဆိုးဆဲရေးမှုတို့ကို အပြစ်မယူဘဲ ကြည်ဖြူစွာ ခွင့်လွှတ်သည်းခံခြင်းဟာ လူမိုက်ကို နှိမ်နင်းခြင်းပဲ"လို့ တရားသဘောနဲ့ ပြောပြန်တယ်။

မာတလိက "အရှင်သိကြားမင်း ဒီလိုသည်းခံခြင်းကြောင့် အကျိုးမမြင်၊ လူမိုက်သည် ငါ့ကြောက်လို့သည်းခံတယ်ဆိုပြီး ပိုပြီးတော့အတင့်ရဲလာပါလိမ့်မယ်"ဟု လျှောက်ပြန်၏။ ထိုအခါ သိကြားမင်းက "မာတလိ ငါ့အားမည်သို့ပင်ထင်မြင်သည်ဖြစ်စေ၊ အရေးကြီးတာက သည်းခံခြင်းပဲ။ မိမိအတွက် အကောင်းဆုံးအကျိုးစီးပွားဟာ ခန္တီတရားပဲ၊ ခန္တီထက် လွန်မြတ်တဲ့ ကောင်းမြတ်သောအကျိုးစီးပွားဟာ မိမိမှာမရှိနိုင်ပါဘူး၊ မိမိက အားနည်းလို့သည်းခံတဲ့ အကြင်ပုဂ္ဂိုလ်ဟာ မချီးမွမ်းထိုက်သေး၊ မိမိကအသာရလျှက်နှင့် သည်းခံတဲ့ အကြင်ပုဂ္ဂိုလ်ရဲ့ ခန္တီမျိုးမှ အလွန်မွန်မြတ်တဲ့ သည်းခံခြင်းပေပဲ၊ သူ့အတွက်ရော ကိုယ့်အတွက်ပါ ရန်ငြိမ်းလို့သူ့အကျိုးကိုယ့်အကျိုးတို့ကို တစ်ပြိုင်နက် ပြီးစီးစေတာကြောင့် ကောင်းမြတ်သောခန္တီတရားကို ငါကောင်းစွာကျင့်နေတာပဲ"ဟု မာတလိကို ခန္တီဂုဏ်ဘွဲ့များ ဖော်ထုတ်၍ ဟောကြားဆုံးမတော်မူ၏။

http://www.dhammadownload.com

မြတ်ဗုဒ္ဓ၏ခန္တီ

ဘုရားရှင်လက်ထက်အခါက ဘာရဒွါဇအနွယ် ပုဏ္ဏားကြီးတစ်ဦးရှိ၏။ ပုဏ္ဏားကြီးက ဗြာဟ္မဏတို့ကို ကိုးကွယ်၍ ပုဏ္ဏားကြီး၏ဇနီး ဓနဥ္ဇာနီမှာမူ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်သော သောတာပန်ဒါယိကာမကြီး ဖြစ်၏။

ပုဏ္ဏေးမကြီးသည် ဘုရားကို အလွန်ကြည်ညိုသဖြင့် နာချေသည့်အခါ၊ ဆတ်သည့်အခါ၊ တစ်စုံတစ်ခု လဲမလိုပြိုမလို ဖြစ်သွားသည့်အခါများ၌ပင် "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု ရွတ်ဆိုကျူးရင့်ရင်း ဘုရားဂုဏ်တော်ကို အာရုံပြုလေ့ရှိသည်။ ဤသို့ဖြင့် "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"သည် ဓနဥ္ဇာနီ ပုဏ္ဏားမကြီး၏ ဘုရားတသရွတ်ဆို ကျူးရင့်သည့် ဥဒါန်းအဖြစ်နှင့် အလွန်ထင်ရှားခဲ့၏။

တစ်နေ့ ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီး ကိုမပြောမဆို မတိုင်ပင်ဘဲ ပုဏ္ဏားတွေကို ထမင်းကျွေးဖို့ ဖိတ်ကြားလာပြီး ဇနီးသည် ပုဏ္ဏေးမကြီးကို နောက်တစ်နေ့ တစ်ရက်လောက် ရဟန်းဦးပြည်း ဂေါတမကြီးကို တသရှိုးခြင်းမလုပ်ပါနှင့်ဟု ကြိုတင်တားမြစ်၏။ ပုဏ္ဏေးမကြီးက ဘုရားရှင်ကိုယ်တော်မြတ်ကို သတိရရင် ရှိမခိုးဘဲ မနေနိုင်ဟု ပြန်ပြောလေ၏။

ထိုအခါ ပုဏ္ဏားကြီးက ဗြာဟ္မဏတွေကို ထမင်းကျွေးပွဲ၌ ဦးပြည်းခေါင်းတုံးဖြစ်သည့် ရဟန်းဂေါတမကိုရှိခိုးရင်သန်လျက်နှင့် အပိုင်းပိုင်းဖြတ်မည်ဟု ကြိမ်းမောင်းပြန်၏။ ဓနဥ္ဇာနီကလည်း "ငါ၏အင်္ကြီးငယ်တို့ကို အပိုင်းပိုင်းဖြတ်တောက်စဉ်းစေကာမူ နတ်လူတို့ထက် မြတ်တော်မူသော ဘုရားရှင်ကိုယ်တော်ကြီး၏ အဆုံးအမတော်မှ သွေဖည်မသွားနိုင်ပါဘူး"ဟု ရဲရဲတောက် ပြန်ပြော၏။ ထိုအခါ ပုဏ္ဏားကြီးသည် ဇနီးသည်အား လက်လျှော့လိုက်တော့၏။

နောက်တစ်နေ့ ဗြာဟ္မဏတို့၏ ထမင်းစားပွဲ၌ ထုံးစံအတိုင်း ပုဏ္ဏေးမကြီးသည် ကျွေးမွေးပြုစုနေတုန်း လဲမလိုဖြစ်သွားသည့်အခါ "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု ဘုရားရှင်ကိုတသ၍ ဥဒါန်းကျူးရင့်လိုက်ရာ ဗြာဟ္မဏတို့သည် အူကြောင်ကြောင်နှင့် မကျေမနပ်ဖြစ်ကြပြီး ထမင်းပွဲမှ ချက်ချင်းထွက်ပြေးကြလေ၏။

ထိုအခါ ပုဏ္ဏားကြီးသည် ဇနီးသည်ကို ပြောမရဆိုမရသဖြင့် လွန်စွာဒေါသထွက်ကာ "ရဟန်းဂေါတမကို ပုစ္ဆာမေးပြီး နှိပ်စက်မယ်"ဟု ဆိုကာ ဘုရားရှင် ကိုယ်တော်မြတ်ရှိရာသို့ သွားလေ၏။

http://www.dhammadownload.com

ပုဏ္ဏားကြီးသည် ဘုရားရှင်ရှိရာသို့ရောက်လျှင် အတန်ကြာစကားပြောပြီးနောက် အောက်ပါပုစ္ဆာကို မေးလျှောက်၏။

"အရှင်ဂေါတမ၊ အဘယ်တရားကို ဖြတ်တောက်ခြင်းကြောင့် ချမ်းချမ်းသာသာ အိပ်ရပါသနည်း။ အဘယ်တရားကို ဖြတ်တောက်သည်ရှိသော် စိုးရိမ်ကြောင့်ကြခြင်း ကင်းပါသနည်း။ အဘယ်မည်သောတရားတစ်ခုကို သတ်ဖြတ်ပယ်ဖျောက်ခြင်းကို ကြိုက်နှစ်သက်ပါသနည်း"

ထိုအခါဘုရားရှင်က

"ပုဏ္ဏား၊ အမျက်ထွက်ခြင်းဆိုတဲ့ ကောဓတရားကို ဖြတ်တောက်သည်ရှိသော် ချမ်းချမ်းသာသာအိပ်ရ၏။ အမျက်ဒေါသကို ဖြတ်တောက်သည်ရှိသော် မစိုးရိမ်မပူဆွေးရ၊ အဆိပ်ပမာ ဆင်းရဲခြင်းအကျိုးတည်းဟူသော အရင်းရှိသော၊ ချိုမြချမ်းသာသော အဖျားရှိသော အမျက်ဒေါသကို သတ်ဖြတ်ဖျက်ဆီးခြင်းကို အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းကြကုန်၏။ အကြောင်းကိုပြောရလျှင် ထိုအမျက်ဒေါသကို သတ်ဖြတ်ဖျက်ဆီးသည်ရှိသော် စိုးရိမ်ပူဆွေးခြင်း ကင်းဝေးရ၏"ဟု ခန္ဓိတရား၏ အကျိုးကို ကောင်းစွာပြဆို၏။

(ဤတွင် မြတ်ဗုဒ္ဓက အမျက်ဒေါသကို အဆိပ်အရင်းခံရှိ၏၊ ချိုမြသော အဖျားရှိ၏ဟု ပြဆိုခြင်းမှာ စိတ်ဆိုးခြင်း ကောဓဖြစ်လျှင် စိတ်ရောကိုယ်ပါပူလောင်ခြင်းကို လက်တွေ့ခံစားရသဖြင့် ဒုက္ခဟူသော အဆိပ်အရင်းခံရှိတယ်။ စိတ်ဆိုးလို့ သူတစ်ပါးကို အားပါးတရ ဆဲရ ရိုက်ရန့်က်ရလျှင် စိတ်ပြေသွား အေးသွားလိမ့်မယ်လို့ ထင်တတ်ကြ၍ ချိုမြတဲ့သုခအဖျားရှိတယ်ဟု ဆိုလိုရင်းဖြစ်ပါ၏။)

ပုစ္ဆာတွေမေးပြီး ဘုရားရှင်ကို နှိပ်စက်လိုက်မယ်လို့ ကြံရွယ်ခဲ့သော ပုဏ္ဏားကြီးသည် မြတ်ဗုဒ္ဓ၏အဆုံးအမ ဒေသနာတော်ကြောင့် ဒေါသတွေအကုန်ပျောက်၍ တကယ့်သည်းခံခြင်းတရားရောက်လို့ နောက်ဆုံးတွင် ရဟန္တာ ဖြစ်သွားလေတော့သည်။

ဤသို့ ပုဏ္ဏားကြီး ဘုရားရှင်ထံ ရဟန်းပြုသွားကြောင်း ကြားသိရသော သူ့ညီ ပုဏ္ဏားမှာ မကျေမနပ်ဖြစ်ပြီး ဘုရားရှင်ကိုယ်တော်မြတ်ဆီသို့ သွားရောက်ပြီး ရှေ့တော်မှောက်မှာပင် ဘုရားရှင်ကို မကြားဝံ့မနာသာ အမျိုးမျိုးအဖုံဖုံ ဆဲရေးလေ၏။ မြတ်ဘုရားရှင်လည်း ပုဏ္ဏားက အားရအောင်ဆဲရေးခြင်းကို ပြီးဆုံးအောင်စောင့်ပြီးမှ မေးတော်မူသည်။

"ဗြာဟ္မဏ အသင့်မှာ ဆွေမျိုးဉာတိတွေ ရှိတယ်မဟုတ်လား"

"ရှိတာပေါ့ အရှင်ဂေါတမ"

http://www.dhammadownload.com

"အဲဒီမိတ်ဆွေ၊ ဆွေမျိုးဥာတိတွေဟာ တစ်ခါတစ်ရံ သင်ပုဏ္ဏား၏ အိမ်ကို မလာကြဘူးလား"

"လာတာပေါ့ အရှင်ဂေါတမ"

"ကောင်းပြီးသင်ပုဏ္ဏားဟာ အဲဒီလိုရောက်လာကြတဲ့ မိတ်ဆွေ၊ ဆွေမျိုးဥာတိတွေကို စားဖွယ်သောက်ဖွယ်အစရှိသော လက်ဆောင်ပစ္စည်းတွေ မပေးဘူးလား"

"တစ်ခါတစ်ရံတော့ပေးပါတယ်"

"အေးကောင်းပြီ၊ အဲဒီလိုပေးတဲ့အခါမှာ သူတို့ကလက်မခံဘူးဆိုရင် အဲဒီစားဖွယ်သောက်ဖွယ် လက်ဆောင်ပစ္စည်းတွေဟာ ဘယ်သူ့အဖို့ဖြစ်သွားသလဲ"

"အရှင်ဂေါတမ၊ မိတ်ဆွေသင်္ဂဟတွေ ဆွေမျိုးဥာတိတွေက တပည့်တော်ပေးတဲ့ စားကောင်းသောက်ဖွယ် လက်ဆောင်တွေကို လက်မခံဘူးဆိုရင် အဲဒီပစ္စည်းတွေဟာ တပည့်တော်အတွက်ပဲ ဖြစ်တော့တာပေါ့"

"ပုဏ္ဏား၊ အဲဒီအတိုင်းပါပဲ။ အသင်ပုဏ္ဏားသည် မဆဲရေးတတ်တဲ့ငါဘုရားကို ဆဲရေးတယ်၊ ချုပ်ချယ်စောင်းမြောင်းမှုမရှိတဲ့ ငါဘုရားကို အသင်ဟာ ချုပ်ချယ်စောင်းမြောင်းမှုပြုတယ်။ ရန်မဖြစ်တတ်တဲ့ငါဘုရား ကိုအသင်ဟာ လာပြီးရန်ပြုတယ်။ ဒါကြောင့် အဲဒါတွေကို ငါဘုရားလက်မခံပါဘူး ထိုဆဲရေးမှု၊ ချုပ်ချယ်စောင်းမြောင်းမှု၊ ရန်ပြုမှုတွေဟာ သင်ပုဏ္ဏားအဖို့သာ ဖြစ်ပါလိမ့်မယ်"

ထို့နောက် မြတ်ဘုရားရှင်သည် ခန္ဓီတရားနှင့်ပတ်သက်၍ ပုဏ္ဏားအား ဆက်လက်ဟောကြား ဆုံးမတော်မူ၏။

"ပုဏ္ဏား .... အမျက်ဒေါသမရှိသော၊ ကိုယ်နှုတ်နှလုံး ယဉ်ကျေးပြီးသော၊ အညီအမျှတရားသဖြင့် အသက်မွေးလေ့ရှိသော၊ ကောင်းစွာသိ၍ ကိလေသာမှလွတ်ပြီးသော ငြိမ်သက်အေးချမ်းပြီးသော၊ လောကဓံကြဲ့ မတုန်လှုပ်သည့်ဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား အမျက်ဒေါသဆိုတဲ့ စိတ်ဆိုးခြင်းသည် အဘယ်မှာရှိပါအံ့နည်း"

"အကြင်ပုဂ္ဂိုလ်သည် အမျက်ဒေါသထွက်နေသော ပုဂ္ဂိုလ်တစ်ယောက်ကို တစ်ဖန်ပြန်လှန်၍အမျက်ထွက်၏။ ထိုသို့အမျက်ထွက်သောကြောင့် ထိုပုဂ္ဂိုလ်သည် သာလျှင် ယုတ်ညံ့ခြင်းဖြစ်၏"

"အမျက်ထွက်တဲ့ပုဂ္ဂိုလ် ကိုပြန်လှန်အမျက်မထွက်သော ပုဂ္ဂိုလ်သည်သာ အောင်နိုင်ခဲသောစစ်ပွဲကြီးကို အမှန်တကယ် အောင်နိုင်သည်မည်၏"

"မိမိ၏လည်းကောင်း၊ သူတစ်ပါး၏လည်းကောင်း နှစ်ဦးသားတို့၏အပေါ်၌ ဒေါသပြေပျောက်အောင် ကုစားပေးနေသော ပုဂ္ဂိုလ်တို့ကို သစ္စာလေးပါးတရားတော်

http://www.dhammadownload.com

အရာ၌ မကျွမ်းကျင်မလိမ္မာကြကုန်သော လူအညံ့စား လူအများတို့သည် ညံ့၍သည်းခံနေသော သူမိုက်တစ်ယောက်ဟူ၍ သူတော်ကောင်းတရား ကွင်းရှောင်ရှား၍ ထင်မှားမှတ်ယူ၍ နေကြလေကုန်၏။"

"စိတ်ဆိုးနေသော တစ်ပါးသော ပုဂ္ဂိုလ်ကို ဒီသူစိတ်ဆိုးနေပါတကားဟု သိ၍ သတိတရား ရှေးရှုထား၍ မိမိဒေါသကိုကောင်းစွာဖြေဖျောက်၏။ ဤသို့ကိုယ့်ကို စိတ်ဆိုးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်အပေါ်မှာ ဒေါသမထွက်ဘဲ၊ ဒေါသ ဖြေဖျောက်နိုင်သော ပုဂ္ဂိုလ်သည် မိမိ၏လည်းကောင်း၊ သူတစ်ပါး၏လည်းကောင်း၊ နှစ်ဦးသား၏ အကျိုးစီးပွားကို ကျင့်ရာမသွေ ရောက်ပေတော့တယ်"

မြတ်ဗုဒ္ဓသည် ခန္တီတရား အကျိုးများပုံကို ဤကဲ့သို့အမျိုးမျိုးအသွယ်သွယ် ဟောကြားတော်မူခဲ့သလို ကိုယ်တော်တိုင်လည်း ခန္တီတရားကို အမြဲလက်ကိုင်ထား၍ အမြဲအောင်နိုင်တော်မူခဲ့ပါသည်။ အမြဲတမ်းအောင်ပွဲများ ရယူတော်မူခဲ့ပါသည်။ ခန္တီတရားဖြင့်ပင် သတ္တဝါများ၏ အကျိုးစီးပွားကို ရွက်ဆောင်တော်မူခဲ့ပါသည်။

ခန္တီတရားသည် ဘုရားရှင်ကိုယ်တော်မြတ်တို့၏လက်သုံး ဘုရားရှင်ကိုယ်တော်မြတ်တို့၏ဥစ္စာဖြစ်၍ ဘုရားရှင်၏ အဆုံးအမတော်ကို ခံယူကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် ခန္တီတရားကို အမြဲလက်ကိုင်ပြုကြရမည်မှာ အထူးဆိုဖွယ်မရှိပြီဖြစ်သည်။

၂၈။ သောဝစဿတာ မင်္ဂလာ

ပြောဆိုဆုံးမခြင်းကို လွယ်ကူစွာလိုက်နာတတ်သူကို သုဝစပုဂ္ဂိုလ်ဟုခေါ်၏။ ပုဂ္ဂိုလ်ကိုမလေးစား၊ တရားကိုမရှိသေ၊ ဆန့်ကျင်ဘက်ပြုရန်လိုလားသူသည် အဆုံးအမခက်သူ၊ အပြောအဆိုခက်သူသည် ဒုဗ္ဘစ ပုဂ္ဂိုလ်မည်၏။ သုဝစ ပုဂ္ဂိုလ်သည် ဆရာမိဘစသည်တို့ထံမှ အဆုံးအမရခြင်း၊ ထိုအဆုံးအမကိုလွယ်ကူစွာ ကျင့်ကြံလိုက်နာ၍ အပြစ်ကင်းခြင်း စသောဂုဏ်အမျိုးမျိုး၊ အကျိုးအရပ်ရပ်ရရှိနိုင်၍ ဆိုဆုံးမလွယ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာပင်တည်း။

ဤမင်္ဂလာမှာ နိဝါတမင်္ဂလာနှင့် ဆက်စပ်လျက်ရှိ၏။ မိမိကိုယ်ကို နှိမ့်ချခြင်း နိဝါတတရားမရှိလျှင် သူတစ်ပါးပြောဆို ဆုံးမခြင်းကို နာယူလိမ့်မည်မဟုတ်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနှင့် ရှင်ရာဟုလာတို့၏ နိဝါတတရားလက်ကိုင်ထားပုံကို ကြည့်ပါက ဤမင်္ဂလာတရားပါ တစ်ပါတည်းပြည့်စုံနေသည်ကို ကြည်ညိုတွေ့ရှိနိုင်ပါသည်။

http://www.dhammadownload.com

သူတော်ကောင်းများသည် အဆုံးအမကိုလိုလား၍ ဆုံးမသူကို အကျိုးပြုတတ်သော်လည်း လူမိုက်များကား အဆုံးအမကို အကောင်းမထင် ဆုံးမသူကိုပင်ရန်ပြုတတ်သေး၏။ မြတ်ဗုဒ္ဓက "သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးရလိုမှုကြောင့် ပြောဆိုလွယ်သူကို သုဝစဟုငါမဆို၊ ဘာ့ကြောင့်နည်း၊ ထိုသူကား သင်္ကန်းစသည်မရလျှင် ဆိုဆုံးမလွယ်သူဖြစ်တော့မည် မဟုတ်သောကြောင့်တည်း။ တရားကိုအရိုအသေပြုလျက်၊ တရားကိုအလေးပြုလျက်၊ တရားကိုပူဇော်လျက် ဆိုလွယ်သူကိုသာ သုဝစအမှန်ဖြစ်သူဟု ငါဘုရား ဟောတော်မူသည်"ဟူ၍လည်းကောင်း၊ အပြစ်ပြ ဆိုဆုံးမလာသူကို ရွှေအိုးကြီးဖော်ထုတ် ညွှန်ပြလာသကဲ့သို့ မြင်ရမည်။ နှိမ်ပြောလေ့ရှိသူ ပညာရှိမျိုးကို ဆည်းကပ်ရမည်။ ထိုပညာရှိမျိုးကို ဆည်းကပ်သူမှာ ယုတ်ညံ့သူမဖြစ်၊ မြင့်မြတ်သူသာ ဖြစ်သည်"ဟု လည်းကောင်းဟောကြားတော်မူခဲ့ပါသည်။

အရှင်ရာဟုလာသည် နေ့စဉ်နံနက်စောစောအိပ်ရာမှထပြီးလျှင် သဲကိုလက်ဖြင့်ဆုပ်၍ "ယနေ့အဖို့ ဤသဲလုံးနှင့်အမျှ ငါ့ကိုဆုံးမည့်သူရလျှင်ကောင်းလေစွ"ဟု တောင့်တသကဲ့သို့ အဆုံးအမတန်ဖိုးကို သိနားလည်သူတိုင်း အဆုံးအမကို လိုလားတောင့်တစမြဲပင်တည်း။

၂၉။ **သမဏာ ဒဿန မင်္ဂလာ**

သမဏာဆိုသည်မှာ ကိလေသာကို ငြိမ်းစေတတ်သူဖြစ်ပေရာ ကိလေသာလုံးဝငြိမ်းပြီးသော ရဟန္တာများနှင့် ကိလေသာ ငြိမ်းအောင်ကြိုးစားနေကြသော ရဟန်းတော်များအားလုံးကိုပင် သမဏာဟုဆိုရသည်။ သမဏာဒဿနဆိုသည်မှာ ကိလေသာကို ငြိမ်းစေတတ်သော ရဟန်းသံဃာတော် တို့ကို ဖူးမြင်ခြင်းသာမက ဆည်းကပ်ခြင်း၊ လုပ်ကျွေးခြင်း၊ အောက်မေ့ခြင်း၊ ကြားရခြင်း တို့ကိုဆိုလို၏။

သမဏာ ပုဂ္ဂိုလ်တို့ကို ဆည်းကပ်ခြင်းဖြင့်လောက၊ ဓမ္မနှစ်ဌာနကြီးပွားကြောင်း တရားကောင်းများနာကြားရမည် ဖြစ်သဖြင့် ရတနာရသကဲ့သို့ အကျိုးရှိသောကြောင့် မင်္ဂလာဖြစ်ရ၏။ လုပ်ကျွေးပြုစုရခြင်းဖြင့် ကုသိုလ်မင်္ဂလာဖြစ်ရ၏။ ရဟန်း၏ ဣန္ဒြေရှိပုံ၊ အကျင့်သိက္ခာရှိပုံတို့ကို တွေးတော်အာရုံပြုမိသောအခါ လွန်စွာကြည်နူးပီတိထူးဖြင့် ကြည်ညိုအောက်မေ့ခြင်း ဖြစ်ရသောကြောင့် မင်္ဂလာဖြစ်ရပြန်၏။ သမဏာပုဂ္ဂိုလ်တို့၏ အကျင့်သီလသိက္ခာရှိပုံတို့ကို ကြားသိရသောအခါ ကြည်ညိုမှုဖြစ်၏။ ကြည်ညိုမှုဖြစ်၍ ဖူးမြင်ရဖို့တောင့်တမှုဖြစ်၏။ သီလဝန္တ ပုဂ္ဂိုလ်မှာ အကြားဖြင့်ပင်စိတ်ကြည်လင် ချမ်းမြေ့ကြည်နူးမှုဖြစ်၍ မင်္ဂလာဖြစ်ရ၏။

http://www.dhammadownload.com

ရဟန်းတော်တို့အား လှူခွင့် ရှိခိုးခွင့်မသာလျှင် ချစ်မြတ်နိုးသော၊ ကြည်ညိုသော မျက်လုံးဖြင့် ကြည့်ရုံမျှပင် ဘဝများစွာ မျက်လုံး၌ အပြစ်အနာအဆာကင်း သန့်ရှင်းလျက် ကြည်လင်တောက်ပ အချိုးကျလှပတင့်တယ်ခြင်း အကျိုးဖြစ်၏။ အပြစ်တို့မှ ကင်းဝေးခြင်းလည်းဖြစ်၏။

ရဟန်းကို ဖူးမြင်ရခြင်း၌ မျက်စိအမြင်နှင့် ဉာဏ်အမြင်ဟူ၍ နှစ်မျိုးရှိပေရာ ဉာဏ်အမြင်ဖြင့် ရဟန်းကိုမြင်သူသာ အမှန်မြင်ခြင်းဖြစ်၏။ မျက်စိအမြင်မှာ အကောင်းကိုမကောင်း၊ မကောင်းကိုအကောင်းဟူ၍ မှားယွင်းမြင်တတ်သဖြင့် သမဏအစစ်နှင့် သမဏအတု မှားယွင်းမြင်ခဲ့ပါက အကျိုးရ နည်းစေတတ်၏။ ဉာဏ်အမြင်ဖြင့် ကြည့်တတ်သူသာ သမဏအစစ်ကို မှန်ကန်စွာရွေးချယ်တတ်သဖြင့် အကျိုးများပေ၏။ မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် တရားမြင်ခဲ့လျှင်မူ အစဉ်ထာဝရ မပြောင်းမလဲ ဘုရားကို အကောင်းဆုံးမြင်၊ ရဟန်းကိုအကောင်းဆုံးမြင်သူဖြစ်၍ ဘုရားမပြောင်း၊ ရဟန်းမပြောင်းတော့ပြီ။ သမဏအစစ်ကို တကယ်မြင်သူသာတည်း။

၃၀။ ဓမ္မသာကစ္ဆာ မင်္ဂလာ

တရားကို အတူတကွပြောဆိုခြင်း (တစ်နည်း) တရားဆွေးနွေးခြင်းမှာ အကျိုးများလှ၏။ တရားဆွေးနွေးခြင်းဖြင့် တရားနာခြင်း၌ ပြဆိုသော အကျိုးမျိုးကိုပင် ရရှိနိုင်၍ ကောင်းသောမင်္ဂလာတရားပင်ဖြစ်၏။

တရားဆွေးနွေးသင့်သော အချိန်မှာ ညဦးပိုင်းနှင့် နံနက်စောစောဖြစ်သော်လည်း စိတ်ဆုတ်နစ်သောအခါ ပျံ့လွင့်သောအခါ ယုံမှားသံသယဖြစ်သောအခါ ထိုစိတ်များ ပယ်ဖျောက်ဖို့ရာ ဘယ်အချိန်အခါမဆို တရားဆွေးနွေးရန် သင့်လျော်သော အချိန်များတည်း။ ထို့ကြောင့် မိမိအားလပ်သောအခါ တရားဆွေးနွေးဖက်လည်း အခန့်သင့်ရှိနေသောအခါများမှာ တရားဆွေးနွေး ကြရမည်ဖြစ်ပါသည်။

တရားသည် လောကရေး၊ ဓမ္မရေးတို့၌ ကြီးပွားကြောင်းဖြစ်၍ လူကြီးလူငယ်များ ပါဝင်ဆွေးနွေးနိုင်ကြသည့် တရားဆွေးနွေးပွဲ မင်္ဂလာသဘင် (ဓမ္မသာကစ္ဆာသဘင်)များကို ဆင်ယင်ကျင်းပ နိုင်ကြမည်ဆိုလျှင် ကျက်သရေ မင်္ဂလာများစွာရှိပေမည်။ တရားဆွေးနွေးကြရာ၌ မိမိကအမှန်ကိုသိလို၊ ပြောလိုခြင်း၊ အမှန်ကိုထောက်ပြလျှင် နာယူတတ်ခြင်း၊ ကျေးဇူးတင်တတ်ခြင်း၊ သူတစ်ပါးကို သိစေလို တတ်စေလို ကျင့်စေလိုသော စေတနာ မေတ္တာထားရခြင်း စသော စိတ်ကောင်း စိတ်မြတ်များထားမှသာ ဓမ္မကုသိုလ်ဖြစ်၍ မင်္ဂလာအစစ်ဖြစ်နိုင်၏။ သို့မဟုတ်ဘဲ မိမိက သိတတ်ကြောင်းပြလိုခြင်း၊ သူတစ်ပါးကို သိက္ခာချလိုခြင်း၊ မိမိ၏အမှားကို ထောက်ပြသောအခါ မနာယူဘဲ စိတ်ဆိုး

http://www.dhammadownload.com

အမျက်ထွက်ခြင်း စသည်တို့သည် မကောင်းကျိုး အမင်္ဂလာသာ ဖြစ်စေတတ်သည်ကို အထူးသတိပြုသင့်ပါသည်။

၃၁။ တပေါစမင်္ဂလာ

တပဆိုသောအရာမှာ သည်းခံခြင်း၊ ဓုတင်အကျင့်ကို ကျင့်ဆောင်ခြင်း၊ ပရိယတ်သင်ခြင်း၊ ရဟန်းတရားအားထုတ်ခြင်း စသည်ဖြင့် အနက်အမျိုးမျိုး ဖော်ဆောင်ကြပေရာ အနှစ်အားဖြင့် ကိလေသာကို ငြိမ်းစေတတ်သော၊ ကိလေသာကို ပယ်သတ်နိုင်သော အကျင့်များကို ကျင့်ခြင်းသည် တပမည်၏။

အာရုံငါးပါးတို့၌ ဖြစ်တတ်သော လော်လည်ခြင်း(၅)ပါးသည် ကိလေသာကို တိုးပွားစေနိုင်သဖြင့် ပျက်စီးကြောင်း တရားများ ဖြစ်၏။ ဤသို့သော လော်လည်ခြင်းများကို ရှောင်ကြဉ်၍ စက္ခုစသော ဒွါရ(၆)ပါးမှာ အဘိဇ္ဈာ၊ ဒေါမနဿ စသော တရားဆိုးများ မဖြစ်ပေါ်ရလေအောင် သတိဖြင့်ကာကွယ်တားဆီးခြင်း၊ ကျန်ဖြိယသံဝရ (ကျန်ခြေတို့ကို စောင့်စည်းခြင်း)ကို ဝိရိယစိုက်ထုတ် အလွန်အမင်း ကြိုးစားအားထုတ်ရပေမည်။

မြတ်ဗုဒ္ဓတရားတော်၏ အဆီအနှစ်သည် ကိလေသာကို ငြိမ်းစေခြင်းပင်ဖြစ်ပေရာ ကိလေသာငြိမ်းအောင် ကျင့်ဆောင်ခြင်းသည် မြတ်သောမင်္ဂလာပင်တည်း။

၃၂။ ဗြဟ္မစရိယ မင်္ဂလာ

ဗြဟ္မစရိယသည် မြတ်သောအကျင့်ကို ကျင့်ခြင်းဖြစ်၏။ မြတ်သောအကျင့်ဆိုသည်မှာ မေထုန်အမှုမှ ရှောင်ခြင်း၊ ရဟန်းတရားအားထုတ်ခြင်းတို့ပင်ဖြစ်၏။ ကိလေသာကို ငြိမ်းစေသောအကျင့်ဖြစ်၍ မြတ်သောမင်္ဂလာပင်တည်း။

တပနှင့် ဗြဟ္မစရိယမှာ မကွာခြားလှပေ။ ခြားနားအောင် အဓိပ္ပာယ်ယူသော် တပသည် သီလအကျင့်ကိုယူ၍ ဗြဟ္မစရိယဖြင့် သမထ၊ ဝိပဿနာ(သမာဓိ၊ ပညာ)ကို ယူရ၏။ ထို့ကြောင့် တပနှင့် ဗြဟ္မစရိယအကျင့်တို့မှတစ်ပါး အရိယသစ္စာမြင်ရေး၌ အခြားနည်းလမ်းမရှိတော့ပြီဖြစ်၏။

ဝိမုတ္တိတရား(၅)ပါး

ကိလေသာ မဖြစ်ပေါ်စေရန် ခြိုးခြံစွာကျင့်ရခြင်း (တစ်နည်း)ကိလေသာ ငြိမ်းစေသော အကျင့်အားလုံးကို ကျင့်ရခြင်းတို့သည် ကောင်းမြတ်သော မင်္ဂလာတရားများ ဖြစ်ကြောင်း ပြဆိုခဲ့ပြီးဖြစ်၏။ ထိုသို့ကျင့်ရာ၌ အောက်ဖော်ပြပါ ဝိမုတ္တိတရား

http://www.dhammadownload.com

(ကိလေသာမှ လွတ်မြောက်ကြောင်းတရား)ငါးပါးနှင့် ပြည့်စုံအောင် လုံ့လဝီရိယ စိုက်ထုတ်၍ အပတ်တကုတ် ကြိုးစားအားထုတ်ရမည်။

(က) တဒင်္ဂဝိမုတ္တိ .... ကာမကုသိုလ်စု။

(ခ) ဝိက္ခမ္ဘနဝိမုတ္တိ .... ဈာန်ကုသိုလ်စု။

(ဂ) သမုစ္ဆေဒဝိမုတ္တိ .... မဂ်ကုသိုလ်စု။

(ဃ) ပဋိပဿမ္ဘနဝိမုတ္တိ .... ဖိုလ်တရားများ။

(င) နိဿရဏဝိမုတ္တိ .... နိဗ္ဗာန်တရားမြတ်။

၃၃။ အရိယ သစ္စာနှ ဒဿန မင်္ဂလာ

သစ္စာဆိုသည်မှာ မှန်ကန်ခြင်းဖြစ်၏။ သစ္စာသုံးမျိုးရှိပေရာ သမ္မုတိသစ္စာသည် လူတို့သမုတ်အပ်သော သစ္စာဖြစ်၏။ ပရမတ္ထသစ္စာသည် ရုပ်နာမ်တရားတို့၏ မဖောက်မပြန် အမြဲမှန်ကန်နေသော သစ္စာဖြစ်၏။ အရိယသစ္စာဆိုသည်မှာ ဖြူစင်မြင့်မြတ်သော ဘုရား၊ ရဟန္တာ အရိယာတို့သာ သိမြင်နိုင်သော မချွတ်မယွင်း မှန်ကန်သော သစ္စာပင်ဖြစ်၏။ ဤသစ္စာကို မြတ်ဗုဒ္ဓသည် ဆရာမရှိ မိမိဘာသာ ထိုးထွင်း သိမြင်ပြီးနောက်မှ ဝေနေယျတို့အား ဟောကြားတော်မူခဲ့သဖြင့် ဘုရား၏ သစ္စာဟုလည်း ဆိုကြ၏။ တစ်ဖန် ဤသစ္စာကို သိမြင်မှသာ အရိယာဖြစ်သောကြောင့် အရိယသာဓက (အရိယာအဖြစ်ကို ပြီးစေတတ်သော)သစ္စာဟုလည်းခေါ်သေး၏။

သစ္စာကိုသိရာ၌ အနုဗောဓိသိနှင့် ပဋိဝေဓသိဟူ၍ နှစ်မျိုးရှိ၏။ အနုဗောဓိသိ ဆိုသည်မှာ ဆရာသမား၊ ကျမ်းဂန်တို့မှဖြစ်စေ၊ တစ်ဆင့်စကားကြား၍ဖြစ်စေ၊ ကြဲတွေးစဉ်းစားခြင်းဖြင့်ဖြစ်စေ၊ မိမိဉာဏ်ဖြင့် နှစ်သက်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ သိခြင်းဖြစ်သည်။ (အနု– ထပ်တလဲလဲ၊ ဗောဓ–သိခြင်း၊ သိမှုမပြီးသေး၍ ထပ်တလဲလဲ သိနေရခြင်းကို ခေါ်သည်)

ထိုသို့သိမှုမပြီးသေး၍ ထပ်တလဲလဲ သိနေရခြင်းမျိုးမဟုတ်ဘဲ တစ်ကြိမ်တည်းနှင့် ထွင်းဖောက်သိခြင်းကို ပဋိဝေဓဟုခေါ်၏။ မဂ်ဉာဏ်၏သိခြင်းပင်ဖြစ်၏။ မဂ်ဉာဏ်သည် ကိစ္စအားဖြင့် သစ္စာလေးပါး ကိုတစ်ပြိုင်နက်သိ၏။ ဒုက္ခကိုပိုင်းခြားခြင်း၊ သမုဒယကို ပယ်ခြင်း၊ နိရောဓကို မျက်မှောက်ပြုခြင်း၊ မဂ္ဂကိုပွားခြင်းဟု ကိစ္စလေးပါးရှိရာ ထိုကိစ္စလေးပါးကို တစ်ပြိုင်နက် ပြုခြင်းဖြင့် မဂ်ဉာဏ်အား သစ္စာလေးပါး ထင်ရှားလာရ၏။ မဂ်က သိမှုကိစ္စအားလုံးကို တစ်ပြိုင်နက် မတွေမဝေ ရှင်းရှင်းလင်းလင်း သိစေပြီးဖြစ်၏။

http://www.dhammadownload.com

ဤမင်္ဂလာသည် တပနှင့် ဗြဟ္မစရိယမင်္ဂလာတို့၏ အကျိုးဆက်ဖြစ်၏။ ဤလောကၱ သစ္စာလေးပါးမြတ်တရားကို မြင်ရခြင်းထက် ထူးခြားမွန်မြတ်သော ကောင်းမှုဟူ၍ မရှိနိုင်တော့ပြီဖြစ်ပေရာ လွန်စွာအကျိုးကြီးမြတ်လှသော သစ္စာကို မင်္ဂလာဖြင့် ထိုးထွင်းသိမြင်ရခြင်းမှာ အကောင်းဆုံး၊ အမွန်မြတ်ဆုံးမင်္ဂလာပင်တည်း။

၃၄။ နိဗ္ဗာန သစ္ဆိကိရိယာ မင်္ဂလာ

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း မင်္ဂလာဟုဆိုသော်လည်း အရိယသစ္စာဒဿနၱ နိရောဓသစ္စာခေါ် သင်္ခတနိဗ္ဗာန်မှာ ပါဝင်ခဲ့ပြီးဖြစ်ရာ ဤမင်္ဂလာၱ အရဟတ္တဖိုလ်ကိုရခြင်း၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခြင်းများကိုသာ နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာဟုယူဆရမည်။ တစ်နည်းအားဖြင့် အရိယသစ္စာဒဿနၱ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းမှာ မင်္ဂ၏မျက်မှောက်ပြုခြင်းဖြစ်၍ နိဗ္ဗာနသစ္ဆိကိရိယာအရ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ ဖိုလ်ပစ္စဝေက္ခဏာတို့၏ မျက်မှောက်ပြုခြင်းဟု ယူဆသော် ပို၍ပင် အဓိပ္ပာယ်ပြည့်စုံပေသည်။ (သစ္ဆိကိရိယာဟူသည်မှာ အတ္တပစ္စက္ခကိုယ်တွေ့ဖောက်ထွင်း သိမြင်ခြင်း ဖြစ်သည်။)

နိဗ္ဗာနသစ္ဆိကိရိယာအရ ရဟန်းကိစ္စ အားထုတ်ပြီးမြောက်ခြင်း၊ ပြီးဆုံးခြင်း ပန်းတိုင်သို့ ဆိုက်ရောက်ပြီးဖြစ်ရာ အမြတ်ဆုံးမင်္ဂလာဟု အထူးဖော်ပြရန်ပင် မလိုတော့ပြီဖြစ်သည်။

၃၅။ နကမ္မတိ မင်္ဂလာ

လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြွေအရံပေါများခြင်း၊ အခြွေအရံမရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ချမ်းသာခြင်းနှင့် ဒုက္ခဆင်းရဲခြင်းတို့ကား လောကဓံတရား (၈)ပါးဖြစ်၏။ လောကၱနေရသူမှန်လျှင် အမှန်ပင် တွေ့ကြုံရမည့် သဘောများဖြစ်၍ မြတ်ဘုရားပင်မလွတ်ကင်းခဲ့ပေ။

ဘုရားရှင်မှာ မကုန်နိုင်မခန်းနိုင် အတိုင်းမသိအောင် ပစ္စည်းလေးပါး ပေါများလှသော်လည်း တစ်ခါက ဝေရဉ္ဇာပြည်၌ ဝါကပ်စဉ် မုယောဆွမ်းကြမ်းကို ဘဉ်းပေးခဲ့ရခြင်း၊ ဇကနာဠပုဏ္ဏားရွာ၌ ဆွမ်းခံစဉ် လူတွေအား မာရ်နတ်လှည့်ဖြား ထားမှုကြောင့် ဆွမ်းလောင်းရန် အမှတ်မရဖြစ်၍ သပိတ်ချည်းသက်သက်ဖြင့် ထွက်ခွာတော်မူခဲ့ရခြင်း၊ လူ၊ နတ်၊ ဗြဟ္မာ တစ်လောကလုံး၏ အတုမဲ့ ချီးမွမ်းမှုကို ခံယူရသော်လည်း စိဉ္စမာနဝိကာ မိန်းမယုတ်၏ စွပ်စွဲမှုခံရခြင်း၊ သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခံရခြင်း စသည်ကို အကြောင်းပြု၍ မလိုလားသူများ၏ ကဲ့ရဲ့မှုကိုလည်းခံရခြင်း၊ ဖလသမာပတ်ချမ်းသာ၊

http://www.dhammadownload.com

နိရောဓသမာပတ် ချမ်းသာဟူသော ချမ်းသာအတိနှင့်ပြည့်စုံသော်လည်း တစ်ခါတစ်ရံ ခါးတော်နာခြင်း၊ ဝမ်းတော်လားခြင်း စသော ဒုက္ခနှင့်ကြုံတွေ့တော် မူရခြင်း စသော လောကဓံတရားများနှင့် တွေ့ကြုံရသည်သာဖြစ်၏။ ထို့ကြောင့် ပုထုဇဉ်တို့အနေဖြင့်ကား လောကဓံတရားများကို ရှောင်လွှဲ၍မရဘဲ အမြဲကြုံတွေ့ နေကြရမည်သာဖြစ်သည်။ ထိုသို့တွေ့ကြုံသည့်အခါတွင်လည်း ပုထုဇဉ်တို့ သဘာဝကား အနည်းနှင့်အများ တုန်လှုပ်ကြစမြဲဖြစ်၏။

ရဟန္တာအရှင်မြတ်တို့မှာကား လောကဓံကြောင့် အလျှင်းတုန်လှုပ်ခြင်းမရှိ၊ ကြွဘုရဲ့၊ အနိဋ္ဌာရုံတို့နှင့် ကြုံတွေ့ရသောအခါ ကြွင်ကိုအနိဋ္ဌအဖြစ်၊ အနိဋ္ဌကို ကြွင်အဖြစ် မိမိလိုသလို ပြောင်းလွှဲရှုနိုင်အောင် စိတ်ကိုအစိုးရသည့် တာဒိဂုဏ်နှင့် ပြည့်စုံကြသည်ဖြစ်ရာ ကျောက်တောင်ကြီးသည် ရာသီဥတုဒဏ်ကြောင့် မတုန်လှုပ်သကဲ့သို့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် လှုပ်ရှားတုန်လှုပ်ခြင်း မရှိသော ပညာရှိများအဖြစ် ဘုရားရှင်၏ချီးကျူးခြင်းကို ခံခဲ့ကြရ၏။ ထို့ကြောင့် လောကဓံကြောင့် မတုန်လှုပ်ခြင်းကို ရဟန္တာ၏ စိတ်ဟုဖွင့်ဆိုကြ၏။ အကောင်းဆုံးအပြည့်စုံဆုံး မတုန်လှုပ်မှုလည်းဖြစ်၏။ အခြားအရိယာနှင့် အချို့ ဉာဏ်ပညာရှိသော ပုထုဇဉ်တို့မှာ လောကဓံတရားများနှင့် ကြုံတွေ့ကြသောအခါ ထိုက်သင့်သလောက်သာ ခံနိုင်ရည်ရှိသဖြင့် တုန်လှုပ်သူများအဖြစ်သာ ဟောကြားတော်မူ၏။ ဉာဏ်ပညာမရှိသော ပုထုဇဉ်များမှာမူ အကောင်းလောကဓံနှင့်တွေ့လျှင် ပျော်လိုက်၊ အဆိုးလောကဓံနှင့်တွေ့လျှင် စိတ်ဆင်းရဲလိုက်နှင့် လောကဓံကြောင့် တုန်လှုပ်မှုဖြစ်ကာ ထိုသူတို့၏စိတ်မှာ လောကဓံ၏ သိမ်းပိုက်လွှမ်းမိုးခြယ်လှယ်မှုကို ခံရပေ၏။

ထို့ကြောင့် မိမိမှာ လောကဓံတရားနှင့်တွေ့ကြုံရတိုင်း "ဘုရားသော်မှ မလွတ်နိုင်တာ တို့အတွက်ဘာပြောစရာရှိသလဲ" ကဲ့ ကဲ့၏အကျိုးကြောင့်ဖြစ်ရတာပဲ၊ ကမ္မသကာပေါ့" စသည်ဖြင့် တွေးတောဆင်ခြင်၍လည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးကို ဆင်ခြင်၍လည်းကောင်း၊ ဖြစ်ပြီးခဲ့တာလည်း မိမိဘဝမဟုတ်တော့၊ နောင်မဖြစ်သေးတာလည်း မိမိဘဝမဟုတ်၊ ယခုမျက်မှောက်သာ မိမိဘဝဖြစ်သည်ဟု ဖြောင့်မတ်စွာနှလုံးသွင်း၍ သတိပဋ္ဌာန်တရားများ ပွားများခြင်းဖြင့်လည်းကောင်း တရားသဘောဖြင့် ရင်ဆိုင်ရပေမည်။ သို့မဟုတ် အကောင်းလောကဓံနှင့်တွေ့သော်လည်း ပျော်မဆုံး တပြုံးပြုံးဖြင့် ကျန်ခဲ့ပျက်ခြင်း၊ ဖောက်ပြန်ခြင်းမဖြစ်၊ အဆိုးလောကဓံနှင့် တွေ့သော်လည်း သောကဖြစ်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ ဒေါမနဿဖြစ်ခြင်း၊ စိတ်နှလုံး ပူပန်ရခြင်း၊ နောင်တတစ်ဖန်ဖြစ်ခြင်းစသော တရားဆိုးအမင်္ဂလာများမှ ကင်းသော မင်္ဂလာဖြစ်ပေမည်။

http://www.dhammadownload.com

ထို့ကြောင့် ကလျာဏပုထုဇဉ်များအနေဖြင့် အမြဲတွေ့ကြုံနေရသည့် လောကဓံတရားကို အရိယာရဟန္တာတို့ကဲ့သို့ မတုန်မလှုပ် ကျောက်ဆစ်ရုပ်လောက် ခံနိုင်ရည် မရှိစေကာမူ တရားသဘောကိုဖြောင့်မတ်စွာ နှလုံးသွင်း၍ အထိုက်အလျောက်ခံနိုင်ရည် ရှိအောင် ကြိုးစားခြင်းဖြင့် မြတ်သော မင်္ဂလာရှိကြပါစေကုန်သတည်း။

၃၆။ အသောကမင်္ဂလာ

သောကဟူသည်မှာ မိဘဆွေမျိုး ပျက်စီးခြင်း၊ ဥစ္စာပျက်စီးခြင်းစသော ဆင်းရဲဒုက္ခတစ်မျိုးမျိုးနှင့် ကြုံတွေ့ရသောသူ၏ စိတ်ပူဆွေးခြင်း၊ ဝမ်းနည်းခြင်းတည်း။ သောကရှိသူများသည် အတောမသတ်နိုင်အောင် ပူပန်ကြရ၏။ တရားဖြင့်သာဖြေသိမ့်နိုင်ကြ၏။ သတိပဋ္ဌာန် တရားသည် သာသောကကိုပယ်သတ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် သတိပဋ္ဌာန်း တရားလေးပါးကို ကျင့်လျှင်ကျင့်ဆဲ၌လည်း သောကပယ်ပျောက်ခြင်း၊ ကျင့်ပြီး၍ အရဟတ္တဖိုလ်ရသော ရဟန္တာဖြစ်ပါက သောကကိုထာဝရပယ်ဖျောက်ပြီးဖြစ်လျက် ရှိတော့၏။ ထို့ကြောင့်သောကမရှိခြင်းသည်လည်း မြတ်သောမင်္ဂလာသာတည်း။

(၃၇) ဝိရဇ မင်္ဂလာ

ရဇ(မြူ)ဆိုသည်မှာ ရာဂ၊ ဒေါသ၊ မောဟတို့ပင်။ ပကတိမြူသည် ကိုယ်ပေါ်ကျလျှင် ညစ်ပေစေသကဲ့သို့ ထိုတရားဆိုးများသည်လည်း သတ္တဝါကို ညစ်နွမ်းစေသောကြောင့် ရဇ မည်၏။ ရာဂ စသောညစ်ပေတတ်သော တရားများကင်းမှ စိတ်မှာသန့်ရှင်းစင်ကြယ် မြင့်မြတ်၍ မင်္ဂလာဖြစ်ရမည်။

ဤ ရဇ တည်းဟူသော မြူမှုန်အညစ်အကြေးများကို မင်္ဂဖြင့်သာ အပြီးသတ်နိုင်၏။ သို့သော် သူတော်ကောင်းတို့သည် ထိုမြူမှုန်တို့ ကပ်ငြိခြင်းမှ ကင်းရှင်းအောင် ဘာဝနာအလုပ် အားထုတ်ခြင်းဖြင့် ကြိုးပမ်းနှင့်ထုတ်ကြလေ၏။

၃၈။ ခေမာမင်္ဂလာ

ခေမကား ဘေးရန်မရှိခြင်း၊ အေးချမ်းခြင်းတည်း။ လောဘ၊ ဒိဋ္ဌိ၊ မောဟတည်းဟူသော ကိလေသာတရားဆိုးတို့သည် စိတ်ကိုညစ်ပေတတ် ပူပင်သောကဖြစ်စေတတ်သဖြင့် ယင်းတရားဆိုးများ မကင်းစင်သောစိတ်မှာ ဘေးမကင်း၊ အေးချမ်းခြင်းမဖြစ်ပေ။ ထိုတရားဆိုးများ လုံးဝကင်းရှင်းနေသော ရဟန္တာစိတ်မှာ အစဉ်ဘေးမရှိ၊ ကြောက်ခြင်းမရှိ၊ အေးချမ်းသာယာလျက်ရှိရာ မင်္ဂလာဖြစ်ရ၏။

http://www.dhammadownload.com

ဤမင်္ဂလာသည် ရဟန္တာနှင့်သာ သက်ဆိုင်သော်လည်း သာမန် ပုဂ္ဂိုလ်များ၌လည်း ဘာဝနာအလုပ်ဖြင့် အကုသိုလ်တရားဆိုးတို့ကို နှင်ထုတ်လျက်ရှိသော အခိုက်အတန့်၌ ယင်းတရားဆိုးများ ကင်းစင်နေသဖြင့် မင်္ဂလာဖြစ်၏။ မေ့လျော့ပေါ့တန်သူ၌ကား ဤမင်္ဂလာနှင့် အလှမ်းဝေး၍ မျှော်လင့်ဖွယ်မရှိရကား၊ ဘာဝနာမှုတစ်ခုခုဖြင့် မိမိစိတ်၌ဘေးမရှိ အေးချမ်းသာယာစေခြင်းဖြင့် မြတ်သောမင်္ဂလာဖြစ်စေသင့်ပါသည်။

ရဟန္တာတို့၏ဂုဏ်ရည်

အရဟတ္တမဂ်ဖိုလ် ဆိုက်ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်မြတ်တို့သည် အရိယသစ္စာနဒဿနမင်္ဂလာ (အရိယာသစ္စာလေးပါးကို ကောင်းစွာသိမြင်ခြင်း)၊ နိဗ္ဗာန သစ္ဆိကိရိယာမင်္ဂလာ (နိဗ္ဗာန်ကို ကိုယ်တွေ့သိမြင်၍ မျက်မှောက်ပြုနိုင်ခြင်း)၊ နကမ္မတိမင်္ဂလာ (လောကဓံတရားနှင့်တွေ့ကြုံသောအခါ လုံးဝတုန်လှုပ်မှုမရှိခြင်း)၊ အသောကမင်္ဂလာ (စိုးရိမ်ပူဆွေးမှု အလျင်းမရှိခြင်း)၊ ဝိရဇမင်္ဂလာ (ရာဂစသောကိလေသာ ရမ္မက်မြူလုံးဝ ကင်းစင်ခြင်း)နှင့် ခေမမင်္ဂလာ (ကြောက်ခြင်းဟူသောဘေးမရှိခြင်း)ဟူသော အမြတ်ဆုံး၊ အကောင်းဆုံး မင်္ဂလာတရားတော် ဂုဏ်ရည်များနှင့် ပြည့်စုံလျက်ရှိ၏။ ထို့ကြောင့် ရဟန်းကိစ္စ အားလုံး ပြီးစီးနေပြီဖြစ်၏။ အကျင့်စဉန်း လမ်းဆုံးသို့ရောက်ရှိနေပြီဖြစ်၏။

ဤမင်္ဂလာ တရားတော်များသည် ရဟန္တာပုဂ္ဂိုလ်မြတ်တို့၌သာ အစဉ်ရှိနိုင်သော ဂုဏ်ရည်များ ဖြစ်ကြသော်လည်း ပုထုဇဉ်များနှင့် အောက်မဂ်ဖိုလ်ရရှိပြီးသော ပုဂ္ဂိုလ်တို့သည်လည်း ယင်းမင်္ဂလာတရားများနှင့်ညီစေရန် ရသမျှ အချိန်ကလေးများ အတွင်းမှာပင် ဘာဝနာတစ်ခုခု အားထုတ်နေသင့်သည်။ ဤသို့အားထုတ်နေချိန်ကလေးမျက်စိတစ်မှိတ် လျှပ်တစ်ပြက် တစ်ခဏလေးအတွင်းမှာ မိမိ၌ရဟန္တာတို့၏ ဂုဏ်ရည်မျိုးပြည့်စုံနေပါကလားဟူ၍ မှတ်ယူရမည်။ ဆင်ခြင်ရမည်။ ထိုအခါမျိုး၌ မိမိစိတ်သန္တာန်၌ ပီတိသောမနဿဖြစ်ရသဖြင့် တစ်ခဏအတွင်း အားထုတ်မှုသည် မိမိအတွက် အလွန်အကျိုးများပါသည်။

(ဤတွင် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော် ထပ်ဆင့်ရှင်းလင်းချက်များ ပြီးစီးပြီဖြစ်ပါသည်။)

http://www.dhammadownload.com

သြဝါဒပါတိမောက်မြတ်တရား

မဟာသက္ကရာဇ်(၁၀၃)ခု၊ ရှင်တော်ဂေါတမ ဘုရားဖြစ်တော်မူပြီး ကိုးလတိတိ မြောက်ဖြစ်သည့် တပို့တွဲလပြည့်နေ့ညနေ နေဝင်စ လပြည့်ဝန်းကြီး ထွက်ပြူစ အလွန် သာယာ ကြည်နူးဖွယ်ကောင်းသော ဆည်းဆာချိန်ဖြစ်၏။ ဤအခါသမယတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီး၌ ဘုန်းတော်မြတ်သခင် မြတ်ဘုန်းရှင်သည် ဗုဒ္ဓါသနပလ္လင်တော်ထက်ဝယ် ရောင်ခြည်တော်ခြောက်သွယ် ထွန်းပကွန့်မြူးလျက် သီတင်းသုံး စံပယ်နေတော်မူစဉ် ကိုယ်တော်မြတ်၏ လက်ယာဘက်တွင် ရှင်မောဂ္ဂလ္လာန် မထေရ်မြတ်ကြီးနှင့် လက်ဝဲဘက်တွင် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးတို့က ခြံရုံခစား ဖူးမြော်လျက်ရှိနေကြ၏။

ဤအခါသမယကား-

၁။ တပို့တွဲလပြည့်နေ့ဖြစ်ခြင်း။

၂။ ပရိသတ်မှာ ဧဟိဘိက္ခုတို့ချည်းသာလျှင်ဖြစ်ကြခြင်း။

၃။ ဆဋ္ဌာဘိညာပရိသမ္ဘိဒါပတ္တရ ရဟန္တာတို့ချည်းသာလျှင်ဖြစ်ကြခြင်း။

၄။ မည်သူကမျှ မပင့်မဖိတ် အချိန်းအချက်မရှိကြပါဘဲလျက် အလိုအလျောက် ရောက်ရှိစည်းဝေးမိကြခြင်း။

ဟူသော ဂုဏ်အင်္ဂါ(၄)ထွေနှင့် ပြည့်စုံသော ဂုဏ်ထူးဆောင်ပရိသတ် သာဝကတို့က ငြိမ်သက်တည်ကြည်သော ဣန္ဒြေတို့ဖြင့် မြတ်ဗုဒ္ဓကို ခစားဖူးမြော်လျက် ရှိနေကြပေ၏။

ဤသို့ထူးမြတ်လှသော အစည်းအဝေးသဘင်ကြီး၌ သဗ္ဗညုတဉာဏ်ရှင် မြတ်ဘုရားသခင်သည် ရှေးရှေးသော နောင်တော်ဘုရားရှင် တို့၏ ဓမ္မတာအစဉ်အလာ ဖြစ်သည့် "ခန္တီပရမံ တပေါတိတိက္ခာ"အစချီသော ဤသြဝါဒ ပါတိမောက် မြတ်တရား ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သြဝါဒ ပါတိမောက်ဟူသည်မှာ "အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမတော်" ဟူ၍ အနက်ရပါသည်။ သြဝါဒပါတိမောက် မြတ်တရားဟောစဉ်ကား ဘုရားရှင်တော် မြတ်တိုင်း၏ ကျင့်မြဲဓမ္မတာဖြစ်ကြောင်း ဆိုမိန့်ကြပါသည်။

သြဝါဒ ပါတိမောက်သည် တိုတိုကျဉ်းကျဉ်းနှင့် ဗုဒ္ဓဝါဒ လမ်းစဉ်၏ လိုရင်းအခြေခံ မူဝါဒဖြစ်လေသည်။ အချို့သက်တမ်းတိုသော ကာလ၌ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည် ပရိနိဗ္ဗာန်စံလွန်တော်မူသည်အထိ တပည့်သာဝက သံဃာတော်နှင့် ဒကာတို့အတွက် ဝိနည်းသိက္ခာနှင့် စည်းကမ်းများ သီးခြားပညတ်တော် မမူတော့ဘဲ ဤသြဝါဒတော်ဖြင့်ပင် ယဉ်ကျေးလိမ္မာစေတော်မူခဲ့ကြပေသည်။

http://www.dhammadownload.com

ဂေါတမမြတ်စွာဘုရားသည်ပင်လျှင် ပထမဗောဓိ(ခေါ်)ရှေးပိုင်းဝါ(၂၀) အတွင်းက ရဟန်းတော်များ ဆုံးမစကားမဆိုရ။ အမြွက်မျှသတိပေးရုံနှင့် ရှောင်အပ်သည်ကိုရှောင် ဆောင်အပ်သည်ကိုဆောင်ကြကြောင်း မြေညီညီလမ်းကောင်းကောင်းတွင် မြင်းကောင်း ကရသော ရထားကိုစီးနင်း၍ လိုက်ပါလာကြဘိသကဲ့သို့ နှင်တံမျှ မတို့ရ။ ဤသြဝါဒ ပါတိမောက်တရားဖြင့်သာလျှင် တပည့်သားတို့အား လိမ္မာရေးခြား ရှိစေတော် မူခဲ့ကြောင်း ဆိုမိန့်ပြပါသည်။ ထို့ကြောင့် သြဝါဒပါတိမောက် မြတ်တရားကို "ဗုဒ္ဓလမ်းစဉ် အခြေခံဥပဒေမူဝါဒ"ဟူ၍ ဆိုမိန့်ကြခြင်းဖြစ်ပါသည်။

သြဝါဒပါတိမောက်မှာ ဂါထာ(၃)ပုဒ်မျှသာဖြစ်ပြီး ရှင်ရော၊ လူတို့အတွက်ပါ အဆုံးအမတော်ကြီး (၁၃)ချက် ပါဝင်ပါသည်။ အနှစ်ချုပ်အားဖြင့် ဖော်ပြရပါလျှင်-

၁။ သည်းခံမှု ခန္တီသည် မြတ်သောအကျင့်တည်း။
၂။ နိဗ္ဗာန်ကိုအမြတ်ဆုံးဟု ဘုရားရှင်တို့ဟောကြားတော်မူကုန်၏။
၃။ သူတစ်ပါးကိုညှဉ်းဆဲသောသူသည် အကုသိုလ်နှင့်ထုတ်သူ ပဗ္ဗဇိတ အစစ်မဖြစ်နိုင်။
၄။ သူတစ်ပါးကိုညှင်းဆဲသူသည် ကိလေသာကုန်စေသူ သမဏမဖြစ်နိုင်။
၅။ မကောင်းသောအဂုသိုလ်ဟူသမျှကို မပြုမကျင့်ရ။
၆။ ကောင်းမြတ်သောကုသိုလ်ဟူသမျှ ပြည့်စုံစေရမည်။
၇။ မိမိစိတ်ကိုဖြူစင်အောင်ပြုရမည်။ (ဤကားဗုဒ္ဓတို့၏အဆုံးအမ)
၈။ သူတစ်ပါးကို နှုတ်ဖြင့်မကဲ့ရဲ့မပျှဉ်စွဲရ။
၉။ သူတစ်ပါးကို ကိုယ်စိတ်တို့ဖြင့်မညှဉ်းဆဲမနှိပ်စက်ရ။
၁၀။ ပါတိမောက္ခသံဝရသီလကိုစောင့်စည်းရမည်။
၁၁။ စားဖွယ်တို့၌အတိုင်းအရှည်ပမာဏကိုသိရမည်။
၁၂။ ဆိတ်ငြိမ်သောကျောင်းအိပ်ရာနေရာတို့၌ ကိန်းအောင်းနေထိုင်ရမည်။
၁၃။ ဝိပဿနာ၏အခြေခံဖြစ်သော လွန်ကဲသော သမာဓိအကျင့်ကို လွန်စွာ ကျိုးကုတ်အားထုတ်ရမည်။ (ဤကားဗုဒ္ဓတို့၏သြဝါဒတော်)

ထို့ကြောင့် ဤဝါဒပါတိမောက်မြတ်တရားသည် ပိဋိကတ်သုံးပုံ၏ အနှစ်ချုပ်၊ သီလ၊ သမာဓိ၊ ပညာ၊ သာသနာ(၃)ရပ်လုံး၏ အနှစ်ချုပ်ဟူ၍ ဆိုမိန့်ကြခြင်းဖြစ်ပါသည်။

အရိယဓန ၇ ဖြာ အရိယာဥစ္စာ ၇ ဖြာ

၁။ သဒ္ဓါ .... ရတနာမြတ်သုံးပါးတို့၌ ကိုယ်တိုင်ကိုယ်ကြပ် ကျေကျေနပ်နပ် ရှင်းရှင်းလင်းလင်း သိရှိနားလည်၍ မြတ်နိုးယုံကြည်မှု၊

http://www.dhammadownload.com

၂။ သီလ .... ကိုယ်၊ နှုတ်၊ စိတ်နှလုံး သုံးပါးလုံး ဒုစရိုက်တရားများ မဖြစ်ပွားအောင် လုံခြုံစွာ စောင့်ထိန်းထားခြင်း။

၃။ ဟိရီ .... မကောင်းမှုပြုရန် ရှက်ကြောက်ခြင်း။

၄။ ဩတ္တပ္ပ .... မကောင်းမှုပြုရန် ကြောက်လန့်ခြင်း။

၅။ သုတ .... ဗုဒ္ဓတရားတော်များကို နာကြားရ၍ အကြားအမြင် များခြင်း။

၆။ စာဂ .... ပေးကမ်းစွန့်ကြဲခြင်း။

၇။ ပညာ .... အမှားအမှန်ကို ခွဲခြားသိမြင်ခြင်း။

သူတော်ကောင်းတရား(၇)ပါး

၁။ သဒ္ဓါ .... ရတနာသုံးပါးတို့၌ ယုံကြည်ခြင်း၊

၂။ သတိ .... ကုသိုလ်ကောင်းမှုတို့ကို မမေ့ခြင်း၊

၃။ ဟိရီ .... မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊

၄။ ဩတ္တပ္ပ .... မကောင်းမှုပြုရမည်ကို ကြောက်လန့်ခြင်း၊

၅။ သုတ .... အပြစ်ကင်းသော အကြားအမြင် ဗဟုသုတရှိခြင်း။

၆။ ဝီရိယ .... ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ပြုလုပ်ခြင်း၊

၇။ ပညာ .... အမှားအမှန်ကို ခွဲခြားသိမြင်ခြင်း။

သူတော်ကောင်းလက္ခဏာ ငါးပါး (တနည်း) သူတော်ကောင်းဂုဏ်အင်္ဂါ ငါးပါး

စင်စစ်ဇကန်အမှန် စိတ်ထားရိုးဖြောင့်စွာဖြင့် (ပရိပါယ်မပါ၊ ဟန်မလုပ်၊ လှည့်ပတ်ခြင်းမရှိ၊ မစဉ်းလဲ၊ ဂုဏ်ကိုမမက်၊ အထင်ကြီး ချီးမွမ်းခံရစေရန် မကြံ၊ နာမည်ကြီးအောင်မရည်ရွယ်၊ ပကတိရိုးသားဖြောင့်မတ်သောအားဖြင့်)

၁။ ကတညူ.... သူတစ်ပါးပြုထားဘူးသောမြတ်ကျေးဇူးကို အထူးရှိသရွေ့ သိလေ့ရှိခြင်း။

၂။ ကတဝေဒီ....သူများပြုအပ်၊ ကျေးဇူးရပ်ကို တတ်သရွေ့မှတ်သရွေ့ ဆပ်လေ့ရှိခြင်း။

http://www.dhammadownload.com

၃။ ကလျာဏမိတ္တ....မိကောင်း၊ ဖကောင်း၊ ဆရာကောင်းနှင့် ဖော်ပေါင်းအတိ မိတ်ကောင်းရှိခြင်း။

၄။ ဒဋ္ဌဘတ္တိ....ထိုမိတ်ကောင်းကိုလည်း၊ အသဲစွဲမျှအမြဲမပျက် ဆည်းကပ်လေ့ ရှိခြင်း။

၅။ ဒုက္ခိတဿသက္ကစ္စံကရောတိကိစ္စံ....မိမိမျက်မှောက် ဒုက္ခရောက်နေသူကို ကိုယ်ချင်းစာနာ သနားညှာလျက် ပေးကမ်းလုပ်ကျွေးပြုစုတတ်ခြင်း။

ဤဂုဏ်အင်များနှင့်စုံလင်ပေသည့် ပညာရှိအပေါင်း သူတော်ကောင်းကို မြင့်သထက် မြင့်သည့်၊ အကျင့်အလွန်ကောင်း သူတော်ကောင်းဟူ၍ ဘုရားအမှူးရှိသော သူမြတ်တို့က လေးစားကြည်ဖြူ ချီးမွမ်းတော်မူကြကုန်၏။

သဒ္ဓါတွင်ပါဝင်သော လက္ခဏာ(၃)မျိုး

၁။ အကြောင်းတရားတစ်ခုသည် အဟုတ်အမှန်ရှိသည် ဖြစ်သည်ဟု ပြည့်စုံခိုင်ခဲ့စွာ သိရှိနားလည်ခြင်း၊

၂။ ကောင်းသောအရည်အချင်းများတွင် ဝမ်းမြောက်မှု(ပီတိ)ရှိခြင်း၊

၃။ ရည်မှန်းချက်ကို အောင်မြင်ရရှိလိုသည့် ဆန္ဒရှိခြင်း။

သဒ္ဓါတရား(၄)ပါး

၁။ အဓိဂမသဒ္ဓါ .... အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာဖြစ်ပေါ်သော သဒ္ဓါ၊

၂။ အာဂမသဒ္ဓါ .... နိယတဗျာဒိတ်ရရှိထားသော ဘုရားလောင်း၊ ပစ္စေက ဗုဒ္ဓါလောင်း၊ ရဟန္တာသာဝကလောင်းတို့၏ သန္တာန်၌ သာဖြစ်ပေါ်သောသဒ္ဓါ၊

၃။ သြကပ္ပနသဒ္ဓါ .... ကလျာဏပုထုဇဉ်တို့၌ သန္တာန်၌ဖြစ်ပေါ်သော ဉာဏ် ပညာနှင့်ယှဉ်သည့် ဉာဏသမ္ပယုတ်သဒ္ဓါ၊

၄။ ပသာဒသဒ္ဓါ .... မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ၊ အစဉ်အလာထုံးတမ်း ဓလေ့အရ ပြုလုပ်သောပုဂ္ဂိုလ်များ၏ သာမည သဒ္ဓါ၊ ဉာဏဝိပ္ပယုတ် ပသန္နေ-ကြည်ညိုခြင်း၊ ကြည်လင် သည်။ ပသဒ- ကြည်ခြင်း၊ အကြည်၊ ကြည်ညိုသည် သဒ္ဓါ။

http://www.dhammadownload.com

သဒ္ဓါတရားရှိသူတို့လက်ငင်းခံစားရသောအကျိုးများ

၁။ သူတော်ကောင်းများ၊ နတ်ကောင်းနတ်မြတ်များသည် သဒ္ဓါ သမ္မန္နပုဂ္ဂိုလ်ကိုသာလျှင် ရှေးဦးစွာ စောင့်ရှောက်ကုန်၏။

၂။ သူတော်ကောင်းများ၊ နတ်ကောင်းနတ်မြတ်များသည် သဒ္ဓါသမ္မန္နပုဂ္ဂိုလ်ကိုသာလျှင် ရှေးဦးစွာ ချဉ်းကပ်ကုန်၏။

၃။ သူတော်ကောင်းများ၊ နတ်ကောင်းနတ်မြတ်များသည် သဒ္ဓါသမ္မန္နပုဂ္ဂိုလ်တို့၏ အလှူကိုသာလျှင် ရှေးဦးစွာခံယူကြကုန်၏။

၄။ သူတော်ကောင်းများ၊ နတ်ကောင်းနတ်မြတ်များသည် သဒ္ဓါသမ္မန္နပုဂ္ဂိုလ်များကိုသာ ရှေးဦးစွာတရားဟောကုန်၏။

၅။ သဒ္ဓါတရားနှင့်ပြည့်စုံသောသူတို့သည် သေပြီးနောက် နတ်ရွာသုဂတိသို့ ရောက်ကြကုန်၏။

မြတ်ဗုဒ္ဓကသဒ္ဓါတရားကို မဂ်ဖိုလ်ရခြင်း၊ နိဗ္ဗာန်ရခြင်းတို့၏ အခြေခံတရား ဖြစ်သောကြောင့် အရေးအကြီးဆုံးဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

အင်အားကြီးမားသောတရားကြီးငါးပါး

၁။ သဒ္ဓါ .... ရတနာမြတ်သုံးပါးအပေါ် မြတ်နိုးယုံကြည်မှု၊

၂။ ဝီရိယ .... ကြိုးစားအားထုတ်မှု။

၃။ သတိ .... အောက်မေ့မှု၊ မမေ့မလျော့မှု၊

၄။ သမာဓိ .... စိတ်တည်ကြည်ခိုင်ခံ့မှု၊

၅။ ပညာ .... ကောင်းစွာသိမြင်မှု။

ကုသိုလ်လက္ခဏာ(၂)ပါး

၁။ အနဝဇ္ဇလက္ခဏာ .... အပြစ်မရှိခြင်း၊ အပြစ်ကင်းစင်ခြင်း လက္ခဏာ၊

၂။ သုခဝိပါကလက္ခဏာ .... ချမ်းသာသောအကျိုးရှိခြင်းလက္ခဏာ။

အကုသိုလ်လက္ခဏာကို ကုသိုလ်လက္ခဏာ၏ ဆန့်ကျင်ဘက်မှတ်ယူပါ။ လောကဥ္စ မပြုသင့်သည်ကို ပြုခြင်းသည် အကုသိုလ်ဖြစ်သကဲ့သို့ ပြုသင့်ပြုရမည့် ကုသိုလ်ကို မပြုရခြင်းသည်လည်း အကုသိုလ်ပင်ဖြစ်၏။

http://www.dhammadownload.com

အကုသိုလ်တရားများပယ်နည်း

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် အကုသိုလ်တရားများ ပယ်နည်းမှာ-

၁။ အခြားကောင်းမွန်မှုနှင့် ယှဉ်သောအကြောင်းကို နှလုံးသွင်းပါ။

၂။ ဒေါသ၊ မောဟ၊ ရာဂစိတ် အကြံအစည်တို့၏ အပြစ်ကို စူးစမ်းဆင်ခြင်ပါ၊

၃။ ထိုမကောင်းသော အကြံအစည်တို့ကို နှလုံးမသွင်းပါနှင့်။

၄။ ထိုမကောင်းသော အကြံအစည်တည်ရာကို နှလုံးသွင်းပါ။

အမြတ်ဆုံးကြည်ညိုခြင်း

၁။ သတ္တဝါဟူသမျှတို့၏ အပူဇော်ခံသစ္စာသိမြင် မြတ်ဗုဒ္ဓဘုရားရှင်သည် သုံးလောကတွင် အမြတ်ဆုံးဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓဘုရားရှင်ကို ကြည်ညိုခြင်းသည် အမြတ်ဆုံး ကြည်ညိုခြင်းဖြစ်၏။ ဤသို့ အမြတ်ဆုံး ကြည်ညိုသူတို့မှာ အမြတ်ဆုံးအကျိုးကို ရရှိခံစားနိုင်၏။

၂။ သန်တ (အကြောင်းတရားများက ပြုပြင် ဖန်တီးအပ်သော)တရားများထဲတွင် အရိယာပုဂ္ဂိုလ်တို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော အင္ဂါကမက်သည် အမြတ်ဆုံးတရားတော်ဖြစ်၏။ ဤမဂ်တရားတော်ကို ကြည်ညိုခြင်းသည် အမြတ်ဆုံး ကြည်ညိုခြင်းဖြစ်၍ အမြတ်ဆုံး ကြည်ညိုသူတို့မှာ အမြတ်ဆုံး အကျိုးကိုရရှိခံစားနိုင်၏။

၃။ သန်တ တရားများနှင့် အသန်တ (အကြောင်းတရားများက မပြုပြင် မဖန်တီးအပ်သော)တရားများထဲတွင် အသန်တ တရားဖြစ်သော နိဗ္ဗာန်သည်အမြတ်ဆုံးဖြစ်၏။ ဤသို့ နိဗ္ဗာန်တရားကို ကြည်ညိုခြင်းသည် အမြတ်ဆုံး ကြည်ညိုခြင်းဖြစ်၍ အမြတ်ဆုံး ကြည်ညိုသူတို့မှာ အမြတ်ဆုံးအကျိုးကို ရရှိခံစားနိုင်၏။

၄။ အမြတ်ဆုံး မြတ်ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝက သံဃာများဖြစ်ကြသည့် အစုံအားဖြင့် လေးစုံ၊ အရေအတွက်အားဖြင့် ရှစ်ယောက်သော အရိယာ သံဃာအဖွဲ့အစည်းသည် ဂိုဏ်းသံဃာအဖွဲ့အစည်းများထဲတွင် အမြတ်ဆုံးဖြစ်၏။ ဤအရိယာ သံဃာတော်အဖွဲ့အစည်းကို ကြည်ညိုခြင်းသည် အမြတ်ဆုံး ကြည်ညိုခြင်းဖြစ်၍ အမြတ်ဆုံး ကြည်ညိုသူတို့မှာ အမြတ်ဆုံး အကျိုးကိုရရှိခံစားနိုင်၏။

http://www.dhammadownload.com

၅။ ဤအမြတ်ဆုံး ကြည်ညိုခြင်းများကို ပြန်ချုပ်ကြည့်လျှင် လောကတွင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးသည် အမြတ်ဆုံးဖြစ်၏။ ဤတရားမြတ် သုံးပါးကို ကြည်ညိုခြင်းသည် အမြတ်ဆုံး ကြည်ညိုခြင်းဖြစ်၍ အမြတ်ဆုံး ကြည်ညိုသူတို့မှာ အမြတ်ဆုံး အကျိုးကိုရရှိခံစားနိုင်ကြရ၏။

အမြတ်ဆုံးချမ်းသာ

၁။ ရောဂါကင်း၍ ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်မည်၏။

၂။ ထင်ရှားရှိသော ပစ္စည်းဖြင့် တင်းတိမ် ရောင့်ရဲနိုင်ခြင်းသည် အမြတ်ဆုံး ဥစ္စာမည်၏။

၃။ ချစ်ကျွမ်းဝင်သူသည် အမြတ်ဆုံးဆွေမျိုးဖြစ်၏။

၄။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာမည်၏။

(တစ်နည်း)

၁။ သာမန်လောကမိသပစ္စယာမိသချမ်းသာ (လူ့ဘဝတွင် ခံစားရသော ကာမဂုဏ် ချမ်းသာများ)။

၂။ လောကမိသ ပစ္စယာမိသချမ်းသာ (စကြဝတေးမင်းစည်းစိမ်၊ နတ်သိကြား မင်းများ စည်းစိမ်)၊

၃။ ဝိမုတ္တိသုခချမ်းသာ (အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဖိုလ်ချမ်းသာ)။ ဤချမ်းသာ သုံးပါးတွင် ပထမချမ်းသာထက် ဒုတိယချမ်းသာက အဆပေါင်းများစွာသာလွန် သလို ဒုတိယချမ်းသာထက် တတိယချမ်းသာက အဆပေါင်းမယှဉ်သာအောင် ပို၍ချမ်းသာပါသည်။

(တစ်နည်း)

၁။ ကာမသုခ .... ကာမဂုဏ်ချမ်းသာ(လူ၊ နတ်ချမ်းသာ)၊

၂။ ဈာနသုခ .... ဈာန်ချမ်းသာ (ဗြဟ္မာချမ်းသာ)၊

၃။ ဖလသုခ .... ဖိုလ်ချမ်းသာ (အရိယာချမ်းသာ)၊

၄။ နိဗ္ဗာနသုခ .... နိဗ္ဗာန်ချမ်းသာ။

ယင်းချမ်းသာလေးမျိုးတွင် အစဉ်လိုက်တစ်မျိုးက တစ်မျိုးထက် ပိုမိုချမ်းသာပြီး အမြင့်မြတ်ဆုံးချမ်းသာမှာ နိဗ္ဗာန်ချမ်းသာဖြစ်ပါသည်။

http://www.dhammadownload.com

ဘဝအောင်မြင်ထမြောက်ရေးအတွက် မြတ်ဗုဒ္ဓဟောကြားချက်

၁။ ဗုဒ္ဓသည် အတိတ်ကံကို လုံးဝမပစ်ပယ်သော်လည်း ဘဝအောင်မြင် ထမြောက်မှု ဟူသမျှသည် အတိတ်ကံ၏ ဖန်တီးမှုကြောင့်ချည်း ဖြစ်သည်ဟူသော အယူအဆ နှင့် ဘဝအောင်မြင်မှု ထမြောက်မှုဟူသမျှသည် ထာဝရဘုရားသခင်၏ ဖန်တီးမှု ကြောင့်ချည်း ဖြစ်သည်ဟူသော အယူအဆတို့ကို ပစ်ပယ်လေသည်။

၂။ အတိတ်မှ ကံတရားတို့သည် ပစ္စုပ္ပန်ဘဝ၌ ကောင်းသော ထောက်ပံ့မှုကို ပြုသည်ဖြစ်စေ၊ မကောင်းသော ထောက်ပံ့မှုကိုပြုသည်ဖြစ်စေ လူသားတစ်ဦး သည် ပစ္စုပ္ပန်၌ မိမိ၏ဆန္ဒ၊ ဉာဏ်၊ ဝီရိယတို့ကိုသာ အားကိုးပြု၍ လုပ်သင့် လုပ်ထိုက်သည်တို့ကို လုပ်ရမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မိမိနှင့် အသက်ဆိုင်ဆုံး အရာမှာ လက်ရှိ ပစ္စုပ္ပန်အခြေအနေပင်ဖြစ်၍ မိမိ၏ပစ္စုပ္ပန်၌ ကောင်းသောက်များကို ဖန်တီးရန်အသေအချာ ပိုင်ဆိုင်အားကိုးနိုင်သော အရာ မှာလည်း မိမိ၏ ဆန္ဒ၊ ဉာဏ်၊ ဝီရိယ တို့ပင်ဖြစ်သည်။

လောကီကြီးပွားကြောင်း သမ္မဒါတရား(၄)ပါး

၁။ ဥဋ္ဌာနသမ္မဒါ .... ထကြွလုံ့လနှင့် ပြည့်စုံခြင်း။ (အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်ရာတွင် ကောင်းစွာ ကျွမ်းကျင်ခြင်း၊ မပျင်းမရိ စိတ်ပါလက်ပါ ဇွဲရှိရခြင်းနှင့် အကြောင်း အားလျော်စွာ စူးစမ်းချင့်ချိန်တတ်သော ဉာဏ်ပညာ ရရှိခြင်း ဟူသော အင်္ဂါသုံးရပ်နှင့် ပြည့်စုံရခြင်း)

၂။ အာရက္ခသမ္မဒါ .... စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် ပြည့်စုံခြင်း၊ (ရှာဖွေ ရရှိသမျှ ပစ္စည်းဥစ္စာတို့ကို စနစ်တကျ သိမ်းဆည်း စောင့်ရှောက်တတ်ရခြင်း)

၃။ ကလျာဏမိတ္တတာသမ္မဒါ.... မိတ်ကောင်းဆွေကောင်းရှိရခြင်း၊ (မိမိအပေါ်၌ သစ္စာရှိသောသီလ၊သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံသော အလုံးစုံသော ကောင်းမှုတို့နှင့် ပြည့်စုံ သော လောကီရေး လောကုတ္တရာရေးတို့၌ နည်းပေး လမ်းပြ မိတ်ဆွေကောင်းရှိရခြင်း)

၄။ သမဇီဝိတတာသမ္မဒါ .... မျှတအောင် အသက်မွေးမှုရှိရခြင်း၊ (မိမိဝင်ငွေနှင့် လျော်ညီစွာ အဝင်အထွက် မျှတအောင် ချင့်ချိန်နှိုင်းဆ သုံးစွဲနိုင်ရခြင်း)

http://www.dhammadownload.com

ပစ္စည်းဥစ္စာကိုင်တွယ်ခဲ့ဝေခြင်း

သုတ်ပါထေယျ ပါဠိတော်၊ သင်္ဂါလသုတ်တော်လာ ပစ္စည်းဥစ္စာကို ကိုင်တွယ်ခဲ့ဝေပုံ စနစ်မှာ မိမိ၏ ဝင်ငွေပစ္စည်းကို လေးပုံထားရှိ၍-

၁။ တစ်ပုံကို စားသောက်သုံးစွဲ လှူဒါန်းပေးကမ်းခြင်း၊

၂။ နှစ်ပုံကို ပစ္စည်းဥစ္စာတိုးပွားရန်အတွက် ရင်းနှီးမြှုပ်နှံခြင်း၊

၃။ ကျန်တစ်ပုံကို အရေးပေါ်သုံးစွဲရန် စုဆောင်းငွေအဖြစ် ထားရှိခြင်းတို့ ဖြစ်ပါသည်။

လောကုတ္တရာ သမ္မဒါတရား(၄)ပါး

လောကုတ္တရာ ကြီးပွားချမ်းသာကြောင်း တရားလေးပါးတို့မှာ-

၁။ သဒ္ဓါသမ္မဒါ .... ရတနာ မြတ်သုံးပါးအပေါ် ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊

၂။ သီလသမ္မဒါ .... ကိုယ် နှုတ် စိတ်နှလုံး သုံးပါးလုံးကို ကောင်းစွာ စောင့်ထိန်းခြင်းနှင့်ပြည့်စုံခြင်း၊

၃။ စာဂသမ္မဒါ .... စွန့်လွှတ်ခြင်းနှင့်ပြည့်စုံခြင်း၊

၄။ ပညာသမ္မဒါ .... လောကုတ္တရာပညာနှင့်ပြည့်စုံခြင်း။

သံသရာတွင် ပြန်လည်ဆုံတွေ့ကြပြီး နိဗ္ဗာန်သို့အတူတစ်ကွ လက်တွဲကာ မျက်မှောက်ပြုလိုကြသော ဇနီးမောင်နှံ အစရှိသူတို့သည် ဤတရားလေးပါးနှင့် ပြည့်စုံမှုများ၌ တူညီအောင် ကြိုးစားကြရမည်ဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။

အောင်မြင်ခြင်းအခြေခံမူလတရား(၄)ပါး

၁။ သစ္စာ .... တည်ကြည်ဖြောင့်မတ်ခြင်း၊

၂။ ပညာ .... ဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊

၃။ ဝီရိယ .... မနားမနေကြိုးစားအားထုတ်ခြင်း၊

၄။ စာဂ .... ပေးကမ်းစွန့်ကြဲခြင်း။

http://www.dhammadownload.com

လောကီလောကုတ္တရာကြီးပွားကြောင်းတရား(၆)ပါး

၁။ အနာရောဂါကင်းရှင်းကျန်းမာခြင်း၊

၂။ လောကဝတ်၊ ဓမ္မဝတ်အကျင့်သီလများနှင့်ပြည့်စုံခြင်း၊

၃။ လူကြီး၊ မိဘ၊ ပညာရှိများ၏ အဆုံးအမကို နာယူကျင့်သုံးခြင်း၊

၄။ အကြောင်းအကျိုးနှင့်စပ်သော အကြားအမြင်များခြင်း၊

၅။ ဒုစရိုက်မကောင်းမှု အကုသိုလ်များမှ ရှောင်ကြဉ်၍ သုစရိုက်ကုသိုလ်တရားများ ပုညကြိယာ ဝတ္ထုများကိုသာ ပြုကျင့်ခြင်း၊

၆။ စိတ်မတွန့်တိုမဆုတ်နစ်ဘဲ မလျှော့သော လုံ့လဝီရိယဖြင့် ထက်သန်သော အားထုတ်မှုရှိခြင်း။

ဆင်းရဲကင်းကွာချမ်းသာစွာနေနိုင်ကြောင်းတရား(၆)ပါး

၁။ အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမဖျိမ။
(လောဘလိုင်းဖြစ်သည့် လက်ယာစွန်း၊ ဒေါသလိုင်းဖြစ်သည့် လက်ဝဲစွန်းတို့ကို ရှောင်၍ – မဖျိမပဋိပဒါလိုင်းဖြစ်သော မဂ္ဂင်ရှစ်ပါးလိုင်းကို လိုက်ရမည်)

၂။ မမြော်က်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။
(သူတစ်ပါးကိုမြော်က်ပင့်ခြင်း၊ နှိမ့်ချခြင်းများမပြုမူရ)

၃။ သုခနှစ်ပါး၊ ဉာဏ်ပိုင်ခြား၊ ပွားများအစ္ဆာတ္တ။
(အာရုံငါးပါးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ကာမဂုဏ်သုခဖြစ်သည့် ဗဟိဒ္ဓ သုခကိုရှောင်ကြဉ်ပြီး၊ မိမိကိုယ်တွင်း၌ရှိသော ၃၂-ကောဋ္ဌာသ အာရုံကိုရှု၍ ရသည့် သမထနှင့်ယှဉ်သော ချမ်းသာသုခနှင့် မိမိခန္ဓာငါးပါးကို အာရုံပြု ဝိပဿနာရှု၍ရသော ချမ်းသာသုခနှစ်ပါးကိုသာ ပွားများရမည်)

၄။ မျက်မှောက်၊ မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။
(ပုဂ္ဂိုလ်တစ်ဦးဦး၏အကြောင်းကို သူ၏မျက်မှောက်၌ဖြစ်စေ၊ သူ၏မျက်ကွယ်၌ ဖြစ်စေ ပြောဆိုလိုလျှင် စကားကြီးခြောက်ခွန်းရှိသည့်အနက် နောက်ဆုံးနှစ်ခွန်း ဖြစ်သည့် သူလည်းနာလို၊ မှန်လည်းမှန်ကန်၊ အကျိုးလည်းရှိသော စကားနှင့် သူပင်မနာလိုသော်လည်း မှန်ကန်၍အကျိုးရှိသော စကားများကိုသာပြောဆိုရမည်)

၅။ မလျင်မဆော၊ စကားပြော၊ ပြေချောမွေ့သိမ်စွာ။
(စကားပြောသည့်အခါ မလျင်မဆော ချောပြေသိမ်မွေ့စွာပြောရမည်)

http://www.dhammadownload.com

၆။ အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး-အ-ရဏ။

(မိမိရောက်ရှိရာ အရပ်၏ အရပ်သုံးဝေါဟာရ၊ အရပ်သုံးစကားကို မလွန် မငြင်းဆန်ဘဲ ပြောဆိုရမည်)

အရိယာတို့၏ သာသနာ၌ ရှိခိုးအပ်သောအရပ်(၆)ပါး

အရိယာတို့၏ သာသနာတော်၌ ရှိခိုးအပ်သော အရပ်(၆)ပါးဟူသည်မှာ-

၁။ မိဘတို့သည်အရှေ့အရပ်မည်ကုန်၏။

၂။ ဆရာတို့သည်တောင်အရပ်မည်ကုန်၏။

၃။ သားမယားတို့သည်အနောက်အရပ်မည်ကုန်၏။

၄။ အဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းနှင့် အိမ်နီးနားချင်းတို့သည် မြောက်အရပ်မည်ကုန်၏။

၅။ အစေအပါးအလုပ်သမားတို့သည် အောက်အရပ်မည်ကုန်၏။

၆။ သမဏ ဗြာဟ္မဏတို့သည် အထက်အရပ်မည်ကုန်၏။

မြတ်ဗုဒ္ဓက သိင်္ဂါလ အမည်ရှိ လူလင်ကိုဟောကြားတော်မူသော သိင်္ဂါလသုတ်တော်၌ ဤအရပ်ခြောက်ပါးကိုတွေ့ရှိနိုင်၏။ (ရှိခိုးခြင်းဟူသည်မှာ အဓိပ္ပာယ်ကျယ်ပြန့်လေးနက်ပြီး အထွဟဲအမြတ်ထားခြင်း၊ ရိုသေခြင်း၊ ကန်တော့ခြင်း၊ လေးစားခြင်း၊ ဂုဏ်ပြုခြင်း၊ ပူဇော်ခြင်းများ အကျုံးဝင်ပါသည်။ ဤအရပ်ခြောက်ပါးကို ရှိခိုးခြင်းဆိုသည်မှာ မိဘ ဆရာနှင့် သမဏ ဗြာဟ္မဏရဟန်းသံဃာများအတွက်မူ ရှိခိုးခြင်းအဓိပ္ပာယ်အားလုံး အကျုံးဝင်ပြီး ကျန်အရပ်သုံးပါး အတွက်မှာမူ မိမိကပြုစုအပ်သော လောကဝတ်များကို မလစ်မလပ် လေးစားစွာ ပြုစုခြင်းကို ဆိုလိုပါသည်။)

ထို့ပြင် မြတ်ဗုဒ္ဓသည် ပရိဗိုဇ်ဝစ္ဆဂေါက္တ၏ မေးမြန်းလျှောက်ထားချက်ကို ပြန်လည်ဟောကြားရာတွင် "အိမ်ရာထောင်သော လူဝတ်ကြောင် ယောကျ်ားမိန်းမတို့တွင် တစ်ဦးမဟုတ်၊ နှစ်ဦးမဟုတ်၊ တစ်ရာ၊ နှစ်ရာ၊ ငါးရာမဟုတ်၊ မြောက်မြားလှစွာသော မရေမတွက်နိုင်သော လူဝတ်ကြောင် ယောကျ်ား၊ မိန်းမတို့သည် အိမ်ထောင်သားမွေးပြုကြရင်း ငါဘုရား၏ အဆုံးအမကို နာယူလျက် အောင်မြင်စွာ ကျင့်သုံးခြင်းကြောင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုကြပြီးကုန်ပြီ" ဟု တိတိလင်းလင်းဟောကြားတော်မူခဲ့၏။

ထို့ပြင် သံယုတ်နိကာယ်တွင် နတ်တို့၏ဘုရင်ဖြစ်သော သိကြားမင်းသည် အကျင့်သိက္ခာသီလနှင့် ပြည့်စုံ၍ မြတ်သောတရားကို ဆောက်တည်နေကြသည့်

http://www.dhammadownload.com

ရဟန်းသံဃာ များကိုသာ ရှိခိုးပူဇော်သည်မဟုတ်၊ သီလနှင့်ပြည့်စုံ၍ မိမိသားမယား အိမ်ထောင်ကို တရားနှင့် လျော်ညီစွာ ထိန်းသိမ်းစောင့်ရှောက်ပြီး ကုသိုလ်ကောင်းမှုများကို ပြုလေ့ရှိသည့် လူဝတ်ကြောင် ဥပါသကာများကိုလည်း ရှိခိုးကြောင်း ဖော်ပြပါရှိပါသည်။

ဗုဒ္ဓမြတ်စွာက သိင်္ဂါလသုတ်တော်တွင် ဟောကြားချက်များကို တစ်ခုချင်း ကောက်နုတ် ဖော်ပြလိုက်ပါသည်။

၁။ အရှေ့အရပ်

မိဘသည် သားသမီးများအတွက် အထွတ်အမြတ်ဆုံးဖြစ်ကြောင်း မြတ်ဗုဒ္ဓက ဟောကြားခဲ့၏။ မိဘတို့၏ကျေးဇူးကို သားသမီးတို့သည် ဆပ်၍မကုန်နိုင်။ မိဘသည် သားသမီးများ၏ အနန္တကျေးဇူးရှင် ငါးပါးတွင်လည်း ပါဝင်၏။

သို့ဖြစ်၍ သားသမီးများသည် မိဘများကို နေ့စဉ်နေ့တိုင်း နံနက်၊ ည စသည်တို့၌ လက်အုပ်ချီ၍ ရှိခိုးပူဇော်ရမည်ဖြစ်သကဲ့သို့ သားသမီးတို့၏ ပြုအပ်သည့် ဝတ္တရားများ ဖြစ်ကြသော မိဘတို့အား ကောင်းစွာ စောင့်ရှောက်ပြုစုခြင်း၊ မိဘများကိုယ်စား လုပ်ဆောင်ဖွယ်အမှုကိစ္စများကို လုပ်ဆောင်ပေးခြင်း၊ မိမိ အမျိုးအနွယ်၏ ဂုဏ်သိက္ခာများကိုစောင့်ရှောက်၍ မိရိုးဖလာ အစဉ်အလာများကို မပျက်အောင် တည်နေစေရခြင်း၊ မိဘများ ရှာဖွေစုဆောင်း ထားသော ဥစ္စာပစ္စည်းများကို မပျောက်ပျက်အောင် စောင့်ထိန်းရခြင်း၊ မိဘတို့ကွယ်လွန်သော် ထုံးတမ်းစဉ်လာအရ ကောင်းစွာ သင်္ဂြိဟ်၍ ကုသိုလ်ကောင်းမှုများကို ပြုခြင်းစသည့် သားသမီးဝတ္တရားများ ကျေပွန်စေရမည်။

မိဘများကလည်း သားသမီးများကို အတုံ့အလှည့်အနေဖြင့် မကောင်းသော ဒုစရိုက်များမှ ဆုံးမတားမြစ်ခြင်း၊ ကောင်းသောသုစရိုက်များ သက်ဝင်လုပ်ဆောင်စေခြင်း၊ ကောင်းသောအတတ်ပညာများကို သင်ကြားတတ်မြောက်စေခြင်း၊ လျောက်ပတ်သော အိမ်ထောင်စုမှ သားသမီးများနှင့် ထိမ်းမြားပေးရခြင်း၊ လျောက်ပတ်သောအချိန်၌ အမွေဥစ္စာပစ္စည်းများကို ခွဲဝေအပ်နှင်းခြင်းစသည့် မိဘတို့၏ဝတ္တရားများကို ကျေပွန်စေရသည်။

၂။ တောင်အရပ်

တပည့်ဖြစ်သူသည် ဆရာအား ရိုသေလေးစား၍ ဆရာ၏ ဆိုဆုံးမစကားများကို နာယူမှတ်သားရခြင်း၊ ဆရာ၏အမှုကိစ္စများကို လိုအပ်သလို ပြုစုဆောင်ရွက်ပေး၍ အတတ်ပညာကို ရိုသေလေးစားစွာ သင်ကြားလေ့ကျက်ရခြင်း စသည့် တပည့်ဝတ္တရားများကို ကျေပွန်စေရသည်။ ဆရာ

http://www.dhammadownload.com

ကလည်း တပည့်အား ဆုံးမပဲ့ပြင်သင့်သည့်အရာများကို ကောင်းစွာဆုံးမ၍ ကောင်းစွာသင်ကြားပေးခြင်း၊ ကောင်းသောအဆွေခင်ပွန်းတို့ထံ၌ အပ်နှံပေးခြင်း စသည့် ဆရာ့ဝတ္တရားများ ကျေပွန်စေရသည်။

၃။ **အနောက်အရပ်**

မြင့်မြတ်သော အိမ်ထောင်သည်ဘဝတွင် လင်နှင့်မယား ဆက်ဆံရေးကို အပြန်အလှန် အမြင့်မားဆုံး လေးစားသမှု ပြုသင့်သည်။ တစ်ဦးပေါ်တစ်ဦး သစ္စာစောင့်ထိန်း ရိုသေလေးစား၍ အမြတ်တနိုးရှိခြင်း၊ တစ်ဦးပေါ်တစ်ဦး ပြုအပ်သည့် ဝတ္တရားများကို ကျေပွန်စေရသည်။

လင်ဖြစ်သူသည် မိမိမယားအား အမြတ်တနိုး ဂုဏ်ပြုခေါ်ဆိုခြင်း၊ မည်သည့် အခါမျှမလေးမစား နှိမ့်ချ၍မပြောဆိုခြင်း၊ မိမိမယားကို အစဉ်မြတ်နိုး၍ အခြားမိန်းမနှင့် မဖောက်ပြန်ခြင်း၊ လျောက်ပတ်သောနေရာပေး၍ အိမ်မှုကိစ္စ အဝဝကို သက်သာစွာဆောင်ရွက်နိုင်ရန် စောင့်ရှောက်ခြင်း၊ အဝတ်တန်ဆာ လက်ဝတ်ရတနာများပေးကမ်း၍ ရွှင်လန်းဝမ်းမြောက်စေခြင်း စသည့် လင့်ဝတ္တရားကို ကျေပွန်စေရသည်။

မယားကလည်း အတုံ့အလှည့်အားဖြင့် အိမ်ထောင်၏ ပြဖွယ်ကိစ္စများကို ကောင်းစွာအုပ်ချုပ်စီရင်ခြင်း၊ ညဉ့်အိပ်ညဉ့်နေရောက်လာသော ဧည့်သည်၊ မိတ်ဆွေ၊ ဆွေမျိုးသားချင်းနှင့် အစေအပါး အလုပ်သမားတို့အား ဧည့်ဝတ် ကျေပွန်စွာ ပြုစုလုပ်ကျွေးရခြင်း၊ မိမိ၏လင်အား အစဉ်ချစ်မြတ်နိုး၍ အခြားယောကျ်ား တစ်ပါးနှင့် မဖောက်ပြန်ခြင်း၊ လင်ရှာဖွေစုဆောင်းခဲ့သော ဥစ္စာစည်းစိမ်များကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ သိမ်မွေ့ချိုသာသော ချစ်ဖွယ်သော စကားကိုသာ ပြောဆိုခြင်း၊ အလုံးစုံသောကိစ္စတို့၌ လိမ္မာ၍ပျင်းရိမှု ကင်းခြင်း စသည်ဖြင့် မိမိ၏ ဝတ္တရားများကိုကျေပွန်စေရ၏။

၄။ **မြောက်အရပ်**

အဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းနှင့် အိမ်နီးနားချင်းများကို အချင်းချင်း ဖော်ရွေခင်မင်စွာ ဆက်ဆံ၍ စေတနာ မေတ္တာထားရှိရသည်။ သာယာညှင်းပျောင်း၍ သင့်မြတ်သော စကားကိုသာပြောဆိုခြင်း၊ တစ်ဦးအကျိုးကို တစ်ဦးက ဆောင်ရွက်ပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး တန်းတူရည်တူထား၍ ဆက်ဆံရခြင်း၊ အချင်းချင်းခိုက်ရန်မဖြစ်ပွားခြင်း၊ အငြင်းမပွားခြင်း၊ လိုအပ်သော အကူအညီများပေး၍ စောင့်ရှောက်ရခြင်း၊ ဘေးအန္တရာယ်ကြုံတွေ့သောအခါ စွန့်ပစ်ထွက်ခွာ မသွားခြင်း စသည်များ လုပ်ဆောင်သင့်ကြသည်။

http://www.dhammadownload.com

၅။ **အောက်အရပ်**

အလုပ်ရှင်သည် သူ၏အစေအပါး (သို့မဟုတ်)အလုပ်သမားအပေါ် အလုပ်လုပ်နိုင်သော အရည်အချင်းနှင့် ခွန်အားအလျောက် အလုပ်ဘာဝန်ကို ခွဲဝေချထားပေးခြင်း၊ သင့်တင့်လျောက်ပတ်သော အခကြေးငွေကို ပေးရခြင်း၊ နာမကျန်းဖြစ်သော် ဆေးဝါးကုသ စောင့်ရှောက်ပေးရခြင်း၊ အခါအားလျော်စွာ အဝတ်တန်ဆာ စသည်တို့ကို စွန့်ကြဲခြင်း၊ အထူးဆုများ ချီးမြှင့်ခြင်း စသည်တို့ကို လုပ်ဆောင် ပေးရသည်။

အစေအပါး အလုပ်သမားများကလည်း အတုံ့အလှည့်အနေဖြင့် ပျင်းရိခြင်းကင်း၍ ထကြွလုံ့လပြုရခြင်း၊ မိမိ၏အရှင်သခင်အပေါ် ရိုးသားဖြောင့်မတ်ရခြင်း၊ စကားနာခံရခြင်း၊ ကောက်ကျစ်စဉ်းလဲမှုမရှိရခြင်း၊ အခါခပ်သိမ်း အလုပ်ဝတ္တရားများကို စိတ်ပါလက်ပါ ပြွန်စွာထမ်းဆောင်ခြင်း စသည်တို့ လုပ်ဆောင်ကြရမည်။

၆။ **အထက်အရပ်**

သမဏဗြာဟ္မဏ(ရဟန်းသံဃာ)များအား ဝတ်ကြောင် အမျိုးကောင်းသားတို့သည် လုံ့လပ်သော ဝတ္ထုပစ္စည်းများကို မေတ္တာနှင့်ယှဉ်သော၊ ရိုသေမှုနှင့်ယှဉ်သော ပေးအပ်လှူဒါန်းမှုများဖြင့် စောင့်ရှောက်ရခြင်းစသည့် ကောင်းမှုများ ပြုလုပ်ရသည်။ ဒါယကာဝတ်များ ပြည့်စုံစေရသည်။

ရဟန်းသံဃာများကလည်း လူဝတ်ကြောင်အမျိုးကောင်းသားတို့အား တရားဓမ္မဟောပြဆုံးမ၍ အသိဉာဏ် ရင့်သန်စေပြီးမကောင်းမှုတို့မှ ဆုံးမ တားမြစ်ရခြင်း၊ လောကီ၊ လောကုတ္တရာကောင်းမှုတို့၌ ယုံကြည်သက်ဝင်စေရခြင်း စသည့်ပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်ကြရသည်။

ပုဂ္ဂိုလ်(၃)မျိုး

၁။ ယုံကြည်မှု သဒ္ဓါတရား အားကောင်း၍ သိတတ်မှုဉာဏ်ပညာ နည်းပါးသော ပုဂ္ဂိုလ် (ဤပုဂ္ဂိုလ်မျိုးသည် အချည်းနှီးကို ကြည်ညိုတတ်၍ မကြည်ညိုသင့်သည်ကို ကြည်ညိုတတ်ပါသည်။ အကျိုးရနည်းတတ်၏။)

၂။ အသိပညာအားကောင်း၍ ယုံကြည်မှုသဒ္ဓါတရား အားနည်းသည့် ပုဂ္ဂိုလ်။ (ဤပုဂ္ဂိုလ်မျိုးသည် ကောက်ကျစ်စဉ်းလဲတတ်ပါသည်။ ဤပုဂ္ဂိုလ်မျိုးကို သွန်သင်ဆုံးမ လမ်းညွှန်ရန်မလွယ်ကူတတ်ပါ။)

http://www.dhammadownload.com

၃။ သဒ္ဓါနှင့်ပညာ တူမျှသောပုဂ္ဂိုလ်။(ဤပုဂ္ဂိုလ်မျိုးသည် မှန်ကန်သော အမြင်ရှိ၍ မလွဲမှားသော ကြည်ညိုကိုးကွယ်မှုမျိုးကို ပြုလုပ်တတ်ခြင်းကြောင့် ချီးမွမ်းအံ့သြဖွယ်ဖြစ်၏။ လုပ်ဆောင်သလောက်အကျိုးရများ၏။)

အကျိုးစီးပွားနှင့်စပ်သောပုဂ္ဂိုလ်(၂)မျိုး

၁။ အတ္ထကုသလ .... ဤသာသနာ၌ မိမိ၏အကျိုးစီးပွား အစစ်အမှန်ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်ရရန် အကျင့်များကို သိနားလည်၍ နားလည်သည့်အတိုင်း ကျင့်ကြံကြိုးစားသူကိုလည်းကောင်း၊ ကျင့်ကြံ၍ မဂ်ဖိုလ်ရသူကိုလည်းကောင်း၊ (အကျိုးစီးပွား၌ လိမ္မာသူ)ဟုခေါ်၏။

၂။ အနတ္ထကုသလ .... မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း အကျင့်အမျိုးမျိုး၏အကျိုးကို သိနားလည်မှုမရှိ၊ သိနားလည်သော်လည်း ထိုအကျင့်များအတိုင်း မကျင့်ကြံ မကြိုးစားသူကို (အကျိုးစီးပွား၌ မလိမ္မာသူ) ဟု ခေါ်၏။

ဥစ္စာ(၄)မျိုး

၁။ ဧဂ်မဥစ္စာ .... ရွှေငွေစသောပစ္စည်းဥစ္စာများ။

၂။ ထာဝရဥစ္စာ .... လယ်ယာကိုင်းကျွန်းစသည်များ။

၃။ အင်္သမဥစ္စာ .... ကိုယ်ပိုင်အတတ်ပညာ။

၄။ အနဂါမိကဥစ္စာ .... နိဗ္ဗာန်ရသည့်တိုင်အောင် မိမိနောက်သို့ အစဉ်လိုက်ပါသော ဒါနမှု၊ သီလမှုစသည့် ကောင်းမှုများ။

ဤဥစ္စာလေးမျိုးတွင် အနဂါမိကဥစ္စာသည် အခိုင်မြဲဆုံး၊ အမြတ်ဆုံးဥစ္စာဖြစ်၍ ယင်းဥစ္စာမျိုးကိုသာ တတ်နိုင်သရွေ့ စုဆောင်း သိမ်းဆည်းကြရမည်။

ဂတိ(၅)ပါး

အရဟတ္တ မဂ်ဖိုလ်ကို မဆိုက်ရောက်သေးသော ပုဂ္ဂိုလ်သည် သေသည်နှင့် တစ်ပြိုင်နက် ဘဝတစ်ခု၌ ဖြစ်ကြရ၏။ မိမိပြုထားသော ကံအားလျော်စွာ မိမိသွားရောက်ရမည့် ဘဝကို ဂတိဟုခေါ်၏။ လားရာဂတိ(၅)ပါးရှိ၏။ ယင်းတို့မှာ–

http://www.dhammadownload.com

၁။ နတ်ပြည်ဂတိ
၂။ လူ့ပြည်ဂတိ
} ကောင်းသောဂတိ

၃။ ငရဲဂတိ
၄။ ပြိတ္တာဂတိ
၅။ တိရစ္ဆာန်ဂတိ
} အပါယ်ဂတိ

ဂတိမြဲအောင်ပြုခြင်း

မိမိ၏ဒုတိယဘဝတွင် ကောင်းသောဂတိမြဲလိုလျှင် အောက်ပါအတိုင်းပြည့်စုံထားရမည်–

(၁) သဒ္ဓါ .... ရတနာသုံးပါးနှင့် ကံကံ၏အကျိုးကိုယုံကြည်ခြင်း။
(၂) သီလ .... ကိုယ် နှုတ် စိတ်နှလုံး သုံးပါးလုံးစောင့်ထိန်းခြင်း။
(၃) သုတ .... ကောင်းသောအကြားအမြင်ရှိခြင်း။
(၄) စာဂ .... စွန့်လွှတ်၍စွန့်ကြဲပေးကမ်းခြင်း။
(၅) ပညာ .... အမှားအမှန် ခွဲခြား သိမြင်ခြင်း။

ယင်းငါးပါးနှင့်ပြည့်စုံရမည့်အပြင် ဘယ်ဘုံဘယ်ဘဝရောက်ရပါလို၏၊ ဟူသော ဆုကောင်းမှုပတ္ထနာလည်းရှိရမည်။

လူတိုင်းနှစ်သက်သော်လည်းပြည့်စုံရန်ခဲယဉ်းသည့်အရာ(၄)ပါး

၁။ တရားသဖြင့်ပစ္စည်းဥစ္စာများ ရှာဖွေရရှိရေး။
၂။ ဆွေမျိုးမိတ်ဆွေအခြွေအရံများနှင့်ပြည့်စုံရေး။
၃။ ကြာမြင့်စွာအနာကင်း၍အသက်ရှည်ရေး။
၄။ သေသောအခါကောင်းရာသုဂတိသို့ရောက်ရှိရေး။

ကောင်းသောစေတနာသတ္တိ(၂)ပါး

၁။ အနတ္ထဗျူဟနတော .... မကောင်းကျိုးများကိုဖယ်ရှားပစ်ခြင်း
၂။ အတ္ထဇနနတော .... ကောင်းကျိုးများကို ဖြစ်ပေါ်စေခြင်း။

http://www.dhammadownload.com

ဆိုးသောစေတနာသတ္တိ(၂)ပါး

၁။ အနတ္ထဇနနတော .... မကောင်းကျိုးများကိုဖြစ်ပေါ်စေခြင်း။

၂။ အတ္ထဗျူဠနတော .... ကောင်းကျိုးများကိုဖျက်ဆီးပစ်ခြင်း။

ရုပ်ချောခြင်းနှင့်ရုပ်ဆိုးခြင်း

ဒေါသကြီးသူသည် နောင်ဘဝတွင် ရုပ်ဆိုးတတ်ပြီး ဒေါသနည်းသူသည် နောင်ဘဝတွင် ရုပ်ရည်ချောမောပြေပြစ်၏။

ချမ်းသာခြင်းနှင့်ဆင်းရဲခြင်း

ဒါနပြုသူသည် နောင်ဘဝတွင် ချမ်းသာမှုနှင့်ပြည့်စုံ၍ ဒါနနည်းသူသည် နောင်ဘဝတွင် ဆင်းရဲတတ်၏။

တန်ခိုးနည်းခြင်းနှင့်တန်ခိုးကြီးခြင်း

သူတစ်ပါး စည်းစိမ်ချမ်းသာကို ငြူစူခြင်း၊ မနာလိုခြင်း၊ ကုသိုလ်များလျှင် နောင်ဘဝတွင် တန်ခိုးနည်းခြင်း၊ အခွေအရံနည်းခြင်းများ ဖြစ်တတ်ပြီး၊ ကုသိုလ်နည်းလျှင် နောင်ဘဝတွင်တန်ခိုးကြီးခြင်း၊ အခြေအရံများခြင်းများဖြစ်တတ်သည်။

အနာရောဂါကင်းရှင်းသူနှင့်ထူပြောသူ

ဝိဟိ'သ (သူတစ်ပါးကိုညှဉ်းဆဲမှု)အားကြီးသူသည် နောင်ဘဝတွင် အနာရောဂါထူပြော၍ ဝိဟိ'သကင်းသူသည် နောင်ဘဝတွင် အနာရောဂါကင်းရှင်းသည်။

အသက်ရှည်ကြောင်းတရား(၅)ပါး

မြတ်ဗုဒ္ဓက ရုပ်ခန္ဓာကြီးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား(၄)ပါးကြောင့် ဖြစ်ပေါ်တည်ရှိနေကြောင်းနှင့် အသက်ရှည်ခြင်း၊ အသက်တိုခြင်း တရားများကို ဟောကြားတော်မူခဲ့သည်။ ဤတွင် အသက်ရှည်ခြင်းတရား၀ါးပါးမှာ-

၁။ လျောက်ပတ်သည်ကိုသာပြုလုပ်လေ့ရှိခြင်း၊(အကုသိုလ်တရားများကိုရှောင်၍ ကုသိုလ်တရားများသာပွားများရခြင်း)

http://www.dhammadownload.com

၂။ လျောက်ပတ်သည်၌ အတိုင်းအရှည်ကိုသိခြင်း၊ (အလွန်အကျွံ နေထိုင်စားသောက်မှုမှ ရှောင်ကြဉ်ခြင်း)

၃။ ကြေညက်လွယ်သောအစာကို စားလေ့ရှိခြင်း၊

၄။ လျောက်ပတ်သော အချိန်အခါ၌သာ သွားလာခြင်း၊

၅။ မြတ်သောအကျင့်ကိုကျင့်ခြင်း။

အသက်တိုကြောင်းတရား(၅)ပါး

၁။ မလျောက်ပတ်သည်တို့ကို ပြုလေ့ရှိခြင်း၊

၂။ လျောက်ပတ်သည်တို့၌ အတိုင်းအရှည်ကိုမသိခြင်း၊

၃။ မကြေညက်သောအစာကို စားလေ့ရှိခြင်း၊

၄။ အချိန်အခါမဟုတ်သည်၌သွားလာတတ်ခြင်း၊

၅။ မမြတ်သောမေထုန်အကျင့်ကို ကျင့်လေ့ရှိခြင်း။

ငယ်သည်ဟူ၍မထီမဲ့မြင်မပြုအပ်သောအရာ(၄)ပါး

၁။ မင်းသား .... မင်းသားကိုငယ်သည်ဟူ၍ မထီမဲ့မြင်မပြုအပ် နောင်တွင် မင်းဖြစ်လာသောအခါ ဧမိအား ဒုက္ခပေးနိုင်ခြင်းကြောင့် ဖြစ်၏။

၂။ မြွေ .... မြွေကိုငယ်သည်ဟူ၍ မထီမဲ့မြင်မပြုအပ် မြွေသည် ငယ်သော်လည်း အဆိပ်ပြင်းတတ်သောကြောင့် ဖြစ်၏။

၃။ မီး .... မီးကိုသေးငယ်သည်ဟူ၍ မထီမဲ့မြင်မပြုအပ် သေးငယ်သော မီးမှ ကြီးမားသောမီးကြီး ဖြစ်လာတတ်သောကြောင့် ဖြစ်၏။

၄။ ရဟန်း .... ရဟန်းကို ငယ်သည်ဟူ၍မထီမဲ့မြင်မပြုအပ်၊ သီလ သိက္ခာနှင့်ပြည့်စုံသောရဟန်းငယ်ကို ငယ်သည်ဟူ၍ မထီမဲ့မြင်ပြုမိပါက သံသရာတွင် မိမိအား လောင်ကျွမ်းစေတတ်သောကြောင့် ဖြစ်၏။

http://www.dhammadownload.com

မြတ်ဗုဒ္ဓစားခွင့်ပြုသောအသား

သတ်သည်ကို ကိုယ်တိုင်မြင်ခြင်း၊ သတ်နေသည့်အသံ ကိုယ်တိုင်ကြားခြင်း၊ ကိုယ့်အတွက်ရည်စူး၍ သတ်သည်ဟု သင်္ကာမကင်းရှိခြင်း၊ ဤအစွန်းသုံးပါးမှလွတ်သော ပုံသဏ္ဌာန်အသားကိုသာ အပြစ်မရှိဟူ၍ ခွင့်ပြုတော်မူသည်။ သို့သော် ပုံသဏ္ဌာန်သားပင် ဖြစ်စေ စားသုံးရာ၌ တပ်မက်မှုတဏှာ ကင်းစင်ရန်လိုအပ်၏။

ဗလိ(၅)မျိုး

ဗလိဆိုသည်မှာ ပူဇော်ဖွယ်၊ ပေးကမ်းဖွယ် ဝတ္ထုပင်ဖြစ်သည်။ မိမိကြိုးစားရရှိထားသည့် ပစ္စည်းများဖြင့် ဤဗလိငါးမျိုးကို ပြုခြင်းသည် စည်းစိမ်ဥစ္စာရယူခြင်း အကြောင်းတစ်ရပ်၊ လောကကြီးပွားရေး အကြောင်းတစ်ရပ်ပင်ဖြစ်သည်။ ယင်းဗလိငါးပါးမှာ-

၁။ ဉာတိဗလိ .... ဆွေမျိုးတို့အားပေးကမ်းဖွယ်၊

၂။ အတိထိဗလိ .... ဧည့်သည်တို့အားပေးကမ်းဖွယ်

၃။ ပုဗ္ဗပေတဗလိ .... ကွယ်လွန်သူ ဆွေမျိုးတို့အဖို့ ပေးကမ်းဖွယ်၊

၄။ ရာဇဗလိ .... မင်းအား ပြုရမည့်အခွန်၊ ပဏ္ဏာစသောပေးကမ်းဖွယ်၊

၅။ ဒေဝတာဗလိ .... နတ်အတွက်ပြုရမည့် ပူဇော်ပေးကမ်းဖွယ်။

(ဗလိနတ်စာဟုလည်း ခေါ်ကြ၏။ နတ်များအတွက် သတိရစွာ အစာအာဟာရ စသည် ပေးကမ်းပသခြင်း၊ အမျှအတမ်းပေးဝေခြင်း စသည်တို့ပြုအပ်၏။)

ကလျာဏမိတ္တအင်္ဂါ(၇)ပါး

သပ္ပုရိသ (ခေါ်) မိတ်ဆွေကောင်း မိတ်ဆွေမြတ်တို့၏ အင်္ဂါ(၇)ပါးတို့မှာ-

၁။ သီလ .... ကိုယ်ကျင့်တရား ကောင်းမွန်ပြည့်စုံခြင်း၊

၂။ သမာဓိ .... ကိုယ်နှတ်စိတ်နှလုံးသုံးပါးလုံးငြိမ်သက်တည်ကြည်ခြင်း၊

၃။ ပညာ .... လောကုတ္တရာပညာတို့ကို ကောင်းစွာသိမြင်ခြင်း၊

၄။ ဓမ္မဒါန .... ဘုရားရှင်၏ မြတ်သောတရားတို့ကို ဟောကြားပြသနိုင်ခြင်း၊

၅။ ပေယျဝါစာ .... လိုက်နာဖွယ် နာပျော်ဖွယ်သောစကားတို့ကို ဆိုတတ်ခြင်း၊

http://www.dhammadownload.com

၆။ အတ္ထစရိယာ .... သူ့ကောင်းကျိုးကို ကျင့်သုံးနိုင်ခြင်း၊

၇။ သမာနတ္ထတာ .... မိမိနှင့်တူမျှသော အကျိုးတရားကို ဖြစ်စေနိုင်ခြင်း။

အမျိုးသမီးများ၏ မျက်မှောက်ဘဝအောင်မြင်ရေးတရား(၄)ပါး

ဝိသာခါကျောင်းအစ်မကြီးကို မြတ်ဗုဒ္ဓ ဟောကြားတော်မူသော တရား(၄)ပါး ဖြစ်၏။ ယင်းတို့မှာ–

၁။ အိမ်တွင်းမှုကိစ္စတို့၌ ကျွမ်းကျင်လိမ္မာစွာ စီရင်တတ်ခြင်း၊

၂။ အခြေအရံပရိသတ်တို့အား ချီးမြှောက်ထောက်ပံ့ခြင်း၊

၃။ လင်ယောကျ်ား၏ နှစ်သက်ဖွယ်ကိုပြုတတ်ခြင်း၊

၄။ လင်ယောကျ်ား ရှာကြံဆောင်ယူလာခဲ့သည့် ပစ္စည်းဥစ္စာများကို လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်ထားတတ်ခြင်း။

မယား(၇)မျိုး

၁။ သူသတ်သမားနှင့်တူသောမယား၊

၂။ ခိုးသူနှင့်တူသောမယား၊

၃။ အရှင်သခင်နှင့်တူသောမယား၊

၄။ အမိနှင့်တူသောမယား၊

၅။ နှမနှင့်တူသောမယား၊

၆။ အဆွေခင်ပွန်းနှင့်တူသောမယား၊

၇။ ကျွန်မနှင့်တူသောမယား။

ဤ(၇)မျိုးတွင် ရှေ့မိန်းမ(၃)မျိုးသည် အကျင့်သီလပျက်၍ သေလွန်သော် ငရဲသို့ ရောက်ကြရ၏။ နောက်မိန်းမ(၄)မျိုးသည် အကျင့်သီလမှာတည်၍ (နိမ္မာနရတိ) နတ်ပြည်သို့ရောက်ကြရ၏။ တစ်ဖန်ဤ(၄)မျိုးတွင်ပင် နောက်ဆုံးကျွန်မနှင့်တူသော မယားသည် အမြတ်ဆုံးဖြစ်ပြီး ယောကျ်ားဆုပန်၊ နိဗ္ဗာန်ဆုတောင်းလျှင် မချွတ်မလွဲ ပြည့်မြဲဖြစ်၏။

http://www.dhammadownload.com

စီးပွားပျက်ကြောင်းတရား(၃)ပါး

၁။ ကုတ္ထိဓုတ္တ .... မိန်းမလိုက်စားခြင်း၊

၂။ သုရာဓုတ္တ .... သေသောက်ကြူးခြင်း၊

၃။ အက္ခဓုတ္တ .... လောင်းကစားကြူးခြင်း။

ဥစ္စာယိုထွက်ကြောင်းအပေါက်(၆)ပါး

၁။ ပျင်းရိခြင်း၊

၂။ မေ့လျော့ခြင်း၊

၃။ လုံ့လမရှိခြင်း၊

၄။ မစောင့်စည်းခြင်း၊

၅။ အအိပ်ကြူးခြင်း၊

၆။ ကိုယ်တဆန့်ဆန့်ပျင်းကြောဆွဲခြင်း။

ဥစ္စာပျက်စီးကြောင်း အကြောင်း(၆)ပါး

၁။ အရက်သေစာ သောက်စားခြင်း၊

၂။ ညအခါ အချိန်မဲ့ လျှောက်သွားခြင်း၊

၃။ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊

၄။ လောင်းကစားခြင်း၊

၅။ မိတ်ဆွေယုတ်နှင့်ပေါင်းသင်းရခြင်း

၆။ ပျင်းရိခြင်း။

မိုးချုပ်ညဉ့်နက် လည်ပတ်သွားလာသူများ၏ အပြစ်(၆)ပါး

၁။ မိမိကိုယ်ကို မစောင့်ရှောက် မလုံခြုံဖြစ်စေခြင်း၊

၂။ မိမိသားမယားများကို မစောင့်ရှောက် မလုံခြုံဖြစ်စေခြင်း၊

၃။ ပစ္စည်းဥစ္စာများ စောင့်ရှောက်မဲ့ ဖြစ်၍မလုံခြုံခြင်း၊

၄။ မကောင်းမှုဌ သူတပါးတို့၏ မသက်ာမှုခံရခြင်း၊

http://www.dhammadownload.com

၅။ မဟုတ်မမှန် စွပ်စွဲခံရတတ်ခြင်း၊

၆။ ဆင်းရဲဒုက္ခအပေါင်းကို ခေါင်းဆောင်၍ ခေါ်ယူရာကျခြင်း။

အကျိုးမဲ့ ပျော်မွေ့ခြင်း(၄)ပါး

၁။ ကမ္မာရာမတာ .... ပရိယတ်၊ ပဋိပတ်တို့၌ အားမထုတ်ဘဲအခြားအလုပ်၌သာ ပျော်မွေ့နေသူ။

၂။ ဘဿာရာမတာ .... မဂ်ဖိုလ်၏ ဆန့်ကျင်ဘက်စကားပြောခြင်းဖြင့်သာ ပျော်မွေ့နေသူ။

၃။ နိဒ္ဒါရာမတာ .... အိပ်စက်ခြင်းဖြင့်သာ မွေ့လျော်နှစ်ခြိုက်နေသူ။

၄။ သင်္ဂဏိကာရာမတာ....တစ်ယောက်တည်းမနေတတ်ဘဲ အပေါင်းအဖော်များနှင့်သာ ပျော်ပိုက်နှစ်ခြိုက်နေတတ်သူ။

လူသားတို့ပျက်စီးကြောင်းတရား(၃)ပါး

၁။ အဓမ္မရာဂ .... မိခင်၊ မိကြီး၊ မိထွေး၊ အစ်မ၊ ညီမစသည့်မလျော်သူတို့၌ ဖြစ်သောရာဂ။

၂။ ဝိသမလောဘ .... မမျှတလွန်းသော အလိုရမ်မက်။

၃။ မိစ္ဆာဓမ္မ .... ယောကျ်ားချင်း၊ မိန်းမချင်း၊ လိင်တူအချင်းချင်း မေထုန်ကျင့်သောရာဂ။

ကုန်သွယ်မှုအကျိုးအမြတ်ချင်းခြားနားချက်

ဤလောက၌ ကြိုးစားအားထုတ် ပြုလုပ်အပ်သော ကုန်သွယ်မှုချင်း တူမျှသည်ဖြစ်ပါလျက် အောက်ပါ အကြောင်းတရားများကြောင့် ကုန်သွယ်မှုအကျိုးအမြတ်ချင်းခြားနားမှု ဖြစ်ကြရလေ၏။

၁။ အချို့သောသူတို့သည် ရဟန်းတို့အား "အရှင်ဘုရား၊ အလိုရှိသော ပစ္စည်းကိုပြောပါ" ဟု ဖိတ်ကြားပြီးမှ ထိုပစ္စည်းကို မလျှဒါန်းချေ။ ထိုသူတို့သည် ထိုဘဝမှ စုတေ၍ ဤဘဝသို့ရောက်လာပြီး ကုန်သွယ်မှု ပြုလုပ်သောအခါ ရှုံးရ၏။

၂။ အချို့သူတို့သည် ရဟန်းတို့အား "အရှင်ဘုရား၊ အလိုရှိသော ပစ္စည်းကိုပြောပါ" ဟု ဖိတ်ကြားပြီး ရည်မှန်းသည့်အတိုင်း မပေးလှူဘဲ နည်းနည်းသာပေးလှူ

http://www.dhammadownload.com

၏။ ထိုသူတို့သည် ထိုဘဝမှ စုတေ၍ ဤဘဝသို့ရောက်လာပြီး ကုန်သွယ်မှုပြုလုပ်သောအခါ ရည်မှန်းသလောက်မရတတ်ပေ။

၃။ အချို့သူတို့သည် ရဟန်းတို့အား "အရှင်ဘုရား၊ အလိုရှိသောပစ္စည်းကိုပြောပါ"ဟု ဖိတ်ကြားပြီး ရည်မှန်းသည့်အတိုင်းပေးလှူ၏။ ထိုသူတို့သည် ထိုဘဝမှ စုတေ၍ ဤဘဝသို့ရောက်လာပြီး ကုန်သွယ်မှုပြုလုပ်သောအခါ ရည်မှန်းသည့် အတိုင်းရ၏။

၄။ အချို့သူတို့သည် ရဟန်းတို့အား "အရှင်ဘုရား၊ အလိုရှိသောပစ္စည်းကိုပြောပါ"ဟု ဖိတ်ကြားပြီး ရည်မှန်းသည်ထက် ပို၍ ပေးလှူ၏။ ထိုသူတို့သည် ထိုဘဝမှစုတေ၍ ဤဘဝသို့ရောက်လာပြီး ကုန်သွယ်မှုပြုသောအခါ ရည်မှန်းသည်ထက်ပို၍ရ၏။

ဤသည်တို့ကား ကြိုးစားအားထုတ်ပြုလုပ်အပ်သော ကုန်သွယ်မှုချင်း တူမျှပါလျက် ရှုံးခြင်း၊ ရည်မှန်းသလောက်မရခြင်း၊ ရည်မှန်းသလောက်ရခြင်း၊ ရည်မှန်းသည်ထက်ပို၍ရခြင်းတို့၏ အကြောင်းများတည်း။

အဂတိတရား ၄ ပါး

သူတော်ကောင်းတို့ ရှောင်ကြဉ်ရမည့် အဂတိတရားလေးပါးမှာ–

၁။ ဆန္ဒာဂတိ .... ချစ်ခင်သဖြင့် မလားအပ်သည်သို့လားခြင်း၊

၂။ ဒေါသာဂတိ .... ကြောက်သဖြင့် မလားအပ်သည်သို့လားခြင်း၊

၃။ မောဟာဂတိ .... မုန်းသဖြင့်မလားအပ်သည်သို့လားခြင်း၊

၄။ ဘယာဂတိ .... တွေဝေမိန်းမောသဖြင့် အမှန်ကို မသိဘဲ မလားအပ်သည်သို့လားခြင်း။

ပမာဒတရား ၃ ပါး

မဂ်ဖိုလ်နှင့်ဖီလာဆန့်ကျင်သောတရား(တစ်နည်း) ပေါ့ဆမေ့လျော့ခြင်း တရားဖြစ်ပါသည်။ ယင်းတို့မှာ–

၁။ ဒုစရိုက်တရားများကိုပြုလုပ်ခြင်း၊

၂။ ကာမဂုဏ်တရားများကို လိုက်စားပျော်ရွှင်ခြင်း၊

၃။ ကုသိုလ်တရားများကို မပြုလုပ် မပွားများဘဲနေခြင်း။

http://www.dhammadownload.com

လောကဋ္ဌမရှိသောအရာ ၃ ပါး

၁။ မအိုသော၊ မသေသောအရာဟူ၍မရှိ၊

၂။ ခိုင်မြဲနေသော သခါရတရားဟူ၍မရှိ၊

၃။ ပရမတ္ထအားဖြင့် လူ၊နတ်၊ဗြဟ္မာ သတ္တဝါဟူ၍မရှိ ရုပ်၊ နာမ်မျှသာရှိ၏။

သစ္စာအမျိုးမျိုး

၁။ **ဝစီသစ္စာ**

အမှန်အတိုင်းဆိုသောစကားကို ဝစီသစ္စာဟုခေါ်၏။ ဤသစ္စာကား အဖြစ်အပျက်အမှန်ကို အမှန်အတိုင်းပြောဆိုရသော သဘာဝမမွှတစ်မျိုးပင်ဖြစ်၏။ ထို့ကြောင့် အမှန်ကိုဆိုခြင်းသာ ပဓာနဖြစ်၍ ကောင်းသောအရာ အချက်အလက်ကို ဆိုမှမဟုတ်ဘဲ အဖြစ်အပျက်မှန်ဖြစ်ပါက မကောင်းသောအရာကိုပင် ဆိုသော်လည်း တန်ခိုးအစွမ်း ရှိပါသည်။ ဤသဘာဝ ဓမ္မသစ္စာကိုဆိုခြင်းဖြင့် အဆိပ်ကိုပပျောက် စေနိုင်ခြင်း၊ မီးကို ငြိမ်းစေနိုင်ခြင်း၊ မိုးကိုရွာစေနိုင်ခြင်း၊ ကောင်းကင်၌ တည်စေနိုင်ခြင်း စသော ကောင်းကျိုး ချမ်းသာ အံ့ဖွယ်အမျိုးမျိုးကို ဖြစ်စေနိုင်သည့် အစွမ်းသတ္တိများရှိ၏။

၂။ **ဝိရတိသစ္စာ**

မမှန်သောစကား မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်၏။

၃။ **အရိယသစ္စာ**

ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဤလေးပါးသည် မှန်ကန်သောသဘာဝများ ဖြစ်၍ အရိယသစ္စာမည်၏။

၄။ **ပရမတ္ထသစ္စာ**

အမှန်တကယ်ထင်ရှားရှိ၍ မပျက်စီးတတ်၊ ကောင်းမြတ်သော သဘောရှိပြီး အမြဲတမ်းမှန်ကန်နေသော သစ္စာဖြစ်သည့် နိဗ္ဗာန်ကိုခေါ်၏။

၅။ **ဒိဋ္ဌသစ္စာ**

မိမိက အမှန်ဟုစွဲချက်အရ သစ္စာဆိုရခြင်းဖြစ်၏။

http://www.dhammadownload.com

နောင်တ တရားကြီး ၁၀ ပါး

လွန်ပြီးအမှုတို့ကို ပြန်တွေးကာ စိတ်မအေးဖွယ် ပူပန်ရခြင်း အကြောင်းတရား ၁၀ ပါးတို့မှာ--

၁။ ငယ်စဉ်အခါ ပစ္စည်းဥစ္စာ မရှာဖွေခဲ့၍ အိုမင်းသော နောင်အခါ၌ မရှိ ဆင်းရဲ မွဲပြာကျသောကြောင့် နောင်တတစ်ဖန်ပူပန်ရခြင်း၊

၂။ ငယ်စဉ်အခါ ပညာမသင်ခဲ့၍ နောင်အခါ ပညာမရှိခြင်းကြောင့် အသက်မွေးမှု ဆင်းရဲ ရသောကြောင့် နောင်တတစ်ဖန်ပူပန်ရခြင်း။

၃။ ကောက်ကျစ်စဉ်းလဲခြင်း၊ ကုန်းချောစကားပြောကြား ရန်တိုက်ခြင်းများ ပြုမိခဲ့လျှင် နောင်သေရာ ညောင်စောင်း၌ လျောင်းစက်ရသောအခါ နောင်တတစ်ဖန် ပူပန်ရခြင်း၊

၄။ သူ၏အသက်ကိုသတ်ခြင်း၊ သနားမဖက် ရက်စက်ကြမ်းကြုတ်ခြင်း၊ ယုတ်မာ ညစ်ညမ်းသော အမှုတို့ကို ပြုမိခြင်းများကြောင့် နောင်သောအခါ နောင်တတစ်ဖန် ပူပန်ရခြင်း၊

၅။ မသွားလာအပ်သော သူ့မယား၊ သူ့သမီးစသော သူတစ်ပါးအိမ်ရာတို့ကို သွားလာပေါင်းသင်း မှီဝဲဖျက်ဆီးမိခြင်းကြောင့် နောင်အခါ နောင်တ တစ်ဖန် ပူပန်ရခြင်း၊

၆။ လှူဖွယ်ပစ္စည်း ဝတ္ထုအစုစုတို့ ရှိပါလျက် ဒါနမပြုမိခဲ့၍ နောင်အခါ နောင်တ တစ်ဖန် ပူပန်ရခြင်း၊

၇။ အခြေအနေရှိပါလျက် မိဘတို့ကို အသက်ရှိစဉ်အခါက မလုပ်ကျွေး မမွေးမြူ မိခဲ့လျှင် နောင်အခါ နောင်တ တစ်ဖန် ပူပန်ရခြင်း၊

၈။ ပုဗ္ဗစရိယဖြစ်၍ အဖန်ဖန်အလဲလဲ ဆိုဆုံးမတတ်သော အလုံးစုံသော ဝတ္ထုကာမ အရာသာတို့ကို ရှာကြံဆောင်ယူ၍ ကျွေးမွေးစောင့်ရှောက်တတ်သော မိခင်၊ ဖခင်မြတ်နှင့် မိဘကဲ့သို့ ကျေးဇူးရှိသူတို့ကို မထီမဲ့မြင်ပြုမိခဲ့လျှင် နောင်အခါ နောင်တတစ်ဖန် ပူပန်ရခြင်း၊

၉။ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံသော ရဟန်းသံဃာ အရှင်သူမြတ်များ ထင်ရှားရှိနေစဉ်က မဆည်းကပ် မကိုးကွယ် မပေးလှူမိ၍ နောင်အခါ နောင်တ တစ်ဖန် ပူပန်ရခြင်း၊

၁၀။ သူတော်ကောင်းတရား အကျင့်မြတ်များကို ရှေးကမကျင့်မိခဲ့၍ နောင်အခါ နောင်ကတစ်ဖန်ပူပန်ရခြင်း။

http://www.dhammadownload.com

မိဘဝတ္တရားငါးပါး

၁။ မကောင်းမှုမှ မြစ်တားခြင်း၊

၂။ ကောင်းရာကို ညွှန်ကြားခြင်း၊

၃။ အတတ်ပညာ သင်စေခြင်း၊

၄။ သင့်တော်သောအချိန်၌ ဥစ္စာပေးကမ်းခြင်း၊

၅။ အရွယ်ရောက်သောအခါ ထိမ်းမြားလက်ထပ်ပေးခြင်း။

မိဘများမှာ သားသမီးများကို ပစ္စည်းဥစ္စာ ပေးခြင်းထက် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတရား ရရှိနိုင်ရေးအတွက် အလိမ္မာနှင့် ပညာပေးကာ ချီးမြှောက်သင့်ကြ၏။

(မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ)

သားသမီးဝတ္တရားငါးပါး

၁။ မိဘတို့အား တစ်ဖန်ပြန်၍ ကျေးမွေးပြုစုရခြင်း၊

၂။ လုပ်ငန်းဆောင်တာများကို စီမံဆောင်ရွက်ရခြင်း၊

၃။ မိဘတို့၏ အမွေခံကောင်းများကို ဆက်ခံရခြင်း၊

၄။ မိဘတို့အတွက် အလှူအတန်းများ ပြုလုပ်၍ အမျှပေးဝေခြင်း၊

၅။ မိမိ၏အမျိုးအနွယ်ကို စောင့်ထိန်းခြင်း။

(ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။)

ဆရာ့ကျင့်ဝတ်ငါးပါး

၁။ အတတ်ပညာ သင်ကြားပေးရခြင်း၊

၂။ လိမ္မာယဉ်ကျေးစေရန် ဆုံးမပဲ့ပြင်ရခြင်း၊

၃။ သင်ပေးရမည့် အတတ်ပညာကို ခြွင်းချန်မထားရခြင်း၊

၄။ ဘေးရန်အပေါင်းကို တားဆီးကာကွယ်ပေးရခြင်း၊

http://www.dhammadownload.com

၅။ မိမိထံ၌ အတတ်ပညာစုံညီပါက သင့်ရာပညာကို သင်ကြားနိုင်ရန် အခြားဆရာထံ အပ်၍ ရွှေ့ပြောင်း သင်ကြားစေခြင်း။

(အတတ်လည်းသင်၊ ပုံပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ)

တပည့်ကျင့်ဝတ်ငါးပါး

၁။ ညီညာထကြွလုံ့လနှင့် ပြည့်စုံရခြင်း၊

၂။ ဆိုဆုံးမမှုကို နာယူလိုက်နာခြင်း၊

၃။ ဆရာသမားအား ကောင်းမွန်စွာဆီးကြိုနှုတ်ဆက်ရခြင်း၊

၄။ ဆရာသမားအား အနီးကပ်လုပ်ကျွေးပြုစုရခြင်း၊

၅။ သင်ကြားသမျှကို ကြိုးစားကျက်မှတ်ရခြင်း။

(ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။)

မိတ်ဆွေကျင့်ဝတ်ငါးပါး

၁။ ပေးကမ်းချီးမြှင့်ရခြင်း၊

၂။ ကိုယ်နှင့်တစ်တန်းစားတည်းထား၍ ပေါင်းသင်းဆက်ဆံခြင်း၊

၃။ သူ့အကျိုးစီးပွားကိုဆောင်ရွက်ပေးခြင်း၊

၄။ ချစ်ဖွယ်သောစကားကိုသာဆိုခြင်း၊

၅။ ကတိသစ္စာတည်ကြည်မှန်ကန်ခြင်း။

(ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။)

လင့်ဝတ္တရားငါးပါး

၁။ မိမိ၏ဇနီးမယားအားချစ်မြတ်နိုးခြင်း၊

၂။ မထီမဲ့မြင်မပြုခြင်း၊

၃။ မိန်းမတစ်ပါးမလိုက်စားခြင်း၊

http://www.dhammadownload.com

၄။ စည်းစိမ်အစိုးရမှုအပ်နှင်းခြင်း၊

၅။ ဝတ်စားတန်ဆာပေးခြင်း။

မယားဝတ္တရားငါးပါး

၁။ အိမ်တွင်းမှု အလုပ်များကို ကောင်းစွာပြုလုပ်ခြင်း၊

၂။ ဆွေမျိုးများအား ချီးမြှောက်ခြင်း၊

၃။ ယောကျ်ားတစ်ပါးနှင့်မလွန်ကျူးခြင်း၊

၄။ ပစ္စည်းဥစ္စာကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၅။ မပျင်းရိခြင်း။

ဓနိမောင်နှံအတွဲ(၄)စုံ

၁။ သူသေယောကျ်ားနှင့် သူသေမိန်းမ (လင်ကလည်း အကျင့်မကောင်း၊ မယား ကလည်း အကျင့်မကောင်းသောအတွဲ)

၂။ သူသေယောကျ်ားနှင့် မယားနတ်သမီး(လင်က သီလမရှိ၊ မယားက သီလရှိသော အတွဲ)

၃။ နတ်ယောကျ်ားနှင့်မယားသူသေ (လင်က၊ သီလရှိ၍ မယားက သီလမရှိသော အတွဲ)

၄။ နတ်ယောကျ်ားနှင့် မယားနတ်သမီး (လင်နှင့်မယားနှစ်ဦးလုံး သီလရှိကြသောအတွဲ)

ထိဓနိမောင်နှံ(၄)စုံအနက် နောက်ဆုံး နတ်ယောကျ်ားနှင့် မယားနတ်သမီး အတွဲကိုသာ မြတ်ဗုဒ္ဓက လိုလားနှစ်သက် ချီးမွမ်းတော်မူ၏။

မင်းကျင့်တရား(၁၀)ပါး

တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများသည် အောက်ဖော်ပြပါ မင်းကျင့်တရား(၁၀)ပါး နှင့်အညီ စီမံအုပ်ချုပ် မင်းလုပ်ပါက ယင်းတိုင်းပြည်သည် ရာသီဥတုကောင်းမွန်ခြင်း၊ အစာရေစာပေါများခြင်း၊ ဘေးဒုက္ခအန္တရာယ်များ မကျရောက်နိုင်ခြင်း စသည်တို့အားဖြင့် စည်ပင်သာယာ ဝပြောနေမည်သာ ဖြစ်ကြောင်း မြတ်ဗုဒ္ဓကဟောကြားတော်မူခဲ့ပါသည်။ ယင်းတရားဆယ်ပါးမှာ–

http://www.dhammadownload.com

(၁) ဒါန .... ရက်ရောခြင်း၊ သဒ္ဓါတရားရှိခြင်း၊ လူအများ ကောင်းကျိုးအတွက် ပေးကမ်းစွန့်ကြဲခြင်း အစရှိသည်များနှင့် ပြည့်စုံရသည်။ ဓနကြွေးငွေ ပစ္စည်းဥစ္စာများအပေါ် စွဲလမ်းတပ်မက်ခြင်း၊ လိုချင်တောင့်တခြင်းများမရှိရ။

(၂) သီလ .... မြင့်မြတ်သော အကျင့်သီလနှင့် ပြည့်စုံရသည်။ အနိမ့်ဆုံးအားဖြင့် လူဝတ်ကြောင်တို့၏ အကျင့်သိက္ခာဖြစ်သော ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းရမည်။

(၃) ပရိစ္စာဂ .... လူအများ ကောင်းကျိုးအတွက် မိမိ၏ နာမည်ကောင်းမှု၊ ကျော်ကြားမှု၊ အသက်စွန့်လွှတ်နိုင်မှု စသည်အားဖြင့် အရာရာကို စွန့်လွှတ်နိုင်ရမည်။

(၄) အဇ္ဇဝ .... အများပြည်သူတို့အား လိမ်လည်လှည့်ဖြားခြင်း၊ မျက်နှာလိုက်ခြင်း၊ မမှန်မကန် ဆုံးဖြတ်ခြင်းများ၊ စိုးရိမ်ကြောက်လန့်စေခြင်းများ မရှိစေရဘဲ၊ အများပြည်သူတို့ အပေါ် ရိုးသားဖြောင့်မတ်ခြင်း၊ တော်တည့်မှန်ကန်ခြင်း၊ စေတနာရည်ရွယ်ချက် သန့်ရှင်းအောင် ထားခြင်းများဖြင့် ပြည့်စုံရမည်။

(၅) မဒ္ဒဝ.... ကြင်နာသနားတတ်ခြင်း၊ နှူးညံ့သိမ်မွေ့ခြင်း၊ သင့်မြတ်ကောင်းမွန်သော စိတ်နေသဘောထားများနှင့် ပြည့်စုံရမည်။

(၆) တပ.... ခြိုးခြံစွာနေတတ်ခြင်း၊ ရိုးသားစွာနေထိုင် ဝတ်စားဆင်ယင်ခြင်း၊ မိမိကိုယ်ကို မိမိနှိမ်ချခြင်းများဖြင့် ပြည့်စုံရသည်။ စည်းစိမ်ယစ်မူးစွာ နေထိုင်မှုမျိုး ရှောင်ကြဉ် ရမည်။

(၇) အက္ကောဓ.... အမျက်ထွက်ခြင်း၊ မလိုမုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်းများမှ ကင်း၍ မည်သူ့အပေါ်မှ ရန်လိုမှု၊ ရန်ငြိုးဖွဲ့မှုများမရှိစေရ။

(၈) အဝိဟိ'သ.... ညှဉ်းဆဲနှိပ်စက်မှုမပြုခြင်း၊ အများပြည်သူကို အန္တရာယ်မဖြစ်စေခြင်းများနှင့် ပြည့်စုံရမည်။ စစ်မက်ဖက်ပြိုင်မှုများ၊ အကြမ်းဖက်မှုများ၊ သတ်ဖြတ်မှုများ မဖြစ်ပွားစေရန် ကာကွယ်တားမြစ် ရှောင်ရှား၍ ငြိမ်းချမ်းရေးကိုထူထောင် တည်ဆောက်ရမည်။

(၉) ခန္တီ.... စိတ်ရှည်ခြင်း၊ သည်းညည်းခံခြင်း၊ နားလည်မှုရှိခြင်းများနှင့် ပြည့်စုံရသည်။ အခက်အခဲများ၊ ဒုက္ခဆင်းရဲခြင်းများနှင့် မထိမဲ့မြင်ပြုမှု၊ စော်ကားရန်စမှုများကို အမျက်ဒေါသ မထွက်ဘဲ ရင်ဆိုင်နိုင်ရမည်၊ သည်းခံနိုင်ရမည်။

http://www.dhammadownload.com

(၁၀) အဝိရောဓ.... လူအများ၏ ဆန္ဒသဘောထားများ လူအများအကျိုးရှိစေမည့် လုပ်ငန်းဆောင်တာများကို မပိတ်ပင်မတားဆီးရ၊ မဆန့်ကျင်ရ၊ တိုင်းသူပြည်သား လူအများနှင့် သဘောညီညွတ်စွာ အုပ်ချုပ်ရမည်။

သာရဏီယတရား(၆)ပါး

သီတင်းသုံးဖော်ချင်း ဝမ်းမြောက်စွာ လိုက်နာ ကျင့်ကြံရမည့် တရား (၆)ပါးမှာ–

၁။ မေတ္တာနှင့်ယှဉ်သော ကာယကံမှုကိုသာ အစဉ်ပြုခြင်း၊

၂။ မေတ္တာနှင့်ယှဉ်သော ဝစီကံမှုကိုသာအစဉ်ပြုခြင်း၊

၃။ မေတ္တာနှင့်ယှဉ်သော မနောကံမှုကိုသာအစဉ်ပြုခြင်း၊

၄။ တရားသဖြင့်ရရှိသော လာဘ်ပစ္စည်းကို မိမိအတွက် မလောက်ငသည်ဖြစ်စေ ညီမျှစွာခွဲဝေခံစားခြင်း၊

၅။ သီတင်းသုံးဖော်တို့နှင့်အတူ မိမိသီလကိုလည်း ဖြူစင်မြင့်မြတ်စွာ ထား၍ မျက်မှောက်မျက်ကွယ်တို့၌ သူတော်ကောင်းတို့ ချီးမွမ်းဖွယ်ဖြစ်အောင် နေထိုင်ခြင်း၊

၆။ သီတင်းသုံးဖော်တို့နှင့်အတူ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားတို့ကို ကောင်းစွာကျင့်ကြံ အားထုတ်ခြင်း။

ဝုဋ်(၃)မျိုး

၁။ ဇာတိဝုဋ် .... အမျိုးဇာတ်အားဖြင့်ကြီးမြင့်သူ။

၂။ ဝယောဝုဋ် .... အသက်အရွယ်အားဖြင့်ကြီးမြင့်သူ။

၃။ ဂုဏဝုဋ် .... သီလစသောဂုဏ်အားဖြင့်ကြီးမြတ်သူ။

ဤကြီးမြတ်သူသုံးမျိုးတွင် ဂုဏဝုဋ် (အကျင့်သိက္ခာအားဖြင့် ကြီးမြတ်သူ)အား မိမိကိုယ်ကိုနှိမ့်ချ၍ ရိသေလေးစားသမှု ပြုခြင်း (ရှိခိုးမှု၊ လက်အုပ်ချီမှု၊ ခရီးဦးကြိုဆိုမှု၊ နေရာပေးမှု၊ ကိုင်းညွတ်မှု၊ စသည်–)သည် အကျိုးများဆုံး ဖြစ်၏။

http://www.dhammadownload.com

ဆေးနာဖြစ်ရခြင်းအကြောင်းရင်း(၈)ပါး

၁။ လေဓာတ်ပျက်သောကြောင့်၊

၂။ သည်းခြေပျက်သောကြောင့်၊

၃။ သလိပ်ပျက်သောကြောင့်၊

၄။ လေ၊ သည်းခြေ၊ သလိပ်သုံးပါးအစုအဝေး ပျက်သောကြောင့်၊

၅။ ဥတုဖောက်ပြန်မှုကြောင့်၊

၆။ မသင့်သောအစာအာဟာရကြောင့်၊

၇။ သူတစ်ပါး၏လုပ်ကြံမှု လုံ့လပယောဂကြောင့်၊

၈။ မိမိပြုလုပ်ခဲ့သောမကောင်းမှုကံကြောင့်။

ဝေဒနာဖြစ်ပေါ်ကြရ၏။ ထို့ကြောင့် ရောဂါဝေဒနာ ရရှိခံစားရတိုင်း ကံကြောင့် ချည်းဟု မမှတ်ယူသင့်ပါ။

ချမ်းသာစွာနေထိုင်ခြင်းတရားငါးပါး

အောက်ပါတရားငါးပါးနှင့် ပြည့်စုံလျှင်ချမ်းသာစွာနေထိုင်ရ၏။ ယင်းတရားတို့မှာ–

၁။ ဤသာသနာ၌ မေတ္တာကာယကံသည် မျက်မှောက်၊ မျက်ကွယ်တို့၌ သီတင်းသုံးဖော်တို့၌ ရှေးရှုတည်၏။

၂။ ဤသာသနာ၌ မေတ္တာဝစီကံသည် မျက်မှောက်၊ မျက်ကွယ်တို့၌ သီတင်းသုံးဖော်တို့၌ ရှေးရှုတည်၏။

၃။ ဤသာသနာ၌ မေတ္တာမနောကံသည် မျက်မှောက်၊ မျက်ကွယ်တို့၌ သီတင်းသုံးဖော်တို့၌ ရှေးရှုတည်၏။

၄။ မကျိုးမပေါက် မပြောက်မကျားကုန်သော၊ တဏှာကျွန်အဖြစ်မှ ကွယ်ပျောက်ကုန်သော၊ ပညာရှိတို့ချီးမွမ်းအပ်ကုန်သော၊ တည်ကြည်ခြင်းသမာဓိဖြစ်စေတတ်သော သဘောရှိကုန်သော သီလတို့ဖြင့် မျက်မှောက်၊ မျက်ကွယ်တို့၌ သီတင်းသုံးဖော်တို့နှင့် အတူပြည့်စုံခြင်းသို့ရောက်လျက်နေ၏။

၅။ ဝဠဆင်းရဲမှလွတ်မြောက်ကြောင်းဖြစ်သော ပြုကျင့်သူအား ဝဠဆင်းရဲမှ ကောင်းစွာထုတ်ဆောင်တတ်သောသဘောရှိသည့် မှန်သောအယူ (သမ္မာဒိဋ္ဌိ)ဖြင့် မျက်မှောက်၊ မျက်ကွယ်တို့၌ သီတင်းသုံးဖော်တို့နှင့်အတူ ပြည့်စုံခြင်းသို့ ရောက်လျက်နေ၏။

(အင်္ဂုတ္တရပါဠိတော် ဖာသုဝိဟာရသုတ်မှ)

http://www.dhammadownload.com

သုစရိုက်နှင့်ပြည့်စုံသောနေ့

ရဟန်းတို့....

နံနက်ခင်း၌ ကိုယ်ဖြင့်ကောင်းသောအကျင့်ကို ကျင့်ကုန်သော၊ နှုတ်ဖြင့်ကောင်းသော အကျင့်ကိုကျင့်ကုန်သော၊ စိတ်ဖြင့်ကောင်းသောအကျင့်ကိုကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသောနံနက်ခင်းသည် ဖြစ်ပေ၏။

ရဟန်းတို့....

နေ့လယ်ခင်း၌ ကိုယ်၊ နှုတ်၊ စိတ်နလုံးသုံးပါးလုံးဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသောနေ့ခင်းသည်ဖြစ်ပေ၏။

ရဟန်းတို့....

ညချမ်းအခါ၌ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသောညချမ်းအခါဖြစ်ပေ၏။

ရဟန်းတို့....

ဤကဲ့သို့ သုစရိုက်နှင့် ပြည့်စုံသောနေ့သည် ကောင်းသောကံတစ်နှင့်လည်း ယှဉ်သည်မည်၏။ ကောင်းသောမင်္ဂလာနှင့်လည်း ပြည့်စုံ၏။ ကောင်းသောမိုးသောက်လည်း မည်၏။ ကောင်းသော အိပ်ရာမှထခြင်းလည်းမည်၏။ ကောင်းသော ခဏလည်းမည်၏။ ကောင်းသောမုဟုတ်လည်းမည်၏။

ရဟန်းတို့....

သုစရိုက်နှင့်ပြည့်စုံသောနေ့၌ ကိုယ်ဖြင့်ပြုသောအမှုသည် ပွားစီးသော ကာယကံ မည်၏။ နှုတ်ဖြင့်ပြုသောအမှုသည် ပွားစီးသောဝစီကံမည်၏။ စိတ်ဖြင့်ပြုသောအမှုသည် ပွားစီးသော မနောကံမည်၏။ ပွားစီးသော ထိုကံတို့ကို ဆောက်တည်သည်မည်၏။ ပွားစီးသော ထိုကံတို့ကို ပြုပြီး၍ ပွားစီးသောအကျိုးကို ရကြကုန်၏။

(အင်္ဂုတ္တိရ်ပါဠိတော် ပုဗ္ဗဏ္ဏသုတ်မှ)

ကိုယ့်ကိုကိုယ်ချစ်လျှင်

"ဒကာတော်မင်းကြီး၊ အကြင်သူတို့သည် ကိုယ်ဖြင့် မကောင်းသောအမှုကိုပြု၏။ နှုတ်ဖြင့် မကောင်းသောအမှုကိုပြု၏။ စိတ်ဖြင့် မကောင်းသောအမှုကိုပြု၏။ ထိုသူတို့သည် မိမိကိုယ်ကို မချစ်သောသူမည်၏။ ထိုသူတို့က ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် ချစ်ပါသည်ဟု ဆိုကြစေကာမူ အမှန်ကားထိုသူတို့သည် မိမိကိုယ်ကို မချစ်သောသူတို့သာ

http://www.dhammadownload.com

ဖြစ်ကြ ကုန်၏။ အဘဲယ်ကြောင့်ဆိုသော် မချစ်သောသူသည် မိမိမချစ်သောသူ အတွက် ပြုလုပ်ရမည့် အမှုမျိုးကို (ထိုသူတို့သည်) မိမိအတွက် မိမိကိုယ်တိုင် ပြုလုပ်နေကြသောကြောင့် ဖြစ်သည်"။

"ဒကာတော်မင်းကြီး၊ အကြင်သူတို့သည် ကိုယ်ဖြင့် ကောင်းသော အမှုကိုပြု၏။ နှုတ်ဖြင့် ကောင်းသော အမှုကိုပြု၏။ စိတ်ဖြင့် ကောင်းသော အမှုကိုပြု၏။ ထိုသူတို့သည် မိမိကိုယ်ကို ချစ်သောသူမည်၏။ ထိုသူတို့က ကျွန်ုပ်တို့သည် ကိုယ့်ကို ကိုယ်မချစ်ပါဟု ဆိုကြစေကာမူ အမှန်ကား ထိုသူတို့သည် မိမိကိုယ်ကိုချစ်သော သူတို့သာဖြစ်ကြကုန်၏။ အဘယ်ကြောင့်ဆိုသော် ချစ်သောသူသည် မိမိချစ်သော သူအတွက် ပြုလုပ်ရမည့်အမှုမျိုးကို (ထိုသူတို့သည်)မိမိအတွက် မိမိကိုယ်တိုင် ပြုလုပ်နေကြသောကြောင့် ဖြစ်သည်။"

"မိမိကိုယ်ကို ချစ်အပ်၏ဟုနားလည်လျှင် မိမိကိုယ်ကို မကောင်းမှုနှင့် မယှဉ်စေရာ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည် ချမ်းသာသုခကို **ရဖို့ရန်** ခဲယဉ်း၏"။

"သေမင်းနှိပ်စက်၍ လူ့ဘဝကို စွန့်သွားရသော သူအတွက် သူ့ကိုယ်ပိုင်ဥစ္စာကား အဘယ်နည်း။ အဘယ်ဥစ္စာကို ယူဆောင်သွားရသနည်း။ အဘယ်အရာသည် သူသွားလိုရာသို့ အရိပ်ပမာ ပါသွားသနည်း။ သေမင်းနှိပ်စက်၍ လူ့ဘဝကို စွန့်သွားရသော သူအတွက် သူ့ကိုယ်ပိုင်ဥစ္စာကား သူမသေမီ ပြုလုပ်ခဲ့သည့် ကောင်းမှု မကောင်းမှုပင်တည်း။ ထိုကောင်းမှုမကောင်းမှုကိုသာ ယူဆောင်၍သွားရ၏။ သူပြုခဲ့သည့် ကောင်းမှုမကောင်းမှုသည် သူသွားရာသို့ အရိပ်ပမာပါဘဲ့ာသွားလေ၏။

(မြတ်ဗုဒ္ဓ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီးအား ဟောကြားတော်မူခြင်းမှ)

ပရိတ်တော်များ

မြတ်ဗုဒ္ဓ၏ သတ္တဝါအပေါင်းတို့အား ကိလေသာမှ လွတ်မြောက်ရေး (ဝိမုတ္တိ)ကို ဦးတည်လျက် ဟောတော်မူအပ်သော တရားတော်တို့တွင် ယင်းလွတ်မြောက်ရေးတရားကို ကြိုးပမ်းအားထုတ်လျက်ရှိကြသော ရဟန်းရှင်လူတို့၏ ဘေးဘျမ်းကင်းဝေးချမ်းသာရေး အတွက် အရံအတားအဖြစ် ဟောကြားအပ်သော တရားတော်တို့လည်းပါဝင်၏။ ယင်းတရားတော်များကိုပင် ပါဠိလို "ပရိတ္တ"မြန်မာလို "ပရိတ်"ဟု ခေါ်၏။

ပရိတ်ဆိုသည်မှာ ရောဂါနှင့်ဘေးအန္တရာယ်များ မဖြစ်ပွားအောင် ထက်ဝန်းကျင်မှ စောင့်ရှောက်ကာကွယ်တတ်သောတရားဟု မှတ်သားနိုင်၏။ ပရိတ်တော်များသည်

http://www.dhammadownload.com

ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များနှင့် တန်ခိုးအာနုဘော် ရှိန်စော်ကြီးမားသော နတ်၊ သိကြားတို့၏ အာဏာစက်စကားများ၊ သစ္စာဆိုစကားများလည်းဖြစ်၏။

ပရိတ် ဒေသနာတော်သည် ဘီလူးသဘက်၊ မကောင်းဆိုးဝါးများ၊ ရန်သူများ စသောအပြင်ရန်များအပြင် လူ၏စိတ်တွင် ပူးဝင်နေသော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသောအတွင်းရန်များကိုပါ လုံခြုံစေပါသည်။ သို့ဖြစ်၍ ပရိတ်တော်ကို လေးစားစွာရွတ်ဖတ် သရဇ္ဈာယ်သူ (သို့မဟုတ်)လေးစားစွာ နာယူသူသည် လောကီ၊ ကောကုတ္တရာတို့၌ ချမ်းသာသုခအကျိုးများ ခံစားရ၏။

ပရိတ်တော်ရွတ်ခြင်းကို ဘေးရန်အန္တရာယ် အသွယ်သွယ်ကို ကာကွယ်ရန်အတွက်လည်းကောင်း၊ ကောင်းကျိုးမင်္ဂလာပြုရန် အတွက်လည်းကောင်း ရွတ်ဖတ်သရဇ္ဈာယ်သမ္မူပြုကြ၏။

ပရိတ်တော်တန်ခိုး ထက်မြက်စေရန်

ပရိတ်တော်၌ရွတ်ဖတ်သူ အင်္ဂါ(၃)ပါး၊ နာကြားသူ အင်္ဂါ(၃)ပါးတို့နှင့် ပြည့်စုံပြီး ပရိတ်တရားတော်၏ အနက်ပေါ်၌ ကောင်းမွန်စွာအာရုံပြုနိုင်လျှင် လွန်စွာအားရကြည်နူး မဆုံးဖြစ်ရသောကြောင့် ပရိတ်တော်မှာ တန်ခိုးအာနုဘော် လွန်စွာကြီးမား၏။ ထက်မြက်၏။ ဘေးအန္တရာယ်အသွယ်သွယ်ကို အမှန်တကယ်ကင်းစေ၏။ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေ၏။

ပရိတ်တော်၏ အနက်ကို မသိသော်လည်း ယုံကြည်မှုအားကြီးသူတို့မှာ ပရိတ်တော်တန်ဖိုးအကျိုးထိုက်သင့်သလောက် ရသည်သာဖြစ်ပါ၏။ သို့သော် ပရိတ်တော်အနက်ကို ကောင်းစွာသိ၍ ဂုဏ်တော်များကို အာရုံပြုမိခြင်းဖြင့် ဝိတိပဿဒ္ဓိဖြစ်ရခြင်းမှာ အလွန်ထူးခြားသော ကျက်သရေ မင်္ဂလာဖြစ်ပါသည်။ ထိုသို့ကျက်သရေမင်္ဂလာရှိသူတို့၌ မကောင်းသော အမင်္ဂလာများ ရှောင်ရှား၍ ကောင်းကျိုးများ တိုးပွားလာမည်မှာ သေချာသောကြောင့် ပရိတ်တော်တန်ခိုးလည်း ပိုမိုထက်မြက်၊ မိမိအတွက်လည်း လောကီ၊ လောကုတ္တရာအကျိုးများ တိုးတက်ပွားများနိုင်လေသည်။

ပရိတ်တော်ရွတ်ဖတ်သူအင်္ဂါ(၃)ပါး

၁။ မိမိရွတ်ဖတ်သော ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို သိရခြင်း၊ (အနက်သဒ္ဒါကို သုတ်သင်၍ ကောင်းစွာသင်ယူထားခြင်း)။

၂။ ပရိတ်တော်၏ပါဠိ၊ ပုဒ်၊ ဗျည်း၊ အက္ခရာ၊ ဌာန်၊ ကရိဏ်း တို့ကို ကျနမှန်ကန်စွာ ရွတ်တတ်ရခြင်း။

http://www.dhammadownload.com

၃။ ပရိတ်နာသူတို့အပေါ်၌ လာဘ်၊ လာဘစသည်တို့ကို မငဲ့ပဲ အမှန်တကယ် ကောင်းမြတ် စင်ကြယ်သော မေတ္တာစေတနာထား၍ ရွတ်ဆိုခြင်း။

ပရိတ်တော်နာကြားသူအင်္ဂါ(၃)ပါး

၁။ အားကြီးလွန်ကဲသော မကောင်းမှုအကုသိုလ်ကံမရှိခြင်း၊(ပဉ္စာနန္တရိယကံမရှိခြင်း)

၂။ မှားသောအယူ မိစ္ဆာဒိဋ္ဌိမရှိခြင်း၊ (နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း)

၃။ ပရိတ်တော်ကို မရိုမသေ မလေးမစား မယုံကြည်ခြင်းဟူ၍ မရှိခြင်း၊ (ပရိတ်တော်၏ တန်ခိုးကို ယုံကြည်မှုရှိခြင်း)

ဤအင်္ဂါ တစ်ပါးပါးနှင့် မပြည့်စုံသူကို ပရိတ်တော်သည် မစောင့်ရှောက်နိုင်ပေ။

ပရိတ်အကျိုးပြီးမြောက်စေသောတရား(၄)ပါး

၁။ ပရိတ်အကျိုး အာနိသင်ကို ယုံကြည်ခြင်းဖြင့် ပရိတ်တရားတော်၌ အလွန် လိုလားခြင်း၊

၂။ ယင်းသို့လိုလားသည်နှင့်အမျှ ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရန် စိတ်ထက်သန်ခြင်း၊

၃။ ဝတ်မပျက်အောင် စွဲစွဲမြဲမြဲကြိုးစားခြင်း။

၄။ အနက်အဓိပ္ပာယ်သိမြင်၊ အကျိုးကို မြင်တတ်သော ဉာဏ်ရှိခြင်း။

ဤတရားလေးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပရိတ်တော်၏ အကျိုးကို ပြီးမြောက်စေနိုင်ပြီး ထူးထူးခြားခြား ခံစားရ၏။ ပရိတ်တရားတော်၌ ဖြစ်သော စေတနာ၊ မေတ္တာ၊ သစ္စာများမှာ အရှိန်နှင့်တစ်ကွဖြစ်၍ အဇ္ဈတ္တ၊ ဗဟိဒ္ဓနစ်ရပ်လုံး၌ ဓာတ်ခိုက်လျက်ရှိရာ အဇ္ဈတ္တ၌ ရောဂါပျောက်ကင်းခြင်း စသော အကျိုး၊ ဗဟိဒ္ဓ၌ ရန်သူတို့ ရန်မှုမခံရခြင်း စသောအကျိုးများကို ပြီးမြောက်စေနိုင်ပါသည်။ ထို့ပြင် ကျက်သရေမင်္ဂလာ ရာထူးဂုဏ်သိန် စည်းစိမ် လာဘ်ပသပ်ကာ ကောင်းကျိုးမင်္ဂလာ အဖြာဖြာတို့ တိုးတက်ရာ တိုးတက်ကြောင်းလည်းဖြစ်၏။

http://www.dhammadownload.com

ပရိတ်ကြီး(၁၁)သုတ်

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် သုတ်ပေါင်းများစွာ ရှိသော်လည်း ယခုအခါ အများအားဖြင့် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိကြသည့် ပရိတ်ကြီး(၁၁)သုတ်၏ အကြောင်းကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

၁။ မင်္ဂလသုတ်

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ညဉ့်ဦးယံလွန်ပြီးသော သန်းခေါင်ချိန်၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသော နတ်သားတစ်ယောက်သည် ဘုရားရှင်ရှိရာသို့ ချဉ်းကပ်ရှိခိုး၍ ခုဂဝ၊ နောင်ဘဝ ချမ်းသာရေးကို လိုလား တောင့်တကြသော လူ၊ နတ်၊ ဗြဟ္မာများစွာတို့အတွက် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာတရား အစစ်အမှန်တို့ကို ရှာဖွေတွေ့ရှိခြင်း မရှိသေး၍ ဟောကြားတော်မူပါရန် လျှောက်ထားတောင်းပန် သဖြင့် မြတ်ဗုဒ္ဓက ဤသုတ်ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဤသုတ်တော်တွင် ဟောကြားထားသော မြတ်ဗုဒ္ဓ၏ မင်္ဂလာတရား (၃၈)ပါးကို အမှန်တကယ် လိုက်နာကျင့်သုံးသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ တို့အတွက် လောကီ လောကုတ္တရာအကျိုးများကို မုချရရှိစေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဤသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြသကဲ့သို့ ဤသုတ် ဒေသနာတော်အတိုင်းလည်း လိုက်နာကျင့်ကြဲ အားထုတ်ကြပါကုန်။

၂။ ရတနသုတ်

ဤသုတ်တော်ကား ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါး၏ ရတနာအဖြစ်ကိုဟောသော ဒေသနာတော်ပင်ဖြစ်၏။ ဤသုတ်ဖြင့် ဘုရား၊ တရား၊ သံဃာသည် ရတနာအစစ်အမှန်ဖြစ်ကြောင်း သစ္စာဆိုကာ သတ္တဝါများ ချမ်းသာကြစေရန် တောင့်တခြင်းဖြစ်၏။ ဤသုတ်တော်ကို ရွတ်ဆိုခြင်းဖြင့် ကပ်(၃)ပါးကို ကျော်လွှား ပျောက်ကင်းစေနိုင်ပါသည်။

ဂေါတမမြတ်ဗုဒ္ဓလက်ထက်တော်က အရှင်အာနန္ဒာမထေရ်သည် ကပ်သုံးပါးဆိုက်ရောက်လျက်ရှိသော ဝေသာလီပြည်၏ တံတိုင်း သုံးထပ်အကြား၌ ညဉ့်သုံးယံပတ်လုံး ရတနာသုံးပါး၏ ဂုဏ်တော်များကို ဆင်ခြင်ပွားများလျက် သတ္တဝါများအပေါ် ချမ်းသာစေလိုသော ကရုဏာစိတ်ဖြင့် ဤသုတ်တော်ကို ရွတ်ဆိုသောအခါ စကြဝဠာ ကုဋေတစ်သိန်းရှိ နတ်ဗြဟ္မာများ ခံယူကြကုန်၏။

http://www.dhammadownload.com

ထို့ပြင် ဝေဿာလီပြည်ကြီးကို ကျရောက်လျက်ရှိသော ရောဂါထူးများဘေး၊ ဘီလူးဘေးနှင့် အစာရှားပါးခြင်းဘေးတို့မှ လျင်မြန်စွာပျောက်ကင်းစေခြင်းဖြင့် ကယ်တင်နိုင်ခဲ့၏။

၃။ **မေတ္တာသုတ်**

ဤသုတ်ကို မြတ်ဗုဒ္ဓသည် နတ်များက ကြောက်မက်ဖွယ် အဆင်း အသံများ ပြကာ ခြောက်လှန့်ကြ၍ တရားအားမထုတ်နိုင်ဖြစ်ရသော ရဟန်းတော်ငါးရာတို့အား ကမ္မဋ္ဌာန်းအလို့ငှာလည်းကောင်း၊ အကာအကွယ် အရံအတားအလို့ငှာ လည်းကောင်း သင်ကြားပေးအပ်တော်မူခဲ့သည်။ ဤသုတ်တော်ကြောင့် အဆိုပါ ရဟန်းတော် ငါးရာလည်း နတ်တို့၏ချစ်ခင်မြတ်နိုး စောင့်ရှောက်မှုကိုရရှိကာ အေးငြိမ်းစွာ တရားဘာဝနာများ ပွားများအားထုတ် နိုင်ခဲ့ကြသဖြင့် ရဟန္တာ ငါးရာအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြသည်။

မေတ္တာသုတ်ကိုရွတ်ဆို၍ မေတ္တာဘာဝနာများ ပွားများကြလျှင် နတ်အများက ချစ်မြတ်နိုး၍ ကူညီစောင့်ရှောက် စောင်မတတ်၏။ မေတ္တာသုတ်ကို မိမိနေထိုင်ရာ အရပ်တို့တွင် တတ်နိုင်သမျှ ရွတ်ဆိုပွားများပါက ပတ်ဝန်းကျင်ရှိ နတ်တို့၏ ဝမ်းမြောက်ဝမ်းသာ ချစ်ခင်စောင့်ရှောက်မှုကို အစဉ်ခံယူရရှိ၍ ဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းဝေးနိုင်ပါသည်။ မေတ္တာသုတ်ကိုအခြေခံပြီး မေတ္တာဘာဝနာ ပွားခြင်း၊ ဝိပဿနာတရား အားထုတ်ခြင်းဖြင့် မင်္ဂလာနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါသည်။

၄။ **ခန္ဓသုတ်**

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါး မြွေကိုက်ခံရမှုနှင့် ပတ်သက်၍ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ ခွင့်ပြုတော်မူခဲ့သော ပရိတ်အရံအတားဖြစ်၏။ ဤသုတ်ကား မေတ္တာပွားခြင်း၊ ဘုရားဂုဏ်တော် ပွားခြင်းများဖြင့် စီရင်အပ်သော ဗုဒ္ဓမန္တန်တော်ကြီးလည်းဖြစ်၏။ သတ္တဝါများအပေါ်၌ မေတ္တာအထူး သက်ရောက်စေလျက် ဘုရားကိုလွန်စွာကြည်ညို အားထားသူများအဖို့ ဤသုတ်တော်၏ အစွမ်းအာနုဘော်ကို ကိုယ်တွေ့ခံစားရသည်သာဖြစ်၏။

နတ်မန္တန်၊ နတ်ဆေးဝါးတို့သည် အလွန်ထက်မြက်ပြင်းထန် လျင်မြန်သော အဆိပ်ရှိမြွေမျိုးမှန်သမျှတို့၏ ပြင်းထန်သောအဆိပ်တို့ကို ဖျက်ဆီးတတ်သကဲ့သို့ ဤပရိတ်တော်သည် အာဏာခေတ်တစ်ခွင်လုံး၌ သတ္တဝါအလုံးစုံတို့၏ အလွန်

http://www.dhammadownload.com

ထက်မြက် ပြင်းထန် လျင်မြန်သော အဆိပ်တို့ကိုလည်းကောင်း၊ အခြားသော ဘေးရန်အမျိုးမျိုးတို့ကို လည်းကောင်း မည်သည့်ဒေသ၊ မည်သည့်အချိန်အခါ၌ မဆို လုံးဝကုန်စင်အောင်ပင် မြစ်တားပယ်ရှားနိုင်၏။

၅။ **မောရသုတ်**

မြတ်ဗုဒ္ဓအလောင်းတော် ရွှေဥဒေါင်းမင်းဘဝက ဤပရိတ်တော်ကို နေ့စဉ် နံနက်နေထွက်ချိန် အစာရှာမထွက်မီ တစ်ကြိမ်၊ ညနေ နေဝင်ချိန် အစာရှာရာမှ ပြန်လာချိန်တို့တွင် နေကိုကြည့်ကာ တစ်နေ့နှစ်ကြိမ် ရွတ်ဆိုလေ့ရှိ၏။

ဤပရိဘ်တန်ခိုးတော်ကြောင့် ဘုရားအလောင်းတော်မှာ ကြောက်လန့်ခြင်း၊ ကြက်သီးထခြင်းများမရှိခဲ့။ ဤပရိတ်တော်၏ အရံအတားကြောင့်ပင် ဘုရားအလောင်းတော်ကို (၇)ဆက်သော မုဆိုးတို့သည် နှစ်ပေါင်း(၇၀၀) တိုင်အောင် ဖမ်းမိဖို့ရန် ကြိုးစားကြပါကုန်သော်လည်း လက်ရဖမ်းယူခြင်းငှာ မတတ်စွမ်းနိုင်ကြပေ။ ထို့ကြောင့် ဗြဟ္မမန္တန်(ထူးမြတ်သောမန္တန်တော်)ဟူ၍ ဗုဒ္ဓမြတ်စွာ ချီးကျူးမြွက်ကြားတော်မူအပ်သော ပရိတ်တော်ပင်ဖြစ်၏။

၆။ **ဝဋ္ဋသုတ်**

ဗုဒ္ဓမြတ်စွာသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ဟောကြားအပ်သော တစ်ကမ္ဘာလုံး ဆက်မပျက် အရှည်တည်သောသဘော ရှိသည့် ကြီးမားသော အစွမ်းအာနုဘော်ရှိသော ပရိတ်တော်ဖြစ်၏။

ဘုရားအလောင်းတော်ငုံးမင်း ဥမ္မပေါက်စ အလွန်ငယ်သောအရွယ်ဘဝက ကြီးမားသော အရှိန်အလျှံဖြင့် တောမီးလောင်၍ တစ်ဦးတည်း ခိုကိုးရာမဲ့ဖြစ်နေစဉ် ဤပရိတ်တော်ဖြင့် သစ္စာဆိုသောအခါ တောမီးမှာ ရေနှင့်ထိသကဲ့သို့ ချက်ချင်း ရှောင်ခွါ အေးငြိမ်းသွားခဲ့ပြီး အလောင်းတော်ငုံးမင်းနှင့်တကွ သတ္တဝါများ ချမ်းသာခဲ့ရ၏။ ဤသစ္စာစွမ်းအားကြောင့် ငုံးမင်းသစ္စာပြုသော အရပ်မှာ တစ်ကမ္ဘာပတ်လုံး မီးမလောင်နိုင်။

ဤပရိတ်တော်သည် အလောင်းတော် ငုံးမင်းက ရှေးအတိတ်က ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်ကို လည်းကောင်း၊ ထိုဘုရားရှင်တို့၏ တရားဂုဏ်တော်တို့ကိုလည်းကောင်း ဆင်ခြင်အောက်မေ့ပြီးလျှင် မိမိ၌ရှိသော သဘာဝအမှန်တရားတို့ကို ကိုင်စွဲကာ သစ္စာပြုခဲ့ခြင်း ဖြစ်၏။ အလောင်းတော်၏ သစ္စာမှာ ဘုရားအဖြစ် အထွတ်အထိပ်ရောက်စေသော သူတကာနှင့် မတန်သည့်

http://www.dhammadownload.com

ပါရမီ မြောက်သစ္စာ (သစ္စာပါရမီ)ဖြစ်ပေ၏။(အလောင်းတော်ငုံးမင်းမှာ ဘုရားဖြစ်ရန် အလွန်နီးကပ်နေသော ဤဘဒ္ဒကမ္ပာအတွင်းက ဘဝဖြစ်စဉ်ဖြစ်၍ ပါရမီတော်များ အတော်အတန် ရင့်ကျက်နေသော အချိန်အခါဖြစ်၏။ ထို့ကြောင့် ဘုရားအဆူဆူကို ဖူးတွေ့ရ၊ တရားတော်များနာခဲ့ရ၊ အားထုတ်ခဲ့ရမှုများ ရှိခဲ့ပြီး ဇာတိသရဉ္ဇာဏ်ခေါ် ရှေးဖြစ်ကို သိမြင်သော ဉာဏ်ဖြင့် ဘုရားဂုဏ်၊ တရားဂုဏ်များကို ပြန်လည် သတိရအောက်မေ့ ဆင်ခြင်နိုင်ခြင်း ဖြစ်၏။)

၇။ **ဓဇဂ္ဂသုတ်**

မြတ်ဗုဒ္ဓသည် အခါတစ်ပါး၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့အား မိမိအလိုတော်အတိုင်း ဟောကြားတော်မူသော ဒေသနာတော်ပင်ဖြစ်၏။ ဤပရိတ်တော်ကို အောက်မေ့ဆင်ခြင်ရုံဖြင့်ပင် သတ္တဝါတို့သည် ကောင်းကင်၌သော်ပင် မြေပေါ်၌ကဲ့သို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထောက်တည်ရာကိုရောက်ရှိနိုင်ခြင်း၊ သူခိုး၊ ဘီလူးစသော ဘေးရန်ခပင်း အမျိုးမျိုးတို့မှ လွတ်မြောက်နိုင်ကြခြင်းစသော အကျိုးတရားများကို ရရှိနိုင်ကြကုန်၍ ထိုသူတို့ကို အရေအတွက်အားဖြင့် မရေတွက်နိုင်ကြကုန်။ အဆုံးမရှိနိုင်ကြကုန်။

၈။ **အာဋာနာဋိယသုတ်**

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် တစ်ညဉ့်သော သန်းခေါင်ယံအချိန်မှာ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် နတ်စစ်သည်များနှင့်အတူ ဘုရားရှင်ထံရောက်ရှိလာခဲ့ကြ၏။ ယင်းနောက် ဝေဿဝဏ် နတ်မင်းကြီးသည် ဘုရားရှင် သာသနာတော်ကို မကြည်ညိုကြသော နတ်ဘီလူးတို့က သာသနာတော်ကို ကြည်ညိုလာစေရန်နှင့် ပရိသတ်လေးပါးကို မည်ဉီးဆဲဘဲ ကာကွယ်စောင့်ရှောက်လာစေရန်တို့အတွက် ဤပရိတ်တော်ကို ခံယူတော်မူပါရန် လျှောက်ထားချက်အရ မြတ်ဗုဒ္ဓက ခံယူတော်မူပြီး ပြန်လည်ဟောကြားတော် မူခဲ့သော သုတ်တော်ဖြစ်၏။

၉။ **အင်္ဂုလိမာလသုတ်**

အင်္ဂုလိမာလမထေရ်သည် ဆွမ်းခံကြွတော်မူ သော တစ်နေ့တွင် သားမဖွားနိုင်သော မိန်းမတယောက်ကိုမြင်ရ၍ ကရုဏာဖြစ်ကာ ဘုရားရှင်အား

http://www.dhammadownload.com

လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓမြတ်စွာက အဂုံလိမာလ မထေရ်မြတ်အား ဤသုတ်တော်ဖြင့် သစ္စာဆိုရန် သင်ပေးပြီး ထိုမိန်းမထံသွား၍ သစ္စာဆိုစေရာ ထိုမိန်းမ၏ ကိုယ်ဝန်မှာ ချက်ချင်း သက်သာလွယ်ကူစွာ ဖွားမြင်နိုင်ခဲ့၏။ ထို့ကြောင့် ဤပရိတ်တော်သည် မိန်းမများသားဖွားခြင်းကို သက်သာလွယ်ကူ ချောမွေ့စေ၏။

ဤကဲ့သို့ သားဖွားခြင်း၌သာမက အခြားသောရောဂါများ ဘေးရန်များကို ပျောက်ငြိမ်းစေတတ်ပြီး ဤပရိတ်တော်က မဖျက်ဆီးနိုင်သော ဘေးရန်ဟူ၍ လည်း မရှိသောကြောင့် မဟာပရိတ်တော်လည်းမည်၏။ ဤပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်သူ ထိုင်ရာခုံ ဆေးသောရေပင် ဘေးရန်ဟူသမျှကိုပျောက်ကင်းနိုင်ကြောင်း ပရိတ်တော်၌ဆို၏။

၁၀။ ဗောဇ္ဈင်သုတ်

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်ပြည်အနီး ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးနေသော အရှင်မဟာကဿပ မထေရ်မြတ် မကျန်းမမာဖြစ်ရာ ဘုရားရှင် ကြွလာတော်မူပြီးလျှင် ဗောဇ္ဈင်(၇)ပါးတရားတော်ကို ဟောကြားတော်မူ၏။ ထိုတရားဖြင့်ပင် မထေရ်မြတ်၏ ကိုယ်တော်မှ အသွေးများကြည်လင် ဥပါဒါရုပ်များ ကြည်လင် လာမှုကြောင့် ကြာဖက်၌ကျသော ရေပေါက်ပမာ ကိုယ်မှချက်ချင်း ပယ်ခွာပျောက်ကင်းခဲ့သည်။

ထို့အတူ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူသော အရှင်မဟာ မောဂ္ဂလ္လာန် မထေရ်မြတ် မကျန်းမာစဉ် ဘုရားရှင်ကပင် ဤသုတ်တော်ကို ဟောကြားတော်မူခဲ့ရာ မထေရ်မြတ်၏ ရောဂါမှာ ချက်ချင်းယူပစ်သလို ပျောက်ကင်းခဲ့ဖူး၏။

ထို့ပြင် မြတ်စွာဘုရားကိုယ်တော်တိုင် ဝေဠုဝန်ကျောင်းတော်၌ မကျန်းမမာဖြစ်ခဲ့ရာ အရှင်စုန္ဒကို ဗောဇ္ဈင်တရားရွတ်ဆိုရန် မိန့်ကြားတော်မူခဲ့၏။ ထိုအခါ အရှင်စုန္ဒမထေရ်မြတ်၏ ဤသုတ်တော်ကို ရွတ်ဆိုလျှောက်တင်ခဲ့ရာ ဗုဒ္ဓမြတ်စွာ၏ ပြင်းထန်သောဝေဒနာမှာ ချက်ချင်းပျောက်ကင်းခဲ့ရ၏။

၁၁။ ပုဗ္ဗဏှသုတ်

ဘုရားဂုဏ်ကို အာရုံပြုရသော ကုသိုလ်စေတနာ အာနုဘော်ဖြင့် မကောင်းသော အတိတ်၊ နိမိတ်နှင့် ဂြိုဟ်ဆိုးတို့မှ ကင်းလွတ်စေသောသုတ်တော် ဖြစ်၏။ သုတ်တော်၏ အမည်အားလျော်စွာ နံနက်ချိန်ခါ၌သာ ရွတ်ဆိုကြရန် သတ်မှတ်

http://www.dhammadownload.com

ထားသော်လည်း မည်သည့်အချိန်တွင် ရွတ်ဆိုသည်ပင်ဖြစ်စေ အကျိုးများသည်သာ ဖြစ်၏။

ဤသုတ်တော်၏ဆိုလိုရင်းမှာ သုစရိုက်တရားကျင့်သူ၊ မြတ်သောအကျင့်ကို ကျင့်သူတို့အား နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း၊ အားလုံးအကောင်းချည်းဖြစ်၍ မကောင်းသောနက္ခတ် မင်္ဂလာအခါမရှိ။ နက္ခတ်၊ မင်္ဂလာအခါကောင်းကြုံရန် ဓာတ်ရိုက်ယတြာစသော ပြုပြင်မှု ပြုရန်မလို သူတော်ကောင်း တရားများကျင့်ရန်သာလိုသည်ဟု ဆိုလို၏။

(ပရိတ်ကြီး ၁၁ သုတ် အကျဉ်းပြီး၏။)

ပရိတ်တရားများချီးမြှင့်ရန် လျှောက်ထားပုံ

လူမမာအတွက် ပရိတ်ရွတ်ပေးစေလိုလျှင် "ဘယ်သူမကျန်းမမာဖြစ်လို့ပါဘုရား၊ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ ဘယ်သူ့အိမ်သို့ကြွရောက်ပြီး ပရိတ်တရားများ ချီးမြှင့်တော်မူပါ"ဟု ဒါယကာ ဒါယိကာမတို့က အပ်စပ်လျှောက်ထားနည်းဖြင့် လျှောက်ထားတတ်ရာ၏။

"ဘယ်သူဟာ မကျန်းမမာဖြစ်နေပါတယ်ဘုရား၊ သူ့အတွက် အရံအတား အကာအကွယ် ပြုပေးတော်မူပါ၊ ဘယ်သူ့အတွက် အဆောင်အယောင်ကလေး အကာအကွယ်ပြုလုပ်ပေးတော်မူပါ"ဟု မလျှောက်ကောင်း။ ဤသို့လျှောက်ထားပါက ရဟန်းသံဃာတော်များ အနေဖြင့် ဆေးကုပေးသည့်သဘော၊ လူတို့၏ အလုပ်ကို လုပ်ပေးသည့်သဘော သက်ရောက်သွားသောကြောင့် ပရိတ်ရွတ်ပေးခြင်းမပြုကောင်း။

http://www.dhammadownload.com

အခန်း (၁၄)

ဒါန

ဒါနစွမ်းရည်

မှန်ကန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ၊ တောင်းလာသည် ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်း သုံးပါး တို့ဖြင့် နတ်ပြည်သို့သွားရာ၏။

စေးနဲ့ဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ သူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်၊ ပညာရှိသည်သာ အလှူဒါနအပေါ် ဝမ်းမြောက် နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် အကြင်ပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

ရာဂကင်းသော၊ ဒေါသကင်းသော၊ မောဟကင်းသော၊ အလို ရမ္မက် ကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ဒါန

ဒါနဆိုသည်မှာ ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ ဝေငှခြင်း၊ မျှတခြင်း၊ ဖြည့်စွက်ခြင်း၊ ချီးမြှောက်ခြင်း၊ ထောက်ပံ့ခြင်း၊ ကူညီခြင်း၊ လှူဒါန်းခြင်း အနက်များရ၏။ တစ်နည်း အားဖြင့် အလှူဖြစ်မြောက်ကြောင်းစေတနာဖြင့် ပေးလှူကြောင်းဖြစ်သောကြောင့် ဒါနမည်၏။ အဘိဓမ္မာနည်းအရ ပေးလှူကြောင်းဖြစ်သော စေတနာနှင့်ယှဉ်သော အလောဘကိုလည်း ဒါနဟုဆိုသေး၏။ ဒါနပြုခြင်းသည် အလောဘစိတ်ဖြစ်၏။ တွယ်တာမှုကင်းသော အလောဘစိတ်ရှိသူ၌သာ ဒါနစင်စစ်ဖြစ်၏။

ဒါနကို အောက်ပါအတိုင်း ရှစ်မျိုးခွဲခြားထား၏ –

(၁) အလှူခံပုဂ္ဂိုလ် အိမ်သို့ရောက်လာသည်ဖြစ်၍ လောကဝတ္တရားအရ ပေးလှူခြင်း။

(၂) မပေးလှူသည်ရှိသော် အလှူခံပုဂ္ဂိုလ်က အန္တရာယ်ပြုမည်ကိုကြောက်၍ ပေးလှူခြင်း (အပါယ်ငရဲကျခံရမည့်အရေး၊ အကဲ့ရဲ့ခံရမည့်အရေးကို ကြောက်၍ ပေးလှူခြင်းမျိုးလည်း အကျုံးဝင်၏။)။

(၃) မိမိကပေးလှူသည်ရှိသော် တစ်ဖန်ပြန်၍ သူကလည်း ပေးလိမ့်မည်ဟု မျှော်ကိုး၍ပေးလှူခြင်း (သေပြီးနောက် သုဂတိဘုံသို့ သွားရောက်ရမည့်အရေး ရောက်လေရာဘဝတွင် စည်းစိမ်ချမ်းသာ ပြည့်စုံရေးတို့ကို နှလုံးသွင်း၍ ပေးလှူခြင်းမျိုးလည်း အကျုံးဝင်၏)။

(၄) သူကပေးဖူး၍ အပြန်အလှန်အားဖြင့် မိမိကပေးလှူလိုက်ခြင်း။

(၅) မိဘဘိုးဘွား လက်ထက်ကတည်းက အစဉ်အလာဖြစ်၍ အစဉ်မပျက် ပေးလှူခြင်း။

(၆) ရဟန်းသံဃာဟူသည် မိမိတို့ကဲ့သို့ ချက်ပြုတ်၍ မစားတတ်သူမျိုးဟူ၍ လှူဒါန်းခြင်း။

(၇) လှူဒါန်းပေးကမ်းတတ်သူတစ်ယောက်ဟု ချီးမွမ်းခံလို၍ ပေးလှူခြင်း။

(၈) ထွက်မြောက်ကြောင်း မဂ်ဖိုလ်ကို လိုလားတောင့်တ၍ ပေးလှူခြင်း။

ဖော်ပြပါ ဒါနရှစ်မျိုးတွင် နောက်ဆုံးအမျိုးအစားဖြစ်သည့် သံသရာဝဋ်မှ လွတ်မြောက်ကြောင်းဖြစ်သည့် မဂ်ဖိုလ်အလို့ငှာ လှူဒါန်းခြင်းသည်သာ အမှန်တကယ် အကျိုးရှိသော၊ လှူအပ်သော၊ မြတ်သောဒါနမျိုးဖြစ်၏။

http://www.dhammadownload.com

ဒါနစွမ်းရည်

၁။ သဗ္ဗညုဘုရားအဆူဆူနှင့် အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက စသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် မိမိတို့ဆိုင်ရာဗောဓိဉာဏ်ကို ဒါန ပါရမီဖြင့် စတင်တော်မူခဲ့ကြသည်။

၂။ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ဖြင့် အထက်တန်းကျသောဘဝမျိုး ရရှိနိုင်စေသော အကြောင်းရင်းဖြစ်သောကြောင့် မူလလည်းမည်၏။

၃။ ပုဂ္ဂိုလ်မြတ်တို့၏ မြတ်သောအကျင့် ဖြစ်သောကြောင့် ဗြဟ္မစရိယလည်းမည်၏။

၄။ သတ္တဝါတို့ကို ဘေးမဲ့ပေးကြောင်း၊ အကြွင်းမဲ့စောင့်ရှောက်ကြောင်း ဖြစ်သော ကြောင့် သီလလည်းမည်၏။

၅။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ လောကီစည်းစိမ်ချမ်းသာနှင့် လောကုတ္တရာချမ်းသာတို့ကို ဖြစ်စေတတ်သောကြောင့် နိဒါနလည်းမည်၏။

၆။ သုံးဆောင်ခံစားအပ်သော နှစ်သက်ဖွယ်အာရုံတို့ကိုမှီ၍ ဖြစ်ပေါ်လာသည့် ချမ်းသာတို့၏တည်ရာ ခိုင်မာသောဌာနဖြစ်သောကြောင့် ပတိဋ္ဌာလည်းမည်၏။

၇။ အခက်အခဲ အကျပ်အတည်းများနှင့် တွေ့လျှင် မှီခိုရာ၊ ထောက်တည်ရာ၊ လားရာ၊ လဲလျောင်းရာဖြစ်သဖြင့် တာဏ၊ လေဏ၊ ဂတိ၊ ပရာယဏလည်းမည်၏။

၈။ သတ္တဝါအပေါင်းတို့၏ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ တိုးတက် ကြီးပွားကြောင်းဖြစ်သောကြောင့် ဒက္ခိဏာလည်းမည်၏။

၉။ ပူဇော်အပ်၊ ပူဇော်ကြောင်းဖြစ်သောကြောင့် ယညလည်းမည်၏။

၁၀။ မိမိ၏ အောင်နိုင်ရန်ခဲယဉ်းသည့် အနိုးကပ်ဆုံးရန်သူများဖြစ်ကြသော လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ မိစ္ဆာဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ စသည့် စိတ်အညစ်အကြေးများကို မလိမ်းမကျံ့ မကပ်ငြိစေဘဲ သဒ္ဓါတရား ဖြင့် အောင်နိုင်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို အထောက်အပံ့လည်းဖြစ်နိုင်၏။ (ပညာနှင့်ယှဉ်၍ ဒါနအင်္ဂါများမြောက်အောင် စနစ်တကျ ပေးလှူတတ်သူသည် ညောင်စေ့ လောက်ပင်လှူသော်လည်း ဒါနအကျိုးညောင်ပင်ကြီးလောက်ရရှိနိုင်၏။)

၁၁။ သံသရာအတွက် သိမ့်သိမ်းဆည်းထားအပ်သော ဥစ္စာဘဏ္ဍာထုပ်အစစ်အမှန်လည်းဖြစ်၏။

http://www.dhammadownload.com

၁၂။ ဗြဟ္မာ့ပြည်သို့ အလှူဒါနပြုရုံဖြင့် မရောက်နိုင်သော်လည်း ဒါနစေတနာကြောင့် ဗြဟ္မစိုရိတရားများ ပေါပေါက်လာပြီး ဆက်လက်ပွားများနိုင်ခဲ့ပါက ဗြဟ္မာ့ ပြည်သို့ရောက်ရှိနိုင်၏။

၁၃။ ဒါနသည် စျာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ရောက်ရှိစေနိုင်သော အထောက်အပံ့ဖြစ်ရာ၊ မှီရာအကြောင်းလည်းဖြစ်၏။

၁၄။ ဒါနပြုနေခိုက်တွင် ဗြဟ္မစိုရိတရားများ ဖြစ်ပွားလျက်ရှိရာ အလှူခံတို့ခံယူ သုံးဆောင်နေသည်ကို အားရကြည်နူး ရွှင်မြူးဝမ်းသာ စိတ်ချမ်းသာလျက်ရှိ၏။ နောင်အခါတွင်လည်း တွေးမိတိုင်း ဝမ်းသာ ကြည်နူးရွှင်မြူးလျက်ရှိ၏။ ဤကဲ့သို့ လက်တွေ့ခံစားရသော အကျိုးတရားများနှင့်လည်း ပြည့်စုံ၏။

ဒါနအင်္ဂါ (၈)ပါး

၁။ မိမိ၏အလှူဝတ္ထုကို သန့်ရှင်းစင်ကြယ်စေခြင်း၊

၂။ မွန်မြတ်သောပစ္စည်းဝတ္ထုဖြစ်စေခြင်း၊

၃။ အခြေအနေ အချိန်အခါနှင့် လျော်ညီလျောက်ပတ်သော ပစ္စည်းဝတ္ထုကို လှူခြင်း၊

၄။ ရဟန်းတော်များနှင့်အပ်စပ်သော ပစ္စည်းဝတ္ထုကိုသာလှူခြင်း၊

၅။ အလှူခံပုဂ္ဂိုလ်၏ သီလ၊ သမာဓိ၊ ပညာ သီကွာသုံးပါး ပြည့်စုံသည် မပြည့်စုံ သည်ကို စိစစ်၍ ပေးလှူခြင်း၊

၆။ နေ့စဉ်အမြဲတမ်း ပေးလှူခြင်း၊

၇။ ပေးလှူနေတုန်းအချိန်တွင် ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်း၊

၈။ ပေးလှူပြီးနောက်ကာလမှာလည်း နေ့စဉ်နေ့တိုင်း အမှတ်ရ ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်း။

ဤဒါန အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အလှူကို သူတော်ကောင်းတို့၏ အလှူဟု ခေါ်၏။

ဒါနပြုလျှင် ရှိအပ်သောတရားများ

၁။ စက္ခု စသော ကျန်ခြောက်ပါးကို ဆုံးမခြင်း၊

၂။ ကျန်ခြောက်ပါးကို ငြိမ်သက်စေခြင်း၊

၃။ အမျက်ဒေါသ၊ မာန်မာနကို ချုပ်တည်းသည်းခံရခြင်း၊

http://www.dhammadownload.com

၄။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို စောင့်ထိန်းရခြင်း၊
၅။ သုစရိုက်တရားများ ကိုယ်နှင့်မကွာ ထားရှိရခြင်း၊
၆။ မစ္ဆရိယဟူသော ဝန်တိုမှုကင်းရခြင်း၊
၇။ သူတစ်ပါးအား ညှဉ်းဆဲနှိပ်စက်၍ မလှုံ့ရခြင်း၊
၈။ စေတနာသုံးတန် မပျက်မကွက်စေရန် သတိထားရခြင်း၊
၉။ ဆောက်တည်ထားသော သီလ စင်ကြယ်စေရခြင်း၊
၁၀။ မုန်း၊ ချစ်၊ လျစ်လျူ သုံးပါးသူကို ကိုယ်နှင့်ထပ်တူ မေတ္တာထားရခြင်း။

အထက်ပါအင်္ဂါရုပ်များနှင့် ပြည့်စုံပါက ဒါနကုသိုလ်တစ်ခုကို ပြုကာမျှဖြင့် သီလကုသိုလ်၊ ဘာဝနာကုသိုလ်များ တစ်ပါတည်း ပါဝင်နေသဖြင့် အလွန် အကျိုးများပါသည်။

ယညသမ္ပဒါ (အလှူဒါန၏ပြည့်စုံခြင်း)

အလှူဒါနတွင် အောက်ပါစေတနာသုံးတန်ဖြင့် ထက်သန်ညီညွတ်နေပါက ယညသမ္ပဒါဟုခေါ်သည်။

(၁) ပုဗ္ဗစေတနာ (မလှူမီရှေ့အဖို့၌ဖြစ်သောစေတနာ)
(၂) မုဉ္စစေတနာ (ပေးလှူဆဲခဏ၌ဖြစ်သောစေတနာ)
(၃) ပရစေတနာ (ပေးလှူပြီးနောက် အဖန်ဖန်ဖြစ်ပေါ်အောက်မေ့နေသော စေတနာ)။

ကုသိုလ်ပြုရာတွင် ပုဗ္ဗစေတနာချို့တဲ့ပါက ပထမအရွယ် ဆင်းရဲနွမ်းပါးခြင်း၊ ရုပ်ဆင်းအင်္ဂါ မလုံပခြင်းဖြစ်တတ်၏။ (ဥပမာ– မင်းကုသ၊ ပဥ္စပါဝိ)။ ကုသိုလ်ပြုရာတွင် ပရစေတနာချို့တဲ့ပါက ပစ္စည်းဥစ္စာပြည့်စုံချမ်းသာမှု အကျိုးပေးသော်လည်း မြတ်သော အသုံးအဆောင်များကို မသုံးဆောင်ရက်ခြင်း၊ မသုံးစွဲလိုခြင်း၊ မသုံးစွဲရခြင်းများ ဖြစ်တတ်သည်။

ကမ္မဿကတာဉာဏ်

ဒါန၊ သီလ၊ ဘာဝနာ ပွားများသူသည် ကမ္မဿကတာဉာဏ်နှင့်ယှဉ်၍ ပြုလုပ်မှသာ လူ၊ နတ်၊ ဗြဟ္မာ စည်းစိမ်ချမ်းသာများခံစားရပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပေမည်။ ကမ္မဿကတာဉာဏ်ဆိုသည်မှာ ကံသာလျှင်မိမိဥစ္စာဟု သိမြင်သော ဉာဏ်ဖြစ်၏။ ကုသိုလ်ကံသည် ကောင်းသောအကျိုးစီးပွားများကို ဖြစ်စေတတ်သည်။ အကုသိုလ်ကံသည် ကောင်းသောအကျိုးစီးပွားများကို ဖျက်ဆီးတတ်ပြီး အကျိုးမဲ့တွေကို ဖြစ်ပေါ်စေသည်တို့ကို ယုံကြည်ခြင်းလည်းဖြစ်၏။

http://www.dhammadownload.com

ဒါနမမြောက်ခြင်း

လှူဖွယ်ဝတ္ထုကို မပေးလှူသေးဘဲ လှူလိုစိတ်ဖြစ်ကာမျှဖြင့် ဒါနကုသိုလ်မမြောက်၊ ယုံကြည်သောသဒ္ဓါတရားဖြင့် ပေးလှူမည်ဟူသောစိတ်ဖြင့် လှူဖွယ်ဝတ္ထုကို လက်တွေ့ လှူဒါန်းမှသာ ဒါနကုသိုလ်မြောက်၏။

ဒါနအကျိုး

၁။ လူအပေါင်းတို့က ချစ်ခင်ခြင်း၊
၂။ သူတော်ကောင်းတို့က ချဉ်းကပ်လာခြင်း၊
၃။ ဂုဏ်သတင်းကောင်း ကျော်စောခြင်း၊
၄။ မင်းပရိသတ်၊ ရဟန်းပရိသတ်တို့အလယ်၌ မရွံ့မထိတ် ဝမ်းမြောက်စွာ ဝင်ဆံ့နိုင်ခြင်း၊
၅။ သေသည့်အခါ နတ်ပြည်သို့လားရောက်ရနိုင်ခြင်း။

(ပထမအကျိုးလေးပါးမှာ မျက်မှောက်ဘဝတွင်ပင်ရရှိနိုင်သော အကျိုးတရားများဖြစ်၏။)

မျက်မှောက်ဘဝတွင်အကျိုးပေးနိုင်သောသမ္မဒါ(၄)ပါး

၁။ ဝတ္ထုသမ္မဒါ ... နိရောဓသမာပတ်ကို ဝင်စားနိုင်သည့် အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်ဟူသော မြတ်သော အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း၊
၂။ ပစ္စယသမ္မဒါ ... တရားသဖြင့် ရှာမှီးရရအပ်သော လှူဖွယ် ဝတ္ထုဟူသော ပစ္စည်း၏ပြည့်စုံခြင်း၊
၃။ စေတနာသမ္မဒါ ... စေတနာသုံးတန် ထက်သန် ညီညွတ်ခြင်းနှင့် ပြည့်စုံခြင်း၊
၄။ ဂုဏာတိရေကသမ္မဒါ ... အနာဂါမ်၊ ရဟန္တာဟူသော အလှူခံပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထပြီးစဖြစ်ခြင်းနှင့် ပြည့်စုံခြင်း၊

ဤအင်္ဂါရပ်များနှင့် ပြည့်စုံသောဒါနသည် မျက်မှောက်ဘဝတွင်ပင် မလွဲမသွေ မုချအကျိုးပေး၏။

နိဗ္ဗာန်ကိုအထောက်အပံ့ဖြစ်စေသောဒါန

မိမိ၏တောင်းသောဆု ပြည့်ဝလိုပါက အောက်ပါအင်္ဂါသုံးရပ်ပြည့်စုံရ၏။

(၁) ကုသိုလ်ကောင်းမှုကို ပြုလုပ်ရသည်။

http://www.dhammadownload.com

(၂) ကုသိုလ်ကောင်းမှုပြုလုပ်သူ၏သီလသည် စင်ကြယ်ရ၏။

(၃) မိမိလိုရာဆုကိုတောင်းရသည်။

ကုသိုလ်ကောင်းမှုများ ပြုလုပ်ရာတွင် နောင်သံသရာ၌ သုဂတိဘုံရောက်ဖို့၊ အသက်ရှည်ဖို့၊ ကြီးပွားချမ်းသာဖို့ စသည့် သံသရာရှည်စေတတ်သော ဆုတောင်းမျိုးထက် တိုတောင်းသောဘဝအတွင်း အရိယာပုဂ္ဂိုလ်ဖြစ်ပြီး နိဗ္ဗာန်သို့ အမြန်ဆုံးတက်လှမ်းနိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်ပြီး ဆုတောင်းသင့်သည်။

ထို့ပြင် သာဝကဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ သမ္မာသမ္ဗောဓိဆုကြီးများကိုလည်း တောင့်တရည်ရွယ်၍ ဆုတောင်းနိုင်၏။ သို့ဖြစ်၍ ဒါနနှင့်တကွ ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်တိုင်း မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ဆုံးမျက်မှောက်ပြုနိုင်ရေးအတွက်သာရည်မှန်းပြီးပြုလုပ်သင့်၏။ သို့မှသာ မိမိအတွက်အကောင်းဆုံး၊ အကျိုးအရှိဆုံး ဖြစ်နိုင်ပါမည်။

မဟာဒါနကြီး(၅)ပါး

မိမိအဖို့ ငွေတစ်ပြားတစ်ချပ်မှမကုန်ဘဲ အကျိုးကျေးဇူးကြီးမားလှသည့် မဟာဒါနကြီးငါးပါးမှာ ငါးပါးသီလအား ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာကျင့်သုံးဆောက်တည်ခြင်းဖြင့် ရရှိနိုင်၏။ အဘယ်ကြောင့်ဆိုသော -

၁။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် သတ္တဝါအားလုံးတို့အား ဇီဝိတဒါနကို ပြုခြင်းမည်၏။

၂။ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် သတ္တဝါအားလုံးတို့အား ပစ္စယဒါန (ပစ္စည်းဥစ္စာများပေးလှူခြင်း)ကို ပြုခြင်းမည်၏။

၃။ ကာမဂုဏ်ယုတ်မာ မှားယွင်းခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် သတ္တဝါအားလုံးတို့အား သားပျို၊ သမီးပျို၊ ဇနီးပျိုအပေါင်းတို့ကို လှူဒါန်းခြင်းမည်၏။

၄။ မုသားစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် သတ္တဝါအားလုံးတို့အား သစ္စာစကားကို လှူဒါန်းခြင်းမည်၏။

၅။ သေရည်သေရက် သောက်စားခြင်းတို့မှ ရှောင်ကြဉ်ခြင်းဖြင့် သတ္တဝါအပေါင်းတို့အား ယဉ်ကျေးသော ကာယကံ၊ ယဉ်ကျေးသောဝစီကံနှင့် ယဉ်ကျေးသောမနောကံတို့ကို လှူဒါန်းခြင်းမည်၏။

ပုဂ္ဂလိကဒါန

ပုဂ္ဂိုလ်အသီးသီးတို့အား လှူဒါန်းခြင်းဖြစ်၏။ ယင်းတို့မှာ -

၁။ ဘုရားရှင်အား လှူဒါန်းခြင်း၊

http://www.dhammadownload.com

၂။ ရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းခြင်း၊
၃။ အရဟတ္တဖလဌာန် (ရဟန္တာ)ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၄။ အရဟတ္တမဂ္ဂဌာန်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၅။ အနာဂါမိဖလဌာန် (အနာဂါမ်)ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၆။ အနာဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၇။ သကဒါဂါမိဖလဌာန် (သကဒါဂါမ်)ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၈။ သကဒါဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၉။သောတာပတ္တိဖလဌာန် (သောတာပန်)ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၁၀။ သောတာပတ္တိမဂ္ဂဌာန်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၁၁။ သာသနာပ ကမ္မဝါဒီအာဘိညာဉ်ရ ရသေ့ပရဖိုဓ်အား လှူဒါန်းခြင်း
၁၂။ ကောင်းသောအသက်မွေးမှုရှိသော ပုထုဇဉ်သီလဝန္တ(သီလပြည့်စုံသူ) ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
၁၃။ တံငါ၊ မုဆိုး အစရှိသော ပုထုဇဉ်ဒုဿီလအား လှူဒါန်းခြင်း၊
၁၄။ ခွေး၊ ဝက် စသောတိရစ္ဆာန်အား လှူဒါန်းခြင်း။

သရဏဂုံတည်သူ၊ သီလရှိသူ ပုထုဇဉ်လူပုဂ္ဂိုလ်များနှင့် သမ္မုတိရဟန်းသာမဏေ၊ သမထဝိပဿနာ အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် ဤနေရာ၌ အရိယာပုဂ္ဂိုလ် (၈) ယောက်တို့တွင် သောတာပတ္တိ မဂ္ဂဌာန်ပုဂ္ဂိုလ်၌ အကျုံးဝင်ပါသည်။ ပုဂ္ဂလိကဒါန (၁၄) ပါးတွင် ရရှိသောအကျိုးတရားတို့မှာ တူညီခြင်းမရှိဘဲ အောက်အဆင့်မှ အထက်အဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် များစွာကွာခြားသွားပါသည်။

သံဃိကဒါန

ပုဂ္ဂိုလ်ကို ရည်ညွှန်းမှုမပြုဘဲ ရှင်တော်မြတ်ဘုရား၏ တပည့်သားတော်များဖြစ်ကြသည့် ရဟန်းသံဃာတော်များအားလုံးကို ရည်မှန်း၍ လှူဒါန်းသည့်ဒါနကို သံဃိကဒါနဟုခေါ်၏။ သံဃိကဒါနသည် ပုဂ္ဂိုလ်စွဲကင်း၍ အလှူခံပုဂ္ဂိုလ်မှာ သီလမဲ့သူ ဒုဿီလကြီးပင်ဖြစ်စေကာမူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်မှန်း၍ လှူဒါန်းသော ပုဂ္ဂလိကဒါနထက် ပို၍အကျိုးများ၏။ မရေတွက်နိုင်သော အကျိုးတရားကောင်းများ ရရှိနိုင်၏။

မိမိ၏ဒါနတွင် မိမိသိထား ကြည်ညိုထားသော သံဃာတော်ပါဝင်စေကာမူ အလှူခံပုဂ္ဂိုလ်များကို သံဃာတော်များအနေဖြင့်သာ စိတ်ညွှတ်ပါက သံဃိကဒါနဖြစ်၏။ ထိုနည်းတူ မိမိဒါနတွင် မိမိမကြည်ညိုနိုင်သော ဒုဿီလသံဃာတော် ပါဝင်လာလျှင်လည်း "ငါသည် ဒုဿီလပုဂ္ဂိုလ်အားလှူဒါန်းရ၍ အကျိုးများသင့်သလောက် မများနိုင်တော့ဘဲ" ဟူ၍ သဘောမထားဘဲ မြတ်ဗုဒ္ဓ တပည့်သားတော် ရဟန်းသံဃာတော်များကို

http://www.dhammadownload.com

ရည်မှန်း၍ လှူဒါန်းသည်ဟုသဘောထားပြီး စိတ်ညှိတ်ရမည်။ ဤသို့ မိမိက သံဃာတော်များအနေဖြင့် အညီအမျှအာရုံထားနိုင်ပါက သံဃိကဒါနမြောက်၏။

ဥပမာ– သံဃာတော်များထဲမှ စာရေးတံမဲဖြင့် ရှင်သာမဏေကိုသာ ရခြင်းကြောင့် စိတ်မကြည်လင်ခဲ့သော်လည်းကောင်း၊ မထေရ်ကြီးကိုရခြင်းကြောင့် ဝမ်းသာအားရဖြစ်ခဲ့လျှင်သော်လည်းကောင်း သံဃာအပေါ်၌ စိတ်မရောက်၊ စိတ်မညှိတ်ဟု မှတ်ရာ၏။ စာရေးတံမဲဖြင့်ရသော သံဃာကိုယ်စားလှယ်ကဲ့သို့ ဝါငယ်သူ၊ ဝါကြီးသူဟု မပိုင်းခြားဘဲ သံဃာအနေဖြင့် ရိသေလေးမြတ်စွာပေးလှူနိုင်ပါမှ သံဃိကဒါနမြောက်၏။ ဤကဲ့သို့ သံဃိကဒါနမြောက်ခြင်းသည် ဘုရားရှင်မှအပ ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်းရသော ပုဂ္ဂလိကဒါနထက်ပင် သာလွန်မွန်မြတ်၏။ အကျိုးကြီးမား၏။

သံဃိကဒါန ၇ မျိုးရှိ၏။ ယင်းတို့မှာ –

၁။ ဘုရားအမှူးရှိသော အမျိုးသားရဟန်းနှင့် အမျိုးသမီးရဟန်းတို့အား လှူဒါန်းခြင်း၊

၂။ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် အမျိုးသားရဟန်းနှင့် အမျိုးသမီးရဟန်းတို့အား လှူဒါန်းခြင်း၊

၃။ အမျိုးသားရဟန်းသက်သက်အား လှူဒါန်းခြင်း၊

၄။ အမျိုးသမီးရဟန်းသက်သက်အား လှူဒါန်းခြင်း၊

၅။ သံဃာကဆွန်းသည့် အမျိုးသားရဟန်းနှင့် အမျိုးသမီးရဟန်းတို့အား လှူဒါန်းခြင်း၊

၆။ သံဃာကဆွန်းသည့် အမျိုးသားရဟန်းတို့အား လှူဒါန်းခြင်း၊

၇။ သံဃာကဆွန်းသည့် အမျိုးသမီးရဟန်းတို့အား လှူဒါန်းခြင်း။

ထို့ပြင် သံဃိကဒါနပြုကြသည့်အခါ သမ္မုတိသံဃာတော်များ၌ လှူရစေကာမူ အရိယာသံဃာတော်များကို ရည်မှန်းစိတ်ညှိတ်၍ လှူဒါန်းသင့်ပေသည်။

ပစ္စည်းလေးပါး

ရဟန်းသံဃာများနှင့် အပ်စပ်သည့်၊ ရဟန်းသံဃာတော်များအား ဒါနပြုသင့်သည့် ပစ္စည်းလေးပါးမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး တို့ဖြစ်၏။ ဤလေးပါးတွင် ကျောင်းအလှူသည် လွန်စွာထူးမြတ်၏။

ကျောင်းသခ်ိမ်းအလှူ

ဆွမ်းဘောဇဉ်၊ သစ်သီး စသောအာဟာရမျိုးလှူခြင်းသည် ခွန်အားဗလကို လှူသည်မည်၏။ သင်္ကန်း၊ အဝတ်အထည် စသည်တို့ကိုလှူခြင်းသည် အဆင်းကို လှူခြင်းမည်၏။ လှေ၊ လှည်း၊ ဆင်၊ မြင်း စသော ယာဉ်များ၊ ထီး၊ ဖိနပ်၊ တောင်ဝှေး

http://www.dhammadownload.com

နှင့် ခရီးလမ်းကို သုတ်သင် သန့်ရှင်းပေးခြင်း စသည်တို့သည် ချမ်းသာသုခကို လှူသည်မည်၏။ ဆီမီးအရောင်အလင်းကို ပေးလှူခြင်းသည် မျက်စိကိုပေးလှူခြင်းမည်၏။ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သည် ကျောင်းသခ်ိမ်း ဆောက်လုပ်လှူဒါန်းပါက ခွန်အားဗလ၊ အဆင်း၊ မျက်စိနှင့် ချမ်းသာသုခတို့ကို ပေးလှူသည်မည်၍ လွန်စွာ အကျိုးကြီးမြတ်၏။

အမြတ်ဆုံးအလှူ

တရားဓမ္မအလှူကို ပေးလှူခြင်းသည် အမတခေါ် မသေခြင်းကို လှူသည်မည်၏။ အမြိုက်နိဗ္ဗာန်ကို ပေးလှူခြင်းလည်းမည်၏။ တရားဓမ္မကို တတ်စွမ်းသမျှ ဟောပြောခြင်း၊ ပြသခြင်း၊ ရေးသားခြင်း၊ ပေးလှူခြင်း၊ တစ်ပါးသူကို တရားနှင့်လျော်ညီစွာ အားထုတ်စေခြင်း၊ တရားတော်ကို ပူဇော်ခြင်းနှင့် မြတ်ဗုဒ္ဓ၏ သာသနာနှစ်ဖြာကို ဆောင်ရွက်အားထုတ်ကြကုန်သော ရဟန်းသာမဏေ၊ လူပုဂ္ဂိုလ်တို့အား ချမ်းသာစွာ ကျင့်ဆောင်နိုင်ရန် တရားတော်ကိုရည်မှန်း၍ ပေးလှူခြင်း အစရှိသောဓမ္မဒါနသည်သာ အလှူအားလုံးကို အောင်နိုင်၏။ အလှူအားလုံးတွင် အကြီးမြတ်ဆုံးလည်းဖြစ်၏။

ဒါနအမျိုးအစားများနှင့် သိမှတ်ဖွယ်

ဒါနအမျိုးအစားများမှာ များစွာရှိသော်လည်း အရေးကြီးသည့် သိမှတ်ဖွယ်များကို သာ ကောက်နုတ်ဖော်ပြထားပါသည်။

၁။ မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော တရားဒေသနာတော်များကို သတ္တဝါတို့၏အကျိုးကိုလိုလား၍ သူတစ်ပါးအား ဟောကြားပြသဆုံးမခြင်း၊ သင်ပေးခြင်း၊ ဆွေးနွေးခြင်း၊ ဖြန့်ဝေခြင်း၊ တရားအားထုတ်စေခြင်းမည်သော ဓမ္မဒါနသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးအလှူမည်သည့် အာမိသဒါနထက် ပို၍မြတ်၏။

၂။ ဓမ္မဒါနသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်နှင့်တူ၏။ ဒါနအားလုံးကို အောင်နိုင်၏။ ဒါနအားလုံးအနက် အမြတ်ဆုံးဖြစ်၏။

၃။ ညံ့သော လှူဖွယ်ပစ္စည်းတို့ကို မလှူဒါန်းဘဲ မွန်မြတ်သော လှူဖွယ်ဝတ္ထုတို့ကို ရွေးချယ်စိစစ်၍လည်းကောင်း၊ အကျိုးဖလများစွာ ပေးစွမ်းနိုင်သော သီလပြည့်စုံသည့် သီလဝန္တ ပုဂ္ဂိုလ်တို့ကို ရွေးချယ်စိစစ်၍လည်းကောင်း လှူဒါန်းခြင်းမည်သော ဝိစိနနဒါနသည် လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့ကို ကောင်းဆိုးယုတ်မြတ်မရွေးဘဲ လှူဒါန်းခြင်းမည်သော အဝိစိနန ဒါနထက် ပို၍မြတ်၏။

၄။ ဝဋ်သုံးပါးဖြစ်သောလူ၊ နတ်စည်းစိမ်ချမ်းသာကို တောင့်တ၍ ပေးလှူခြင်းမည်သော ဝဋ္ဋနိဿိတဒါနသည် ဝဋ်ကင်းလွတ်ရာ နိဗ္ဗာန်ချမ်းသာကို

http://www.dhammadownload.com

မဆောင်နိုင်။ ဝဋ်လွတ်ကင်းရာ နိဗ္ဗာန်ချမ်းသာကို တောင့်တ၍ပေးလှူခြင်း (ကြဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံဟောတု)မည်သော ဝိဝဋ္ဋနိဿိတဒါန သာလျှင် ဝဋ္ဋ၊ ဝိဝဋ္ဋ နှစ်ပါးလုံးကိုဆောင်နိုင်၏။

၅။ မိမိလက်ဖြင့် ကိုယ်တိုင်ကိုင်၍မပေးလှူဘဲ သူတစ်ပါးတို့ကိုစေခိုင်း၍ ပေးလှူခြင်းမည်သော အသဟတ္ထဒါနထက် မိမိလက်ဖြင့် ကိုယ်တိုင်ဆက်ကပ်၍ ပေးလှူခြင်းမည်သော သဟတ္ထဒါနက ပို၍မြတ်၏။

၆။ စွန့်ပစ်အပ်သော စားကြွင်းစားကျန် စသည်တို့ကဲ့သို့ သဘောထား၍ ဖရိဖရဲ ဖြန့်ကြဲပစ်လွှင့်လျက် ပေးလှူခြင်းမည်သော အပဝိဒ္ဓဒါနထက် စွန့်ပစ်အပ်သော စားကြွင်းစားကျန် စသည်တို့ကဲ့သို့ သဘောမထားဘဲ ကောင်းမွန်စွာပေးလှူခြင်းမည်သော အနပဝိဒ္ဓဒါနက ပို၍မြတ်၏။

၇။ သတ္တဝါဟူသမျှကို ဘေးမဲ့ပေးခြင်းတည်းဟူသော အဘယဒါနသည် ဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ဝတ္ထုများကို ပေးလှူခြင်းမည်သော ဝတ္ထုဒါနထက် ပို၍မြတ်၏။

၈။ အလှူခံပုဂ္ဂိုလ်က မတောင်းခံရဘဲ မိမိကိုယ်တိုင်က အလှူခံပုဂ္ဂိုလ်အလို အဇ္ဈာသယကိုသိ၍ ဝတ္ထုပစ္စည်းပေးလှူခြင်းမည်သော အယာစိတဒါန ကိုပြုသကဲ့သို့ အလှူခံပုဂ္ဂိုလ်က တောင်းခံလာလျှင်လည်း များများမလှူနိုင်ပါက အနည်းငယ်မျှလှူဒါန်းခြင်းဖြင့်လည်း ယာစိတဒါနကို ပြုအပ်၏။

၉။ မလျော်ကန်မသင့်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းမည်သော အသပ္ပာယဒါနထက် လျော်ကန်သင့်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းမည်သော သပ္ပာယဒါနကိုသာ ပြုအပ်၏။

၁၀။ ပြိတ္တာတို့ကို ရည်မှန်း၍ ပေးလှူခြင်းမည်သော ဥဒ္ဒိဿဒါနသည် အလှူရှင်နှင့် ရည်မှန်းအပ်သော ပုဂ္ဂိုလ်နှစ်မျိုးလုံးအတွက် အကျိုးများ၏။ ပြိတ္တာတို့ကို မရည်မှန်းဘဲ ပေးလှူခြင်းမည်သော အနုဒ္ဒိဿဒါနသည် အလှူရှင်ကိုသာ အကျိုးများစေ၏။ အချို့ပုဂ္ဂိုလ်တို့သည် ပြိတ္တာတို့ကို ရည်မှန်း၍ သုသာန်တို့၌ သံဃာတော်များပင့်ပြီး တရားနာ အလှူဒါနပြုကာ ပြိတ္တာများကို အမျှပေးဝေ၍ ကုသိုလ်ဒါနပြုကြသည်မှာ အလွန်အကျိုးများ၍ မြင့်မြတ်သော ဒါနကုသိုလ်များပင်ဖြစ်၏။

၁၁။ မိမိထက်မြင့်မြတ်သော ပုဂ္ဂိုလ်တို့အား ပူဇော်သောအားဖြင့် ပေးလှူခြင်းမည်သော ပူဇာဒါနနှင့် မိမိအောက် ယုတ်နိမ့်သောပုဂ္ဂိုလ်တို့အား ချီးမြှောက်ထောက်ပံ့သောအားဖြင့် ပေးလှူခြင်းမည်သော အနုဂ္ဂဟဒါနတို့သည် နှစ်မျိုးလုံးအကျိုးများသဖြင့် ပြုအပ်ကြ၏။

http://www.dhammadownload.com

၁၂။ အမြဲတည်သော စေတီပုထိုး စသည်တို့ကို တည်ထားကိုးကွယ်ခြင်း၊ သိမ်၊ ကျောင်း၊ ကန်များ တည်ဆောက်၍ ဒါနပြုခြင်း၊ တံတားတည်ဆောက်ခြင်း၊ ရေတွင်းရေကန်များ တူးဖော်ဒါနပြုခြင်း၊ အရိပ်အာဝါသ အလှူပေးခြင်း စသော ထာဝရဒါနသည် အမြဲမတည်ကုန်ခန်းလွယ်သော ဆွမ်း၊ သင်္ကန်း စသော ဝတ္ထုအလှူဖြစ်သည့် အထာဝရ ဒါနထက် ပို၍အကျိုးများ၏။

၁၃။ မိမိအလိုအလျောက် သဒ္ဓါပေါက်၍ လှူဒါန်းခြင်းမည်သော အသခ်ါရ ဒါနသည် သူတစ်ပါးတို့ နှိုးဆော်တိုက်တွန်းသဖြင့် လှူဒါန်းခြင်းမည်သော သသခ်ါရ ဒါနထက်ပိုပြီး ထက်မြက်ကာ အထက်တန်းကျသော တိဟိတ် ဉက္ကဋ္ဌပုဂ္ဂိုလ်မျိုး ဖြစ်စေနိုင်သည့်ကုသိုလ်ဖြစ်သည်။

ဇီဝိတဒါန

ဤအလှူသည်ကား ငါ၏ အသက်အလှူပေတည်းဟု နှလုံးသွင်းဆင်ခြင်၍ စာရေးတံမဲလိပ်ဖြင့် မဲကျရာပေးလှူခြင်း၊ လဆန်း၊ လဆုတ်ရက်များတွင် သင့်ရာရက်တို့၌ပေးလှူခြင်း၊ မကျန်းမာသူများအတွက်ဆေးပေးခြင်း အစရှိသည့် ပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်ပေးခြင်း၊ ပိုက်ကွန်၊ မြှား၊ လှောင်ချိုင့် အစရှိသည့် အနှောင်အဖွဲ့မိနေသော သတ္တဝါတို့ကို လွှတ်စေခြင်း၊ သား၊ ငါး မသတ်ရဟု အမိန့်ထုတ် စည်လည်မောင်းခတ်စေခြင်း၊ သတ္တဝါများကို အသက်ဘေးမှကယ်ဆယ်ခြင်း၊ သတ္တဝါများ အသက်ဘေးမှလုံခြုံရေးအတွက် အမှုကိစ္စအဝဝကို ကိုယ်တိုင်ပြုလုပ်ခြင်း၊ သူတစ်ပါးကိုပြုလုပ်စေခြင်း စသည်တို့သည် ဇီဝိတဒါနမည်၏။

ပါရမီမြောက်ဒါန

သူတစ်ပါးနှင့် ပြိုင်ဆိုင်လိုသော၊ အနိုင်ယူလိုသော၊ အချီးမွမ်းခံယူလိုသော၊ မိမိအား အလှူရှင်အဖြစ် ဝါကြွားလိုသော၊ နောက်နောက်ကာလ၌ ဘဝစည်းစိမ်ကို ရယူလိုသော ရည်ရွယ်ချက်များဖြင့် အကုသိုလ်၊ တဏှာ၊ ရာဂ၊ မာန တရားဆိုးများကို အရင်းခံ၍ အလှူမဏ္ဍပ်ကြီးများဆောက်လုပ်၍ အလှူပေးခြင်း၊ မပင့်မဖိတ်လျှင် မကောင်း တတ်သောပုဂ္ဂိုလ်နှင့် နာမည်ကြီးပုဂ္ဂိုလ်တို့ကို တင်ကြိုပင့်လျှောက်ကာ မျက်နှာကြီးတို့ကိုသာဖိတ်၍ ကျွေးမွေးခြင်း၊ မရှိဆင်းရဲသူများ လားလားမျှ အနားသို့ မသီစေလိုခြင်း၊ ကျွေးမွေးခိုက်မှာလည်း တီးဝိုင်းတို့မှ တငြိမ်ငြိမ့်တေးသံဖြင့် တဏှာရာဂဖြင့် စားသောက်ကြစေခြင်း၊ အလှူရှင်ကလည်း လောကွတ်လုပ်ရ၍ ဗျာများနေရခြင်းကြောင့် ကုသိုလ်ကို အာရုံမပြုနိုင်ခြင်း၊ အလှူပွဲပြီးခါနီးမှ ကပျာကယာရေစက်ချ၍ လှူဒါန်းရခြင်း စသည်တို့သည် ကြီးကျယ်ခမ်းနား ငွေကုန်သလောက် သန့်ရှင်းမွန်မြတ်သော ရည်ရွယ်ချက်နည် ပါ ရကာ အနှစ်များသော ဒါနမဖြစ်နိုင်ပေ။

http://www.dhammadownload.com

မိမိစိတ်သန္တာန်၌ အတ္တကင်း၍ သတ္တဝါများအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ တို့ အရင်းခံသော ဒါနသည်သာ ဒါနစေတနာကို များစွာအထောက်အကူပြုပါသည်။ မိမိ၏ ခုဘဝ၊ နောင်ဘဝ ချမ်းသာရေးတို့အတွက် ဘာတစ်ခုမျှ မတောင့်တဘဲ (တဏှာ မပါဘဲ) သတ္တဝါများ၏အကျိုးကိုသာ အမှန်တကယ်လိုလား၍ သတ္တဝါများအပေါ် ဖြဟ္မစိုရ်တရားများ ပွားများနိုင်သောသူတို့သာ သဒ္ဓါတရားထက်သန်စွာဖြင့် အလွန်နှစ်သက်သော ပစ္စည်းမျိုးကိုပင် တွယ်တာမှုကင်းလျက် ရက်ရောစွာပေးလှူတတ်ကြ၏။ ဤဒါနမျိုးသာ အနှစ်သာရပြည့်ဝသော ဒါနမည်၏။ ဤဒါနမျိုးသာ သံသရာဝဋ်မှ ကျွတ်လွတ်စေသော ပါရမီမြောက်ဒါနဖြစ်၏။ သံသရာမှထွက်မြောက်ကြောင်း တောင့်တခြင်းမှာမူ တဏှာမဟုတ်ဘဲ တဏှာကင်းရာ ဒါန၊ ဝိဝဋ္ဋနိဿိတဒါနဖြစ်၍ ပါရမီမြောက်ဒါနမည်ခြင်းဖြစ်၏။ ထို့ကြောင့် ပါရမီမြောက်ဒါနတွင် မဂ်ဖိုလ်ကို ရည်မှန်းတောင့်တနိုင်၏။

အဓမ္မဒါန(၅)ပါး

မလှူကောင်းသော အဓမ္မဒါန(၅)ပါးတို့မှာ –

၁။ မဇ္ဇဒါန ... သေရည်သေရက်၊ ဘိန်း၊ ဆေးခြောက် စသောအလှူ။

၂။ သမဇ္ဇဒါန ... ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ ပွဲလမ်းသဘင်၊ အဆိုအတီး၊ ကချေသည် စသောအလှူ။

၃။ ဣတ္ထိဒါန ... ကာမဂုဏ်ကိစ္စအတွက် အလိုဖြည့်စေရန် မိန်းမ အလှူ။

၄။ ဥသဘဒါန ... နွားမများအလယ် ထည့်ဝါခံ့ညားသော နွားလား၊ နွားသိုး အလှူ။

၅။ စိတ္တကမ္မဒါန...ကြည့်လိုက်မြင်လိုက်လျှင် ကာမဂုဏ်စိတ်ကို နှိုးဆွတတ်သော ဆန်းကြယ်လှပစွာပြုလုပ်ထားသော ပန်းချီ၊ ပန်းပု၊ ရုပ်ပုံကားချပ်အလှူ။

မဇ္ဇဒါန (၁၀)ပါး

အပါယ်ကျနိုင်သည့် အလှူဝတ္ထုဆယ်မျိုးကို လှူဒါန်းခြင်းဖြစ်၏။ ဤဒါနဆယ်ပါးကို မပြုမိစေရန် အထူးသတိပြုရာ၏။ ယင်းဒါနဆယ်ပါးမှာ –

အမှတ်စဉ် (၁)မှ (၅)အထိ (အထက်ဖော်ပြပါ အဓမ္မဒါနငါးပါး)

၆။ သတ္ထဒါန ... ဓား၊ လှံ၊ လေး၊ မြား၊ သေနတ် စသော လက်နက်များကို ပေးလှူခြင်း။

၇။ ဝိသဒါန ... အဆိပ်ကိုပေးလှူခြင်း။

http://www.dhammadownload.com

၈။ သခ်ၤလိကဒါန ... လက်ထိတ်၊ နှောင်ကြိုး၊ သံခြေချင်းတို့ကို ပေးလှူခြင်း။

၉။ ကုက္ကုဋ္ဌသူကရဒါန ... ကြက်၊ ဝက် စသည်တို့ကိုပေးလှူခြင်း။

၁၀။ တုလာကူဋ္ဌမာနကူဋ္ဌ ... မမှန်သောချိန်ခွင်၊ မမှန်သောအလေး၊ တင်း၊ တောင်းတို့ကို ပေးလှူခြင်း။

အဓမ္မိကဒါန(၉)ပါး

တရားနှင့်အညီ ပေးလှူခြင်းမဟုတ်သော ဒါနကိုးပါးတို့မှာ –

(က) ဤစေတီအားပေးလှူရန် ညွှတ်ပြီးသောပစ္စည်းဝတ္ထုကို

(၁) အခြားစေတီအားပေးလှူခြင်း၊

(၂) သံဃာအားပေးလှူခြင်း၊

(၃) ပုဂ္ဂိုလ်အား ပေးလှူခြင်း၊

(ခ) ဤသံဃာအားပေးလှူရန် ညွှတ်ပြီးသောပစ္စည်းဝတ္ထုကို

(၄) အခြားသံဃာအားပေးလှူခြင်း၊

(၅) စေတီအား ပေးလှူခြင်း၊

(၆) ပုဂ္ဂိုလ်အားပေးလှူခြင်း၊

(ဂ) ဤပုဂ္ဂိုလ်အားပေးလှူရန် ညွှတ်ပြီးသောပစ္စည်းဝတ္ထုကို

(၇) အခြားပုဂ္ဂိုလ်အား ပေးလှူခြင်း၊

(၈) သံဃာအားပေးလှူခြင်း၊

(၉) စေတီအားပေးလှူခြင်း။

ဤတွင် ပုဂ္ဂိုလ်ဆိုသည်မှာ လူပုဂ္ဂိုလ်၊ တိရစ္ဆာန်အားလုံး အကျုံးဝင်၏။ ဤဒါနကိုးပါးသည် တရားနှင့်မညီ၊ ရည်မှန်းရင်းမှ ပြောင်းလဲ၍ လှူဒါန်းခြင်းကြောင့် အဓမ္မိကဒါနမည်၏။ ဤဒါနမျိုးပြုသူသည် ရဟန်းသံဃာဖြစ်လျှင် အာပတ်သင့်ပြီး လူဖြစ်လျှင် အပြစ်ရှိ၏။

မိမိကိုယ်တိုင်က တစ်စုံတစ်ခုသို့ ညွှတ်ပြီးကြောင်းမသိ၍ အခြားသို့ညွှတ်ရခြင်း ဖြစ်လျှင်ကား အပြစ်မရှိ၊ အခြားသူများအနေဖြင့်လည်း အလှူရှင်အား ဓမ္မိကဒါနမှ အဓမ္မိကဒါနဖြစ်သွားအောင် တိုက်တွန်းနှိုးဆော်ခြင်းမပြုအပ်၊ အကြံမပြုအပ်၊ ပြုသော် အပြစ်ဖြစ်၏။ သို့သော် အလှူရှင်က တစ်စုံတစ်ခုသို့ မဟုတ်သေးကြောင်းသိပါက တိုက်တွန်းအကြံပြုနိုင်၏။ သို့ဖြစ်၍ တရားနှင့်အညီ ရည်မှန်းရာဖြစ်သော ပုဂ္ဂိုလ်၊ သံဃာ၊ စေတီတို့အား လှူဒါန်းခြင်းမည်သော ဓမ္မိကဒါနဖြစ်အောင် သတိပြု၍ လှူဒါန်းရာ၏။

http://www.dhammadownload.com

ဒက္ခိဏာ

နောင်တမလွန်ဘဝ၌ ကြီးပွားချမ်းသာဖို့ရည်မှန်း၍ လှူဒါန်းအပ်သောအလှူကို ဒက္ခိဏာဟုခေါ်သည်။ အရိယာသံဃာတော်များသည် ရည်မှန်းတိုင်းသောအကျိုးကို ရစေနိုင်သောကြောင့် ထိုဒက္ခိဏာကို ခံယူခြင်းငှာ ထိုက်တန်တော်မူသောကြောင့် ဒက္ခိဏေယျဂုဏ်တော်နှင့် ပြည့်စုံကြ၏။ ဒက္ခိဏာနှစ်မျိုးရှိ၏။

၁။ မိမိအတွက်ချမ်းသာရန် လှူဒါန်းခြင်း

ဤအလှူသည် မိမိအတွက် အခွင့်သာလျှင် သင့်ရာဘဝ၌ နိဗ္ဗာန်မရမချင်း အကျိုးပေးမည်။

၂။ သေလွန်သူမိဘဆွေမျိုးများအတွက်လှူဒါန်းခြင်း

သေလွန်သူ မိဘဆွေမျိုးများအတွက် ရည်မှန်း၍ လှူဒါန်းရာ၌ကား သေသူက ငရဲကျနေလျှင်သော်လည်းကောင်း၊ တိရစ္ဆာန်အမိဝမ်း၌ ဖြစ်နေလျှင်သော်လည်းကောင်း၊ အလွန်ဝေးသော တော၊ တောင်၊ မြစ်၊ သမုဒ္ဒရာကမ်းတို့၌ ပြိတ္တာဖြစ်နေလျှင်သော်လည်းကောင်း၊ လူအမိဝမ်း၌ ဖြစ်နေလျှင်သော်လည်းကောင်း၊ နတ်၊ ဗြဟ္မာ ဖြစ်နေလျှင်သော်လည်းကောင်း လှူဒါန်းသူ၏ လှူဒါန်းသောကုသိုလ်ကို သူတို့မသိနိုင်ကြ။ သိနိုင်လျှင်လည်း သာဓုမခေါ်နိုင်သောသူတို့မှာ အကျိုးထူးမရရှိနိုင်ကြ။ လှူဒါန်းသူများအဖို့မှာသာ ဒါနကုသိုလ်ဖြစ်ကြပါသည်။

သေလွန်သူသည် မိမိအိမ်၊ ရွာ၊ မြို့ အနီးအပါး အကြိုအကြား၌ သွားလာလျက် စားရမဲ့သောက်ရမဲ့ ပြိတ္တာမျိုး (အစိမ်းတစ္ဆေ၊ သရဲ)ဖြစ်နေပြီး လှူဒါန်းသူ၏ ဒါနကုသိုလ် အမျှဝေသံကို တွေ့မြင်ကြားသိရ၍ သာဓုခေါ်နိုင်လျှင်ကား အကျိုးရှိပါ၏။ အကျိုးရှိပုံကား လှူဒါန်းသူက ဆွမ်း၊ သင်္ကန်းတို့ကို လှူဒါန်းပြီးလျှင် ယင်းပြိတ္တာများအဖို့ သာဓုခေါ်ပြီးနောက် အစားအစာများ အဝတ်အစားများကို နတ်သား၊ နတ်သမီးများကဲ့သို့ ရရှိကြကုန်၏။ ယင်းကဲ့သို့ အနီးအပါး၌ ပြိတ္တာဖြစ်သော်လည်း မိမိအတွက်လှူဒါန်းခြင်းကို မမြင်ရ၊ မကြားရ၊ မတွေ့ရလျှင် သာဓုမခေါ်နိုင်၍ အကျိုးထူးမရရှိနိုင်ကြပေ။

အချို့သူတို့သည် သေလွန်သူကိုရည်မှန်း၍ ဒက္ခိဏာမပြုမီ သုသာန် စသည်တို့ကို သွား၍ "ယနေ့ အိမ်မှာ အလှူဒါနပြုမှာမို့ လိုက်ခဲ့ပါ"ဟုဖိတ်ကာ အိမ်သို့ ခေါ်လာကြ၏။ ထိုကုသိုလ်ကို အလွန်ဝေးသော ရှေးရှေးဘဝက ပြိတ္တာဖြစ်နေကြသော ဆွေမျိုးဟောင်းများလည်း သာဓုခေါ်နိုင်ခွင့်ရ၍ အကျိုးထူးရရှိပါ၏။ သို့ဖြစ်၍ တစ်စုံတစ်ယောက် သေဆုံးသောအခါ ဆူဆူပူပူနှင့် ပကာသနအတွက် သုသာန်မှာလှူခြင်းထက် သေဆုံးသည့်နေ့မှစ၍ မိမိအိမ်မှာပင် လှူဒါန်းလျက် အမျှဝေသောနည်းသာ ကောင်းမြတ်ပါ၏။

http://www.dhammadownload.com

ရက်လည်ဆွမ်းကျွေးခြင်း

ယခုအခါတွင် အများအားဖြင့် ဆွေမျိုးတစ်ယောက် သေဆုံးပြီးသောအခါ ခုနစ်ရက်လည်မှ သေဆုံးသူအားရည်မှန်း၍ ဆွမ်းကျွေးခြင်း စသောဒါနကုသိုလ်များ ပြုလေ့ရှိကြ၏။ အကြောင်းမှာ သေဆုံးသူသည် သေဆုံးပြီးခုနစ်ရက်အတွင်း ဘဝတစ်ပါးသို့ ချက်ချင်းမပြောင်းသေးဘဲ ဘဝဟောင်းကရှိနေခဲ့သောအိမ်တွင် တဝဲလည်လည် လှည့်လည် လျက်ရှိကြောင်း ခုနစ်ရက်ပြည့်မှသာ ဘဝကူးပြောင်းကြသည်ဟု မှားယွင်းစွာယူဆနေကြ၍ဖြစ်သည်။

အမှန်တကယ်မှာ သေဆုံးသူသည် သေဆုံးပြီးနောက် စက္ကန့်မခြားဘဲ ကံ၏စီမံရာ လားရာဂတိသို့ ကူးပြောင်းကြရသည်။ နတ်ဖြစ်သွားသူကလည်း ချက်ချင်း နတ်ပြည်သို့ရောက်ရှိသွားသလို ငရဲကျသူကလည်း ချက်ချင်း ငရဲသို့လားရောက်ရလေသည်။ ဘဝကူးပြောင်းခြင်းသည် တစ်ဘဝအတွင်း ရှေ့စိတ်နှင့် နောက်စိတ်ကဲ့သို့ အကြားမရှိ တစ်ဆက်တည်းဖြစ်ခြင်းတည်း။ ဤတွင် ပြိတ္တာဘဝရောက်ရှိသွားသူသာလျှင် မိမိ၏ ဘဝဟောင်းက ဆွေမျိုးများပြုလုပ်မည့် ဒါနကုသိုလ်အစုစုကို အိမ်အနီးအပါး၌ စောင့်မျှော်လျက်နေတတ်ကြ၏။ ထို့ကြောင့် ခုနစ်ရက်လည်အောင် စောင့်ဆိုင်းနေခြင်းသည် သဘာဝမကျပေ။ မမှန်ကန်ပေ။ အမှန်စင်စစ်မှာ သေဆုံးပြီးသည့်နေ့ကစ၍ တတ်အားသမျှ ကုသိုလ်အစုစုပြုလုပ်ပြီး အမျှပေးဝေခြင်းသာ နည်းလမ်းကျ၍ မှန်ကန်မှု ရှိပါသည်။

ထို့ပြင် အမျှပေးဝေရာ၌ ထိရောက်မှုရှိစေရန် ဒါနကုသိုလ်ပြုစဉ် မိမိကိုယ်တိုင်လည်း သီလစင်ကြယ်စေလျက် သီလသိက္ခာရှိသော ရဟန်းကိုလည်း အလှူခံပုဂ္ဂိုလ်အဖြစ် ရွေးချယ်ပေးလှူရာ၏။ သို့မှသာ သာဓုခေါ်သူအဖို့ အကျိုးထူးရရှိနိုင်၏။ အကယ်၍ သီလသိက္ခာရှိသော အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ရန်ခက်ခဲပါက သံဃာတော်တစ်ပါးတည်းပင်ဖြစ်ပါစေ သံဃိကဒါနဖြစ်အောင် စိတ်ညွှတ်အာရုံပြုခြင်းဖြင့် အကျိုးများပါ၏။ သံဃာတော်များဆိုလျှင်ကား ပြောဖွယ်ရာမရှိ။ ထို့ကြောင့် သေလွန်သူကို အကျိုးရစေလိုလျှင် ကုသိုလ်ပြုရာ၌ ဂုဏ်၊ ပကာသနများမပါစေဘဲ နည်းလမ်းမှန်ကန်စွာ ပြုလုပ်ရပေမည်။

ဒါနပြုရာ၌ ဦးဦးဖျားဖျားမစားရ

ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ၉၂ ကမ္ဘာထက်၌ "ဖုဿ" မည်သော ဘုရားရှင်လက်ထက်တော်တွင် ဘုရားရှင်၏ညီတော် မင်းသားသုံးယောက်သည် ယင်းတို့၏စည်းစိမ်များကို ဘဏ္ဍာရေးမင်းကြီးနှင့် အခွန်ဝန်အား လွဲအပ်၍ အရာရာကိုမှာကြားပြီး တစ်ဝါတွင်းလုံး ဆယ်ပါးသီလ စောင့်ထိန်းလျက် ကျောင်းတော်၌ပင်နေကြ၏။ လွဲအပ်ခံရသောဝန်ကြီးများက မင် သားများ၏မှာကြားချက်အရ ဘုရားအမှူးရှိသော

http://www.dhammadownload.com

သံဃာတော်များနှင့်တကွ မင်းသားများအတွက်ပါ နေ့စဉ် ချက်ပြုတ်ကျွေးမွေးပြုစုကြရ၏။

ထိုအခါ ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်ကြရသော ဝန်မင်းများ၏ ဆွေမျိုးများသည် စားသောက်ဖွယ်တို့အား ဘုရားအမှူးရှိသော သံဃာတော်များကို မဆက်ကပ်ရသေးမီ နေ့စဉ်မပြတ် မိမိတို့ကိုယ်တိုင်လည်း စားသောက်ကြ၊ မိမိတို့၏သားသမီးများကိုလည်း ကျွေးမွေးကြကုန်၏။ ၎င်းတို့အားလုံး သေလွန်ကြသောအခါ ပြိတ္တာချည်းဖြစ်ကြကုန်၍ ၉၂ ကမ္ဘာပတ်လုံး စားရမဲ့သောက်ရမဲ့ ဖြစ်ကြရလေ၏။

ယင်းပြိတ္တာတို့သည် "ဂေါတမ"ဘုရားရှင် ပွင့်တော်မူသောအခါမှသာ ယင်းတို့၏ ဆွေမျိုးဟောင်း အခွန်ဝန်ဖြစ်ခဲ့ဖူးသည့် ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်၏ ဟောကြားတော်မူချက်အရ ဆွမ်း၊ သင်္ကန်း စသည်တို့ဖြင့် ဒါနကုသိုလ်ပြုလုပ်ပြီး အမျှပေးဝေမှပင် သာခုခေါ်နိုင်ကာ ပြိတ္တာဘဝမှ လွတ်မြောက်ကြရလေသည်။ ဤဝတ္ထုကို ထောက်၍ ဒါနကုသိုလ်ပြုလုပ်ရာ၌ ဦးဦးဖျားဖျား မိမိကိုယ်တိုင်လည်း မစားမိအောင် သူတစ်ပါးအားလည်းမကျွေးမိစေရန် အထူးသတိပြုရာ၏။ (ကလေးများပူဆာ၍ နားအေးရင် ပြီးရောဆိုပြီး အမှမဲ့အမှတ်မဲ့ ဦးဦးဖျားဖျား ယူကျွေးမိတတ်ခြင်းကို သတိပြုသင့်ပါ၏။)

ကာလဒါန

၁။ ည့်သည်အာဂန္တုက အားပေးလှူခြင်း၊

၂။ ခရီးသည်အား အလှူကိုပေးလှူခြင်း

၃။ လူနာအား အလှူကိုပေးလှူခြင်း၊

၄။ ငတ်မွတ်ခေါင်းပါးသောအခါ၌ အလှူကိုပေးလှူခြင်း၊

၅။ ကောက်ဦး၊ သစ်သီးဦးတို့ကို သီလရှိသူတို့အား ရှေးဦးစွာပေးလှူခြင်း။

သပ္ပုရိသဒါန(၅)ပါး

သပ္ပုရိသဒါနဆိုသည်မှာ သူတော်ကောင်းတို့ လှူရိုးလှူစဉ်ဖြစ်သည့် သူတော်ကောင်းအလှူဒါနမျိုးပင် ဖြစ်ပါသည်။ ယင်းဒါန(၅)မျိုးမှာ

၁။ သဒ္ဓါယဒေတိ

ရတနာသုံးပါး၊ ကံကံ၏အကျိုးတရားတို့ကို ယုံကြည်သော သဒ္ဓါတရားဖြင့် ပေးလှူခြင်းဖြစ်၏။ ဤတွင် ပညာပါသော၊ ပညာနှင့်ယှဉ်၍ ဖြစ်ပေါ်လာသော သဒ္ဓါတရားအားလျော်စွာ လှူသောဒါနဖြစ်၍ သဒ္ဓါတရားသက်သက်ဖြင့် လှူသောအလှူထက် အကျိုးပေးသန်၏။

http://www.dhammadownload.com

သဒ္ဒါ၊ ပညာတရား ရှေ့သွားပြုပြီး လှူသောဤဒါနမျိုးသည် အလှူရှင်အား ကိုယ်စိတ်နှစ်ပါး ကြည်လင်ရွှင်ပျ ဝမ်းမြောက်ကြည်နူး ပီတိထူးကို ဖြစ်စေသဖြင့် သံသရာဘဝ၊ ဖြစ်လေရာဘဝတို့၌ ပစ္စည်းပေါများရုံသာမဟုတ် ထူးထူးခြားခြား ရပ်အဆင်း လှပခြင်းအကျိုးများကိုခံစားရ၏ဟု ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့၏။

၂။ သက္ကစ္စဒါနံဒေတိ

အလှူခံပုဂ္ဂိုလ်ကိုလည်း ရိုရိုသေသေ မြတ်မြတ်နိုးနိုး တုပ်ဝပ်ကျိုးနွံလျက် လှူဖွယ်ဝတ္ထုအစုစုတို့ကိုလည်း ကောင်းကောင်းမွန်မွန် ပြုပြင်စီမံ၍ ရိုရိုသေသေ လေးလေးစားစား ပေးလှူသည့်ဒါနမျိုးဖြစ်၏။

ဤဒါနမျိုးကား ဖြစ်လေရာဘဝတွင် ပစ္စည်းပေါများရုံသာမက မိမိ၏ သားသမီး၊ တပည့်သားမြေး၊ အခြွေအရံတို့အပေါ် သြဇာညောင်းကာ မိမိအလိုကျ၊ မိမိ၏အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာပြုကျင့်ကြကုန်၍ မိမိအပေါ် ရိုသေလေးစားရှိကြကုန်၏။ ကောင်းကောင်းမွန်မွန် ပြုကျင့်ကြကုန်၏။

၃။ ကာလေနဒါနံဒေတိ

အခါကာလအားလျော်စွာ ပေးကမ်းလှူဒါန်းခြင်းမျိုးဖြစ်၏။ လူတွေ ငတ်ပြတ်နေသည့်အခါ အစားအသောက်ပေးကမ်းခြင်း၊ မကျန်းမာသည့်အခါ ဆေးဝါးဓာတ်စာများ လှူဒါန်းခြင်း စသည့် အခြေအနေ အခါကာလအားလျော်စွာ ရွေးချယ်လှူဒါန်းခြင်းမျိုးဖြစ်၏။

ဤဒါနမျိုး၏အကျိုးကား မိမိမှာ မစားနိုင် မသောက်နိုင်ဘဝမျိုးရောက်မှ ပစ္စည်းဥစ္စာပေါကြွယ်ဝ၍ မခံစား မသုံးဆောင်ရခြင်းမျိုး၊ မိမိမှာ သုံးထပ်တိုက်ကဲ့သို့ တိုက်ကြီးများ ဆောက်လုပ်ပြီးမှ ကျန်းမာရေးမပြည့်စုံ၍ အပေါ်ထပ်သို့မတက်နိုင်ဘဲ အောက်ထပ်၌သာ နေထိုင်ရခြင်းမျိုး စသည့် မိမိ မခံစား မသုံးဆောင်ရသည့် ချမ်းသာခြင်းမျိုးမှကင်းဝေး၍ မိမိခံစားသုံးဆောင်နိုင်သည့် အချိန်ကာလမှာပင် ပြည့်ပြည့်စုံစုံခံစားရခြင်း၊ အချိန်အခါအလိုက် ကောင်းကျိုးချမ်းသာအဖုံဖုံကို စုံလင်စွာ ခံစား စံစားကြရခြင်းများနှင့် ပြည့်စုံကြရပါသည်။

၄။ အနဂ္ဂဟိတစိတ္တောဒါနံဒေတိ

လှူဖွယ်ဝတ္ထုပစ္စည်းအပေါ် တွယ်တာငဲ့ညှာမှုမရှိ၊ မစွန်းငြိဘဲ လွတ်လွတ်ကျွတ်ကျွတ် ပေးကမ်းလှူဒါန်းသည့် ဒါနမျိုးဖြစ်ပါ၏။

ဤဒါန၏အကျိုးကား ဖြစ်လေရာဘဝတို့၌ ဥစ္စာပစ္စည်း ပေါများရုံမက မိမိ၏ဥစ္စာပစ္စည်းအပေါ် တပ်မက်တွယ်တာ နှမြောတွန့်တိုး၍ မစားရက် မသောက်ရက် မသုံး

http://www.dhammadownload.com

ဆောင်ရက်သော၊ မလှူရက်မတန်းရက်သော လူဖြစ်ရှုံးဘဝမျိုးမှ ကင်းလွတ်၍ မိမိစိတ်တိုင်းကျ၊ မိမိအလိုကျ ခံစား စံစားရခြင်းမျိုး ဖြစ်ပါ၏။

၅။ အတ္တာနဋ္ဌ ပရဋ္ဌ အနုပဟစ္စ ဒါနံဒေတိ

မိမိကိုယ်ကိုလည်း မထိခိုက်စေ၊ မိမိဂုဏ်ကိုလည်း မထိခိုက်စေ၊ သူတစ်ပါးဂုဏ်ကိုလည်း မထိခိုက်စေဘဲနှင့် လှူဒါန်းခြင်းမျိုးဖြစ်၏။

ဤဒါနမျိုးဖြစ်စေရန် လှူသည့်အခါကာလတွင် မိမိကိုယ်ကို ဘဝင်မြင့်မြှောက်စား၍ သူတစ်ပါးတို့အား ထိခိုက်နစ်နာအောင် နှိမ့်ချခြင်းတို့မှ ရှောင်ကြဉ်ရ၏။ ဥပမာ– သူများအလှူတွေက မိမိလောက် မလှူနိုင်၊ မကျွေးနိုင်။ မိမိအလှူကမှ သူများထက်သာအောင် ကျွေးနိုင်၊ မွေးနိုင်၊ လှူနိုင်သည်ဟု သူတစ်ပါးကို နှိမ့်ချ၍ နှလုံးမသွင်းရပေ။ ဤသို့ နှလုံးသွင်းမိပါက မိမိအလှူ၏ အကျိုးအာနိသင်သည် များစွာမှယုတ်လျော့သွား၏။ "ငါဟာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောအထောက်အပံ့ဖြစ်အောင် သာသနာတော်နဲ့ကြုံကြိုက်တုန်း သာသနာတော်မှာ ငါလှူတာပဲ"ဟု နှလုံးသွင်းမှန်မှန်နှင့် လှူဒါန်းရ၏။

ဤကဲ့သို့ လေးလေးနက်နက် ဆင်ခြင်နှလုံးသွင်းပြီး လှူသောဒါနအကျိုးကား ပစ္စည်းဥစ္စာပေါများရုံမက မျက်မှောက်ဘဝမှာပင် ကျန်းမာရေး၊ ချမ်းသာရေးတို့၌ ထက်သန်သောအကျိုးများပေး၍ မိမိ၏ပစ္စည်းများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ကြခြင်းကြောင့်လည်း အလွန်လုံခြုံစိတ်ချရသောအကျိုး ရရှိ၏။

ထို့ကြောင့် သပ္ပုရိသဒါနခေါ် သူတော်ကောင်းတို့၏ အလှူဒါနသည် နောင်တမလွန်မဆိုထားနှင့် ယခုမျက်မှောက်ဘဝမှာပင် သန့်သန့်ရှင်းရှင်း မွန်မွန်မြတ်မြတ်နှင့် ထူးထူးခြားခြား အကျိုးပေးထက်သန်ပါ၍ သူတော်ကောင်းအပေါင်းတို့သည် သပ္ပုရိသဒါနအင်္ဂါရပ်များ စုံညီပြည့်စုံအောင် လှူဒါန်းကြပါကုန်။

ကထိန်ဒါန
ကထိန်အဓိပ္ပာယ်

ကထိန်မည်သည် လက်ဆုပ်လက်ကိုင်ပြု၍ရသော အရာဝတ္ထု အထည်ဒြပ်မျိုးမဟုတ်၍ ပရမတ္ထအားဖြင့်မရှိ။

၁။ ပုရိမဝါ ကျွတ်သောရဟန်း၊
၂။ ငါးပါးအောက် မယုတ်သောသံဃာ၊
၃။ သင်္ကန်းကာလ၊
၄။ တရားနှင့်အညီဖြစ်သောသင်္ကန်း။

အစရှိသော နာမ်ရုပ်တို့၏ အစုအဝေးဟုဆိုအပ်သော သမူဟပညတ် နာမည်မျှသာဖြစ်၏။

http://www.dhammadownload.com

အာနိသင်ငါးပါးကို ကထိန်ခင်းရာတွင် ကျောင်းတိုက်အတွင်းရှိ သံဃာအတွင်းမှာသာ ပြုစွမ်းနိုင်သည့်အတွက် မြဲမြံခိုင်ခဲ့ခြင်းဟူသော အနက်ရ၏။ တစ်နည်းအားဖြင့် အာနိသင်ငါးပါးကို ကထိန်ခင်းရာကျောင်းတိုက်မှ အခြားအရပ်တစ်ပါး ထွက်မသွားရအောင် ကောင်းစွာရယူထားခြင်းအနက်ရှိ၏။ တစ်နည်းအားဖြင့် ဘုရားရှင် ချီးမွမ်းအပ်သော ပစ္စည်းဟူသော အနက်ရ၏။ အခြားအနက်များစွာလည်းရှိသေး၏။ အချုပ်ဆိုရသော် ကထိန်ဟူသည် များစွာသောဓမ္မတို့၏အမည်မျှဖြစ်၏။ ပရမတ္ထအားဖြင့်မရှိဟူ၍ ပြဆို၏။

ကထိန်ခွင့်ပြုခြင်း

ဂေါတမဘုရားရှင် လက်ထက်တော်၌ ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ္ဂီ ရဟန်းသုံးကျိပ်တို့သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်အား ဖူးမျှော်ရန်အလာ ဝါဆိုရန်အချိန်ကာလနီးကပ်ခဲ့၍ သာဝတ္ထိပြည်သို့ မရောက်နိုင်တော့ဘဲ ဿာကေတမြို့၌ပင် ဝါဆိုတော်မူကြရ၏။

ရဟန်းသုံးကျိပ်တို့သည် ရှုတင်အားလုံး ဆောက်တည်ထားကြသဖြင့် ပုံသကဲ့သက်နှံးကိုသာ ဝတ်ရုံရသည်ဖြစ်ရာ ဝတ်ရုံထားသော သင်္ကန်းတို့သည်လည်း လူတကာစွန့်အဝတ်ဟောင်းတို့ကိုကောက်ယူလျက် ကောင်းနိုးရာရာ ချုပ်စပ်ဖာထေးထားသော ဖန်ရည်ဆိုး သင်္ကန်းများသာ ဖြစ်ပေသောကြောင့် သုံးမဖြစ်အောင် ဟောင်းနွမ်းညစ်ပေစုတ်ပြဲလျက် ရှိကြကုန်၏။ ထို့ပြင် တိစီဝရိတ်ရှုတင် ဆောင်ကြသည်နှင့်အညီ သင်္ကန်းသုံးထည်သာ ထားရှိကြရသဖြင့် ရေစိုး၍လဲရန်ပင် အပိုမရှိကြပေ။

ဝါကျွတ်သောအခါ ရဟန်းသုံးကျိပ်တို့သည် ပဝါရဏာပြုပြီး ခြောက်ယူဇနာကွာဝေးသော သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတိုက်သို့အသွား အမှတ်မထင် မိုးရွာသွန်းမှုကြောင့် မိုးထဲရေထဲ ရွံ့ညွန်ထဲမှာ ဆင်းရဲပင်ပန်းစွာ ခက်ခက်ခဲခဲ ဖြတ်သန်းလာခဲ့ရ၏။

မြတ်ဗုဒ္ဓသည် ရွံ့ညွန်ရေပြိမ်းသော ခရီးကြမ်းကြီး၌ သင်္ကန်းစိုရွဲ ဆင်းရဲလှစွာ ဖြတ်သန်းလာခဲ့ကြရသော ရဟန်းတို့ကို မြင်တော်မူသောအခါ "ကထိန်ခင်းရန် ခွင့်ပြုထားခဲ့လျှင် ထိုရဟန်းတို့သည် သင်္ကန်းတစ်ထည်ကိုထားခဲ့၍ သင်းပိုင်၊ ကိုယ်ရုံမျှဖြင့် ပေါ့ပါးစွာ လာနိုင်ကုန်လတ္တံ့၊ ပင်ပန်းခြင်းမဖြစ်ကုန်ရာ၊ ကထိန်ခင်းခြင်းကို ဘုရားရှင်တိုင်းလည်း ခွင့်ပြုတော်မူကြသည်သာဖြစ်၏" ဟုကြံပြီးလျှင် "ချစ်သားတို့ ဝါကျွတ်သောရဟန်းတို့အား ကထိန်ခင်းခြင်းငှာ ငါဘုရား ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၍ ကထိန်အကျိုးငါးပါးရရှိကြောင်းနှင့် ကထိန်ခင်းပုံကို တစ်ပါတည်း ညွှန်ပြတော်မူခဲ့ပါသည်။

ကထိန်ကာလ

ကထိန်ခင်းနိုင်သော ကာလသည် မိုးဥတု၏နောက်ဆုံးလဖြစ်သော သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ည နောက်တစ်နေ့ အရုဏ်မတက်မီ အထိဖြစ်၏။ တစ်နှစ်အတွင်း တစ်လတာသာ လျှဒါန်းခွင့်ရသကဲ့သို့ တစ်ကျောင်း၌လည်း

http://www.dhammadownload.com

တစ်ကြိမ်သာခင်းခွင့်ရှိ၏။

ကထိန်သင်္ကန်း၏ အကျိုးသက်ရောက်မှုကာလသည် ကထိန်ခင်းသောနေ့မှစ၍ တပေါင်းလပြည့်နေ့အထိဖြစ်၏။

ကထိန်အာနိသင်ငါးပါး

ကထိန်ခင်းသည့်ရဟန်းတော်နှင့် ကထိန်အနုမောဒနာပြုသော ရဟန်းတော်များပါ ကထိန်ခင်းသောနေ့မှ တပေါင်းလပြည့်နေ့အထိ အောက်ပါကထိန်အကျိုးငါးမျိုးကို ခံစားကြရ၏။

၁။ ကျောင်းတွင်းရှိ ရဟန်းတစ်ပါးပါးကို မပြောမဆို၊ မပန်ကြားဘဲ မြို့တွင်း ရွာတွင်း ပင့်ဖိတ်ထားသည့်အိမ်ကို သွားလာနိုင်ခြင်း။

၂။ တိစီဝရိတ်အဓိဋ္ဌာန်တင်ပြီး ဆောင်ထားသောသင်္ကန်းကို မယူဆောင်ဘဲ သွားနိုင်ခြင်း။

၃။ ဂဏဘောဇဉ်ကို စားနိုင်ခြင်း (ထမင်းလာစားပါ၊ ထမင်းစားကြွပါဟူသော) မအပ်မရာ ပင့်လျှောက်သည့်ဆွမ်းကို စားနိုင်ခြင်း။

၄။ ရလာသမျှသောသင်္ကန်းများကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ထားနိုင်ခြင်း။

၅။ ကထိန်ခင်းသည့်ကျောင်းမှာ သင်္ကန်းဖြစ်ပေါ်လာလျှင် ထိုကျောင်းမှ ကထိန်ခင်းသောရဟန်းများသာ ရပိုင်ခွင့်ရှိခြင်း။

ကထိန်ဒါယကာ

နတ်၊ ဗြဟ္မာသည်လည်းကောင်း၊ လူသည်လည်းကောင်း၊ ရဟန်းယောကျ်ားသည်လည်းကောင်း၊ ရဟန်းမသည်လည်းကောင်း၊ သိက္ခာမာန်သည်လည်းကောင်း၊ သာမဏေယောကျ်ားသည်လည်းကောင်း၊ သာမဏေမသည်လည်းကောင်း ကထိန်ဒါယကာပြုလုပ်ကောင်း၏။

ကထိန်သင်္ကန်းလျှော်ပုံ

ကထိန စီဝရံ ဒေမ (ကထိန်သင်္ကန်းလျှော်ပါကုန်၏။)ဟုဆို၍ သံဃာကိုရည်မှန်းကာ သံဃိကဒါန အဖြစ်လှူရ၏။ မည်သည့်ပုဂ္ဂိုလ်ကိုလှူမည်ဟူ၍ ပုဂ္ဂိုလ်ကိုစွဲ၍မလှူဒါန်းရပေ။ သံဃာအားသာပေးလှူရ၏။

ကထိန်ခင်းမည့်ရဟန်းတော်သည် ပုရိမဝါကပ်သောရဟန်း ဝါတွင်း၌ ဝါကျိုး ဝါပျက်မရှိဘဲ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီး ဝါကျွတ်ခဲ့သောရဟန်းဖြစ်ရ၏။ ရဟန်းတော်များအဖို့ မိဘကိုပင် ကထိန်သင်္ကန်းလှူဒါန်းရန် စကားလမ်းခင်းပြောဆိုခြင်းမပြုရ။ ဒါယကာ၊ ဒါယိကာမများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အလှူခံခွင့်မရှိ၊ ရဟန်းတော်အဖို့ တစ်ကျောင်းလျှင် တစ်နှစ် တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိသော်လည်း အလှူရှင်များအနေဖြင့်မူ တစ်ကျောင်း

http://www.dhammadownload.com

သျှင်တစ်ကြွိမ်စီဖြင့် မိမိတတ်နိုင်သမျှ ကျောင်းများစွာ၌ ကထိန်ဒါနပြုနိုင်၏။

ကထိန်ခင်းရန်အလို့ငှာ ဒါယကာ၊ ဒါယိကာမတို့က သင်္ကန်းလှူဒါန်းခြင်းသာဖြစ်၍ ကထိန်ခင်းခြင်းမှာ သံဃာကိစ္စသာဖြစ်၏။

ကထိန်အကျိုး

ကထိန်သင်္ကန်းလှူဒါန်းရခြင်းသည် အလွန်အကျိုးများ၏။ ဘုရားရှင်အာဏာဖြင့်ပညတ်သော သိက္ခာပုဒ်ကို လွန်ကျူးမိသောရဟန်းတို့အား အပြစ်မသင့်ရလေအောင် လူနတ်ဗြဟ္မာတို့ မတတ်နိုင်ကြကုန်။ ကထိန်အလှူရှင်တို့သာ တတ်နိုင်ကုန်၏။ ထို့ကြောင့်သာလျှင် အလှူရှင်တို့မှာ အကျိုးကြီးကုန်၏ဟု ဝန်ခံတော်မူကြကုန်၏။

ကထိန်လှူလျှင် အောက်ပါအလှူငါးပါးကို လှူသည်မည်၏။

၁။ မပန်မကြား သွားမိရာ၌ အာပတ်မသင့်ခြင်းအလှူ၊

၂။ တိစီဝရိတ်သင်္ကန်းနှင့်ကင်းရာ၌ အာပတ်မသင့်ခြင်းအလှူ၊

၃။ ဂဏဘောဇဉ်သုံးဆောင်ရာ၌ အာပတ်မသင့်ခြင်းအလှူ၊

၄။ ရလာသမျှသောသင်္ကန်းများကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲထားရာ၌ အာပတ်မသင့်ခြင်း၊

၅။ အများသံဃာပိုင်ဆိုင်သော သံဃိကသင်္ကန်းမှန်သမျှကို အစိုးတရယူနိုင်ခြင်းအလှူ။

ထို့ကြောင့် ကထိန်ဒါနကြောင့် ရဟန်းတို့ရအပ်သော အကျိုးအားလျော်စွာ ကထိန်ဒါယကာတို့ အကျိုးငါးပါးရရှိကြကုန်၏။

ယင်းငါးပါးကား –

၁။ သွားလေရာအနှောင့်အယှက်မရှိ အန္တရာယ်ကင်းခြင်း၊

၂။ မိမိပိုင်ပစ္စည်းတို့သည် မိမိနှင့်ကင်းသော်လည်း မပျက်စီးနိုင်ခြင်း၊ ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း၊

၃။ လူသာမန်တို့နှင့်မတန်သော စားကောင်းသောက်ဖွယ် အထူးပေါများ၍ စန္ဒကုတ်မင်းကြီးကဲ့သို့ အစားအတွက် ဘေးဥပါဒ်မဖြစ်နိုင်၊ အဆိပ်ခပ်သော်လည်း အဆိပ်မဖြစ်နိုင်၊

၄။ မိမိပိုင်ပစ္စည်းတို့သည် ကာလကြာရှည်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း၊

၅။ ပစ္စည်းရှာလျှင် သူတကာထက်ထူး၍ ထီပေါက်သကဲ့သို့ အရများခြင်း။

သာမန်သင်္ကန်းအလှူ၏ အကျိုးအမျိုးမျိုးတို့ကိုလည်း တစ်ပါတည်းရရှိပြီးဖြစ်၏။ သာမန်သင်္ကန်းအလှူအကျိုးတို့မှာ ပုဂ္ဂလိကဖြစ်လျက်ပင် ဤမျှများကုန်သေး၏။ ကထိန်အကျိုးမှာ သံဃိကချည်းသာဖြစ်သောကြောင့် ကုန်စင်အောင် ထုတ်ဖော်ပြသနိုင်ဖွယ်ကား မရှိပေ။

http://www.dhammadownload.com

အခန်း (၁၅)

သာသနာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ

ကာလသုံးပါး သန့်ရှင်းထား

ချစ်သား ရာဟုလာ...

ကာလသုံးပါး၌ဖြစ်စေ၊ အချိန်သုံးပါးလုံး၌ဖြစ်စေ မည်သည့်ကာလ၊ မည်သည့် အချိန်မှာဖြစ်စေ မိမိရဲ့လုပ်ငန်း၊ စကား၊ အကြံအစည် ဟူသမျှတို့မှာ မည်သူ့ကိုမျှ ထိခိုက်မှု မရှိရလေအောင် သန့်သန့်ရှင်းရှင်း ပြုလုပ်၊ ပြောဆို၊ ကြံစည်ရသလို ရှေ့အနာဂတ်ခရီးမှာလည်း ဒီအတိုင်းဖြစ်စေရမည်၊ ယခုပစ္စုပ္ပန်မှာလည်း ဒီအတိုင်း ဖြစ်စေရပါမည်။

http://www.dhammadownload.com

မြတ်ဗုဒ္ဓသာသနာဝင် သာသနာပြုပုဂ္ဂိုလ်များသည် သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ကြသည့်အခါ အချို့နေရာများ၌ ဝိနည်းတော်နှင့် မလျော်ညီမှုများဖြစ်တတ်ပါသည်။ ထိုအခါ မိမိမှာ အပြစ်ဖြစ်ရသကဲ့သို့ မိမိကြောင့် သာသနာ့ဝန်ထမ်းရဟန်းသံဃာတော်များမှာလည်း ဝိနည်းပြစ် အာပတ်သင့်ကြရ၍ သီလသိက္ခာများညစ်နွမ်းညှိုးမှိန်ကြရပါသည်။ သန့်ရှင်းသောသာသနာတော်ကြီးလည်း ညစ်နွမ်းရလေ၏။

သို့ဖြစ်၍ ဤအခန်းတွင် သာသနာရေးဆိုင်ရာ သိမှတ်ဖွယ်များအနက်မှ အချို့ကို ကောက်နုတ်ဖော်ပြထားပါသည်။

ဒါယကာ

ဒကာဟူသောအဓိပ္ပာယ်မှာ ပေးတတ်သူဟုဆိုလိုသည်။ ပါဠိပြည့်ပြည့်စုံစုံမှာ ဒါယကာဖြစ်၏။ ဒါယကာဆိုသည်မှာ အလှူခံ ရဟန်းသံဃာတော်များကို လိုရာပစ္စည်းများ (အပ်စပ်ရာပစ္စည်းများ) ထောက်ပံ့ပေးလှူတတ်သူဟု ဆိုလိုပါသည်။

ကပ္ပိယကာရက

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အား ဝိနည်းပြစ်ကင်း၍ သီလ၊ သိက္ခာသန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ဆောင်ရွက်ပေးတတ်သူကို ကပ္ပိယကာရကဟုခေါ်၏။ အတိုကောက်အားဖြင့် ကပ္ပိယဟုခေါ်ကြ၏။ ကပ္ပိယကာရကအလုပ်သည် ငွေမကုန်ဘဲ အလွန်ကုသိုလ်ရသောအလုပ်ဖြစ်သည်။

ဆွမ်းစားပင့်ခြင်း

အလှူရှင်များက ရဟန်းသံဃာတို့အား ထမင်းစားကြွပါ၊ မုန့်စားကြွပါ၊ ငါးကြော်စားကြွပါ စသော မအပ်စပ်သည့် အသုံးအနှုန်းများဖြင့်ပင့်လျှင် ရဟန်းသံဃာများက လိုက်၍ဆွမ်းမခံကောင်း၊ ဆွမ်းမစားကောင်း။ ထို့ကြောင့် အလှူရှင်များက ရဟန်းသံဃာများအား ဆွမ်းခံကြွပါ၊ ဆွမ်းဘုဉ်းပေးရန်ကြွပါ၊ မုန့်ဆွမ်းဘုဉ်းပေးရန်ကြွပါ၊ ငါးကြော်ဆွမ်းဘုဉ်းပေးရန်ကြွပါ စသည့် အပ်စပ်သောအသုံးအနှုန်းများဖြင့်သာ ပင့်ဖိတ်ရသည်။

အရဏ်တက်မှဆွမ်းကပ်ပါ

အရဏ်တက်ချိန်မှာ သူ့ရာသီအလိုက် အခါအားလျော်စွာ အတိုးအလျော့ရှိပါသည်။ နေ့တာအရှည်ဆုံး ဝါဆိုလ၏ အရဏ်တက်ချိန်သည် နံနက် ၄ နာရီခွဲဖြစ်၍

http://www.dhammadownload.com

ညဉ့်တာအရှည်ဆုံး ပြာသိုလ၏ အရဏ်တက်ချိန်သည် နံနက် ၅ နာရီခွဲဖြစ်၏။ အရဏ်တက်ချိန်ကို အကြမ်းအားဖြင့် မှတ်ရန်မှာ နေထွက်ချိန်၏ နောက်သို့ တစ်နာရီ ဆုတ်လိုက်သောအချိန်သည် အရဏ်တက်ချိန်ဖြစ်၏။

ဤနည်းဖြင့် အရဏ်တက်ချိန်ကိုမှတ်သား၍ အရဏ်တက်ပြီးမှသာ ရဟန်းသံဃာများကို ဆွမ်း စသည့် စားဖွယ်သောက်ဖွယ်များ ကပ်လှူရသည်။ အရဏ်မတက်မီ လောင်းလှူမိပါက အကပ်ခံရသော ရဟန်းသံဃာများအဖို့ ဝိနည်းပြစ် အာပတ်သင့်ပြီး ဘဉ်းပေးမိပါက နေ့လွဲညစာစားပြစ်ဖြင့် ထပ်၍ ဝိနည်းပြစ်သင့်ကြရပြန်ပါသည်။ အရဏ်မတက်မီ အကပ်ခံထားပြီးသော ဆွမ်း အစရှိသည့် စားဖွယ်သောက်ဖွယ်တို့ကို အရဏ်တက်ပြီးမှ ဘဉ်းပေးပြန်ပါကလည်း မနေ့က သိမှီးစာဖြစ်သွား၍ ဝိနည်းပြစ် အာပတ်သင့်ပြန်၏။

သို့ဖြစ်၍ အလှူရှင်များသည် ရဟန်းသံဃာများ ဝိနည်းပြစ်သင့်၍ သီလ၊ သိက္ခာ မည်ပျက်နှမ်းစေရန် အထူးသတိပြုရာ၏။ ရှင်သာမဏေများအဖို့မှာ အရဏ်မတက်မီ မဘုဉ်းပေးကောင်းသော်လည်း သိမှီးစာအဖြစ်မူ အကပ်ခံကောင်း၏။

ဆွမ်းခဖွယ်ဘောဇဉ်ထည့်ရန် ခွက်များနှင့်စပ်၍ သိမှတ်ဖွယ်

ရဟန်းတော်များသည် ကြေးနီခွက်၊ သံခွက်၊ မြေခွက် ဤခွက်သုံးမျိုးကို ကိုယ်ပိုင်အဖြစ်လည်းကောင်း၊ လူ့ဥစ္စာ၊ သံဃာ့ဥစ္စာအဖြစ်လည်းကောင်း အသုံးပြုကောင်း၏။ ထည့်စားကောင်း၏။

ဖန်ခွက်၊ ကြေးဖြူ၊ ကြေးဝါခွက်များကို ကိုယ်ပိုင်အတွက်ထားပြီး အသုံးမပြုကောင်းသော်လည်း လူ့ဥစ္စာအဖြစ်၊ သံဃာ့ဥစ္စာအဖြစ် အသုံးပြုကောင်း၏။ ထည့်စားကောင်း၏။

သစ်သားခွက် (နှီးခွက်၊ ကျောက်ကာခွက်၊ နှီးကွမ်းအစ် စသည်ပါဝင်)၊ ငွေခွက်၊ ငွေဖလား၊ ငွေကွမ်းအစ်၊ ငွေထုံးဘူး စသောခွက်များကို မည်သူ့ဥစ္စာဖြစ်စေ ရဟန်းတော်များ အသုံးမပြုကောင်း၊ ထိုခွက်များထဲသို့ ထည့်၍မစားကောင်းပေ။ မအပ်စပ်ပေ။ ခြွင်းချက်အနေဖြင့် သစ်သားခွက်၊ နှီးခွက်များမှာမူ ရေတစ်မျိုးလောက် ထည့်သောက်ကောင်း၏။ ငွေခွက်များကိုမူ ကိုင်လည်းမကိုင်ကောင်း၊ သုံးလည်း မသုံးကောင်း။

http://www.dhammadownload.com

ဆွမ်းကပ်ခြင်း

ရဟန်းသံဃာများအား ဆွမ်းကပ်ရာတွင် အကပ်မြောက်အင်္ဂါ(၅)ပါးရှိ၏။ ယင်းငါးပါးမှာ –

၁။ ကပ်မည့်သူက ကပ်စရာပစ္စည်းကို ရဟန်းဘက်သို့ ရှေးရှုဆောင်ခြင်း (တစ်နည်း) ကိုင်းညွှတ်၍ ရှေ့တိုးပေးခြင်း။

၂။ ကပ်မည့်သူသည် အကပ်ခံရမည့် ရဟန်း၏ ဟတ္ထပါသ်(ခေါ်) နှစ်တောင့် ထွာအတွင်း ရောက်ရှိနေရခြင်း။

၃။ အားအလတ်စားရှိသူတစ်ယောက်တည်း မြှောက်ချီနိုင်သော ဝတ္ထု ပစ္စည်းဖြစ်ရခြင်း။

၄။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်နေသော (ကိုင်ထားသော) ခွက် စသည်ဖြင့် ဖြစ်စေ၊ ပစ်၍ဖြစ်စေ ဤသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ကပ်မည့်သူက ပေးရခြင်း။

၅။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်နေသော (ကိုင်ထားသော) ခွက်၊ တုတ် စသည်ဖြင့် ခံ၍၊ တို့၍၊ ထိ၍ ဖြစ်စေ ဤနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် အကပ်ခံရဟန်းက ခံယူရခြင်း။

ဤအင်္ဂါငါးပါးတွင် တစ်ပါးပါးချို့ယွင်းလျှင် အကပ်မမြောက်။ ရဟန်းသံဃာများအနေဖြင့် ဤသို့ အကပ်မမြောက်သော ဆွမ်းကို ဘုဉ်းပေးလျှင် ဝိနည်းပြစ်အာပတ်သင့်၏။

ထို့ပြင် ဆွမ်းမဘုဉ်းမီတွင်လည်းကောင်း၊ ဆွမ်းဘုဉ်းပြီး ခဲဖွယ်ဘောဇဉ်များ မဘုဉ်းပေးမီတွင်လည်းကောင်း၊ ရဟန်းသံဃာများအား လက်ဆေးရေ၊ ပလုတ်ကျင်းရေများ ကပ်ရ၏။ အဘယ့်ကြောင့်ဆိုသော် ရဟန်းသံဃာများအနေဖြင့် မကပ်ဘဲ မဘုဉ်းအပ်သောပစ္စည်းများတွင် အငယ်ဆုံး မြူမှုန်အထိပါသည်။ သို့ဖြစ်၍ လက်မဆေးဘဲ၊ ပလုတ်မကျင်းဘဲ ဘုဉ်းပေးမိပါက လက်နှင့်ပါးစပ်တို့တွင် ကပ်ငြိနေသော မြူမှုန်များကို အစာနှင့်ရောရ၍ စားမိသောကြောင့် မကပ်ဘဲ စားရာရောက်သဖြင့် အာပတ်သင့်၏။ ထို့ကြောင့် ဆွမ်းမဘုဉ်းပေးမီ လက်ဆေးရေများ၊ ပလုတ်ကျင်းရေများ ကပ်ရသကဲ့သို့ ဆွမ်းဘုဉ်းပေးပြီး ခဲဖွယ်ဘောဇဉ်များ မဘုဉ်းပေးမီတွင်လည်း လက်ဆေးရေများ၊ ပလုတ်ကျင်းရေများကို ထပ်မံကပ်ရန် အထူးသတိပြုသင့်၏။ ထိုနည်းတူ လက်သုတ်ပဝါကိုလည်း ကြိုတင်ကပ်ထားရ၏။ သို့မှသာ လက်သုတ်ပဝါမှ မြူမှုန်များသည် ရဟန်းတို့၏လက်၌ ကပ်ငြိသော်လည်း အကပ်ခံပြီးသော ပစ္စည်းဖြစ်သွား၍ အာပတ်သင်ခြင်းမှ လွတ်ကင်း၏။

http://www.dhammadownload.com

ဆွမ်းပွဲတွင် အပင်ပြန်လည်ပေါက်နိုင်သော ငရုတ်သီးစိမ်း၊ ပူစီနံ၊ နံနံပင် စသော တို့စရာများပါလာပါက ရဟန်းသာမဏေများအနေဖြင့် ကပ္ပိုပြီးမှသာ ဘုဉ်းပေးကောင်း၏။ ကပ္ပိုဆိုသည်မှာ ရဟန်းတော်က ကပ္ပိုရန်လိုအပ်သောပစ္စည်းကို လက်ဖြင့် ကိုင်၍ "ကမ္မိယံကရောဟိ"(အပ်စပ်အောင်ပြုပါလော့)ဟု ရွတ်ဆိုပေမည်။ ထိုအခါ အလှူရှင်က ကပ္ပိစရာပစ္စည်းကို လက်သည်းဖြင့်ဆိတ်၍ဖြစ်စေ၊ ဓား၊ ခရင်း၊ သံချွန်၊ တုတ်ချွန်၊ အပ် စသည်တို့တွင် တစ်ခုခုဖြင့် ဆိတ်၍၊ လှီး၍၊ ထိုး၍ဖြစ်စေ စတီပြုလုပ်ပေးရသည်။ ဤသို့ပြုလုပ်နေဆဲမှာပင် "ကပ္ပိယံဘန္တေ" (အပ်စပ်ပါပြီဘုရား) ဟုလည်း လျှောက်တင်ရ၏။ ဤသို့မပြု လုပ်ပါက နောက်ထပ်အပင်ပြန်ပေါက်နိုင်သော သစ်ကိုင်း၊ သစ်စေ့၊ သစ်ညှောင့်များကို ရဟန်းသံဃာများအနေဖြင့် ဖျက်ဆီးရာရောက်သဖြင့် ဝိနည်းပြစ်အာပတ်သင့်၏။

ဆွမ်းချက်ရာတွင်လည်း ပါဏာတိပါတာ အကုသိုလ်မှကင်းစေရန် ကြိုတင်မှာယူထားခြင်းမရှိသော၊ ဈေးမှဝယ်ယူရရှိသော ပဲ့သကူအသားငါးများကိုသာ ချက်ပြုတ်လှူဒါန်းသင့်သည်။

အကပ်ပျက်အင်္ဂါ(၆)ပါး

ရဟန်းသံဃာတော်များ အကပ်ခံထားသော ဝတ္ထုပစ္စည်းများသည် အောက်ပါအင်္ဂါခြောက်ပါးအနက်မှ တစ်ပါးပါးနှင့်ညီညွတ်ပါက အကပ်ပျက်သွား၏။

(၁) ပိုင်ဆိုင်သောပုဂ္ဂိုလ်များက အာလယပြတ်စွန့်လွှတ်လိုက်ခြင်း၊

(၂) ပိုင်ဆိုင်သောပုဂ္ဂိုလ်က သိက္ခာချသွားခြင်း (လူထွက်သွားခြင်း)၊

(၃) ပိုင်ဆိုင်သောပုဂ္ဂိုလ်က လူ၊ သာမဏေများကို စွန့် လွှတ်ပေးကမ်းလိုက်ခြင်း၊

(၄) ပိုင်ဆိုင်သောပုဂ္ဂိုလ်ထံမှ လူ၊ သာမဏေများက လုယူသွားခြင်း၊

(၅) ပိုင်ဆိုင်သော ပုဂ္ဂိုလ်ရဟန်းက လိင်ပြန် (ယောကျ်ားစစ်စစ်မှ မိန်းမဖြစ်သွားခြင်း)၊

(၆) ပိုင်ဆိုင်သောပုဂ္ဂိုလ် သေဆုံးသွားခြင်း။

သို့ဖြစ်၍ ကပ်ပြီးသောဝတ္ထုပစ္စည်းများကို ဒါယကာ၊ ဒါယိကာမများအနေဖြင့် ထိကောင်း၊ ကိုင်ကောင်း၏၊ ရွေ့ပေးကောင်း၏။

http://www.dhammadownload.com

အစွန်းသုံးပါး မလွတ်သောအသား

၁။ ရဟန်းသာမဏေများအတွက် ရည်မှန်းသတ်သည်ကို မြင်ခြင်း။

၂။ ရဟန်းသာမဏေများအတွက် ရည်မှန်းသတ်သည်ဟု ကြားခြင်း။

၃။ ရဟန်းသာမဏေများအတွက် ရည်မှန်းသတ်သည်ဟု ထင်ခြင်း။

ဤအစွန်းသုံးပါး မလွတ်သောအသားဟုသိလျှင်၊ ထင်လျှင်၊ ယုံမှားသံသယဖြစ်လျှင် မဘုဉ်းပေးကောင်း၊ ဘုဉ်းပေးမိလျှင် အာပတ်သင့်၏။ မသိလျှင်၊ သံသယမရှိလျှင် ဘုဉ်းပေးကောင်း၏။ သံသယရှိခဲ့လျှင် အလှူရှင်များက ရည်ရွယ်၍သတ်သော အသားမဟုတ်၊ ဈေးမှဝယ်ယူလာသော ပုံသကူအသားဖြစ်ကြောင်း လျှောက်ထားမှ ဘုဉ်းပေးရသည်။ သိလျှင်ကား အလှူရှင်ကမည်သို့လျှောက်ထားသည်ဖြစ်စေ မဘုဉ်းပေးကောင်းပါ။

မစားအပ်သောအသားကြီး(၁၀)မျိုး

၁။ လူသား (ဇာတ်တူသားဖြစ်ခြင်းကြောင့်)

၂။ ဆင်သား
၃။ မြင်းသား } (မင်းသုံးယာဉ်ဖြစ်ခြင်းကြောင့်)

၄။ ခွေးသား
၅။ မြွေသား } (ရွံရှာဖွယ်ဖြစ်ခြင်းကြောင့်)

၆။ ခြင်္သေ့သား
၇။ ကျားသား
၈။ ကျားသစ်သား } (ရန်ပြုတတ်ခြင်းကြောင့်)
၉။ ဝံသား
၁၀။ အောင်းသား

ဤအသားကြီးဆယ်မျိုးကို သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ဘုဉ်းပေးလျှင် အာပတ်သင့်၍ အလှူရှင်များက မကပ်လှူရပေ။

ဒုစရိုက်ပြုခြင်း

ဒုစရိုက်မကောင်းမှုသည် အောက်ပါ ၄ မျိုးအနက် တစ်မျိုးမျိုးနှင့်အကျုံးဝင်ပါက ဒုစရိုက်ဖြစ်ပါသည်။

(၁) ကိုယ်တိုင်ပြုခြင်း၊

(၂) သူတစ်ပါးကိုစေခိုင်းခြင်း၊

http://www.dhammadownload.com

(၃) သူတစ်ပါးပြုချင်လာအောင် အကျိုးကျေးဇူးဂုဏ်ကို ပြောခြင်း၊

(၄) သူတစ်ပါးပြုသည်ကို သဘောတူခြင်း။

အလှူလုပ်ရန် သားငါးများ ကြိုတင်မှာကြားခြင်းပြုပါက မိမိကိုယ်တိုင်ပြုခြင်း အင်္ဂါနှင့် ကင်းလွတ်၍ ပါဏာတိပါတာကံမထိုက်သော်လည်း ကျန်အင်္ဂါများနှင့် ညီညွတ်သောကြောင့် ပါဏာတိပါတ ဒုစရိုက်မှုဖြစ်ပါသည်။ မိမိအတွက် သတ်၍ ချက်ပေးသည်ကို စားပါကလည်း သူတစ်ပါးပြုသည်ကို သဘောတူသောကြောင့် ဒုစရိုက်မှု ဖြစ်ပါသည်။

ဈေးမှဝယ်ယူလာသော သားငါးများကို စားသုံးခြင်းသည် အထက်ပါအင်္ဂါရပ်များနှင့်မညီ၍ အကုသိုလ်မဖြစ်ပါ။ တစ်နည်းအားဖြင့် သေစေလိုသော စေတနာမပါ၍ ကံလည်းမမြောက်ပါ။ ဤကိစ္စနှင့်စပ်လျဉ်း၍ မြတ်ဗုဒ္ဓက "လက်၌ **အနာမရှိလျှင်** ထိုလက်ဖြင့် အဆိပ်ကိုကိုင်သော်လည်း ထိုလက်ကိုမလောင်စေနိုင်၊ ထို့အတူ မကောင်းမှုကိုပြုလိုသော စိတ်စေတနာ မရှိသူမှာလည်း မကောင်းမှုအကုသိုလ်အဆိပ် မလောင်နိုင်ပါ"ဟု ရဟန်းတို့အား ဟောကြားတော်မူခဲ့သည်။

ဖျော်ရည်ကပ်နည်း

ရဟန်း၊ သာမဏေများအား မွန်းလွဲပြီးနောက် ဖျော်ရည်ကပ်လျှင် အဖတ်များ မပါစေရန် အထူးသတိပြုရာ၏။ ဖျော်ရည်ပြုလုပ်ရာတွင် အဝတ်ပိုင်း၊ ပဝါပိုင်းတို့ဖြင့် စစ်၍ပြုလုပ်ရသည်။ ဖျော်ရည်တွင် အဖတ်ပါခဲ့ပါက ရဟန်း၊ သာမဏေတို့မှာ ဝိနည်းဖြင့် အာပတ်သင့်၏။ သံပရာရည်မှာမူ ရဟန်း၊ သာမဏေတို့မှာ ဆေးအလို့ငှာ အခွံ၊ အဖတ်၊ အရည်များအားလုံးကို အချိန်မရွေးစားသုံးနိုင်သဖြင့် ဝိနည်းပြစ်မသင့်ပါ။

အချိန်ပိုင်းသုံး စားသောက်ဖွယ်ရာများ

ရဟန်းတော်များသည် အချိန်ပိုင်းစားသောက်ဖွယ်ရာများကို သတ်မှတ်ထားသော အချိန်ပိုင်းထက်ကျော်လွန်၍ သိုမှီးလျှင်သော်လည်းကောင်း၊ ဘုဉ်းပေးလျှင်သော်လည်းကောင်း ဝိနည်းပြစ်သင့်၍ အာပတ်သင့်ကြောင်း အလှူရှင်များ သိထားအပ်သင့်သည်။

၁။ နံနက်ပိုင်းသုံး (ယာဝကာလိက)

နံနက်ပိုင်းမှာသာ အကပ်ခံကောင်းပြီး အကပ်ခံသည့် နံနက်ပိုင်းမှာသာ သုံးဆောင် ခွင့်ရှိ၏။ ယင်းတို့မှာ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်အမျိုးမျိုး၊ ဆေးအဖြစ်မဟုတ်ဘဲ သရေစာအဖြစ် စားသုံးသော အမြစ်၊ ဥ၊ ပင်စည်၊ အခေါက်၊ အရွက်၊ အညွှန့်၊ အဖူး၊ အပွင့်၊ အစေ့၊ အမှုန့် စသည့်ခဲဖွယ်များဖြစ်ကြ၏။

http://www.dhammadownload.com

၂။ တစ်ရက်သုံး (ယာမကာလိက)

အကပ်ခံသည့်နေ့တစ်နေ့လုံးနှင့် နောက်တစ်နေ့ အရုဏ်မတက်မီအချိန်အထိ သုံးဆောင်နိုင်သော အဖျော်ရည်သောက်ဖွယ်များ ဖြစ်ကြ၏။ ဤဖျော်ရည်များအနက် အသီးကြီး(၉)မျိုးဖြစ်သည့် ဘူးသီး၊ ဖရုံသီး၊ အုန်းသီး၊ ထန်းသီး၊ အိမ်ပိန္နဲသီး၊ တောင်ပိန္နဲသီး၊ သခွားငကြောင်သီး၊ သခွားငပြုတ်သီးနှင့် သခွားငဆစ်သီးဖျော်ရည်များကိုမူ မဘုဉ်းကောင်း၍ မကပ်ကောင်းပါ။

၃။ ခုနစ်ရက်သုံး (သတ္တာဟကာလိက)

ဆီ၊ ပျားရည်၊ တင်လဲ၊ ထောပတ်၊ ထန်းလျက်ခဲ၊ ကြဲသကာ၊ သကြား၊ စတုမဓူတို့သည် အကပ်ခံပြီးနောက် ခုနစ်ရက်သာ သုံးဆောင်ရမည့် ပစ္စည်းများဖြစ်ကြသည်။

၄။ တစ်သက်သုံး (ယာဝဇီဝိက)

အကပ်ခံပြီးနောက် တစ်သက်လုံး အလိုရှိသည့်အခါတိုင်း သုံးဆောင်နိုင်သည်။

ဥပမာ– ဆေးပစ္စည်းများ။

ဤတစ်သက်သုံးပစ္စည်းကို ဖော်ပြခဲ့သည့် အချိန်ပိုင်းသုံး ပစ္စည်းများတွင် မပါဝင်ခြင်းနှင့် အစာအာဟာရအဖြစ် လူတို့သုံးစွဲရိုး ထုံးစံမရှိခြင်းတို့နှင့် ညှိနှိုင်းဆုံးဖြတ်ရသည်။

မွန်းလွဲပိုင်းတွင် သံဃာတော်များ၏သပိတ်၌ တိုက်ရိုက်မကပ်လှူကောင်းသော ပစ္စည်းများ

ဆွမ်းဆန်၊ ငါးခြောက်၊ လက်ဖက်ခြောက်၊ နို့ဆီ၊ မုန့်သေတ္တာ၊ ယိုဘူး၊ ဖျော်ရည်ပုလင်းနှင့် ဆေးပစ္စည်း စသော စားဖွယ်သောက်ဖွယ်တွင် ပါဝင်သည့် ပစ္စည်းများကို မွန်းလွဲပိုင်းတွင် သံဃာတော်များထံ တိုက်ရိုက်မကပ်လှူကောင်း။ ဤပစ္စည်းများကို ကပ္ပိယ၊ ကျောင်းသား၊ ဖိုးသူတော် စသူတို့မှတစ်ဆင့်သာ လောင်းလှူကောင်း၏။ ရှင်သာမဏေများကိုမူ မွန်းလွဲပိုင်းတွင်လည်း တိုက်ရိုက်လောင်းလှူကောင်းပါ၏။ ရဟန်းသံဃာများအား မွန်းလွဲပိုင်းတွင် ဆွမ်းကြီးလောင်းလှူကြပါက ဤပစ္စည်းများကို ရဟန်းသံဃာများ၏သပိတ်၌ တိုက်ရိုက်မလောင်းလှူမိစေရန် အထူးသတိပြုရမည်။ ဤကဲ့သို့လောင်းလှူမိပါက ရဟန်းသံဃာများမှာ ဝိနည်းပြစ်အာပတ်သင့်၍ လူတို့မှာ အပြစ်ဖြစ်၏။

http://www.dhammadownload.com

မွန်းလွဲပိုင်းတွင် တိုက်ရိုက်ကပ်လှူကောင်းသောပစ္စည်းများ

သင်္ကန်း၊ ထီး၊ ဖိနပ်၊ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ ဆပ်ပြာခွက်၊ မီးခြစ်၊ ဖယောင်းတိုင်၊ စာအုပ်၊ ခဲတံ၊ ဖောင်တိန် စသော စားဖွယ်သောက်ဖွယ်မျိုးတွင် မပါဝင်သည့်ပစ္စည်းများကို မွန်းလွဲပိုင်းဖြစ်စေကာမူ ရဟန်းသံဃာများ၏သပိတ်၌ တိုက်ရိုက်ကပ်လှူကောင်း၏။

ရဟန်းတော်များ မထိမကိုင်အပ်သည့်ပစ္စည်းများ

ဒါယကာ၊ ဒါယိကာမတို့သည် ရဟန်းတော်များ မထိမကိုင်အပ်သည့် ပစ္စည်းများကို သိထားသင့်၏။ ယင်းပစ္စည်းများကို ကိုင်တွယ်သောရဟန်းသည် ဝိနည်းပြစ်အာပတ်သင့်၏။ ယင်းပစ္စည်းမှာ –

၁။ ရတနာ(၁၀)ပါး (ပုလဲ၊ မြ၊ ကြောင်၊ ခရုသင်း၊ ကျောက်သလင်းစသောကျောက်အမျိုးမျိုး၊ သန္ဓာ၊ ငွေ၊ ရွှေ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်)၊

၂။ အမသတ္တဝါရုပ် (အမိရင်း၊ အစ်မရင်း၊ နှမရင်းကိုပင် ထိခိုက်ကိုင်တွယ်ခြင်းမပြုရ)၊

၃။ စပါးမျိုး(၇)မျိုး (ကောက်ကြီး၊ ကောက်လတ်၊ လူး၊ ဂျုံ၊ ပြောင်း၊ ဘာလီ၊ ဆပ်နှင့်၊ စား ကောင်းသောပဲ၊ သစ်သီး၊ သစ်ဥများပါဝင်သည်)၊

၄။ မိန်းမအဝတ်အစားအသုံးအဆောင်များ၊

၅။ တီးမှုတ်ဖွယ်တူရိယာပစ္စည်းများ၊

၆။ သတ်ပုတ်ဖွယ်လက်နက်ပစ္စည်းများ၊

သို့ဖြစ်၍ ငရုတ်၊ ကြက်သွန်၊ ဆန် စသောပစ္စည်းများကို ရဟန်းတော်များလက်သို့ မကပ်မိစေရန်လည်းကောင်း၊ အမသတ္တဝါရုပ်များပါရှိသော ပစ္စည်းများကို မကပ်မိစေရန်လည်းကောင်း၊ အမသတ္တဝါများအနေဖြင့် ရဟန်းတော်များ၏ခြေထောက်ကို နဖူးဖြင့်ထိ၍ ထိုင်ရှိခိုးကြခြင်းကိုလည်းကောင်း အထူးသတိပြုရှောင်ကြဉ်ရပါမည်။

ခြွင်းချက်အနေဖြင့် ရတနာ(၁၀)ပါးကို ကျောင်း၊ အသုံးအဆောင်၊ ဆေးပစ္စည်းတို့အတွက်မူ ထိခိုက်ကိုင်တွယ်ခွင့်ရှိ၏။ မိန်းမအဝတ်အစား အသုံးအဆောင်များကိုလည်း ကျောင်းအသုံးအဆောင်ပစ္စည်း ရဟန်းပရိက္ခရာပစ္စည်းများအဖြစ်လှူမှု ကိုင်တွယ်ကောင်း၏။ ဥပမာ– မိန်းမထဘီကို နေရာထိုင်ခင်းပြုလုပ်ထားလျှင် ကိုင်ကောင်း၊ ထိကောင်း၏။

http://www.dhammadownload.com

နဝကမ္မ

ရဟန်းသံဃာ၊ သာမဏေများ၏ နောက်ထပ်အသစ်လိုအပ်သော အမှုကိစ္စ (ပစ္စည်း) စသည်များကို နဝကမ္မဟုခေါ်၏။ နဝကမ္မငွေဆိုသည်မှာ နဝကမ္မအတွက် ငွေဟုဆို၏။ နဝကမ္မရွေငွေပစ္စည်းများကို အိတ်ဖြင့်ထည့်၍ဖြစ်စေ၊ တစ်စုံတစ်ခုဖြင့် ထုပ်၍ဖြစ်စေ ရဟန်းသံဃာများ၏လက်ထဲသို့ (သို့မဟုတ်) သပိတ် စသည့်အရာဝတ္ထု တစ်ခုခုထဲသို့ မည်သည့်အခါမှ မလောင်းလှူကောင်းပေ။ ဤသို့လောင်းလှူခဲ့လျှင် အလှူခံရဟန်းသံဃာများမှာ အလှူရှင်များအား ငဲ့ညှာအားနာပြီးခံယူခြင်းဖြင့် ဝိနည်းပြစ်အာပတ်များ သင့်ကြရ၏။

ထို့ကြောင့် နဝကမ္မအတွက် ရွေငွေများလှူဒါန်းလိုလျှင် အလှူခံရဟန်းအား "အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားအား နဝကမ္မအတွက် ရွေငွေမည်၍မည်မျှ တန် အပ်စပ်သော ပစ္စည်းလေးပါးကို လှူဒါန်းလိုပါ၍ အရှင်ဘုရား၏ ကပ္ပိယကိုသော်လည်းကောင်း၊ လုံခြုံရာအရပ်ကိုသော်လည်းကောင်း ညွှန်ပြပြီး အလှူခံတော်မူပါဘုရား" ဟု လျှောက်ထားရသည်။ ထိုအခါမှသာ အလှူခံရဟန်းက ညွှန်ပြတော်မူသည့် ကပ္ပိယကိုသော်လည်းကောင်း၊ လုံခြုံရာအရပ်မှာသော်လည်းကောင်း အပ်နှံလှူဒါန်းရ၏။ အလှူခံရဟန်းအား ရွေငွေမည်၍မည်မျှ အလှူခံပါဟူ၍ မအပ်စပ်သောနည်းဖြင့် မလျှောက်ကောင်းပေ။

ရဟန်းသံဃာများမှာ ရွေငွေကို ကိုယ်တိုင်ကိုင်တွယ် ခံယူခြင်းမပြုကောင်းသလို ကပ္ပိယစသည်တို့ကိုလည်း ယူထားလိုက်ပါဟု မခိုင်းကောင်း၊ မပြောကောင်းကြောင်း လည်း အလှူရှင်များ သိထားကြရမည်။ သို့သော် မိမိ၏ကပ္ပိယ မည်သူမည်ဝါဖြစ်ကြောင်း ကိုမူ ညွှန်ပြကောင်း၏။ ကပ္ပိယမှတစ်ဆင့် လှူဒါန်းရရှိသောရွေငွေတို့မှ ဖြစ်ပေါ်လာသည့် အပ်စပ်သောပစ္စည်းများကိုသာ လက်ခံသုံးစွဲကောင်း၏။

ရွေငွေကို ကိုယ်တိုင်ခံယူသောရဟန်း၊ ကိုယ့်အတွက် သူများကို ခံယူစေသော ရဟန်း၊ အပ်နှံလှူဒါန်းသည့်ရွေငွေကို သာယာသောရဟန်းတို့မှာ နိဿဂ္ဂိယ စိတ်အာပတ် သင့်၏။ ရဟန်းသံဃာများသည် မိစ္ဆာဇီဝနည်းဖြင့်ရရှိသော အသုံးအဆောင်များ၊ မအပ်စပ်သော နည်းဖြင့်ရရှိသော အသုံးအဆောင်များကို သုံးစွဲမိပါက ယင်းပစ္စည်းများကို သုံးစွဲတိုင်း သုံးစွဲတိုင်း ဝိနည်းပြစ်အာပတ်သင့်ကြရ၏။ အခြားရဟန်းသံဃာများက ယင်းပစ္စည်းကို သုံးစွဲမိပြန်လျှင်လည်း သိလျက်နှင့်ဖြစ်စေ၊ မသိသောကြောင့်ဖြစ်စေ သုံးစွဲတိုင်း သုံးစွဲတိုင်း ဝိနည်းပြစ် အာပတ်သင့်ကြသည်သာဖြစ်၏။

ဗုဒ္ဓမြတ်စွာက ရဟန်းတော်များ ရွေငွေအလှူခံခြင်းကို မာတုဂါမ၏ ကာမဂုဏ်နှင့် နှိုင် ယှဉ်ညွှန်ပြဟောကြော ပယ်မြစ်တော်မူခဲ့ပါသည်။ ထို့ပြင် မြတ်ဘုရား ရှင်က "ရွေငွေ

http://www.dhammadownload.com

အပ်တဲ့သူအတွက် ကာမဂုဏ်ငါးပါးလည်း အပ်တော့မှာပေါ့၊ ကာမဂုဏ်ငါးပါး အပ်တယ်ဆိုကတည်းက အဘယ်မှာ ရဟန်းတရားဟုတ်နိုင်ပါမည်နည်း"ဟုလည်း ဟောကြားတော်မူခဲ့ပါသည်။

ကပ္ပိယများသိမှတ်ဖွယ်

၁။ ရဟန်းသာမဏေများ၏ နဝကမ္မရွှေ့ဒွေများကို လက်ခံထားသူ ကပ္ပိယသည် သက်ဆိုင်ရာ ရဟန်းသာမဏေအား မိမိထံတွင် နဝကမ္မရွှေ့ဒွေ မည်၍မည်မျှ ရှိကြောင်းနှင့် အပ်စပ်သောပစ္စည်းကို အလိုရှိသောအခါ တောင်းခံတော်မူပါရန် လျှောက်ထားရ၏။ ဤသို့ ကြိုတင်လျှောက်ထားမှသာ ရဟန်းသာမဏေများက မိမိတို့အတွက် လိုအပ်သည့် အပ်စပ်သောပစ္စည်းများကို တောင်းကောင်း၏။ လုံခြုံရာအရပ်သို့ ညွှန်ပြကောင်း၏။ သို့မှသာ အပ်စပ်သောပစ္စည်းအဖြစ် သုံးကောင်း၏။ (ထိုနည်းတူ ရဟန်းသာမဏေများ မိမိအိမ်သို့ အလှူခံလို၍ ကြွလာပါက လူတို့မဖိတ်မန်ဘဲ ရဟန်းသာမဏေများမှာ မတောင်းကောင်း သဖြင့် မိမိကသာ အလိုရှိသောပစ္စည်းကို တောင်းခံတော်မူပါရန် ကြိုတင်လျှောက်ထားရသည်။ ထိုအခါမှ ရဟန်းသာမဏေက အလိုရှိရာကို တောင်းလာသောအခါ မိမိက တတ်နိုင်သည် မတတ်နိုင်သည်ကို ပြန်လည်လျှောက်ထားရသည်။ ဤတွင် ရဟန်းသာမဏေများသည် ဥာတိခေါ် ဆွေမျိုးများနှင့် ပဝါရိတခေါ် ဖိတ်မန်ထားသူများထံတွင်သာ အပ်စပ်သောပစ္စည်းများကို တောင်းခံနိုင်ကြောင်း၊ တောင်းခံ ကောင်းကြောင်း အလှူရှင်များ သတိပြုဖွယ်ဖြစ်ပါသည်။)

၂။ စာပို့လုလင်များ၊ စာတိုက်မှူးများသည် ရဟန်းသာမဏေများထံ ငွေပို့လွှာများရောက်ရှိလာပါက လက်ခံရရှိကြောင်းလက်မှတ်သာထိုးပေးရန် သက်ဆိုင်ရာ ရဟန်းသာမဏေသို့ လျှောက်ထားကောင်းပြီး ငွေကိုမူ သက်ဆိုင်ရာ ရဟန်းသာမဏေ ကညွှန်ပြသော ကပ္ပိယကိုသာ ထုတ်ပေးသင့်၏။

၃။ ရဟန်းသာမဏေများသည် ရွှေ့ငွေကို မခံယူကောင်းသည့်အပြင် မစီမံကောင်းပါ။ ဤရွှေ့ငွေဖြင့် မည်သည့်ပစ္စည်းဝယ်၊ မည်သို့ပြုလုပ်ဟု မခိုင်းကောင်း၊ မစီမံကောင်းပါ။ အလိုရှိသော၊ အပ်စပ်သောပစ္စည်းကိုသာ ဖိတ်မန်ထားသူထံ တောင်းခံကောင်း၏။ ထို့ပြင် အထူးထူးအပြားပြားသော လဲလှယ်ရောင်းဝယ်မှုမျိုးလည်း မပြုကောင်းပါ။ ထို့ကြောင့် ရဟန်းသာမဏေများနှင့် ဈေးလိုက်ဝယ်သော ကပ္ပိယများ သည် ရဟန်းသာမဏေများ အလိုရှိသောပစ္စည်းကို ဈေးဆစ်ခြင်း၊ ငွေပေးချေခြင်း စသောအမှုများကို အလိုက်သိစွာ ဆောင်ရွက်ပေး ရသည်။

http://www.dhammadownload.com

(ရဟန်းသာမဏေများသည် ဈေးသည်များထံ အလိုရှိသောပစ္စည်းကို မေးမြန်းခြင်း၊ တန်ဖိုးမေးခြင်းတို့ကိုမူ ပြုကောင်း၏။)

၄။ ရဟန်းသာမဏေများအနေဖြင့် မိမိမှာရှိသော ပိုလျှံသည့်ပစ္စည်းနှင့် ဈေးသည်များထံရှိသော မိမိလိုအပ်သည့်ပစ္စည်းများကို လဲလှယ်ကောင်း၏။ သို့သော် ဤသင်္ကန်းဖြင့် ထိုသပိတ်ကိုလဲပါ၊ လှူပါဟု ဈေးသည်ကိုပြောဆို၍ မအပ်စပ်သောနည်းဖြင့် မလဲလှယ်ကောင်း။ ကပ္ပိယပါလျှင်မူ လဲလှယ်ပေးဖို့ ပြောကောင်း၏။ ကပ္ပိယမပါလျှင်မူ ဈေးသည်ထံ ငါ့မှာသင်္ကန်းရှိသည်၊ သင်္ကန်းကိုတော့ အသုံးမကျ၊ သပိတ်သာလိုပါသည်ဟု ပရိယာယ်အားဖြင့် ပြောကောင်း၏။ ထိုအခါ ဈေးသည်က အလိုက်သိစွာ လိုအပ်သည်နှင့် လဲလှယ်နိုင်ပါက လဲလှယ်မှုပြုအပ်၏။ ဤနည်းသည်သာ အပ်စပ်သောလဲလှယ်နည်းဖြစ်၏။

ရဟန်းသာမဏေများထံ မတောင်းကောင်းသောပစ္စည်းများ

ဒကာ၊ ဒကာမများက ရဟန်းသာမဏေများထံ မတောင်းကောင်း၊ ရဟန်းသာမဏေများကလည်း မပေးကောင်းသောပစ္စည်းများမှာ ၁။ ပန်း၊ ၂။ သစ်သီးသစ်ရွက်၊ ၃။ ရေချိုးဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ၊ ၄။ မြေညက်(သဲဆပ်ပြာ)၊ ၅။ ဝါး၊ သစ်(အိမ်တည်ဆောက်ရန်)၊ ၆။ တံပူ (သွားတိုက်တံ)၊ ၇။ ဆေး စသည်တို့ဖြစ်ပါသည်။

ပန်းနှင့်သစ်သီးကို ဘုရားလှူရန်၊ စေတီလှူရန်အတွက်သော်လည်းကောင်း၊ ရဟန်းသာမဏေများ၏ မယ်တော်၊ ခမည်းတော်၊ ဆွေမျိုးသားချင်းဖြစ်လျှင်သော်လည်းကောင်း၊ ခရီးသွားရင်း ရိက္ခာပြတ်လပ်နေသူဖြစ်လျှင်သော်လည်းကောင်း၊ မမာမကျန်းဖြစ်၍ ဓာတ်စာဆေးအဖြစ် လိုအပ်လျှင်လည်း သံဃိက (သံဃာပိုင်)မဟုတ်သော ပုဂ္ဂလိက (ရဟန်းသာမဏေတစ်ပါးတည်းပိုင်)သစ်သီးကို တောင်းကောင်း၏။ ဆေးကို ရဟန်းသာမဏေများ၏ ခမည်းတော်မယ်တော်များ၊ ဆွေမျိုးအရင်းအချာများ၊ မယ်တော်ခမည်းတော်တို့ကို လုပ်ကျွေးပြုစုနေသူများ၊ ရဟန်းသာမဏေများ၏ ကိစ္စကြီးငယ်ကိုဆောင်ရွက်နေသူများ၊ ရှင်လောင်းကျောင်းသားများ၊ ဧည့်သည်ဖြစ်၍ စစ်ပွဲမှရှုံးပြီး ပြေးလာခဲ့သူများ၊ ဆွေမျိုးများကစွန့်ပစ်၍ တစ်ကောင်ကြွက်ဖြစ်နေသူများ၊ ခရီးသွားခိုက် နာမကျန်းဖြစ်နေသူများသည် တောင်းကောင်း၏။

ရဟန်းသာမဏေတို့၏ပစ္စည်းကို ပေးကမ်းခြင်း၊ အလှူခံခြင်း

ရဟန်းသာမဏေတို့သည် တရားသဖြင့် မိမိပိုင်ပစ္စည်းကို ပေးကမ်းခြင်း၊ အလှူခံခြင်း နှင့် ပတ်သက်၍ လူဝတ်ကြောင်လေးမျိုး သတ်မှတ်ထားရှိသည်။

http://www.dhammadownload.com

၁။ **တောင်းသာတောင်းကောင်း မပေးကောင်းသောလူဝတ်ကြောင်**

တပည့်တော်ထံ မည်သည့်ပစ္စည်းကိုဖြစ်စေ အလိုရှိသောအခါ တောင်းခံတော်မူပါဟု ဖိတ်မန်ထားသူ (ပဝါရိတပုဂ္ဂိုလ်)နှင့် မိဘမှတစ်ပါး ဆွေ(၇)ဆက်စပ်၍ ရသော ဆွေမျိုးဉာတိတို့အထံ၌ တောင်းသာတောင်းကောင်း၏ မိမိပစ္စည်းကို မပေးကောင်း။ (လူ့ဘဝကတော်စပ်ခဲ့သော သားမက်၊ ချွေးမ၊ မယားတို့သည် သွေးမစပ်၍ ဆွေမျိုးမဟုတ်ကြ။)

၂။ **ပေးသာပေးကောင်း၍ မတောင်းကောင်းသောလူဝတ်ကြောင်**

ကိုးကွယ်ရာမဲ့၍ ဆင်းရဲနေသူများ၊ သူတောင်းစားများ၊ စစ်ရှုံး၍ ကျောင်းသို့ ဝင်ပြေးလာသောအစိုးရများ၊ ရိက္ခာမပါသော ခရီးသွားဧည့်သည် များသည် ပေးသာပေးကောင်း၍ မတောင်းကောင်းသော လူဝတ်ကြောင်များ ဖြစ်ကြ၏။

၃။ **တောင်းလည်းတောင်းကောင်း၍ ပေးလည်းပေးကောင်းသော လူဝတ်ကြောင်**

ရဟန်း၊ သာမဏေများ၏ ခမည်းတော်၊ မယ်တော်များ ဖြစ်ကြ၏။

၄။ **မတောင်းလည်းမတောင်းကောင်း မပေးလည်းမပေးကောင်းသောလူဝတ်ကြောင်**

ဉာတိ၊ ပဝါရိတ မဟုတ်သော လူဝတ်ကြောင်များဖြစ်ကြ၏။ ဤပုဂ္ဂိုလ်များ ပိုင်ဆိုင်ပြီးဖြစ်သောရေကိုပင် မတောင်းကောင်းပေ။ သူတို့ထံ၌ ပစ္စည်းအလှူခံ လိုလျှင် ဆွမ်းရပ်သလိုရပ်၍ အလှူရှင်က စတင်ဖိတ်ကြားမှသာ တောင်းကောင်း၏။ သို့မဟုတ် မိမိပစ္စည်းဖြင့် လူဝတ်ကြောင်တစ်ယောက်ကို အလဲခိုင်းနိုင်၏။

ထို့ပြင် ရဟန်းသာမဏေတို့သည် ဤပုဂ္ဂိုလ်များထဲ သူများအတွက် ရည်ရွယ်၍ ဆွမ်းဖိတ်ပါ။ ရှင်ဒကာလုပ်ပါ။ ရဟန်းဒကာလုပ်ပါဟုပင် မတိုက်တွန်းကောင်းပေ။ တိုက်တွန်းမှုကြောင့် အာပတ်သင့်သောပစ္စည်းကိုရလျှင် ပစ္စည်းရှင် ရဟန်းသာမဏေနှင့်တကွ အသုံးပြုသော ရဟန်းသာမဏေတိုင်းသည် ပစ္စည်းကို သုံးစွဲတိုင်းသုံးစွဲတိုင်း ဝိနည်းပြစ်အာပတ်သင့်၏။

သိမှတ်ဖွယ်

ရဟန်းသာမဏေများသည် တရားသဖြင့်ရရှိသော မိမိပိုင်ပစ္စည်းကို ကျောင်းတိုက်ရှိ သံဃာအားလုံးကိုလည်းကောင်း၊ မိမိလိုလားသော ရဟန်း သာမဏေ တစ်ပါးပါးကိုလည်းကောင်း လှူနိုင်၏။ ကျောင်းသား၊ ကပ္ပိယ၊ ဝေယျာဝစ္စပြုသူတို့ကို ပေးလိုလျှင် လူတိုက လှူထားသော ပစ္စည်းအား မိမိက ခဏမျှဖြစ်စေ၊ နည်းနည်း ဖြစ်စေ

http://www.dhammadownload.com

သုံးပြီးမှသာ ပေးကောင်း၏။ ဆွေမျိုးကိုကား အကြောင်းထူးမရှိဘဲ မပေးကောင်း။ အကြောင်းထူးရှိ၍ တောင်းလာလျှင် တစ်စုံတစ်ရာ စေခိုင်းပြီး ဝေယျာဝစ္စပြုသူ အနေဖြင့်သာ နည်းနည်းပါးပါး ပေးကောင်း၏။ ဝတ်ဖို့စားဖို့ အရင်းအနှီးလုပ်ဖို့ကား မပေးကောင်း။ ရဟန်းသာမဏေ များက မပေးကောင်းသူအား ပေး၍ ပစ္စည်းရရှိသော လူဝတ်ကြောင်မှာ ရရှိရုံမျှ ဖြင့် အပြစ်မဖြစ်ပါ။ ကုသိုလ်ရေးကိစ္စ၌ သုံးလျှင်လည်း အပြစ်မဖြစ်ပါ။ သို့သော် ရရှိအောင် ကြံဆောင်မိလျှင်မူ အပြစ်ရှိ၏။ သားရေး၊ သမီးရေး၊ စီးပွားရေးတို့၌ အသုံးပြုလျှင် မိဘပင်ဖြစ်စေ အပြစ်ရှိပါသည်။

ရဟန်းအသုံးအဆောင်များ လူနှင့်မအပ်စပ်

ရဟန်းသံဃာများ၏အသုံးအဆောင်များသည် လူဝတ်ကြောင်များ၏ စေတီအရာမှာတည်၏။ လူဝတ်ကြောင်များ၏ ရိသေလေးစားရာလည်းဖြစ်ပါ၏။ သို့ဖြစ်၍ လူဝတ်ကြောင်များသည် အမိအဘများပင်ဖြစ်ပါစေ ရဟန်းတို့၏အသုံးအဆောင်များကို မသုံးဆောင်ကောင်း၊ ရဟန်းတော်များကလည်း သုံးစွဲရန် ခွင့်မပြုကောင်းပေ။ ဥပမာ– လူဝတ်ကြောင်များက ရဟန်းတော်များ၏သပိတ် (သို့မဟုတ်) စားခွက်ထဲသို့ ထမင်းထည့်စားခြင်းမျိုးကဲ့သို့ဖြစ်၏။

ဆွမ်းဦးပေးကောင်းသူ

ရဟန်းတော်များအနေဖြင့် ဆွမ်းဦးကို အမိအဘ၊ အမိအဘတို့ကို ပြုစုလုပ်ကျွေးနေသူများ၊ ဝေယျာဝစ္စပြုလုပ်ပေးနေသူများ၊ ရှင်လောင်းများကို ပေးကောင်း၏။ ဤသို့ပေးခြင်းဖြင့် သဒ္ဓါတရားနှင့် ပေးလှူသည့်ပစ္စည်းကို အလွဲသုံးစားပြုရာမရောက်။ ဒုက္ကဋ်အာပတ်လည်းမသင့်ပေ။ ထို့ပြင် မိမိအား အန္တရာယ်ပြုနိုင်သည့် ခိုးသား၊ ဓားပြ၊ သူပုန်နှင့် အစိုးရတို့အားလည်း ပေးကောင်းသေး၏။

ကုလဒူသန(၈)ပါး

ကုလဒူသနဆိုသည်မှာ ဒကာတို့၏သဒ္ဓါတရားကို ဖျက်ဆီးခြင်းဟု အဓိပ္ပာယ်ရ၏။ ရဟန်းသံဃာများသည် ဤရှစ်ပါးကို ဒကာများအား ပြုလုပ်ပေးခြင်းဖြင့် မူလက ဒကာများအနေဖြင့် သဒ္ဓါတရားဖြင့်သာ လှူဒါန်းခဲ့သောအခြေအနေမှ နောင်တွင် အပေးအယူတုံ့ပြန်သောသဘောဖြင့် လှူဒါန်းခြင်းမျိုးသို့ ရောက်သွားစေနိုင်၏။ ထို့ကြောင့် ဤရှစ်ပါးဖြင့် ဒကာများ၏သဒ္ဓါတရားကို ပျက်စီးစေ၏။ ဖျက်ဆီးပစ်ရာရောက်၏။ ယင် ကုလဒူသနတို့မှာ –

http://www.dhammadownload.com

၁။ ပန်းပေးခြင်း၊
၂။ သစ်သီးပေးခြင်း၊
၃။ ရေချိုးဆပ်ပြာမှုန့်၊ မျက်နှာချေ ပေါင်ဒါများပေးခြင်း၊
၄။ မြေညက်ပေးခြင်း၊
၅။ သစ်၊ ဝါး ပေးခြင်း၊
၆။ တံပူ (သွားတိုက်တံ) ပေးခြင်း၊
၇။ လူတို့၏ခိုင်းစေသောကိစ္စများ (စာပေးခိုင်းခြင်း၊ နှုတ်စကားဖြင့် မှာကြားခြင်း စသည်)ကို တစ်နေမှတစ်နေရာသို့ ယူဆောင်သွားလာ ဆောင်ရွက်ပေးခြင်း၊
၈။ ဆေးကုသပေးခြင်း။

ဤရှစ်ပါးတွင် ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ လူတို့စေခိုင်းသော အမှုကိစ္စများကို ဆောင်ရွက်ပေးခြင်းတို့အား ရတနာမြတ်သုံးပါးနှင့် စပ်သောကိစ္စများအတွက်ကား လုပ်ပေးကောင်း၏။ အပြစ်မသင့်။

ကုလဒုသနရှစ်ပါးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောပစ္စည်းများ (တစ်နည်း) မိစ္ဆာဇီဝနည်းဖြင့် ရရှိလာသောပစ္စည်းများကို သုံးစွဲသော ရဟန်းသာမဏေ အားလုံးသည် သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ သုံးစွဲတိုင်းသုံးစွဲတိုင်း ဝိနည်းပြစ် အာပတ်သင့်၏။ ဤနည်းဖြင့် ရရှိသောပစ္စည်းများသည် စျာန်မရှိသေးဘဲ ရသယောင်၊ အရိယာမဖြစ်ဘဲ ဖြစ်သယောင် ဝါကြွားပြောဆိုပြီး ရလာသောပစ္စည်းများ၊ ရဟန်းကိုယ်တိုင် ရွှေငွေနှင့် လဲလှယ်ရောင်းဝယ်၍ ရလာသောပစ္စည်းများနှင့် အတူတူပင်ဖြစ်၏။

အနေသန (၂၁)ပါး

ရဟန်းသံဃာတို့နှင့် မအပ်စပ်သော ပစ္စည်းရာနည်း(၂၁)မျိုးဖြစ်၏။ ယင်းတို့မှာ

၁။ ဆေးပေး၍ ဓာတ်စာပေး၍ ဆေးကုခြင်း၊ (မိဘမဲ့ ခိုကိုးရာမဲ့ဖြစ်၍ ကျောင်း ရောက်လာသူ၊ ကပ္ပိယ၊ ရုန်မှုမည့်သူတို့ကိုမူ ဆေးပေးကောင်း၏။)
၂။ လူကအဝေးသို့ခိုင်း၍ စေတမန်လုပ်ခြင်း၊ (လူတို့အတွက် ရတနာသုံးပါးနှင့် စပ်သောကိစ္စမှတစ်ပါး အခြားကိစ္စတို့၌ မပြုလုပ်ပေးရ။)
၃။ လူတို့က ဟိုအိမ်သည်အိမ်သို့ တစ်စုံတစ်ခုစေခိုင်း၍ သွားခြင်း၊
၄။ အနာကို ဓားခွဲပေးခြင်း၊
၅။ အနာကိုဆေးလိမ်းပေးခြင်း၊ ဖန်ဆေးပေးခြင်း၊

http://www.dhammadownload.com

၆။ ပျို့အန်ဆေးပေးခြင်း၊

၇။ ဝမ်းနုတ်ဆေးပေးခြင်း၊

၈။ နှာပေးခြင်း၊

၉။ မျက်စဉ်းပေးခြင်း၊

၁၀။ အိမ်ဆောက်ဖို့ ဝါးပေးခြင်း၊

၁၁။ အိမ်မိုးရန် ထန်းရွက်၊ ခနီရွက် စသည်ပေးခြင်း၊

၁၂။ ပန်းပေးခြင်း၊

၁၃။ ငှက်ပျောသီး၊ အုန်းသီး စသော သစ်သီးပေးခြင်း၊

၁၄။ ရေချိုးစရာ ဆပ်ပြာပေးခြင်း၊

၁၅။ တံပူ (သွားတိုက်တံ)ပေးခြင်း၊

၁၆။ မျက်နှာသစ်ရေပေးခြင်း၊

၁၇။ မြေညက်ပေးခြင်း၊

၁၈။ မျက်နှာချေမှုန့်ပေးခြင်း၊

၁၉။ မိမိကိုယ်ကိုအောက်ချကာ ဒကာ၊ ဒကာမတို့ကို မြှောက်၍ပြောဆိုခြင်း၊ ကျေပ်၊ ခင်ဗျားတို့ဖြင့် သုံးနှုန်းပြောဆိုခြင်း စသည် ။

၂၀။ အကျင့်နည်းပါး မကျင့်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသော စကားတို့ဖြင့် ဒကာ၊ ဒကာမတို့ သဘောကျလောက်အောင် နည်းအမျိုးမျိုးဖြင့်ပြောဆိုခြင်း၊

၂၁။ ဒကာ၊ ဒကာမတို့၏ကလေးကို ချီပွေ့ချော့မြှူခြင်း၊

ထို့အပြင် –

၁။ လာဘ်ကိုမျှော်ကိုး၍ အံ့ဖွယ်ဖြစ်အောင် သုံးစွဲပြောဆိုနေထိုင်ခြင်း၊

(က) လူကြည်ညိုစေရန် ခြိုးခြံခေါင်းပါးစွာဖြင့် ပစ္စည်းလေးပါးကို သုံးစွဲသယောင်ပြုခြင်း၊ ကွန်ခြေကြီးဖြင့် ဟန်လုပ်ဆောင်နေခြင်း၊

(ခ) တရားထူးမရသေးဘဲနှင့် တရားထူးရသယောင်၊ မဂ်ဖိုလ်အနီးအပါး ဥဖြစ်သယောင်ပြုခြင်း၊

(ဂ) အရိယာပုဂ္ဂိုလ်မဖြစ်သေးဘဲ အရိယာပုဂ္ဂိုလ်ဟု ထင်ရလောက်အောင် ကွရိယာပုတ်လေးပါးကို ထူးထူးခြားခြား ငြိမ်သက်စွာဖြင့် သွာ လာ

http://www.dhammadownload.com

နေထိုင်ပြခြင်း၊ အရိယာရဟန္တာဟူ၍ အရိပ်နိမိတ်ပြ ပြုမူပြောဆို နေထိုင်ခြင်း၊

၂။ ပစ္စည်းလာဘ်လာဘ ရရှိစေရန် ဆွယ်၍ပြောဆိုခြင်း၊ စောင်းပါးရိပ်ခြည် ပြောဆိုခြင်း၊

၃။ ပေးလှူခြင်းနှင့်စပ်သော အရိပ်နိမိတ်ကိုပြုခြင်း၊

၄။ သူတစ်ပါးအပြစ်ကိုပြောပြီး လာဘ်ရှာခြင်း၊

၅။ နည်းသောလာဘ်ကိုပေး၍ များသောလာဘ် ရရှိအောင် ကြံဆောင်ခြင်း၊

၆။ ဗေဒင်၊ ယတြာ စသော လောကီကျမ်း အတတ်ပညာများဖြင့် လာဘ်ရှာခြင်း၊

စသည့် ဘုရားရှင်ကဲ့ရဲ့ စက်ဆုပ်တော်မူသည့် မအပ်စပ်သောပစ္စည်း ရှာဖွေ နည်းမှန်သမျှကို အနေသနဟုခေါ်၏။ ဤနည်းတို့ဖြင့် လာဘ်လာဘပစ္စည်းများ ရှာဖွေခြင်းသည် ရဟန်းများ၏ မိစ္ဆာဇီဝပင်ဖြစ်၏။

ဤကဲ့သို့ မှားယွင်းသော အနေသနနည်းအားဖြင့်ရရှိသော လာဘ်လာဘပစ္စည်း ဟူသမျှကို ရှာဖွေသော ရဟန်းသာမဏေသာမက အခြားသုံးစွဲသော ရဟန်းသာမဏေ အားလုံးသည် သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ သုံးစွဲလျှင် ထိုပစ္စည်းများကို သုံးစွဲတိုင်းသုံးစွဲတိုင်း ဝိနည်းပြစ်အာပတ်သင့်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ကဲ့ရဲ့စက်ဆုပ်တော်မူသော မကောင်းသည့်အသက်မွေးမှုများနှင့် စပ်၍ရသော လာဘ်လာဘပစ္စည်းတို့ကို မသုံး စွဲမမှီဝဲအပ်ပေ။

မြတ်ဗုဒ္ဓက "ရဟန်းတို့ အံ့ဖွယ်ကိုပြုတတ်သူ (ကုဟ)၊ ခက်ထန်သူ (ထဒ္ဓ)၊ ဖြားယောင်းပြောဆိုတတ်သူ (လပ)၊ ဦးချိုပမာ ပေါ်လွင်သောကိလေသာရှိသူ (သီဂိ)၊ သွေးကြီးသူ(ဥန္နဠ)၊ မတည်ကြည်သူ (အသမာဟိတ) ဒီရဟန်းမျိုးတွေဟာ ငါဘုရား သားတော်များမဟုတ်ကြ။ ငါဘုရားရဲ့သာသနာတော်မှ ကင်းဝေးကြသူများဖြစ်ကြတယ်။ ငါဘုရားသာသနာတော်တွင်းမှာ ကြီးထွားစည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ မရောက်နိုင် ကြကုန်"ဟု ဟောကြားတော်မူခဲ့ပါသည်။

အာဇီဝပါရိသုဒ္ဓိသီလ

အသက်ရှည်ကြောင်း ကိုယ်မူ၊ နှုတ်မှုတို့ကို စင်ကြယ်ကြောင်း သီလဖြင့် အသက်မွေးမှုသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။ အနေသနတို့မှရှောင်ကြဉ်၍ ဆွမ်းခံ ခြင်း၊ သြဝါဒတရား ဟောပြောခြင်းများကြောင့် ရအပ်သောပစ္စည်းလေးပါးဖြင့် အသက်ရှင် စေခြင်းမျိုးဖြစ်၏။

http://www.dhammadownload.com

သန္တောသ (၁၂)ပါး

တရားသဖြင့် မိမိရအပ်သောပစ္စည်းဖြင့် တင်းတိမ်ရောင့်ရဲခြင်းကို "သန္တောသ" ဟုခေါ်သည်။ ထိုသန္တောသသည် အကျဉ်းအားဖြင့်သုံးပါးရှိ၏။ အကျယ်အားဖြင့် ယင်းသုံးမျိုးကို ပစ္စည်းလေးပါးဖြင့်မြှောက်လျှင် (၁၂)ပါးရ၏။ အကျဉ်းအားဖြင့်သုံးပါးမှာ

၁။ ယထာလာဘ

အကြင်ရအပ်သောပစ္စည်းကို ဘာပဲရရ ရသမျှဖြင့်တင်းတိမ်ပြီး အခြားပစ္စည်းကို တောင့်တမှုမရှိသော ရောင့်ရဲခြင်းကို ယထာလာဘသန္တောသ (ရသမျှဖြင့်ရောင့်ရဲခြင်း) ဟုခေါ်၏။

၂။ ယထာဗလ

အကြောင်းကြောင်းတို့ကြောင့် ပင်ပန်းအားနည်းနေသောရဟန်းသည် လေးသောသင်္ကန်းကို မသုံးဆောင်နိုင်သောကြောင့် အခြားသီတင်းသုံးဖော်၏ ပါးသောသင်္ကန်းဖြင့် လဲ၍သုံးစွဲလျှင် ယထာဗလသန္တောသ (မိမိအားနှင့်လျော်ညီစွာ တင်းတိမ်ရောင့်ရဲခြင်း) မည်၏။ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းတို့၌လည်း ဤအတိုင်းပင်ဖြစ်၏။

၃။ ယထာသာရုပ္ပ

ကောင်းမွန်သော သင်္ကန်းကို ရသောရဟန်းသည် ယင်းပစ္စည်းနှင့် သင့်လျော် လျောက်ပတ်သော မထေရ်ကြီး၊ စာချုပ်ဂိုလ်၊ ဂိလာန၊ လာဘ်လာဘရှာပါးသောပုဂ္ဂိုလ်တို့အား မိမိမသုံးဘဲလျှဒါန်း၏။ မိမိမှာမူ လျောက်ပတ်သော ပစ္စည်းကိုသာ သုံးစွဲခြင်းသည် ယထာသာရုပ္ပသန္တောသမည်၏။

သူတော်ကောင်းတရား၌ လေးစားသောပုဂ္ဂိုလ်

အပ္ပေန အနေဝဇ္ဇေန သန္တုဋ္ဌော သုလဘေန စ၊

မတ္တညူ သုဘရော ဟုတွာ၊ စရေ သဒ္ဓမ္မဂါရဝေါ။

သဒ္ဓမဂါရဝေါ– သူတော်ကောင်းတရား၌ လေးစားခြင်းရှိသော ပုဂ္ဂိုလ်သည် အပ္ပေန– အနည်းငယ်သော ပစ္စည်းဖြင့်လည်းကောင်း၊ အနဝဇ္ဇေန– ဝိနည်းအပြစ်မရှိသော ပစ္စည်းဖြင့်လည်းကောင်း၊ သုလဘေနစ– လွယ်ကူစွာရအပ်သော ပစ္စည်းဖြင့်လည်းကောင်း၊ သန္တုဋ္ဌော– တင်းတိမ်ရောင့်ရဲခြင်းသည်လည်းကောင်း၊ မတ္တညူ– ရှာမှီး၊ ခံယူ၊ သုံးဆောင်စွန့်ကြဲခြင်းဟူသော လေးဌာနတို့၌ အတိုင်းအရှည်ပမာဏကို

http://www.dhammadownload.com

သိခြင်းသည်လည်းကောင်း၊ သုဘရော– မိမိကိုယ်တိုင်နှင့်တကွ ဒါယကာတို့ လွယ်ကူစွာမွေးမြူအပ်သည်၊ ဟုတွာ– ဖြစ်၍၊ စရော– ကျင့်ကြံကြိုးကုတ်အားထုတ်ရာ၏။

အပ္ပေန၊ ပေ၊ သုလဘေနစ

တစ်အိမ်တစ်လုတ်မျှ ဆွမ်းခံ၍ရသောဆွမ်း၊ ပဲ့သကူသင်္ကန်း၊ ရက္ခမူကျောင်းနှင့် နွားကျင်ငယ်ဆေး ဤလေးပါးသည် အဖိုးအားဖြင့်နည်းကုန်၏။ ရှာသောအခါလည်း ရလွယ်၏။ အကုသိုလ်အပြစ်လည်း မရှိကုန်ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့၏။

မတ္တညူ

ရာခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်းနှင့် စွန့်ကြဲခြင်းဟူသော လေးဌာနတို့၌ အတိုင်းအရှည် ပမာဏကို သိတတ်သောသူတော်ကောင်းကို မတ္တညူဟုခေါ်သည်။ မတ္တညူလေးပါး ရှိ၏။

၁။ ပရိယေသနမတ္တညူ

အနေသနမိစ္ဆာဇီဝအမှုတို့မရှောင်ကြဉ်၍ တရားသဖြင့်ရှာဖွေခြင်းသည် ရှာမှီးခြင်း၌ အတိုင်းအရှည်သိမှုဖြစ်၏။ ဤအတိုင်းအရှည်သိသူကို "ပရိယေသနမတ္တညူ" ဟုခေါ်သည်။

၂။ ပဋိဂ္ဂဟဏ မတ္တညူ

ခံယူရာ၌ ဒါယကာ၏အလိုဆန္ဒ၊ လှူဖွယ်ဝတ္ထုပမာဏနှင့် မိမိ၏အသုံး ဤသုံးမျိုးကို နှိုင်းချိန်၍ ခံယူအပ်၏။ လှူဖွယ်ဝတ္ထု ပေါများသော်လည်း အလှူရှင်က အနည်းငယ်သာ ပေးလှူလိုလျှင် အလှူရှင်၏သဒ္ဓါတရားကိုလိုက်၍ အနည်းငယ် သာခံယူရာ၏။ အလှူရှင်က များများလှူလိုသော်လည်း ဥစ္စာအင်အား နည်းပါးလျှင် လှူဖွယ်ဝတ္ထုကိုလိုက်၍ အနည်းငယ်သာအလှူခံရ၏။ အလှူရှင်က ပစ္စည်းရော သဒ္ဓါပါ နှစ်မျိုးလုံးပေါများလျှင် မိမိအသုံးကိုလိုက်၍ လိုသလောက်အလှူခံရ၏။ ဤပုဂ္ဂိုလ်မျိုးကို "ပဋိဂ္ဂဟဏမတ္တညူ" ဟု ခေါ်၏။

၃။ ပရိဘောဂမတ္တညူ

ပစ္စည်းလေးပါးကို သုံးစွဲခြင်း၌ အတိုင်းအရှည်ကိုသိ၍ သာသနာနှစ်ဖြာကို ကျင့်ဆောင်အားထုတ်နိုင်ရေးကိုသာ မျှော်တွေးသိမြင်ဆင်ခြင်၍ သုံးစွဲသော သူတော်ကောင်းကို "ပရိဘောဂမတ္တညူ" ဟုခေါ်သည်။

http://www.dhammadownload.com

၄။ ဝိသဒ္ဒနာမတ္တညူ

မိမိရအပ်သောပစ္စည်းကို အခြားပုဂ္ဂိုလ်အား စွန့်ကြဲပေးကမ်း လှူဒါန်းရာ၌ အလှူရှင် သဒ္ဓါတရားပျက်လောက်အောင် မစွန့်ကြဲဘဲ စွန့်ကြဲမှုတို့၌ အတိုင်း အရှည်ကိုသိစွာ စွန့်ကြဲသောသူတော်ကောင်းသည် "ဝိသဒ္ဒနာမတ္တညူ" မည်၏။

သန္တုဋ္ဌပုဂ္ဂိုလ်

လွန်လေပြီးသော ပစ္စည်းလေးပါးကို အဖန်ဖန်တွေး၍ မလွမ်းမဆွေး၊ နောက်နောက်ရောက်လာမည့် ပစ္စည်းလေးပါးကို မျှော်တရေးရေးတွေး၍မတောင့်တဘဲ လက်ငင်းတွေ့ကြုံ ပစ္စုပ္ပန်ပစ္စည်းလေးပါးဖြင့် မျှတသော တင်းတိမ်ရောင့်ရဲတတ်သော သူတော်ကောင်းကို "သန္တုဋ္ဌပုဂ္ဂိုလ်"ဟုခေါ်၏။

သုဘရပုဂ္ဂိုလ်

အထက်ပါ သန္တောသနှင့် ပြည့်စုံသော သန္တုဋ္ဌပုဂ္ဂိုလ်သည်ပင် ဒါယကာ၊ ဒါယိကာမ တို့အနေဖြင့်လည်းကောင်း၊ မိမိကိုယ်တိုင် အနေဖြင့်လည်းကောင်း လွယ်ကူစွာဆောင်ရွက် မွေးမြူအပ်သောကြောင့် "သုဘရပုဂ္ဂိုလ်"မည်၏။

ဒုဇ္ဇရပုဂ္ဂိုလ်

ဒါယကာ၊ ဒါယိကာမတို့ ကိုးကွယ်ဖို့ ခဲယဉ်းရုံသာမက မိမိကိုယ်ကိုမိမိဆောင် ရွက်ဖို့လည်း မလွယ်ကူသော ပုဂ္ဂိုလ်မျိုးသည် ဒုဇ္ဇရပုဂ္ဂိုလ် "အမွေးအမြူအကိုးအကွယ် ခက်သောပုဂ္ဂိုလ်"မည်၏။

အဓမ္မဝါဒီ

အဓမ္မဝါဒီ ဖြစ်သည်ကို အောက်ဖော်ပြပါ အဓမ္မဝတ္ထု (၁၈)ပါးသော အကြောင်းတို့ဖြင့် သိအပ်၏ဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်။ ဤ(၁၈)ပါးကို သံဃာသင် ကွဲအောင် ပြုလုပ်တတ်သော အကြောင်းဝတ္ထု(၁၈)ပါးဟူ၍လည်းခေါ်၏။ သံဃာသင် ကွဲ အောင်ပြုလုပ်သူသည် ပဥ္စာနန္တရိယကံကြီးထိုက်၏။

ဤသာသနာတော်၌ ရဟန်းသည် -

၁။ တရားမဟုတ်သည်ကို တရားဟုပြ၏။

၂။ တရား ကို တရားမဟုတ်ဟုပြ၏။

၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်း ဟုပြ၏။

http://www.dhammadownload.com

၄။ ဝိနည်းကို ဝိနည်းမဟုတ်ဟုပြု၏။

၅။ မြတ်ဘုရားမဟောအပ်၊ မပြောအပ်သည်ကို မြတ်ဘုရား ဟောအပ်၊ ပြောအပ်သည်ဟုပြု၏။

၆။ မြတ်ဘုရားဟောအပ်၊ ပြောအပ်သည်ကို မြတ်ဘုရား မဟောအပ်၊ မပြောအပ်ဟုပြု၏။

၇။ မြတ်ဘုရားမလေ့ကျက်အပ်သည်ကို မြတ်ဘုရားလေ့ကျက်အပ်၏ဟုပြု၏။

၈။ မြတ်ဘုရားလေ့ကျက်အပ်သည်ကို မြတ်ဘုရားမလေ့ကျက်အပ်ဟုပြု၏။

၉။ မြတ်ဘုရား မပညတ်အပ်သည်ကို မြတ်ဘုရား ပညတ်အပ်၏ဟုပြု၏။

၁၀။ မြတ်ဘုရားပညတ်အပ်သည်ကို မြတ်ဘုရား မပညတ်ဟုပြု၏။

၁၁။ အာပတ်မသင့်သည်ကို အာပတ်သင့်သည်ဟုပြု၏။

၁၂။ အာပတ်သင့်သည်ကို အာပတ်မသင့်ဟုပြု၏။

၁၃။ ပေါ့သောအာပတ်ကို လေးသောအာပတ်ဟုပြု၏။

၁၄။ လေးသောအာပတ်ကို ပေါ့သောအာပတ်ဟုပြု၏။

၁၅။ အကြွင်းရှိသောအာပတ်ကို အကြွင်းမရှိသောအာပတ်ဟုပြု၏။

၁၆။ အကြွင်းမရှိသောအာပတ်ကို အကြွင်းရှိသောအာပတ်ဟုပြု၏။

၁၇။ ရုန့်ရင်းကြမ်းတမ်းသောအာပတ်ကို မရုန့်ရင်းမကြမ်းတမ်းသောအာပတ်ဟုပြု၏။

၁၈။ မရုန့်ရင်းမကြမ်းတမ်းသောအာပတ်ကို ရုန့်ရင်းကြမ်းတမ်းသောအာပတ်ဟုပြု၏။

ဤ(၁၈)ပါးတွင် တစ်ပါးပါးဖြင့်ပြည့်စုံသောပုဂ္ဂိုလ်ကို အဓမ္မဝါဒီဟု မြတ်ဘုရားက မိန့်ကြားတော်မူပါသည်။

ဓမ္မဝါဒီ

ဓမ္မဝါဒီဖြစ်သည်ကို ဓမ္မဝတ္ထု (၁၈)ပါးသောအကြောင်းတို့ဖြင့် သိအပ်၏ဟု မြတ်ဘုရားရှင် ဟောကြားတော်မူပါသည်။ ဓမ္မဝတ္ထု(၁၈)ပါးမှာ ဖော်ပြပြီးသော အဓမ္မဝတ္ထု(၁၈)ပါး၏ ဆန့်ကျင်ဘက်အကြောင်းတရားများဖြစ်၏။ ဤဓမ္မဝတ္ထု(၁၈)ပါးတွင် တစ်ပါးပါးဖြင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ဓမ္မဝါဒီအဖြစ် မြတ်ဘုရား မိန့်ကြားတော်မူ၏။

http://www.dhammadownload.com

ပစ္စယသန္နိဿိတသီလ

ပစ္စယ– ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသောပစ္စည်းကို သန္နိဿိတ–မှီသောသီလမည်၏။ ရဟန်းသာမဏေများသည် ပစ္စည်းလေးပါးကို လူတို့ကဲ့သို့ ပျော်ပျော်ပါးပါးနေနိုင်ဖို့ စားသောက်သုံးစွဲခြင်းမဟုတ်ဘဲ မြတ်ဗုဒ္ဓသာသနာတော်၏ ပရိယတ်၊ ပဋိပတ် တာဝန်နှစ်ဖြာကို ကောင်းမွန်စွာထမ်းဆောင်နိုင်ခြင်းအကျိုးငှာ သုံးဆောင်စားသောက်ပါမည်ဟု ဆင်ခြင်၍သုံးစွဲခြင်းကို ပစ္စယသန္နိဿိတသီလဟုခေါ်၏။

ဤသီလနှင့်မပြည့်စုံသူသည် အလဂဒ္ဒူ (မြွေဆိုးကိုဖမ်းကိုင်သူ)ပမာ ဒုက္ခရောက်ရတတ်၏။ ရဟန်းတော်များ စာသင်စာချ တရားဟောပြရာ၌ ဂုဏ်ပကာသန၊ လာဘ်လာဘကိုရှုငဲ့သူသည် မြွေဆိုးကိုဖမ်းကိုင်၍ မြွေပေါက်ခံရသူ အလဂဒ္ဒနှင့်တူ၏ဟု မြတ်ဘုရားရှင် မိန့်ကြားတော်မူသည်။

ရူရ (၂)ပါး

၁။ ဂန္ထ ရူရ... ပရိယတ် သာသနာတာဝန်ထမ်းဆောင်ခြင်း။

၂။ ဝိပဿနာရူရ... ပဋိပတ်သာသနာတာဝန် ထမ်းဆောင်ခြင်း။

မြတ်ဗုဒ္ဓသည် ဤသာသနာတာဝန်နှစ်ရပ်ကို ထမ်းဆောင်ခြင်းအကျိုးငှာသာ ပစ္စည်းလေးပါးကို ခွင့်ပြုတော်မူသည်။ ဤသာသနာတာဝန်နှစ်ရပ်ကို မထမ်းဆောင်ဘဲ ပေါ့ပေါ့ဆဆနေထိုင်သူများ၏ အပြစ်ကိုကား ထိုထိုနေရာများ၌ များစွာဟောကြားတော်မူ၏။

သံဃိကမျိုး (၄)ပါး

၁။ **သမ္မုခီဘူတသံဃိက**

မြို့တွင်းရွာတွင်း၌ရှိသော ရဟန်းတို့ထံလာရောက်၍ (သံဃသဒေမ) သံဃာတော်အား လှူပါ၏ဟုဆိုကာ ပေးလှူသွားလျှင် မျက်မှောက်သံဃာသာဆိုင်၏။ တစ်မြို့လုံးတစ်ရွာလုံးရှိ သံဃာတော်တို့အား လိုက်ဝေရန်မလို။

၂။ **အာရာမဋ္ဌသံဃိက**

ကျောင်းတိုက်တွင်းသို့ဝင်ရောက်၍ တွေ့ရှိသောရဟန်းအား သံဃာတော်အား လှူပါ၏ဟုဆိုလျှင် တစ်တိုက်လုံးရှိသံဃာများ ဝေခြမ်းယူရမည်။

၃။ **စတုဒိသာသံဃိက**

ရဟန်းတစ်ပါးတည်းနေသော ကျောင်းတိုက်အတွင်းသို့ဝင်၍ များစွာသော ပစ္စည်းတို့ကို သံဃာအားလှူပါ၏ဟုဆိုလျှင် ဝိနည်းတတ်သူဖြစ်အံ့၊ ဤကျောင်းတိုက်၌ ငါတစ်ပါးတည်းသာရှိ၍ ငါသာပိုင်၏ဟု နှလုံးသွင်းကာ

http://www.dhammadownload.com

သိမ်းပိုက်လျှင် အပြစ်မဖြစ်။ သို့မဟုတ် သံဃိကပစ္စည်းဟုနှလုံးသွင်းကာ ယူဆောင်လျက် ပါသွားပါက ရောက်ရာအရပ်၌ ဂတဂတဌာနေသံဃိကဖြစ်၏။

၄။ စတုဒိသာသံဃိက

အလှူပစ္စည်းသည် ဂရုဘဏ်ခေါ် ကျောင်း စသောပစ္စည်းမျိုးဖြစ်အံ့။ ထိုပစ္စည်းမျိုးကို သံဃာအားပေးလှူခဲ့လျှင် မဝေဖန်ကောင်းပေ။ အရပ်လေးမျက်နှာမှ လာသမျှသောရဟန်းတော်များ ပိုင်ဆိုင်တော်မူကြ၏။

ရဟန်းတော်များ မရှိခိုးကောင်းသော ပုဂ္ဂိုလ်(၂၅)ပါး

ဤပုဂ္ဂိုလ်(၂၅)ပါးကို အဝန္ဒိယပုဂ္ဂိုလ်များဟုခေါ်၏။ ယင်းပုဂ္ဂိုလ်များမှာ –

၁။ မြို့တွင်းရွာတွင်း ဝင်သွားနေသောရဟန်း၊
၂။ ခရီးလမ်းသွားနေသောရဟန်း၊
၃။ မှောင်ကြီးမည်းမည်းထဲ၌နေသောရဟန်း၊
၄။ စိတ်ပါဝင်စားစွာ အလုပ်လုပ်နေသောရဟန်း၊
၅။ အိပ်ပျော်နေသောရဟန်း၊
၆။ ယာဂုသောက်နေသောရဟန်း၊
၇။ ဆွမ်းစားကျောင်း၌ ဆွမ်းစီမံပြင်ဆင်နေသောရဟန်း၊
၈။ ရန်သူဘက်၌ပါသောရဟန်း၊
၉။ တစ်ခုခုကြမစည်စိတ်ကူးနေသောရဟန်း၊
၁၀။ အဝတ်မစီး ပလာကိုယ်တီးနေသောရဟန်း၊
၁၁။ ခဲဖွယ်(၁၂)ပါး ခံစားနေသာရဟန်း၊
၁၂။ ဘောဇဉ်(၅)ပါး ခံစားနေသောရဟန်း၊
၁၃။ ကျင်ကြီးစွန့်နေသောရဟန်း၊
၁၄။ ကျင်ငယ်စွန့်နေသောရဟန်း၊
၁၅။ သံဃာမှကြဉ်ထားသောရဟန်း၊
၁၆။ မိမိအောက်ငယ်သောရဟန်း၊
၁၇။ ရဟန်းမဟုတ်သူ၊
၁၈။ အယူချွတ်လွဲနေသောရဟန်း၊
၁၉။ မိန်းမ၊
၂၀။ ပဏ္ဍာတ်ရဟန်း၊
၂၁။ သံဃာဒိသိသ် အာပတ်ဖြေနေသောရဟန်း၊

http://www.dhammadownload.com

၂၂။ သံဃာဒိသိသ် အာပတ်ဖြေနေဆဲ၌ ယင်းအာပတ်ထပ်သင့်၍ မူရင်းမှ ပြန်ကျင့်နေရသောရဟန်း၊

၂၃။ သံဃာဒိသိသ် အာပတ်ဖြေပြီးဖြစ်သဖြင့် သံဃာမြတ်နိုးထိုက်သောရဟန်း၊

၂၄။ သံဃာဒိသိသ် အာပတ်ဖြေပြီးသဖြင့် သံဃာမြတ်နိုးအောင် ကျင့်နေသော ရဟန်း၊

၂၅။ သံဃာမြတ်နိုးအောင်ကျင့်ပြီး၍ သံဃာဘောင်သို့ ပြန်သွင်းထိုက်သောရဟန်း။

ကျောင်းအင်္ဂါ(၅)ပါး

ရဟန်းသံဃာတော်များ သီတင်းသုံးရန်သင့်လျော်သော ကျောင်းအင်္ဂါ(၅)ပါးမှာ

၁။ မြို့ရွာနှင့် သွားလာရေးမဝေးလွန်းခြင်း၊

၂။ မြို့ရွာနှင့် မနီးကပ်လွန်းဘဲ အသံဆိတ်ငြိမ်ခြင်း၊

၃။ သွားလမ်းလာလမ်းနှင့် ပြည့်စုံခြင်း၊

၄။ လူတိုင်းလူတိုင်း အလိုရှိသောအခါ သွားလာရန်လွယ်ကူခြင်း၊

၅။ အာရုံငါးပါးတို့မှ ဆိတ်ငြိမ်မှုရှိခြင်း။

ရဟန်းသံဃာများ ဆွမ်းခံခြင်းမှတစ်ပါး သွားလာနိုင်သည့်ဌာနများ

ရဟန်းသံဃာများသည် ဆွမ်းခံခြင်းမှတစ်ပါး အခြားအချိန်များတွင် အောက်ပါ အင်္ဂါများနှင့်ညီသော လူဝတ်ကြောင်တို့၏အိမ်များသို့သာ သွားရောက်နိုင်သည်။

၁။ မြတ်မြတ်နိုးနိုး ဝမ်းပမ်းတသာ ခရီးဦးကြိုဆိုသမ္မပြုခြင်း။

၂။ ရိုရိုသေသေရှိခိုးခြင်း။

၃။ ကောင်းမွန်စွာနေရာပေးခြင်း။

၄။ အိမ်မှာရှိသောလှူဖွယ်ကို ဝှက်၍မထားခြင်း။

၅။ များများရှိလျှင် များများလှူလိုခြင်း။

၆။ အကောင်းရှိလျှင် အကောင်းကိုသာပေးလှူလိုခြင်း။

၇။ ရိုရိုသေသေ လေးလေးစားစားလှူခြင်း။

http://www.dhammadownload.com

ရဟန်းတော်များ မကျက်စားအပ်သော ဌာန(၆)ပါး

၁။ ပြည့်တန်ဆာအိမ်။

၂။ တစ်ခုလပ်၊ မုဆိုးမချည်းနေသောအိမ်။

၃။ အပျိုကြီးချည်းနေသောအိမ်။

၄။ နပုံးပဏ္ဏာတ်အိမ်။

၅။ ဘိက္ခုနီမဌာန်။

၆။ သေတင်းကုပ်။

ဤ(၆)ဌာနသို့ မိတ်ဆွေခင်ပွန်းဖွဲ့၍ သွားလာလည်ပတ်သောရဟန်းသည် ဒုက္ကဋ်အာပတ်သင့်၏။

အာဂေါစရ (၅)ဌာန

အများအပြား အဆက်မပြတ် ဝင်ထွက်သွားလာကျက်စားရာကို ဂေါစရဟုခေါ်၏။ ရဟန်းတော်များအနေဖြင့် မပြတ်မလပ် ဝင်ထွက်သွားလာ ကျက်စားခြင်းမပြုအပ်သော အဂေါစရ(၅)ဌာန (တစ်နည်း) ရဟန်းတော်များ ရောနှောယှက်တင် အကျွမ်းတဝင် မနေသင့်သူ (၅)ဦးရှိ၏။ ဤ(၅)ဦးနှင့် ရောနှောယှက် တင် နေထိုင်ခဲ့ပါက ရဟန္တာတောင်မှ လူတို့၏အထင်အမြင်လွဲမှားမှုခံရတတ်၏။ ယင်းပုဂ္ဂိုလ်(၅)ဦးမှာ-

၁။ ပြည့်တန်ဆာမ။

၂။ တစ်ခုလပ်မုဆိုးမ။

၃။ အပျိုကြီး။

၄။ နပုံးပဏ္ဏာတ် (မိန်းမလျာ၊ ယောကျ်ားလျာ)

၅။ ဘိက္ခုနီ (သီလရှင်၊ ယောဂီမများပါဝင်)

အိမ်လည်ရဟန်းအပြစ်

အိမ်များကိုလည်ပတ်ပြီး လူများနှင့် ရောနှောနေထိုင်သောရဟန်းသည် မာတုဂါမကို အမြဲတမ်း တွေ့မြင်ရတတ်၏။ မြင်ဖန်များသော် ရောနှောခြင်းဖြစ်လာတတ်၏။ ရောနှောခြင်းမှ အကျွမ်းဝင်မှုဖြစ်လာတတ်၏။ အကျွမ်းဝင်မှုရှိလာလျှင် ကိလေသာရာဂ ထကြွသောင်းကျန်းလာတတ်၏။ ကိလေသာရာဂထကြွသောင်းကျန်းလာလျှင် -

၁။ သာသနာတော်၌ မမွေ့လျော်မပျော်ပိုက်ဘဲ နေရတတ်၏။

http://www.dhammadownload.com

၂။ ညစ်ညမ်းသောသံဃာဒိသသ် အာပတ်တစ်ခုခုလည်း သက်ရောက်တတ်၏။

၃။ လူသော်လည်းထွက်ရတတ်၏။

အိမ်လည်ရဟန်းသည် ဤအပြစ်သုံးမျိုးတွင် တစ်မျိုးမျိုးဖကန်ဖြစ်ရ၏။

ဒါယကာ ဒါယိကာမတို့ မကြည်ညိုနိုင်ကြောင်း ရဟန်းသာမဏေအင်္ဂါများ

ရဟန်းသာမဏေများသည် –

၁။ လူတို့တွင် ပစ္စည်းဥစ္စာမရအောင်အားထုတ်ခြင်း။

၂။ လူတို့၏အကျိုးစီးပွားပျက်ပြားအောင် အားထုတ်ခြင်း။

၃။ လူတို့ကိုဆဲရေးကြိမ်းမောင်းခြင်း။

၄။ လူအချင်းချင်းကွဲပြားအောင် ကုန်းတိုက်ခြင်း။

၅။ ဘုရားရှင်၏ ကျေးဇူးမဲ့စကား (ကဲ့ရဲ့စကား)ကို ပြောဆိုခြင်း။

၆။ တရားတော်၏ ကျေးဇူးမဲ့စကားကို ပြောဆိုခြင်း။

၇။ သံဃာတော်၏ ကျေးဇူးမဲ့စကားကို ပြောဆိုခြင်း။

၈။ ရဟန်းတို့ မသွားမလာသင့်သောနေရာ၌ နေထိုင် သွားလာ ဝင်ထွက်ခြင်း။

ဤရှစ်ပါးတွင် တစ်ပါးပါးနှင့် ငြိစွန်းနေပါက ယင်းရဟန်းသာမဏေများ ဒါယကာ၊ ဒါယိကာမတို့က မကြည်ညိုကြောင်း ဖွင့်ဟပြောဆိုနိုင်၏။ အသိပေးနိုင်၏။ သာသနာတော်အကျိုးအတွက်ပင် ဖြစ်ပါ၏။

သပိတ်မှောက်ကံ

အောက်ပါအင်္ဂါရပ်များတွင် တစ်ချက်ချက်နှင့် ငြိစွန်းနေ၍ သပိတ်မှောက်ကံအပြုခံရသော ဒါယကာ၏အိမ်မှ လျှုဖွယ်ဝတ္ထုများကို ရဟန်းသံဃာတော်များက ခံယူခြင်းမပြုရပေ။ သပိတ်မှောက်ကံပြုထားကြောင်းကိုလည်း အခြား ရဟန်းသံဃာများအား သတင်းစကားပေးထားရ၏။

၁။ ရဟန်းတော်များ လာဘ်မရအောင် ကြိုးစားအားထုတ်ခြင်း။

၂။ ရဟန်းတော်များ၏ အကျိုးစီးပွားပျက်ပြားအောင် အားထုတ်ခြင်း။

၃။ ရဟန်းတော်များ နေရာထိုင်ခင်းမရအောင် အားထုတ်ခြင်း။

၄။ ရဟန်းတော်များကို ဆဲရေးကြိမ်းမောင်းခြင်း။

၅။ ရဟန်းအချင်းချင်း ကွဲပြားအောင်ပြုလုပ်ခြင်း။

http://www.dhammadownload.com

ရဟန်းသာမဏေများကို ငယ်ရွယ်သည့် ရဟန်းသာမဏေများပင် ဖြစ်ပါစေ မထီမဲ့မြင်၊ မလေးမစား၊ မရိုမသေပြုမိလျှင် ဤဘဝတွင်ရော သံသရာတွင်ပါ သီလ ဆိုသောရဟန်းတန်ခိုးက မိမိကို ပြင်းစွာလောင်ကျွမ်းစေတတ်၍ ယုတ်ညံ့သော အမျိုးဌ် ဖြစ်ရခြင်း အစရှိသည့် ကြီးလေးသည့် မကောင်းကျိုးများကိုလည်း ခံစားရတတ်ပါသည်။

ရဟန်းမခံကောင်းသူ ပုဂ္ဂိုလ်(၁၃)ဦး

၁။အသက်(၂၀)မပြည့်သူ။ ၂။ ပါရာဇိကကျူးဖြီးသောရဟန်း။ ၃။ နပုန်းပဏ္ဍုက်။ ၄။ ရှင်ရဟန်းအသွင်ကို ခိုးယူ၍ ရှင်ရဟန်းအစစ်တို့နှင့် ပေါင်းသင်းနေထိုင်သူ။ ၅။ တိတ္ထိတို့ထံသို့ ရဟန်းဘောင်မှပယ်ခွာသွားသူ။ ၆။ ရဟန်းမိန်းမ (ဘိက္ခုနီ)ကို ဖျက်ဆီးသူ။ ၇။ နှစ်လိင်ရှိသူ။ ၈။ ပဉ္စာနန္တရိယကံကြီးထိုက်သူ (၅)ဦး။ ၉။ တိရစ္ဆာန်တို့ဖြစ်ကြ၏။

ဤပုဂ္ဂိုလ်တို့သည် အကြိမ်ကြိမ် ရဟန်းခံပေးသော်လည်း မည်သို့မျှရဟန်းမဖြစ်နိုင်တော့သော ပုဂ္ဂိုလ်များဖြစ်ကြ၏။

ဂရုမမူတရား(၈)ပါး

ဂရုမမူတရားဟူသည် ဘိက္ခုနီ (ရဟန်းမိန်းမ)တို့ အသက်ထက်ဆုံး ရိုသေလေးစားစွာ လိုက်နာစောင့်ထိန်းရမည့် ပညတ်ချက်များဖြစ်၏။ ယင်းပညတ်ချက်တို့မှာ–

၁။ ဘိက္ခုနီမှန်သမျှ ဘိက္ခုရဟန်းအားလုံးတို့အား အရိုအသေပေးရမည်။ ဝါတော်(၁၀၀)ရသော ဘိက္ခုနီပင်ဖြစ်စေ ယနေ့မှရဟန်းဖြစ်သော ဘိက္ခုအား ရှိခိုးခြင်း၊ လက်အုပ်ချီခြင်းပြုရမည်။

၂။ ဘိက္ခုနီတို့သည် အနီးပတ်ဝန်းကျင်တွင် ဘိက္ခုရဟန်း မရှိသော ကျောင်း၌ ဝါဆိုဝါကပ်ခြင်း မပြုရ။

၃။ ဘိက္ခုနီတို့သည် လပြည့်လကွယ်တိုင်း ဘိက္ခုသံဃာထံ၌ ဥပုသ်နေ့ကို မေးလျှောက်ခြင်း၊ ဩဝါဒခံယူခွင့်တောင်းခြင်း ပြုရမည်။

၄။ ဘိက္ခုနီတို့သည် ဝါကျွတ်သည့်အခါတိုင်း ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ပါးစလုံးထံ၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသော အကြောင်းသုံးပါးဖြင့် မိမိ၌ အပြစ်တစ်စုံတစ်ရာရှိပါက ဆိုဆုံးမရန် ဖိတ်ကြားရမည်။

၅။ အပြစ်ကြီးလေးသည့် ဂရုကအာပတ်သင့်သော ဘိက္ခုနီသည် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ရပ်စလုံးထံ၌ ပက္ခမာနတ်ကျင့်ရမည်။

http://www.dhammadownload.com

၆။ ဘုရားရှင်၏ ကျေးဇူးမဲ့စကားကို ပြောဆိုခြင်း။
၇။ တရားတော်၏ ကျေးဇူးမဲ့စကားကို ပြောဆိုခြင်း။
၈။ သံဃာတော်၏ ကျေးဇူးမဲ့စကားကို ပြောဆိုခြင်း။

ရဟန်းတော်များနှင့် လူဝတ်ကြောင်တို့၏ အိမ်ထောင်ရေး

ရဟန်းတော်များသည် လူဝတ်ကြောင်တို့၏အိမ်ထောင်ရေးတွင် စေ့စပ်ကြောင်းလမ်းခြင်း (အောင်သွယ်လုပ်ခြင်း)မပြုရ။ တရားဝင် မကွာရှင်းရသေးသော ကွဲနေသော သူများကိုကား စေ့စပ်ပေးနိုင်၏။

ဓမ္မကထိကတို့ အသံဆွဲ ချဲ့ ရှည် ငင် ဟောခြင်းအပြစ်(၅)ပါး

၁။ မိမိအသံ၌မိမိ သာယာနှစ်သက်ခြင်း။
၂။ သူတစ်ပါးတို့ကလည်း တရားမမက်၊ အသံကိုသာ သာယာတပ်မက်ကြခြင်း။
၃။ ပညာရှိသူတို့၏ ကဲ့ရဲ့ပြစ်တင်မှုကို ခံရတတ်ခြင်း။
၄။ အသံကောင်းမှုကို လုံ့လပြုရ၍ သမာဓိပျက်စီးခြင်း။
၅။ နောက်နောက်ပုဂ္ဂိုလ်တို့ အတုလိုက် ဟောကြားမှုကြောင့် သာသနာပျက်ကွယ်ခြင်း။

ရဟန်းသာမဏေများကို မထီမဲ့မြင်ပြုခြင်းများ

၁။ ရဟန်းသာမဏေများကို တွေ့ဆုံသည့်အခါ လမ်းဖယ်မပေးခြင်း၊ သင့်လျော်သည့်အနေအထားဖြင့် အရိုအသေမပြုခြင်း။
၂။ ခြံထည်ကိုမရုပ်သိမ်းခြင်း (ရဟန်းသာမဏေများ၏ရှေ့တွင် ပခုံးနှစ်ဖက် အုပ်မိအောင် စောင်၊ တဘက်၊ ပုဆိုး စသည်တို့ကို ခြုံမထားရ၊ ဦးထုပ် ဆောင်းမထားရ။)
၃။ ထိုင်ရာမှ ထမပေးခြင်း (အလေးဂရပြု၍ နေရာမပေးခြင်း၊ ခရီးဦးကြိုမှုမပြုခြင်း။)
၄။ ဆင်ကျောက်ကုန်း စသည်တို့အပေါ်က ဆင်းမပေးခြင်း (အမြင့်မှနေ၍ ဆင်းမပေး၍ ရဟန်းက အနိမ့်မှဖြစ်နေခြင်း။)
၅။ ရဟန်းသာမဏေများကို အောက်တန်းစားကဲ့သို့ သဘောထားပြီး မလုပ် သင့်မလုပ်ထိုက်သည်များကို ဖြုံလုပ်ခြင်း (သရော်ပြောင်လောင်ခြင်း၊ အပြက်အချော်ပြော၍ နောက်ပြောင်ခြင်း၊ ပြက်ရယ်ပြုခြင်း) စသည်တို့ ဖြစ်၏။

http://www.dhammadownload.com

၆။ ပါဏာတိပါတာအစ ဝိကာလဘောဇနာအဆုံးရှိသော သိက္ခာပုဒ်(၆)ပါး၌ နှစ်နှစ်တိုင်ကျင့်ပြီးသော သိက္ခမာန်(သာမဏေမ)သည် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ရပ်စလုံးထံ၌ ရဟန်းခံနိုင်ရန် ကြိုးစားအားထုတ်ရမည်။

၇။ ဘိက္ခုနီတို့သည် ဘိက္ခုရဟန်းတို့အား မည်သို့သော အကြောင်းနှင့်မျှ ဆဲဆိုကြိမ်းမောင်းခြင်းမပြုရ။

၈။ ဘိက္ခုနီတို့၏ ဘိက္ခုတို့အပေါ် ဝေဖန်ပြောဆိုခွင့်ကို လုံးဝပိတ်ပင်ထား၏။ ဘိက္ခုတို့၏ ဘိက္ခုနီတို့အပေါ် ဝေဖန်ပြောဆိုခွင့်ကိုမူ မပိတ်ပင်ဘဲ အမြဲ ဖွင့်လှစ်ထား၏။

သင်ဖြူးပေါ်သို့ ခြေမဆောင်းဘဲမနင်းရ

စေတီယဂ်ဏောတိ – ပန်းနံ့သာ စသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ရာဌာနဖြစ်သော စေတီရင်ပြင်တော်ပေါ်၌ ဖိနပ်မစီးရသကဲ့သို့ ရဟန်းသံဃာတို့ ထိုင်ဖို့ရာခင်းထားအပ်သော သင်ဖြူး စသည်တို့အပေါ်၌ ခြေမဆောင်းဘဲမနင်းရပေ။

အမျိုးသမီးများဆင်ခြင်ဖွယ်

ဒကာမများအနေဖြင့် ရဟန်းတော်များနှင့် အမိုးအကာတစ်ခုတည်း မိုးကာထားအပ်သော ကျောင်း (တစ်မိုးတစ်ရံကျောင်း)တွင် ညဉ့်အချိန်၌မအိပ်ကောင်း၊ မတည်းခိုကောင်း၊ အပေါ်ထပ်အောက်ထပ် ကွဲပြားသော်လည်း အလားတူပင်ဖြစ်၏။ ရှင်သာမဏေသာရှိသောကျောင်း၌မူ အိပ်ကောင်း၊ တည်းခိုကောင်း၏။

ထို့ပြင် ကျောင်းသို့တစ်ယောက်တည်းလာ၍ တစ်ပါးတည်းဖြစ်သော ရဟန်းနှင့်အတူ မတွေ့ဆုံကောင်း၊ အတူထိုင်၍ စကားပြောမှု စသည်ကိုမပြုကောင်း၊ နေလျှင်ပြောလျှင် ရဟန်းတော်မှာ ဝိနည်းပြစ်ရှိ၍ အာပတ်သင့်တတ်၏။ ရဟန်းတော်က မာတုဂါမရှိရာသို့သွား၍ နှစ်ယောက်ချင်းနေထိုင်မှုသည် မိမိကျောင်း၌ပင်ဖြစ်စေ ဝိနည်းပြစ်အာပတ်သင့်၏။ ရဟန်းတော်က မာတုဂါမတစ်ဦးတည်းလာရုံမျှဖြင့် ဝိနည်းပြစ်မသင့်သေး။ သို့သော် ရဟန်းတော်က တစ်နေရာမှ ပြန်ကြွလာပြီး လာထိုင်လျှင်မူ ဝိနည်းပြစ်သင့်၏။ ထို့ကြောင့် အမျိုးသမီးတို့သည် တစ်ပါးတည်းရှိသော သံဃာတော်ထံသွားလျှင် အဖော်ပါရမည် ဖြစ်ပါသည်။

ရဟန်းတော်များသည် ဒကာမများနှင့် ခရီးအတူမသွားရ။ သွားလျှင် ပါစိတ်အာပတ်သင့်၏။ အမျိုးသမီးများသည် ရဟန်းသံဃာများနှင့် ဆက်ဆံရာတွင် ရဟန်းတော်များအတွက် သာသနာတွင် မပျော်မွေ့ကြောင်း ဘေးရန်များဖြစ်သော အောက်ပါအချက်များကို သတိပြုဆင်ခြင်သင့်ပါသည်။

http://www.dhammadownload.com

၁။ ကိလေသာထကြွစေမည့် ဝတ်စားဆင်ယင်မှုများဖြင့် ဝင်ထွက်သွားလာခြင်း။

၂။ မိမိ၏အသံကို ကြားစေခြင်း။

၃။ မိမိ၏ရုပ်အဆင်းကို မြင်စေခြင်း။

၄။ တွေ့ဆုံစကားပြောဆိုခြင်း။

၅။ မိမိ၏ပစ္စည်းကို သုံးစွဲစေခြင်း။

၆။ မိမိ၏ကိုယ်လက်နှင့် ထိတွေ့စေခြင်း။

ဤအချက်များကြောင့် ရဟန်းသံဃာတော်များ အာပတ်အမျိုးမျိုး သင့်နိုင်ကြသဖြင့် အမျိုးသမီးများ ဆင်ခြင်ဖွယ်ဖြစ်ပါ၏။ အထူးသဖြင့် အမျိုးသမီးများသည် ရဟန်းတော်များကို မိမိ၏ကိုယ်လက်တို့ဖြင့် ထိ၍ရှိခိုးခြင်း၊ နှိပ်နယ်ပေးခြင်း၊ ရဟန်းတော်များကြွရာလမ်း၌ မိမိ၏ဆံပင်ကို ဖြန့်ခင်းပေးခြင်း စသည်တို့ မပြုလုပ်ရ။ မိမိကြောင့် ရဟန်းတော်များ အပြစ်ဖြစ်တတ်ပါ၏။

အိမ်တက်မင်္ဂလာပြုနည်း

မြတ်ဗုဒ္ဓဟောကြားတော်မူသော ပါဠိလိုဂါမိယသုတ်တော်အရ အိမ်တက်မင်္ဂလာပြုနည်းကို ကောက်နုတ်ဖော်ပြပါမည်။

အိမ်ဆောက်တော့မည်ဟု ပြင်ဆင်နေတုန်းမှာပင် ယင်းအိမ်၌နေထိုင်မည့် လူပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားရှိမှုကိုလိုက်၍ ယင်းတို့နှင့်သင့်လျော်သော အိမ်စောင့်နတ်များက ကြိုတင်၍ နေရာယူပြီးဖြစ်၏။ သူတော်ကောင်းတို့နေမည့်အိမ်ခြံတို့၌ နတ်ကောင်းနတ်မြတ်များက ကြိုတင်နေရာယူပြီး ဒုဿီလတို့နေမည့်အိမ်ခြံတို့၌ မကောင်းသောနတ်များက ကြိုတင်နေရာယူကြ၏။

အိမ်ဆောက်ရန် ပြင်ဆင်သည့်အချိန်ကစပြီး အိမ်ရာမြေမှာ ဘုရားရှင်အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်ပြီး အလှူအတန်းပြုလုပ်ခြင်း၊ မင်္ဂလာတရားနာကြားခြင်း၊ ပရိတ်တော်များရွတ်ဖတ်ခြင်းနှင့် နတ်များကို အမျှအတန်းပေးဝေခြင်း စသောကောင်းမှုကုသိုလ်များ ပြုလုပ်ကြရမည်။ အိမ်ဆောက်ပြီးသည့်အခါမှာလည်း ဤကဲ့သို့သော ကောင်းမှုကုသိုလ်များကို တတ်အားသရွေ့ ပြုလုပ်ပေးရသည်။ အဆင်ပြေပါက သံဃာတော်များကိုပင့်ဖိတ်ပြီး အိမ်သစ်တွင် တစ်ညအိပ်လောက် သီတင်းသုံးနေစေသင့်ပါသည်။

မိမိကိုယ်တိုင်ကလည်း ကုသိုလ်ကောင်းမှုများ ပြုလုပ်နေချိန်တွင် သီလ အစရှိသော သူတော်ကောင်းတရားများနှင့်ပြည့်စုံပြီး ကိလေသာအညစ်အကြေးများ စင်ကြယ်နေ

http://www.dhammadownload.com

ပါက ပိုကောင်းပါသည်။ ဤကဲ့သို့ မင်္ဂလာများပြုလုပ်ခြင်းဖြင့် အိမ်စောင့်နတ်များ၊ ခြံစောင့် နတ်များ အစရှိသည့် အနီးအပါးမှနတ်များသည် မြတ်ဘုရားရှင်၏ တပည့်သားတော် သာဝကများဖြစ်ကြသည့် ရဟန်းသံဃာတော် အရှင်သူမြတ်တို့ကို ဖူးမြော်ကန်တော့ခွင့် ရခြင်း၊ တရားနာကြားခွင့်ရခြင်း၊ ကုသိုလ်အဖို့ အမျှပေးဝေခြင်းကို ရရှိခြင်း စသောအကျိုး ကျေးဇူးများရရှိပါသည်။ ထို့ကြောင့် ဤနည်းဖြင့် နတ်များကို ပူဇော်ရာရောက်သလို နတ်များကလည်း အမျှအတန်းပေးဝေပြီး မိမိတို့ကို ပြန်လည် ပူဇော်ပါသည်။

ဤနည်းဖြင့် နတ်များ၏ တုန့်ပြန်ပြီးပူဇော်မှု၊ မြတ်နိုးမှု၊ ကာကွယ်စောင့်ရှောက်မှု အစရှိသည်များရရှိပြီး နတ်တို့၏အစောင့်အရှောက်ခံ ပုဂ္ဂိုလ်တို့သည် ဖြစ်ပေါ်လာမည့် ဘေးရန်များမှ ကင်းဝေးပပျောက်ခြင်း၊ အမြဲတမ်းကောင်းမင်္ဂလာများနှင့် တွေ့ကြုံရခြင်း စသောအကျိုးကျေးဇူးများရရှိ၏။ ဤသည်မှာ မြတ်ဘုရားအလိုတော်ကျ အိမ်တက်မင်္ဂလာ ပြုနည်းပင်ဖြစ်၏။

သပိတ်သွတ်ဆွမ်းကျွေးခြင်း

လောကတွင် မသေသောသတ္တဝါဟူ၍ မရှိသဖြင့် တစ်ဦးတစ်ယောက်မျှ မသေဘူးသော မိသားစုဟူ၍မရှိ။ ထို့ကြောင့် မိမိ၏ဆွေမျိုးသားချင်း တစ်ဦးဦးသေဆုံးပါက ကျန်ရစ်သူမိသားစုက သေဆုံးသူအားရည်မှန်း၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရာ၌ မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ စနစ်တကျ ပြုလုပ်တတ်ရန် လိုအပ်ပေသည်။

မြတ်ဗုဒ္ဓက ဘဝဟောင်းက ဆွေမျိုးတော်စပ်ခဲ့ဖူးသော ပြိတ္တာများအတွက် ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးသော ဗိမ္ဗိသာရမင်းကြီးအား "မဟာရာဇာ ဆွေမျိုးတွေသေဆုံးတဲ့အတွက် ငိုကြွေးမှု၊ စိုးရိမ်မှုနှင့် အခြားမြည်တမ်းမှုတွေကို မပြုသင့်ပါဘူး၊ အဲဒီငိုကြွေးခြင်း၊ စိုးရိမ်ခြင်း၊ မြည်တမ်းခြင်းဆိုတာတွေဟာ သေသွားတဲ့လူအတွက် ဘာအကျိုးမှမရှိပါဘူး၊ ဒါပေမဲ့ ပညာနည်းပါးတဲ့ အချို့ဆွေမျိုးတွေကတော့ အဲဒီငိုကြွေးမှု၊ စိုးရိမ်မှု၊ မြည်တမ်းမှုတွေကို ပြုနေကြတာပဲ" ဟူ၍ ဟောကြားတော်မူခဲ့၏။

ထို့ကြောင့် သေဆုံးသူအတွက်ရော၊ မိမိအတွက်ရော အကျိုးမရှိသည့် ငိုကြွေးပူဆွေး မြည်တမ်းမှုများကို မပြုသင့်ကြဘဲ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် အောက်ပါနည်းလမ်းအတိုင်းသာ အကျိုးရှိစွာ ပြုလုပ်သင့်ကြပါသည်။

မိမိတို့၏မိသားစုမှ တစ်ဦးတစ်ယောက်သေဆုံးလျှင် သေဆုံးသည့်နေ့မှာပင် သင်္ဂြိဟ်ပါ။ အချိန်မမီပါက နောက်တစ်ရက်တွင် မဖြစ်မနေသင်္ဂြိဟ်ပါ။ ဤအချိန်မျိုးတွင် အလောင်းမြေကျဖို့အရေးသာ လုပ်ဆောင်သင့်၏။ ထို့ပြင် သံဃာတော်အရှင်မြတ်တို့ကို မသာ၏အခြံအရံအနေဖြင့် သုသာန်သို့ ပင့်ဆောင်ကြခြင်းများသည် မလျော်ကန်

http://www.dhammadownload.com

မသင့်မြတ်ပါ။ ရဟန်းသံဃာတော်များသည် မသာအခြံအရံအနေဖြင့် ရှေ့ကပဲဖြစ်ဖြစ်၊ နောက်ကပဲဖြစ်ဖြစ် မလိုက်ကောင်းပေ။ ဝိနည်းပညတ်ချက်ရှိ၏။

သေဆုံးသူကို သင်္ကြံဟ်ခြင်းကိစ္စ ပြီးဆုံးပြီးနောက် (ကွယ်လွန်ပြီးသုံးရက်မြောက်နေ့မှစ၍)ကွယ်လွန်သူအားရည်စူး၍ အောက်ပါအစီအစဉ်များအတိုင်း ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးရမည်။

(၁) လှူဖွယ်ဝတ္ထုကို ရွေးချယ်ခြင်း

မြတ်ဘုရားရှင် အမှူးပြုသော ရဟန်းသံဃာတော်များအား ဆွမ်း၊ သင်္ကန်းကပ်လှူရမည်။ ထို့ပြင် တတ်နိုင်ပါက အိပ်ရာခင်း၊ ခုတင် စသည့် မိမိတတ်အားသရွေ့ လှူဖွယ်ဝတ္ထုများကိုလည်း ရွေးချယ်နိုင်သည်။ သေဆုံးသွားသူ၏ ကျန်ရစ်သောအဝတ်အစားများကိုချုပ်ပြီး လှူဒါန်းနိုင်ပါသည်။ အရေးကြီးသည်မှာ သံဃာတော်အရှင်သူမြတ်တို့အတွက် သင့်အပ်လျောက်ပတ်သော၊ သုံးဆောင်ထိုက်သော လှူဖွယ်ပစ္စည်းမျိုးသာ ဖြစ်ရမည်။

(၂) လှူဖွယ်ဝတ္ထု၏ စင်ကြယ်ခြင်း

လှူဖွယ်ဝတ္ထုများသည် တရားသဖြင့် ရှာဖွေရရှိထားသော သန့်ရှင်းစင်ကြယ်သည့် ဝတ္ထုပစ္စည်းများ ဖြစ်စေရပါမည်။

(၃) အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း

အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ရာတွင် သီလစင်ကြယ်သော ပုဂ္ဂိုလ်မျိုးကို ရွေးချယ်ရမည်။ ဒုဿီလကို ရွေးချယ်မိပါက ကုသိုလ်အကျိုးရနည်းပြီး ထိရောက်မှုရှိမည်မဟုတ်ပါ။ အကောင်းဆုံးမှာ မည်သည့်ရဟန်းသံဃာကိုပင်ဖြစ်စေ မြတ်ဗုဒ္ဓ၏ တပည့်သားတော်သံဃာတော်များအားလုံးကို ရည်မှန်း၍ သံဃိကဒါနမြောက်အောင် လှူဒါန်းခြင်းပင်ဖြစ်၏။ မိမိကိုယ်တိုင်ကလည်း သီလစင်ကြယ်နေလျှင် ပို၍ကောင်း ပို၍မြတ်ပါသည်။

(၄) လှူဖွယ်ဝတ္ထုကို လှူဒါန်းခြင်း

လှူဖွယ်ဝတ္ထုများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည့်အခါ တစ်ခုချင်းကိုယ်တိုင်ဆက်ကပ်ရသည်။ ဆက်ကပ်သည့်အခါတိုင်း "ဒီအလှူဟာ တပည့်တော်ရဲ့နှင့်တကွ ဘဝအဆက်ဆက်က ဆွေမျိုးများအတွက်ဖြစ်ပါစေ၊ ဤကုသိုလ်ကြောင့် ချမ်းသာသုခရကြပါစေ"ဟုဆိုပြီး ဆက်ကပ်ရသည်။ ဤတွင် လှူဖွယ်ဝတ္ထုများအနက် အလှူရေကို ရေးဦးစွာဆက်ကပ်ရသည်။ နောက်မှ ကျန်လှူဖွယ်များကို ဆက်ကပ်ရသည်။

http://www.dhammadownload.com

အလှူဒါနပြုလုပ်၊ အနုမောဒနာတရားများနာပြီးလျှင် မိမိတို့ကိုယ်တိုင်က ကွယ်လွန်သွားသူနှင့်တကွ ဘဝဟောင်းက ဆွေမျိုးသားချင်းများကို အမျှအတန်းပေးဝေရသည်။

(၆) အလှူဒါနအကျိုး ခံစားရပုံ

ကွယ်လွန်သူသည် လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်၊ အသူရကာယ် ဘုံဘဝများသို့ရောက်ရှိနေပါက မိမိအားရည်စူး၍ပြုလုပ်သော ကုသိုလ်အကျိုးကို မခံစားရ။ ပြိတ္တာဘဝသို့ရောက်ရှိနေမှသာ အလှူဒါနအကျိုးကို ခံစားရ၏။ ဤတွင်လည်း ရေခြား၊ မြေခြားတွင်သွားဖြစ်နေသော ပြိတ္တာများသည်လည်း အကျိုးမခံစားရ။ မိမိအတွက် ရည်စူးပြုလုပ်သောကုသိုလ်ကို ကြားနိုင်မြင်နိုင်သော အနီးအပါးတွင်ရှိသည့် ပြိတ္တာများသာ ရရှိခံစားနိုင်၏။

ပြိတ္တာများသည် မိမိ လူ့ဘဝက ပိုင်ရှင်အနေဖြင့်နေခဲ့သော အိမ်နှင့် မိမိဆွေမျိုးဟောင်းများ၏ အိမ်များကို ကိုယ့်အိမ်အမှတ်နှင့် လာတတ်ကြပြီး ယင်းတို့အား ရည်စူးပြုလုပ်မည့်ကုသိုလ်ကောင်းမှု၊ အမျှအတန်းပေးဝေမှုများကို မျှော်လင့်တောင့်တနေလျက် လှည့်ပတ်သွားလာနေကြ၏။ ပြိတ္တာတို့သည် လူ့ဘဝတုန်းက ကိုယ်တိုင်လည်း မလှူရက်၊ သူတစ်ပါးတို့ပေးလှူခြင်းကိုလည်း တားမြစ်ပိတ်ပင်ခဲ့ခြင်းများကြောင့် ဖြစ်၍ ပြိတ္တာဘုံတွင် စည်းစိမ်ချမ်းသာဆိုသည်မှာမရှိ။ အမြဲတမ်းဆာလောင်မွတ်သိပ်နေသော စားရမဲ့၊ သောက်ရမဲ့၊ မီးကဲ့သို့ပူလောင်သည့်ဘဝမျိုးသာဖြစ်၍ ယင်းတို့အား ရည်ညွှန်းပေးလှူသည့် ဒါနအကျိုးနှင့်သာ မျှတနေကြရ၏။ လက်ရှိကွယ်လွန်သွားသော မိမိ၏ဆွေမျိုးများမှာ ပြိတ္တာဘဝသို့မရောက်စေကာမူ အလွန်ရှည်လျားသော ဘဝသံသရာအတွင်းတွင် မိမိ၏ဆွေမျိုးသားချင်းပြိတ္တာများ မရှိသည့်နေရာဌာနဟူ၍မရှိ။ ထို့ကြောင့် ဘဝအဆက်ဆက်ကတော်စပ်ခဲ့သည့် ဆွေမျိုးသားချင်းပြိတ္တာများသည် အလှူဒါနကုသိုလ်အကျိုးကို ခံစားကြရ၏။

မိမိပြုလုပ်သောကုသိုလ်အကျိုးကို အခြားသူတစ်ဦးတစ်ယောက်က မျှဝေခံစား၍ မရနိုင်။ အခြားသူတစ်ဦးကို အကျိုးမပေးနိုင်။ မိမိတို့ပြုလုပ်သော အလှူဒါနကုသိုလ်သည် ပြိတ္တာတို့အတွက် အထောက်အပံ့သာဖြစ်၏။ ပြိတ္တာတို့က ကံကံ၏အကျိုးကိုယုံကြည်ပြီး ယင်းတို့အတွက်ပြုလုပ်သောကုသိုလ်ကို ရိုရိုသေသေ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုကြသော ကုသိုလ်ကံကသာ ယင်းတို့အား ပြုစဉ်ခဏမှာပင် ချက်ချင်း အကျိုးပေးခြင်းဖြစ်၏။

http://www.dhammadownload.com

(၇) ပြိတ္တာတို့အား ချက်ချင်းအကျိုးပေးပုံ

ရဟန်းသံဃာတော်ဆိုသည်မှာ ကုသိုလ်ကောင်းမှုပြုလုပ်သည့်နေရာတွင် အကောင်းဆုံး၊ အမြတ်ဆုံး အလှူခံဖြစ်၏။ ထို့ကြောင့် သံဃာတော်များကို လှူသော အလှူသည် ပြိတ္တာများအတွက် လှူသောခဏမှာပင် အကျိုးပေးသလို ကြာရှည်လေးမြင့် အစီးအပွားကိုလည်း ရွက်ဆောင်နိုင်၏။

ချက်ချင်းအကျိုးပေးပုံမှာ အလှူရေကိုဆက်ကပ်ပြီး အမျှပေးဝေသောခဏမှာပင် ပြိတ္တာများအတွက် ရေကန်များဖြစ်ပေါ်လာကာ ရေချိုး ရေသောက်ကြရ၏။ ထို့ကြောင့် ပူလောင်ခြင်း၊ ပင်ပန်းခြင်း၊ ရေဆာခြင်းများ အေးငြိမ်းပြီး ချမ်းမြေ့ကြကုန်၏။ ဆွမ်းလှူပြီး အမျှဝေသောခဏမှာပင် ပြိတ္တာတို့မှာ ကောင်းမွန်သောအစားအစာများ စားသောက်ကြရပြီး ရုပ်ဆင်းအင်္ဂါ ကြည်ကြည်လင်လင် ဝဝဖြိုးဖြိုး ဖြစ်လာကြ၏။ ဆာလောင်မှုပျောက်ကင်း အေးငြိမ်းချမ်းမြေ့ကြကုန်၏။ သင်္ကန်းနှင့်တကွ အခြားလှူဖွယ်များလှူဒါန်းပြီး အမျှပေးဝေသောခဏမှာပင် ပြိတ္တာတို့သည် အဝတ်များ၊ အိပ်ရာ၊ နေရာများ စသည့်အဆင်တန်ဆာများ လှူဖွယ်ဝတ္ထုကိုလိုက်၍ အထူးထူးအပြားပြား ဖြစ်ပေါ်ရရှိကြကုန်၏။

အထူးသတိပြုရန်မှာ ကုသိုလ်ကောင်းမှုပြုလုပ်ပြီးတိုင်း အမျှပေးဝေရန်ပင်ဖြစ်၏။ ဂေါတမဗုဒ္ဓမြတ်ဘုရားရှင်လက်ထက်တော်က ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား အမှူးပြုသော သံဃာတော်များကို ကြီးကျယ်သောအလှူပေးသော်လည်း အမျှမဝေမိ၍ ၉၂ ကမ္ဘာပတ်လုံး ပြိတ္တာဘဝသို့ရောက်ရှိနေပြီး အလှူဒါနကို မျှော်လင့်တကြီး စောင့်ဆိုင်းနေကြသော မင်းကြီး၏ဆွေမျိုးဟောင်း ပြိတ္တာတို့က အကျိုးမခံစားရပေ။ ထို့ကြောင့် ဆွေမျိုးဟောင်းပြိတ္တာများက ညအခါ မင်းကြီးအိပ်နေစဉ် အလွန်ကြောက်စရာကောင်းသော အသံများဖြင့် ဟစ်အော်ခြောက်လှန့်ကြ၏။ နောက်တစ်နေ့တွင် မင်းကြီးက မြတ်စွာဘုရားထံ အကျိုးအကြောင်းလျှောက်ထားပြီး အကြောင်းစုံသိရသောအခါ ကြီးကျယ်သော အလှူဒါနကို ပြန်လည်ပြုလုပ်ပြီး ပြိတ္တာများကိုရည်စူး၍ အမျှအတန်းပေးဝေမှသာ ပြိတ္တာဘဝမှ လွတ်မြောက်ကြရ၏။ မြတ်စွာဘုရားကလည်း မင်းကြီးအား ပြိတ္တာတို့ကိုရည်မှန်း၍ လှူဒါန်းအပ်သော ကုသိုလ်အကျိုးကြီးမားပုံကို ဟောကြားတော်မူ၏။

ဤကဲ့သို့ပင် သီဟိုဠ်ကျွန်း ဝဟုမာနဆိုသူ ရွာသားမုဆိုးတစ်ဦးသည် ပြိတ္တာများကိုရည်မှန်းပြီး လှူသောအလှူတွင် ဒုဿီလပုဂ္ဂိုလ်ကို သုံးကြိမ်တိုင်တိုင်လှူမိ၍ ပြိတ္တာများက ကုသိုလ်အကျိုးကိုမခံစားရ။ သုံးကြိမ်မြောက်တွင် ပြိတ္တာတို့က "ငါ့အတွက် အလှူကို ဒုဿီလချည်းလုစားနေတယ်"ဟုအော်မှသာ မုဆိုးက သီလရှိသော ရဟန်းတစ်ပါးအား ရွေးချယ်လှူဒါန်းပြီး အမျှပေးဝေ၏။ ထိုအခါမှသာ ပြိတ္တာများက သာဓုအနုမောဒနာ ပြုနိုင်ပြီး ကုသိုလ်အကျိုးကို ခံစားကြရ၏။

http://www.dhammadownload.com

(၈) အလှူရှင်လည်း အကျိုးကြီးမားပုံ

ပြိတ္တာများကိုရည်မှန်း၍ လှူဒါန်းသော ဒါနကုသိုလ်မျိုးသည် အကျိုးကြီးမားသော ဒါနကုသိုလ်ဖြစ်၍ အလှူရှင်မှာလည်း များစွာအကျိုးခံစားရပါသည်။ အလှူရှင်တို့မှာ မိမိလှူဒါန်းခြင်းကြောင့် ရရှိသောမူလကုသိုလ်အကျိုးအပြင် ပြိတ္တာတို့ အေးငြိမ်းချမ်းသာရခြင်းကြောင့် ရရှိသောကုသိုလ်အကျိုးများကိုလည်း ထပ်မံရရှိပါသည်။

ထို့ကြောင့် ဤကဲ့သို့သော အလှူဒါနကုသိုလ်မျိုးကို မိမိတို့အိမ်တွင်လည်းကောင်း၊ ကျောင်း၊ ဓရုပ်တွင်လည်းကောင်း ပြုလုပ်သင့်ပါသည်။ ကျောင်း၊ ဓရုပ်တို့တွင် ပြုလုပ်လျှင် ဆွမ်းဟောင်းမျိုးဟောင်းပြိတ္တာများကို ကျောင်း၊ ဓရုပ်များသို့ ဖိတ်ခေါ်ရသည်။

ရေစက်ချခြင်း

ပေးလှူသူက ရေလွှဲက်ဖြင့် အလှူခံသူ၏လက်ပေါ်သို့ဖြစ်စေ၊ အခြားခွက်တစ်ခုအတွင်းသို့ဖြစ်စေ၊ မြေကြီးပေါ်သို့ဖြစ်စေ ရေစက်ချသွန်းလောင်းသောကြောင့် အလှူရေစက်ချသည်ဟု ခေါ်၏။ ရေစက်ချခြင်းကို ယခုကာလတို့၌ အောက်ပါအတိုင်း သုံးမျိုး ပြုလုပ်လေ့ရှိကြ၏။

(၁) အလှူရှင်ကိုယ်တိုင် ပြောဆိုလှူဒါန်း၍ ရေစက်ချခြင်း၊

(၂) အလှူခံပုဂ္ဂိုလ်က ရှေ့ကဆိုပြု၍ အလှူရှင်က နောက်ကလိုက်ဆို၍ ရေစက်ချခြင်း၊

(၃) အလှူခံပုဂ္ဂိုလ်ကသာ ရှေ့ကဆိုသွား၍ အလှူရှင်က ဘာမှမဆိုဘဲ ရေစက်ချခြင်း။

ယင်းသုံးမျိုးတွင် ပထမနည်းမှာအကောင်းဆုံးဖြစ်၍ ဒုတိယနည်းမှာ သင့်လျော်ပါသည်။ တတိယနည်းမှာ မသင့်လျော်ပါ။

အယောင်ဆောင်ရဟန်းများ

သိမ်တွင် ရဟန်းခံခြင်းမပြုဘဲ မိမိဘာသာသင်္ကန်းဝတ်သူကို "လိင်္ဂထေနက" (ရဟန်းအသွင်ခိုးသူ)ဟုခေါ်၏။ ရဟန်းအစစ်ဟန်ဆောင်၍ အခြားရဟန်းတို့နှင့် အတူပေါင်းနေလျှင် "သံဝါသထေနက" (အပေါင်းအသင်းခိုးသူ)ဟုခေါ်၏။

ဤအယောင်ဆောင်သောရဟန်းသည် အလှူခံ၍ရသော ဆွမ်း၊ သင်္ကန်း စသော ပစ္စည်းများကို သုံးစွဲတိုင်းသုံးစွဲတိုင်း ခိုးရာရောက်၏။ ပါရာဇိကကျသောရဟန်းသည် ရှင်သာမဏေဖြစ်နိုင်သေးသော်လည်း အယောင်ဆောင်အရေခြုံရဟန်းမှာ ရှင်သာမဏေအဖြစ်ကိုပင်လျှင် ဤဘဝ၌ မရရှိနိုင်တော့ပေ။ ဤမျှအပြစ်အလွန်ကြီးလေးပါသည်။

http://www.dhammadownload.com

ထိုပုဂ္ဂိုလ်မျိုးအား ရဟန်းအစစ်ဟုထင်၍လျှုလျှင် ပုထုဇဉ်ဒုဿီလအား လျှူသလောက်တော့ အကျိုးရရှိနိုင်သေးသော်လည်း ပကာသနိယကံ အစစ်အမှန်အပြုခံရသော အလဒ္ဓိမှန်းသိလျက်လည်းကောင်း၊ ပါရာဇိကကျသောပုဂ္ဂိုလ်မှန်းသိလျက်လည်းကောင်း၊ အယောင်ဆောင်ရဟန်းမှန်းသိလျက်လည်းကောင်း အားပေးအားမြှောက်ပြုလိုသော စေတနာဖြင့်လျှူလျှင် လျှုဒါန်းသူသည် သာသနာကို ဖျက်ဆီးသူဖြစ်၍ အပြစ်ကြီးပါသည်။

ပုထုဇဉ်ဆိုး ရဟန်းမျိုး

မြတ်ဗုဒ္ဓက 'သီလသိက္ခာ ကောင်းစွာမစင်ကြယ်သော ပုထုဇဉ်ဆိုး ရဟန်းမျိုးတို့အတွက် ဒကာ၊ ဒကာမတို့ သဒ္ဓါတရားထက်သန်စွာဖြင့် လျှုဒါန်းသောဆွမ်းသည် အရှိန်ရဲရဲ မီးလျံစွဲသည့် သံခဲ သံလုံး သံတုံးတွေနှင့် တူလှ၏။ ဒကာ၊ ဒကာမတို့ သဒ္ဓါတရားထက်သန်စွာဖြင့် လျှုဒါန်းသောဝတ်သင်္ကန်းသည် အရှိန်ကြီးမား မီးလျံဝါးသည့်သံပြားကြီးနှင့် တူလှ၏။ ဒကာ၊ ဒကာမတို့ သဒ္ဓါတရားထက်သန်စွာဖြင့် လျှုဒါန်းသော နေရာကျောင်းသည် ဝန်းကျင်တောက်ပြောင် ရဲရဲလောင်ညီး သံအိုးကြီးနှင့် တူလှ၏။ လူသူအားလုံး အရိုအသေအလေးအမြတ်ထား၍ လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြခြင်းသည် အရောင်လက်လက် မြမြထက်လှသည့် လှံရွက်ကိုမိုးပြီး ဝိုင်း၍ထိုးကြသည်နှင့် တူလှ၏"ဟု ဟောကြားတော်မူခဲ့၏။

ထို့ကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက်ပြုနိုင်ရန် ရည်သန်၍ သံသရာကိုဦးငွေ့ကြကုန်သော သူတော်ကောင်းတို့သည် ရဟန်းခံပြီး သာသနာ့ဘောင်သို့ ကူးပြောင်းကြသည့်အခါ သီလသိက္ခာနှင့်ပြည့်စုံသော ရဟန်းသံဃာအရှင်သူမြတ်များဖြစ်ကြရလေအောင် ဝိနည်းတော်များနှင့်အညီ နေထိုင်ကျင့်ကြံအား ထုတ်ကြရမည်သာဖြစ်ပေသည်။ အထူးသဖြင့် သာသနာ့ဘောင်သို့ ခေတ္တဝင်လာကြသည့် ဒုလ္လဘရဟန်းများမှာ ရဟန်းကို အဖြစ်မဝတ်ဘဲ မိမိတို့တွင် အပြစ်မဖြစ်ရလေအောင် သာသနာ့ဘောင်တွင် နေသမျှအချိန်အတွင်း ဝိနည်းသိက္ခာများနှင့်အညီသာ နေထိုင်ကျင့်ကြံ အားထုတ်သွားသင့်ကြပေသည်။ ဤသို့ နေထိုင်ကျင့်ကြံနိုင်စေရန်လည်း ဒုလ္လဘရဟန်းမခံမီ ဝိနည်းတော်များနှင့်တကွ အခြားသိအပ်သောတရားများကို ကြိုတင်လေ့လာ ဆည်းပူးမှတ်သားထားသင့်ကြ၏။

http://www.dhammadownload.com

အခန်း (၁၆)

ရှင်ရဟန်းပြုခြင်း

တရားအရသာ

တရားတည်းဟူသော နှစ်သိမ့်မှုပီတိအရသာကို သောက်သုံးရသူသည် ဆိတ်ငြိမ်ရာ၌ရသော တရားအရသာကိုလည်းကောင်း၊ ကိလေသာ အပူငြိမ်းရာ နိဗ္ဗာန်၏အရသာကိုလည်းကောင်း သောက်သုံးရသောကြောင့် ပူပန်မှုမှ ကင်း၏။ မကောင်းမှုမှလည်းကင်း၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ဘိက္ခု

သံသရာဘေးကို ကြောက်တတ်သောပုဂ္ဂိုလ် (တစ်နည်းအားဖြင့်) အဝတ် အပိုင်းပိုင်း အပြတ်ပြတ်ကို ချုပ်ပြီးဝတ်လေ့ရှိသူဖြစ်၏။

ရဟန်း

အရဟတ္တဓဇဟုခေါ်သည့် သာသနာ့တံခွန်အဝတ်ကို ဝတ်လေ့ရှိသူကို ခေါ်၏။

သမဏ

ကိလေသာကို ငြိမ်းအောင်ပြုသောပုဂ္ဂိုလ်ကို ခေါ်၏။

ရှင်သာမဏေပြုခြင်း

မြတ်ဗုဒ္ဓသာသနာဝင်အပေါင်းတို့သည် မိမိတို့၏ သားယောကျ်ားတိုင်းကို ရှင်သာမဏေပြုပေးခြင်း (တစ်နည်း) ရှင်ပြုပေးခြင်းမင်္ဂလာကို မြတ်နိုးဂုဏ်ယူစွာ ပြုလုပ်လေ့ရှိကြပြီး သာသနာ့အမွေကို ဝမ်းမြောက်ရွှင်လန်းစွာ ခံယူကြကုန်၏။ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်သော သာသနာ့အမွေခံ ကုသိုလ်ဖြစ်သဖြင့် အလွန်ထူးမြတ်၍ အကျိုးကြီးမား၏။

ယနေ့မျက်မှောက်ခေတ်တွင် ရှင်ပြုခြင်းကို ပကာသနများဖြင့် ထုံခြယ်မွမ်းမံ၍ ပြုလုပ်ကြသော်လည်း ရှင်ပြုခြင်း၏ အနှစ်သာရကို လေးလေးနက်နက်သိသူ၊ လိုက်နာ သူများမှာ ရှားပါးလှ၏။ ရှင်ပြုခြင်း၏ အနှစ်သာရကို မသိကြ၍ ငွေကြေးကုန်ကျများစွာ ခံ၍ ပြုလုပ်ကြသော်လည်း အကျိုးကျေးဇူးမှာ ရသင့်သလောက်၊ ထိုက်သင့်လောက် မရနိုင်ကြပေ။ ရှင်ပြုခြင်း၏အနှစ်သာရကိုသိပြီး လိုက်နာပြုမူပါက ပကာသနငွေကြေး အပိုမကုန်ကျဘဲ အကျိုးကျေးဇူးများ အပြည့်အဝရရှိနိုင်ပါသည်။

ရှင်သာမဏေအင်္ဂါရပ်များနှင့် ပြည့်စုံမှ ရှင်သာမဏေစစ်စစ်ဖြစ်ပါ၏။ ရှင်သာ မဏေစစ်စစ်ဖြစ်ပါမှလည်း သာသနာ့အမွေခံလည်း ဖြစ်ရကျိုးနပ်၏။ ရှင်သာမဏေ စစ်စစ်မဖြစ်ဘဲ သင်္ကန်းရုံထားရုံ၊ ရှင်သာမဏေအမည်ခံအဖြစ်ဖြင့် နေထိုင်ခြင်းသည် အကျိုးထက် အပြစ်များ ပိုမိုရရှိနိုင်သည်ကို အထူးသတိပြုဆင် ခြင်အပ်ပါ၏။

သို့ဖြစ်ပါ၍ ရှင်သာမဏေလောင်း (ရှင်လောင်း)ကို ရှင်သာမဏေ စစ်စစ်ဖြစ်စေရန် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံအောင် ဆောင်ရွက်ကြရမည်။

(၁) **ရှင်လောင်းအသက်အရွယ်**

ရှင်သာမဏေလောင်းသည် သာမန်အားဖြင့် အသက်(၁၅)နှစ်အရွယ်ခန့် ရှိသင့်ပါ၏။ အသက်(၁၅)နှစ်အရွယ်သည် ရှင်ပြုရန် အကျိုးအရှိဆုံး၊ ရှင်ပြုခြင်း၏

http://www.dhammadownload.com

ရည်ရွယ်ချက်နှင့် အံကိုက်ညီဆုံးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤအရွယ်ရောက်မှသာ သရဏဂုံ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာသိရှိနားလည်နိုင်ခြင်းများကြောင့် ရှင်သာမဏေစစ်စစ်ဖြစ်နိုင်၏။ ထို့ပြင် ရှင်သာမဏေဖြစ်ပြီး လျှင်လည်း အပြစ်မဖြစ်အောင်၊ သာသနာမည်စွန်မ်းရအောင် ဝိနည်းဒေသနာတော်များနှင့်အညီ ကျင့်ကြံနေထိုင်နိုင်ပေသည်။ ရှင်သာမဏေဘဝတွင် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာနှစ်ဖြာကိုလည်း တတ်အားသရွေ့ ကြိုးပမ်းအားထုတ်နိုင်ပေသည်။

မြတ်စွာဘုရားက ကျီးကိုခြောက်လှန့်နိုင်သောအရွယ်ကို ရှင်ပြုပေးနိုင်၏ဟုလည်း ဟောကြားတော်မူခဲ့၏။ ဉာဏ်ပညာပါရမီ အခြေခံကောင်းပါမူ (၇)နှစ်သားအရွယ်တွင်လည်း ရှင်ပြုပေးနိုင်ပါ၏။

(၂) မိဘခွင့်ပြုချက်ရယူခြင်း

ရှင်သာမဏေပြုလိုသူသည် ရှေးဦးစွာ မိဘထံ ရှင်သာမဏေပြုခွင့်ရရန် ခွင့်ပန်ရ၏။ မြတ်စွာဘုရားရှင်က "မိဘခွင့်မပြုသောသားကို ရှင်ပြုမပေးရ"ဟု စည်းမျဉ်းချမှတ်တော်မူခဲ့၏။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် အမွေတောင်းခံလာသော (၇)နှစ်သားအရွယ် သားတော်ရာဟုလာကို သာသနာ့အမွေအဖြစ် အရှင်သာရိပုတ္တရာမထေရ်မြတ်အား ရှင်ပြုပေးစေ၏။ ထိုအခါခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် လွန်စွာစိတ်မချမ်းမသာဖြစ်၍ နောင်တွင် မိဘခွင့်မပြုသောသားကို ရှင်ပြုမပေးပါရန် ဘုရားရှင်ထံ လျှောက်ထားတောင်းပန်ခဲ့၏။ ထို့ကြောင့် ဘုရားရှင်သည် မိဘခွင့်မပြုသောသားကို ရှင်ပြုမပေးရန် (ပထမဆုံး) ဝိနည်းတော်ချမှတ်ခဲ့ပါ၏။

(၃) စနစ်တကျကြိုတင်သင်ယူ

ရှင်သာမဏေလောင်းသည် အနည်းဆုံး တစ်လခန့်ကြိုတင်၍ ဘုန်းတော်ကြီးကျောင်းများတွင် သင်္ကန်းတောင်း၊ သရဏဂုံတောင်း စသည်တို့ကို စနစ်တကျသင်ယူလေ့ကျက်ရ၏။ သို့မှသာ ရှင်သာမဏေပြုသည့်အခါတွင် သရဏဂုံကို ဌာနကရိဏ်းကျကျ၊ ပီပီသသ ရွတ်ဆိုတည်ဆောက်နိုင်ပြီး အနက်အဓိပ္ပာယ်ပါသိရှိနားလည်နိုင်သဖြင့် ရှင်သာမဏေစစ်စစ် လွယ်လွယ်ကူကူဖြစ်သွားနိုင်ပါသည်။

ထို့ပြင် လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါး၊ သေခိယကျင့်ဝတ်(၇၅)ပါး၊ ခန္ဓကဝတ်(၁၄)ပါးဟူသော ရှင်သာမဏေဆိုင်ရာ ဝိနည်းဥပဒေများကိုလည်း ကြိုတင်လေ့လာ သင်ကြားကျက်မှတ်ထားရမည်။ ရှင်သာမဏေဘဝတွင် ပစ္စဝေက္ခဏ(၄)ပုဒ်ကိုလည်း ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်နိုင်ရေးအတွက်လည်း ကြိုတင်ကြိုးပမ်း အားထုတ်ထားရမည်။

http://www.dhammadownload.com

(၄) သံဃာထံခွင့်ပန်ခြင်းနှင့် ဆဲချခြင်း

မိဘက ခွင့်ပြုပြီးသောရှင်လောင်းကို ရှင်ပြုရန် ရှေးဦးစွာ ဆဲချပေးရ၏။ ရှင်လောင်းကို သံဃာတော်များထံခေါ်သွား၍ "ဤရှင်လောင်းဆဲချရန် ပန်ကြားပါသည်ဘုရား" ဟုဖြစ်စေ၊ "ဤ ရှင်လောင်း ရှင်ပြုရန်ပန်ကြားပါသည် ဘုရား" ဟုဖြစ်စေ ပန်ကြားရ၏။ ရှင်လောင်းကိုခေါ်မသွားဘဲ ရဟန်းငယ် တစ်ပါးပါးကဖြစ်စေ၊ သာမဏေတစ်ပါးပါးကဖြစ်စေ သံဃာများထံသွား၍ ပန်ကြားနိုင်၏။ ကျောင်းဝင်းအတွင်းရှိ သိမ်အတွင်း၌ဆဲချလျှင် သံဃာများကို ပန်ကြားရန်မလိုပေ။ ထိုသိမ်အတွင်း၌ ရဟန်းတစ်ပါးပါးရှိလျှင်မူ ထိုရဟန်းကို ပန်ကြားရမည်။

ဆဲချပြီးသောရှင်လောင်း၊ ဆဲလက်နှစ်သစ်ထက်ပို၍မရှည်သော ရှင်လောင်း များအတွက်မူ ဆဲချမှုကိစ္စမရှိ၍ ပန်ကြားဖို့မလိုပေ။ လက်နှစ်သစ်ထက်ရှည်သော ဆံတစ်ပင်ရှိလျှင်ပင် သံဃာများထံပန်ကြားပြီးမှ ရိတ်ဖြတ်ရ၏။

ဤသို့ပန်ကြားရခြင်းမှာ ဘုရားရှင်လက်ထက်တော်က အိမ်မှထွက်ပြေးလာ သော ကလေးတစ်ယောက်ကို ရဟန်းတစ်ပါးက ရှင်ပြုပေးရာ ကျောင်းတိုက် အတွင်းရှိ ရဟန်းတော်အများစုက မသိလိုက်ရပေ။ နောင်အခါ မိဘများက ကျောင်းသို့ရောက်ရှိလာ၍ ထိုကလေးကို မေးမြန်းလျှောက် ထားလာသောအခါ သံဃာတော်များက မရှိကြောင်းဖြေကြားခဲ့၏။ မိဘများက ကျောင်းဝင်းထဲ လိုက်ရှာ၍ ကလေးကိုတွေ့သောအခါ ရဟန်းတော်များ လိမ်ညာသည်ဟုဆိုကာ မုသာဝါဒဖြင့် စွပ်စွဲကဲ့ရဲ့လေ၏။ ထို့ကြောင့် ဘုရားရှင်က နောင်တွင် ကျောင်း တွင်းရှိသံဃာများထံ ပန်ကြားပြီးမှ ရှင်ပြုပေးရန် ဝိနည်းတော်ချမှတ်ခဲ့လေသည်။

(၅) တစပဉ္စက နှလုံးသွင်း

ဆဲချပေးသောအခါ ရှင်လောင်းကို တစပဉ္စကကမ္မဋ္ဌာန်း ရွတ်ဆိုဆင်ခြင် စေလျက် ဆဲချပေးရ၏။ ရေချိုးသောအခါ၌လည်း ရွတ်ဆိုဆင်ခြင်စေရ၏။ ဆဲချရင်း ဤကမ္မဋ္ဌာန်းကို နှလုံးသွင်း ဆင်ခြင်ရာမှ အရဟတ္တဖိုလ်အထိရရှိကြသော 'သံကိစ္ဆသာမဏေ' အစရှိသည့် သာမဏေကျော်များ ဘုရားရှင်လက်ထက်တော်က အထင်အရှားရှိခဲ့ပါ၏။ ထို့ကြောင့် ကမ္မဋ္ဌာန်းရွတ်ဆို၍ ဆဲချရခြင်းကို အလွန် အဖိုးတန်သော ဒုလ္လဘတစ်မျိုးဖြစ်သည်ဟုမှတ်ပါ။

တစပဉ္စကကမ္မဋ္ဌာန်း ဆင်ခြင်ရွတ်ဆိုနည်းမှာ –

http://www.dhammadownload.com

(ပါဠိ)

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။

တစော၊ ဒန္တာ။ နခါ၊ လောမာ၊ ကေသာ။

(အနက်)

ဆံပင်၊ မွေးညင်း၊ လက်သည်းခြေသည်း၊ သွား၊ အရေ။

အရေ၊ သွား၊ လက်သည်းခြေသည်း၊ မွေးညင်း၊ ဆံပင်။

(က) ဤဆံပင်တို့သည် အဆင်း၊ အနံ့၊ ပုံသဏ္ဌာန်၊ မှီရာအကြောင်း၊ တည်ရာအရပ်အားဖြင့် မသတီ စရာ၊ ရွံစရာဖြစ်ကြကုန်၏။ စက်ဆုပ်စရာသာဖြစ်ကြကုန်၏။ အသက်ဝိညာဉ်၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ကြပါချေ။

(ခ) ဤမွေးညင်းတို့သည် .....။

(ဂ) ဤလက်သည်းခြေသည်းတို့သည် ....။

(ဃ) ဤသွားတို့သည် .....။

(င) ဤအရေထူအရေပါးတို့သည် ..... .။

အရေထူအရေပါးမှ ဆံပင်သို့ ပြောင်းပြန် ပြန်ဆင်ခြင်ပါလေ။ ဤသို့ အပြန်ပြန်အလှန်လှန် ဆင်ခြင်ရ၏။

တစပဋ္ဌက ကမ္မဋ္ဌာန်းလင်္ကာ

ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့် သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညီနှံ့ဆိုးသည်၊ အသိုးအပုပ်ချည်းပါတကား။

(၆) **ခန္ဓာကိုယ်ဆေးကြောသုတ်သင်**

ဆံချုပ်ဝိုးလျှင် အညစ်အကြေးများကင်းစင်အောင်၊ မကောင်းသောအနံ့ အသက်များပျောက်အောင် ဦးခေါင်းနှင့် ခန္ဓာကိုယ်တစ်ခုလုံးကို ရေဆေးကြောသန့်စင်ရ၏။

(၇) **သင်္ကန်းပေးခြင်း**

ဂင်းနောက် ဥပဇ္ဈာယ်ဆရာကိုယ်တိုင်ဖြစ်စေ၊ ဥပဇ္ဈာယ်ဆရာကစေခိုင်းသော အခြားရဟန်းတစ်ပါးပါး၊ သာမဏေတစ်ပါးပါးကပေးသော သင်္ကန်းကို သာဝတ်ရ၏။ သို့မှသာအပ်စပ်၏။ ရဟန်းသာမဏေက မစေခိုင်းဘဲနှင့် ရှင်လောင်းက သင်္ကန်းဝတ်လာလျှင် မအပ်စပ်သဖြင့် ထို သင်္ကန် ကို ချွတ်စေရ၏။

http://www.dhammadownload.com

မိမိကိုယ်ပိုင်သင်္ကန်းကို ယူလာသောရှင်လောင်းသည် မိမိသင်္ကန်းကို ဥပဇ္ဈာယ်ဆရာထံအပ်နှံ၍ ဆရာကပေးသောသင်္ကန်းကိုသာ ဝတ်ရုံပြီး ရှင်သာမဏေအဖြစ် ခံယူရ၏။

ဤကဲ့သို့ အစီအစဉ်ကျနစေရန် ဆရာ့ထံ သင်္ကန်းအပ်၊ သင်္ကန်းတောင်းခြင်းများကို စနစ်တကျ စီစဉ်ထားတော်မူကြ၏။

(၈) **ဆရာ့ထံသင်္ကန်းအပ်ရန်**

(ပါဠိ)

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏာ နိဗ္ဗာနသ္သ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတ္ဝာ ပဗ္ဗာဇေထ နှင့် မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

(အနက်)

အရှင်ဘုရား၊ အလုံးစုံသောသံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်သောနိဗ္ဗာန်ကို မက်ညာဏ်ဖိုလ်ညာဏ်ဖြင့် မျက်မှောက်ပြုပါရခြင်းအကျိုးငှာ တပည့်တော်၏ လက်ဦးရှိသော သင်္ကန်းကို ယူတော်မူ၍ တပည့်တော်ကို သနားစောင့်ရှောက်ချီးမြှောက်သောအားဖြင့် ရှင်သာမဏေပြုပေးတော်မူပါဘုရား။

(၉) **ဆရာ့ထံမှသင်္ကန်းတောင်းရန်**

(ပါဠိ)

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏာ နိဗ္ဗာနသ္သ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတ္ဝာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

(အနက်)

အရှင်ဘုရား၊ အလုံးစုံသောသံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်သောနိဗ္ဗာန်ကို မက်ညာဏ်ဖိုလ်ညာဏ်ဖြင့် မျက်မှောက်ပြုပါရခြင်းအကျိုးငှာ အရှင်ဘုရား၏ လက်ဦးရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ တပည့်တော်ကို သနားစောင့်ရှောက်ချီးမြှောက်သောအားဖြင့် ရှင်သာမဏေပြုပေးတော်မူပါဘုရား။

(၁၀) **ရှင်သာမဏေအဖြစ်တောင်းခံရန်**

(ပါဠိ)

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ

ဒုတိယမ္ပိ ဘန္တေ .....ပဗ္ဗဇ္ဇံ ယာစာမိ။

တတိယမ္ပိ ဘန္တေ .....ပဗ္ဗဇ္ဇံ ယာစာမိ။

http://www.dhammadownload.com

(အနက်)

အရှင်ဘုရား၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှာ ရှင်သာမဏေအဖြစ်ကို သုံးကြိမ်တိုင်တိုင် လျှောက်ထားတောင်းခံပါ၏ အရှင်ဘုရား။

(၁၁) **ရှင်သာမဏေဆယ်ပါးသီလ**

(ပါဠိ)

အဟံဘန္တေ တိသရဏေနသဟ သာမဏေရ ပဗ္ဗဇ္ဇသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိအဟံဘန္တေ .....မေဘန္တေ။

တတိယမ္ပိအဟံဘန္တေ .....မေဘန္တေ။

(အနက်)

ဘန္တေ(အရှင်ဘုရား)၊ အဟံ(တပည့်တော်သည်)၊ တိသရဏေန(သရဏဂုံသုံးပါးနှင့်)၊ သဟ(တကွ)၊ ဒသသာမဏေရ ပဗ္ဗဇ္ဇသီလံ(အင်္ဂါဆယ်ပါးနှင့်ပြည့်စုံသော ရှင်သာမဏေတို့စောင့်ထိန်းအပ်သည့် သီလတော်မြတ်ဟုဆိုအပ်သော)၊ ဓမ္မံ(ကျင့်ဝတ်သိက္ခာပုဒ်ကို)၊ ယာစာမိ(တောင်းခံပါ၏)၊ မေ (တပည့်တော်အား)၊ အနုဂ္ဂဟံ(ချီးမြှောက်သည်ကို)၊ ကတွာ(ပြု၍)၊ သီလ(ထိုသိက္ခာပုဒ်တော်ကို)၊ ဒေထ(ပေးသနားတော်မူပါအရှင်ဘုရား)။

(ပါဠိ)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (သုံးကြိမ်ဆို)

ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

ဒုတိယမ္ပိ .....။

တတိယမ္ပိ .....။

ရှင်သာမဏေတို့၏ ဆယ်ပါးသီလမှာ လူတို့၏ဆယ်ပါးသီလနှင့် အတူတူပင်ဖြစ်၏။

သရဏဂုံစနစ်မကျလျှင် ရှင်သာမဏေမဖြစ်

ရှင်သာမဏေပြုခြင်းတွင် အရေးအကြီးဆုံးသောအဆင့်(၃)ဆင့်မှာ ဆံချ(ခေါင်းရိတ်ပေးခြင်း)၊ သင်္ကန်းဝတ်ပေးခြင်းနှင့် သရဏဂုံပေးခြင်းတို့ဖြစ်၏။ ပထမ(၂)ဆင့်မှာ လွယ်ကူသော်လည်း တတိယအဆင့်ဖြစ်သည့် သရဏဂုံပေးခြင်းသည် အရေးအကြီးဆုံးနှင့် အခဲယဉ်းဆုံးဖြစ်ပါသည်။

http://www.dhammadownload.com

ရှင်သာမဏေလောင်းမှာ သရဏဂုံသုံးပါး၏ အဓိပ္ပာယ်၊ သရဏဂုံဆောက်တည်ခြင်း၏ အဓိပ္ပာယ်အနှစ်သာရများကို ကောင်းစွာသိရှိရမည့်အပြင် သရဏဂုံပေးသူ ဆရာနှင့် ရှင်သာမဏေလောင်း၊ ဆရာ တပည့် နှစ်ဦးစလုံးသည် သရဏဂုံကို ဌာန်ကရိဏ်းကျကျ ပီသစွာ ပေးနိုင်၊ ယူနိုင်ကြပါမှ ရှင်သာမဏေစစ်စစ်ဖြစ်နိုင်၏။ ဆရာတပည့်နှစ်ဦးအနက် တစ်ဦးဦးကချို့ယွင်းလျှင် ရှင်သာမဏေမဖြစ်ပေ။

သရဏဂုံပေး၍ ရှင်ပြုပေးသော ဤအစဉ်အလာသည် ကပ္ပိလဝတ်ပြည်တွင် မြတ်စွာဘုရား၏အမိန့်တော်အရ ဤသာသနာတော်၌ ပထမဆုံးသောရှင်သာမဏေဖြစ်သည့် သားတော်ရာဟုလာကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ရှင်ပြုပေးချိန်မှစ၍ ယနေ့အထိ ပြုပြင်ပြောင်းလဲခြင်းမရှိဘဲ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ကျင့်သုံးလာသောအစဉ်အလာဖြစ်၏။

ရှင်သာမဏေလောင်းတို့သည် သရဏဂုံသုံးပါးကို ဖော်ပြပါအတိုင်း စနစ်တကျ တည်ဆောက်ပြီးသည်နှင့် တစ်ပြိုင်နက် ရှင်သာမဏေစစ်စစ်ဖြစ်သွား၏။ ရှင်သာမဏေဖြစ်ပြီးသည်နှင့် ဆယ်ပါးသီလသည်လည်း သီးခြားခံယူဆောက်တည်ရန် မလိုတော့ဘဲ ရှင်သာမဏေ၏သန္တာန်၌ အလိုအလျောက်တည်ရှိပြီးဖြစ်သွား၏။ သို့သော် ထိုဆယ်ပါးသီလကို ထပ်မံခံယူဆောက်တည်ခြင်းသည် ပိုမိုလေးနက်သဖြင့် ပို၍ကောင်းမွန်သည်ဟုဆိုနိုင်ပါ၏။ အရေးကြီးသည်မှာ ဆယ်ပါးသီလကို ထပ်မံဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ ဆယ်ပါးသီလကို ရှင်သာမဏေမှာ လုံခြုံစွာ စောင့်စည်းထိန်းသိမ်းရမည်သာ ဖြစ်ပါသည်။

လိင်(၁၀)ပါး

လိင်ပြန်ခြင်းဆိုသည်မှာ လူ၏အသွင်အပြင်သို့ ပြန်လည်ပြောင်းလဲပေးခြင်းဖြစ်သည်။ လိင်(၁၀)ပါးတွင် တစ်ပါးပါးကျူးလွန်သော ရှင်သာမဏေသည် ခံယူဆောက်တည်ထားသောသန္တာန်၌ တည်ပြီးဖြစ်သည့် သီလပျက်စီး၍ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်မှုသရဏဂုံပါ ပျက်သွား၏။ ထို့ကြောင့် ရှင်သာမဏေမဖြစ်တော့။ ယင်းရှင်သာမဏေကို လိင်ပြန်ပေးရ၏။ လိင်မပြန်ဘဲနေလျှင်လည်း သင်္ကန်းရုံထားရုံသာမည်ကာမတ္တဖြစ်၏။ ရှင်သာမဏေကားမဖြစ်တော့။ လိင်ပြန်ခြင်းခံရသော ရှင်သာမဏေကို လိင်ကျသည်ဟုခေါ်၏။

တစ်ကြိမ်တစ်ခါ မတော်တဆကျူးလွန်မိခြင်းဖြစ်၍ နောင်တွင် မကျူးလွန်မိအောင် စောင့်စည်းလိုစိတ် ထက်သန်သောသူကိုမူ လိင်မပြန်စေဘဲ သရဏဂုံထပ်မံပေးပြီး ရှင်သာမဏေ ထပ်ပြုရ၏။ ဥပဇ္ဈာယ်ကိုလည်း ထပ်ပေးရမည်။

http://www.dhammadownload.com

လိင်(၁၀)ပါးဆိုသည်မှာ

၁။ သတ္တဝါ၏အသက်ကိုသတ်ခြင်း၊
၂။ သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတရားယူခြင်း၊
၃။ မမြတ်သောမေထုန်အကျင့်ကို ကျင့်ခြင်း၊
၄။ မမှန်သောစကားကိုပြောခြင်း၊
၅။ အရက်သေစာသောက်စားခြင်း၊
၆။ မြတ်စွာဘုရားကို အပြစ်ပြောခြင်း၊ ကဲ့ရဲ့ခြင်း၊
၇။ တရားတော်ကို အပြစ်ပြောခြင်း၊ ကဲ့ရဲ့ခြင်း၊
၈။ သံဃာတော်ကို အပြစ်ပြောခြင်း၊ ကဲ့ရဲ့ခြင်း၊
၉။ မိစ္ဆာဒိဋ္ဌိအယူ ယူခြင်း၊
၁၀။ ဘိက္ခုနီမကို ဖျက်ဆီးခြင်း။

သိမှတ်ဖွယ်– လိင်ဆယ်ပါးနှင့်ပတ်သက်၍ အထူးသတိပြုသင့်သည်များမှာ ရယ်စရာအဖြစ်ပြောင်လှောင်၍ လိမ်ညာပြောဆိုလျှင်ပင် မမှန်သောစကားကိုပြောခြင်းမည်၏။ အရက်သေစာနှင့်ပတ်သက်၍မူ အရက်သေစာမှန်းသိလျက် သောက်မှသာ လိင်ကျ၏။ မသိဘဲသောက်လျှင်မူ လိင်မကျ။ ရဟန်းတော်များမှာမူ မသိဘဲသောက်မိလျှင်လည်း အာပတ်သင့်သည်သာဖြစ်၏။

ရတနာသုံးပါးတွင် တစ်ပါးပါး၏ဂုဏ်ကို ထိပါးပုတ်ခတ်၍ အပြစ်ပြောသောရှင်သာမဏေကို ဆရာဥပဇ္ဈာယ်တို့က ထိုအပြစ်တို့၏ဆိုးကျိုးများကို ပြောပြ၍ အပြစ်မပြောရန် တားမြစ်ရ၏။ ထိုသို့ဆုံးမမှုကြောင့် အပြစ်ပြောမှုကို နောင်တွင် ရှောင်ကြဉ်ပါမည်ဆိုပါက ယင်းရှင်သာမဏေအား သဒ္ဓေရေဒဏ် စသည်ပေးပြီးနောက် သံဃာ့အလယ်၌ သူ၏အပြစ်ကို ထုတ်ဖော်လျှောက်ထား၍ ကန်တော့စေပြီးမှ သရဏဂုံနှင့် သီလပေး၍ ဥပဇ္ဈာယ်ယူရမည်။

နောက်ဆုံးအချက်အနေဖြင့် ဘိက္ခုနီမနှင့် မေထုန်မှီဝဲသော ရှင်သာမဏေမှာမူ ယခုဘဝ၌ ရှင်သာမဏေ ပြန်ဖြစ်ခွင့်မရှိတော့ပေ။ ရှင်သာမဏေ ပြန်ဖြစ်ခွင့်မရှိတော့၍ ရဟန် အဖြစ်ကိုမူ ဆိုဖွယ်ရာမရှိပြီ။

http://www.dhammadownload.com

ဒဏ်(၁၀)ပါး

အောက်ပါဒဏ်ဆယ်ပါးကို ကျူးလွန်သောရှင်သာမဏေအား အာဝရဏဒဏ်၊ သဲဒဏ်၊ ရေဒဏ် စသော ဒဏ်တစ်ခုခုပေးရမည်။ ယင်းရှင်သာမဏေကို ဒဏ်ထိုက်သည်ဟုခေါ်ရမည်။

၁။ နေ့လွဲညစာစားခြင်း၊
၂။ က၊ ဆို၊ တီးမှုတ်ခြင်း၊ ယင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊
၃။ ပန်းပန်ခြင်း၊ သနပ်ခါး၊ ပေါင်ဒါ၊ မိတ်ကပ် စသည့်အမွှေးအကြိုင်များ လိမ်းကျံရှုရှိုက်ခြင်း၊
၄။ မြင့်သောနေရာ၊ မြတ်သောနေရာတို့၌ နေထိုင်အိပ်စက်ခြင်း၊
၅။ ရွှေ၊ ငွေ စသည်တို့ကို ခံယူကိုင်တွယ်ခြင်း၊
၆။ ရဟန်းတော်များ လာဘ်မရအောင် အားထုတ်ခြင်း၊
၇။ ရဟန်းတော်များ အကျိုးပျက်စီးအောင် အားထုတ်ခြင်း၊
၈။ ရဟန်းတော်များ နေမြဲကျောင်း၌ မနေရအောင် အားထုတ်ခြင်း၊
၉။ ရဟန်းတော်များကို ဆဲရေးခြင်း၊ ခြိမ်းခြောက်ခြင်း၊
၁၀။ ရဟန်းအချင်းချင်း ကွဲပြားအောင် ကုန်းတိုက်ခြင်း။

ပစ္စည်းလေးပါး ပစ္စဝေက္ခဏာဆင်ခြင်ခြင်း

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ရဟန်းတို့နှင့်အပ်စပ်သော ပစ္စည်းလေးပါးကို သုံးစွဲခြင်းကြောင့် ရနိုင်သောအကျိုးများကို ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်ခြင်းကို "ပစ္စဝေက္ခဏာ"ဟုခေါ်၏။ (ပတိ–အသီးသီး၊ အဝေက္ခဏာ–ဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်ခြင်းမည်၏။)

ရှင်သာမဏေနှင့် ရဟန်းသံဃာတော်များသည် ပစ္စည်းလေးပါးကိုသုံးစွဲရာတွင် သင်္ကန်းကိုပြင်ဝတ်တိုင်း၊ ဆွမ်းကိုစားတိုင်း၊ ကျောင်းကို ကျောင်းဆောင်ထဲသို့ ဝင်တိုင်း ထွက်တိုင်း၊ ဆေးဝါးကိုသုံးဆောင်တိုင်း ဆင်ခြင်ရ၏။ ဤသို့ အမြဲတမ်းမဆင်ခြင်နိုင်လျှင် အိပ်ခါနီးဆင်ခြင်နိုင်လျှင် ကောင်း၏။ အိပ်ခါနီးမဆင်ခြင်မိလျှင် နံနက်စောစော ထ၍ အရုဏ်မတက်မီဆင်ခြင်ရ၏။ တစ်ကြိမ်တစ်ခါမျှမဆင်ခြင်မိဘဲ အရုဏ်တက်၍ နောက်တစ်နေ့သို့ရောက်သွားလျှင် ရွေးကသုံးစွဲမှုတိုင်းသည် "ဣဏပရိဘောဂ"(ဣဏ–ကြွေးတင်သော၊ ပရိဘောဂ–ပစ္စည်းကိုသုံးစွဲခြင်း)ဖြစ်၏။ ဤသို့ဖြစ်လျှင် ဒကာ၊

http://www.dhammadownload.com

ဒကာမတို့ လှူသောပစ္စည်းကို အကြောင်းမဲ့သုံးစွဲရာရောက်သဖြင့် သီလညစ်နွမ်း၏။ အရဏ်တက်ပြီးတိုင်း တစ်နေ့တာအတွက် ပစ္စည်းလေးပါးသုံးစွဲမှုများကို ကြိုတင်၍ ပစ္စဝေက္ခဏာ ဆင်ခြင်ထားလျှင်လည်းရ၏။

ဤသို့ဆင်ခြင်ရာဝယ် အနက်အဓိပ္ပာယ်ကိုနားလည်၍ ဉာဏ်ဖြင့်စဉ်းစားဆင်ခြင်ရသည်။ ဉာဏ်မပါဘဲ ရွတ်ဆိုရုံသက်သက်ဖြင့်ကား ပစ္စဝေက္ခဏာ ဆင်ခြင်ရာမရောက်ပေ။

သင်္ကန်းဆင်ခြင်ခြင်း

ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေလွှဲသုန်၊ ဟီရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစံပယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မသန်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါသတည်း။

အတိုအားဖြင့် ဤသင်္ကန်းကို ရာသီဥတုဒဏ်မှ ကာကွယ်ရန်အတွက်လည်းကောင်း၊ ခြင်၊ မှက် အစရှိသည့် ပိုးမွှားအန္တရာယ်တို့မှ ကာကွယ်ရန်အတွက်လည်းကောင်း အရှက်မှကာကွယ်ရန်အတွက်လည်းကောင်း သုံးဆောင်မှီဝဲပါသည်ဟု ဆင်ခြင်လျှင်လည်းရ၏။

ဆွမ်းဆင်ခြင်ခြင်း

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

အတိုအားဖြင့် ဤဆွမ်းကို ခန္ဓာကိုယ် လှပပြည့်ဖြိုးစေခြင်းငှာ မသုံးဆောင်ဘဲ ဘုရားရှင်သာသနာတော်နှစ်ဖြာကို ကောင်းစွာကျင့်ဆောင် အားထုတ်နိုင်ရေးအတွက် မိမိခန္ဓာကိုယ်ကြီး တည်တံ့ချမ်းမြေ့နိုင်စေရေးအတွက်သာ သုံးဆောင်မှီဝဲပါသည်ဟု ဆင်ခြင်လျှင်လည်းရ၏။

ကျောင်းဆင်ခြင်ခြင်း

ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေဝေးမှု၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခိုပါသတည်း။

အတိုအားဖြင့် ဤကျောင်းကို ပိုးမွှားတိရစ္ဆာန်၊ ဥတုဒဏ်တို့မှ ကင်းဝေးရာ၊ မိမိ၏လုံခြုံရာအရပ်အဖြစ် မှီခိုသုံ ဆောင်ပါသည်ဟု ဆင်ခြင်လျှင်လည်းရ၏။

http://www.dhammadownload.com

ဆေးဆင်ခြင်ခြင်း

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ဖြည့်ကျင့်စွမ်းနိုင်ဖို့ ရည်မှန်းသုံးဆောင်ပါသတည်း။

သိမှတ်ဖွယ်။ ။ နေလွဲအခါ ဆေးသောက်ဆေးစားရာ၌ ထိုဆေးနှင့်သင့်လျော်သော ရောဂါရှိမှ ကိုင်ကောင်း၊ အကပ်ခံကောင်း၏။ ထို့ကြောင့်မည်သည့် ရောဂါကြောင့် ဤဆေးကိုခံယူပါ၏၊ အကပ်ခံပါ၏ဟု သတိထား၍ ဆင်ခြင်ရ၏။ ဖျော်ရည် စသောအရည်များကို ရေဆာသလို အမှန်တကယ်ဆာမှ သောက်ကောင်း၏။ ထိုသို့သောက်ရာတွင် သောက်ခါနီး၌ အဆာပြေအောင် ဤဖျော်ရည်ကို သောက်ပါ၏ဟု ဆင်ခြင်ရသည်။ ထန်းလျက်၊ သကြား၊ ကြဲသကာ၊ ချင်း၊ လျက်ဆား၊ ဆား တို့ကိုလည်း သင့်မြတ်သောရောဂါမရှိဘဲ မစားမိစေရန် သတိပြုပါ။ ဆာရုံသက်သက်ဖြင့်ကား ထန်းလျက်ရည်၊ ဖျော်ရည်၊ လင်မနစ်ရည်တို့ကိုသာ သောက်ကောင်း၏။ အချို့ဖျော်ရည်များသည် မီးဖြင့်ချက်ထားသောကြောင့် ဆရာတော်များ ရှောင်ကြဉ်တော်မူကြ၏။

ဤသို့မဆင်ခြင်ဘဲ သုံးဆောင်မိလျှင် ကုဏ္ဌပရိဘောဂအပြစ်အပြင် ရဟန်းတို့မှာ အာပတ်သင့်ခြင်း၊ ရှင်သာမဏေတို့မှာ ဒဏ်ထိုက်ခြင်း အပြစ်မျိုး ဖြစ်တတ်ပါသည်။

အလုံးစုံဆင်ခြင်ခြင်း

ဆီမီးဖိနပ်၊ ထီးတောင်ဝှေးစ၊ ဟူသမျှကို၊ အေးမြချမ်းပူ၊ မြေဋ္ဌသစ်ငုတ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။

သီလ၊ သမာဓိ၊ ပညာ ပြည့်စုံအောင် ကျင့်ဆောင်

ရှင်သာမဏေလောင်းများသည် ရှင်သာမဏေစစ်စစ်ဖြစ်အောင် ဖော်ပြပါအစီအစဉ်များအတိုင်း စနစ်တကျရှင်သာမဏေပြုရန် လိုအပ်သလို ရှင်သာမဏေဘဝတွင်လည်း ဝိနည်းဒေသနာတော်များနှင့် ညီညွတ်ပြည့်စုံကာ မြတ်ဗုဒ္ဓသာသနာနှစ်ဖြာကို တိုးတက်ပွားများအောင် ကျင့်ဆောင်အားထုတ်ရပေမည်။ သို့မှသာ ရှင်သာမဏေဘဝတွင် အပြစ်မဖြစ်ဘဲ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များနှင့် ပြည့်စုံကာ တန်ဖို

P.4U.D

http://www.dhammadownload.com

မဖြတ်နိုင်သော လောကီ၊ လောကုတ္တရာ အကျိုးကျေးဇူးများ အပြည့်အဝရရှိနိုင်မည် ဖြစ်သည်။ မြတ်ဗုဒ္ဓသာသနာတော်လည်း ဂုဏ်မပျက်ဘဲ သန့်ရှင်းထည်ဝါ တင့်တယ် နိုင်မည်ဖြစ်ပါသည်။

သာသနာ့ဘောင်သို့ အပြီးကူးပြောင်းလိုသော ရည်ရွယ်ချက်မရှိသည့် ရှင်သာမဏေများသည် ရှင်သာမဏေဘဝ၌ တစ်ပတ်၊ နှစ်ပတ်ခန့်ဖြင့် တင်းတိမ်မနေသင့်ဘဲ တတ်နိုင်သမျှအချိန်ယူ၍ ဘုန်းတော်ကြီးကျောင်းများတွင်ပင် မဂ်လသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အစရှိသည့် ပရိတ်ကြီးများနှင့် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာနှစ်ဖြာကို အခါအခွင့်သင့်တုန်း လေ့လာဆည်းပူး ကျင့်ဆောင်အားထုတ်သင့်လှပေသည်။

ရဟန်းခံခြင်း

ရှင်သာမဏေဘဝထက် အထက်တန်းကျသောပြည့်စုံခြင်းကို "ဥပသမ္ပဒါ"ခေါ်၏။ ထိုအထက်တန်းကျသော ပြည့်စုံခြင်းကို ဘိက္ခုဘာဝရဟန်းအဖြစ်ဟုလည်းခေါ်၏။

ရဟန်းလောင်းသည် သိမ်အတွင်း၌ ဥပသမ္ပဒ ကမ္မဝါစာ ဆုံးလျှင်ဆုံးချင်း ရဟန်းအဖြစ်သို့ရောက်လေ၏။ ထိုရဟန်းအဖြစ်သို့ရောက်ရှိချိန်ကစ၍ အကျဉ်းအားဖြင့် ၂၂၇ ပါးသော ပါတိမောက္ခသံဝရသီလတို့ကို အထူးဆောက်တည်မနေရဘဲ စောင့်ထိန်း ဖို့တာဝန် ရှိလာတော့၏။

ရဟန်းအင်္ဂါအကြောင်းတရား (၅)ပါး

ရဟန်း(ဦးပဉ္စင်း)သည် အောက်ပါအကြောင်းတရားငါးပါးနှင့် ပြည့်စုံမှ ရဟန်း အင်္ဂါမြောက်သည်။

ဝတ္ထုသမ္မတိ

၁။ ရဟန်းခံမည့်ပုဂ္ဂိုလ်သည် –

(က) လူသားအစစ်ဖြစ်ရခြင်း၊
(ခ) ယောကျ်ားအစစ်ဖြစ်ရခြင်း (နပုန်းပဏ္ဍုက် မဖြစ်ရခြင်း)၊
(ဂ) မိဘနှစ်ပါးက ခွင့်ပြုရခြင်း၊
(ဃ) ကူးစက်တတ်သော အနာရောဂါဝေဒနာမှ ကင်းရှင်းရခြင်း၊
(င) သူတစ်ပါးကြွေးမြီမှ ကင်းရှင်းရခြင်း၊
(စ) မင်းမှုထမ်းအဖြစ်မှ ကင်းလွတ်ရခြင်းများနှင့် ပြည့်စုံရသည်။

http://www.dhammadownload.com

ဥတ္တိသမ္ပတ္တိ၊ ကမ္မဝါစာမ္ပတ္တိ

၂။ သိမ်အတွင်း ရဟန်းတော်များက ဥတ္တိကမ္မဝါစာကို အနက်အဓိပ္ပာယ်သိပြီး သဒ္ဒါနည်းမှန် ဌာန်ကရိဏ်းကျကျ ရွတ်ဆိုချီးမြှောက်ကြရခြင်း (ဌာန်ကရိဏ်း ကျအောင် မရွတ်တတ်သောရဟန်းတို့ကား အကြိမ်များစွာရွတ်သော်လည်း ရဟန်းစစ်စစ်ဖြစ်အောင် မတတ်နိုင်ပေ။)

၃။ ရဟန်းလောင်းအား ကမ္မဝါဆရာက သိသင့်သိထိုက် လိုက်နာဖွယ်ရာများမှန် သမျှ ကြိုတင်ဆုံးမညွှန်ပြထားရ၏။

သီမာသမ္ပတ္တိ

၄။ ရဟန်းပြုရာသိမ်တော်သည် သမုတ်အပ်သောသိမ်ဖြစ်လျှင် သီလ၊ သမာဓိ၊ ပညာ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည့် ကြီးမားမြင့်မြတ်သော ရဟန်းတော်များက စနစ်တကျ သမုတ်စီမံထားသော သိမ်ဖြစ်ရခြင်းနှင့် ပြည့်စုံရ၏။

ပရိသာသမ္ပတ္တိ

၅။ ရဟန်းပြုရာသို့ ပြည့်စုံလုံလောက်သော သံဃာပရိသတ်အရေအတွက် ပြည့်စုံစွာတက်ရောက်ကြခြင်းနှင့် ပြည့်စုံရ၏။ (ရဟန်းစစ်စစ်ငါးပါးရှိလျှင် ထိုရဟန်း ပရိသတ်ငါးပါးဖြင့် ရဟန်းခံခြင်းကိစ္စကို ပြီးစေနိုင်၏။)

သိမှတ်ဖွယ်... ရဟန်းလောင်းသည် ခေတ္တခဏသာ ဒုလ္လဘရဟန်းခံသူဖြစ်ပါက မိမိ၌ ကြွေးမြီများတင်ရှိနေပါမူ (ဥပမာ– ဈေးရောင်းဈေးဝယ်၊ ကုန်သည်ပွဲစား စသည်...) ရဟန်းခံသော အချိန်ကာလအပိုင်းအခြားအတွင်း ကြွေးမြီကင်းရှင်းခွင့် ခေတ္တပြုပေးပါရန် သက်ဆိုင်ရာ ကာယကံရှင်များထံ ကြိုတင်ခွင့်ပြုချက် တောင်းခံထားသင့်သည်။ ထိုနည်းတူ အစိုးရဝန်ထမ်း မင်းမှုထမ်းဖြစ်ပါကလည်း ရဟန်းခံမည့် အချိန်ကာလ အပိုင်းအခြားအတွက် တရားဝင် ခွင့်ယူထားသင့်ပါသည်။

သို့မဟုတ်ပါက ရဟန်းလောင်း သိမ်ဝင်ရာတွင် မမှန်သောစကားကို ပြောဆိုရာရောက်သဖြင့် ရဟန်းလောင်းမှာ ရဟန်းဘဝသို့ ရောက်ရှိနိုင်သော်လည်း သိမ်ဝင်သော ရဟန်းများအားလုံး အာပတ်သင့်ရောက်ရလေ၏။

ပဗ္ဗဇိတဒုလ္လဘနှင့် ပြည့်စုံခြင်း

ဗုဒ္ဓပွါဒဒုလ္လဘ၊ မနုဿတ္တပဋိလာဘဒုလ္လဘ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်ဒေသ၌ နေရခြင်းဟူသော ပတိရူပဒေသဝါသမ္ပတ္တိ၊ မိကောင်း၊ ဖကောင်းဆရာသမားကောင်း စသည့်သူတော်ကောင်းတို့ကို မှီခိုရခြင်းဟူသော သပ္ပုရိသူပနိဿယ

http://www.dhammadownload.com

သမ္မတ္တိ၊ မိမိမှာသဒ္ဓါတရားရှိခြင်းဟူသော သဒ္ဓါသမ္မတ္တိဒုလ္လဘတို့ ပြည့်စုံပြီးမှ ဤပဗ္ဇိတဒုလ္လဘကို ရရှိနိုင်သောကြောင့် ရှေ့.ဒုလ္လဘတရားသုံးပါးထက်ပင် ပြည့်စုံရန် သာ၍ခဲယဉ်း၏။ တစ်ဖန် ပဗ္ဇိတဒုလ္လဘအဖြစ်ဖြင့် မြတ်ဗုဒ္ဓ၏ ဟောကြားအပ်သော တရားဒေသနာတော်များနှင့်အညီ တစ်သဝေမတိမ်း လိုက်နာကျင့်ကြံအားထုတ်ရန်မှာလည်း သာ၍သာ၍ပင် ခဲယဉ်းပြန်၏။

လူဝတ်ကြောင်ဖြစ်ကြသော သူတော်ကောင်းများသည်လည်း ပဗ္ဇိတဒုလ္လဘကို မရကြစေကာမူ ဘုရားဒေသနာတော်များနှင့်အညီ လိုက်နာကျင့်ဆောင် အားထုတ်ခဲ့ကြ၍ မဂ်ဖိုလ်လေးပါးရရှိပြီး မြတ်ဗုဒ္ဓတရားတော်၏ အနှစ်သာရကို ခံစားသုံးဆောင်နိုင်ခဲ့ကြသည်မှာ အထင်အရှားရှိပါ၏။ ဘုရားရှင်လက်ထက်တော်၌ပင် လူဝတ်ကြောင် အရိယာတို့သည် ရဟန်းအရိယာတို့ထက် မနှိုင်းယှဉ်သာအောင် အရေအတွက် သာလွန်များပြားခဲ့ပေသည်။

ကိုယ်တိုင်ကြိုးစားအားထုတ်မှ တရားထူးရရှိနိုင်သော ပုဂ္ဂိုလ်များအတွက်မူ စားဝတ်နေရေးကိစ္စများ အလွန်နည်းပါးသော ရဟန်းဘဝတွင် ကိစ္စမြားမြောင် လူ့ဘောင်ဘဝထက် တရားအားထုတ်ချိန် ပိုမိုရရှိသဖြင့် အခွင့်သာ၏။ အခွင့်ကောင်း၏။

ထို့ကြောင့် ပဗ္ဇိတမှန်လျှင် စာသင်ရုံ၊ စာချရုံမျှဖြင့် တာဝန်မကျေဘဲ သီလသိက္ခာစင်ကြယ်စွာဖြင့် တရားအားထုတ်နိုင်မှသာ တာဝန်ကျေပါသည်။

ရဟန်းပြုခြင်းအကြောင်းတရား (၅)ပါး

၁။ သဒ္ဓါပဗ္ဇိတ

ရတနာမြတ်သုံးပါးအပေါ် ယုံကြည်မှုသဒ္ဓါတရားအားကောင်း၍ သဒ္ဓါတရားအပေါ်အခြေခံပြီး ရဟန်းပြုသောပုဂ္ဂိုလ်ကို ခေါ်သည်။ ထိုပုဂ္ဂိုလ်သည် ရဟန်းပြုပြီးသောအခါ တရားဒေသနာတော်များနှင့်အညီ လိုက်နာကျင့်ဆောင်အားထုတ်သဖြင့် သူတစ်ပါး၏ကြည်ညိုဖွယ်ကိုဆောင်နိုင်သော ရဟန်းမြတ်တစ်ပါးဖြစ်ပေသည်။

၂။ ပညာပဗ္ဇိတ

ဗုဒ္ဓတရားတော်များ၌ တထ်သိနားလည်လိုသောဆန္ဒကို အခြေခံ၍ ရဟန်းပြုလာသောပုဂ္ဂိုလ်ကိုခေါ်သည်။ ထိုပုဂ္ဂိုလ်သည် ရဟန်းပြုပြီးသောအခါ ကျမ်းဂန်သင်မှုကိုသာအလေးထားပြီး သဒ္ဓါပဗ္ဇိတပုဂ္ဂိုလ်ကဲ့သို့ ကြည်ညိုဖွယ်ဆောင်လောက်အောင် နေထိုင်ကျင့်ဆောင်အားထုတ်လေ့မရှိ။ သို့သော် ထိုပုဂ္ဂိုလ်သည် အစစ်အမှန် ကျမ်းဂန်ပိဋကတ်တော်များကို တတ်သိနားလည်သောအခါ သဒ္ဓါဆိုင်ရာကိုလည်း ပြုတတ်ရကား သဒ္ဓါ၊ ပညာ နှစ်ပါးစုံသော ပုဂ္ဂိုလ်မြတ်ဖြစ်နိုင်ပေသည်။

http://www.dhammadownload.com

၃။ ဘယာပဗ္ဗဇိတ

ရာဇဝတ်မှုကိုပြုမိ၍ မင်းဘေးကိုရှောင်လိုသောကြောင့်လည်းကောင်း၊ စားဝတ်နေရေးမချောင်လည်၍ ငတ်မွတ်ခေါင်းပါးမည့်ဘေးကို ရှောင်လိုသောကြောင့်လည်းကောင်း သာသနာ့ဘောင်သို့ဝင်သောပုဂ္ဂိုလ်ကိုခေါ်သည်။ ထိုပုဂ္ဂိုလ်မျိုးသည် ဆရာသမားကောင်းများထံ မနေလိုသောကြောင့် သာသနာ၏အသရေကိုဖျက်သော ပုဂ္ဂိုလ်မျိုးသာ ဖြစ်တတ်ပါ၏။

၄။ မိရိုးဖလာပဗ္ဗဇိတ

ယခုခေတ်တွင် ရှင်သာမဏေဘဝ၌ အတော်ကြာအောင်နေပြီးမှ အသက်နှစ်ဆယ်ပြည့်လျှင် ရဟန်းပြုရိုးဖြစ်သော မိရိုးဖလာအတိုင်း ရဟန်းပြုသောပုဂ္ဂိုလ်ကိုခေါ်သည်။

ဤပုဂ္ဂိုလ်မျိုးသည် တရားဒေသနာများနှင့်အညီ ကျင့်ဆောင်အားထုတ် လျင်ကား သဒ္ဓါပညာ အစုံပါသော သာသနာ့ဝန်ဆောင် သူတော်ကောင်းလည်း ဖြစ်နိုင်ပါ၏။ ထိုသို့မဟုတ်ဘဲ တရားဒေသနာတော်နှင့်အညီ ကျင့်ဆောင်အား ထုတ်မှုမရှိခဲ့ပါက ဤပုဂ္ဂိုလ်မျိုးသည် သာသနာ့တာဝန်ထမ်းဆောင်နေသော ပုဂ္ဂိုလ်မျိုးမဖြစ်တော့ဘဲ သာသနာ့တာဝန်ကြီးကို ဖိစီးနေသော သာသနာ့ဝန်စီး ပုဂ္ဂိုလ်မျိုးသာ ဖြစ်နိုင်တော့၏။

၅။ ဒုလ္လဘပဗ္ဗဇိတ

ယခုခေတ်၌ သာသနာ့ဘောင်ဝယ် ကြာရှည်နေဖို့မရည်ရွယ်ဘဲ ရနိုင်ခဲသော ရဟန်းအဖြစ်ကို ရအောင်ရည်မှန်းပြီး သာသနာ့ဘောင်သို့ဝင်သော ပုဂ္ဂိုလ်မျိုးကို ခေါ်သည်။

ထိုဒုလ္လဘရဟန်းဆိုသူသည် ဆရာကောင်းများနှင့်အတူနေ၍ ဆရာကောင်းတို့၏နည်းကိုခံယူကာ တရားတော်နှင့်အညီ ကျင့်ဆောင်အားထုတ်လျှင် အကျိုးများ၍ ရဟန်းဖြစ်ရကျိုးနပ်၏။ ထိုသို့မဟုတ်ဘဲ မိမိရဟန်းခံတာခဏလေးပါ၊ ရဟန်းဘဝကိုရဖူးအောင်ဝတ်တာပါ၊ ယတြာချေသည့်အနေဖြင့်ဝတ်တာပါ၊ မိဘကတိုက်တွန်း၍ ဝတ်တာပါ စသည့်ဆင်ခြေတို့ဖြင့် အမှုမဲ့အမှတ်မဲ့နေထိုင်ခြင်းဖြင့် ထိုပုဂ္ဂိုလ်အတွက် အာပတ်အမျိုးမျိုးတက်ကာ "ဖွပ်သည့်အတွက်ညစ်"ဆိုသကဲ့သို့ ရဟန်းပြုသည့်အတွက် အာပတ်အညစ်အကြေးများ ညစ်ပေလာတတ်၏။ ကောင်းအောင်ပြုလုပ်သော်ငြားလည်း အပြစ်များဖြစ်လာတတ်၏။ အထူးသတိပြုသင့်ပါ၏။

http://www.dhammadownload.com

ရဟန်းတို့၏ပစ္စည်း(၄)ပါး

၁။ **သင်္ကန်းပစ္စည်း**

မြတ်ဗုဒ္ဓဘုရားရှင်သည် သုသာန်၌ ပုဏ္ဏာမည်သောကျွန်မကို ခြုံ၍ပစ်ထား အပ်သောအဝတ်ကို ရက်အနည်းငယ်ကြာမှ ပုဏ်သကူကောက်ယူဖို့ရန် ကြွလာတော်မူ၏။ အဝတ်စကိုမြှောက်၍ယူလိုက်သောအခါ လောက်တို့သည် ကပ်၍ပါလာသောကြောင့် ထိုလောက်တို့ကို လက်တော်ဖြင့်ခါချ၍ ပုဏ်သကူကောက်တော်မူ၏။

သုသာန်မှရအပ်သောသင်္ကန်းမဟုတ်ဘဲ အိမ်၊ ဈေးတို့၌ အသုံးမကျ၍ စွန့်ပစ် အပ်သော အဝတ်စုတ် အဝတ်စတို့ကို ကောက်ယူ၍ စုပေါင်းချုပ်အပ်သော သင်္ကန်းကိုလည်း ပုဏ်သကူသင်္ကန်းဟုခေါ်၏။ (ပဲသု–မြေမှုန့်ကဲ့သို့၊ ကု (ကုစ္ဆိတံ) စက်ဆုပ်ဖွယ်အဖြစ်သို့၊ ဥလ–ကပ်ရောက်သောသင်္ကန်းဟု အဓိပ္ပာယ်ရ၏။)

ထိုသို့သောပုဏ်သကူသင်္ကန်းသည် ဒါယကာ၊ ဒါယိကာမတို့ကို တာဝန်မလေး စေဘဲ မိမိကိုယ်တိုင် ရှာဖွေ၍ရနိုင်သောကြောင့်လည်းကောင်း၊ ဈေး၊ သုသာန် စသည် တို့မှ အသုံးမကျ၍ပစ်ထားရာမှ ကောက်ယူရသည့်အတွက် တဏှာ၊ ရာဂ၊ မာန စသော တရားဆိုးတို့ကို နှိမ့်ချပြီးဖြစ်သောကြောင့်လည်းကောင်း၊ မြတ်ဗုဒ္ဓက ရဟန်းတို့ကို ပုဏ်သကူသင်္ကန်း၌သာ အားတက်သရောရှိမှုကို ပြုထိုက်၏ဟု မိန့်ကြားတော်မူ၏။ သို့သော် မြတ်ဗုဒ္ဓသည် ဒါယကာ၊ ဒါယိကာမတို့ လျှဒါန်း၍ ရအပ်သော အတိရေကလာဘ (အတိရေက–ပုဏ်သကူသင်္ကန်းမှ အပိုအလွန်ဖြစ် သော၊ လာဘ–ရအပ်သောသင်္ကန်း)ကိုလည်း ဒါယကာ၊ ဒါယိကာမတို့အကျိုးငှာ ခွင့်ပြုတော်မူပါသည်။

သင်္ကန်းအရောင်အသွေး

ကျမ်းစာတို့၌ မိုးတိမ်နီအဆင်းရှိသောသင်္ကန်း၊ ဆည်းဆာရောင်ဖြင့် တပ်စွဲအပ်သော၊ မိုးတိမ်နီအရောင်ရှိသောသင်္ကန်းဟု ဖွင့်ဆို၏။ မိုးတိမ်နီဟုဆိုသော်လည်း နီရဲသောအရောင် မဟုတ်၊ ပိန္နဲရင့်အသွေး၊ ညောင်ခေါက်ခပ်ဖျော့ဖျော့ အသွေးကဲ့သို့ နီမှိုင်းမှိုင်းအသွေးရှိသော အရောင်ဖြစ်၏။ ဖုဿထေရဂါထာ၌ ညောင်ခေါက်ဆိုး ရေဖြင့် ဆိုးအပ်သော မိမိဥစ္စာ ဖြစ်၍ တံခွန်အလံသဖွယ် တင့်တယ်သော အသွေးအရောင်ရှိသောသင်္ကန်းဟု မိန့်ဆို ပါသည်။

၂။ **ဆွမ်း**

ဆွမ်းအမျိုးအစား(၈)မျိုးရှိ၏။

(က) ပိဏ္ဍိယာလောပဘောဇန ... ပိဏ္ဍိယ–ခြေသလုံးကြွက်သား၏အစွမ်းဖြင့် လှည့်လည်၍၊ အာလောပ–အိမ်တိုင်းအိမ်တိုင်းမှ တစ်လုတ်စာတစ်လုတ်စာ ရအပ်သော၊ ဘောဇန–စားဖွယ်။

http://www.dhammadownload.com

(ခ) သဲယဘတ္တ... ကျောင်းတိုက်တစ်တိုက်ဝယ် သဲယာကုန်ပင့်၍ဖြစ်စေ၊ ကျောင်းသို့လာ၍ဖြစ်စေ လျှဒါန်းအပ်သောဆွမ်း။

(ဂ) ဥဒ္ဒေသဘတ္တ... သဲယာကုန်မတတ်နိုင်သောကြောင့် ငါးပါး၊ ဆယ်ပါး၊ အပါးနှစ်ဆယ် စသည်ဖြင့်ပင့်၍ ဥဒ္ဒေသ–သဲယာကဉ္ဆန်ချအပ်သော ရဟန်းတို့အား၊ ဘတ္တ–လျှဒါန်းအပ်သောဆွမ်း။

(ဃ) နိမန္တနဘတ္တ... ဒါယကာတို့ကိုယ်တိုင်လာ၍ဖြစ်စေ၊ တစ်စုံတစ်ယောက်ကို စေလွှတ်၍ဖြစ်စေ၊ တစ်ပါး၊ နှစ်ပါး စသည်ဖြင့် ပင့်ဖိတ်၍ လျှဒါန်းအပ်သောဆွမ်း။ (နိမန္တန–ပင့်ဖိတ်ကြောင်းဖြစ်သော၊ ဘတ္တ–ဆွမ်း)

(င) သလာကဘတ္တ... စာရေးတံမဲချ၍ လျှဒါန်းအပ်သောဆွမ်း။ (သလာက–စာရေးထားအပ်သော တုတ်တံ တစ်နည်း မဲလိပ်)

(စ) ပက္ခိကဘတ္တ... လဆန်းပက္ခ သို့မဟုတ် လဆုတ်ပက္ခ၌ ဥပုသ်နေ့ဖြစ်စေ၊ အဖိတ်နေ့ဖြစ်စေ၊ ဧါးရက်မြောက်နေ့ဖြစ်စေ ဥပုသ်စောင့်ဖို့ရန် အမှတ်ရစေရန် လျှဒါန်းအပ်သောဆွမ်း။ (ပက္ခ–လဆန်းပက္ခ၊ လဆုတ်ပက္ခ၌၊ ကြက–ဖြစ်သောဆွမ်း)

(ဆ) ဥပေါသထိကဘတ္တ... ဥပုသ်နေ့၌ ကျောင်းသို့လာ၍ ဥပုသ်စောင့်ပြီးလျှင် မိမိစားမည့်ထမင်းကိုပင် လျှဒါန်းအပ်သောဆွမ်း။ (ဥပေါသထ–ဥပုသ်နေ့၌၊ ကြက–ဖြစ်သောဆွမ်း။)

(ဇ) ပါဋိပဒိကဘတ္တ... ဥပုသ်နေ့မှ နောက်တစ်နေ့ဖြစ်သောအထွက် တစ်ရက်နေ့ (ပါဋိပဒိက)၌ လျှဒါန်းအပ်သောဆွမ်း။

မြတ်ဗုဒ္ဓ အထူးနှစ်သက်လိုလားသည့်ဆွမ်း

အထက်ပါဆွမ်းများအနက် ပိဏ္ဍိယာလောပဘောဇနဆွမ်းမှအပ ကျန်ဆွမ်းများကို အတိရေကလာဘ (အပိုအလွန်ဖြစ်သောဆွမ်း)ဟုခေါ်၏။ (အတိရေက–ပိဏ္ဍိယာလောပဘောဇနမှ အပိုအလွန်ဖြစ်သော၊ လာဘ–ရအပ်သောဆွမ်း)

မြတ်ဗုဒ္ဓသည် သဲယဘတ္တ အစရှိသောဆွမ်းတို့ကို ခွင့်ပြုတော်မူသော်လည်း ပိဏ္ဍိယာလောပဘောဇနဆွမ်းကိုသာ ရဟန်းများအတွက် သာ၍နှစ်သက်တော်မူပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်အိမ်လျှင် တစ်လုတ်စာမျှရအပ်သောဆွမ်းသည် မည်သည့်ဆွမ်းဒါယကာ၊ ဒါယိကာမတို့ကိုမှ တာဝန်မလေးစေသည့်အပြင် မိမိကိုယ်တိုင်လည်း အညောင်းအညာပြေ၍ ကျန်းမာရေးနှင့်လည်းပြည့်စုံ၏။ ဆွမ်းလောင်းသော ဒါယကာ၊ ဒါယိကာမတို့အနေဖြင့်လည်း သဒ္ဓါတရား သန့်ရှင်း၏။ မိမိကိုယ်တိုင်လည်း မေတ္တာ

http://www.dhammadownload.com

ဖြင့်နေလေ့ရှိပါက ဆွမ်းရပ်ရာအိမ်တိုင်း၌ မေတ္တာပို့၍သွားမည်ဖြစ်သောကြောင့် ဆွမ်းခံ၍စားခြင်းကို မြတ်ဗုဒ္ဓက အထူးနှစ်သက်လိုလားတော်မူပါ၏။ ရဟန်းအချို့၏ကျန်းမာရေးကြောင့်လည်းကောင်း၊ အလှူဒါယကာတို့၏ အကျိုးငှာကိုလည်းကောင်း မြတ်ဗုဒ္ဓသည် အခြားဆွမ်းအမျိုးအစားကိုလည်း ခွင့်ပြုတော်မူခဲ့သည်။

၃။ ကျောင်းပစ္စည်း

မြတ်ဗုဒ္ဓသည် ရဟန်းတို့အား ရက္ခမူလ (ရက္ခ–သစ်ပင်၏၊ မူလ–အနီးအောက်)၌ နေ၍ကျင့်ခြင်းကို အထူးနှစ်သက်လိုလားတော်မူ၏။ ထိုသစ်ပင်မျိုးကား တော်တော်တန်ပြင်းသောလေကို ကာကွယ်နိုင်လောက်အောင် အရွက်စိပ်သော သစ်ပင်အကြီးစားမျိုးသာဖြစ်သင့်၏။

သို့သော် ရက္ခမူကျောင်းအပြင် အပိုအလွန်လာဘ်များဖြစ်သော ဆောက်တည်အပ်သည့် အမျိုးမျိုးသောကျောင်းများကိုလည်း ထိုက်သင့်အားလျော်စွာ ခွင့်ပြုတော်မူခဲ့ပါသည်။ သို့ရာတွင် ရဟန်းတို့သည် ရက္ခမူဝယ်နေခြင်း၌ အားတက်သရောရှိမှုကို ပြုထိုက်၏ဟု မြတ်ဗုဒ္ဓက မိန့်ကြားတော်မူခဲ့ပါ၏။

၄။ ဆေးပစ္စည်း

မြတ်ဗုဒ္ဓသည် ခန္ဓာကိုယ် အတ္တဘောနှင့်စပ်၍ သူတစ်ပါးကိုတာဝန်မကြီးစေလို။ မိမိခန္ဓာကိုယ်အတ္တဘောကိုလည်း တာဝန်ပေါ့ပေါ့ဖြင့် ရွက်ဆောင်စေလိုသည်။ ထို့ကြောင့် ရဟန်း၊ ရှင်သာမဏေများ၏ဆေးအတွက် ပုတိမုတ္တဘေသဇ္ဇ(ပုတိမုတ္တ–နွားကျင်ငယ်ဟူသော၊ ဘေသဇ္ဇ–ဆေး)ကို ညွှန်ပြတော်မူပါ၏။ နွားကျင်ငယ်ဖြင့်ထုံအပ်သော၊ နွားကျင်ငယ်ရေ၌ စိမ်ထားအပ်သော ဆီးဖြူသီး၊ သျှိသျှားသီး၊ ဖန်ခါးသီး စသည်တို့ကိုလည်း ပုတိမုတ္တဘေသဇ္ဇဟု ဆိုကြ၏။

ဗုဒ္ဓမြတ်စွာသည် မိမိတပည့်သာဝကတို့ကို ငဲ့ညှာသောအားဖြင့် ပုတိမုတ္တဘေသဇ္ဇလောက်ဖြင့် ရောဂါမပျောက်နိုင်ပါက အပိုအလွန်ဖြစ်သော လာဘ်များဖြစ်ကြသည့် ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ၊ သကြား၊ ထန်းလျက် (ယခုကာလပေါ်ဆေးများအပါအဝင်)တို့ကိုလည်း ခွင့်ပြုတော်မူပါသည်။

သို့သော် စားဆေးမှန်သမျှတို့ သတ္တာဟကာလိကဆေးလော၊ ယာဝဇီဝိကဆေးလော ခွဲခြားသိပြီးမှသာ သုံးစွဲသင့်ပါသည်။ ဤတွင် နွားကျင်ငယ်ပုပ်တည့်ဟူသော ဆေးသည်သာ ရလွယ်သောကြောင့် မြတ်ဗုဒ္ဓက "ရဟန်းသည် ထိုနွားကျင်ငယ်ပုပ်တည်းဟူသော ဆေး၌သာ အားတက်သရောရှိမှုကို ပြုရမည်"ဟု မိန့်ကြားတော်မူခဲ့ပါ၏။

http://www.dhammadownload.com

ဤရွတင်ဆောက်တည်သော အမြတ်စားပုဂ္ဂိုလ်မှာ သစ်ပင်ကောင်း၊ သစ်ပင်သန့်၊ မရွေးချယ်ဘဲ မည်သည့်သစ်ပင်အောက်၌မဆို သစ်ရွက်ပုံများကို ကိုယ်တိုင် ခြေဖြင့်ဖယ်ရှင်း၍နေရသည်။ အလတ်စားပုဂ္ဂိုလ်မှာ သစ်ပင်အောက်သို့ရောက်လာသူများကို အရှင်းခိုင်းနိုင်ခွင့်ရှိသည်။ အညံ့စားပုဂ္ဂိုလ်မှာ ကျောင်းသား၊ ရှင်သာမဏေတို့ကို ခေါ်၍ သစ်ရွက်ရှင်း၊ သဲခင်း၊ တံတိုင်းကာ၊ တံခါးတပ်စေလျက် နေခွင့်ရှိသည်။ အမိုးရှိသောအရပ်သို့ ဝင်လိုသောဆန္ဒဖြင့် ဝင်လိုသောခဏ၌ပင် ရွတင်ပျက်၏။

၁၀။ **အဇ္ဈောကာသိကရွတင် ဆောက်တည်ပုံ**

(ပါဠိ)

ဆန္နဉ္စ ရက္ခမူလဉ္စ ပဋိက္ခိပါမိ။

အဇ္ဈောကာသိကံ် သမာဒိယာမိ။

(မြန်မာ)

အမိုးရှိသောနေရာအရပ်ကိုလည်းကောင်း၊ သစ်ပင်ရင်း သစ်ပင်အောက်၌ နေခြင်းကိုလည်းကောင်း ပယ်ပါ၏။ အမိုးမရှိသော ဟင်းလင်းပြင်လွင်တီးခေါင်၌ နေလေ့ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သိမှတ်ဖွယ်။ ။ ဤရွတင်ဆောက်တည်သောပုဂ္ဂိုလ်သည် အမိုးရှိသောအရိပ်အာဝါသနှင့် သစ်ပင်အောက်တို့၌ မဝင်ရ၊ မနေရ။ သို့သော် ဥပုသ်ပြု၊ တရားနာ၊ စာသင်စာချရန်ဖြစ်စေ၊ ဆရာဥပဇ္ဈာယ်တို့၏ ဝတ်ကြီးဝတ်ငယ် ပြုရန်ဖြစ်စေ ဝင်နိုင်၏။ အမိုးရှိရာသို့ဝင်နေစဉ် မိုးရွာလျှင်လည်း မိုးတိတ်သည်အထိ ဆက်နေနိုင်၏။ သို့သော် အမိုးရှိရာနှင့် သစ်ပင်အောက်တို့သို့ နေခြင်းငှာ ဝင်သောခဏ၌ပင် ရွတင်ပျက်၏။

၁၁။ **သုသာန်ရွတင် ဆောက်တည်ပုံ**

(ပါဠိ)

နသုသာနံ ပဋိက္ခိပါမိ။

သောသာနိကံ် သမာဒိယာမိ။

http://www.dhammadownload.com

(မြန်မာ)

သုသာန်မဟုတ်သောအရပ်ကို ပယ်ပါ၏။ သုသာန်၌နေလေ့ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သိမှတ်ဖွယ်။ ။ ဤရွာတင်ဆောက်တည်သောရဟန်းသည် သုသာန်သို့ ညအခါသွား၍ သန်းခေါင်ယံပတ်လုံး သုသာန်၌နေပြီး မိုးသောက်ယံမှသာ သုသာန်မှပြန်ထွက်ရသည်။ လူတို့က သုသာန်ဟု သတ်မှတ်ထားသော်လည်း လူသေအလောင်း မချမမြုပ်၊ မဖုတ်မရှို့ရသေးလျှင် သုသာန်မမည်။

ဤရွာတင်ဆောင်သောရဟန်းသည် သံဃာများ၏အကြီးအမှူး မထေရ်ကြီးနှင့် သက်ဆိုင်ရာနယ်မြေအာဏာပိုင်တို့ကို ကြိုတင်အကြောင်းကြားပြီးနောက် ညအခါ ထင်ယောင်ထင်မှားမဖြစ်စေရန် သုသာန်သို့ မိမိသွားမည့်လမ်းခရီးနှင့် မိမိသီတင်းသုံးမည့်ပတ်ဝန်းကျင်တို့တွင်ရှိသော သစ်ပင်၊ သစ်ငုတ်၊ ချုံပုတ်၊ တောင်ပို့ စသည်တို့ကိုလည်း နေ့အခါကပင် သွားရောက်ကြည့်ရှု၍ ကောင်းစွာမှတ်သားထားရ၏။ ဘီလူးစသည်တို့ နှစ်သက်တတ်သော နှမ်းထောင်း၊ ပဲထမင်း၊ ငါး၊ အမဲ၊ နို့ရည်၊ ဆီ၊ တင်လဲ စသော ခဲဖွယ်စားဖွယ်တို့ကို မသုံးဆောင်ရပေ။ သုသာန်မဟုတ်သောအရပ်၌နေလျှင် ရွာတင်ပျက်၏။

၁၂။ **ယထာသန္ထ တိကရွာတင် ဆောက်တည်ပုံ**

(ပါဠိ)

သေနာသန လောလုပ္ပံ ပဋိက္ခိပါမိ။

ယထာသန္ထ တိကင်္ဂ သမာဒိယာမိ။

(မြန်မာ)

ကျောင်းအိပ်ရာနေရာ၌ မက်မောသောတဏှာရှိသည့် လျှပ်ပေါလော်လည်ခြင်းကို ပယ်ပါ၏။ ညွှန်ပြချထားပေးသော ကျောင်းနေရာ၌ ကိန်းအောင်းနေထိုင်လေ့ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သိမှတ်ဖွယ်။ ။ ဤရွာတင်ဆောင်သောရဟန်းသည် မိမိအား ချထားပေ သော ကျောင်း၊ အိပ်ရာနေရာ၌သာလျှင် နေရ၏။ ကျောင်းအိပ်ရာနေရာ၌ မက်မော

http://www.dhammadownload.com

သောတဏှာဖြင့် ချထားပေးသည့်အတိုင်းမနေဘဲ မိမိစိတ်ကြိုက် ကျောင်း၊ အိပ်ရာနေရာ၌ မနေရပေ။ မိမိစိတ်ကြိုက်နေလိုသော ကျောင်း၊ အိပ်ရာ၊ နေရာရှိ ရဟန်းငယ်များကိုလည်း နေရာမှထ သွားအောင် မပြုလုပ်ရ။ ကျောင်း၊ အိပ်ရာ၊ နေရာ ခံယူရာ၌ မက်မောသော လျှပ်ပေါ်လော်လည်သည့်တဏှာဖြစ်ကာမျှဖြင့် ရှုတင်ပျက်၏။

၁၃။ **နေသဇ္ဇိကရှုတင် ဆောက်တည်ပုံ**

(ပါဠိ)

သေယျံ ပဋိက္ခိပါမိ။

နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

(မြန်မာ)

လဲလျောင်းအိပ်ခြင်းကို ပယ်ပါ၏။ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း ကျရိယာပုတ်သုံးမျိုးဖြင့်သာ နေလေ့ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းကုသိုလ်စေတနာကို ဆောက်တည်ပါ၏။

သိမှတ်ဖွယ်။ ။ ဤရှုတင်ဆောက်တည်သောရဟန်းသည် ကိုယ်ကိုဆန့်လျက် ပက်လက်အိပ်ခြင်း၊ လျောင်းအိပ်ခြင်း၊ စောင်းအိပ်ခြင်း၊ မှောက်အိပ်ခြင်း အစရှိသည့် လဲလျောင်းခြင်းကျရိယာပုတ်ဖြင့် မနေရ။ ကျန်ကျရိယာပုတ်သုံးမျိုးဖြင့်သာ နေရ၏။ လဲလျောင်းခြင်းကျရိယာပုတ်ကို ပြုစဉ်ခဏ၌သာ ရှုတင်ပျက်၏။

အပ္ပိစ္ဆတာဂုဏ်

ဖော်ပြပါရှုတင်အကျင့်တို့ကို မိမိစွမ်းနိုင်သမျှ ဆောက်တည်ကျင့်ဆောင်လျှင် မိမိတွင်ရှိနေသောကိလေသာများ ခါထွက်ကာ ကုသိုလ်မှား၍ အကျိုးများလှသဖြင့် ရှုတင်ဆောင်သောပုဂ္ဂိုလ်များသည် အပ္ပိစ္ဆတာဂုဏ်(အလိုလောဘနည်းခြင်း)နှင့် ပြည့်စုံကြ၏။ ရှုတင်များများဆောက်တည်လေလေ ယင်းဂုဏ်နှင့် ပိုမိုပြည့်စုံလေလေဖြစ်၏။

သို့သော် မိမိသည် ရှုတင်ဆောင်သူဖြစ်ကြောင်း အများသိအောင် လူတွေ့တိုင်း ပြောပြလျက် ကျင့်လျှင်ကား ရှုတင်၏အပ္ပိစ္ဆတာ(ရှုတင်၌အလိုလောဘနည်းခြင်း)ဂုဏ်နှင့် ပြည့်စုံတော့ကြောင်း အထူးသတိပြုရာ၏။

http://www.dhammadownload.com

ရှေးအခါက ဆရာတော်ကြီးတစ်ပါးသည် ဧကာသနိက်ရှုတင်ခေါ် တစ်နေ့လျှင် တစ်ကြိမ် တစ်နေရာတည်း၌သာ ဆွမ်းဘုဉ်းပေးသောအကျင့်ကို ဆောက်တည်ခဲ့ရာ အနှစ်(၄၀)ကြာ တိုင်ခဲ့၏။ မလိမ္မာသော လူဒါယကာတစ်ဦးသည် ဆွမ်းဘုဉ်းပေးပြီး တစ်နေရာသို့ ပြောင်းရွှေ့ထိုင်နေသောဆရာတော်ကြီးအား မုန့်ကပ်လှူ၏။ ဆရာတော်ကြီးက မုန့်မဘုဉ်းပေးသဖြင့် "အရှင်ဘုရား ဧကသနိက်ရှုတင် ဆောက်တည်ပါသလား' ဟု မေးမြန်းလျှောက်ထား၏။ ထိုအခါ ဆရာတော်ကြီးသည် မိမိရှုတင်ဆောက်တည်ထားခြင်းကို လူမသိစေလိုသဖြင့် အနှစ်(၄၀)ဆောက်တည်ခဲ့သော ရှုတင်အကျင့်ကိုဖျက်၍ ဒါယကာကပ်လှူသောမုန့်ကို ဘုဉ်းပေးပြီးနောက် အသစ်တစ်ဖန် ပြန်လည်၍ ရှုတင်ဆောက်တည်မှု ပြုရရှာ၏။

ထိုနည်းတူ သုသာန်ရှုတင်ကျင့်သော ရဟန်းတစ်ပါးသည် ညလူခြေတိတ်မှ သုသာန်သို့သွား၍နေ၏။ လူမသိအောင် နံနက်အရုဏ်မတက်မီ မိမိကျောင်းသို့ပြန်၏။

ဤကဲ့သို့သော ရှုတင်ဆောက်တည်ကြသည့်ရဟန်းတို့သည် အပွစ္ဆိတာဂုဏ်နှင့် ပြည့်စုံကြ၏။ အကယ်၍ အထင်ကြီးစေရန်ရည်ရွယ်ချက်ဖြင့် ရှုတင်ဆောင်ခြင်းပြုလျှင် ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းကျင့်ဖွယ် နှစ်ရှာနှစ်ဆယ်ခုနစ်သွယ်

ဝိနည်းစည်းကမ်းဥပဒေသည် မြတ်ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်၏။ ဝိနည်းစည်းကမ်းဥပဒေ တည်ရှိလတ်သော် သာသနာတော်တည်၏။

ဂေါတမမြတ်ဗုဒ္ဓက "ချစ်သား သာရိပုတ္တရာ၊ ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရားနှင့် ဝေဿဘူမြတ်စွာဘုရားတို့၏ သာသနာတော်သည် အခွန့်ရှည်စွာမတည်ခဲ့။ အကြောင်းမူ ထိုဘုရားရှင်တို့သည် တပည့်သာဝကရဟန်းများအတွက် သိက္ခာပုဒ်များ ပညတ်တော်မမူခဲ့ကြသောကြောင့်တည်း။ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရားတို့၏ သာသနာတော်သည် အခွန့်ရှည်ကြာစွာတည်ခဲ့လေသည်။ အကြောင်းမူ ထိုဘုရားရှင်တို့သည် တပည့်သာဝကရဟန်းများအတွက် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့ကြသောကြောင့်တည်း" ဟု မိန့်ကြားတော်မူခဲ့လေသည်။

ယင်းဒေသနာတော်ကိုထောက်ရှု၍ မြတ်ဗုဒ္ဓသာသနာတော် အခွန့်ရှည်ကြာစွာတည်ရှိရန်အတွက် ဘုရားရှင်ပညတ်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်တော်များကို သာသနာ့ဝန်ထမ်း ရဟန်းတော်များကိုယ်တိုင်က ရိုသေမြတ်နိုးစွာ ထိန် သိမ်းစောင့်ရှောက်တော်မူကြရန် လိုအပ်ကြောင်း သိသာထင်ရှားလှပေသည်။

http://www.dhammadownload.com

ရဟန်းတို့၏ ဝိနည်းသိက္ခာပုဒ်တော်များကို ဒါယကာ၊ ဒါယိကာမတို့ပါ သိနားလည်ထားခြင်းဖြင့် ရဟန်းတော်များ အာပတ်မသင့်အောင် ကူညီဖြည့်ကျင့်နိုင်မည့်အပြင် ရဟန်းကောင်း၊ ရဟန်းမြတ်တို့ကို ရွေးချယ်ကြည်ညို ကိုးကွယ်တတ်ကြ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အထောက်အကူပြုနိုင်ကြပေမည်။

ရဟန်းသံဃာတော်များအနေဖြင့် မလွဲမသွေ လိုက်နာကျင့်သုံးစောင့်ထိန်းရမည့် ဝိနည်းသိက္ခာပုဒ်တော်များမှာ အကျဉ်းချုပ်အားဖြင့်ရေတွက်လျှင် အောက်ပါအတိုင်း (၂၂၇)ပါးရှိ၏။

(၁)	ပါရာဇိက (သိက္ခာပုဒ်)	၄ ပါး
(၂)	သံဃဒိသိသ် (သိက္ခာပုဒ်)	၁၃ ပါး
(၃)	အနိယတ (သိက္ခာပုဒ်)	၂ ပါး
(၄)	နိဿဂ္ဂိယပါစိတ် (သိက္ခာပုဒ်)	၃၀ ပါး
(၅)	သုဒ္ဓပါစိတ် (သိက္ခာပုဒ်)	၉၂ ပါး
(၆)	ပါဋိဒေသနိ (သိက္ခာပုဒ်)	၄ ပါး
(၇)	သေခိယ (သိက္ခာပုဒ်)	၇၅ ပါး
(၈)	သမထ (သိက္ခာပုဒ်)	၇ ပါး
	စုစုပေါင်း –	၂၂၇ ပါး

ဤဝိနည်းသိက္ခာပုဒ်တော်များသည် မြတ်စွာဘုရား ပညတ်တော်မူခဲ့သည့်အတိုင်း ပင်ဖြစ်၏။

(ဝိနည်းသိက္ခာပုဒ် တစ်ပါးချင်းအကျယ်ကို သီးခြားရှာဖွေလေ့လာကြပါကုန်။)

အာပတ်အမျိုးမျိုး

အထက်ဖော်ပြပါ ရဟန်းတို့စောင့်ထိန်းရမည့် ဝိနည်းသိက္ခာပုဒ်များကို ကျူးလွန်ခြင်း၊ ဖောက်ပြန်ခြင်းကြောင့်လည်းကောင်း၊ လိုက်နာဆောင်ရွက်မှုမပြုခြင်းကြောင့်လည်းကောင်း သင့်ရောက်နိုင်သောအပြစ်ကို အာပတ်ဟုခေါ်သည်။ (အာပတ် – အာပတ္တိ = အပြစ်သို့ရောက်ခြင်း၊ အပြစ်သင့်ခြင်း။)

အာပတ်အမျိုးအစားတို့မှာ အောက်တွင် အပြစ်ကြီးငယ်အစဉ်လိုက် ဖော်ပြထားသည့်အတိုင်း (၇)ပါး ရှိ၏။

http://www.dhammadownload.com

၁။ ပါရာဇိကအာပတ်

ပါရာဇိကသိက္ခာပုဒ်များကို ကျူးလွန်ခြင်းကြောင့် သင့်သောအာ ပတ်၊ ရဟန်းဘဝဆုံးရှုံးစေသော အပြစ်ဖြစ်၏။ ဤအာပတ်မျိုးသင့်သော ရဟန်းသည် ဤဘဝတစ်သက်တာ ရဟန်းဘဝကိုဆုံးရှုံးပြီး ရဟန်းဘဝ ကို တစ်ဖန်ပြန်လည်ရယူနိုင်ခြင်းမရှိတော့ချေ။ ထိုပါရာဇိကကျပြီးသော ရဟန်းကို သိမ်အတွင်း၌ အရာအထောင်မကသော ရဟန္တာတို့က ဥတ် ကမ္မဝါစာကို အကြိမ် အရာအထောင်မကဖတ်၍ ရဟန်းခံပေးသော်လည်း ရဟန်းမဖြစ်။ ရှင်သာမဏေဘဝကိုမူ ရနိုင်ပါ၏။ သို့မဟုတ် လူဝတ်လဲရ၏။

ပါရာဇိကကျပြီးသောရဟန်းသည် မိမိအပြစ်ကို ဝန်မခံရဲဘဲ ရဟန်းယောင်ဆောင်ပြီး အခြားရဟန်းစစ်များနှင့် အတူရောနှောနေပါက အပြစ်များ ထပ်ကာထပ်ကာဖြစ်ကာ ပိုမိုနစ်မွန်းမည်ဖြစ်၏။ သံဃာ့ကိစ္စအားလုံးတွင်လည်း ပါရာဇိကကျပြီးသောရဟန်းကို သံဃာအရေအတွက်အဖြစ် ထည့်သွင်းရေတွက်မိပါက သိ၍ဖြစ်စေ၊ မသိသောကြောင့် ဖြစ်စေ သံဃာ့အမှုကိစ္စများ အထမမြောက်၊ မအောင်မြင်။ ဥပမာ– သာသနာတော် တွင် အလွန်အရေးကြီးသည့် သိမ်သမုတ်ရာ၌ ရဟန်းကောင်း အနည်းဆုံး(၄)ပါး ပါ ဝင်ဆောင်ရွက်မှ သိမ်အောင်မည်ဟု သတ်မှတ်ချက်ရှိရာ ယင်း(၄)ပါး၌ ပါရာဇိကကျ ပြီးသူ ပါဝင်နေပြီး အခြားရဟန်းကောင်းလည်း အပိုမပါဘဲ သိမ်နတ်လျှင်သော်လည်း ကောင်း၊ သိမ်သမုတ်လျှင်သော်လည်းကောင်း ထိုသိမ် မအောင်မြင်နိုင်ပေ။ ရဟန်းခံ ခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်ခင်းခြင်း အစရှိသည့် သံဃာ့ကိစ္စတို့ ၌လည်း ထိုနည်းတူဖြစ်၏။

ထို့ပြင် ပါရာဇိကကျသောရဟန်းကြောင့် မအောင်မြင်သောသိမ်တွင်ပြုလုပ်သည့် သံဃာ့ကိစ္စအားလုံးတို့သည်လည်း အစဉ်အဆက် အထမမြောက် မအောင်မြင်တော့ပေ။ သိမ်အတွင်းတွင် သံဃာနှင့်ဆိုင်ရာ အမှုကိစ္စများပြုလုပ်ရာ၌ ပါရာဇိကကျပြီးသော ရဟန်းတုရဟန်းယောင် ပါဝင်နေပါက အခြားရဟန်းကောင်းများမှာ သိ၍ဖြစ်စေ၊ မသိသောကြောင့်ဖြစ်စေ ဒုက္ကဋ်အာပတ်သင့်၏။

ပါရာဇိကသိက္ခာပုဒ်(၄)ပါးမှာ–

(က) ပထမပါရာဇိက – မေထုန်မှိဝဲမှု၊

(ခ) ဒုတိယပါရာဇိက – ခိုးမှု၊

(ဂ) တတိယပါရာဇိက – လူသတ်မှု၊

http://www.dhammadownload.com

(ဃ) စတုတ္ထပါရာဇိက – စျာန်၊ မဂ်ဖိုလ် မရသေးဘဲလျက် ရသယောင် ဝါကြွားမှု၊ အရိယာမဖြစ်သေးဘဲလျက် အရိယာဖြစ်သယောင် ဝါကြွားမှု။

ထို့ကြောင့် သာသနာတော်အတွက် အလွန်အန္တ ရာယ်ကြီးများလှသော ရဟန်းတု ရဟန်းယောင်များကို ဤသာသနာတော်မှ နှင်ထုတ်ရန် မြတ်ဗုဒ္ဓကိုယ်တော်တိုင် တိုက်တွန်းဟောကြားတော်မူခဲ့၏။

၂။ **သံဃဒိသိသ်အာပတ်**

သံဃဒိသိသ်သိက္ခာပုဒ်များကို ကျူးလွန်ခြင်းကြောင့် သင့်သောအာပတ်ဖြစ်၏။ ဤအပြစ်သည် သံဃာပရိသတ်ရှေ့၌ ကုစားရသောအပြစ်ဖြစ်၍ အခြားရဟန်းတစ်ပါးထံ၌ ကုစား၍မရ။

၃။ **ထုလ္လစ္စည်းအာပတ်**

အခြားရဟန်းတစ်ပါးထံ ဖွင့်ဟပြောကြားကာ ကုစားရသောအာပတ်များတွင် အကြီးလေးဆုံးသောအာပတ်ဖြစ်၏။ ပါရာဇိကသိက္ခာပုဒ်နှင့် သံဃဒိသိသ်သိက္ခာပုဒ်တို့ကို ကျူးလွန်ရာ၌ ပါရာဇိကအာပတ်နှင့် သံဃဒိသိသ်အာပတ်တို့မသင့်မိ ရှေ့အဖို့၌ သင့်ရောက်သောအာပတ်ဖြစ်၏။

၄။ **ပါစိတ်အာပတ်**

ကုသိုလ်စိတ်မှ လျော့ကျသောအပြစ်ဖြစ်၏။ နိဿဂ္ဂိယပါစိတ်သိက္ခာပုဒ်(၃၀)နှင့် သုဒ္ဓပါစိတ်သိက္ခာပုဒ်(၉၂)ပါးတို့ကို ကျူးလွန်ခြင်းကြောင့် သင့်ရောက်သောအာပတ်ဖြစ်၏။ ရဟန်းတစ်ပါးထံ၌ ဖွင့်ဟပြောကြား၍ ကုစားနိုင်၏။

၅။ **ပါဋိဒေသနီအာပတ်**

သီးခြားအာပတ်ဖြေနည်းဖြင့် ကုစားရသောအပြစ်။ ရဟန်းတစ်ပါးထံ ၌ ဖွင့်ဟပြောကြား၍ ကုစားနိုင်သည်။

၆။ **ဒုက္ကဋ်အာပတ်**

မပြုသင့်သောကာယကံမှုကိုပြုသဖြင့် သင့်သော အငယ်ဆုံးအပြစ်။ ရဟန်းတစ်ပါးထံ၌ ဖွင့်ဟပြောကြား၍ ကုစားနိုင်သည်။

၇။ **ဒုဗ္ဘာသိအာပတ်**

မပြုသင့်သော ဝစီကံအမှုကို ပြုသဖြင့် သင့်သော အငယ်ဆုံးအပြစ်။ ရဟန်းတစ်ပါးထံ၌ ဖွင့်ဟပြောကြား၍ ကုစားနိုင်သည်။

http://www.dhammadownload.com

အပါယ်ကျမည့်သူ(၃)ဦး

မြတ်ဗုဒ္ဓက "ရဟန်းတို့–ဤအယုတ်တရားတို့ကို မစွန့်ပယ်ခြင်းကြောင့် အပါယ်သို့ လားရမည့်သူ၊ ငရဲသို့ရောက်ရမည့်သူတို့သည် ဤသုံးမျိုးတို့တည်း။

၁။ မမြတ်သောအကျင့်ကို ကျင့်သူဖြစ်ပါလျက် မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသူသည်လည်းကောင်း၊ (ရဟန်းမဟုတ်ပါဘဲလျက် ရဟန်းဟု ဝန်ခံသူ)

၂။ မြတ်သောအကျင့်ကို ကျင့်သော စင်ကြယ်သောပုဂ္ဂိုလ်ကို အခြေအမြစ်မရှိသော၊ မမြတ်သောအကျင့်ဖြင့် စွပ်စွဲသူသည်လည်းကောင်း၊ (ရဟန်းကောင်းကို ပါရာဇိကအာပတ်ဖြင့် စွပ်စွဲဖျက်စီးသူ)

၃။ ကာမဂုဏ်ခံစားမှု၌ အပြစ်မရှိဟုယူဆ၍ ကာမဂုဏ်တို့၌ သုံးဆောင်ခံစားသူသည်လည်းကောင်း၊

ရဟန်းတို့– ဤသူသုံးမျိုးတို့သည် ဤအယုတ်တရားသုံးပါးကို မစွန့်ပယ်ခြင်းကြောင့် အပါယ်သို့ လားရောက်ရမည့်သူ၊ ငရဲသို့ကျရောက်ရမည့်သူများ ဖြစ်ကြကုန်၏။"

လဒ္ဓိနှင့် အလဒ္ဓိ

အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံသောရဟန်းကို အလဒ္ဓိရဟန်း(သီလမပြည့်စုံသောရဟန်းဆိုး)ဟု သိအပ်၏။

၁။ အာပတ်သင့်မည့် အမှုများကို သိလျက်တမင်တကာ လွန်ကျူးခြင်း။

၂။ သင့်ရောက်သောအာပတ်ကို အခြားရဟန်းတစ်ပါးထံ၌ ဖွင့်ဟဝန်ခံပြောကြားမှု၊ ကုစားမှု မပြုခြင်း။

၃။ ဆန္ဒဂတိ၊ ဒေါသဂတိ၊ မောဟဂတိ၊ ဘယဂတိ ဟူသော အဂတိလေးပါးလိုက်စားခြင်း။

အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံသောရဟန်းကို လဒ္ဓိရဟန်း (သီလဝန္တနှင့် ပြည့်စုံသောရဟန်းကောင်း) ဟု ဆိုအပ်၏။

၁။ အာပတ်သင့်မည့်အမှုကိစ္စကို မကျူးလွန်ခြင်း။

၂။ မလွဲမရှောင်သာ၍ အာပတ်သင့်ပါကလည်း ထိုအာပတ်ကို ဖွင့်ဟဝန်ခံပြောကြား ကုစားခြင်း။

၃။ အဂတိတရာ လေးပါး မလိုက်စားခြင်း။

http://www.dhammadownload.com

သိက္ခာချခြင်း

သိက္ခာချခြင်းဆိုသည်မှာ မိမိသည် ရဟန်းသီလကို ကျင့်သုံးနိုင်ခြင်းမရှိတော့ပါကြောင်း ဖွင့်ဟပြောကြားခြင်းပင်ဖြစ်၏။ သိက္ခာချရာ၌ အောက်ပါအချက်(၆)ချက်နှင့် ပြည့်စုံရ၏။

၁။ အမှန်တကယ် ရဟန်းအဖြစ်ဖြင့်မနေလိုခြင်း။ (သိက္ခာချလိုစိတ်ရှိခြင်း)
၂။ သတ်မှတ်ထားသည့် သိက္ခာချစကားလုံး မှန်ကန်ခြင်း။
၃။ ပစ္စုပ္ပန်ကာလ၌ ပြောဆိုခြင်း။
၄။ နှုတ်ဖြင့် ပီသစွာဆိုခြင်း။
၅။ ထိုပြောဆိုသောစကားကို နားထောင်သူ (သိက္ခာချပေးသူ)မှာ လူသားစင်စစ်ဖြစ်ခြင်း။
၆။ နားထောင်သူက ချက်ချင်းနားလည်ခြင်း။

ရဟန်းအဖြစ်မှ သိက္ခာချရာ၌ တစ်နည်း ရှင်သာမဏေဘဝသို့ ကူးပြောင်းရာ၌ ဝိနည်းကျမ်းကျင်လိမ္မာသော ရဟန်းတော်များထံတွင်သာ ထိုရဟန်းတော်များ ညွှန်ပြသည့်အတိုင်း သိက္ခာချသင့်ပါသည်။ သိက္ခာကျအောင် သိက္ခာချမှ ရဟန်းအဖြစ်မှလွတ်မြောက်၏။ သို့မဟုတ်ပါက လူဝတ်လဲသော်လည်း ရဟန်းအသွင်ဖြစ်နေသေး၍ အာပတ်အမျိုးမျိုးသင့်ရောက်ကာ ပါရာဇိကအာပတ်ကျသည်အထိ ဖြစ်နိုင်၏။ ထို့ကြောင့် သိက္ခာကျအောင် သိက္ခာချဖို့အလွန်အရေးကြီးကြောင်း ယခုခေတ် ဒုလ္လဘရဟန်းများ သတိပြုကြပါကုန်။

ရဟန်းမခံထိုက်သောပုဂ္ဂိုလ်များ

ဤဘဝတစ်သက်တာတွင် ရဟန်းဘဝကို မရနိုင်သူ၊ ရဟန်း မခံထိုက်သူတို့မှာ အရေအတွက်အားဖြင့် အောက်ပါအတိုင်း (၁၁)ယောက်ရှိ၏။

၁။ ထေခိုး (ရဟန်းကောင်းများနှင့် ပေါင်းသင်းနေထိုင်သော ရဟန်းတု ရဟန်းယောင်)၊ လိင်ခိုး (ရဟန်းအသွင်ခိုးသော ရဟန်းတု ရဟန်းယောင်)ပြုဖူးသူ၊
၂။ ရဟန်းဖြစ်လျက် အယူတစ်ပါးသို့ကူးပြောင်းသူ၊
၃။ လူမဟုတ်သူ၊ (နတ်နှင့် တိရစ္ဆာန်များ)
၄။ အမိကိုသတ်သူ၊
၅။ အဖကိုသတ်သူ၊
၆။ ရဟန္တာကိုသတ်သူ၊
၇။ မြတ်စွာဘုရားကို (သွေးခြည်၌) ဒဏ်ရာရအောင် ပြုလုပ်သူ၊
၈။ သံဃာအသင်းအဖွဲ့ကွဲပြားအောင် ပြုလုပ်သူ၊
၉။ ရဟန်းမ (ဘိက္ခုနီ)ကို မုဒိမ်းကျင့်သူ၊
၁၀။ အဖို၊ အမ အင်္ဂါနှစ်မျိုး ရှိသူ၊ (ဥဘတောဗျည်ဉ)
၁၁။ အဖိအင်္ဂါ၊ အမအင်္ဂါ နှစ်မျိုးလုံးမပါသူ၊ (ပဏ္ဍုက်)

http://www.dhammadownload.com

အခန်း(၁၇)

သောတာပန်ဂုဏ်ရည်

သောတာပတ္တိဖိုလ်

မြေပြင် တစ်ခုလုံး၌ မင်းဧကရာဇ်ဖြစ်ရသည်ထက် လည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်ရသည်ထက် လည်းကောင်း၊ တစ်လောကလုံးကို အစိုးရသည်ထက်လည်းကောင်း သောတာပတ္တိဖိုလ်သည် ပို၍မြတ်၏။

(ဓမ္မပဒ၁)

http://www.dhammadownload.com

သောတာပတ္တိမဂ်

အရိယာမဂ်(မဂ်လေးပါး)သို့ အစဦးဆုံးရောက်သောမဂ်၊ အရိယာမဂ်တို့တွင် အနိမ့်ဆုံးမဂ်ဖြစ်၏။ သောတာပတ္တိမဂ်သို့ ရောက်ပြီးဖြစ်သော တရားကျင့်သောပုဂ္ဂိုလ်သည် ကိလေသာသံယောဇဉ်(၁၀)ပါးအနက် မိစ္ဆာဒိဋ္ဌိ(အယူမှားခြင်း)၊ ဝိစိကိစ္ဆာ(တွေဝေယုံမှား ရှုပ်ထွေးခြင်း)၊ သီလဗ္ဗတ္တပရာမာသ(မမှန်သောအကျင့်၊ မှားသောအကျင့်များ)၊ ကာမသာ(ငြူစူခြင်း)နှင့် မစ္ဆရိယ(ဝန်တိုခြင်း) ဟူသော ကိလေသာ(၅)ပါးကို လုံးဝပယ်သတ်နိုင်၍ ကာမရာဂ(တပ်မက်မှု)နှင့် ပဋိဃ(အမျက်ဒေါသထွက်မှု)ဟူသော ကိလေသာနှစ်ပါးကို အလွန်ပါးစေနိုင်၏။

ဤမဂ်ကိုရရှိထားသောပုဂ္ဂိုလ်သည် အိမ်ထောင်သားမွေးအမှုကို ပြုသေးသော်လည်း လောဘ၊ ဒေါသ၊ မောဟ တရားဆိုးများ နည်းပါးသွားပြီဖြစ်၏။ ဤပုဂ္ဂိုလ်မျိုးကို သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဟုခေါ်သည်။

သောတာပတ္တိဖိုလ်

မိမိရရှိထားသော သောတာပတ္တိမဂ်ချမ်းသာကို သုံးဆောင်ခံစားရရှိနေခြင်းကို သောတာပတ္တိဖိုလ် ရရှိသည်ခေါ်၏။ သောတာပတ္တိဖိုလ်သည် သောတာပတ္တိမဂ်ရရှိခြင်း၏ အကျိုးတရားဖြစ်၏။ သောတာပတ္တိမဂ် ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် စက္ကန့်မခြား သောတာပတ္တိဖိုလ်သည် ဖြစ်ပေါ်လာရ၏။ ဤပုဂ္ဂိုလ်မျိုးကို သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်ဟု ခေါ်သည်။

သောတာပန်

သောတာပတ္တိမဂ်ဖိုလ်ကို ရရှိသောပုဂ္ဂိုလ်အား သောတာပန်ပုဂ္ဂိုလ်ဟုခေါ်၏။ တစ်နည်းအားဖြင့် ရှစ်ခုမြောက်ပဋိသန္ဓေမရှိသော ပုဂ္ဂိုလ်လည်းမည်၏။

သောတာပန်ပုဂ္ဂိုလ်သည် အပါယ်လေးပါးတံခါးကို လုံးဝပိတ်ထားနိုင်ပြီဖြစ်၏။ အတိတ်မှကံတို့သည် အပါယ်လေးပါးသို့ရောက်အောင် တွန်းချနိုင်သောစွမ်းအင် မရှိကြတော့ပေ။ သောတာပန်ဖြစ်ပြီးနောက် မကောင်းမှုအကုသိုလ်ဟူသမျှတို့ကို အသက်ဟူသောအကြောင်းကြောင့်ပင် (အသက်ကိုစွန့်၍) မပြုလုပ်တော့ပေ။ ဤဘဝမှလွန်သည်ရှိသော် နတ်ဘဝ၊ လူ့ဘဝများကို အဖန်ဖန်အလဲလဲကူးပြောင်းပြီး ခုနစ်ဘဝမြောက်တွင် နိဗ္ဗာန်သို့စံဝင်မည်ဖြစ်သည်။ ပါရမီရင့်သန်ပါက ခုနစ်ဘဝထက်စောလျှင်ပင် နိဗ္ဗာန်သို့စံဝင်နိုင်သည်။

http://www.dhammadownload.com

သောတာပန်ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ(ရုပ်နာမ်ကိုမမြင်ခြင်း)ကို ပယ်ပြီးဖြစ်၍ အခြားဒိဋ္ဌိမှန်သမျှကိုလည်း ပယ်ပြီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သက္ကာယဒိဋ္ဌိသည် ဒိဋ္ဌိမှန်သမျှတို့၏ အရင်းခံဖြစ်ခြင်းကြောင့်ပင်တည်း။

ထိုနည်းတူ ဝိစိကိစ္ဆာ(ပညာကင်း၍ ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ ယုံမှားရွံပ်ထွေးနေခြင်း)ကား ဘုရား၌ယုံမှားခြင်း စသောယုံမှားခြင်း(၈)မျိုး၏ မူလအခြေခံဖြစ်၍ ယင်းကိုပယ်ခြင်းဖြင့် အခြားယုံမှားခြင်းမှန်သမျှကို ပယ်ပြီးဖြစ်၏။

ထို့ပြင် သီလဗ္ဗတ(ကိလေသာစင်ကြယ်ကြောင်း)ဟု သာသနာပတိတ္ထိတို့ယူဆသော နွား၊ ခွေး စသည်တို့၏အလေ့အကျင့်ကိုလည်း ပယ်ပြီးဖြစ်သဖြင့် အခြားနဂ္ဂိယ(အဝတ်မဝတ်သည်၏အဖြစ်)၊ မုဏ္ဍိယ(ခေါင်းတုံးသည်၏အဖြစ်) စသော အမရတပ(မသေကြောင်းဟု ယူဆကျင့်သောအကျင့်မျိုး)မှန်သမျှကို ပယ်ပြီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သီလဗ္ဗတသည်လည်း သာသနာပတိတ္ထိတို့၏ အလေ့အကျင့်မှန်သမျှ၏ မူလအရင်းခံဖြစ်၏။

သောတာပန်မှာ ကိလေသာမကုန်သေး၍ ဘဝနှင့် မကင်းရသေးစေကာမူ အပါယ်သို့လားစေတတ်သော ကိလေသာမှန်သမျှ ကုန်ပြီးဖြစ်၍ ကျန်သောကိလေသာတို့၌လည်း အပါယ်သို့ကျစေတတ်သော အစွမ်းသတ္တိမရှိတော့ပေ။ အပါယ်လေးပါး မလားရုံသာမက နိဗ္ဗာန်မရမီစပ်ကြား လားရာသုဂတိဘုံဘဝတို့တွင် နိမ့်ကျသိမ်ငယ်သောအမျိုး၌လည်း မဖြစ်ရတော့ဘဲ အထက်တန်းကျသော အမျိုးကောင်းတို့၌သာ ဖြစ်ရတော့သည်။

သောတာပန်သည် နောင်ဘဝတစ်ပါး၌လည်း မိမိ၏သောတာပန်အဖြစ်ကို မသိစေကာမူ မင်္ဂလာနိယမ(မပြောင်းမလွဲ တည်မြဲသော)သဘောအရ ပါဏာတိပါတစသော ကံဝါးပါးနှင့် အဘိဋ္ဌာန(ဖ)ပါး(လွန်ကဲကြီးလေးသော အကြောင်းအများ)တို့ကို မပြုတော့ပေ။

သောတာပန်သည် ကိုယ်၊ နှုတ်၊ စိတ်နှလုံး သုံးပါးဖြင့် မကောင်းသောပြစ်မှုကို အနည်းငယ်မျှ မပြောပလောက်အောင် လွန်ကျူးမိစေကာမူ ထိုအပြစ်ကို ဖုံးကွယ်ထိမ်ဝှက်မှု မပြုရုံသာမက မိမိ၏အပြစ်ကို ဖော်ပြကုစား၍ နောက်ထပ်မကျူးလွန်တော့ပြီဟု စောင့်စည်းတတ်၏။

သောတာပန်(၃)မျိုး

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဖြင့် အဘိသခါရဝိညာဉ်၏ ချုပ်ငြိမ်းခြင်းကြောင့် ခုနစ်ဘဝအလွန်ထား၍ သံသရာ၌ ရုပ်၊ နာမ်၊ ခန္ဓာတို့၏ ဖြစ်ခွင့်မရှိတော့ပြီ။ သောတာပန်ကား မဂ်ဖိုလ်နိဗ္ဗာန် ရပြီး မြင်ပြီ ဖြစ်၏။

http://www.dhammadownload.com

အကယ်၍ ခုနစ်ဘဝမတိုင်မီ အရဟတ္တဖိုလ်မရသေးပါက ခုနစ်ဘဝမြောက်၌ကား ရဟန္တာမဖြစ်မီ အမှတ်တမဲ့ မား စသည်ဖြင့် ခုတ်သတ်ခံရ၍ ရုတ်တရက်စုတေရစေကာမူ မစုတေမီ အလွန်တိုတောင်းလှသော ကာလလေးအတွင်းမှာပင် ရဟန္တာဖြစ်ပြီးမှ စုတေရ၏။ ရဟန္တာမဖြစ်ဘဲ စုတေရိုးထုံးစံမရှိ။ တစ်နည်းအားဖြင့် သောတာပန်သည် ရှစ်ခုမြောက်သောဘဝသို့မရောက်နိုင်။ သောတာပန်သုံးမျိုးရှိ၏။

၁။ **ဧကဗီဇသောတာပန်**

တစ်ခုသောပဋိသန္ဓေမျိုးစေ့ရှိသော သောတာပန်ဟု အဓိပ္ပာယ်ရ၏။ ထက်မြက်သောဣန္ဒြေရှိသည့် သောတာပန်မှာ တစ်ဘဝသာပဋိသန္ဓေတည်၍ ရဟန္တာဖြစ်၏။

၂။ **ကောလံကောလသောတာပန်**

အမျိုးကောင်းတစ်ခုမှ အမျိုးကောင်းတစ်ခုသို့ ရောက်တတ်သော သောတာပန်ဟု အဓိပ္ပာယ်ရ၏။ နှစ်ဘဝမှ ခြောက်ဘဝအထိ ပဋိသန္ဓေနေသော အလတ်စားဣန္ဒြေရှိသူ သောတာပန်ဖြစ်၏။

၃။ **သတ္တက္ခတ္တုပရမသောတာပန်**

ခုနစ်ကြိမ်အလွန် ပဋိသန္ဓေရှိသော သောတာပန်ဟုအဓိပ္ပာယ်ရ၏။ ခုနစ်ဘဝ ပဋိသန္ဓေနေသော သောတာပန်ကား နုံသောဣန္ဒြေရှိသူတည်း။

သိမှတ်ဖွယ်။ ။ ဤသောတာပန်တို့၏ ဘဝအရေအတွက် ကန့်သတ်ချက်မှာ ကာမဘုံအတွက်သာဖြစ်၍ ရူပဘုံ၊ အရူပဘုံများက သောတာပန်များမှာမူ ပဋိသန္ဓေ အကြိမ်များစွာယူနိုင်၏။ သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်ရ မြန် မမြန်မှာ သဒ္ဓါ၊ ပညာ စသောဣန္ဒြေများ အနု၊ အရင့်ကို အစွဲပြု၍ဖြစ်၏။

မည်သို့ပင်ဖြစ်စေ အညံ့ဆုံးသော သောတာပန်သည်ပင် အပါယ်ဘေးဒုက္ခ၊ ဧာတိ၊ ဧရာ၊ မရဏ စသောဒုက္ခများကို ကြီးမားများပြားစွာ ခံကြရဦးမည့် သံသရာဘေးဒုက္ခကို ခုနစ်ဘဝမျှဖြင့် လက်စသိမ်းကာ ငြိမ်းရတော့မည်။ အချမ်းသာကြီး ချမ်းသာရတော့မည်သာဖြစ်၏။

သောတာပတ္တိယင်္ဂတရား(၄)ပါး

သောတာပတ္တိမဂ်ရရန် ရှေ့အဖို့က ပြည့်စုံစေရမည့် အကြောင်းအင်္ဂါများဖြစ်၏။ ယင်းတရား(၄)ပါးမှာ –

http://www.dhammadownload.com

၁။ သပ္ပုရိသသံဝေဂ – မဂ်ဖိုလ်လမ်းပြ သူတော်ကောင်းနှင့် ပေါင်းသင်းရခြင်း၊

၂။ သဒ္ဓမ္မသဝန – တရားစစ် တရားမှန်ကို နာကြားရခြင်း၊

၃။ ယောနိသောမနသိကာရ – သင့်တင့်ကောင်းမွန်ဖြောင့်မတ်သော နှလုံးသွင်းမှုနှင့် ပြည့်စုံရခြင်း၊

၄။ ဓမ္မာနုဓမ္မာပဋိပတ္တိ – မဂ်ဖိုလ်ရောက်သောတရားကို မလျှော့သောလုံ့လဖြင့် ကျင့်ဆောင်အားထုတ်ရခြင်း၊

သောတာပန်ပုဂ္ဂိုလ်တို့၏ ရမြဲဂုဏ်အင်္ဂါရပ်များ

၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် ယုံကြည်သက်ဝင် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊

၂။ တရားတော်၌ မတုန်မလှုပ် ယုံကြည်သက်ဝင် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊

၃။ သံဃာတော်၌ မတုန်မလှုပ် ယုံကြည်သက်ဝင် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊

၄။ မကျိုး၊ မပေါက်၊ မပြောက်၊ မကျားကုန်သော သမာဓိကိုဖြစ်စေတတ်ကုန်သော၊ အရိယာတို့ နှစ်သက်အပ်ကုန်သောသီလ (အရိယကန္တ သီလ)တို့နှင့် ပြည့်စုံခြင်း၊

သောတာပန်သည် တရားကိုသိရာ၌ ကိုယ်တွေ့ဖြစ်၍ တရား၌စစ်မှန်ကြောင်း အတည်ပြု ဆုံးဖြတ်နိုင်ခြင်းကြောင့်ပင် ဤဂုဏ်အင်္ဂါလေးပါးသည် သောတာပန်တို့ ရမြဲဖြစ်သော ဂုဏ်အင်္ဂါများဖြစ်ပါသည်။ ဤလေးပါးသည် မဂ်ဖြင့်ပြီးသောကြောင့် သောတာပတ္တိယင်္ဂ(သောတာပတ္တိမဂ်၏အစိတ်အပိုင်း)ဟုလည်း ဆိုနိုင်၏။ ဓမ္မဒါသ (တရားမှန်)ဟုလည်း မည်၏။ ဤတရားစစ်တရားမှန်ဖြင့် အပါယ်မလားတော့ပြီ။ မဂ်ဟူသောနိယာမဖြင့် မြဲပြီ။ အထက်မဂ်သာ ရဖို့ရှိတော့သည်ဟု သိနိုင်၏။

သောတာပန်သည် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးတို့၌ ဉာဏ်ဖြင့်သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံပေ၏။ ထို့ကြောင့် မြတ်စွာဘုရားက "အပြစ်ရှိသည် မပြုကောင်း"ဟု ပညတ်ဟောကြား တားမြစ်ထားသော အမှုဟူသမျှကို ရှိသေစွာရှောင်ကြဉ်၏။ အသက်ကိုပင်စွန့်၍လည်း စောင့်စည်း၏။

ထို့ပြင် မဂ်ဖြင့်ပြီးသော ဝီရိယနှင့်ပြည့်စုံသောကြောင့် မတရားသောပစ္စည်းရှာခြင်းမျိုးကိုမပြု။ လုံ့လဝီရိယဖြင့် အပင်ပန်းခံ၍ မှန်ကန်သော တရားသမ္မာအာဇီဝဖြင့်သာ ပစ္စည်းရှာ၏။

http://www.dhammadownload.com

ထို့ပြင် မဂ်ဖြင့်ပြီးသောသတိဖြင့်လည်း အမြဲအမှတ်ရနေသောကြောင့် မထိန်းနိုင်မသိမ်းနိုင်လောက်အောင် ပြင်းထန်သော လောဘ၊ ဒေါသ စသည်တို့မဖြစ်နိုင်။

ဤသို့ သဒ္ဓါ၊ ဝီရိယ၊ သတိ စသောကုသိုလ်တို့၏အစွမ်းကြောင့် သောတာပန်ပုဂ္ဂိုလ်တွင် သီလအပြည့်အစုံစင်ကြယ်၏။ လုံခြုံ၏။ နိဗ္ဗာန်မရောက်မီ ဘဝဆက်တိုင်းတွင် ဤအင်္ဂါရပ်များနှင့် ပြည့်စုံနေ၏။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်၌ မျက်မှောက်နှင့် တမလွန်တို့တွင် ဘေးရန်တို့သည် ငြိမ်းကုန်၏။ စိတ်ဆင်းရဲခြင်း၊ နလုံးမသာယာခြင်းများ မခံစားရ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အပါယ်ပဋိသန္ဓေတို့လည်း ကုန်ဆုံးခြင်းသို့ရောက်လေ၏။

သောတာပန်၏ မဟာပစ္စဝေက္ခဏာ(၇)ပါး

ဤ ၇ ပါးသည် ပုထုဇဉ်တို့နှင့်မဆိုင်ဘဲ အရိယာတို့နှင့်သာဆိုင်သော၊ အရိယာတို့သာရနိုင်သော၊ လောကုတ္တရာအရ ဖြစ်လာရသော အသိဉာဏ်များပင် ဖြစ်ပါသည်။

၁။ သောတာပန်သည် အမှန်တရားတို့ကို အမှန်အတိုင်း မသိမမြင်နိုင်အောင် ပိတ်ပင်တားဆီးတတ်သော ကာမ၊ ရာဂ စသော ပရိယုဋ္ဌာန်ကိလေသာများ၊ မိမိ၌ ရှိ မရှိ စဉ်းစားဆင်ခြင်သော ထိုကိလေသာများ၊ မိမိ၌ မပယ်ရှားရသေးသည်မရှိ၊ မိမိစိတ်မှာ သစ္စာတို့ကိုသိမြင်ခြင်းငှာ ကောင်းစွာထားအပ်ပြီဖြစ်ကြောင်း သိ၏။

၂။ ထို့ပြင် ဤအသိဉာဏ်ကို မှီဝဲပွားများ အကြိမ်များစွာ အလေ့အလာပြုနေသောငါသည် မိမိစိတ်၌ ငြိမ်သက်တည်ကြည်ခြင်းကို ရပါ၏လော၊ ကိလေသာငြိမ်းအေးခြင်းကို ရပါ၏လောဟု ဆင်ခြင်သော အရိယာသာဝကသည် ထိုသို့သော တည်ကြည်ခြင်း၊ ငြိမ်းအေးခြင်းမျိုးကို ရ၏ဟုသိရ၏။

၃။ မိမိရသော မဂ်ဉာဏ်အမြင်မျိုးရထားသော ဤသာသနာမှပြင်ပ သမဏဗြဟ္မဏအမည်ခံပုဂ္ဂိုလ်များ ရှိသေးသလောဟု တွေးတောစဉ်းစားသော အရိယာသာဝကသည် မိမိရသော မဂ်ဉာဏ်မျိုးရထားသော အခြားသာသနာပ သမဏ ဗြဟ္မဏအမည်ခံများ မရှိဟု ပိုင်နိုင်စွာသိရ၏။

၄။ ပက်လက်အိပ်တတ်ကာမျှ အရွယ်နုနယ်ကလေးငယ်သည် လက်ဖြင့်ဖြစ်စေ၊ခြေဖြင့်ဖြစ်စေ မီးကျီးခဲကိုထိမိလျှင် လျင်မြန်စွာရုပ်သိမ်းတတ်သကဲ့သို့ ထို့အတူ ကုစားထမြောက်နိုင်သော အာပတ်တစ်ခုခု သင့်ပြီဆိုလျှင် ထိုအာပတ်ကို ဘုရားရှင်ထံဖြစ်စေ၊ သိကြားလိမ္မာသော သီတင်းသုံးဖော်များထံဖြစ်စေ ထင်ရှားပြောကြားခြင်းမှာ မဂ်ဉာဏ်နှင့်ပြည့်စုံသော အရိယာ

http://www.dhammadownload.com

ပုဂ္ဂိုလ်၏ ဓမ္မတာ(ပင်ကိုသဘာဝ)ပင် ဖြစ်၏။ ထိုသဘာဝမျိုး ငါ့မှာရှိသည်ဟု သိရ၏။

၅။ မွေးကာစသားငယ် နွားကလေးရှိသော သားသည်အမေ နွားမသည် မလွဲသာ၍ မြက်ကိုစားနေရသော်လည်း မိမိသားငယ်လေးကို စောင်းကာင့်ကာ တကြည့်ကြည့်ဖြင့် နေရာသက့်သို့ မလွဲသာ၍ သီတင်းသုံးဖော်များ၏ ကိစ္စကြီးငယ်ကို ပြုနေရသော်လည်း မိမိမှာ သိက္ခာသုံးပါးကျင့်ရေးခ်ိသာ ခဲ့ကွက်လိုလားလျက်ရှိသည်မှာ အရိယာတို့၏ သဘာဝတစ်ရပ်ပင်။ ထို သဘာဝမျိုး ငါ့မှာရှိသည်ဟု သိရ၏။

၆။ မြတ်စွာဘုရား၏တရားတော်ကို ဟောကြားအပ်သောအခါ လိုလိုလားလား လေးစားရိုသေစွာ နူးစိုက်နာယူခြင်းမှာ အရိယာ၏ ခွန်အားတစ်မျိုးပင်။ ထိုခွန်အားမျိုး ငါ့မှာရှိသည်ဟု သိရ၏။

၇။ မြတ်စွာဘုရား်တရားတော်ကို ဟောအပ်သောအခါ အနက်အဓိပ္ပာယ်ကို နားလည်သဘောကျခြင်း၊ တရားဒေသနာကို နားလည်သဘောကျခြင်း၊ ထိုသို့နားလည်၍ တရားနှင့်စပ်သော နှစ်သက်ဝမ်းမြောက်မှု ဖြစ်ပေါ်လာရခြင်းမှာ အရိယာ၏ စွမ်းအားတစ်ရပ်ပင်။ ထိုစွမ်းအားမျိုး ငါ့မှာရှိသည်ဟု သိရ၏။

အရိယာဝါသ(၁၀)ပါး

အရိယာဝါသဆိုသည်မှာ အရိယာတို့၏နေရာ၊ အရိယာတို့၏ စံရာဗိမာန်များဟုဆိုလို၏။ တစ်နည်းအားဖြင့် အရိယာတို့၌သာ ပြည့်စုံနိုင်သည့်တရားများဖြစ်ကြ၏။ ယင်းတရား(၁၀)ပါးတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ပယ်ခြင်းငါးပါး

နိဝရဏတရားငါးပါးကို ပယ်နိုင်ခြင်းဖြစ်၏။ ရဟန္တာတို့မှာ ယင်းတရားငါးပါးကို အပြီးသတ်ပယ်နိုင်ပြီး ကျန်အရိယာတို့မှာ ဝိပဿနာအခိုက်မှာသာ ဤတရားများကင်းရှင်းနေ၏။

၂။ ပြည့်စုံခြင်းခြောက်ပါး

အာရုံခြောက်ပါးနှင့်ကြုံရသော် သတိသမ္ပဇဉ်ဖြင့် ဝမ်းမသာ၊ စိတ်မဆိုး အညီအမျှပြု လျစ်လျူရှုနိုင်၏။ ရဟန္တာတို့မှာ ဤခြောက်ပါးနှင့် အစဉ်ပြည့်စုံနေပြီး ကျန်အရိယာတို့မှာ ဝိပဿနာအခိုက်၌ ဤတရားများဖြင့် ပြည့်စုံမြဲဖြစ်၏။

http://www.dhammadownload.com

၃။ **အစောင့်တစ်ပါး:ရှိခြင်း**

ရုပ်နာမ်တို့ကို သတိဖြင့်ရှုမှတ်နေသောပုဂ္ဂိုလ်၌ နီဝရဏတရားများကို သတိက ကာကွယ်စောင့်ရှောက်ပေးလျက်ရှိရာ အရိယာတို့အနေဖြင့် ပဓာနဖြစ်သော သတိအစောင့်ကို တည်ဆောက်ပြီးဖြစ်၏။

၄။ **မှီရာလေးပါး:ရှိခြင်း**

(က) ဆင်ခြင်၍မှီဝဲခြင်း (ပစ္စည်းကိုသုံးဆောင်သောအခါ တဏှာမဖြစ်စေရန် ဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်း။)

(ခ) ဆင်ခြင်၍သည်းခံခြင်း (အချမ်းအပူ စသည်တို့နှင့်ကြုံရသောအခါ ခံနိုင်ရည်ရှိခြင်း။)

(ဂ) ဆင်ခြင်၍ရှောင်ခြင်း (ဆင်၊ မြင်း၊ နွား၊ ဆူး၊ ငြောင့်၊ ခလုတ် စသည့်အန္တရာယ်များကို သတိပြုရှောင်ရှားခြင်း။)

(ဃ) ဆင်ခြင်၍ပယ်ဖျောက်ခြင်း (ကာမဝိတက် စသည်တို့ဖြစ်လာသော အခါ သတိပြု၍ပယ်ဖျောက်ခြင်း။)

သော မှီရာလေးပါးနှင့်လည်း ပြည့်စုံရ၏။

၅။ **သီးသန့်သစ္စာများကိုပယ်ခြင်း**

ငါ့အယူသာအမှန်ဟု အယူမှားနေသော်လည်း အမှန်အဖြစ်ယူကြသော ဒိဋ္ဌိသစ္စာများကို အရိယာမှန်သမျှ မဂ်ဖြင့်ပယ်ပြီးဖြစ်၏။

၆။ **ရာမိုးခြင်းကိုပယ်ခြင်း**

ကာမကိုရာမိုးခြင်း၊ ဘဝကိုရာမိုးခြင်းနှင့် ဗြဟ္မစရိယ မြတ်သောအကျင့်ကိုရာမိုးခြင်းဟူသော ရာမိုးခြင်းများကို ရဟန္တာတို့သည် အပြည့်အစုံပယ်ပြီးဖြစ်၏။

၇။ **အကြံကြည်လင်ခြင်း**

ကာမဝိတက်၊ ဗျာပါဒဝိတက်နှင့် ဝိဟိံသဝိတက်တို့ကို ပယ်ပြီးဖြစ်၍ အကြံမနောက်ကို အစဉ်ကြည်လင်သန့်ရှင်းလျက်ရှိ၏။ (ဤဗိမာန်မှာ အနာဂါမ်နှင့် ရဟန္တာတို့၌သာ အပြည့်အစုံဖြစ်နိုင်၍ အခြားအရိယာတို့သည် ဝိပဿနာအခိုက် ဖိုလ်အခိုက်မှာသာ ရလျက်ရှိ၏။)

http://www.dhammadownload.com

၈။ **ကာယသခ်ါရငြိမ်းခြင်း**

စတုတ္ထစျာန်ရသောပုဂ္ဂိုလ်များမှာ ကာယသခ်ါရငြိမ်းခြင်း ဖြစ်လျက်ရှိ၏။

၉။ **ကိလေသာတို့မှလွတ်သောစိတ်ရှိခြင်း**

ရဟန္တာတို့တွင်သာ အစဉ်ပြည့်စုံသောတရားဖြစ်၍ အခြားအရိယာတို့တွင်မူ ဝိပဿနာအခိုက်၊ ဖလသမာပတ်အခိုက်၌ကား ရလျက်ရှိ၏။

၁၀။ **လွတ်ကြောင်းသိသောပညာ**

ငါ့မှာ ရာဂ၊ ဒေါသ၊ မောဟတို့မှ လွတ်ကင်းပြီ ပယ်ပြီးပြီဟုသိသော ပစ္စဝေက္ခဏာဉာဏ်ရှိ၏။

အရိယာဗိမာန်တို့ကို ခေတ္တပိုင်ဆိုင်နိုင်သော ပုထုဇဉ်မျိုး

အရိယာမဖြစ်သေးသော်လည်း ဝိပဿနာအလုပ်၊ ဘာဝနာအလုပ် အားထုတ်လျက်ရှိကြကုန်သော ပုထုဇဉ်များသည် အချို့ အရိယာဗိမာန်များ၌ နေနိုင်သည်သာဖြစ်၏။

သို့သော် အရိယာတို့သာ ဗုဒ္ဓပုတ္တ(ဘုရားသားတော်)၊ ဗုဒ္ဓဓီတာ(ဘုရားသမီးတော်) အစစ်အမှန်များဖြစ်၍ လောကုတ္တရာအမွေကို ဆက်ခံနိုင်ကြသူများ ဖြစ်ကြ၏။ အရိယာဝါသတရားများနှင့် အစဉ်ပြည့်စုံနိုင်ကြသူများလည်းဖြစ်၏။ ပုထုဇဉ်များမှာမူ လောကုတ္တရာအလုပ် အဆုံးသို့မရောက်နိုင်ကြသေးသဖြင့် ဝိပဿနာတရား အားထုတ်နေခိုက်မှာသာ အရိယာဝါသတရားအချို့ကို ခေတ္တခဏ ပိုင်ဆိုင်ရရှိနေခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

အခန်း(၁၈)

ဥပါသကာဂုဏ်ရည်

သူတော်ကောင်းရနံ့

ပန်းတကာတို့၏ရနံ့သည် လေညာသို့မသွား၊ သူတော်ကောင်း တို့၏ရနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာ အားလုံး၌ ပျံ့နှံ့လှိုင်ကြူရ၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ဥပါသကာ

ဥပါသကာဟူသည် ဆည်းကပ်သူဟု အနက်ရ၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး တို့ကို ကိုးကွယ်အားထားရာဟု ဆည်းကပ်သူ၊ သိမှတ်သူပင်ဖြစ်၏။ ဤသို့သောပုဂ္ဂိုလ်သည် အမျိုးသားဖြစ်လျှင် ဥပါသကာ၊ အမျိုးသမီးဖြစ်လျှင် ဥပါသိကာ ဟုခေါ်၏။

သရဏဂုံ ခံယူဆောက်တည်သည်မှစ၍ ဥပါသကာ၊ ဥပါသိကာ အဖြစ်သို့ရောက်၏။ တည်နည်းအားဖြင့် သာသနာတော်တစ်ခါးဝက ဓတင်ဝင်ရောက်လာသူ ဗုဒ္ဓပရိသတ် အဖြစ်သို့ ရောက်ရှိပြီဖြစ်၏။ ဥပါသကာ၊ ဥပါသိကာတို့၏အမည်မှာ မိမိတို့၏ ဓမ္မဂုဏ်အရ ရခဲ့သောအမည်ဖြစ်ပါသည်။ သာသနာရေး၊ ဓမ္မရေးဆိုင်ရာ မိမိရရှိထား သောဂုဏ်အကြောင်းအရာများကို ကောင်းစွာသိမြင်ခြင်းသည် သဒ္ဓါ၊ ပညာ စသော တရားများတိုးတက်ကြောင်း ကောင်းသောပညာတစ်ရပ်ဖြစ်ပါ၏။

ဤအခန်းတွင် ဥပါသကာဟုဆိုရာ၌ ဥပါသိကာတို့ပါ အကျုံးဝင်၏။

ဥပါသကာအမျိုးအစား

သဒ္ဓါဥပါသကာနှင့် ပညာဥပါသကာဟူ၍ နှစ်မျိုးရှိ၏။

သဒ္ဓါအားကြီးပြီး ပညာအားနည်းသော ဥပါသကာ၏သိက္ခာသည် အဆင့်အတန်းနိမ့်သောသိက္ခာသာ ဖြစ်ဖို့ရှိ၏။ ပညာအားကြီးပြီး သဒ္ဓါအားနည်းသော ဥပါသကာဖြစ်ပြန်ပါကလည်း ဘုရားကိုဝေဖန်၊ တရားကိုဝေဖန်၊ သံဃာကိုဝေဖန် အကျင့်မမှန်သော သိက္ခာ ဖြစ်ရပြန်၏။ သဒ္ဓါသက်သက်ဥပါသကာ၊ ပညာသက်သက်ဥပါသကာတို့၏ သိက္ခာသည်လည်း အားနည်းတတ်၏။

ဥပမာ– သဒ္ဓါသက်သက် ဥပါသကာက စေတီပုထိုးတို့ကိုရှိခိုးသောအခါ တကယ့်ဘုရား၌ စိတ်မရောက်တတ်၊ တကယ့်ဘုရားဂုဏ်တော်တို့ကို အာရုံမပြုတတ်၊ စေတီ၊ ရုပ်ပွား၊ ဆင်းတုတော်တို့၌သာ ဆုံးနေတတ်၏။ ပညာသက်သက်ဥပါသကာမှာမူ တကယ့်ဘုရားမှမဟုတ်ဘဲ ရုပ်တုကိုးကွယ်လို့အကျိုးမရှိ စသည်ဖြင့် အယူအဆလွန်သွားတတ်၏။

ထို့ကြောင့် ဥပါသကာ၊ ဥပါသိကာဖြစ်တိုင်းလည်း သဒ္ဓါ၊ ပညာနှစ်ပါး တစ်ပြေးညီဖြစ်နိုင်သည်မဟုတ်ပေ။ အရေးကြီးသည်မှာ ဘုရားရှင်အလိုတော်ကျ ဥပါသကာ၊ ဥပါသိကာအမျိုးအစားဖြစ်မှသာ အကျိုးများ၍ ဥပါသကာဂုဏ်ရည်များနှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်များ၊ သာသနာ့ဂုဏ်ဆောင်သူတော်ကောင်းများ ဖြစ်နိုင်ကြပေမည်။

http://www.dhammadownload.com

ဘုရားရှင်အလိုကျ ဥပါသကာ၊ ဥပါသိကာ

ဘုရားရှင်အလိုကျ သိက္ခာရသူ ဥပါသကာ၊ ဥပါသိကာမများသည် ရတနာမြတ်သုံးပါး၏ဂုဏ်တော်များကို အမှန်တကယ်ယုံကြည်ခြင်းသဒ္ဓါ၊ ရတနာမြတ်သုံးပါး၏ဂုဏ်တော်များကို အမှန်တကယ်သိမြင်မှုပညာမည်သောသဒ္ဓါ၊ ပညာနှစ်ပါး တစ်ပြေးညီရှိကြသော ပုဂ္ဂိုလ်များပင်ဖြစ်ပါ၏။

ဥပါသကာဂုဏ်(၁၀)ပါး

၁။ သံဃာနှင့်တူမျှသော ချမ်းသာဆင်းရဲရှိ၏။
၂။ တရားတော်သာ အကြီးအမှူးရှိသူဖြစ်၏။
၃။ စွမ်းအားအလျောက် ဝေဖန်ခွဲခြားလှူဒါန်းခြင်း၌ မွေ့လျော်၏။
၄။ ဘုရားသာသနာတော် ဆုတ်ယုတ်မည်ကို တွေ့မြင်ရသော် ကြီးပွားတိုးတက်ခြင်းငှာ အားထုတ်၏။
၅။ မှန်ကန်သောအမြင် (သမ္မာဒိဋ္ဌိ)ရှိ၏။
၆။ ကိုယ်နှုတ်နှစ်ရပ်ကို ကောင်းစွာစောင့်စည်းတတ်၏။
၇။ ညီညွတ်ခြင်း၌ မွေ့လျော်ပျော်ပိုက်၏။ မငြူစူတတ်၊ အံ့ဖွယ်အယောင်ဆောင်၍ သာသနာတော်၌ မလှည့်လည်။
၈။ ဘုရားရှင်ကို ကိုးကွယ်ရာဟု သိမှတ်ဆည်းကပ်၏။
၉။ တရားတော်ကို ကိုးကွယ်ရာဟု သိမှတ်ဆည်းကပ်၏။
၁၀။ သံဃာတော်ကို ကိုးကွယ်ရာဟု သိမှတ်ဆည်းကပ်၏။

ဥပါသကာ၏ပြည့်စုံခြင်း

ဥပါသကာ၊ ဥပါသိကာတို့၏ ပြည့်စုံခြင်းဆိုသည်မှာ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ လုံမြဲခြင်းနှင့် သမ္မာအာဇီဝ(ကောင်းသောအသက်မွေးမှု)တို့ဖြင့် ပြည့်စုံခြင်းပင်ဖြစ်၏။ ထို့ပြင် ပြည့်စုံခြင်းအင်္ဂါ(၅)ပါးလည်းရှိသေး၏။ ယင်းအင်္ဂါ(၅)ပါးမှာ–

၁။ သဒ္ဓါရှိခြင်း၊
၂။ သီလရှိခြင်း၊
၃။ အထူးအဆန်းဖြစ်သော ဝတ္ထုကို မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရခြင်းကြောင့် မင်္ဂလာဖြစ်၏ဟု မယူဆခြင်း၊ (မကောင်းသောအရာဝတ္ထုတို့ကို တွေ့သောအခါ အမင်္ဂလာဟု မယူဆခြင်း)

http://www.dhammadownload.com

၄။ ကံကိုယုံ၍ မင်္ဂလာကိုမယုံခြင်း၊
၅။ ဗုဒ္ဓသာသနာပြင်ပ၌ အလှူခံမရှာ၊ ဤသာသနာတော်တွင်း၌သာ လှူခြင်း၊ မြတ်နိုးခြင်း စသည်ကို ဦးစွာပြုခြင်းတို့ဖြစ်ပါသည်။

ဤသို့စုံညီပြည့်စုံသော ဥပါသကာ၊ ဥပါသိကာတို့ကို ဥပါသကရတန(သဒ္ဓါစသောတရားများရှိနေ၍ ပရိသတ်လေးပါးတို့အား နှစ်သက်မွေ့လျော်မှုကို ဖြစ်စေတတ်သူ)၊ ဥပါသကဒုမ (သီလ စသော ဂုဏ်အရောင်အဝါ ကျော်စောသတင်းမွှေးကြိုင်ခြင်းတို့နှင့် ပြည့်စုံသူ)နှင့် ဥပါသကပုဏ္ဏရိက (ဂုဏ်အရည်အဆင်းကျော်စောခြင်း၊ ရနံ့ရှိခြင်းတို့နှင့် ပြည့်စုံသူ) ဟု မည်ကြောင်း မြတ်ဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဥပါသကာ၏ ပျက်စီးခြင်း

ဥပါသကာ၊ ဥပါသိကာတို့၏ ပျက်စီးခြင်းဆိုသည်မှာ ငါးပါးသီလပျက်စီးခြင်းနှင့် သမ္မာအာဇီဝပျက်စီးခြင်းတို့ဖြစ်သည်။ ထို့ပြင် ပျက်စီးကြောင်းအင်္ဂါ(၅)ပါးလည်း ရှိသေး၏။ ယင်းအင်္ဂါ(၅)ပါးမှာ –

၁။ သဒ္ဓါတရားမရှိခြင်း၊
၂။ သီလမရှိခြင်း၊
၃။ အထူးအဆန်းဖြစ်သော မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရသောဝတ္ထုတို့ကို မင်္ဂလာဟုယူဆခြင်း၊ (မကောင်းသောအရာဝတ္ထုတို့ကို မြင်ရသော အခါ အမင်္ဂလာဟုယူဆခြင်း)
၄။ မင်္ဂလာကိုသာယုံ၊ ကံကိုမယုံခြင်း၊
၅။ ဘုရားသာသနာတော်မှအပ၌ အလှူခံရှာခြင်းနှင့် ထိုသာသနာပ၌ လှူခြင်း၊ မြတ်နိုးခြင်း စသည်တို့ကို ရှေးဦးစွာပြုခြင်းတို့ဖြစ်ပါသည်။

ဤသို့ပျက်စီးသော ဥပါသကာ၊ ဥပါသိကာတို့ကို ဥပါသကာစဏ္ဍာလ (ဥပါသကာဒွန်းစဏ္ဍား)၊ ဥပါသကာမလ(ဥပါသကာအညစ်အကြေး)နှင့် ဥပါသကာပတိကိဋ္ဌ (ဥပသကာအညံ့စား)ဟုမည်ကြောင်း မြတ်ဘုရားရှင် ဟောကြားတော်မူခဲ့သည်။

ဥပါသကာတို့ကျင့်ဖွယ်

မြတ်ဗုဒ္ဓက မိမိသာ မိမိ၏ကိုးကွယ်ရာ၊ မိမိမှတစ်ပါး အခြားကိုးကွယ်ရာမရှိဟု ဟောကြားတော်မူခဲ့၏။ ကိုယ့်ကိုယ်ကိုယ်ဆိုသည်မှာ တရားကိုဆိုလို၏။ မိမိက အကုသိုလ်ကိုရှောင်၍ ကုသိုလ်ကိုဆောင်လျှင် အထက်ဘုံများသို့ရောက်၍ ချမ်းသာသုခရရှိမည်။ ဘဝသံသရာမှ လွတ်မြောက်နိုင်မည်။ မိမိက ကုသိုလ်ကိုရှောင်၍ အကုသိုလ်

http://www.dhammadownload.com

ကိုဆောင်လျှင် အောက်ဘုံများသို့ရောက်ပြီး ဆင်းရဲမှုခံစားရမည်။ ဘဝတို့မှမလွတ်မြောက်နိုင်။

မိမိ၏ကံကြမ္မာကို မည်သူကမျှ မဖန်တီးပေးနိုင်။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်ပင် မဆောင်ကြဉ်းပေးနိုင်။ မိမိ၏ကံသည် မိမိပြုလုပ်မှုကြောင့်သာဖြစ်သည်။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာက "ရဟန်းတို့– တရားတော်ဟူသော ကျွန်းကြီးပမာ မှီခိုရာရှိကြကုန်၍ တရားတော်သာ ကိုးကွယ်ရာရှိကြကုန်၍ တရားမှတစ်ပါး အခြားကိုးကွယ်ရာမရှိကြကုန်၍ နေကြကုန်လော့"ဟု ဟောကြားတော်မူခဲ့၏။ ဤဒေသနာတော်ဖြင့်ပင် ကိုယ့်ကိုယ်ကိုယ် အားကိုးကြဆိုသည်မှာ တရားကိုအားကိုးပါ၊ တရားနှင့်အညီနေပါဟု ဆိုလို၏။ သရဏဂုံဆောက်တည်ခြင်းဆိုသည်မှာ မိမိတို့ သီလ၊ သမာဓိ၊ ပညာကုသိုလ်များ ပြုလုပ်နိုင်ရန် ရတနာမြတ်သုံးပါးကို ဆရာတင်ခြင်းပင်ဖြစ်၏။

ဥပါသကာ၊ ဥပါသိကာတို့သည်လည်း သရဏဂုံမှနှင့် ကိစ္စမပြီးသေး။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတည်းဟူသော တရားငါးပါးဖြင့် မိမိစိတ်ကို အစဉ်ထုံမွမ်းပွားများထားအပ်၏။ ဤသို့ ထုံမွမ်းထားအပ်သောစိတ်ရှိသူ ဥပါသကာ၊ ဥပါသိကာတို့သည် နောက်ဘဝတို့၌ အထက်တန်းရောက်ရုံသာမက ဤဘဝတွင်ပင် ထူးခြားသော ဥပါသကာ၊ ဥပါသိကာများ ဖြစ်ကြရပါသည်။

ဖော်ပြပါ တရားငါးပါး တိုးတက်မြင့်မား အဆင့်အတန်းတက်လာသော ဥပါသကာ၊ ဥပါသိကာတို့သည် လောကမှာ ကိုယ့်ပစ္စည်း တိုးပွားအောင်ကြိုးစားသလို သာသနာတော်ကိုလည်း တိုးပွားအောင်သာသနာပြုဖို့ တာဝန်ရှိပါသည်။ သို့မှသာ ဘုရားရှင်လက်ထက်တော်က ဘုရားရှင်ကိုယ်တော်တိုင် ချီးမြှောက်ရသည့် စိတ္တသူကြွယ်၊ ဟတ္ထကအာဠဝက ဥပါသကာတို့လို၊ ခုဇ္ဇုတ္တရာ၊ နန္ဒမာတာ ဥပါသိကာတို့လို သာသနာတော်၌ ဂုဏ်ရောင်တောက်ပြောင်သည့် ဥပါသကာ၊ ဥပါသိကာများ ဖြစ်ကြပေမည်။

ထို့ကြောင့် ထူးခြားသောဥပါသကာ၊ ဥပါသိကာတို့သည် သံဃာ့ဂုဏ်တော်များနှင့် ပြည့်စုံသော ရဟန်းတော်များနှင့်အတူ မြတ်ဗုဒ္ဓသာသနာတော်ကို လွန်စွာတင့်တယ်ထွန်းလင်းတောက်ပ ထည်ဝါစေ၏။ သာသနာတော်ကို အစွန့်ရှည်တည်တံ့စေ၏။ သာသနာတော်၏အသရေကို ဆောင်ကြုန်သည်သာဖြစ်၏။

ဥပါသကာတို့၏တာဝန်

ဥပါသကာ၊ ဥပါသိကာတို့၏ အဓိကတာဝန်မှာ မိမိကိုယ်ကို ဥပါသကာတို့၏ကောင်းမြတ်သောကျင့်ဖွယ်တို့နှင့် ညီညွတ်ပြည့်စုံစေပြီး မြတ်ဗုဒ္ဓသာသနာတော်ကို အစွန့်ရှည်စွာ တည်တံ့နိုင်ရေးအတွက် သာသနာ့တာဝန်နှစ်ဖြာကို ထမ်းဆောင်နေကြ

http://www.dhammadownload.com

သော ရဟန်းသံဃာတော်များ ကောင်းမွန်စွာ၊ ချမ်းမြေ့စွာထမ်းဆောင်နိုင်ဖို့ ပစ္စည်းလေးပါးကို အခါအလိုက် လှူဒါန်းထောက်ပံ့ခြင်းပင်ဖြစ်၏။ ပစ္စယဒါနဖြင့် သာသနာပြုရသော သာသနာ့တာဝန်ပင်ဖြစ်ပါသည်။

ထို့ပြင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိုယ်တတ်နိုင်သရွေ့ သာသနာပြုရန်တာဝန်လည်း ရှိပါ၏။

ဥပါသကာ၏ ဆုတ်ယုတ်ကြောင်းတရား(၇)ပါး

၁။ ရဟန်းတို့ကို ဖူးမြော်မှုဆုတ်ယုတ်ခြင်း၊

၂။ သူတော်ကောင်းတရား နာကြားခြင်းကို မေ့လျော့ခြင်း၊

၃။ လွန်ကဲသောသီလခေါ် ငါးပါး၊ ဆယ်ပါးသီလတို့၌ ကျင့်ကြံအားထုတ်မှုမရှိခြင်း၊

၄။ မထေရ်၊ ရဟန်းငယ်၊ ရဟန်းလတ်၊ ရဟန်းသံဃာတို့၌ ကြည်ညိုမှုမရှိခြင်း၊

၅။ ချုပ်ချယ်စောင်းမြောင်းလိုသော စိတ်ထားရှိသည်ဖြစ်၍ အပေါက်အကြားရှာလေ့ရှိလျက် တရားနာခြင်း၊

၆။ ဤဗုဒ္ဓသာသနာ့ပြင်ပ၌ အလှူခံရှာခြင်း၊

၇။ ဤသာသနာ၏ပြင်ပ၌ လှူဒါန်းခြင်း၊ မြတ်နိုးခြင်း စသောကောင်းမှုကို ရှေးဦးစွာပြုတတ်ခြင်း။

ဥပါသကာ၏ မဆုတ်ယုတ်ကြောင်းတရား(၇)ပါး

ဥပါသကာ၏ ဆုတ်ယုတ်ကြောင်းတရား(၇)ပါး၏ ဆန့်ကျင်ဘက်တရားများဖြစ်ပါသည်။

သာသနာတော်ပျက်စီးခြင်းအကြောင်းတရား(၇)ပါး

သာသနာတော်၏ ပရိသတ်(၄)ပါးဖြစ်သော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာနှင့် ဥပါသိကာတို့သည် -

၁။ မြတ်စွာဘုရား၌ မရိုသေ၊ မကျိုးနွံခြင်း၊

၂။ တရားတော်၌ မရိုသေ၊ မကျိုးနွံခြင်း၊

၃။ သံဃာတော်၌ မရိုသေ၊ မကျိုးနွံခြင်း၊

http://www.dhammadownload.com

၄။ အကျင့်သိက္ခာတို့၌ မရိသေ၊ မကျိုးနွံခြင်း (သိက္ခာသုံးပါးတရားတို့ကို မပွားများ မကျင့်သုံးခြင်းနှင့် မပွားများ၊ မကျင့်သုံးလိုခြင်း)၊

၅။ သမာဓိတရား၌ မရိသေ၊ မကျိုးနွံခြင်း (စျာန်သမာပတ်တရားတို့ကို မပွားများ၊ မကျင့်သုံးခြင်းနှင့် မပွားများ၊ မကျင့်သုံးလိုခြင်း)၊

၆။ အပွမာဒတရား၌ မရိသေ၊ မကျိုးနွံခြင်း (အကုသိုလ်မပြုမိရန်၊ ကုသိုလ် ပြုရန်တို့ကို သတိမထားခြင်း၊ သတိတရားမပွားများခြင်း)၊

၇။ အစ္ဓေအစပ်ပြုခြင်း၊ ပဋိသန္ဓာရခေါ် ဆက်ဆံရေး၌ မရိသေခြင်း (ရဟန်းတော် အချင်းချင်း၊ ရဟန်းနှင့် ဒကာ၊ ဒကာအချင်းချင်းဆက်ဆံရေးတို့၌ မြတ်စွာ ဘုရားဒေသနာတော်နှင့်အညီ ဆက်ဆံမှုမပြုခြင်း၊ မပြုလိုခြင်း)။

သာသနာတော်တည်တံ့ခြင်း၏ အကြောင်းတရား(၇)ပါး

အထက်ဖော်ပြပါ သာသနာတော်ပျက်စီးခြင်း၏ အကြောင်းတရား(၇)ပါး၏ ဆန့်ကျင်ဘက်အကြောင်းတရား(၇)ပါးပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သာသနာ တော်ပျက်စီးခြင်း၏ အကြောင်းတရား(၇)ပါးကို မဖြစ်ပွားစေရန် စောင့်ထိန်းခြင်းအား ဖြင့် သာသနာတော်တည်တံ့ခြင်း၏ အကြောင်းတရား(၇)ပါး ဖြစ်ပေါ်လာ၏။

ဘုရားသာသနာ ရှည်ကြာစွာတည်ခြင်းအကြောင်းတရား(၅)ပါး

သာသနာတော်၏ ပရိသတ်လေးပါးဖြစ်သော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာနှင့် ဥပါသိကာတို့၏ ...

၁။ ဘုရား၌ရိုသေခြင်း၊

၂။ တရား၌ရိုသေခြင်း၊

၃။ သံဃာ၌ရိုသေခြင်း၊

၄။ အကျင့်သိက္ခာ၌ရိုသေခြင်း၊ (သိက္ခာဆိုသည်မှာ ကျင့်ဝတ်များ၊ သီလ၊ သမာဓိ၊ ပညာ တရားများဖြစ်ကြ၏။)

၅။ အချင်းချင်းရိုသေခြင်း၊ (ဥပါသကာတို့က ရဟန်းတို့အပေါ် ရိုသေလေးစားသလို၊ ရဟန်းများကလည်း ကောင်းစွာကျင့်ခြင်းဖြင့် ဥပါသကာတို့ အပေါ် ရိုသေလေးစားရာ၏။)

ဤငါးပါးတွင် အကျင့်သိက္ခာ၌ ရိုသေခြင်းသည် အရေးအကြီးဆုံးဖြစ်၏။ အကျင့်သိက္ခာ၌ ရိုသေသူသည် ကျန်(၄)ပါးတို့၌လည်း ရိုသေတော့မည်သာဖြစ်ပါ၏။

http://www.dhammadownload.com

ဘုရားသာသနာ ရှည်ကြာစွာမတည်ခြင်းအကြောင်းတရား(၅)ပါး

အထက်ဖော်ပြပါ ဘုရားသာသနာ ရှည်ကြာစွာတည်ခြင်း အကြောင်းတရား၎ပါးတို့၌ ယုတ်လျော့ခြင်း၊ မကျင့်ခြင်းသည် ဘုရားသာသနာတော် ရှည်ကြာစွာမတည်ခြင်း အကြောင်းတရားများပင်ဖြစ်ပါ၏။

သာသနာတော်အဓွန့်ရှည်ကြောင်းတရား(၂)ပါး

၁။ ရဟန်းတော်များအနေဖြင့် ပရိယတ်၊ ပဋိပတ် သာသနာနှစ်ဖြာ၏တာဝန်ကို ကျင့်ဝတ်သိက္ခာများနှင့်အညီ ကျေပွန်စွာ ထမ်းဆောင်ခြင်းမည်သော ဓမ္မာနုဂ္ဂဟ(တရားဖြင့်ချီးမြှောက်ခြင်း)။

၂။ ဥပါသကာ၊ ဥပါသိကာတို့အနေဖြင့် သာသနာတော်ကို ပစ္စယာနုဂ္ဂဟ (ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း)အပြင် ဥပါသကာဂုဏ်ရည်တို့ဖြင့် ပြည့်စုံခြင်း။

ဥပါသကာအဖြစ်ခံယူပုံ

ဘုရားရှင်လက်ထက်တော်က ဘုရားရှင်ထံ ဥပါသကာအဖြစ်ခံယူပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ပါဠိ)

သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ။
ဓမ္မဉ္စဘိက္ခုသံဃဉ္စ ဥပါသကံ မံ ဘဂဝါ ဓာရေတု
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

(အနက်)

ဘန္တေ–ရှင်တော်မြတ်ဘုရား၊ သောဟံ–သောအဟံ–ထိုဘုရားတပည့်တော်သည်။ ဘဂဝန္တံ– ရှင်တော်မြတ်ဘုရားကို။ သရဏံ– ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ– မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဓမ္မဉ္စ– တရားတော်မြတ်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ– ရဟန်းသံဃာတော်မြတ်ကိုလည်းကောင်း၊ သရဏံ– ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ– မှီဝဲဆည်းကပ်သိမှတ်ပါ၏။ ဘဂဝါ– ရှင်တော် မြတ်ဘုရားသည်။ အဇ္ဇတဂ္ဂေ–ယနေ့ကိုအစပြု၍။ ပါဏုပေတံ– အသက်တို့ဖြင့်ဆည်းကပ်လျက်။ သရဏံ–ကိုးကွယ်ရာဟူ၍။ ဂတံ– ရောက်သော။ ဥပါသကံ–ဥပါသကာဟူ၍။ မံ–တပည့်တော်ကို။ ဓာရေတု– သိမှတ်တော် မူပါဘုရား။

(အမျိုးသမီးဖြစ်လျှင် ဥပါသကံနေရာတွင် ဥပါသိကံဟု ဆိုပါလေ။)

http://www.dhammadownload.com

အမိဝမ်းတွင်းရှိသားသမီးများအတွက် သရဏဂုံ ဆောက်တည်ခြင်း

ဥပါသိကာတို့သည် အမိဝမ်းတွင်းရှိ မမွေးဖွားသေးသော သားသမီးများအတွက် ရည်စူး၍ သရဏဂုံယူပေးနိုင်၏။ ဤသို့ယူပေးခြင်းကြောင့် အမိဝမ်းတွင်းရှိ သားငယ်သမီးငယ်အတွက်တော့ သရဏဂုံမဖြစ်။ အဘယ်ကြောင့်ဆိုသော် သရဏဂုံသည် ကုသိုလ်စိတ်နှင့်ကင်း၍ မတည်နိုင်သဖြင့် အမိဝမ်းတွင်းရှိ သားငယ်၊ သမီးငယ်တို့မှာ ကုသိုလ်စိတ် မဖြစ်နိုင်သေး၍ သရဏဂုံ မဖြစ်နိုင်သေးပေ။ ကုသိုလ်စိတ်ပါမှသာ သရဏဂုံဖြစ်၏။

သို့သော် ဤသို့ ရည်စူးဆောက်တည်ခြင်းသည် အချည်းနှီးကားမဖြစ်။ အမိဝမ်းတွင်းရှိကလေးငယ်အတွက် အစောင့်အရှောက်ကောင်းဖြစ်၏။ ကလေးငယ်အတွက် အန္တရာယ်ကင်း၏။ ဘေးရန်ကင်း၏။ ချမ်းချမ်းသာသာနှင့် မွေးဖွားနိုင်၏။ သရဏဂုံ၏ အကျိုးသည် အလွန်ကြီးကျယ်သောကြောင့် သားငယ်၊ သမီးငယ်အတွက် အလုံးစုံသော အစောင့်အရှောက်တို့သည် ဖြစ်ကုန်၏။

ထို့ပြင် နောင် သားငယ်၊ သမီးငယ်များ နားလည်သည့်အရွယ် ရောက်လာသော အခါ ဤသို့ အမိဝမ်းတွင်းရှိစဉ်ကတည်းက သရဏဂုံဆောက်တည်ခဲ့ကြောင်း ပြန်လည် ပြောပြခြင်းဖြင့် သားငယ်၊ သမီးငယ်တို့မှာ နားလည်လာ၏။ နားလည်သည်နှင့်တစ် ပြိုင်နက် ကုသိုလ်စိတ်ဖြစ်ပေါ်လာပြီး သရဏဂုံ စတင်တည်လေ၏။

ထို့ကြောင့် ဥပါသိကာတို့သည် သားသမီးများ ကိုယ်ဝန်ရှိလာသောအခါ ကလေးငယ်အတွက် ရတနာမြတ်သုံးပါးကို အစဉ်သတိရ အောက်မေ့ပြီး သရဏဂုံကို အမြဲရွတ်ဆိုဆောက်တည်နေရာ၏။ ဤသို့ဆောက်တည်ရာ၌ အမိဝမ်းတွင်းရှိ သားငယ် သမီးငယ်အား ရည်စူး၍ မိမိတို့ဆောက်တည်နေကျအတိုင်း ဆောက်တည်လျှင်လည်း ရပါ၏။

အကယ်၍ အမိဝမ်းတွင်းရှိ သားငယ်၊ သမီးငယ်အတွက် သရဏဂုံကို သီးခြား ဆောက်တည်လိုပါက အောက်ပါအတိုင်း ဆောက်တည်နိုင်ပါသည်။

(ပါဠိ)

ယော မေ အယံ ဘန္တေ ဣတ္ထိဂတော ကုမာရကော
ဝါ ကုမာရိကာ ဝါ သော ဘဂဝန္တံ ဂစ္ဆတိ
ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ ဥပါသကံ ဥပါသိကံ တံ
ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

http://www.dhammadownload.com

(အနက်)

ဘန္တေ–မြတ်စွာဘုရား။ ယော၊ ကုမာရကော၊ ဝါ–အကြင်ကလေးငယ်သည်လည်းကောင်း (ဝါ) သားငယ်သည်သော်လည်းကောင်း၊ ယာ၊ ကုမာရိကာ၊ ဝါ– အကြင်သမီးငယ်သည်လည်းကောင်း၊ ဣဿိဂတော–တပည့်တော်မ၏ ဝမ်းထဲ၌ ရောက်ရှိနေပါ၏။ သော–ထိုတပည့်တော်မဝမ်းထဲ၌ ရောက်ရှိနေသော တပည့်တော်သားကလေး (ဝါ) တပည့်တော်သမီးကလေးသည် ဘဂဝန္တံ–မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ–မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဓမ္မဉ္စ–တရားတော်မြတ်ကိုလည်းကောင်း၊ ဘိက္ခုသံဃဉ္စ–ရဟန်းသံဃာတော်မြတ်ကိုလည်းကောင်း၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ–မှီဝဲဆည်းကပ် သိမှတ်ပါ၏။ တံ–ထိုတပည့်တော်မ၏ ဝမ်းထဲတွင်ရှိသော သားကလေး (ဝါ) သမီးကလေးကို၊ အဇ္ဇတဂ္ဂေ–ယနေ့ကို အစပြု၍၊ ပါဏုပေတံ–အသက်တို့ဖြင့်ဆည်းကပ်သော၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂတံ–ရောက်သော၊ ဥပါသကံ၊ ဥပါသိကံ–ဥပါသကာ၊ ဥပါသိကာဟူ၍၊ ဘဂဝါ–ရှင်တော်မြတ်ဘုရားသည်၊ ဓာရေတု–သိမှတ်တော်မူပါရှင်တော်မြတ်ဘုရား။

http://www.dhammadownload.com

အခန်း(၁၉)

မြတ်ဗုဒ္ဓဒေသနာတော်များ

မြတ်ဗုဒ္ဓဒေသနာ

အဆင်းရောအနံ့ပါ ပြည့်စုံ၍ လှပတင့်တယ်သောပန်းသည်
အကျိုးများစွာ ရှိသကဲ့သို့ ကောင်းစွာဟောကြားအပ်သော
တရားဒေသနာတော်သည် လိုက်နာ ကျင့်သုံးသူအား
အကျိုးများစွာ ရွက်ဆောင်ပေး၏။

http://www.dhammadownload.com

မြတ်ဗုဒ္ဓဒေသနာတော်များ

ဤအခန်းတွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော အဆုံးအမ ဒေသနာတော်များ အနက် အချို့ကို ကောက်နုတ်ဖော်ပြထားပါသည်။ ဤအဆုံးအမ ဒေသနာတော်များထဲတွင် အများစုကို ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ် ဓမ္မပဒပါဠိတော်မှ ရွေးထုတ်ကောက်နုတ် တင်ပြထားခြင်းဖြစ်ပါသည်။

ဓမ္မပဒဆိုသည်မှာ မြတ်ဗုဒ္ဓ၏ တရားတော်အစု တစ်နည်းအားဖြင့် နိဗ္ဗာန်၏ ခရီးလမ်းကြောင်း တစ်နည်းအားဖြင့် တရားကိုသိရာသိကြောင်းဟူ၍ အဓိပ္ပာယ်ရပါသည်။ (ဓမ္မ–တရားတော်၊ ပဒ–အစု)

မြတ်ဗုဒ္ဓဟောကြားတော်မူသော အဆုံးအမ ဒေသနာတော်များနှင့်အညီ ကျင့်ကြံနေထိုင်ပါက လောကီ၊ လောကုတ္တရာအကျိုးစီးပွားများ အတိုင်းမသိ ရရှိခံစားရမည်မှာ အထူးပြောဖွယ်မလိုတော့ပေ။

(ဤဒေသနာတော်တစ်ခုချင်း၏ ဖြစ်ပေါ်လာရာ အကြောင်းဝတ္ထုများကို ဓမ္မပဒပါဠိတော်တွင် သီးခြားဖတ်ရှုမှတ်သားကြပါကုန်။)

စိတ်သာအကြီးအမှူး

နာမ်ခန္ဓာ(လေးပါး)တို့သည် စိတ်လျှင် ရှေ့သွား ရှိကုန်၏။ စိတ်လျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။ ပြစ်မှားလိုသောစိတ်ဖြင့် အကယ်၍ ပြောဆိုသော်လည်းကောင်း၊ ပြုလုပ်သော်လည်းကောင်း၊ ကြံစည်သော်လည်းကောင်း ထို(ပြောဆို၊ ပြုလုပ်၊ ကြံစည်မှု)ကြောင့် လှည်းဘီးသည် ဝန်ဆောင်နွားခြေရာသို့ အစဉ်လိုက်ဘိသကဲ့သို့ ထိုသူသို့ ဆင်းရဲသည် အစဉ်လိုက်လေ၏။

သန့်ရှင်းစင်ကြယ်သောစိတ်ဖြင့် အကယ်၍ပြောဆိုသော်လည်းကောင်း၊ ပြုလုပ်သော်လည်းကောင်း၊ ကြံစည်သော်လည်းကောင်း ထို(ပြောဆို၊ ပြုလုပ်၊ ကြံစည်)မှုကြောင့် အရိပ်သည် လူကိုမစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ်လိုက်ပေ၏။

အကုသိုလ်တား၊ ကုသိုလ်ပွား

မကောင်းမှုဌ် စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုပြုသောအခါ နံ့နေးဟတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို ဆောလျင်စွာ ပြုလုပ်ရာ၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ရာဂကင်းသောစိတ်

ကောင်းမွန်စွာ မိုးရွာအပ်သောအိမ်ကို မိုးရေသည် ဖောက်၍မဝင်နိုင်သကဲ့သို့ ကောင်းမွန်စွာပွားများအပ်သောစိတ်ကို ရာဂသည် ဖောက်၍မဝင်နိုင်ပေ။

(ဓမ္မပဒ)

စိတ်ကိုဆုံးမပါ

နှိမ်နင်းရန်ခဲယဉ်းထသော၊ လျင်မြန်သောသဘောရှိသော၊ အလိုရှိရာအာရုံ၌ ကျရောက်ကျက်စားလေ့ရှိသောစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာသုခကို ရွှင်ဆောင်နိုင်၏။

(ဓမ္မပဒ)

မြင့်မြတ်အောင်ပြုသောစိတ်

လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို အမိသည်လည်း ပြုမပေးနိုင်၊ အဖသည်လည်း ပြုမပေးနိုင်။ ဆွေမျိုးတို့သည်လည်း ပြုမပေးနိုင်ပေ။ ထိုသို့သောချမ်းသာမျိုးကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ထိုမိဘ၊ ဆွေမျိုးတို့ထက် တစ်ဆင့်ပြီးတစ်ဆင့် မြင့်မြတ်အောင် ပြုပေးနိုင်စွမ်း၏။

(ဓမ္မပဒ)

ယုတ်ညံ့အောင်ပြုသောစိတ်

ခိုးသူတစ်ယောက်သည် ခိုးသူတစ်ယောက်ကိုမြင်၍ ပျက်စီးအောင်ပြုရာ၏။ ရန်သူတစ်ယောက်သည် ရန်သူတစ်ယောက်ကိုမြင်၍ ပျက်စီးအောင်ပြုရာ၏။ မကောင်းသဖြင့်ထားအပ်သောစိတ်သည်ကား ထိုစိတ်ဖြစ်ပွားသောသူကို ထို့ထက်ပင် ယုတ်ညံ့အောင်ပြုပေ၏။

(ဓမ္မပဒ)

မိမိသည်သာမိမိ၏ကိုးကွယ်ရာ

မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ သူတစ်ပါးသည် မိမိ၏ကိုးကွယ်ရာအဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။ ကောင်းစွာယဉ်ကျေးပြီးသော မိမိစိတ်ဖြင့်သာ ရနိုင်ခဲသော အရဟတ္တဖိုလ်ဟူသော ကိုးကွယ်ရာကို ရနိုင်၏။

(ဓမ္မပဒ)

http://www.dhammadownload.com

မိမိကိုယ်ကိုစောင့်ရှောက်ပါ

မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ တစ်ပါးသူသည် အဘယ်မှာကိုး ကွယ်ရာဖြစ်ပါအံ့နည်း။ မိမိသည်သာ မိမိ၏လဲလျောင်းရာဖြစ်၏။ ထို့ကြောင့် မြင်း ကုန်သည်သည် အမျိုးကောင်းသောမြင်းကို စောင့်ရှောက်သကဲ့သို့ မိမိသည် မိမိကိုယ် ကို စောင့်ရှောက်ရာ၏။

(ဓမ္မပဒ)

ကိုယ်တိုင်ကျင့်ပါ

သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှဖြစ်ကုန်၏။ ကိုယ်တိုင်ကျင့်ကြကုန်၍ ကိလေသာကို ရှိုးမြိုက်ကြကုန်သူ တို့သည်သာ မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။

(ဓမ္မပဒ)

စိတ်ဖြောင့်အောင်ပြုပါ

လေးသမားသည် မြားကို ဖြောင့်အောင်ပြုတတ်သကဲ့သို့ ပညာရှိသည် အာရုံတို့၌ တုန်လှုပ်တတ်သော၊ လျှပ်ပေါ်လော်လည်သော၊ စောင့်ထိန်းရန်ခက်ခဲသော၊ တားမြစ်ရန်ခက်ခဲသောစိတ်ကို ဖြောင့်အောင်ပြု၏။

(ဓမ္မပဒ)

စိတ်ကိုစောင့်ရှောက်ပါ

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန်သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ ဤသို့စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏။

(ဓမ္မပဒ)

မိမိကိုယ်ကိုစောင့်ရှောက်သူ

ကိုယ်ဖြင့်စောင့်စည်းခြင်းသည် ကောင်း၏။ နှုတ်ဖြင့်စောင့်စည်းခြင်းသည် ကောင်း ၏။ စိတ်ဖြင့်စောင့်စည်းခြင်းသည် ကောင်း၏။ အလုံးစုံ၌စောင့်စည်းသော၊ ရှက်ခြင်း ရှိသောသူကို မိမိကိုယ်ကို စောင့်ရှောက်သူဟူ၍ သိအပ်၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ပညာရှိသည် အထူးကြည်လင်၏

နက်လှစွာသော သမုဒ္ဒရာသည် နောက်ကျိခြင်းမရှိ၊ အထူးကြည်လင်ဘိသကဲ့သို့ ပညာရှိတို့သည် မြဝပ်စွာဘုရား ဟောကြားအပ်သော တရားတို့ကို ကြားနာရ၍ အထူးကြည်လင်ကုန်၏။

(ဓမ္မပဒ)

တရား၌မွေ့လျော်ပါ

တရားတည်းဟူသော အမြိုက်ရေကို သောက်သုံးရသောသူသည် အထူးကြည်လင်သန့်ရှင်းသောစိတ်ဖြင့် ချမ်းသာစွာနေရ၏။ ပညာရှိသည် အရိယာ သူတော်မြတ်တို့ဟောကြားသော ဗောဓိပက္ခိယတရား၌ အခါခပ်သိမ်းမွေ့လျော်၏။

(ဓမ္မပဒ)

ပညာရှိသည် မတုန်လှုပ်ရာ

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကြကုန်။ ချမ်းသာခြင်းနှင့်တွေ့သော်လည်း ဝမ်းမသာ၊ ဆင်းရဲခြင်းနှင့်တွေ့သော်လည်း နှလုံးမသာယာခြင်း၊ ဝမ်းနည်းခြင်း မဖြစ်ကြကုန်။

(ဓမ္မပဒ)

မတရားမှုဖြင့်ပြည့်စုံမှုကို အလိုမရှိရာ

ပညာရှိမည်သည် မိမိအကြောင်းကြောင့်ဖြစ်စေ၊ သူတစ်ပါးအကြောင်းကြောင့်ဖြစ်စေ မကောင်းမှုကိုမပြု။ မကောင်းမှုဖြင့် သားသမီး၊ ဥစ္စာ၊ တိုင်းပြည်ကို အလိုမရှိရာ။ မတရားမှုဖြင့် မိမိ၏ပြည့်စုံမှုကို အလိုမရှိရာ။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် သီလရှိသူ၊ ပညာရှိသူ၊ တရားရှိသူဖြစ်၏။

(ဓမ္မပဒ)

ရှေးဦးစွာကောင်းအောင်ကျင့်ပါ

မိမိကိုယ်ကိုသာလျှင် ကောင်းသောအကျင့်၌ ရှေးဦးစွာတည်ရာ၏။ ထို့နောက်မှ သူတစ်ပါးကိုဆုံးမရာ၏။ ပညာရှိသည် သူတစ်ပါးကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

(ဓမ္မပဒ)

http://www.dhammadownload.com

ပညာရှိတို့မှီခိုရာကျွန်း

ထက်ကြွလုံ့လနှင့်လည်းကောင်း၊ မမေ့လျော့ခြင်းနှင့်လည်းကောင်း၊ သီလစောင့်စည်းခြင်းနှင့်လည်းကောင်း၊ ဣန္ဒြေကိုဆုံးမခြင်းနှင့်လည်းကောင်း ပြည့်စုံသောပညာရှိသည် သဲသရာတည်းဟူသောသမုဒ္ဒရာ၌ အရဟတ္တဖိုလ်တည်းဟူသော မှီခိုရာကျွန်းကို ပြုလုပ်ရာ၏။ ယင်းသည့်ကျွန်းကို ကိလေသာရေလျှဉ်သည် မဖျက်ဆီးနိုင်တော့ပြီ။

(ဓမ္မပဒ)

မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမပါ

ရေသွယ်သောလယ်သမားတို့သည် ရေကို အလိုရှိရာသို့ သွယ်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်အောင်ပြုကြကုန်၏။ လက်သမားတို့သည် သစ်ကို လိုအပ်သောပုံစံကျအောင် ရွေကြကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကြကုန်၏။

(ဓမ္မပဒ)

အညစ်အကြေးကိုထုတ်ပယ်ပါ

ပန်းထိမ်သည်သည် ရွှေ၏အညစ်အကြေးကို တဖြည်းဖြည်းထုတ်သကဲ့သို့ ပညာ ရှိသည် အစဉ်သဖြင့် မိမိ၏ ရာဂစသော အညစ်အကြေးကို အနည်းငယ်၊ အနည်းငယ် အခွင့်ရတိုင်း ထုတ်ပယ်ရာ၏။

(ဓမ္မပဒ)

ကြီးရင့်သူ

ဦးခေါင်းဖွေးဖွေးဖြူကာမျှဖြင့် ကြီးရင့်သူမမည်။ အကြင်ပုဂ္ဂိုလ်၌ သစ္စာလည်း ရှိ၏။ တရားလည်းရှိ၏။ ညှဉ်းဆဲခြင်းလည်းမရှိ။ သီလစောင့်ခြင်းရှိ၏။ ဣန္ဒြေကိုလည်းဆုံးမ၏။ ကိလေသာပျို့အန်ပြီးသော ထိုပညာရှိပုဂ္ဂိုလ်ကိုသာ ကြီးရင့်သည်ဟုဆိုအပ်၏။

(ဓမ္မပဒ)

မြတ်သောအသက်ရှည်ခြင်း

ပညာမရှိ၊ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းသည် မမြတ်။ တရားပညာရှိ၍ သမထဝိပဿနာကို ရှုသောပုဂ္ဂိုလ်၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည်သာ မြတ်၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ချမ်းသာကြီးလိုချင်လျှင် ချမ်းသာငယ်စွန့်ပါ

အနည်းငယ်မျှသောချမ်းသာကိုစွန့်၍ ကြီးကျယ်သောချမ်းသာရမည်ကို သိမြင်လျှင် မိမိ၏ ချမ်းသာအနည်းငယ်ကို ပညာရှိသည် စွန့်လွှတ်ရာ၏။

(ဓမ္မပဒ)

သိက္ခာသုံးပါးပြည့်စုံသူ

လောကဌ် ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြကုန်၏။ များစွာဟောပြောသူကိုလည်း ကဲ့ရဲ့ကြကုန်၏။ ချင့်ချိန်၍ပြောဆိုသူကိုလည်း ကဲ့ရဲ့ကြကုန်၏။ လုံးလုံးလျားလျားအကဲ့ရဲ့ခံရသူနှင့် လုံးလုံးလျားလျားအချီးမွမ်းခံရသူဟူ၍ မရှိပါချေ။

သို့သော် မကျိုးမပြတ်သောသီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော အကြင်သူကို ပညာရှိတို့သည် ဟုတ်တိုင်းမှန်စွာသိ၍ နေ့စဉ်နေ့တိုင်း ချီးမွမ်းကြကုန်ငြားအံ့။ ဓမ္မုရာဇ၏ ရွှေစင်နိကွန်နှင့် တူမျှသောထိုသူကို အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း။ ထိုသူကို နတ်တို့သည်လည်း ချီးမွမ်းကြကုန်၏။ ဗြဟ္မာတို့သည်လည်း ချီးမွမ်းကြကုန်၏။

(ဓမ္မပဒ)

ဗြာဟ္မဏ သမဏ ပဗ္ဗဇိတ

မကောင်းမှုကို အပပြုပြီးဖြစ်သောကြောင့် ဗြာဟ္မဏဟုခေါ်ဆိုအပ်၏။ မကောင်းမှုကိုငြိမ်းစေတတ်သော အကျင့်ရှိသောကြောင့် သမဏဟုခေါ်ဆိုအပ်၏။ မိမိ၏ ကိလေသာအညစ်အကြေးကို ထုတ်ပယ်သောကြောင့် ပဗ္ဗဇိတဟု ခေါ်ဆိုအပ်၏။

(ဓမ္မပဒ)

ကိလေသာငြိမ်းပြီးသူ

အကြင်သူသည် ကိလေသာငြိမ်း၏။ ရုပ်၊ နာမ်တရားအားလုံးတို့၌ ငါ၊ ငါ၏ ဥစ္စာဟု မြတ်နိုးစွဲလမ်းမှု မရှိ။ ကျန်ခြေကို ဆုံးမပြီး ဖြစ်၏။ မင်္ဂလေးပါးဖြင့် မြဲ၏။ မြတ်သောအကျင့်ရှိ၏။ အလုံးစုံသောသတ္တဝါတို့၌ လက်နက်ကို ပယ်ချထားသည်ဖြစ်၍ မေတ္တာဖြင့် အညီအမျှကျင့်၏။ ထိုသူသည် အဝတ်တန်ဆာဆင်စေကာမူ မကောင်းမှုမှအပပြုသူ "ဗြာဟ္မဏ" မည်၏။ ကိလေသာငြိမ်းပြီးသူ "သမဏ" မည်၏။ ကိလေသာဖျက်ဆီးပြီးသူ "ဘိက္ခု" မည်၏။

(ဓမ္မပဒ)

http://www.dhammadownload.com

ပညာရှိသည် ကောင်းမှုဖြင့်ပြည့်၏

အနည်းငယ်မျှသော ကောင်းမှုသည် အကျိုးသက်ရောက်လာလိမ့်မည်မဟုတ်ဟူ၍ ကောင်းမှုကို အထင်မသေးရာ။ မိုးရေပေါက်တို့ ကျဖန်များသောအခါ ရေအိုးသည် ပြည့်လာဘိသကဲ့သို့ အနည်းငယ်မျှသော ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ပညာရှိသည် ကောင်းမှုဖြင့်ပြည့်၏။

(ဓမ္မပဒ)

လူမိုက်သည် မကောင်းမှုဖြင့်ပြည့်၏

အနည်းငယ်မျှသော မကောင်းမှုသည် အကျိုးသက်ရောက်လာလိမ့်မည်မဟုတ်ဟူ၍ မကောင်းမှုကို အထင်မသေးရာ။ မိုးရေပေါက်တို့ ကျဖန်များသောအခါ ရေအိုးသည် ပြည့်လာဘိသကဲ့သို့ အနည်းငယ်မျှသော မကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် လူမိုက်သည် မကောင်းမှုဖြင့်ပြည့်၏။

(ဓမ္မပဒ)

သူမိုက်သည် သံသရာရှည်၏

အိပ်မပျော်သောသူအား ညဉ့်တာသည် ရှည်လျား၏။ ခရီးပန်းသူအား တစ်ယူဇနာခရီးသည် ရှည်လျား၏။ သူတော်ကောင်းတရားကိုမသိသော သူမိုက်တို့အား သံသရာသည်ရှည်လျား၏။

(ဓမ္မပဒ)

သူမိုက်သည် ပူပန်ရ၏

မကောင်းမှု အကုသိုလ်ကံတို့ကိုပြုသော လူမိုက်သည် ထိုပြုသောအခါ၌မသိ။ ပညာမဲ့သူသည် ထိုမိမိပြုသော မကောင်းမှုကံတို့ကြောင့် မီးလောင်သောသူကဲ့သို့ ပူပန်ရ၏။

(ဓမ္မပဒ)

လူမိုက်စင်စစ်

မိုက်သောသူသည် မိမိမိုက်သည့်အဖြစ်ကိုသိ၏။ ထိုသိမှုကြောင့် ပညာရှိဖြစ်နိုင်သေး၏။ မိုက်သောသူသည် ငါပညာရှိဟု မိမိကိုယ်ကို ထင်မှတ်နေပါမူကား ထိုသူကို စင်စစ် လူမိုက်ဟူ၍ဆိုအပ်၏။

(ဓမ္မပဒ)

http://www.dhammadownload.com

လူမိုက်ကိုမပေါင်းနှင့်

တရားကျင့်သုံးသောသူသည် မိမိထက်မြင့်မြတ်သူနှင့် မိမိနှင့်တူသူကို မရနိုင်ပါလျှင် တစ်ယောက်တည်းသာလျှင် စွဲမြဲစွာကျင့်သုံးသင့်၏။ လူမိုက်နှင့် ပေါင်းသင်းဆက်ဆံ၍ အကျိုးမရှိပေ။

(ဓမ္မပဒ)

သူတော်ကောင်းတို့ကိုပူဇော်ပါ

သူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည်ကောင်း၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းသည် အခါခပ်သိမ်းချမ်းသာ၏။ သူမိုက်တို့ကို မတွေ့မမြင်ရခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် သူတော်ကောင်းတို့ကို တွေ့ရာမြင်ရာအရပ်မှာ ပူဇော်ရာ၏။

(ဓမ္မပဒ)

ပညာရှိကိုဆည်းကပ်ပါ

အပြစ်ကိုဖော်ပြ၍ နှိမ့်ချဆုံးမလေ့ရှိသော ပညာရှိအား မြှုပ်ထားသောရွှေအိုးကို ခပြာကြားလာသူကဲ့သို့ ရှုမြင်ရာ၏။ ဆည်းကပ်ရာ၏။ ထိုကဲ့သို့သောပညာရှိကို ဆည်းကပ်သူအား မြင့်မြတ်ခြင်းသည်ဖြစ်၏။

(ဓမ္မပဒ)

ရန်ငြိုးမဖွဲ့နှင့်

ဤသူသည် ငါကိုဆဲရေးဖူးပြီ၊ ငါ့ကိုညှဉ်းဆဲဖူးပြီ၊ ငါ့ကိုအောင်နိုင်ဖူးပြီ၊ ငါ့ဥစ္စာ ကိုဆောင်ယူဖူးပြီဟု ထိုသူ့အပေါ်၌ အကြင်သူတို့သည် ရန်ငြိုးဖွဲ့ကုန်၏။ ထိုရန်ငြိုး ဖွဲ့သူတို့အား ဖြစ်ပေါ်လာသည့်ရန်သည် မငြိမ်းအေးနိုင်။

ဤသူသည် ငါ့ကိုဆဲရေးဖူးပြီ၊ ငါ့ကိုညှဉ်းဆဲဖူးပြီ၊ ငါ့ကိုအောင်နိုင်ဖူးပြီ၊ ငါ့ဥစ္စာ ကိုဆောင်ယူဖူးပြီဟု ထိုသူ့အပေါ်၌ အကြင်သူတို့သည် ရန်ငြိုးမဖွဲ့ကုန်။ ထိုသူတို့အား ဖြစ်ပေါ်လာသည့်ရန်သည် ပြေငြိမ်းနိုင်၏။

(ဓမ္မပဒ)

ရန်ကိုရန်ဖြင့် မတုံ့မူနှင့်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်။ ရန်တုံ့မမူဘဲ မေတ္တာစိတ်ထားခြင်းဖြင့်သာ ရန်တို့သည်ငြိမ်းကုန်၏။ ဤကား အစဉ်အလာဓမ္မတာသဘောပင်တည်း။

(ဓမ္မပဒ)

http://www.dhammadownload.com

နိုင်ခြင်းရှုံးခြင်းကိုပယ်ပါ

အနိုင်ရသောသူမှာ ရန်များလာတတ်၏။ အမုန်းပွားစေ၏။ ရှုံးသောသူသည် ဆင်းရဲငြိုငြင်စွာနေရစေ၏။ ကိလေသာငြိမ်းပြီးသူသည် နိုင်ခြင်း၊ ရှုံးခြင်းကိုပယ်စွန့်ပြီးလျှင် အေးချမ်း ချမ်းသာစွာနေရစေ၏။

(ဓမ္မပဒ)

အမျက်ဒေါသကိုတားဆီးသူ

လျင်မြန်စွာပြေးသွားနေသော ရထားကို လမ်းမမှားအောင် စောင့်ရှောက်ဘိသကဲ့သို့ အကြင်သူသည် ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားဆီးနိုင်၏။ ထိုသူကို လိမ္မာသောရထားထိန်းဟု ငါဘုရားဆို၏။ ထိုမှတစ်ပါး ပကတိရထားထိန်းသည်ကား ရထားကြိုးကိုင်သာမည်၏။

(ဓမ္မပဒ)

သူတော်ကောင်းသည် အမျက်မထွက်ရာ

သူတော်ကောင်းကို မပုတ်ခတ်ရာ။ သူတော်ကောင်းသည် မိမိအားပုတ်ခတ်သောထိုသူအား အမျက်မထွက်ရာ။ သူတော်ကောင်းအား ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏။ ပုတ်ခတ်သူအား အမျက်ထွက်သူသည် သာ၍စက်ဆုပ်ဖွယ်ဖြစ်၏။

(ဓမ္မပဒ)

မိမိကိုယ်သာမိမိကြည့်ရှုပါ

သူတစ်ပါးတို့၏ မသင့်လျော်သော အပြစ်၊ ဒေါသတို့ကို မကြည့်ရှုရာ။ သူတစ်ပါးတို့၏ ကောင်းမှု၊ မကောင်းမှု ပြု၊ မပြုကိုလည်း မကြည့်ရှုရာ။ မိမိ၏ ကောင်းမှု၊ မကောင်းမှု ပြု၊ မပြုကိုသာလျှင် ကြည့်ရှုရာ၏။

(ဓမ္မပဒ)

အောင်နိုင်ခြင်းနည်း

အမျက်ထွက်သောသူကို အမျက်မထွက်ခြင်းဖြင့် အောင်နိုင်ရာ၏။ မကောင်းသောစိတ်ရှိသူကို ကောင်းသောစိတ်ဖြင့် အောင်နိုင်ရာ၏။ နှမြောတွန့်တိုသောသူကို ပေးကမ်းခြင်းဖြင့်အောင်နိုင်ရာ၏။ မဟုတ်မမှန်ပြောဆိုသောသူကို ဟုတ်တိုင်းမှန်စွာ ပြောဆိုခြင်းဖြင့် အောင်နိုင်ရာ၏။

(ဓမ္မပဒ)

http://www.dhammadownload.com

တရားကျင့်သူသည် ချမ်းသာရာရ၏

ကောင်းမြတ်သော အကျင့်တရားကိုသာမှီဝဲပါ။ မကောင်းသောအကျင့်ကို မကျင့် သုံးရာ။ တရားကိုကျင့်သူသည် ယခုဘဝ၊ နောင်ဘဝ ချမ်းသာစွာနေရ၏။

(ဓမ္မပဒ)

ကောင်းမှုပြုသူနှင့် မကောင်းမှုပြုသူ

မကောင်းမှုပြုသူသည် ဤဘဝ၌လည်းပူပန်ရ၏။ တမလွန်ဘဝ၌လည်း ပူပန်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ ပူပန်ရ၏။ ငါသည် မကောင်းမှုကို ပြုမိပြီဟူ၍ ပူပန်ရ၏။ ဒုဂ္ဂတိဘုံသို့ကျရောက်ပါမူ အလွန်အမင်းပူပန်ရ၏။

ကောင်းမှုပြုသူသည် ဤဘဝ၌လည်းနှစ်သက်ရ၏။ တမလွန်ဘဝ၌လည်း နှစ်သက်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ နှစ်သက်ရ၏။ ငါသည် ကောင်းမှုကို ပြုအပ်ပေပြီဟု နှစ်သက်ရ၏။ သုဂတိသို့ရောက်ပါမူကား အလွန်အမင်း နှစ်သက်ရ၏။

(ဓမ္မပဒ)

မကောင်းမှုပြုသူ

သံမဉ်ဖြစ်ပေါ်လာသော သံချေးသည် ထိုသံကို ပြန်၍စားသကဲ့သို့ မကောင်းမှု၌ကျူးလွန်၍ ကျင့်သောအမှုများက အကြင်သူကို ဒုဂ္ဂတိဘဝသို့ ပို့ဆောင်ကုန်၏။

(ဓမ္မပဒ)

ကောင်းမှုပြုသူ

ကောင်းမှုကုသိုလ်ပြုလုပ်ခဲ့သောသူအား ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ ပြောင်း ရွှေ့သွားပါက ဆွေမျိုးတို့သည် ကြာမြင့်စွာကွဲကွာပြီး ရမ်းဝေးမှ ချမ်းသာစွာပြန်လည် ရောက်လာသောချစ်ခင်သူကို ကြိုဆိုကြသကဲ့သို့ ကောင်းမှုတို့သည် ကြိုဆိုကြကုန်၏။

(ဓမ္မပဒ)

ကောင်းသောစိတ်အကြိမ်၏အကျိုး

ကောင်းမှုကုသိုလ်တရားတို့၌ စိတ်အကြိမ်ဖြစ်ကာမျှကိုလည်း ကျေးဇူးဥပကာရများမြတ်လှ၏။

(ဓမ္မပဒ)

http://www.dhammadownload.com

အနာမရှိသောလက်

လက်၌အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်ဆောင်နိုင်၏။ အဆိပ်သည် အနာမရှိသောလက်သို့ အစဉ်မလိုက်၊ စေတနာမရှိဘဲပြုသောသူအား မကောင်းမှုက် မည်သည် မရှိ။

(ဓမ္မပဒ)

စင်ကြယ်အောင်ပြုပါ

မကောင်းမှုကို မိမိပြုလျှင် မိမိသည်ပင် ညစ်နွမ်း၏။ မကောင်းမှုကို မိမိမပြုလျှင် မိမိသာလျှင် စင်ကြယ်၏။ စင်ကြယ်သောတရားနှင့် မစင်ကြယ်သောတရားသည် တခြားစီသာဖြစ်၏။ တစ်ယောက်သောသူသည် အခြားသူကို စင်ကြယ်အောင်သုတ်သင်မပေးနိုင်။

(ဓမ္မပဒ)

သတ္တဝါတို့ကိုမညှဉ်းဆဲရာ

အလုံးစုံသောသတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသောသတ္တဝါတို့သည် သေခြင်းမှကြောက်ကုန်၏။ မိမိတို့၏အသက်ကို ချစ်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို မသတ်ဖြတ် မညှဉ်းဆဲရာ။

(ဓမ္မပဒ)

တမလွန်ချမ်းသာရေး

အကြင်သူသည် မိမိချမ်းသာရေးကို ရှာဖွေအံ့ဟူ၍ ချမ်းသာခြင်းကို အလိုရှိကြကုန်သော သတ္တဝါတို့ကို တုတ်၊ လှံကန် စသည်ဖြင့် ညှဉ်းဆဲ၏။ ထိုညှဉ်းဆဲသူသည် တမလွန်ဘဝ၌ ချမ်းသာခြင်းကိုမရနိုင်ပေ။

အကြင်သူသည် မိမိချမ်းသာရေးကို ရှာဖွေအံ့ဟူ၍ ချမ်းသာခြင်းကို အလိုရှိကြကုန်သော သတ္တဝါတို့ကို တုတ်၊ လှံကန် စသည်ဖြင့် မညှဉ်းဆဲကုန်။ ထိုမညှဉ်းဆဲသူသည် တမလွန်ဘဝ၌ ချမ်းသာခြင်းကိုရရှိ၏။

(ဓမ္မပဒ)

အသက်မွေးရန် ခဲယဉ်းပါစေ

အရှက်မရှိသူသည် ရဲတင်းသောကျီးနှင့်တူသဖြင့်လည်းကောင်း၊ သူတစ်ပါး၏ဂုဏ်ကျေးဇူးကို ဖျက်ဆီး၍လည်းကောင်း၊ သူတစ်ပါးပြုသည်ကို မိမိပြုယောင်ဆောင်သဖြင့်လည်းကောင်း၊ ကြမ်းကြုတ်သဖြင့်လည်းကောင်း၊ ညစ်ညူးသောအကျင့်ဖြင့်လည်းကောင်း အသက်မွေးမှုပြုသောကြောင့် အသက်မွေးရန်လွယ်ကူ၏။

http://www.dhammadownload.com

အရှက်ရှိသူသည် စင်ကြယ်မှုကို အမြဲရှာသဖြင့်လည်းကောင်း၊ မတွန့်တိုသဖြင့်လည်းကောင်း၊ မကြမ်းကြုတ်သဖြင့်လည်းကောင်း၊ စင်ကြယ်သောအသက်မွေးမှုဖြင့်လည်းကောင်း၊ သင့် မသင့်ကို မြော်မြင်သဖြင့်လည်းကောင်း အသက်မွေးမှုပြုသောကြောင့် အသက်မွေးရန်ခဲယဉ်း၏။

(ဓမ္မပဒ)

တရားဟောသူကို ပူဇော်ပါ

အကြင်ပုဂ္ဂိုလ်ထံမှ မြတ်စွာဘုရား ဟောကြားတော်မူသော တရားကို သိရငြားအံ့။ ပုဏ္ဏားသည် မီးကိုပူဇော်သကဲ့သို့ ထိုပုဂ္ဂိုလ်ကို ရိုသေစွာရှိခိုးပူဇော်ရာ၏။

(ဓမ္မပဒ)

သာသနာအပ်၌ မဂ်ဖိုလ်မရနိုင်

ကောင်းကင်၌ခြေရာမရှိ။ သာသနာတော်၏ပြင်ပ၌ မဂ်ဖိုလ်ရသောရဟန်းမရှိ။ အရိယာပုဂ္ဂိုလ်မရှိ။ မြဿောသခ်ါရတရားမရှိ။ ဘုရားရှင်တို့အား တုန်လှုပ်ခြင်းမရှိ။

(ဓမ္မပဒ)

ချမ်းသာကြောင်းတရားများ

အရေးကိစ္စပေါ်လာသောအခါ အဆွေခင်ပွန်းရှိခြင်းသည် ချမ်းသာ၏။
ရတတ်သမျှသောပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။
အသက်ကုန်ခါနီး၌ ကုသိုလ်ကောင်းမှုရှိခြင်းသည် ချမ်းသာ၏။
လောက၌ အမိအဖတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။
မကောင်းမှုမှအပ ပြုပြီးကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးရခြင်းသည် ချမ်းသာကြောင်းဖြစ်၏။
သီလရှိခြင်းသည် အိုသည့်တိုင်အောင်ချမ်းသာ၏။
သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။
ပညာကိုရခြင်းသည် ချမ်းသာ၏။
မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

(ဓမ္မပဒ)

http://www.dhammadownload.com

တရားရှိသူသည် သူတော်ကောင်း

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ပုဂ္ဂိုလ်သည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

(ဓမ္မပဒ)

နိဗ္ဗာန်ချမ်းသာ

ရာဂနှင့်တူသောမီးသည် မရှိ။ ဒေါသနှင့်တူသောအပြစ်သည် မရှိ။ ခန္ဓာနှင့်တူသော ဆင်းရဲသည် မရှိ။ နိဗ္ဗာန်နှင့်တူသော ချမ်းသာခြင်းသည် မရှိ။

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံးလာဘ်တည်း။ ရောင့်ရဲခြင်းသည် အလွန်ကဲဆုံးဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံးဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာတည်း။

(ဓမ္မပဒ)

တဏှာမှကင်းလွတ်သူ

တဏှာကြောင့် စိုးရိမ်ပူဆွေးခြင်းဖြစ်ပေါ်၏။ ကြောက်ရွံ့ခြင်းဖြစ်ပေါ်၏။ တဏှာ မှကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်းရှိပါတော့အံ့နည်း။

(ဓမ္မပဒ)

တဏှာကုန်ရာ၌ မွေ့လျော်သူ

အသေဘေးမှ ရွှာသွန်းပေးသဖြင့်လည်း ကာမတို့၌ ရောင့်ရဲတင်းတိမ်မှုမရှိ။ ကာမ တို့သည် သာယာဖွယ်သဘောမရှိကုန်။ ဆင်းရဲကုန်၏ဟုသိ၍ မြတ်စွာဘုရား၏တပည့် ဖြစ်သော ပညာရှိသည် နတ်၌ဖြစ်သော ကာမတို့၌လည်း မမွေ့လျော်။ တဏှာကုန်ရာ နိဗ္ဗာန်၌သာ မွေ့လျော်တော့၏။

(ဓမ္မပဒ)

ဆင်းရဲဒုက္ခတို့ မကျရောက်နိုင်သူ

အမျက်ဒေါသကိုစွန့်ရာ၏။ မာနကိုပယ်ရာ၏။ သံယောဇဉ်ဟူသမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌မငြိတွယ်။ မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခသည် မကျရောက်ကုန်။

(ဓမ္မပဒ)

http://www.dhammadownload.com

အကြင်သူသည် ပြုခဲ့မိသောအကုသိုလ်ကံကို အရဟတ္တမဂ်ကုသိုလ်ဖြင့် ဖုံးအုပ်နိုင်၏။ ထိုသူသည် တိမ်တိုက်မှလွတ်သောလကဲ့သို့ အရဟတ္တမဂ်အလင်းရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

(ဓမ္မပဒ)

အမြတ်ဆုံး စစ်နိုင်သူ

အကြင်သူရဲကောင်းတစ်ယောက်သည် စစ်မြေပြင်၌ စစ်သည်ဗိုလ်ပါတို့ကို အကြိမ် တစ်သန်းအောင်နိုင်ရာ၏။ အကြင်သူရဲကောင်းတစ်ယောက်သည်ကား ကိုယ်တွင်းကိလေသာကို တစ်ကြိမ်တစ်ခါမျှအောင်နိုင်ရာ၏။ ကိလေသာကို တစ်ကြိမ်တစ်ခါအောင်နိုင်သော ထိုသူရဲကောင်းသည်သာလျှင် စစ်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။

(ဓမ္မပဒ)

အမြတ်ဆုံးဥစ္စာ

ပညာမဲ့၍ မိုက်သောသူသည် မေ့လျော့မှုကို အားထုတ်ကြကုန်၏။ ပညာရှိသည်ကား မမေ့မလျော့ခြင်းကို အမြတ်ဆုံးဥစ္စာကဲ့သို့ စောင့်ရှောက်၏။

(ဓမ္မပဒ)

တရားကျင့်မှ တရားအရသာ ခံစားရ၏

နွားရှင်တို့အား နွားတို့ကို ရေတွက်၍အပ်နှင်းလိုက်ရသော နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွားနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို များစွာဟောပြောနေပါသော်လည်း မကျင့်မကြံ မေ့လျော့ပေါ့တန်နေသောသူသည် ပြုထိုက်သည်ကို ပြုသည်မမည်။ မဂ်ဖိုလ်အရသာကို မခံစားရ။

နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွားနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရား စကားတော်ကို အနည်းငယ်မျှပင် ပြောဟောနေပါသော်လည်း တရားအားလျော်သော် အကျင့်ကို ကျင့်လေ့ရှိသူဖြစ်ခဲ့မူ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ပြီးလျှင် ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍ ကိလေသာတို့မှ လွတ်သောစိတ် ရှိသည်ဖြစ်လျက် ဤ လောကဌ်လည်းကောင်း၊ တမလွန်လောကဌ်လည်းကောင်း စွဲလမ်းမှုမရှိတော့ပြီ။ ထိုသူ သည်သာ မဂ်ဖိုလ်အရသာကို ခံစားရ၏။

(ဓမ္မပဒ)

http://www.dhammadownload.com

နိဒါန်း

ဓမ္မကို ဖောင်ကဲ့သို့သာ ကျင့်သုံးပါ

ချစ်သားရဟန်းတို့...

ဖောင်နှင့်တူသောတရားဓမ္မကို ငါဘုရား ဟောကြားပြသ တော်မူခဲ့ပါပြီ။ ဖောင်သည် တစ်ဖက်ကမ်းသို့ ကူးမြောက်ရန် အတွက်သာဖြစ်ပြီး လိုရာခရီးရောက်ပြီးပါက ဆက်လက် ယူ ဆောင်သွားရန် (ဆွဲကိုင်ထားရန်) မဟုတ်ပေ။

ချစ်သားရဟန်းတို့...

တရားဓမ္မသည်လည်း မဂ္ဂင်ဖောင်နှင့်တူ၍ သံသရာ၏တစ် ဖက်ကမ်းသို့ ကူးမြောက်ရန်အတွက်သာဖြစ်ပြီး လိုရာခရီးရောက် ပြီးပါက ကောင်းမွန်သောအရာများ (တရားဓမ္မ)များကိုပင် စွန့် လွှတ်ကြရပေမည်။ မကောင်းသောအရာများ (အဓမ္မ)များကို စွန့်လွှတ်ကြရန်မှာမူ အဘယ်မှာဆိုဖွယ်ရှိတော့အံ့နည်း။

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိ
(သစ္စာ–မေတ္တာ)

ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမာနုမာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အနက်

ဂိမာနံ–နွေလေးလတို့တွင်၊ ပဌမသို့ံဂိမှေ–ရှေးဦးအစနွေကာလဖြစ်သော၊ မာသေ–အလှထူးစွာ လတန်ခူးအခါသမယ၌၊ ဖုဿိတဂ္ဂေ–ကားကားစွင့်စွင့် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ–ကြီးကျယ်ခမ်းနား ပင်စုံပွားလျက်၊ မားမားမို့မို့၊ လေပြေတိုးလျှင်၊ ယို့ယို့လှုပ်လျက်၊ ပန်းအဝဝ၊ ဆန်းလှပေါတုံ့၊ တောရဂုံကြီးသည်၊ (သသီရိကော)ယထာ–ရွှန်းရွှန်းအိအိ၊ တင့်တယ်လှပသော အသရေရှိသကဲ့သို့၊ တထူပမံ–အနက်သဒ္ဒါ၊ ဝေဆာဆာနှင့်၊ သာယာဖွယ်အတိ၊ ထိုတောအုပ်ကြီးလျှင် ဥပမာရှိသော၊ နိဗ္ဗာနဂါမိံ–နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်ကြောင်းဖြစ်သော၊ ဓမ္မဝရံ–ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ ဓမ္မခန္ဓာဒေသနာပေါင်း ရှစ်သောင်းလေးထောင်၊ များမြောင်လှစွာ၊ တရားမြတ်ဒေသနာတော်ကို၊ ပရမံဟိတာယ–နိဗ္ဗာနဓာတ်၊ အမြတ်ဆုံးအကျိုးစီးပွားအလို့ငှာ၊ အဒေသယိ–မဟာကရုဏာတော်ရှေ့ထား၍၊ ဟောကြားတော်မူခဲ့ပါပေပြီ။ ဗုဒ္ဓေ–လောကထွတ်တင် သဗ္ဗညုမြတ်အရှင်၌၊ ဣဒမ္ပိရတနံ–ဤရတနာဖြစ်ကြောင်းကောင်းမြတ်သောဂုဏ်ရည်အပေါင်းသည်လည်း၊ ပဏီတံ–ထူးမြတ်လှပါပေ၏။ ဧတေနသစ္စေန–ဤသို့မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်၊ ပါဏိနံ–သတ္တဝါထိုထို၊ ပုဂ္ဂိုလ်အပေါင်းတို့အား၊ (အမှာကံ–ချမ်းသာလိုလား အကျွန်ုပ်အား၊ တုမှာကံ–ချမ်းသာလိုလားအသင်တို့အား)၊ သုဝတ္ထိ–ဆင်းရဲခပ်သိမ်း ပယ်ပျောက်ငြိမ်း၍၊ အေးချမ်းသာယာ၊ ချမ်းသာအလုံးစုံတို့သည်၊ ဟောတု–မဆိုင်းလျင်စွာ မုချမသွေ ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

http://www.dhammadownload.com

ဓမ္မာနုဿတိ

(သစ္စာ-မေတ္တာ)

ဓယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သက္ကမုနိ သမာဟိတော။
နတေန ဓမ္မေန သမတ္ထိကိဉ္စိ၊
ကဒမ္မိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အနက်

သမာဟိတော-အရိယမဂ်သမာဓိဖြင့်၊ တည်ကြည်သောစိတ်ရှိတော်မူသော၊ သက္က မုနိ-သာကီဝင်နွယ်ဖွား ရှင်ဇေတာမြတ်ဘုရားသည်၊ ဓယံ-ကိလေသာအဝဝ၊ ဒုက္ခမျိုးစုံ၊ အေးငြိမ်းကုန်ပျောက်ရာ ဖြစ်တော်မူပေထသော၊ ဝိရာဂံ-ရာဂအတွယ်ပြယ်ပျောက်ကင်းရှင်းရာ ဖြစ်တော်မူပေထသော၊ အမတံ-သေခြင်းကင်းလတ် အမတေဓာတ်ကြီးဖြစ်တော်မူပေထသော၊ ပဏီတံ-မရောင့်ရဲစေတတ်၊ ကောင်းမြတ်လှပေထသော၊ ယံ-အကြင်နိဗ္ဗာနဓာတ် တရားမြတ်ကို၊ အဇ္ဈဂါ-အသရေ်အသချ်ာ များပြားလှစွာသော ပါရမီတော်အဟုန်တို့ကြောင့်၊ ဗောဓိပင်ခြေ ပလ္လင်ဗွေက ကောင်းစွာမသွေ အပိုင်ရတော်မူခဲ့လေပြီ။ တေနဓမ္မေန-ထိုနိဗ္ဗာန်ဓာတ်တရားတော်မြတ်နှင့်၊ သမံ-တန်းတူထား၍၊ ရှုစားဖွယ်ရာ၊ တူညီလှစွာသော၊ ကိဉ္စိ-တစ်စုံတစ်ခုသော တရားမျိုးမည်သည်၊ နအတ္ထိ-ဘယ်သို့ရှာရှာ၊ မရှိရှိးဧကန်၊ အမှန်စင်စစ်ဖြစ်တော့သည် သာလျင်တည်း။ ဓမ္မေ-ထိုနိဗ္ဗာန်တရားတော်မြတ်၌၊ ကဒမ္မိရတန်-ဤရတနာဟု သိသာဖွယ်အကြောင်း ကောင်းမြတ်သောဂုဏ်ရည်အပေါင်းသည်လည်း၊ ပဏီတံ-ထူးမြတ်လှပါပေ၏။ ဧတေနသစ္စေန-ဤသို့ မှန်ကန်စွာဆိုရသောသစ္စာစကားကြောင့်၊ ပါဏိနံ-သတ္တဝါထိုထို ပုဂ္ဂိုလ်အပေါင်းတို့အား၊ (အမှာကံ-ချမ်းသာလို့လား၊ အကျွန်ုပ်အား၊ တုမှာကံ-ချမ်းသာလို့လား အသင်တို့အား)၊ သုဝတ္ထိ-ဆင်းရဲခပ်သိမ်း ပယ်ဖျောက်ငြိမ်း၍၊ အေးချမ်းသာယာ၊ ချမ်းသာအလုံးစုံတို့သည်၊ ဟောတု-မဆိုင်းလျင်စွာ၊ မုချမသွေ၊ ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

http://www.dhammadownload.com

သံဃာနုဿတိ

ယေပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္မိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အနက်

သတံ-ဘုရား အစရှိသော ပုဂ္ဂိုလ်မြတ်သူတော်ကောင်းအပေါင်းတို့သည်၊ ပသတ္ထာ-ကောင်းစွာအထပ်ထပ်၊ အနည်းနည်း အဖုံဖုံ၊ ထုတ်ဖော် ချီးမွမ်းတော်မူအပ်ကုန်သော၊ ယေပုဂ္ဂလာ-အရိယာတွင် အကြင်ပုဂ္ဂိုလ်တို့သည်၊ အဋ္ဌ-အသီးအသီးအားဖြင့်၊ ရှစ်ပါး ရှိကုန်သည်၊ ဟောန္တိ-ဖြစ်ကြပါပေကုန်၏။ ဧတာနိ-အရိယာသခင် ထိုအရှင်မြတ်တို့သည်၊ စတ္တာရိယုဂါနိ-အစုံတွဲလျက်၊ ရေတွက်ခဲ့တုံ့၊ လေးစုံတို့သည်၊ ဟောန္တိ-ဖြစ်ကြပါပေကုန်၏။ သုဂတဿ-သုဂတဘွဲ့ဆင် ရှင်တော်မြတ်ဘုရား၏၊ သာဝကာ-တပည့်သာဝက ဖြစ်တော်မူကြကုန်သော၊ ယေပုဂ္ဂလာ-အရိယာခေါ် ပုဂ္ဂိုလ်ကျော်အရှင်မြတ်တို့သည်၊ ဒက္ခိဏေယျာ-မျှော်ကိုးသလောက်၊ အကျိုးမြောက်ကြောင်း၊ အလှူကောင်းအလှူမှန်ကို ခံယူတော်မူထိုက်ကြပါပေကုန်၏။ ဧတေသု-ထိုအရိယာခေါ် ပုဂ္ဂိုလ်တော်တို့၌၊ ဒိန္နာနိ-လှူအပ်သမျှ အလှူဒါနတို့သည်၊မဟပ္ဖလာနိ-ကြီးကျယ်ဖွံ့ဖြိုးသည့်အကျိုးရှိကုန်၏။ သဃေ-အရိယာခေါ် သံဃာတော်အရှင်၌၊ ဣဒမ္မိရတနံ-ဤရတနာ၏အဖြစ် နှစ်သက်ဖွယ်ကောင်းမြတ်သော ဂုဏ်ရည်အပေါင်းသည်လည်း၊ ပဏီတံ-ထူးမြတ်လှပါပေ၏။ ဧတေနသစ္စေန-ဤသို့ မှန်ကန်စွာဆိုရသောသစ္စာစကားကြောင့်၊ ပါဏိနံ-သတ္တဝါထိထို၊ ထိုပုဂ္ဂိုလ်အပေါင်းတို့အား။ (အမှာက်-ချမ်းသာလိုလား အကျွန်ုပ်အား။ တုမှာက်-ချမ်းသာလိုလား အသင်တို့အား)၊ သုဝတ္ထိ-ဆင်းရဲခပ်သိမ်း ပယ်ပျောက်ငြိမ်း၍၊ အေးချမ်းသာယာ၊ ချမ်းသာအလုံးစုံတို့သည်၊ ဟောတု-မဆိုင်းလျင်စွာ၊ မုချမသွေ၊ ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

(ဧတေန-သစ္စပုညေန-ဗုဒ္ဓ၊ ဓမ္မ၊ သံဃာရတနာ မြတ်သုံး၏ ဂုဏ်တော်ရသထူးကို၊ ထုတ်ဆိုသစ္စာ-မေတ္တာ၊ ရိသေမြတ်နိုး၊ ရှိခိုးဦးညွတ်ရပါသော၊ ကောင်းမှုကုသိုလ်ကံစေတနာအစုစုတို့ကြောင့်၊ မယ့်-အကျွန်ုပ်၏၊ တေစွ-သင်တို့၏၊ စိန္တာ-လောကီ

http://www.dhammadownload.com

လော ကုတ်၊ ပစ္စုပ်သံသရာ၊ နှစ်ဖြာအကျိုး၊ ပွားတိုးဖို့ရန်၊ တောင့်တအပ်သမျှ၊ ကောင်းမြတ်သောအကြံ၊ ကောင်းမြတ်သောလိုအင်ဆန္ဒ ဟူသမျှတို့သည်၊ သမိဒ္ဓိတံ သမိဒ္ဓိတု–ကြဲစည်ဆန္ဒရှိကြသည့်အတိုင်း၊ မဆိုင်းလျင်စွာ၊ မုချမသွေ၊ ပြည့်စုံအောင်မြင်နိုင်ကြပါစေကုန်သတည်း။)

ရတနာ့ဂုဏ်ရည်

(သစ္စာ–မေတ္တာ)

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဣဓဝါ–ဤလူ့ပြည်လောက ဘုံဌာနဒ္ဒလည်းကောင်း၊ ဟုရံဝါ–နဂါး၊ ဂဠုန်စသည့် ပြည်တစ်ပါးဒ္ဒလည်းကောင်း၊ ယံကိဉ္စိ–ကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော၊ ဝိတ္တံ–နှစ်သက်ဖွယ် ရတနာအမျိုးမျိုးတို့သည်၊ အတ္ထိ–ထင်ရှားမသွေ ရှိနေကြပါပေ၏။ သဂ္ဂေသုဝါ–နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့ဒ္ဒလည်း၊ ပဏီတံ–မရောင့်ရဲစေတတ်၊ မွန်မြတ်လှစွာသော၊ ယံရတနံ–အကြင် ရွှေငွေစိန်ကျောက် အစရှိသော ရတနာအမျိုးမျိုးတို့သည်၊

http://www.dhammadownload.com

အတ္ထိ–ထင်ရှားမသွေ ရှိနေကြပါပေ၏။ ကျမ–ဤလူ့ပြည်၊ နတ်ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည် ပြည်တကာ၌ရှိကြကုန်သော ရတနာအပေါင်းတို့တွင်၊ တထာဂတေန–လောကထွတ်ထား ဘုရားမြတ်တည်းဟူသောရတနာနှင့်၊ တထာဂတေန–ကိုးပါး၊ ဆယ်ပါး တရားတော်မြတ်တည်းဟူသောရတနာနှင့်၊ တထာဂတေန–ရှစ်ပါးအရိယာ သံဃာတော်မြတ်အပေါင်းတည်းဟူသော ရတနာနှင့် သမံ–တန်းတူထား၍ ရှာစားဖွယ်ရာ တူညီလှစွာသော ရတနာမျိုးသည်၊ နနောအတ္ထိ–နအနတ္ထိ–ဘယ်သို့ရှာရှာ၊ မရှိရိုးဧကန် အမှန်စင်စစ်ဖြစ် ပါတော့သည်သာလျှင်တည်း။

ဗုဒ္ဓေ–လောကထွတ်ထား ရှင်တော်မြတ်ဘုရား၌၊ ဓမ္မေ–တရားတော်မြတ်၌၊ သံ ဃေ–သံဃာတော်မြတ်၌၊ ကျဒမ္မိရတနံ–ဤရတနာဖြစ်ကြောင်း ကောင်းမြတ်သောဂုဏ် ရည်အပေါင်းသည်လည်း၊ ပဏီတံ–ထူးမြတ်လှပါပေ၏။ ဧတေနသစ္စေန–ဤသို့မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်၊ ပါဏိနံ–သတ္တဝါထိုထို ပုဂ္ဂိုလ်အပေါင်းတို့အား (အမှာကံ–ချမ်းသာလိုလားအကျွန်ုပ်အား၊ တုမှာကံ–ချမ်းသာလိုလားအသင်တို့အား)၊ သုဝတ္ထိ–ဆင်းရဲခပ်သိမ်း ပယ်ပျောက်ငြိမ်း၍၊ အေးချမ်းသာယာ၊ ချမ်းသာအလုံးစုံတို့သည်၊ ဟောတု–မဆိုင်းလျင်စွာ၊ မုချမသွေ ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

ဧယန္တော ဗောဓိယာ မူလေ၊ သက္ယာနံ နန္ဒိဝဓ္ဎနော။
ဧဝံ မေဝ ဧယော ဟောတု၊ ဧယသ္မာ ဧယမဂ်္ဂလေ။

အနက်

သက္ယာနံ–သာကီဝင်မင်းအပေါင်းတို့၏၊ နန္ဒိဝဓ္ဎနော–အားရနှစ်သက်ခြင်းကိုတိုး ပွားစေတတ်သော မြတ်စွာဘုရားသည်၊ ဗောဓိယာ–ဗောဓိပင်၏၊ မူလေ–အနီးတစ်ခွင် အပရာဇိတပလ္လင်တော်၌၊ ဧယန္တောဃထာ–မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့၊ ဧဝံမေဝ–ဤအတူသာလျှင် (တေ–သင့်အား၊ မေ–အကျွန်ုပ်အား)၊ ဧယော–ဘေးရန် ခပင်း အောင်မြင်ခြင်းသည်၊ ဟောတု–ဖြစ်ကြပါစေကုန်သတည်း။ တွံ–သင်သည် (မေ–အကျွန်ုပ်သည်)၊ ဧယမဂ််လေ–အောင်ရာအောင်ကြောင်း ကောင်းမြတ်သောမဂ််လာတို့ကို၊ ဧယသ္မာ–ခရီးရောက်အောင် ပြီးမြောက်လျင်လျင် အောင်မြင်နိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

http://www.dhammadownload.com

မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

အနက်

မဟာကာရုဏိကော–ကြီးမြတ်သော မဟာကရုဏာရှိတော်မူသော၊ နာထော–မြတ်စွာဘုရားရှင်သည်၊ သဗ္ဗပါဏိနံ–အလုံးစုံသောသတ္တဝါအပေါင်းတို့၏၊ ဟိတာယ–အကျိုးစီးပွားအလို့ငှာ၊ သဗ္ဗာ–အလုံးစုံကုန်သော၊ ပါရမီ–ဒါန အစရှိသည့် ပါရမီတော်တို့ကို၊ ပူရေတွာ–စည်းစိမ်ချမ်းသာနှင့် အသက်ခန္ဓာတို့ကိုစွန့်လွှတ်ကာ ဖြည့်ကျင့်တော်မူ၍၊ ဥတ္တမံ–ထူးမြတ်သော၊ သမ္ဗောဓိံ–အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတညာဏ်တော်တို့ကို၊ ပတ္တော–ပိုင်ပိုင်နိုင်နိုင် ရတော်မူခဲ့လေပြီ။ ဧတေနသစ္စဝဇ္ဇေန–ဤမှန်သောသစ္စာစကားကြောင့်၊ တေ–သင့်အား (မေ–အကျွန်ုပ်အား)၊ သဗ္ဗဒါ–အခါခပ်သိမ်း၊ သောတ္ထိ–အေးချမ်းသာယာ၊ ချမ်းသာအလုံးစုံတို့သည်၊ ဟောတု–မုချမသွေ၊ ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

အပရာဇိတပလ္လင်္ကော်၊ သီသေ ပုထုဝိ ပုက္ခလေ။
အဘိသေက သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

အနက်

သဗ္ဗဗုဒ္ဓါနံ–အလုံးစုံသောမြတ်စွာဘုရားရှင်တို့၏၊ အဘိသေကေ–ဗုဒ္ဓါဘိသေကမင်္ဂလာ ခံယူရာဌာနဖြစ်သော၊ သီသေ–မြေတို့၏အထွတ်အထိပ်ဖြစ်သော၊ ပုထုဝိပုက္ခလေ–တင့်တယ်ထူးလွန် မြေမွန်မြေမြတ်ဖြစ်သော၊ အပရာဇိတပလ္လင်္ကော်–အပရာဇိတမည်တွင် ပလ္လင်တော်၌၊ အဂ္ဂပ္ပတ္တော–ထွတ်ဖျားတိုင်မြောက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ရှင်တော်မြတ်ဘုရားသည်၊ ပမောဒတိ–အလွန်ရွှင်လန်းဝမ်းမြောက်တော်မူရပေ၏။ ဧဝမေဝ–ဤအတူပင်၊ တွံ–သင်သည် (မေ–အကျွန်ုပ်သည်)၊ အဂ္ဂပ္ပတ္တော–အထက်တန်းသို့ တက်လှမ်းပေါက်ရောက်သည်ဖြစ်၍၊ ပမောဒတိ–ဝမ်းမြောက်ပါစေသတည်း။

(သာဓု၊ သာဓု၊ သာဓု)

http://www.dhammadownload.com

ပညာရှိများသို့ တောင်းပန်ကန်တော့လွှာ

ကျမ်းပြုသူသည် ဤကျမ်းကို မိရိုးဖလာဗုဒ္ဓဘာသာဝင်အဆင့်မှ သဒ္ဓါနှင့် ပညာ မျှတစွာဖြင့် လောကဓံ၏အမြတ်ဆုံး ရတနာသုံးပါးကို စနစ်တကျ မှန်မှန်ကန်ကန် ကိုးကွယ်ဆည်းကပ်၊ အလေးအမြတ်ပြုနိုင်ကြစေရန်လည်းကောင်း၊ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန်လည်းကောင်း၊ ဗုဒ္ဓဘာသာကို အခြေခံကျကျ လေ့လာသင်ယူလိုက်စားလိုသူများအတွက်လည်းကောင်း၊ မြတ်ဗုဒ္ဓ ဟောကြားတော်မူ အပ်ကုန်သော၊ မြတ်ဓမ္မ၏ မလွဲမသွေသိအပ်သော အခြေခံတရားတော်များကို ဥပါသကာ၊ ဥပါသိကာတိုင်း အလွယ်တကူ ရှာဖွေတွေ့ရှိ လိုက်နာကျင့်ကြံနိုင်ရေးအတွက် ခြုံငုံ၍ တစုတစည်းတည်း ဆောင်ထားနိုင်ရန်လည်းကောင်း ဉာဏ်မီသလောက် ရေးသားပြုစုပူဇော်ထားခြင်းဖြစ်ပါ၏။

အကယ်၍ ဤကျမ်းတွင် ချွတ်ယွင်းအားနည်းချက်၊ မှားယွင်းချက်များရှိခဲ့ပါက ကျမ်းပြုသူ၏ အရည်အသွေးလျော့ပါးမှုကြောင့်သာဖြစ်ရကား ကျမ်းပြုသူ၏တာဝန်သာ လုံးလုံးလျားလျားဖြစ်ပါ၏။

သို့ဖြစ်ပါ၍ ဤကျမ်းတွင် တစ်စုံတစ်ရာအပြစ်အနာအဆာများ တွေ့ရှိခဲ့ရ၍ မြတ်ဓမ္မ၏ တုန့်ပြန်မရ၊ ထူးမြတ်လှသည့် အကောင်းဆုံးသောရသာထူးကို ထိပါးယုတ်လျော့စေခဲ့ပါလျှင် ပညာရှိသူတော်ကောင်းအပေါင်းတို့က ကရုဏာနှင့် မေတ္တာတရားများ အစဉ်ပွားများလျက် ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ပြုပြင် ဆုံးမလမ်းညွှန် ပြသပေးတော်မူကြပါရန် မာန်ကိုလျော့၍ ဦးညွှတ်ကန်တော့ တောင်းပန် ပန်ကြားအပ်ပါသည်။

အရှိအသေအလေးအမြတ်ပြုလျက်

မောင်သက်စိန်(ဖြူး)

(ကျမ်းပြုသူ)

အမှတ်(၂၃)၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်၊

(ဖုန်း-၂၉၂၃၅၅)

http://www.dhammadownload.com

ဆုတောင်း

ဓမ္မဒါနအလှူတော်၊ ပူဇော်ခြင်းပြု၊ ဤကောင်းမှုကြောင့်၊ မျက်မှောက်ဘဝမှာပင် အရိယာပုဂ္ဂိုလ်အဖြစ်သို့ရောက်လျက်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ရပါလို၏။

အကယ်၍ ယခုဘဝတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို မရရှိသေးပါက တိဟိတ်ဉာဏ်ဒုပုဂ္ဂိုလ်အဖြစ်ဖြင့် မင်္ဂလာတရား ၃၈ ပါး၊ ဗြဟ္မစိုရ်တရား ၄ ပါး၊ ပါရမီ ၁၀ ပါး တရားတွေစုံညီလျက် မဂ္ဂင်ရှစ်ပါး တစ်သန်တည်းပွားကာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား သိသည့် အရိယာဌာနသို့ မကြာခင် လျင်စွာပင်ရောက်ရပါလို၏။

ရှင်တော်မြတ်ဘုရား၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာ၊ သာသနာသုံးဝ သဒ္ဓမ္မသုံးဆူ၊ အပိုင်ယူဆင့်သလျက်၊ မရသေးသူ၊ နတ်နှင့်လူတို့ အပိုင်ယူရေး၊ အားပေးတတ်သူ၊ ကူညီတတ်စွာ၊ သာသနာပြု၊ လူ့အာဏာနည်၊ ပီပီသသ၊ ထင်ရှားဖြစ်ရပါလို၏။

လောကီလောကုတ္တရာ၊ ဆိုင်ရာအသီးသီး၊ ကြီးကျယ်မြတ်လှ၊ ကိစ္စအမျိုးမျိုး၊ အကျိုးစီးပွားမှန်သမျှ၊ ဆောင်ရွက်ရတိုင်း၊ မဆိုင်းလျင်စွာ၊ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရပါလို၏။

မြတ်စွာဘုရားရှင်တို့မပွင့်ရာ၊ သုညကမ္ဘာ၊ သာသနာပကာလနှင့် လုံးဝကင်းကာ၊ သာသနာတွင်းကာလ၌လည်း၊ မဂ်ဖိုလ်မရနိုင်သော ဘဝမျိုးအဖုံဖုံ၊ မကြုံရမဆုံရ၊ ဒုလ္လဘငါးရပ်၊ ရခဲတဲ့ပုံအလှကို၊ ကြုံရဆုံရပါလို၏။

ဆိုခဲ့ပြီးအဖုံဖုံ၊ ဂုဏ်အင်္ဂါပြည့်ဝ၊ မိဘနှင့်ဆရာ၊ ကလျာဏမိတ္တအပေါင်း၊ သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းမှီဝဲရပါလို၏။ ဗာလမိတ္တ ဟူသမျှနှင့် လုံးဝကင်းရှင်း၊ မပေါင်းသင်း မမှီဝဲရလိုပါ။

မိမိတွက်တာ၊ သာသနာနှင့် လောက၊ တိုးတက်ဖို့ကြံဆသည့်၊ ဆန္ဒအလိလီ၊ အကြံအစည်အဝဝ၊ တောင့်တမှုမှန်သမျှတို့သည် တ–တိုင်းလျင်စွာ၊ ထမြောက်အောင်မြင်ရပါလို၏။

ဘဝဆက်တိုင်းဆက်တိုင်း၊ သမ္မတ္တိအဖုံဖုံ၊ ကြုံရဆုံရ၊ ဘုံဘဝ၌ဖြစ်ကာ၊ ချမ်းသာ ခြင်းမြဲ၊ ဆင်းရဲအလျဉ်းမရောက် ကင်းပျောက်ရသူ ဖြစ်ရပါလို၏။

http://www.dhammadownload.com

ဗုဒ္ဓ၏ ထူးမြတ်သော ဥဒါန်းတော်များ
သိဒ္ဓတ္ထ ပထမသီဟနာဒ

(က) အဂ္ဂေါဟ မသို့ လောကဿ၊
(ခ) ဇေဋ္ဌောဟ မသို့ လောကဿ၊
(ဂ) သေဋ္ဌောဟ မသို့ လောကဿ၊
(ဃ) အယမန္တိမာဇာတိ၊
(င) နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ ပထမဆုံး ရဲရင့်သောကြုံးဝါးသံ

(က) တစ်လောကလုံးတွင် ငါသာလျှင် အမြတ်ဆုံးတည်း။
(ခ) တစ်လောကလုံးတွင် ငါသာလျှင် အကြီးကျယ်ဆုံးတည်း။
(ဂ) တစ်လောကလုံးတွင် ငါသာလျှင် အချီးမွမ်းအပ်ဆုံးတည်း။
(ဃ) ဤယခုဘဝ ပဋိသန္ဓေနေရခြင်းသည် ငါ့အတွက် နောက်ဆုံး ပဋိသန္ဓေနေရခြင်း ပါတကား။
(င) ယခုအခါ ငါ့အတွက် နောက်ထပ်တစ်ဖန် ဘဝသစ်ဖြစ်ရန် မရှိတော့ပါတကား။

ပထမဗုဒ္ဓဝစန - ပထမဆုံး ဘုရားစကားတော်
ဥဒါန်းဂါထာများနှင့်အနက်များ

(က) **အနေကဇာတိသံသာရံ၊**
သန္ဓာဝိဿံအနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(က) ဂဟကာရက၊ ဒုက္ခစနက် သွယ်တန်းဆက်လျက် ဖြစ်ပျက်ကိုဖန် ရှုပ်နှင့်နာမ်ဖြင့် ပြန်လှန်ယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာသည့် တဏှာယောဂျာ, လက်သမား။ ပုနပ္ပုနံ၊ ဘုံအရပ်ရပ် ဇာတ်အနဲနဲ မပြတ်စဲပဲ ထပ်တလဲဖန်ခါခါ။ ဇာတိ၊ အပါယ်လေးရပ် လူနတ်ဗြဟ္မာ သံသရာဝယ် ခန္ဓာကိုယ်အစ ဖြစ်ရမကင်း ပဋိသန္ဓေတည်နေရခြင်းသည်။ ဒုက္ခာ၊ ချမ်းသာဟုပင် ထင်သာထင်လည်း ဘယ်တွင်သုခ ရှာမရခဲ့သောဘဝမှာ ဇရာမရဏ ဗျာဓိ၊ စသည့် ဒုက္ခများစွာ ပေါ်လာထွေထွေ ဆင်းရဲအစစ်ပင် ဖြစ်ပါပေ၏။ (တသ္မာ၊ ပဋိသန္ဓေ တည်နေ ထပ်တလဲလဲ ဆင်းရဲအစစ် ဖြစ်လေသော

http://www.dhammadownload.com

ကြောင့်။) ဂဟကာရံ၊ ဇာတိခန္ဓာ သံသရာကို ဖန်လာဖောက်ပြား ယောကျ်ားတဏှာ သင် လက်သမားဆရာကို၊ ဂဝေသန္တော၊ သိရန်မြင်ရန် အကြံအသီးသီး နည်းအတန်တန် စီမံ၍ ရှာမှီး၍လာခဲ့သော။ (အဟံ၊ လောကမျက်ရှူ သဗ္ဗညုဟု ယခုထင်ရှား ငါဘုရား သည်၊ ဉာဏ်၊ ကမ္ဘာဗိသုကာ သင်တဏှာကို မြင်ရာမြင်ကြောင်း အကောင်းဆုံးမှန် ဗောဓိဉာဏ်ကို။) အနိဗ္ဗိသံ - အဝိန္ဒန္တော၊ ပါရမီကုန် မစုံသေးခင် ရွေးယခင်က မရနိုင်ခဲ့ သည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ လူနတ်ခါခါ ဖြတ်ခွာသွယ်သွယ် အပါယ်ဖန်ဖန် ပြန်လှန်ဖြစ်ရ ဘဝများစွာ သံသရာကာလပတ်လုံး။ သန္ဓာဝိသံ၊ အထက်တက်ချည် အောက်သက်ချည်ဖြင့် အတည်မကျ ပြေးသွားကျင်လည်ခဲ့ရပေပြီ။

(ခ) **ဂဟကာရက ဒိဋ္ဌောသိ၊**
ပုန ဂေဟံ န ကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသခိတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

(ခ) ဂဟကာရက၊ အတ္တဘောခန္ဓာ အိမ်ဂေဟာကို ကမ္ဘာတခွင် ထာဝစဉ်ဆောက် ပြောင်မြောက်လက်ရာ တဏှာယောကျ်ားလက်သမား။ တံ့၊ ကမ္ဘာဘုံနယ် ပုံသွယ်သွယ် ဖြင့် ခြယ်လှယ်စီမံ ဖန်တီးတတ်စွာ တဏှာယောကျ်ား သင်လက်သမားကို။ မယာ၊ သင့်စနက်ကို ပယ်ဖျက်နိုင်ရေး အလေးပေးကာ ပါရမီမျိုး ပျိုးခဲ့တွင်တွင် ငါဘုရားရှင်သည်၊ ဒိဋ္ဌောသိ၊ ဗောဓိပင်ခြေ ပလ္လင်ဗွေတွင် သဗ္ဗညုတ ဉာဏ်တော်ရလျက် ဒိဋ္ဌထင်ထင် တွေ့မြင်ခဲ့ရပေပြီ။ (တံ့၊ ကမ္ဘာဇာတ်ခုံ ခန္ဓာပုံကို နည်းစုံလမ်းစုံ အဖုံဖုံဖြင့် ပုံအသွယ်သွယ် ခြယ်လှယ်ဆောက်လာ တဏှာဆိုတဲ့ သင်ဗိသုကာသည်။) ဂေဟံ၊ အတ္တဘောခန္ဓာ ငါ၏အိမ်ဂေဟာကို၊ ပုန န ကာဟသိ၊ နောက်ထပ်တဖန် ဘယ်ပုံစံဖြင့် ဘယ်ဟန်ဘယ်မှု ဘယ်လိုမှ ပြုနိုင်တော့မည်မဟုတ်တော့ပေ။ တေ၊ ငါ၏ဟန်ကို ပုံစံအသွယ်သွယ် ခြယ်လှယ်ဤအရောက် တည်ဆောက်ခဲ့လာ တဏှာယောကျ်ား သင်လက်သမား၏၊ သဗ္ဗာ၊ တစ္ဆန်းတစ မကျန်ရအောင် လုံးဝဥသုံ အလုံးစုံကုန်သော၊ ဖာသုကာ၊ ကိလေသာဟု ခန္ဓာအိမ်တွယ် အခြင်ရနယ်တို့ကို။ ဘဂ္ဂါ၊ မင်္ဂလေးတန်ဟု ဉာဏ်လက်နက်ဗုံး လေးကြိမ် သုံးလျက် ပျက်ပြုန်းပျောက်စေ ဖျက်ဆီးအပ်ပေကုန်ပြီ။ ဂဟကူဋံ၊ သင်ဆောက်ခဲ့ရာ ငါ့ခန္ဓာဟု ဂေဟာတမွတ် အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို။ ဝိသခိတံ၊ အရဟတ္တမဂ် လက်နက်ကိုစွဲ ငြိမ်းစဲပစေ ဖျက်ဆီးအပ်ပေကုန်ပြီ။ (ကွဒါနိ၊ သုံးလောကတွင် ဘုရင်တစ်ဆူ

http://www.dhammadownload.com

နတ်လူမှတ်သား မြတ်ဘုရားဖြစ်လာ ယခုအခါ၌။) (မေ) စိတ္တံ၊ သင်ပင်ခြယ်လှယ် သင့်နယ်ပယ်မှ အလွယ်လွတ်သွား ထွတ်ဖျားသခင် ငါဘုရားရှင်၏ စိတ်တော်သည်။ ဝိသခ်ါရဂတံ၊ သခ်ါရတို့ လုံးဝကင်းရာ ချမ်းသာဖွယ်စုံ နိဗ္ဗာန်ဘုံသို့ အာရုံမျက်မှောက် ဝင်ရောက်လာခဲ့ရပေပြီ။ အဟဉ္စ၊ သဗ္ဗညုဟု နတ်လူထွတ်ထား ဘုရားမြတ် ငါသည်လည်း။ တဏှာနံ၊ ဒုက္ခဖန်လာ ခင်တွယ်တာသည့် တဏှာအမျိုးမျိုးတို့၏။ ခယံ၊ ကုန်ရာငြိမ်းရာ ချုပ်ရာမြင့်မြတ် အရဟတ္တမဂ်ဖိုလ်ကို၊ အဇ္ဈဂါ၊ အဓိဂတော၊ ပါရမီအပေါင်း အကောင်းဂုဏ်အင် အကြောင်းစုံလင်၍ ဂုဏ်တင်ဖွယ်ရာ ထင်စွာလှမ်းကိုင် ရပိုင်တော်မူခဲ့ပေပြီတကား။

၁။ **ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
အာတာပိနော ဈာယတော ဗြဟ္မဏဿ။
အထဿ ကခ်ါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

အာတာပိနော၊ ကိလေသာခပင်း ရန်တသင်းကို နှိပ်နင်းတိုက်တတ် ပူစေတတ်သည့် သမ္မပ္ပဓာန် ထက်သန်စွမ်းပြ ဝီရိယရှိတော်မူထသော။ ဈာယတော၊ အာရမ္မဏလက္ခဏာဟု နှစ်ဝမ်းဆိုက် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်လျက် ဈာန်ဝင်စားပေထသော။ ဗြာဟ္မဏဿ၊ ကိလေသာစု မကောင်းမှုကို တခုမကျန် တွန်းလှန်ပယ်သတ်ရဟန္တာအရှင်မြတ်အား။ ယဒါ၊ အကြောင်းသင့်ကာ အခွင့်သာလျက် ဘာဝနာဂုဏ်ရည်စုံညီပြီးမြောက် ခရီးရောက်ရာ အကြင်အခါ၌။ ဓမ္မာ၊ ကြောင်းကျိုးနှစ်တန် တရားမှန်ဝယ် ဉာဏ်မြင်ပေါက်ရေး အားပေးတတ်ဘိ ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးတို့သည်။ ဟဝေ၊ စင်စစ်ဧကန် အမှန်ပင်။ ပါတုဘဝန္တိ၊ ဝိပဿနာ မဂ်အခါဟု နှစ်ဖြာလုံးတွင် ဉာဏ်အမြင်ပွား ထင်ရှားဖြစ်ပေါ်လာကုန်၏။ အထ၊ ဗောဓိပက္ခိယ၊ ဓမ္မအစဉ် အထင်အရှား ဖြစ်ပွားခဲ့ရာ ထိုအခါ၌။ ယတော၊ သတိသမ္ဗောဇ္ဈင် ဉာဏ်အမြင်ကောင်း အကြင်အကြောင်းကြောင့်။ သဟေတုဓမ္မံ၊ အဝိဇ္ဇာစသည် ကြောင်းလီလီနှင့် ထိုဤတကွ ဖြစ်လာရသည့် သခ်ါရအစု များလှထွေပြား အကျိုးတရား တွေကို။ ပဇာနာတိ၊ လက်ဝယ်တင်ဘိ အစဉ်ကြည့်သို့ မြင်သိရပါပေ၏။ တတော၊ ထိုသို့ပဋိစ္စဟု ဓမ္မဓာတ်တွင် ဉာဏ်မြင်ပြီးမြောက် ခရီးရောက်ခဲ့လေသောကြောင့်။ အဿ၊ ဗောဓိပက္ခိယ ဓမ္မဓာတ်စဉ် ထင်ရှားပေါ်လာ ထိုရဟန္တာအရှင်မြတ်အား။ ကခ်ါ သဗ္ဗာ၊ ပဋိစ္စဟု ဓမ္မဓာတ်တွင် မထင်ဝိုးဝါး ထိုယုံမှားနှင့် ဆက်ပွားတွက်ဖွဲ့ တဆယ့်ခြောက်ပါး ယုံမှားအဝဝ ရှိသမျှတို့သည်။ အဝပယန္တိ၊ တစွန်းတစ မကျန်ရဘဲ လုံးဝရုပ်သိမ်း ချုပ်ငြိမ်းကင်းပျောက်ကြရလေကုန်သတည်း။

http://www.dhammadownload.com

၂။ **ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကခ်ီ ဝပယန္တိ သဗ္ဗာ၊
ယထောခယံ ပစ္စယာနံ အဝေဒိ။

(ပ) ယတော၊ ကြောင့်။ ပစ္စယာနံ၊ အကျိုးဖြစ်ရန် အခြေခံလျက် ဖန်ဖန်ဖြစ်ပွား အကြောင်းတရားတို့၏။ ခယံ၊ အနုပ္ပါဒ နိရောဓဖြင့် လုံးဝမကြွင်း ကုန်ပျောက်ခြင်းကို။ အဝေဒိ၊ ကိလေသာဟု သလာတွေစင် ဉာဏ်အမြင်ပွား ထင်ရှားမသွေ သိမြင်ရလေပြီ။ တတော၊ ထိုသို့အကျိုးအပေါင်း ကြောင်းအတန်တန် ချုပ်ငြိမ်းဟန်ကို ဉာဏ်အမြင်ပွား အထင်အရှား သိခဲ့ရလေသောကြောင့်။ အဿ၊ အား။ (ပ)

၃။ **ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

(ပ) အထ၊ ဒြ။ သူရိယော၊ ကမ္ဘာတိုက်တွင်း အလင်းဓာတ်ကို နှင်းအပ် ပြောင်ဝင်းရှင်နေမင်းသည်။ အန္တလိက္ခံ၊ အဇ္ဈောဝေဟင် ထက်ကောင်းကင်ကို။ ဩဘာသယံ-ဩဘာသယန္တော၊ ရောင်ခြည်ရွှန်းဝေ ထွန်းလင်းစေလျက်။ တိဋ္ဌတိဝ၊ ကမ္ဘာ့ကျက်သရေ ပုံအနေဖြင့် ဂုဏ်ဝေဝင်းအိ တည်နေဘိသကဲ့သို့။ သော၊ ထိုဗောဓိ ပက္ခိယ ဓမ္မအစဉ် ထင်ရှားရလာ ထိုရဟန္တာပုဂ္ဂိုလ်မြတ်သည်။ မာရသေနံ၊ အရတိ ကာမ စသည်များထု တပ်ပေါင်းစုလျက် ပူမှုကိုဖန် မာရ်စစ်သည်အပေါင်းကို။ ဝိဓူပယံ-ဝိဓူပယန္တော၊ အကုန်ကင်းစေ၊ ရှင်းပစေဟု နင်းချေဖျက်ဆီး အပြီးတိုင်ဖြိုခွင်းလျက်။ တိဋ္ဌတိ၊ ကျက်သရေရှင် ပုံအသွင်ဖြင့် များဖြင်လူနတ် အရပ်ရပ်တို့ မြတ်နိုးဖွယ်အနေ တည်ရှိပါပေသတည်း။

ပဋ္ဌာန်းပါဠိတော် (ပစ္စယုဒ္ဒေသပါဠိ)

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္မယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

http://www.dhammadownload.com

ပစ္ဆိမ ဗုဒ္ဓဝစန

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

နောက်ဆုံး ဘုရားစကားတော်

ချစ်သားရဟန်းတို့ .....

ယခု သင်တို့အား ငါဘုရား နောက်ဆုံးစကား တိုက်တွန်း မိန့်ကြားတော်မူအံ့။ သင်္ခါရတရားတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၍ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် အကျင့်သိက္ခာတို့ကို ပြီးပြည့်စုံအောင် ကြိုးပမ်းကြပါကုန်လော့။

ဘုရားရှင်လက်ထက် တောဒဂ်ရ ရဟန္တာပုဂ္ဂိုလ်ထူးများ

(၁) အရှင်ကောဏ္ဍညမထေရ်သည် ဝါရင့်ခြင်း ရတ္တညူအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂) အရှင်သာရိပုတ္တရာသည် ဉာဏ်ပညာကြီးခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၃) အရှင်မောဂ္ဂလာန်သည် တန်ခိုးကြွွန္ဒိပါဒ်ကြီးခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၄) အရှင်မဟာကဿပမထေရ်သည် ဓုတင်ဆောင်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၅) အရှင်အနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၆) အရှင်ဘဒ္ဒိယမထေရ်သည် အမျိုးမြတ်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၇) အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်သည် အသံသာယာခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၈) အရှင်ပိဏ္ဍောလဘာရဒ္ဝါဇမထေရ်သည် ရဲတင်းသော စကားကိုဆိုခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၉) အရှင်မန္တာဏိပုတ္တပုဏ္ဏမထေရ်သည် ဓမ္မကထိကအရာ တရားဟောခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၀) အရှင်ကစ္စည်းမထေရ်သည် အကျဉ်းကို အကျယ်ဟောခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

http://www.dhammadownload.com

(၁၁) မဟာပန္ထကမထေရ်သည် အရူပစျာန်မှထ၍ ရဟန္တာဖြစ်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၂) စူဠပန္ထကမထေရ်သည် မနောမယအဘိညာဉ်ဖန်ဆင်းခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၃) အရှင်သုဘူတိမထေရ်သည် အပြစ်မရှိသောနေခြင်းနှင့် အလှူခံထိုက်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၄) အရှင်ခဒိရဝနိယရေဝတမထေရ်သည် တောရဆောက်တည်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၅) အရှင်ကခိါရေဝတမထေရ်သည် စျာန်ဝင်စားခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၆) အရှင်သောဏောဇဋိဝိသမထေရ်သည် လုံ့လဝီရိယကြီးခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၇) အရှင်သောဏကုဋိကဏ္ဏမထေရ်သည် အဟောအပြောကောင်းခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၈) အရှင်သီဝလိမထေရ်သည် လာဘ်ပေါများခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၁၉) အရှင်ဝက္ကလိမထေရ်သည် သဒ္ဓါတရားလွန်ကဲခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၀) အရှင်ရာဟုလာမထေရ်သည် သိက္ခာသုံးပါး ကျင့်ဆောင်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၁) အရှင်ရဋ္ဌပါလမထေရ်သည် သဒ္ဓါ၍ ရဟန်းပြုခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၂) အရှင်ကုဏ္ဍဓာနမထေရ်သည် စာရေးတံမဲ ပဋိမယူခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၃) အရှင်ဝင်္ဂီသမထေရ်သည် ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၄) အရှင်ဥပသေန ဝင်္ဂန္တပုတ္တမထေရ်သည် ကြည်ညိုဖွယ်ရာဖြစ်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၅) အရှင်ဒဗ္ဗမထေရ်သည် သံဃာတော်များအတွက် နေရာချထားခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

http://www.dhammadownload.com

(၂၆) အရှင်ဝိလိန္ဒဝစ္ဆမထေရ်သည် နတ်တို့ချစ်မြတ်နိုးခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၇) အရှင်ဗာဟိရ ဒါတုစီရိယမထေရ်သည် လျင်မြန်စွာထိုးထွင်းသိခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၈) အရှင်ကုမာရကဿပမထေရ်သည် ဆန်းကြယ်စွာ တရားဟောခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၂၉) အရှင်ကောဋ္ဌိတမထေရ်သည် ပဋိသမ္ဘိဒါလေးပါးရခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၀) အရှင်အာနန္ဒအမထေရ်သည် အကြားအမြင်များခြင်း၊ သတိကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ လုံ့လကြီးခြင်း၊ အလုပ်အကျွေးအပြုအစု- ဤငါးချက် အရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၁) အရှင်ဥရုဝေလကဿပမထေရ်သည် အခြွေအရံများခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၂) အရှင်ကာဠဒါယီမထေရ်သည် ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း အရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၃) အရှင်ဗာကုလမထေရ်သည် ကျန်းမာရေးနှင့် ပြည့်စုံခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၄) အရှင်သောဘိတမထေရ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်အရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၅) အရှင်ဥပါလိမထေရ်သည် ဝိနည်းဆောင်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၆) အရှင်နန္ဒကမထေရ်သည် ဘိက္ခုနီတို့အား ဆုံးမခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၇) အရှင်နန္ဒမထေရ်သည် ဣန္ဒြေစောင့်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၈) အရှင်မဟာကပ္ပိနမထေရ်သည် ရဟန်းများအား ဆုံးမခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၃၉) အရှင်သာဂတမထေရ်သည် တေဇောဓာတ် သမာပတ်၌ ဝင်စားခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

http://www.dhammadownload.com

(၄၀) အရှင်ရာဓမထေရ်သည် ဒေသက၊ ဘုရားရှင်အား ဒေသနာဉာဏ်အဆင့်ဆင့် ပွင့်စေခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

(၄၁) အရှင်မောဃရာဇမထေရ်သည် ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်းအရာ၌ ဧတဒဂ် ရတော်မူသည်။

ဘုရားရှင်လက်ထက် ဧတဒဂ်ဘွဲ့ရ ရဟန္တာမကြီးများ

(၁) မဟာပဇာပတိဂေါတမီထေရီသည် ရတ္တညူ-ရှည်စွာသော ညဉ့်အပိုင်းအခြားကို သိသောအရာ၊ ဘိက္ခုနီမ ဝါကြီးသောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၂) ခေမာထေရီသည် ဉာဏ်ပညာကြီးသောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၃) ဥပ္ပလဝဏ္ဏာထေရီသည် တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသော အရာ၌ ဧတဒဂ်ရတော်မူသည်။

(၄) ပဋာစာရာထေရီသည် ဝိနည်းကိုဆောင်သောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၅) ဓမ္မဒိန္နာထေရီသည် တရားဟောကောင်းသောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၆) နန္ဒာထေရီသည် ဈာန်ဝင်စားလေ့ရှိသောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၇) (ဗဟုပုတ္တိက) သောဏာထေရီသည် ဝီရိယပြင်းထန်ထက်သန်သောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၈) သကုလာထေရီသည် ဒိဗ္ဗစက္ခု အဘိညာဏ်ကို လေ့လာနိုင်နင်းသောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၉) ကုဏ္ဍလကေသာထေရီသည် ခိပ္ပါဘိညအရာ၌ ဧတဒဂ်ရတော်မူသည်။

(၁၀) ဘဒ္ဒါကာပိလာနီထေရီသည် ပုဗ္ဗေနိဝါသနုဿတိအရာ၌ ဧတဒဂ်ရတော်မူသည်။

(၁၁) ဘဒ္ဒကစ္စာနာ ယသောဓရာထေရီသည် ကြီးကျယ်သော အဘိညာဉ်ပညာသို့ ရောက်သောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၁၂) ကိသာဂေါတမီထေရီသည် ခေါင်းပါးညံ့ဖျင်းသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံသုံးဆောင်သောအရာ၌ ဧတဒဂ်ရတော်မူသည်။

(၁၃) သိင်္ဂါလကမာတုထေရီသည် သဒ္ဓါတရားကြီးမားလွန်ကဲသောအရာ၌ ဧတဒဂ်ရတော်မူသည်။

http://www.dhammadownload.com

ပါဠိအသံထွက်နည်း

ဤအညွှန်း၌ ပါဠိဘာသာကို ကောင်းစွာမတတ်မြောက်သေးသော ပုဂ္ဂိုလ်များအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံတွင် အသုံးများသော ပါဠိအသံထွက်နည်းအချို့ကို ဖော်ပြထားပါသည်။

က္က = က်က
စက္ကဝါဠေသု = စက်ကဝါဠေသု။
ဂဗ္ဘဝေါက္ကန္တိ = ဂတ်ဘဝေါက်ကန်တိန်။

က္က = တ်က
အဘိက္ကန္တာယ = အဘိတ်ကန်တာယ

က္ခ = က်ခ
ပုညက္ခေတ္တံ = ပုညက်ခစ်တံ။
အာဏာက္ခေတ္တမိ = အာဏာက်ခစ်တံမိ။
သုက္ခာတော = သုက်ခါတော။

က္ခ = တ်ခ
ဒုဇ္ဈက္ခ = ဒုတ်ဈိခ။

က္ယ = က်ကျ
သက္ယ = သက်ကျ

ဂ္ဂ = က်ဂ
အဂ္ဂိတော = အက်ဂိတော။
ဒါဝဂ္ဂိ = ဒါဝက်ဂိ
မောဂ္ဂလ္လာနဋ္ဌ = မောက်ဂန်လာနင်စ။

ဂ္ဂ = တ်ဂ
ဇာတုဂ္ဃ = ဇာတုတ်ဂတ်ဘ။

http://www.dhammadownload.com

စ္စ = စ်စ
ပစ္စသော်သုံ = ပစ်စတ်သောသုံ။
ပစ္စတ္တံ = ပစ်စတ်တံ။
ပစ္စေကာ = ပစ်စေကာ (ပစ်ကို ပြစ်၊ ပျစ်ဟု အသံမထွက်ရ။)
အဝေစ္စ = အဝစ်စ။
အဘိသမေစ္စ = အဘိသမစ်စ။

စ္ဆ = စ်ဆ
ဂစ္ဆန္တု = ဂစ်ဆန်တု။

စ္ဆ = တ်ဆ
ဝိစ္ဆိက = ဝိတ်ဆိက။

ဇ္ဈ = စ်ဇ
အနဝဇ္ဇာနိ = အနဝစ်ဇာနိ။
တယာဇ္ဈ = တယာစ်ဇ။

ဇ္ဈ = တ်ဇ
ဝိဇ္ဈတိ = ဝိတ်ဇတိ။

ဇ္ဈ = စ်ဈ
အဇ္ဈာဘာသိ = အစ်ဈာဘာသိ။

ဇ္ဈ = တ်ဈ
ဗုဇ္ဈိတွာ = ဗုတ်ဈိတ်တွာ။
ဗောဇ္ဈင်္ဂေ = ဗွတ်ဇင်ဂေ။

ဉ္ဇ = ဉ်စ
လောကဉ္ဇ = လောကဉ်စ။

http://www.dhammadownload.com

ဦ = နံစ
ကိဦ = ကိနံစိ။
ဒိဒ္ဓိဦ = ဒိတ်ဒ္ဓိနံစ။

ဥ = င်ဇ
ဗျဥနာဇော = ဗျင်ဇနာဇော။

ဥ = နံဇ
ဘုဥမာနာ = ဘုနံဇမာနာ။
နုယုဥန္တော = နုယုနံဇန်တော။

ည = င်ည
အညတရာ = အင်ညတရာ။
သဗ္ဗညုတညာဏ = သတ်ဗင်ညုတညာဏ။
ဂမ္ဘီရပညေန = ဂံဘီရပင်ညေန။
နာတိမညေထ = နာတိမင်ညေထ။
နာညမညဿ = နင်ညမင်ညတ်သ။

ည = နံည
ဝိညူ = ဝိနံညူ
အဘိညာယ = အဘိနံညာယ။
ပုညံ = ပုနံညံ
ကာရုညစိတ္တံ = ကာရုနံညစိတ်တံ။
သုညာဂါရ = သုနံညာဂါရ။

ဉ = င်ည
ယဉို = ယင်ညို(အချို့မူ)

ဋ္ဌ = (ဋ္ဌနှင့် ဋ္ဌ ဆင့်ထားသော စာလုံးဆင့်) တ်ထ
အဋ္ဌတ္ထိသဒ္ဓ = အတ်ထတ်တိနံသင်စ။
အဋ္ဌာသိ = အတ်ထာသိ။

http://www.dhammadownload.com

ဥပဋ္ဌာနံ = ဥပတ်ထာန်။
ပဋ္ဌာယ = ပတ်ထာယ။
အဓိဋ္ဌေယ = အဓိတ်ထေယ။
ပတိဋ္ဌ = ပတိတ်ဋ္ဌ။
သန္ဓါဋ္ဌိ = သန်တုတ်ထိ။
ဖုဋ္ဌဿ = ဖုတ်ထတ်သ။

ဋ္ဌ = စ်ထ
သေဋ္ဌော = သစ်ထော
လောကဇေဋ္ဌံ = လောကဇေစ်ထံ။

မ္ဟ = တ်ဒ
ဝမ္ဟိ = ဝတ်ဒန်တိ။
ဝမ္ဟာပစာယိနော = ဝိုက်ဒါပစာယိနော။

ဏ္ဏ = နှ်နှ
တိဏ္ဏန္နမ္ပိ = တိန်နှံနှံပိ။
ဥဏ္ဏနာဘိ = အုံနှနာဘိ။

ဏှ = နှ်နှ
ဂဏှန္တု = ဂန်နှန်တု။
ကဏှာ = ကန်နှာ။

တ္တ = တ်
ဗာတ္တိံသ = ဗတ်တိန်သ။

တ္တ = စ်တ
မေတ္တ = မစ်တ။
ဇေတ္တာဝတာ = အစ်တာဝတာ။

http://www.dhammadownload.com

ထ္ထ = တ်ထ
သဗ္ဗထ္ထ = သတ်ဗတ်ထ။
ထ္ထ = အ္ထတ်ထ
သေထ္ထာနံ = သ္ထတ်ထာန်။
သောထ္ထိ = သ္ထတ်ထိန်။
သောတ္ထိ = သ္ထတ်ထိ။
သောတ္ထိနာ = သ္ထတ်ထိနာ။

တြ = တ်တရ
အတြ = အတ်တရ။
ဥတြာသီ = အုတ်တရာသီ။

တွာ = တ်တွာ
ကဟွာန = ကတ်တွာန။
အနုမောဒိတွာ = အနုမောဒိတ်တွာ။

တွာ = စ်တွာ
ဩဘာသေတွာ = အောဘာသစ်တွာ။
ပူရေတွာ = ပုရစ်တွာ။

ဒြ = တ်ဒရ
ဘဒြနီ = ဘတ်ဒရာနီ။

ဒ္ရြ = နဒ်ရ
သန္တိဒ္ရြယော = သန်တိန်ဒရိယော။

ဒ္ဓ = နဒ်တ
ဝသဒ္ဓီ = ဝသန်တီ။
ဂစ္ဆဒ္ဓု = ဂစ်ဆန်တု။

http://www.dhammadownload.com

န္ဂ် = င်ဟ
ပူရေန္ဂ် = ပူရင်တံ။
ဒဿေန္ဂ် = ဒတ်သင်တိ။
ဝိနာသမေန္ဂ္ဟု = ဝိနာသမင်တု။

ဏ္ဍ = ဟွန်တ
ဟောဏ္ဍု = ဟွန်တု။

ဋ္ဌ = တ်ဗ
ကိဋ္ဌသ = ကိတ်ဗီသ။

ဇ္ဈ = တ်ဘ
ဂဇ္ဈ = ဂတ်ဘ။
စဝုဇ္ဈိ = စတုတ်ဘိ။
ဗြဟ္မ = ဗြန်မ။
ဗြဟ္မနော = ဗြန်မနော။
ဗြဟ္မမေတံ =ဗြန်မမေတံ။
ဗြာဟ္မဏ = ဗြန်မဏ။
ဗြဟ္မဏာ = ဗြန်မဏာ။

မ္မ = မ်မ
သဒ္ဓမ္မံ = သတ်ဓမ်မံ။
အတ္တသမ္မာပဏိဓိ = အတ်တသမ်မာပဏိဓိ။
ဒမ္မသာရထိ = ဒမ်မသာရထိ။

မှ = မ်မှ
အမှေဟိ = အမ်မှေဟိ။
သာသနမှိ = သာသနမ်မှိ။
ဂိမှာန = ဂိန်မှာန။
တုမှာကံ = တုမ်မှာကံ။

http://www.dhammadownload.com

ယျ = နှ်ယ
နိယျာနိုက် = နိုန်ယာနိုက်။
ယျ = ယ
ဒက္ခိဏေယျာ = ဒက်ခိဏေယာ။
အဓိဋ္ဌေယျ = အဓိတ်ထေယ။
ဂဗ္ဘသေယျ = ဂတ်ဘသေယ။
ဥပဓ္ဓေယျ = အုပ်ပစ်ဓေယ။
ဥလ္လောကေယျာထ = အုန်လောကေယာထ။
သြပါနေယျိကော = သြပါနေယိကော။

ယှ = ယ်ယှ
ဝိဂယှ = ဝိဂယ်ယှ။
မယှံ = မယ်ယှံ။

လ္လ = နှ်လ
ပလ္လင် = ပန်လင်က။
သလ္လဟုက = သန်လဟုက။
မောဂ္ဂလ္လာန = မောက်ဂန်လာနှ်စ။
ဥလ္လောကေယျာထ = ဥန်လောကေယျာထ။

သ္မ = တ်သမ
အာယသ္မာ = အာယတ်သမာ။
တသ္မာ = တတ်သမာ။

သ္ဟာ = တ်သွာ
ဒိသ္ဟာ = ဒိတ်သွာ။

သ = သနှစ်လုံးဆင့် = တ်သ
ဓမ္မသဝန = ဓမ်မတ်သဝန။
တိသော = တိတ်သော။
မနသတော = မနုတ်သတော။

http://www.dhammadownload.com

သ = စ်သ
ဝေဿဘုဿ = ဝစ်သဘုတ်သ။
ဟေဿတိ = ဟစ်သတိ။
ဠ = နှ်လ
ဒဠှေန = ဒန်လှေန။
အဝိရဠှိဆန္ဒာ = အဝိရန်လှိဆန္ဒာ။
သမုပဗျဠှော = သမုပဗျန်လှော။
ဝိရဠှကော = ဝိရန်လှကော။

အထူးသိမှတ်ဖွယ်

၁။ ပါဠိဘာသာ၌ ပ ကို ပ-ဟုသာ အသံထွက်ရသည်။ "ပြ-ပျ"ဟု မည်သည့်အခါမျှမထွက်ရ။

ဥပမာ

ပစ္စတ္တံ = ပစ်စတ်တံ (ပြစ်စတ်တံ ၊ ပျစ်စတ်တံဟု မထွက်ရ)

ပညေန = ပင်ညေန (ပြင်ညေန၊ ပျင်ညေနဟု မထွက်ရ)

၂။ ဗ ကိုလည်း ဗြ၊ ဗျ သံ မည်သည့်အခါမျှမထွက်ရ။

ဥပမာ

သဗ္ဗညုတ = သတ်ဗင်ညုတ(သတ်ဗြင်ညုတ၊ သတ်ဗျင်ညုတဟု မထွက်ရ)

၃။ မ ကိုလည်း မြ၊ မျဟု မည်သည့်အခါမျှမထွက်ရ။

ဥပမာ

နာတိမညေထ = နာတိမင်ညေထ (နာတိမြင်ညေထ၊ နာတိမျင်ညေထ ဟု မည်သည့်အခါမျှမထွက်ရ)

၄။ "ရ"ကို အင်္ဂလိပ်အက္ခရာ "R" နှင့်တူစွာ လျှာလိပ်သံဖြင့် အမြဲတမ်းရမည်။ "ယ"ဟု မည်သည့်အခါမျှမထွက်ရ။

ဥပမာ

ရတန် ကို ယတန်ဟု မဖတ်ရ။

http://www.dhammadownload.com

ကျမ်းကိုးစာရင်း

အမှတ်စဉ် **အကြောင်းအရာ**

၁။ ဇိနတ္ထပကာသနီ (ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး)

၂။ မဟာဗုဒ္ဓဝင် (ဦးဝိစိတ္တသာရာဘိဝံသ)

၃။ ငါးပါးသီလ၊ ရှစ်ပါးသီလရှင်းခန်း (ဦးဝိစိတ္တသာရာဘိဝံသ)

၄။ ဘာဝနာဒီပနီ (လယ်တီဆရာတော်ဘုရားကြီး)

၅။ အနတ္တဒီပနီ (လယ်တီဆရာတော်ဘုရားကြီး)

၆။ အနတ္တလက္ခဏသုတ်ပါဠိနိဿယ (လယ်တီဆရာတော်ဘုရားကြီး)

၇။ ဗောဓိပက္ခိယဒီပနီနှင့် အာနာပါနဒီပနီ (လယ်တီဆရာတော်ဘုရားကြီး)

၈။ သရဏဂုံတည်ခြင်းအကျိုး (ကျေးဇူးရှင် တောင်ပုလုတောရကမ္မာအေးဆရာတော်)

၉။ ကာယဂတာသတိပဋ္ဌာန်ကျင့်စဉ် (ကျေးဇူးရှင် တောင်ပုလုတောရကမ္မာအေးဆရာတော်)

၁၀။ မဟာသတိပဋ္ဌာန်တရား ရှုပွားနည်းတရားတော် (ကျေးဇူးရှင် တောင်ပုလုတောရကမ္မာအေးဆရာတော်)

၁၁။ ဝိပဿနာရှုနည်းအကျဉ်းချုပ် (မဟာစည်ဆရာတော်)

၁၂။ မဟာသတိပဋ္ဌာန်သုတ်ပါဠိနိဿယ (မဟာစည်ဆရာတော်)

၁၃။ အရိယာဝါသတရားတော် (မဟာစည်ဆရာတော်)

၁၄။ ပုရာဘေဒသုတ်တရားတော် (မဟာစည်ဆရာတော်)

၁၅။ ဗြဟ္မစိုရ်တရားတော်ကြီး (မဟာစည်ဆရာတော်)

၁၆။ ဘဝပြဿနာ (မဟာစည်ဆရာတော်)

၁၇။ ရတနာဂုဏ်ရည် (အရှင်ဇနကာဘိဝံသ)

၁၈။ တစ်ဘဝသာသနာ (အရှင်ဇနကာဘိဝံသ)

၁၉။ အနာဂတ်သာသနာရေး (အရှင်ဇနကာဘိဝံသ)

၂၀။ အခြေပြုပဋ္ဌာန်း (အရှင်ဇနကာဘိဝံသ)

http://www.dhammadownload.com

၂၁။ သာသနာ့အသက် ဘာသာရေးပြဿနာများနှင့် စစ်တပ်တရားတော် (အရှင်ဇနကာဘိဝံသ)
၂၂။ ဗုဒ္ဓဝင်အမေးအဖြေ (အရှင်ဇနကာဘိဝံသ)
၂၃။ ရုပ်စုံဗုဒ္ဓသာသနာဝင် (အရှင်ဇနကာဘိဝံသ)
၂၄။ ဒုလ္လဘကထာ (အရှင်ဇနကာဘိဝံသ)
၂၅။ သူတော်ကောင်းလက္ခဏာတရားတော်(အရှင်ဇနကာဘိဝံသ)
၂၆။ ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော် (အရှင်ဝါသေဋ္ဌာဘိဝံသ)
၂၇။ ပရိတ်ကြီးနိဿယသစ် (အရှင်ဝါသေဋ္ဌာဘိဝံသ)
၂၈။ ဗောဇ္ဈင်ခုနစ်ပါးတရားမြတ်ရတနာ (အရှင်ဝါသေဋ္ဌာဘိဝံသ)
၂၉။ ဆ ဆက္ကသုတ္တန်တရားတော်နှင့် သက်္ကိန်တရားတော်များ (အရှင်ဝါသေဋ္ဌာဘိဝံသ)
၃၀။ မမ္မနှင့်ဂုဏ်အဖွဲ့စုံ
၃၁။ စေတီနှင့် ရိုသေမှု (အရှင်ဝါသေဋ္ဌာဘိဝံသ)
၃၂။ ဗုဒ္ဓဘာသာ၏ အနှစ်သာရတရားတော် (သဲကုန်းအရှင်ဉာဏိဿရ)
၃၃။ ဗုဒ္ဓဘိသေကမင်္ဂလာတရားတော် (သဲကုန်းအရှင်ဉာဏိဿရ)
၃၄။ မေတ္တာသုတ္တာန် (သဲကုန်းအရှင်ဉာဏိဿရ)
၃၅။ ထွတ်ခေါင်ကမ္မဋ္ဌာန်းသံပေါက်အဖွင့်ကျမ်း (အရှင်ကေလာသ)
၃၆။ သီလဂုဏ်ရည် (အရှင်ကေလာသ)
၃၇။ ဒါနဂုဏ်ရည် (အရှင်ကေလာသ)
၃၈။ ဆရာမြတ်ကျေးဇူး (အရှင်ကေလာသ)
၃၉။ မမ္မစကြာပါဠိနိဿယနှင့် ပဋ္ဌာန်းပစ္စယနိဒ္ဒေသပရိတ္တပါဠိတော် (ဆရာတော်ဦးဗုဒ်)
၄၀။ ညောင်ကန်ဆရာတော်ဦးဗုဒ် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ်စာပေများ။
၄၁။ ပဋ္ဌာန်းဝိပဿနာကျင့်စဉ်တရားတော်ကြီး (မိုးညှင်းတောရကိုယ်တော်ကြီး)
၄၂။ စတုရာရက္ခ ကိုယ်စောင့်တရားတော် (ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ)
၄၃။ တရားဦး (အရှင်သီလာနန္ဒာဘိဝံသ)

http://www.dhammadownload.com

၄၄။ စိတ်၏ဖြေရာ (ဆုထူးပန်ဆရာတော်)
၄၅။ နာနာပဒဝိနိစ္ဆယကျမ်း (ဖြူးမြို့၊ မင်းကျောင်းဆရာတော် ဘဒ္ဒန္တ ကုသလမဟာထေရ်)
၄၆။ မြတ်ဗုဒ္ဓဒေသနာ (ဒေါက်တာဝါလ်ပိုလာရာဟုလာရေးသားပြီး ဦးကိုလေး မြန်မာပြန်)
၄၇။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများ (အရှင်ကုမာရ)
၄၈။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအလင်းပြကျမ်း (ဦးနန္ဒမာလာ)
၄၉။ သုတေသနသရုပ်ပြအဘိဓာန် (အရှင်ဩဘာသာဘိဝံသ)
၅၀။ ကထိန်အရသာ (ညောင်လေးပင်တောရဆရာတော် အရိယမထေရ်)
၅၁။ လူငယ်ချမ်းမြေ့အခြေပျိုးဗုဒ္ဓဘာသာ (ချမ်းမြေ့ရိပ်သာဆရာတော်)
၅၂။ ဝိပါက်တော်(၁၂)ပါး (မဏ္ဍိုင်အရှင်ဓမ္မာသာမိဘိဝံသ)
၅၃။ ဓမ္မပဒပါဠိတော်(မြန်မာပြန်) (သာသနာရေးဦးစီးဌာန)
၅၄။ ဗုဒ္ဓယဉ်ကျေးမှုအခြေပြု (သာသနာရေးဦးစီးဌာန)
၅၅။ ဓမ္မပဒ (မာဏဝ)
၅၆။ မိလိန္ဒပညှာ (မာဏဝ)
၅၇။ သဗ္ဗညုဘုရားရှင် (ဦးမြင့်ဆွေ)
၅၈။ အဘိဓမ္မာသင်္ဂြိုဟ်အဖွင့်(ပထမတွဲ) (ဦးမြင့်ဆွေ)
၅၉။ မင်္ဂလသုတ် (ဦးသုခ)
၆၀။ မေတ္တသုတ် (ဦးသုခ)
၆၁။ ဘဝသစ္စာနှင့် ဘဝအဓိပ္ပာယ် (နန္ဒာသိန်းဇံ)
၆၂။ ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း (နန္ဒာသိန်းဇံ)
၆၃။ ဘုရားအသံတော်ကိုဖမ်းခဲ့ပြီ (လက်ျာသုန္ဒရဦးသိန်းဟံ)
၆၄။ မင်္ဂလာစာမေးပွဲများအတွက် အဖြေပေါင်းချုပ် (ဦးလူဖေဝင်း)
၆၅။ ဗုဒ္ဓဘာသာတရားတော် (ဦးနု)
၆၆။ ဗုဒ္ဓဘာသာအခြေခံမှတ်စုလက်စွဲကျမ်း (ပန်းတောင်းဓမောင်)

http://www.dhammadownload.com

၆၇။ မြတ်ဗုဒ္ဓ၏အောင်ခြင်းရှစ်ပါးဇာတ်တော်များ (ဆန်းညွှန့်ဦး ဦးလှခင်)
၆၈။ သောတာပန် (ဦးအေးမောင်-ဗဟိုစည်)
၆၉။ သေပြီးနောက် သုဂတိရောက်လိုသော် (ဦးသောင်းလွင်)
၇၀။ အသက်ရှည်ရာ အနာမဲ့ကြောင်း (ဒေါက်တာတင်ထွန်းဦး)
၇၁။ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သောအချက်များ (ဓမ္မဒါန)
၇၂။ ဘုရားရှိခိုးအမျိုးမျိုးစာအုပ်များ။
၇၃။ သမထဆယ်စောင်တွဲ။
၇၄။ ပိဋကတ်ဘာသာပြန်နှစ်လည်မဂ္ဂဇင်း။
၇၅။ သာသနာ့ရောင်ခြည်မဂ္ဂဇင်းများ (သာသနာရေးဦးစီးဌာန)
၇၆။ ရတနာမွန်မဂ္ဂဇင်းများ။
၇၇။ မြတ်မင်္ဂလာမဂ္ဂဇင်းများ။
၇၈။ နေ့စဉ်ထုတ်သတင်းစာများမှ ဘာသာရေးဆိုင်ရာဆောင်းပါးများ။

http://www.dhammadownload.com